www.dhammaransi.com

ကျေးဇူးတော်ရှင် ကမ္ဘာကျော်

လယ်တီဆရာတော်ဘုရားကြီး

ပြုစုတော်မူခဲ့သော

# လယ်တီဒီပနီပေါင်းချုပ်

စတုတ္ထတွဲ

၁။ သာသနသမ္ပတ္တိဒီပနီ

၂။ ဥတ္တမပုရိသဒီပနီ

၃။ အနတ္တဒီပနီကျမ်းသစ်

၄။ ပုဏ္ဏောဝါဒ ကမ္မဋ္ဌာန်း

၅။ ဒါနာဒိဒီပနီကျမ်း

၆။ သာသနာ့ဒါယဇ္ဇဒီပနီကျမ်း

၇။ ပဓာနသုတ်ပါဌ်နိဿယ

စသည့် (၇)ကျမ်းတွဲစာအုပ်

www.dhammaransi.com

# ⊙ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု ⊙

မြတ်ဗုဒ္ဓ၏ သဒ္ဓမ္မသုံးဖြာ သာသနာသည် ရှည်ကြာတည်တံ့
ရှည်ခိုင်ခန့်၍ သန့်ရှင်းပြန့်ပွားပါစေသော်ဝ်။

သို့

..............................................................

..............................................................

..............................................................

မှ

..............................................................

..............................................................


..............................................................

အမှတ်တရ ဓမ္မဒါန လက်ဆောင်မွန်

အရသာတကာတို့တွင် တရားအရသာ အချိုမြိန်ဆုံး

အလှူတကာတို့တွင် တရားအလှူအမြတ်ဆုံး

www.dhammaransi.com



www.dhammaransi.com

# စေတနာ အာသီသ

ဘာသာ၊ သာသနာပြုစာပေများကို

- တိမ်းပါးမှားယွင်းခြင်း မရှိစေရန် စောင့်ရှောက် ထုတ်ဝေမည်။
- တိမ်မြုပ်ပျောက်ကွယ်ခြင်း မရှိစေရန် ဖော်ထုတ်မည်။
- မိမိ အမြတ်အစွန်းရရှိရေး သက်သက်အတွက်မဟုတ်၊ သာသနာတော်ထွန်းကားရေးအတွက် စီစဉ်ထုတ်ဝေမည်။

မိခင်ဇရာဝတီစာအုပ်တိုက်

## မိခင်သည်လောကကို သိမြင်စေသည်

ရွှေရတုစာအုပ်

ကျေးဇူးတော်ရှင်လယ်တီဆရာတော်ကြီး၏ ဩဝါဒကိုခံယူ၍အသက် (၈) နှစ်အရွယ်မှ ကွယ်လွန်သည့်တိုင် သက်သတ်လွတ် စားသုံးလျက် ဘာသာလူမှု လုပ်ငန်းများကို ဆောင်ရွက်သွားခဲ့သည့် မြန်အောင်မြို့ ၊ပရဟိတရွှေကျောင်း၊ရွှေဘုံသာမုနိကျောင်းတို့၏ ဒကာရှေ့နေကြီး (ဦးစံတင်+ဒေါ်စိန်နှစ်)နှင့် မြတ်ဗုဒ္ဓ သာသနာတော်အတွက် သဒ္ဓါထက်လှသူ မိခင်ဇရာဝတီ၏မိခင်ကြီး(ဒေါ်အုန်းရီ)တို့၏ဂုဏ်ကျေးဇူးကို အောက်မေ့လျက် အုပ်(၅၀)မြောက် ရွှေရတုစာအုပ်အဖြစ် ထုတ်ဝေဖြန့်ချိပါသည်။

www.dhammaransi.com

၂၅၈၈၉

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၄၂၁ / ၂၀၀၃ (၇) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၄၂၈ / ၂၀၀၃ (၇) |
| ပထမအကြိမ် | - ၂၀၀၃၊ စက်တင်ဘာလ |
| အုပ်ရေ | - ၁၀၀၀ |
| တန်ဖိုး | ကျပ် |
| စီစဉ်သူ | - မိခင်ဧရာဝတီစာအုပ်တိုက်မိသားစု<br>ဒေါ်ရွှေဝါစိုး (အထွေထွေတာဝန်ခံ)<br>ဒေါ်ချယ်ရီသိန်း (စီမံရေး)<br>ဒေါ်မိုးမြင့်စိုး (ထုတ်လုပ်ရေး)<br>ဒေါ်ထားထားဦး (ဖြန့်ချိရေး) |
| ကွန်ပျူတာစာစီ | - လယ်တီရောင်ခြည်ကွန်ပျူတာ(မဟာလယ်တီ) |
| မျက်နှာဖုံးအပြင်အဆင် | - ကိုဝင်းငွေ (Graphic Design) |
| အတွင်းအပြင်အဆင် | - မိခင်ဧရာဝတီ |
| အတွင်းဖလင် | - ကိုအောင်ခင်ဦး |
| စာအုပ်ချုပ် | - ကိုမောင်မောင်အုန်း |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - ရွှေခြသေ့်ပုံနှိပ်တိုက် (မြ - ၀၅၄၁၇) |
| ထုတ်ဝေသူ | - ဒေါ်ချယ်ရီသိန်း (မိခင်ဧရာဝတီစာအုပ်တိုက်)<br>ယာယီထုတ်ဝေခွင့်အမှတ် (၆၇၇) |

တစ်ပြည်လုံး ဖြန့်ချိရေး - မိခင်ဧရာဝတီစာအုပ်တိုက်

တိုက် (၄)၊ အခန်း (၄၀၂)၊ ကျိုက်တော်အိမ်ရာ၊

အထက်ပုဇွန်တောင်လမ်းမကြီး၊ ရန်ကုန်မြို့။

☎ ၀၁- ၇၀၁၄၃၁

www.dhammaransi.com

ကျေးဇူးတော်ရှင် ကမ္ဘာကျော်

## လယ်တီဆရာတော်ဘုရားကြီး

ရေးသားပြုစုတော်မူသော

# လယ်တီဒီပနီပေါင်းချုပ်

(စတုတ္ထတွဲ)

လယ်တီရောင်ခြည်ကွန်ပျူတာအဖွဲ့မှ စာစီစာပြင်သန့်စင်သည်။

လယ်တီဒီပနီ ထွန်းကားပြန့်ပွားရေးအဖွဲ့
သန့်စင် စိစစ်ပြီး ဝေမျှ။

www.dhammaransi.com

# ကမ္ဘာအနှံ့လယ်တီ

**ကေဗုဒ္ဓ**

လောကဓါတ်ဝယ် မိမိတို့ကိုယ်ကို ဘုရားကြီးတွေပါဟု အနွတ္တသညာ ဆိုင်းဘုတ်ကပ်ကြသူများ ရှိကြပေသည်။ ထိုသူတို့သည် ဗုဒ္ဓမပွင့်ပေါ်မီနှင့် ဗုဒ္ဓပွင့်ပေါ်ပြီးနောက်ပိုင်း သူ့အုပ်စုနှင့်သူ အပြိုင်းအရိုင်းပေါ်ပေါက် အမည်ခံလာကြသည်။ မည်သို့ပင်ဘုရားအမည်ခံပါစေ၊ မိမိတို့၏ အဆုံးအမတရားတော်သည် လောကသားတို့အတွက် ကောင်းကျိုးမပေး ဆိုးကျိုးသာပေးပါမူ ထိုတရားသည်အနှစ်မဲ့၊ ထိုဘုရားသည် အမည်ခံသက်သက် ဖြစ်ပေ၏။

ထို့ကြောင့်လောကဓါတ်၌ ဗုဒ္ဓအမည်ခံထိုက်သော စွမ်းရည်ထူး၊ ရုပ်ထူး၊ နာမ်ထူးအစစ်ရှိသူမှာ တစ်ပါးတည်းသာလျှင်ဖြစ်၏။ရှာပါးခက်ခဲမြင့်မြတ်လှစွာ ပွင့်ထွန်းတော်မူရသော ဗုဒ္ဓမှာ တစ်ဆူတည်းသာလျှင်ဖြစ်ပေ၏။

**စကြဝဠာသားတို့အတွက်တရားတော်**

ကာလသုံးပါးလုံးအတွက် ဘောဂသမ္ပတ္တိ၊ ဘဝသမ္ပတ္တိတို့နှင့် ပြည့်စုံစေသည် သာမက စစ်မှန်သောဘဝလွတ်မြောက်ရေးကိုပါ ပေးစွမ်းနိုင်သော သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကဟူသည့် လောကဓါတ်အဖွဲ့အစည်းကိုညီညွတ်မျှတအေးငြိမ်းစေသော ဗုဒ္ဓ၏အဆုံးအမတရားတော်တို့သည် ဗုဒ္ဓဘာသာ လူ့အဖွဲ့အစည်းတစ်ခုတည်းအတွက်သာ မဟုတ်ပေ။ အမည်သညာ ကိုးကွယ်မှုအမျိုးမျိုး ကွဲပြားနေကြသော ကမ္ဘာသားအားလုံး အတွက်ဖြစ်သည်။ စကြဝဠာသား အားလုံး အတွက်လည်း ဖြစ်ပေသည်။

**ဘုရားသားတော်တို့၏ကျေးဇူး**

မြတ်ဗုဒ္ဓ၏ တရားရေအေးကိုသောက်သုံးကြရသော ဝိမုတ္တိဓမ္မရသကိုခံစားကြရသော ဗုဒ္ဓ၏ဓမ္မရင်သွေးတော် သံဃာတော်အရှင်သူမြတ်များသည် ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုတော်မူပြီးသည်မှ နှစ်ပေါင်း (၂၅၀၀) ကျော်ကာလကြာသည့်တိုင်အောင် ဗုဒ္ဓ၏ အဆုံးအမ ဓမ္မဒေသနာတော်အစစ်အမှန်တို့ကို ဆောင်ကြဉ်းသိမ်းဆည်း ထိန်းသိမ်းလာခဲ့ကြသည်။ သံဃာတော်တို့ ဤသို့အမွေခံထိန်းသိမ်း လာခဲ့ကြခြင်းသည် ဗုဒ္ဓဘာသာဝင်လူတစ်စုတို့၏ အကျိုးအတွက်သာမဟုတ်ပေ။ကမ္ဘာနေလနက္ခတ်တာရာ အစုဖြစ်သော လောကဓါတ်စကြဝဠာ တစ်ခုလုံးအကျိုးငှာဖြစ်ပေသည်။

**သက်ရှိထင်ရှားမြတ်ဘုရားအလား**

ဗုဒ္ဓမြတ်စွာဘုရားသည် (၄၅)နှစ်တိုင်တိုင်လောကသားတို့၏အကျိုးငှာ စွမ်းစွမ်းတမံ ဖြည့်ဆည်းဆောင်ရွက်တော်မူပြီးနောက် ပရိနိဗ္ဗာန်စံဝင်တော်မူသွားသော်လည်း ဗုဒ္ဓကိုယ်စား ဗုဒ္ဓ၏တရားတော်များသည် သက်ရှိထင်ရှား မြတ်ဘုရားအလား လောကအကျိုးကို ဆောင်တော်မူဆဲဖြစ်သည်။

www.dhammaransi.com

ကျွန်ုပ်တို့အားလုံး၏ ကျေးဇူးရှင်ဖြစ်တော်မူသည့် လယ်တီဆရာတော်ဘုရားကြီးသည် ဗုဒ္ဓကိုယ်စား ဘုရားအမည်တော်ရသည့် ဓမ္မစေတီ အဆူဆူတို့ကို ဒီပနီကျမ်းများအဖြစ်ရေးသား၍ ဝိဇ္ဇာအလင်းဓါတ် ဖြန့်ဝေပေးတော်မူခဲ့သည်။

**ကမ္ဘာ့သိလယ်တီ**

ဆရာတော်ကြီး၏ ဒီပနီကျမ်းစာများသည် ဒေသနာတော်အစဉ်နှင့် ကိုက်ညီရုံသာမက သိမ်မွေ့နက်နဲလှသော ပဋိပတ္တိလုပ်ငန်းကျင့်စဉ်တို့ကိုလည်း ဖေါ်ပြထားပေရာ ခွန်အားကြီးမားသော စွမ်းရည်ထူးများ ပါဝင်နေပေသည်။ ထို့ကြောင့်လည်း ကမ္ဘာ့နိုင်ငံအသီးသီးမှ စာရှုသူများသည် လယ်တီကျမ်းစာများကို စိတ်ဝင်တစားဖတ်ရှုနေကြခြင်း ဖြစ်သည်။

**ဆရာတော်ကြီး၏ဆန္ဒတော်**

ဆရာတော်ကြီးသည် သူ၏ကျမ်းစာများကို ပြည်တွင်းပြည်ပအနှံ့ ပျံ့နှံ့စေလိုသောဆန္ဒတော် ရှိသည်။ အထူးသဖြင့် ဗုဒ္ဓတရားတော်များကို ဘာသာစကားအမျိုးမျိုးဖြင့် ရိုက်နှိပ်ကြကာ ကမ္ဘာသို့ ဖြန့်ဝေပေးရန် အချိန်ရောက်ပြီဟု ဩဝါဒပေးတော်မူခဲ့သည်။

**ဆန္ဒတော်ဖြည့်**

ဆရာတော်ကြီး၏ ဆန္ဒတော်ကိုဖြည့်ဆည်းနိုင်ရန် မုံရွာမြို့ မဟာလယ်တီကျောင်းတိုက်ကြီး၏ ပဓါန နာယကဆရာတော်ကြီး ဘဒ္ဒန္တကေလာသအရှင်သူမြတ်နှင့် ရန်ကုန်မြို့ နာဂလိုဏ်ဂူ ဘုရားကုန်းမြေ ကလေးဝတောရ ဓာသင်တိုက်ကြီး ၏ ပဓါန နာယကဆရာတော်ကြီး ဘဒ္ဒန္တဇာဂရာဘိဝံသအရှင်သူမြတ်တို့ ဦးဆောင်လျက် ရဟန်းရှင်လူ ပညာရှိများသည် လယ်တီကျမ်းစာ၊ လယ်တီဝိပဿနာတရားတော်ပြန့်ပွားရေးအတွက် အထူးအားထုတ် ဆောင်ရွက်လျက်ရှိကြပါသည်။

**အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ**

ဗုဒ္ဓတရားတော်များကို မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းနိုင်ရေး ဆောင်ရွက်ရာတွင် မိမိတို့ မိခင်ဒေါ်ခင်ဆွေ စာအုပ်တိုက် သည်လည်း ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ သာသနာပြုစိတ်ဓါတ်ဖြင့် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။

ဆရာဒကာကြီးပမ်းမှု၏ ရလာဒ်အဖြစ် ယခုအခါ စာရှုသူများ မျက်မှောက်သို့ သပ်ယပ်ခန့်ညားသော အပြင်အဆင်နှင့် လယ်တီဒီပနီပေါင်းချုပ်(စတုတ္ထတွဲ)ကျမ်းစာအုပ်ကြီး ရောက်ရှိလာခဲ့ပါပြီ။ ဤဒီပနီပေါင်းချုပ် စာအုပ်ကြီးနှင့် စပ်သမျှ စာအုပ်ကြီးကို ဖတ်သမျှ ပုဂ္ဂိုလ်အပေါင်းတို့သည် ဝိဇ္ဇာဝိမုတ္တိ ရသထူးသို့တိုင် ခံစားရောက်ရှိနိုင်ကြပါစေသတည်း။

ဒေါ်ဆွေဝါစိုးနှင့် မိခင်ဒေါ်ခင်ဆွေ စာအုပ်တိုက် မိသားစု

www.dhammaransi.com

## မုံရွာမြို့

# လယ်တီဆရာတော်ဘုရားကြီး

## ထေရုပ္ပတ္တိ အကျဉ်းချုပ်

### ဇာတိဌာနနှင့် ခမည်းတော်၊ မယ်တော်

ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးသည် မြန်မာသက္ကရာဇ် ၁၂၀၈ –ခုနှစ်[၁]၊ နတ်တော်လဆန်း ၁၃ –ရက် အင်္ဂါနေ့တွင် ဒီပဲယင်းမြို့နယ် စိုင်ပြင်ရွာ၌ ဖွားမြင်တော်မူခဲ့သည်။ ခမည်းတော်မှာ ဦးထွန်းသာဖြစ်၍ မယ်တော်မှာ ဒေါ်ကြုံးဖြစ်သည်။

ဦးထွန်းသာ – ဒေါ်ကြုံးတို့တွင် သားသမီးခြောက်ဦး[၂] ထွန်းကားခဲ့ရာ ယင်းတို့မှာ –

(၁) ပထမ အကြီးဆုံးသား (ငယ်စဉ်က ကွယ်လွန်)

(၂) ဒုတိယသား မောင်တက်ခေါင် (လယ်တီဆရာတော်)

(၃) တတိယသား မောင်တက်စွာ (လူဝတ်ကြောင်)

(၄) စတုတ္ထသား မောင်တက်ပွား (ပထမပြန် ဦးကုမာရ)

(၅) ပဉ္စမသား မောင်တက်ထွား (ဆရာတော် ဦးကိတ္တိ)

(၆) ဆဋ္ဌမသမီး မမြလေး တို့ဖြစ်ကြသည်။

သို့ဖြစ်ရာ သားသမီး ခြောက်ဦး ရှိသည့်အနက် ဒုတိသား၊ စတုတ္ထသားနှင့် ပဉ္စမသားများမှာ ရဟန်းအဖြစ်သို့ ရောက်ခဲ့ကြသည်။

---

၁။ အဌ် သုဉ် ဒွိ ဧက်၊ သက္ကရာဇ်၊ ဖွားလစ် ကျမ်းဆရာ။ (ပရမတ္ထသံခိပ်နိဂုံး)

၂။ 'လယ်တီထေရုပ္ပတ္တိ' စာအုပ်များနှင့် ''လယ်တီဒီပနီ ကျမ်းဦးနိဒါန်း''များတွင် ဖော်ပြထားသကဲ့သို့ လယ်တီဆရာတော်၌ မွေးချင်းငါးဦးမဟုတ်၊ မွေးချင်းခြောက်ဦးသာ အမှန်ဖြစ်သည်။

www.dhammaransi.com



## မင်္ဂလာ နိမိတ်ထူးနှင့် ငယ်နာမည်

လယ်တီဆရာတော် လောင်းလျာဖြစ်သူ ဒုတိယသားကို ဖွားမြင်ဆဲအချိန်တွင် အိမ်ဥပစာအတွင်းရှိ မန်ကျည်းပင်ကြီး၌ ထောင်ထားသော ဝါးလုံးများကြားထဲမှ စို့(သက်တံ)ကြီး ပေါ်ထွက်လာကာ ကောင်းကင်သို့ ထိုးတက်သွားပြီးမှ တစ်ဖန် ညွတ်ကိုင်းပြီး အိမ်တွင်းသို့ ဝင်ရောက်လာပြန်သည်။ ထို့နောက်တစ်ဖန် ယင်းစို့ (သက်တံ)ကြီးသည် အိမ်တွင်းမှ အိမ်ခေါင်မိုးသို့ ပျံတက်ပြီး အဝါတစ်တန့် အပြာတစ်တန့် အနီတစ်တန့်ဖြင့် ရောင်မျိုးစုံ ယှက်သန်းကာ ကောင်းကင်လမ်းသို့ ပျံသန်းပျောက်ကွယ်သွားသည်။

ယင်းကဲ့သို့သော မဖြစ်ဖူးမြဲ ထူးကဲလှသည့် မင်္ဂလာနိမိတ်ထူးကို အစွဲပြု၍ လယ်တီဆရာတော် လောင်းလျာဖြစ်သော ဒုတိယသားကို မောင်တက်ခေါင်ဟူ၍ အမည်ပေးခဲ့ခြင်း ဖြစ်သည်။

## ကျောင်းအပ်ခြင်းနှင့် ရှင်သာမဏေဘဝ

မောင်တက်ခေါင် ၁၀ -နှစ်သားအရွယ်တွင် စိုင်ပြင်ရွာ ကျောင်းမကျောင်း ဆရာတော် အရှင်နန္ဒထံ ပညာသင်ကြားရန် ကျောင်းအပ်နှံခဲ့သည်။ ကျောင်းသားအဖြစ်ဖြင့် ဘုန်းကြီးကျောင်းပညာရေး၏ သင်ရိုးဖြစ်သော မင်္ဂလသုတ်၊ နမက္ကာရ၊ ရတနာရွှေချိုင့်၊ အဝွင်းအောင်ခြင်း၊ အပြင်မအောင်ခြင်း၊ လောကနီတိ၊ ဓမ္မနီတိ၊ ပရိတ်ကြီး စသည်တို့ကို သင်ကြားခဲ့သည်။

အသက် ၁၅ -နှစ်သားအရွယ် ရှင်သာမဏေပြုရာ ဘွဲ့အမည်မှာ ရှင်ဉာဏဓဇ ဖြစ်သည်။ ရှင်ဉာဏဓဇသည် သာမဏေဘဝဖြင့် ဆရာတော်အရှင်နန္ဒထံ၌

---

၁။ 'မုံရွာ လယ်တီ၊ တောရပ်မိ၊ မထေရ် ဉာဏ်မဇာ'ဟူသော 'ပရမတ္ထသံခိပ်' နိဂုံးမှ ဉာဏ်ဓဇ ဟူသော စကားရပ်ဖြင့် ကျေးဇူးရှင် ဆရာတော်ကြီး ကိုယ်တော်တိုင် ယင်း၏ဘွဲ့အမည်ကို 'ဉာဏဓဇ' ဖြစ်ကြောင်း ဖော်ထုတ်သွားတော်မူခဲ့ခြင်း ဖြစ်သည်ဟု လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးက သူ၏'ပရမတ္ထသံခိပ်အမေးအဖြေ'၌ ဖြေဆိုရေးသားထားသည်။

သို့သော် ဆရာတော်ဘုရားကြီး၏ 'ပါရမီဒီပနီကျမ်း'နိဂုံး ၄ -ဂါထာအနက် ဘတိယမြောက်ဂါထာတွင် 'မယာ ဉာဏဘိဝံသေန'ဟူ၍ ယင်း၏ ဘွဲ့အမည်မှာ 'ဉာဏာဘိဝံသ'ဖြစ်ကြောင်း ဖော်ပြ ထားသည်ကိုလည်း တွေ့ရှိကြရသေးသည်။

www.dhammaransi.com

## လယ်တီဆရာတော် ထေရုပ္ပတ္တိအကျဉ်း

မြန်မာနိုင်ငံ ပါဠိပညာရေး၏ သင်ရိုးဖြစ်သော ကစ္စည်း သဒ္ဒါကြီး၊ အဘိဓမ္မတ္ထ-သင်္ဂြိုဟ်၊ ဝိထိလက်ရိုး၊ မာဟိကာ၊ ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်း စသော နေ့ဝါညဝါကျမ်းများကို သင်ကြားခဲ့သည်။

## ဆယ်ကျော်သက်က ရေးသားဖွဲ့ဆိုခဲ့သောကျမ်းနှင့် ကဗျာများ

၁၈ -နှစ်အရွယ်တွင် ရဲထွက်ရွာအရှေ့ဘက် ဝေဒပါရဂူဆရာတော် အရှင်ဂန္ဓမာအထံ၌ ဗေဒင်ဘက်ဆိုင်ရာ ပညာရပ်များကို သင်ယူခဲ့သည်။ ယင်းသို့ သင်ယူရင်း ကျည်းကန်ကိုရင်ကြီး၏ လင်္ကာကို နည်းယူပြီးလျှင် မိုလ်၊ သုဇိတာ၊ ဗျဉ္ဇတာ၊ ဓာတာဖွဲ့ သင်္ကြန်တွက် လက်ရိုးလင်္ကာများကို ဖွဲ့ဆိုရေးသားတော်မူခဲ့သည်။

ထိုစဉ်က သာမဏေဘဝဖြင့်ပင် မဟော်ဓာတ်ထုပ်နှင့် မဟော်ကျေးစေခန်း ရတု၊ ရှင်လောင်းလှည့် (သျှိုးလိုက်)ရတုကဗျာများကိုလည်း ဖွဲ့ဆိုရေးသားတော်မူခဲ့သည်။

ထို့ပြင် သဒ္ဒါဘက်ဆိုင်ရာ သဒ္ဒါငယ်ကျမ်းများကို သင်ယူရင်း ဝါစ္စဝါစက အကောက်ကျမ်းဟောင်းကို အားမရသဖြင့် 'ဝါစ္စဝါစက အကောက်ကျမ်းသစ်' ကိုလည်း သာမဏေဘဝ ဆယ်ကျော်သက်ကပင် ရေးသားပြုစုခဲ့သေးသည်။

## အားမရနိုင်သော စာကြည့်ဝါသနာ

သက္ကရာဇ် ၁၂၂၈ -ခု ကဆုန်လဆန်း ၆ -ရက်နေ့တွင် သာမဏေ ရှင်ဉာဏဓဇသည် စိုင်ပြင်ရွာ ကျောင်းမကျောင်း ခေတ္တသိမ်၌ ဆရာတော် အရှင်နန္ဒကို ဥပဇ္ဈာယ်ပြုကာ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းတော် အရှင်ဉာဏဓဇကား အားရသည်ဟု မရှိလောက်အောင် စာကြည့်ဝါသနာ ပါလွန်းလှသည်။ ထို့ကြောင့်လည်း ဥပဇ္ဈာယ်ဆရာတော် အရှင်နန္ဒက သူ၏စာတိုက်ကြီးငါးလုံးရှိ မြန်မာနိဿယများကို ကြည့်ရှုရန် ခွင့်ပြုခဲ့သည်။ ဤမျှနှင့် အားမရသေး၍ စိုင်ပြင်ရွာ မြင်တင်တိုက်ဆရာတော် အရှင်ဓမ္မထံ၌ရှိသော စာတိုက်ကြီးငါးလုံးမှ မြန်မာနိဿယ ဟူသမျှကိုလည်း

www.dhammaransi.com



အားလုံး ကြည့်ရှုတော်မူလိုက်သေးသည်။

ထို့နောက် စိုင်ပြင် ၂ -ရွာတွင် တည်ရှိသော ကျောင်းတိုက်ကြီး ငါးတိုက်မှ မြန်မာပြန် နိဿာယများကို အကုန်ကြည့်ရှုတော့မည်ဟု ကြံစည်တော်မူသေးသည်။ သို့သော် မန္တလေးမြို့သို့ကြွ၍ ပညာသင်လိုသောကြောင့် ယင်းအကြံမှာ အထမမြောက်ခဲ့ပေ။

## မန္တလေး စံကျောင်းတိုက်၌ ပညာသင်ကြားခြင်း

သို့ဖြင့်ပင် ရဟန်းတော် အရှင်ဉာဏဓဇသည် ၁၂၃၁ -ခုနှစ်တွင် မိမိဖွားမြင်ရာ စိုင်ပြင်ရွာမှ မန္တလေး ရတနာပုံနေပြည်တော် မြောက်ပြင်မင်္ဂလာစံကျောင်းတိုက်သို့ ပညာသင်ကြားရန် ကြွရောက်တော်မူခဲ့သည်။

ရဟန်းတော် အရှင်ဉာဏဓဇသည် ရဟန်း ၁-ဝါမှ ၁၆-ဝါအထိ ၁၆-နှစ်တိုင်တိုင် စံကျောင်းတိုက်၌ နေထိုင်ကာ 'သုဒဿန ဝရ ဓမ္မသာမိ မဟာဓမ္မ ရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ ဒုတိယ စံကျောင်းဆရာတော်ဘုရားကြီးထံ၌ ဝိနည်း ပါဠိတော် အဋ္ဌကထာများနှင့် အဘိဓမ္မာ အဋ္ဌကထာ ၃-ကျမ်းကို သင်ယူတော်မူသည်။

ထိုအချိန်က ဒုတိယစံကျောင်းဆရာတော်ဘုရားကြီးမှာ မန္တလေးရွှေမြို့တော်တွင် စာချ နာမည်အကျော်ကြားဆုံးဖြစ်၍ စာလိုက်သံဃာ ၁၀၀၀-ကျော် အထိပင် ရှိခဲ့ဖူးသည်။

ထို့နောက် ရဟန်းတော် အရှင်ဉာဏဓဇသည် အဆိုပါ ဝိနည်းနှင့်အဘိဓမ္မာ ပါဠိ အဋ္ဌကထာများကိုပင် မကုဋာရာမ ဆရာတော်ဘုရားကြီးထံ၌လည်း သင်ယူတော်မူပြန်သည်။

## 'လုံပဏ် လင်းပဏ်' ဘယ်ပဏ်သာ၍ တတ်သနည်း

ထိအချိန်က ဒုတိယစံကျောင်းဆရာတော် ဘုရားကြီးထံ (၁) 'ရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ အလုံဇာတိ မိုင်းခိုင်းဆရာတော် ဦးပဏ္ဍိတနှင့် (၂) 'ရာဇဂုရု' ဘွဲ့တံဆိပ်မရသော စလင်းဇာတိ ဆရာတော် ဦးပဏ္ဍိစ္စဟူ၍ စာတတ် ပေတတ်

www.dhammaransi.com

## လယ်တီဆရာတော် ယေရှုပွတ္တိအကျဉ်း

ပထမစာချ တပည့်ကြီးနှစ်ပါးရှိရာ စံကျောင်းတိုက် ပတ်ဝန်းကျင်တွင် 'လုံပဏ်-လင်းပဏ်၊ သည်နှစ်ပဏ်တွင် ဘယ်ပဏ်သာ၍ တတ်သနည်း'ဟု ကဗျာစပ်ဆို မေးခွန်းထုတ်ခြင်း ခံရသည်အထိ ပရိယတ္တိစာပေလောက၌ ထင်ရှားကျော်ကြား သော စာချတပည့်ကြီးနှစ်ပါး ဖြစ်သည်။

ရဟန်းတော် အရှင်ဉာဏဓဇသည် စံကျောင်းဆရာတော်ဘုရားကြီးထံ၌ အထက်ပါအတိုင်း ဝိနည်းနှင့် အဘိဓမ္မာ ပါဠိ အဋ္ဌကထာများကို သင်ယူ ခဲ့သည့်အပြင် အဆိုပါ လုံပဏ်၊ လင်းပဏ်ဟူသော ပထမစာချကြီးနှစ်ပါးတွင် စလင်းဆရာတော် ဦးပဏ္ဍိစ္စ၏ တပည့်ရင်းလည်း ဖြစ်သည်။ စလင်းဆရာတော် ဦးပဏ္ဍိစ္စထံတွင် ရဟန်းတော် အရှင်ဉာဏဓဇသည် ပါစိတျာဒိအဋ္ဌကထာ၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ ပဋ္ဌာနကြီးဏ် အဋ္ဌကထာ စသည်တို့ကို အာစရိယ ဟတ္ထမုဋ္ဌိ ဆုပ်မိ ကိုင်မိရှိအောင် ဆိုဝါ တက်ဝါနှင့် သင်ယူတော်မူခဲ့သည်။

ထို့ကြောင့်လည်း ရဟန်းတော် အရှင်ဉာဏဓဇသည် လယ်တီဆရာတော် အဖြစ်သို့ ရောက်ရှိတော်မူလာသောအခါ၌ 'ငါ၏ဗိုက်ထဲမှာ ရှိသမျှပညာများသည် စလင်းဦးပဏ္ဍိစ္စ ဟာတွေချည်းပဲ'ဟူ၍ မကြာခဏ မိန့်ကြားတော်မူလေ့ ရှိပေသည်။[၁]

### ယောအတွင်းဝန်၏ ဩဝါဒ

ရဟန်းတော် အရှင်ဉာဏဓဇကား အစဉ်အလာသမား၊ သမားရိုးကျသမား မဟုတ်ပေ။ ငယ်စဉ်ကပင် တော်လှန်သော အတွေးအခေါ်ရှိသူ ဖြစ်သည်။

ထိုအချိန်က မန္တလေးရွှေမြို့တော်ရှိ ထင်ရှားသော ပညာရှိကြီးများ ရှိသည့် အနက် ရွှေပြည်ဝန်ကြီးခေါ် ယောအတွင်းဝန် ဦးဖိုးလှိုင်မှာ တော်လှန်သော အတွေးအခေါ် အယူအဆရှိသူ ဖြစ်သည်။

သို့ဖြစ်ရာ ရဟန်းတော် အရှင်ဉာဏဓဇသည် ယောအတွင်းဝန် ဦးဖိုးလှိုင် ၏ တော်လှန်သော အတွေးအခေါ် အယူအဆများကို နှစ်သက်စွဲလမ်းသလောက်

---

၁။ လယ်တီဆရာတော်ဘုရားကြီးက လယ်တီဦးပဏ္ဍိတ (....လယ်တီ ဆရာဦးမောင်ကြီး) အား ပြောပြဖူးသောစကား။

www.dhammaransi.com



ဦးဖိုးလှိုင်၏ ခေတ်မီသော စာရေးနည်း စာရေးဟန်များကိုလည်း အားကျသည်။ အတုယူလိုသည်၊ နည်းယူလိုသည်။

ထို့ကြောင့်လည်း သီတင်းနေ့များတွင် ယောအတွင်းဝန် ဦးဖိုးလှိုင်ထံသို့ ကြွရောက်လာကာ ပိဋကတ်တော်၌ ယူဆပုံနည်းများနှင့် မြန်မာစာရေးနည်း ရေးဟန်များကို နည်းခံခဲ့သည်။ ထိုအခါ ယောအတွင်းဝန်က 'ဦးပဥ္စင်းကလေး စာတတ်ချင်သလား၊ စာတတ်ချင်ရင် ကထာဝတ္ထု အဋ္ဌကထာကို နိုင်နင်းအောင် သင်ကြားပါ'ဟု ဩဝါဒစကားဖြင့် နည်းပေးညွှန်ကြား လျှောက်ထားခဲ့သည်။ ထို့ပြင် ယောအတွင်းဝန်က ပိဋကတ်၌ တော်လှန်သည့် အတွေးအခေါ် အယူအဆ များကိုလည်း ပြောကြားလျှောက်ထားလိုက်သေးသည်။

ထိုစဉ်က ပြောကြားလိုက်သော ယောအတွင်းဝန်၏ တော်လှန်သည့် အတွေးအခေါ် အယူအဆများနှင့် ပတ်သက်၍ ရဟန်းတော် အရှင်ဉာဏဓဇသည် လယ်တီဆရာတော်အဖြစ်သို့ ရောက်ရှိလာသောအခါ၌ တပည့်ဖြစ်သူ လယ်တီ ဦးပဏ္ဍိတ (နောင် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး)အား 'အိမ်း . . ယောဆိုတာ လူတတ်ကွယ့်၊ သူဟာ ပထမတန်း ပညာရှိကြီးပဲ၊ စကားဆန်း အင်မတန် ပြောတတ်တဲ့သူ၊ သူ ပညာရှိမို့ သူပြောတဲ့စကား ငါမှတ်ထားတာပဲ၊ နို့ပေမယ့် *** ကျမ်းတွေက[၁] အလွန်ခိုင်မာတဲ့ သင်္ဂါယနာတင်ကျမ်းတွေ ဖြစ်တယ်'ဟူ၍ ပြန်လည် အမိန့်ရှိခဲ့ဖူးသည်။

## ပဉ္စမ သင်္ဂါယနာပွဲ၌ ကထာဝတ္ထုကို ပြန်ဆိုတော်မူခြင်း

မင်းတုန်းမင်းတရားကြီးသည် ပဉ္စမသင်္ဂါယနာ တင်ရန်အတွက် ပထမဆင့် လုပ်ငန်းတစ်ရပ်အဖြစ်ဖြင့် ၁၂၂၂ -ခုနှစ်မှ စတင်ကာ ပိဋကတ်တော်များကို

၁။ ဤသို့ (***)ဖြင့် မြှုပ်၍ထားသော ကျမ်းအမည်များနှင့် ယောအတွင်းဝန်က လျှောက်ထားသော ပိဋကတ်ဆိုင်ရာ တော်လှန်သော အတွေးအခေါ် အယူအဆများကို 'လယ်တီဆရာတော်အမည်ဖြင့် ထုတ်ဝေရန် စီစဉ်ရေးသားလျက်ရှိသော ဆိုက်ကြီး အရွယ်ကြီးနှင့် စာမျက်နှာ (၁၀၀၀)ကျော်၊ အတွင်းဓာတ်ပုံပေါင်း (၃၀၀)ကျော်ရှိ အတ္ထုပ္ပတ္တိအကျယ် ကျမ်းကြီး၌ အကျယ်တဝင် မထိမ်မချန် ဖော်ပြထားသည်။

www.dhammaransi.com

## လယ်တီဆရာတော် ထေရုပ္ပတ္တိအကျဉ်း

ကျောက်ထက်အက္ခရာ ထွင်းထုခဲ့ရာ ၁၂၃၀ -ပြည့်နှစ်တွင် အလုံးစုံ ပြီးစီးခဲ့သည်။

ယင်းသို့ ကျောက်ထက်အက္ခရာ ထွင်းထုပြီးနောက် ပိဋကတ်တော်များကို ပဉ္စမ သင်္ဂါယနာ တင်တော်မူခဲ့ရာ -

- သစ်ဆိမ့်တိုက်က ဝိနည်း ပိဋကတ်တော်ကို လည်းကောင်း၊
- စလင်းတိုက်က သုတ္တန် ပိဋကတ်တော်ကို လည်းကောင်း၊
- စံကျောင်းတိုက်က အဘိဓမ္မာပိဋကတ်တော်ကို လည်းကောင်း၊

အသီးသီး တာဝန်ယူကာ ရွှေနန်းတော်ကြီးအတွင်း ဗြဲတိုက်တော် ရာဇပလ္လင်ပေါ်၌ တစ်လှည့်စီ ပြန်ဆိုတော်မူကြရသည်။

ထိုအခါ စံကျောင်းတိုက်သား တစ်ပါးဖြစ်သော ရဟန်းတော် အရှင်ဉာဏဓဇသည် ကထာဝတ္ထု ပါဠိတော်[၁]ကို တာဝန်ယူပြန်ဆိုတော်မူခဲ့သည်။

---

၁။ ကထာဝတ္ထုပါဠိတော်မှာ အဘိဓမ္မာ ခုနစ်ကျမ်းအနက် ၅ -ခုမြောက်ကျမ်း ဖြစ်သည်။ သို့သော် ဗုဒ္ဓဘာသိတ ဘုရားဟောမဟုတ်ပေ၊ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်က ဘီစီ ၃-ရာစုတွင် ဗုဒ္ဓဘုရားရှင် ဒေသနာတော်မူခဲ့သော မာတိကာကို အကျယ်ချဲ့၍ ဟောကြားထားသောကျမ်း ဖြစ်သည်။ ယင်းကထာဝတ္ထု ပါဠိတော်သည် (၁) အန္ဓက၊ (၂) အပရသေလိယ၊ (၃) ဥတ္တရာပထက၊ (၄) ကဿပိက၊ (၅) ဂေါကုလိက၊ (၆) ပုဗ္ဗသေလိယ၊ (၇) ဘဒြယာနိက၊ (၈) မဟာသံဃိက၊ (၉) မဟိသာသက၊ (၁၀) ရာဇဂိရိက၊ (၁၁) ဝဇ္ဇိပုတ္တက၊ (၁၂) ဝေတုလ္လ၊ (၁၃) သဗ္ဗတ္ထိ ဝါဒီ၊ (၁၄) သမ္မိတိယ၊ (၁၅) သိဒ္ဓတ္ထိက၊ (၁၆) ဟေတုဝါဒ ဟူသော ဂိုဏ်းကြီး ၁၆ -ဂိုဏ်းတို့၏ မိစ္ဆာဝါဒ ၁၆ -ချက်ကို ချေဖျက်ထားသောကျမ်း ဖြစ်သည်။

အရှင်မဟာ ဗုဒ္ဓဃောသ ကလည်း ကထာဝတ္ထု အဋ္ဌကထာတွင် နိဒါနကထာ၌ ဒီပဝံသကျမ်းကို မှီငြမ်းပြုကာ ဇမ္ဗူဒိပ်၌ မဟာသံဃိက ဂိုဏ်းကြီးကွဲသည်မှစ၍ ဂိုဏ်း ၁၈ -ဂိုဏ်း ကွဲပြားသွားပုံကို ဖော်ပြဖွင့်ဆိုထားသည်။

ယောအတွင်းဝန်၏ ဩဝါဒအတိုင်း ကမ္ဘာကို ဗုဒ္ဓသာသနာဖြင့် ဖြန့်ချိပြုစုလိုသူတိုင်း ကထာဝတ္ထု ပါဠိတော်နှင့် အဋ္ဌကထာမှာ မလေ့လာလျှင် မဖြစ်သော ကျမ်းများဖြစ်သည်။

ရဟန်းတော် အရှင်ဉာဏဓဇသည်လည်း ကထာဝတ္ထုကို လေ့လာရင်း ရဟန်းငယ်ဘဝ ကပင် ကိုးတိုင်းကိုးဌာန သာသနာပြု ခေါင်းဆောင်လည်းဖြစ်၊ တတိယသင်္ဂါယနာ ခေါင်းဆောင်လည်းဖြစ်သူ ကထာဝတ္ထုကျမ်းဆရာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်

www.dhammaransi.com

## လယ်တီဆရာတော် ထေရုပ္ပတ္တိအကျဉ်း

ယောအတွင်းဝန်၏ ဩဝါဒစကား လျှောက်ထားချက်အရ ရဟန်းတော် အရှင်ဉာဏဓဇသည် ကထာဝတ္ထု အဋ္ဌကထာကို အထူးကျွမ်းကျင် နိုင်နင်းအောင် သင်ကြားလေ့လာထားသည့်အတိုင်း ဗြဲတိုက်တော် ရာဇပလ္လင်ထက်၌ ကထာဝတ္ထု ပါဠိတော်ကို အောင်မြင်စွာ ပြန်ဆိုတော်မူနိုင်ခဲ့ခြင်း ဖြစ်သည်။

### ပထမစာချ ဖြစ်တော်မူခြင်း

ရဟန်းတော် အရှင်ဉာဏဓဇသည် ရဟန်းသိက္ခာ ၈-ဝါအရတွင် စံကျောင်း တိုက်၌ ပထမစာချအဖြစ် ချီးမြှောက်ခြင်း ခံခဲ့ရသည်။ ထိုအခါ ရဟန်းတော် အရှင်ဉာဏဓဇသည် တပည့်များအား နိရုတ္တိဉာဏ် ထက်သန်စူးရှရေးအတွက် အခြေခံအဖြစ်ဖြင့် "ပဒရူပသိဒ္ဓိ" သဒ္ဒါကျမ်းကို ဇောက်ချကာ ဇောင်းပေး ပို့ချတော်မူခဲ့သည်။

### ပါရမီပုစ္ဆာ ၂၀ -နှင့် ပါရမီဒီပနီ

ရဟန်းတော် အရှင်ဉာဏဓဇသည် ၁၇ -ဝါအရတွင် စံကျောင်းဆရာတော် ဘုရားကြီး၏ အမေးပုစ္ဆာ ၂၀ -ထွက်ပေါ်လာသည်။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊

---

ကို အားကျခဲ့ဟန်တူသည်။

ထို့ကြောင့်လည်း နောင်လယ်တီဆရာတော်အဖြစ်သို့ ရောက်ရှိသောအခါ နိုင်ငံခြား သာသနာပြုတော်မူရာတွင် ယင်းကထာဝတ္ထုကို စေ့စီးစွာ လေ့လာထားခဲ့သဖြင့် လယ်တီ ဆရာတော်၏ ကမ္ဘာ့အမြင် - သာသနာပြုအမြင်များမှာ မြန်မာနိုင်ငံကို ကျော်လွှားကာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ခဲ့ခြင်း ဖြစ်သည်။ အထူးသဖြင့် ခရစ်ယာန်ဝါဒလွှမ်းမိုးရာ အနောက်တိုင်းသို့ ဗုဒ္ဓသာသနာပြုရာ၌ ကထာဝတ္ထုကို လက်နက်ကောင်းတစ်ခုအဖြစ်ဖြင့် ထက်ထက်မြက်မြက် ကိုင်တွယ်အသုံးချနိုင်ခဲ့သည်ဟုလည်း ဆိုရမည်။

ယင်းအကြောင်းများနှင့်တကွ ကထာဝတ္ထုအပေါ် ကမ္ဘာ့ပညာရှင်များ၏ အမြင်များကိုပါ 'လယ်တီဆရာတော်' အမည်ဖြင့် ထုတ်ဝေရန် စီစဉ်ရေးသားလျက်ရှိသော စာမျက်နှာ (၁၀၀၀)ကျော် အတွင်းစာတ်ပုံပေါင်း (၃၀၀)ကျော်ရှိ အတ္ထုပ္ပတ္တိအကျယ်ကျမ်းကြီး၌ တွေ့မြင် ဖတ်ရှုကြရမည်။

မိခင်ဇေကဝတီ

www.dhammaransi.com

## လယ်တီဆရာတော် ထေရုပ္ပတ္တိအကျဉ်း

သာဝကတို့၏ ပါရမီနှင့်စပ်ဆိုင်ရာ အချက်ပေါင်း ၂၀ -ကို စံကျောင်းဆရာတော်ဘုရားကြီးက ပါဠိဘာသာဖြင့် အမေးပုစ္ဆာ ၂၀ -ပြုလုပ်ကာ မေးခွန်းထုတ်ဆင့်မေးမြန်းလိုက်ခြင်း ဖြစ်သည်။

ယင်း အမေးပုစ္ဆာများ၏ အဆုံး၌ '**မယံ စောဒကာ နာမ ကေဒေသပေက္ခကာ**' စသည်ဖြင့် -

'ငါတို့ စောဒက ပုဂ္ဂိုလ်မည်သည်ကား တစ်ဖက်တင်ဒိတ်ကိုသာ မျှော်ကန်ကြည့်ကုန်၏။ အလုံးစုံကို အကုန်မကြည့်ကုန်၊ အကယ်၍ အလုံးစုံကို မျှော်ကန်ကြည့်ကုန်ပါမူ ယခု ဤမေးခွန်းပုစ္ဆာများသည် မပေါ်ပေါက်ခဲ့ရာ၊ ဤမေးခွန်းပုစ္ဆာများသည် ပေါ်လည်းပေါ်ခဲ့၏။ ဇမ္ဗူဒီပါ၏ တံခွန်- သာသနာတော်၏ တံခွန်ဖြစ်သော ပညာရှိတို့အတွက် သက်သက် ဤပုစ္ဆာများ ပေါ်ပေါက်လာခြင်းဖြစ်ရာ ပညာမရှိသော သူတို့သည် ကုပ်၍နောက်ဆုတ်ကြကုန်လော့၊ သင်တို့ကြောင့်ကြစရာ မဟုတ်ကုန်၊ အဘယ့်ကြောင့်ဆိုသော် ပထမတန်း သာသနာတံခွန်များသည် ဤပုစ္ဆာများကို ဖြေဆိုကြလိမ့်မည် ဖြစ်သောကြောင့်တည်း။'' ဟူ၍ စံကျောင်းဆရာတော်ဘုရားကြီးက ဖြေဆိုမည့်သူကို ဘဝဂ်သို့ တက်ရောက်ရတော့လုမတတ် မြှောက်ပင့်ရေးသားပြီး မဖြေနိုင်သူများအား လမ်းလေးခွ၌ တည်ရှိသော ရှားငုတ်တိုနှင့်လည်းကောင်း၊ လူအများကျော်လွှား သွားလာရာ တံခါးခုံနှင့်လည်းကောင်း နှိုင်းယှဉ်ဥပမာပေးကာ တုဏှီဘာဝ ဆိတ်ဆိတ်နေကြရန် တားမြစ်နိမ်ချထားသည်။

ယင်းသို့ ရေးသားထားသည်ကို တွေ့ရှိလိုက်ရသည်နှင့် တစ်ပြိုင်နက် ရဟန်းတော် အရှင်ဉာဏဓဇသည် 'ဤအမေးပုစ္ဆာ ၂၀ -ကား ငါ့ကိုစွဲ၍ ငါ့အတွက် သက်သက်ဖြစ်ပေါ်လာပြီတကား'ဟု အားတက်ရွှင်လန်း ဝမ်းမြောက်စွာဖြင့် နိကာယ်ငါးရပ် ပိဋကတ်ကို မွှေနှောက်ချောက်ချားပြီး ယင်းအမေးပုစ္ဆာ ၂၀ -ကို ပါဠိလိုရေးသားဖြေဆိုကာ စံကျောင်းဆရာတော်ဘုရားကြီးအား ဆက်ကပ်လိုက်သည်။

www.dhammaransi.com

## လယ်တီဆရာတော် ထေရုပ္ပတ္တိအကျဉ်း

### မှန်းချက်နှင့် နှမ်းထွက်မကိုက်ခြင်း

ယင်းသို့ ရေးသားဖြေဆိုလိုက်သော်လည်း ရဟန်းတော် အရှင်ဉာဏဓဇ အနေဖြင့် 'မှန်းချက်နှင့် နှမ်းထွက်'မကိုက်အောင် ဖြစ်ခဲ့သည်။ အဘယ့်ကြောင့် ဆိုသော် ရဟန်းတော် အရှင်ဉာဏဓဇ၏ ဖြေဆိုချက်ကို စံကျောင်းဆရာတော် ဘုရားကြီးက နှစ်သက်လိုလားတော် မမူသောကြောင့် ဖြစ်သည်။

အလုံ ဦးပဏ္ဍိတနှင့် စလင်း ဦးပဏ္ဍိစ္စဟူ၍ တပည့်နှစ်ပါးရှိသည့်အနက် အလုံဦးပဏ္ဍိတ၏ တပည့်တပန်းများကိုသာ စံကျောင်းဆရာတော်ဘုရားကြီးက ဖြေဆိုစေလိုသောကြောင့် မနှစ်သက် မလိုလားခြင်း ဖြစ်သည်ဟု အစဉ်အဆက် ပြောစမှတ်ရှိသည်။

### ပထမဆုံး လယ်တီဒီပနီ

ယခုအခါ ပုံနှိပ်စာအုပ်အဖြစ်ဖြင့် တွေ့မြင် ဖတ်ရှုနေကြရသော ပါရမီဒီပနီကျမ်းစာအုပ်မှာ ရဟန်းတော် အရှင်ဉာဏဓဇ ဘဝက ဖြေဆိုခဲ့သော ယင်းအမေးပုစ္ဆာ ၂၀ -၏ အဖြေပင် ဖြစ်သည်။ လယ်တီဆရာတော်အနေဖြင့် ပထမဆုံးရေးသားသော ပထမဆုံးလက်ရာ၊ ပထမဆုံး လယ်တီဒီပနီကျမ်း စာအုပ်လည်း ဖြစ်သည်။[၁]

### နွားသားရှောင်ကြဉ်ရေးနှင့် လယ်တီတိုက်တည်ထောင်ခြင်း

၁၂၄၄ -နှစ်တွင် ရဟန်းတော် အရှင်ဉာဏဓဇသည် မန္တလေးရွှေမြို့တော်မှ မုံရွာမြို့နယ် ရွှေစည်းခုံကျောင်းတိုက်သို့ ကြွရောက် သီတင်းသုံးတော်မူသည်။

၁၂၄၇ -ခုနှစ်တွင် ဗြိတိသျှတို့သည် အထက်မြန်မာနိုင်ငံကို သိမ်းပိုက်လိုက်ရာ မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှတို့၏ ကိုလိုနီဘဝသို့ ရောက်ရှိခဲ့သည်။

---

၁။ ထိုစဉ်က အရှင်ဉာဏဓဇအား စံကျောင်းဆရာတော်ဘုရား မိန့်မြွက်တော်မူသော စကား အပြည့်အစုံနှင့် အဖြစ်အပျက် အစုံအလင်ကို 'လယ်တီဆရာတော်'အမည်ဖြင့် ထုတ်ဝေရန် စိစဉ်ရေးသားလျက်ရှိသော စာမျက်နှာ (၁၀၀၀)ကျော်၊ အတွင်းဓာတ်ပုံပေါင်း (၃၀၀)ကျော် ဆိုက်ကြီး အရွယ်ကြီးနှင့် အတ္ထုပ္ပတ္တိ အကျယ်စာအုပ်၌ အကျယ်တဝင့် ဖော်ပြထားသည်။

www.dhammaransi.com

## လယ်တီဆရာတော် ထေရုပ္ပတ္တိအကျဉ်း

ထိုအခါ ဗြိတိသျှတို့၏ ကုလားဖြူ ကုလားမည်း စစ်သားများက နွားများကို စည်းမဲ့ကမ်းမဲ့ သတ်ဖြတ်စားသောက်ကြရာ မြန်မာ့လူ့ဓနမှုစနစ်နှင့်လည်းကောင်း၊ မြန်မာဘာသာရေး (ဗုဒ္ဓဘာသာ)နှင့် လည်းကောင်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင် နေသည်။

စင်စစ် မြန်မာနိုင်ငံသည် ပကတိ ရုပ်အခြေခံအားဖြင့် မြေယာနိုင်ငံသာ ဖြစ်သည်။ လယ်ယာကိုင်းကျွန်းကို ပဓာန စီးပွားရေးအဖြစ်ဖြင့် အားထားမှီခိုနေ ရသော နိုင်ငံသာ ဖြစ်သည်။ စက်မှုသိပ္ပံမထွန်းကားသော နိုင်ငံဖြစ်သဖြင့် လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းတွင် ကျွဲနွားများကို အားကိုးကာ ထွန်ယက်စိုက်ပျိုးနေကြ ရရာ ကျွဲနွားများသည် မြန်မာနိုင်ငံ၏ စီးပွားရေးတွင် မရှိမဖြစ်သော ကုန်ထုတ်ကိရိယာ ဖြစ်သလောက် မြန်မာပြည်သူလူထုကြီးတစ်ရပ်လုံး၏ အသက် သခင်များလည်း ဖြစ်သည်။ ကျေးဇူးရှင်လည်း ဖြစ်ကြသည်။

သို့ဖြစ်ရာ အသက်သခင် ကျေးဇူးရှင်များဖြစ်ကြသော ကျွဲနွားများကို ဘယ်နည်းနှင့်မျှ သတ်ဖြတ်စားသောက်ခြင်း မပြုထိုက်ဟု ဆရာတော် အရှင် ဉာဏဓဇက ခံယူသည်။

ထို့ကြောင့်လည်း အရှင်ဉာဏဓဇသည် ကိုယ်တော်တိုင်လည်း နွားသားကို ရှောင်ကြဉ်တော်မူသည်။ တပည့်တပန်း ရဟန်းသံဃာတော်များနှင့် ပြည်သူအများ ကိုလည်း နွားသားရှောင်ကြဉ်ရန် 'နွားမေတ္တာစာ'ကို ရေးသားကာ လှူဆော်တော် မူခဲ့သည်။

ထို့နောက် ၁၂၄၈ –ခုနှစ်တွင် မုံရွာမြို့အနီး လယ်တီတောအုပ်ကြီး၌ ကျောင်းတိုက်တည်ထောင်ကာ တပည့်တပန်း ရဟန်းသာမဏေများအား စာပေ သင်ကြားပို့ချခဲ့ရာ ထိုအခါမှစ၍ လယ်တီဆရာတော်ဟူသော အမည်ဖြင့် ထင်ပေါ် ကျော်ကြားလာသည်။

www.dhammaransi.com

## လယ်တီဆရာတော် ထေရုပ္ပတ္တိအကျဉ်း

### ပရမတ္ထဒီပနီ သင်္ဂြိုဟ် မဟာဋီကာသစ်

ယင်းသို့ လယ်တီတိုက်တွင် စာပေပို့ချတော်မူသည့်ကြားမှ အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်း၏ အဖွင့်ဖြစ်သော 'ပရမတ္ထဒီပနီဋီကာ'ကို ပါဠိဘာသာဖြင့် ၁၂၅၉– ခုနှစ်တွင် အပြီးရေးသား ပြုစုတော်မူသည်။

ယင်း ဋီကာမှာ ယခုအခါ 'လယ်တီဋီကာ' ဟူသော အမည်ဖြင့် လူသိများ နေကြသော်လည်း အမည်အပြည့်အစုံမှာ 'ပရမတ္ထဒီပနီ'ခေါ် 'သင်္ဂြိုဟ် မဟာ ဋီကာသစ်' ဟူ၍ ဖြစ်သည်။

### နှစ်ပေါင်း ၃၅ –နှစ်ကြာ ဋီကာ စစ်ပွဲကြီး

သို့သော် လယ်တီဆရာတော်သည် ပရမတ္ထဒီပနီဋီကာဖြင့် အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်းကို ဖွင့်ဆိုရာ၌ ကိုယ့်နည်း၊ ကိုယ့်ဟန်၊ ကိုယ့်အတွေးအခေါ်၊ ကိုယ့် အယူအဆတို့ဖြင့် ရိုးရိုးဖွင့်ဆိုခြင်းမပြုပဲ အဘိဓမ္မတ္ထဝိဘာဝနီ ဋီကာကျော်ကျမ်း ၌ အချက်ပေါင်း ၂၄၅ –ချက်တိတိ မှားယွင်း ချွတ်ချော်နေသည်ဟု ထောက်ပြကာ 'န သုန္ဒရံ' 'န ယုဇ္ဇတိ' 'န သမေတိ' စသော ခပ်ကြမ်းကြမ်း စကားလုံး များဖြင့် ဋီကာကျော်မှ အဆိုပါ အချက်များကို ပယ်ဖျက်ပစ်ခဲ့သည်။

အဘိဓမ္မတ္ထ ဝိဘာဝနီ ဋီကာကျော်မှာ မျက်မှောက်ခေတ် မြန်မာနိုင်ငံ ပါဠိပညာရေး၌ အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်း၏ အဖွင့်ဋီကာကျမ်းတစ်ကျမ်း အဖြစ်ဖြင့် သင်ရိုးပြုကာ သင်ကြားပို့ချမှုကို ခံယူနေရသော ဋီကာဖြစ်သည်။

ထို့ကြောင့်လည်း ယင်းကဲ့သို့ လယ်တီဆရာတော်က ဋီကာကျော်မှ အချို့ အချက်အလက်များကို ပယ်ဖျက်လိုက်သောအခါ၌ သာသနာတော်တစ်ခုလုံး ပွက်လောရိုက်ကာ ဋီကာကျော်ဖက်မှ ပြန်လည်ခုခံ ရေးသားလာကြသော ဋီကာများ ပေါ်ထွက်လာသည်။

သို့ဖြင့်ပင် လယ်တီဋီကာ ပုံနှိပ်စာအုပ်အဖြစ် ထွက်ပေါ်လာသော ၁၂၆၂–ခုနှစ်မှ ၁၂၉၇ –ခုနှစ်လောက်အထိ ၃၅ –နှစ်တိုင်တိုင် မြန်မာနိုင်ငံ၌ 'ဋီကာစစ်ပွဲကြီး' ဖြစ်ပွားခဲ့သည်။ ယင်း ၃၅ –နှစ်တာ အချိန်ကာလအတွင်း ထွက်ပေါ်လာသော ဋီကာကျမ်းများမှာ ၄၀ –ခန့် အရေအတွက်ရှိသည်ဟု

www.dhammaransi.com



စာရင်းအရ သိရှိရသည်။ ယင်း ၄၀ -ခန့်တွင် ပါဠိဘာသာဖြင့် ရေးသားသော ဋီကာကျမ်းများအပြင် မြန်မာဘာသာဖြင့် ရေးသားသော ကျမ်းများလည်း ပါဝင်ခဲ့သည်။[၁]

## မူလဋီကာနှင့် အနုဋီကာ

ဋီကာကျော်ဆရာသည် မူလဋီကာထက် အနုဋီကာကို ပိုမိုနှစ်သက်ဟန်တူသည်။ ခဲရာခဲဆစ် ဌာနများကို အကိုးသာဓကမူရာ၌ ဋီကာကျော်ဆရာသည် '**ဝေဠု ကတ္ဝာ ဝုတ္တံ အာစရိယဓမ္မ ပါလတ္ထေရေန**'ဟူ၍ အာစရိယဓမ္မပါလခေါ် အနုဋီကာဆရာ အရှင်ဓမ္မပါလ၏ အဆိုအမိန့်များကို ထုတ်ဆောင်ပြလေ့ရှိသည်။

လယ်တီဆရာတော်ကမူ '**အာစရိယာနန္ဒထေရော ပန**'စသည်ဖြင့် မူလဋီကာဆရာ အရှင်အာနန္ဒာ၏ အမည်ကို လေးလေးစားစား ခေါ်ဝေါ်ရေးသားပြီး မူလဋီကာဆရာ၏ အယူအဆများကို ဖော်ထုတ်ကာ လက်ရုံးတမ်းလေ့ရှိသည့်အပြင် တစ်ခါတစ်ရံ အဋ္ဌကထာ ဆရာကြီး အရှင်မဟာဗုဒ္ဓဃောသ၏ အဆိုအမိန့်များကိုပင် ကျောခိုင်းဖွင့်ဆိုထားသည်ကို ကျောချမ်းစရာ ကောင်းလောက်အောင် တွေ့ရှိနေရပေသည်။

## သီဟိုဠ်ကို အန်တုနိုင်သော လယ်တီဋီကာ

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံ ပါဠိစာပေသမိုင်း၌ ပုဂံခေတ်က သီဟိုဠ်ကို အန်တုနိုင်သော အရှင်အဂ္ဂဝံသ၏ သဒ္ဒနီတိကျမ်းကြီး ပေါ်ထွက်နိုင်ခဲ့သလို

၁။ ၃၅ -နှစ်ကြာ ဋီကာစစ်ပွဲအတွင်းက ထွက်ပေါ်လာခဲ့သော ပါဠိဘာသာရေး ဋီကာကျမ်းများနှင့် မြန်မာဘာသာရေးကျမ်းများ၏ မျက်နှာဖုံးပုံများ ယင်းဋီကာ ကျမ်းပြုပုဂ္ဂိုလ်များ၏ ဓာတ်ပုံများနှင့် ဋီကာစစ်ပွဲအတွင်း ဘောင်ဘင်ခတ်ခဲ့သော စာပေလှုပ်ရှားမှု အပြည့်အစုံများကို စာမျက်နှာ (၁၀၀၀)ကျော်၊ အတွင်းဓာတ်ပုံပေါင်း (၃၀၀)ကျော်ပါရှိသည့် 'လယ်တီဆရာတော်'အမည်ဖြင့် စီစဉ်ရေးသားလျက်ရှိသော ဆိုက်ကြီး အရွယ်ကြီး အတ္ထုပ္ပတ္တိအကျယ်စာအုပ်ကြီး၌ ဖော်ပြထားသည်။

www.dhammaransi.com

## လယ်တီဆရာတော် ထေရုပ္ပတ္တိအကျဉ်း

မျက်မှောက်ခေတ်၌လည်း ပရမတ္ထဒီပနီ လယ်တီဋီကာဖြင့် သီဟိုဠ်အား အံတုနိုင်ခဲ့ခြင်းကိုကား မည်သူမျှ ငြင်းနိုင်ကြမည် မဟုတ်ပေ။

သို့ဖြစ်ရာ ပရမတ္ထဒီပနီ လယ်တီဋီကာကို မြန်မာနိုင်ငံ ဗုဒ္ဓသာသနာ့သမိုင်းတွင် စာပေမှတ်တိုင် တစ်တိုင်အဖြစ်ဖြင့် ယခုအခါ သမိုင်းသုတေသီတိုင်းက အသိအမှတ် ပြုနေကြရပြီ ဖြစ်ပေသည်။

## လှည့်လည်တရားဟောခြင်းနှင့် ဝါဆိုစဉ်အကျဉ်း

လယ်တီဆရာတော်ဘုရားကြီးသည် လယ်တီတိုက်ကြီးကို တည်ထောင်ကာ တပည့်တပန်း ရဟန်းသာမဏေများအား စာပေပို့ချတော်မူပြီးနောက် ၁၂၅၇-ခုနှစ်လောက်မှ စတင်ကာ မြန်မာနိုင်ငံ အရပ်ရပ်သို့ လှည့်လည် ကြွရောက်တော်မူပြီး ဝါဆိုသင့်သော အရပ်ဒေသများတွင် ဝါဆိုလျှက် ကျွတ်ထိုက်သူ ဝေနေယျတို့အတွက် နိယျာနိကအစစ် ဗုဒ္ဓဘုရားရှင် အလိုလားဆုံးလည်းဖြစ် အနှစ်သာရလည်းဖြစ်သော ဝိပဿနာတရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးဟောကြားတော်မူခဲ့သည်။

ယင်းသို့ ကြွရောက်သီတင်းသုံးကာ တရားဟောရာ ဒေသများနှင့် ဝါဆိုရာ ဌာနများမှာ အောက်ပါအတိုင်း ဖြစ်သည်။

- ၁၂၅၇- ခုနှစ်၊ အိန္ဒိယနိုင်ငံ မဟာဗောဓိသို့ ကြွရောက်တော်မူသည်။ မဟာဗောဓိမှ အပြန်တွင် ဒေါမြို့မြို့ အနယ်နယ်သို့ လှည့်လည်ကာ တရားဟောတော်မူသည်။
- ၁၂၅၈- ခုနှစ်၊ ဟံသာဝတီနယ် တွံတေးတောကြီးတန်း ဆပဂံတောရ၌ သီတင်းသုံးတော်မူသည်။
- ၁၂၅၉- ၆၀ -ခုနှစ်၊ မုံရွာမြို့ လယ်တီတိုက်၌ သီတင်းသုံးတော်မူသည်။ ၁၂၆၀ -ပြည့်နှစ်တွင် သေကျွတောင် ဆရာတော် အရှင်တိလောက၏ ပင့်လျှောက်ချက်အရ သေကျွတောင်တွင် တစ်လခန့် သီတင်းသုံးတော်မူသည်။

www.dhammaransi.com

## လယ်တီဆရာတော် ထေရုပ္ပတ္တိအကျဉ်း

၁၂၆၁– ခုနှစ်၊ မုံရွာမြို့လယ်စဉ့်ရွာ ဓမ္မိကာရုံတိုက် ဓမ္မနန္ဒကျောင်း၌ ဝါကပ်တော်မူသည်။

၁၂၆၂– ခုနှစ်၊ ဒီပဲယင်းမြို့၏ မြောက်ဖက် မဟာမြိုင်တောကြီး၌ ဝါဆိုတော်မူသည်။

၁၂၆၃– ၆၄ –ခုနှစ်၊ အလုံမြို့၏ အနောက်ဘက်လည်းဖြစ်၊ သလ္လာဝတီ မြစ်၏ အနောက်ဘက်လည်းဖြစ်သော ရွှေတောင်ဦးတောင် ကျောက်ဂူ၌ ဝါဆိုတော်မူသည်။

၁၂၆၅– ခုနှစ်၊ မုံရွာမြို့၏ အနောက်လက်ပန်းတောင်းတောင် စကြံ ကျောင်း၌ သီတင်းသုံးတော်မူသည်။ ယင်းနှစ်တွင် ကင်းဝန် မင်းကြီး ပင့်လျှောက်သောကြောင့် မန္တလေးမြို့သို့ ကြွရောက်ကာ တရားဟောတော်မူသည်။

၁၂၆၆– ခုနှစ်၊ ပျဉ်းမနားမြို့ မြောက်ဘက် အင်ကြင်းမြိုင်တောရ စကြံ ကျောင်း၌ ဝါဆိုတော်မူသည်။

၁၂၆၇– ခုနှစ်၊ မြင်းခြံမြို့ ရေကန်ကြီးအနီး၌ ဝါဆိုတော်မူသည်။ ယင်းနှစ် တွင် ရန်ကုန်မြို့သို့ ကြွရောက်ကာ တရားဟောတော်မူသည်။

၁၂၆၈– ခုနှစ်၊ ပြည်မြို့ ဝိပဿနာကုန်းတောရ၌ ဝါဆိုတော်မူသည်။ ယင်းနှစ်တွင် မန္တလေးမြို့သို့ ကြွရောက်ကာ မစိုးရိမ်တိုက်မှစ၍ တရားပွဲများ ကျင်းပဟောပြောတော်မူသည်။

၁၂၆၉– ခုနှစ်၊ မင်းလှမြို့ ပက်တန်းတောရ၌ ဝါဆိုတော်မူသည်။ ထို နှစ်၌ပင် စစ်တွေမြို့သို့ ကြွရောက်ကာ တရားဟောတော်မူသည်။

၁၂၇၀– ခုနှစ်၊ မော်လမြိုင်မြို့ ကျိုက်သံလံ တောင်တန်းရှိ အလံတိုင် တောင်ထိပ် ဝါဆိုကျောင်း၌ ဝါဆိုတော်မူပြီး ပုသိမ်မြို့သို့ ကြွရောက်ကာ တရားဟောတော်မူသည်။

၁၂၇၁– ခုနှစ်၊ သာပေါင်းမြို့၌ ဝါကပ်တော်မူသည်။

၁၂၇၂– ခုနှစ်၊ မုံရွာမြို့ မဟာလယ်တီတိုက်၌ ဝါဆိုတော်မူပြီး စစ်ကိုင်းမြို့ ရွှေဘိုမြို့နယ်၊ မိတ္ထီလာမြို့၊ မန္တလေးမြို့များသို့ ကြွရောက်ကာ

www.dhammaransi.com

## လယ်တီဆရာတော် ထေရုပ္ပတ္တိအကျဉ်း

တရားဟောတော်မူသည်။ ပလိပ်ရောဂါ ပပျောက်ရန် စီမံတော်မူသည်။

၁၂၇၃- ခုနှစ်၊ ရန်ကုန်မြို့ ညောင်ကုန်းတိုက်၌ ဝါဆိုတော်မူသည်။

၁၂၇၄- ခုနှစ်၊ စစ်ကိုင်းမြို့၌ ဝါဆိုတော်မူသည်။

၁၂၇၅- ၇၆ -၇၇ -ခုနှစ်၊ မန္တလေးမြို့ လယ်တီစံကျောင်း၌ ဝါဆိုတော်မူသည်။

၁၂၇၈- ခုနှစ်၊ ပျဉ်းမနားမြို့၊ အင်ကြင်းမြိုင်တောရ၌ ဝါဆိုတော်မူသည်။

၁၂၇၉- ခုနှစ်၊ မုံရွာမြို့၊ မဟာလယ်တီတိုက်၌ နောက်ဆုံး ဝါဆိုတော်မူသည်။

၁၂၈၀- ပြည့်နှစ်၊ မြစ်သားမြို့၌ ဝါဆိုတော်မူသည်။

၁၂၈၁- ခုနှစ်၊ ရန်ကုန်မြို့ ကျောင်းဝိုင်းကျောင်း၌ ဝါဆိုတော်မူပြီးနောက် ပုသိမ်မြို့သို့ ကြွရောက်ကာ သိမ်သမုတ်တော်မူသည်။ ပုသိမ်မှ အပြန်တွင် သာယာဝတီခရိုင် မင်းလှမြို့၌ မန်လည်ဆရာတော်ဘုရားကြီးနှင့် ပထမဆုံးအကြိမ် တွေ့ဆုံတော်မူသည်။ ထို့နောက် ယင်းဆရာတော်ကြီး နှစ်ပါးသည် ရန်ကုန်မြို့သို့ ကြွရောက်ကာ တရားပွဲကြီးများ ကျင်းပဟောကြားတော် မူကြသည်။

၁၂၈၂- ခုနှစ်၊ ကတွန်သတ္တုတွင်း၌ ဝါကပ်တော်မူသည်။

၁၂၈၃- ခုနှစ်၊ စစ်ကိုင်းမြို့ ဧတဝန်တိုက်၌ ဝါဆိုတော်မူသည်။

၁၂၈၄- ခုနှစ်၊ ပျဉ်းမနားမြို့ လယ်တီစံကျောင်း၌ ဝါဆိုတော်မူသည်။

www.dhammaransi.com

## လယ်တီဆရာတော် ထေရုပ္ပတ္တိအကျဉ်း

### 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ် ခံယူရရှိတော်မူခြင်း

၁၂၇၇ -ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ -ရက် (၇ -၁၁ -၁၉၁၅) တနင်္ဂနွေနေ့တွင် မြန်မာနိုင်ငံ အစိုးရ၏ ''အဂ္ဂ-မဟာပဏ္ဍိတ'' ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းခြင်းကို ခံယူရရှိတော်မူသည်။[၁]

### နိုင်ငံခြားသာသနာပြုတော်မူခြင်း

လယ်တီဆရာတော်ဘုရားကြီးသည် အထက်ပါအတိုင်း မြန်မာနိုင်ငံ အရပ်ရပ်သို့ လှည့်လည်၍ ဝိပဿနာ တရားဟောကြားကာ သာသနာပြုရုံမျှသာမကပဲ ၁၂၇၅ -ခုနှစ်တွင် နိုင်ငံခြား ဗုဒ္ဓသာသနာပြုအသင်းကြီးကို ကြီးမှူးတည်ထောင်ပြီးလျှင် လန်ဒန်မြို့ရှိ ဂရိတ်ဘရိတန် အိုင်ယာလန် ဗုဒ္ဓဘာသာ သာသနာပြုအသင်းကြီးနှင့်လည်းကောင်း၊ လန်ဒန် ပါဠိစာပေအသင်းကြီးနှင့်လည်းကောင်း ဆက်သွယ်ကာ နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ ဗုဒ္ဓသာသနာတော် ပျံ့နှံ့ရောက်ရှိရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းတော်မူခဲ့ပြန်သည်။

---

၁။ ၁၂၇၆ -ခုနှစ်က 'အဂ္ဂမဟာပဏ္ဍိတ' ရရှိသူများကို ၁၂၇၇ -ခုနှစ်၌ ဆက်ကပ်ပွဲပြုလုပ်ခြင်း ဖြစ်သည်။ ထို့ကြောင့် ဘွဲ့တံဆိပ်၌ '၁၂၇၆ -ခုနှစ်'ဟု ရေးထိုးထားသည်။ ယခုအခါ လယ်တီဆရာတော်၏ ထေရုပ္ပတ္တိ အများအပြား၌လည်းကောင်း၊ '၁၂၇၃-ခုနှစ်က အဂ္ဂမဟာ ပဏ္ဍိတရသည်'ဟု ရေးသားထားကြသည်မှာ မမှန်ပေ။ ၁၂၇၆-ခုနှစ်ကြမှ ရခြင်းသာ ဖြစ်သည်။ ယင်းအကြောင်းကို 'လယ်တီဆရာတော်' ဟူသော စာမျက်နှာ (၁၀၀၀)ကျော်၊ အရွယ်ကြီး ဆိုက်ကြီး အတ္ထုပ္ပတ္တိအကျယ် စာအုပ်ကြီး၌ အကျယ်ဖတ်ရှုကြရမည်။

မိခင်ရောဝတီ

www.dhammaransi.com

# လယ်တီဆရာတော် ထေရုပ္ပတ္တိအကျဉ်း

## 'ဒီလစ်'ဘွဲ့ ရရှိတော်မူခြင်း

၁၂၈၃ –ခုနှစ်၊ နတ်တော်လတွင် ရန်ကုန်တက္ကသိုလ်ကျောင်းကြီး ဖွင့်လှစ်သည့် အထိမ်းအမှတ်အဖြစ်ဖြင့် တက္ကသိုလ်အဓိပတိဖြစ်သူ မြန်မာပြည်ဘုရင်ခံက စာပေပါရဂူ (ဒီလစ်)ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းသည်ကို ခံယူရရှိတော်မူသည်။

## စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူခြင်း

၁၂၈၅ –ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၅ –ရက် (လပြည့်) ဗုဒ္ဓဟူးနေ့ ၂ –နာရီ ၃၀ –မိနစ်အချိန်တွင် ပျဉ်းမနားမြို့၌ သီတင်းသုံးတော်မူစဉ် စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူသည်။

❀ ❀ ❀ ❀ ❀

www.dhammaransi.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | နိဒါန်း | | က-ခ |
| | ပဏာမ | --- | ၁ |
| | အာသီသ | --- | ၂ |
| | ဥယျောဇဉ်နှင့် ပဋိညာဉ် | --- | ၂ |
| | သာသနသမ္ပဒါသုံးပါး | --- | ၃ |
| | ရတနာစစ် ရတနာမှန် | --- | ၃ |
| | ပဓာနအချက်ကြီးသုံးချက် | --- | ၅ |
| | ဘုရား၏ကောင်းသောဘုရား | --- | ၅ |
| | တထာဂတဟူသည် အဘယ်နည်း | --- | ၇ |
| | **၁-အရဟံဂုဏ်တော်** | | |
| | အရဟံဂုဏ်တော်၏ဝိဂ္ဂဟစသည် | --- | ၁၁ |
| | မြတ်သောလှူဖွယ်ဝတ္ထု | --- | ၁၁ |
| | ဒက္ခိဏဝိဘင်္ဂသုတ်မြန်မာပြန် အလှူခံတစ်ကိုပ်လေး | --- | ၁၃ |
| | သံဃိကအလှူ-၇-မျိုး | --- | ၁၄ |
| | ဝေလာမသုတ်မြန်မာပြန် | --- | ၁၅ |
| | ဒက္ခိဏေယျ-၈-ပါး | --- | ၁၈ |
| | ဓမ္မစက်ဟူသည်အဘယ်နည်း | --- | ၁၉ |
| | ဓမ္မစက္ကပဝတ္တန | --- | ၂၀ |
| | သေလပုဏ္ဏားအမေး ့ဘုရားရှင်အဖြေ | --- | ၂၂ |
| | အာဏာစက်လှည့်ခြင်း | --- | ၂၃ |
| | ဗောဓိဘိက္ခုနှင့်သံဃဂုဏ် | --- | ၂၆ |
| | အာဏာစက်၏အဆောက်အဦ | --- | ၂၆ |
| | **၂-သမ္မာသမ္ဗုဒ္ဓဂုဏ်တော်** | | |
| | ပုဂ္ဂလပညတ်ပါဠိတော်နှင့် အဓိပ္ပါယ် | --- | ၂၇ |
| | သမ္မာသမ္ဗုဒ္ဓအဓိပ္ပါယ် | --- | ၂၈ |

www.dhammaransi.com

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|


| | | |
|---|---|---|
| ဘုရားရှင်၌ဆရာမရှိ | --- | ၂၉ |
| သစ္စာဟူသည်အဘယ်နည်း | --- | ၃၀ |
| အယူဝါဒ အမျိုးမျိုး | --- | ၃၀ |
| ကံကိုယုံကြည်သောဝါဒ | --- | ၃၁ |
| ယုတ်မာသောအကျင့် | --- | ၃၂ |
| ဖြဟ္မစရိယသြကာသ | --- | ၃၃ |
| သစ္စာလေးပါး | --- | ၃၃ |
| ၁။ ဒုက္ခသစ္စာ | --- | ၃၃ |
| ကြောက်မက်ဖွယ်ဘေး | --- | ၃၄ |
| ခု တစ်မျိုး နောင် တစ်မျိုး | --- | ၃၅ |
| ဇာတိဒုက္ခစသည် | --- | ၃၆ |
| ၂။ သမုဒယသစ္စာ | --- | ၃၉ |
| ကာမတဏှာဖြစ်ပုံ | --- | ၄၀ |
| ဘဝတဏှာဖြစ်ပုံ | --- | ၄၀ |
| ဝိဘဝတဏှာဖြစ်ပုံ | --- | ၄၂ |
| ၃။ နိရောဓသစ္စာ | --- | ၄၃ |
| ၄။ မဂ္ဂသစ္စာ | --- | ၄၄ |
| သဗ္ဗညုတဉာဏ် | --- | ၄၇ |
| ဒသဗလဉာဏ်ဆယ်ပါး | --- | ၄၇ |
| မှတ်ရန်အချုပ်-ဂါထာပုဒ် | --- | ၅၀ |
| ဆင်ဆယ်မျိုး | --- | ၅၀ |
| ၃။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော် | | |
| စရဏပုဒ်ကို ဝိဂြိုဟ်ဆို | --- | ၅၂ |
| ဝိဇ္ဇာပုဒ်ကို ဝိဂြိုဟ်ဆို | --- | ၅၃ |
| ပမာဆောင်ရသော် | --- | ၅၃ |
| ဝိဇ္ဇာလေးမျိုး | --- | ၅၄ |
| လောကီယဝိဇ္ဇာ | --- | ၅၄ |
| ဗြာဟ္မဏဝိဇ္ဇာ | --- | ၅၇ |
| ဣသိဝိဇ္ဇာ | --- | ၅၇ |

www.dhammaransi.com

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|


ဗုဒ္ဓဝိဇ္ဇာ --- ၅၈
စရဏလေးမျိုး --- ၅၈
လောကိယစရဏ --- ၅၈
ဗြာဟ္မဏစရဏ --- ၅၈
ဣသိစရဏ --- ၅၈
ဗုဒ္ဓစရဏ --- ၅၈
ဝိဇ္ဇာစရဏအရ တရား --- ၆၂
စရဏကိုးပါးနှင့် အဓိပ္ပါယ် --- ၆၂
ဝိဇ္ဇာရှစ်ပါးနှင့် အဓိပ္ပါယ် --- ၆၄
တစ်နည်း စရဏ(၁၅)ပါးနှင့် ဝိဇ္ဇာ ၃-ပါးအဓိပ္ပါယ် --- ၆၆
ဟေမဝတနတ်သားမေး, သာတာဂီရိနတ်သားဖြေ --- ၆၇

၄။ သုဂတဂုဏ်တော်

သုဂတဝိဂြိုဟ် --- ၆၉
ယခင်အစ္ဆရိယသုတ် မြန်မာပြန် --- ၇၁
အရှင်မဓက်ရ၏ဂါထာဂီတိများ-၂၅-ပိုဒ် --- ၇၃
ပဘာကိုယ်ရောင် အမျိုးမျိုးဆောင် --- ၈၃
စကြဝဠာမင်းဖျား ခြေဖဝါးတွင်နား --- ၈၄
ဂတိ ၁၀-ပါးပြည့်စုံငြား၏ --- ၈၄
တစ်နည်း ဂတိနှစ်ပါးရှိ --- ၈၅
အား ရှစ်ပါးကား --- ၈၇
အသာဓာရဏဉာဏ်တော်ခြောက်ပါး --- ၈၈
သုဂတဝိဂြိုဟ်အမျိုးမျိုးနှင့်အဓိပ္ပါယ် --- ၉၀
ဝိဝေကချမ်းသာ-မွန်မြတ်စွာ --- ၉၂
အဖော်မပါ မချမ်းသာ --- ၉၃
မင်ဖိုလ်အာရုံ သန္တိဂုဏ် --- ၉၄
သုဂတဝိဂြိုဟ် တစ်နည်းဆို --- ၉၄
စကားခြောက်ခွန်း သူမြတ်ညွှန်း --- ၉၅

၅။ လောကဝိဒူဂုဏ်တော်

လောကဝိဒူဝိဂြိုဟ် --- ၉၆

www.dhammaransi.com

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|


သြကာသစသော လောကသုံးပါး --- ၉၆
ကြက်ဥပမာ စကြဝဠာ --- ၁၀၀
ပရိနိဗ္ဗာနသုတ်နှင့် နိဒါနဝဂ္ဂသံယုတ်မြန်မာပြန် --- ၁၀၂
ပရိသတ် ၈-ပါး တရားဓမ္မဟောပြချက် --- ၁၀၂

၆။ အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော်

အနုတ္တရ ဝိဂြိုဟ် --- ၁၀၅
ပုရိသဒမ္မသာရထိ ဝိဂြိုဟ် --- ၁၀၅
ဘုရားစစ်ထင်မြင် ဗကမဟာပြဟ္မာပင် --- ၁၀၈
မိစဉ်ဘလိုက် ထွန်းကားခိုက် --- ၁၁၀

၇။ သတ္ထာဒေဝမနုဿာနဂုဏ်တော်

သတ္ထာပုဒ်ကို ဝိဂြိုဟ်ဆို --- ၁၁၂
တစ်နည်းခြယ်လယ် ဝိဂြိုဟ်သွယ် --- ၁၁၂
တန်ခိုးပြာဋိ သုံးမျိုးရှိ --- ၁၁၂
ပါဋိဟာရိယ ဝိဂြိုဟ် --- ၁၁၃
ယမိုက်တန်ခိုး ထိုသုံးမျိုး --- ၁၁၃
လောကီဝိဇ္ဇာ ပြစ်မှုရှာ --- ၁၁၄
အကျင့်မြတ် ပြီးဆုံးခန်း --- ၁၁၅
အနု အရင့် ထောက်ချင့်သင့် --- ၁၁၆
ပဓာနိယင်္ဂတရား ငါးပါး --- ၁၁၆
လိမ်လည်မှောက်မှား ကာမစည်းစိမ်များ --- ၁၁၇
လေးဆယ့်ငါးဝါ နှစ်တွင်းမှာ --- ၁၁၈
ဘုရားငါးဆူတို့၏ တပည့်စဉ်ဆက် --- ၁၂၀
ကမ္ဘာဘုံဆိုသောစကား --- ၁၂၂

၈။ ဗုဒ္ဓဂုဏ်တော်

ဗုဒ္ဓဝိဂြိုဟ်နှင့် အဓိပ္ပါယ် --- ၁၂၄
တစ်ဆယ့်လေးဉာဏ် ပြည့်စုံပြန် --- ၁၂၄
ပဋိသမ္ဘိဒါဉာဏ်လေးပါး --- ၁၂၅
အသာဓာရဏဉာဏ် ခြောက်ပါး --- ၁၂၇
ပဋိသမ္ဘိဒါမဂ်ပါဠိတော်လာ ဗုဒ္ဓဉာဏ်တစ်ဆယ့်လေးပါး--- ၁၂၇
အဓိဒေဝဉာဏဒဿနဉာဏ် ရှစ်ပါး --- ၁၃၁


မိခင်ရောဝတီ

www.dhammaransi.com


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | ဂုဏ်ပုဒ်နှစ်ပါး ထူးထွေပြား | --- | ၁၃၃ |
| | ၉။ ဘဂဝါဂုဏ်တော် | | |
| | ဘဂဝါပုဒ်၏ ဝိဂ္ဂဟစသည် | --- | ၁၃၃ |
| | တဒ္ဓိတ်ဝိဂြိုဟ် | --- | ၁၃၄ |
| | ဘုန်းတော်ခြောက်စုံ ပြခြင်းဂုဏ် | --- | ၁၃၄ |
| | တုဖက်ကင်းရှိး တန်ခိုးရှစ်ဖြာ ဣဿရိယာ | --- | ၁၃၆ |
| | ဓမ္မ ဘုန်းတော် | --- | ၁၄၁ |
| | ယသ ဘုန်းတော် | --- | ၁၄၁ |
| | မောဠိမာလာ ပန်းကုံးပမာ | --- | ၁၄၃ |
| | ဗောဓိမဏ္ဍိုင်၌ စံတော်မူစဉ် | | |
| | ဖြဟ္မာသိကြား နတ်နဂါးတို့၏ထုတိမင်္ဂလာ ငါးဂါထာ | --- | ၁၄၅ |
| | ဘုရားရွတ်ရုံ ပီတိလွှမ်းခြံဂါထာ | --- | ၁၅၀ |
| | သိရီဘုန်းတော် ကမ္ဘာကျော် | --- | ၁၅၀ |
| | သုံးဆယ့်နှစ်ပါး ယောကျ်ားမြတ်လက္ခဏာ | --- | ၁၅၀ |
| | ညီညွတ်ပြည့်ဖြိုး ဖဝါးမျိုးနှင့် | | |
| | အကြောင်းအကျိုးပြ အစိပ္ပါယ်မှာ | --- | ၁၅၃ |
| | စက်လက္ခဏာ ခြေတော်မှာ | | |
| | အကြောင်းအကျိုးပြအစိပ္ပါယ် | --- | ၁၅၄ |
| | ဖနှောင့်လက္ခဏာ တင့်တယ်စွာ | --- | ၁၅၅ |
| | ချေလက်ချောင်းဝယ် ရှုချင်ဖွယ် | --- | ၁၅၅ |
| | ဖြဟ္မာ့ကိုယ်သွင် ဖြောင့်မတ်လျှင် | --- | ၁၅၅ |
| | ခုနစ်ဌာနလက္ခဏာ ဖြိုးမောက်စွာ | --- | ၁၅၆ |
| | ဝါဂွမ်းဆိုင်ပမာ ခြေလက်ဖဝါးမှာ | --- | ၁၅၆ |
| | ဖျားချင်းဆစ်ချင်း ညီမျှလျင်း၏ | --- | ၁၅၆ |
| | အထက်စွင့်တက် ခြေဖမျက် | --- | ၁၅၇ |
| | အထက်သို့မော် မွေးညင်းတော် | --- | ၁၅၇ |
| | မြင်းခေါင်းစပါးဖုံး တူနှုံးပမာ | --- | ၁၅၇ |
| | ညစ်ကြေးမတင် နူးညံ့သောအရေပင် | --- | ၁၅၈ |

www.dhammaransi.com

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|


| | | |
|---|---|---|
| ရွှေအဆင်းနေ ဝါဝင်းပြေ | --- | ၁၅၈ |
| ဆဒ္ဒန်ဆင်မင်း နိမိတ်ခင်း | --- | ၁၅၈ |
| အလံနှင့်အရပ် ညီညွတ်စွ | --- | ၁၅၉ |
| ပုဆစ်ဒူးဝန်း သုံးသတ်လျှင်းက မကိုင်းရ | --- | ၁၅၉ |
| ခြင်္သေ့မင်းပမာ ကိုယ်ခန္ဓာ | --- | ၁၆၀ |
| ရေစီးကြောင်းမထင် ကျောသားပြင် | --- | ၁၆၀ |
| ရွှေမုရိုးစည်ပမာ တစ်ဖြိုးတည်းညီညာညာ | --- | ၁၆၀ |
| တစ်ကိုယ်လုံးပြန့်ပြီ အကြောဆီ | --- | ၁၆၁ |
| ပိတုံးရောင်အဆင်း မျက်နက်ဝန်း | --- | ၁၆၁ |
| နွားနီငယ်မျက်ကွင်း ပမာသွင်း | --- | ၁၆၁ |
| သင်းကျစ်လက္ခဏာ နဖူးပြင်မှာ | --- | ၁၆၂ |
| မွေးတစ်ပင်စီ စီရရီ | --- | ၁၆၂ |
| ငွေနန်းချည်ပုံ ဥဏ္ဏာလုံ | --- | ၁၆၂ |
| သွားတော်လေးဆယ် ပြည့်ဖြိုးကြွယ် | --- | ၁၆၃ |
| ပုလဲနှစ်ပမာ စွယ်တော်မှာ | --- | ၁၆၃ |
| နဖူးတစ်ပြင်လုံး လျှာတော်ဖုံး | --- | ၁၆၄ |
| မြတ်စွာဘုရား၏ အသံတော်ရှစ်ပါး | --- | ၁၆၄ |
| ခြင်္သေ့မင်း မေးပမာ တိဝန်းစွာ | --- | ၁၆၄ |
| စပယ်ငုံပမာ စီစဉ်ဖြာ | --- | ၁၆၄ |
| သောကြာကြယ်ပမာ စွယ်တော်မှာ | --- | ၁၆၅ |
| လက္ခဏာတော်ရှစ်ဆယ် အကျယ်ပြခန်း | --- | ၁၆၆ |
| ကိုယ်တော်ရောင် အမျိုးမျိုး | --- | ၁၇၃ |
| အဂ္ဂီရသပ္ပဘာရောင်ခြည်တော် | --- | ၁၇၃ |
| ဗျာမပ္ပဘာရောင်ခြည်တော် | --- | ၁၇၃ |
| အသီတိပ္ပဘာရောင်ခြည်တော် | --- | ၁၇၄ |
| အနန္တပ္ပဘာရောင်ခြည်တော် | --- | ၁၇၅ |
| ရောင်ခြည်ခြောက်ဌာန ကမ္ဘာလုံးဖြာ | --- | ၁၇၅ |
| နေမင်းအသွင် ပမာယှဉ် | --- | ၁၈၃ |


ဝိခင်ရောဝတီ

www.dhammaransi.com

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | ကေတုမာလာရောင်လျှံတော် | --- | ၁၈၄ |
| | ဥဏ္ဏာပဘာရောင်လျှံတော် | --- | ၁၈၄ |
| | ဒါဌာပဘာရောင်လျှံတော် | --- | ၁၈၅ |
| | တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ | --- | ၁၈၇ |
| | အရှင်မဟာရဋ္ဌသာရလင်္ကာ | --- | ၁၈၉ |
| | ဖူးလို့မဝနိုင် ကျက်သရေဆိုင် | --- | ၁၉၀ |
| | ကျက်သရေဘုန်းဂုဏ် ချီးကျူးမကုန် | --- | ၁၉၀ |
| | ရူပကာယ ဗာင့်တယ်ပုံ | --- | ၁၉၁ |
| | ဝက္ကလိဝတ္ထု သာဓကပြု | --- | ၁၉၂ |
| | ဆွမ်းခံလေးမျိုး ကြွချီရိုး | --- | ၁၉၂ |
| | ပဏ္ဍိတသအဋ္ဌကထာလာဘုရား၏- | | |
| | ကျက်သရေမင်္ဂလာဂါထာများ | --- | ၁၉၅ |
| | ဘုရား၏ရူပကာယ ဝက္ကလိဖူးလို့အားမရ | --- | ၁၉၈ |
| | ယသောဓရာ၏ နရသီဟဂါထာများ | --- | ၂၀၁ |
| | နရသီဟလင်္ကာကိုးပုဒ် | --- | ၂၀၆ |
| | ခုနစ်ဝါနက် သိရီဂုဏ်တော်ဆက် | --- | ၂၀၉ |
| | တန်ခိုးပြအဆုံး တာဝတိံသာကြွထုံး | --- | ၂၀၉ |
| | ဘုရားအဆင်း နတ်ဗြဟ္မာတို့ကို လွှမ်းမိုးခြင်း | --- | ၂၁၀ |
| | အရှင်သာရိပုတ္တရာ ခရီးဆီးကြိုကာ | --- | ၂၁၀ |
| | ဘုရားကျက်သရေပွဲ ချီးကျူးနွဲ | --- | ၂၁၁ |
| | မိထွေးတော်ဂေါတမီက ချီးကျူးသော- | | |
| | သားလှဗုဒ္ဓင် ဂုဏ်ထူးတင်သုံးဂါထာ | --- | ၂၁၃ |
| | ဝတ္ထုအမြွက် ပြဆိုချက် | --- | ၂၁၄ |
| | လေးမျိုးကျက်သရေ လွှန်ကဲလေ၏ | --- | ၂၁၅ |
| | ကာမဘုန်းတော် ဆက်ခန်းဖော် | --- | ၂၁၆ |
| | ပယတ္တဘုန်းတော် ဆက်ခန်းဖော် | --- | ၂၁၇ |
| | လုပ်ငန်းငါးဖြာ အကျဉ်းသာ | --- | ၂၁၈ |
| | နံနက်လုပ်ငန်း ကျယ်ပြခန်း | --- | ၂၁၉ |

www.dhammaransi.com

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|


ညနေလုပ်ငန်း ကျယ်ပြခန်း --- ၂၂၀
ဗုဒ္ဓစက္ခု ကြည့်ရှုမှု --- ၂၂၁
ညဉ့်ဦးလုပ်ငန်း ကျယ်ပြခန်း --- ၂၂၂
သန်းခေါင်လုပ်ငန်း ကျယ်ပြခန်း --- ၂၂၂
မိုးသောက်လုပ်ငန်း ကျယ်ပြခန်း --- ၂၂၃
ပယတ္တဘုန်းတော် ပြီးဆုံးဖော် --- ၂၂၃
အထွတ်ထုပိကာတင် ဘဂဝါဂုဏ်တော်ပင် --- ၂၂၅
ဘဂဝါဂုဏ်တော်ခြောက်နက် ဝေဖန်ချက် --- ၂၂၆
အကျိုးဆယ့်တစ် ရလစ်ဂုဏ်တော်ကိုး --- ၂၂၇
ဘုရားဂုဏ်တော်ကိုးပါး၏ နိဂုံးကမွတ်-
အဆုံးသတ်ပြခန်း --- ၂၂၈

တရား၏ကောင်းသောတရားများ

တရားတော်ဂုဏ် ခြောက်ပါးစုံ --- ၂၃၀

၁။ သွာက္ခာတဂုဏ်တော် ပြခန်းဖော်

သမာသ်ဝိဂ္ဂဟ လှစ်ဖော်ပြ --- ၂၃၁
ကောင်းစွာဟောအပ် အမေးစပ် --- ၂၃၁
သဒ္ဒမ္မနှစ်မျိုး ခွဲဝေပျိုးအံ့ --- ၂၃၆
လောကုတ္တရာ သာသနာ --- ၂၄၀
တက်တန်းဆုတ်တန်း အထူးလမ်း --- ၂၄၁
ဆုတ်ကပ်ကမ္ဘာ ရှင်ဂေါတမသာသနာ --- ၂၄၂
မေးချက်ဖြေချက် သိဖွယ်တွက် --- ၂၄၂
မိစ္ဆာဒိဋ္ဌိအယူမျိုးဆယ်ပါး --- ၂၄၃
ဥစ္ဆေဒနှင့် သဿတ အယူ --- ၂၄၄
အကိုးကွယ်မှား-အချည်းနှီးသွား --- ၂၄၅
အကိုးကွယ်မှား အလကား --- ၂၄၅
အနှစ်တစ်ထောင် ဒိဋ္ဌိတိုးတက်ဆောင် --- ၂၄၆

www.dhammaransi.com

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|


၂။ သန္ဒိဋ္ဌိကဂုဏ်တော်ပြခန်းဖေါ်

| | | |
|---|---|---|
| ပါဒိကမ္ဗဓာရယည်း နည်းယူနည်း | --- | ၂၄၇ |
| တစ်ဖန်တစ်ချက် တဒ္ဒိတ်ဆက် | --- | ၂၄၇ |
| အဇာတသတ္တု မေးလျှောက်ပြု | --- | ၂၄၈ |
| ကာမဂုဏ်အပြစ် စိစစ်ဥပမာများ | --- | ၂၄၉ |
| သီလမစင် ဘေးတွေ့မြင် | --- | ၂၅၉ |
| ဣန္ဒြေစောင့်စည်းလျှင် အယုတ်တရားမဝင် | --- | ၂၆၀ |
| လဝန်းနေဝန်း ပမာခင်းကာ ထင်ရှားစွာ | --- | ၂၆၁ |

၃။ အကာလိကဂုဏ်တော်ပြခန်းဖေါ်

| | | |
|---|---|---|
| တဒ္ဒိတ်ဝိဂ္ဂဟ ကာလိကဟုပြ | --- | ၂၆၂ |
| သမာသ်တွဲစပ် အကာလိက | --- | ၂၆၂ |
| အခါမလင့် အကျိုးထူး ချမ်းသာခွင့် | --- | ၂၆၂ |
| ယုတ်မာ မာရ်နတ် ဖျက်ဆီးလတ် | --- | ၂၆၃ |
| ရဟန်းပျိုနု နတ်သမီးချဉ်းကပ်ပြု<br>အရှင်သမိဒ္ဓိဝတ္ထု | --- | ၂၆၄ |
| အချိန်လွန်မခံ တရားအားထုတ်ရန် | --- | ၂၆၅ |
| ကာလိကအတွက် မေးဖြေချက် | --- | ၂၆၇ |
| အကာလိကအတွက် မေးဖြေချက် | --- | ၂၆၈ |
| ဗုဒ္ဓဘာသာတရား အကာလိကအရာထား | --- | ၂၆၉ |

၄။ ဧဟိပဿိကဂုဏ်တော် ပြခန်းဖေါ်

| | | |
|---|---|---|
| အာချာတ်ပုဒ်ရင်း တဒ္ဒိတ်သွင်း | --- | ၂၇၀ |
| ဗုဒ္ဓဘာသာတရားမှ ဧဟိပဿိက | --- | ၂၇၁ |
| တိုက်တွန်း နိုးဆော် စီမံခေါ် | --- | ၂၇၁ |
| သာဓကကိုးကာ တစ်ခန်းမှာ | --- | ၂၇၂ |
| ဧဟိ ပဿ ထူးပုံပြ | --- | ၂၇၅ |
| အခြားဘာသာတရား အပါယ်တွင်း မနက်လား | --- | ၂၇၆ |
| ယင္ဒိုကာရနှင့် ဇောတိပါလဝတ္ထု | --- | ၂၇၈ |

www.dhammaransi.com

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|

ဧဟိပဿိကဂုဏ်ကင်း မိစ္ဆာဒိဋ္ဌိတရားဖျင်း --- ၂၈၂

၅။ ဩပနယိကဂုဏ်တော် ပြခန်းဖော်

ကိတ်ဘော သာခနဝိဂ္ဂဟ --- ၂၈၂
ကိတ်ပုဒ်မှာပင် တဒ္ဓိတ်ပစ္စည်းဝင် --- ၂၈၃
မဇ္ဈိမပဏ္ဏာသပါဠိ ဒုတိယဝဂ်မြန်မာပြန် --- ၂၈၄
ကပ်၍ဆောင်ခြင်းသုံးမျိုး --- ၂၈၄
ရှင်တော် ဗုဒ္ဓ၏ မိမိ၌ကပ်ဆောင်ပုံ --- ၂၈၄
သူတစ်ပါးကိုလည်း ကပ်၍ဆောင်ပုံ --- ၂၈၅
နှစ်ဦးထံရပ် ကပ်၍ဆောင်ပုံ --- ၂၈၆
မဟာထေရ်ချင်း တရားကပ်၍ဆောင်ပုံပြခြင်း --- ၂၈၆
လူများလဲ ကပ်၍ဆောင်ပုံ --- ၂၈၇
စိတ္တသူကြွယ် တရားကပ်ဆောင်ပုံ --- ၂၈၈
နန္ဒမာတာ တရားထူးကပ်ဆောင်ပုံ --- ၂၈၈
ဩပနယိကဂုဏ် အဓိပ္ပါယ်အကျဉ်းချုပ်ပြပုံ --- ၂၉၀

၆။ ပစ္စတ္တံဝေဒိတဗ္ဗောဝိညူဟိဂုဏ်တော် ပြခန်းဖေါ်

ဝိညူ, ပဏ္ဍိတ အထူးပြ --- ၂၉၁
မေး,ဖြေနှစ်ပါး ဆက်လက်ငြား --- ၂၉၂
ဇာတိဉာဏ်, ပဝတ္တိဉာဏ်ဥပမာ --- ၂၉၂
မဟာဝိတက္ကသုတ်နှင့်အဓိပ္ပါယ် --- ၂၉၃
ပဏ္ဍိတဓမ္မာ ဆက်ပြရာ --- ၂၉၆
တရားအရသာခံပုံ --- ၂၉၇
ကရဏပါလိ, ပိင်္ဂိယာနိနှစ်ဦး --- ၂၉၇
ကိုယ်တိုင်လက်တွေ့ချက် --- ၂၉၈

(အရှင်ပဝိဋ္ဌနှင့်အရှင်မုသိလ)

သဒ္ဓါ, ရုစိ စသည်ငါးပါးအထူး --- ၃၀၀

သာဝကသမ္ဗုဒ္ဓိသံယဂုဏ်တော်ပြခန်းဖေါ်

ကစ္စာသာခန ဖြေချက်ပြ --- ၃၀၁

www.dhammaransi.com

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|


| | | |
|---|---|---|
| ပရိယတ္တိအင်္ဂါ ကိုးပါး | --- | ၃၀၂ |
| မေး,ဖြေနှစ်သွယ် စစ်ပြဖွယ် | --- | ၃၀၃ |
| ပုဂ္ဂိုလ်လေးမျိုး အထူး | --- | ၃၀၃ |
| ဗဟုဿုတ, သုတရေပုဂ္ဂိုလ် | --- | ၃၀၆ |
| သမာသ်တွဲစပ် အဓိပ္ပါယ်ရ | --- | ၃၀၇ |

၁။ သုပ္ပဋိပန္နစသောဂုဏ်တော်လေးပါး

| | | |
|---|---|---|
| သုပ္ပဋိပန္န ဝိဂ္ဂဟစသည် | --- | ၃၀၈ |
| ရဟန်း ရှင်လူ သုပ္ပဋိပ္ပန္နတူ | --- | ၃၀၉ |
| လူရှင် ရဟန်း အကျင့်တူမျှပုံသာဓက | --- | ၃၁၀ |
| ကုဋ္ဌေကိုးထောင်ကျော် ရဟန်းတို့၏သိက္ခာပုဒ်တော် | --- | ၃၁၁ |
| ရဟန်းတော်အရှင်မြတ် လယ်တာမြေကောင်းမှတ် | --- | ၃၁၁ |
| ဗောဓိပက္ခိယတရားအလင်း | --- | ၃၁၂ |
| လောကီဘာဝနာ၏ အကျိုး | --- | ၃၁၃ |
| ပဋိပတ်အကျင့်စခန်း အဘိညာဏ်ရလမ်း | --- | ၃၁၃ |
| လောကုတ္တရာ ပဋိပဒါဘာဝနာ | --- | ၃၁၅ |
| အမြဲမရှိပွါးအပ် ဘဝကင်းပြတ် | --- | ၃၁၆ |
| လောကုတ္တရာပဋိပဒါဘာဝနာ၏အကျိုး ဖိုလ်လေးမျိုး | --- | ၃၁၈ |
| သောတာပန်သုံးမျိုး | --- | ၃၁၉ |
| တဒ္ဓိတ်ပုဒ်အရ သမာသ်ပုဒ်တွဲ၍ပြ | --- | ၃၁၉ |
| မြေကြီးပမာဏ ဝဋ္ဋဒုက္ခကုန်ခန်းပုံပြ | --- | ၃၂၀ |
| ပြဟ္မာပုထုဇ္ဇန်နှင့် အပါယ်ဘေးရန် | --- | ၃၂၀ |
| ပုထုဇ္ဇန်ရဟန်းတို့ သုပ္ပဋိပန္န မည် မမည် | --- | ၃၂၂ |
| ပုထုဇ္ဇန်နှစ်သွယ် အာဟုနေယျဂုဏ်ထိုက်ဖွယ် | --- | ၃၂၃ |

အာဟုနေယျစသောဂုဏ်တော်ငါးပါး

| | | |
|---|---|---|
| အာဟုနေယျ တဒ္ဓိတ်ဝိဂ္ဂဟစသည် | --- | ၃၂၄ |
| တစ်ကြိမ်ရှိခိုးက ကောင်းကျိုးအသချေ် | --- | ၃၂၆ |
| အကျင့်ပဋိပတ်ပြည့်စုံ လယ်တာမြေကောင်းနှင့်တူပုံ | --- | ၃၂၇ |

www.dhammaransi.com


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | ကျတ်တီးကုန်းခေါင် သုသီယောင် | --- | ၃၂၇ |
| | သီလဂုဏ်ရောင် အကျိုးဆောင် | --- | ၃၂၈ |
| | အသီးအနှံနှောင့်ယှက် လယ်ရှိပေါင်းမြက် | --- | ၃၂၈ |
| | သီလဝန္တဒါန ဘုရားချီးမွမ်းရ | --- | ၃၂၉ |
| | အာဟုနေယျသုတ် မြန်မာပြန် | --- | ၃၂၉ |
| | ရဟန်းလေးမျိုး အာဟုနေယျဂုဏ်ထိုက်ရိုး | --- | ၃၃၀ |
| | အာဟုနေယျပုဂ္ဂိုလ်များ ခုနစ်ပါး,နှစ်လီပြား | --- | ၃၃၁ |
| | ပုဂ္ဂိုလ်ဆယ့်လေးမျိုး အကျယ်ပျိုး | --- | ၃၃၂ |
| | ရုပ်,နာမ်နှစ်ချက် လွတ်မြောက်ထွက် | --- | ၃၃၃ |
| | သမာပတ်အချို့ကင်း ဝိပဿနာရဟန္တာဖြစ်ခြင်း | --- | ၃၃၃ |
| | သဒ္ဓါနှင့်ပညာ သတ္တိထူးခြား ဥပမာကား | --- | ၃၃၅ |
| | အန္တရာပရိနိဗ္ဗာယီ စသောပုဂ္ဂိုလ်ငါးပါး | --- | ၃၃၇ |
| | လူ,နတ်,ပြဟ္မာ သာဝကသုံးဖြာ | --- | ၃၃၇ |
| | မဟာနာမ်နှင့် မြတ်စွာဘုရား မေး,ဖြေ | --- | ၃၃၈ |
| | သဒ္ဓါနှစ်မျိုးတို့၏ ထူးခြားပုံ | --- | ၃၄၁ |
| | အစွန်းသုံးပါးနှင့်ပြည့်စုံ ကိုယ်ချင်းစာ တရားဖြစ်ပုံ | --- | ၃၄၁ |
| | နတ်တို့ဌာနီ ဒေသစာရီ ကြွမြန်းချီ | --- | ၃၄၇ |
| | သောတာပန်အင်္ဂါလေးပါးပြည့်စုံ အပါယ်ဘေးလွတ်ပုံ | --- | ၃၄၉ |
| | သောတာပန်အင်္ဂါကင်းငြား အပါယ်ဘုံပြန်သွား | --- | ၃၄၉ |
| | သောတာပန်အင်္ဂါပြည့်ငြား စကြဝတေးမင်းနှင့် မကွာလား | --- | ၃၅၀ |
| | သောတာပန်ဖြစ်ရကျိုး သာမကေကိုး | --- | ၃၅၀ |
| | ကုသိုလ်အဟုန် ကောင်းမှုလေးမျိုး | --- | ၃၅၀ |
| | သမုဒ္ဒရာရေပမာ ကောင်းမှုဂုဏ်အကျိုးဖြာ | --- | ၃၅၁ |
| | နတ်ပြည်စခန်း အရှင်မောဂ္ဂလာန်ကြွမြန်း | --- | ၃၅၁ |
| | အကြောင်းဆယ်ပါး လွမ်းမိုးပုံ | --- | ၃၅၂ |
| | အကနိဋ္ဌဘုံ မြတ်စွာဘုရားကြွမြန်းပုံ | --- | |
| | ပရိယတ် ပဋိပတ်ကိုကျင့်ဆောင် သာဝကဂုဏ်ရောင် | --- | ၃၅၄ |
| | အဘယ်အကျိုးလေးပါးတို့နည်း | --- | ၃၅၅ |

www.dhammaransi.com

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | နိဒါနဝဂ္ဂသံယုတ် အာဟာရဝဂ်ပါဠိမြန်မာပြန် | --- | ၃၅၇ |
| | တရားအများမလို တစ်ပါးပါးသာကျင့်ကြစို့ | --- | ၃၅၉ |
| | လမ်းနှစ်ခုစဉ် ပုဂ္ဂိုလ်နှစ်မျိုးကျင့်လျှင် | --- | ၃၆၀ |
| | ခေတ်အလိုက် တိုက်တွန်းချက် | --- | ၃၆၁ |
| | ဝိပဿနာလမ်းသက်သက် မဂ်ဖိုလ်ရချက် | --- | ၃၆၁ |
| | ဘုရားတရားသံဃာမှန် ကိုးကွယ်ရာ၌အကျိုး | --- | ၃၆၂ |
| | နိဂုံးဂါထာ | --- | ၃၆၄ |

--------*---------

## ဥတ္တမပုရိသဒီပနီ

| | | |
|---|---|---|
| နိဒါန်း | --- | ၃၆၇ |
| ဆရာတော်ဘုရားကြီး၏ အမှာတော် | --- | ၃၆၉ |
| ပဋိညာဉ် | --- | ၃၇၂ |
| **ပဌမခန်း** | | |
| ပါရမီသရုပ်ကိုပြခြင်း | --- | ၃၇၂ |
| ပါရမီသဘောလက္ခဏာကိုပြခြင်း | --- | ၃၇၃ |
| နိဿိတ အနိဿိတ ခွဲနည်းကိုပြခြင်း | --- | ၃၇၇ |
| ဟီန မဇ္ဈိမ ပဏီတ သုံးပါးခွဲနည်းကိုပြခြင်း | --- | ၃၈၀ |
| ပါရမီ အဓိပ္ပါယ် ခွဲနည်း | --- | ၃၈၂ |
| ပါရမီ သုံးမျိုးပြ | --- | ၃၈၉ |
| သာဝကဗောဓိ သုံးပါးကိုပြဆိုခြင်း | --- | ၃၉၀ |
| မဟာဘိနီဟာရ ပြည့်စုံနိုင်ကြောင်း အင်္ဂါရှစ်ပါးနှင့် ပစ္စယဟေတုတို့ကိုပြဆိုခြင်း | --- | ၃၉၂ |
| အဇ္ဈာသယဓာတ် ၆-ပါးကိုပြဆိုခြင်း | --- | ၃၉၇ |
| သာဝကဗောဓိလောင်း ပစ္စေကဗောဓိလောင်းတို့နှင့် မဆက်ဆံသော သဗ္ဗညုဗောဓိလောင်းတို့၏ တံခွန်ကြီးလေးပါး | --- | ၄၀၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |

## ဒုတိယခန်း


ရူပက္ခန္ဓာ၌ဉာဏ်အချက် ၇-ပါးပါ၌ အနက်ကိုပြဆိုခြင်း ၄၀၆
ရူပက္ခန္ဓာ၌ ပဌမကောသလ္လဋ္ဌာနကို ပြဆိုခြင်း --- ၄၁၀
ဒုတိယ တတိယကောသလ္လဋ္ဌာနကို ပြဆိုခြင်း --- ၄၁၃
စတုတ္ထ ကောသလ္လဋ္ဌာနကို ပြဆိုခြင်း --- ၄၁၇
ပဥ္စမ ကောသလ္လဋ္ဌာနကို ပြဆိုခြင်း --- ၄၂၀
ဆဋ္ဌ ကောသလ္လဋ္ဌာနကို ပြဆိုခြင်း --- ၄၂၂
သတ္တမ ကောသလ္လဋ္ဌာနကို ပြဆိုခြင်း --- ၄၂၅
ဝေဒနာက္ခန္ဓာ၌ ကောသလ္လဋ္ဌာန ၇-ပါးကို ပြဆိုခြင်း-- ၄၂၆
သညာက္ခန္ဓာ၌ ပထမ ကောသလ္လဋ္ဌာနကို ပြဆိုခြင်း--- ၄၃၀
သင်္ခါရက္ခန္ဓာ၌ ပထမ ကောသလ္လဋ္ဌာနကို ပြဆိုခြင်း--- ၄၃၂
ဝိညာဏက္ခန္ဓာ၌ ပထမ ကောသလ္လဋ္ဌာနကို ပြဆိုခြင်း--- ၄၃၇
နာမက္ခန္ဓာ လေးပါးတို့၏ပစ္စယနဖြစ်သော သမုဒယ နိရောဓဟူသော
ဒုတိယ တတိယ ကောသလ္လဋ္ဌာနကို ပြဆိုခြင်း --- ၄၄၁
ပဥ္စဝိညာဏစိတ်တို့၏ သမုဒယ နိရောဓဟူသော
ဒုတိယ တတိယ ကောသလ္လဋ္ဌာနကို ပြဆိုခြင်း --- ၄၄၄
မနောဝိညာဏစိတ်၏ သမုဒယ နိရောဓဟူသော
ဒုတိယ တတိယ ကောသလ္လဋ္ဌာနကို ပြဆိုခြင်း --- ၄၄၇
ဝေဒနာ သညာ သင်္ခါရတို့၏ သမုဒယ နိရောဓဟူသော
ဒုတိယ တတိယ ကောသလ္လဋ္ဌာနကို ပြဆိုခြင်း --- ၄၅၅
နာမ်ခန္ဓာလေးပါးတို့၏ အဿာဒ အာဒီနဝဟူသော
ပဥ္စမ ဆဋ္ဌ ကောသလ္လဋ္ဌာနကို ပြဆိုခြင်း --- ၄၅၆
ခန္ဓာငါးပါး၌ အနိစ္စဘေး ကြီးကျယ်ပုံနှင့်တကွ
သစ္စာဖွဲ့ကိုပြဆိုခြင်း --- ၄၇၀


## တတိယခန်း


နိဗ္ဗာန်၏ နိဿရဏစာတ်သဘောကို ထုတ်ဖော်ပြဆိုခြင်း ၄၇၁
နိဿရဏစာတ်၏ ချမ်းသာအစစ်ကိုပြဆိုခြင်း --- ၄၇၃

www.dhammaransi.com


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **စတုတ္ထခန်း** | | |
| | ပုထုဇန် နှစ်မျိုးကို ပြဆိုခြင်း | --- | ၄၇၆ |
| | အန္ဓပုထုဇန် လက္ခဏာကို ပြဆိုခြင်း | --- | ၄၇၇ |
| | ကလျာဏ ပုထုဇန်အစစ်ကိုပြဆိုခြင်း | --- | ၄၇၇ |
| | **ပဉ္စမခန်း** | | |
| | ကုသိုလ်ပြုရာ၌ သစ္စာဖွဲ့၍ လက္ခဏာရေးတင် သိက္ခာ ၃-ပါး ပါရမီ ဆယ်ပါးသွင်းနည်းနှင့် ပဋိစ္စသမုပ္ပါဒ်ဖွဲ့နည်းကိုပြဆိုခြင်း | --- | ၄၈၀ |
| | **ဆဋ္ဌမခန်း** | | |
| | မြတ်စွာဘုရား မာရ်ငါးပါးအောင်ပုံနှင့်တကွ ဘုရားမဖြစ်မီ ခန္ဓာအစဉ်နှင့် ဘုရားဖြစ်ပြီးခန္ဓာအစဉ် ထူးခြားပုံကိုပြဆိုခြင်း | --- | ၄၈၄ |
| | **သတ္တမခန်း** | | |
| | သရဏဂုံ၌ အထူးအပြားကိုပြဆိုခြင်း | --- | ၄၉၅ |
| | **အဋ္ဌမခန်း** | | |
| | ဗုဒ္ဓဘာသာဝင်အစစ်နှင့် ငါးလေးမျိုးပြားပုံကို ပြဆိုခြင်း | | ၄၉၉ |
| | **နဝမခန်း** | | |
| | ဘာသာတစ်ပါး မလှုပ်ချောက်ချားနိုင်အောင် ဗုဒ္ဓဘာသာဝင်တို့ သိအပ်သောသစ္စာလေးပါးကို ပြဆိုခြင်း | --- | ၅၀၂ |
| | ဘာသာတစ်ပါး မလှုပ်ချောက်ချားနိုင်အောင် သိအပ်သော ပဋိစ္စသမုပ္ပါဒ်တရားကို ပြဆိုခြင်း | --- | ၅၀၃ |
| | သစ္စာလေးပါး အလင်းပေါက်ပုံ | --- | ၅၀၅ |
| | ပဋိစ္စသမုပ္ပါဒ်၌ ခဲရာခဲဆစ် | --- | ၅၀၉ |
| | ပဋိစ္စသမုပ္ပါဒ် ဒေသနာနည်းနှင့် စတုသစ္စဝေဒနာနည်းအားဖြင့် သစ္စာလေးပါး၏ အဓိပ္ပါယ် | --- | ၅၂၉ |
| | ဒုလ္လဘ ဩဝါဒတော် | --- | ၅၃၉ |

www.dhammaransi.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## အနတ္တဒီပနီကျမ်းသစ်


သစ္စာနှစ်ပါး ခွဲပြခန်း --- ၅၅၁
　သမုတိနှင့်သစ္စာခွဲသိပါ --- ၅၅၄
　မဖြစ်မုသား သစ္စာတရား --- ၅၅၅
　သဿတ ဥစ္ဆေ နှစ်ထွေဒိဋ္ဌိ --- ၅၆၁
သမ္မာဒိဋ္ဌိဉာဏ် --- ၅၆၅
　ကံအကြောင်းတရား --- ၅၆၈
　စိတ်အကြောင်းတရား --- ၅၇၁
　ဥတုအကြောင်းတရား --- ၅၇၁
　အာဟာရအကြောင်းတရား --- ၅၇၃
ရုပ်ဓာတ်ငါးပါး --- ၅၇၃
နာမ်ဓာတ်လေးပါး --- ၅၇၅
ဇာတိ ဇရာ မရဏသုံးပါး --- ၅၇၈
လက္ခဏာရေးသုံးပါး --- ၅၈၆
ဒုက္ခအချက်ကြီးကို ပြဆိုခန်း --- ၅၉၁
တဏှာ,မာန,ဒိဋ္ဌိ စွဲလမ်းမှု --- ၅၉၃
အနတ္တဉာဏ် ပေါက်ရောက်ချက်၏အကျိုးကြီးပုံ --- ၅၉၅
ဗုဒ္ဓဘာသာနိဗ္ဗာန်ကိုပြဆိုခန်း --- ၅၉၉
နိဗ္ဗာန် သုံးမျိုး --- ၆၀၀
　ပထမနိဗ္ဗာန် --- ၆၀၁
　ဒုတိယနိဗ္ဗာန် --- ၆၀၃
　တတိယနိဗ္ဗာန် --- ၆၀၄
ပထမ နိဗ္ဗာန်ရရန်အရေးကြီးပုံ --- ၆၀၅
ပညာရှိများ စဉ်စားရန် --- ၆၀၅
နိဂမ ကထာ --- ၆၀၆


---------*----------

www.dhammaransi.com

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|

## ပုဏ္ဏောဝါဒကမ္မဋ္ဌာန်း


| | | | |
|---|---|---|---|
| | မြေခေတ်အကျယ် | --- | ၆၀၈ |
| | မီးခေတ် အကျယ် | --- | ၆၁၁ |
| | လေခေတ် အကျယ် | --- | ၆၁၂ |
| | အကြည်ခြောက်မျိုး အကျယ် | --- | ၆၁၃ |
| | မျက်စိ စသည်၌စိတ်ဖြစ်ပုံ | --- | ၆၁၅ |
| | ခေတ်မီး ရှစ်မျိုး | --- | ၆၁၇ |
| | ခေတ်ဆီ ငါးမျိုး | --- | ၆၁၈ |
| | ခေတ်ဘီလူးအုပ်စိုးချက် | --- | ၆၁၉ |
| | အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရှုလိုသော် | --- | ၆၂၅ |
| | အာဟာရကို အစွဲပြု ရှုရန် | --- | ၆၂၇ |
| | ဒုက္ခရှုနည်း | --- | ၆၂၉ |
| | အနတ္တရှုနည်း | --- | ၆၃၀ |


---------*---------

## ဒါနာဒိ ဒီပနီကျမ်း

### ၁။ ဒါနခန်း


| | | | |
|---|---|---|---|
| | နိဒါန်း | --- | ၆၃၅ |
| ၁။ | နှစ်ပါးစု မာတိကာ | --- | ၆၃၇ |
| ၂။ | သုံးပါးစု မာတိကာ | --- | ၆၃၉ |
| ၃။ | လေးပါးစု မာတိကာ | --- | ၆၄၀ |
| ၄။ | ငါးပါးစု ာတိကာ | --- | ၆၄၁ |
| ၅။ | ခြောက်ပါးစု မာတိကာ | --- | ၆၄၁ |
| ၆။ | ခုနစ်ပါးစု မာတိကာ | --- | ၆၄၂ |
| ၇။ | ရှစ်ပါးစု မာတိကာ | --- | ၆၄၃ |
| ၈။ | ကိုးပါးစု မာတိကာ | --- | ၆၄၃ |
| ၉။ | ဆယ်ပါးစု မာတိကာ | --- | ၆၄၄ |

www.dhammaransi.com

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၀။ | ဆယ့်လေးပါးစု မာတိကာ | --- | ၆၄၅ |
| ၂။ | ဒါနခန်း အဓိပ္ပါယ် | | |
| | ကံနှင့်တူစွာ အကျိုးပေးပုံ | --- | ၆၄၆ |
| ၁။ | နှစ်ပါးစု အဓိပ္ပါယ် | --- | ၆၄၈ |
| ၂။ | သုံးပါးစု အဓိပ္ပါယ် | --- | ၆၅၂ |
| ၃။ | လေးပါးစု အဓိပ္ပါယ် | --- | ၆၅၅ |
| ၄။ | ငါးပါးစု အဓိပ္ပါယ် | --- | ၆၅၅ |
| ၅။ | ခြောက်ပါးစု အဓိပ္ပါယ် | --- | ၆၅၆ |
| ၆။ | ခုနစ်ပါးစု အဓိပ္ပါယ် | --- | ၆၅၇ |
| ၇။ | ရှစ်ပါးစု အဓိပ္ပါယ် | --- | ၆၅၇ |
| ၈။ | ကိုးပါးစု အဓိပ္ပါယ် | --- | ၆၅၇ |
| ၉။ | ဆယ်ပါးစု အဓိပ္ပါယ် | --- | ၆၅၉ |
| ၁၀။ | ဆယ့်လေးပါးစု အဓိပ္ပါယ် | --- | ၆၆၁ |
| ၃။ | သီလခန်း | | |
| | သီလအဆင့်အတန်း ခြားနားပုံ | --- | ၆၆၃ |
| | သီလ၏ကျိုး,ပေါက်,ကြောင်း,ကွက်ပုံ | --- | ၆၆၅ |
| ၁။ | နှစ်ပါးစု မာတိကာ | --- | ၆၆၆ |
| ၂။ | သုံးပါးစု မာတိကာ | --- | ၆၆၇ |
| ၃။ | လေးပါးစု မာတိကာ | --- | ၆၆၇ |
| ၄။ | ငါးပါးစု မာတိကာ | --- | ၆၆၇ |
| ၅။ | ရှစ်ပါးစု မာတိကာ | --- | ၆၆၈ |
| ၆။ | ကိုးပါးစု မာတိကာ | --- | ၆၆၉ |
| ၇။ | ဒုစရိုက် လေးဆယ် | --- | ၆၆၉ |
| ၄။ | ဒါန သီလ အဓိပ္ပါယ်အကျယ် | | |
| ၁။ | ဓမ္မဝိနယကျမ်းစာ မှား, မှန်စိစစ်ချက် | --- | ၆၇၀ |
| ၂။ | နတ် ကိုးကွယ်သင့်ကြောင်း | --- | ၆၇၀ |
| ၃။ | နတ် ကိုးကွယ်ရကျိုး | --- | ၆၇၂ |

www.dhammaransi.com


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၄။ | နတ် မကိုးကွယ်ပြစ် | --- | ၆၇၃ |
| | **အာဝေဏိက ဂုဏ်တော် ပါဠိ** | | |
| | အနန္တရာယိကဋ္ဌာန ၄- ပါး | --- | ၆၈၆ |
| | အတီတဉာဏာဒိ ဋ္ဌာရသက | --- | ၆၈၆ |
| | **အာဝေဏိကဂုဏ်တော် အနက်** | | |
| | အနန္တရာယိကဋ္ဌာန ၄-ပါး အနက် | --- | ၆၈၇ |
| | အတီတာဉာဏာဒိဋ္ဌာရသက အနက် | --- | ၆၈၉ |
| | ပန်းကပ်လှူ ပူဇော်ရန် | --- | ၆၉၄ |
| | ရေချမ်း ကပ်လှူပူဇော်ရန် | --- | ၆၉၅ |
| | ဆီမီး ကပ်လှူပူဇော်ရန် | --- | ၆၉၆ |


--------*---------

## သာသနာ့ဒါယဇ္ဇဒီပနီကျမ်း


| | | |
|---|---|---|
| **နိဒါနကထာ** | --- | ၆၉၈ |
| အကြောင်းကင်းလစ် ကျိုးမဖြစ် | --- | ၆၉၈ |
| အကြောင်းကံမမွှနှင့် သတ္တလောက | --- | ၆၉၈ |
| ဤကျမ်းဖြစ်လာ ကြောင်းခြင်းရာ | --- | ၆၉၈ |
| အပြုံးပန်းတို့ တင့်ဆန်းဝေဝေ မြို့စစ်တွေ | --- | ၆၉၉ |
| အံ့ချီးမကုန် ကြို့ဆိုပုံ | --- | ၇၀၀ |
| ပြောမယုံ ကြုံမှသိ | --- | ၇၀၀ |
| နတ်နန်းပုံသို့ စစ်တွေမြို့ | --- | ၇၀၁ |
| အမြိုက်ရည်မိုး သွန်းဖြိုးရွာချ | --- | ၇၀၁ |
| ဒေသနာအဆီ ပန်းဝတ်ရည်များ | --- | ၇၀၂ |
| ဥတေနစောင်းသံ ကြားရသည့် တောဆင်များသဖွယ် | | ၇၀၂ |
| ဆွမ်းလောင်းလှူပွဲ ပြုဆင်နွှဲ | --- | ၇၀၃ |
| မကြုံစဖူး ထူးခြားသည့် မြို့စစ်တွေ | --- | ၇၀၃ |
| ပြန်ကြွသော်လဲ ပူဇော်နွှဲ | --- | ၇၀၃ |
| ပလလည်း ဆင်းမင်း မယွင်းပုံတူ ကျန်ရစ်သူ | --- | ၇၀၄ |

www.dhammaransi.com

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|


စစ်တွေမြို့မှ အဘိယာစက --- ၇၀၄
တစ်တောမှာ စာတစ်စောင်-တစ်တောင်မှာ စာတစ်ကျမ်း ၇၀၅
ဝါသနာတူဘိ ဆရာတပည့် --- ၇၀၆
ကျေးရွာရှင် လယ်တီဆရာတော်ဘုရားကြီး၏
ဘုန်းတော်ဘွဲ့ တေးထပ် --- ၇၀၆
ခိုအောင်းမြေအောက် ကျောက်မြက်ရတနာ --- ၇၀၇

သာသနဒါယဇ္ဇဒီပနီ
အရှင်မဟာမောဂ္ဂလိပုတ္တတိဿ၏
သာသနဒါယဇ္ဇ အမွေခံတရား --- ၇၀၈
အရောဂျ ပရမာ လာဘာ --- ၇၀၉
သန္တုဋ္ဌိ ပရမံ ဓနံ --- ၇၁၀
ဝိဿာသ ပရမာ ဉာတိ --- ၇၁၁
နိဗ္ဗာနံ ပရမံ သုခံ --- ၇၁၁
သာသနဒါယဇ္ဇ ကျိုးဖလ --- ၇၁၄
အမွေခံကောင်း, အမွေခံဆိုး --- ၇၁၄
သူတစ်ပါးသားပင် ရှင်ပြုလျှင်လည်း --- ၇၁၄

ရဟန်းတို့၏ ပစ္စည်းလေးပါး အမွေခံတရား
ပရိဘောဂ လေးပါး --- ၇၁၅
ဒါယဇ္ဇ ပရိဘောဂ --- ၇၁၆
ခန္ဓာဝန်အတွက် တောမှထွက် --- ၇၁၇
ကျော့ကွင်းမိရာ ထိုအခါ --- ၇၁၇
သက်နိုးအတွက်ဝယ် ရောင့်ရဲလွယ် --- ၇၁၈
စက်မျိုးအဖုံဖုံ မိရပုံ --- ၇၁၈
စက်ကျော့ကွင်းမှ လွတ်ကင်းပုံ --- ၇၁၉
ပစ္စဝေက္ခဏာ ဉာဏ်ပညာ --- ၇၁၉
ဆွမ်းနှင့်ကျောင်းလည်း ထိုနည်းတူစွာ --- ၇၂၀
ဒါယဇ္ဇပရိဘောဂ --- ၇၂၀

www.dhammaransi.com


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | သာမိပရိဘောဂ | --- | ၃၂၀ |
| | **ဓမ္မဒါယာဒ သုတ္တန်ဒေသနာ** | | |
| | ဆိုး, ယုတ်, ကောင်း, မြတ် အမွေနှစ်ရပ် | --- | ၃၂၁ |
| | ဓမ္မဒါယာဒ အဓိပ္ပါယ်အကျယ် | --- | ၃၂၃ |
| | ဘုရားရှင်လက်ထက် အမွေဆက်ခံပုံ | --- | ၃၂၄ |
| | မင်းတုန်းမင်းလက်ထက် အမွေဆက်ခံပုံ | --- | ၃၂၅ |
| | ဗုဒ္ဓရှိစဉ် ပုထုဇဉ်တို့၏ အခြေအနေ | --- | ၃၂၅ |
| | ယခုကာလ ဓမ္မအမွေခံ | --- | ၃၂၆ |
| | အမွေနှစ်မျိုး | --- | ၃၂၆ |
| | အမွေခံပုံ နည်းမျိုးစုံ | --- | ၃၂၇ |
| | အနိယာမ, နိယာမ ဓမ္မအမွေ နှစ်မျိုး | --- | ၃၃၀ |
| | နိယာမ ဓမ္မအမွေ ဖြစ်ကြစေလို | --- | ၃၃၀ |
| | အဋ္ဌကထာမိန့်ဟ ဓမ္မအမွေ | --- | ၃၃၁ |
| | နိဂုံးစကား | --- | ၃၃၁ |


---------*----------

## ပဓာနသုတ် ပါဠိ နိဿယ


| | | |
|---|---|---|
| ပဓာနသုတ် ပါဠိတော် | --- | ၃၃၂ |
| ပဓာနသုတ် နိဿယ | --- | ၃၃၄ |

www.dhammaransi.com



# နိဒါန်း

ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံ၍ ဘဂဝါဂုဏ်ဖြင့် ထင်ရှားကျော်စောတော်မူသော မြတ်စွာဘုရား၏ သာသနာတော်အတွင်း မှီတင်းနေထိုင်ကြကုန်သော ဗုဒ္ဓဘာသာဝင် လူရှင်အပေါင်းတို့သည် မိမိတို့ ကိုးကွယ်ရာ သာသနာတော်မြတ်ကြီး၏ အထွတ်အထိပ်သို့တိုင်အောင် မြင့်မြတ်ကြီးကျယ်စွာနှင့် သာသနာမှန် သာသနာကောင်းအဖြစ်ကို စင်စစ်သိသင့်သိထိုက်ကြပေသည်၊ ယဉ်ကျေးခြင်းသို့ရောက်သော လူမျိုးတိုင်းမှာပင် မိမိတို့ကိုးကွယ်ရာ သာသနာသို့ ဆည်းကပ်လေ့ရှိကြကုန်၏။

ထိုသို့ ဆည်းကပ်ကိုးကွယ်ရာ သာသနာပေါင်းများစွာ ရှိနေကြကုန်သော်လည်း လူမျိုးတိုင်းတို့၏ စိတ်သဘောမှာ မိမိတို့ကိုးကွယ်ရာ သာသနာသာလျှင် အမွန်မြတ်ဆုံးဟူ၍ ထင်မြင်ယုံကြည်မြဲ ဖြစ်ကြလေသည်၊ သို့ရာတွင် အဟုတ်အမှန်ကိုသိသော ယထာဘူတဉာဏ်ဖြင့် ဆင်ခြင်စဉ်းစားနိုင်သော ပညာရှိပုဂ္ဂိုလ်တို့မှသာလျှင် သာသနာမှန် သာသနာကောင်း၏အဖြစ်ကို စင်စစ်သိရှိနိုင်လေသည်။

ဤသာသနသမ္ဘတ္တိ ဒိပနီကျမ်း၌ ရေးသားဖေါ်ပြအပ်သော အချက်တို့သည်ကား ဗုဒ္ဓဘာသာ၌ ဘုရား၏ကောင်းသော ဘုရားမှန်ဖြစ်ကြောင်း, တရား၏ကောင်းသော တရားမှန်ဖြစ်ကြောင်း, သံဃာတော်၏ ကောင်းသောသံဃာမှန်ဖြစ်ကြောင်းကို ပါဠိတော်အထောက်အထားတို့နှင့်တကွ ထင်ရှားကောင်းမွန်စွာ ရေးသားအပ်သော ကျမ်းဖြစ်လေသည်၊ ထိုကျမ်းကို အဂ္ဂမဟာပဏ္ဍိတဘွဲ့ခံ ကျေးလူရှင် လယ်တီဆရာတော်ဘုရားကြီးသည် နိုင်ငံခြားသာသနာပြုရေးနှင့်စပ်၍ ဥရောပတိုက်သား ပါဠိဆရာကြီးများမှစ၍ နိုင်ငံခြားသားတို့ပင်သော်လည်း ဗုဒ္ဓဘာသာ သာသနာတော်မြတ်၏ အမှန်ကောင်းမြတ်သော သာသနာ ဖြစ်ကြောင်းကို သိရှိကြစေရန် ပါဠိဘာသာအားဖြင့် ရေးသားတော်မူအပ်လေသည်။

ထိုသာသနသမ္ဘတ္တိဒိပနီကျမ်းကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆို လွယ်ကူစေရန် မြန်မာစကားပြင် သက်သက်ဖြင့် ရေးသားပါဟု နိုင်ငံခြား ဗုဒ္ဓသာသနာပြုအသင်း စက္ကရီတေရီ ဦးစံလင်းက တိုက်တွန်းနှိုးဆော်အပ်သည်ကို အကြောင်းပြု၍

www.dhammaransi.com




ဆရာတော်ဘုရားကြီး ညွှန်ပြတော်မူအပ်သော ပါဠိတော်ကျမ်းဂန်ကြီးတို့ကို ကြည့်ရှုရှာဖွေပြီးလျှင် လယ်တီဆရာတော်ကြီး၏ တပည့်ရင်းဖြစ်သော **လယ်တီပဏ္ဍိတ, ဆရာဦးမောင်ကြီး** ကိုယ်တိုင်ဝိတ္ထာရနည်းဖြင့် ချဲ့ထွင်၍ မြန်မာပြန်ဆိုရလေသည်။

ဤသို့ရတနာသုံးပါး ဂုဏ်ကျေးဇူးမှစ၍ ဗဟုသုတ များစွာစုံလင်သော **ဤသာသနသမ္ဗုတ္တိကျမ်း**ကို အစအဆုံး ကြေလည်ကောင်းမွန်စွာ ကြည့်ရှုပါလျှင် သာသနာတော်မြတ်၌ ယုံကြည်ခြင်းလည်း ရှေးကထက် ခိုင်မြဲတိုးတက်၍ ရတနာသုံးပါးဂုဏ်တို့ကို ကြည်ညိုခြင်း ပွါးများပြီးလျှင် ထိုသို့ မှန်ကန်ကောင်းမြတ်သော ဗုဒ္ဓဘာသာရိပ်ကို ခိုလှုံရခြင်း၏အကျိုးကျေးဇူးတို့ကို အထူးသိမြင်၍ လာပေလိမ့်မည်၊ ယင်းသို့သော သာသနသမ္ဗုတ္တိဒီပနီကျမ်းကို မုံရွာမြို့ မဟာလယ်တီတိုက်ကြီး၏ ဦးစီးနာယက နဝမပဓာနဆရာတော်ဖြစ်သော ဘဒ္ဒန္တကေလာသ (အဂ္ဂမဟာပဏ္ဍိတ) ကြီးမှူးလျက် ဦးဗိုလ်မောင် (သာသနဓဇသိရီပဝရဓမ္မာစရိယ) စသော စာတည်းအဖွဲ့မှ အကြိမ်ကြိမ် တည်းဖြတ်သုတ်သင်ကာ အရှင်နန္ဒိသေနစသော လယ်တီရောင်ခြည်ကွန်ပျူတာစာပေအဖွဲ့က ပုဒ်နေပုဒ်ထား မှန်ကန်သပ်ရပ်စွာ ဆောင်ရွက်၍ ပြန်လည်ထုတ်ဝေ ဖြန့်ချိလိုက်ရပေသတည်း။

| | |
|---|---|
| ၁၃၆၃-ခုနှစ်၊ | ဘဒ္ဒန္တကေလာသ |
| ပြာသိုလပြည့်ကျော် (၂) ရက် | နဝမပဓာနနာယကဆရာတော် |
| (၃၀-၁-၂၀၀၂) | မဟာလယ်တီတိုက် |
| ဗုဒ္ဓဟူးနေ့ | မုံရွာမြို့ |

www.dhammaransi.com

# သာသနသမ္ပတ္တိဒီပနီ



✿ ဘုရား၏ မှန်ကန်ခြင်း၊ တရား၏ မှန်ကန်ခြင်း၊ သံဃာ၏ မှန်ကန်ခြင်း ဤသုံးပါးနှင့် ကြုံကြိုက်ပါမှ သာသနာ၏ ပြည့်စုံခြင်းမည်လေသည်။ ထိုကဲ့သို့ မှန်ကန်သော ရတနာသုံးပါးနှင့် ကြုံကြိုက်၍ ပြည့်စုံကောင်းမွန်သော သာသနာကို ကြည်ညိုဆည်းကပ်ရပါမှလည်း လောကီ လောကုတ္တရာ ချမ်းသာသမ္ပတ္တိနှင့် ပြည့်စုံ၍ မိမိတို့ မျှော်လင့်ညည်ရွယ်တိုင်းသော အကျိုးကို ခံစားရမည်။

www.dhammaransi.com

# သာသနသမ္ပတ္တိဒီပနီ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမ

လောကတ္တယေက သရဏာတ္တဝိဘာဝနာယ၊
သဏ္ဌာ၀ တိဋ္ဌတိ ယဟိံ သုဝိဘတ္တလောကော။
တံ သဗ္ဗလောက ပဋိဗိမ္ဗိတ ဒပ္ပဏာဘံ၊
ပါဒဒွယံ သကလသတ္တနတံ ဘိ၀န္ဒေ။

(၀သန္တတိလကာ ဂါထာ။)

လောကတ္တယေက သရဏာတ္တဝိဘာဝနာယ-လောကသုံးဆိုင် ဘုံခရိုင်၌ တုပြိုင်မိသူ ဝှံမပြူ၍ တစ်ဆူတည်းသာ ကိုးကွယ်ရာအစစ် ဖြစ်ကြီးဖြစ်ကြောင်းကို ကောင်းမွန်ထင်ရှားစွာ သက်သေပြခြင်းငှါ၊ သုဝိဘတ္တလောကော-ဝေဖန်ပိုင်းခြား ပုံရေးသားအပ်သကဲ့သို့သော လောကဓာတ် ကားပုံကြီးသည်၊ ယဟိံ-အကြင် မြတ်စွာဘုရား၏ ခြေဖဝါးတော်အစုံ၌၊ သဏ္ဌာ၀-ထင်ထင်ရှားရှားသာလျှင်၊ ဝါ-ပါရမီ ဘုန်းတော်ကြောင့် ပြကတေ့ဖြစ်ပေါ် ထင်ရှား၍သာလျှင်၊ တိဋ္ဌတိ-စက်လက္ခဏာ အကန့်အားဖြင့် အတန့်တန့်တည်ထွန်း ထင်ပေါ်လာ၏၊ သကလသတ္တနတံ-လူ, နတ်, ဗြဟ္မာ သတ္တဝါအများ သုံးတိုက်သားတို့ ညွတ်တွားဦးခိုက်ကြရာဖြစ်တော်မူသော၊ သဗ္ဗလောက ပဋိဗိမ္ဗိတ ဒပ္ပဏာဘံ-အလုံးစုံသော လောကဓာတ် ကားပုံကြီး၏ထင်ရာ ရတနာ မှန်ကြီးသဖွယ် ဖြစ်တော်မူသော၊ တံ ပါဒဒွယံ-ထိုမြတ်စွာဘုရား၏ ခြေတော်အစုံကို၊ အဟံ-အကျွန်ုပ်သည်၊ အဘိ၀န္ဒေ-အဘိ၀န္ဒာမိ-လွန်စွာမြတ်နိုး ရှိခိုးဦးခိုက်ပါ၏။

---------*---------

မိခင်ဓရာဝတီ

www.dhammaransi.com



# သာသနသမ္ပတ္တိဒီပနီ

## အာသီသ

သဒ္ဓမ္မရာဇ ရဝိနိဂ္ဂတဓမ္မရံသီ၊
ဖုလ္လောဇ္ဇ သီလသုရဘီ ဒဟသာသနေဇော။
ထေရာ ရဝိန္ဒပဝရော ဇနမုဒ္ဒမာလော၊
ဌာတံ စိရံဝ န မိလာယတု လောကနန္ဒော။

(ဝသန္တတိလကာ ဂါထာ။)

အဇ္ဇ=ယခုအခါ၌၊ သဒ္ဓမ္မရာဇ ရဝိနိဂ္ဂတဓမ္မရံသိ ဖုလ္လော=တရားမင်းဘုရား တည်းဟူသော နေဝန်း၏ ပေါ်ထွန်းထွက်ပြူသည့်အတွက် ဓမ္မစက်ဒေသနာ တည်းဟူသော ရောင်ခြည်အလျှံဖြင့် ချိန်တန်သင့်စွာ ပွင့်၍လာသော၊ ဒဟ သာသနေဇော=သာသနာတော် တည်းဟူသော ရေကန်ကြီး၌ ထီးထီးဖြစ်ပေါ်၍ လာတော်မူသော၊ သီလသုရဘီ=သီလပဋိပတ် အကျင့်မြတ်တည်းဟူသောရနံ့ဖြင့် တပျံ့ပျံ့ ကြိုင်လှိုင်တော်မူသော၊ ဇနမုဒ္ဒမာလော=လူအပေါင်းတို့၏ ဦးခေါင်း၌ ပန်ဆင်ရန် ပန်းမာလ်သဖွယ်လည်းဖြစ်တော်မူသော၊ နော=အကျွန်ုပ်တို့၏၊ ထေရ ရဝိန္ဒပဝရော=ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး တည်းဟူသော ပဒုမာ ကြာပန်းခိုင် အမြတ်ကြီးသည်၊ လောကနန္ဒော=သတ္တလောကအလုံးကို ရွှင်ပြုံး နှစ်သက်တော်မူစေလျက်၊ စိရံဝ=အာယုသချာ ကြာမြင့်စွာလျှင်၊ ဌာတံ-ဌာတု= တည်တော်မူပါစေသတည်း၊ စိရံဝ=ဘေးကင်းရန်ကွာ ကြာမြင့်စွာလျှင်၊ န မိလာယတု=မညိုးမနွမ်း ကြီးဘုန်းတန်းဖြင့် လန်းလျက်ရှိနေတော်မူပါစေသတည်း။

---------✱---------

## ဥယျောဇဉ်နှင့် ပဋိညာဉ်

လိခိဿံ သကဘာသာယ၊ အဇ္ဈိဋ္ဌော အတ္ထမေသိနာ။
အယံ သာသနသမ္ပတ္တိ၊ ဒီပန္ယာ ဟေတိ ဝဏ္ဏနာ။

အတ္ထမေသိနာ=တရားတော်၏ အနက်သဘောကို နှီးနှောစုံစမ်း မေးမြန်း ရှာမှီးလေ့ရှိသော နိုင်ငံခြား ဗုဒ္ဓသာသနာပြု အသင်းကြီး၏ အကျိုးဆောင် စက္ကရီ တေရီဖြစ်ပေသော မုံရွာမြို့ ကျောင်းဒါယကာ ဦးစံလင်းသည်၊ အဇ္ဈိဋ္ဌော= ရေးသားစေရန် အတန်တန်နှိုးဆော် တိုက်တွန်းအပ်သည်ဖြစ်၍၊ အဟံ= လယ်တီပဏ္ဍိတ ရှေးကသမုတ် အကျွန်ုပ်သည်၊ ယံ=အကြင်အနက်အဖွင့်ကို၊ သကဘာသာယ=တိုင်ရင်းနွယ်လာ မြန်မာဘာသာဖြင့်၊ လိခိဿံ=နည်းနာစုံလင် တန်းဆာဆင်၍ စီစဉ်ရေးသားပါအံ့၊ အယံ=ဤအနက်အဖွင့်သည်၊ သာသန

www.dhammaransi.com



သမ္ဗုတ္တိဒီပနျာ=ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော သာသနသမ္ဗုတ္တိဒီပနီပါဠိ၏၊ ဝဏ္ဏနာ=အနက် အဖွင့်သည်၊ ဟောတိ=ဖြစ်ပေလတ္တံ့။

## သာသနသမ္ပဒါသုံးပါး

ဗုဒ္ဓ သုဗုဒ္ဓတာ လောကေ၊ ဓမ္မဿစ သုဓမ္မတာ။
သာဝကာနဉ္စ သမ္ဗုတ္တိ၊ ဧသာ သာသနသမ္ပဒါ။

လောကေ=လောကသုံးခွင် ဘုံအပြင်၌၊ ဗုဒ္ဓ သုဗုဒ္ဓတာစ=သတ္တဝါတို့၏ အားထားရာဖြစ်သောဘုရား၏ ကောင်းမြတ်သော ဘုရားမှန်ဖြစ်မှုသည်လည်း ကောင်း၊ ဓမ္မဿ=ကျင့်ဆောင်လိုက်နာအပ်သော တရားတော်၏၊ သုဓမ္မတာစ= ကောင်းမြတ်သောတရားမှန် ဖြစ်မှုသည်လည်းကောင်း၊ သာဝကာနံ=ဘုရားတပည့်သား သာဝကအများတို့၏၊ သမ္ဗုတ္တိစ=အကျင့်သီလနှင့် ညီမျှပြည့်စုံမှုသည်လည်းကောင်း၊ ဧသာ=ဤ ဘုရားမှန်, တရားမှန်, သံဃာမှန်သုံးပါးသည်၊ သာသနသမ္ပဒါ=သာသနာတော်ကြီး၏ ပြည့်စုံခြင်းပေတည်း။

**ရတနာစစ် ရတနာမှန်။** ။ဤလောကဌ် ဘုရား, တရား, သံဃာဟူ၍ သတ္တဝါတို့ အထွဋ် အထိပ်ထား၍ ကိုးကွယ်ဆည်းကပ်ယုံကြည်အပ်သော ရတနာသုံးပါးရှိသည်၊ ထိုရတနာသုံးပါးသည် ယဉ်ကျေးသောလူမျိုးတိုင်းမှာ ရှိတတ်ကြကုန်၏၊ ထိုသို့ပင် ရှိငြားသော်လည်း ရတနာဟူ၍ ခေါ်ဝေါ်သမုတ်အပ်သောအတိုင်း ကောင်းမွန်လှပြီ၊ မြတ်နိုးအပ်လှပြီ၊ အားကိုးအပ်လှပြီဟူ၍ စိတ်မချသာချေ၊ ဥပမာ စိန်ရတနာ, မြရတနာ, ပတ္တမြားရတနာများကို လောကဌ် အထွဋ်အထိပ် မြတ်နိုးဖွယ်ဟု သမုတ်၍ သုံးစွဲကြရကုန်၏၊ သို့ရာတွင် ရတနာ၏ သဘောလက္ခဏာ, ရတနာ၏အမှန်အစစ် အဖိုးထိုက်မထိုက်ကို မသိတတ်သော လူတို့၏အလယ်သို့ ရောက်၍သွားလျှင် အဖိုးမထိုက်မတန် အမျိုးမစစ်မမှန်သော ရတနာများကိုပင်သော်လည်း အဆင့်ဆင့် ပြောစကားဖြင့် အကယ်ပင် ရတနာကောင်း ရတနာစစ်ထင်မြင် မှတ်မှား၍ အားကိုးအားထား သုံးစွဲရလေသည်။

ရတနာ၏အကြောင်းအရာကို ကောင်းစွာနားလည်သိရှိသော သူတို့ တွေ့ရှိသောအခါမှာမှ ရတနာအစစ် မဟုတ်ကြောင်းများကို ထင်ရှားသိရှိလေသဖြင့် ရတနာမျိုးမမှန် အဖိုးတန်မဟုတ်သည်ကို သုံးစွဲလျက်ရှိကြသောသူတို့၏

www.dhammaransi.com



ဉာဏ်ပညာနည်းပါးကြောင်း, ထိုသို့ ဉာဏ်ပညာနည်းပါးသဖြင့် မှားယွင်းလျက် ရှိကြကြောင်းကို သိရှိပြီးလျှင် ထိုရတနာဇာတိကို သိကျွမ်းနားလည်သောသူက ကဲ့ရဲ့ရှုတ်ချတတ်လေသည်၊ ထို့ကြောင့် သံသရာရေးနှင့် စပ်ဆိုင်သော လောကုတ္တရာ ရတနာများကို မဆိုထားဘိ လောကီပစ္စက္ခ မျက်မှောက် တစ်ခေတ္တနှင့်သာ စပ်ဆိုင်သော စိန်, မြ, ပတ္တမြားရတနာ သာမညများကိုမှသော်လည်း အမျိုးမှန်သည်, အဖိုးတန်သည်, သုံးစွဲခြင်းငှါ သင့်သည်, တင့်တယ်သည်ဟူ၍ သိရှိခြင်းငှါ ထိုက်လေသည်၊ ဘုရား, တရား, သံဃာဟူသော လောကုတ္တရာ ရတနာများ၏ ဘုရားမှန်, တရားမှန်, သံဃာမှန် အဖြစ်ကိုမူကား သာ၍ပင် စိစစ်ထိုက်လေသည်။ အရေးတကြီး အမှန်ပင် နေရာတကျ သိသင့်သိထိုက်လှပေသည်။

**တိုက်တွန်းချက်။** ။ ဘုရားမှား, တရားမှား, သံဃာမှား ဟုဆိုအပ်သော ကိုးကွယ်ရာ ရတနာသုံးပါး အမှားကြီးတွေကို အကောင်းအမွန် အမှန်အကန်ထင်၍ ကိုးကွယ်မြတ်နိုး အားကိုးဆည်းကပ်၍ နေပါလျှင် ရတနာတုတို့ကို ဝတ်ဆင်၍နေသောသူအား ရတနာအမျိုးမျိုးကို သိရှိ၍ ဇာတိအစစ်အမှန်ကို နားလည်သော ပညာရှိတို့မြင်လျှင် ကဲ့ရဲ့ရှုတ်ချဖွယ် ဖြစ်သကဲ့သို့ လောကမျက်မှောက်၌ ပညာရှိတို့၏ ကဲ့ရဲ့ဖွယ်ရောက်သည့်ပြင် သံသရာ တစ်ခွင်လုံးမှာလည်း ရှုံးခြင်းကြီး ရှုံးခြင်းနှင့် တွေ့ကြုံရတတ်လေ၏၊ သို့ဖြစ်၍ ဘုရား၏ ကောင်းမွန်မှန်ကန်သော ဘုရားအဖြစ်, တရား၏ကောင်းမွန် မှန်ကန်သော တရားအဖြစ်, သံဃာ၏ကောင်းမွန် မှန်ကန်သော သံဃာအဖြစ်ကို အရေးတကြီး စောစောစီးစီး ရှေးဦးမဆွ နေရာတကျ သိသင့်သိထိုက်လှပေသည်။

ဆိုခဲ့ပြီးသောအတိုင်း ဘုရား၏မှန်ကန်ခြင်း, တရား၏မှန်ကန်ခြင်း, သံဃာ၏မှန်ကန်ခြင်း ဤသုံးပါးနှင့် ကြုံကြိုက်ပါမှ သာသနာ၏ ပြည့်စုံခြင်း မည်လေသည်၊ ထိုကဲ့သို့ မှန်ကန်သော ရတနာသုံးပါးနှင့် ကြုံကြိုက်၍ ပြည့်စုံကောင်းမွန်သော သာသနာကို ကြည်ညိုဆည်းကပ်ရပါမှလည်း လောကီ လောကုတ္တရာချမ်းသာ သမ္ပတ္တိနှင့် ပြည့်စုံ၍ မိမိတို့မြော်လင့် ရည်ရွယ်တိုင်းသော အကျိုးကို ခံစားရမည် ဖြစ်သည်။

ယခုရေးသား ဖော်ပြလတ္တံ့သော သာသနသမ္ပတ္တိဒီပနီကျမ်းသည် ဘုရားမှန်, တရားမှန်, သံဃာမှန်နှင့် ကြုံကြိုက်၍ သာသနာပြည့်စုံမှုကို ထင်ထင်ရှားရှားရေးသားဖော်ပြသောကျမ်းဖြစ်လေသည်။

www.dhammaransi.com



## ပဓာနအချက်ကြီး-၃-ချက်

ဤကျမ်း၌ ပဓာနဖြစ်သောအချက်ကြီးကား----
(က) ဗုဒ္ဓ သုဗုဒ္ဓတာ=ဘုရား၏ ကောင်းသောဘုရားအဖြစ်။
(ခ) ဓမ္မ သုဓမ္မတာ=တရား၏ ကောင်းသောတရားအဖြစ်။
(ဂ) သံဃ သုသံဃတာ=သံဃာ၏ ကောင်းသောသံဃာအဖြစ်။
ဤသုံးပါးတည်း။

## ဘုရား၏ ကောင်းသောဘုရား

ဘုရား၏ကောင်းမွန်မှန်ကန်သော ဘုရားအဖြစ်ဟူသည် အဘယ်နည်း၊ မြတ်စွာဘုရား၏ဂုဏ်တော်ကို ဖော်ပြသော ဒီဃနိကာယ် သာမညဖလသုတ္တန်၌-

ဣဓ မဟာရာဇ တထာဂတော လောကေ ဥပ္ပဇ္ဇတိ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရော ပုရိသဒမ္မသာရထိ, သတ္ထာဒေဝ မနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ။

သော ဣမံ လောကံ သဒေဝကံ သမာရကံ သဗြဟ္မကံ သဿမဏဗြာဟ္မဏိံ ပဇံ သဒေဝ မနုဿံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေတိ။

သော ဓမ္မံ ဒေသေတိ အာဒိကလျာဏံ မဇ္ဈေကလျာဏံ ပရိယောသာန ကလျာဏံ သာတ္ထံ သဗျဉ္ဇနံ ကေဝလ ပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေတိ။

ဟူ၍ ဟောတော်မူသည်။

[ဤပါဠိတော်ကို မူလတည်၍ ဗုဒ္ဓ သုဗုဒ္ဓတာ-ဘုရား၏ကောင်းသော ဘုရားမှန် ဘုရားစစ် ဖြစ်ကြောင်းကို ပြလတ္တံ့။]

မဟာရာဇ-မြတ်သောအဇာတသတ်မင်းကြီး၊ ဣဓ-ဤလောက၌၊ အရဟံ-ပူဇော်အထူးကို ခံတော်မူထိုက်သော၊ သမ္မာသမ္ဗုဒ္ဓေါ-မဖောက်မပြန် အမှန်ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူသော၊ ဝိဇ္ဇာစရဏ သမ္ပန္နော-အသိဉာဏ် အကျင့်တရားနှင့် ပြည့်စုံတော်မူသော၊ သုဂတော-ကောင်းမွန် တင့်တယ်သော အလားရှိတော်မူသော၊ လောကဝိဒူ-လောကသုံးပါးကို ပိုင်းခြား၍ သိတော်မူသော၊ အနုတ္တရော ပုရိသဒမ္မသာရထိ-မယဉ်ကျေးသော သတ္တဝါတို့ကို ယဉ်ကျေးစွာ

www.dhammaransi.com



ဆုံးမပုံအချက်၌ တုဖက်ပြိုင်ကင်း ဖြစ်တော်မူသော၊ ဒေဝမနုဿာနံ=နတ်လူတို့၏၊ သတ္ထာ=ဆရာကြီးတစ်ဆူလည်း ဖြစ်တော်မူသော၊ ဗုဒ္ဓေါ=သစ္စာလေးတန် တရားမှန်ကို ဧကန်သိမြင်တော်မူသော၊ ဘဂဝါ=ကျက်သရေဘုန်းဟုန် ကျေးဇူးဂုဏ်နှင့်ပြည့်စုံတော်မူသော၊ တထာဂတော=ဘုရားမြတ်စွာသည်၊ လောကေ=လောက၌၊ ဥပ္ပဇ္ဇတိ=ပွင့်ပေါ်တော်မူလာ၏။

သော=ထိုမြတ်စွာဘုရားသည်၊ သဒေဝကံ=နတ်နှင့်တကွဖြစ်သော၊ သမာရကံ=မာရ်မင်းနှင့်တကွဖြစ်သော၊ သဗြဟ္မကံ=ဗြဟ္မာနှင့် တကွဖြစ် သော၊ ဣမံလောကံ=ဤလောကကြီးကိုလည်းကောင်း၊ သဿမဏ ဗြာဟ္မဏိံ=ရဟန်းပုဏ္ဏားနှင့်တကွဖြစ်သော၊ သဒေဝမနုဿံ=နတ်လူနှင့်တကွဖြစ်သော၊ ပဇံ=သတ္တဝါအပေါင်းကိုလည်းကောင်း၊ သယံ=ကိုယ်တော်တိုင်၊ အဘိညာ=ထူးသောဉာဏ်ဖြင့်သိ၍၊ သစ္ဆိကတွာ=မျက်မှောက်ပြု၍၊ ပဝေဒေတိ= ပြောကြား တော်မူ၏၊ သော=ထိုမြတ်စွာဘုရားသည်၊ အာဒိကလျာဏံ=အစ၌ကောင်းခြင်းရှိသော၊ မဇ္ဈေကလျာဏံ=အလယ်၌ ကောင်းခြင်းရှိသော၊ ပရိယောသာနကလျာဏံ=အဆုံး၌ကောင်းခြင်းရှိသော၊ သာတ္ထံ=အနက်နှင့်ပြည့်စုံသော၊ သဗျဉ္ဇနံ=သဒ္ဒါပုဒ်ဗျည်းနှင့်ပြည့်စုံသော၊ ကေဝလပရိပုဏ္ဏံ=အလုံးစုံပြည့်စုံ လုံလောက်ပြီးဖြစ်သော၊ ဓမ္မံ=တရားတော်မြတ်ကို၊ ဒေသေတိ=ဟောကြားတော်မူ၏၊ ပရိသုဒ္ဓံ=ထက်ဝန်းကျင်မှ စင်ကြယ်သော၊ ဗြဟ္မစရိယံ=အကျင့်မြတ်ကို၊ ပကာသေတိ=ဖွင့်ပြတော်မူ၏။

[ဤသာမညဖလသုတ် ပါဠိတော်ဖြင့် မြတ်စွာဘုရား၏ ဂုဏ်တော်များနှင့် မြတ်စွာဘုရား ပြုလုပ်တော်မူလေ့ရှိသော အလုပ်ကိစ္စကို ပြတော်မူ၏။ ဤပါဠိဖြင့် မြတ်စွာဘုရား၏ ကောင်းသော ဘုရားဖြစ်ကြောင်း, ဘုရားမှန်ဖြစ်ကြောင်းကို သိစေသည်။]

## ဆိုလိုရင်းအဓိပ္ပါယ်

ဤပါဠိတော်၏ ဆိုလိုရင်း အဓိပ္ပါယ်မှာ---

၁။ မြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်၏။

၂။ မြတ်စွာဘုရားသည် မည်သူတစ်ဦးမျှ ရှေ့ညွှန်လမ်းပြမရှိပဲ မိမိအလိုလို ကိုယ်တော်တိုင်သာလျှင် မဖောက်မပြန် အမှန်ထိုးထွင်း၍ သိတော်မူ၏။

၃။ မြတ်စွာဘုရားသည် အသိဉာဏ်ဝိဇ္ဇာ အကျင့်စရဏနှင့်လည်း ပြည့်စုံတော်မူ၏။

၄။ မြတ်စွာဘုရားသည် ကောင်းသောအလား ရှိတော်မူ၏။

www.dhammaransi.com



၅။ မြတ်စွာဘုရားသည် အလုံးစုံသော လောကကိုလည်း သိတော်မူ၏။

၆။ မြတ်စွာဘုရားသည် မယဉ်ကျေးသော သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမရာ၌ အတုမရှိသော အထွဋ်အထိပ် ပုဂ္ဂိုလ်ကြီးလည်း ဖြစ်တော်မူ၏။

၇။ မြတ်စွာဘုရားသည် နတ်,လူတို့၏ ဆရာလည်း ဖြစ် တော်မူ၏။

၈။ မြတ်စွာဘုရားသည် သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍လည်း သိတော်မူ၏။

၉။ မြတ်စွာဘုရားသည် ဘုန်းတော်ခြောက်ပါးနှင့်လည်း ပြည့်စုံတော်မူ၏။

ထိုသို့သော ဂုဏ်ကျေးဇူးတရားကိုးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် လောက၌ ဖြစ်ပွင့်တော်မူလာသည်ရှိသော် ကောင်းသောဘုရားဖြစ်တော်မူလာသည်ဟူ၍ ဆိုရ၏။ ထိုမြတ်စွာဘုရားသည် နတ်နှင့်တကွ, မာရ်မင်းနှင့်တကွ, ဗြဟ္မာနှင့်တကွသော ဤလောကကြီး တစ်ဝန်းလုံးကိုလည်းကောင်း, ရဟန်း ပုဏ္ဏားနှင့်တကွ နတ်လူနှင့် တကွဖြစ်သော သတ္တဝါများအပေါင်းကိုလည်းကောင်း ကိုယ်တော်တိုင် အထူးသိမြင်တော်မူ၍, ကိုယ်တော်တိုင် မျက်မှောက်ပြုတော်မူ၍ မှန်သောအတိုင်း ပြောကြားမိန့်ဆိုတော်မူ၏၊ ထိုဘုရားကောင်း ဘုရားမှန်သည် အစ, အလယ်, အဆုံး သုံးပါးလုံး ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါပုဒ်ဗျည်းနှင့်ပြည့်စုံသော ထည့်သွင်း ဖြည့်စွက် ဖွယ်မရှိ အလုံးစုံသော တရားတော်မြတ်ကို ဟောကြားတော်မူ၏ ထိုဘုရားကောင်း, ဘုရားမှန်သည် ထက်ဝန်းကျင်မှ စင်ကြယ်သော အကျင့်မြတ်ကို ဖော်ပြတော်မူ၏။

**တထာဂတဟူသည်အဘယ်နည်း။** ။ ဖော်ပြခဲ့သော သာမညဖလ သုတ္တန်ပါဠိတော်၌ "တထာ ဂတော လောကေ ဥပ္ပဇ္ဇတိ"ဟူ၍ ဟောတော်မူရာတွင် အဘယ်ပုဂ္ဂိုလ်ကို တထာဂတဟူ၍ ခေါ်ဆိုထိုက်ပါသနည်းဟူ၍ မေးဖွယ်ရှိလေသည်၊ မြတ်စွာဘုရားကို တထာဂတ ဟူ၍ ခေါ်ဆိုအပ်သောအတိုင်း ထိုတထာဂတပုဒ်၏ အနက်သဘောကို အောက်၌ ဆိုလတ္တံ့သော ဒီဃနိကာယ် ပါထေယျဝဂ် ခြောက်ခုမြောက် ပါသာဒိက သုတ္တန်ပါဠိတော်ဖြင့် ဖြေဆိုဖွင့်ပြရာ၏။

ဣတိ ခေါ စုန္ဒ အတီတာနာဂတပစ္စုပ္ပန္နေသု ဓမ္မေသု တထာဂတော ကာလဝါဒီ, ဘူတဝါဒီ, အတ္ထဝါဒီ, ဓမ္မဝါဒီ, ဝိနယဝါဒီ တသ္မာ တထာဂတောတိ ဝုစ္စတိ။

**မိခင်ဓောဝတီ**

www.dhammaransi.com



စုန္ဒ=ချစ်သားစုန္ဒ၊ ဣတိခေါ=ဤသို့လျှင်၊ တထာဂတော=မြတ်စွာဘုရားသည်၊ အတီတာနာဂတပစ္စုပ္ပန္နေသု=အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်ကုန်သော၊ ဓမ္မေသု=တရားတို့၌၊ ကာလဝါဒီ=အချိန်ကာလအား သင့်လျော်စွာ ဟောကြားပြောဆိုတော်မူလေ့ရှိ၏၊ ဘူတဝါဒီ=ဟုတ်မှန်သည်ကိုသာ ဟောကြားပြောဆိုတော်မူလေ့ရှိ၏၊ အတ္ထဝါဒီ=အနက်သဘော အကျိုးတရားကိုသာ ဟောကြားပြောဆိုတော်မူလေ့ရှိ၏၊ ဓမ္မဝါဒီ=အကြောင်းတရားကိုသာ ဟောကြားပြောဆိုတော်မူလေ့ရှိ၏၊ ဝိနယဝါဒီ=ဆုံးမချက်နှင့် စပ်သည်ကိုသာ ဟောကြားပြောဆိုတော်မူလေ့ရှိ၏၊ တသ္မာ=ထို့ကြောင့်၊ တထာဂတောတိ=တထာဂတဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏။

**ဆိုလိုရင်းအဓိပ္ပါယ်။** ။ဆိုလိုရင်း အဓိပ္ပါယ်ကား မြတ်စွာဘုရားသည် ဖြစ်ပြီး, ဖြစ်လတ္တံ့, ဖြစ်ဆဲဖြစ်သော တရားအရာတို့၌ အချိန်ကာလအားလျော်စွာ ဟောကြားတော်မူလေ့ရှိ၏၊ ဟုတ်မှန်သည်ကိုသာ ဟောကြားတော်မူလေ့ရှိ၏၊ အကျိုးနှင့်စပ်သည်, အကြောင်းနှင့်စပ်သည်ကိုသာ ဟောကြားတော်မူလေ့ရှိ၏၊ အကျင့်ဆုံးမချက်နှင့်စပ်သည်ကိုသာ ဟောကြားတော်မူလေ့ရှိ၏၊ ထို့ကြောင့် တထာဂတ မည်တော်မူသည်။

> ယဉ္စ ခေါ စုန္ဒ သဒေဝကဿ လောကဿ သမာရကဿ
> သဗြဟ္မကဿ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ
> ဒိဋ္ဌံ သုတံ မုတံ ဝိညာတံ ပရိယေသိတံ အနုဝိစရိတံ မနသာ သဗ္ဗံ
> တံ တထာ ဂတေန အဘိသမ္ဗုဒ္ဓံ တသ္မာ တထာဂတောတိ ဝုစ္စတိ။

စုန္ဒ=ချစ်သားစုန္ဒ၊ သဒေဝကဿ=နတ်နှင့်တကွဖြစ်သော၊ သ မာရကဿ=မာရ်မင်းနှင့်တကွဖြစ်သော၊ သဗြဟ္မကဿ=ဗြဟ္မာမင်းနှင့်တကွဖြစ်သော၊ လောကဿ=လောကကြီးတစ်ဝန်းလုံးသည်၊ သဿမဏဗြာဟ္မဏိယာ=ရဟန်းပုဏ္ဏားနှင့်တကွဖြစ်သော၊ သဒေဝ မနုဿာယ=နတ်လူနှင့်တကွဖြစ်သော၊ ပဇာယ=သတ္တဝါများအပေါင်း သည်၊ ဒိဋ္ဌံ= မြင်အပ်သော၊ သုတံ=ကြားအပ်သော၊ မုတံ=တွေ့အပ်သော၊ ဝိညာတံ=ဉာဏ်ဖြင့်သိအပ်သော၊ ပတ္တံ=ဉာဏ်ဖြင့်ရောက်အပ်သော၊ ပရိယေသိတံ=ရှာမှီးအပ်သော၊ မနသာ=စိတ်ဖြင့်၊ အနုဝိစရိတံ=အဖန်ဖန် ဆင်ခြင် စုံစမ်းအပ်သော၊ ယံ=အကြင်အာရုံဟူသမျှသည်၊ အတ္ထိ=ရှိ၏၊ တံသဗ္ဗံ=ထိုအလုံးစုံသော အာရုံဟူသမျှကို၊ တထာဂတေန=မြတ်စွာဘုရားသည်၊ အဘိသမ္ဗုဒ္ဓံ=ထိုးထွင်းသက်ဝင်၍ သိမြင်တော်မူအပ်၏၊ တသ္မာ=ထို့ကြောင့်၊

www.dhammaransi.com



တထာဂတောတိ=တထာဂတဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏။

ဆိုလိုရင်းအဓိပ္ပါယ်။ ။ဆိုလိုရင်းအဓိပ္ပါယ်မှာ နတ်နှင့်တကွ, မာရ်မင်းနှင့်တကွ, ဗြဟ္မာမင်းနှင့်တကွသော ဤလောကကြီး၌ ရဟန်း, ပုဏ္ဏား, နတ်, လူများနှင့်တကွဖြစ်သော သတ္တဝါအပေါင်းသည် မျက်စိဖြင့် မြင်အပ်သမျှ, နားဖြင့်ကြားအပ်သမျှ, နှာခေါင်း လျှာ ကိုယ်တို့ဖြင့် တွေ့ကြုံအပ်သမျှ, ဉာဏ်ဖြင့်သိအပ်သမျှ, ဉာဏ်ဖြင့်ဆိုက်ရောက်အပ်သမျှ, ဉာဏ်ဖြင့် ရှာမှီးကြံစည်အပ်သမျှ, စိတ်ဖြင့်အဖန်ဖန် စုံစမ်းဆင်ခြင်အပ်သမျှသော အာရုံအမျိုးမျိုးသည် ရှိ၏၊ ထိုအလုံးစုံသော အာရုံဟူသမျှကို မြတ်စွာဘုရားသည် အလုံးစုံထိုးထွင်း၍ သိမြင်တော်မူအပ်၏၊ ထို့ကြောင့် တထာဂတဟူ၍ ခေါ်ဆိုသမုတ်အပ်လေသည်။

> ယဉ္စ ခေါ စုန္ဒ ရတ္တိံ တထာဂတော အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဇ္ဈတိ။ ယဉ္စ ရတ္တိံ အနုပါဒိသေ သာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယတိ။ ဧတသ္မိံ အန္တရေ ဘာသတိ လပတိ နိဒ္ဒိသတိ။ သဗ္ဗံ တံ တထေဝ ဟောတိ နော အညထာ၊ တသ္မာ တထာဂတောတိ ဝုစ္စတိ။

စုန္ဒ=ချစ်သားစုန္ဒ၊ ယဉ္စ ရတ္တိံ=အကြင်ညဉ့်၌၊ တထာဂတော=မြတ်စွာဘုရားသည်၊ အနုတ္တရံ=အတုမရှိသော၊ သမ္မာသမ္ဗောဓိံ=မဖောက်မပြန် အမှန်သိမြင်ခြင်း တည်းဟူသော သမ္မာသမ္ဗောဓိဉာဏ်ကို၊ အဘိသမ္ဗုဇ္ဈတိ=ထိုးထွင်း၍ သိတော်မူ၏၊ ဝါ-ဘုရားအဖြစ်သို့ ရောက်တော်မူ၏၊ ယဉ္စ ရတ္တိံ=အကြင်ညဉ့်၌၊ အနုပါဒိသေသာယ=ခန္ဓာဥပါဒါန် အကြွင်းအကျန်မရှိသော၊ နိဗ္ဗာနဓာတုယာ=ငြိမ်းသော နိဗ္ဗာနဓာတ်ဖြင့်၊ ပရိနိဗ္ဗာယတိ=ပရိနိဗ္ဗာန်ဝင်စံတော်မူလေ၏၊ ဧတသ္မိံ အန္တရေ=ထိုကာလနှစ်ခုအကြား၌၊ ယံ=အကြင်စကားကို၊ ဘာသတိ=ဟောကြားတော်မူ၏၊ လပတိ=မြွက်ဆိုတော်မူ၏၊ နိဒ္ဒိသတိ=ညွှန်ပြတော်မူ၏၊ တံသဗ္ဗံ=ထိုအလုံးစုံသည်၊ တထေဝ=ဟောကြားမြွက်ဆိုတော်မူသောအတိုင်း ဟုတ်မှန်သည်သာလျှင်၊ ဟောတိ=ဖြစ်၏၊ အညထာ= ချွတ်ချော်, တိမ်းပါး, လွဲမှား, ယွင်းယိုသည်၏အဖြစ်သည်၊ နော ဟောတိ=မဖြစ်၊ တသ္မာ=ထို့ကြောင့်၊ တထာဂတောတိ=တထာဂတဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏။

www.dhammaransi.com



**ဆိုလိုရင်းအဓိပ္ပါယ်။** ။ဆိုလိုရင်းအဓိပ္ပါယ်မှာ ဘုရားအဖြစ်သို့ ရောက်တော်မူသော အချိန်မှစ၍ ပရိနိဗ္ဗာန်ဝင်စံတော်မူသော အချိန်တိုင်အောင် ဤကာလအတွင်း၌ မြတ်စွာဘုရား ဟောကြားတော်မူသမျှ, မိန့်မြွက်တော်မူသမျှ, ညွှန်ပြတော်မူသမျှသည် မှားယွင်းချွတ်ချော်သည်ဟူ၍ မရှိ၊ ဟောမိန့်မြွက်ဟ ညွှန်ပြတော်မူသော အတိုင်း မှန်ကန်သည်သာ ဖြစ်၏၊ ထို့ကြောင့် တထာဂတမည်တော်မူ၏။

ယထာဝါဒီ စုန္ဒ တထာဂတော တထာကာရီ, ယထာကာရီ, တထာဝါဒီ, က္ကတိ ယထာဝါဒီ, တထာကာရီ, ယထာကာရီ, တထာဝါဒီ တသ္မာ တထာဂတောတိ ဝုစ္စတိ။

စုန္ဒ=ချစ်သားစုန္ဒ၊ တထာဂတော=မြတ်စွာဘုရားသည်၊ ယထာဝါဒီ=အကြင်သို့သော အခြင်းအရာဖြင့် ဆိုလေ့ရှိ၏၊ တထာကာရီ=ထိုသို့ ဆိုသောအတိုင်း ပြုတော်မူလေ့ရှိ၏၊ ယထာကာရီ=အကြင်သို့သော အခြင်းအရာအားဖြင့် ပြုလေ့ရှိ၏၊ တထာဝါဒီ=ထိုသို့ပြုလုပ်သောအတိုင်း ဆိုတော်မူလေ့ရှိ၏၊ က္ကတိ=ဤသို့လျှင်၊ ယထာဝါဒီ=အကြင်အတိုင်း ဆိုလေ့ရှိ၏၊ တထာကာရီ=ထိုအတိုင်းပြုလေ့ရှိ၏၊ ယထာကာရီ=အကြင်အတိုင်းပြုလေ့ရှိ၏၊ တထာဝါဒီ=ထိုအတိုင်း ဆိုလေ့ရှိ၏၊ တသ္မာ=ထို့ကြောင့်၊ တထာဂတောတိ=တထာဂတဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏။

**ဆိုလိုရင်းအဓိပ္ပါယ်။** ။ဆိုလိုရင်းအဓိပ္ပါယ်မှာ အကြင်သို့သော စကားကို မိန့်ဆိုတော်မူ၏၊ ထိုစကားအတိုင်း ပြုတော်မူ၏၊ အကြင်သို့ပြုတော်မူလေ့ရှိ၏၊ ထိုသို့မိန့်ဆိုတော်မူလေ့ရှိ၏၊ (ပြုတိုင်းပြော, ပြောတိုင်းပြု) ဟူ၍ ဆိုလိုသည်၊ ထို့ကြောင့်- တထာဂတဟူသော အမည်ကို ရတော်မူသည်။

သဒေဝကေ လောကေ စုန္ဒ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝ မနုဿာယ တထာဂတော အဘိဘူ အနဘိဘူတော အညဒတ္ထုဒသော ဝသဝတ္တီ တသ္မာ တထာဂတောတိ ဝုစ္စတိ။

စုန္ဒ=ချစ်သားစုန္ဒ၊ သဒေဝကေ=နတ်နှင့်တကွဖြစ်သော၊ သမာရကေ=မာရ်မင်းနှင့်တကွဖြစ်သော၊ သဗြဟ္မကေ=ဗြဟ္မာမင်းနှင့်တကွဖြစ်သော၊ လောကေ=လောက၌၊ သဿမဏဗြာဟ္မဏိယာ=ရဟန်းပုဏ္ဏားနှင့်တကွဖြစ်သော၊ သဒေဝမနုဿာယ=နတ်လူနှင့်တကွဖြစ်သော၊ ပဇာယ=သတ္တဝါအပေါင်း၌၊ တထာဂတော=

www.dhammaransi.com



မြတ်စွာဘုရားသည်၊ အဘိဘူ=လွှမ်းမိုး၍ဖြစ်တော်မူ၏၊ အနဘိဘူတော=သူတစ်ပါးတို့ လွှမ်းမိုးနိုင်အပ်သည်မဟုတ်၊ အညဒတ္ထုဒသော=စင်စစ်သိမြင်တော်မူနိုင်၏၊ ဝသဝတ္တီ=အလိုသို့ လိုက်စေတော်မူနိုင်၏၊ တသ္မာ=ထို့ကြောင့်၊ တထာဂတောတိ=တထာဂတဟူ၍၊ ဝုစ္စတိ=ခေါ်ဆိုပညတ် သမုတ်အပ်၏။

ဆိုလိုရင်းအဓိပ္ပါယ်။ ။ဆိုလိုရင်းအဓိပ္ပါယ်မှာ နတ်နှင့်တကွ၊ မာရ်မင်းနှင့်တကွ၊ ဗြဟ္မာမင်းနှင့်တကွသော လောကကြီးအတွင်း၌ ရဟန်း၊ ပုဏ္ဏား၊ နတ်၊ လူများနှင့်တကွသော သတ္တဝါအပေါင်းအစု၌ မြတ်စွာဘုရားသည် တန်ခိုးတော်အမျိုးမျိုးဖြင့် လွှမ်းမိုးအုပ်ချုပ်၍ ဖြစ်တော်မူ၏၊ တစ်ပါးသောပုဂ္ဂိုလ်မှ မြတ်စွာဘုရားကို မလွှမ်းမိုးနိုင်၊ အရာခပ်သိမ်းကို စင်စစ်သိမြင်တော်မူနိုင်၏၊ အလိုသို့လိုက်တော်မူ စေနိုင်၏၊ ထိုကြောင့်-မြတ်စွာဘုရားကို တထာဂတဟူ၍ ခေါ်ဆိုသမုတ် အပ်လေသည်။

ဤပါသာဒိကသုတ္တန် ဒေသနာတော်မြတ်ဖြင့် မြတ်စွာဘုရားရှင်၏ တထာဂတ မဲည်တော်မူကြောင်းကို ပြဆိုတော်မူ၏။

--------*---------

## ၁။ အရဟံဂုဏ်တော်

"ဒက္ခိဏံ ပဋိဂ္ဂဟိတုံ အရဟာတီတိ အရဟံ"

ဒက္ခိဏံ=မြတ်သောလှူဖွယ်ဝတ္ထုကို၊ ပဋိဂ္ဂဟိတုံ=ခံယူတော်မူခြင်းငှါ၊ အရဟတိ=ထိုက်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ အရဟံ=အရဟံ မည်တော်မူ၏။

မြတ်သောလှူဖွယ်ဝတ္ထု။ ။ မြတ်သော လှူဖွယ်ဝတ္ထု ဆိုသည်ကား ကံနှင့်- ကံ၏ အကျိုးကိုယုံကြည်၍ နောင်အနာဂတ်ဘဝတို့၌ ကြီးကျယ်သော ကုသိုလ်၏အကျိုးကို ရရှိခြင်းငှါ ပြုလုပ်လှူဒါန်းအပ်သော လှူဖွယ်ဝတ္ထုကို "ဒက္ခိဏာ"မြတ်သော လှူဖွယ်ဝတ္ထု ဟူ၍ဆိုသည်၊ ဤလောက၌ မြတ်သော လှူဖွယ်ကို ခံထိုက်သော ပုဂ္ဂိုလ်များကို "ဒက္ခိဏေယျ" ဟူ၍ခေါ်ဆို၏၊ မြတ်သော အလှူကိုခံထိုက်သော "ဒက္ခိဏေယျ" ပုဂ္ဂိုလ်အများတို့တွင် အရဟတ္တ ဖိုလ်၌တည်သော ရဟန္တာပုဂ္ဂိုလ်ကို "အဂ္ဂဒက္ခိဏေယျ" ဟူ၍ ဆိုအပ်၏။

အဘယ့်ကြောင့် "အဂ္ဂဒက္ခိဏေယျ" ဟူ၍ဆိုအပ်သနည်း၊ ထို ရဟန္တာ ပုဂ္ဂိုလ်၌ ကိလေသာအညစ်အကြေး အပြစ်ဒေါသတို့သည် အလုံးစုံကင်းငြိမ်း ကုန်၏၊ ထိုသို့ကိလေသာကင်းငြိမ်းသဖြင့် ထိုပုဂ္ဂိုလ်၌ လှူအပ်သော အလှူသည်

www.dhammaransi.com



ကြီးမြတ်သော အကျိုးကို ဖြစ်ပွားစေတတ်၏၊ ဥပမာ-ပေါင်းမြက်စသော လယ်၏ အညစ်အကြေးမှကင်းသော လယ်, ယာ, မြေကောင်း၌ စိုက်ပျိုးကြဲချအပ်သော မျိုးစေ့သည် အသီးအနှံတို့ကို များစွာဖြစ်ထွန်းစေသကဲ့သို့၊ ထို့အတူ ကိလေသာ အညစ်အကြေး ကင်းဝေးပြီးသော ရဟန္တာပုဂ္ဂိုလ်၌ လှူဒါန်းအပ်သော အလှူသည် ကြီးကျယ်မြင့်မြတ်သော အကျိုးကို ဖြစ်ထွန်းစေနိုင်လေသည်။

> ကောင်းမွန်အောင်မြင်သော မျိုးစေ့မျိုးကောင်းများကို ပေါင်းမြက်ကင်းစင်သော လယ်ကောင်း၌သာလျှင် စိုက်ပျိုးထိုက်သကဲ့သို့၊ မြတ်သော လှူဖွယ်ကို ကိလေသာကင်းပြတ်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့အားသာလျှင် လှူဒါန်းထိုက်လေသည်၊ ဥပမာ-တစ်နည်းအားဖြင့် တစ်စုံတစ်ခုသော အကျိုးကို ရည်ရွယ်မြော်လင့်၍ ပေးကမ်းအပ်သော လက်ဆောင်ကောင်းကို ထိုမြော်လင့်သော အကျိုးကိုပြန်၍ ပေးကမ်းစောင်မနိုင်သော သူသာလျှင် ခံယူထိုက်သကဲ့သို့၊ ထို့အတူ ကံနှင့်ကံ၏အကျိုးကို ယုံကြည်၍ နောင် အနာဂတ်ဘဝတို့၌ ကြီးကျယ်သောအကျိုးကို ရရှိစိမ့်သောငှါ လှူဒါန်းအပ်သော မွန်မြတ်သောလှူဖွယ်ကို ထိုသို့မြော်လင့်တောင့်တသောအတိုင်း အကျိုးကိုဖြစ်စေနိုင်သော ရဟန္တာပုဂ္ဂိုလ်တို့သာလျှင် ခံယူထိုက်လေသည်။

အရဟတ္တဖိုလ်သို့ရောက်ပြီးသော ပုဂ္ဂိုလ်တို့တွင်လည်း တရားအလုံးစုံကို အကုန်သိမြင်တော်မူသော မြတ်စွာဘုရားသည်"ဒက္ခိဏေယျ" ဘွဲ့ကို ရရှိ၍ ပူဇော်ဖွယ်, လှူဒါန်းဖွယ်ကို ခံထိုက်သောပုဂ္ဂိုလ်တို့ထက် လွန်ကဲ၍ အထူးသဖြင့် ပူဇော်ဖွယ်လှူဒါန်းဖွယ်တို့ကို ခံထိုက်သောကြောင့် အရဟံဟူသောဘွဲ့ထူးကို ရရှိတော်မူသည်။ အရဟတ္တဖိုလ်သို့ရောက်၍ ကိလေသာအာသဝေါတရား ကုန်ခန်းပြီးသော ပုဂ္ဂိုလ်တိုင်း အရဟံဟူသောဘွဲ့ထူးကို ရရှိနိုင်သည် မဟုတ်၊ မြတ်စွာဘုရားတစ်ပါးတည်းသာလျှင် အရဟံဟူသော ဘွဲ့ထူးကို ခံယူတော်မူနိုင်သည်။

မြတ်စွာဘုရား၏ တပည့်သားရဟန္တာ အရှင်မြတ်များသည်ကား "ဒက္ခိဏေယျ" ဟူသော ဘွဲ့ကိုသာ ခံယူတော်မူကြကုန်သည်၊ ထို့ကြောင့် သံဃဂုဏ် ၉-ပါးတို့တွင် "ဒက္ခိဏေယျော" ဟူသောဂုဏ်ပုဒ်ကို ထည့်သွင်း၍ ပြလေသည်။

"ဒက္ခိဏံ ပဋိဂ္ဂဟိတုံ အရဟတီတိ ဒက္ခိဏေယျော"

www.dhammaransi.com



ဒက္ခိဏာ=မြတ်သောလှူဖွယ်ကို၊ ပဋိဂ္ဂဟိတုံ=ခံယူတော်မူခြင်းငှါ၊ အရဟတိ=ထိုက်၏၊ က္ကတိတသ္မာ=ထို့ကြောင့်၊ ဒက္ခိဏေယျော=ဒက္ခိဏေယျမည်၏။

အပူဇော်ခံထိုက်မှုနှင့်စပ်လျဉ်း၍ဆိုလျှင် အရဟံပုဒ်နှင့် ဒက္ခိဏေယျပုဒ်သည် အနက်အားဖြင့်တူ၏၊ ပါဠိအသုံးအစွဲ သဘောအဓိပ္ပါယ်အားဖြင့်မူကား အရဟံပုဒ်သည် ဒက္ခိဏေယျပုဒ်ထက် မြင့်မြတ်ကြီးကျယ်သော အနက်ရှိလေသည်၊ သို့ဖြစ်၍ ဒက္ခိဏေယျပုဒ်ကို တပည့်သားသံဃာ ရဟန္တာတို့၌ အသုံးအစွဲပြု၍ အရဟံပုဒ်ကို မြတ်စွာဘုရားနှင့် စပ်လျဉ်းမှသာ အသုံးအစွဲပြုရလေသည်။

[ပူဇော်လှူဒါန်းမှုနှင့်စပ်သော ဤအရဟံပုဒ်အဖွင့်၌အလှူကို ဝေဖန်၍ပြရာဖြစ်သော ဒက္ခိဏာဝိဘင်္ဂသုတ်ကို ပြဆိုသင့်၏။]

## ဒက္ခိဏာဝိဘင်္ဂသုတ် မြန်မာပြန်
## အလှူခံတစ်ကျိပ်လေး

ချစ်သားအာနန္ဒာ ပုဂ္ဂိုလ်အသီးအသီး၌ ခွဲခြမ်း၍လှူဒါန်းသော ပုဂ္ဂလိက အလှူတို့သည် ၁၄-ပါးအပြားရှိကုန်၏၊ တစ်ဆယ့်လေးပါးတို့ ဟူသည်ကား အဘယ်နည်း။

၁။ ပူဇော်အထူးကိုခံထိုက်သော မဖောက်မပြန် ထိုးထွင်း၍ သိမြင်တော်မူသော မြတ်စွာဘုရား၌ အလှူကိုလှူ၏။

၂။ ပစ္စေကဗုဒ္ဓါ၌ အလှူကိုလှူ၏။

၃။ မြတ်စွာဘုရား၏ တပည့်သားဖြစ်သော ရဟန္တာပုဂ္ဂိုလ်၌ အလှူကိုလှူ၏။

၄။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ကြံသော အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်၌ အလှူကိုလှူ၏။

၅။ အနာဂါမ်ပုဂ္ဂိုလ်အား အလှူကိုလှူ၏။

၆။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ကြံသော အနာဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်၌ အလှူကိုလှူ၏။

၇။ သကဒါဂါမ်ပုဂ္ဂိုလ်အား အလှူကိုလှူ၏။

၈။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ကြံသော သကဒါဂါမိ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်၌ အလှူကိုလှူ၏။

၉။ သောတာပန် ပုဂ္ဂိုလ်အား အလှူကိုလှူ၏။

၁၀။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ကြံသော သောတာပတ္တိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၌ အလှူကိုလှူ၏။

www.dhammaransi.com



၁၁။ သာသနာတော်မှ အပဖြစ်သော ကာမဂုဏ်တို့၌ ပြတ်ကင်းသော သာယာခြင်းရှိသော ရသေ့ ပရိဗိုဇ်တို့၌ အလှူကိုလှူ၏။

၁၂။ သီလရှိသော ပုထုဇ္ဇန်ပုဂ္ဂိုလ်၌ အလှူကိုလှူ၏။

[ဤ၌ သီလဝန္တ ပုထုဇ္ဇန်ဆိုသည်ကား သာသနာမှအပဖြစ်သော ငါးပါးသီလမြဲသောပုဂ္ဂိုလ်ကို ဆိုလိုသည်။]

၁၃။ သီလမရှိသော ပုဂ္ဂိုလ်၌ အလှူကိုလှူ၏။

[ဒုဿီလပုထုဇ္ဇန်ဆိုသည်ကား သူ့အသက်ကိုသတ်ခြင်းစသည်ကို ပြုသော ဒုစ္စရိုက်သမားတို့ကို ဆိုသည်။]

၁၄။ တိရစ္ဆာန်သတ္တဝါတို့၌ အလှူကိုလှူ၏။

ချစ်သားအာနန္ဒာ ထိုအလှူ ၁၄-ပါးတို့တွင် တိရစ္ဆာန်သတ္တဝါ၌ အလှူကိုလှူရသောကြောင့် အရာသောအလှူ၏အကျိုးကို အလိုရှိအပ်၏၊ ဒုဿီလပုထုဇ္ဇန်၌လှူရသောကြောင့် အထောင်သော အလှူ၏အကျိုးကို အလိုရှိအပ်၏၊ သီလဝန္တပုထုဇ္ဇန်၌ လှူရသောကြောင့် အသောင်းသော အလှူ၏အကျိုးကို အလိုရှိအပ်၏၊ သာသနာတော်မှ အပဖြစ်သော ကာမဂုဏ်တို့၌ ပြတ်ကင်းသော သာယာခြင်းရှိသော ရသေ့ ပရိဗိုဇ်တို့၌ လှူရသောကြောင့် ကုဋေ တစ်သိန်းသော အလှူ၏အကျိုးကို အလိုရှိအပ်၏၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်၍နေသော သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၌ ပေးလှူရသောကြောင့် မရေတွက်နိုင် မတိုင်းဆနိုင်သော အလှူ၏အကျိုးကို အလိုရှိအပ်၏၊ သောတာပန်ပုဂ္ဂိုလ်၌ ပေးလှူရသောကြောင့်မူကား အဘယ်မှာဆိုဖွယ်ရာရှိတော့မည်နည်း၊ (အဆင့်ဆင့်ဆိုလေ)။ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် ကိုယ်တော်တိုင်ထိုးထွင်း၍ သိမြင်တော်မူသော မြတ်စွာဘုရား၌ ပေးလှူရသောကြောင့်မူကား အလှူ၏အကျိုးကို အဘယ်မှာဆိုဖွယ်ရာရှိပါတော့အံ့နည်း။

[ဤစကားရပ်၌ အလှူခံ တစ်ကျိပ်လေးပါးနှင့် ထိုအလှူတို့၏ အဆင့်ဆင့် အကျိုးကြီးပုံကို ပြဆိုသော အချက်ပေတည်း။]

## သံဃိကအလှူ-၇-မျိုး

ချစ်သားအာနန္ဒာ အပေါင်းသံဃာနှင့် သက်ဆိုင်သော သံဃိကဒါနတို့သည် ခုနစ်ပါးရှိကုန်၏၊ ခုနစ်ပါးတို့ဟူသည် အဘယ်နည်း။

၁။ ဘုရားအမှူးရှိသော ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာ၌ အလှူကို လှူ၏။

www.dhammaransi.com



၂။ ပရိနိဗ္ဗာန်ပြုတော်မူလေပြီးသော ဘုရားအမှူးရှိသော ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာ၌ အလှူကိုလှူ၏။
၃။ ဘိက္ခုသံဃာ၌ အလှူကိုလှူ၏။
၄။ ဘိက္ခုနီသံဃာ၌ အလှူကိုလှူ၏။
၅။ ဤမျှလောက်သောရဟန်းယောကျ်ား, ရဟန်းမိန်းမတို့ကို အကျွန်ုပ်အား သံဃာထဲမှ ခွဲ၍ညွှန်တော်မူပါဟု လျှောက်ထား ၍ အလှူကိုလှူ၏။
၆။ ဤမျှလောက်သော ရဟန်းယောကျ်ားတို့ကို အကျွန်ုပ်အား သံဃာထဲမှ ခွဲ၍ ညွှန်တော်မူပါဟု လျှောက်ထား၍ အလှူကို လှူ၏။
၇။ ဤမျှလောက်သော ရဟန်းမိန်းမတို့ကို အကျွန်ုပ်အား သံဃာ ထဲမှခွဲ၍ ညွှန်တော်မူပါဟု လျှောက်ထား၍ အလှူကိုလှူ၏။

[ဤကား သံဃဒါနကို အကျယ်အားဖြင့် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဒေသနာတည်း။]

ချစ်သား အာနန္ဒာ နောင်အနာဂတ်ကာလ၌ သာသနာ့အနွယ်, ရဟန်း အနွယ်ကို နှိပ်စက်ဖျက်ဆီးတတ်ကုန်သော သက်န်းကို လည်ပင်းရောက်ကာမျှဖြင့် ရဟန်းဟူ၍ ဝန်ခံကြကုန်သော အကျင့်ယုတ်ကုန်သော ဒုဿီလပုဂ္ဂိုလ်တို့သည် ဖြစ်ပေါ်ကုန်လတ္တံ့၊ ထိုဒုဿီလပုဂ္ဂိုလ်တို့၌ သံဃာကိုရည်မှန်း၍ လှူဒါန်းကြ ကုန်လတ္တံ့၊ ချစ်သားအာနန္ဒာ ထိုခေတ် အခါ၌သော်လည်း သံဃာကိုရည်မှန်း၍ လှူဒါန်းသောအလှူသည် မရေတွက်နိုင် မနှိုင်းယှဉ်နိုင်သော အကျိုးကိုပေး၏ဟူ၍ ငါဘုရား မိန့်တော်မူ၏၊ ချစ်သားအာနန္ဒာ သံဃာကိုရည်မှန်း၍ လှူဒါန်းသော ဒါနသည် ပုဂ္ဂိုလ်ကိုရည်မှန်း၍ လှူဒါန်းသောဒါနထက် သာလွန်၍ အကျိုးကြီး၏ ဟူ၍ တစ်စုံတစ်ခုသော စကားပရိယာယ်ဖြင့် ငါဘုရား ဟောကြားတော်မမူနိုင်။

ဥပရိပဏ္ဏာသ စတုတ္ထဝဂ် ဒက္ခိဏာဝိဘင်္ဂသုတ် မြန်မာပြန်ဆိုချက်ပြီး၏။

---------*---------

## နဝင်္ဂုတ္တရပါဠိတော် ဒုတိယဝဂ် ဝေလာမသုတ် မြန်မာပြန်

အိုသူကြွယ်-ရှေး၌ဖြစ်ဖူးလေသည်ကား ဝေလာမမည်သော ပုဏ္ဏားကြီး သည်ရှိလေ၏၊ ထိုပုဏ္ဏားကြီးသည် ဤသို့သဘောရှိသော အလှူကိုလှူ၏။ ကြီးကျယ်သော အလှူကြီးပေတည်း။ ငွေတို့ဖြင့်ပြည့်သော ရွှေခွက်ပေါင်း ရှစ်သောင်းလေးထောင်တို့ကို လှူ၏၊ ရွှေဖြင့်ပြည့်သော ငွေခွက်ပေါင်း ရှစ်သောင်း

www.dhammaransi.com



လေးထောင်တို့ကိုလည်း လှူ၏၊ ရွှေဖြင့်ပြည့်သော ကြေးခွက်ပေါင်း ရှစ်သောင်း လေးထောင်တို့ကိုလည်း လှူ၏။ ဆင် ရှစ်သောင်းလေးထောင်, မြင်း ရှစ်သောင်း လေးထောင်, ရထားရှစ်သောင်းလေးထောင်, နို့ညှစ်နွားမ ရှစ်သောင်း လေးထောင်, သမီးကညာ ရှစ်သောင်းလေးထောင်, ပလ္လင်ရှစ်သောင်း လေးထောင် တို့ကိုလည်း လှူ၏၊ ကုဋေရှစ်သောင်းလေးထောင်သော အဝတ်ပုဆိုးတို့ကိုလည်း ပေးလှူ၏၊ ထမင်းအစာ, ခဲဖွယ်, စားဖွယ်, လျက်ဖွယ်, သောက်ဖွယ်တို့ကို လှူသည် ကား အဘယ်မှာဆိုဖွယ်ရာရှိတော့အံ့နည်း၊ ထိုအစာ ဘောဇဉ်များသည်ကား မြစ်ကြီးကဲ့သို့ စီးဆင်း၍ သွားယောင်ယောင် လှူဒါန်းလေ၏။

အိုသူကြွယ်- ဝေလာမပုဏ္ဏားသည် ကြီးကျယ်သော အကြင်အလှူကို လှူ၏၊ အကြင်သူသည်မူကား အရိယာဉာဏ်အမြင်နှင့် ပြည့်စုံသော သောတာပန် ပုဂ္ဂိုလ်တစ်ဦးကို တစ်ကြိမ်ကျွေးမွေး၏၊ ဤသို့ သောတာပန်ပုဂ္ဂိုလ်အား တစ်ကြိမ် ကျွေးမွေးခြင်းသည် ထိုဝေလာမပုဏ္ဏား၏အလှူထက် အကျိုးကြီးမြတ်သည် ဖြစ်၏၊ အကြင်သူသည် သောတာပန်တစ်ရာတို့အား ကျွေးမွေးလှူဒါန်း၏၊ အကြင်သူ သည် သကဒါဂါမ်ပုဂ္ဂိုလ်တစ်ဦးကို ကျွေးမွေးလှူဒါန်း၏၊ ထိုအလှူသည် သောတာပန်တစ်ရာကို ကျွေးမွေးလှူဒါန်းသည်ထက် အကျိုးကြီး၏၊ အကြင်သူ သည် သကဒါဂါမ်တစ်ရာကို ကျွေးမွေးလှူဒါန်း၏၊ အကြင်သူသည် အနာဂါမ် ပုဂ္ဂိုလ်တစ်ဦးကို ကျွေးမွေးလှူဒါန်း၏၊ ထိုအလှူသည် သကဒါဂါမ်တစ်ရာကို ကျွေးမွေးလှူဒါန်းသည်ထက် အကျိုးကြီး၏၊ အကြင်သူသည် အနာဂါမ်တစ်ရာကို ကျွေးမွေးလှူဒါန်း၏၊ အကြင်သူသည် ကိလေသာ ကုန်ခန်းပြီးသော ရဟန္တာပုဂ္ဂိုလ် တစ်ဦးကို ကျွေးမွေးလှူဒါန်း၏၊ ထိုအလှူသည် အနာဂါမ်တစ်ရာကို ကျွေးမွေး လှူဒါန်းသည်ထက် အကျိုးကြီး၏၊ အကြင်သူသည် ရဟန္တာတစ်ရာကို ကျွေးမွေးလှူ ဒါန်း၏၊ အကြင်သူသည် ပစ္စေကဗုဒ္ဓါတစ်ပါးကို ကျွေးမွေးလှူဒါန်း၏၊ ထိုအလှူ သည် ရဟန္တာတစ်ရာကို ကျွေးမွေးလှူဒါန်းသည်ထက် အကျိုးကြီး၏။

အကြင်သူသည် ပစ္စေကဗုဒ္ဓါတစ်ရာကို ကျွေးမွေးလှူဒါန်း၏၊ အကြင် သူသည် ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် ကိုယ်တော်တိုင် ထိုးထွင်း၍သိတော်မူသော မြတ်စွာဘုရားတစ်ပါးကို ကျွေးမွေးလှူဒါန်း၏၊ ထိုအလှူသည် ပစ္စေကဗုဒ္ဓါတစ်ရာကို ကျွေးမွေး လှူဒါန်းသည်ထက် အကျိုးကြီး၏။ အကြင်သူသည် မြတ်စွာဘုရားကို ကျွေးမွေးလှူဒါန်း၏၊ အကြင်သူသည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို ကျွေးမွေးလှူဒါန်း၏၊ ထိုအလှူသည်

www.dhammaransi.com



မြတ်စွာဘုရားကို ကျွေးမွေးလှူဒါန်းသည်ထက် အကျိုးကြီး၏။ အကြင်သူသည် ဘုရား အမှူးရှိသောသံဃာကို ကျွေးမွေးလှူဒါန်း၏၊ အကြင်သူသည် အရပ်လေးမျက်နှာမှ ကြွလာသမျှသော သံဃာကို ရည်စူး၍ ကျောင်းကို ဆောက်လုပ်လှူဒါန်း၏၊ ထိုအလှူသည် ဘုရားအမှူးရှိသော သံဃာကို ကျွေးမွေးလှူဒါန်းရသည်ထက် အကျိုးကြီး၏။

အကြင်သူသည် အရပ်လေးမျက်နှာမှ ကြွလာသမျှသော သံဃာကိုရည်စူး၍ ကျောင်းဆောက်လှူဒါန်း၏၊ အကြင်သူသည်ကား ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ဘုရားကိုလည်းကောင်း, တရားကိုလည်းကောင်း, သံဃာကိုလည်းကောင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်၏၊ ထိုဆည်းကပ် ကိုးကွယ်မှုသည် စတုဒိသာ သံဃိကကျောင်းကို ဆောက်လုပ်လှူဒါန်းရသည်ထက် အကျိုးကြီး၏၊ အကြင်သူသည် သရဏဂုံဆောက်တည်၏၊ အကြင်သူသည်ကား ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ငါးပါးသော သိက္ခာပုဒ်တို့ကို ခံယူဆောက်တည်၏၊ ထိုသို့ ငါးပါးသီလ ခံယူဆောက်တည်ခြင်းသည် သရဏဂုံဆောက်တည်သည်ထက် အကျိုးကြီး၏၊ အကြင်သူသည် ငါးပါးသီလကို ဆောက်တည်၏၊ အကြင်သူသည်ကား အယုတ်သဖြင့် ပန်းတစ်ရှူပ်နမ်းကာမျှလောက် မေတ္တာစိတ်ကို ပွါးများ၏၊ ထိုမေတ္တာ ပွါးများမှုသည် ငါးပါးသီလကို ခံယူဆောက်တည်သည်ထက် အကျိုးကြီး၏၊ အကြင်သူသည် မေတ္တာစိတ်ကို ပွါးများ၏၊ အကြင်သူသည် အယုတ်သဖြင့် လက်ဖျစ်တစ်တွက်မျှ အမြဲမရှိဟူသော အနိစ္စကို ပွါးများ၏၊ ဤသို့ အနိစ္စသညာကို ပွါးများခြင်းသည် မေတ္တာစိတ်ကို ပွါးများရသည်ထက် အကျိုးကြီး၏။

**ဆိုလိုရင်းအချက်။** ။ ဤဝေလာမသုတ္တန်ဖြင့် သာသနာပ, သာသနာ တွင်း၌ဖြစ်သော အလှူတို့၏ အကျိုးပေး ခြားနားပုံ, ပုထုဇ္ဇန်ပုဂ္ဂိုလ်တို့အား လှူရသောဒါနထက် အရိယာပုဂ္ဂိုလ်တို့အား လှူရသောဒါန၏ အဆင့်ဆင့် အကျိုးကြီးမြင့်ပုံ, အရိယာပုဂ္ဂိုလ်တို့တွင်လည်း မြတ်စွာဘုရားအား လှူဒါန်းရသောဒါန၏ အကျိုးကြီးပုံ ပုဂ္ဂလိကဒါနထက် သံဃိကဒါနအကျိုးကြီးပုံ, သံဃိကဒါနတို့တွင် စတုဒိသာ သံဃိကကျောင်းကို လှူရခြင်း၏အကျိုးကြီးပုံများကို အဆင့်ဆင့်ပြတော်မူသည်။ ထို့ပြင်လည်း အလှူဒါနထက် သရဏဂုံ၏အကျိုးကြီးပုံ, သရဏဂုံထက် ငါးပါးသီလကို ဆောက်တည်ရခြင်း၏ အကျိုးကြီးပုံ, သီလထက် မေတ္တာဘာဝနာ၏ အကျိုးကြီးပုံ, မေတ္တာဘာဝနာထက် အနိစ္စသညာကို ပွားရခြင်း၏ အကျိုးကြီးပုံကိုလည်း ပြဆိုတော်မူသည်။

www.dhammaransi.com



ဤသုတ်၏ အကျဉ်းချုပ်ကိုဆိုလျှင် ဒါနထက် သရဏဂုံအကျိုး ကြီး၏။ သရဏဂုံထက် သီလအကျိုးကြီး၏။ သီလထက် သမထဘာဝနာ အကျိုးကြီး၏။ သမထဘာဝနာထက် ဝိပဿနာဘာဝနာ အကျိုးကြီး၏ ဟူသော အဓိပ္ပါယ်ကို ဆိုလိုသည်။

**မေတ္တာစိတ်။** ။ဤသုတ္တန်၌ မေတ္တာစိတ်ဆိုသည်မှာ စိတ်အညစ် အကြေးဖြစ်သော နီဝရဏတရားတို့ကို ခွါ၍ ပွားများအပ်သော ဈာန်အနီးသို့ရောက်သော ဥပစာရ မေတ္တာစိတ်ကို သော်လည်းကောင်း, သို့မဟုတ် အပ္ပနာသို့ ဆိုက်ရောက်ပြီးသော မေတ္တာစိတ်ကိုလည်းကောင်း, ဆိုလိုသည်။ ထိုကဲ့သို့ ရင့်သန်သော မေတ္တာစိတ်မှသာလျှင် ပြဆိုခဲ့သော ဒါန, သရဏဂုံ သီလ တို့ထက် အကျိုးကြီးနိုင်မည်။ မေတ္တာမည်ကာမျှ သာမညအားဖြင့် ပွားများသည် ဆိုရသော မေတ္တာစိတ်သည်မူကား ထိုကဲ့သို့ အကျိုးကြီးနိုင်မည် မဟုတ်ချေ။

**အနိစ္စသညာ။** ။ အနိစ္စသညာ ဆိုသည်ကား အလုံးစုံသော တေဘုမ္မကတရားတို့၌ မြဲ၏ဟု ထင်မှတ်စွဲလမ်း မှတ်မှား၍နေသော နိစ္စသညာကိုခွါ၍ ထက်သန်သော ဝိပဿနာဉာဏ်ဖြင့် ပွားများအပ်သော အနိစ္စသညာကို ဆိုသည်။ ထိုအနိစ္စသညာသည်သာလျှင် ဝဋ္ဋဒုက္ခမှ ကင်းငြိမ်းခြင်း ဝဋ္ဋဒုက္ခပြတ်ခြင်းငှါ အနီးဆုံးသော တရားဖြစ်၏၊ ထိုကြောင့် ဝဋ္ဋဒုက္ခမှ ငြိမ်းခြင်းတည်းဟူသော အကျိုးထူးကိုရည်၍ အနိစ္စသညာကို ဝေလာမသုတ္တန်၌ ဟောတော်မူအပ်သော ဒါနစသည်တို့ထက် အကျိုးကြီးမြတ်ကြောင်း အထွဋ်အထိပ်ဖြစ်ကြောင်းကို ဟောကြားတော်မူသည်။

**ဒက္ခိဏေယျ ၈ -ပါး။** ။ ထိုမှတစ်ပါး ဆိုဖွယ်ရှိပြန်သည်ကား အတုမရှိမြတ်သော အလှူကို ခံထိုက်သော ဒက္ခိဏေယျပုဂ္ဂိုလ်တို့သည် ရှစ်ပါးရှိကုန်၏၊ ရှစ်ပါးဟူသည်ကား အရဟတ္တဖိုလ်၌ တည်သောပုဂ္ဂိုလ်, အရဟတ္တမဂ်၌ တည်သောပုဂ္ဂိုလ်, အနာဂါမိဖိုလ်၌ တည်သောပုဂ္ဂိုလ်, အနာဂါမိမဂ်၌ တည်သောပုဂ္ဂိုလ်, သကဒါဂါမိဖိုလ်၌ တည်သောပုဂ္ဂိုလ်, သကဒါမိမဂ်၌ တည်သောပုဂ္ဂိုလ်, သောတာပတ္တိဖိုလ်၌ တည်သောပုဂ္ဂိုလ်, သောတာပတ္တိမဂ်၌ တည်သောပုဂ္ဂိုလ် ဤရှစ်ပါးတို့တည်း။

ထိုရှစ်ပါးတို့တွင် အရဟတ္တဖိုလ်၌တည်သော ပုဂ္ဂိုလ်သည် အမြတ်ဆုံး အလွန်အကဲဆုံးဖြစ်၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်ကို အရဟာ ဟူ၍ဆိုအပ်၏။ မြတ်စွာ

www.dhammaransi.com



ဘုရားသည်လည်း ထိုအရဟတ္တဖိုလ်ပုဂ္ဂိုလ် အရဟာပုဂ္ဂိုလ်၌ အကျုံးဝင်၍နေ၏၊ ထိုကြောင့် မြတ်စွာဘုရားကိုလည်း အရဟာဟူ၍လည်းကောင်း, အရဟံဟူ၍ လည်းကောင်း ဆိုအပ်၏။ အရဟာဟူသောပုဒ်နှင့် စပ်လျဉ်း၍ မြတ်သော အလှူကို ခံထိုက်သော အနက်အားဖြင့်ဆိုလျှင် ထိုအရဟာဟူသောပုဒ်သည် ကိလေသာ ကုန်ခန်းပြီးသော ပုဂ္ဂိုလ်ဟူသမျှတို့နှင့် အလုံးစုံ မခြားမနား ဆက်ဆံ၍နေ၏။

မြတ်စွာဘုရားကိုလည်း အရဟ, ရဟန္တာပုဂ္ဂိုလ်တို့အားလည်း အရဟာဟူ၍ အတုအမှ ဆိုထိုက်သည် ဟူ၍ ဆိုလိုသည်။

ဤမြတ်စွာဘုရား၏ ဂုဏ်ကိုပြဆိုသောအရာ၌မူကား အရဟာဟူသော ပုဒ်နှင့် စပ်လျဉ်း၍ ရဟန္တာတို့နှင့် မစပ်ဆိုင်စေပဲ ထူးခြား၍ သီးသန့်စွာ ဆိုခြင်းငှာ ထိုက်ပေသည်၊ အဘယ်သို့ဆိုမည်နည်း ---

အနုတ္တရံ ဓမ္မစက္ကဉ္စ အာဏာစက္ကဉ္စ ပဝတ္တေတုံ
အရဟတီတိ အရဟံ။

အနုတ္တရံ=အတုမရှိသော၊ ဓမ္မစက္ကဉ္စ=တရားစက်ကိုလည်းကောင်း၊ အာဏာစက္ကဉ္စ=အာဏာစက်ကိုလည်းကောင်း၊ ပဝတ္တေတုံ=လည်စေခြင်းငှါ၊ အရဟတိ=ထိုက်၏၊ ဣတိတသ္မာ=ထိုကြောင့်၊ အရဟံ=အရဟမည်တော်မူ၏။

အတုမရှိသော ဓမ္မစက် အာဏာစက်တို့ကို လည်စေခြင်းငှါ ထိုက်သောကြောင့် အရဟံဟူ၍ ဆိုအပ်သည်ဟုလို၊

ဓမ္မစက်ဟူသည် အဘယ်နည်း။ ။မြတ်စွာဘုရားသည် အလုံးစုံ သိသင့် သိထိုက် သမျှသော ဉေယျဓမ်တရားတို့ကို အကြွင်းမဲ့ သိမြင်တော်မူပြီးသည်၏အဖြစ်ကြောင့် ထိုတရားတို့ကို ဟောပြော ဖြန့်ချိတော် မူခြင်းကိစ္စ၌ နုံ့နှေးခြင်းကို မဖြစ်စေပဲ အလိုရှိသမျှ စက်လှည့်၍ ဟောတော်မူ စွမ်းနိုင်သော ဒေသနာဉာဏ်သည် ဓမ္မစက် မည်၏၊ ထိုဓမ္မစက်ကို လည်အောင် လှည့်တော်မူခြင်းငှါ စွမ်းနိုင်တော်မူသော သတ္တိကြောင့် အရဟံ မည်တော်မူ၏၊ အဘယ့်ကြောင့် ဓမ္မစက်ကို လှည့်ခြင်းငှာ ထိုက်သည်ဟု ဆိုရသနည်း၊ မြတ်စွာ ဘုရား ဟောကြားတော်မူအပ်သော တရားစက်ကို တရားအချက်တို့ကို တစ်ပါး သောပုဂ္ဂိုလ်တို့သည် ဆန့်ကျင်ဖက်ပြု၍ လည်စေခြင်းငှာ မစွမ်းနိုင်၊ မြတ်စွာ ဘုရား တရားစက်လှည့်၍ ထားသည်ကို တစ်ပါးသောပုဂ္ဂိုလ်တို့သည် တစ်နည်းတစ်ဖုံ အားဖြင့် တီထွင်၍ လှည့်နိုင်ဖွယ်ရာ အကြောင်းမရှိ၊ မြတ်စွာဘုရား၏ တရားစက် လှည့်ပြီးသော အတိုင်းသာလျှင် နေရာတကျ ပြည့်စုံလုံလောက်ပြီးဖြစ်၍ ထည့်စွက်

www.dhammaransi.com



ပြင်ဆင်ဘွယ် မရှိချေ၊ ထို့ကြောင့် **မြတ်စွာဘုရားသာလျှင်** တရားစက်ကို လှည့်တော်မူထိုက်သည်ဟူ၍ ဆိုရလေသည်။

ထို့ကြောင့် ဓမ္မစက္ကပဝတ္တနသုတ်၌ ---

ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ, ဗြာဟ္မဏေန ဝါ, ဒေဝေန ဝါ, မာရေန ဝါ, ဗြဟ္မုနာ ဝါ, ကေနစိ ဝါ, လောကသ္မိံ။

ဟူ၍ဟောတော်မူသည်။

ဘဂဝတာ=မြတ်စွာဘုရားသည်၊ ဗာရာဏသိယံ=ဗာရာဏသီပြည်၌၊ ဣသိပတနေ=ဣသိပတန အမည်ရှိသော၊ မိဂဒါယေ=မိဂဒါအမည် ရှိသော တောအုပ်၌၊ သမဏေန ဝါ=ရဟန်းသည်လည်းကောင်း၊ ဗြာဟ္မဏေန ဝါ=ပုဏ္ဏားသည်လည်းကောင်း၊ ဒေဝေန ဝါ=နတ်သည်လည်းကောင်း၊ မာရေန ဝါ=မာရ်နတ်သည်လည်းကောင်း၊ ဗြဟ္မုနာ ဝါ=ဗြဟ္မာသည်လည်းကောင်း၊ လောကသ္မိံ=လောက၌၊ ကေနစိ ဝါ=တစ်စုံတစ်ယောက်သော သူသည်လည်းကောင်း၊ အနုတ္တရံ=အတုမရှိသော၊ အပ္ပဋိဝတ္တိယံ=ဆုတ်နစ်ခုခံ ကန့်ကွက်ခြင်းငှာ မစွမ်းနိုင်သော၊ ဧတံ ဓမ္မစက္ကံ=ဤဓမ္မစကြာတရားတော်ကို၊ ပဝတ္တိတံ=လည်စေတော်မူအပ်သည်၊ [လှည့်အပ်သည်]၊ ဟောတိ=ဖြစ်၏။

**ဓမ္မစက္ကပဝတ္တန ॥** ။ဓမ္မစက်ကို လည်စေတော်မူရာ၌ တစ်ပါးသော ပုဂ္ဂိုလ်တို့ ခုခံကန့်ကွက်ခြင်းငှာ မတတ်နိုင်ပုံကို ဤသို့သိအပ်၏၊ မြတ်စွာဘုရားသည် ထိုဓမ္မစက္ကသုတ်၌ ဟောတော်မူအပ်ကုန်သော အရိယသစ္စာလေးပါးတို့ကိုလည်းကောင်း, ထိုမှ တစ်ပါးသော သုတ္တန်, အဘိဓမ္မာတို့၌ ဟောတော်မူအပ်ကုန်သော ကုသိုလ်, အကုသိုလ် စသောတရားတို့ကိုလည်းကောင်း, သတိပဋ္ဌာန်, သမ္မပ္ပဓာန်စသော တရားတို့ကိုလည်းကောင်း, မသင့်ဟူ၍ ပယ်ရှားတွန်းလှန်ပြီးလျှင် မြတ်စွာဘုရား ဟောကြားတော်မူအပ်သည်မှ တစ်ပါး သော အရိယာသစ္စာမျိုးတို့ကိုလည်းကောင်း, ကုသိုလ်, အကုသိုလ် စသည်တို့ကိုလည်းကောင်း, သတိပဋ္ဌာန်, သမ္မပ္ပဓာန် စသည်တို့ကိုလည်းကောင်း, တစ်နည်းတစ်လမ်း တစ်မျိုးတစ်ဖုံအားဖြင့် ဟောကြား ထုံးဖွဲ့ခြင်းငှါ ပြုစွမ်းနိုင်သော ပုဂ္ဂိုလ်ဟူ၍ လောက၌ တစ်စုံတစ်ယောက်မျှ မရှိ၊ မြတ်စွာဘုရား ဟောတော်မူအပ် လည်စေတော်မူအပ်သော တရားစက်ကို ခုခံတွန်းလှန်ခြင်းငှါ မတတ်နိုင်ရုံမျှသာ

www.dhammaransi.com



မဟုတ်သေး၊ စင်စစ်မူကား ထိုမြတ်စွာဘုရား လည်စေတော်မူအပ် လှည့်အပ်သော တရားစက်သည် ကြီးမားသော တန်ခိုးနှင့်လည်း ပြည့်စုံ၏၊ ကြီးမားသော အရှိန်အဟော် အာနုဘော်နှင့်လည်း ပြည့်စုံ၏၊ တရားစက်၏ တန်ခိုးကြီးပုံကို ဓမ္မစကြာဒေသနာတော်ကို ဟောတော်မူ၍ ကြားနာကြရသည်၏အဆုံး၌ မရေ မတွက်နိုင်သော အသင်္ချေယျ သတ္တဝါတို့၏ အပါယ်ဘေးစသော ဝဋ်ဒုက္ခတို့မှ ကျွတ်လွတ်ခြင်းဖြင့် သိအပ်၏၊ ဓမ္မစကြာသုတ်ကို ဟောကြားတော်မူသည်၏အဆုံး၌ တစ်သောင်းသော စကြဝဠာ လောကဓာတ်ကြီး တုန်လှုပ်ခြင်း၏ အစွမ်းအားဖြင့် သိအပ်၏၊ ဤသို့လျှင် အတုမရှိသော တရားစက်ကို လည်စေတော်မူခြင်းငှါ ထိုက်သည်၏အဖြစ်ကြောင့် အရဟံ မည်တော်မူသည် ဟူ၍ သိအပ်၏။

စကြာမင်း ၂-မျိုး။ ။လောက၌ စကြာကို လည်စေနိုင်သော မင်းကို စကြဝတေး, စက္ကဝတ္တိမင်း ဟူ၍ ခေါ်ဆို သမုတ်ကြ၏၊ ထိုစကြာမင်းသည် ရတနာစကြာမင်း, တရားစကြာ မင်း ဟူ၍ နှစ်မျိုးရှိ၏၊ ရတနာခုနစ်ပါးနှင့်ပြည့်စုံသော လောကီစကြာမင်းသည် ပုံတောင်းရတနာယာဉ်စကြာကို လည်စေ၍ ထိုထိုအရပ်ဌာနသို့ အပိတ်မပင် အခုအခံမရှိ သွားလာလှည့်ပတ်နိုင်သောကြောင့်"စက္ကဝတ္တိ စကြဝတေးမင်း" ဟူသော ဘွဲ့ထူးကို ရရှိလေသည်၊ လောကုတ္တရာ စကြာမင်းတည်းဟူသောဘုရားသည်ကား တရားစကြာကို လည်စေတော်မူ၍ မည်သူတစ်ဦးတစ်ယောက်မျှ အခုအခံ အပိတ်အပင်မရှိပဲ ဟောကြားတော်မူနိုင်သောကြောင့် "စက္ကဝတ္တိ တရားစကြာမင်း" ဟူသော ဘွဲ့ထူးကို ခံယူတော်မူလေသည်။

"လောကီစကြာမင်း" ဟူသောဘွဲ့ကို ဒုလ္လဘအမျိုးမဟုတ်သောကြောင့် ရလွယ်၏၊ လောကုတ္တရာ တရားစကြာမင်းကြီးတည်းဟူသော ဘွဲ့ထူးကိုမူကား ဒုလ္လဘမျိုးဖြစ်သောကြောင့် ရနိုင်ခဲလေသည်၊ မြတ်စွာဘုရားသည်ကား သိဒ္ဓတ္ထကုမာရမင်းသားဘဝတွင် တောထွက်တော်မမူပဲ ထီးနန်းစည်းစိမ်နှင့်သာ စံပျော်၍ နေတော်မူပါလျှင် ရတနာ ၇-ပါးနှင့် ပြည့်စုံသော လောကီစကြဝတေး မင်းကြီးဖြစ်မည်မှာ ဧကန်မုချတည်း၊ တောထွက်တော်မမူပဲ ၇-ရက်မျှ ဆိုင်းလင့်တော်မူပါလျှင် စကြာပုံတောင်း ရောက်၍ စကြာမင်းကြီးဖြစ်တော့မည်၊ သို့ရာတွင် လောကီစကြာမင်း အဖြစ်ကို ယုတ်ညံ့ အောက်ကျသည်ဟူ၍ ထင်မှတ်တော်မူသောကြောင့် ထိုလောကီစကြာမင်း၏စည်းစိမ်ဖြင့် တင်းတိမ်ရောင့်ရဲတော်မမူနိုင်ပဲ တံတွေးပေါက်ကဲ့သို့ စွန့်ခွါတော်မူပြီးလျှင် တောထွက်၍ ကျင့်ကြံကြိုး စားတော်မူရာ တရား

www.dhammaransi.com



စကြာကို လှည့်တော်မူသော စကြာဓမ္မရာဇ်မင်း အဖြစ်သို့ ရောက်တော်မူလေသည်၊ မြတ်စွာဘုရားကိုယ်တော်တိုင် တရားစကြာမင်းကြီး ဖြစ်သည်ဟူ၍ ဝန်ခံတော်မူသော ဒေသနာလည်း ရှိ၏။

[ထိုအကြောင်းကို အောက်၌ ဖော်ပြလတ္တံ့သော သုတ္တနိပါတ်လာ သေလသုတ္တန် ဒေသနာဖြင့် သိအပ်လေသည်။]

သေလပုဏ္ဏား အမေး။ ။ဗေဒင် သုံးပုံတို့၌ တစ်ဖက်ကမ်းရောက်၍ သဒ္ဒါကျမ်း အလင်္ကာကျမ်း စသော ကျမ်းတို့ကို တတ်ကျွမ်းမြင်သိ၍ ပဏ္ဍိတကြီး တစ်ပါးဖြစ်သော သေလပုဏ္ဏားကြီးသည် မြတ်စွာဘုရားကို ဖူးတွေ့ရသောအခါ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်တို့ကို မြင်သည်ရှိသော် သူ၏စိတ်မှာ စကြာမင်းကြီး ဖြစ်ထိုက်ပါလျက် စကြာမင်းကြီး မဖြစ်ပဲ ရဟန်းဖြစ်၍နေသည်ကို လောကီမျက်စိဖြင့်ကြည့်၍ အားမရပဲရှိသည်နှင့် အောက်၌ပါသော ဂါထာတို့ဖြင့် မြတ်စွာဘုရားကို လျှောက်ထားလေ၏။

၁။ ရာဇာ အရဟသိ ဘဝိတုံ၊ စက္ကဝတ္တိ ရထေသဘော။
စာတုရန္တော ဝိဇိတာဝီ၊ ဇမ္ဗုမဏ္ဍဿ ဣဿရော။

၂။ ခတ္တိယာ ဘောဂိရာဇာနော၊ အနုယန္တာ ဘဝန္တု တေ။
ရာဇာဘိရာဇာ မနုဇိန္ဒော၊ ရဇ္ဇံ ကာရေဟိ ဂေါတမ။

၁။ ဂေါတမ=ဂေါတမနွယ်ဖွား မြတ်ဘုရား၊ တွံ=ရှင်ပင်မြတ်ဘုရားသည်၊ ရထေသဘော=ရထားစီးချင်း မင်းတကာတို့ထက် မြတ်တော်မူသော၊ စာတုရန္တော ဝိဇိတာဝီ=သမုဒ္ဒရာလေးတန်ဖြင့် ဝန်းရံအပ်သော မြေအပြင်၌ အောင်မြင်ပြီးသော ရန်သူရှိတော်မူသော၊ ဇမ္ဗုမဏ္ဍဿ=ဇမ္ဗူမဏ္ဍလင် ကျွန်းအပြင်ကို၊ ဣဿရော= အစိုးရသော၊ စက္ကဝတ္တိရာဇာ=စကြဝတေးမင်းကြီးသည်၊ ဘဝိတုံ=ဖြစ်ခြင်းငှါ၊ အရဟသိ=ထိုက်တော်မူ၏။

၂။ ခတ္တိယာ=ခတ္တိယအမျိုး၌ ဖြစ်ကြကုန်သော၊ ဘောဂိရာဇာနော= ပြည်ငယ်တိုင်းစား မင်းအများတို့သည်၊ တေ= အရှင်မြတ်၏၊ အနုယန္တာ=စကြာလှည့်ရာ နောက်တော်ပါကြကုန်သည်၊ ဘဝန္တု= ဖြစ်စေကုန်လော့၊ ဂေါတမ=ဂေါတမနွယ်ဖွား မြတ်စွာဘုရား၊ တွံ=ရှင်ပင်ဘုရားသည်၊ မနုဇိန္ဒော=လူကိုအစိုးရသော၊ ရာဇာဘိရာဇာ=စကြာသနင်း မင်းထက်မင်းသည်၊ ဟုတွာ=ဖြစ်၍၊ ရဇ္ဇံ=မင်းအဖြစ်ကို၊ ကာရေဟိ=ပြုစေတော်မူပါလော့။

www.dhammaransi.com



**ဘုရားရှင် အဖြေ။** ။ဤသို့ သေလပုဏ္ဏားက စကြာမင်းကြီးဖြစ် ထိုက်သည့် အတိုင်း ဇမ္ဗူဒီပါကျွန်းအပြင်၌ စကြာမင်းကြီး ပြု တော်မူပါဟူ၍ လျှောက်ထားရာတွင် အောက်၌ပါသော ဂါထာဖြင့် .တရား စကြာမင်းကြီး ဖြစ်ကြောင်းကို ဝန်ခံတော်မူသည်။

ရာဇာဟ မသ္မိ သေလ၊ ဓမ္မရာဇာ အနုတ္တရော။
ဓမ္မေန စက္ကံ ဝတ္တေမိ၊ လောကေ အပ္ပဋိဝတ္တိယံ။

သေလ=အိုသေလပုဏ္ဏား၊ အဟံ=ငါသည်တမူကား၊ ရာဇာ=ဘုံသုံးပြင်ဝယ် ပြိုင်ယှဉ်ခြင်း ကင်းတော်မူသော မင်းထွဋ်မင်းဖျားသည်၊ အသ္မိ=ဖြစ်တော်မူ၏၊ အနုတ္တရော=အတုမရှိသော၊ ဓမ္မရာဇာ=တရား စကြာမင်းကြီးပေတည်း၊ လောကေ= လောက၌၊ အပ္ပဋိဝတ္တိယံ=ပုဂ္ဂိုလ်တစ်ပါးတို့ ပြန်၍လည်ခြင်းငှါ မစွမ်းနိုင်သော၊ စက္ကံ=စက်ကို၊ ဓမ္မေန=တရားဖြင့်၊ ဝတ္တေမိ=လည်စေတော်မူ၏။

[ပြဆိုခဲ့ပြီးသော စကားရပ်ဖြင့် တရားစက်ကို လည်စေခြင်းငှါ ထိုက်သောကြောင့် အရဟံ, မည်ကြောင်းကို သိရာ၏။]

**အာဏာစက်။** ။အာဏာစက်ကို လည်စေတော်မူခြင်းငှါ ထိုက်သည်၏ အဖြစ်ကြောင့်လည်း အရဟံမည်တော်မူသည်၊ အာဏာ စက်ဟူသည် အဘယ်နည်း။ မကြံစည်အပ်သော တန်ခိုးအာနုဘော် အတိုင်း မသိသောဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသည်၏အဖြစ်ကြောင့် တရားစကြာ မင်းကြီး၏ အရိပ်ကိုခိုလှုံ၍ နေကြကုန်သော သီတင်းသုံးဖော်ငါးဦးတို့အား သိက္ခာပုဒ်တော်ကို ပညတ်တော်မူရာ၌ မိုးကြိုးသွားကျဘိသကဲ့သို့၊ သူတစ်ပါးတို့ တားမြစ်ခုခံခြင်းငှါ မစွမ်းနိုင်သော အာဏာတော်နှုံမှု, ပညတ်ချက်ထားမှုများသည် အာဏာ စက်မည်၏။ ထိုအာဏာစက်ကို တစ်စုံတစ်ဦးသော ရဟန်းသည်လည်း ကောင်း, ပုဏ္ဏားသည်လည်းကောင်း, နတ်သည်လည်းကောင်း, မာရ်မင်းသည် လည်းကောင်း, ဗြဟ္မာမင်းသည်လည်းကောင်း, လောက၌ တစ်စုံတစ်ဦးသော ပုဂ္ဂိုလ်သည်လည်းကောင်း တားမြစ်ဆီးဟန့် ခုခံခြင်းငှါ မတတ်ကောင်း၊ ထို စကားမှန်၏၊ မြတ်စွာဘုရား၏ အာဏာစက်သည် ဆုတ်နစ်ခြင်း, ပြန်၍လည်ခြင်း သဘောမရှိ၊ အစဉ်အတိုင်း လည်တတ်သောသဘောရှိ၏။ ထိုအာဏာစက်ကို လည်စေခြင်းငှါ ထိုက်တော်မူသောကြောင့် အရဟံ မည်တော်မူသည်။

**အာဏာစက် တရားကို။** ။ အာဏာစက် ဆိုသည်ကား ဝိနယဒေသနာပေတည်း၊

www.dhammaransi.com



ထို ဝိနည်းပိဋကတ်ကို အာဏာဒေသနာဟူ၍လည်း ဆို၏။ ထိုဝိနည်း ဒေသနာတည်းဟူသော အာဏာစက်ကို မြတ်စွာဘုရားမှတစ်ပါး ပစ္စေကဗုဒ္ဓါသော်လည်းကောင်း, ရှင်သာရိပုတ္တရာစသော သာဝကတို့သော်လည်း ကောင်း, လောက၌ တစ်စုံတစ်ဦးသော ပုဂ္ဂိုလ်သည်လည်းကောင်း လည်စေခြင်းငှါ မတတ်နိုင်၊ ပညတ်ခြင်းငှါ မတတ်နိုင်၊ ပညတ်ခြင်းငှါ (မထိုက်ဟူ၍ ဆိုလိုသည်)၊ ပညတ်ခြင်းငှါ မတတ်နိုင်ရုံမျှသာ မဟုတ်သေး၊ ပညတ်တော်မူအပ်သော လည်စေတော်မူအပ်သော အာဏာစက်များကို ပယ်ရှားခုခံ၍ နေခြင်းငှါလည်း တစ်စုံ တစ်ယောက်မျှ မတတ်နိုင်၊ မြတ်စွာဘုရား လည်စေတော်မူအပ်သောအတိုင်း ပညတ်တော်မူအပ်သောအတိုင်းသာလျှင် မှတ်သားလိုက်နာ ကျင့်ကြံရကုန်၏။

**ထင်ရှားစေချက်။** ။ထိုစကားကို ထင်ရှားစွာပြဆိုဦးအံ့။ မြတ်စွာဘုရားသည် ဝိနည်းပိဋကတ်၌ ပညတ်တော်မူအပ်သော သိက္ခာပုဒ်တော်များကို ကျင့်ကြံအားထုတ်သော ရဟန်းအား သီလနှင့်ပြည့်စုံခြင်းတည်းဟူသော သီလသမ္ပဒါဖြစ်၏ ထိုသို့ သီလသမ္ပဒါ ဖြစ်ခြင်းသည် ဝိနည်းပညတ်တော်နှင့် ညီစွာကျင့်ကြံ အားထုတ်တော်မူကြသော ရဟန်းတို့၏ မျက်မှောက်ဘဝ၌ မိမိကိုယ်တိုင် စိတ်ကြည်လင်စွာနှင့် မိမိကိုယ်ကိုမိမိ ကြည်ညိုနိုင်ခြင်း, မိမိကိုယ်ကို မိမိ မစွပ်စွဲရခြင်း တည်းဟူသော အတ္တာနုဝါဒဘေးမှ ကင်းလွတ်ခြင်း, သူတစ်ပါးတို့ အစွပ်စွဲခံရခြင်းဟူသော ပရာနုဝါဒဘေးမှ ကင်းလွတ်ခြင်း, မျက်မှောက်ဒိဋ္ဌ နတ်လူတို့၏ အကြည်ညိုကိုခံရခြင်း သေသည်မှနောက်ဖြစ်သော တမလွန် လောက၌ သုဂတိဘဝသို့ လားရခြင်း စသောအကျိုးတို့ကို ခံစားရခြင်းဖြင့် ထင်ရှား၏။ ဝိနည်းပညတ်တော်များကို ကောင်းမွန်ညီညွတ်စွာ မကျင့်ကြံ ဖောက်ဖောက်ပြန်ပြန် ကျင့်သောရဟန်းအား မျက်မှောက်ဘဝ၌ မဂ္ဂန္တရာယ်သင့်၍ ဂ်ဘဏ်တံခါး ပိတ်ခြင်း, သေလွန်သည်မှ နောက်ကာလ၌ သဂ္ဂန္တရာယ်သင့်၍ နတ်ပြည်တံခါးပိတ်ခြင်း, မိမိကိုယ်ကို မိမိ မကြည်ညိုနိုင်ခြင်း၊ မိမိကိုယ်ကို မိမိ စွပ်စွဲခံရခြင်း တည်းဟူသော အတ္တာနုဝါဒဘေးကြီးသင့်ခြင်း, သူတစ်ပါးတို့ စွပ်စွဲခံရခြင်း တည်းဟူသော ပရာနုဝါဒဘေးကြီးသင့်ရောက်ခြင်း, နတ်လူတို့ မကြည်ညို မုန်းထားခံရခြင်းစသော အကျိုးယုတ်တို့နှင့် တွေ့ကြုံခြင်း စသည်တို့ဖြင့် ထင်ရှား၏။

ထိုသို့ဖြစ်ရခြင်းမှာ မြတ်စွာဘုရားသခင်၏ အာဏာစက်ကို လည်စေ တော်မူခြင်းငှါထိုက်သော ဂုဏ်တော်အထူးကြောင့်ဖြစ်သည်၊ မြတ်စွာဘုရား

www.dhammaransi.com



လည်စေတော်မူအပ်သော အာဏာစက်ဒေသနာ၌ သီလပျက်စီး၍ အာပတ်သင့်ရောက်မှုများကို ပယ်ရှားတွန်းလှန်၍ မြတ်စွာဘုရား ပညတ်တော်မူအပ်သည်မှ တစ်ပါးသော သီလပြည့်စုံမှု, သီလပျက်စီး၍ အာပတ်သင့်ရောက်မှုများကို တစ်နည်းတစ်လမ်းအားဖြင့် ကြံဖန်တီထွင်၍ ပညတ်ခြင်းငှါ အာဏာစက်ကို လှည့်ခြင်းငှါ စွမ်းနိုင်သော ပုဂ္ဂိုလ်ဟူ၍ လောက၌ တစ်စုံတစ်ယောက်မျှ မရှိချေ။

ဥပမာ---သေးငယ်သော သေခိယသိက္ခာပုဒ် 'ဩက္ခိတ္တစက္ခု အန္တရဃရေ ဂမိဿာမီတိ သိက္ခာကရဏီယာ' ဟူသော ပညတ်ချက်ဖြင့် ရွာတွင်းမှာ မျက်လွှာချ၍ သွားရမည်ဟူသော အာဏာစက်ကို ဖီဆန်ငြင်းပယ်၍ ရွာတွင်းမှာ မျက်လွှာမချပဲ မော့၍သွားရမည်ဟု ပညတ်လျှင် ထိုသို့ သွားခြင်းတည်းဟူသော အကြောင်းကြောင့် မျက်မှောက်ပစ္စက္ခ တမလွန်လောကတို့၌ များစွာသော အပြစ်သင့်ခြင်းတို့နှင့် တွေ့ကြုံရလိမ့်မည် ဖြစ်၏၊ သို့ဖြစ်၍ မြတ်စွာဘုရား လှည့်တော်မူပြီးသော အာဏာစက်များကို သဗ္ဗညုတဉာဏ်တော်နှင့် ချင့်ချိန်၍ နေရာတကျ သင့်လျော်စွာ လှည့်၍ထားပြီး ဖြစ်သောကြောင့် ထိုအာဏာစက်များကို တစ်နည်းတစ်ဖုံအားဖြင့် လှည့်ခြင်းငှါမထိုက်၊ လှည့်နိုင်သော ပုဂ္ဂိုလ်ဟူ၍လည်း မရှိချေ၊ မြတ်စွာဘုရား၏အာဏာစက်ကို ခုခံတွန်းလှန်ခြင်းငှါ မစွမ်းနိုင်ရုံမျှသာ မဟုတ်သေး၊ စင်စစ်မူကား ထိုအာဏာစက်သည် အလွန်ကြီးသော တန်ခိုးလည်းရှိ၏၊ ကြီးမားသော အရှိန်တေဇော် အာနုဘော်ရှိသည်လည်း ဖြစ်၏၊ ထိုအာဏာစက် ဒေသနာတော်၏ တန်ခိုးကြီးကျယ်ပုံသည် ဝိနည်းပိဋကတ်တော်၌ ပညတ်တော်မူအပ်ကုန်သော သိက္ခာပုဒ်တို့ကို ကောင်းစွာကျင့်ကြံတော်မူကြကုန်သော ရဟန်းတော်အရှင်မြတ်တို့၏ သီလက္ခန္ဓဟုဆိုအပ်သော သီလမြတ်နှင့် ပြည့်စုံခြင်းအားဖြင့် ထင်ရှား၏၊ အရှိန်တေဇော် အာနုဘော် ကြီးကျယ်ပုံသည် ဝိနည်းသိက္ခာပုဒ်တော်ကို ကျင့်ဆောင်တော်မူကြသော ရဟန်းတော် အရှင်မြတ် အစဉ်အဆက်တို့၏ တစ်လောကလုံးမှာ အတုမရှိသော ကောင်းမှု၏ စိုက်ပျိုးရာ လယ်တာမြေကောင်းကြီးများ သဖွယ်ဖြစ်ခြင်းအားဖြင့် ထင်ရှား၏။

**ဤသို့လျှင် မြတ်စွာဘုရားသည် တရားစက်ကို လည်စေတော်မူခြင်းငှါ ထိုက်သည်၏ အဖြစ်ကြောင့် အရဟံ မည်တော်မူသတည်း။**

**အာဏာစက် လှည့်ခြင်း။** ။ထိုမှတစ်ပါး ဝိနည်းပိဋကတ် မဟာဝါ ပါဠိတော်၌လည်းကောင်း, စူဠဝါပါဠိတော်၌လည်းကောင်း ပဗ္ဗဇ္ဇခန္ဓကအစရှိသော နှစ်ဆယ့်နှစ်ပါးသော ခန္ဓကတို့၌

www.dhammaransi.com



ရှင်သာမဏေပြုမှု ပဗ္ဗဇ္ဇကမ္မ, ရဟန်းခံမှု ဥပသမ္ပဒကမ္မ, သိမ်သမုတ်ပြုမှု သီမာသမ္မုတိကမ္မအစရှိသော ဝိနည်းကံတို့ကိုလည်းကောင်း, ဥပဇ္ဈာယ်၌ပြုအပ်သောဝတ်, ဆရာ၌ပြုအပ်သော ဝတ်အစရှိကုန်သော အာဘိသမာစာရိကကျင့်ဝတ်, သီလတို့ကိုလည်းကောင်း ပညတ်တော်မူအပ်ကုန်၏၊ ထိုကံကြီး, ကံငယ်, ဝတ်ကြီး, ဝတ်ငယ်တို့သည်လည်း မြတ်စွာဘုရား၏ အာဏာစက်၏ အစွမ်းအားဖြင့်မြတ်သော ကံကြီး, ကံငယ်, မြတ်သောဝတ်ကြီး, ဝတ်ငယ်တို့သာလျှင်ဖြစ်ကုန်၏၊ ဤကံကြီး, ကံငယ်, ဝတ်ကြီး, ဝတ်ငယ်တို့ကို ပညတ်ခြင်းအမှုသည်လည်း အာဏာစက်ကို လှည့်တော်မူခြင်းပင်ဖြစ်၏။

**ဧဟိဘိက္ခုနှင့် သံဃာဂုဏ်။** ။ထိုမှတစ်ပါး ဧဟိဘိက္ခု ခေါ်သဖြင့် ရဟန်းအဖြစ်သို့ ရောက်ခြင်း, သရဏဂုံသို့ ကပ်သဖြင့် ရဟန်းအဖြစ်သို့ရောက်ခြင်း အစရှိကုန်သော ရဟန်းအဖြစ်သို့ရောက်ကြောင်း ဥပသမ္ပဒကံ ရှစ်မျိုးတို့တွင် အချို့သောပုဂ္ဂိုလ်တို့သည် "**ဧဟိ ဘိက္ခုတိ ဘဂဝါ အဝေါစ၊ သွာက္ခာတော မယာ ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာဒုက္ခဿ အန္တကိရိယာယ**=အိုရဟန်း လာလော့ ငါဘုရားသည် တရားကိုကောင်းစွာ ဟောတော်မူအပ်ပြီ၊ ဝဋ်ဆင်းရဲ၏အဆုံးကို ကောင်းစွာပြုခြင်းငှါ မြတ်သောအကျင့်ကို ကျင့်လော့" ဤသို့ မြွက်ဆိုတော်မူသော မြတ်စွာဘုရား၏ စကားတော်ဖြင့် ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်ကြလေကုန်၏၊ ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်ကြကုန်သည်ရှိသော် သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော, ဟူ၍ ဟောတော်မူအပ်ကုန်သော ရဟန်းတော်တို့၏ ဂုဏ်တော်ကိုးပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍သာလျှင် ရောက်ကြကုန်၏၊ သရဏဂုံဆောက်တည်ကာမျှဖြင့် ပဉ္စင်းအဖြစ်သို့ရောက်ရာ စသည်တို့၌လည်း ထို့အတူပင်တည်း၊ အာဏာစက်၏ အလုံးစုံသောအခြင်းအရာဖြင့် ကြီးကျယ်မြင့်မြတ်ပုံကို အလုံးစုံသော ဝိနည်းပိဋကတ်တော်ကြီးဖြင့် ကောင်းစွာထင်ရှားသိသာ၏။

**အာဏာစက်၏ အဆောက်အဦ။** ။ထိုအာဏာစက်၏ကြီးကျယ် မြင့်မြတ်ခြင်း ကောင်းစွာ ထင်ရှားသည်ရှိသော် ထိုအာဏာစက်၏ အဆောက်အဦတို့၏ ကြီးကျယ်မြင့်မြတ်ခြင်းသည်လည်း ထင်ရှား၏၊ ထိုအာဏာစက်၏ အဆောက်အဦသည်-

၁။ ရှေးရှေး၌ ဖြစ်သော အဆောက်အဦ,

၂။ ပစ္စုပ္ပန်၌ ဖြစ်သော အဆောက်အဦ,

www.dhammaransi.com



ဟူ၍ နှစ်ပါးရှိ၏၊ ထိုနှစ်ပါးတို့တွင် ဘုရားလောင်းအဖြစ်၌တည်၍ များစွာသော ဘဝကြီးငယ်တို့၌ ကမ္ဘာအစဉ်အဆက် ဖြည့်ဆည်းပူးတော်မူအပ်ကုန်သော အဆုံးမရှိ အတိုင်းမသိ များပြားကုန်သော ပါရမီတော်တို့သည် အာဏာစက်၏ ရှေးရှေးဖြစ်သော အကြောင်း အဆောက်အဦ မည်ကုန်၏။

ဘုရားအဖြစ်သို့ရောက်တော်မူ၍ ပြည့်စုံရရှိတော်မူအပ်ကုန်သော အဆုံးမရှိ အတိုင်းမသိ များပြားကုန်သော ဘုရားဂုဏ်တော်တို့သည် အာဏာစက်၏ ပစ္စုပ္ပန် အဆောက်အဦမည်ကုန်၏။

ထိုအဆောက်အဦ နှစ်ပါးတို့ကို ပြည့်စုံလုံလောက်စွာ တည်ထောင် ဆည်းပူး ရရှိတော်မူသောကြောင့်သာလျှင် အာဏာစက်ကို လည်စေတော်မူနိုင်၏၊ ထို အာဏာစက်သည်လည်း ကြီးကျယ်မြင့်မြတ်သော တန်ခိုးအာနုဘော်နှင့် ပြည့်စုံ တော်မူ၏။

**ဤသို့ဆိုခဲ့ပြီးသော စကားအစဉ်ဖြင့် အတုမရှိသော ဓမ္မစက် အာဏာစက်ကို လည်စေခြင်းငှါ ထိုက်တော်မူသောကြောင့် အရဟံမည်တော်မူပေသတည်း။**

**အရဟံ ဂုဏ်တော် အဖွင့်ပြီး၏**

---------*---------

## ၂။ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်

အဘိဓမ္မာပိဋကတ် ပုဂ္ဂလပညတ် ပါဠိတော်၌-

> ကတမော ပုဂ္ဂလော သမ္မာသမ္ဗုဒ္ဓေါ၊ ယော သော ပုဂ္ဂလော ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု သာမံ သစ္စာနိ အဘိ သမ္ဗုဇ္ဈတိ၊ တတ္ထစ သဗ္ဗညုတံ ပတ္တော၊ ဗလေသုစ ဝသီ ဘာဝံ၊ အယံ ဝုစ္စတိ ပုဂ္ဂလော သမ္မာသမ္ဗုဒ္ဓေါ။

ကတမောပုဂ္ဂလော•အဘယ်မည်သော ပုဂ္ဂိုလ်သည်၊ သမ္မာသမ္ဗုဒ္ဓေါ• သမ္မာသမ္ဗုဒ္ဓမည်သနည်း၊ ယော သော ပုဂ္ဂလော•အကြင်ပုဂ္ဂိုလ်သည်၊ ပုဗ္ဗေ• ရှေးအခါ၌၊ အနနုဿုတေသု•မကြားဖူးကုန်သော၊ ဓမ္မေသု•တရားတို့၌၊ သာမံ• ကိုယ်တော်တိုင်၊ သစ္စာနိ•အရိယာသစ္စာလေးပါးတို့ကို၊ အဘိသမ္ဗုဇ္ဈတိ•ထိုးထွင်း၍ သိတော်မူ၏၊ တတ္ထစ•ထိုရှေးက မကြားဖူးကုန်သော တရားတို့၌လည်း၊ သဗ္ဗညုတံ•

အလုံးစုံသိသော သဗ္ဗညုဘုရားအဖြစ်သို့ ပတ္တော=ရောက်တော်မူ၍၊ ဗလေသုစ= အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါးတို့၌လည်း၊ ဝသီဘာဝံ=အစိုးရသည်၏ အဖြစ်သို့ ပတ္တော=ရောက်တော်မူ၍၊ အယံပုဂ္ဂလော=ဤပုဂ္ဂိုလ်ကို၊ သမ္မာသမ္ဗုဒ္ဓေါ= သမ္မာသမ္ဗုဒ္ဓဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏။

**သမ္မာသမ္ဗုဒ္ဓ**---ဆိုလိုရင်း အဓိပ္ပါယ်မှာ အဘယ်ပုဂ္ဂိုလ်သည် သမ္မာသမ္ဗုဒ္ဓ မည်သနည်း၊ အကြင်ပုဂ္ဂိုလ်သည် ရှေးကမကြားဖူး မသိဖူးကုန်သော အလုံးစုံသော ပရမတ္ထတရားတို့၌ သစ္စာလေးပါးတို့ကို မည်သူတစ်ဦးမျှ ညွှန်ပြသည်မရှိ၊ မိမိ အလိုလို ကိုယ်ဇတော်တိုင် ထိုးထွင်း၍ သိတော်မူ၍၊ ထိုမကြားဖူးသော တရားတို့၌ အလုံးစုံ မကြွင်းမကျန်သိသော သဗ္ဗညုတာအဖြစ်သို့ ရောက်တော်မူ၍၊ အားတော် ဆယ်တန် ဉာဏ်တော်ဆယ်ပါးတို့၌ အလိုရှိတိုင်း အစိုးရခြင်းသို့ ရောက်တော်မူ၍၊ ဤပုဂ္ဂိုလ်ကို သမ္မာသမ္ဗုဒ္ဓ ဟူ၍ ဆိုအပ်၏။

**ပုဗ္ဗေ အနနုဿုတေသု။** ။အထက်ပါဠိတော်၌ **ပုဗ္ဗေ အနနုဿု တေသု** ဟူသောစကားဖြင့် အခြားသူကို မဆိုထားဘိ ဘုရားဖြစ်တော်မမူမီ, ဗောဓိမဏ္ဍိုင်၌ ထိုင်တော်မမူမီ အန္တိမဘဝိက ဘုရား အလောင်းတော် အရှင်မြတ်ကြီးပင်သော်လည်း ဥဒယျဗ်တရားတို့ကို ကြားရုံမျှ မကြားဖူးသေး၊ သိမည်မှာ ဝေးစွဟူ၍ ပြဆိုတော်မူသည်၊ အခြားသော ပုဂ္ဂိုလ်တို့မှာ မူကား ဆိုဖွယ်မရှိချေ။

**သယမ္ဘူ။** ။**သာမံ သစ္စာနိ အဘိသမ္ဗုဇ္ဈတိ** ဟူသော စကားဖြင့် အလွန် နက်နဲသော သစ္စာလေးပါးတရားတို့ကို ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူသည်၊ ထိုသို့သိရာ၌ ရဟန္တာသာဝကတို့ကဲ့သို့ မဟုတ်၊ သင်ပြသူဆရာကင်းလျက် မိမိနှီးရင်းအပ်သော ဉာဏ်ပညာအဟုန်အားဖြင့် ထိုးထွင်း၍သိကြောင်း သယမ္ဘူဖြစ်ကြောင်းကို ပြတော်မူသည်၊ သစ္စာလေးပါးတို့ကို ထိုးထွင်း၍သိ၏ဟု သစ္စာလေးပါးတို့ကို အလုံးစုံသော တရားတို့အထဲမှ အသီး ခွဲခြား၍ ပြခြင်းသည် အရဟတ္တမဂ်ဉာဏ်တော်ဖြင့်သိရာ၌ ထိုဉာဏ်တော်၏ အာရုံကိုပြခြင်းငှါ ကွက်ခြား၍ဆိုတော်မူသည်၊ သစ္စာလေးပါးတရားတို့ကို ဆရာမရှိ ကိုယ်တော်တိုင် သိတော်မူသဖြင့် လောကမှာ ပြိုင်ဖက်မရှိကြောင်း သစ္စာကို သိသောဉာဏ်တွင် ဆရာဟူ၍မရှိကြောင်းနှင့် မြတ်စွာဘုရားကိုယ်တော်တိုင် ဝန်ခံတော်မူချက်လည်း ရှိလေ၏။

www.dhammaransi.com



ဘုရားရှင်၌ ဆရာမရှိ။ ။အမြွက်သော်ကား မြတ်စွာဘုရားသည် ဗောဓိမဏ္ဍိုင်၌ ဘုရားအဖြစ်သို့ ရောက်တော်မူပြီး၍ သတ္တသတ္တာဟမှ ထွက်တော်မူသောအခါ ရဟန်းကြီး ဥပကနှင့်တွေ့သည်တွင် "ဥပက-က သင်၏ဆရာ အဘယ်သူပါနည်း" ဟူ၍မေးရာ အောက်၌ပါသော ဂါထာဖြင့် လောက၌ ငါ့အားဆရာ မရှိကြောင်း လောကတွင် ငါနှင့်ယှဉ်ပြိုင်ဖက် မရှိကြောင်းကို ခြင်္သေ့မင်းကဲ့သို့ ရဲတင်းစွာ မိန့်တော်မူသည်။

န မေ အာစရိယော အတ္ထိ၊ သဒိသော မေ နဝိဇ္ဇတိ၊
သဒေဝကသ္မိံ လောကသ္မိံ၊ နတ္ထိ မေ ပဋိပုဂ္ဂလော။

မေ=ငါဘုရားအား၊ အာစရိယော=သစ္စာလေးပါးအရေး၌ နည်းပေးပြသသော ဆရာသည်၊ န အတ္ထိ=မရှိ၊ မေ=ငါဘုရားနှင့်၊ သဒိသော=တူသောပုဂ္ဂိုလ်သည်၊ န ဝိဇ္ဇတိ=မရှိ၊ သဒေဝကသ္မိံ= နတ်နှင့်တကွသော၊ လောကသ္မိံ=လောက၌၊ မေ=ငါဘုရားနှင့်၊ ပဋိပုဂ္ဂလော=ပြိုင်ဖက်ဖြစ်သော ပုဂ္ဂိုလ်သည်၊ နတ္ထိ=မရှိ။

ပြဆိုလိုရင်း။ ။ ယခင်ပါဠိတော်၌ တတ္ထ စ သဗ္ဗညုတံ ပတ္တော ဟူသော စကားဖြင့်၊ ထိုအလုံးစုံ သိအပ်သမျှသော ဉေယျဓမ်တရားတို့၌ အကြွင်းမရှိ အလုံးစုံသိခြင်းသို့ ရောက်တော်မူသည်ဆိုသဖြင့် မြတ်စွာဘုရား၏ ဗုဒ္ဓ သုဗုဒ္ဓတာ--ကောင်းသော မြတ်စွာဘုရား ဖြစ်ကြောင်းကို ပြဆိုတော်မူသည်။ ဗလေသု စ ဝသီဘာဝံ ဟူသောစကားဖြင့်၊ ထိုမြတ်စွာဘုရားသည် အသင်္ချေမကသော လူ, နတ်, ဗြဟ္မာတို့၏အကျိုးကို ဆောင်တော်မူရာ ပြီးစီးစေတော်မူရာ၌ ဉာဏ်အစွမ်း တန်ခိုးအစွမ်းနှင့် ပြည့်စုံသည်၏အဖြစ်ကို ပြဆိုတော်မူ၏။ ဆိုခဲ့ပြီးသော ပုဂ္ဂလပညတ်ပါဠိတော်ကို မြင်သဖြင့် ဆိုလတ္တံ့သော ဝိဂြိုဟ်ကို ပြုလုပ်ရာ၏။

သမ္မာ သာမံ သံအဝိပရိတတော သစ္စာနိ ဗုဇ္ဈတီတိ သမ္မာသမ္ဗုဒ္ဓေါ။

သမ္မာ သာမံ=ကိုယ်တော်တိုင်၊ သံ အဝိပရိတတော=မဖောက်မပြန်၊ သစ္စာနိ= သစ္စာလေးပါးတို့ကို၊ ဗုဇ္ဈတိ=သိတော်မူတတ်၏၊ ဣတိတသ္မာ=ထိုကြောင့်၊ သမ္မာသမ္ဗုဒ္ဓေါ=သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

အမှန်အကန်သိသည်။ ။သစ္စာလေးပါးကို ကိုယ်တော်တိုင် သိတော်မူတတ် မဖောက်မပြန် သိတော်မူတတ်သော ကြောင့် သမ္မာသမ္ဗုဒ္ဓ မည်တော်မူသည်ဟူ၍ ဆိုလိုသည်၊ မဖောက်မပြန် သိတတ်

www.dhammaransi.com



သည် ဆိုသောစကားဖြင့် အလုံးစုံသောတရားတို့ကို မြတ်စွာဘုရား သိတော်မူသည်ရှိသော် တစ်စုံတစ်ရာ ဖောက်ပြန်မှားယွင်းခြင်းမရှိဘဲ အမှန်အကန် သိတော်မူသည်၊ မြတ်စွာဘုရား၏အသိဉာဏ် သဗ္ဗညုတာဉာဏ်ကို ထပ်မံ၍ ပြုပြင်ဖွယ် မရှိဟူ၍ ဆိုလိုသည်။

**သစ္စာဟူသည်အဘယ်နည်း။** ။ဤသမ္မာသမ္ဗုဒ္ဓဂုဏ်တော်၌ မြတ်စွာဘုရား ထိုးထွင်း၍ သိမြင်တော်မူသော သစ္စာလေးပါးကို အမြွက်အားဖြင့်ပြဆိုဦးအံ့။

သန္တသ ဘာဝေါ သစ္စံ။

သန္တသ=မဖောက်မပြန် ဟုတ်မှန်သည်၏၊ ဘာဝေါ=အဖြစ်တည်း၊ သစ္စံ=မဖောက်မပြန် ဟုတ်မှန်သည်၏အဖြစ်။

မဖောက်မပြန် မှန်ကန်မှုကို သစ္စာဆိုသည်၊ ဤသစ္စာလေးပါး တရားသည် အနမတဂ္ဂသံသရာ တစ်ခွင်၌ တစ်ရံတစ်ခါမျှ ဖောက်ပြန် မှားယွင်းသည်ဟူ၍ မရှိနိုင်ချေ၊ ဤသစ္စာလေးပါးတရားနှင့် စပ်လျဉ်းရာ အဘိဓမ္မာပိဋကတ်၌ သစ္စဝိဘင်းသည်လည်းကောင်း, ဥပရိပဏ္ဏာသ ပါဠိတော်၌ သစ္စဝိဘင်သုတ်သည် လည်းကောင်း ရှိ၏၊ ထိုသစ္စဝိဘင်း သစ္စဝိဘင်သုတ်တို့၌ သစ္စာလေးပါးတရားကို ဟောကြားဝေဖန်တော်မူ၏။

ဤ သာသနသမ္ပတ္တိဒီပနီကျမ်း၌မူကား---ဓမ္မစက္ကပဝတ္တနသုတ်၌ ဟောတော်မူအပ်သော နည်းအားဖြင့်သာလျှင် သစ္စာလေးပါးစကား အစဉ်ကို ပြဆိုပေအံ့၊ ထိုဓမ္မစက္ကပဝတ္တနသုတ်သည် မြတ်စွာဘုရား ဖြစ်တော်မူပြီးသောအခါ ရှေးဦးစွာ တရားစကြာကိုလှည့်၍ ဟောတော်မူသော သုတ္တန်လည်းဖြစ်၏၊ ထိုသုတ္တန်ကို ဟောတော်မူရာ တန်ခိုးပြာဋိဟာအမျိုးမျိုးနှင့် ပြည့်စုံသော သုတ္တန်ကြီး လည်း ဖြစ်ပေ၏၊ ဤသစ္စာလေးပါးကို ပြဆိုခန်း၌ ပြည့်စုံသော အကျင့်မြတ်၏ တည်ရာ, မတည်ရာ သာသနာနှစ်ပါးကို ရှေးဦးစွာပြဆိုဦးအံ့။

**အယူဝါဒအမျိုးမျိုး။** ။ပြည့်စုံသော အကျင့်မြတ်၏ တည်ရာမဟုတ်သော သာသနာဆိုသည်ကား အဘယ်နည်း၊ ဤလောက၌ အယူဝါဒတို့သည် အလွန်များပြားကုန်၏၊ ထိုအယူဝါဒ အမျိုးမျိုးတို့တွင် အကြင် အယူဝါဒတို့၌ ကိုယ်ခန္ဓာပျက်ဆုံး၍ သေသည်မှ နောက်ကာလ၌ သတ္တဝါ တို့၏ ပြတ်ခြင်းကို ပညတ်ကြကုန်၏၊ သတ္တဝါဟူသည် သေလျှင်ပြတ်၏ဟူ၍ ယူကြ

www.dhammaransi.com



ကုန်၏၊ အကြင်အယူဝါဒတို့၌ အလုံးစုံသောယောကျ်ားတို့၏ စွမ်းအားကိုလည်းကောင်း, သူတော်တကာတို့၏ စွမ်းအားကိုလည်းကောင်း, အလုံးစုံသောကုသိုလ် အကုသိုလ်ကံတို့ကိုလည်းကောင်း ပယ်ကြကုန်၏၊ အကြင်ဝါဒတို့၌ သတ္တဝါတို့ပြုအပ်သော ကုသိုလ်ကံ အကုသိုလ်ကံတို့ကိုပယ်၍ သေသည်မှနောက်ကာလ၌ နိစ္စထာဝရဖြစ်၍ ဧကန္တချမ်းသာဘုံသို့ ရောက်ခြင်းငှါ ဗုဒ္ဓသာသနာ၏အပ၌ လောကကိုဖန်ဆင်းသည်, အစိုးရသည်ဟူ၍ ယုံကြည်မိရာ ယုံကြည်ကြသောအတိုင်း လောကအရှင်ကို ကိုးကွယ်မှီခိုရာ ဝတ္ထုကြီးဟူ၍ ဆည်းကပ်ခစားယုံကြည်ကြကုန်၏၊ ထိုအယူဝါဒတို့သည် ကံကိုမယုံကြည်သော ကံကိုပစ်ပယ်သော အကမ္မ ကိရိယဝါဒတို့ မည်ကုန်၏၊ ထိုအယူဝါဒရှိသော သာသနာတို့၌ မြတ်သောအကျင့်ဟူ၍ပင် မရှိနိုင်ပြီ။

ကံကိုယုံကြည်သော ဝါဒ။ ။ကံကိုယုံကြည်သော ကမ္မကိရိယဝါဒ တို့တွင်လည်း အကြင်ဝါဒတို့၌ အပြည့်အစုံဖြစ်သော စင်ကြယ် ကောင်းမြတ်သောသီလကို ပွားများမှုမျှလည်း မရှိ၊ စိတ်ကို ပွားများမှုဟုဆိုသော သမာဓိစျာန် အဘိညာဏ်စခန်း, စိတ္တဘာဝနာ, ထိုးထွင်းဉာဏ်ကို ပွားများမှုဟုဆိုအပ်သော မဂ်ဖိုလ်စခန်း, ပညာဘာဝနာတို့သည်ကား အဘယ်မှာရှိနိုင်ပါတော့ အံ့နည်း၊ အသက်ရှည်သမျှ ကာလပတ်လုံး နွားအလေ့ နွားအကျင့်စသည်တို့ဖြင့်လည်းကောင်း, အပူငါးမျိုးဖြင့်ကျင့်သော ပဉ္စာတပအကျင့် အစရှိသောအကျိုးမဲ့ ပူပန်ပင်ပန်းအောင်ပြုခြင်း အကျင့်သက်သက်တို့ဖြင့်လည်းကောင်း, အဝတ်အချည်းနှီးကျင့်သည့် အစေဠက အစရှိကုန်သော စက်ဆုပ်ဖွယ် အကျင့်ယုတ်မျိုးတို့ဖြင့်လည်းကောင်း, မိမိကိုယ်ကို ပူပန်စေခြင်းအမျိုးမျိုး ပူပန်စေခြင်းမျှသာဖြစ်သော အကျင့်တို့သာလျှင် ရှိကုန်၏၊ ထိုအယူဝါဒတို့၌ ကံကိုယုံကြည်မှုရှိပါသော်လည်း စင်ကြယ်ပြည့်စုံသော အကျင့်ကောင်းအကျင့်မြတ်ဟူ၍ မရှိချေ။

ကံကိုယုံကြည်မှုရှိသည်ဟူ၍ ဆိုခြင်းမှာ ထိုအကျင့်ယုတ် အကျင့်ပူတို့ကို ကျင့်ခြင်းသည် ထိုအကျင့်ဖြင့် အကျိုးကိုခံစားရလိမ့်မည်ဟူသော မြော်လင့်ချက်တစ်ခုကြောင့်သာလျှင် ကျင့်ခြင်းဖြစ်သည်၊ ထို့ကြောင့် ထိုအယူမျိုး၌ ကံကိုယုံကြည်မှုရှိသည် ကမ္မကိရိယဝါဒရှိသည် ဟူ၍ဆိုရလေသည်၊ ကာမဂုဏ်ခံစားမှုတို့၌ အပြစ်ဒေါသမရှိဟူ၍ ယူသော ကာမသုခါဒိဋ္ဌိသည်လည်း လောက၌ရှိ၏၊ ထိုအယူရှိသော ဒိဋ္ဌိတို့သည် ကာမဂုဏ်တို့၌ အလွန်သာယာစွာ ခံစားလိုက်စားကြကုန်၏၊ ထိုအယူဝါဒ၌လည်း မြတ်သောအကျင့်ဟူ၍ မရှိ။

www.dhammaransi.com



**ယုတ်မာသောအကျင့်။** ။ဤသို့ ပြဆိုအပ်ခဲ့ပြီးသော အယူဝါဒတို့သည် မြတ်သောအကျင့်၏ တည်ရာများ မဟုတ်ကြကုန်၊ ထိုသို့မြတ်သောအကျင့်၏ တည်ရာများ မဟုတ်ကြကုန်သောကြောင့် ထိုအယူဝါဒတို့၌ ဈာန်တရားဖြစ်ပေါ်ခြင်း, မဂ်တရားဖြစ်ပေါ်ခြင်း, သမာဓိဖြစ်ပေါ်ခြင်း, သမာပတ်တရား ဖြစ်ပေါ်ခြင်း, ဈာန်ဝင်စားခြင်း, အဘိညာဏ်တရားဖြစ်ပေါ်ခြင်းတို့သည် မရှိကုန်၊ ခန္ဓာ, အာယတန, ဓာတ်အစရှိကုန်သော သုညတတရားတို့၌ အတ္တမှဆိတ်သော ငါဟူ၍ စွဲလမ်းစရာ အနှစ်မှဆိတ်သော သုညတတရားတို့နှင့် စပ်ယှဉ်ကုန်သော လောကုတ္တရာမျက်စိ, အရိယာစက္ခု, လောကုတ္တရာဉာဏ်, အရိယာဉာဏ်တို့သည်လည်း မရှိကြကုန်၊ လူတို့၏ကျင့်ရိုးဖြစ်သော သုစရိုက်တရားမှ ထူးကဲသောဈာန် တရားတို့မှလည်းကောင်း, အရိယာပုဂ္ဂိုလ်တို့၏ဉာဏ်၌သာ ထင်မြင်ခြင်းငှါထိုက်သော မဂ်ဖိုလ်တရားတို့မှလည်းကောင်း ဆိတ်သုဉ်းကြလေကုန်၏။ ။

ဤမြတ်သောအကျင့်၏တည်ရာ မဟုတ်သော သာသနာနှင့် အယူဝါဒတို့ကို ရည်ရွယ်တော်မူ၍ ဓမ္မစက္ကပဝတ္တန သုတ္တန်၌-

> ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ။ ကတမေ
> ဒွေ ယောစာယံ ကာမေသု ကာမသုခလ္လိကာ နုယောဂေါ ။ လ ။
> ယော စာယံ အတ္တကိလမထာနု ယောဂေါတိ။

ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ=ရဟန်းတို့၊ ဒွေ=နှစ်ပါးကုန်သော၊ ဣမေအန္တာ=ဤအယုတ်တရားတို့ကို၊ ပဗ္ဗဇိတေန=ရဟန်းသည်၊ နသေဝိတဗ္ဗာ=မမှီဝဲအပ်ကုန်၊ ဒွေ=နှစ်ပါးတို့ဟူသည်၊ ကတမေ=အဘယ်တို့နည်းဟူမူကား၊ ကာမေသု=ကာမဂုဏ်တို့၌၊ ယော စာယံ ကာမသုခလ္လိကာနုယောဂေါ=အကြင်ကာမဂုဏ်ချမ်းသာကို တွယ်တာလိုက်စား၍ ပြင်းစွာခံစားခြင်းလည်းကောင်း၊ ။ လ ။ ယော စာယံ အတ္တကိလမထာနုယောဂေါ=အကြင်မိမိကိုယ်ကို အကျိုးမဲ့ ပူပန်ဆင်းရဲစေသော အကျင့်၌ ကြိုးစားအားထုတ်ခြင်းလည်းကောင်း၊ ဣတိ ဣမေ ဒွေ=ဤနှစ်ပါးတို့ပေတည်း။

ဤပါဠိတော်ဖြင့် မြတ်သောအကျင့်၏တည်ရာ မဟုတ်သော အကျင့်ယုတ်, သာသနာယုတ်များကို ပြဆိုတော်မူသည်။

ဗြဟ္မစရိယ အနောကာသ ပြီး၏။

------*------

www.dhammaransi.com



## ဗြဟ္မစရိယ ဩကာသ

မွန်မြတ်သောအကျင့်။ ။ အကြင် အယူဝါဒ၌မူကား စင်ကြယ်၍ ပြည့်စုံသော သိက္ခာသုံးပါးဟု ဆိုအပ်သော အကျင့်မြတ်ကို ရအပ်၏၊ သိက္ခာသုံးပါး အကျင့်ကောင်း တရားများသည် အကြင်ဝါဒ၌ ရှိ၏၊ ထိုသာသနာသို့ သက်ဝင်၍ ကျင့်ကြံအားထုတ်သည်မှစ၍ ဗြဟ္မစရိယ ဟုဆိုအပ်သော အကျင့်မြတ်၏ အကျိုးဖြစ်ကုန်သော အလွန်မွန်မြတ်ကုန်သော ဈာန်ချမ်းသာ, အဘိညာဉ်ချမ်းသာအစရှိသော ကိုယ်တွေ့ဒိဋ္ဌဖြစ်သောအကျိုး, ကိုယ်တွေ့ဒိဋ္ဌဖြစ်သော ချမ်းသာတို့ကို ခံစားကြကုန်၏။ လောကုတ္တရာမျက်စိ, လောကုတ္တရာဉာဏ်အမြင်တို့ကိုလည်း ထိုးထွင်းနိုင်ကုန်၏၊ မျက်မှောက်ဘဝ၌ ပင်လျှင် လူတို့ကျင့်စဉ်ဖြစ်သော သုစရိုက်တရားတို့ထက် လွန်ကဲသော အလုံးစုံ သော ဈာန်အဘိညာဏ်တရားတို့ကိုလည်းကောင်း, အရိယာပုဂ္ဂိုလ်၏ဉာဏ်ဖြင့် သိခြင်းငှါထိုက်ကုန်သော မဂ်ဖိုလ်တရားတို့ကိုလည်းကောင်း ရရှိနိုင်ကြကုန်၏။ ဤအယူဝါဒသည် မြတ်သောအကျင့်၏တည်ရာဖြစ်သော သာသနာမည်၏။ ဤအကျင့်မြတ်၏တည်ရာဖြစ်သော သာသနာကိုရည်တော်မူ၍ ဓမ္မစက္ကပဝတ္တန သုတ္တန်၌ပင်လျှင်-

> ဧတေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ။ စက္ခုကရဏီ, ဉာဏကရဏီ, ဥပသမာယ, အဘိညာယ, သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဟူ၍ ဟောတော်မူ၏။

ဥဘော=နှစ်ပါးကုန်သော၊ ဧတေအန္တေ=ထိုအယုတ်တရားတို့သို့၊ အနုပဂမ္မ= မကပ်မရောက်မူ၍၊ မဇ္ဈိမာ=အလယ်အလတ်ဖြစ်သော၊ ပဋိပဒါ=အကျင့်ကို၊ အဘိသမ္ဗုဒ္ဓါ=ထိုးထွင်း၍သိတော်မူအပ်၏၊ သာ=ထိုအကျင့်သည်၊ စက္ခုကရဏီ= လောကုတ္တရာမျက်စိကို ပြုတတ်၏၊ ဉာဏကရဏီ=လောကုတ္တရာဉာဏ်အမြင်ကို ပြုတတ်၏၊ ဥပသမာယ=ကိလေသာမီးငြိမ်းခြင်းငှါ၊ အဘိညာယ=အထူးသိ အပ်ခြင်းငှါ၊ သမ္ဗောဓာယ=ကောင်းစွာသိခြင်းငှါ၊ နိဗ္ဗာနာယ=နိဗ္ဗာန်သို့တိုင် ရောက် စိမ့်သောငှါ၊ သံဝတ္တတိ=ဖြစ်၏။

### သစ္စာလေးပါး

ဒုက္ခသစ္စာ။ ။လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့၏ ကိုယ်ကောင် အထည်ကြီး တွေ ဖြစ်နေကြကုန်သော တရားတို့သည် ခန္ဓာငါးပါးတို့သာ

www.dhammaransi.com



ဖြစ်ကြကုန်၏။ ထိုခန္ဓာငါးပါးတို့သည် လူ, နတ်, ဗြဟ္မာဟူ၍ ခေါ်ဆိုသမုတ်အပ်ကုန်သော သတ္တဝါတို့ကို ပဋိသန္ဓေနေခြင်း ဇာတိဆင်းရဲဖြင့်လည်း နှိပ်စက်ညှဉ်းပန်းကြကုန်၏။ အိုခြင်းဇရာ ဆင်းရဲဖြင့်လည်း နှိပ်စက်ညှဉ်းပန်းကြကုန်၏၊ သေခြင်းမရဏ ဆင်းရဲဖြင့်လည်း နှိပ်စက်ညှဉ်းပန်းကြကုန်၏၊ စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာယာခြင်း, ပြင်းစွာပင်ပန်းခြင်း, ဆင်းရဲတို့ဖြင့်လည်း နှိပ်စက် ညှဉ်းပန်းကြကုန်၏၊ မချစ်မနှစ်သက်သောသူနှင့် ပေါင်းသင်းရခြင်း, ချစ်ခင်သောသူနှင့် ကွေကွင်းရခြင်း ဆင်းရဲဖြင့်လည်း နှိပ်စက်ညှဉ်းပန်း ကြကုန်၏။ လိုချင်တောင့်တသည်ကို မရခြင်းတည်းဟူသော အလိုဆိုး ဒုက္ခဖြင့်လည်း နှိပ်စက်ညှဉ်းပန်းကြကုန်၏၊ ထို့ကြောင့် ခန္ဓာငါးပါးတရားတို့သည် ဇာတိအစရှိသော သံသရာလက်နက်တို့ဖြင့် အနမတဂ္ဂသံသရာ၌ များစွာသော နတ်, လူ, ဗြဟ္မာ သတ္တဝါတို့ကို နှိပ်စက်ညှဉ်းပန်း၍ နေကြကုန်သည်။ ထို့ကြောင့် ခန္ဓာငါးပါးတို့ကို သူသတ်ယောက်ျားတို့ဟူ၍လည်း မြတ်စွာဘုရား ဟောပြောတော်မူသည်။

ခန္ဓာငါးပါးတို့သည် ဇာတိဒုက္ခစသော သံသရာလက်နက်ကြီး တို့ဖြင့် သတ္တဝါတို့ကို အဘယ်သို့နှိပ်စက်ပါသနည်း၊ ပရမတ္ထတရား တစ်ပါးပါး၏ ထင်ရှားဖြစ်ပေါ်မှုသည် ဇာတိမည်၏၊ ထိုဇာတိသည်ပင်လျှင် ကြောက်မက်ဖွယ်ဘေး ဟူသော အနက်သဘောရှိသောကြောင့် ဒုက္ခမည်၏။

ဘယဋ္ဌေန ဇာတိဧဝ ဒုက္ခာတိ ဇာတိဒုက္ခာ။

ဘယဋ္ဌေန=ကြောက်မက်ဖွယ် ဘေးသဘောရှိသောကြောင့်၊ ဇာတိဧဝ= ဇာတိသည်ပင်လျှင်၊ ဒုက္ခာ=ဆင်းရဲ၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ ဇာတိဒုက္ခာ= ဇာတိဆင်းရဲမည်၏။

**ကြောက်မက်ဖွယ်ဘေး။** ။ကြောက်မက်ဖွယ်ဘေး သဘောဆိုသည်မှာ ခန္ဓာငါးပါးတို့၌ ဝိပဿနာဉာဏ်ဖြင့် ရှုဆင်ခြင်ကြကုန်သော ပညာရှင်တို့၏ ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်တို့ကို ဖြစ်ပွားစေတတ်သော သဘောပင်တည်း။ ခန္ဓာငါးပါးတို့ကို ရှုဆင်ခြင်သောအခါ ကြောက်မက်ဖွယ် ဘေးကြီးအတိ ထင်မြင်သည်ကို **ဘယဉာဏ်**ဆိုသည်၊ ချစ်ခင်နှစ်သက်ဖွယ်ဟူ၍ ဂုဏ်တစ်ခုမျှမရှိ, မုန်းဖွယ်အနေအားဖြင့် အပြစ်အတိ ထင်မြင်သည်ကို **အာဒီနဝဉာဏ်** ဆိုသည်၊ ပျော်မွေ့ဖွယ်ဟူ၍ တစ်စုံတစ်ခုမျှ မရှိ၊ ငြီးငွေ့ပျင်းရိဖွယ် ထင်မြင်သည်ကို **နိဗ္ဗိဒါဉာဏ်** ဆိုသည်၊ ခန္ဓာငါးပါးတို့မှာ ကြောက်မက်ဖွယ် ဘေးသဘော, အပြစ်သဘော, ငြီးငွေ့ပျင်းရိဖွယ်သဘော

www.dhammaransi.com



ရှိသောကြောင့်သာလျှင် ဝိပဿနာဉာဏ်ဖြင့် ဆင်ခြင်သောပုဂ္ဂိုလ်၏ဉာဏ်၌ ထို သဘောတို့ကို ပေါ်လောထင်မြင်စေသည်၊ ပရမတ္ထသဘောတရား တစ်ပါးပါးတို့၏ ထင်ရှားဖြစ်ပေါ်မှု ဟုဆိုအပ်သော ဇာတိသဘောဖြင့် ထိုထိုလူ, နတ်, ဗြဟ္မာ, သတ္တဝါအပေါင်းတို့သည် ခဏတိုင်းခဏတိုင်း, အခါတိုင်းအခါတိုင်း, ဘဝတိုင်း ဘဝတိုင်း, အခိုက်အတန့်တစ်ပါး, အခြေအနေတစ်ပါးတို့၌သာလျှင် ပြောင်းလွဲ လျောကျ၍ နေကြလေကုန်၏။

ခုတစ်မျိုး နောင်တစ်မျိုး။ ။ထိုစကား မှန်၏၊ အခိုက်အတန့် အထူးထူး, ခဏအထူးထူးတို့၌ တရားတစ်မျိုးတစ်မျိုး ပြောင်းလဲ၍ ဖြစ်ပေါ်တတ်သော ဇာတိတရား ရှိခြင်းကြောင့် ပထမက ကောင်း မွန်မြင့်မြတ်သောသူတို့သည်လည်း ယုတ်မာညံ့ဖျင်းသည့်သဘောသို့ ကျရောက် တတ်ကုန်၏၊ ပထမ သူတော်ကောင်းဖြစ်၍လည်း မသူတော်အဖြစ်သို့ သက်ဆင်း ကျရောက်တတ်ကုန်၏၊ အလိုနည်းပါးပြီး၍လည်း အလိုကြီးမားသည့်အဖြစ်သို့ ကျရောက်တတ်ကုန်၏။ ဒေါသနည်းပါး မေတ္တာများပြီး၍လည်း ဒေါသကြီးမား ဗျာပါဒများသည့်အဖြစ်သို့ ကျရောက်တတ်ကုန်၏၊ တွေဝေနည်းပါး ပညာများပြီး ၍လည်း တွေဝေပြန့်ပွါး မောဟများသည့်အဖြစ်သို့ ကျရောက်တတ်ကုန်၏၊ (ကိလေသဝဋ် အစဉ်ရှိသော အတိုင်းချဲ့၍ဆိုလေ) အကျင့်သီလနှင့်ပြည်စုံသော သီလဝန္တပုဂ္ဂိုလ် ဖြစ်ပြီး၍လည်း အကျင့်ပျက်စီးသော ဒုဿီလပုဂ္ဂိုလ်ကြီးအဖြစ်သို့ သက်ဆင်းကျရောက်တတ်ကုန်၏၊ အယူဖြောင့်မှန်သော သမ္မာဒိဋ္ဌိ ဖြစ်ပြီး၍လည်း အယူမှားယွင်းသော မိစ္ဆာဒိဋ္ဌိအဖြစ်သို့ သက်ဆင်းကျရောက်တတ်ကုန်၏၊ (ဒုစရိုက် အစဉ်ရှိတိုင်းချဲ့၍ဆိုရာ၏၊) လူကောင်း, နတ်ကောင်း, ဗြဟ္မာကောင်း ဖြစ်ပြီး၍ လည်း ဘဝတစ်ပါး၌ ထိုထိုအပါယ်ဘုံတို့မှာ ထိုက်သည့်အားလျော်စွာ ကျရောက် ပြန်ကုန်၏၊ (ဝိပါကဝဋ်တည်းဟူသော ဘုံစဉ်ရှိသောအတိုင်း ချဲ့ဆိုရာ၏။)

ဘဝတစ်ခုထဲမှာပင်သော်လည်း တစ်နေ့သ၌ နံနက်အခါ ခန့်ကျန်း ရွှင်ကြည်သော ကိုယ်လက်ရှိပါလျက် ညချမ်းအခါ မကျန်းမမာ မကြည်သာသော ကိုယ်လက်ရှိသည့်အဖြစ်သို့ သက်ဆင်းကျရောက်တတ်ကုန်၏၊ ညချမ်းအခါ ခန့်ကျန်းကြည်သာသော ကိုယ်လက်ရှိပါလျက် နက်ဖြန်နံနက်အခါ မကျန်းမမာ မကြည်သာသည့်အဖြစ်သို့ သက်ဆင်းကျရောက်တတ်ကုန်၏၊ ယခုပင်လျှင် ရွှင်လန်းဝမ်းမြောက်နေပါလျက် အတန်ကြာလျှင် နှလုံးမသာခြင်းသို့ သက်ဆင်း ကျရောက်တတ်ကုန်၏၊ ယခုပင်လျှင် စိုးရိမ်ကင်းကွာ စိတ်ချမ်းသာပါလျက်

www.dhammaransi.com



အတန်ကြာလျှင် စိုးရိမ်ပူဆွေး ငိုကြွေးပင်ပန်းရခြင်းသို့ သက်ဆင်းကျရောက် တတ်ကုန်၏။ ဤသို့စသည်ဖြင့် အကောင်းအဆိုးအမျိုးမျိုး တရားအစဉ်ရှိသော အတိုင်းချဲ့၍ ဆိုရာ၏။

**ဇာတိဒုက္ခ။** ။ဤသို့အခိုက်အတန့်အမျိုးမျိုး တစ်ပြောင်းထဲ ပြောင်းလဲပြီး လျှင် အမြဲဟူ၍ မရှိ၊ ဖြစ်မိဖြစ်ရာ ဖြစ်ပေါ်ပြောင်းလဲ၍ နေရခြင်းသည် အခိုက်အတန့်တိုင်း တရားအစဉ် တစ်မျိုးတစ်မျိုးကို ပြောင်းလဲ၍ ဖြစ်ပေါ်စေတတ်သော ဇာတိတရား အတွက်ကြောင့် ဖြစ်လေသည်၊ ဇာတိတရား မရှိပါတပြီးကား ထိုကဲ့သို့ ပြောင်းလဲ ဖြစ်ပျက်ခြင်း အထူးအထွေအမျိုးမျိုး မဖြစ်နိုင်ရာ၊ ဇာတိတည်း ဟူသောလက်နက်သည် ဤမျှလောက် ကြောင်မက်ဖွယ်သော ဘေးဒုက္ခကို ဖြစ်စေတတ်၏၊ ထို့ကြောင့် ဇာတိကို ဒုက္ခဟူ၍ ဆိုရလေသည်၊ ဇာတိဘေးကြီး ကာဆီးဝိုင်းဝန်းလျက်ရှိနေသောကြောင့် မိမိ၌ ရရှိပြည့်စုံ၍နေ သော စည်းစိမ်ချမ်းသာ အလိမ္မာနှင့် သဒ္ဓါ သီလစသော သမ္ပတ္တိတရား များကို ခိုင်မြဲလှပြီဟူ၍ ယုံကြည်စိတ်ချနိုင်ဖွယ် မရှိ၊ ဇာတိအခိုက်အတန့် ပြောင်းလဲ၍ လာလျှင် လျှင်စွာပျက်စီး၍ ဝိပတ္တိဘေးကြီး ဆိုက်ရောက်ချေမည် ဟူ၍လည်း သတိသံဝေဂ ရရှိထိုက်လေသည်။

[ဤသို့ဆိုခဲ့ပြီးသော စကားအစဉ်ဖြင့် ခန္ဓာငါးပါးတို့သည် ဇာတိတည်းဟူသော လက်နက်ကြီးဖြင့် သတ္တဝါအပေါင်းတို့အား နှိပ်စက်ညှဉ်းပန်း၍နေပုံကို သိရာ၏။]

**ဇရာမရဏ။** ။ဤလောက၌ တင့်တယ်ကောင်းမြတ် အလိုရှိအပ်သော သမ္ပတ္တိတရားအဖို့မှ ဆုတ်ယုတ်ရွေ့လျောခြင်းကို ဇရာ ဟူ၍ ဆိုအပ်၏၊ ဇရာနှိပ်စက်အပ်သဖြင့် ဆုတ်ယုတ်ရွေ့လျောသော သမ္ပတ္တိ တရားစု၏ အဆုံးစွန် ချုပ်ကွယ်ခြင်းကို မရဏဟူ၍ ဆိုအပ်၏၊ ကောင်းမွန် ပြည့်စုံသော တရားစု၏ ဆုတ်ယုတ်ရွေ့လျောမှုကို ဇရာဟူ၍ ထိုတရားအစု၏ အဆုံးစွန်ချုပ်ကွယ်မှုကို မရဏဟူ၍ ဆိုလိုသည်။ ခန္ဓာငါးပါးတရားတို့သည် လူ, နတ်, ဗြဟ္မာ, သတ္တဝါအပေါင်းတို့ကို ကောင်းသောအဖို့မှ ဆုတ်ယုတ်စေခြင်း တည်း ဟူသော ဇရာလက်နက်ဖြင့်လည်း နှိပ်စက်ညှဉ်းပန်းကြကုန်၏၊ ကောင်းသော အဖို့မှ အဆုံးစွန် ချုပ်ကွယ်စေခြင်းတည်းဟူသော မရဏလက်နက် ဖြင့်လည်း နှိပ်စက်ညှဉ်းပန်းကြကုန်၏၊ သူတော်ကောင်းသဘောမှ ဆုတ်ယုတ်စေခြင်း, သူတော်ကောင်းအဖြစ်မှ အဆုံးစွန်ချုပ်ကွယ်စေခြင်းတည်းဟူသော ဇရာ မရဏလက်နက်တို့ဖြင့် နှိပ်စက်ညှဉ်းပန်းကြကုန်၏၊ ဤနည်းအတိုင်း ဇာတိဒုက္ခ

www.dhammaransi.com



တွင် ပြဆိုခဲ့သည်နှင့်ယှဉ်၍ ချဲ့ထွင်ရာ၏။

၁။ ဇာတိသည် အခိုက်အတန့် အမျိုးမျိုးတို့၌ တရားအစဉ်အမျိုးမျိုးတို့ကို ပြောင်းလဲသောအားဖြင့် ဖြစ်ပေါ်စေတတ်၏၊

၂။ ဇရာသည် ဇာတိအတွက်နှင့် အသစ်အသစ် ဖြစ်ပေါ်လာသမျှတို့ကို အရှည်တည်တန့် ခိုင်ခံ့သစ်လွင်စွာ တည်နေရန် အခွင့်ကို မပေးပဲ ယိုယွင်းယုတ်လျော့ခြင်းသို့သာ ညွတ်ကိုင်းစေ၏။

၃။ မရဏသည် ယိုယွင်းယုတ်လျော့သော အဖို့သို့ ညွတ်ကိုင်းသော တရားတို့ကို အဆုံးစွန်ချုပ်ကွယ်ပျောက်ပျက်ခြင်းသို့ အတင်းဆောင်ယူလေ၏။

ဤလက်နက်ကြီးသုံးပါးသည် အနမတဂ္ဂသံသရာ၌ သတ္တဝါတို့ကို နှိပ်စက်ညှဉ်းပန်း၍နေသော သံသရာ့လက်နက်ကြီးများပေတည်း။ ထိုလက်နက်ကြီးသုံးပါးတို့၏ နှိပ်စက်ခြင်း ဒဏ်ချက်တို့ကို တင့်ထဲင့်၍ ခံလျက်သာလျှင် ချမ်းသာအစီးအပွါးဟူ၍ မစုဆောင်းမိပဲ, ချမ်းသာဟူ၍ အဖတ်မတင်ပဲ, ဆင်းရဲခြင်း အစီးအပွါးတို့ဖြင့်သာလျှင် ရပ်တည်ရာမရှိပဲ ပြေးသွားကျင်လည်၍ နေကြကုန်၏။

ပမာဆောင်ရသော်။ ။ ထို ဇာတိ ဇရာ မရဏသုံးပါးအရာ၌ ဤဥပမာကို ထုတ်ဆိုရာ၏၊ မိုးဦးကျကာလ ဝါဆိုလအခါ အထက်မြစ်ညာ၌ တောတောင်ဂနိုင် စုံမြိုင်ချောင်းခြား ယမားရေစီးသောအရပ်တို့၌ ကြီးစွာသောမိုးသည် ရွာသွန်းလေ၏၊ လေရူး, လေရိုင်း, လေမုန်တိုင်းတို့သည်လည်း ပြင်းထန်စွာ ထိုမှဤမှ ထကြွတိုက်ခိုက်ကြကုန်၏၊ ထိုအခါ မြစ်ကြီး ချောင်းကြီးများသည် တအိအိတဖျပ်ဖျပ် ကမ်းကိုပုတ်ခပ်သော လှိုင်းတံပိုးတို့ဖြင့် ဆူညံပြည့်နှက် သဲဗွက်ဝဲကတော့တို့ဖြင့် ပြိုးပြွမ်းကုန်၏၊ အလွန်လျင်မြန်သော ရေအယဉ်ရှိသည်ဖြစ်၍ မဟာသမုဒ္ဒရာသို့တိုင်အောင် အောက်တပြင်လုံးသို့ အတင်းစီးဆင်းလေ၏၊ ထိုသို့ဖြစ်နေသည့်အခါ အထက်မြစ်ညာ၌ နေကြကုန်သော လူတို့သည် သွေ့ခြောက်၍ မဖောက်မထွင်းရသော ဗူးတောင်းတို့ကို မြစ်ရေအယဉ်တို့၌ မျှောကြကုန်ရာ၏၊ ထိုမျှောအပ်သမျှသော ဗူးတောင်းအလုံးစုံတို့သည် လှိုင်းတံပိုး, ရေဝဲ, ရေဗွက်ကြီးတို့၌ ဖရိုဖရဲ တကွဲတပြားစီ လွင့်ပါးစုန်မျောကြပြီးလျှင် လှိုင်းတစ်ခုမှ, လှိုင်းတစ်ခု, ရေဝဲတစ်ခုမှ, ရေဝဲတစ်ခုသို့ ပြောင်းကူး သက်လျော-မျှောချင်တိုင်း မျှောကြကုန်လျက် မဟာသမုဒ္ဒရာအတွင်းသို့ သက်ဆင်းဝင်ရောက်ကြ လေကုန်ရာ၏၊ ထိုဗူးတောင်းတို့မှာ ပဲ့တက်မပါ ပဲ့သူမပါသောကြောင့်

www.dhammaransi.com



မည်သည့်ဌာနတွင် တင်မည်ဟူ၍ မှန်းချေမရှိကြလေကုန်။

**စပ်ဟပ်နှီးနှောချက်။** ။ ဤ-ဥပမာ၌ မြစ်ကြီးနှင့် သံသရာတူ၏၊ မြစ်ရေအယဉ်နှင့် ခန္ဓာငါးပါး တူ၏၊ မြစ်ရေအယဉ်၌ မျောအပ်သော ဖူးတောင်းတို့နှင့် ဤသတ္တဝါများ အပေါင်းတူ၏၊ မြစ်ရေအယဉ်တို့၌ အသစ်အသစ်ဖြစ်သော လှိုင်းတံပိုး တို့၏ ထကြွခြင်းနှင့် ခဏခဏ တရားအထူး ပြောင်းလဲဖြစ်ပေါ်တတ်သော ဇာတိတရားတူ၏၊ ရှေးရှေးဖြစ်သော လှိုင်းတံပိုးတို့၏ အရှိန်အဟုန် ညှံ့စဲခြင်းနှင့် ဇရာတရားတူ၏၊ အရှိန်အဟုန်ညှံ့စဲသော လှိုင်းတံပိုးတို့၏ ပျောက်ကွယ်ခြင်းနှင့် မရဏတရားတူ၏၊ ထို့ပြင်မှတစ်ပါး အထက်မြစ်ညာ တောတောင်အရပ်ဒေသတို့နှင့် အဝိဇ္ဇာတူ၏၊ ပြင်းထန်စွာ ရွာသွန်းသော မိုးကြီးနှင့် တဏှာတူ၏၊ လေပြင်းမုန်တိုင်းတို့နှင့် မိစ္ဆာဝိတက်တူ၏။

တစ်နည်း လေပြင်းမုန်တိုင်းတို့နှင့် ဆန့်ကျင်ဖက်ဖြစ်သော အကြောင်းစုတူ၏၊ အထက်မြစ်ညာ၌ ဖူးတောင်းတို့ကို မျောကြသောသူတို့နှင့် အတိက်ကံတို့တူကုန်၏၊ မဟာသမုဒ္ဒရာကြီးနှင့် အပါယ်လေးဘုံတူ၏၊ မျောအပ်သော ဖူးတောင်းတို့နှင့် သတ္တဝါတို့တူကုန်၏။

ထိုထိုသတ္တဝါအပေါင်းတို့၏ ကောင်းသောကလျာဏအဖို့မှ ဆုတ်ယုတ်ခြင်း, အလိုရှိအပ်သော ဣဋ္ဌအဖို့မှ ဆုတ်ယုတ်ခြင်း, ကောင်းသောအဖို့ အလိုရှိအပ်သော အဖို့တို့၏ အလုံးစုံချုပ်ကွယ်ခြင်း မကောင်းသောအဖို့ ယုတ်ညံ့ဖျင်းသိမ်သောအဖို့သို့ ညွတ်ကိုင်းကျရောက်ခြင်း သဘောများသည် ရှိ၏၊ ထိုသဘောအလုံးစုံသည် စိုးရိမ်ကြောင့်ကြခြင်း၏ တည်ရာဝတ္ထုလည်း ဖြစ်၏၊ ငိုကြွေးခြင်း၏ တည်ရာဝတ္ထုလည်း ဖြစ်၏၊ ဆင်းရဲခြင်း၏တည်ရာ ဝတ္ထုလည်း ဖြစ်၊ နှလုံးမသာမှု၏ တည်ရာဝတ္ထုလည်း ဖြစ်၏၊ ပြင်းစွာပင်ပန်းမှု၏ တည်ရာဝတ္ထုလည်း ဖြစ်၏၊ မချစ်အပ်သည်နှင့် ပေါင်းသင်းဆက်ဆံရခြင်း၏ တည်ရာဝတ္ထုလည်း ဖြစ်၏၊ ချစ်ခင်အပ်သည်နှင့် ကွေကွင်းခွဲခွါရခြင်း၏ တည်ရာဝတ္ထုလည်း ဖြစ်၏၊ လိုတိုင်းမရ တောင့်တတိုင်း မပြီးစီးမှု၏တည်ရာဝတ္ထုလည်း ဖြစ်၏၊ ထို့ကြောင့် ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝစသည်တို့နှင့် ယှဉ်တွဲ၍ နေရသော ခန္ဓာငါးပါးတို့သည် ဆင်းရဲအစစ် ဒုက္ခနှစ်တို့သာ ဖြစ်ကြကုန်၏၊ ထိုခန္ဓာငါးပါးကို အတ္တသာရ ပဓာန အထည်ကိုယ်ပြု၍ နေကြကုန်သော သတ္တဝါဟူသမျှတို့သည် ဆင်းရဲအစစ် ဒုက္ခနှစ်တို့သာ ဖြစ်ကုန်၏။

www.dhammaransi.com



ဤအဓိပ္ပါယ်သဘောကို ရည်တော်မူ၍ ဓမ္မစက္ကပဝတ္တနသုတ္တန်၌-

'ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ ဇာတိပိ ဒုက္ခာ ဇရာပိ ဒုက္ခာ ဗျာဓိပိ ဒုက္ခော မရဏံပိ ဒုက္ခံ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံပိစ္ဆံ န လဗ္ဘတိ တံပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။

ဟူ၍ဟောတော်မူသည်။

ဘိက္ခဝေ=ရဟန်းတို့၊ ဇာတိပိ=အသစ်အသစ်ဖြစ်ပေါ်ရခြင်းသည်လည်း။ ဒုက္ခာ=ဆင်းရဲ၏၊ ဝါ=ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏၊ ဇရာပိ=ကောင်းမြတ်ပြည့်စုံ ကြွဲရှာရုံအဖို့မှ ယုတ်လျော့ယိုယွင်းခြင်း ဇရာတရား သည်လည်း၊ ဒုက္ခာ=ဆင်းရဲ၏၊ ဗျာဓိပိ=နာခြင်းသည်လည်း၊ ဒုက္ခော=ဆင်းရဲ၏၊ မရဏံပိ=ကောင်းမြတ်ပြည့်စုံသော အဖို့၏ ချုပ်ကွယ်ပျက်ဆုံးခြင်း မရဏတရားသည်လည်း၊ ဒုက္ခံ=ဆင်းရဲ၏၊ အပ္ပိယေဟိ= မချစ်မနှစ်သက်အပ်သော အရာဝတ္ထုဟူသမျှတို့နှင့်၊ သမ္ပယောဂေါပိ= ပေါင်းသင်းဆက်ဆံရခြင်းသည်လည်း၊ ဒုက္ခော=ဆင်းရဲ၏၊ ပိယေဟိ=ချစ်ခင် နှစ်သက်အပ်သော အရာဝတ္ထုဟူသမျှတို့နှင့်၊ ဝိပ္ပယောဂေါပိ=ကွေကွင်းကွဲကွာ ရှဲခွာဖဲကြဉ် မပေါင်းယှဉ်ရခြင်းသည်လည်း၊ ဒုက္ခော=ဆင်းရဲ၏၊ ယံပိ=အကြင်ဝတ္ထု အာရုံဟူသမျှကိုလည်း၊ ဣစ္ဆံ=စွဲလမ်းခုံမင် လိုချင်တောင့်တ၍နေ၏၊ တံ=ထိုစွဲလမ်း ခုံမင် လိုချင်တောင့်တအပ်သော အာရုံဝတ္ထုကို၊ နလဗ္ဘတိ=မရအပ်၊ တံပိ=ထိုလိုချင် တောင့်တတိုင်း မရမှုသည်လည်း၊ ဒုက္ခံ=ဆင်းရဲ၏၊ သံခိတ္တေန=အကျဉ်းအားဖြင့်၊ ပဉ္စုပါဒါ နက္ခန္ဓာပိ=ဥပါဒါနက္ခန္ဓာ တရားငါးပါးတို့သည်သာလျှင်၊ ဒုက္ခာ=ဆင်းရဲ ကုန်၏၊ ဣဒံခေါပန ဓမ္မဇာတံ=ဤဇာတိအစရှိသော တရားအပေါင်းသည်၊ ဒုက္ခံ=ဆင်းရဲအစစ် ဒုက္ခနှစ်ဖြစ်သော၊ အရိယသစ္စံ= မဖောက်မပြန် စင်စစ်မှန်သော အရိယသစ္စာကြီးပေတည်း။

**၁-ဒုက္ခသစ္စာပြီး၏။**

------✱------

## ၂-သမုဒယသစ္စာ

**ပမာဆောင်ရသော်၊** ။သမုဒယသစ္စာကို ဥပမာအားဖြင့် ဆိုရလျှင် ရှေးနှစ် တို့၌ ဖြစ်ကြကုန်သော ကောင်းစွာမှည့်ရင့်သဖြင့် အနှစ်သာရရှိကြကုန်သော သစ်ပင်မျိုးစေ့တို့သည် အာပေါ, အဆီ, အစေးနှင့်တကွ ဖြစ်ကြမှသာလျှင် အာပေါ, အဆီ, အစေးရှိမှသာလျှင် သစ်ပင်အသစ်တို့ကို

www.dhammaransi.com



ပေါက်ပွါးဖြစ်ပေါ် စေနိုင်ကုန် ၏၊ အာပေါ, အဆီ, အစေး, ကင်းမဲ့ကုန်သည်ရှိသော် သစ်ပင်အသစ်တို့ကို မပေါက်စေနိုင်ကုန်သကဲ့သို့၊ ထို့အတူသာလျှင် ရှေးရှေး ဘဝတို့၌ ပြုလုပ်ဆည်းပူးအပ်ကုန်သော အင်္ဂါပယောဂနှင့်ပြည့်စုံသဖြင့် ကမ္မပထ မြောက်ကုန်ပြီးသော ကုသိုလ်ကံ အကုသိုလ်ကံတို့သည် တဏှာတည်းဟူသော အစေးအညှော်နှင့်တကွဖြစ်ကုန်မှသာလျှင် တဏှာအစေးရှိကုန်မှသာလျှင် အသစ် အသစ်ဖြစ်သောဘုံဘဝ အဆင်းရဲတို့ကို ဖြစ်ပွါးစေနိုင်ကုန်၏၊ တဏှာအစေး မရှိကြကုန်သည်ရှိသော် ဘုံဘဝဆင်းရဲတို့ကို မဖြစ်ပွါးစေနိုင်ကုန်။

ထို့ကြောင့် တဏှာသည်လျှင် ကံတို့၏ဘုံဘဝ ဆင်းရဲမှုကို ဖြစ်စေရာ၌ အထူးကဲဆုံးဖြစ်သောကြောင်း အဖော်သဟဲကြီးဖြစ်၏၊ ရှေးရှေးဘဝတို့က ပြုခဲ့သမျှ, ဆည်းပူးခဲ့သမျှသော ကံတို့သည် မည်မျှလောက်များပြား၍ မည်မျှ လောက် ထုထယ်ကြီးမားစေကာမူ တဏှာအစေးကို ပြယ်ပျောက်အောင် ပြုလုပ် နိုင်သည်ဖြစ်က ထိုကံတို့သည် ဘုံဘဝတည်းဟူသောအကျိုးတို့ကို မဖြစ်စေနိုင်ကုန်၊ ထို့ကြောင့် တဏှာအစေးကို အကြွင်းမဲ့ ဆေးကြောသုတ်သင်အပ်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်မှာရှိသော ကံတို့သည် အကျိုးမပေးနိုင်သော အဟောသိကံအဖြစ်သို့ ရောက်ကြကုန်သဖြင့် တစ်ဖန်ဘဝသစ်, ဝဋ္ဋဒုက္ခအသစ် တို့ကို မဖြစ်စေနိုင်ကုန်၊ ဘုံဘဝဝဋ္ဋဒုက္ခ ဇာတ်ကိုသိမ်း၍ ငြိမ်းကြလေကုန်၏၊ တဏှာသည် ဘုံဘဝဝဋ္ဋဒုက္ခဆင်းရဲကို ဖြစ်စေမှု၌ အကြောင်းရင်း ဝိသေသကြီး ဖြစ်သောကြောင့် သမုဒယသစ္စာဟူ၍ ဆိုရလေသည်။

ဤသဘောကိုရည်တော်မူ၍ ဓမ္မစက္ကပဝတ္တနသုတ္တန်၌--

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယော အရိယသစ္စံ ယာယံ
တဏှာ ပေါနောဗ္ဘဝိကာ နန္ဒိရာဂ သဟဂတာ တတြတတြာဘိနန္ဒိနီ။
သေယျထိဒံ ကာမ တဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ-

ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ=ရဟန်းတို့၊ ယာယံတဏှာ=အကြင်တဏှာလောဘသည်၊ ပေါနောဗ္ဘဝိကာ=တစ်ဖန်ဘဝသစ်ကိုဖြစ်စေတတ်၏၊ နန္ဒိရာဂသဟဂတာ=နှစ် သက်ခြင်း တပ်မက်မောခြင်းနှင့်တကွဖြစ်၏။ တတြတတြာဘိနန္ဒိနီ=ထိုထို အာရုံတို့၌ ဆန်စုန်ပြောင်းလဲ၍ စွဲလမ်းနှစ်သက်စေတတ်၏၊ ဣဒံသောတဏှာ= ဤတဏှာသည်၊ သေယျထာ=အဘယ်နည်းဟူမူကား၊ ကာမတဏှာ=ဝတ္ထုအာရုံ

www.dhammaransi.com



ကာမဂုဏ်ကို ခုံမင်တွယ်တာတတ်သော တဏှာလည်းကောင်း၊ ဘဝတဏှာ-အဇ္ဈတ္တခန္ဓာ၌ တွယ်တာစွဲလမ်းသော တဏှာလည်းကောင်း၊ ဝိဘဝတဏှာ-ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာလည်းကောင်း၊ ဣဒံခေါ ပန မဂ္ဂါတံ-ဤတဏှာတည်းဟူသော သဘောတရားသည်၊ ဒုက္ခသမုဒယော-ဘုံဘဝဝဋ်ဒုက္ခ၏ အကြောင်းရင်းဖြစ်သော၊ အရိယသစ္စံ-မဖောက်မပြန် စင်စစ်မှန်သော အရိယသစ္စာမည်၏။

ကာမတဏှာဖြစ်ပုံ။ ။အထက်ပါဒိဋ္ဌိတော်၌ တဏှာသုံးပါးကို ပြဆိုရာတွင် ကာမတဏှာဆိုသည်ကား-အဇ္ဈတ္တသန္တာန်မှ အပဖြစ်သော ရူပါရုံအစရှိသည့် ဝတ္ထုအာရုံကာမဂုဏ်တို့၌ သာယာတပ်မက်သော တဏှာပေတည်း။ ဘဝတဏှာဆိုသည်ကား အဇ္ဈတ္တသန္တာန်၌ ကမ္မဘဝ, ဥပပတ္တိဘဝဟုဆိုအပ်သော အဇ္ဈတ္တခန္ဓာတို့၌ သာယာတပ်မက်သော တဏှာပေတည်း။ သဿတဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာတို့လည်း ဘဝတဏှာဆို၏၊ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာသည် ဝိဘဝတဏှာမည်၏။

ထိုစကားရပ်၌ ကာမဘုံ၌ဖြစ်သော သတ္တဝါတို့၏ ပကတိ စိတ် သဘောဓာတ်တို့သည် ခေါင်းပါးခြောက်သွေ့ကုန်၏၊ အဆီ, ဩဇာ, အရသာမရှိကြကုန်၊ ဗဟိဒ္ဓဖြစ်သော အာရုံအရသာတို့ဖြင့် သွန်းလောင်း ဖြည့်စွက်မှသာလျှင် ပျော်မွေ့နိုင်သော သဘောဓာတ်ရှိကြကုန်၏၊ အပ၌ရှိသော ချစ်ခင်ဖွယ်နှစ်သက်ဖွယ်ဖြစ်သည့် ကာမအာရုံ အထုံအမွမ်းတို့နှင့် ပေါင်းသင်းရောစပ်ရမှသာလျှင် ပျော်မွေ့နှစ်သက်ခြင်းကို ဖြစ်စေနိုင်ကုန်၏။

ထိုစကားမှန်၏၊ ကာမဘုံသားတို့သည် ပြင်ပ၌ရှိသော သာယာ ဖွယ်ဖြစ်သည့် ဝတ္ထုအာရုံကာမဂုဏ်တို့နှင့်ကင်း၍ မိမိတို့၏ စိတ်တွင်း၌ နှစ်သက်မွေ့လျော်ခြင်းကို မရနိုင်ကြကုန်၊ ပျင်းရိညှိုးနွမ်းခြင်းသို့သာ ရောက်ကြလေကုန်၏၊ ထို့ကြောင့် ကာမဘုံသား သတ္တဝါအများတို့သည် ကာမတဏှာကို အဖော်သဟဲရှေ့ဆောင်ရှေ့သွားပြုပြီးလျှင် ပြင်ပ၌ရှိ သော ဝတ္ထုအာရုံကာမဂုဏ်တို့၌သာလျှင် ပြေးလွှား၍နေကြကုန်၏၊ ပျားတို့သည် ပန်းယက်အရသာကို ရှာမှီးကုန်သကဲ့သို့ ကာမအာရုံတို့ကိုသာ ရှာမှီး၍နေကြရကုန်၏။

ဘဝတဏှာဖြစ်ပုံ။ ။ဗြဟ္မာတို့၏ သန္တာန်၌ဖြစ်သော ဝိဝေကဇပီတိမှ ရင်းနှီး၍ရသော မဟဂ္ဂုတ်စိတ်တို့သည်မူကား စိုပြည်ပျော့ပျောင်းကြကုန်၏၊ အဆီ, ဩဇာ, အရသာရှိကြကုန်၏၊ တစ်စုံတစ်ခုသော

www.dhammaransi.com



အာရုံ အမွှမ်းအမံတို့ဖြင့် သွန်းလောင်းမွှမ်းမံခြင်းမရှိပဲ ပကတိအားဖြင့် ပျော်မွေ့နှစ်သက်ကြကုန်၏။

ထိုစကားမှန်၏၊ ပြဟ္မာတို့သည် ပြင်ပ၌ရှိသော ဝတ္ထုအာရုံ ကာမဂုဏ်တို့နှင့် ရောနှောဆက်ဆံခြင်းကို အလိုမရှိကြကုန်၊ အဇ္ဈတ္တသန္တာန်၌ မိမိတို့၏ ဈာန်စိတ်ကိုဖြင့်သာလျှင် ပျော်မွေ့ရွှင်လန်းခြင်းကို ရရှိကြကုန်၏၊ ဈာန်ကိုဝင်စားခြင်းတည်းဟူသော သမာပတ္တိချမ်းသာဖြင့် ရှည်မြင့်စွာသော အချိန်ကာလကို ကုန်လွန်စေနိုင်ကြကုန်၏၊ ဈာန်မှထသောအခါ အဇ္ဈတ္တသန္တာန်၌ သာယာသော ဘဝတဏှာ၏ အစွမ်းအားဖြင့် သြော်-ချမ်းသာစွာ့တကား၊ သြော်-ချမ်းသာစွာ့တကားဟူ၍ ဥဒါန်းကျူးရင့်သောအသံကို မြွက်ဆို၍ နေထိုင်ကြကုန်၏။

**ဝိဘဝတဏှာဖြစ်ပုံ။** ။ဥစ္ဆေဒအယူရှိသော ပုဂ္ဂိုလ်တို့သည်ကား သံသရာ၌ သတ္တဝါတို့ ကျင်လည်ကြရသည်ဟူ၍ မရှိ၊ တစ်ဘဝ တစ်ခန္ဓာနှင့် ပြတ်၏ဟူ၍ ယူသောအယူဝါဒကို အခိုင်အမြဲ၊ အတ္တသာရဟူ၍ စွဲလမ်းပြီးလျှင် ထိုအယူဝါဒကို ဝိဘဝတဏှာဖြင့် သာယာကြကုန်၏။

[ဤကားတဏှာသုံးပါးတို့၏ အထူးတည်း။]

**အကျဉ်းမှတ်ဖွယ်။** ။အကျဉ်းအားဖြင့် မှတ်ရန်မှာ ပြင်ပ၌ရှိသော ဝတ္ထုအာရုံ ကာမဂုဏ်တို့ကိုသာယာမှုသည် ကာမတဏှာမည်၏၊ ထိုတဏှာသည် ကာမဘုံသားတို့၌ဖြစ်၏၊ အဇ္ဈတ္တခန္ဓာတို့၌ သာယာမှုသည် ဘဝတဏှာမည်၏၊ ထိုတဏှာသည် ပြဟ္မာတို့၌ ဖြစ်၏၊ ဥစ္ဆေဒအယူရှိသော ပုဂ္ဂိုလ်တို့၏ မိမိတို့အယူဝါဒ၌ အစွဲအလမ်းပြု၍ သာယာမှုသည် ဝိဘဝတဏှာမည်၏၊ ထိုတဏှာသည် ဥစ္ဆေဒဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်တို့၌ဖြစ်၏၊ ကာမဘုံသားတို့၏ ပကတိစိတ်သည် တစ်စုံတစ်ခုသောအာရုံဖြင့် ထုံအပ်ပွါး များအပ်သည် မဟုတ်၊ တွေ့မြင်ရာရာအာရုံကို စွဲလမ်းမှီတွယ်၍ ဖြစ်ရသောကြောင့် အဆိ,သြဇာ, အရသာမဲ့၍ ခြောက်သွေ့၏၊ ပြင်ပက ကာမဂုဏ်အာရုံတို့ဖြင့် မွှမ်းမံဖျော်ဖြေနိုင်ပါမှ အရသာကို ရရှိနိုင်၏၊ ကာမအာရုံကို အနည်းနည်းရှာဖွေကြံစည်၍ သာယာတတ်သော ကာမတဏှာတည်းဟူသော အဖြေအဖျော် အဖော်အဖက်ကို အလိုရှိရ၏။

**ပမာဆောင်ရသော်။** ။အလွန် ကြမ်းတမ်းသော ပြောင်းဆန် ထမင်းများသည် ပကတိအားဖြင့် အဆီ, သြဇာနည်းပါး၍ ကြမ်းတမ်းခြောက်သွေ့သောကြောင့် အရသာမရှိ၊ ဆီပျားနိုင်နိုင်နှင့် အရသာရှိစွာ

www.dhammaransi.com



ချက်၍ထားအပ်သော ဟင်းမျိုးတို့ဖြင့် လူး၍ဆမ်းစားရမှ အရသာရှိ၏၊ ပြောင်းထမင်းမှာ ဟင်းကောင်းလို၏၊ ထို့အတူပင် ကာမဘုံသားတို့၏ စိတ်ကိုမှတ်ရာ၏၊ ထို့ကြောင့် ကာမဘုံသားတို့သန္တာန်မှာ ကာမတဏှာကျက်စားခွင့်ကို ရရှိလေသည်၊ ဗြဟ္မာတို့၏ ပကတိစိတ်သဘောသည် ဝိဝေကကိုမှီ၍ ကသိုဏ်းစသော အာရုံတို့ဖြင့် အကြိမ်များစွာ ထုံအပ်ပွါးအပ်သောကြောင့် အဆီ, ဩဇာ, အရသာနှင့်တကွ စိုပြေ၏၊ ပြင်ပက ဒမွမ်းအမံကို အလိုမရှိ၊ မိမိတို့ ပကတိစိတ်အတိုင်းနှင့်ပင် ပျော်ရွှင်မွေ့လျော်ခွင့်ကို ရရှိနိုင်ကြလေသည်၊ ထို့ကြောင့်ဗြဟ္မာတို့မှာ မိမိတို့ အဇ္ဈတ္တသန္တာန်၌ သာယာသော ဘဝတဏှာ ကျက်စားခွင့်ကို ရရှိလေသည်။

ဥပမာ-ကမ္ဘာဦးအခါ မြေဆီဩဇာ ထက်မြက်စဉ်က ဖြစ်ပေါ်သော သလေးထမင်းသည် ပကတိအားဖြင့် အရသာရှိ၍ နေသောကြောင့် ဟင်းတည်းဟူသော အမွှမ်းအမံကိုမလိုချေ၊ ပကတိထမင်းအတိုင်းနှင့်ပင် မြိန်ရှက်၍ မဆုံးနိုင်သော အရသာကို ဖြစ်ပွါးစေနိုင်၏၊ ပြင်ပက ဟင်းရေကိုဆမ်းလျှင် နဂိုပကတိ ထမင်းအရသာရင်းပင်လျှင် ပျက်စီးလုမတတ်ရှိ၏၊ ထို့အတူ ဗြဟ္မာတို့၏ မဟဂ္ဂုတ်စိတ်ကို သိရာ၏။

၂-သမုဒယသစ္စာပြီး၏။

---

## ၃။ နိရောဓသစ္စာ

တဏှာဆိတ်စေး ကင်းဝေးသဖြင့်။ ။ပြဆိုအပ်ပြီးသော တဏှာသုံးပါးတို့ကို အကြွင်းမဲ့ ပယ်အပ်ပြီးသောအခါ အလုံးစုံသော ကုသိုလ်ကံ, အကုသိုလ်ကံတို့သည် ပွက်ပွက်ဆူသောရေ၌ ပြုတ်အပ်ပြီးသော မျိုးစေ့တို့ကဲ့သို့ တဏှာတည်းဟူသော အဆိအစေးမှ ကင်းကြကုန်သည်ဖြစ်၍ တစ်ဖန်အသစ်ဖြစ်ပေါ်သော ဘုံဘဝဆင်းရဲတို့ကို မဖြစ်စေနိုင်ကုန်၊ ဘုံဘဝ ဝဋ်ဒုက္ခဆင်းရဲတို့သည် အကြွင်းမဲ့ချုပ်ဆုံးကြလေကုန်၏။ တစ်ဖန်ဖြစ်ပြန်ခြင်းသဘော မရှိကြကုန်၊ ဒုက္ခ၏အကြောင်းရင်းဖြစ်သော တဏှာသုံးပါး၏ ချုပ်ဆုံးမှုကိုပင်လျှင် နိရောဓသစ္စာဟူ၍ဆိုသည်၊ အသင်္ခတဓာတ် ပရမတ် နိဗ္ဗာန်ကြီးပေတည်း။

**ဤသဘောကို ရည်တော်မူ၍ ဓမ္မစက္ကပဝတ္တနသုတ္တန်၌ --**

**ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခနိရောဓော အရိယသစ္စံ**

**မိခင်ရောဝတီ**

ယော တဿာယေဝ တဏှာယ အသေသဝိရာဂ
နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော၊
ဟူ၍ဟောတော်မူသည်။

ဘိက္ခဝေ=ရဟန်းတို့၊ တဿာယေဝ တဏှာယ=ထိုတဏှာသုံးပါး ၏သာလျှင်၊ ယော အသေသဝိရာဂ နိရောဓော=အကြွင်းအကြွင်းမဲ့ တပ်ခြင်းကင်းရာ ချုပ်ရာဖြစ်သော နိဗ္ဗာန်သည်၊ ယော စာဂေါ=အကြင် စွန့်ရာဖြစ်သောနိဗ္ဗာန်သည်၊ ယော ပဋိနိဿဂ္ဂေါ=အကြင်စွန့်လွှတ်ရာဖြစ်သော နိဗ္ဗာန်သည်၊ ယာ မုတ္တိ= အကြင်လွတ်ရာဖြစ်သော နိဗ္ဗာန်သည်၊ ယော အနာလယော=အကြင်ကပ်ငြိခြင်း ကင်းရာဖြစ်သောနိဗ္ဗာန်သည်၊ အတ္ထိ=ရှိ၏၊ ဣဒံ ခေါ ပန ဓမ္မဇာတံ=ဤတဏှာမှ ကျွတ်လွတ်ရာဖြစ်သော နိဗ္ဗာန်ဟူသော သဘောတရားသည်၊ ဒုက္ခနိရောဓော= ဒုက္ခ၏ချုပ်ရာဖြစ်သော၊ အရိယသစ္စံ=မဖောက်မပြန် စင်စစ်မှန်သော အရိယ သစ္စာကြီး တစ်ပါးပေတည်း။

**၃-နိရောဓသစ္စာပြီး၏။**

-------------------------

## ၄- မဂ္ဂသစ္စာ

၄။ အကြင်ပုဂ္ဂိုလ်တို့သည် ခန္ဓာငါးပါး သတ္တဝါတို့၏ အထည်ကိုယ်ဖြစ်သော တရားတို့၌ တရားအသစ်အသစ် မနေမနား တဖွားဖွား ဖြစ်လေ့ရှိသည့် ဇာတိအစရှိသော ဆင်းရဲဒုက္ခ ဘေးဘယတို့ကို မသိကြကုန် မမြင်ကြကုန်၊ ထို ပုဂ္ဂိုလ်တို့သည် ခန္ဓာငါးပါးတို့၌ တွယ်တာသော တဏှာသုံးပါးတို့ကို တိုးပွားစေကုန်၏၊ အကြင်ပုဂ္ဂိုလ်တို့သည်ကား ခန္ဓာငါးပါးတို့၌ ဇာတိအစရှိသော ဆင်းရဲဒုက္ခ ဘေးဘယအတိ ပြွမ်းလျက်ရှိနေပုံကို ထင်ထင်ရှားရှား သိမြင်ကြလေကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် ခန္ဓာငါးပါးတို့၌ တွယ်တာသော တဏှာသုံးပါးတို့ကို ကုန်ခန်းခြောက်သွေ့စေကုန်၏၊ ခန္ဓာငါးပါးသည် တဏှာသုံးပါး၏ မွေ့လျော် ပျော်ပါး အဆင့်ဆင့်ပွားရာဖြစ်သော တိုက်အိမ်ကြီးနှင့် တူ၏၊ ထိုခန္ဓာငါးပါး တည်းဟူသော အိမ်ကြီး၌ သစ်ဘီလူး, နတ်ဘီလူးစသော ဘေးအန္တရာယ် အမျိုး မျိုးတွေနှင့်တူသော ဇာတိ, ဇရာအစရှိသော ဘေးဒုက္ခတို့သည်လည်း ပြိုးပြွမ်း ပြည့်နှက်စွာရှိကုန်၏။

ထိုဘေးဒုက္ခအပြစ် အာဒီနဝတို့ကို မမြင်ပဲ အကောင်းအမွန် သာယာဖွယ်ဟု

www.dhammaransi.com



ထင်နေလျှင် ထိုခန္ဓာအိမ်၌ မှိတ်တွယ်ပျော်ပါး ပေါက်ပွါးနယ်ချဲ့၍နေသော တဏှာ တရားတို့သည် အဆပ်ဆင့်အားရှိ၍ တိုးပွားများမြောင်လေလေသော ဖြစ်၏၊ တဏှာတိုးပွား၍ နယ်ချဲ့လေလေ သံသရာအကျယ်၌ ဒုက္ခပင်လယ်ဝေကြီး ဖြစ်လေလေသောဖြစ်၏၊ ထိုခန္ဓာတည်းဟူသောအိမ်၌ ဇာတိစသောဆင်းရဲဒုက္ခ ဘေးဘယ ကြောက်မက်ဖွယ်တို့ကို မြင်သောအခါ ခန္ဓာအိမ်၌ သာယာကပ်ငြိသော တဏှာကို ပယ်ဖျောက်နိုင်လေ၏၊ ဘေးဒုက္ခတွေကိုမြင်လေလေ, တဏှာ အားနည်း၍ ခြောက်ခန်းပျောက်ကွယ်လေလေသော ဖြစ်၏၊ ခန္ဓာအိမ်၏ အပြစ်ကို အကြွင်းမဲ့မြင်သောအခါ တဏှာသည် အကြွင်းမဲ့ ပြယ်ပျောက်လေ၏၊ ထိုခန္ဓာ ငါးပါးတို့၌ ဇာတိစသော ဆင်းရဲဒုက္ခ ဘေးဘယကို မြင်နိုင်ရန် အလုပ်ခွင် ကျင့်လမ်းမှာ မဂ္ဂင်ရှစ်ပါးသာလျှင် ဖြစ်၏၊ သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးသည် ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်သို့ ရောက်စေနိုင်သော ကျင့်လမ်းဖြစ်၍ ဒုက္ခနိရောဓ ဂါမိနိပဋိပဒါ ဟူ၍ဆိုလေသည် မဂ္ဂသစ္စာကြီးပင်တည်း။

ဒုက္ခနိရောဓဂါမိနိပဋိပဒါဟူသောပုဒ်၌-

> ဒုက္ခဿ နိရောဓံ အဝဿံ ဂမေတိ သမ္ပါပေတိ
> တဒတ္ထိကေဟိ ပဋိပဇ္ဇိတဗ္ဗာစာတိ ဒုက္ခနိရောဓဂါမိနိ ပဋိပဒါ။

ဒုက္ခဿ-ခန္ဓာဝဋ်ဆင်းရဲ၏၊ နိရောဓံ-ချုပ်ရာဖြစ်သောနိဗ္ဗာန်သို့၊ အဝဿံ- စင်စစ်မချွတ်၊ ဂမေတိ သမ္ပါပေတိ-ရောက်စေတတ်၏၊ တဒတ္ထိကေဟိ- ထိုဒုက္ခချုပ်ရာနိဗ္ဗာန်ကို အလိုရှိသောသူတို့သည်၊ ပဋိပဇ္ဇိတဗ္ဗာစ-ကျင့်အပ် ကျင့် ထိုက်သည်လည်း ဖြစ်၏၊ ဣတိတသ္မာ-ထို့ကြောင့်၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါ- ဒုက္ခနိရောဓဂါမိနိပဋိပဒါမည်၏။

**ဤအဓိပ္ပါယ်ကိုရည်၍ ဓမ္မစက္ကပဝတ္တနသုတ္တန်၌---**

> ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ္စံ
> (အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ သေယျထိဒံ) သမ္မာဒိဋ္ဌိ
> သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ
> သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ-ရဟန်းတို့၊ အရိယော-မြတ်သော၊ အဋ္ဌင်္ဂိကော-အင်္ဂါရှစ်ပါးရှိ သော၊ အယမေဝ မဂ္ဂေါ-ဤမဂ်သည်သာလျှင်၊ ဝါ-နိဗ္ဗာန်ရောက်ကြောင်း

www.dhammaransi.com



ခရီးကောင်းသည်သာလျှင်၊ အတ္ထိ=ရှိ၏၊ ဣဒံ မဂ္ဂဂ်ံ=ဤမဂ္ဂင်ဟူသည်၊ သေယျထာ ကတမံ=အဘယ်နည်းဟူမူကား၊ သမ္မာဒိဋ္ဌိ=ကောင်းစွာမြင်မှု၊ သမ္မာသင်္ကပ္ပေါ= ကောင်းစွာကြံမှု၊ သမ္မာဝါစာ=ကောင်းစွာဆိုမှု၊ သမ္မာကမ္မန္တော=ကောင်းစွာပြုမှု၊ သမ္မာအာဇီဝေါ=ကောင်းစွာအသက်မွေးမှု၊ သမ္မာဝါယာမော=ကောင်းစွာ အားထုတ်မှု၊ သမ္မာသတိ=ကောင်းစွာအောက်မေ့မှု၊ သမ္မာသမာဓိ=ကောင်းစွာ တည်ကြည်မှု၊ ဣဒံ ခေါပန ဓမ္မဇာတံ=ဤမဂ္ဂင်ရှစ်ပါး တရားအစုသည်၊ ဒုက္ခနိရောဓဂါမိနီပဋိပဒါ=ခန္ဓာဝန်ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်းဖြစ်သော၊ အရိယသစ္စံ=မဖောက်မပြန် စင်စစ်မှန်သော အရိယ သစ္စာကြီးပေတည်း။

၄- မဂ္ဂသစ္စာပြီး၏။

ဤဆိုအပ်ပြီးသော စကားရပ်သည် သမ္မာသမ္ဗုဒ္ဓဂုဏ်တော်၌ **သာမံ သစ္စာနိ အဘိသမ္ဗုဇ္ဈတိ** ဟူ၍ သစ္စာလေးပါးကို ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူ သည်ဟူရာဝယ် သစ္စာလေးပါး၏ အဓိပ္ပါယ်အမြွက်ပေတည်း။

**တတ္ထစ သဗ္ဗညုတံ ပတ္တော**-ဟူ၍ ပထမ၌ တည်ထားခဲ့သော ပုဂ္ဂပညတ် ပါဠိတော်အရ သဗ္ဗညုတဉာဏ်ဆိုသည်။

ကတမံ တထာဂတဿ သဗ္ဗညုတညာဏံ သဗ္ဗံ သင်္ခတ မသင်္ခတံ အနဝသေသံ ဇာနာတီတိ သဗ္ဗညုတ ညာဏံ။ တတ္ထ အာဝရဏံ နတ္ထီတိ အနာဝရဏညာဏံ-

အစရှိသော ပဋိသမ္ဘိဒါမဂ် ဉာဏကထာ ပါဠိတော်ဖြင့် သိအပ်၏။

တထာဂတဿ=မြတ်စွာဘုရား၏၊ သဗ္ဗညုတညာဏံ=သဗ္ဗညုတဉာဏ်ဟူ သည်၊ ကတမံ=အဘယ်နည်း၊ သဗ္ဗံ=အလုံးစုံသော၊ သင်္ခတံ=ပြုပြင်စီရင်အပ်သမျှ သင်္ခတတရားစုကိုလည်းကောင်း၊ အသင်္ခတံ=မပြုပြင်မစီရင်အပ်သော အသင်္ခတ တရားစုကိုလည်းကောင်း၊ အနဝသေသံ=အကြွင်းအကျန်မရှိ ဇာနာတိ=သိတတ်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ သဗ္ဗညုတညာဏံ=သဗ္ဗညုတဉာဏ်မည်၏၊ တတ္ထ=ထိုသို့ တရားအလုံးစုံကို အကုန်သိမြင်ရာ၌၊ အာဝရဏံ=အပိတ်အပင် အကန့်အကွက် သည်၊ နတ္ထိ=မရှိ၊ ဣတိတသ္မာ=ထို့ကြောင့်၊ အနာဝရဏညာဏံ=အနာဝရဏ ဉာဏ်မည်၏။

www.dhammaransi.com



သဗ္ဗညုတဉာဏ်။ ။သဗ္ဗညုတဉာဏ်ဆိုသည်ကား သိသင့် သိထိုက်သမျှ သင်္ခတ, အသင်္ခတတရားအလုံးစုံကို အကြွင်းအကျန် မရှိ အကုန်သိစွမ်းနိုင်သော ဉာဏ်တော်ကြီးပေတည်း၊ ထိုသဗ္ဗညုတဉာဏ်သည် အတိတ်, အနာဂတ်, ပစ္စုပ္ပန် သုံးတန်သောကာလတို့၌ ရှိရှိသမျှသော တရား အလုံးစုံကို အကုန်သိမြင် နိုင်၏၊ ထိုသို့သိမြင်ရာ၌ အပိတ်အပင် အကန့်အကွက် ဟူ၍ မရှိ၊ ကြည်ကြည်လင်လင် ကျွတ်ကျွတ်လွတ်လွတ်သိသောဉာဏ်ကို အနာ ဝရဏဉာဏ်ဆိုသည်၊ သစ္စာလေးပါးကို ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော် မူသည် ဆိုရာ၌ သဗ္ဗညုတဉာဏ်ဖြင့် အကြွင်းအကျန်မရှိ အလုံးစုံ သိတော်မူ၏၊ အနာဝရဏဉာဏ်တော်ဖြင့် အပိတ်အပင် အဟန့်အတား မရှိ၊ ကြည်လင်စူးရှ၍ သိမြင်တော်မူ၏။

## ဒသဗလဉာဏ်ဆယ်ပါး

ဗလေသုစ ဝသီဘာဝံ ဟုပြဆိုခဲ့ရာ၌ ဆယ်ပါးသော ဒသဗလ ဉာဏ်တို့ကို ထုတ်ပြလတ္တံ့သော အဘိဓမ္မာပိဋကတ် ဉာဏဝိဘင်း ပါဠိတော်ဖြင့် သိအပ်၏။

၁။ ဣဓ တထာဂတော ဌာနဉ္စ ဌာနတော အဋ္ဌာနဉ္စ အဋ္ဌာနတော ယထာဘူတံ ပဇာနာတိ။

ဣဓ-ဤလောက၌၊ တထာဂတော-မြတ်စွာဘုရားသည်၊ ဌာနဉ္စ-အကြောင်း အရာ ဟုတ်သည်ကိုလည်း၊ ဌာနတော-အကြောင်းအရာ ဟုတ်သောအားဖြင့်၊ ယထာဘူတံ-ဟုတ်မှန်သောအတိုင်း၊ ပဇာနာတိ-သိ၏၊ အဋ္ဌာနဉ္စ-အကြောင်းအရာ မဟုတ်သည်ကိုလည်း၊ အဋ္ဌာနတော-အကြောင်းအရာမဟုတ်သောအားဖြင့်၊ ယထာဘူတံ-ဟုတ်မှန်သောအတိုင်း၊ ပဇာနာတိ-သိ၏။

(ဤ ဉာဏ်တော်ကို ဌာနာဌာနကောသလ္လဉာဏ် ခေါ်သည်၊)

၂။ ပုနစ ပရံ တထာဂတော အတီတာနာဂတပစ္စုပ္ပန္နာနံ ကမ္မသမာဒါနာနံ ဌာနသော ဟေတုသော ဝိပါကံ ယထာဘူတံ ပဇာနာတိ။

ပုနစ ပရံ-တစ်ဖန်တုံ၊ တထာဂတော-မြတ်စွာဘုရားသည်၊ အတီတာနာဂတ ပစ္စုပ္ပန္နာနံ-ဖြစ်ပြီး ဖြစ်လတ္တံ့ ဖြစ်ဆဲဖြစ်ကုန်သော၊ ကမ္မသမာဒါနာနံ-ပြုလုပ် ဆောက်တည်အပ်သော ကံတရားတို့၏၊ ဝိပါကံ-အကျိုးကို၊ ဌာနသော-အရာ ဌာနအားဖြင့်၊ ဟေတုသော-အကြောင်းအားဖြင့်၊ ယထာဘူတံ-ဟုတ်မှန်သော

www.dhammaransi.com



အတိုင်း၊ ပဇာနာတိ=သိ၏။

(ဤ-ဉာဏ်တော်ကို ဝိပါကဉာဏ်ခေါ်သည်)

၃။ ပုန စ ပရံ တထာဂတော သဗ္ဗတ္ထ ဂါမိနိပဋိပဒံ ယထာဘူတံ ပဇာနာတိ။

ပုနစ ပရံ=တစ်ဖန်တုံ၊ တထာဂတော=မြတ်စွာဘုရားသည်၊ သဗ္ဗတ္ထဂါမိနိ ပဋိပဒံ=အလုံးစုံသော ဘုံဘဝသို့ လားစေတတ် ရောက်စေတတ်သော အကျင့် အမျိုးမျိုးကိုလည်း၊ ယထာဘူတံ=ဟုတ်မှန်သောအတိုင်း၊ ပဇာနာတိ=သိ၏။

(ဤ-ဉာဏ်တော်ကို သဗ္ဗတ္ထဂါမိနိပဋိပဒါဉာဏ် ခေါ်သည်)

၄။ ပုန စ ပရံ တထာဂတော အနေကဓာတု နာနာဓာတုလောကံ ယထာဘူတံ ပဇာနာတိ။

ပုနစ ပရံ=တစ်ဖန်တုံ၊ တထာဂတော=မြတ်စွာဘုရားသည်၊ အနေကဓာတု နာနာဓာတုလောကံ=များသောသဘောဓာတ်, အထူးထူးသော သဘောဓာတ်ရှိသော ဤလောကကြီးကို၊ ယထာဘူတံ=ဟုတ်မှန်သောအတိုင်း၊ ပဇာနာတိ=သိ၏။

(ဤ-ဉာဏ်တော်ကို အနေကဓာတု နာနာဓာတုဉာဏ် ခေါ်သည်၊)

၅။ ပုနစ ပရံ တထာဂတော သတ္တာနံ နာနာဓိမုတ္တိကတံ ယထာဘူတံ ပဇာနာတိ။

ပုနစ ပရံ=တစ်ဖန်တုံ၊ တထာဂတော=မြတ်စွာဘုရားသည်၊ သတ္တာနံ= သတ္တဝါတို့၏၊ နာနာဓိမုတ္တိကတံ=အမျိုးမျိုးသောနှလုံးသွင်း သဘောထားကို၊ ယထာဘူတံ=ဟုတ်မှန်သောအတိုင်း၊ ပဇာနာတိ=သိ၏။

(ဤ-ဉာဏ်တော်ကို နာနာဓိမုတ္တိကဉာဏ် ခေါ်သည်)

၆။ ပုနစ ပရံ တထာဂတော ပရသတ္တာနံ ပရပုဂ္ဂလာနံ ဣန္ဒြိယ ပရောပရိယတ္တံ ယထာဘူတံ ပဇာနာတိ။

ပုန စ ပရံ=တစ်ဖန်တုံ၊ တထာဂတော=မြတ်စွာဘုရားသည်၊ ပရသတ္တာနံ= တစ်ပါးသောသတ္တဝါတို့၏၊ ပရပုဂ္ဂလာနံ=တစ်ပါးသော ပုဂ္ဂိုလ်တို့၏၊ ဣန္ဒြိယပရော ပရိယတ္တံ=ဉာဏ်ဣန္ဒြေ ရင့်မရင့်ကို၊ ယထာဘူတံ=ဟုတ်မှန်သောအတိုင်း၊ ပဇာနာတိ=သိ၏။

( ဤဉာဏ်တော်ကို ဣန္ဒြိယပရောပရိယတ္တိဉာဏ် ခေါ်သည်။ )

www.dhammaransi.com



၇။ ပုနစ ပရံ တထာဂတော ဈာန ဝိမောက္ခသမာဓိ သမာပတ္တီနံ သံကိလေသံ ဝေါဒါနံ ဝုဋ္ဌာနံ ယထာဘူတံ ပဇာနာတိ။

ပုန စ ပရံ=တစ်ဖန်တုံ၊ တထာဂတော=မြတ်စွာဘုရားသည်၊ ဈာန ဝိမောက္ခ သမာဓိ သမာပတ္တီနံ=ဈာန်, ဝိမောက္ခ, သမာဓိ, သမာပတ်တို့၏၊ သံကိလေသံ= ညစ်နွမ်းမှုကိုလည်းကောင်း၊ ဝေါဒါနံ=ဖြူစင်မှုကိုလည်းကောင်း၊ ဝုဋ္ဌာနံ= ထမှုကို လည်းကောင်း၊ ယထာဘူတံ=ဟုတ်မှန်သောအတိုင်း၊ ပဇာနာတိ=သိ၏။

( ဤဉာဏ်တော်ကို ဈာနဝိမောက္ခသမာဓိသမာပတ္တိဉာဏ် ခေါ်သည်။ )

၈။ ပုနစ ပရံ တထာဂတော၊ သတ္တာနံ ပုဗ္ဗေနိဝါသံ ယထာဘူတံ ပဇာနာတိ။

ပုန စ ပရံ=တစ်ဖန်တုံ၊ တထာဂတော=မြတ်စွာဘုရားသည်၊ သတ္တာနံ= သတ္တဝါတို့၏၊ ပုဗ္ဗေနိဝါသံ=ရှေးရှေး၌ဖြစ်ခဲ့ဖူး နေခဲ့ဖူးသော ဘုံဘဝခန္ဓာအစဉ်ကို၊ ယထာဘူတံ=ဟုတ်မှန်သောအတိုင်း၊ ပဇာနာတိ=သိ၏။

( ဤဉာဏ်တော်ကို ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်ခေါ်သည် )

၉။ ပုနစ ပရံ တထာဂတော သတ္တာနံ စုတူပပါတံ ယထာဘူတံ ပဇာနာတိ။

ပုန စ ပရံ=တစ်ဖန်တုံ၊ တထာဂတော=မြတ်စွာဘုရားသည်၊ သတ္တာနံ= သတ္တဝါတို့၏၊ စုတူပပါတံ=စုတေခြင်း ပဋိသန္ဓေနေခြင်းကို၊ ယထာဘူတံ=ဟုတ်မှန် သောအတိုင်း၊ ပဇာနာတိ=သိ၏။

(ဤဉာဏ်တော်ကို စုတူပပါတဉာဏ် ခေါ်သည်၊ ၎င်းဉာဏ်ကိုပင် ဒိဗ္ဗစက္ခုဟူ၍ လည်းဆို၏။)

၁၀။ ပုနစ ပရံ တထာဂတော အာသဝါနံ ခယံ ယထာဘူတံ ပဇာနာတိ။

ပုနစ ပရံ=တစ်ဖန်တုံ၊ တထာဂတော=မြတ်စွာဘုရားသည်၊ အာသဝါနံ= အာသဝေါတရားတို့၏၊ ခယံ=ကုန်ခန်းမှုကို၊ ယထာဘူတံ=ဟုတ်မှန်သောအတိုင်း၊ ပဇာနာတိ=သိ၏။

( ဤဉာဏ်တော်ကို အာသဝက္ခယဉာဏ်ခေါ်သည် )

ဤဒသဗလဉာဏ်တော်ဆယ်ပါးတို့၌ အလိုရှိသမျှ ပိုင်နိုင်စွာ လေ့လာတော် မူနိုင်သည့်အဖြစ်သို့ ရောက်တော်မူသည်။

www.dhammaransi.com



## မှတ်ရန်အချုပ် ဂါထာပုဒ်

၁။ ဌာနာဌာနေ ဝိပါကေန၊ မဂ္ဂေ သဗ္ဗတ္ထဂါမိနံ။
နာနာဓာတုမှိ လောကသ္မိံ၊ အဓိမုတ္တိမှိ ပါဏိနံ။

၂။ ပရောပရိယတ္တေ ဉာဏံ၊ ဣန္ဒြိယာနဉ္စ ဇန္တုနံ။
ဈာနာဒီသု ဉာဏံ ပုဗ္ဗေ၊ နိဝါသေ ဒိဗ္ဗစက္ခုစ။
အာသဝက္ခယ ဉာဏန္တိ၊ ဒသဉာဏဗလံ မတံ။

၁။ ဌာနာဌာနေ=အရာဟုတ်သည် မဟုတ်သည်၌၊ ဉာဏံ= ဟုတ်မှန်တိုင်း သိသော ဉာဏ်တော်လည်းကောင်း၊ ဝိပါကေန=ကံတို့၏ အကျိုး၌၊ ဉာဏံ=သိသော ဉာဏ်လည်းကောင်း၊ သဗ္ဗတ္ထဂါမိနံ=အလုံးစုံသော ဘုံဘဝသို့ လားသော ပုဂ္ဂိုလ်တို့၏၊ မဂ္ဂေ=အကြောင်းဖြစ်သောကံ၌၊ ဉာဏံ=သိသောဉာဏ်လည်းကောင်း၊ နာနာဓာတုမှိ လောကသ္မိံ=ဓာတ်သဘော အမျိုးမျိုးရှိသော လောကကြီး၌၊ ဉာဏံ= သိသောဉာဏ်လည်းကောင်း၊ ပါဏိနံ=သတ္တဝါတို့၏၊ အဓိမုတ္တိမှိ=နှလုံးသွင်း အမျိုးမျိုး၌၊ ဉာဏံ=သိသောဉာဏ်လည်းကောင်း၊ ဇန္တုနံ=သတ္တဝါတို့၏၊ ဣန္ဒြိယာနံ= ဣန္ဒြေတို့၏၊ ပရောပရိယတ္တေ=ရင့်မှု, မရင့်မှု၌၊ ဉာဏံ=သိသောဉာဏ်လည်း ကောင်း၊ ဈာနာဒီသု=ဈာန်စသောတရားတို့၌၊ ဉာဏံ=ညစ်နွမ်းမှု, ဖြူစင်မှုကို သိသောဉာဏ်လည်းကောင်း၊ ပုဗ္ဗေနိဝါသေ=ရှေးရှေးဖြစ်နေ ဖူးသော ဘုံဘဝခန္ဓာ အစဉ်၌၊ ဉာဏံ=သိသောဉာဏ်လည်းကောင်း၊ ဒိဗ္ဗစက္ခုစ=သတ္တဝါတို့၏ စုတိ ပဋိသန္ဓေစသည်ကို သိမြင်နိုင်သော ဒိဗ္ဗစက္ခု ဉာဏ်လည်းကောင်း၊ အာသဝက္ခယံ= အာသဝေါတရားကုန်မှု၌၊ ဉာဏံ=သိသောဉာဏ်လည်းကောင်း၊ ဣတိ=ဤသို့၊ ဒသဉာဏဗလံ=ဒသဗလ ဉာဏ်တော်ဆယ်ပါးကို၊ မတံ=သိအပ်၏။

[ဤအရာ၌ ဉာဏ်တော်ဆယ်ပါးကို ဆိုခြင်းနှင့် စပ်လျဉ်းသဖြင့် မြတ်စွာဘုရား၏ အားတော်ဆယ်ပါးကိုလည်း သိသင့်သိထိုက်သောအတိုင်း ထည့်သွင်းဖော်ပြလိုက်အံ့၊ မြတ်စွာဘုရား၏ အားတော်ဆယ်ပါးကို ဆင်ဆယ်မျိုးတို့ဖြင့် ရေတွက်ချင့်ချိန်၍ ကျမ်းဂန်တို့၌ ပြဆိုတော်မူကြကုန်၏။]

**ဆင်ဆယ်မျိုး။** ။ ကာဠာဝကဆင်, ဂင်္ဂေယျဆင်, ပဏ္ဍရဆင်, တမ္ဗဆင်, ပိင်္ဂလဆင်, ဂန္ဓဆင်, မင်္ဂလဆင်, ဟေမဆင်, ဥပေါသထ ဆင်, ဆဒ္ဒန္တဆင် ဤကားဆင်ဆယ်မျိုးတို့ပေတည်း။ ကာဠာဝက ဆင်တစ်စီးသည် ယောကျ်ားတစ်ကျိပ်တို့၏ အားကိုဆောင်နိုင်၏။ ဂင်္ဂေယျဆင်တစ်စီးသည်

www.dhammaransi.com



ကာဠာဝက ဆင်ဆယ်စီး၏အား ယောက်ျားတစ်ရာတို့၏အားကို ဆောင်နိုင်၏။ ဤနည်းအတိုင်း ဆယ်ဆတက်၍ သိလေ။ ဆဒ္ဒန်ဆင်တစ်စီးသည် ဥပေါသထ ဆင်ဆယ်စီးအား, ယောက်ျားဗိုလ်ခြေ ကုဋေတစ်ထောင်အားကို ဆောင်နိုင်၏။ မြတ်စွာဘုရားသခင်၏ ကာယဗလဟုဆိုအပ်သော ပြကတိကိုယ်တော်၏ အား သည်ကား ဆဒ္ဒန်ဆင်ဆယ်စီး ယောက်ျားဗိုလ်ခြေ ကုဋေတစ်သောင်းတို့၏ အားကို ဆောင်ရွက်တော်မူနိုင်၏။

ဒသကောဋိသဟဿာနံ၊ ပေါသာနံ ဗလဓာရဏံ။
ဆဒ္ဒန္တာနံ ဒသန္နဉ္စ၊ ဗုဒ္ဓကာယဗလံ မတံ။

ဗုဒ္ဓကာယဗလံ-မြတ်စွာဘုရားကိုယ်တော်၏ အင်အားတော်ကို၊ ပေါသာနံ ဒသကောဋိသဟဿာနံ-ယောက်ျားဗိုလ်ခြေ ကုဋေတစ်သောင်းတို့၏၊ ဗလ ဓာရဏံ-အားကိုဆောင်နိုင်၏ ဟူ၍လည်းကောင်း၊ ဒသန္နဉ္စဆဒ္ဒန္တာနံ-ဆဒ္ဒန်ဆင် ဆယ်စီးတို့၏လည်း၊ ဗလဓာရဏံ-အားကိုဆောင်နိုင်၏ဟူ၍လည်းကောင်း၊ မတံ-သိမှတ်အပ်၏။

ဤသို့မြတ်စွာဘုရား၏ အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါးနှင့် ပြည့်စုံတော်မူသော ဂုဏ်တော်ကိုရည်၍ ရှေးဆရာကြီးတို့သည် အောက်၌ပါသော ဘုရားရှိခိုးဂါထာကို သီကုံးတော်မူကြလေ၏။

ဒသဆဒ္ဒန္တရာဇာဝ၊ ဒသကာယဗလော မုနိ။
ဒသဉာဏဗလော တုလျော၊ ဝန္ဒေ တံ ဒ္ဒိဗလုတ္တမံ။

မုနိ-မြတ်စွာဘုရားသည်၊ ဒသဆဒ္ဒန္တရာဇာဝ-ပြောင်မာတင်ကြီး ဆဒ္ဒန် ဆင်မင်း ဆယ်စီးကဲ့သို့၊ ဒသကာယ ဗလော-ယောက်ျားဗိုလ်ခြေ ကုဋေ တစ်သောင်း ကိုယ်အားတော်ဆယ်ပါး အပေါင်းနှင့်လည်း ပြည့်စုံတော်မူ၏၊ ဒသဉာဏဗလော-ဌာနာဌာနကောသလ္လစသောဉာဏ် အားတော်ဆယ်ပါး နှင့်လည်းပြည့်စုံတော်မူ၏၊ အတုလျော-ခိုင်းနှိုင်းချိန်စက် ပြိုင်ဖက်မပြု တစ်ဆူ တစ်ပါးတည်းသာ ဖြစ်တော်မူ၏၊ ဒွိ ဗလုတ္တမံ-ကိုယ်အား, ဉာဏ်အား, အားတော် ၂-ပါးဖြင့် မြတ်တော်မူသော၊ တံ-ထိုမြတ်စွာဘုရားကို၊ ဝန္ဒေ-ဝန္ဒာမိ-ရှိသေ ညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ဘုရား။

ဤသို့ပြဆိုအပ်ပြီးသော စကားအစဉ်ဖြင့် မြတ်စွာဘုရားသည် သစ္စာ

www.dhammaransi.com



လေးပါးကို ထိုးထွင်း၍ သိတော်မူ၏၊ အလုံးစုံကို သိနိုင်ခြင်း, အလုံးစုံကို မြင်နိုင်ခြင်းအဖြစ်သို့လည်း ရောက်တော်မူ၏၊ အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါးနှင့်လည်း ပြည့်စုံတော်မူ၏၊ ထို့ကြောင့် သမ္မာသမ္ဗုဒ္ဓဟူသော အမည်ထူး, ဂုဏ်ထူးကိုခံယူ ရရှိတော်မူပေသတည်း။

၂- သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ပြီး၏။

--------*--------

## ၃-ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်

နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ပဋိပတ်ကို စရဏဆိုသည်၊ တရားကိုယ်အားဖြင့် သီလ, သမာဓိ နှစ်ပါးပေတည်း၊ စရဏဖြင့် ရင်းနှီး၍ ရရှိအပ်သော အရိယဉာဏ် ပညာကို ဝိဇ္ဇာဆိုသည်၊ တရားကိုယ်အားဖြင့် ပညာက္ခန္ဓာပေတည်း၊ စရဏတရားသည် ရှေ့သွားဖြစ်သောကြောင့် တရားသဘော ဖြစ်စဉ်အားဖြင့် ဆိုလျှင် စရဏကို ရှေ့ထား၍ စရဏဝိဇ္ဇာသမ္ပန္နော-ဟူ၍ဆိုသင့်၏၊ သို့ရာတွင် သဒ္ဒါနည်းအားဖြင့် ဒွန်သမာသ် တွဲစပ်ရာ အက္ခရာနည်းသောပုဒ်က ရှေ့နေရိုးထုံးစံရှိသောကြောင့် ဝိဇ္ဇာစရဏသမ္ပန္နောဟူ၍ ဟောရိုးပြုတော်မူသည်။

(အပ္ပသရ၊ ဗဟုသရ၊ ဒွန်သို့ကျမူ၊ အပ္ပသရရှေ့နေများသတည်း)

စရန္တိ အဂတံ နိဗ္ဗာနဒိသာဒေသံ ဧတေနာတိ စရဏံ။

ဧတေန=ဤတရားဖြင့်၊ အဂတံ=မရောက်ဖူးသော၊ နိဗ္ဗာနဒိသာဒေသံ=နိဗ္ဗာန်တည်းဟူသောအရပ်ဌာနသို့၊ စရန္တိ=သွားကြရကုန်၏၊ ဣတိတသ္မာ=ထိုသို့ နိဗ္ဗာန်သို့ သွားကြောင်းဖြစ်သောကြောင့်၊ စရဏံ=စရဏမည်၏။

စရဏတရားသည် သာသနာတော်မြတ်၌ နိဗ္ဗာန်သို့ရောက်နိုင်ရန် အခြေအတောင်ပံတို့နှင့်တူ၏၊ ဤလောက၌ အခြေနှစ်ချောင်းရှိသောသတ္တဝါ, အခြေလေးချောင်းရှိသောသတ္တဝါ, အခြေများသော သတ္တဝါတို့၏ခြေကို စရဏဟူ၍ ပါဠိဘာသာအားဖြင့် ခေါ်ဆိုကြကုန်၏၊ ငှက်သတ္တဝါတို့၏ ခြေနှင့် အတောင်ပံများကိုလည်း စရဏဟူ၍ ခေါ်ဆိုကြကုန်၏၊

စရန္တိ တံတံ ဒိသာဒေသံ ဧတေဟီတိ စရဏာနိ။

ဧတေဟိ=ထိုခြေအတောင်ပံတို့ဖြင့်၊ တံတံ ဒိသာဒေသံ=ထိုထို အရပ်မျက်နှာသို့၊ စရန္တိ=သွားလာပျံသန်းကြကုန်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ စရဏာနိ=စရဏမည်ကုန်၏။

(ခြေ,အတောင်ပံတို့ကို ဟောသော စရဏသဒ္ဒါ၏ဝိဂ္ဂြိုဟ်။)

www.dhammaransi.com



ဝိဇ္ဇာ။ ။ဝိဇ္ဇာဆိုသည်ကား ပကတိဖြစ်သော ပုထုဇ္ဇန် လူအပေါင်းတို့ သိခြင်းငှါမစွမ်းနိုင်၊ အရိယာပုဂ္ဂိုလ်တို့ဉာဏ်အမြင်ဖြင့် သိမြင်ထိုက်သောအရာကို သိနိုင်သောကြောင့် ဝိဇ္ဇာဟူ၍ဆိုသည်။

ဝိဒန္တိ ပကတိ မနုဿေဟိ အဝိဒိတံ အရိယဉာဏဒဿန
ဝိသယံ ဇာနန္တိ ပဋိဝိဇ္ဈန္တိ ဧတာယာတိ ဝိဇ္ဇာ။

ဧတာယ=ဤပညာဖြင့်၊ ပကတိ မနုဿေဟိ=ပကတိလူသားဖြစ် သောပုထုဇ္ဇန်တို့သည်၊ အဝိဒိတံ=သိမြင်နိုင်ဖွယ် မဟုတ်သော၊ အရိယဉာဏဒဿနဝိသယံ=အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်အမြင်ဖြင့်သာ သိမြင်ထိုက်သောအရာကို၊ ဝိဒန္တိဇာနန္တိ=သိကုန်၏၊ ပဋိဝိဇ္ဈန္တိ=ထိုးထွင်းစူးရှကုန်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ ဝိဇ္ဇာ=ဝိဇ္ဇာမည်၏။

ပမာဆောင်ရသော်။ ။ဤဝိဇ္ဇာ စရဏနှစ်ပါးကို ဥပမာဖြင့် ထင်ရှားစွာပြဆိုဦးအံ့၊ ကျေးငှက်တို့သည် မျက်စိတို့ဖြင့် အရပ်မျက်နှာကို ထင်လင်းစေ၍ အတောင်ပံတို့ဖြင့် ကောင်းကင်သို့ ပျံတက်၍ ခြေတို့ဖြင့်လက်ကိစ္စ, ခြေကိစ္စကိုပြီးစေ၍ နှုတ်သီးတို့ဖြင့် သစ်သီး, ကြီးငယ်တို့ကို ဆိတ်ဆွထိုးဖောက်ပြီးလျှင် အသက်ထက်ဆုံး တစ်သက်တစ်သန္တာန်ပတ်လုံး မိမိကိုယ်ကိုမွေ့တစေကြကုန်၏၊ ဤကျေးငှက်ဥပမာ၌ မျက်စိ, အတောင်ပံ, ခြေတို့သည် သစ်သီးအမျိုးစုံသီးသော တောအုပ်ဌာနသို့ ရောက်နိုင်ရန်အကျိုးငှါ ဖြစ်ကုန်၏၊ မျက်စိအတောင်ပံခြေတို့ဖြင့် သစ်သီးတောသို့ သွားရောက် ပျံသန်းနိုင်၏၊ နှုတ်သီးတို့သည်သစ်သီး, ကြီးငယ်တို့ကို ထိုးဖောက် ဆိတ်ဆွ၍ သစ်သီး အနှစ်, သစ်သီးအရသာတို့ကို သုံးဆောင် ခံစားခြင်း အကျိုးငှါ ဖြစ်ကုန်၏၊ နှုတ်သီးတို့ဖြင့် သစ်သီးတို့ကိုထိုးဖောက်ဆိတ်ဆွ၍ အနှစ်အရသာတို့ကို သုံးဆောင်နိုင်ကုန်၏၊ အကယ်၍မျက်စိ အတောင်ပံ ခြေတို့သည် ပျက်စီးချို့တဲ့ပါကုန်မူကား သစ်သီးတောသို့ရောက်အောင်သွားခြင်းငှါပင် မတတ်နိုင်ကုန်၊ ထိုထိုအရပ်ဌာနတို့မှာပင် ကျ၍သေဆုံးကြကုန်လတ္တံ့။

မျက်စိအတောင်ပံ ခြေထောက်တို့ပင် ရှိကြစေကာမူ နှုတ်သီးမရှိပဲ ချို့တဲ့ပျက်စီးခဲ့ပါလျှင် သစ်သီးတောသို့ ရောက်နိုင်ပါသော်လည်း သစ်သီး, ကြီးငယ်တို့ကိုမသုံးဆောင်နိုင်ကုန်ပဲ အာဟာရကင်းပြတ် အစာတော်သဖြင့် သေခြင်းသို့ ရောက်ကုန်ရာ၏၊ ဇင်စစ်သော်ကား မျက်စိ, အတောင်ပံ, ခြေထောက်, နှုတ်သီးတို့စုံလင်ပါမှသာလျှင် ကျေးသတ္တဝါတို့သည် အလိုရှိရာသစ်သီးတောသို့ ပျံသန်း

www.dhammaransi.com



ပေါက်ရောက်၍ သစ်သီးအမျိုးမျိုး၏အရသာကို ခံစားပြီးလျှင် ပျော်ပျော်ပါးပါး အသက်ရှည်ကြာစွာ တည်နေနိုင်ကုန်ဘိသကဲ့သို့ ထို့အတူ မြတ်စွာဘုရား၏ သာသနာတော်မြတ်၌လည်း စရဏတရား, ဝိဇ္ဇာတရားတို့နှင့် ပြည့်စုံကုန်မှသာလျှင် မဂ်ဖိုလ်၏အရသာ, နိဗ္ဗာန်၏အရသာကို သုံးဆောင်ခံစားနိုင်ကြကုန်သည်။

စရဏ, ဝိဇ္ဇာနှစ်ပါးတို့တွင် တစ်ပါးပါးချို့တဲ့သည်ဖြစ်စေ, နှစ်ပါးလုံး ချို့တဲ့သည်ဖြစ်စေ မဂ်ဖိုလ်နိဗ္ဗာန်တို့၏အရသာကို ခံစားနိုင်မည် မဟုတ်ချေ၊ ဤဥပမာ၌ ကျေးငှက်တို့၏ မျက်လုံးနှင့် ကံ, ကံ၏အကျိုးကို ယုံကြည်သော ကမ္မဿကတာဉာဏ်တူ၏၊ ဟူ၍ မှတ်အပ်၏၊ အတောင်ပံ, ခြေနထောက်တို့နှင့် စရဏ အပင်းအသင်းဖြစ်သောသီလ, သမာဓိတရားတို့ တူကုန်၏၊ နှုတ်သီးနှင့် ဝိဇ္ဇာ အပင်းအသင်းဖြစ်သော အရိယာတို့၏ ဉာဏ်အမြင် တူ၏။

ဝိဇ္ဇာ, စရဏနှစ်ပါးတို့တွင်-

## ဝိဇ္ဇာလေးမျိုး

**ဝိဇ္ဇာသည်။** ။လောကိယဝိဇ္ဇာ, ဗြာဟ္မဏဝိဇ္ဇာ, ဣသိဝိဇ္ဇာ, ဗုဒ္ဓဝိဇ္ဇာ ဟူ၍လေးပါးရှိ၏၊ ထိုလေးပါးတို့တွင်-

၁။ **လောကိယဝိဇ္ဇာ ဆိုသည်ကား**----သီလက္ခန်ပါဠိတော် ဗြဟ္မဇာလသုတ် မဟာသီလခန်းတွင်လာရှိသော ဝိဇ္ဇာအမျိုးမျိုး, လောကီအတတ်အမျိုးမျိုးကို ဆိုသည်၊ ထိုဝိဇ္ဇာမျိုးတို့ကား-

- လူတို့၏ရုပ်အင်္ဂါ အမူအရာကိုကြည့်ရှု၍ အကျိုးအပြစ်ကို ဟောနိုင်သော "အင်္ဂဝိဇ္ဇာအတတ်"
- တိတ်, နိမိတ်, သိုက်, တဘောင်အမျိုးမျိုး၏ အကျိုးအပြစ်ကို ဟောနိုင်သော"နိမိတ္တဝိဇ္ဇာအတတ်"
- မိုးကြိုးကျခြင်း, ဥက္ကာပျံခြင်း, ကြယ်ကြွေခြင်းအမျိုးမျိုးတို့၏ အကျိုးအပြစ်ကို ဟောစွမ်းနိုင်သော"ဥပ္ပါတဝိဇ္ဇာအတတ်"
- အိပ်မက်အမျိုးမျိုးတို့၏ အကျိုးအပြစ်ကို ဟောနိုင်သော "သုပိနဝိဇ္ဇာအတတ်"
- ခြေလက်စသည်တို့၌အမှတ် လက္ခဏာအမျိုးမျိုးတို့၏ အကျိုးအပြစ်ကို ဟောနိုင်သော "လက္ခဏဝိဇ္ဇာအတတ်"
- ကြွက်နှောင့်ယှက်မှု၏ အကျိုးအပြစ်ကို ဟောနိုင်သော "မူသိကစ္ဆိန္နဝိဇ္ဇာ

အတတ်"
- အင်းမီးထွန်းခြင်း, မီးပူဇော်ခြင်းအမျိုးမျိုးတို့၏ အကျိုးအပြစ်ကို ဟောနိုင်သော "အဂ္ဂိဟောမဝိဇ္ဇာအတတ်"
- သွေးကိုဖောက်၍ သိဒ္ဓိစီရင်နိုင်ခြင်းဟူသော "လောဟိတ ဟောမဝိဇ္ဇာ အတတ်"
- ကျောင်းအိမ်ဆောက်ရန် မြေခံရွေးခြင်း, မြေရွေးခြင်း အကျိုးအပြစ်ကို ဟောနိုင်သော "ဝတ္ထုဝိဇ္ဇာအတတ်"
- လယ်ယာတို့၏ အကျိုးအပြစ် အထိအခိုက်ကို သိစွမ်းနိုင်သော "ခေတ္တဝိဇ္ဇာအတတ်"
- တစ္ဆေ, မြေဘုတ်ဘီလူးတို့၏ ဘေးရန်ကို ငြိမ်းအောင် စီရင်နိုင်သော "သိဝဝိဇ္ဇာအတတ်" ။
- ဘုတ်သွင်းခြင်း, ဘုတ်နှင်ခြင်း, ဘုတ်စေခြင်းကို စွမ်းနိုင်သော "ဘူတ ဝိဇ္ဇာအတတ်"
- နတ်ကွမ်းစင်၌ သိဒ္ဓိတင်ခြင်း, မန္တာန်စိပ်ခြင်းအစရှိသော "ဘုရိဝိဇ္ဇာ အတတ်"
- မြွေခေါ်ခြင်း, မြွေဆိပ်ချခြင်းစသော "အဟိဝိဇ္ဇာ, ဂိသဝိဇ္ဇာအတတ်"
- ငှက်တွန်သံအမျိုးမျိုးတို့၏အကျိုးအပြစ်, ကျီးသာခြင်း အချိန်မဲ့ ကျီးအော် ခြင်း၏ အကျိုးအပြစ်ကို ဟောနိုင်သော "သကုဏဝိဇ္ဇာ, ဝါယသဝိဇ္ဇာ အတတ်"
- လူတို့၏ အသက်အပိုင်းအခြားကို အာယုဒသာဖြင့် ဖြတ်၍ ဟောနိုင် သော "ပက္ကဇ္ဈာနဝိဇ္ဇာအတတ်"
- ပတ္တမြားစသော ကျောက်မျက်ရတနာတို့၏ အကဲလက္ခဏာကိုခပ်၍ အကျိုးအပြစ်အမျိုးမျိုးကို ဟောနိုင်သော"မဏိလက္ခဏဝိဇ္ဇာအတတ်"
- ဆင်လက္ခဏာအတတ်, မြင်းလက္ခဏာအတတ်, ပုရိသသျှတြဝိဇ္ဇာ အတတ်, ဣတ္ထိသျှတြ ဝိဇ္ဇာအတတ်စသော "လက္ခဏဝိဇ္ဇာအတတ်"

တို့လည်း ရှိကုန်၏။ ထိုမှတစ်ပါး လကြပ်ခြင်း, နေကြပ်ခြင်း, ရာဟုဖမ်းခြင်း, နက္ခတ်တို့၏ ခရီးဖောက်ပြန်၍ သွားလမ်း, လာလမ်းမမှန် သီဟဇာ ဗျဂ္ဃဇာ ကျင့်ခြင်း, ဥက္ကာပျံခြင်း, ကြိုတ်ထွက်ခြင်း, ကောင်းကင်စည်ကြီး မြည်ဟီးခြင်း, မိုးသားမိုးတိမ် မတက်မဆင်ပဲ ကောင်းကင်က မြည်ဟီးခြင်းကို ဒေဝဒုန္ဒုဘိခေါ်၏။ ကောင်းကင်စည်ကြီး မြည်ဟီးသည် ဟုဆိုသည်။

www.dhammaransi.com



"ဒေဝဒုဒြဘီတိ သုက္ခဝလာဟကဂဇ္ဇနံ၊"

ဒေဝဒုဒြဘီတိ=ဒေဝဒုဒြဘိဆိုသည်ကား၊ သုက္ခဝလာဟကဂဇ္ဇနံ= မိုးသားမထင် အခြောက်တိုက်မြည်ခြင်း မိုးချုန်းခြင်းပင်တည်း။

(သီလက္ခန်အဋ္ဌကထာ)

- ဤသို့ကောင်းကင် တိတ်နိမိတ်အမျိုးမျိုးတို့၏ အကျိုးအပြစ်ကို ဟောနိုင်သော အာကာသသျှတြဝိဇ္ဇာအတတ်,
- မြေလှုပ်ခြင်းကိုဟောနိုင်သော "ဘူမိစလနဝိဇ္ဇာအတတ်"
- မိုးခေါင်အံ့မိုးကောင်းအံ့ဟု ဟောနိုင်သော ဒုဗ္ဗုဋ္ဌိကသုဝုဋ္ဌိက ဝိဇ္ဇာအတတ်,
- အစာပေါအံ့ အစာရှားအံ့ဟူသော ဒုဗ္ဘိက္ခ သုဘိက္ခဝိဇ္ဇာ အတတ်,
- ကပ်တိုက်အံ့ ရောဂါကင်းအံ့ဟု ဟောနိုင်သော ရောဂ အရောဂျဝိဇ္ဇာအတတ်, (ဘယခေမဝိဇ္ဇာခေါ်၏။)
- တိုင်းတာခြင်း, ချင့်ချိန်ခြင်း, ရေတွက်ခြင်းဟု ဆိုအပ်သော နာနာဂဏနဝိဇ္ဇာအတတ်,
- စိန္တာကဝိ၏ အစွမ်းအားဖြင့် ကြံဖန်၍ ဇာတ်ထုပ်ဘွဲ့ခြင်း, ကဗျာလင်္ကာရေးသားခြင်းတည်းဟူသော ကာဝေယျဝိဇ္ဇာ အတတ်,
- စကားထာဝှက်ခြင်း လောကီနည်းလမ်းအားဖြင့် စကားအထူး အဆန်းကြံဖန်၍ ပြောဆိုခြင်းဟုဆိုအပ်သော လောကာယတ ဝိဇ္ဇာအတတ်,
- လက်ထပ်ထိမ်းမြားရန် အချိန်နေ့နံ စသည်ကို ဟောသော အာဝါဟဝိဝါဟဝိဇ္ဇာအတတ်,
- ကွာရှင်းခြင်း, ပြန်၍ပေါင်းခြင်း, ယတြာဆင်ခြင်းကိုဟောသော သံဝရဏဝိဝရဏဝိဇ္ဇာအတတ်,
- ဥစ္စာပစ္စည်းတိုးပွားအောင် ဤနေ့အလုပ်လုပ်ရမည်၊ ဤနေ့ ကြွေးချေးရမည်စသည်ဖြင့် ဟောသော သံကိရဏ ဝိကိရဏ ဝိဇ္ဇာအတတ်,
- ကင်ပွန်းတပ်ရန်, အိမ်သစ်တက်ရန်, ကျက်သရေဆောင်ရန်ကို ဟောနိုင်သော သုဘဂဝိဇ္ဇာအတတ်,
- သူတစ်ပါးကို ဘုန်းကျက်သရေယုတ်အောင်, ဘေးဒဏ်ထိအောင်, ဒဏ်ပြန်အောင် စီရင်နိုင်သော ဒုဗ္ဘဂ ဝိဇ္ဇာအတတ်,
- သားမရသည်ကို သားရအောင်စီရင်နိုင်သော ဝိရုဒ္ဓဂဗ္ဘကရဏ ဝိဇ္ဇာအတတ်,

www.dhammaransi.com



စကားပြန်လှန်၍ မပြောမဆိုနိုင်အောင် တုဏှိဘောဖြစ်အောင်, မေးခိုင်၍နေအောင်, စီရင်နိုင်သော ဇိဝှါနိဗန္ဓနဝိဇ္ဇာ ဟနုသံဟနဝိဇ္ဇာ အတတ်, (၎င်းအတတ်ကို အဟန် ဟုခေါ် ဆိုကြ၏။)

- လက်လှည့်ပညာဟုဆိုအပ်သော ဟတ္ထာဘိဇပ္ပနဝိဇ္ဇာအတတ်,
- ပြောသံကို မကြားရအောင် စီရင်နိုင်သော ကဏ္ဏဇပ္ပန ဝိဇ္ဇာအတတ်,
- မှန်တွင် နတ်သွင်း၍ မှန်ကိုကြည့်စေပြီးလျှင် မေးသမျှကို မှန်၌ထင်သည့်အတိုင်း ဟောပြောသော အာဒါသပဉှာ ဝိဇ္ဇာအတတ်,
- နတ်ကတော်ဟောပြောခြင်းဟု ဆိုအပ်သော ကုမာရိက ပဉှာဝိဇ္ဇာ အတတ်,
- နတ်ပေးခြင်း, နတ်ဟောခြင်းဟုဆိုအပ်သော ဒေဝပဉှာဝိဇ္ဇာ အတတ်,
- ပွဲတင်၍ နေကိုးကွယ်ပုံ အစီအရင်တည်းဟူသော အာဒိစ္စုပဋ္ဌာန ဝိဇ္ဇာ အတတ်,
- ထို့အတူ ဗြဟ္မာကိုးကွယ်ပုံ အစီရင်ဟုဆိုအပ်သော မဟာတုပဋ္ဌာန ဝိဇ္ဇာ အတတ်,
- ခံတွင်းစသည်တို့မှ မီးလျှံထွက်အောင် စီရင်နိုင်ခြင်းတည်းဟူသော အဗ္ဘုဇ္ဇလန ဝိဇ္ဇာအတတ်,
- ကျက်သရေခေါ်သည် လိပ်ပြာခေါ်သည်ဟုဆိုအပ်သော သိရိဝှါယန ဝိဇ္ဇာအတတ်,
- နတ်ကိုးခြင်း, စလောင်းကိုးခြင်းစသော သန္တိကမ္မဝိဇ္ဇာအတတ်

ဤသို့စသော အတတ်အမျိုးမျိုးကို လောကီယဝိဇ္ဇာခေါ်သည်။

(ထိုဝိဇ္ဇာတို့ကို ဗြဟ္မဇာလသုတ် ပါဠိတော်၌ တိရစ္ဆာနဝိဇ္ဇာခေါ်၏။)

၂။ ဗြာဟ္မဏဝိဇ္ဇာဆိုသည်ကား-ရှေးရှေးလောကီပညာရှိကြီးတို့ ပညတ်စီစဉ်၍ ထားခဲ့သည့် ဗေဒင်သုံးပုံကို တတ်မြောက်သော တေဝိဇ္ဇ ပုဏ္ဏားတို့၏ ဗေဒင်သုံးပုံတို့ပေတည်း။

ဤတေဝိဇ္ဇပုဏ္ဏားတို့ကိုရည်၍ ပါဠိတော်၌ "တိဏ္ဏံ ဗေဒါနံ ပါရဂူ"ဟူ၍ ဟောတော်မူသည်။

၃။ ဣသိဝိဇ္ဇာ ဆိုသည်ကား- ဗုဒ္ဓသာသနာပအခါ ဈာန် အဘိညာဏ်ကိုရသော ရဟန်း, ပုဏ္ဏား, ရသေ့, ယောဂီများ၏ သာသနာတွင် ထွန်းကားဖြစ်ပေါ်သော ဣဒ္ဓိဝိဓ, ဒိဗ္ဗသောတ, စေတောပရိယ, ပုဗ္ဗေနိဝါသ, ဒိဗ္ဗစက္ခုဟုဆိုအပ်သော လောကီအဘိညာဏ်ငါးပါး

www.dhammaransi.com



တို့ပေတည်း။

၄။ ဗုဒ္ဓဝိဇ္ဇာဆိုသည်ကား---သဗ္ဗညုမြတ်စွာဘုရား၏ သာသနာတော်၌ ထိုဆိုပြီး လောကီအဘိညာဏ်ငါးပါးတို့နှင့်တကွ အထက်၌ပြဆို လတ္တံ့သော ဝိဇ္ဇာရှစ်ပါးတို့ပေတည်း။

(ဉာဏ်ပညာ၏ အရာဌာန ဉာဏ်၏ဆိုင်ရာများကို ဝိဇ္ဇာဆိုသည်။)

## စရဏလေးမျိုး

**စရဏသည်လည်း**-လောကိယစရဏ, ဗြာဟ္မဏစရဏ, ဣသိစရဏ, ဗုဒ္ဓစရဏ ဟူ၍ လေးမျိုးရှိ၏။

၁။ **လောကိယစရဏ ဆိုသည်ကား**---လောကိယဝိဇ္ဇာကို တတ်မြောက်ရန် ပရိက်ဖြစ်၍ အခြေခံပါဒက သင်ကြားမှု, အားထုတ်မှု, လေ့ကျင့်တန်သမျှ လေ့ကျင့်မှုများပေတည်း။

၂။ **ဗြာဟ္မဏစရဏ ဆိုသည်ကား**-ဗေဒင်သုံးပုံတို့၏ အခြေခံဖြစ်သော ကမ္မဿကတာဉာဏ်နှင့် ငါးပါးသီလတို့ပေတည်း။

၃။ **ဣသိစရဏ ဆိုသည်ကား**-ဣသိဝိဇ္ဇာဟုဆိုအပ်သောလောကီအဘိညာဏ်ငါးပါး၏ ရှေ့အဖို့၌ကျင့်ကြံအားထုတ်အပ်ကုန်သော ဆယ်ပါးသီလ, ဣန္ဒြိယသံဝရသီလ, ပရိကမ္မနိမိတ်စသော နိမိတ်သုံးပါး ဈာန်လေးပါး သမာပတ်ရှစ်ပါးတို့ပေတည်း။

၄။ **ဗုဒ္ဓစရဏ ဆိုသည်ကား**-အထက်၌ ပြဆိုလတ္တံ့သော စရဏတရား တစ်ဆယ့်ခုနစ်ပါးတို့ပေတည်း။

(အခြေခံ အကြောင်းရင်း ဖြစ်သောတရားမျိုးကို စရဏဆိုသည်။)

အကြင်ပုဂ္ဂိုလ်တို့မှာ ကံ ကံ၏အကျိုးကို ယုံကြည် သိမြင်နိုင်သော ကမ္မကိရိယဉာဏ်ပင်မရှိ ထိုပုဂ္ဂိုလ်တို့အား အဘယ်မှာငါးပါးသီလရှိနိုင်ပါအံ့နည်း၊ ဈာန်သမာပတ်တရားရှိနိုင်ရန်မှာ ပြောဆိုဖွယ်ရာပင် မလိုချေ၊ ထိုပုဂ္ဂိုလ်တို့သည် မျက်စိပျက်စီးသော ကျေးငှက်တို့ကဲ့သို့ သံသရာ လမ်းခရီး၌ အခြေခံစရဏတရား ပျက်စီးရာကြကုန်သည်ဖြစ်၍ အပါယ်သို့သာ လားကြကုန်၏၊ ဆိုဖွယ်အထူး ရှိပြန်သည်မှာ ပါရမီသည်လည်း စရဏအပင်းအသင်းသို့ သက်ဝင်သောပါရမီ ဝိဇ္ဇာအပင်းအသင်းသို့ သက်ဝင်သောပါရမီဟူ၍ နှစ်မျိုးရှိ၏၊

၁။ စရဏ အပင်းအသင်းသို့ သက်ဝင်သော ပါရမီဆိုသည်ကား ခန္တာ

www.dhammaransi.com



နာမ်ရုပ်တို့ကို သင်ကြားလေ့လာမှု, ဝိပဿနာတင်မှုတို့မှ ကင်းသော ဒါန, သီလ, သမာဓိ, ဘာဝနာမှုများပေတည်း။

၂။ ဝိဇ္ဇာအပင်းအသင်းသို့ သက်ဝင်သောပါရမီဆိုသည်ကား ခန္ဓာ, အာယတန, ဓာတ်စသော အတ္တမှဆိတ်သည့် သုညတတရားတို့ကို ကြားနာခြင်း, သင်ကြားခြင်း, ဆောင်ရွက်ခြင်း, ဝိပဿနာတင်၍ ဆင်ခြင်ပွါးများခြင်း, သူတစ်ပါးတို့အား ခန္ဓာနာမ်ရုပ်တို့နှင့်စပ်သော သုညတ တရားတို့ကို ဟောကြားခြင်း အစရှိသော ပညာများပေတည်း။

အကြင်ပုဂ္ဂိုလ်တို့သည်ကား ရှေးရှေးဘုရားတို့၏ သာသနာနှင့် တွေ့ကြုံရသောအခါ ၎င်းနှစ်ပါးသောပါရမီတို့ကို ဖြည့်ကျင့်ဖူးကြလေကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် နောက်နောက်ဘုရားတို့၏ သာသနာနှင့် တွေ့ကြုံသောအခါ ဝိဇ္ဇာ, စရဏနှစ်ပါးစုံနှင့်ယှဉ်သော ပါရမီကိုဖြည့် ဆည်းပူးခြင်း အရင်းအနှီးရှိကြလေကုန်သောကြောင့် မဂ်ဖိုလ်တည်းဟူသောအကျိုးထူးဝိသေသတို့ကို ခံစားကြရလေကုန်၏၊ ရှင်သာရိပုတြာ, ရှင်မောဂ္ဂလာန်, ခေမာ, ဥပ္ပလဝဏ်စသော ပုဂ္ဂိုလ်ထူးများ အနာထပိဏ်, စိတ္တသူကြွယ်, ဝိသာခါ, ဥတ္တရာ, သုဘဒ္ဒါစသော ပုဂ္ဂိုလ်ထူးများတို့ ကဲ့သို့ပေတည်း။

အကြင်ပုဂ္ဂိုလ်တို့သည်မူကား ရှေးရှေးမြတ်စွာဘုရားတို့၏ သာသနာတော်၌ စရဏအပင်းအသင်းသို့ သက်ဝင်သော ပါရမီမျိုးတို့ကိုသာ ဖြည့်ကျင့်ဖူးကြကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် နောက်နောက် ဘုရားရှင်တို့ကို ဖူးမြင်တွေ့ကြုံရပါကုန်သော်လည်း ဖူးတွေ့ကြည်ညိုရုံမျှသာဖြစ်၍ မဂ်ဖိုလ်တည်းဟူသော အကျိုးထူးတို့ကို မရနိုင်ကြကုန်၊ အဘယ်ကြောင့်နည်းဆိုသော် ဝိဇ္ဇာအဆောက်အဦ ဝိဇ္ဇာမျိုးစေ့မှ ကင်းဆိတ်ကြသောကြောင့်တည်း၊

ထိုသူတို့သည် မြတ်စွာဘုရား ပွင့်တော်မူခိုက်နှင့် တွေ့ကြုံသောအခါ ကောသလမင်းကြီး, မလ္လိကာမိဖုရားကြီးတို့ကဲ့သို့ ကျွတ်တမ်းမဝင်ချေ တပေပေသာလျှင် ကျန်နေရစ်ကြကုန်၏၊ ကောသလမင်းကြီးသည် မြတ်စွာဘုရားနှင့် အလွန်အကျွမ်းဝင်၏၊ မြတ်စွာဘုရားထံသို့လည်း သွားရောက်ဆည်းကပ်၍ မပြတ်တရားနာ၏ ကောသလမင်းကြီးအား အသီးအခြား ဟောကြားသော ကောသလသံယုတ်ဟူ၍ သံယုတ်တစ်ခန်းရှိ၏၊ မြတ်စွာဘုရားသည်လည်း ကောသလမင်းကြီး၏ နေပြည်တော်ဖြစ်သော သာဝတ္ထိပြည်မှာ အကြာရှည်ဆုံး သီတင်းသုံးတော်မူ၏၊ ကောသလမင်းကြီးသည် ရာဇကာရုံခေါ်သော ကျောင်း

www.dhammaransi.com



တော်ကြီးကို ဆောက်လုပ်လှူဒါန်း၍ ကျောင်းဒါယကာခံ၏၊ သို့ရာတွင် ရှေးရှေးဘဝတို့က အသိအလိမ္မာ, ဉာဏ်ပညာ ဝိဇ္ဇာအပင်းအသင်းနှင့်ဆိုင်သော ပါရမီခာတ်ခံနည်းပါးသူဖြစ်၍ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မရချေ၊ မြတ်စွာဘုရားနှင့် အလွန်ကြီးရင်းနှီး၍နေသော်လည်း ဟင်းမွှေသော ယောက်မကြီးကဲ့သို့ သစ္စာလေးပါး ဝိမုတ္တိတရား၏ အရသာကိုမသိရှာ၊ မလ္လိကာမိဖုရားလည်း ထို့အတူပင်တည်း၊ မြတ်စွာဘုရား၏ နောက်တော်က ထက်ကြပ်ပါ၍ အလုပ်အကျွေးဖြစ်သော သုနက္ခတ္တရဟန်းလည်း ထို့အတူ ကျွတ်တမ်းသို့ မဝင်နိုင်ပဲ အမှားဖက်သို့ ပြေးဝင်ရရှာလေသည်။

အကြင်ပုဂ္ဂိုလ်တို့သည် ရှေးရှေးမြတ်စွာဘုရားတို့၏ သာသနာနှင့် တွေ့ကြုံသောအခါ ဝိဇ္ဇာ၏အပင်းအသင်းဖြစ်သော ပါရမီမျိုးစေ့တို့ကိုသာလျှင် ပြုလုပ်ဖြည့်ဆည်းပူးကြလေကုန်၏၊ စရဏအပင်းအသင်းဖြစ်သော အလှူပေးခြင်း, သီလသီတင်း စောင့်သုံးခြင်း, သဒ္ဓါတရားဖြင့် ပြုသင့်ပြုထိုက်သော ဝတ်ကြီး, ဝတ်ငယ်တို့ကိုပြုခြင်း ရိုသေကျိုးနွံခြင်းစသော တရားများကို မဖြည့်မကျင့်ကြလေကုန်၊ ထိုပုဂ္ဂိုလ်တို့သည် ဤဘဝမှ စုတေသည်ရှိသော် အပါယ်လေးဘုံတို့၌ နစ်မြုပ်မျောပါးကုန်လျက် နောက်နောက်ပွင့်တော်မူသော ဘုရားရှင်တို့ကိုပင် ဖူးမြင်ရန် အခွင့်ရခြင်းငှါ ခဲယဉ်းကြလေကုန်၏၊ အဘယ်ကြောင့်နည်းဆိုသော် အခြေခံဖြစ်သော စရဏတရား အဆောက်အဦတို့မှ ကင်းကြလေ ကုန်သောကြောင့်တည်း၊ အပါယ်ဘုံတို့မည်သည် ထိုအပါယ်တို့၌ တစ်ကြိမ်ကျရောက်သက်ဆင်းမိသည်ရှိသော် အန္တရကပ်တစ်ခုကို လွန်သော်လည်း ထိုအပါယ်ဘုံတို့မှ လွတ်မြောက်ခြင်းငှါ ခဲယဉ်းကြလေကုန်၏၊ အပါယ်သို့ကျရောက်သော သတ္တဝါတို့မှာ တစ်ဆင့်ထက်တစ်ဆင့် အပါယ်တွင်းနက်အောင် အပါယ်မျိုးစေ့တို့ကိုသာ ထူထောင်မိလျက် ရှိနေကြကုန်၏။

[ဤအကြောင်းကိုဗာလပဏ္ဍိတသုတ္တန်, ကာဏကစ္ဆပေါပမသုတ္တန်တို့ဖြင့်သိအပ်၏။]

ဝိဇ္ဇာမျိုးစေ့မျှသာရှိ၍ စရဏမျိုးမှ ကင်းကြကုန်သောသူတို့သည် နောက်အခါ ဘုရားရှင်တို့၏ သာသနာနှင့် ကြုံကြိုက်ကြပါသော်လည်း သာသနာ၏ အရသာကို မခံစားနိုင်သော ဧရာပထနဂါး, ကပိလငါးကြီး တို့ကဲ့သို့သာ ဖြစ်၍ နေကြရလေကုန်၏၊ ဧရာပထနဂါး, ကပိလငါးကြီးတို့သည် ရှေးကဿပမြတ်စွာဘုရား၏ လက်ထက်တော်အခါတွင် ပိဋကတ်သုံးပုံ၏ ကမ်းတစ်ဖက်သို့ ကူးမြောက်ချောက်ချားနိုင်သော ကျမ်းဂန်တတ်ပုဂ္ဂိုလ်ကြီးတွေဖြစ်ကြလေကုန်၏၊

www.dhammaransi.com



သို့သော်လည်း စရဏတရားတည်းဟူသောခြေထောက် အတောင်ပံတို့မှ ကင်းရှာကြကုန်သောကြောင့် ဒုဂ္ဂတိဘုံဘဝ၌ ဖြစ်ရှာကြကုန်လျက် သာသနာနှင့် တွေ့ကြုံပါသော်လည်း ပုံ၍လဲကျပြီးလျှင် တစ်စုံတစ်ရာမျှ သာသနာအငွေ့ အသက်ကို မခံစံရှာကြရကုန်။

[သဒ္ဓါထက်သန်လျှင် စရဏဘက်သို့ အားကြီးစွာယိုင်၍ပါတတ်၏၊ ပညာထက်သန်လျှင် ဝိဇ္ဇာဘက်သို့ အားကြီးစွာယိုင်၍ ပါတတ်၏၊ သဒ္ဓါသည် စရဏဂိုဏ်းဝင် ဖြစ်၏၊ ပညာသည် ဝိဇ္ဇာဂိုဏ်းဝင်ဖြစ်၏၊ သဒ္ဓါနှင့်ပညာသည် ထမ်းပိုးထမ်း ညီမျှခဲ၏၊ သဒ္ဓါထက်သန်လျှင် ပညာဘက် လျော့တတ်၏၊ ပညာထက်သန်လျှင် သဒ္ဓါဘက်က လျော့တတ်၏။]

စရဏဂိုဏ်းဝင်ဖြစ်သော သဒ္ဓါသည် သံသရာခရီးကိုသွားရာ၌ အခြေအလက်စုံသောကြောင့် ပြောင်ပြောင်လက်လက် ပြည့်ပြည့်စုံစုံ အထက်တန်းကျကျနှင့် မညှိုးမငယ် ကျင်လည်ခွင့်ကိုရရှိစေ၏၊ ဝိဇ္ဇာဂိုဏ်းဝင်ဖြစ်သော ပညာသည် နက်နဲသော သဘောအဓိပ္ပါယ်များကို သိကျွမ်းနားလည်စေ၏၊ အသိအလိမ္မာ ဉာဏ်ပညာ ပြည့်စုံမှုကို ဖြစ်စေ၏၊ သဒ္ဓါသည်မူကား သူဌေးပိုင်း, မင်းပိုင်းတွင် အကျိုးပေး၏၊ ပညာသည် ဆရာပိုင်း, သမားပိုင်းမှာ အကျိုးပေး၏၊ လောကီစည်းစိမ်ချမ်းသာ ပြောင်ပြောင်လက်လက်ဟူသမျှသည် စရဏဂိုဏ်းဝင်ဖြစ်သော သဒ္ဓါတရား၏ တံခွန်အောင်လံတို့ပေတည်း၊ အသိအလိမ္မာ ဉာဏ်ပညာအမျိုးမျိုးကို ထိုးထိုးထွင်းထွင်း တတ်ကျွမ်းမှုဟူသမျှသည် ဝိဇ္ဇာဂိုဏ်းဝင်ဖြစ်သော ပညာ၏ တံခွန်အောင်လံတို့ပေတည်း၊ သို့ဖြစ်၍ နိဗ္ဗာန်တည်းဟူသော ဘေးကင်းရာဌာနသို့ ဖြောင့်တန်းစွာပျံသန်း၍ ဝိမုတ္တိအရသာကို သုံးဆောင်ခံစားကြရန် စရဏတည်းဟူသောအတောင် ခြေလက်တို့နှင့် ဝိဇ္ဇာတည်းဟူသော နှုတ်သီးတို့ကို သန်စွမ်းအောင်မြင်စွာ မွေးမြူကြကုန်ရာ၏။

စရဏံ ပါဒပက္ခံဝ၊ ဝိဇ္ဇံ တုဏ္ဍသမံသမံ။
ပူရယိတွာန ပက္ခေယျ၊ ဘုဉ္ဇိတုံ အမတံ ရသံ။

ပါဒပက္ခံဝ-ခြေ, အတောင်ပံနှင့်တူသော၊ စရဏံ-စရဏတရားမျိုးကိုလည်းကောင်း၊ တုဏ္ဍသမံ-နှုတ်သီးနှင့်တူသော၊ ဝိဇ္ဇံ-ဝိဇ္ဇာတရားမျိုးကိုလည်းကောင်း၊ သမံ-မပိုမသာ ညီညွတ်စွာ၊ ပူရယိတွာန-ပြည့်စုံစေ၍၊ အမတံရသံ-အမြိုက်အရသာကို၊ ဘုဉ္ဇိတုံ-သုံးဆောင်ခံစားခြင်းငှါ၊ ပက္ခေယျ-သံသရာစခန်းမှ ပျံသန်းကူးမြောက်ကြကုန်ရာ၏။

www.dhammaransi.com



[ဝိဇ္ဇာစရဏနှစ်ပါးဖြင့် သံသရာမှ ထွက်မြောက်ကြကုန်သည်ဟူ၍ အဋ္ဌကထာ ဋီကာ ဆရာကြီးတို့သည် "ဝိဇ္ဇာစရဏ သမ္ပန္နာ ယေန နိယျန္တိ လော-ကတော"ဟူ၍ မိန့်ဆိုတော်မူကြကုန်သည်။

ဝိဇ္ဇာစရဏ သမ္ပန္နာ-ဝိဇ္ဇာစရဏနှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့သည်၊ ယေန-အကြင် ဝိဇ္ဇာစရဏ ၂ -ပါးဖြင့်၊ လောကတော-လောကမှ၊ နိယျန္တိ-ထွက်မြောက်ကြလေကုန်၏။]

ဝိဇ္ဇာစရဏ။ ။ဤဝိဇ္ဇာစရဏ သမ္ပန္နောဟူသောပုဒ်၌၊ အဘယ်တရားကို စရဏဆိုသနည်း၊ အဘယ်တရားကို ဝိဇ္ဇာဆိုသနည်း၊ အကြောင်းရဟန်းတို့သည် ဤတွေ့ကြုံဆဲဖြစ်သော မြတ်စွာဘုရား၏ သာသနာတော်၌လည်းကောင်း ဤမျက်မှောက် ဘဝမှလည်းကောင်း ဤဘဝမှစုတိ၍ ဒုတိယဘဝဖြစ်သော နတ်ပြည် ဗြဟ္မာပြည်တို့၌လည်းကောင်း မဂ်ဖိုလ်တရားတို့ကို လက်ဆုပ်ရမိစေအံ့ဟူ၍ ထက်သန်သောစိတ်မှန်းချက်ဖြင့် ဇွဲကောင်းစွာဖြင့် ယောဂါဝစရ ပုဂ္ဂိုလ်ကြီးပြုလုပ်၍ သမ္မပ္ပဓာန်ဝီရိယဖြင့် မနေမနား စွန့်စွန့်စားစား အားထုတ်ကြိုးစားကြကုန်၏၊ ထိုပုဂ္ဂိုလ်တို့၏အတွက် အထက်တန်း တရားအနေအားဖြင့် အမ္ဗဋ္ဌသုတ်အစရှိသည့် သုတ္တန်ပေါင်းများစွာတို့၌ ဟောကြားတော်မူအပ်ကုန်သော စရဏတရား ဝိဇ္ဇာတရားတို့သည် ရှိကုန်၏၊ ထိုတရားတို့ကို ဤအရာ၌ ဝိဇ္ဇာစရဏဟူ၍ မှတ်ယူအပ်ကုန်၏၊ အမ္ဗဋ္ဌသုတ်၌ စရဏကိုးပါး ဝိဇ္ဇာရှစ်ပါးတို့ကို ဟောကြားတော်မူအပ်ကုန်၏။

## စရဏကိုးပါး

ထိုစကားရပ်၌ စရဏကိုးပါးဆိုသည်ကား--

၁။ သီလသံဝရ၊ ၂။ ဣန္ဒြိယသံဝရ၊ ၃။ ဘောဇနေမတ္တညုတာ၊ ၄။ သတိသမ္ပဇည၊ ၅။ စတုပစ္စယသန္တောသ၊ ( ၆-၇- ၈- ၉ ) ဈာန်လေးပါး ဤတရားကိုးပါးပေတည်း။

ထို ၉- ပါးတို့တွင်-

- သီလသံဝရဆိုသည်ကား ပါတိမောက္ခ သံဝရသီလကို လုံခြုံစွာ စောင့်ထိန်းမှုတည်း။
- ဣန္ဒြိယသံဝရ ဆိုသည်ကား စက္ခုစသော ဣန္ဒြေတို့ကို လျှပ်ပေါ်လော်လည်ခြင်းမရှိစေပဲ ငြိမ်ဆိမ်စွာစောင့်ထိန်း ချုပ်တည်းမှုတည်း။ (မျက်စေ့, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်တို့ကို အလိုမလိုက်မှု

www.dhammaransi.com



ဆိုလိုသည်)၊

ဘောဇနေမတ္တညုတာ ဆိုသည်ကား အစာဘောဇဉ်ကို သုံးဆောင်မှု၌ အတိုင်းအရှည်ကို သိမှုတည်း။ အစားအသောက် ချိုးခြံမှုဆိုလိုသည်၊ သတိသမ္ပဇည ဆိုသည်ကား စွဲမြဲခိုင်ကြည်သော သတိနှင့် အရာရာ တိုင်းမှာ ဆင်ခြင်တုံတရား ရှေ့သွားပြုမှုပေတည်း။ (သတိခိုင်မြဲမှု အဆင်ခြင်ကြီးမှု ဆိုလိုသည်။) ဤ၌ သတိပဋ္ဌာန်လေးပါးကို သတိ ဟူ၍ယူ။ သမ္မဇဉ်တရားလေးပါးကို သမ္ပဇည ဟူ၍ယူလေ၊ သတိပဋ္ဌာန် လေးပါး ထင်ရှားပြီ၊

သမ္ပဇညတရားလေးပါးကား သတ္ထကသမ္ပဇဉ်, သပ္ပါယသမ္ပဇဉ်, ဂေါစရသမ္ပဇဉ်, အသမ္မောဟသမ္ပဇဉ်ဟူ၍ လေးပါးရှိ၏၊ ထိုတွင် မည်သည့်ကိစ္စအမှုမျိုးမဆို ပြုလုပ်မည်ရှိရာ အကျိုးရှိရန် ဆင်ခြင် ဉာဏ်ကြီးမှုသည် သတ္ထကသမ္ပဇဉ် မည်၏။ သင့်လျော်လျောက် ပတ်ဖွယ်ဖြစ်ရန် ဆင်ခြင်ဉာဏ်ကြီးမှုသည် သပ္ပါယသမ္ပဇဉ် မည်၏။ သွားလာ ကျက်စားရာ၌ တိမ်းပါးချော်ချွတ်ခြင်း မရှိစေရန် ဆင်ခြင် ဉာဏ် ကြီးမှုသည် ဂေါစရသမ္ပဇဉ် မည်၏။ မှောက်မှားတွေဝေမှုဖက်သို့ ယိမ်းယိုင် တိမ်းလည်၍ မသွားစေရန် ဆင်ခြင်ဉာဏ်ကြီးမှုသည် အသမ္မောဟသမ္ပဇဉ် မည်၏။

သတ္ထကောစ အသမ္မောဟော၊ သပ္ပါယော ဂေါစရော တထာ။
စတ္တာရိမာနိ သိက္ခေယျ၊ သမ္ပဇညာ ဘိဝဍ္ဎကာ။

သတ္ထကောစ-အကျိုးရှိရန် ဆင်ခြင်ဉာဏ်ကြီးသော သတ္ထကသမ္ပဇဉ် လည်းကောင်း၊ အသမ္မောဟောစ-မတွေဝေရန် ဆင်ခြင်ဉာဏ်ကြီးသော အသမ္မောဟသမ္ပဇဉ်လည်းကောင်း၊ သပ္ပါယောစ-သင့်လျော်လျောက်ပတ်ရန် ဆင်ခြင်ဉာဏ်ကြီးသော သပ္ပါယသမ္ပဇဉ်လည်းကောင်း၊ တထာ-ထို့အတူ၊ ဂေါစရောစ-သွားလာကျက်စား မတိမ်းပါးရန် ဆင်ခြင်ဉာဏ်ကြီးသော ဂေါစရ သမ္ပဇဉ်လည်းကောင်း၊ ဣမာနိစတ္တာရိ-ဤသမ္ပဇဉ်တရားလေးပါးတို့ကို၊ သမ္ပဇညာဘိဝဍ္ဎကာ-ဆင်ခြင်တုံတရား အလိမ္မာဉာဏ်ပွါးမှုကို ပြုလုပ်လိုကြ ကုန်သော ပုဂ္ဂိုလ်တို့သည်၊ သိက္ခေယျ-ကျင့်ကြံလေ့ကျက်ကြကုန်ရာသတည်း။

- စတုပစ္စယသန္တောသ ဆိုသည်ကား-ပစ္စည်းလေးပါးတို့၌ ရောင့်ရဲ တင်းတိမ်လွယ်မှုပေတည်း၊

www.dhammaransi.com



- **စျာန်လေးပါး** ဆိုသည်ကား စတုက္ကနည်းအားဖြင့် အပ္ပနာစိတ်တို့၌ ရှိသော ပထမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်တို့ ပေတည်း။ စျာန်လေးပါးမှ တစ်ပါးသော ရှေ့စရဏငါးပါးတို့သည် လူ့ဘုံ, နတ်ဘုံ, နိဗ္ဗာန်တို့သို့ ပေါက်ရောက်အောင် ရွက်ဆောင်နိုင်၏၊ ဗြဟ္မာ့ဘုံသို့ မရောက်စေနိုင်ကုန်၊ စျာန်လေးပါးတို့သည်ကား ဗြဟ္မာ့ဘုံ, နိဗ္ဗာန်တို့သို့ ပေါက်ရောက်နိုင်စေကုန်၏။

**(သီ, ဋ္ဌ, ဘောဇဉ်၊ သန္တောသယှဉ်၍၊ လေးအင်စျာန၊ စရဏ၊ နဝသုတ္တန်လာ။)**

## ဝိဇ္ဇာရှစ်ပါး

ဝိဇ္ဇာရှစ်ပါးဆိုသည်ကား--

၁။ ဉာဏဒဿန, ၂။ မနောမယိဒ္ဓိ, ၃။ ဣဒ္ဓိဝိဓအဘိညာဉ်, ၄။ ဒိဗ္ဗသောတ အဘိညာဉ်, ၅။ စေတောပရိယအဘိညာဉ်, ၆။ ပုဗ္ဗေ နိဝါသာနုဿတိ အဘိညာဉ်, ၇။ ဒိဗ္ဗစက္ခုအဘိညာဉ်, ၈။ အာသဝက္ခယအဘိညာဉ်- ဤရှစ်ပါးတို့ပေတည်း။

ထိုရှစ်ပါးတို့တွင်-

- ရုပ်နာမ်တရားတို့၌ လက္ခဏာယာဉ်သုံးပါးတို့ဖြင့် သိမြင်သော ဝိပဿနာဉာဏ်ကို **ဉာဏဒဿန** ဆိုသည်။
- ထိုဝိပဿနာဉာဏ်အမြင်ကို အနိစ္စဝိဇ္ဇာ, ဒုက္ခဝိဇ္ဇာ, အနတ္တဝိဇ္ဇာ အားဖြင့် သုံးပါးခွဲဝေရာ၏။ မိမိ၏ကိုယ်အတွင်း၌ အလုံးစုံ မိမိနှင့် အသွင်သဏ္ဌာန်တူသော လုလင်၏အသွင်ကို ဖန်ဆင်း၍ ကိုယ်တွင်းမှ ထုတ်၍ပြနိုင်သော တန်ခိုးအစွမ်းကို **မနောမယိဒ္ဓိ**ခေါ်သည်။
- တန်ခိုးကြီးသောနတ်မင်းတို့၏ တန်ခိုးကဲ့သို့လည်းကောင်း, မဟာဗြဟ္မာမင်းတို့၏ တန်ခိုးကဲ့သို့လည်းကောင်း, အဆင်းသဏ္ဌာန် အမျိုးမျိုးကို ဖန်ဆင်းခြင်း, ခဏချင်း နတ်ပြည် ဗြဟ္မာ့ပြည်သို့ သွားရောက်ခြင်း, စကြဝဠာတိုက်တစ်ပါးသို့ သွားရောက်ခြင်း, မြေအောက်လျှိုးဝင် ကောင်းကင်ပျံတက် ရေထက်နင်းသွားနိုင်ခြင်း စသော တန်ခိုးအမျိုးမျိုးကို **ဣဒ္ဓိဝိဓအဘိညာဉ်** ခေါ်သည်။
- မိမိနေရာက ရပ်တည်၍ အဘိညာဉ်အခြေခံကိုပြု၍ နားထောင်သည်ရှိသော် နတ်ပြည် ဗြဟ္မာပြည်တိုင်အောင် အဝေးအနီး ရှိရှိသမျှ စကားသံအမျိုးမျိုးတို့ကို ကြားနိုင်သော တန်ခိုးအစွမ်းကို **ဒိဗ္ဗသောတ**

www.dhammaransi.com



အဘိညာဉ်ခေါ် သည်။

လူနတ်ပြဟ္မာသတ္တဝါတို့၏ စိတ်အကြံအစည်အမျိုးမျိုးကို သိနိုင်သော တန်ခိုးအစွမ်းကို စေတောပရိယအဘိညာဉ် ခေါ် သည်။ ပရစိတ္တဝိဇာနနအဘိညာဉ် လည်းခေါ် ၏။

လွန်လေပြီးသော ရှေးရှေးဘဝ ရှေးရှေးကပ်ကမ္ဘာတို့၌ တစ်လောကလုံး၏ ဖြစ်ပျက်မှုအမျိုးမျိုးကို သိစွမ်းနိုင်သော တန်ခိုးကို ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် ခေါ် သည်။

မိမိနေရာဌာနကပင် ရပ်တည်၍အဘိညာဉ်၏ အခြေခံကို ပြုပြီးလျှင် ကြည့်ရှုဆင်ခြင်သောအခါ စကြဝဠာအတည်တည် နတ်ပြည်ပြဟ္မာပြည်တို့၌ ရှိရှိသမျှသော အသေး, အကြီး, အဝေး, အနီးဖြစ်သည့် ရူပါရုံအမျိုးမျိုးတို့ကို မြင်စွမ်းနိုင်သောတန်ခိုးကို ဒိဗ္ဗစက္ခုအဘိညာဉ် ခေါ် သည်။

[ယထာကမ္မူပဂဉာဏ်,စုတူပပါတဉာဏ်, အနာဂတံသဉာဏ်များ ကိုလည်း ဤဒိဗ္ဗစက္ခုအဘိညာဉ်၌သာလျှင် ထည့်သွင်း၍ ရေတွက်အပ်ကုန်၏။]

- ယထာကမ္မူပဂဉာဏ်--ဆိုသည်ကား ထိုထိုဘုံဘဝတို့၌ ဖြစ်နေကြကုန်သော သတ္တဝါတို့၏ ရှေးရှေးအတိတ်ကံကို မှန်ကန်စွာသိသော ဉာဏ်ပေတည်း။
- စုတူပပါတဉာဏ် ဆိုသည်ကား စုတိသော သတ္တဝါတို့ကို မြင်သည်ရှိသော် ဤသတ္တဝါတို့သည် ဤမည်သောဘုံဘဝတို့၌ ဖြစ်ကြကုန်လတ္တံ့ဟူ၍လည်းကောင်း, ပဋိသန္ဓေ တည်နေသော သတ္တဝါတို့ကိုမြင်လျှင် ဤသတ္တဝါတို့သည် ဤမည်သောဘုံဘဝမှ လာရောက်ဖြစ်ပွါးကြသည် ဟူ၍လည်းကောင်း, အမှန်အကန်သိသော ဉာဏ်ပေတည်း။
- အနာဂတံသဉာဏ်--ဆိုသည်ကား ဖြစ်လတ္တံ့သော အနာဂတ်ဘဝ အနာဂတ်ကမ္ဘာတို့၌ တစ်လောကလုံး၏ အဖြစ်အပျက်ကိုသိသော ဉာဏ်ပေတည်း။
- အာသဝေါတရားကုန်ခမ်းမှုနှင့် ယှဉ်သောဉာဏ်ကို အာသဝက္ခယအဘိညာဉ်ဆိုသည်။

www.dhammaransi.com



ထိုဝိဇ္ဇာရှစ်ပါးတို့တွင် ဝိပဿနာဉာဏဒဿနဝိဇ္ဇာနှင့် အာသဝက္ခယဝိဇ္ဇာတို့သည်သာလျှင် နိဗ္ဗာန်ရောက် ဝိဇ္ဇာတို့ဖြစ်ကုန်သည်၊ ကြွင်းသောဝိဇ္ဇာခြောက်ပါးတို့သည်ကား တန်ခိုးဖန်ဆင်းခြင်းစသော လောကီသိဒ္ဓိလမ်းများ ဖြစ်ကြကုန်၏။

**ဤကားဝိဇ္ဇာရှစ်ပါး၏ အဓိပ္ပါယ်တည်း။အမ္ဗဋ္ဌသုတ်စသည်တို့၌လာသော စရဏကိုးပါး ဝိဇ္ဇာရှစ်ပါးတို့ကို ပြဆိုခြင်းပြီး၏။**

---

**စရဏတစ်ဆယ့်ငါးပါး။** ။မဇ္ဈိမပဏ္ဏာသ တတိယဖြစ်သော သေခပဋိပဒါသုတ်၌ကား စရဏ ၁၅-ပါး, ဝိဇ္ဇာ ၃-ပါးဟူ၍ ဟောတော်မူ၏၊ ထိုစရဏ ၁၅-ပါးကား ယခင်ပြဆိုခဲ့ပြီး စရဏ ၉-ပါးတို့တွင် သတိသမ္ပဇညနှင့် စတုပစ္စယ သန္တောသနှစ်ပါးကို နှုတ်ပယ်ကြဉ်ထား၍ ကြွင်းသော ခုနစ်ပါးတို့အပေါ်မှာ ဇာဂရိယာနုယောဂနှင့် သူတော်ကောင်းတရားခုနစ်ပါးတို့ ထည့်၍ စရဏတစ်ဆယ့်ငါးပါးဖြစ်သည်။ အစဉ်အားဖြင့်ရေတွက်လျှင် သီလသံဝရ, ဣန္ဒြိယသံဝရ, ဘောဇနေမတ္တညုတာ, ဇာဂရိယာနုယောဂ, သူတော်ကောင်းတရား ၇-ပါး, ဈာန်လေးပါး, ပေါင်း ၁၅-ပါးတို့ပေတည်း၊ သီလသံဝရစသည်တို့၏ သဘောအဓိပ္ပါယ်ကို ပြဆိုခဲ့ပြီ၊ ဇာဂရိယာနုယောဂ ဆိုသည်ကား ပျင်းရိမှိုင်တွေခြင်းကင်း၍ နိုးကြားထကြွခြင်းနှင့် ယှဉ်မှုပေတည်း၊ အအိပ်အနေနည်းပါးမှုဆိုလိုသည်။

## သူတော်ကောင်းတရား ၇-ပါး

သူတော်ကောင်းတရား ၇-ပါးကား-

၁။ ရတနာသုံးပါး၌ ယုံကြည်သက်ဝင်ခြင်း သဒ္ဓါ၊
၂။ မကောင်းမှုမှ ရှက်ခြင်းဟိရီ၊
၃။ မကောင်းမှုမှ ကြောက်လန့်ခြင်း ဩတ္တပ္ပ၊
၄။ အကြားအမြင်များခြင်း ဗာဟုသစ္စ၊
၅။ အားထုတ်ရဲရင့်ခြင်း ဝီရိယ၊
၆။ မမေ့မလျော့ ထင်မြင်အောက်မေ့ခြင်း သတိ၊
၇။ ဆင်ခြင်တိုင်းထွာ ကောင်းစွာသိမြင်ခြင်းပညာ။

ဤ ( ၇ ) ပါးတို့ပေတည်း။

www.dhammaransi.com



## စရဏ ၁၅- ပါး အကျဉ်းမှတ်ရန်ဆောင်ပုဒ်

**သီ, ဣန်, ဘော , ဇာ၊ သဒ္ဓမ္မာနှင့်၊ ဈာန်မှာလေးပါး၊ ဤဆဲ့ငါး၊ မှတ်သားစရဏ၊**

သုတ္တန်နှစ်ခုတို့၌လာသော စရဏမျိုးတို့ကို တူရာပေါင်းရုံး၍ ရေတွက်လျှင် စရဏ ၁၇- ပါးဖြစ်၏၊ စရဏ ၁၇-ပါး ရေတွက်သောအခါ ယင်း ၁၅-ပါးတွင် သတိသမ္ပဇညနှင့် စတုပစ္စယသန္တောသကိုထည့်၍ ရေတွက်လေ။

**သီ, ဣန်, ဘော, ဇာ၊ သဒ္ဓမ္မာနှင့်၊ ဈာန်မှာ လေးအင်၊**

**သမ္ပဇည၊ သန္တောသ၊ စရဏမှတ်၊ သတ္တရသ်။**

ဝိဇ္ဇာသုံးပါး။ ။ ဝိဇ္ဇာသုံးပါးဆိုသည်မှာ ပုဗ္ဗေနိဝါသအဘိညာဉ် ဒိဗ္ဗစက္ခုအဘိညာဉ် အာသဝက္ခယအဘိညာဉ် ဤသုံးပါးတို့ပေတည်း။ ထို့ကြောင့် သုံးပါးဝိဇ္ဇာ၊ ပု, ဒိ, အာ,ဟု ရှေးဆရာတို့ ဆိုကြကုန်သည် ပြဆိုခဲ့ပြီးသော စရဏတစ်ဆယ့်ခုနစ်ပါး ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါးတို့နှင့် ပြည့်စုံတော်မူသောကြောင့် မြတ်စွာဘုရားသည် ဝိဇ္ဇာစရဏသမ္ပန္နော-ဟူသော ဂုဏ်ထူးကို ရရှိတော်မူသည်။

ဝိဇ္ဇာ စရဏေဟိ သမ္ပန္နတ္တာ ဘဂဝါ ဝိဇ္ဇာစရဏသမ္ပန္နော။

ဝိဇ္ဇာစရဏေဟိ•ဝိဇ္ဇာစရဏတရားတို့နှင့်၊ သမ္ပန္နတ္တာ•ပြည့်စုံသည်၏အဖြစ်ကြောင့်၊ ဘဂဝါ•မြတ်စွာဘုရားသည်၊ ဝိဇ္ဇာစရဏသမ္ပန္နော•ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

**ဟေမဝတနတ်သားအမေး။** ။ "ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်" သည် မြတ်စွာဘုရားတို့၏ဂုဏ်တွင် ထင်ပေါ် ကြီးကျယ်သော ဂုဏ်ဖြစ်သည်နှင့် ဟေမဝတနတ်သားနှင့် သာတာဂီရိနတ်သားတို့ ရထားလေယာဉ်ဖြင့် ကောင်းကင်မှာ တွေ့ဆုံကြ၍ သာတာဂီရိက မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးများကို ချီးကျူး ပြောကြားရာတွင် ဟေမာဝတ နတ်သားကလည်း ဘုရား မှန်မမှန်, စစ်မစစ်,ကို ပုစ္ဆာထုတ်၍ မေးမြန်းစိစစ်ရာ၌-

ကိစ္စိ ဝိဇ္ဇာယ သမ္ပန္နော၊ ကိစ္စိ သံသုဒ္ဓစရဏော။

သမ္မ•ချစ်ဆွေသာတာဂီရိ၊ တေ•သင်၏၊ သတ္ထာ•ဆရာဖြစ်သော အရှင်ဂေါတမသည်၊ ကိစ္စိ•အသို့နည်း၊ ဝိဇ္ဇာယ•ဝိဇ္ဇာတရားမျိုးနှင့်၊ သမ္ပန္နော•ပြည့်စုံပါ၏လော၊ ကိစ္စိ•အသို့နည်း၊ သံသုဒ္ဓစရဏော•စင်ကြယ်ဆွတ္ထား စရဏအကျင့်တရားရှိပါ၏လော။

www.dhammaransi.com



**သာတာဂိရိ နတ်သားအဖြေ**---ဤသို့ မေးမြန်းသည်တွင် သာတာဂိရိ နတ်သားက ----

ဝိဇ္ဇာယစေဝ သမ္ပန္နော၊ အထော သံသုဒ္ဓစရဏော။

ဟူသောစကားဖြင့် ဖြေကြားလေသည်။

သမ္ဘ=ချစ်ဆွေဟေမာဝတနတ်သား၊ မေးငါ၏၊ သတ္ထာ=ဆရာဖြစ်သော အရှင်ဂေါတမသည်၊ ဝိဇ္ဇာယစေဝ=ဝိဇ္ဇာတရားမျိုးနှင့်လည်း၊ သမ္ပန္နော=ပြည့်စုံ လုံလောက်တော်မူ၏၊ အထော=ထိုမြို့၊ သံသုဒ္ဓစရဏော=စင်ကြယ်ဆွတ်ထွား စရဏ အကျင့်တရားလည်း ရှိတော်မူ၏။

ဤသို့ ဝိဇ္ဇာစရဏ တရားနှစ်ပါးနှင့် ပြည့်စုံကြောင်းကို ဖြေကြားရာတွင် ဟေမာဝတနတ်သားသည် ဘုရားအမှန် အစစ်ဖြစ်ကြောင်းကို သဘောကျ သည်နှင့် ကြည်ညိုခြင်း သဒ္ဓါတရား ဖြစ်ပွားပေါ်ပေါက်လာပြီးလျှင် နတ်သားနှစ်ဦး သဒ္ဓါတရား တူညီကြသဖြင့် အလျင်အမြန် ဘုရားမြတ်စွာကို အဖူးသွားကြ ချည်စို့ဟု ဝမ်းမြောက်ဝမ်းသာ တိုင်ပင်သောအားဖြင့် အောက်ပါဂါထာကို ကျူးရင့်လေသည်။

သမ္ပန္နံ မုနိနော စိတ္တံ၊ ကမ္မုနာ ဗျာပထေနစ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဟန္ဒ ပဿာမ ဂေါတမံ။

မုနိနော=ဘုရားရှင်၏၊ စိတ္တံ=စိတ်နှလုံးတော်သည်၊ ကမ္မုနာစ=စင်ကြယ် သော ကာယကံတော်နှင့်လည်းကောင်း၊ ဗျပထေနစ=စင်ကြယ်သော ဝစီကံ တော်နှင့်လည်းကောင်း၊ သမ္ပန္နံ=ပြည့်စုံတော်မူ၏၊ ဝိဇ္ဇာစရဏသမ္ပန္နံ=ဝိဇ္ဇာ စရဏတရား နှစ်ပါးစုံဖြင့် လုံလောက်တော်မူသော၊ ဂေါတမံ=ဂေါတမနွယ်ဖွား မြတ်စွာဘုရားကို၊ ဟန္ဒ=ယခုလျင်စွာ မြန်မြန်လာ၊ ပဿာမ=ဖူးမျှော်ချေကြကုန်စို့။

ဤဂါထာကို ရွတ်ဆိုပြီးလျှင် နတ်သားနှစ်ဦး မြတ်စွာဘုရား၏ ခြေတော်စုံ ကိုဖူး၍ တရားထူးများကို ကြားနာ မေးလျှောက်ကြလေ၏။

**(သုတ္တနိပါတ် ဟေမဝတသုတ်တွင် လာသည်)**

ဝိဇ္ဇာစရဏနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် နတ်ဗြဟ္မာနှင့်တကွသော လောက ကြီး၌ အမြတ်ဆုံးဖြစ်သည်ဟူ၍လည်း သဂါထာဝဂ္ဂသံယုတ် ပါဠိတော်၌ အောက်၌ ပါသော ဂါထာကို ဟောကြားတော်မူသည်။

www.dhammaransi.com



ခတ္တိယော သေဋ္ဌော ဇနေတသ္မိံ၊ ယေ ဂေါတ္တပဋိသာရိနော။
ဝိဇ္ဇာစရဏသမ္ပန္နော၊ သော သေဋ္ဌော ဒေဝမာနုသေ။

ယေ=အကြင်သူတို့သည်၊ ဂေါတ္တပဋိသာရိနော=အမျိုးအနွယ်ကို စိစစ်၍ မြတ်မမြတ်ကို ရွေးချယ်လေ့ရှိကြကုန်၏၊ တသ္မိံ ဇနေ=ထိုလူများအလယ်၌၊ ခတ္တိယော=မင်းမျိုးသည်၊ သေဋ္ဌော=အမြတ်ဆုံးပေတည်း၊ ယော=အကြင်ပုဂ္ဂိုလ်သည်၊ ဝိဇ္ဇာစရဏသမ္ပန္နော=ဝိဇ္ဇာတရား, စရဏတရားတို့နှင့်ပြည့်စုံပေ၏၊ သော=ထိုဝိဇ္ဇာစရဏနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်၊ ဒေဝမာနုသေ=နတ်လူနှင့်တကွသော လောကကြီး၌၊ သေဋ္ဌော=အထွတ်ဥဿျောင် အခေါင်အဖျား အမြတ်ဆုံး အစား ဖြစ်တော်မူ၏။

**ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ဖွင့်ပြီး၏။**

-------*-------

## ၄-သုဂတဂုဏ်တော်

သောဘဏာ ဂတိ အဿာတိ သုဂတော။

အဿ=ထိုမြတ်စွာဘုရားအား၊ သောဘဏာ=တင့်တယ်ကောင်းမြတ်သော၊ ဂတိ=ဖြစ်ပုံအလားသည်၊ အတ္ထိ=ရှိတော်မူ၏၊ ဣတိတသ္မာ=ကို့ကြောင့်၊ သော ဘဂဝါ=ထိုမြတ်စွာဘုရားသည်၊ သုဂတော=သုဂတမည်တော်မူ၏။

ဂတိဆိုသည်ကား။ ။ပစ္ဆိမဘဝဖြစ်သော သိဒ္ဓတ္ထကုမာရအဖြစ်၌ အမိဝမ်း တိုက်မှာ ပဋိသန္ဓေတည်နေသည်က အစပြု၍ လက်ထက်တော် တစ်သန္တာန်လုံး၌ ဖြစ်ဖြစ်သမျှသော ရုပ်ခန္ဓာအစဉ် နာမ်ခန္ဓာအစဉ်များကို ဂတိဟူ၍ဆိုသည်၊ မြတ်စွာဘုရား၏ ထိုဖြစ်ပုံအလားဟုဆိုအပ်သော ဂတိသည် အလွန်လျှင် တင့်တယ်ကောင်းမြတ်၏၊ အဘယ့်ကြောင့်နည်းဆိုလျှင် ကမ္ဘာပေါင်းများစွာတို့က အထုအထယ်ကြီးကျယ်စွာ ဖြည့်ဆည်းပူးတော်မူအပ်သော ပါရမီအလုံးစုံတို့သည် စုပုံ၍ တဟုန်တည်း အကျိုးပေးလာသော ဂတိတော်များဖြစ်သဖြင့် ပဋိသန္ဓေတည်နေတော်မူသောအခါ စသည်တို့၌ အတိုင်းမသိသော အံ့ဖွယ်သရဲတို့သည် ထူးကဲစွာ ဖြစ်ပေါ်ရကုန်၏၊ ထို့ကြောင့် ရှိရှိ သမျှသော လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့၏၊ ဂတိနှင့်မတူပဲ လွန်ကဲထူးမြတ်သည်ဟူ၍ ဆိုရလေသည်၊ ဥပရိပဏ္ဏာသပါဠိတော် တတိယဝဂ် အစ္ဆရိယသုတ်၌ ဘုရားလောင်း ပဋိသန္ဓေတည်နေသောအခါ အံ့ဖွယ်သရဲ ငါးပါးဖြစ်ပေါ်ကြောင်းကို အာနန္ဒာအား မြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာရှိ၏။

**မိခင်ဝမ်းရာဝတီ**

www.dhammaransi.com



## ထိုဒေသနာ၏ မြန်မာပြန်

၁။ ချစ်သားအာနန္ဒာဘုရားလောင်းသည် သတိ, သမ္ပဇညနှင့် ပြည့်စုံစွာ တွေတွေဝေဝေ မရှိ တုသိတာနတ်ပြည်မှ စုတေ၍ အမိဝမ်းတိုက်၌ ပဋိသန္ဓေနေခြင်းဖြင့် သက်ဆင်းတော်မူ၏။

၂။ ထိုသို့ ပဋိသန္ဓေတည်နေသောအခါ နတ်နှင့်တကွ, မာရ်မင်းနှင့်တကွ, ဗြဟ္မာမင်းနှင့်တကွသော လောက၌ ရဟန်း ပုဏ္ဏားနှင့်တကွ သတ္တဝါများအလယ်၌ နတ်ဗြဟ္မာတို့၏ တန်ခိုးအာနုဘော်ကို လွှမ်းကဲ၍ ကြီးကျယ်မြင့်မြတ်သော အရောင်အလင်းကြီးသည် ထင်ရှားဖြစ်ပေါ်လာ၏။

၃။ အမြဲမပြတ် အမိုက်အတိ ပကတိမှောင်ကျ၍နေသော လောကန္တရိက်ငရဲ၌လည်း အရောင်အလင်းကြီး ဖြစ်ပေါ်၏။

၄။ တစ်သောင်းသော လောကဓာတ်သည်လည်း ပြင်းစွာ တုန်လှုပ်၏။

၅။ ထိုသို့ မြေငလျင်လှုပ်သည်နှင့် တစ်ပြိုင်နက် နတ်ဗြဟ္မာတို့၏ တန်ခိုးအာနုဘော်ကိုလွှမ်း၍ ကြီးကျယ်မြင့်မြတ်သော ဒုတိယအရောင်အလင်းကြီးသည် ဖြစ်ပေါ်လာပြန်၏။

ဤနိမိတ်ငါးပါးတို့သည် အလောင်းတော် ယောကျ်ားမြတ်တို့၏ အန္တိမဘဝ၌ မိခင်ဝမ်းတိုက်မှာ ပဋိသန္ဓေတည်နေသောအခါ ထင်လာသောနိမိတ် အံ့ဖွယ်သရဲကြီးများတို့ပေတည်း၊ ဤကာလမျှတွင်သာ အံ့ဖွယ်သရဲကြီးများ ဖြစ်သည် မဟုတ်ချေ။ စင်စစ်အားဖြင့် သုမေဓာ ရှင်ရသေ့ဖြစ်စဉ် ဗျာဒိတ်ခံ၍ ပါရမီဆယ်ပါးကို ဆင်ခြင်သောအခါ, အန္တိမဘဝ၌ မယ်တော်ဝမ်းမှာ ပဋိသန္ဓေတည်နေသောအခါ, အမိဝမ်းတိုက်မှ ဖွားသန့်စင်တော်မူသောအခါ, ဗောဓိမဏ္ဍိုင်၌ သစ္စာလေးပါးကိုသိမြင် မာရ်ငါးပါးကိုအောင်မြင်၍ ဘုရားရှင်ဖြစ်တော်မူသောအခါ, ဓမ္မစကြာတရားကို ဟောကြားတော်မူသောအခါ, ကုသိနာရုံအင်ကြင်းစုံ၌ ရွှေဘုံသီဝသို့ ချီကြွစံမြန်း နိဗ္ဗာန်နန်းသို့ ဝင်တော်မူသောအခါ ဤ ခြောက်ပါးသောအခါတို့သည် တူမျှသော အလားရှိကြကုန်၏၊ လောက၌ ထင်မြင်သော အံ့ဖွယ်သရဲကြီးများသည်လည်းတူမျှစွာ ဖြစ်ပေါ်ကြကုန်၏။

ပါရမီ ဝိစိနန္တမှိ၊ အန္တိမေ ပဋိသန္ဓိယံ။
ဝိဇာယနေ ဗုဇ္ဈနေစ၊ ဓမ္မစက္ကပဝတ္တနေ။
နိဗ္ဗုတေ ဆသုကာလေသု၊ အစ္ဆေရာနိ ပဒိဿရေ။

မိခင်ဇရာဝတီ

www.dhammaransi.com



ပါရမီ=ပါရမီတရားဆယ်ပါးကို၊ ဝိစိနန္တမှိ=ဗျာဒိတ်ခန်းတွင် စူးစမ်းဆင်ခြင်သောအခါ၌လည်းကောင်း၊ အန္တိမေ=အဆုံးစွန်သောဘဝ၌၊ ပဋိသန္ဓိယံ=ပဋိသန္ဓေတည်နေတော်မူသောအခါ၌လည်းကောင်း၊ ဝိဇာယနေ=ဖွားမြင်တော်မူသောအခါ၌လည်းကောင်း၊ ဗုဒ္ဓနေစ=ဗောဓိမဏ္ဍိုင်ဝယ် လေးခိုင်သစ္စာ ပွင့်သောအခါ၌လည်းကောင်း၊ ဓမ္မစက္ကပဝတ္တနေ=ဓမ္မစကြာတရားကို ဟောကြားတော်မူသောအခါ၌လည်းကောင်း၊ နိဗ္ဗုတေ=ပရိနိဗ္ဗာန်ဝင်စံတော်မူသောအခါ၌လည်းကောင်း၊ ဣတိ=ဤသို့၊ ဆသုကာလေသု=ခြောက်ပါးသောအခါကြီး နေ့ရက်ကြီးတို့၌၊ အစ္ဆေရာနိ=အံ့ဖွယ်သရဲ လွန်ကဲထွေထူး မဖြစ်ဖူးသော နိမိတ်ကြီးတို့သည်၊ ပဒိဿရေ=စကြဝဠာသောင်းပြန့် တိုက်မဆန့်အောင် အနှံ့ထင်ရှားကြလေကုန်၏။

ယခင်အစ္ဆရိယသုတ္တန် မြန်မာပြန် -----

၁။ အမိဝမ်း၌ ပဋိသန္ဓေတည်နေတော်မူစဉ်အခါ နတ်သားလေးယောက်တို့သည် အရပ်လေးမျက်နှာမှ စောင့်ရှောက်ရန်အလို့ငှါ ခစားလာကြကုန်၏။

၂။ အမိဝမ်းတိုက်မှ ဖွားတော်မူသောအခါ နတ်ဗြဟ္မာအပေါင်း တို့သည် အလောင်းတော်ယောက်ျားမြတ်ကို ရှေးဦးစွာ ခံလင့်လှမ်းယူကြလေကုန်၏၊ ခံလင့်လှမ်းယူပြီးသောအခါဝယ် "မယ်တော်အရှင်မြတ် အရှင်မအား ဘုန်းတန်ခိုး ကြီးမားသော သားတော်မြတ် ဖွားမြင်ပါပြီ" ဟူ၍ လျှောက်တင်ကြသောအခါ မယ်တော်မိဖုရားသည် နှစ်သက်ဝမ်းမြောက်တော်မူ၏။

၃။ အထက်ကောင်းကင်မှ အအေးတစ်သွယ်, အပူတစ်သွယ်, ရေအယဉ်, နှစ်သွယ်,နှစ်ဆိုင်တို့သည် ပြိုင်၍ ကျလာကုန်၏။ ကောင်းကင်မှကျလာသော မင်္ဂလာရေစင်ဖြင့် ဘုရားလောင်းအားလည်းကောင်း မယ်တော်အားလည်းကောင်း ရေသန့်စင်ခြင်းကိစ္စကို ပြီးစီးစေကြကုန်၏။

၄။ ချစ်သားအာနန္ဒာ ယခုဖွားသစ်စဖြစ်သော ဘုရားလောင်းသည် ဖွားလျှင်ဖွားခြင်း ညီညွတ်သော ခြေတော်စုံတို့ဖြင့် မြေထက်မှာတည်၍ မြောက်အရပ်သို့ရှေ့ရှု ထီးဖြူဆောင်းမိုးခြင်းကို ခံတော်မူလျက် ခုနစ်ဖဝါး လှမ်းကြွတော်မူ၏။

၅။ အလုံးစုံသော အရပ်မျက်နှာတို့ကိုလည်း စောင်းလှည့်၍ ကြည့်ရှုတော်မူ၏။

၆။ - အဂ္ဂေါဟမသ္မိ လောကဿ၊

www.dhammaransi.com



- ဇေဋ္ဌောဟမသ္မိ လောကဿ၊
- သေဋ္ဌောဟမသ္မိ လောကဿ၊
- အယမန္တိမာ ဇာတိ၊
- နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။

(မြွက်ဆိုတော်မူသော စကားတော်)

- လောကၤ ငါအမြတ်ဆုံး ဖြစ်တော်မူ၏၊
- လောကၤ ငါအကြီးဆုံး ဖြစ်တော်မူ၏၊
- လောကၤ ငါအချီးမွမ်းအပ်ဆုံး ဖြစ်တော်မူ၏၊
- ဤအဖြစ်သည် အဆုံးစွန်သော အဖြစ်တည်း၊
- ယခုအခါ တစ်ဖန်ပဋိသန္ဓေနေခြင်း မရှိပြီ၊

ဟူ၍ မြင့်မြတ်ကြီးမားသော စကားတော်သံကို ကြိမ်းဝါး မြွက်ဆိုတော်မူ၏။

ဤသို့လျှင် များလှစွာသော အံ့ဖွယ်သရဲတို့ကို ဖြစ်ပေါ်စေ၍ လောကၤ ဖြစ်လာတော်မူသောကြောင့်“**သောဘဏာ ဂတိ အဿာတိ သုဂတော**” ဟူသော ဝိဂြိုဟ်နှင့်အညီ သုဂတမည်တော်မူသည်။

**[မြတ်စွာဘုရား၏ ကောင်းသောအလားရှိသည့်အဖြစ်ကို သုမေဓာဘဝ ဗျာဒိတ်ခံသောအခန်း ပါရမီဖြည့်စမ်းခန်းတို့၌ အထူးထူးသော အံ့ဖွယ်သရဲ ဖြစ်ပေါ်ခြင်းတို့ဖြင့် ထင်ရှား၏။]**

သုမေဓာဘဝမှစ၍ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းပတ်လုံး ဘဝပေါင်း များစွာတို့၌ ပါရမီတရားတို့ကို ဖြည့်တော်မူ၍ ဝေဿန္တရာဘဝမှ စုတိပြီးလျှင် တုသိတာနတ်ပြည်၌ နတ်သားဖြစ်နေသောအခါ နတ်ပြဟ္မာ ပေါင်းများစွာတို့သည် ချီသောလက်အုပ် ရှိကြကုန်သည် ဖြစ်၍---

ကာလော ခေါ တေ မဟာဝီရ၊ ဥပ္ပဇ္ဇ မာတုကုစ္ဆိယံ၊
သဒေဝကံ တာရယန္တော၊ ဗုဇ္ဈဿု အမတံ ပဒံ။

ဟူသော ဂါထာဖြင့် ဘုရားဖြစ်ရန် တောင်းပန်လာကြရကုန်၏။

မဟာဝီရ=ဝီရိယဓာတ် ကြီးမြတ်မြင့်မား လောင်းနတ်သား၊ တေ=သင် နတ်သားအား၊ ခေါ=စင်စစ်၊ ကာလော=ဘုရားဖြစ်ရန် အချိန်တန်ပါပြီ၊ မာတု ကုစ္ဆိယံ=မယ်တော်၏ဝမ်းတိုက်၌၊ ဥပ္ပဇ္ဇ=ပဋိသန္ဓေတည်နေ စွဲလမ်းတော်မူပါ ချေလော့၊ သဒေဝကံ=နတ်ပြဟ္မာနှင့်တကွသော လောကကြီးကို၊ တာရယန္တော= သံသရာအပြင်မှ ကယ်တင်ချွတ်ချွတ်တော်မူလျက်၊ အမတံပဒံ=အမြိုက်နိဗ္ဗာန်

www.dhammaransi.com



တရားကို၊ ဗုဒ္ဓသုး-သိမြင်တော်မူပါချေလော။

ဤသို့တောင်းပန်ကြသည်ကို ပဋိညာဉ်ခံတော်မူ၍ ကြည့်ခြင်းကြီးငါးပါး တို့ဖြင့် ကြည့်တော်မူပြီးခါ သာကီနွယ်ဇာတ် အမျိုးမြတ်ဖြစ်သော မာယာဒေဝီ မဟေသီ၏ဝမ်းတိုက်၌ ပဋိသန္ဓေတည်နေတော်မူလာ၏၊ ဆယ်လစေ့၍ ဖွားမြင် တော်မူသောအခါ ဆန်းကြယ်စွာသော နိမိတ်ကြီးတို့သည် အနှံ့အပြား ထင်ရှား ဖြစ်ပေါ်လာကုန်၏၊ ဤသို့ ဖွားတော်မူသောအခါ နိမိတ်ပေါင်းများစွာ ထင်လာ ပုံကို သီဟိုဠ်ကျွန်း ဝိဇယဗာဟုမင်း၏ဆရာ အရှင်မေဓင်္ကရသည် အောက် ၌ပါသော ဂါထာဂီတိတို့ဖြင့် ဖွဲ့သီခြီးကျူးတော်မူ၏။

[ဤဂါထာတို့သည် သဒ္ဒါ၏ဆန်းကြယ်ခြင်း, အနက်၏ဆန်းကြယ်ခြင်း, ပညာရှိတို့၏ စိတ်နှလုံးတည်းဟူသော ကြာပန်းကို ပွင့်လန်းစေခြင်းတည်းဟူသော ဂုဏ်အမျိုးမျိုးတို့နှင့် ပြည့်စုံပေသောကြောင့် ဤအရာ၌ထည့်သွင်း ဖေါ်ပြလိုက်ပါသတည်း။]

(က) ဘာရာတိဘာရ နဂ ပါဒပ မေရုရာဇံ၊
သဗ္ဗံပိ သာဂရဇလံ ဝဟိတုံ သမတ္ထာ၊
ဇာတက္ခဏေ သုဂုဏဘာရမသယှမာနာ၊
သက်မ္ပယီဝ ပထဝီ ပဝရဿ တဿ။

(က) ပထဝီ-နှစ်သိန်းလေးသောင်း ပေါင်းထုယူဇနာ နှစ်လွှာဆင့်ပြီး ဤမြေကြီးသည်၊ ဘာရာတိဘာရ နဂ ပါဒပ မေရုရာဇံ-လေးသည်ထက် အလွန် လေးလံလှစွာသော ဟိမဝန္တာ, ကေလာသစသော တောင်ကြီးတောင်ငယ် အမျိုးမျိုး, ဇမ္ဗူသပြေစသောသစ်ပင်ကြီးငယ်အမျိုးမျိုးနှင့် မြင်းမိုရ်တောင်မင်း တည်းဟူသောဝန်ကြီးကိုလည်းကောင်း၊ သဗ္ဗံ-အလုံးစုံသော၊ သာဂရဇလမ္ပိ- နက်ပြောကျယ်စွာ သမုဒ္ဒရာလေးခု ရေအထုတည်းဟူသော ဝန်ကြီးကိုလည်း ကောင်း၊ ဝဟိတုံ-ထမ်းဆောင်သည်ပိုး၍ ထားခြင်းငှါ၊ သမတ္ထာပိ-စွမ်းနိုင် ပါသော်လည်း၊ ပဝရဿ-လောကဥသျှောင် အခေါင်ထွတ်ထား အမြင့်အဖျား ဆုံးဖြစ်တော်မူသော၊ တဿ-ထိုအလောင်းတော်မြတ်၏၊ ဇာတက္ခဏေ-မျက်နှာ ကြည်လင် သန့်စင်ဖွားမြောက်တော်မူသောခဏ၌၊ သုဂုဏဘာရံ-ကောင်းမွန် ပြန့်ကျယ် ပင်လယ်မြေထု မေရုမက ကြီးမြတ်လှသော ဂုဏ်တော်ဝန်ကို၊ ဝဟိတုံ- သည်ပိုးရွက်ဆောင်၍ ထားခြင်းငှါ၊ အသယှမာနာ-မစွမ်းနိုင်လေသောကြောင့်၊ သက်မ္ပယီဝ-လေ-ရေ-ပါခုန် သိမ့်သိမ့်တုန်အောင် တဟုန်တည်း လှုပ်ရှားလေ သည်သာလျှင်တည်း။

www.dhammaransi.com



(ခ) ရမ်သု သောဏာ ဟရိဏေဟိ သဒ္ဓိံ၊
ကာကာ ဉလူကေဟိ မုဒင္ဂဒင္ဂါ။
သုပဏ္ဏရာဇူဟိ မဟောရဂါစ၊
မဋ္ဌာရ သဃ်ာပိ စ ဥန္ဒုရေဟိ။

(ခ) ဇာတက္ခဏေ=အလောင်းတော်မင်းသားကို ဖွားတော်မူသော ခဏ၌၊ သောဏာ=မြေခွေးရိုင်းအပေါင်းတို့သည်၊ ဟရိဏေဟိ=သမင်တို့နှင့်၊ သဒ္ဓိံ=အတူတကွ၊ ရမိံသု=ပျော်ပျော်ပါးပါး ကစားရွှင်မြူး၍နေကြကုန်၏၊ ကာကာ=ကျီးအပေါင်းတို့သည်၊ ဉလူကေဟိ=ဇီးကွက်, ခင်ပုပ်, ဒီးဒုတ်, လင်းယုန် အပေါင်းတို့နှင့်၊ သဒ္ဓိံ=အတူတကွ၊ မုဒင္ဂဒင္ဂါ=စိတ်အားတက်ကြွ ဝမ်းမြောက်ကြကုန်သည်ဖြစ်၍၊ ရမိံသု=ပျော်ပျော်ပါးပါး ကစားချစ်ကြည်ကြကုန်၏၊ မဟောရဂါစ=နဂါးကြီးတို့သည်လည်း၊ သုပဏ္ဏရာဇူဟိ=ဂဠုန်မင်းတို့နှင့်၊ မဋ္ဌာရသဃ်ာပိစ=ကြောင်အပေါင်းတို့သည်လည်း၊ ဥန္ဒုရေဟိ=ကြွက်အပေါင်းတို့နှင့်၊ သဒ္ဓိံ=အတူတကွ၊ ရမိံသု=ကျီစယ်ပျော်ပါး ကစားရွှင်မြူးကြကုန်၏။

**(ဤဂါထာဖြင့် ဘုရားလောင်းဖွားမြင်တော်မူသောအခါ မေတ္တာစာတ်ကိုပွါး ဒေါသစာတ်ပါး၍ ကမ္ဘာ့ရန်ဖက်များပင် ချစ်ကြည်ကြကြောင်းပြဆိုသည်။)**

(ဂ) မိဂါ မိဂိန္ဒေဟိ သမာဂမိံသု၊
ပုတ္တေဟိ မာတာပိတရော တထေဝ။
နာဝါ ဝိဒေသံပိ ဂတာ သဒေသံ၊
ဂတောဝ ကဏ္ဍော သရဘင်္ဂသတ္တု။

(ဂ) မာတာပိတရော=မိခင်ဖခင်တို့သည်၊ ပုတ္တေဟိ=ချစ်လှစွာသော သားတို့နှင့်၊ သမာဂမိံသု ယထာ=အကျွမ်းတဝင် ခင်မင်ပေါင်းသင်း မိကြကုန်ဘိသကဲ့သို့၊ တထေဝ=ထို့အတူပင်လျှင်၊ မိဂါ=တောသား သတ္တဝါအပေါင်းတို့သည်၊ မိဂိန္ဒေဟိ=သားများသေင်္ဂနင်း ခြင်္သေ့မင်းတို့နှင့်၊ သမာဂမိံသု=အကျွမ်းတဝင် ချစ်ခင်ပေါင်းသင်းကြရလေကုန်၏၊ သရဘင်္ဂသတ္တု=လေးအရာတွင် ဝိဇ္ဇာမိုရ်ပြီး သရဘင်္ဂဆရာကြီး၏၊ ကဏ္ဍော=မြားသည်၊ သဒေသံ=မိမိတည်နေရာအရပ်သို့၊ ဂတောဝ=ပြန်လည်ဆိုက်ရောက်လာဘိသကဲ့သို့၊ တထာ=ထို့အတူ၊ ဝိဒေသံ=အလိုမရှိသော အရပ်တစ်ပါးသို့၊ ဂတာ=တဖျင့်တပါး လှိုင်းလေအားဖြင့် လွင့်သွားလမ်းလွဲကြကုန်သော၊ နာဝါပိ=ပင်လယ်ကူးသင်္ဘောကြီးတို့သည်လည်း၊ သဒေသံ=မိမိတို့ရပ်ဌာန် နိုင်ငံတိုင်းရင်းသို့၊ ဂတာ=ပွဲတက်မပြင် ရွက်မဆင်ပဲ အလိုလိုပင် ဆိုက်ရောက်လာကြကုန်၏။

www.dhammaransi.com



(ယ) နာနာဝိရာ ဂုဠ္ဌလ ပက်ဇေဟိ၊
ဝိဘူသိတော သတ္တတရဂ် မာလော။
မဟဏ္ဏဝေါ အာသိ တဟိ ဇလမ္ပိ၊
အစ္စန္တသာတတ္တ မုပါဂမာသိ။

(ယ) သတ္တတရဂ်မာလော=ထူးထွေခုနစ်မျိုး လှိုင်းတံပိုး တည်းဟူသော ပန်းနွယ်ပန်းကုံးကြီးတွေရှိသော၊ မဟဏ္ဏဝေါပိ=သမုဒ္ဒရာကြီး လေးစင်းသည်လည်း၊ နာနာဝိရာ ဂုဠ္ဌလ ပက်ဇေဟိ=အရောင်အမျိုးမျိုး ပြိုးပြိုးပြက်ပြက် ပွင့်ခက်ခိုင်ငုံ ကြာမျိုးစုံတို့ဖြင့်၊ ဝိဘူသိတော=ရှုချင်စဖွယ် ဆန်းကြယ်ပြုပြင် တန်းဆာဆင်အပ်သည်၊ အာသိ=ဖြစ်လတ်၏၊ တဟိ=ထိုသမုဒ္ဒရာကြီးတို့၌၊ ဇလမ္ပိ=ဆားရေအဟန် အလွန်ငံသောရေအစုသည်လည်း၊ အစ္စန္တသာတတ္တံ=အလွန်ချိုမြိန်သည့်အဖြစ်သို့၊ ဥပါဂမာသိ=ကပ်ရောက်လေ၏။

[သမုဒ္ဒရာ၌ ကြာပွင့်လေ့မရှိသော်လည်း ထိုအခါ သမုဒ္ဒရာတို့မှာ ကြာပန်းတို့ဖြင့် တင့်တယ်၏၊ သမုဒ္ဒရာရေသည် ချိုမြိန်လေ့မရှိသော်လည်း ထိုအခါ လွန်စွာချိုမြိန် ခြင်းသို့ ရောက်လေ၏ဟု အံ့ဖွယ်အထူးကို ပြသည်။]

(င) သုဖုလ္လ ဩလမ္ဗက ပက်ဇေဟိ၊
သမာကုလတ္တံ ဂဂနံ အဂဉ္ဆိ။
နဘမ္ပိ တသ္မိံ ဝိဟဂါ ဝိဒ္ဓေနို၊
ဋ္ဌိတာဝ သိန္ဓူပိ အသန္ဒမာနာ။

(င) ဂဂနံ=ကောင်းကင်တစ်ခွင်လုံးသည်၊ သုဖုလ္လ ဩလမ္ဗက ပက်ဇေဟိ= အောက်သို့တွဲရရွဲ ဆွဲ၍ပွင့်သော ကြာပန်းတို့ဖြင့်၊ သမာ ကုလတ္တံ=ပြိုးပြွမ်းစိမ့် ပန်းဗိတာန်ကြီး ကြက်သည့်အဖြစ်သို့၊ အဂဉ္ဆိ=ရောက်လေ၏၊ တသ္မိံ နဘမ္ပိ=ပန်း ဗိတာန်အသွင် ထိုကောင်းကင်ကြီး အပြင်၌၊ ဝိဟဂါ=ဖြူ, ဝါ, နီ, မောင်း ငှက်မျိုးစုံ အပေါင်းတို့သည်၊ ဝိဒ္ဓေနို=ငှက်လော, ပန်းလော တွေးတောကမန်း ပြိုးတပြွမ်းလျှင် ပျံသန်းလူးလာကြကုန်၏၊ သိန္ဓူပိ=သိန္ဓုဂင်္ဂါ မြစ်များစွာတို့သည်လည်း၊ အသန္ဒမာနာ=မစီးမဆင်းကြကုန်ပဲ၊ ဋ္ဌိတာဝ=ရပ်တန့်၍နေကုန်သည်သာလျှင်တည်း။

(စ) အကာလ မေဃပ္ပိယ သဂ်မေနု၊
မဟီဝမ္ဘ သောမ္ဘတမာ အဟောသိ။
မရွာဘိ ဝဿာပိတာ နေကပုပ္ဖ၊
ဝိဘူသိတေနာတိ ဝိဘူသိတာသိ။

www.dhammaransi.com



(စ) အကာလမေဃပ္ပိယ သင်္ကမေန=အခါမဲ့ ရွာသွန်းစွေဖြိုးသည့် မိုး တည်းဟူသော ချစ်လင်နှင့် ပေါင်းသင်းရခြင်းကြောင့်၊ မဟီဝဓူ=မြေကြီးတည်း ဟူသော သမီးကညာသည်၊ သောမ္မတမာ=ကဲထူးချွန်၍ အလွန်အေးမြ ကြည်နူး ခြင်းသဘောရှိသည်၊ အဟောသိ=ဖြစ်လတ်၏၊ မရူဘိ=နတ်တို့သည်၊ ဝဿာပိတနေက ပုပ္ဖဝိဘူသိတေန=ရွာစေအပ်သော ပန်းမိုးများစွာတို့ဖြင့် တန်းဆာ ဆင်အပ်သောကြောင့်၊ မဟီဝဓူ=မြေကြီးတည်းဟူသော သမီးကညာသည်၊ အတိဝိဘူသိတာ=အတိုင်းထက် ထူးချွန်၍ အလွန်တင့်တယ် ရှုချင်ဖွယ်ရှိသည်၊ အာသိ=ဖြစ်လတ်၏။

[မြေကြီးကို သမီးကညာ, အခါမဲ့ရွာသောမိုးကို လင်ယောကျာ်း, နတ်တို့ရွာ၍ချသော ပန်းမိုးကို, မြေကြီးတည်းဟူသော သမီးကညာ၌ ဆင်သောပန်းဟု ထူးဆန်းစွာ အလင်္ကာ ဆင်တော်မူသည်။]

(ဆ) သုဖုလ္လမာလာ ဘရဏာ ဘိရာမာ၊
လတင်္ဂနာ လိင်္ဂိတ ပါဒဝိန္ဒာ။
သုဂန္ဓ ကိဥ္စက္ခ ဝရမ္ဗရေဟိ၊
ဒိသင်္ဂနာယော အတိသောဘယိံသု။

(ဆ) သုဖုလ္လမာလာ ဘရဏာ ဘိရာမာ=ပင်လုံးကျွတ်ဆင့်၍ ကောင်းစွာ ပွင့်သော ပန်းခိုင်တန်းဆာတို့ဖြင့် လွန်စွာနှစ်သက်ဖွယ်ရှိကုန်သော၊ လတင်္ဂနာ လိင်္ဂိတပါဒဝိန္ဒာ=နွယ်တန်းတည်းဟူသော သမီးကညာတို့၏ နှာမောင်းလက်တံဖြင့် အဖက်ခံရကုန်သော သစ်ပင်မင်းကြီးတို့သည်၊ သုဂန္ဓ ကိဥ္စက္ခဝရမ္ဗရေဟိ=ရနံ့ သင်းထုံ ပန်းဝတ်မှုံ တည်းဟူသော ခြုံရုံထည်လွှာ ဝတ်တန်းဆာတို့ဖြင့်၊ ဒိသင်္ဂနာယော=အရပ်ရှစ်မျက်နှာတည်းဟူသော သမီးကညာတို့ကို၊ အတိ သောဘယိံသု=ရှု၍မဆုံး မျှော်တိုင်းပြုံးအောင် နှလုံး၍ချင်ဖွယ် ဆန်းတကြယ်ဖြင့် တင့်တယ် ဖွယ်ရာကြစေကုန်၏။

(ဇ) သုဂန္ဓဓူပေဟိ နဘံ အသေသံ၊
ပဝါသိတံ ရမ္မတရံ အဟောသိ။
သုရာသုရိန္ဒာ ဇနဝေသဓာရီ၊
သင်္ဂီတိယုတ္တာ ဝိစရိံသု သဗ္ဗေ။

(ဇ) နဘံ=ကောင်းကင် တစ်ပြင်လုံးသည်၊ သုဂန္ဓဓူပေဟိ=သင်းတလှိုင်လှိုင် မွှေးပျံ့ကြိုင်သော အခိုးအထုံတို့ဖြင့်၊ အသေသံ=အကြွင်းမရှိ၊ ပဝါသိတံ=ထုံအပ်

www.dhammaransi.com



သည်ဖြစ်၍၊ ရမ္မတရံ-အတိုင်းထက် လွန်ကြူး၍ အထူးမွေ့လျော်ဖွယ်ရှိသည်၊ အဟောသိ-ဖြစ်၏၊ သဗ္ဗေ-အလုံးစုံကုန်သော၊ သုရာသုရိန္ဒာ-ဗိမာန်ပျော်ပါး နတ်သားနတ်မင်း အပေါင်းတို့သည်၊ ဇနဝေသဓာရီ-လူယောင်ဖန်ဆင်းကြ ကုန်လျက်၊ သင်္ဂီတိယုတ္တာ-ဘုန်းဖွဲ့လင်္ကာ ကဗျာသီချင်းတို့ကို ညှင်းညှင်းတွဲ့တွဲ့ ဖွဲ့နွဲ့သီဆိုကြကုန်လျက်၊ ဝိစရိံသု-ထိုထို၌ ကျည့်လည်ပျော်ပါး လျှောက်သွား ရောထွေးကာ နေကြလေကုန်၏။

(ဈ) သဝေဏုဝီဏာ သုရဒုန္ဒုဘီ နဘော၊
သက်သက် စာရုသရံ ပမောစယုံ။
သပဗ္ဗတိန္ဒပ္ပဘုထုလောကဓာတုယာ၊
ဥဠာရ သြဘာသစယော မနောရမော။

(ဈ) နဘော-ကောင်းကင်ပြင်၌၊ သဝေဏုဝီဏာ-နှဲ၊ ပြွေ၊ စောင်းညှင်းနှင့် တကွ ဖြစ်ကုန်သော၊ သုရဒုန္ဒုဘီ-နတ်တို့၏ စည်၊ စောင်း၊ ပတ်သာ၊ တူရိယာ တို့သည်၊ သက်သက်စာရုသရံ-မိမိမိမိတို့နှင့်ဆိုင်ရာ ချိုသာချမ်းမြေ့ နှလုံးမွေ့ဖွယ် သောအသံကို၊ ပမောစယုံ-လွှတ်၍ မြည်ကြလေကုန်၏၊ သပဗ္ဗတိန္ဒပ္ပဘုထု လောက ဓာတုယာ-မြင့်မိုရ်တောင် မင်းနှင့်တကွသော လောကဓာတ်ကြီးအတွင်း၌၊ မနောရမော-နှလုံး မွေ့လျော်ဖွယ်ရာဖြစ်သော၊ ဥဠာရသြဘာသစယော-မွန်မြတ် သော အရောင်ဝန်းကြီးသည်၊ အဟောသိ-ဖြစ်ပေါ်လာ၏။

(ည) ပိယံဝဒါ သဗ္ဗဇနာ အဟေသုံ၊
ဒိသာ အသေသာပိစ ဝိပ္ပသန္နာ။
ဂဇာ ဘိဂဇ္ဇိံသု နဒိံသု သီဟာ၊
ဟေသာရဝေါစာသိ တုရင်္ဂမာနံ။

(ည) သဗ္ဗဇနာ-အလုံးစုံသော လူများအပေါင်းတို့သည်၊ ပိယံဝဒါ-ဒေါသ မဖက် မေတ္တာသက်၍ နှုတ်ထွက်သံညှင်း အချင်းချင်းလျှင် ချစ်တင်းပြောဆို ကြကုန်သည်၊ အဟေသုံ-ဖြစ်ကြကုန်၏၊ အသေသာ-ကြွင်းမဲ့ဥဿုံ အလုံးစုံ ကုန်သော၊ ဒိသာပိစ-အရပ်မျက်နှာတို့သည်လည်း၊ ဝိပ္ပသန္နာ-ဟင်းလင်းအပြင် ညစ်ကြေးဝင်၍ ကြည်လင်ပွင့်လင်းကြကုန်၏၊ ဂဇာ-ပြောင်မွန်မာတင် ဆင်တိုင်း ဆင်တို့သည်၊ အဘိဂဇ္ဇိံသု-ဝမ်းမြောက်ဝမ်းသာ ကြိုးကြာသံဖွင့် ကျူးရင့် မြည်ဟီး ကြကုန်၏၊ သီဟာ-ခြေလေးချောင်းစံချင်း သားမင်းတောစိုး ခြင်္သေ့မျိုးတို့သည်၊ နဒိံသု-ဝမ်းသာဝမ်းမြောက် ဟိန်းဟောက်ကျူးရင့်ကြကုန်၏၊ တုရင်္ဂမာနံ-မိုးပျံမြေနင်း

www.dhammaransi.com



အမြင်းမြင်းတို့၏၊ ဟေသာရဝေါစ=ဟီသံသည်လည်း၊ အာသိ=ဖြစ်လတ်၏။

(၄) မနုညဂန္ဓော မုဒုသီတလာနိလော၊
သုခပ္ပဒံ ဝါယိ အသေသဇန္တုနော။
အနေကရောဂါ ဒုပပီဠိတင်္ဂိနော၊
တတော ပမုတ္တာ သုခိနော သိယုံ ဇနာ။

(၄) မနုညဂန္ဓော=နှစ်သက်ဖွယ် ကြိုင်လှိုင်သောရနံ့ရှိသော၊ မုဒု သီတလာနိလော=နူးညံ့အေးကြည်သော လေညှင်းသည်၊ အသေသ ဇန္တုနော=အလုံးစုံသော သတ္တဝါများအပေါင်း၏၊ သုခပ္ပဒံ=ချမ်းသာကြောင်းဖြစ်လေအောင်၊ ဝါယိ=ဖြူးဖြူး သုန်သုန် တထုံထုံတိုက်ခတ်လာ၏၊ အနေကရောဂါ ဒုပပီဠိတင်္ဂိနော=များသော ရောဂါဆိုးတို့ဖြင့် နှိပ်စက်အပ်သော ကိုယ်အင်္ဂါရှိကုန်သော၊ ဇနာ=ဒုက္ခိတသတ္တဝါ လူများစွာတို့သည်၊ တတော=ထိုရောဂါဆိုးမှ၊ ပမုတ္တာ=ကင်းလွတ်ကြကုန်သည် ဖြစ်၍၊ သုခိနော=ချမ်းသာကြကုန်သည်၊ သိယုံ=ဖြစ်ကုန်၏။

(၅) ဝိဇမ္ဘမာနာမိတဝါဠမိဗီဇ
နိပ္ပဟာဘိရာမံ ဘုဝနံ အဟောသိ။
မဟိံ ဘိဘေတွာ စုဒကာနိ သန္ဒယုံ။
ဂမိံသု ခုဇ္ဇာ ဥဇုဂတ္တတံ ဇနာ။

(၅) ဘုဝနံ=လောကဓာတ်ကြီး တစ်ခုလုံးသည်၊ ဝိဇမ္ဘမာနာမိတ ဝါဠမိဗီဇ နိပ္ပဟာဘိရာမံ=တလွှဲလွှဲ တဝင့်ဝင့် ခပ်အပ်သော အတိုင်းမသိသော သားမြီးယပ်တို့ကိုပယ်၍ ပကတိဓာတ်အားဖြင့် မွေ့လျော်ဖွယ်ရှိသည်၊ အဟောသိ=ဖြစ်၏၊ မဟိံ=မြေကြီးကို၊ အဘိဘေတွာ=ဖောက်ခွဲ၍၊ ဥဒကာနိစ=ရေတို့သည်လည်း၊ သန္ဒယုံ=ထွက်၍စီးဆင်းကြကုန်၏၊ ခုဇ္ဇာ=ကုန်းကွကြကုန်သော၊ ဇနာစ=လူအပေါင်းတို့သည်လည်း၊ ဥဇုဂတ္တတံ=မားမားမတ်မတ် ဖြောင့်ဖြောင့်ရပ်နိုင်သော ကိုယ်ရှိသည်၏အဖြစ်သို့၊ ဂမိံသု=ရောက်ကြလေကုန်၏။

(၃) အန္ဓာ ပင်္ဂုလ နစ္စာနိ၊
လီလောပေတာနိ ပေက္ခယုံ။
သုဏိံသု ဗဓိရာမူဂ၊
ဂီတိယောပိ မနောရမာ။

(၃) အန္ဓာ=မျက်စိအလင်း မရသောသူတို့သည်၊ လီလောပေတာနိ=စမွှါယ် ကွန့်မြူးခြင်းနှင့်ယှဉ်ကုန်သော၊ ပင်္ဂုလနစ္စာနိ=လက်သေ ခြေသေ ဆွံ့၍နေသော

www.dhammaransi.com



သူတို့၏ အကအခုန်တို့ကို၊ ပေက္ခယုံ=ဒိဋ္ဌထင်ထင် ရှုမြင်ကြရလေကုန်၏၊ ဗဓိရာပိ= နားပင်းသောသူတို့သည်လည်း၊ မနောရမာ=နှစ်သက်ဖွယ်ရှိကုန်သော၊ မူဂ ဂီတိယော=လူအ,တို့၏ သီချင်းဆိုသံတို့ကို၊ သုဏိံသု=ကြားကြရကုန်၏။

(ပ) သီတလတ္တ မုပါဂဉ္ဆိ၊
အဝီစဂ္ဂိပိ တာဝဒေ။
မောဒိံသု ဇလဇာ တသ္မိံ၊
ဇန္တုဝေါ ပဟံသိံသု ဝေ။

(ပ) တာဝဒေ=အလောင်းမင်းသားကို ဖွားမြင်သော ထိုခဏ၌၊ အဝီစဂ္ဂိပိ= အဝီစိငရဲမီးသည်လည်း၊ ဝေ=စင်စစ်၊ သီတလတ္တံ=စန္ဒကူးတမျှ အေးမြချမ်းကြည် ခြင်းသို့၊ ဥပါဂဉ္ဆိ=ရောက်လေ၏၊ တသ္မိံ=ထိုအလောင်း မင်းသားကို ဖွားမြင်သော ခဏ၌၊ ဇလဇာ=ရေ၌ပေါက်ဖွား လိပ်,ငါး,ပုဇွန်စသည်တို့သည်၊ မောဒိံသု= ဆူးတောင်မြီးဖျား ခပ်ကစား၍ ပျော်ပါးမြူးထူးကြလေကုန်၏၊ ဇန္တုဝေါစ=ရှိရှိ သမျှသော သတ္တဝါအပေါင်းတို့သည်လည်း၊ ပဟံသိံသု=ရယ်မြူးပြုံးရွှင်ကြလေ ကုန်၏။

(ဏ) ခုပ္ပိပါသာဘိဘူတာနံ၊
ပေတာနံ အာသိ ဘောဇနံ။
လောကန္တရေပိ အာလောကော၊
အန္ဓကာရ နိရန္တရေ။

(ဏ) ခုပ္ပိပါသာဘိဘူတာနံ=ငတ်မွတ်ခြင်း ဘေးဒဏ်ဖြင့် သည်းမခံနိုင် အောင် နှိပ်စက်အပ်ကုန်သော၊ ပေတာနံ=ပြိတ္တာတို့အား၊ ဘောဇနံ=ဘုံးဘောလဩ ဖောဖောသီသီ အလီလီသော အစာအာဟာရသည်၊ အာသိ=စားသောက်ဖို့ငါ ဖြစ်ပေါ်လာ၏၊ အန္ဓကာရနိရန္တရေ=အမြဲမပြတ် အမှောင်ဓာတ်ဖုံး၍ မှောင်လုံး ကျလျက်နေသော၊ လောကန္တရေပိ=လောကန္တရိက် ငရဲဘုံ၌လည်း၊ အာလော ကော=အရောင်အလင်းသည်၊ အာသိ=ဖြစ်ပေါ်လေ၏။

(တ) အတိရေကတရာ တာရာ၊
ဝဋ္ဋိ စန္ဒ ဒိဝါ ကရာ။
ဝိရောစိံသု နဘေ ဘူမိ၊
ဂတာနိ ရတနာနိစ။

(တ) အတိရေက တရာ=ဆထက်တိုးပွါး တိုင်းထက်များကုန်သော

www.dhammaransi.com



တာရာဝဋ္ဋီစ=နက္ခတ်များစွာ ကြယ်တာရာ တည်းဟူသော ပန်းကုံးပန်းဆိုင်းတို့သည်လည်းကောင်း၊ စန္ဒဒိဝါကရာစ=ငွေယုန်စန်းဓာတ် နေပြာသာဒ်တို့သည်လည်းကောင်း၊ နဘေ=ကောင်းကင်၌၊ ဝိရောစိံသု=ပြောင်တလက်လက် ပြိုးပြက်ထွန်းထိန်ကြလေကုန်၏၊ ဘူမိဂတာနိ= မြေ၌တည်ကြကုန်သော၊ ရတနာနိစ=စိန်,မြ, ပတ္တမြား, ပြယိုးယားစသော ရတနာအမျိုးမျိုးတို့သည်လည်းကောင်း၊ ဝိရောစိံသု=ပြိုးတပြောင်ပြောင် တောက်လောင်ထိန်လင်းကြလေကုန်၏။

(ထ) မဟီတလာဒယော ဘေတွာ၊
နိက္ခမ္မ ဥပရူပရိ။
ဝိစိတ္တ ပဥ္စဝဏ္ဏာသုံ၊
သုဖုလ္လ ဝိပုလမ္ဗုဇာ။

(ထ) မဟီတလာဒယော=မြေပြင်, ရေပြင်, ကျောက်သားပြင် စသည်တို့ကို၊ ဘေတွာ=ဖောက်ခွဲ၍၊ နိက္ခမ္မ=လက်ငင်းရုတ်တရက် ဝံပေါ်ထွက်ပေါက်လာကြကုန်သည်ဖြစ်၍၊ ဥပရူပရိ=တစ်ဆင့်ထက်တစ်ဆင့်၊ သုဖုလ္လဝိပုလမ္ဗုဇာ=အရုံအရုံခိုင်ငုံစွင့်စွင့် ကောင်းစွာပွင့်သော ကြာတောကြာမြိုင်တို့သည်၊ ဝိစိတ္တပဥ္စဝဏ္ဏာ=နီ, ဖြူ, ညို, ပြာ ရွှေဝါထူးခြား အဆင်းငါးပါးတို့ဖြင့် ထွေပြားဆန်းကြယ်ကြကုန်သည်၊ အာသုံ=ဖြစ်ကုန်၏။

(ဒ) ဒုန္ဒုဘာဒီ စာလင်္ကာရာ၊
အဝါဒိတ အဃဋ္ဋိတာ၊
အစ္စန္တ မဓုရံ နာဒံ၊
ပမုဥ္စိံသု မဟီတလေ။

(ဒ) မဟီတလေ=မြေအပြင်၌၊ ဒုန္ဒုဘာဒီ=ပတ်သာ, နှဲ, ပြွေအစရှိကုန်သော၊ အလင်္ကာရာစ=တီးမှုတ်တန်ဆာ တူရိယာတို့သည်လည်း၊ အဝါဒိတ အဃဋ္ဋိတာ=မမှုတ်မတီးအပ်ကုန်ပဲ၊ အစ္စန္တမဓုရံ=စင်စစ်သာယာ ချိုအေးစွာသော၊ နာဒံ=နာဖွယ်ညိုးညံ့ ညှင်းတွဲ့သံကို၊ ပမုဥ္စိံသု=လွှတ်ကြလေကုန်၏။

(ဓ) ဗဒ္ဓါ သင်္ခလိကာဒီဟိ၊
မုစ္စိံသု မနုဇာ တတော။
ဘုဝနေ ဘဝနဒ္ဓါရ၊
ကဝါဋ္ဌာ ဝိဝဋ္ဌာ သယံ။

(ဓ) သင်္ခလိကာဒီဟိ=ခြေချင်းထိပ်နှောင်စသည်တို့ဖြင့်၊ ဗဒ္ဓါ=ဖွဲ့နှောင်အပ်

www.dhammaransi.com



သူတို့၏ အကအခုန်တို့ကို၊ ပေက္ခယုံ=ဒိဋ္ဌထင်ထင် ရှုမြင်ကြရလေကုန်၏၊ ဗမိရာပိ= နားပင်းသောသူတို့သည်လည်း၊ မနောရမား=နှစ်သက်ဖွယ်ရှိကုန်သော၊ မူဂ ဂီတိယော=လူအ,တို့၏ သီချင်းဆိုသံတို့ကို၊ သုဏိသု=ကြားကြရကုန်၏။

(ပ) သီတလတ္တာ မုပါဂဏ္ဍိ၊
အဝီစဂ္ဂိပိ တာဝဒေ။
မောဒိံသု ဇလဇာ တသ္မိံ၊
ဇန္တူဝေါ ပဟသိံသု ဝေ။

(ပ) တာဝဒေ=အလောင်းမင်းသားကို ဖွားမြင်သော ထိုခဏ၌၊ အဝီစဂ္ဂိပိ= အဝီစိငရဲမီးသည်လည်း၊ ဝေ=စင်စစ်၊ သီတလတ္တံ=စန္ဒကူးတမျှ အေးမြချမ်းကြည် ခြင်းသို့၊ ဉပါဂဏ္ဍိ=ရောက်လေ၏၊ တသ္မိံ=ထိုအလောင်း မင်းသားကို ဖွားမြင်သော ခဏ၌၊ ဇလဇာ=ရေ၌ပေါက်ဖွား လိပ်,ငါး,ပုဇွန်စသည်တို့သည်၊ မောဒိံသု= ဆူးတောင်မြီးဖျား ခပ်ကစား၍ ပျော်ပါးမြူးထူးကြလေကုန်၏၊ ဇန္တဝေါ=ရှိရှိ သမျှသော သတ္တဝါအပေါင်းတို့သည်လည်း၊ ပဟသိံသု=ရယ်မြူးပြုံးရွှင်ကြလေ ကုန်၏။

(ဏ) ခုပ္ပိပါသာဘိဘူတာနံ၊
ပေတာနံ အာသိ ဘောဇနံ။
လောကန္တရေပိ အာလောကော၊
အန္ဓကာရ နိရန္တရေ။

(ဏ) ခုပ္ပိပါသာဘိဘူတာနံ=ဝတ်မွတ်ခြင်း ဘေးဒဏ်ဖြင့် သည်းမခံနိုင် အောင် နှိပ်စက်အပ်ကုန်သော၊ ပေတာနံ=ပြိတ္တာတို့အား၊ ဘောဇနံ=ဘုံးဘောလညြ ဖောဖောသီသီ အလိလိသော အစာအာဟာရသည်၊ အာသိ=စားသောက်ဖို့ငှါ ဖြစ်ပေါ်လာ၏၊ အန္ဓကာရနိရန္တရေ=အမြဲမပြတ် အမှောင်ဓာတ်ဖုံး၍ မှောင်လုံး ကျလျက်နေသော၊ လောကန္တရေပိ=လောကန္တရိက် ငရဲဘုံ၌လည်း၊ အာလော ကော=အရောင်အလင်းသည်၊ အာသိ=ဖြစ်ပေါ်လေ၏။

(တ) အတိရေကတရာ တာရာ၊
ဝဋ္ဋိ စန္ဒ ဒိဝါ ကရာ။
ဝိရောစိံသု နဘေ ဘူမိ၊
ဂတာနိ ရတနာနိစ။

(တ) အတိရေက တရာ=ဆထက်တိုးပွါး တိုင်းထက်မြားကုန်သော

www.dhammaransi.com



ဝိဇာတေ=ဖွားမြင်တော်မူလာသည်ရှိသော်၊ အနေကဓာ=အလွန်တရာ များပြားစွာ ကုန်သော၊ စာရုစန္ဒနစုဏ္ဏာဒိဓူပဂန္ဓေဟိ=မွှန်မြတ်သော စန္ဒကူးမှုန့် အစရှိသော ထုံမှုန့် နံ့သာတို့ဖြင့်၊ အာကာသော=ကောင်းကင်တစ်ပြင်လုံးသည်၊ အနော ကာသော=မဆန့်နိုင်သည်၊ အာသိ=ဖြစ်လတ်၏။

(ဗ) ရတနုဇ္ဇလ ဆတ္တေဟိ၊
စာရုဟေမဒ္ဓဇေဟိစ။
အနောကာသောသိ အာကာသော၊
ဝိဇာတေ သကျကုဥ္ဇရေ။

(ဗ) သကျကုဥ္ဇရေ=သာကီထွတ်ထား အလောင်းတော်မင်းသားသည်၊ ဝိဇာတေ=ဖွားမြင်တော်မူသည်ရှိသော်၊ ရတနုဇ္ဇလ ဆတ္တေဟိ=ရတနာရောင် ပြောင်ပြောင်ထိန်ညီး ထီးဖြူကြီးတို့ဖြင့်လည်းကောင်း၊ စာရုဟေမဒ္ဓဇေဟိစ= တင့်တယ်ကောင်းမွန် ရွှေတံခွန်ကြီးတို့ဖြင့်လည်းကောင်း၊ အာကာသော=ကောင်း ကင်တစ်ခွင်လုံးသည်၊ အနောကာသော=မဆန့်နိုင်သည်၊ အာသိ=ဖြစ်လတ်၏။

(ဘ) သုရင်္ဂနာဟိ သင်္ဂီတိ၊
ဂါယန္တီဟိ အနေကဓာ။
အနောကာသောသိ အာကာသော၊
ဝိဇာတေ နန္ဒိဝဍ္ဎနေ။

(ဘ) နန္ဒိဝဍ္ဎနေ=နှစ်သက်ခြင်းဓာတ် ပွားစေတတ်သည့် လောင်းမြတ်ဘုရား သျှင်မင်းသားသည်၊ ဝိဇာတေ=ဖွားတော်မူသည်ရှိသော်၊ အနေကဓာ=များသော အားဖြင့်၊ သင်္ဂီတိ=ဘုန်းတော်ဘွဲ့ သီချင်းများကို၊ ဂါယန္တီဟိ=သံပြိုင်သံညီ ဆိုသီ ကျူးရင့်ကြကုန်သော၊ သုရင်္ဂနာဟိ=လှဆန်းဖွယ်ရာ နတ်ကညာတို့ဖြင့်၊ အာကာ သော=ကောင်းကင်ကြီး တစ်ခွင်လုံးသည်၊ အနောကာသော=မဆန့်နိုင်သည်၊ အာသိ=ဖြစ်လတ်၏။

(မ) ဇယနာဒံ နဒန္တေဟိ၊
မဟာပြဟ္မေဟိ နေကဓာ။
အနောကာသောသိ အာကာသော၊
ဝိဇာတေ ဗျာမဘာဇလေ။

(မ) ဗျာမဘာဇလေ=တစ်လံမျှသော ကိုယ်တော်ရောင်ဖြင့် ထွန်းပြောင် ထင်ရှား လောင်းမင်းသားသည်၊ ဝိဇာတေ=ဖွားတော်မူသည်ရှိသော်၊ အနေကဓာ=

www.dhammaransi.com



များသောအားဖြင့်၊ ဇယနာဒ်=အောင်စေ, အောင်စေ အောင်သံတွေကို၊ နဒန္တေဟိ= ကြွေးကြော်ကျူးရင့်ကြကုန်သော၊ မဟာပြဟွေဟိ=ပြဟ္မာကြီးတို့ဖြင့်၊ အာကာသော= ကောင်းကင်ကြီးတစ်ခွင်လုံးသည်၊ အနေဝကာသော=မဆန့်နိုင်သည်၊ အာသိ=ဖြစ် လတ်၏။

[ ဘုရားဖြစ်တော်မမူမီ ပုထုဇ္ဇန်အဖြစ်ဖြင့် ဖွားတော်မူကာစဥ်ပင်လျှင် ဤမျှ လောက် ကြီးကျယ်သော အံ့ဖွယ်သရဲကြီးတွေ ဖြစ်ပေါ် သည်ကို ထောက်သဖြင့် ဘုရားဖြစ်တော်မူသော အခါကာလ စသည်တို့၌ အံ့ဖွယ်သရဲ နိမိတ်ကြီးတွေ ဖြစ်ပေါ်ပုံကို အထူး မဆိုသော်လည်း သိသင့်လေပြီ။]

## ပဘာကိုယ်ရောင် အမျိုးမျိုးဆောင်၏

ထိုမှတစ်ပါး---သုံးဆဲ့နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာကြီးတို့ နှင့်လည်းကောင်း လက္ခဏာတော်ငယ် ရှစ်ဆယ်တို့နှင့်လည်းကောင်း ပြည့်စုံ တော်မူသည်ဖြစ်၍ တင့်တယ်သော အလားရှိသောကြောင့် သုဂတမည်တော် မူသည်၊ ထိုမှတစ်ပါး အဋ္ဌကထာကျမ်းဂန်တို့၌ လာရှိကုန်သော အင်္ဂီရသပဘာ, ဗျာမပ္ပဘာ, အသီတိပဘာ, အနန္တပဘာ, ကေတုမာလာပဘာ, ဉဏ္ဏာပဘာ, ဒါဌာပဘာအစရှိသည့် ကိုယ်တော်ရောင် အမျိုးမျိုးနှင့်ပြည့်စုံတော်မူသည်ဖြစ်၍ အရောင် အလင်းအားဖြင့် တင့်တယ်ခြင်းရှိတော်မူသောကြောင့်လည်း သုဂတ မည်တော်မူသည်။

[လက္ခဏာတော်ကြီး ၃၂-ပါး, လက္ခဏာတော်ငယ် ၈၀-တို့နှင့်တကွ အင်္ဂီရသ ပဘာစသော ရောင်ခြည်တော်အမျိုးမျိုးတို့ကို ဘဂဝါဂုဏ်တော်အဖွင့်တွင် ထင်ရှားစွာ ပြဆိုလတ္တံ့။]

အလောင်းတော်မင်းသား ဖွားမြင်တော်မူပြီးသောအခါ လက္ခဏာ ဖတ်သော ပုဏ္ဏားတို့က ဤမင်းသားသည် စကြဝတေးမင်းသော်လည်းကောင်း, ဘုရားရှင်သော်လည်းကောင်း ဖြစ်လတ္တံ့၊ ဤဂတိနှစ်ပါးသာလျှင် ရှိ၏၊ အခြား ဖြစ်ရန် အကြောင်းမရှိဟူ၍ လျှောက်တင်ကြသောစကားကို ခမည်းတော် သုဒ္ဓေါဓနမင်းကြီး ကြားတော်မူသောအခါ သားတော်မင်းသားကို ဘုရားမဖြစ် စေလို စကြဝတေး စည်းစိမ်နှင့် ခံစားသည်ကိုသာ မြင်လိုသောကြောင့် တစ်ဆယ့် ခြောက်နှစ်ရွယ်ရှိသော အခါ ပြာသာဒ်သုံးဆောင်ကို ဆောက်လုပ်၍ မင်းအဖြစ်၌ အဘိသိက် သွန်းပြီးလျှင် ထီးနန်းစည်းစိမ်ကိုလွှဲအပ်တော်မူ၏၊ အလောင်းတော် ယောကျ်ားမြတ်သည် တစ်ဆယ့်သုံးနှစ်တို့တိုင်တိုင် နတ်ချမ်းသာနှင့်တူသော မင်းစည်းစိမ်ကို ခံစားတော်မူ၏ဟူ၍ တိကဂုတ္တရဒေဝဒူတ သုတ်၌ ဆိုသည်၊ ထိုသို့

www.dhammaransi.com



မင်းစည်းစိမ်ကို ခံစား၍နေရာ စကြဝတေးမင်း မဖြစ်၊ မင်းသာမန်မျှသာ ဖြစ်တော်မူသည်၊ အဘယ့်ကြောင့်နည်းဆိုသော် စက္ကဝတ္တိသုတ်၌လာသော စကြာမင်း ဖြစ်ရန် ကျင့်ဝတ်တို့ကို မဖြည့်ကျင့်သောကြောင့်သာလျှင် စကြာမင်းဖြစ်တော် မမူဘဲရှိသည်၊ အကယ်၍ ဖြည့်ကျင့်ပါမူကား အမှန်စင်စစ် စကြဝတေးမင်းကြီး ဖြစ်တော်မူလိမ့်မည်ဟူ၍ ကေစိဆရာတို့က အကြောင်းပြ၍ ဆိုကြကုန်၏။

အပရေ ဆရာတို့၏အဆိုမှာ အန္တိမဘဝိက ဖြစ်တော်မူသော ယောကျ်ား မြတ်အား စကြဝတေးမင်းတို့၏ ကျင့်ဝတ်ကို ဖြည့်ကျင့်ရန် အကြောင်းမရှိချေ၊ ခြေဖဝါးတော်၌ထင်သော တစ်ရာ့ရှစ်ကွက်သော စက်လက္ခဏာတို့တွင် စကြ ဝတေးမင်း၏ အရုပ်သည် ထင်ရှားစွာပါရှိ၏။

## စကြဝတေးမင်းဖျား ခြေဖဝါးတွင်နား

စကြဝတေးမင်းရုပ် ခြေဖဝါးတွင်ကပ်၍ပါရှိသော ယောကျ်ားမြတ်အား စကြဝတေးမင်းဖြစ်ရန်အခွင့်မရှိ၊ ကောဏ္ဍညပုဏ္ဏားငယ်သည် ခြေဖဝါး၌ ထိုစကြ ဝတေးမင်းရုပ်ကို မြင်သောကြောင့် ဆရာပုဏ္ဏားကြီးတို့က ဤမင်းသားမှာ ဂတိ နှစ်ပါးရှိ၏ဟူ၍ နှစ်ကြောင်းနှစ်ခွ ဟောထားသော အချက်ကိုပယ်၍ ဤ မင်းသားမှာ ဂတိနှစ်ပါး မရှိ၊ ဂတိတစ်ပါးသာလျှင်ရှိ၏၊ အိမ်ယာထောင်သော လူ့ဘောင်မှထွက်၍ ရဟန်းပြုလတ္တံ့၊ လောကကြီး၌ မောဟတည်းဟူသော အမိုက်မှောင်ကို ဖွင့်လှစ်၍ သစ္စာလေးပါးကို ကိုယ်တိုင်သိမြင်လျက် ပူဇော် အထူးကိုခံထိုက်သော လောကထွတ်ထား ဘုရားစင်စစ် ဖြစ်တော်မူလတ္တံ့ ဟူ၍ တစ်ပါးတည်းသော ဘုရား၏ဂတိကိုသာ တစ်ချက်လွှတ် ဟောကြားပြီးလျှင် ထိုပုဏ္ဏားငယ်သည် အိမ်သို့ပြန်ရောက်သောအခါ ပုဏ္ဏားလုလင်ပျို လေးယောက် ကိုခေါ်၍ မိမိနှင့်တကွ ပဉ္စဝဂ္ဂီအသင်းဖွဲ့ပြီးလျှင် ရှေးဦးစွာ ရဟန်းပြုပြီး လျှင် မြတ်စွာဘုရားကို စောင့်၍နေလေသည်ဟု ဆိုကြကုန်၏၊ ဤသို့ လူ့အဖြစ်သို့ ရောက်တော်မူသောအခါ လူတကာတို့ထက် ကဲလွန်သော စည်းစိမ်ဂုဏ်သိန် ကျက်သရေတို့နှင့် ပြည့်စုံသည်ဖြစ်၍လည်းကောင်း မြတ်သောအလားဂတိ ရှိသောကြောင့် သုဂတမည်တော်မူသည်။

## ဂတိဆယ်ပါး ပြည့်စုံငြား၏

ထို့ပြင်တစ်ပါးလည်း----တင့်တယ်မြင့်မြတ်ကုန်သော ဂေါတ္တဂတိ, ဇာတိ ဂတိ, ဉာတိဂတိ ကုလဂတိ, ပုညဂတိ, သီလဂတိ, သမာဓိဂတိ, ပညာဂတိ, ဝိမုတ္တိ

www.dhammaransi.com



ဂတိ, ဝိမုတ္တိဉာဏဒဿနဂတိတို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍လည်း သုဂတ မည်တော်မူသည်။

ဂေါတ္တဂတိ ဆိုသည်ကား အစဉ်အတိုင်း ဆင်းသက်လာသော အနွယ်တော် ပေတည်း၊ ဘုရားမြတ်စွာသည် အာဒိစ္စဂေါတ္တ နေမင်းအနွယ် ဟုဆိုအပ်သော ကမ္ဘာဦး မဟာသမ္မတမင်းမှစ၍ မကွဲမပြား အစဉ်မပြတ်သော ခတ္တိယဝံသ အနွယ်မှ ဆင်းသက်လာသော ပုဂ္ဂိုလ်မြတ်ကြီးပေတည်း၊ ထို့ကြောင့် မြတ်စွာ ဘုရားအား ကောင်းမြတ်သောအနွယ် ဂေါတ္တဂတိရှိတော်မူသည်။

ဇာတိဂတိ ဆိုသည်ကား အာဒိစ္စဝံသအနွယ်ထဲမှ တဖန်ထူးခြား ပြန်၍ ဥက္ကာမုခမင်းမှစပြီးလျှင် မကွဲမပြား အစဉ်မပြတ်ခဲ့သော သာကီယဇာတ်ကို ဆိုသည်၊ မြတ်စွာဘုရားသည် ထိုသာကီယဇာတ်မှ ဖွားမြင်တော်မူသော ပုဂ္ဂိုလ်ကြီး ပေတည်း၊ ထို့ကြောင့် မြတ်စွာဘုရားအား ကောင်းမြတ်သောအမျိုးဟုဆိုအပ်သော ဇာတိဂတိရှိတော်မူသည်။

ထို့ကြောင့် သုတ္တနိပါတ်ပဗ္ဗဇ္ဇသုတ်၌---

အာဒိစ္စောနာမ ဂေါတ္တေန၊
သာကိယောနာမ ဇာတိယာ။
တမှာ ကုလာ ပဗ္ဗဇိတော၊
န ကာမေ အဘိပတ္ထယေ။

ဟူ၍ ဗိမ္ဗိသာရမင်းကြီးအား ဘုရားအလောင်းတော်မြတ် မိန့်ကြား တော်မူ လေသည်။

မဟာရာဇ-ဗိမ္ဗိသာရမင်းကြီး၊ အဟံ-ငါသည်ကား၊ ဂေါတ္တေန-အနွယ် အားဖြင့်၊ အာဒိစ္စောနာမ-အာဒိစ္စ အမည်ရှိတော်မူ၏၊ ဇာတိယာ-အမျိုးဇာတ် အားဖြင့်၊ သာကိယောနာမ-သာကီယမည်တော်မူ၏၊ တမှာ ကုလာ-ထိုသာကီယ မျိုးအပေါင်းမှ၊ ပဗ္ဗဇိတော-ရဟန်းပြုလာခဲ့ပေ၏၊ ကာမေ-ကာမဂုဏ်စုတ် စည်းစိမ်ယုတ်တို့ကို၊ န အဘိပတ္ထယေ-ငါ မတေ .ာချေ။

## တစ်နည်းဂတိ နှစ်ပါးရှိ

ထို့ပြင်တစ်ပါး မြတ်စွာဘုရားသည် သွေးချင်းသားချင်းနီးရင်း လှစွာသော ဆွေတော်ပေါင်း မျိုးတော်ပေါင်းဟုဆိုအပ်သော ဉာတိ, ကုလဂတိအားဖြင့်လည်း မြင့်မြတ်တော်မူသည်၊ ထိုစကားမှန်၏၊ ဒေဝဒဟ, ကောလိယ, ကပိလဝတ်

www.dhammaransi.com



ဟုဆိုအပ်သော သုံးပြည်ထောင်၌ စိုးအုပ်နေထိုင်ကြကုန်သော မယ်တော်၏ ဖက်မှ ရှစ်သောင်း ခမည်းတော်ဖက်မှ ရှစ်သောင်း ဤသို့တစ်သိန်း ခြောက်သောင်းသော ဆွေတော် မျိုးတော်အပေါင်းတို့ဖြင့် ခြံရံတော်မူအပ်သည်ဖြစ်၍ တင့်တယ်တော်မူ၏။

ဘုန်းကံတည်းဟူသော **ပုညဂုဏ်** အားဖြင့်လည်း မြတ်စွာဘုရားအား တင့်တယ်တော်မူသည်၊ အကြင်အကြင် ရှေးဘုန်းရှေးကံအထူးတို့ကြောင့် ထိုထို မဟာပုရိသလက္ခဏာတို့သည် ဖြစ်ပေါ်လာကုန်၏၊ ထိုရှေးဘုန်းရှေးကံတို့နှင့် မဟာပုရိသလက္ခဏာတော်ကြီးများကို ၃ာဂဝဂ်ဂဏ်တော်၌ ပြဆိုလတ္တံ့၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ဖြည့်ဆည်းပူးတော်မူအပ်ကုန်သော ရှေးဘုန်းရှေးကံတို့သည် အတုမရှိအောင် အထုအထည်ကြီးမား၍ အတုမရှိအောင် မြင့်မြတ်တော်မူလေသည်၊ မြတ်စွာဘုရားကိုယ်တော်မြတ် တစ်ပါးတည်း၏ ရှေးဘုန်း ရှေးကံတော်များကို ကမ္ဘာအနန္တတို့၌ ရှိရှိသမျှသော လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့၏ ဘုန်းကံတို့နှင့် ပြိုင်နှုန်းသော်လည်း မြင့်မိုရ်တောင်ကြီးနှင့် ကျောက်စရစ်ခဲပမာ အလွန်တရာ ကွာခြားလှလေသည်။

မြတ်စွာဘုရား၏ အကျင့်သီလတော်များသည်လည်း တင့်တယ်ကောင်းမြတ်တော်မူသည်၊ **မဇ္ဈိမပဏ္ဏာသ စတုတ္ထဝဂ် ဗာဟိတိကသုတ်**၌ မြတ်စွာဘုရား၏ သုံးပါးကုန်သော ကာယကံ, ဝစီကံ, မနောကံတို့၏ ထွတ်မြတ်စင်ကြယ်ကြောင်းကို ဟောတော်မူ၏၊ မြတ်စွာဘုရား၏ ကံသုံးပါးသည် ဉာဏ်တော်နှင့် လွတ်ကင်းသည်ဟူ၍ မရှိ၊ ဉာဏ်တော်ရှေ့သွား၍ ဉာဏ်တော်ပြဋ္ဌာန်းလျက်ပင် ရှိလေသည်။

မြတ်စွာဘုရား၏ သမာဓိတော်မြတ်သည်လည်း ကောင်းမြတ်တင့်တယ်၏၊ သမာဓိဟူသောစကားဖြင့် သမာဓိက္ခန္ဓတွင် အကျုံးဝင်သော ဈာန်သမာပတ်တို့ကို ယူအပ်ကုန်၏၊ ကသိုဏ်းဈာန်တို့၏ အကျိုးဖြစ်သော အဘိညာဏ်ခြောက်ပါးတို့ကိုလည်း ယူအပ်ကုန်၏၊ ထို အဘိညာဏ်တို့ကို ဝိဇ္ဇာစရဏသမ္ပန္နဟူသောပုဒ်၌ ပြဆိုအပ်ပြီ၊ မြတ်စွာဘုရားသည် ဈာန်, ဝိမောက္ခ, သမာဓိ, သမာပတ္တိတို့၏ ညစ်နွမ်းမှု, စင်ကြယ်မှုတို့ကို ဆင်ခြင်နိုင်ခြင်းတည်းဟူသော ၇-ဆင့်မြောက်သော ပဋိသမ္ဘိဒါနဗလ သတ္တမအားနှင့် ပြည့်စုံတော်မူသည်၊ အားရှစ်ပါးရှိသည်တွင် ဈာန်စသည်ကို ဆင်ခြင်နိုင်သောအားသည် သတ္တမအား ဖြစ်၏။

www.dhammaransi.com



## အားရှစ်ပါးကား

အဋ္ဌိမာနိ ဘိက္ခဝေ ဗလာနိ၊ ကတမာနိ အဋ္ဌ၊ ရုဏ္ဏဗလာ ဘိက္ခဝေ ဒါရကာ၊ ကောဓဗလာ မာတုဂါမာ၊ အာဝုဓဗလာ စောရာ၊ ဣဿရိယဗလာ ရာဇာနော၊ ဥဇ္ဈတ္တိဗလာ ဗာလာ၊ နိဇ္ဈတ္တိဗလာ ပဏ္ဍိတာ၊ ပဋိသင်္ခါနဗလာ ဗဟုဿုတာ၊ ခန္တိဗလာ သမဏဗြာဟ္မဏာ၊ ဣမာနိ ခေါ ဘိက္ခဝေ အဋ္ဌ ဗလာနီတိ၊

(အင်္ဂုတ္တိုရ်ပါဠိတော် အဋ္ဌကနိပါတ်)

ဘိက္ခဝေ=ရဟန်းတို့၊ ဗလာနိ=အားတို့သည်၊ ဣမာနိအဋ္ဌ=ဤရှစ်ပါးတို့ ပေတည်း၊ ကတမာနိ အဋ္ဌ=အဘယ်ရှစ်ပါးတို့နည်းဟူမူကား-၊ ဘိက္ခဝေ=ရဟန်းတို့၊ (၁) ဒါရကာ=သူငယ်တို့သည်၊ ရုဏ္ဏဗလာ=ငိုခြင်းလျှင် အားအင်ရှိကြကုန်၏၊ (၂) မာတုဂါမာ=မိန်းမတို့သည်၊ ကောဓဗလာ=အမျက်ထွက်ခြင်းလျှင် အားအင် ရှိကြကုန်၏၊ (၃) စောရာ=ခိုးသူတို့သည်၊ အာဝုဓဗလာ=လက်နက်လျှင် အားအင် ရှိကြကုန်၏၊ (၄) ရာဇာနော=မင်းတို့သည်၊ ဣဿရိယဗလာ=အစိုးရခြင်းလျှင် အားအင်ရှိကြကုန်၏၊ (၅) ဗာလာ=သူမိုက်တို့သည်၊ ဥဇ္ဈတ္တိဗလာ=မြော်မြင် လွတ်ကင်း ကဲ့ရဲ့ခြင်းလျှင် အားအင်ရှိကြကုန်၏၊ (၆) ပဏ္ဍိတာ=ပညာရှိတို့သည်၊ နိဇ္ဈတ္တိဗလာ=မြော်မြင်ရှုစားခြင်းလျှင် အားအင်ရှိကြကုန်၏၊ (၇) ဗဟုဿုတာ= အကြားအမြင်များသောပုဂ္ဂိုလ်တို့သည်၊ ပဋိသင်္ခါနဗလာ=အရာရာ၌ ကောင်းစွာ ဆင်ခြင်ခြင်းလျှင် အားအင်ရှိကြကုန်၏၊ (၈) သမဏဗြာဟ္မဏာ=ရဟန်းပုဏ္ဏား တို့သည်၊ ခန္တိဗလာ=သည်းခံခြင်းလျှင် အားအင် ရှိကြကုန်၏၊ ဘိက္ခဝေ=ရဟန်းတို့၊ ဗလာနိ=အားအင်တို့သည်၊ ဣမာနိ အဋ္ဌ=ဤရှစ်ပါးတို့ပေတည်း။

[ဤအားရှစ်ပါးတို့တွင် ပဋိသင်္ခါနဗလသည် သတ္တမမြောက်ဖြစ်သော အားဖြစ်၏၊ ဤပါဠိတော်၌ သည်းခံခြင်းတည်းဟူသော ခန္တိအားသည် ရှစ်ခုမြောက်ဖြစ်၏၊ ဤရှစ်ခု မြောက်ကိုရည်၍ ပါရမီခန်း၌-"ပရမံတပေါ၊ ခန္တိကျော်ဟု၊ သုတော်အကျင့်၊ အားရှစ်ဆင့်" ဟူ၍စပ်ဆိုတော်မူလေသည်။]

**နယသာဂရ။** ။မြတ်စွာဘုရား၏ ပညာတော်အလားသည်လည်း တင့်တယ်မြင့်မြတ်၏၊ ပညာ၏ တင့်တယ်မြင့်မြတ်ကြောင်းကို မြင့်မြတ်ဆန်းကြယ်သော ပိဋကတ်သုံးပုံ ဒေသနာတော်တို့ကို ကြည့်ရှု ဆင်ခြင်ခြင်းအားဖြင့် သိနိုင်လေသည်၊ ထိုပိဋကတ်သုံးပုံတို့သည် မြင့်မြတ်တင့်တယ်သော မြတ်စွာဘုရား၏ ဉာဏ်တော်မှဖြစ်ကြကုန်သည်၊ သာဂရလေးပါးတို့တွင် မြတ်စွာ

www.dhammaransi.com



ဘုရား၏ သဗ္ဗညုတာ ဉာဏ်တော်သည် ဉာဏသာဂရဖြစ်၏၊ (ဉာဏ်တော် သမုဒ္ဒရာဆိုလိုသည်) မြတ်စွာဘုရားသည် ဉာဏသာဂရတည်းဟူသော ဉာဏ်တော် ပင်လယ်ဖြင့် ဟောတော်မူအပ်သောပဋ္ဌာန်း ဒေသနာတော်မြတ်သည် အကြောင်းအကျိုး ဆက်သွယ်ပုံ နည်းပေါင်းစုံ ပင်လယ်ကြီးဖြစ်၍ **နယသာဂရ** မည်၏၊ အကျိုးဖြစ်သော ပိဋကတ်တော်၏ တင့်တယ်မြင့်မြတ်ခြင်းဖြင့် အကြောင်း ဖြစ်သော ဉာဏ်တော်၏ တင့်တယ်မြင့်မြတ်ကြောင်းလည်း ထင်ရှားလေသည်၊ ထိုမှတစ်ပါး ဒသဗလဉာဏ်တော်ဆယ်ပါး, အသာဓာရဏဉာဏ်တော် ခြောက်ပါး တို့ကို ဆင်ခြင်သဖြင့်လည်း မြတ်စွာဘုရား၏ ဉာဏ်တော်အလား၏ တင့်တယ် မြင့်မြတ်ကြောင်းကို ကောင်းစွာသိနိုင်လေသည်။

**[ဒသဗလဉာဏ်တော် ဆယ်ပါးကို သမ္မာသမ္ဗုဒ္ဓဂုဏ်တော် ဖွင့်တွင်ပြဆိုခဲ့ပြီ၊ အသာဓာရဏ ဉာဏ်တော်ခြောက်ပါး ကိုပြဆိုလတ္တံ့အတိုင်းမှတ်ရာ၏။]**

၁။ သတ္တဝါအများတို့၌ လွန်စွာသနားကြင်နာခြင်းနှင့် စပ်ယှဉ်သော ဉာဏ် တော်သည် မဟာကရုဏာ သမာပတ္တိဉာဏ် မည်၏။

၂။ ရေ မီးအစုံအစုံ ဖန်ဆင်း၍ တန်ခိုးပြဋ္ဌိဟာ ပြတော်မူခြင်း နှင့်စပ်သော ဉာဏ်တော်သည် ယမကပါဋိဟာရိယဉာဏ် မည်၏။

၃။ သတ္တဂါတို့၏အလို အဇ္ဈာသယကို ကျနဟုတ်မှန်စွာ သိတော်မူသော ဉာဏ်သည် အာသယာနုသယဉာဏ်မည်၏။

၄။ သတ္တဝါတို့၏ ဣန္ဒြေရင့်မရင့်ကို သိသောဉာဏ်သည် ဣန္ဒြိယပရော ပရိယတ္တိ ဉာဏ်မည်၏။

၅။ သိသင့်သိအပ်သမျှ ဉေယျဓမ်တရားအလုံးစုံကို အကုန်သိမြင်သော ဉာဏ်သည် သဗ္ဗညုတာဉာဏ်မည်၏။

၆။ အပိတ်, အပင်, အဆီး, အတား, အကန့်အကွက်မရှိ သန့်ရှင်းကြည် လင်စွာ ပွင့်ပွင့်လင်းလင်း ကြည်ကြည်လင်လင် သိသောဉာဏ်သည် အနာဝရဏဉာဏ်မည်၏။

ဤဉာဏ်တော် ခြောက်ပါးသည် တစ်ပါးသော ပုဂ္ဂိုလ်တို့နှင့်မဆိုင် သမ္မာ သမ္ဗုဒ္ဓအစစ် ဘုရားရှင်အဖြစ်သို့ ရောက်တော်မူပြီးသော ပုဂ္ဂိုလ်မြတ်ကြီးတို့နှင့်သာ စပ်ဆိုင်သောကြောင့် **အသာဓာရဏဉာဏ်တော်** ဆိုသည်။

မဟာဒယာ သမာပတ္တိ၊ ယမကံ ပါဋိဟာရိယံ၊
အာသယာနုသယေ ဉာဏံ၊ ဣန္ဒြိယာနံ ပရောပရေ၊
သဗ္ဗညုတာနာဝရဏံ၊ ဆာသာဓာရဏိကံ မတံ။

မိခင်ဇရာဝတီ

www.dhammaransi.com



မဟာဒယာသမာပတ္တိ=သတ္တဝါအများ၌ သနားကြင်နာမှုနှင့်ဆိုင်သော မဟာကရုဏာသမာပတ္တိဉာဏ်လည်းကောင်း၊ ယမကံ ပါဋိဟာရိယံ=ရေ မီးအစုံစုံ တန်ခိုးအဖုံဖုံ ပြစွမ်းနိုင်သော ယမကပါဋိဟာ ရိယဉာဏ်လည်းကောင်း၊ အာသယာ နုသယေဉာဏံ=သတ္တဝါတို့၏ အလိုအဇ္ဈာသယကို သိနိုင်သော အာသယာနုသယ ဉာဏ်လည်းကောင်း၊ ဣန္ဒြိယာနံ ပရောပရေဉာဏံ=သတ္တဝါတို့၏ သန္တာန်၌ရှိသော ဣန္ဒြေတို့၏ ရင့်မရင့်ကို သိနိုင်သောဉာဏ်လည်းကောင်း၊ သဗ္ဗညုတဉာဏံ=တရား အလုံးစုံကို အကုန်အစင်သိစွမ်းနိုင်သော သဗ္ဗညုတာဉာဏ်လည်းကောင်း၊ အနာ ဝရဏံ=အပိတ်,အပင်, အဆီး,အတားမရှိသောဉာဏ်လည်းကောင်း၊ ဣတိ=ဤသို့၊ ဆအသာဓာရဏီကံ= တစ်ပါးသော ပုဂ္ဂိုလ်တို့နှင့်မဆိုင် ဘုရားတို့သာ ပိုင်ဆိုင်သော အသာဓာရဏဉာဏ်တော် ခြောက်ပါးကို၊ မတံ=သိအပ်၏။

မြတ်စွာဘုရား၏ ဝိမုတ္တိနှင့် ဝိမုတ္တိဉာဏဒဿနတို့သည် တင့်တယ် မြင့်မြတ်ကုန်၏၊ အရဟတ္တဖိုလ်ကို ဝိမုတ္တိဆိုသည်၊ အရဟတ္တဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်ဇောများကို ဝိမုတ္တိဉာဏဒဿန ဆိုသည်။

အခြားသော ပုဂ္ဂိုလ်တို့၏ ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿနတို့ထက် တင့်တယ် မြင့်မြတ်သည်ကို သောဘဏဆိုသည်၊ ဤသို့ ပြဆိုအပ်ကုန် ပြီးသော ဂေါတ္တဂတိ စသည်တို့နှင့် ပြည့်စုံတော်မူသောကြောင့် သုဂတမည်တော်မူသည်။

သောဘဏာ ဂတိ အဿာတိ သုဂတော။

အဿ=ထိုမြတ်စွာဘုရားအား၊ သောဘဏာ=တင့်တယ်မြင့်မြတ်သော၊ ဂတိ=အနွယ်အမျိုးစသော ဂတိအလားသည်၊ အတ္ထိ=ရှိတော်မူ၏၊ ဣတိတသ္မာ= ထို့ကြောင့်၊ သုဂတော=သုဂတမည်တော်မူ၏။

ထိုမှတစ်ပါးလည်း---မင်းပညာရှိ, ပုဏ္ဏားပညာရှိ, သူဌေးပညာရှိ, နတ် ပညာရှိ, သိကြားပညာရှိ, ဗြဟ္မာပညာရှိ, ရဟန်းပညာရှိတို့၏ အထူးသဖြင့် ချီးကျူး အပ်ကုန်သော ဂုဏဂတိဂုဏ်တော်အလားနှင့်ပြည့်စုံ တော်မူသောကြောင့်လည်း သုဂတမည်တော်မူသည်။

ထိုစကားရပ်၌ မဇ္ဈိမပဏ္ဏာသပါဠိတော် လေးခုမြောက်ဖြစ်သော ရာဇဝဂ် ဓမ္မစေတိယသုတ်၌ ကောသလမင်းကြီးသည် မြတ်စွာဘုရားအား ချီးမွမ်းလေ၏။ သီလက္ခန်ပါဠိတော်၌ သောဏဒဏ္ဍစသော ပုဏ္ဏားပညာရှိတို့သည် မြတ်စွာ ဘုရား၏ဂုဏ်တော်တို့ကို ချီးမွမ်းကြကုန်၏။ မဇ္ဈိမပဏ္ဏာသ ငါးခုမြောက်

www.dhammaransi.com



ဗြာဟ္မဏဝဂ်၌လည်းကောင်း, သုတ္တနိပါတ်၌လည်းကောင်း, သေလမည်သော ပုဏ္ဏားပညာရှိကြီးသည် မြတ်စွာဘုရားကို များစွာသောဂါထာတို့ဖြင့် ချီးမွမ်းလေ၏။ မဇ္ဈိမပဏ္ဏာသ ပထမဝဂ် ဥပါလိသုတ်၌ ဥပါလိသူဌေး ပညာရှိကြီးသည် မြတ်စွာဘုရားကို များစွာသောဂါထာတို့ဖြင့် ချီးမွမ်းလေ၏။ ဒေဝတာသံယုတ်, ဒေဝပုတ္တသံယုတ်တို့၌ နတ်ပညာရှိတို့သည် မြတ်စွာဘုရားအား များစွာသော ဂါထာတို့ဖြင့် ချီးမွမ်းလေကုန်၏။ မဟာဂေါဝိန္ဒသုတ်၌ သိကြားပညာရှိ ဗြဟ္မာပညာရှိတို့သည် မြတ်စွာဘုရားကို များစွာသောဂုဏ်ပုဒ်တို့ဖြင့် ချီးမွမ်းကြကုန်၏။ သဂါထာဝဂ္ဂ ဝင်္ဂီသသံယုတ်၌ အရှင်ဝင်္ဂီသမည်သော ရဟန်းပညာရှိသည် မြတ်စွာဘုရားကို များစွာသောဂါထာတို့ဖြင့် ချီးမွမ်းလေ၏။ ဤသို့လျှင် လူ့ပြည်,နတ်ပြည်, ဗြဟ္မာပြည်တို့၌ ကျက်သရေဆင့်ဆင့် ဂုဏ်ကြီးမြင့် ကြကုန်သော မင်းပညာရှိစသည်တို့၏ အလွန်အကျူး အထူးချီးမွမ်းအပ်သော ဂုဏ်တော်အမြင့်အမြတ်တို့နှင့် ပြည့်စုံတော်မူသောကြောင့်-

## ဝိဂ္ဂြိုဟ်သုံးချက် သုဂတမြွက်

"သောဘဏာ ဂတိ အဿာတိ သုဂတော"

အဿ=ထိုမြတ်စွာဘုရားအား၊ သောဘဏာ=တင့်တယ်မြင့်မြတ်သော၊ ဂတိ=ဂုဏ်တော်အလားသည်၊ အတ္ထိ=ရှိတော်မူ၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ သုဂတော=သုဂတမည်တော်မူ၏။

**ထိုပြင်တစ်ပါး**----ဤမျက်မှောက်ဘဝ၌ပင်လျှင် ချမ်းသာတစ်ခုဖြင့် ချမ်းသာတစ်ခုကို ရရှိခြင်း, ချမ်းသာတစ်ဆင့်မှ ချမ်းသာတစ်ဆင့်သို့ ရောက်ခြင်းကြောင့်လည်း သုဂတမည်တော်မူသည်။

"သုခေန သုခံ ဂစ္ဆတီတိ သုဂတော"

သုခေန=ချမ်းသာတစ်ခုဖြင့်၊ သုခံ=ချမ်းသာတစ်ခုသို့၊ ဂစ္ဆတိ=ရောက်တော်မူ၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ သုဂတော=သုဂတမည်တော်မူ၏။

"သုခတော သုခံ ဂစ္ဆတီတိ သုဂတော"

သုခတော=ချမ်းသာတစ်ဆင့်မှ၊ သုခံ=ချမ်းသာတစ်ဆင့်သို့၊ ဂစ္ဆတိ=ရောက်တော်မူ၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ သုဂတော=သုဂတမည်တော်မူ၏။

ချမ်းသာတစ်ခုဖြင့် ချမ်းသာတစ်ခုသို့ ရောက်ပုံမှာ အကြင်သူတို့သည်

www.dhammaransi.com



ဤမြတ်စွာဘုရား၏ သာသနာတော်၌ ကျင့်စဉ်နည်းလမ်းရှိသောအတိုင်း တရားတို့ကို အပြည့်အစုံကျင့်ကြလေကုန်၏၊ ထိုသူတို့သည် ဤမျက်မှောက် ဘဝ၌ပင်လျှင် ချမ်းသာတစ်ခုဖြင့် ချမ်းသာတစ်ခုကို ရရှိသည်မည်၏၊ ရှေးဦးစွာ ပထမစျာန်ချမ်းသာကို ရရှိ၏၊ ပထမစျာန်ချမ်းသာဆိုသည်ကား ကာမဂုဏ် အရှုပ်အထွေး အနှောင့်အယှက်တို့မှ ဆိတ်၍ စိတ်၏အညစ်အကြေး အဆီးအတား ဖြစ်သော နီဝရဏတို့မှ ကင်းငြိမ်းခြင်းတည်း၊ ပထမစျာန်ဖြင့် ကာမဂုဏ်တို့မှ ဆိတ်မှု, နီဝရဏတို့မှ ငြိမ်းမှုဟုဆိုအပ်သော သန္တိသုခကို ရရှိလေသည်၊ ထိုပထမစျာန်ချမ်းသာမှ တစ်ဆင့်တက်ပြန်လျှင် ဒုတိယစျာန်ချမ်းသာကို ရရှိ လေ၏၊ ထိုဒုတိယစျာန်ဖြင့် ဝိတက်ဝိစာရတို့မှ ငြိမ်းခြင်းတည်းဟူသော သန္တိသုခကို ရရှိလေ၏၊ ပထမစျာန်ချမ်းသာသည် ကာမချမ်းသာထက် မွန်မြတ်၏၊ လွန်ကဲ၏၊ ဒုတိယစျာန်ချမ်းသာသည် ထိုပထမစျာန်ချမ်းသာထက် မွန်မြတ်လွန်ကဲ၏၊ (ဤသို့အစဉ်အတိုင်း တတိယစျာန်စသည်ကို ဆိုလေ) ဤသို့လျှင် ပထမစျာန် ချမ်းသာမှစ၍ တစ်ဆင့်ထက်တစ်ဆင့် မြင့်မြတ်သော အနုပုဗ္ဗဝိဟာရ သမာပတ် ကိုးပါးတည်းဟူသော ချမ်းသာတို့ကိုလည်းကောင်း, အဘိညာဉ်ချမ်းသာတို့ကို လည်းကောင်း ခံစားရလေ၏။

အနုပုဗ္ဗဝိဟာရ သမာပတ်ကိုးပါး ဆိုသည်ကား---ရူပစျာန်လေးခု အရူပ စျာန်လေးခုဟုဆိုအပ်သော သမာပတ်ရှစ်ပါးနှင့် နိရောဓသမာပတ်ကို ဆိုသည်၊ ဝိဝေကပီတိဖြင့် အစဉ်အတိုင်း ဝင်စား၍နေရန်ဖြစ်သော တရားကိုးပါးဖြစ်၍ အနုပုဗ္ဗဝိဟာရသမာပတ်ဆိုသည်။

**နိရောဓသမာပတ်သည်ကား**--စျာန်ရသော စျာနလာဘီ အနာဂါမ်, ရဟန္တာတို့နှင့်ဆိုင်သော ချမ်းသာမျိုးပေတည်း။ စိတ်, စေတသိက်, စိတ္တဇရုပ်တို့၏ ချုပ်မှုကို နိရောဓသမာပတ်ဆိုသည်၊ ထိုနိရောဓ သမာပတ်ဖြင့် အာရုံတရားတို့က စိတ်၌ထင်ခြင်းကိစ္စဖြင့် နှောင့်ယှက်မှု, စိတ်စေတသိက်တို့က အာရုံတို့ကို အာရုံ ပြုရခြင်း ဗျာပါရကိစ္စမှု, စိတ္တဇရုပ်တို့ဖြစ်ပေါ်၍ ကာယကံ, ဝစီကံ လှုပ်ရှားမှုတို့မှ အလုံးစုံကင်းငြိမ်း၍ မျက်မှောက်ဒိဋ္ဌအားဖြင့် ချမ်းသာခြင်း တည်းဟူသော သန္တိသုခကို ခံစားရလေ၏၊ စျာန်သမာပတ် အဘိညာဏ်ချမ်းသာတို့သည် လောကီနှင့်ဆိုင်သော ချမ်းသာတို့ပေတည်း၊ ထိုထက် ဝိပဿနာချမ်းသာ, ထိုထက် မဂ်ဖိုလ်ချမ်းသာ (မဂ်လေးပါး ဖိုလ်လေးပါးတို့ကိုလည်း အဆင့်ဆင့်ဆိုလေ) ထိုထက်နိဗ္ဗာန်ချမ်းသာ ဤသို့ လောကုတ္တရာကြောင်းနှင့် ဆက်ဆံသော ချမ်းသာ

www.dhammaransi.com



အဆင့်ဆင့်တို့ကို ရရှိခံစားရလေ၏၊ ဝိပဿနာဖြင့် ပရမတ္ထသဘောတရားတို့၏ အဖြစ်အပျက်တို့ကိုသိရှိ၍ ဓမ္မပီတိ ချမ်းသာကို ခံစားရ၏။

ဤ ဓမ္မပီတိချမ်းသာကို ရည်၍ ဓမ္မပဒ ပါဠိတော်၌ -

နိဒ္ဒရော ဟောတိ နိပ္ပါပေါ၊ ဓမ္မပ္ပီတိ ရသံပိဝံ၊

ဟူ၍ဟောတော်မူသည်။

ဓမ္မပ္ပီတိရသံ=တရားသဘောကိုသိ၍ ပီတိဖြစ်ပေါ်လာခြင်း အရသာကို၊ ပိဝံ-ပိဝန္တော=သောက်ရသော ပုဂ္ဂိုလ်သည်၊ နိပ္ပါပေါ=အညစ်အကြေး ကင်းဝေးသည် ဖြစ်၍၊ နိဒ္ဒရော=ပူပန်ခြင်းအမျိုးမျိုး ကင်းဝေးသည်၊ ဟောတိ=ဖြစ်၏။

**ထို့ပြင်လည်း. . . .**

သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတီ ဟောတိ၊ သမ္မာဓမ္မံ ဝိပဿတော။

ဟူ၍ဟောတော်မူသည်။

သုညာဂါရံ=ဆိတ်ငြိမ်ရာအရပ်သို့၊ ပဝိဋ္ဌဿ=တစ်ကိုယ်တည်းခို ဝင်လျက်၊ သမ္မာ=ကောင်းစွာ၊ ဓမ္မံ=တရားသဘောကို၊ ဝိပဿတော-ဝိပဿန္တဿ=ရှုဆင်ခြင်၍ နေသော၊ သန္တစိတ္တဿ=တည်ကြည်သော စိတ်ရှိသော၊ ဘိက္ခုနော=ရဟန်းအား၊ အမာနုသီ=လူ့ပြည်လောက၌ တစ်ကြိမ်တစ်ခါမျှ မရမရှိဖူးသော၊ ဝါ=လူ့ပြည် လောကနှင့်မဆိုင်သော၊ ရတီ=ဝိဝေကပီတိမွှန်၍ အလွန်မွေ့လျော်ဖွယ်ကြီးသည်၊ ဟောတိ=ဖြစ်လေ၏။

[တရားသဘောတို့ကို ဝိပဿနာဉာဏ်ဖြင့် ဆင်ခြင်၍နေသည့်အခါ ဖြစ်ပေါ်လာသော ပီတိအရသာ စိတ်ချမ်းသာသည် လွန်စွာမွှန်မြတ်သဖြင့် လူ့ပြည်လောကမှာ ဤကဲ့သို့သော ချမ်းသာကို မတွေ့နိုင်ဟူ၍ ဆိုလိုသည်။]

**ဝိဝေကချမ်းသာ မွန်မြတ်စွာ။** ။ဆိတ်ငြိမ်မှုဝိဝေကနှင့် ရင်းနှီး၍ ရရှိသော ဘာဝနာပီတိ၏ချမ်းသာ အရသာသည် အလွန်သိမ်မွေ့ခြင်းဖြင့် သိမ်မွေ့၍ချမ်းသာ၏၊ ဝိဝေကဇပီတိ ချမ်းသာကို ရရှိခံစားဖူးကြကုန်သောပုဂ္ဂိုလ်တို့သည် ကာမချမ်းသာကို လွန်စွာကြမ်းတမ်းသည်ထင်၍ စက်ဆုပ်ရွံရှာကြကုန်၏၊ ကာမချမ်းသာဖြင့် အရသာမတွေ့နိုင်ကြကုန်၊ အဗ္ဘန္တရသရက်သီး, ဇမ္ဗူသပြေသီးအရသာကို ခံစားဖူးကြကုန်သောသူတို့သည် အခြား အရသာတို့ဖြင့် နှစ်သက်ခြင်းကို မရနိုင်ကုန်ဘိသကဲ့သို့တည်း၊ ဝိဝေကဇ ပီတိအရသာ အငွေ့ကိုမျှ မတွေ့မထိ မသိမကြုံရဘူးကုန်သော လူကြမ်း, စိတ်

www.dhammaransi.com



ကြမ်း, ပုထုဇ္ဇန်ကြမ်းတို့သည်မူကား-မိမိတို့စရိုက်အားလျော်စွာ အလွန်ကြမ်းတမ်းလှစွာသော ကာမချမ်းသာတို့ကို သုံးဆောင်ရင်း တင်းမတိမ်နိုင်အောင် ရှိနေကြလေကုန်သည်၊ ဥပမာ, တောဆင်တို့သည် အလွန်ကြမ်းတမ်းသော သစ်ရွက်သစ်ကိုင်းတို့ကို စားသုံးကြရလျှင် လွန်စွာမြိန်ရှက်ကြကုန်ဘိသကဲ့သို့တည်း။

ဝိဝေကပီတိကို ရရှိကြကုန်သော ပုဂ္ဂိုလ်တို့သည် စိတ်ကိုပျော်မွေ့ချမ်းသာစေရန် တစ်စုံတစ်ရာမျှ အဖော်အဖက် အမွှမ်း,အမံ, မရှာကြရကုန်ပဲ ဆိတ်ငြိမ်သော အရပ်၌ထိုင်၍ တရားအာရုံကို နှလုံးသွင်းကာမျှနှင့် အလွန်အရသာရှိသော ပီတိသုခကို ရရှိခံစားနိုင်လေသည်၊ ဝိဝေကပီတိသုခကို မရရှိကြကုန်သဖြင့် ကာမချမ်းသာထဲတွင်သာ အကောင်းထင်ကာ လိုက်စားကြကုန်သော သူတို့သည်မူကား-စိတ်ကို ပျော်မွေ့ရန် အဖော်အဖက်, အမွှမ်း,အမံ, အဖျော်,အဖြေတို့ကို ရှာကြရကုန်၏၊ စိတ်၏အဖျော်,အဖြေဆိုသည်ကား-ရူပါရုံစသော ကာမဂုဏ်တရားများပေတည်း၊ ကာမချမ်းသာကို အကောင်းအမွန်ထင်သော ပုဂ္ဂိုလ်တို့မှာ ပြင်ပကအာရုံများလေလေ ပျော်ရွှင်လေလေ ဖြစ်၏၊ ဝိဝေကပီတိကို လက်ရှိပိုင်နိုင်ကြကုန်သော ပုဂ္ဂိုလ်တို့မှာမူကား အပြင်ကဆိတ်ငြိမ်လေလေ အရသာပေါ်၍ ပျော်ရွှင်လေလေဖြစ်၏။

အဖေါ်မပါ မချမ်းသာ။ ။ ကာမချမ်းသာကို အဖေါ်အဖက်မရှာပဲ တစ်ကိုယ်တည်း ကိုယ်စွမ်း ကိုယ်အားဖြင့် မရနိုင် အဖေါ်အဖက်ရှိမှ ချမ်းသာပျော်ရွှင်ခွင့်ကို ရရှိနိုင်၏၊ အဖော်အဖက် မြော်လင့်ရသောချမ်းသာ, အဖော်အဖက်ထံမှ တောင်းခံ၍ ရရှိသောချမ်းသာ, အဖော်နှင့်စပ်မှ ရနိုင်သောချမ်းသာ, ဘုံချမ်းသာ, ငှါးရမ်း၍ ခံစားရသောချမ်းသာ, (ယာစိတကူပမာ ကာမာ။ ကာမာ-ကာမဂုဏ်ချမ်းသာတို့သည်၊ ယာစိတကူပမာ-ငှါးရမ်း၍ သုံးဆောင်ရသော ဥစ္စာနှင့်တူ၏။) ကိုယ်ပိုင်ချမ်းသာမျိုး မဟုတ်ဟူ၍ ဆိုလိုသည်၊ ဝိဝေကဇ ပီတိချမ်းသာသည်မူကား မည်သည့်အဖော်နှင့်မျှ မဖက်စပ်ရသော ကိုယ်ပိုင်ချမ်းသာမျိုးပေတည်း၊ ထိုသို့ ကိုယ်ပိုင်ချမ်းသာမျိုး မဟုတ်၊ သူတစ်ပါးနှင့် စပ်၍ ငှါးရမ်းတောင်းခံလျက် ခံစားရသော စည်းစိမ်ချမ်းသာမျိုးဖြစ်သောကြောင့် ကာမချမ်းသာမှန်လျှင် သိကြားမင်းနှင့်တူသော စည်းစိမ်ချမ်းသာရှင် ဖြစ်စေကာမူ သူတောင်းစားတို့၏ချမ်းသာ, ယုတ်ညံ့သောချမ်းသာဟူ၍သာလျှင် ဆိုရလေသည်။

ထို့ကြောင့် နေမိဇာတ်တော်၌-

ယေ အဒုတိယာ န ရမန္တိ ဧကိကာ၊
ဝိဝေကဇံ ယေ န လဘန္တိ ပီတိံ။

မိခင်-ရာဝတီ

www.dhammaransi.com



ကိစ္ဆာပိ တေ ဣန္ဒသမာန ဘောဂါ၊
တေ ဝေ ပရာဓိန သုခါ ဝရာကာ။

ဟူ၍ ဟောတော်မူ၏။

ယေ=အကြင်ပုဂ္ဂိုလ်တို့သည်၊ အဒုတီယာ=အဖော်မရှိကုန်ပဲ၊ ဧကိကာ= တစ်ယောက်အထီးတည်းတို့သာလျှင်၊ န ရမန္တိ=မပျော်မမွေ့နိုင်ကြလေကုန်၊ ယေ=အကြင်ပုဂ္ဂိုလ်တို့သည်၊ ဝိဝေကဇံ=ဘာဝနာကမ္မဋ္ဌာန်း ဝိဝေကပီတိအစွမ်း ကြောင့်ဖြစ်ပေါ်သော၊ ပီတိံ=နှစ်သက်ခြင်းကို၊ န လဘန္တိ=မရရှာကြလေကုန်၊ တေ=ထိုဝိဝေကပီတိကို မရမရှိကြသော ပုဂ္ဂိုလ်တို့သည်၊ ဣန္ဒသမာနဘောဂါ= သိကြားမင်းနှင့်တူမျှသော စည်းစိမ်ချမ်းသာ ရှိကြကုန်သည်၊ ကိစ္ဆာပိ ဟောန္တိ= အကယ်၍ပင် ဖြစ်စေကုန်ဦးတော့၊ တေ=ထိုသူတို့သည်၊ ပရာဓိနသုခါ=အဖော် အဖက်နှင့် စပ်ယှက်မှ ရရှိသောစည်းစိမ်ချမ်းသာရှိကြကုန်သည်ဖြစ်၍၊ ဝရာကာ= တောင့်တလျက်သာ သူတောင်းစားချမ်းသာကဲ့သို့ ယုတ်မာညံ့ဖျင်းကုန်သည် သာလျှင်တည်း။

**(ဤကား ဝိပဿနာချမ်းသာနှင့်ဆိုင်သော စကားရပ်ပေတည်း။)**

**မဂ်ဖိုလ်အာရုံ သန္တိဂုဏ်။** ။ပထမဒုတိယဖြစ်သော မဂ်ဖိုလ်တို့ဖြင့် ဒိဋ္ဌိ, ဝိစိကိစ္ဆာတို့၏ငြိမ်းခြင်း, အပါယ်ဘုံ ဘဝ တို့၏ ငြိမ်းခြင်းတည်းဟူသော သန္တိသုခကို ခံစားရလေ၏၊ တတိယမဂ်ဖိုလ်တို့ဖြင့် ကာမရာဂ, ဗျာပါဒတို့မှငြိမ်းခြင်း, ကာမဘုံဘဝတို့မှ ငြိမ်းခြင်းတည်းဟူသော သန္တိသုခကို ခံစားရလေ၏၊ စတုတ္ထဖြစ်သော အရဟတ္တမဂ်ဖိုလ်ဖြင့် အလုံးစုံသော ကိလေသာတို့မှငြိမ်းခြင်း, အလုံးစုံသောဘုံဘဝတို့မှ ငြိမ်းခြင်းတည်းဟူသော သန္တိသုခကို ခံစားရလေ၏၊ နိဗ္ဗာန်ဖြင့် အလုံးစုံသောရုပ်,နာမ်,ခန္ဓာ,သင်္ခါရဓမ္မတို့၏ ဖြစ်,ရင့်, ချုပ်, ပျက်ခြင်း ဇာတိ,ဇရာ,မရဏတို့မှ ချုပ်ငြိမ်းခြင်းတည်းဟူသော မဟာသန္တိသုခကြီးကို ခံစားရလေ၏၊ ဤသို့ မြတ်စွာဘုရားသည် ချမ်းသာ တစ်ခုဖြင့် ချမ်းသာတစ်ခုကို ရရှိတော်မူခြင်း ချမ်းသာတစ်ခုမှ ချမ်းသာတစ်ခုသို့ ဆိုက်ရောက် ခံစားတော်မူနိုင်ခြင်းတို့နှင့် ပြည့်စုံတော်မူသောကြောင့် သုဂတ မည်တော်မူသတည်း။

## သုဂတဝိဂြိုဟ် တစ်နည်းဆို

**ထိုမှတစ်ပါးလည်း---**

သုန္ဒရံ နိဗ္ဗာနံ ဂစ္ဆတီတိ သုဂတော။

မိခင်ဇရာဝတီ

www.dhammaransi.com



သုန္ဒရံ=ကောင်းမြတ်သော၊ နိဗ္ဗာနံ=နိဗ္ဗာန်သို့၊ ဂစ္ဆတိ=ကြွသွားတော်မူတတ်၏။ ဣတိတသ္မာ=ထို့ကြောင့်၊ သုဂတော=သုဂတမည်တော် မူ၏။

ကောင်းမြတ်သော နိဗ္ဗာန်အရပ်သို့ ကြွသွားတော်မူတတ်သောကြောင့်လည်း သုဂတမည်တော်မူ၏။

## တစ်နည်းလှည့်ပြ သုဂတ

သမ္မာ ဂတောတိ သုဂတော။

သမ္မာ=ကောင်းမွန်စွာ၊ ဂတော=ဘုရားအဖြစ်သို့တိုင်အောင် ကြွတော်မူလေ၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ သုဂတော=သုဂတမည် တော်မူ၏။

**ဤဝိဂြိုဟ်၏ အဓိပ္ပါယ်မှာ။** ။ဒီပင်္ကရာ မြတ်စွာဘုရားအထံဝယ် နိယတဗျာဒိတ်ကို ခံတော်မူသည်မှစ၍ ဗောဓိမဏ္ဍိုင်၌ ဘုရားအဖြစ်သို့ ရောက်သည်တိုင်အောင် ပါရမီတရားတို့ကို ဖြည့်ကျင့်တော်မူလျက် လောက၏အစီးအပွါးကို ရှာမှီးတော်မူရင်းသာလျှင် ဘဝအစဉ်အတိုင်း ကောင်းစွာကြွလာတော်မူသောကြောင့် သုဂတမည်တော်မူသည် ဟူ၍ ဆိုလိုသည်။

## တစ်နည်းတစ်သွယ် ဝိဂြိုဟ်လှယ်

သမ္မာ ဂဒတီတိ သုဂတော။

သမ္မာ=ကောင်းမွန်စွာ၊ ဂဒတိ=မြွက်ဆိုတော်တတ်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ သုဂတော=သုဂတမည်တော်မူ၏။

ကောင်းသောစကားကို ဆိုတော်မူတတ်သောကြောင့် သုဂတ မည်တော်မူ၏ ဟူ၍ဆိုရာ၌ ကောင်းသောစကားကိုဆိုသည်မှာ လောက၌ စကားခြောက်ခွန်းရှိသည့်အနက် စကားနှစ်ခွန်းကို ကောင်းသောစကား ဟူ၍ မှတ်ရာ၏။

**စကားခြောက်ခွန်း၊ သူမြတ်ညွှန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတယ်။**

**စကားခြောက်ခွန်းကား-**

၁။ မှန်လည်းမမှန်၊ အကျိုးလည်းမရှိ၊ သူတစ်ပါးလည်း မနှစ်သက်သောစကား၊

၂။ မှန်ကား, မှန်၏၊ အကျိုးမရှိ၊ သူတစ်ပါးလည်း မနှစ်သက်သောစကား၊

၃။ မှန်လည်းမှန်၏၊ အကျိုးလည်းရှိ၏၊ သူတစ်ပါးမူကား၊ မနှစ်သက်သော

စကား၊

၄။ မှန်လည်းမမှန်၊ အကျိုးလည်းမရှိ၊ သူတစ်ပါးမှုကား နှစ်သက်သော စကား၊

၅။ မှန်ကားမှန်၏၊ အကျိုးမရှိ၊ သူတစ်ပါးနှစ်သက်သောစကား၊

၆။ မှန်လည်းမှန်၏၊ အကျိုးလည်းရှိ၏၊ သူတစ်ပါးလည်း နှစ်သက်၏၊

ဤစကား ခြောက်ခွန်းတို့တွင် တတိယစကားနှင့် ဆဋ္ဌစကားသည် စကား ကောင်းမည်၏၊ ထိုစကားနှစ်ခွန်းတို့ကိုသာလျှင် မြတ်စွာဘုရား မြွက်ဆိုတော်မူ၏၊ ထိုစကားကောင်းကို အခါခပ်သိမ်း အကြောင်းမဲ့လည်း ဆိုတော်မူသည် မဟုတ်၊ အကြောင်းအားလျော်စွာ အခါနှင့်သင့်တင့်မှ ဆိုတော်မူသည်၊ ထို့ကြောင့် သုဂတ မည်တော်မူသတည်း။

**၄-သုဂတဂုဏ်တော်အဖွင့် ပြီး၏။**

-----✳------

## ၅- လောကဝိဒူဂုဏ်တော်

လောကံ ဝိဒတိ ဇာနာတီတိ လောကဝိဒူ။

လောကံ=လောကကို၊ ဝိဒတိ ဇာနာတိ=အကုန်အစင် သိမြင်တော်မူတတ်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ လောကဝိဒူ=လောကဝိဒူမည်တော်မူ၏။

လောကကို အကုန်အစင်သိမြင်တော်မူသောကြောင့် လောကဝိဒူ မည်၏ ဟူ၍ဆိုလိုသည်။

**ပါဠိတော်အရပ်ရပ်တို့၌ - -**

သော ဣမံ လောကံ သဒေဝကံ သမာရကံ သဗြဟ္မကံ သဿမဏဗြာဟ္မဏိံ ပဇံ သဒေဝမနုဿံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေတိ။

ဟူ၍ဟောတော်မူ၏၊

ဤပါဠိတော်ဖြင့် လောကဝိဒူအဖြစ်ကို ပြတော်မူသည်။

**(ဤပါဠိတော်၏အနက်အဓိပ္ပါယ်ကို အရဟံဂုဏ်တော်ဖွင့်၌ ပြဆိုခဲ့ပြီး)**

**ဣမံ လောကံ သဒေဝကံ သမာရကံ သဗြဟ္မကံ**--ဟူသော စကားရပ်ဖြင့် ဩကာသလောကကို ပြဆိုတော်မူ၏၊ **သဒေဝကံ**-ဟူသော စကားဖြင့် နတ်ပြည် ခြောက်ထပ်နှင့်တကွသော လောကကိုပြဆို၏၊ ပရနိမ္မိတ ဝသဝတ္တိဘုံ၌မာရ်နတ်၏

www.dhammaransi.com



အပင်းအသင်း, အဆက်အနွယ်ဖြစ်သော နတ်တို့၏တည်နေရာဌာနဖြစ်သော မာရလောကဟူ၍ အသီးအခြား ရှိ၏၊ သမာရကံ-ဟူသောစကားဖြင့် ထိုမာရ လောကနှင့်တကွသော လောကကိုပြဆို၏၊ သဗြဟ္မကံ-ဟူသောစကားဖြင့် ဗြဟ္မာဘုံ နှစ်ဆယ်နှင့်တကွသော လောကကိုပြဆို၏၊ သဿမဏဗြာဟ္မဏိံ ပဇံ သဒေဝမနုဿံ-ဟူသောစကားဖြင့် သတ္တလောကကို ပြဆို၏၊ ရဟန်း, ပုဏ္ဏား, လူ, နတ်, ဗြဟ္မာများနှင့်တကွသော သတ္တလောကကိုဆိုလိုသည်၊ သယံ အဘိညာ- ဟူသောစကားဖြင့် တစ်စုံတစ်ဦးသော ပုဂ္ဂိုလ်တို့၏ ညွှန်ကြားနည်းပြခြင်း, တဆင့် စကားကြားရခြင်းတို့နှင့်ကင်း၍ ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူကြောင်း ပြဆို၏၊ သစ္ဆိကတွာ ပဝေဒေတိ-ဟူသောစကားဖြင့် ကိုယ်တွေ့ဒိဋ္ဌမျက်မှောက်ပြု၍ ထိုလောကကို ဟောကြားတော်မူ၏ ဟူ၍ပြဆိုသည်၊ လောကသည် ဩကာသ လောက, သတ္တလောက, သင်္ခါရလောကဟူ၍ သုံးပါးအပြားရှိ၏။

(ဥရောပဗုဒ္ဓဘာသာ အလင်းပြကျမ်းတွင် လောကသုံးပါးအကျယ်ပါရှိ၏)

ဤလောကသုံးပါးတို့၏ ဖြစ်ပေါ်ဦးဖြစ်သော ရှေ့အစွန်းသည် လည်း မရှိ၊ နောက်၌ ချုပ်ဆုံးလတ္တံ့သော အဆုံးဟူ၍လည်း မရှိ၊ ဖီလာအားဖြင့်လည်း အရပ် ရှစ်မျက်နှာအနန္တတို့၌ အဆုံးဟူ၍ မရှိ၊ ဤလောကကြီး၏ အထက်အဆုံး အောက်အဆုံး အပိုင်းအခြားသည်ကား ရှိပေ၏၊ ဤမဟာပထဝီမြေကြီး၏ အောက်၌ ရေအထုကြီးရှိ၏၊ ထို ရေအထုကြီး၏အောက်၌ လေအထုကြီးရှိ၏၊ ထိုလေအထုကြီး အောက်၌မူကား အနန္တအဇဋာကာသကောင်းကင်အပြင် ရှိလေ၏၊ အထက်အဖို့အားဖြင့်မူကား ဗြဟ္မာဘုံ ၂၀-တို့တွင် နေဝသညာနာ သညာယတနဘုံသည် အထွတ်အထိပ်ဆုံးဖြစ်၏၊ ထိုဘုံကို ဘဝ၏ အထွတ်အထိပ် အစွန်အဖျားဖြစ်၍ ဘဝဂ်ဘုံခေါ်သည်၊ ထိုဘုံ၏ အထက်၌ အနန္တအဇဋာကာသ ကောင်းကင်ကြီးတည်နေ၏။

(ဤကား လောက၏အထက်အဖို့ အောက်အဖို့အားဖြင့် အဆုံးရှိပုံတည်း)

နိဒါနဝဂ္ဂ သံယုတ်၌လာသော အနမတဂ္ဂိယသံယုတ်ဖြင့် အလုံးစုံသော ကပ်ကမ္ဘာတို့၏ ဖြစ်တည်, ပျက်စီးခြင်းကို ချန်လှပ်၍ လောကကြီးသုံးပါးတို့၏ ရှေ့အစွန်း, နောက်အစွန်း မရှိပုံကို သိအပ်၏၊ စကြဝဠာတောင် အပိုင်းအခြား ကိုချန်ထား၍ ဖီလာဖြစ်သော အရပ်ရှစ်မျက်နှာအားဖြင့် လောကကြီးသုံးပါး၏ အဆုံးအဆ မရှိကြောင်းကို ပြဆိုလတ္တံ့သော သဂါထာဝဂ္ဂရောဟိတဿ ဒေဝပုတ္တ သံယုတ်ဖြင့် သိအပ်၏။

www.dhammaransi.com



ရောဟိတဿမည်သော နတ်သားသည် မြတ်စွာဘုရားအထံသို့ ခိုလှုံခစား၍ ဤသို့လျှောက်ထားလေ၏၊ အရှင်ဘုရား အကျွန်ုပ်သည် ရှေးအခါ၌ တန်ခိုးအာနုဘော်ကြီးမား၍ ကောင်းကင်ပျံသွားနိုင်သော ရောဟိတဿ အမည်ရှိသော ရသေ့ဖြစ်ခဲ့ပါ၏၊ တန်ခိုးအစွမ်းအားဖြင့် သွားသော ထိုအကျွန်ုပ်၏ အဟုန်လျင်မြန်ပုံသည် ဥပမာအားဖြင့် လိမ္မာသော လေးသမားသည် လျင်မြန် ပေါ့ပါးသော မြားကိုပစ်ရာ ထိုမြားသည် မြေ၌ထင်သော ထန်းပင်ရိပ်တစ်ခုကို ဖီလာအားဖြင့် ခဏချင်းလွန်၍ သွားဘိသကဲ့သို့ ထိုအတူ တစ်ခုတစ်ခုသော စကြဝဠာကို ခြေတစ်လှမ်းမျှလောက်သောအချိန်ဖြင့် လွန်မြောက်၍ သွားနိုင်ပါ၏ အရှင်ဘုရား၊ အကျွန်ုပ်အား ဤသို့သောအကြံဖြစ်ပါ၏ '"ငါသည် တန်ခိုး အစွမ်းအားဖြင့်သွား၍ လောကအဆုံးကို ရောက်လတ္တံ့." ဤသို့ အကြံဖြစ်ပါ၏၊ ထိုအကြံအစည်အတိုင်း အနှစ်တစ်ရာပတ်လုံး တန်ခိုးဖြင့် လျင်မြန်စွာသွားရာ ခရီးအကြား၌ပင်လျှင် သေဆုံးခြင်းသို့ ရောက်ခဲ့ပါ၏၊ အလုံးစုံသော လောက၏ အဆုံးကို မရောက်ခဲ့ပါဟူ၍ လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏၊ ချစ်သား ရောဟိတဿ နတ်သား သွားခြင်းဖြင့် လောက၏အဆုံးကို သိနိုင်, တွေ့နိုင်, ရောက်နိုင် လိမ့်မည်ဟူ၍ ငါဘုရားဟောတော်မမူ၊ လောက၏အဆုံးသို့ မရောက်ပဲလည်း ဒုက္ခ၏အဆုံးကို ပြုနိုင်လိမ့်မည် ဟူ၍လည်း ငါဘုရားဟောတော်မမူ၊ ချစ်သား ရောဟိတဿနတ်သား စင်စစ်သော်ကား သညာနှင့်တကွ, စိတ်နှင့်တကွသော တစ်လံမျှလောက်သော ဤကိုယ်ကောင်၌သာလျှင် လောကကြီးကို ပညတ်တော် မူ၏၊ လောက၏ ဖြစ်ကြောင်းကို ပညတ်တော်မူ၏၊ လောက၏ချုပ်ဆုံးခြင်းကို ပညတ်တော်မူ၏၊ လောကချုပ်ဆုံးခြင်းသို့ ရောက်ကြောင်းဖြစ်သော အကျင့် ကောင်းကိုလည်း ပညတ်တော်မူ၏၊ ဤတစ်လံမျှလောက်သော ကိုယ်ကောင်၌ သစ္စာလေးပါးရှိကြောင်းကို ဟောတော်မူလိုရင်းဖြစ်သည်။

ဂမနေန န ပတ္တဗ္ဗော၊ လောကဿန္တော ကုဒါစနံ။
အပတွာန စ လောကန္တံ၊ ဒုက္ခာ နတ္ထိ ပမောစနံ။

လောကဿ=လောကကြီး၏၊ အန္တော=အဆုံးသို့၊ ဂမနေန=သွားခြင်းဖြင့်၊ ကုဒါစနံ=တစ်ရံတစ်ဆစ်မျှ၊ နပတ္တဗ္ဗော=ရောက်နိုင်သည် မဟုတ်ချေ၊ လောကန္တံ= လောက၏အဆုံးသို့၊ အပတွာန=မရောက်မူ၍၊ ဒုက္ခာ=ဆင်းရဲမှ၊ ပမောစနံစ= လွတ်မြောက်နိုင်ခြင်းသည်လည်း၊ နတ္ထိ=မရှိ။

www.dhammaransi.com



ဤသို့မြတ်စွာဘုရား ဟောကြားတော်မူ၏။

[နဝင်္ဂုတ္တရပါဠိတော် စတုတ္ထဝဂ်၌လည်း ဤသုတ်ကို အကျယ်အားဖြင့် ဟောတော်မူသည်၊ တိကင်္ဂုတ္တရပါဠိတော် တတိယအာနန္ဒဝဂ်၌ ပြဆိုလတ္တံ့သော လောကသုံးပါးကို ဟောတော်မူသည်။]

**ထောင်ပေါင်းများလတ် စူဠနီလောကဓါတ်။** ။ချစ်သား အာနန္ဒာ အကြင်မျှ လောက် နေလတို့သည် လှည့်လည် သွားလာကြကုန်၏၊ အရပ်မျက်နှာတို့သည် တင့်တယ်စွာ ထွန်းလင်း တောက်ပကြကုန်၏၊ ထိုမျှလောက်သော ဧလောကဓာတ်ပေါင်း တစ်ထောင် သည်ရှိ၏၊ ထိုတစ်ထောင်သော လောကဓာတ်၌ လတစ် ထောင်, နေတစ်ထောင်, မြင့်မိုရ်တောင်မင်းတစ်ထောင်, ဇမ္ဗူဒီပါကျွန်းတစ်ထောင်, အပရဂေါယာန် ကျွန်း တစ်ထောင်, ဥတ္တရကုရုကျွန်း တစ်ထောင်, ပြုဗ္ဗဝိဒေဟကျွန်းတစ်ထောင် မဟာ သမုဒ္ဒရာလေးစင်း ပေါင်းတစ်ထောင်, စတုမဟာရာဇ်နတ်မင်းကြီး လေးယောက် ပေါင်း တစ်ထောင်, စတုမဟာရာဇ်နတ်ပြည်ပေါင်း တစ်ထောင်, တာဝတိံသာ နတ်ပြည်ပေါင်း တစ်ထောင်, ယာမာနတ်ပြည်ပေါင်းတစ်ထောင် တုသိသာနတ် ပြည်ပေါင်း တစ်ထောင်, နိမ္မာနရတိနတ်ပြည်ပေါင်း တစ်ထောင်, ပရနိမ္မိတ ဝသဝတ္တိနတ်ပြည်ပေါင်း တစ်ထောင်, ပြဟ္မာပြည်နှစ်ဆယ်ပေါင်း တစ်ထောင်၊ ချစ်သား အာနန္ဒာ ဤစကြဝဠာ လောကဓာတ်ပေါင်း တစ်ထောင်သည် **စူဠနီ လောကဓာတ်** မည်း၏။

**ဒွိသဟဿီ လောကဓာတ်။** ။တစ်ဖန် ထိုလောကဓာတ် တစ်ထောင်ကို တစ်ထောင်ဖြင့် မြှောက်အပ်ရှိသော် စကြဝဠာပေါင်း တစ်သိန်းဖြစ်၏၊ ထိုလောကဓာတ် စကြဝဠာပေါင်း တစ်သိန်းသည် **ဒွိသဟဿီလောကဓာတ်** မည်၏၊ မဇ္ဈိမလောကဓာတ်လည်းမည်၏။

**တစ်သိန်းမြှောက်ပြီ-တိသဟဿီ။** ။တစ်ဖန် ထိုစကြဝဠာ လောကဓာတ်ပေါင်း တစ်သိန်းကို တစ်သိန်းဖြင့် မြှောက်အပ် သည်ရှိသော် စကြဝဠာလောကဓာတ်ပေါင်း ကုဋေတစ်သိန်းဖြစ်၏၊ ဤလောက ဓာတ် စကြဝဠာပေါင်း ကုဋေတစ်သိန်းသည် **တိသဟဿီ မဟာသဟဿီ လောကဓာတ်**မည်၏၊ ချစ်သားအာနန္ဒာ မြတ်စွာဘုရားသည် အလိုတော်ရှိပါမူကား လောက ဓာတ်ကြီးတစ်ခုလုံးကို တိသဟဿီ မဟာသဟဿီ အသံဖြင့်သိစေနိုင် ရာ၏၊ အကြင်မျှလောက်အလိုရှိပါမူကား ထိုမျှလောက်သော လောကဓာတ်တို့ကို

www.dhammaransi.com



အသံဖြင့်သိစေနိုင်ရာ၏ဟူ၍ ဟောတော်မူသည်။

**[ဤပါဠိတော်စကားရပ်ဖြင့် စကြဝဠာတို့၏ အနန္တဖြစ်ကြောင်းကိုသိအပ်၏၊ ဤသို့ပြဆိုအပ်ပြီးသော စကားအစဉ်ဖြင့် စကြဝဠာအပိုင်းအခြားကိုထား၍ ဖီလာအားဖြင့် အရပ်ရှစ်မျက်နှာတို့၌ လောက၏ အဆုံးအဆမရှိကြောင်းကို သိအပ်၏။]**

## ကြက်ဥပမာ စကြဝဠာ

စကြဝဠာဆိုသော စကား၌ -

**"စက္ကံဝိယ သမန္တတော ဝါဠေတိ ပရိဝါဠေတီတိ စက္ကဝါဠံ"**

စက္ကံဝိယ=စက်ဝိုင်းကဲသို့၊ သမန္တတော=ထက်ဝန်းကျင်မှ၊ ဝါဠေတိ-ပရိဝါဠေတိ=ဝန်းဝိုင်းတတ်၏၊ ဣတိတသ္မာ=ထိုကြောင့်၊ စက္ကဝါဠံ=စကြဝဠာမည်၏။

လေးကျွန်းနှင့်တစ်မြင့်မိုရ်ကို ထက်ဝန်းကျင်မှ ဝန်းဝိုင်း၍တည်သော ကမ္ဘာ၏တံတိုင်း တောင်ဝန်းတောင်ဝိုင်းကြီးကို **စကြဝဠာ**ခေါ်သည်။ လောက ဓာတ်၏ အောက်အဖို့အားဖြင့် အပိုင်းအခြားရှိကြောင်းကို ဆိုလတ္တံ့သော မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်, အင်္ဂုတ္တရ ဘူမိစာလဝဂ်ပါဠိတော်တို့ဖြင့် သိအပ်၏။

အယံ အာနန္ဒ မဟာပထဝီ ဥဒကေ ပတိဋ္ဌိတာ၊ ဥဒကံ
ဝါတေ ပတိဋ္ဌိတံ၊ ဝါတော အာကာသဋ္ဌော ဟောတိ။

အာနန္ဒ=ချစ်သား အာနန္ဒာ၊ အယံ မဟာပထဝီ=ဤကမ္ဘာမြေကြီးသည်၊ ဥဒကေ=ရေထက်၌၊ ပတိဋ္ဌိတာ=တည်၏၊ ဥဒကံ=ရေသည်၊ ဝါတေ=လေထက်၌၊ ပတိဋ္ဌိတံ=တည်၏၊ ဝါတော=လေသည်၊ အာကာသဋ္ဌော=ကောင်းကင်ထက်၌ တည်သည်၊ ဟောတိ=ဖြစ်၏။

**အဓိပ္ပါယ်ကား**-ချစ်သားအာနန္ဒာ၊ ဤမြေကြီးသည် ရေထက်၌တည်၏၊ ရေသည် လေထက်၌တည်၏၊ လေသည် ကောင်းကင်ထက်၌ တည်၏။

**နိဒါနဝဂ္ဂသံယုတ် သတ္တမသုတ်၌လည်း**--ကမ္ဘာလောက၏ အောက် အပိုင်းအခြားကို ဤသို့ဟောတော်မူ၏၊ ချစ်သားရဟန်းတို့ ဥပမာသော်ကား အထွတ်တပ်သော ပြာသာဒ်သည်လည်းကောင်း၊ အထွတ်တပ်သော ဇရပ်သည် လည်းကောင်း ရှိ၏၊ ထိုအထွတ်တပ်သော ပြာသာဒ်, **အထွတ်တပ်သောဇရပ်၏** မြောက်မျက်နှာ၌လည်းကောင်း, တောင်မျက်နှာ၌လည်းကောင်း, အရှေ့မျက်နှာ၌ လည်းကောင်း, လေသာပြူတင်းပေါက်တို့သည် ရှိကုန်၏၊ နေသည် အရှေ့လောက

www.dhammaransi.com



ဓာတ်မှ တက်လာသည်ရှိသော် နေရောင်ခြည်တို့သည်ဝင်၍ အဘယ် အရပ်မှာ တည်ကုန်သနည်း၊ ဤသို့မြတ်စွာဘုရား မေးတော်မူသည်ရှိသော် အရှင်ဘုရား အနောက်နံရံ၌ တည်ကုန်၏ဟူ၍ လျှောက်ထားကြကုန်၏၊ အကယ်၍ အနောက် နံရံ မရှိပါလျှင် အဘယ်အရပ်၌ တည်ကုန်သနည်း၊ ဤသို့မေးတော်မူသည်ရှိသော် အရှင်ဘုရား မြေ၌တည်ကုန်၏-ဟူ၍ လျှောက်ထားကြကုန်၏၊ မြေကြီးသည် အကယ်၍ မရှိသည်ဖြစ်အံ့၊ အဘယ်အရပ်၌ တည်ပါကုန်သနည်း၊ ဤသို့ မေး တော်မူသည်ရှိသော် အရှင်ဘုရား ရေအပြင်၌တည်ပါကုန်၏ ဟူ၍ လျှောက် ထားကြကုန်၏။ အကယ်၍ ရေမရှိသည်ဖြစ်အံ့ အဘယ်အရပ်၌ တည်ပါကုန် သနည်း၊ ဤသို့ မေးတော်မူသည်ရှိသော် အရှင်ဘုရား တည်ရာမရှိပါ ဟူ၍ လျှောက်ထားကြကုန်၏၊ လောက၏ အထက်အပိုင်းအခြားသည်မူကား ဘုံကို ဝေဖန်၍ပြသော ထိုထိုသုတ္တန်အရပ်ရပ်တို့ဖြင့် ထင်ရှား၏၊ ဤသို့ ဆိုအပ်ပြီးသော စကားအစဉ်ဖြင့် လောကသုံးပါးတို့၏ ရှေ့အစွန်းသည်လည်း မရှိ၊ နောက် အစွန်းသည်လည်း မရှိ၊ ဖီလာအားဖြင့် အရပ်ရှစ်မျက်နှာတို့၌ အဆုံးအပိုင်း အခြားလည်း မရှိ၊ အောက်အပိုင်းအခြား အထက်အပိုင်းအခြားသည်မူကား ရှိ၏ဟူ၍သိအပ်၏။

[ဤအရာ၌ လောကသုံးပါးတို့၏ အနမတဂ္ဂသံသရာ၌ ကပ်ကမ္ဘာတို့၏ ဖြစ်ပုံစကား ရပ်များကို နိယာမဒီပနီပါဌ်၏ မြန်မာစကားပြေဖြစ်သော ဥရောပဗုဒ္ဓဘာသာအလင်းပြ ကျမ်းတွင် ပြဆိုခဲ့ပြီးဖြစ်၍ ထိုကျမ်း၌ယူလေကုန်။]

မြတ်စွာဘုရားသည် အဆုံးမရှိသောလောကသုံးပါးတို့၌ သိသင့်သိထိုက် သော အရာဟူသမျှကို အကြွင်းအကျန်မရှိ သဗ္ဗညုတာဉာဏ်တော်ဖြင့် ဟုတ်မှန် သောအတိုင်း သိတော်မူ၏၊ ထိုသဗ္ဗညုတာဉာဏ်တော်သည် အလိုတော်မရှိပဲ, ဆင်ခြင်တော်မမူပဲ အခါခပ်သိမ်းသိ၍ နေတော်မူသည်လည်း မဟုတ်ချေ၊ ထိုသဗ္ဗညုတာဉာဏ်သည် မြတ်စွာဘုရား၏ အလိုတော်နှင့်လည်း စပ်၍ဖြစ်၏၊ ဆင်ခြင်တော်မူခြင်း အာဝဇ္ဇန်းနှင့်လည်း စပ်၍ဖြစ်၏၊ ထိုစကားမှန်၏၊ မြတ်စွာ ဘုရားသည် ထိုသဗ္ဗညုတာဉာဏ်တော်ဖြင့် အကြင်အကြင်အရာကို သိတော်မူ ခြင်းငှာ အလိုရှိလျှင် ဆင်ခြင်တော်မူလေ၏။ ထိုသို့ သိတော်မူလို၍ ဆင်ခြင်တော် မူသောအခါမှသာလျှင် ထိုထိုအရာကို သိတော်မူသည်သာ ဖြစ်၏၊ အလိုရှိ၍ ဆင်ခြင်တော်မူလျှင် မသိသောအရာ, ပိတ်ပင်ဆီး တားအပ်သောအရာဟူ၍ မရှိချေ၊ အလုံးစုံသိမြင်တော်မူသည်သာလျှင်တည်း။ ထိုကြောင့် ထိုဉာဏ်တော်ကို သဗ္ဗညုတာဉာဏ်ဟူ၍လည်းကောင်း, အနာဝရဏဉာဏ်ဟူ၍လည်းကောင်း,

www.dhammaransi.com



သမန္တစက္ခုဉာဏ်ဟူ၍လည်းကောင်း, သမ္မာသမ္ဗောဓိဉာဏ်ဟူ၍လည်းကောင်း ဆိုအပ်၏။ အကြင်အကြင်အရာကို သိတော်မူလို၍ ဆင်ခြင်တော်မူသောအခါ ထိုထိုအရာကို သိတော်မူ၏ဟူ၍ဆိုသဖြင့် အကြင်အကြင်အရာကို သိခြင်းငှာ ဆင်ခြင်တော်မမူ၊ အာရုံပြုတော်မမူ၊ ထိုသို့ ဆင်ခြင်ခြင်း၊ အာရုံပြုခြင်း မရှိသော အခါ ထိုထိုအရာကို သိတော်မမူ ဟူသောစကားလည်း ပြီးစီးလေ၏။

ဘဝင်စိတ်ကျ၍နေသောအခါ, ဈာန်သမာပတ် ဝင်စားသောအခါ, ဖလ သမာပတ်ဝင်စားသောအခါ, နိရောဓသမာပတ်ဝင်စားသောအခါတို့၌လည်း တစ်ပါးသောအာရုံကို သိတော်မူသည် မဟုတ်ချေ၊ ကြွင်းသောဉာဏ်တော်တို့ သည်ကား မိမိတို့ဆိုင်ရာ ဖြစ်သောအာရုံတို့ကိုသာလျှင် သိကြလေကုန်၏၊ ပုဗ္ဗေနိဝါသဉာဏ်ဖြင့် ရှေးလွန်ခဲ့ပြီးသော အနမတဂ္ဂသံသရာ၌ ဖြစ်ခဲ့သမျှသော အကြောင်းအရာတို့ကို သိ၏၊ ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ပစ္စုပ္ပန်အခါ၌ အတိုင်းမသိသော စကြဝဠာတို့၌ လူ, နတ်, ဗြဟ္မာတို့၏ အမျိုးမျိုးသော အဆင်းသဏ္ဍာန်တို့ကို မြင်၏၊ ဒိဗ္ဗသောတဉာဏ်ဖြင့် ပစ္စုပ္ပန်၌ အမျိုးမျိုးသောစကားသံတို့ကို ကြား၏၊ စေတောပရိယဉာဏ်ဖြင့် ထိုလူ, နတ်, ဗြဟ္မာ, သတ္တဝါတို့၏ စိတ်အကြံအစည် အမျိုးမျိုးတို့ကို သိ၏၊ နတ်ပြည်သို့လည်းကောင်း, ဗြဟ္မာပြည်သို့လည်းကောင်း, ထိုထိုစကြဝဠာတို့သို့လည်းကောင်း, သွားခြင်းငှါ အလိုရှိ၏၊ ထိုသို့ သွားလိုသည်ရှိ သော် ဣဒ္ဓိဝိဓအဘိညာဉ်ဖြင့် ခဏချင်း ပေါက်ရောက်နိုင်လေ၏၊ အမျိုးမျိုးသော အဆင်းတို့ကို ဖန်ဆင်းခြင်းငှါ အလိုရှိ၏၊ ထိုအခါ ဣဒ္ဓိဝိဓအဘိညာဉ်ဖြင့် ထိုထို အဆင်းအမျိုးမျိုးကို ဖန်ဆင်းနိုင်၏။

**[မဟာပရိနိဗ္ဗာနသုတ်၌လည်းကောင်း, အင္ဂုတ္တရပါဠိတော် ဘူမိစာလဝဂ်၌လည်း ကောင်း, ဣဒ္ဓိဝိဓအဘိညာဉ်ဖြင့် အဆင်းအမျိုးမျိုးကို ဖန်ဆင်း၍ ပရိသတ်အမျိုးမျိုးသို့ ပါဝင်၍ တရားဓမ္မဟောပြတော်မူကြောင်းကို ဆိုသည်။]**

**ပရိသတ်ရှစ်ပါး တရားဓမ္မဟောပြချက်။** ။ချစ်သားအာနန္ဒာ- ပရိသတ် တို့သည် ရှစ်ပါးရှိကုန်၏၊ ရှစ်ပါးဟူသည် အဘယ်နည်း-(၁)မင်းပရိသတ်(၂) ပုဏ္ဏား ပရိသတ်, (၃) သူဌေး ပရိသတ်, (၄) ရဟန်းပရိသတ်, (၅) စတုမဟာရာဇ်ပရိသတ်, (၆) တာဝတိံသာ ပရိသတ်, (၇) မာရ်မင်းပရိသတ်, (၈) ဗြဟ္မာပရိသတ်-ဤပရိသတ်ရှစ်ပါးတို့ ပေတည်း။

ချစ်သားအာနန္ဒာ၊ ငါဘုရားသည် အရာမကသော မင်းပရိသတ်သို့ ချဉ်းကပ်

www.dhammaransi.com



ပါဝင်ခဲ့သည်ကို မှတ်သားမိတော်မူ၏၊ ထိုမင်းပရိသတ်၌ အတူတကွ ထိုင်၍လည်း နေတော်မူဖူး၏၊ စကားလည်းပြောဆိုဖူး၏၊ ဆွေးနွေးတိုင်ပင်ဖူးသည့်လည်းဖြစ်၏၊ ထိုမင်းပရိသတ်၌ ထိုမင်းတို့၏ အဆင်းအရောင်သည် အကြင်သို့သဘောရှိ၏၊ ငါဘုရား၏ အဆင်းအရောင်သည်လည်း ထိုကဲ့သို့သဘောရှိ၏၊ ထိုမင်းတို့၏ အသံသည် အကြင်သို့သဘောရှိ၏၊ ငါဘုရား၏အသံသည်လည်း ထိုကဲ့သို့ သဘောရှိ၏၊ ထိုမင်းတို့အား တရားနှင့်စပ်သော စကားကိုလည်း ဟောကြားတော်မူ၏၊ ဟောကြားအပ်သော တရားစကားကိုလည်း အရိုအသေပြု၍ ကြားနာကြကုန်၏၊ ကြည်ညိုကြကုန်၏၊ နှစ်သက်ကြကုန်၏၊ တရားဟော၍နေသော ငါဘုရားကိုလည်း မသိကြကုန်၊ အဘယ်မည်သော ဤသူသည် ဟောပြောလေ သနည်း လူလေလော, နတ်ပြဟ္မာလေလောဟူ၍ မှတ်ထင်ကြကုန်၏၊ တရားကို ဟောကြားပြီးသောအခါ ကွယ်ခဲ့လေ၏၊ ကွယ်သော ငါဘုရားကိုလည်း မသိကြ ကုန် ကွယ်ပျောက်လေသော ဤသူကား အဘယ်သူနည်း လူလေလော, နတ်လေ လောဟူ၍ မှတ်ထင်ကြကုန်၏၊ အရာမကသော ပုဏ္ဏားပရိသတ်, သူဌေးပရိသတ်, ရဟန်းပရိသတ်, စတုမဟာရာဇ်ပရိသတ်, တာဝတိံသာပရိသတ်, မာရ်မင်း ပရိသတ်, ပြဟ္မာပရိသတ်တို့သို့ ချဉ်းကပ်သက်ဝင်ရာ၌လည်း ဤနည်းအတူပင် တည်း။

ဆိုခဲ့ပြီးသော ပရိသတ်ရှစ်ပါးတို့တွင် မင်း, ပုဏ္ဏား, သူဌေး, ရဟန်း ဟုဆိုအပ်သော ရှေ့ပရိသတ်လေးပါးကို ဤစကြဝဠာကို ချန်ထား၍ တစ်ပါးသော စကြဝဠာတို့၌ရှိသော မင်း, ပုဏ္ဏား, သူဌေး, ရဟန်းပရိသတ်တို့ကို မှတ်ယူအပ်၏၊ ထိုစကားမှန်၏၊ ဤစကြဝဠာ၌ ရှိသော မင်း, ပုဏ္ဏား, သူဌေး, ရဟန်းတို့သည်ကား မြတ်စွာဘုရားကို မြင်ဘူးသည် များကြကုန်၏၊ မြတ်စွာဘုရား၏ ဂုဏ်တော်, ကျေးဇူးတော် သတင်းများကို ကြားဖူးသည်များကုန်၏၊ ထိုသို့မြတ်စွာဘုရားကို မြင်ဘူး, သတင်းဂုဏ်ကိုကြားဘူးသော ပရိသတ်တို့အလယ်၌မူကား ဣန္ဒိဝိဓ အဘိညာဏ်ဖြင့် အဆင်းအမျိုးမျိုးဖန်ဆင်း၍ ဟောကြားဖွယ်ကိစ္စ မရှိချေ။ ပကတိသဘောအားဖြင့် ကြည်ညိုရိုသေပြီး ဖြစ်ကြလေသည်၊ စတုမဟာရာဇ်, တာဝတိံသာ, မာရ်နတ်, ပြဟ္မာဟုဆိုအပ်သော နောက်ပရိသတ်လေးပါးကို ဇာတိခေတ်ဟုဆိုအပ်သော ဒသသဟဿီ မဇ္ဈိမလောကဓာတ် စကြဝဠာတိုက် တစ်သိန်းကို ချန်လှပ်၍ ထိုဇာတိခေတ်မှ အပြင်ပ၌ဖြစ်သော အနန္တစကြဝဠာ တိုက်တို့၌ နေထိုင်ကြကုန်သော စတုမဟာရာဇ်နတ်ပရိသတ် စသည်ကိုသာ ယူ အပ်၏။

www.dhammaransi.com



ထိုစကားမှန်၏၊ ဇာတိခေတ်အတွင်း၌ နေထိုင်ကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့သည် များသောအားဖြင့် မြတ်စွာဘုရားကို ဖူးမြင်ဖူးကြကုန်၏၊ မြတ်စွာဘုရား၏သတင်းဂုဏ်တော်များကို ကြားသိဖူးကြကုန်၏၊ ထိုသို့ ဖူးမြင်ကြားသိဖူးသော နတ်ဗြဟ္မာ ပရိသတ်တို့အလယ်မှာ ဣဒ္ဓိဝိဓအဘိညာဏ်ဖြင့် အဆင်းအမျိုးမျိုး ဖန်ဆင်း၍ တရားဟောကြားဖွယ်ကိစ္စ မရှိချေ၊ ထိုနတ်ဗြဟ္မာတို့သည် ပကတိသဘောအားဖြင့် မြတ်စွာဘုရားကို ကြည်ညိုမြတ်နိုးပြီးရှိကြကုန်သည်၊ ဤအဓိပ္ပါယ်ကို **"ဧကမိဒါဟံ ဘိက္ခဝေ သမယံ ဥက္ကဋ္ဌာယံ ဝိဟရာမိ"** အစရှိသည်ဖြင့် ဟောတော်မူအပ်သော မဟာပဒါနသုတ်ဖြင့် သိအပ်၏။

မြတ်စွာဘုရားသည် သုဒ္ဓါဝါသဗြဟ္မာဘုံသို့ ကြွတော်မူသော အခါ၌လည်း အဆင်းအမျိုးမျိုးဖန်ဆင်းခြင်းဟုဆိုအပ်သော ဣဒ္ဓိဝိဓအဘိညာဏ်ကို ပြုလုပ်ရန်အကြောင်းမရှိချေ၊ ထိုစကားမှန်၏၊ သုဒ္ဓါဝါသဗြဟ္မာဘုံ၌ ရှိနေကြကုန်သော ဗြဟ္မာတို့သည် အနာဂါမ်, ရဟန္တာ အရိယာတို့သာ ဖြစ်ကြလေကုန်သောကြောင့် မြတ်စွာဘုရား၏ဂုဏ်ကို ကောင်းစွာသိရှိကြကုန်၏၊ မြတ်စွာဘုရားကို မဖူးမြင်ဖူးကြသော ပရိသတ်, ဂုဏ်ကျေးဇူးတော်များကို မကြားရဖူးသော ပရိသတ်တို့၌သာလျှင် ကိုယ်တော်၏ အလိုသို့ပါလေအောင် ထိုသူတို့နှင့် လိုက်လျောညီစွာ ဆက်ဆံ၍ တရားကိုနာယူကြစေရန် ဣဒ္ဓိဝိဓအဘိညာဏ်ဖြင့် ဖန်ဆင်း၍ ဟောတော်မူရလေသည်ဟူ၍မှတ်အပ်၏၊ ဤသို့လျှင် သုံးပါးအပြားရှိသော ဤလောကကြီးကို သဗ္ဗညုတာဉာဏ်တော်ဖြင့်လည်းကောင်း, တစ်ပါးသောဉာဏ်တို့ဖြင့်လည်းကောင်း, ဟုတ်မှန်သောအတိုင်း သိတော်မူတတ်သောကြောင့် လောကဝိဒူမည်တော်မူသတည်း။

[ဤလောကဝိဒူဂုဏ်တော်သည် လောကကြီးဆန်းပြား ကျယ်ဝန်းသောအတိုင်း အလွန်ဆန်းပြားကျယ်ဝန်းလှ၏၊ လောက၌ ရှိရှိသမျှအလုံးစုံကို အကုန်သိမြင်တော်မူ၏၊ စကြဝဠာကမ္ဘာလောကဓာတ်တို့၏ ပုံပန်းသဏ္ဌာန် တည်နေဟန်များမှစ၍ မှန်သောအတိုင်း သိမြင်တော်မူ၏၊ လောကကြီး၏ ဆန်းကြယ်သောအတိုင်း လောကဝိဒူဂုဏ်တော်ကို စေ့စုံစွာ ဖွင့်ဆိုပြောကြားရန်မှာ မြတ်စွာဘုရား၏ ဉာဏ်တော်အရာသာဖြစ်၏။]

၅-လောကဝိဒူဂုဏ်တော်ဖွင့်ပြီး၏။

---------------

www.dhammaransi.com



## ၆-အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်

### အနုတ္တရ ဝိဂြိုဟ်

အဒန္တာနံ ဒုဋ္ဌပုရိသာနံ ဒမနကိစ္စေ နတ္ထိ အတ္တနော ဥတ္တရိ တရော ဧတေသာတိ အနုတ္တရော။

ဧတေသံ-ထိုမြတ်စွာဘုရားအား၊ အဒန္တာနံ-မယဉ်ကျေးကုန်သော၊ ဒုဋ္ဌပုရိသာနံ-ဆိုးသွမ်းသောသတ္တဝါတို့ကို၊ ဒမနကိစ္စေ-ယဉ်ကျေးအောင် ဆုံးမခြင်းကိစ္စ၌၊ အတ္တနော-ကိုယ်တော်ထက်၊ ဥတ္တရိတရော-ကဲလွန်သော ပုဂ္ဂိုလ်သည်၊ နတ္ထိ-မရှိ၊ ဣတိတသ္မာ-ထို့ကြောင့်၊ အနုတ္တရော-အနုတ္တရ မည်တော်မူ၏။

မယဉ်ကျေးသောသတ္တဝါဆိုးတို့ကို ယဉ်ကျေးအောင် ဆုံးမရာ၌ ကိုယ်တော်ထက်လွန်သူ ပုဂ္ဂိုလ်မရှိသောကြောင့် ဤအရာ၌ အနုတ္တရမည်တော်မူသည်။

### အားခွန်မာန်တက် သတ္တဝါဆိုးမချက်

ပုရိသဒမ္မဆိုသည်ကား လွန်ကဲသော ဆုံးမနည်းတို့ဖြင့် ဆုံးမခြင်းငှါ ထိုက်ကုန်သော အထူးဆုံးမထိုက်ကုန်သော ယောကျ်ား၏စွမ်းအား, ယောကျ်ား၏မာန်တို့ဖြင့် ခက်ထန်သောင်းကြမ်း၍ နေကြကုန်သော လူအထူး, ပုဏ္ဏားအထူး, ရဟန်းအထူး, ဘီလူးအထူး, နတ်အထူး, ဗြဟ္မာအထူး, တိရစ္ဆာန်အထူးတို့ပေတည်း။

### ပုရိသဒမ္မသာရထိ ဝိဂြိုဟ်

ပုရိသဒမ္မေ သာရေတိ ဒမေတိ ဒန္တဘူမိံ သမ္ပာပေတီတိ ပုရိသဒမ္မသာရထိ။

ပုရိသဒမ္မေ-အားခွန်မာန်တက် ဆုံးမခက်ကုန်သော သတ္တဝါတို့ကို၊ သာရေတိ ဒမေတိ-ယဉ်ကျေးအောင် ဆုံးမတော်မူတတ်၏၊ ဒန္တဘူမိံ-ယဉ်ကျေးသောဘုံသို့၊ သမ္ပာပေတိ-ကောင်းစွာဆိုက်ရောက်စေတတ်၏၊ ဣတိတသ္မာ-ထို့ကြောင့်၊ ပုရိသဒမ္မသာရထိ-ပုရိသဒမ္မသာရထိ မည်တော်မူ၏။

ယောကျ်ားတို့၏ခွန်အား စောင်းမာန်တက်၍ဆုံးမခက်အောင်, မယဉ်ကျေးသော သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ် ယဉ်ကျေးသော ဒန္တဘူမိသို့ ရောက်စေတတ်သောကြောင့် ပုရိသဒမ္မသာရထိ မည်တော်မူသည်။

[အနုတ္တရပုဒ် ပုရိသဒမ္မသာရထိပုဒ် နှစ်ခုကို တွဲသောအခါ အနုတ္တရောပုရိသဒမ္မသာထိ ဖြစ်လာ၏။]

www.dhammaransi.com



ယဉ်ကျေးအောင် ဆုံးမမှု၌ အတုမရှိသည်ဖြစ်၍ အားခွန်မာန်တက် ဆုံးမခက်သော သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သောသတ္တိကြောင့် မြတ်စွာဘုရားသည် **အနုတ္တရောပုရိသ ဒမ္မသာရထိ** မည်တော်မူသည်။

## သတ္တဝါကြမ်းဆိုး အမျိုးမျိုး

ဆိုခဲ့ပြီးသော စကားရပ်၌ မြတ်စွာဘုရား ဆုံးမအပ်သော **တိရစ္ဆာန်ဆိုး** အထူးဆိုသည်ကား နာဠာဂီရိဆင်, အပလာလနဂါး, အစရှိသည်တို့ပေတည်း။ **လူဆိုးလူကြမ်း** အထူးတို့ဆိုသည်ကား အင်္ဂုလိမာလ ခိုးသူကြီး, သစ္စကပရိဗိုဇ်, ဥပါလိသူကြွယ်စသောသူတို့ပေတည်း၊ **ရဟန်းဆိုး** အထူးတို့ဆိုသည်ကား ဥရုဝေလကဿပ, ပါထိကပုတ္တ အစရှိသည်တို့ပေတည်း၊ ထိုမှတစ်ပါး အရာမကသော ပရိဗိုဇ်ရဟန်းများတို့ပေတည်း၊ **ပုဏ္ဏားဆိုး** အထူးတို့ဆိုသည်ကား ဥဒယပုဏ္ဏား အစရှိကုန်သော အရာမကသော ပုဏ္ဏားတို့ပေတည်း၊ **ဘီလူးဆိုး** အထူးတို့ဆိုသည်ကား အာဠဝက, သူစိလောမ, ခရလောမစသော အရာမကသော ဘီလူးတို့ပေတည်း၊ **နတ်ဆိုး နတ်ကြမ်း** အထူးတို့ ဆိုသည်ကား မာရ်နတ်သား, ပဟာရာဒအသုရာ အစရှိသောနတ်တို့ပေတည်း၊ ထိုနတ်ဆိုးနတ်ကြမ်းတို့သည် ယဉ်ကျေးခြင်း ဒန္တဘူမိသို့ မရောက်ကြကုန်သော်လည်း မြတ်စွာဘုရား၏ တန်ခိုးတော် အားအစွမ်းကို သိသောအခါမှစ၍ မြတ်စွာဘုရားကိုယ်တော်မြတ်၌ မိမိတို့၏ ပုရိသမာန် တံခွန်ကို မထောင်လွှားဝံ့ကြကုန်။

ယဉ်ကျေးသော ဒန္တဘူမိဆိုသည်ကား ဤအရာ၌ သရဏဂုံတည်သည်မှ အစပြု၍ ဆိုအပ်၏၊ ဥပရိပဏ္ဏာသ ဒန္တဘူမိသုတ်ပါဠိတော်၌ကား အာသဝက္ခယ ဉာဏ်ကို ဒန္တဘူမိဟူ၍ ဆို၏၊ **ဗြဟ္မာကြမ်း** အထူးတို့ ဆိုသည်ကား ဗကဗြဟ္မာ အစရှိသော ဗြဟ္မာတို့ပေတည်း၊ ဗကဗြဟ္မာ ဆိုသည်ကား ပထမဈာန်ဗြဟ္မာဘုံ၌ ကမ္ဘာ၏အကြီးအမှူး ဦးစီးဦးကိုင်ဖြစ်သော မဟာဗြဟ္မာမင်းကြီးပင်တည်း။ ထိုဗကဗြဟ္မာသည် စူဠနီ လောကဓာတ်ဟုဆိုအပ်သော စကြဝဠာတစ်ထောင်ကို အစိုးရ၏၊ ထို ဗြဟ္မာကြီး၏အကြောင်းကို မူလပဏ္ဏာသ ဗြဟ္မနိမန္တနသုတ်, ဗြဟ္မသံယုတ်, ပါဠိဇာတ်, သုတ္တနိပါတ်, ဗကဇာတ်တို့၌ ဗကဟူသောအမည်အားဖြင့် လာရှိ၏၊ ထိုဗကဗြဟ္မာကြီးအား ယုတ်မာသော ဒိဋ္ဌိအယူတို့သည်ရှိကုန်၏၊ ထိုအယူများကား ငါသည်မြဲ၏ ထာဝရဖြစ်၏၊ အခိုင်အခန့် တည်နေ၏ဟူသော သဿတဒိဋ္ဌိလည်းကောင်း, ဤဘုံဘဝမှ အထက်၌ လွတ်မြောက်ရာဖြစ်သော ဘုံဘဝသည် မရှိဟူသော ဥစ္ဆေဒဒိဋ္ဌိလည်းကောင်း, ဤသတ္တလောကကြီးသည်

www.dhammaransi.com



ငါ၏အလိုဆန္ဒကြောင့် ဖြစ်ပေါ်လာရ၏ ငါဖန်ဆင်း၍ ဖြစ်ပေါ်လာ၏ ငါသည် ဖန်ဆင်းနိုင်၏ဟူသော ဣဿရနိမ္မာနဒိဋ္ဌိလည်းကောင်း, ငါသည်အလုံးစုံကိုသိ၏ အလုံးစုံ ကိုမြင်၏ ငါသည်လောက၏အတွင်း၌ တစ်ဆူတည်းသော ဘုရားတည်း ဟူ၍ မှတ်ယူသောဒိဋ္ဌိလည်းကောင်း, ဤအယူတို့သည် ထိုဗကဗြဟ္မာကြီး၌ ရှိလေ၏၊ ထိုဗကဗြဟ္မာကြီးကိုရည်၍ ဗြဟ္မဇာလသုတ် ကေဝဋ္ဋသုတ် ဝါဒ၌ -

တဿ ဧဝံ ဟောတိ၊ အဟမသ္မိ ဗြဟ္မာ မဟာဗြဟ္မာ အဘိဘူ အနဘိဘူတော အညဒတ္ထုဒသော ဝသဝတ္တိ ဣဿရော ကတ္တာ နိမ္မာတာ သေဋ္ဌော သဇိတာ ဝသီ ပိတာ ဘူတဘဗျာနံ မယာ ဣမေ သတ္တာ နိမ္မိတာ။

ဟူ၍လည်းကောင်း။

တေသဉ္စ သတ္တာနံ ဧဝံ ဟောတိ ဣမိနာ မယံ ဘောတာ မဟာဗြဟ္မုနာ နိမ္မိတာ။

ဟူ၍လည်းကောင်း ဟောတော်မူသည်။

တဿ-ထိုမဟာဗြဟ္မာကြီးအား၊ ဧဝံ-ဤသို့သော ထင်မြင်ချက်သည်၊ ဟောတိ-ဖြစ်၏၊ အဟံ-ငါသည်၊ ဗြဟ္မာ-ကြီးမြတ်သော ဗြဟ္မာသည်၊ အသ္မိ-ဖြစ်၏၊ မဟာဗြဟ္မာ-ဗြဟ္မာမင်းကြီးတည်း၊ အဘိဘူ-အလုံးစုံသော လောကကိုလွှမ်းမိုးနိုင်၏၊ အနဘိဘူတော-တစ်စုံတစ်ဦးသောသူမျှ ငါ့ကိုမလွှမ်းမိုးနိုင်၊ အညဒတ္ထုဒသော-စင်စစ် သိမြင်နိုင်၏၊ ဝသဝတ္တိ-အလုံးစုံသော သတ္တဝါတို့ကိုငါ၏ အလိုသို့ လိုက်စေနိုင်၏၊ ဣဿရော-လောကကို အစိုးရ၏၊ ကတ္တာ-လောကကို ပြုပြင် တည်ထောင်နိုင်၏၊ နိမ္မာတာ-လောကကို ဖန်ဆင်းနိုင်၏၊ သေဋ္ဌော-အလုံးစုံသော လောကထက် ကြီးမြတ်၏၊ သဇိတာ-အလုံးစုံသော လောကကို စီရင်နိုင်၏၊ ဝသီ-တန်ခိုးအရာ၌ ဝသီဘော်မြောက်၍ နိုင်နင်း၏၊ ဘူတဘဗျာနံ-ဥပပတ် သတ္တဝါ, သံသေဒဇသတ္တဝါ, ဂဗ္ဘသေယျသတ္တဝါတို့၏၊ ပိတာ-ခမည်းတော်ကြီးဖြစ်၏၊ ဣမေ သတ္တာ-ဤသတ္တဝါတို့ကို၊ မယာ-ငါသည်၊ နိမ္မိတာ-ဖန်ဆင်းအပ်ကုန်၏။

တေသဉ္စ သတ္တာနံ-ထိုသတ္တဝါတို့အားလည်း၊ ဧဝံ-ဤသို့သော ထင်မြင် ချက်သည်၊ ဟောတိ-ဖြစ်၏၊ မယံ-ငါတို့သတ္တဝါများကို၊ ဘောတာ-အရှင်ဖြစ်သော၊ ဣမိနာ မဟာဗြဟ္မုနာ-ဤမဟာဗြဟ္မာမင်းကြီးသည်၊ နိမ္မိတာ-ဖန်ဆင်းတော် မူအပ်ကုန်၏။

www.dhammaransi.com



## ဘုရားစစ်ထင်မြင် ဗကမဟာဗြဟ္မာပင်

**ဤပါဠိတော်၌-** မဟာဗြဟ္မာကြီး ထင်မြင်ချက်တို့တွင် ငါသည်သာလျှင် အလုံးစုံသော လောကကို အသက်ရှည်ခြင်း, အဆင်းလှခြင်း, တန်ခိုးကြီးခြင်း, အစိုးရခြင်းတို့ဖြင့် လွှမ်းမိုးနိုင်၏ဟူ၍ ထင်မြင်သည်ကို **အဘိဘူ** ဆိုသည်၊ တစ်စုံတစ်ယောက်သော သတ္တဝါသည် ငါ့ကိုမလွှမ်းမိုးနိုင်ဟူ၍ ထင်မြင်သည်ကို **အနဘိဘူတော** ဆိုသည်၊ လောက၌ မြင်သင့် မြင်ထိုက်သမျှ သိသင့်သိထိုက်သမျှသော အလုံးစုံကို အကုန်ငါသိမြင်သည်ဟူ၍ ယူသည်ကို **အညဒတ္ထုဒသော** ဟူ၍ဆိုသည်၊ ထိုအညဒတ္ထုဒသောဟူသော ထင်မြင်ချက်ဖြင့် မိမိကိုယ်ကို မိမိဘုရားဟု ဝန်ခံကြောင်းကိုပြ၏၊ အလုံးစုံသော သတ္တဝါတို့အလယ်၌ ငါသည်သာလျှင် အလိုအတိုင်းဖြစ်၏ ဤသတ္တဝါအပေါင်းတို့သည် ငါ့အလိုသို့ လိုက်ကြရ၏ဟူ၍ထင်မြင်သည်ကို **ဝသဝတ္တိ** ဆိုသည်၊ တစ်လောကလုံးကို အစိုးရ၏ဟု ထင်မြင်သည်ကို **ဣဿရ** ဆိုသည်၊ လောကကို ငါပြုပြင်သည် လောကကို ငါဖန်ဆင်းသည် ငါ့ကိုအမှီပြု၍ ဤလောကသုံးပါး ဖြစ်လာရသည် လောကကြီးသည် ငါသာလျှင် အစအမွန်ဖြစ်၏ ဟူ၍ထင်မြင်သည်ကို **ကတ္တာ, နိမ္မာတာ** ဆိုသည်၊ ဤလောကတွင် ငါသည် အကြီးဆုံး အမြင့်မြတ်ဆုံးဖြစ်၏ ငါနှင့်တူသော သူဟူ၍ တစ်စုံတစ်ယောက်မျှ မရှိဟူ၍ ထင်မြင်သည်ကို **သေဋ္ဌ** ဆိုသည်၊ ဤလောကကြီးကို ငါအလိုရှိသလို စီရင်နိုင်သည်ဟူ၍ ထင်မြင်သည်ကို **သဇိတာ** ဆိုသည်၊ ကံအစွမ်းဖြင့်ပြီးသော တန်ခိုးအရာ၌ ငါသည် အကြင်သို့ အလိုရှိ၏ ထိုသို့ပြုလုပ်ခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်ကြောင့် ငါ့ကိုယ်ကို ငါအလိုလိုက်စေနိုင်၏ ဟူ၍ထင်မြင်သည်ကို **ဝသီ** ဆိုသည်၊ ကိုယ်ထင်ရှားဖြစ်ပေါ်သော ဥပပတ်သတ္တဝါ, အညို၌စွဲ၍ဖြစ်သော သံသေဒဇသတ္တဝါ, အမိဝမ်းတိုက်၌ဖြစ်သော ဂဗ္ဘသေယျသတ္တဝါ ဤ သတ္တဝါတို့၏ ဖခင်ကား ငါတည်း၊ ငါသည် သတ္တဝါတို့၏ ခမည်းတော် ကြီးဖြစ်၏ ဟူ၍ထင်မြင်သည်ကို **ပိတာ, ဘူတဘဗျာနံ** ဆိုသည်။

(ဥပပတ်သတ္တဝါတို့ကို ဘူတ, သံသေဒဇ, ဂဗ္ဘသေယျသတ္တဝါတို့ကို ဘဗျ,ဟုခွဲ၍မှတ်လေ။)

ထိုဗကမည်သော မဟာဗြဟ္မာသည်ပင်လျှင် သီလက္ခန်ပါဠိတော် ကေဝဋ္ဋသုတ်၌လည်း တန်ခိုးနှင့်ပြည့်စုံသော အမည်အားဖြင့် မထင်ရှားသော ရဟန်းတစ်ပါးသည် ဗြဟ္မာ့ဘုံသို့သွား၍ များသောဗြဟ္မာပရိသတ်၏ အလယ်၌ မဟာဘုတ်ရုပ်ဓာတ်ကြီး ၄-ပါးတို့၏ ချုပ်ရာဌာနကို မေးသောအခါ ထိုဗကမဟာဗြဟ္မာသည်ပင်လျှင် ထိုရဟန်းကိုလက်ရုံး၌ကိုင်၍ အရပ်တစ်ပါးသို့

www.dhammaransi.com



ဆောင်သွားပြီးလျှင် ဤသို့တီးတိုး စကားပြောကြားလေ၏၊ ရှင်ရဟန်း ဤပြဟ္မာ အပေါင်းတို့သည် ဤမဟာပြဟ္မာကြီးအား မသိသောအရာ, မမြင်သောအရာ, မထင်ရှားသောအရာ, မျက်မှောက်မပြုနိုင်သောအရာဟူ၍ တစ်စုံတစ်ခုမျှမရှိ၊ အလုံးစုံကို သိမြင်၏ဟူ၍ ကျွန်ုပ်ကို မှတ်ထင်၍နေကြပါသည်၊ ထို့ကြောင့် အကျွန်ုပ်သည် ထိုပြဟ္မာတို့၏ မျက်မှောက်၌ ရှင်ရဟန်း မေးသောအရာကို မသိပါဟူ၍ မဖြေကြားပဲ နေပါသည်၊ အမှန်အားဖြင့် ကျွန်ုပ်မသိပါ၊ မြတ်စွာဘုရား ထံသို့ သွား၍ မေးလျှောက်ပါချေလော ဟူ၍ပြောကြားလေ၏၊ ဤကဲ့သို့ရဟန်းကို မှန်သောအတိုင်း ဖွင့်၍ပြောသည်မှာ ပြဟ္မနိမန္တနသုတ်၌ မြတ်စွာဘုရား ယဉ်ကျေးအောင် ဆုံးမပြီးဖြစ်၍ ယဉ်ကျေးသောကြောင့် ပြောခြင်းဖြစ်လေသည်၊ ပြဟ္မာတို့ အပေါ်မှာ မိမိကြွားဝါပြီး အချက်ကို မပျက်စေလိုသောကြောင့် ရဟန်းကို အခြားသို့ခေါ်၍ ပြောဆိုလေသည်၊ ထိုဗကပြဟ္မာကြီးသည် ယဉ်ကျေးပြီး မဟုတ်လျှင် တစ်နည်းနည်းအားဖြင့် ထိုရဟန်းကို ကြွားဝါ၍ ပရိယာယ်စကား ပြောကြားမည်သာ ဖြစ်လေ၏၊ ပါထေယျပါဠိတော် ပထမသုတ်၌လည်း---

သန္တိ ဘဂ္ဂဝ ဧကေ သမဏဗြာဟ္မဏာ ဣဿရ ကုတ္တံ ပြဟ္မကုတ္တံ အဂ္ဂညံ ပညပေန္တိ။

ဟူ၍ ထိုဗကပြဟ္မာကိုပင်ရည်၍ ဟောတော်မူသည်။

ဘဂ္ဂဝ=ဘဂ္ဂဝအနွယ်၊ ဧကေ=အချို့ကုန်သော၊ ယေ သမဏ ဗြာဟ္မဏာ= အကြင်ရဟန်းပုဏ္ဏားတို့သည်၊ ဣဿရကုတ္တံ=လောကကို အစိုးရအရှင် ဖန်ဆင်း ပြုပြင်သည်ဟူ၍၊ ပြဟ္မကုတ္တံ=ပြဟ္မာမင်းကြီး ဖန်ဆင်းပြုပြင်သည်ဟူ၍၊ အဂ္ဂညံ= ကမ္ဘာတွင် ပြဟ္မာအဦးအစဟူ၍၊ ပညပေန္တိ=ပညတ်ကြကုန်၏၊ တေ သမဏ ဗြာဟ္မဏာ=ထိုရဟန်း ပုဏ္ဏားတို့သည်၊ သန္တိ=ရှိကြလေကုန်၏။

လောကကို အစိုးရအရှင် ဖန်ဆင်းပြုပြင်သည် ပြဟ္မာဖန်ဆင်းသည် ကမ္ဘာ သည် ပြဟ္မာကြောင့်ဖြစ်သည်ဟူ၍ယူကြသော ပုဂ္ဂိုလ်တို့လည်းရှိကုန်၏ဟူ၍ ဆိုလိုသည်၊ ထိုဗကပြဟ္မာကိုပင်လျှင် အဘိဓမ္မာ ခုဒ္ဒကဝိဘင်း၌လည်းကောင်း, တိကင်္ဂုတ္တရဗြာဟ္မဏဝဂ် ဒိဋ္ဌိသုံးမျိုးကို ပြဆိုရာ ဣဿရနိမ္မာနဝါဒ၌လည်းကောင်း, လောကကိုအစိုးရသော ဣဿရအရှင်ဟူ၍ ပြဆိုလေသည်၊ ဤဗကမဟာ ပြဟ္မာကိုရည်၍ပင်လျှင်---

- ဗြာဟ္မဏောဝ သေဋ္ဌော ဝဏ္ဏော၊ ကဏှော အညော ဝဏ္ဏော၊ ဗြာဟ္မဏာဝ သုဇ္ဈန္တိ၊ နော အဗြာဟ္မဏာဝ၊

www.dhammaransi.com



- ဗြဟ္မုနော ပုတ္တာ ဩရသာ မုခတော ဇာတာ ဗြဟ္မဇာ ဗြဟ္မ နိမ္မိတာ ဗြဟ္မဒါယာဒါ။

ဟူ၍လည်းကောင်း။

- ယေစ ခေါ တေ ဘော ဂေါတမ မုဏ္ဍကာ သမဏကာ ဣဗ္ဘာ ကဏှာ ဗန္ဓုပါဒါ ပစ္စာ။

ဟူ၍လည်းကောင်း ဗြာဟ္မဏဝါဒများနှင့်စပ်လျဉ်း၍ မြတ်စွာဘုရား ဟောကြားတော်မူသည်။

ဗြာဟ္မဏောဝ=ပုဏ္ဏားအနွယ်သာလျှင်၊ သေဋ္ဌော ဝဏ္ဏော=မြတ်သောအမျိုး အနွယ်တည်း၊ အညော ဝဏ္ဏော=တစ်ပါးသောအမျိုးအနွယ်သည်၊ ကဏှော= ယုတ်မာသော အမျိုးအနွယ်တည်း၊ ဗြာဟ္မဏာဝ=ပုဏ္ဏားတို့သည်သာလျှင်၊ သုဇ္ဈန္တိ=စင်ကြယ်ကြကုန်၏၊ အဗြာဟ္မဏာ=ပုဏ္ဏားမဟုတ်သောသူတို့သည်၊ နောသုဇ္ဈန္တိ=မစင်ကြယ်ကြကုန်၊ ဗြာဟ္မဏာဝ=ပုဏ္ဏားတို့သည်သာလျှင်၊ ဗြဟ္မုနော= ဗြဟ္မာမင်း၏၊ ပုတ္တာ=သားတို့တည်း၊ ဩရသာ=သားကြီးရတနာတို့တည်း၊ မုခတော= ဗြဟ္မာမင်း၏ ခံတွင်းမှ ဖွားမြင်သောသူတို့တည်း၊ ဗြဟ္မဇာ=ဗြဟ္မာမင်းမှဖြစ်သော သူတို့တည်း၊ ဗြဟ္မနိမ္မိတာ=ဗြဟ္မာမင်းဖန်ဆင်းအပ်သောသူတို့တည်း၊ ဗြဟ္မ ဒါယာဒါ=ဗြဟ္မာမင်း၏ အမွေခံတို့ပေတည်း။

ဘော ဂေါတမ=အရှင်ဂေါတမ၊ မုဏ္ဍကာ=ဦးပြည်းဖြစ်ကုန်သော၊ ယေ စ ခေါ သမဏကာ=အကြင်ရဟန်းယုတ်တို့သည်၊ သန္တိ=ရှိကုန်၏၊ တေ=ထိုဦးပြည်း ရဟန်းယုတ်တို့သည်၊ ဣဗ္ဘာ=အဆောင်ပရိက္ခရာ ပေါများ သော သူကြွယ်တို့တည်း၊ ကဏှာ=ညစ်နွမ်းယုတ်ညံ့သော သူတို့တည်း၊ ဗန္ဓုပါဒါပစ္စာ=ဗြဟ္မာမင်း၏ ခြေမှ မွေးဖွားသော သူယုတ်မာတို့တည်း။

**[ဤပါဠိတော်၌ ထိုဗကကို ဗြဟ္မာဟူ၍လည်းကောင်း ဗန္ဓုဟူ၍လည်းကောင်း ဆို၏၊ ကြီးပွါးမြင့်မြတ်သူကို ဗြဟ္မာဟူ၍ဆိုသည်၊ တစ်လောကလုံး၏ အဘ, အဘိုး, ဆွေမျိုးအရာ၌ တည်၍ ဗန္ဓုဟူ၍ ဆိုသည်။]**

## မိစ္ဆဖလိုက် ထွန်းကားခိုက်

(ဤပါဠိတော်၏ ဆိုလိုရင်းမှာ)။ ။ပုဏ္ဏားတို့သည်သာလျှင် ဗြဟ္မာမင်း၏ ခံတွင်းမှဖြစ်၍ မြင့်မြတ်သည်၊ ရဟန်းတိုသည်ကား ဗြဟ္မာမင်း၏ခြေမှ ဖြစ်ကုန် သောကြောင့် ယုတ်ကုန်သည်ဟူ၍ ပုဏ္ဏားတို့၏ ဣဿရ နိမ္မာန အယူဝါဒအားဖြင့် ပုဏ္ဏားကိုအမြတ် ရဟန်းကို အယုတ်ပြု၍ ဆိုလေသည်၊ ထိုဗကမည်သော မဟာ

www.dhammaransi.com



ဗြဟ္မာကြီးကိုပင် ရှေးရှေးပုဏ္ဏားတို့ ရေးသားကြကုန်သော ကျမ်းဂန်တို့၏ ပဏာမ ကျမ်းဦးအစတို့၌ များမြတ်ကြီးကျယ်သော ဂုဏ်ပုဒ်တို့ဖြင့် ချီးမွမ်းကြလေကုန်သည်၊ ဗြဟ္မာဖန်ဆင်းမှုကိုယုံကြည်သော ပုဏ္ဏားတို့၏ ကျမ်းဂန်တို့၌ ဗြဟ္မာ၏အမည်တို့သည် အလွန်များပြားစွာ လာရှိကုန်၏၊ ထိုသို့ ရှေးရှေး၌ ဖြစ်ကြကုန်သော ပညာရှိဟူ၍ သမုတ်အပ်သည့် ပုဏ္ဏားကြီးတို့၏ အယူဝါဒများသည် တစ်ဆင့်တစ်ဆင့် ဆင်းသက်လာကြကုန်ပြီးလျှင် ယခုထက်တိုင်အောင်ပင်သော်လည်း ဗြဟ္မာကြီး၏ အယူဖြစ်သော ဣဿရ နိမ္မာနဝါဒ, ဗြဟ္မနိမ္မာနဝါဒ လေးပါးတို့သည် လောက၌ အဆက်မပြတ်နိုင်ပဲ မိစဥ်ဘလိုက် ထွန်းကား၍ လာကြကုန်သည်။

[ဗြဟ္မာကြီး၏ အယူဝါဒ လေးပါးဆိုသည်မှာ ပြဆိုခဲ့ပြီးသောအတိုင်း ၁။ ထာဝရမြဲ၏ ဟုယူခြင်း၊ ၂။ မဟာဗြဟ္မာဘုံမှတစ်ပါး ကျွတ်လွတ်ရန်မရှိဟု ယူခြင်း၊ ၃။ လောကကို ဗြဟ္မာဖန်ဆင်းသည် ဟုယူခြင်း၊ ၄။ မဟာဗြဟ္မာသည်ပင်လျှင် သဗ္ဗညုဘုရားဖြစ်သည်ဟု ယူခြင်း၊ ဤအယူဝါဒလေးမျိုးတို့ပေတည်း။]

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်မူကား ဗြဟ္မနိမန္တနသုတ်၌ ဟောတော်မူအပ်သောနည်းဖြင့် ခက်ထန်သော ဗကဗြဟ္မာကြီးကိုလည်း ယဥ်ကျေးအောင် ဆုံးမတော်မူ၏၊ ထိုအယူဝါဒဆိုးကြီး လေးပါးကိုလည်း စွန့်ပယ်တော်မူစေ၏။ ထိုဗြဟ္မာကြီး၏ အယူဝါဒအတိုင်း လိုက်နာ၍မှတ်ယူ စွဲလမ်းကြကုန်သော ပုဏ္ဏားမျိုးတို့ကိုလည်းကောင်း, အခြားလူမျိုးတို့ကိုလည်းကောင်း, ယဥ်ကျေးအောင် ဆုံးမတော်မူ၏၊ ထိုဣဿရ နိမ္မာနအယူကိုလည်း စွန့်ပယ်တော်မူစေ၏။

ဤသို့လျှင် မြတ်စွာဘုရားသည် ပုရိသဗလ, ပုရိသမာနတို့ဖြင့် ခက်ထန်၍ နေကြကုန်သော သူတို့ကိုဆုံးမရာ၌ အတုမရှိ ယဥ်ကျေးစွာ ဆုံးမတော်မူတတ်သောကြောင့် အနုတ္တရောပုရိသဒမ္မသာရထိ မည် တော်မူသည်၊ ဗြဟ္မနိမန္တနသုတ်၌ ဟောတော်မူသောအတိုင်း ဣဿရ နိမ္မာနဝါဒကို ပထမထူထောင်သော ပုဂ္ဂိုလ်ဖြစ်သည့် ဗကဗြဟ္မာကြီးကို မြတ်စွာဘုရား ယဥ်ကျေးအောင်ဆုံးမတော်မူရာ ယဥ်ကျေးခြင်းသို့ရောက်၍ မိမိအထင်အမြင် အယူအစွဲများ၏ မှားကြောင်းကို သိရှိရလေသည်၊ ထိုသို့ပင်အယူဝါဒကို ထူထောင်သောပုဂ္ဂိုလ် အပင်မကြီးသည် အမြစ်အရင်းနှင့်တကွ လဲပြိုပါသော်လည်း အကိုင်းအခက်သဖွယ်ဖြစ်သော လူ့ပြည်လောက၌ ဣဿရ နိမ္မာနဝါဒကို စွဲယူကြကုန်သော သူတို့၏ အဆက်အနွယ်များ မပျက်မပျောက်နိုင်ပဲ ယခုတိုင်အောင် ဆက်နွယ်၍နေကြသည်မှာ

www.dhammaransi.com



ထိုက္ကသဿရ နိမ္မာနဝါဒကို ပထမ တည်ထောင်သူ၏ သဘောသဘာဝကို အလုံးစုံ မသိမမြင်နိုင်ခြင်း, လောကသုံးပါးကြီး၏ ဖြစ်ပျက်ပုံသဘောကို နှံ့စပ်စွာ မသိနိုင်ခြင်း မိရိုးဖလာ အစဉ်အဆက် စွဲယူခဲ့ကြသော အယူဘာသာများကို မစွန့်နိုင်ပဲ ခိုင်မြဲစွာစွဲယူခြင်းများ၏ အပြစ်ပေတည်း။

**[အရိယာမျက်စိ မပေါက်ကြကုန်သေးပဲ အမျိုးမျိုးသော အယူဝါဒကိုသာ ဟုတ်နိုးနိုးနှင့် တမျှော်ထဲ မျှော်၍နေကြကုန်သော ပုထုဇ္ဇန်တို့၏ အဖြစ်သည် ယထာဘူတဉာဏ်ဖြင့် အမှန်ကိုမသိနိုင်ကြသည့်အရေးကို တွေးဆတိုင်း ကြောက်လန့်ဖွယ်ကြီးဖြစ်လေ၏။]**

**၆- အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်ဖွင့်ပြီး၏။**

--------*--------

## ၇-သတ္ထာဒေဝမနုဿာနဂုဏ်တော်

## သတ္ထာပုဒ်ကို ဝိဂြိုဟ်ဆို

သဒေဝကံ သပြဟ္မကံ သသမဏဗြာဟ္မဏံ လောကံ
ဓမ္မာဘိသမယတ္ထာယ သာသတိ အနုသာသတီတိ သတ္ထာ။

သဒေဝကံ=နတ်နှင့်တကွသော၊ သပြဟ္မကံ=ဗြဟ္မာနှင့်တကွသော၊ သသမဏဗြာဟ္မဏံ=ရဟန်းပုဏ္ဏားနှင့်တကွသော၊ လောကံ=လောကကို၊ ဓမ္မာဘိသမယတ္ထာယ=တရားအထူးကို ရစိမ့်သောငှါ၊ သာသတိ-အနုသာသတိ=ဆုံးမတော်မူတတ်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ သတ္ထာ=သတ္ထာမည်တော်မူ၏။

နတ်နှင့်တကွ, ဗြဟ္မာနှင့်တကွ, ရဟန်းပုဏ္ဏားနှင့်တကွသော လောကကို တရားအထူးရစိမ့်သောငှါ ဆုံးမတော်မူတတ်သောကြောင့် သတ္ထာမည်တော်မူသည်။ နတ်လူတို့၏ဆရာ လောက၏ဆရာဟူ၍ ဆိုလိုသည်။

## တစ်နည်းခြယ်လှယ် ဝိဂြိုဟ်သွယ်

အနုသာသနီပါဋိဟာရိယေန သာသတိ အနုသာသတီတိ သတ္ထာ။

အနုသာသနီပါဋိဟာရိယေန=တရားအစဉ်ရှိသောအတိုင်း ဆုံးမ ညွှန်ကြားသော ဒေသနာတန်ခိုးပြာဋိဟာဖြင့်၊ သာသတိ-အနုသာသတိ=ဆုံးမတော်မူတတ်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ သတ္ထာ=သတ္ထာမည်တော်မူ၏။

**တန်ခိုးပြာဋိ သုံးမျိုးရှိ။** ။ အနုသာသနီပါဋိဟာရိယဖြင့် ဆုံးမတော်မူတတ်သောကြောင့် သတ္ထာမည်၏ဟုဆိုလိုသည်၊ ပါဋိ

www.dhammaransi.com



ဟာရိယသုံးပါးရှိ၏၊ သုံးပါးဟူသည်ကား ဣဒ္ဓိပါဋိဟာရိယ, အာဒေသနာပါဋိဟာရိယ, အနုသာသနီပါဋိဟာရိယ ဤသုံးပါးတို့ပေတည်း၊ ဤပါဋိဟာရိယသုံးပါးကို သီလက္ခန်ပါဠိတော် ကေဝဋ္ဋသုတ်၌ ဟောတော်မူသည်၊ ပါဋိဟာရိယဟူသော ပါဠိဘာသာစကားကို မြန်မာဘာသာအားဖြင့် တန်ခိုးပြာဋိဟာဟူ၍ အနက်ပြန် ဆိုကြလေသည်၊ ပါဋိဟာရိယပုဒ်၏ အနက်အဓိပ္ပါယ်မှာ-

## ပါဋိဟာရိယ ဝိဂ္ဂြိုဟ်

> အစ္ဆရိယဗ္ဘုတဘာဝံ ပတ္တာ ပဋိပက္ခေ ပုဂ္ဂလေစ ဓမ္မေစ ဟရန္တိ အပနေန္တိ ပဝတ္တတီတိ ပါဋိဟာရိယံ။

အစ္ဆရိယဗ္ဘုတဘာဝံ=မဖြစ်စဖူးထူးသော အံ့ဖွယ်သရဲရှိသည်အဖြစ်သို့၊ ပတ္တာ=ရောက်၍၊ ပဋိပက္ခေ=ဆန့်ကျင်ဖက်ဖြစ်ကုန်သော၊ ပုဂ္ဂလေစ=ပုဂ္ဂိုလ်တို့ကိုလည်းကောင်း၊ ဓမ္မေစ=တရားတို့ကိုလည်းကောင်း၊ ဟရန္တိ-အပနေန္တိ=ပယ်ရှားလျက်၊ ပဝတ္တတိ=ဖြစ်တတ်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ ပါဋိဟာရိယံ=ပါဋိဟာရိယမည်၏။

[အထူးအံ့ဩဖွယ်ရှိသည်အဖြစ်သို့ရောက်၍ ဆန့်ကျင်ဖက်ဖြစ်သော ပုဂ္ဂိုလ်, ဆန့်ကျင်ဖက်ဖြစ်သောတရားတို့ကို ပယ်ရှားလွှင့်နှင်လျက် ဖြစ်တတ်သောကြောင့် ပါဋိဟာရိယ မည်၏ ဟူ၍ဆိုလိုသည်။]

## ယမိုက်တန်ခိုး ထိုသုံးမျိုး

ထိုသုံးပါးတို့တွင်---တန်ခိုးကြီးသော နတ်တို့၏ တန်ခိုးကဲ့သို့လည်းကောင်း, သိကြားတို့၏ တန်ခိုးကဲ့သို့လည်းကောင်း, ဗြဟ္မာတို့၏ တန်ခိုးကဲ့သို့လည်းကောင်း, အလိုရှိတိုင်း ပြုခြင်းငှါ, သွားခြင်းငှါ, ဖန်ဆင်းခြင်းငှါစွမ်းနိုင်သော ဣဒ္ဓိဝိဓ အဘိညာဏ်သည် ဣဒ္ဓိဝိဓ ပါဋိဟာရိယ မည်၏၊ ကိုယ်တော်မှ ရေမီးအစုံအစုံ ထွက်ပေါ်စေ၍ အမျိုးမျိုးဖန်ဆင်းပြီးလျှင် အံ့ဖွယ်သရဲကို ဖြစ်စေလျက်ပြသော တန်ခိုးတော်သည် ယမကပါဋိဟာရိယမည်၏၊ ဣဒ္ဓိပါဋိဟာရိယမျိုးပင်တည်း။

သင်သည် ဤသို့ကြံစည်၍ နေ၏၊ သင်တို့သည် ဤသို့ကြံစည်ကုန်၏၊ သင်၏စိတ်ထဲမှာ ဤသို့ဖြစ်၍ နေ၏ဟူ၍ သတ္တဝါတို့၏ စိတ်ကို ဖြစ်သောအတိုင်း မှန်ကန်စွာ ညွှန်ကြားဟောပြခြင်းငှါ စွမ်းနိုင်သော စေတောပရိယအဘိညာဏ်သည် အာဒေသနာပါဋိဟာရိယ မည်၏။

www.dhammaransi.com



ဤသို့နှလုံးသွင်းကြကုန်, ဤသို့နှလုံးမသွင်းကြကုန်လင့် ဤသို့ ကျင့်ကြကုန်, ဤသို့မကျင့်ကြကုန်လင့်ဟူ၍ တရားနည်းလမ်းအတိုင်း သတ္တဝါတို့၏စိတ်ကို ကြည်ညိုဖွယ်ရှိလေအောင် ဆွဲဆောင်ဟောကြားခြင်းသည် **အနုသာသနီ ပါဋိဟာရိယ** မည်၏။

## လောကီဝိဇ္ဇာ ဖြစ်မှုရှာ

ဤလောက၌ ဂန္ဓာရီဝိဇ္ဇာ, မနိကာဝိဇ္ဇာဟုဆိုအပ်သော လောကီဝိဇ္ဇာ အတတ်တို့သည် ရှိကုန်၏၊ ထိုနှစ်ပါးတို့တွင် ဣဒ္ဓိဝိဓအဘိညာဏ်ကဲ့သို့ တန်ခိုး အမျိုးမျိုးဖန်ဆင်းနိုင်သော အတတ်မျိုးသည် **ဂန္ဓရီဝိဇ္ဇာ** မည်၏။

စေတောပရိယအဘိညာဏ်ကဲ့သို့ လူတို့၏စိတ်အကြံအစည်ကို သိနိုင်သော အတတ်မျိုးသည် **မနိကာဝိဇ္ဇာ** မည်၏၊

ပိဏ္ဍောလမထေရ်ကဲ့သို့ တန်ခိုးအဘိညာဏ်နှင့်ပြည့်စုံသော ရဟန်းတို့သည် လူအပေါင်းတို့ကို ကြည်ညိုစေခြင်းငှါ အကယ်၍ ဣဒ္ဓိဝိဓအဘိညာဏ်ကို ပြကြကုန်သည်ဖြစ်အံ့၊ သာသနာတော်၌ သဒ္ဓါတရား မရှိကြကုန်သောသူတို့သည် ဤရဟန်းတို့ကား ဂန္ဓာရီဝိဇ္ဇာအတတ်ကို တတ်မြောက်ကြကုန်သော ဂန္ဓာရီဝိဇ္ဇာဓိုရ်ရတို့ ဖြစ်ကုန်၏၊ လောကီမန္တာန် ဝိဇ္ဇာအတတ်ဖြင့်သာလျှင် ကြည်ညိုအောင် ကြံဆောင်ကြကုန်၏၊ လောကုတ္တရာတရားမျိုးဖြင့် လူတို့၏သဒ္ဓါတရားကို ပွါးစေနိုင်ကြသည် မဟုတ်ကုန်ဟူ၍ ဆိုကြကုန်လတ္တံ့၊ တန်ခိုးအဘိညာဏ်နှင့် ပြည့်စုံသော ရဟန်းတို့သည် စေတောပရိယအဘိညာဏ်ဖြင့် သူတစ်ပါးတို့၏ စိတ်အကြံကို ညွှန်ကြားဟောပြောကြကုန်သည်ဖြစ်အံ့၊ သာသနာ၌ မသဒ္ဓါ သောသူတို့သည် ဤရဟန်းတို့ကား စိန္တာမနိက မန္တာန်အတတ်ကိုဆောင်သော စိန္တာမနိကဝိဇ္ဇာဓိုရ်ရတို့ ဖြစ်ကြလေကုန်၏၊ လောကီဝိဇ္ဇာတို့တည်းဟူ၍ ပြောဆိုကဲ့ရဲ့ကြကုန်လတ္တံ့၊ ဤသို့ ဖြစ်သည်ရှိသော် ငါဘုရား၏ သာသနာတော်သည် လောကုတ္တရာဖက်နှင့် သက်ဆိုင်သည် မဟုတ်ပဲ၊ လောကီဝိဇ္ဇာဓိုရ်ရတို့၏ ဝိဇ္ဇာမယိဒ္ဓိအသင်းအပင်း ဝိဇ္ဇာမယိဒ္ဓိ ဂိုဏ်းထဲသို့ ပါဝင်ကျရောက်လေရာ၏ဟူ၍ မြတ်စွာဘုရားမြော်မြင် တော်မူသောကြောင့် ရဟန်းတို့အား ဣဒ္ဓိပါဋိဟာရိယ, အာဒေသနာ ပါဋိဟာရိယ တို့ကို ခွင့်ပြုတော်မမူ၊ အနုသာသနီပါဋိဟာရိယကိုသာလျှင် ခွင့်ပြုတော်မူသည်။

ဣဒံ ခေါ အဟံ ကေဝဋ္ဋ ဣဒ္ဓိပါဋိဟာရိယေစ အာဒေသနာ
ပါဋိဟာရိယေစ အာဒီနဝံ သမ္ပဿမာနော ဘိက္ခူနံ တံ ပါဋိဟာရိယ

www.dhammaransi.com



ဒွယံ နာနုဇာနိ၊ အနုဿာသနီ ပါဋိဟာရိယမေဝ အနုဇာနိ။

(ကေဝဋ္ဋသုတ်)

ကေဝဋ္ဋ=ကေဝဋ္ဋရဟန်း၊ အဟံ=ငါဘုရားသည်၊ ဣဒ္ဓိပါဋိဟာရိယေ စ=ဣဒ္ဓိပါဋိဟာရိယ၌လည်းကောင်း၊ အာဒေသနာပါဋိဟာရိယေစ=အာဒေသနာပါဋိဟာရိယ၌လည်းကောင်း၊ အာဒီနဝံ=အပြစ်ဒေါသကို၊ သမ္ပဿမာနော=မြင်သည်ဖြစ်၍၊ တံပါဋိဟာရိယဒွယံ=ထိုပြာဋိဟာ နှစ်ခုအစုံကို၊ ဘိက္ခူနံ=ရဟန်းတို့အား၊ နာနုဇာနိ=ခွင့်ပြုတော်မမူ၊ အနုဿာသနီ ပါဋိဟာရိယမေဝ=အနုဿာသနီပါဋိဟာရိယကိုသာလျှင်၊ အနုဇာနိ=ခွင့်ပြုတော်မူ၏။

ထိုသုံးပါးသော ပါဋိဟာရိယတို့တွင် အနုဿာသနီပါဋိဟာရိယဖြင့် သတ္တဝါတို့ကို ဆုံးမတော်မူတတ်သောကြောင့် သတ္တာမည်တော်မူ၏။

မေးချက်---မြတ်စွာဘုရားသည် တရားအထူးကို သိမြင်ရရှိ စိမ့်သောငှါ ဆုံးမတော်မူ၏၊ မြတ်စွာဘုရား ဆုံးမတော်မူအပ်သော နတ်, လူ, ပြဟ္မာတို့သည် အဘယ်မျှလောက်သောကာလအပိုင်းအခြားဖြင့် တရားအထူးကို သိမြင်ရရှိနိုင်ပါကုန်မည်နည်း။ ။ ဤကား အမေးပုစ္ဆာ တည်း။

[ဤအကြောင်းနှင့်ပတ်သက်၍ ပါထေယျပါဠိတော် ဒုတိယဉဒုမ္ဗရိကသုတ်၌ နိဂြောဓ ပရိဗိုဇ်အား ဤအောက်၌ပါသော စကားရပ်ဖြင့် ဟောတော်မူသည်။]

## အကျယ်ဝေဖန်၍ ဖြေဆိုပုံ

**အကျင့်မြတ် ပြီးဆုံးခန်း။** ။အို နိဂြောဓ ပရိဗိုဇ် ငါဘုရားသည် ဤသို့ ဟောကြားတော်မူသည် စဉ်းလဲခြင်းမရှိ, လှည့်ပတ်ခြင်း မရှိ, ဖြောင့်မတ်သော စိတ်သဘောရှိ၍ ပင်္ကိသဘောအားဖြင့် ပညာဉာဏ်နှင့်ပြည့်စုံသော ယောကျ်ားသာလျှင် ငါဘုရားထံသို့ လာပါစေ၊ ငါဘုရားသည် ဆုံးမတော်မူအံ့၊ ငါဘုရားသည် တရားကို ဟောကြားတော်မူအံ့၊ ဆုံးမသောအတိုင်း လိုက်နာကျင့်ကြံ ကြကုန်သောသူတို့သည် ခုနစ်နှစ်မျှတို့ဖြင့် မြတ်သောအကျင့်၏ ပြီးဆုံးခြင်းကို ပြုကြကုန်လတ္တံ့၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကြကုန်လတ္တံ့၊ ခုနစ်နှစ်တို့ကို ထားဘိဦး၊ ခြောက်နှစ်မျှတို့ဖြင့်, ငါးနှစ်မျှတို့ဖြင့်, လေးနှစ်မျှတို့ဖြင့်, သုံးနှစ်မျှတို့ဖြင့်, နှစ်နှစ်မျှတို့ဖြင့်, တစ်နှစ်မျှဖြင့်, ခြောက်လမျှတို့ဖြင့်, ငါးလမျှတို့ဖြင့်, လေးလမျှတို့ဖြင့်, သုံးလမျှတို့ဖြင့်, နှစ်လမျှတို့ဖြင့်, တစ်လမျှဖြင့်, လခွဲမျှဖြင့် မြတ်သောအကျင့်၏ ပြီးဆုံးခြင်းကို ပြုကြကုန်လတ္တံ့၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကြကုန်လတ္တံ့၊ လခွဲမျှကို ထားဘိဦး၊ ပင်္ကိသဘောအားဖြင့် ဉာဏ်ပညာ

www.dhammaransi.com



အခံရှိသော ပုဂ္ဂိုလ်သာ လာပါစေ၊ ငါဘုရားဆုံးမတော်မူအံ့၊ တရားကို ဟော တော်မူအံ့၊ ဆုံးမသောအတိုင်း ကျင့်ကြကုန်သည်ရှိသော် ခုနစ်ရက်မျှဖြင့် မြတ်သော အကျင့်၏ ပြီးဆုံးခြင်းကို ပြုလတ္တံ့- ဟူ၍ဟောတော်မူသည်။

မဇ္ဈိမပဏ္ဏာသစတုတ္ထဝဂ် ဗောဓိရာဇကုမာရဝဂ်၌ကား ခုနစ်ရက်ကို မဆိုထားဘိဦး၊ ခြောက်ရက်တို့ဖြင့်၊ ငါးရက်တို့ဖြင့်၊ လေးရက်တို့ဖြင့်၊ သုံးရက်တို့ဖြင့်၊ နှစ်ရက်တို့ဖြင့်၊ တစ်ရက်ဖြင့် တရားအထူးကို ရလတ္တံ့၊ တစ်ရက်ကို မဆိုထားဘိဦး၊ ဤပဓာနိယင်္ဂတရားငါးပါးတို့နှင့် ပြည့်စုံသော ရဟန်းသည် ရှေ့ဆောင်လမ်းညွှန် ဖြစ်သော မြတ်စွာဘုရားကို ရပါတပြီးကား ညချမ်း၌ဆုံးမအပ်သည်ရှိသော် နံနက် အခါ တရားအထူးကို ရလတ္တံ့၊ နံနက်အခါ၌ ဆုံးမအပ်သည်ရှိသော် ညချမ်းအခါ တရားအထူး ကိုရလတ္တံ့ဟူ၍ ဟောတော်မူသည်။

**အနုအရင့် ထောက်ချင့်သင့်။** ။ အထက်၌ ပြဆိုအပ်ပြီးသော မြတ်စွာဘုရား ၏ စကားတော်ဖြင့် မည်မျှလောက်သော ကာလဖြင့် မြတ်စွာဘုရား၏ အဆုံးအမကိုခံ၍ တရားထူးရနိုင်ကြောင်းကို သိအပ်လေသည်၊ ပါရမီအရင့်အနု ဉာဏ်အထက်အနံ့ ပဓာနိယင်္ဂတရား သန် မသန်ကို အစွဲပြု၍ တရားအထူး ရသောအချိန်ကာလ၏ အမျိုးမျိုးကွဲပြား ခြားနားကြောင်းကို ဝေဖန်၍ သိအပ်၏။

ပဓာနိယင်္ဂတရားငါးပါးဆိုသည်ကား-

၁။ ရတနာသုံးပါးဂုဏ်၌ ယုံကြည်သက်ဝင်ခြင်း၊

၂။ ကျန်းမာစွမ်းသန်ခြင်း၊

၃။ စိတ်သဘောထား ဖြောင့်စင်းခြင်း၊

၄။ အကျင့်သီလနှင့် ပြည့်စုံခြင်း၊

၅။ ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို သိမြင်လှမ်းမှီနိုင်သော ပညာနှင့်ပြည့်စုံခြင်း

ဤငါးပါးတို့ပေတည်း။

မေးမြန်းချက်---မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း တစ်ရက်မျှ ကျင့်၍ တရားအထူးကို ရသည်ရှိသော် အဘယ်မျှလောက်သော နှစ်ပရိစ္ဆေဒ ကာလအပိုင်းအခြားတို့ပတ်လုံး စင်စစ်ချမ်းသာခြင်းကို ခံစားရပါသနည်း။ ။

(ဤကား အမေးတည်း။)

[ဤအကြောင်းကို ဒသင်္ဂုတ္တရ ပထမပဏ္ဏာသ ပဉ္စမဝဂ်၌ ဟောတော်မူချက်ဖြင့် သိအပ်၏။]

www.dhammaransi.com



## လိမ်လည်မှောက်မှား ကာမစည်းစိမ်များ

**ဟောတော်မူချက်ကား။** ။အို--သာကီနွယ်အပေါင်းတို့--ယခု ငါဘုရား မေးတော်မူလတ္တံ့သည်ကို အဘယ်သို့ မှတ်ထင်အောက်မေ့ကြကုန်သနည်း၊ ဤလောက၌ တစ်ဦးသောယောကျ်ားသည် ယောကျ်ားတို့ ပြုစွမ်းနိုင်သော အမှုကိစ္စတစ်ခုကို ပြုလုပ်လေသည်ရှိသော် နေ့တိုင်းနေ့တိုင်း အထောင်အထောင်သော အသပြာကိုရရှိ၍ စီးပွါးတိုးတက်စေနိုင်ရာ၏၊ ထိုယောကျ်ားသည် တစ်ရံတစ်ခါ ကာမစည်းစိမ်ချမ်းသာကိုခံစားစဉ် တစ်ညဉ့်ပတ်လုံးသော်လည်းကောင်း, တစ်နေ့ပတ်လုံးသော်လည်းကောင်း, ဒုက္ခဟူ၍မဖက် သုခသက်သက်ဖြစ်သော စည်းစိမ်ချမ်းသာကို ခံစား၍နေနိုင်ပါမည်လော။

အရှင်ဘုရား ထိုသို့ခံစားနိုင်မည် မဟုတ်ပါ၊ ထိုသို့ မခံစားနိုင်မှုသည် အဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်း၊ အရှင်ဘုရား ကာမဂုဏ်တို့မည်သည် စင်စစ်အားဖြင့် အမြဲမရှိကုန်၊ အချည်းအနှီးတို့သာ ဖြစ်ကုန်၏၊ လိမ်လည်သောတရား, မျက်လှည့်၏အလား, မှောက်မှားစေတတ်သောတရားတို့သာ ဖြစ်ကုန်၏၊ ထို့ကြောင့် ထိုသို့မခံစားနိုင်ပဲ ရှိပါသည်။

အို--သာကီနွယ်အပေါင်းတို့--ဤသာသနာတော်၌ ငါဘုရား၏တပည့်သားသည် ငါဘုရားဆုံးမတော်မူသောအတိုင်း ကျင့်ကြံအားထုတ်သည်ဖြစ်၍ ခုနစ်နှစ်မျှတို့လည်းကောင်း, ခြောက်နှစ်မျှတို့လည်းကောင်း, ငါးနှစ်မျှတို့လည်းကောင်း, လေးနှစ်မျှတို့လည်းကောင်း, သုံးနှစ်မျှတို့လည်းကောင်း, နှစ်နှစ်မျှတို့လည်းကောင်း, တစ်နှစ်မျှလည်းကောင်း, ခြောက်လမျှတို့လည်းကောင်း, ငါးလမျှတို့လည်းကောင်း, လေးလမျှတို့လည်းကောင်း, သုံးလမျှတို့လည်းကောင်း, နှစ်လမျှတို့လည်းကောင်း, တစ်လမျှလည်းကောင်း, တစ်ဆယ့်ငါးရက်မျှသော်လည်းကောင်း, ခုနစ်ရက်မျှသော်လည်းကောင်း, ခြောက်ရက်မျှသော်လည်းကောင်း, ငါးရက်မျှသော်လည်းကောင်း, လေးရက်မျှသော်လည်းကောင်း, သုံးရက်မျှသော်လည်းကောင်း, နှစ်ရက်မျှသော်လည်းကောင်း, တစ်ရက်မျှသော်လည်းကောင်း, မေ့လျော့ခြင်းမရှိမူ၍ အပူအပင်ကြိုးစားလျက် စွန့်လွှတ်သော ကိုယ်စိတ်ရှိသည်ဖြစ်၍ နေရာ၏၊ ထိုတပည့်သားသည် တစ်ရက်မျှဖြင့် တရားအထူးကိုရ၍ နှစ်ပေါင်းတစ်ရာတို့ပတ်လုံးလည်းကောင်း, နှစ်ပေါင်းအထောင်တို့ပတ်လုံးလည်းကောင်း, နှစ်ပေါင်းအသိန်းတို့ပတ်လုံးလည်းကောင်း, စင်စစ်ချမ်းသာသုခကို ခံစား၍

www.dhammaransi.com



နေရာ၏၊ ထိုချမ်းသာသုခကို ခံစားသော တပည့်သည်လည်း သောတာပန်သော်လည်းကောင်း, သကဒါဂါမ်သော်လည်းကောင်း, အနာဂါမ်သော်လည်းကောင်း ဖြစ်ရာ၏။

[ဤ-ပါဠိတော်ဖြင့် မြတ်စွာဘုရား ဆုံးမတော်မူသောအတိုင်း ကျင့်ကြံအား ထုတ်သော တပည့်သား၏ နှစ်ပေါင်းများစွာ ခေမ္မချမ်းသာကို ခံစားရကြောင်းကို ပြဆိုတော်မူသည်၊ ဆိုပြီးသော စကားရပ်သည်ကား တစ်ရက်နှစ်ရက် စသည်ဖြင့် အားထုတ်၍ တရားအထူးကို ရသော ပုဂ္ဂိုလ်များကို ရည်၍ဆိုသော စကားဖြစ်သည်။]

**လေးဆယ့်ငါးဝါ၊ နှစ်တွင်းမှာကား၊**
**များစွာဆုံးမ၊ ဝေနေယျ၊ ကျွတ်ကြအနန္တာ။**

မြတ်စွာဘုရား တရားဟောပြသော နေရာ၌ပင်လျှင် တရားတော်၏ အဆုံး၌ တရားအထူးကို ရရှိကြကုန်သော ပုဂ္ဂိုလ်တို့သည် အလွန်တရာ များလှစွာကုန်၏၊ ဓမ္မစက္ကပဝတ္တနသုတ်ကို ဟောတော်မူရာ၌ ကောဏ္ဍည မထေရ်နှင့် ဗြဟ္မာပေါင်းတစ်ဆယ့်ရှစ်ကုဋေ, နတ်ပေါင်းအသင်္ချေ တရားအထူးကို ရရှိကြကုန်သည် ဟူ၍ မိလိန္ဒပဥှာ၌လည်းကောင်း, အဋ္ဌကထာကျမ်းဂန်တို့၌လည်းကောင်း ဆို၏၊ ထိုနောက် ကပ္ပါသိက တောအုပ်၌ သုံးကျိပ်မျှလောက်သော ဘဒ္ဒဝဂ္ဂီရဟန်းတို့သည် ထိုဘုရားဆုံးမသော နေရာ၌ပင်လျှင် ကိလေသာမြူ, ကိလေသာအညစ်အကြေး ကင်းဝေးစင်ကြယ်သော ဉာဏ်မျက်စိအလင်းကို ရရှိကြလေကုန်၏၊ ဤသို့လျှင် မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူသည်တိုင်အောင် လေးဆယ့်ငါးနှစ်အတွင်း တရားနာသည်၏အဆုံး၌ တရားအထူးကို ရရှိကြကုန်သော ပုဂ္ဂိုလ်တို့သည် အလွန်များပြားကုန်၏၊ အသင်္ချေယျ ပေါင်းများစွာရှိကုန်၏။

**သတ္တာဒေဝ မနုဿာနံ ဟူသော ပုဒ်အရ. . . . . .**

**မေးချက်. . .** မြတ်စွာဘုရားသည် နတ်လူတို့၏ ဆရာဆိုရာ၌ အဘယ်မျှလောက်သော နတ်လူတို့၏ဆရာဖြစ်ပါသနည်း။ ။

(ဤကား- အမေးတည်း။)

**ဖြေဆိုချက်. . . .** မိလိန္ဒပဥှာ နဝမဝဂ် ဓုတင်ပဥှာခန်းတွင် လောကုတ္တရာ တရားကို ထိုးထွင်း၍သိမြင်သော နတ်လူတို့သည် တစ်ဆယ့်လေးသင်္ချေမျှ ရှိကုန်၏ဟူ၍ ပြဆို၏၊ အချို့သော သီဟိုဠ်ကျွန်းဖြစ် အဋ္ဌကထာဋီကာတို့၌မူကား နှစ်ဆယ့်လေးသင်္ချေနှင့် ကုဋေခြောက်ဆယ် ဗိုလ်ခြေတစ်သိန်းရှိကုန်၏ ဟူ၍ဆို၏၊

www.dhammaransi.com



ဤစကားကို မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသည်နောက်ကာလ တရားထူးကို ရရှိကြကုန်သော သူတို့ကိုထည့်၍ ဆိုအပ်သောစကားဖြစ်သည်ဟူ၍ ပြောဆိုကြကုန်၏၊ မိလိန္ဒပဉှာ၌ဆိုသော တစ်ဆယ့်လေးသချေ်ဆိုသော စကားသည်လည်း အကြွင်းအကျန်မရှိ သိမ်းကျုံး၍ဆိုသော စကား မဟုတ်၊ အကြွင်းအကျန်နှင့်တကွ ဆိုသောစကားသာ ဖြစ်၏၊ အဘယ်ကြောင့်နည်းဟူမူ ဓမ္မစက္ကပဝတ္တနသုတ်မှ တစ်ပါး များစွာသော သုတ္တန်တို့၌ ထိုဓမ္မစကြာကို ဟောသောအခါကဲ့သို့ များစွာသောနတ်တို့၏ အစည်းအဝေးကြီးများ, တရားရပွဲကြီးများ ဖြစ်သင့်လေသောကြောင့်တည်း၊ တစ်ခုတစ်ခုသော တရားပွဲအစည်းအဝေး၌ ရေတွက်ခြင်း လမ်းစခန်းကို လွန်သောအသချေ်ယျ အရေအတွက်မှာ နတ်, ဗြဟ္မာတို့ကို အရေအတွက်ပြုသဖြင့် ဆိုအပ်၏၊ လူတို့ကိုရေတွက်သော အသချေ်ယျ မဟုတ်ချေ။

ထိုစကားမှန်၏၊ ဤလောက၌ ဘုရားရှင်ပွင့်ပေါ်သော ဗုဒ္ဓုပ္ပါဒ ခေတ်အခါကြီးသည် နတ်, ဗြဟ္မာတို့၏ တရားရပွဲကြီးအချိန်အခါဖြစ်၏၊ နတ်, ဗြဟ္မာတို့နှင့် နှိုင်းစာလျှင် လူတို့တရားရကြသည်မှာ များသည်ဟူ၍ ပမာဏ မပြုလောက်ချေ၊ လောက၌ ဘုရားပွင့်ပေါ်တော်မူလိမ့်မည်ဟူ၍ ကျော်စောသော ဗုဒ္ဓကောလာဟလဖြစ်သည်က အစပြု၍ တစ်သောင်းသော ဇာတိခေတ်လောကဓာတ်၌ နေကြကုန်သော နတ်, ဗြဟ္မာအပေါင်းတို့သည် ဘုရားဖြစ်ပေါ်တော်မူသော အချိန်ကို မျှော်လင့်စောင့်စားကြကုန်လျက်သာလျှင် လှည့်လည်ပျော်ပါးကာ နေကြကုန်၏၊ ထိုနတ်, ဗြဟ္မာအပေါင်းတို့သည်ပင်လျှင် တုသိတာနတ်ပြည်၌ ရှိနေသော အလောင်းတော်နတ်သားကို လူ့ပြည်၌ ဘုရားဖြစ်ရန် ပဋိညာဉ်တောင်းခံကြကုန်၏၊ ဘုရားလောင်းနတ်သားထံမှ ပဋိညာဉ်ရပြီးသည့်အခါမှစ၍ ယခုအခါ ငါတို့သည် ဘုရားပွင့်တော်မူခြင်းကို တွေ့မြင်ကြရကုန်လတ္တံ့၊ တရားတော်မြတ်ကို ကြားနာကြရကုန်လတ္တံ့ဟူ၍ ရွှင်လန်းဝမ်းမြောက်သော စိတ်ရှိကြကုန်သည်ဖြစ်၍ ထိုဘုရားကိစ္စ, တရားကိစ္စတို့၌ သာလျှင် ကြောင့်ကြစိုက်သော စိတ်ရှိကြကုန်လျက်သာလျှင် တပျော်တပါးကြီး နေထိုင်ကြလေကုန်၏၊ နတ်ဗြဟ္မာတို့မည်သည် အလိုရှိအပ်သော အရပ်ဌာနသို့ လျင်မြန်စွာ တစ်ခဏချင်း သွားရောက်ခြင်းငှါ စွမ်းနိုင်ကြကုန်၏၊ ဤစကြဝဠာ၌ ဘုရားဖြစ်တော်မူသည်ဆိုလျှင် တစ်သောင်းသော လောကဓာတ်၌ ရှိနေကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့သည် ခဏချင်းလာရောက်၍ ဖူးမြင်ခြင်း, တရားတော်ကို ကြားနာခြင်းများကို ပြုလုပ်နိုင်ကြကုန်၏။

www.dhammaransi.com



## ဘုရားငါးဆူတို့၏ တပည့်စဉ်ဆက်မပြတ်ပုံ

နတ်ပြည်တို့၌ ဤဘဒ္ဒကပ်ကမ္ဘာတွင် ပွင့်တော်မူကြသော ဘုရားငါးဆူတို့၏ တပည့်သာဝက အစဉ်အဆက်သည် မပြတ်ချေ၊ ဆက်လက်လျက်သာရှိ၏၊ ဗြဟ္မာဘုံတို့၌မူကား လွန်ခဲ့ပြီးသော ကပ်ကမ္ဘာတို့၌လည်းကောင်း, ဤကပ်ကမ္ဘာ၌လည်းကောင်း ပွင့်တော်မူကြကုန်သော ဝိပဿီအစရှိသော ဘုရားရှင်ခုနစ်ဆူတို့၏ တပည့်သာဝက အစဉ်အဆက်သည်လည်း မပြတ်ချေ၊ ဆက်လက်လျက်သာရှိလေ၏။

ထိုစကားမှန်၏၊ ဝိမာနဝတ္ထု၌ ရှင်မောဂ္ဂလာန်မထေရ်မြတ်သည် နတ်ပြည်တို့၌ ဒေသစာရီလှည့်လည်တော်မူသောအခါ ကဿပမြတ်စွာဘုရား၏ တပည့်သာဝကဖြစ်သော နတ်များကို တွေ့မြင်တော်မူသည် ဟူ၍ဆို၏၊ မြတ်စွာဘုရားသည်လည်း ဗြဟ္မာဘုံတို့၌ ဒေသစာရီ လှည့်လည်တော်မူသောအခါ သုဒ္ဓါဝါသဘုံတို့၌ ရှေး၌ပွင့်တော်မူကုန်ပြီးသော ဘုရားရှင်ခြောက်ဆူတို့၏ တပည့်သာဝကဖြစ်သော ဗြဟ္မာတို့ကို တွေ့ရှိတော်မူ၏၊ လူတို့မည်သည်ကား ပကတိအရေအတွက်အားဖြင့်လည်း အလွန်နည်းပါးလှစွာ၏၊ နတ်ဗြဟ္မာတို့နှင့် နှိုင်းစာလျှင် ပမာဏ မပြုလောက်ချေ၊ လူ့ပြည်လောက၌ ဘုရားပွင့်ပေါ်သည်ဟူ၍ ဆိုသော်လည်း ဤစကြာဝဠာ၌သာလျှင် ပွင့်တော်မူ၏၊ ဤစကြဝဠာတွင်လည်း ဇမ္ဗူဒီပါတောင်ကျွန်း၌သာလျှင်ပွင့်တော်မူ၏၊ ဇမ္ဗူဒီပါ တောင်ကျွန်းတွင်လည်း အဝန်းကိုးရာ ယူဇနာအတိုင်းအရှည်ရှိသော မဇ္ဈိမဒေသအရပ်၌သာလျှင် ပွင့်တော်မူ၏၊ လူတို့မည်သည် နတ်ဗြဟ္မာတို့ကဲ့သို့ တန်ခိုးဣဒ္ဓိပါဒ်နှင့်ပြည့်စုံသော သတ္တဝါမျိုးများ မဟုတ်ကြလေကုန်၊ တန်ခိုးကို အားကိုးကြရကုန်သော သတ္တဝါများ မဟုတ်၊ ဝီရိယအစွမ်းကိုသာ အားထားကြရသည်ဟူ၍ ဆိုလိုသည်၊ တန်ခိုးနှင့် မပြည့်စုံကြလေသောကြောင့် ဘုရားပွင့်တော်မူရာဌာနသို့ နတ်ဗြဟ္မာများ လာရောက်ကြကုန်ဘိသကဲ့သို့ လာရောက်၍ဖူးမြင်နိုင်သည်လည်း မဟုတ်ချေ၊ အခြားစကြဝဠာမှနတ်, ဗြဟ္မာတို့လာရောက်၍ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာနိုင်ကြဘိသကဲ့သို့ လူတို့သည်မူကား အခြားစကြဝဠာကို မဆိုထားဘိ အရှေ့ကျွန်း, မြောက်ကျွန်း, အနောက်ကျွန်းကလူများပင် လာရောက်နိုင်ကြသည် မဟုတ်ကြလေကုန်၊ ဤ ဇမ္ဗူဒီပါ ကျွန်းအပြင်မှာသော်လည်း မဇ္ဈိမဒေသ၏ ပြင်ဖက်၌ရှိသော အရပ်ဌာနတို့က လူအများတို့သည် ဘုရားအထံတော်သို့ လာရောက်နိုင်ကြသူများပင် အလွန်နည်းပါးလှလေ၏၊ ထိုမြတ်စွာဘုရား၏ တရားပွဲတော်ကြီးများမှ

www.dhammaransi.com



တရားနာပရိသတ် အစည်းအဝေး အသချေ်ရှိသည်ဟု ဆိုရသော်လည်း နတ်, ဗြဟ္မာတို့ကို ရေတွက်ခြင်းအားဖြင့်သာလျှင် ဆိုရလေသည်၊ လူတို့ကို ရေတွက်ခြင်း အားဖြင့် ဆိုရသည် မဟုတ်ချေ။

မေးချက်---ဤသို့ဖြစ်ပါလျှင် မြတ်စွာဘုရားတို့သည် အဘယ့်ကြောင့် လူ့ပြည်၌ ဖြစ်တော်မူပါသနည်း၊ အဘယ့်ကြောင့် နတ်, ဗြဟ္မာပြည်တို့၌ ဖြစ်တော် မမူကုန်သနည်း ဟူ၍ မေးဖွယ်ရှိ၏။

ဖြေချက်---လူ့ပြည်လောကသည်သာလျှင် ဝီရိယဘုံ, ကံဘုံဖြစ်၏၊ ဝီရိယဘုံ သည်သာလျှင် ဘုရားဖြစ်ရန် ပါရမီတို့ကို ဖြည့်ကျင့်ရာဌာန ဟုဆိုအပ်သော ဗောဓိသမ္ဘာရဘူမိဖြစ်၏၊ ထိုဗောဓိသမ္ဘာရဘူမိသည်သာလျှင် ဘုရားရှင်တို့ ပွင့်ရာဘုံဖြစ်၏၊ ထိုနတ်, ဗြဟ္မာတို့သည်လည်း ဝီရိယဘုံဖြစ်သော ဤလူ့ဘုံမှ နတ်ပြည်သို့ရောက်ကြောင်းဖြစ်သောကံ, ဗြဟ္မာပြည်သို့ ရောက်ကြောင်းဖြစ်သော ကံတို့ကို ဆည်းပူးအားထုတ် ကြကုန်သည်ဖြစ်၍ နတ်ပြည်, ဗြဟ္မာပြည် ဟုဆိုအပ် သော သုခဘုံတို့၌ သာလျှင် ဖြစ်ကြလေကုန်၏၊ ဣဿရနိမ္မာနဝါဒ, ဗြဟ္မနိမ္မာနဝါဒ ၌လည်း အကြွင်းသူတို့သည် လောကကိုဖန်ဆင်းသော ဣဿရအရှင်၏ ဘုံသို့ ရောက်ပြီး, ရောက်ဆဲ, ရောက်လတ္တံ့ဖြစ်ကြလေကုန်၏၊ အလုံးစုံသော ထိုသူတို့ သည် ဝီရိယဘုံဖြစ်သော ဤလူ့ပြည်လောက၌ တည်၍သာလျှင် ဣဿရအရှင်ကို ခစားဆည်းကပ်ခြင်း, အကြွင်းမဲ့ယုံကြည်ခြင်းစသော ကံဝီရိယတို့ကို ပြုကြကုန်မှ သာလျှင် ဣဿရဘုံသို့ရောက်ပြီး, ရောက်ဆဲ, ရောက်လတ္တံ့ ဖြစ်နိုင်ကြလေ ကုန်၏ဟူ၍ အယူရှိကြကုန်၏၊ ဤအယူအတိုင်းမူကား ပြုလုပ်ကြကုန်၏၊ သို့ပင် ပြုကြကုန်သော်လည်း ဤဆိုလတ္တံ့သော အကြောင်းများကို မသိကြလေကုန်၊ လောကကိုအစိုးရသည်, ဖန်ဆင်းသည်ဟူ၍ ဣဿရနိမ္မာနဝါဒအားဖြင့် အယူရှိကြသော လောက၏အရှင်ဖြစ်သည့် မဟာဗြဟ္မာကြီးသည်လည်း ဝီရိယဘုံ ဖြစ်သော ဤလူ့ပြည်လောက၌ တည်၍ပင်လျှင် လောကကိုအစိုးရသည့် ဗြဟ္မာ အဖြစ်သို့ရောက်စေတတ်သောကံများကို ပြုလုပ်ကြကုန်သည် ဖြစ်၍သာလျှင် လောကကိုအစိုးရသည့် ဗြဟ္မာမင်းကြီးအဖြစ်သို့ ရောက်နိုင်လေသည်၊ လောကကို အစိုးရသော ဗြဟ္မာမင်းကြီး၏အဖြစ်သို့ ရောက်စေနိုင်သော ကံများရှိ၏ဟူ၍ ပင်လျှင် ထိုဣဿရနိမ္မာနအယူ သမားတို့ မသိရှာကြကုန်၊ လောကကို ဖန်ဆင်း သော ဣဿရအရှင်သည်မြဲ၏, ခိုင်ခန့်၏, ထာဝရတည်၏, ဗြဟ္မာကြီးသည် မြဲ၏, ခိုင်ခန့်၏, ထာဝရတည်၏ဟူ၍ သဿတဒိဋ္ဌိအယူကိုသာလျှင် စွဲလမ်းကြကုန်၏၊

www.dhammaransi.com



ဤသို့လျှင်သာသနာတော်မှ အပဖြစ်သော အခြားအယူဝါဒတို့၌လည်း မနုဿဘုံ၏ ဝီရိယဘုံ, ကမ္မဘုံဖြစ်ကြောင်းကို ဝန်ခံကြကုန်၏၊ နတ်ဘုံ, ဗြဟ္မာဘုံ, နိဗ္ဗာန်ဘုံတို့သည် ချမ်းသာတို့ဖြင့် ထုံမွမ်းအပ်သော သုခဘုံတို့ မည်ကုန်၏၊ ဗုဒ္ဓဘုံ, သာဝကဘုံတို့သည် တရားအထူးကို ထိုးထွင်း၍သိရာ ဖြစ်သောကြောင့် ပဋိဝေဓဉာဏဘုံ မည်ကုန်၏၊ မနုဿဘုံသည်သာလျှင် ကမ္မဘုံမည်၏၊ ကမ္မဘုံဆိုသဖြင့် ထိုကံနှင့် အပင်းအသင်းဖြစ်ကုန်သော ဉာဏ်, ဝီရိယတို့ကိုလည်း ယူအပ်ကုန်၏။

ဉာဏ်ဝီရိယ၊ မကင်းကြပဲ၊ ကမ္မဆိုတာ၊ အလုပ်သာ၊ မှတ်ပါလူ့လောက။

**ကမ္မဘုံဆိုသောစကားမှာ။** ။လူ့ဘုံ၌ တည်သော လူအပေါင်းတို့သည် မိမိတို့ဆိုင်ရာ ဆိုင်ရာဖြစ်သော အမှုကိစ္စ အလုပ်အဆောင်တို့ကို ပြုလုပ်ကြကုန်မှသာလျှင် ချမ်းသာသုခကို ရနိုင်ကြကုန်၏၊ မသင့်မလျောက်ပတ်သောကံကို ပြုလုပ်မိပြန်လျှင်လည်း ဆင်းရဲဒုက္ခကို ရရှိကြလေကုန်၏၊ လူ့ဘုံ၌တည်သော သူတို့သည် အမှုကိစ္စ အလုပ်အကိုင်ကို လွှတ်ထား၍ အားလပ်စွာ မတည်နိုင်ကြကုန်၊ လက်နှင့်အလုပ်အကိုင် မကွေမကွာ ပြုကြကုန်မှသာလျှင် တည်တံ့နိုင်ကြကုန်၏၊ ထိုသို့အမှုကိစ္စ အလုပ်အကိုင်နှင့် မကင်းနိုင် သောကြောင့် ကမ္မဘုံဟူ၍ဆိုလေသည်၊ ကမ္မဆိုသည်ကား အမှုကိစ္စ အလုပ်အကိုင်များပေတည်း၊ အလုပ်အကိုင်ကို ပြုလုပ်ရာတွင် ဉာဏ်, ဝီရိယတို့နှင့် မကင်းကောင်း၊ ဉာဏ်, ဝီရိယပါမှသာလျှင် ပြုလုပ်နိုင်လေသည်၊ ထို့ကြောင့် လူ့ဘုံကို ဝီရိယဘုံ, ဉာဏ်ဘုံဟူ၍ ဆိုအပ်လေ၏၊ အကယ်၍ အခြားမဲ့ဖြစ်သော ဘဝ၌ ထိုထိုသုခဘုံတို့သို့ ရောက်ခြင်းငှါ အလိုရှိကြကုန်သည်ဖြစ်အံ့၊ ဤသို့ အလိုရှိလျှင် ကမ္မဘုံဖြစ်သော ဤလူ့ပြည်လောက၌တည်၍ ထိုထိုသုခဘုံသို့ ရောက်ကြောင်းဖြစ်သော ကံတို့ကို လုပ်ကိုင်ထူထောင် စိုက်ပျိုးကြကုန်မှသာလျှင် အခြားမဲ့ ဘဝ၌ အလိုရှိအပ်သော ထိုထိုသုခဘုံတို့သို့ ရောက်ရှိနိုင်ကြလေကုန်၏၊ ထိုသို့မဟုတ် နောက်နောက်ဘဝတို့၌ ထိုသို့ပဋိဝေဓဉာဏဘုံသို့ ရောက်ခြင်းငှါ အလိုရှိကြကုန်သည်ဖြစ်အံ့၊ ထိုထိုရောက်လိုသည်ရှိသော် ဤလူ့ပြည်ကံဘုံ၌ တည်၍ ထိုထိုပါရမီ အမျိုးမျိုးတို့ကို ဖြည့်ကျင့်ဆည်းပူးကြကုန်မှသာလျှင် နောက်နောက်ဘဝတို့၌ မိမိတို့ပါရမီ အခံရှိသည် အားလျော်စွာ ထိုထိုပဋိဝေဓ ဉာဏဘုံသို့ ဆိုက်ရောက်နိုင်ကြကုန်၏။

ဆိုဖွယ် အထူးရှိပြန်သည်ကား သာဝကအပေါင်းတို့တွင်လည်း လူ့ပြည်လောက ဝီရိယဘုံ၌ ဖြစ်ကြသော မြတ်စွာဘုရား၏ တပည့်သားတော်တို့သည်

www.dhammaransi.com



သာလျှင် ဘုရားရှင်၏နောက်လိုက် ဘုရားရှင်ကိုယ်တော်စား ဖြစ်နိုင်ကြကုန်၏၊ ထိုစကားမှန်၏၊ အဂ္ဂသာဝကကြီး နှစ်ပါးတို့သည် ဘုရားအရာ၌တည်သော တပည့်ကြီးနှစ်ပါးတို့ ဖြစ်ကုန်၏၊ အသီတိမဟာသာဝက ရှစ်ကျိပ်တို့သည် ဘုရားအရာ၌တည်သော တပည့်ကြီး ရှစ်ကျိပ်တို့ဖြစ်ကြကုန်၏၊ ထိုမှတစ်ပါး အသိန်းမကကုန်သော တန်ခိုးကြီး, ပညာကြီး, ရဟန္တာအရှင်မြတ်ကြီးတို့သည်လည်း ဘုရားအရာ၌တည်သော သာဝကကြီးတွေ ဖြစ်ကြလေကုန်၏၊ အထက်နတ်ပြည်, ပြဟ္မာ့ပြည်တို့၌ ဖြစ်ကြကုန်သော နတ်ပြဟ္မာအပေါင်းတို့သည်လည်း ထိုသာဝကဖြစ်သော ဘုရားကိုယ်တော်စား တပည့်မထေရ်ကြီးများကို ရိုသေစွာ ရှိခိုးကြရကုန်၏၊ ထို့ကြောင့်ဘုရားရှင်တို့မည်သည် လူ့ပြည်လောက၌သာလျှင် ဖြစ်တော်မူကြကုန်သည် နတ်ပြည်, ပြဟ္မာပြည်တို့၌ ဖြစ်တော်မမူကြကုန် ဟူ၍သိအပ်၏။

[ဤသို့ပြဆိုအပ်ပြီးသောစကားအစဉ်ဖြင့် လူ့ပြည်၌ ဘုရားပွင့်တော်မူခြင်းသည်လည်း နတ်ပြဟ္မာတို့၏ တရားရပွဲကြီးဖြစ်ကြောင်း, တစ်ခုတစ်ခုသော တရားပွဲ အစည်းအဝေး၌ အသင်္ချေယျဟူသော အရေအတွက်သည် နတ်ပြဟ္မာတို့ကို ရေတွက်ခြင်းအားဖြင့်သာ ဖြစ်ရကြောင်း, မြတ်စွာဘုရားသည် အသင်္ချေ နှစ်ဆယ်ကျော်သော လူ, နတ်, ပြဟ္မာတို့၏ ဆရာဖြစ်ကြောင်းကို သိအပ်လေသတည်း။]

ဇာတိကန္တာ၊ ဘေးဘယာမြဲ၊ ခရီးခဲမှ၊ ထုတ်လွှဲကယ်တင်၊
ဘုရားရှင်၊ များလျှင်သတ္တာ၊ တစ်နည်းပြ-

**တစ်နည်းအားဖြင့်။** ။မြတ်စွာဘုရားသည် လှည်းမှူးကြီးသဖွယ် ဖြစ်သောကြောင့်လည်း သတ္တာဒေဝမနုဿာနံ ဟူ၍ဆိုအပ်၏၊ ဥပမာကား-လမ်းခရီး၌ လိမ္မာသော လှည်းမှူးကြီးသည် လမ်းမှား၍နေသော လှည်းအပေါင်းတို့ကို အမျိုးမျိုးသော ကန္တာရခရီးခဲထဲမှ ကယ်တင်တတ်၏၊ ဤအတူ မြတ်စွာဘုရားသည်လည်း ပြဆိုခဲ့ပြီးသော လူ, နတ်, ပြဟ္မာ, သတ္တဝါအသင်္ချေနှစ်ဆယ်ကျော်တို့ကို ဇာတိကန္တာရမှလည်း ထုတ်ဆောင်ကယ်တင်တော်မူ၏၊ ဇရာကန္တာရမှလည်း ထုတ်ဆောင်ကယ်တင်တော်မူ၏၊ မရဏကန္တာရမှလည်း ထုတ်ဆောင်ကယ်တင်တော်မူ၏၊ ဤသို့အစရှိသော မဟာနိဒ္ဒေသနည်းအားဖြင့်လည်း သတ္တာဒေဝမနုဿာနဟူသော ဂုဏ်တော်ပုဒ်၏ အနက်အဓိပ္ပါယ်ကို သိအပ်သတည်း။

**၇-သတ္တာဒေဝမနုဿာနဂုဏ်တော်ပွင့်ပြီး၏။**

------*------

**ဓိခင်ရောဝတီ**

www.dhammaransi.com



# ၈-ဗုဒ္ဓဂုဏ်တော်

## ဗုဒ္ဓဝိဂြိုဟ်

စတ္တာရိ အရိယသစ္စာနိ ဗုဇ္ဈတီတိ ဗုဒ္ဓေါ။

စတ္တာရိ=လေးပါးကုန်သော၊ အရိယသစ္စာနိ=အရိယသစ္စာတို့ကို၊ ဗုဇ္ဈတိ=သိတော်မူတတ်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ ဗုဒ္ဓေါ=ဗုဒ္ဓမည်တော်မူ၏။

[သစ္စာလေးပါးကို သိတော်မူတတ်သောကြောင့် ဗုဒ္ဓမည်၏ ဟူ၍ဆိုလိုသည်။]

ဤဗုဒ္ဓဟူသော ဂုဏ်ပုဒ်သည် သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ပုဒ်တွင် အတွင်းဝင်ပြီး ဖြစ်၍ အထူးဆိုဖွယ်မရှိလှ၊ သို့ပင်ဖြစ်သော်လည်း **"ဗုဒ္ဓေါ လောကေ ဥပ္ပန္နောသတိ၊ ဗုဒ္ဓေါ လောကေ ဥပ္ပန္နောသတိ"** ဟူ၍ဘုရား ပွင့်တော်မမူမီ အနှစ်တစ်ထောင်ကပင် ဘုရားပွင့်တော်မူလိမ့်မည်ဟူ၍ ဗုဒ္ဓကောလာဟလ ဖြစ်ပေါ်သည်ကစ၍ ပကတိ သဘောအားဖြင့် လောကကြီးတစ်ခွင်လုံး၌ ထင်ပေါ်ကျော်စောသောဂုဏ်တော် ပုဒ်ကြီး တစ်ခုဖြစ်ပေ၏။

**ရှေးအခါပညာရှိပုဂ္ဂိုလ်ကြီးတို့သည်လည်း. . .**

ဃောသော ပိ ခေါ ဒုလ္လဘော လောကသ္မိံ၊ ယဒိဒံ ဗုဒ္ဓေါ ဗုဒ္ဓေါတိ။

ဟူ၍မြွက်ဆို ကျူးရင့်လေ့ရှိကြကုန်၏။

ဗုဒ္ဓေါ ဗုဒ္ဓေါတိ=ဗုဒ္ဓဗုဒ္ဓဟူသော၊ ဝါ=ဘုရားဘုရားဟူသော၊ ယဒိဒံ ဃောအယံ ဃောသော=အကြင်ကောင်းချီးဆူညံ ကျော်စောသံသည်၊ အတ္ထိ=ရှိ၏၊ လောကသ္မိံ=လောကကြီးထဲ၌၊ သောပိ ဃောသော=ထိုကျော်စောသံကိုလည်း၊ ခေါ=စင်စစ်၊ ဒုလ္လဘော=ရခဲလှ၏၊

ထိုဗုဒ္ဓဟူသော အမည်တော်, ဂုဏ်တော်သည် မြတ်စွာဘုရား၏ ဝိမောက္ခန္တိကဉာဏ်တော်၏ အစွမ်းအားဖြင့်ပြီးသော အမည်တော်ပေတည်း။

[အရဟတ္တမဂ်ကို ဝိမောက္ခဆိုသည်၊ ထိုဝိမောက္ခ၏အဆုံး၌ ရအပ်သောကြောင့် သဗ္ဗညုတာဉာဏ်ကို ဝိမောက္ခန္တိကဉာဏ်ဆိုသည်၊ ထိုဗုဒ္ဓဟူသော အမည်တော်, ဂုဏ်တော် သည် ဝိမောက္ခန္တိကဖြစ်သော သဗ္ဗညုတာဉာဏ်ကို ရသည်နှင့်တစ်ပြိုင်နက် ရရှိသော အမည်တော်, ဂုဏ်တော် ဟူ၍ဆိုလိုသည်။]

**တစ်ဆယ်လေးဉာဏ်၊ ပြည့်စုံပြန်၊ ဗုဒ္ဓံမည်ရ တစ်နည်းပြ။**

www.dhammaransi.com



**တစ်နည်းကား--- တစ်ဆယ့်လေးပါးသော ဗုဒ္ဓဉာဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ဗုဒ္ဓမည်တော်မူသည်။**

စုဒ္ဒသဟိ ဗုဒ္ဓဉာဏေဟိ သမန္နာဂတတ္တာ ဗုဒ္ဓေါ။

စုဒ္ဒသဟိ ဗုဒ္ဓဉာဏေဟိ=တစ်ဆယ့်လေးပါးသော ဘုရားဉာဏ်တို့နှင့်၊ သမန္နာဂတတ္တာ=ပြည့်စုံတော်မူသောကြောင့်၊ ဗုဒ္ဓေါ=ဗုဒ္ဓမည်တော်မူ၏။

ဗုဒ္ဓဉာဏ်တစ်ဆယ့်လေးပါးဆိုသည်ကား သစ္စာလေးပါးကိုသိသော ဉာဏ်တော်လေးပါး၊ ပဋိသမ္ဘိဒါဉာဏ်တော်လေးပါး၊ အသာဓာရဏဉာဏ်တော်ခြောက်ပါး၊ ဤတစ်ဆယ့်လေးပါးတို့ပေတည်း။

[သစ္စဉာဏ်လေးပါးထင်ရှားပြီ၊ သမ္မာသမ္ဗုဒ္ဓဂုဏ်တော် အဖွင့်တွင်လည်း ဆိုခဲ့ပြီ။]

ပဋိသမ္ဘိဒါ ဉာဏ်လေးပါးဆိုသည်ကား၊ (၁) အတ္ထပဋိသမ္ဘိဒါ, (၂) ဓမ္မပဋိသမ္ဘိဒါ, (၃) နိရုတ္တိပဋိသမ္ဘိဒါ, (၄) ပဋိဘာနပဋိသမ္ဘိဒါ-ဤလေးပါးတို့ပေတည်း။

အထူးထူးအပြားပြား အထွေထွေကို ပဋိသမ္ဘိဒါခေါ်သည်။ ထို အထူးထူး အပြားပြား အထွေထွေတို့၌ စေ့စပ်စွာသိမြင်နိုင်သောဉာဏ်သည် ပဋိသမ္ဘိဒါဉာဏ်မည်၏။

၁။ အနက်သဘောအမျိုးမျိုး, အကျိုးတရားအမျိုးမျိုးတို့၌ သိမြင်ခွဲခြမ်းနိုင်သောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါဉာဏ်မည်၏၊

၂။ တရားအထူးအထွေအမျိုးမျိုး, အကြောင်းအထူးအထွေ အမျိုးမျိုးတို့၌ သိမြင်ခွဲခြမ်းနိုင်သောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါဉာဏ် မည်၏။

၃။ သဒ္ဒါအမျိုးမျိုး, ဘာသာစကားအမျိုးမျိုးတို့၌ တတ်ကျွမ်းလိမ္မာနိုင်သောဉာဏ်သည် နိရုတ္တိပဋိသမ္ဘိဒါဉာဏ်မည်၏။

၄။ အကြောင်းအရာဆိုက်တိုက်ကြိုက်ကြုံသည်အားလျော်စွာ ဉာဏ် ထဲ၌ အခန့်သင့် အထူးထူးအထွေထွေ ထင်မြင်ပေါ်လာစေခြင်းငှါ စွမ်းနိုင်သောဉာဏ်သည် ပဋိဘာနပဋိသမ္ဘိဒါဉာဏ်မည်၏။

အတ္ထပဋိသမ္ဘိဒါဉာဏ်၏ အစွမ်းအားဖြင့် တစ်ခုသောတရား၏ အနက်အဓိပ္ပါယ်အမျိုးမျိုး, အကျိုးအမျိုးမျိုးကို အထူးထူးအထွေထွေ ကိုယ်တိုင်လည်း သိမြင်နိုင်၏၊ သူတစ်ပါးတို့အားလည်း သိလွယ်မြင်လွယ်အောင် ဝေဖန်၍ ဟောနိုင်၏။

ဓမ္မပဋိသမ္ဘိဒါဉာဏ်၏ အစွမ်းအားဖြင့် တရားအမျိုးမျိုး, အကြောင်း

www.dhammaransi.com



အမျိုးမျိုးတို့ကို ကိုယ်တိုင်လည်း သိမြင်နိုင်၏၊ သူတစ်ပါးတို့အားလည်း အဆန်း တကြယ်ဟောပြနိုင်၏။

နိရုတ္တိပဋိသမ္ဘိဒါဉာဏ်၏အစွမ်းအားဖြင့် မာဂဓဘာသာမှစ၍ ဘာသာ အမျိုးမျိုး, သဒ္ဒါ, ပုဒ်, ပါဌ်အမျိုးမျိုးတို့၏ ဝိဂ္ဂြိုဟ်, ဝစနတ်, ဗျုပ္ပတ္တိအထူးထူးတို့ကို ကိုယ်တိုင်လည်း သိစွမ်းနိုင်၏၊ သူတစ်ပါးတို့အားလည်း ဆန်းကြယ်သော ပုဒ်ဗျည်း အစဉ်တို့ဖြင့် နားဝင်အောင် ဟောပြနိုင်၏၊ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ပေါက်သော ပုဂ္ဂိုလ်တို့မှသာလျှင် သဒ္ဒပါရဂူဖြစ်နိုင်၏။

ပဋိဘာနပဋိသမ္ဘိဒါဉာဏ်၏ အစွမ်းအားဖြင့် တစ်ခုသောတရား၏ အနက် အဓိပ္ပါယ်ကို သိမြင်ရာ၌ ဥပမာ, ဥပမေယျ, သင်္ကေ, သာဓက စုံလင်စွာနှင့် သိမြင်နိုင်၏၊ သူတစ်ပါးတို့အား တရားဓမ္မဟောပြရာတွင်လည်း ထင်မြင်သိသာ လွယ်အောင် ဥပမာ, ဥပမေယျအမျိုးမျိုး ပုံဆောင်၍ ဟောပြနိုင်၏၊ ပဋိဘာန ပဋိသမ္ဘိဒါဉာဏ်ပေါက်သော ပုဂ္ဂိုလ်သည် အဟောအပြော အနှုန်းအဖွဲ့ကောင်း၏၊ အရှင်ဝင်္ဂီသ မထေရ်ကဲ့သို့တည်း။

ဤပဋိသမ္ဘိဒါဉာဏ်သည် ပုထုဇ္ဇန်တို့နှင့်မဆိုင် အရိယာပုဂ္ဂိုလ်တို့နှင့်သာ ဆိုင်၏၊ အရိယာပုဂ္ဂိုလ်တိုင်းနှင့်လည်း သက်ဆိုင်သည် မဟုတ်၊ ပါရမီအဆောက် အဦကြီးကျယ်၍ ပဋိသမ္ဘိဒါဉာဏ်မျိုးစေ့ရှိပြီးသော အရိယာပုဂ္ဂိုလ်တို့နှင့်သာ ဆိုင်သည်၊ အဘိညာဉ်ကိုရတိုင်းလည်း ပဋိသမ္ဘိဒါဉာဏ်ကို မရနိုင်၊ အဘိညာဉ် လမ်းနှင့် ပဋိသမ္ဘိဒါလမ်းသည် တစ်မျိုးစီဖြစ်ကြ၏၊ အဘိညာဉ်ကိုရလျှင် ဆဠာဘိညခေါ်၏၊ ပဋိသမ္ဘိဒါဉာဏ်ကိုရလျှင် ပဋိသမ္ဘိဒါပတ္တခေါ်၏၊ ထို ဆဠာဘိည, ပဋိသမ္ဘိဒါပတ္တပုဂ္ဂိုလ်သည် မြတ်စွာဘုရားလက်ထက်တော်ကြီးမှာပင် ရှားပါး၏၊ ပဋိသမ္ဘိဒါဉာဏ်ကို ရခြင်း၏အကြောင်းတို့သည် ရှစ်ပါးရှိကုန်၏ဟူ၍ အဋ္ဌကထာဆရာကြီးတို့ ပြဆိုတော်မူကြကုန်၏။ ရှစ်ပါးကား--

- **ရှေးဘဝက၊ လုလ္လကျိုးစား၊ အကြားအမြင်၊ ကျွမ်းကျင်ဘာသာ၊ မြတ်စွာပါဠိ၊ ဆောင်ဘိအာဂုံ၊ ကျမ်းမျိုးစုံ၌၊ မေးတုံပုစ္ဆာ၊ မင်္ဂပါ ဖိုလ်ရ၊ ဆရာ့ထံရင်း၊ ကပ်ခြင်းမသွေ၊ မိတ်ဆွေပြည့်စုံ၊ ရှစ်ပါးတုံ၊ မှတ်ပုံသမ္ဘိဒါ။**

**(ဆောင်ပုဒ်။)**

၁။ **ပုဗ္ဗယောဂ**-ရှေးဘဝ၌ ပဋိသမ္ဘိဒါဉာဏ်မျိုးစေ့ကို ထူထောင်ကြိုးစား ခဲ့ခြင်း၊

၂။ **ဗာဟုသစ္စ**-အကြားအမြင်များခြင်း၊

www.dhammaransi.com



၃။ ဒေသဘာသာ-ဒေသဌာန အမျိုးမျိုးတို့၌ ပြောဆိုကြသော ဘာသာစကားကို လိမ္မာကျွမ်းကျင်ခြင်း၊
၄။ အာဂမ-မြတ်စွာဘုရား၏ ပါဠိတော်ကို အာဂုံဆောင်ခြင်း၊
၅။ ပရိပုစ္ဆာ-ပါဠိတော် အဋ္ဌကထာတို့၌ မေးမြန်းလေ့ရှိခြင်း၊
၆။ အဓိဂမ-မဂ်ဖိုလ်ကိုရခြင်း၊
၇။ ဂုရုသန္နိဿယ-ဗဟုသုတနှင့်ပြည့်စုံသော ဆရာ့အထံ၌ ဆည်းကပ်ခြင်း၊
၈။ မိတ္တသမ္ပတ္တိ-ပညာရှိသော မိတ်ဆွေကောင်းနှင့် ပြည့်စုံခြင်း၊
ဤရှစ်ပါးတို့ပေတည်း။

ဆိုခဲ့ပြီးသော ပဋိသမ္ဘိဒါလေးပါးတို့တွင် အတ္ထပဋိသမ္ဘိဒါ၌ အတ္ထ၏ အရကောက်သည် ငါးမျိုးရှိ၏။

၁။ အကြောင်းကြောင့် ဖြစ်ပေါ်သော အကျိုးတရားစု, ၂- နိဗ္ဗာန်, ၃- ပါဠိတော်အနက်သဘော, ၄- ဝိပါက်စိတ်, ၅- ကိရိယာ စိတ်, ဤငါးမျိုးတို့ပေတည်း။

ဓမ္မပဋိသမ္ဘိဒါ၌ ဓမ္မ၏အရကောက်သည်လည်း ငါးမျိုးရှိ၏၊ (၁) အကျိုးကို ဖြစ်စေတတ်သော အကြောင်းဟူသမျှ, (၂) အရိယမဂ်လေးပါး, (၃) ပါဠိတော်အစဉ်, (၄) ကုသိုလ်, (၅) အကုသိုလ်, ဤငါးမျိုးတို့ပေတည်း။

နိရုတ္တိပဋိသမ္ဘိဒါ၌ နိရုတ္တိဆယ်မျိုးရှိ၏၊ ဆယ်မျိုးဆိုသည်ကား အခြားမဟုတ် ဆိုခဲ့ပြီးသော အတ္ထငါးမျိုး, ဓမ္မငါးမျိုးတို့နှင့် သက်ဆိုင်ရာ သဒ္ဒါ, ပုဒ်, ပါဌ်, ဆယ်မျိုးတို့ပေတည်း၊ ထိုသဒ္ဒါ, ပုဒ်, ပါဌ်ဆယ်မျိုးတို့ကို ဗျုပ္ပတ္တိကြံဖန်၍ ဝိဂြိုဟ်, ဝစနတ်ပြုလုပ်မှု၌ ထိုနိရုတ္တိပဋိသမ္ဘိဒါဉာဏ်သည် လျင်မြန်ကျွမ်းကျင်၏၊

ပဋိဘာနပဋိသမ္ဘိဒါဆိုသည်ကား ဆိုပြီးသော ပဋိသမ္ဘိဒါသုံးပါးတို့၏ ကိစ္စအလုံးစုံ၌ အကုန်သက်ဆိုင်၏၊ ထို့ကြောင့် ပဋိဘာနပဋိသမ္ဘိဒါကို သဗ္ဗတ္ထက ပဋိသမ္ဘိဒါဉာဏ် ဟူ၍လည်း ခေါ်ဆို၏။

[ဤကား ပဋိသမ္ဘိဒါဉာဏ်လေးပါး အကျဉ်းအားဖြင့် ပြဆိုချက်တည်း။]

- ပစ္စေကဗုဒ္ဓ၊ သာဝကတို့၊ မရမဆိုင်၊ ဉာဏ်မကျိုင်၊ မှတ်ပိုင် အသာဓာ။
အသာဓာရဏဉာဏ်ခြောက်ပါး-----

၁။ သတ္တဝါတို့၏ ဣန္ဒြေ ရင့်မရင့်ကို သိသောဉာဏ်သည် ဣန္ဒြိယ ပရော

www.dhammaransi.com



ပရိယတ္တိ ဉာဏ်မည်၏၊ မြတ်စွာဘုရားသည် ဤဉာဏ်တော်ဖြင့် ဤသတ္တဝါတို့သည် ရင့်သောဣန္ဒြေရှိကုန်၏၊ ဤသတ္တဝါတို့သည် နုသောဣန္ဒြေရှိကုန်၏၊ ဤသတ္တဝါတို့သည် ကျွတ်ထိုက်ကုန်၏၊ ဤသတ္တဝါတို့သည် မကျွတ်ထိုက်ကုန်ဟူ၍ သိတော်မူသည်။

[ဤအရာ၌ ဣန္ဒြေဆိုသည်မှာ သဒ္ဓိန္ဒြေ, စသော ဗောဓိပက္ခိယ၌ ပါဝင်သည့် ဣန္ဒြေများပေတည်း]

၂။ **အာသယာနုသယဉာဏ်** ဟူသောစကားရပ်၌ အာသယ, အနုသယ, ဟူ၍ နှစ်ပုဒ်ခွဲရာ၏၊ စိတ်၏ အမြဲစွဲမိရာဌာနကို အာသယဆိုသည်၊ ထိုအာသယသည် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, ပဋိစ္စသမုပ္ပါဒ်, ဝိပဿနာအားဖြင့် လေးပါးအပြားရှိ၏၊ ဝဋ်၌ ခင်မင်တွယ်တာကြကုန်သော ဝဋ္ဋနိဿိတသတ္တဝါတို့၏ စိတ်သည် များသောအားဖြင့် သဿတဒိဋ္ဌိ၌လည်းကောင်း, ဥစ္ဆေဒဒိဋ္ဌိ၌လည်းကောင်း မီတွယ်၍နေ၏၊ ဝဋ်ကိုမခင်မင် ဝဋ်၌ငြီးငွေ့ကြကုန်သော ဝိဝဋ္ဋနိဿိတသတ္တဝါတို့၏ စိတ်သည်ကား ပဋိစ္စသမုပ္ပါဒ်၌လည်းကောင်း လက္ခဏာရေးသုံးပါးဟုဆိုအပ်သော ဝိပဿနာ၌လည်းကောင်း, မီတွယ်၍နေ၏၊ ဤစိတ်၏ မီရာလေးပါးကို အာသယဆိုသည်၊ အနုသယဆိုသည်ကား ဥပါဒ်ခြင်းသို့ မရောက်မူ၍ စိတ်အစဉ်၌ မျိုးဓာတ်အနေအားဖြင့် အစဉ်ကိန်းဝပ်၍နေသော ကိလေသာဓာတ်ကို အနုသယဆိုသည်။

**- အစဉ်စွဲကပ်၊ ငုတ်ကိန်းဝပ်၊ မျိုး-ဓာတ်နုသယ်။**

ထိုအနုသယသည် သဂြိုဟ်သမုစ္စည်းပိုင်း၌ လာရှိသောအတိုင်း ကာမရာဂစသော အနုသယခုနစ်ပါးပေတည်း၊ အာသယ, အနုသယနှစ်ပါး ပေါင်း၍ ခေါ်လျှင် သတ္တဝါတို့၏ နှလုံးသွင်း အတွင်းဓာတ်ဟူ၍ ဆိုလို၏၊ မြတ်စွာဘုရားသည် ထိုအာသယာနုသယဉာဏ်ဖြင့် သတ္တဝါတို့၏ နှလုံးသွင်း အတွင်းဓာတ်ကို ကောင်းစွာသိမြင်တော်မူသည်၊ ဤမည်သော သတ္တဝါတို့မှာ ဤအာသယ နှလုံးသွင်းရှိ၍ ဤမည်သော သတ္တဝါတို့မှာ ဤအတွင်းဓာတ်လွန်ကဲ၏ စသောအားဖြင့် သိတော်မူသည်၊ မြတ်စွာဘုရားသည် ဆိုပြီးသောဉာဏ်နှစ်ပါးကို ပိုင်နိုင်တော်မူသောကြောင့်သာလျှင် သတ္တဝါတို့စရိုက်အားလျော်သော တရားကိုဟောတော်မူ၍ လွယ်ကူစွာ ချွတ်တော်မူနိုင်သည်။

[ထိုဉာဏ်နှစ်ပါးနှင့် မပြည့်စုံပါလျှင် ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးသော်မှ သတ္တဝါတို့၏ ဣန္ဒြေ ရင့်မရင့်နှင့် နှလုံးသွင်း အတွင်းဓါတ်သဘောကို မသိနိုင်သောကြောင့်

www.dhammaransi.com



**ရံခါရံဖန် သတ္တဝါတို့နှင့်လျော်သောတရားကို မဟောမိဘဲ သတ္တဝါသဘောထားနှင့် တရား ဆင်ပုံလွဲနေ၍ တရားထူးကိုရအောင် မဟောနိုင်ပဲ ဖြစ်နေလေသည်။]**

၃။ ယမကပါဋိဟာရိယဉာဏ်၌ အထက်ကိုယ်တော်မှ မီးအဟုန်, အောက်ကိုယ်တော်မှ ရေအဟုန်, လက်ဝဲကိုယ်တော်မှ ရေအဟုန်, လက်ျာကိုယ်တော်မှ မီးအဟုန် ဤကဲ့သို့ အစုံအစုံသော ရေမီးတို့ကို တစ်ပြိုင်နက်ဖြစ်စေမှုသည်လည်းကောင်း, တစ်ပြိုင်နက်တည်း အံ့ဖွယ်သရဲ နှစ်ပါးစုံကို ဖြစ်စေမှုသည်လည်းကောင်း, ဤကဲ့သို့ အံ့ဩဖွယ်နှစ်ပါး အစုံအစုံကို ဖြစ်စေမှုသည် ယမကပါဋိဟာရိယ ယမိုက်ပြာဋိဟာမည်၏၊ ထိုထုန်ခိုး အစုံအစုံဖြစ်စေခြင်း၌ စီရင်နိုင်သောဉာဏ်သည် ယမက ပါဋိဟာရိယဉာဏ်မည်၏။ တန်ခိုးအစုံအစုံကို တစ်ပြိုင်နက်တည်း ဖြစ်စေသည်ဆိုသော်လည်း ဥပါဒ်, ဌီ, ဘင်တည်းဟူသော ခဏအားဖြင့် တစ်ပြိုင်နက်ဖြစ်စေနိုင်သည် မဟုတ်၊ ထိုတန်ခိုး အစုံအစုံကို ဖြစ်စေနိုင်သော မြတ်စွာဘုရား၏ ဇော, ဝီထိတော်က အလွန်လျင်မြန်လှသော်ကြောင့် ထိုဇော, ဝီထိတို့ကြောင့်ဖြစ်သော တန်ခိုးများကလည်း အလွန်လျင်မြန်လှ၍ တစ်ပြိုင်နက် တစ်ခဏတည်းကဲ့သို့ ထင်မြင်ရလေသည်၊ စိတ်သည် ပကတိသဘောအားဖြင့် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်ကာလမှာ ကုဋေတစ်သိန်းမျှ အဖြစ်လျင်မြန်သည့် အပေါ်မှာ မြတ်စွာဘုရား၏သန္တာန်၌ဖြစ်သော ဝီထိစိတ်အစဉ်ကလည်း ဘဝင်များစွာ မခြားပဲ အလွန်အဖြစ်လျင်မြန်လှသောကြောင့် ရေအဟုန်ကိုဖြစ်စေလိုသောအခါ အာပေါကသိုဏ်းစျာန်ကို ဝင်စားတော်မူ၏၊ ထို့နောက် ဘဝင်အနည်းငယ်မျှ ခြားစေပြီးလျှင် မီးအဟုန်ကိုဖြစ်စေရန် တေဇောကသိုဏ်းစျာန်ကို ဝင်စားတော်မူ၏၊ ထိုအခါ ရေမီးအစုံ အံ့ဖွယ်သရဲ ဖြစ်လာ၏၊ ထို့အတူ အညို, အရွှေ, ရောင်ခြည်တော်အစုံကို ဖြစ်စေလိုလျှင် နီလကသိုဏ်းစျာန်, ပီတကသိုဏ်းစျာန်ကို ဝင်စားတော်မူ၏၊ ဤနည်းအားဖြင့် အံ့ဖွယ်အမျိုးမျိုး တန်ခိုးအစုံအစုံဖြစ်စေပုံကို သိအပ်၏၊ မြတ်စွာဘုရားသည် တစ်ရံတစ်ခါ ထိုယမိုက်ပြာဋိဟာကို ပြတော်မူ၏၊ ဗောဓိမဏ္ဍိုင်၌ နတ်ဗြဟ္မာတို့၏ မာန်, မာနကို နှိပ်နင်းခြင်းအကျိုး၌ တစ်ကြိမ် ယမိုက်ပြာဋိဟာကိုပြတော်မူ၏၊ ကပိလဝတ်ပြည်သို့ ပထမအခေါက် ကြွတော်မူစဉ်အခါ ဆွေတော်မျိုးတော်ဖြစ်သော သာကီဝင်နွယ်တို့၏ မာန်, မာနကို နှိပ်ချိုးခြင်း၌ တစ်ကြိမ်ပြတော်မူ၏၊ သာဝတ္ထိပြည် ကဏ္ဍမ္ဗ သရက်ဖြူပင်ရင်း၌ တိတ္ထိတို့ကို နှိပ်နင်းခြင်း၌ တစ်ကြိမ်ပြတော်မူ၏၊ ပါထိကပုတ္တကို အကြောင်းပြု၍ စည်းဝေးရာ၌လည်း တစ်ကြိမ်ပြတော်မူ၏။

www.dhammaransi.com



၄။ **မဟာကရုဏာသမာပတ္တိဉာဏ်** ဆိုသည်ကား သံသရာတည်းဟူသော သမုဒ္ဒရာကြီးထဲ၌ ဇာတိ, ဇရာ, မရဏအစရှိသော လှိုင်းလုံးကြီးတို့ဖြင့် လွှမ်းမိုး၍ နစ်မျောလျက်ရှိနေကြကုန်သော ဒုက္ခိတသတ္တဝါတို့ကို မြင်တော်မူသည်ရှိသော် ဤလောကကြီးသည် မီးလောင်သော နှောင်အိမ်ကြီးကဲ့သို့ တပြောင်ပြောင် တောက်လောင်၍ နေရှာသည်တကားဟု သနားခြင်းကြီးသနားမှုနှင့်ယှဉ်သော ကရုဏာ သမာပတ်ကို ဝင်စားတော်မူ၏၊ ထိုကရုဏာသမာပတ်နှင့်ယှဉ်သော ဉာဏ်သည် **မဟာကရုဏာသမာပတ္တိဉာဏ် မည်၏**၊ မြတ်စွာဘုရားသည် နေ့တိုင်း နေ့တိုင်း ညဥ့်အခါ, နံနက်မိုးသောက်အခါတို့၌ ကုဋေပေါင်း နှစ်သန်း လေးသိန်း အရေအတွက်ရှိသော မဟာကရုဏာသမာပတ်တို့ကို ဝင်စားတော်မူသည်။

၅။ **သဗ္ဗညုတာဉာဏ်** ဆိုသည်ကား သိဖွယ်ရှိသမျှ ဉေယျတရား အလုံးစုံကို အကုန်သိမြင်သော ဉာဏ်တော်ကြီးပေတည်း။

၆။ **အနာဝရဏဉာဏ်** ဆိုသည်ကား ဝရဇိန်မိုးကြိုးကို ဟန့်တား ခြင်းငှါ မတတ်သာသကဲ့သို့ တစ်စုံတစ်ခုမျှ အနှောင့်အယှက် အဟန့် အတားမရှိသော ဉာဏ်တော်ကြီးပေတည်း။

[ဤနောက် ဉာဏ်တော်နှစ်ပါးကို သမ္မာသမ္ဗုဒ္ဓဂုဏ်တော်အဖွင့် တွင်လည်း ပြဆိုခဲ့ပြီ။]

ပဋိသမ္ဘိဒါမဂ်ပါဠိတော် မဟာပညာကထာ၌-

- ဣမေဟိ စုဒ္ဒသဉာဏေဟိ သမန္နာဂတဿ ဗုဒ္ဓဿ
ဘဂဝတော အတီတံသေ အပ္ပဋိဟတံဉာဏံ။

စသည်ဖြင့် ပြဆိုခဲ့ပြီးသော ဗုဒ္ဓဉာဏ်တော် တစ်ဆယ့်လေးပါးနှင့် ပြည့်စုံ တော်မူသော မြတ်စွာဘုရား၏ ဉာဏ်တော် ဂုဏ်ကျေးဇူးကို မိန့်ဆိုလေသည်။

## အထက်အဆိုပါ ပါဠိတော်အစိတ်၏ မြန်မာပြန်ဆိုချက်

ဤတစ်ဆယ့်လေးပါးကုန်သော ဉာဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား လွန်ပြီးအတိတ်အဖို့၌ ဉာဏ်တော်သည် အပိတ်အပင်မရှိ၊ လာလတ္တံ့ အနာဂတ်အဖို့၌ ဉာဏ်တော်သည် အပိတ်အပင်မရှိ၊ မျက်မှောက် ပစ္စုပ္ပန်အဖို့၌ ဉာဏ်တော်သည် အပိတ်အပင်မရှိ၊ သိဖွယ်ဖြစ်သော ဉေယျ တရားစုသည် အကြင်မျှလောက်ရှိ၏၊ သိနိုင်သောဉာဏ်တော်သည်လည်း ထိုမျှလောက်ပင် ရှိ၏၊ သိသောဉာဏ်တော်သည် အကြင်မျှလောက်ပင် ရှိ၏၊ သိဖွယ်ဖြစ်သော ဉေယျတရားစုသည်လည်း ထိုမျှလောက်ပင်ရှိ၏၊ သိသောဉာဏ် တော်သည် သိဖွယ်ဖြစ်သော ဉေယျတရားလျှင် အဆုံးရှိ၏၊ သိဖွယ်ဖြစ်သော

www.dhammaransi.com



ဧေယျတရားစုသည်လည်း သိသောဉာဏ်တော်လျှင် အဆုံးရှိ၏၊ သိဖွယ်ဖြစ်သော ဧေယျတရားကို လွန်၍သိသော ဉာဏ်တော်သည်မဖြစ်၊ အသိဉာဏ်တော်ကို လွန်၍ သိဖွယ်ဖြစ်သော ဧေယျတရားစုလည်းမရှိ၊ နတ်ပြည်နှင့်တကွ, မာရ်မင်းနိုင်ငံနှင့်တကွ, ဗြဟ္မာပြည်နှင့်တကွသော ဤဩကာသလောကကြီးသည်လည်းကောင်း, ရဟန်းပုဏ္ဏားနှင့်တကွ, နတ်လူနှင့်တကွသော သတ္တလောက ဟုဆိုအပ်သော သတ္တဝါများအပေါင်းသည်လည်းကောင်း, မြတ်စွာဘုရား၏ ဉာဏ်တော်အတွင်း၌သာလျှင် ကျင်လည်ဖြစ်ပွားကြရလေ၏၊ ဥပမာဆိုသည်ရှိသော် အလုံးစုံကုန်သော ငါး, လိပ်သတ္တဝါတို့သည် မဟာသမုဒ္ဒရာအတွင်း၌သာလျှင် ကျင်လည်ဖြစ်ပွား ကျက်စားကြရကုန်ဘိသကဲ့သို့လည်းကောင်း, ပျံသန်းနိုင်ကြကုန်သော ငှက်အပေါင်းတို့သည် ကောင်းကင်အရပ်တွင်း၌ ကျင်လည်ကျက်စားကြရကုန်ဘိသကဲ့သို့လည်းကောင်း, ဤအတူသာလျှင် လူ့ပြည်လောက၌လည်းကောင်း, နတ်ပြည်လောက၌လည်းကောင်း, ဗြဟ္မာပြည် လောက၌လည်းကောင်း, အလုံးစုံသော ပညာရှိပုဂ္ဂိုလ်တို့သည် ရှိကြလေကုန်၏။ ထိုအလုံးစုံသော ပညာရှိပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား၏ ဉာဏ်တော်အတွင်း၌သာလျှင် ကျင်လည်ကျက်စားကြရကုန်၏။ ဤ ၁၄-ပါးသော ဉာဏ်တော်ထူးတို့နှင့် ပြည့်စုံတော်မူသောကြောင့်လည်း ဗုဒ္ဓမည်တော်မူသည်။

ဤတစ်ဆယ့်လေးပါးသော ဗုဒ္ဓဉာဏ်တော်နှင့် စပ်လျဉ်းသဖြင့် အင္ဂုတ္တိုရ်ပါဠိတော်၌ ဟောတော်မူအပ်သော အဓိဒေဝဉာဏဒဿန ဟုဆိုအပ်သော ဘုရားရှင်တို့၏ ဉာဏ်တော်ရှစ်ပါးကိုလည်း ပြဆိုသင့်၏။

[အဓိဒေဝဉာဏဒဿန ဆိုသည်ကား နတ်တို့၏တန်ခိုးကို လွှမ်းမိုး၍ သိစွမ်းနိုင်သော ဉာဏ်ဆိုလိုသည်။]

- **ရောင်ဝါသိစွမ်း၊ မြင်စွမ်းဝဏ္ဏ၊ တူကွနှီးနှော၊ လာသောဌာန၊ မူလကြောင်းကံ၊ နတ်ထံကိစ္စ၊ တစ်ဝသက်တမ်း၊ ရှေးလမ်း နေမနေ၊ ဤရှစ်ထွေ, မှတ်လေအဓိဉာဏ်။**

ထိုဉာဏ်ရှစ်ပါးကား--

၁။ နတ်တို့၏ အရောင်အဝါကို သိစွမ်းနိုင်ခြင်း။

၂။ နတ်တို့၏ အဆင်းကို မြင်စွမ်းနိုင်ခြင်း။

၃။ နတ်တို့နှင့် အတူတကွ နှီးနှောပြောဆိုနိုင်ခြင်း။

၄။ ဤမည်သောဘုံမှလာသော နတ်ဖြစ်သည်ဟူ၍ နတ်တို့၏ အမျိုးအမည်နှင့် ဘုံဌာနကို သိစွမ်းနိုင်ခြင်း။

www.dhammaransi.com



၅။ ဤမည်သောကံကြောင့် ဤနတ်ဘဝကိုရသည်ဟူ၍ နတ်တို့၏ ရှေးကံအကြောင်းရင်းကို သိစွမ်းနိုင်ခြင်း။

၆။ ဤနတ်တို့သည် ဤသို့အစာအာဟာရ ရှိကြကုန်၏၊ ဤ သို့ခံစံ၍ နေကြကုန်၏ဟူ၍ နတ်တို့၏ကိစ္စကို သိစွမ်းနိုင်ခြင်း။

၇။ ဤနတ်တို့သည်ဤမျှလောက် အသက်တမ်းရှိကုန်၏၊ နတ်ဘုံ၌ ဤမျှလောက်ကြာမြင့်စွာ တည်နေနိုင်ကုန်၏ ဟူ၍နတ်တို့၏ အသက်တမ်းကို သိစွမ်းနိုင်ခြင်း။

၈။ ငါသည် ဤနတ်တို့နှင့် ရှေးကအတူတကွ နေထိုင်ခဲ့ဖူးသည်၊ သို့မဟုတ် အတူတကွ နေထိုင်ခဲ့ဖူးသည် မဟုတ်ဟူ၍နတ်တို့နှင့် အတူနေခဲ့ဖူး, မနေခဲ့ဖူးကို သိစွမ်းနိုင် ခြင်း။

ဤရှစ်ပါးတို့ပေတည်း။

**[ဤအဓိဒေဝ ဉာဏဒဿနရှစ်ပါးသည် သဗ္ဗညုဘုရားရှင်တို့၌ ပြည့်စုံ ရရှိအပ်သော ဉာဏ်တော်များဖြစ်သည်၊ ဤဉာဏ်ရှစ်ပါးကို အလင်းမပေါက်သေးလျှင် လောက၌ ဘုရား ဟူ၍ ဝန်မခံသေး၊ ဤဉာဏ်ရှစ်ပါးကို အလင်းပေါက်သောကြောင့်သာလျှင် လောက၌ ဘုရားရှင်ဟူ၍ ဝန်ခံကြောင်းနှင့် မြတ်စွာဘုရားကိုယ်တော်တိုင် မိန့်တော်မူသည်။]**

> ယတော စ ခေါ မေ ဘိက္ခဝေ အဋ္ဌပရိဝဋ္ဋံ အဓိဒေဝဉာဏ
> ဒဿနံ သုဝိသုဒ္ဓံ အဟောသိ၊ အထာဟံ ဘိက္ခဝေ သဒေဝကေ
> လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ
> ပဇာယ သဒေဝမနုဿာယ အနုတ္တရံ သမ္မာသမ္ဗောဓိံ
> အဘိသမ္ဗုဒ္ဓေါတိ ပစ္စညာသိံ။

ဘိက္ခဝေ=ရဟန်းတို့၊ ယတော စ ခေါ=အကြင့်ကြောင့်လျှင်၊ အဋ္ဌ ပရိဝဋ္ဋံ= ရှစ်ခုအရေအတွက်ရှိသော၊ အဓိဒေဝဉာဏဒဿနံ= အဓိဒေဝ ဉာဏ်အမြင်သည်၊ မေ=ငါဘုရားအား၊ သုဝိသုဒ္ဓံ=စင်ကြယ်သဖြင့် အလင်းပွင့်သည်၊ အဟောသိ=ဖြစ်၏၊ ဘိက္ခဝေ=ရဟန်းတို့၊ အထ=ထိုသို့ အဓိဒေဝဉာဏ် အမြင်သန်သောကြောင့် သာလျှင်၊ အဟံ=ငါဘုရားသည်၊ သဒေဝကေ=နတ်နှင့်တကွသော၊ သမာရကေ= မာရ်နှင့်တကွသော၊ သဗြဟ္မကေ=ဗြဟ္မာနှင့်တကွသော၊ လောကေ=လောကကြီး အလယ်၌၊ သဿမဏဗြာဟ္မဏိယာ=ရဟန်း, ပုဏ္ဏားနှင့်တကွသော၊ သဒေဝ မနုဿာယ=နတ်လူနှင့်တကွသော၊ ပဇာယ=သတ္တဝါများအလယ်၌၊ အနုတ္တရံ= အတုမရှိသော၊ သမ္မာသမ္ဗောဓိံ=ဘုရားရှင်တို့နှင့်သာဆိုင်သော ဉာဏ်အထွတ်သို့၊ အဘိသမ္ဗုဒ္ဓေါတိ=ပေါက်ရောက်သိမြင် ဘုရားရှင်အဖြစ်သို့ ရောက်ပြီဟူ၍၊

www.dhammaransi.com



ပစ္စည်းသုံး-ဝန်ခံတော်မူပြီ။

(ဤကား- အစိဒေဝဉာဏဒဿန ရှစ်ပါးတည်း)

ဂုဏ်ပုဒ်နှစ်ပါး၊ ထူးထွေပြား၊ မှတ်သားပါဋ္ဌိပြ-

ဝိသုဒ္ဓိမဂ်ဋီကာ၌ သမ္မာသမ္ဗုဒ္ဓဂုဏ်, ဗုဒ္ဓဂုဏ်နှစ်ပါးတို့၏အထူးကို အောက်၌ ပါသောအတိုင်း ပြဆိုလေ၏။

သမ္မာသမ္ဗုဒ္ဓေါတိ ဣမိနာ သဗ္ဗေပတော ဝိတ္ထာရတောစ သတ္တု စတုသစ္စာဘိသမ္ဗောဓော ဝုတ္တော၊ ဗုဒ္ဓေါတိ ပန ဣမိနာ တဒညဿာပိ ဉေယျဿာဝဗောဓော၊ ပုရိမေန ဝါ သတ္တု ပဋိဝေဓဉာဏာနုဘာဝေါ၊ ပစ္ဆိမေန ဒေသနာ ဉာဏာနုဘာဝေါပိ။

သမ္မာသမ္ဗုဒ္ဓေါတိ ဣမိနာ-သမ္မာသမ္ဗုဒ္ဓဟူသော ဤပုဒ်ဖြင့်၊ သတ္တု-မြတ်စွာဘုရား၏၊ သဗ္ဗေပတောစ-အကျဉ်းအားဖြင့်လည်းကောင်း၊ ဝိတ္ထာရတောစ-အကျယ်အားဖြင့်လည်းကောင်း၊ စတုသစ္စာဘိ သမ္ဗောဓော-သစ္စာလေးပါး ပိုင်းခြားသိမြင်ခြင်းကို၊ ဝုတ္တော-ဆိုအပ်၏၊ ဗုဒ္ဓေါတိ ပန ဣမိနာ-ဗုဒ္ဓဟူသော ဤပုဒ်ဖြင့်ကား၊ တဒညဿ-ထိုသစ္စာ လေးပါးမှ တစ်ပါးဖြစ်သော၊ ဉေယျဿာပိ-သိအပ်သမျှ ဉေယျတရားစုကိုလည်း၊ အဝဗောဓော-သိခြင်းကို၊ ဝုတ္တော-ဆိုအပ်၏၊ ဝါ-တစ်နည်းကား၊ ပုရိမေန-သမ္မာသမ္ဗုဒ္ဓဟူသော ရှေ့ပုဒ်ဖြင့်၊ သတ္တု-မြတ်စွာဘုရား၏၊ ပဋိဝေဓဉာဏာနုဘာဝေါ-ထိုးထွင်း၍ သိတော်မူနိုင်သော ဉာဏ် အာနုဘော်ကို၊ ဝုတ္တော-ဆိုအပ်၏၊ ပစ္ဆိမေန-ဗုဒ္ဓဟူသော နောက်ပုဒ်ဖြင့်၊ ဒေသနာဉာဏာနုဘာဝေါပိ-တရားဟောတော်မူနိုင်သော ဒေသနာဉာဏ်စွမ်း အာနုဘော်ကိုလည်း၊ ဝုတ္တော-ဆိုအပ်၏။

၈- ဗုဒ္ဓဂုဏ်တော်ဖွင့်ပြီး၏။

---------*--------

## ၉-ဘဂဝါဂုဏ်တော်

ဤဘဂဝါဂုဏ်တော်ပုဒ်သည်လည်း ဝိမောက္ခန္တိကဉာဏ်၏ အစွမ်းအားဖြင့် ပြီးစီး၏၊ ဤလောက၌ တန်ခိုးကြီးသောသူ, ကုသိုလ်ကံ ကြီးသောသူ, ရိုသေ လေးမြတ်အပ်သောသူ, ဘုန်းကြီးသောသူတို့ကို ဘဂဝါဟူ၍ ခေါ်ဆိုစမှတ် ပြုကြကုန်၏၊ ထို့ကြောင့်ရှေးဆရာတို့သည်-

ဘဂဝါတိ ဝစနံ သေဋ္ဌံ၊ ဘဂဝါ ဝစနမုတ္တမံ၊

www.dhammaransi.com



ဂုရုဂါရဝယုတ္တော သော၊ ဘဂဝါ တေန ဝုစ္စတိ။
ဟူ၍ဘဂဝါသဒ္ဒါ၏ အကြောင်းကို ပြဆိုလေသည်။

ယေန=အကြင် အကြောင်းကြောင့်၊ ဘဂဝါတိ=ဘဂဝါဟူ၍၊ ဝစနံ=ခေါ် ဆိုခြင်းသည်၊ သေဋ္ဌ=ချီးမွမ်းအပ်၏၊ ဘဂဝါဝစနံ=ဘဂဝါဟူသော စကားသည်၊ ဉတ္တမံ=မြတ်၏၊ တေန=ထို့ကြောင့်၊ ဂါရဝယုတ္တော=အရိုအသေ ပြုခြင်းနှင့်ယှဉ်သော၊ သော ဂုရု=ထိုအလေးအမြတ် ပြုထိုက်သော ပုဂ္ဂိုလ်ကို၊ ဘဂဝါ=ဘဂဝါဟူ၍၊ ဝုစ္စတိ=ခေါ် ဆိုအပ်၏။

[ဘဂဝါ ဟူသောပုဒ်၌ ဘဂသဒ္ဒါကို ဘုန်းဟူ၍ မြန်မာပြန်ဆိုရိုး ရှိကြကုန်၏၊ ထိုဘုန်းဟူသော မြန်မာစကားသည် ဘုရားအစရှိသော အထွတ်အမြတ်ပုဂ္ဂိုလ်တို့၌ အမြင့်အမြတ်ထား၍ သုံးသောစကားမျိုးဖြစ်သည်၊ ထိုဘုန်းနှင့် ပြည့်စုံ၍ ဘုန်းရှိသောကြောင့် ဘဂဝါဟူ၍ဆိုအပ်၏။]

## တဒ္ဓိတ်ဝိဂြိုဟ်

ဘဂေါ ယဿ အတ္ထီတိ ဘဂဝါ။

ယဿ=အကြင်မြတ်စွာဘုရားအား၊ ဘဂေါ=ဘုန်းတော်သည်၊ အတ္ထိ=ရှိ၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ သော=ထိုမြတ်စွာဘုရားသည်၊ ဘဂဝါ=ဘဂဝါမည်၏။

## ဘုန်းတော်ခြောက်စုံ, ပြခြင်းဂုဏ်

ထိုဘဂသဒ္ဒါ၏ အနက်ဖြစ်သော ဘုန်းတော်သည် **ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ** အားဖြင့် ၆-ပါးအပြားရှိ၏၊ (၁) ဣဿရိ ယဘုန်းတော်, (၂) ဓမ္မဘုန်းတော်, (၃) ယသဘုန်းတော်, (၄) သိရီ ဘုန်းတော်, (၅) ကာမ ဘုန်းတော်, (၆) ပယတ္တဘုန်းတော်ဟူ၍ ဆိုလို သည်၊ ဘုန်းတော် ၆-ပါးတည်း။

(၁) အစိုးရခြင်းတည်းဟူသောဘုန်းတော်, (၂) မွန်မြတ်သော တရားတည်းဟူသောဘုန်းတော်, (၃) အခြံအရံ အကျော်အစောတည်း ဟူသောဘုန်းတော်, (၄)တင့်တယ်ခြင်းတည်းဟူသောဘုန်းတော်,(၅) အလိုရှိတိုင်း ပြီးပြည့်စုံစေနိုင်ခြင်းတည်းဟူသောဘုန်းတော်, (၆) ဝီရိယ စွမ်းအားတည်းဟူသောဘုန်းတော် ဤကားဘုန်းဟော်ခြောက်ပါး၏ အဓိပ္ပါယ်ပေတည်း။

**အကျယ်ဝိတ္ထာ, ပြပြန်ရာ။ ။ထိုဘုန်းတော်ခြောက်ပါးတို့တွင် ဣဿရိယ ဘုန်းတော်သည် စိတ်ကိုအစိုးရခြင်း တည်း**

www.dhammaransi.com



ဟူသော စိတ္တိဿရိယဘုန်းတော်, ဈာန်သမာပတ်တို့ကို အစိုးရခြင်းတည်းဟူသော သမာဓိ သမာပတ္တိဿရိယဘုန်းတော်, တန်ခိုးတော်အမျိုးမျိုးကို အစိုးရခြင်း တည်းဟူသော ဣဒ္ဓိဿရိယဘုန်းတော်, တရားကိုအစိုးရခြင်းတည်းဟူသော ဓမ္မိဿရိယဘုန်းတော်, သံယာကိုအစိုးရခြင်းတည်းဟူသော သံယိဿရိယ ဘုန်းတော်, ဂိုဏ်းအပေါင်းအသင်းကို အစိုးရခြင်းတည်းဟူသော ဂဏိဿရိယ ဘုန်းတော်, လောကကိုအစိုးရခြင်းတည်းဟူသော လောကိဿရိယဘုန်းတော် ဟူ၍ များသောအပြားရှိ၏။

ထိုဣဿရိယတို့တွင် စိတ္တိဿရိယ ဆိုသည်ကား စက်ဆုပ် ဖွယ်ဖြစ်သော အနိဋ္ဌာရုံ၌ ဣဋ္ဌာရုံဟူ၍ စိတ်ကိုပဲ့ပြင်၍ ထင်မြင် ပြောင်းလဲနိုင်၏၊ အလွန် မြတ်နိုးဖွယ်, နှစ်သက်ဖွယ်သော ဣဋ္ဌာရုံတို့၌လည်း စက်ဆုပ်ဖွယ်ဟူ၍ စိတ်ကို ပဲ့ပြင်၍ ထင်မြင်ပြောင်းလဲနိုင်၏၊ ဤသို့ စသည်ဖြင့် ကိုယ်တော်မြတ်၏ စိတ်ကို အလိုရှိတိုင်း အစိုးရမှုပေတည်း။

သာမညဖြစ်သော ပုဂ္ဂိုလ်တို့သည်ကား စိတ်ကိုအစိုးမရကုန်၊ အာရုံက သွေးဆောင်ဖြားယောင်းတိုင်း, အာရုံက ခြောက်လှန့်သော အတိုင်းသာလျှင် အာရုံသဘောကို မလွန်ဆန်နိုင်ပဲ နေကြရကုန်၏၊ အာရုံကြိုးဆွဲတိုင်းသာ စိတ်လိုက်ပါ၍ နေရသည်ဟုဆိုလိုသည်၊ ဣဋ္ဌာရုံကိုတွေ့လျှင် ခုံမင်နှစ်သက်စွာနှင့် အလွန်ဝမ်းသာကြကုန်၏၊ ဆွေ့ဆွေ့ခုန်မျှ ပျော်မြူးကြကုန်၏၊ အနိဋ္ဌာရုံကို တွေ့လျှင် စိတ်နှလုံး ညှိုးနွမ်း၍ မချမ်းမသာဖြစ်ကြကုန်၏၊ ညည်းတွား ငိုကြွေး ကြကုန်၏၊ စိတ်ကိုမနိုင်သောသူတို့သည် လေပြင်းမုန်တိုင်းကြီးကျ၍ လှိုင်းထ နေသော သမုဒ္ဒရာကြီးထဲမှာ ပဲ့မပါသောသင်္ဘောသည် လှိုင်းလေတို့ကို မလွန် ဆန်နိုင်၊ လှိုင်းလေတို့ ဆွဲဆောင်ရာသို့သာ လိုက်ပါ၍နေရဘိသကဲ့သို့ လောကဓမ် တရား ရှစ်ပါးတည်းဟူသော လေရူးလေရိုင်းနှင့် တောင်ရှိ, ကမ်းရှိ လှိုင်းကြီး တွေထဲမှာ မျောပါးနစ်မြုပ်၍နေကြလေ၏။

စိတ်ကိုအစိုးရသော ဘုရားရှင်တို့သည်ကား အိမ်မျှောင် ကောင်းကောင်း ပဲ့တက်ပဲ့ကိုင် ကောင်းကောင်းပါရှိသော သင်္ဘောကြီးသည် မည်ကဲ့သို့လှိုင်းလေတို့ ကြမ်းတမ်းစေကာမူ အိမ်မျှောင်ဖြင့် အလိုရှိရာအရပ်ကို မှတ်သား၍ပဲ့တက်ဖြင့် ကောင်းမွန်နိုင်နင်းစွာပဲ့ပြီးလျှင် အလိုရှိရာအရပ်သို့ ဆောင်သွားနိုင်သကဲ့သို့ လောကဓမ်တရားတည်းဟူသော လေကြမ်းလှိုင်းကြမ်းတို့ဖြင့် တိုက်ခိုက်ပါသော် လည်း အလိုက်သင့် စိတ်ကိုပဲ့ပြင်၍ နေနိုင်တော်မူကြကုန်၏။

www.dhammaransi.com



စိတ္တိသာရိယဂုဏ် ထင်ရှားသည်မှာ အလွန်သာယာဖွယ်ရှိသော မာရ်နတ်၏ သမီးသုံးယောက်တို့လာ၍ အမျိုးမျိုးဖြားယောင်းသော်လည်း စက်ဆုပ်ဖွယ်ဟူသော ပဋိကူလသညာဖြင့် ပွါးများတွန်းလှန် ပယ်ရှားတော်မူနိုင်ခြင်း, ထို့အပြင် ကျွန်မအလောင်းကောင်ကို ထုပ်၍စွန့်ပစ်ထားသော ပိုးလောက်အတိပြည့်သည့် အဝတ်ဟောင်းများကိုပင် အပ္ပဋိကူလသညာကို ပွါးများ၍ ပံသုကူသက်န်းအလို့ငှါ ကိုယ်တော်တိုင် ဖွပ်လျှော်တော်မူနိုင်ခြင်း, ထို့ပြင်တစ်ပါးလည်း ကြီးမားသော လာဘ်ပူဇော်သကာတို့ကြောင့် တက်ကြွဝမ်းမြောက်ခြင်းရှိတော်မမူခြင်း, မာရ်နတ်, ဒေဝဒတ်, နာဠာဂီရိ, စိဉ္စမာန စသည်တို့၏ အကြီးအကျယ်နှောင့်ယှက်လာသော်လည်း စိတ်ညှိုးနွမ်း ယိမ်းယိုင်ခြင်းမရှိ ပကတိသဘောမှ မပြောင်းလွဲခြင်း စသည်တို့ဖြင့် စိတ္တိသာရိယဂုဏ်တော်သည် အလွန်ထင်ရှား၏။

ဈာန်သမာပတ်တို့၌ ဝသီဘော်မြောက်သည်ဖြစ်၍ နိုင်နင်းစိုးပိုင်မှုသည် **သမာဓိသမာပတ္တိသာရိယ**မည်၏။

တန်ခိုး အမျိုးမျိုး ဖန်ဆင်းနိုင်သော ဣဒ္ဓိဝိဓအဘိညာဏ် စသည်တို့၌ အထွတ်အထိပ်သို့ရောက်အောင် ပိုင်နိုင်မှုသည် **ဣဒ္ဓိသာရိယ** မည်၏။

တရားအထူးထူးကို ဝေဖန်ခွဲခြား၍ ဟောပြသောဉာဏ်အရာ၌ ပိုင်နိုင်စွာ အစိုးရမှုသည် **ဓမ္မိသာရိယ** မည်၏။

ရဟန်းသံဃာအပေါင်းကို သိက္ခာပုဒ်အမျိုးမျိုး ပညတ်၍အုပ်စိုးမှု, အာဏာစက်ကို တည်စေ၍ အုပ်စိုးမှုတို့၌ နိုင်ခြင်း သည် **သံဃိသာရိယ** မည်၏။

**ဂဏိသာရိယ** သည်လည်း ထို့အတူပင်တည်း၊ သရဏဂုံသုံးပါး တို့၌တည်၍ ကြည်ညိုခြင်း သဒ္ဓါတရားရှိသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၌ တရားစက်ကိုလည်စေ၍ သာသနာ၌ သက်ဝင်သော သူအပေါင်းမှာ စကြာမင်းကြီးသည် လူတို့၏အပေါ်မှာ တရားသဖြင့် အုပ်စိုးဘိသကဲ့သို့ လူ, နတ်, ဗြဟ္မာ, သတ္တဝါတည်းဟူသော လောက၌ တရားစကြာမင်းကြီးဖြစ်၍ တရားသဖြင့် အုပ်စိုးတော်မူနိုင်ခြင်းသည် **လောကိသာရိယ** မည်၏။

ထိုမှတစ်ပါး ရူပကာယကိုယ်တော်မြတ်ကို အဏိမာစသော တန်ခိုးတို့ဖြင့် အမျိုးမျိုးဖန်ဆင်းမှု၌ အစိုးရခြင်းသည် **ကာယိသာရိယ** မည်၏။

## တူဖက်ကင်းရိုး၊ တန်ခိုးရှစ်ဖြာ၊ ဣသရိယာ

လောက၌ ဣသရိယရှစ်မျိုး တန်ခိုးရှစ်ပါးတို့သည်လည်း ရှိကုန်၏၊ ထိုဣသရိယရှစ်မျိုးတို့သည်ကား။

www.dhammaransi.com



အဏိမာ မဟိမာ ပတ္တိ၊ ပါကမ္ဗံ လဃိမာ တထာ။
ဤသိတာစ ဝသိတာစ၊ ယတ္ထကာမာ ဝသာယိတာ။

အဏိမာစ=ကိုယ်ကိုသေးငယ်စွာ ဖန်ဆင်းနိုင်ခြင်းတည်းဟူသော အဏိမာ တန်ခိုးလည်းကောင်း၊ မဟိမာစ=ကိုယ်ကိုအလိုရှိတိုင်း ကြီးအောင်ဖန်ဆင်းနိုင်ခြင်းတည်းဟူသော မဟိမာတန်ခိုးလည်းကောင်း၊ ပတ္တိစ=အလိုရှိရာအရပ်သို့ ခဏချင်းရောက်စွမ်းနိုင်သော ပတ္တိတန်ခိုးလည်းကောင်း၊ ပါကမ္ဗံစ=အဆင်းအသွင် အမျိုးမျိုး ဖန်ဆင်းရာတွင် မကြာချက်ချင်း ပြီးစီးစေနိုင်သော ပါကမ္ဗတန်ခိုး လည်းကောင်း၊ တထာ=ထိုမှတစ်ပါး၊ လဃိမာစ=ကိုယ်ကိုပေါ့ပါးအောင် ပြုစွမ်း နိုင်သော လဃိမာ တန်ခိုးလည်းကောင်း၊ ဤသိတာစ=မိမိကိုယ်၌လည်းကောင်း, ဂိုဏ်း, သံဃာလောက၌လည်းကောင်း အစိုးရခြင်းတည်းဟူသော ဤသိတာ တန်ခိုးလည်းကောင်း၊ ဝသိတာစ=ဈာန်သမာပတ်ကို ဝင်စားရာ၌ ဝသီ မြောက်၍ နိုင်နင်းခြင်း ဝသိတာတန်ခိုးလည်းကောင်း၊ ယတ္ထကာမာ ဝသာယိတာစ=ဣဒ္ဓိဝိဓ တန်ခိုးဖြင့် အမျိုးမျိုးဖန်ဆင်းရာ၌ မိဋ္ဌာန်သောအတိုင်း ကာလ,ဌာနကို မလွန်စေ မူ၍ ပြီးဆုံးနိုင်စေခြင်း တည်းဟူသော ယတ္ထကာမာဝသာယိတာ တန်ခိုးလည်း ကောင်း၊ ဣတိ=ဤသို့၊ အဋ္ဌက္ကဿရိယာ=တန်ခိုးရှစ်မျိုးတို့သည်၊ ဟောန္တိ= ဖြစ်ကုန်၏။

[ဤတန်ခိုးရှစ်ပါးတို့သည် ဤလောက၌ အသက်ရှည်၍ ခေတ်ကာလ ကောင်းသော အခါ တန်ခိုးကြီးသောရဟန်း, မုဏ္ဍားစသော ပုဂ္ဂိုလ်မြတ်တို့၌ ဖြစ်ကုန်၏။]

မြတ်စွာဘုရား၌မူကား ဤရှစ်ပါးတို့သည် အတုမရှိ လွန်ကဲ၍ အံ့ဖွယ်သရဲ အနေအားဖြင့် တည်ရှိကုန်၏၊ ထိုတန်ခိုး ရှစ်ပါးတို့တွင်-

## ရှင်းလင်းဓိပ္ပါယ်, စိတ္တာသွယ်

၁။ ကိုယ်တော်မြတ်ကို အဏုမြူခန့်သို့ တိုင်အောင် သေးငယ်စွာ ဖန်ဆင်း တော်မူနိုင်သည်ကို အဏိမာ ခေါ်၏၊ ထိုအဏိမာဂုဏ်ဖြင့် ကိုယ်တော်မြတ် အလိုရှိတော်မူသောအခါ ပရိက္ခရာရှစ်ပါးကိုလွယ်၍ မုန်ညင်းဆန်အတွင်းမှာပင် စကြံလျှောက်တော်မူနိုင်သည်၊ ထိုပြင် လူတို့၏ မျက်တောင်မွေးဖျားပေါ်၌ ပရိက္ခရာရှစ်ပါးကိုလွယ်၍ စကြံလျှောက်တော်မူနိုင်၏။

ပရိက္ခရာရှစ်သွယ်၊ ကိုယ်မှာလွယ်၍၊ သေးသွယ်မုန်ညင်း၊
ဆန်အတွင်းနှင့်၊ လူလျှင်းမျက်တောင်၊ အပေါ်နောင်၊ ခေါ်ဆောင် အဏိမာ၊

၂။ ကိုယ်တော်မြတ်ကို အလိုရှိတိုင်း ကြီးအောင်ဖန်ဆင်းနိုင်မှုသည် မဟိမာ

www.dhammaransi.com



မည်၏။ ကိုယ်တော်မြတ် အလိုရှိပါမူကား ဤစကြဝဠာတိုက် အလုံးကို မိမိ၏ ကိုယ်တော်မြတ်ဖြင့် အလုံးစုံဖုံးလွှမ်းတော်မူနိုင်၏၊ ထို မဟိမာတန်ခိုးတော် ထင်ရှားခြင်းကား မြတ်စွာဘုရားသည် ခုနစ်ဝါမြောက်တော်မူသောအခါ တာဝတိံသာတွင် ဝါဆိုတော်မူမည်ရှိသည်တွင် ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထား အပ်သော ပဏ္ဍုကမ္ဗလာ ကျောက်ဖျာထက်၌ ပကတိသောကိုယ်ဖြင့် ထက်ဝယ် ဖွဲ့ခွေ၍ သီတင်းသုံးနေတော်မူ၏၊ ထိုအခါ သိကြားမင်းက အထု ၁၅-ယူဇနာ အလျားယူဇနာ ၆၀-အနံယူဇနာ ၅၀-ရှိသော ဤပဏ္ဍုကမ္ဗလာ ကျောက်ဖျာသည် အလွန် ကြီးမား၏၊ လူ့ဘုံသားဖြစ်သော မြတ်စွာဘုရားသည် သေးငယ်၏၊ ထို ကျောက်ဖျာထက်၌ မြတ်စွာဘုရားသီတင်းသုံးတော်မူလျှင် နတ်အပေါင်းတို့သည် ထိုကျောက်ဖျာထက်သို့ တက်ဝံ့ကြမည်မဟုတ်၊ ထိုသို့ ဖြစ်လျှင် အလွန်ကြီးမား သော ပဏ္ဍုကမ္ဗလာ ကျောက်နေရာကြီးသည် အချည်းနှီးဖြစ်လေရာ၏ဟူ၍ စိတ်အကြံဖြစ်လေ၏၊ ထိုအကြံကို မြတ်စွာဘုရား သိမြင်တော်မူသောအခါ မဟိမာတန်ခိုးဖြင့် ဒုကုဋ်သင်္ကန်းကြီးကို လေးခေါက်ခေါက်၍ ကျောက်ဖျာထက်မှာ ခင်းလေရာ၊ အလုံးစုံ ဖုံးလွှမ်းလေ၏၊ ထိုအခင်းထက်၌ ထက်ဝယ်ဖွဲ့ခွေ၍ ထိုင်တော်မူရာ ကျောက်ဖျာနှင့်အမျှ ကိုယ်တော်ကြီးပြည့်၍ နေလေ၏၊ ထိုအခါ တွင်မှ သိကြားမင်းသည် မြတ်စွာဘုရား၏ မဟိမာတန်ခိုးကို ကြည်ညိုလေသည်။

## အသူရိန်နတ်စသော ပုဂ္ဂိုလ်တို့၏ ထင်မြင်ချက် ကွာခြားနေပုံ

ထိုမှတစ်ပါး အလွန်တရာ ကိုယ်ကြီးမားသော ရာဟုအသူရိန်နတ်သည် မိမိအတ္တဘောအလွန်ကြီးသည့်အတွက် လူ့ဘုံသားဖြစ်သော မြတ်စွာဘုရားကို သွား၍ဖူးမျှော်ပါလျှင် သေးသေးမှုံမှုံနှင့် ငုံ့၍ရှာ၍ ကြည့်ရမတတ် ဖြစ်လိမ့် မည်အထင်နှင့် ဖူးမျှော်ရန်၊ လာရောက်ခြင်း မပြုပဲ နေလေ၏၊ တစ်ရံသောအခါ မြတ်စွာဘုရားထံတော်သို့ရောက်၍ ဖူးမျှော်သည်တွင် မဟိမာတန်ခိုးဖြင့် လျောင်း၍နေတော်မူသော မြတ်စွာဘုရားကိုယ်တော်ကို သတ္တဝါတို့တွင် ကိုယ်အင်္ဂါအကြီးဆုံးဖြစ်သော ရာဟုအသူရိန်နတ်သားသည် အားရှိသမျှ မော်၍ မော့၍ ဖူးမျှော်သော်လည်း ကိုယ်တော်မြတ်၏ အထက်အပိုင်းအခြားကို မမြင်နိုင် အောင်ပင် ရှိလေ၏။

ထိုမှတစ်ပါး ပုဏ္ဏားတစ်ဦးသည် မြတ်စွာဘုရား၏ အရပ်တော် ပမာဏကို တိုင်းတာ၍ သိရအံ့ဟု မြတ်စွာဘုရား ကြွလာတော်မူသော လမ်းအနီးတွင် အတောင်ခြောက်ဆယ်ရှိသော ဝါးကိုထောင်၍ထားရာ ထိုဝါးသည် မြတ်စွာ

www.dhammaransi.com



ဘုရား၏ ပုဆစ်တော်ကိုပင် မမီပဲ ရှိလေ၏၊ နောက်တစ်နေ့ အတောင်ခြောက်ဆယ်ရှိသော ဝါးတစ်လုံးဆက်၍ ထောင်ပြန်ရာတွင်လည်း ရှေးနည်းအတူပင်လျှင် ပုဆစ်တော်ကို မမီနိုင်ပဲရှိလေ၏။

[ဤသို့စသည်ဖြင့် မြတ်စွာဘုရား၏ မဟိမာဂုဏ်တော်သည် အံ့ဩဖွယ် အနေအားဖြင့် များစွာထင်ရှားလေ၏။]

**အလိုရှိရာ၊ ကြီးလိုပါသော်၊ စကြဝဠာတိုက်လုံး၊ ကိုယ်တော်ဖုံး၊ မှတ်အုံး မဟိမာ။**

၃။ မြတ်စွာဘုရားသည် တည်မြဲတိုင်းသောနေရာ၌ ရပ်တည်တော်မူ၍ ယူဇနာတစ်သိန်းကွာသော အရပ်သို့ဖြစ်စေ၊ အောက်ငရဲပြည် သို့ဖြစ်စေ၊ အထက်နတ်ပြည် ဗြဟ္မာပြည်သို့ဖြစ်စေ၊ တစ်ပါးသော စကြဝဠာတိုက်တို့သို့ဖြစ်စေ ကျွတ်ထိုက်သောသတ္တဝါတို့ကို ချွေချွတ်တော်မူရန် ကြွတော်မူလိုသောအခါ ခဏချင်း ရောက်တော်မူနိုင်သော တန်ခိုးသည် ပတ္တိ မည်၏၊ ဤပတ္တိတန်ခိုးကို ရည်၍ ဗုဒ္ဓဝင်ပါဠိတော် ဒီပက်ရာ ကဏ္ဍတွင်-

ဌာနေယျံ ဇနံ ဒိသွာ၊ သတ သဟဿေပိ ယောဇနေ။
ခဏေန ဥပဂန္တွာန၊ ဗောဓေတိ တံ မဟာမုနိ။

ဟူ၍ ပြဆိုသည်။

မဟာမုနိ-မြတ်စွာဘုရားသည်၊ ဗောဓနေယျံ-ကျွတ်ထိုက်သော၊ ဇနံ-သတ္တဝါကို၊ ဒိသွာ-မြင်တော်မူသည်ရှိသော်၊ သတသဟဿေပိ ယောဇနေ-ယူဇနာတစ်သိန်းတို့တိုင်တိုင် ဝေးကွာသောအရပ်တို့သို့လည်း၊ ခဏေန-တစ်ခဏချင်းဖြင့်၊ ဥပဂန္တွာန-ချဉ်းကပ်ကြွသွား၍၊ တံ-ထိုကျွတ်ထိုက်သောသတ္တဝါကို၊ ဗောဓေတိ-ချွေချွတ်တော်မူ၏။

**တည်မြဲနေရာ၊ တည်၍သာလျှင်၊ ယူဇနာတစ်သိန်း၊ ကွာကိန်းအရပ်၊ အောက်ထပ်ထက်ခွင်၊ ထိုပြင်စကြဝဠာ၊ ဌာနာ သတ္တဝါ၊ ချွတ်ထိုက်ပါ၊ ရောက်နှာ ပတ္တိပြ။**

၄။ အဆင်းအမျိုးမျိုး အသွင်သဏ္ဌာန်အမျိုးမျိုး စသည်တို့ကို ဖန်ဆင်းတော်မူလိုသောအခါ ထိုဖန်ဆင်းတော်မူလိုသော ဆန္ဒတော်အတိုင်း ကြာမြင့်ခြင်းမရှိ ရုတ်တရက် ခဏချင်းပြီးမြောက်တော်မူစေ နိုင်ခြင်းသည် ပါကမ္မ မည်၏၊ ထိုပါကမ္မတန်ခိုးသည် တန်ခိုးအစုံအစုံ ဖန်ဆင်းတော်မူသော ယမိုက် ပြာဋိဟာ ပွဲတွင် အလွန်ထင်ရှား၏။

**အသွင်သဏ္ဌာန်၊ အမှန်အဆင်း၊ ဖန်ဆင်းဆန္ဒ၊ လိုတိုင်းရ၊ ပါကမ္မ ဟုခေါ်။**

၅။ စိတ်လျင်မြန်ခြင်းကဲ့သို့ အလွန်လျင်မြန် ပေါ့ပါးစွာရှိအောင် ကိုယ်တော်ကို ပြုစွမ်းနိုင်ခြင်းသည် လဃိမာ မည်၏၊ ပျံလွှားပေါ့ပါးခြင်း တန်ခိုးဆိုလိုသည်၊ ထိုလဃိမာတန်ခိုးသည် သာဝတ္ထိပြည်၌ ယမိုက်ပြာဋိဟာကို ပြတော်မူပြီး၍ နှစ်လှမ်းသုံးဖဝါးမျှနှင့် တာဝတိံသာသို့ တက်တော်မူခန်းဖြင့် ထင်ရှား၏။

အမြွက်မျှဆိုဦးအံ့၊ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၏ မြောက် တံခါးဝ အနီး ကဏ္ဍမ္ဗသရက်ဖြူပင်ကြီးတွင် ထန်ခိုးပြပြီးသောနောက် လဃိမာတန်ခိုးတော်ဖြင့် မူလရတနာစင်္ကြံပေါ်တွင် ပထမခြေဖဝါးကိုတည်၍ ပထမအလှမ်းဖြင့် ယုဂန္ဓိုရ်တောင်ထိပ်မှာ ဒုတိယဖဝါးကို ချတော်မူ၏၊ ထိုနောက် ဒုတိယအလှမ်းဖြင့် ရတနာစင်္ကြံ၌တည်သော ဖဝါးကို မြင့်မိုရ်တောင်ထိပ်၌ ချတော်မူ၏၊ ဤသို့လျှင် နှစ်လှမ်းသုံးဖဝါးဖြင့် တာဝတိံသာသို့ ကြွတော်မူသည်။

**စိတ်၏မြန်ခြင်း၊ ပမာခင်း၍၊ မြန်ခြင်းပေါ့ပါး၊ ကိုယ်စွမ်းအား၊ မှတ်သား လဃိမာ။**

၆။ ကိုယ်တော်မြတ်၏ စိတ်တော်မှစ၍ လောကကြီးတခုလုံးကို အုပ်ချုပ်စိုးပိုင်တော်မူခြင်းသည် ဤသိတာ မည်၏၊ ထိုဤသိတာ တန်ခိုးတော်မြတ်ကား အလုံးစုံသော လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် မြတ်စွာဘုရားထံသို့ ရောက်သောအခါ ကြောက်ရွံ့လန့်စိုးစွာနှင့် ရိုသေကိုင်းညွတ်ခြင်းကို ပြုကြရကုန်၏။

**တလောကလုံး၊ ညွတ်ရုံးဦးပိုင်၊ စိုးအုပ်နိုင်၊ မှတ်ပိုင် ဤသိတာ။**

၇။ စျာန်သမာပတ်ကို ဝင်စားမှု, အဘိညာဏ်ဝင်စားမှုတို့၌ ဝသီမြောက်၍ ပိုင်နိုင်တော်မူခြင်းသည် **ဝသိတာ** မည်၏၊ ထိုဝသိတာတန်ခိုးသည် ယမိုက်ပြာဋိဟာကို ပြတော်မူရာတို့၌ ကသိုဏ်းအမျိုးမျိုးတို့ကို ပြောင်းကာလဲကာ ဝင်စား၍ စျာန်ကစားတော်မူခြင်း, ထိုကသိုဏ်းစျာန်ကို အခြေခံပြု၍ တန်ခိုးအမျိုးမျိုး ဖန်ဆင်းခြင်းတို့ဖြင့် ထင်ရှား၏။

**အဘိညာဏ်စျာန်၊ ဝင်စံလိုမှု၊ ပိုင်နိုင်ပြု၊ စိုးမှု ဝသိတာ။**

၈။ ဣဒ္ဓိဝိဓကိစ္စဖြင့် တန်ခိုးအမျိုးမျိုး ဖန်ဆင်းတော်မူရာ၌ ဤမျှလောက်ကာလအတွင်း၌သာ ဖန်ဆင်းတော်မူမည်၊ ဤမျှလောက်သော အရပ်ဌာန

www.dhammaransi.com



အတွင်း၌သော တန်ခိုးအစွမ်းကို ပျံ့နှံ့စေရမည်ဟု ဓိဋ္ဌာန်တော်မူလျက် ထိုဓိဋ္ဌာန်တော်မူချက်အတိုင်း မလွန်ကျူးပဲ အဆုံးသတ်စေနိုင်မှုသည် ယတ္ထကာမာဝသာယိတာ မည်၏၊ ဤတန်ခိုးရှစ်ပါးစုံကိုလည်း အကုန်ပိုင်နိုင်တော်မူသည်။

ယတ္ထကာမာ၊ ဝသာယိတာ၊ တန်ခိုးမှာမူ၊ မလွန်မကျူး၊
ဓိဋ္ဌာန်ဦးမှာ၊ ဆုံးသတ်ရာ၊ မှတ်ပါ တန်ခိုးမျိုး။

[ဤဆိုအပ်ပြီးသော စကားရပ်သည်ကား ဣဿရိယဘုန်းနှင့်စပ်၍ ဆိုသော စကားရပ်ပေတည်း၊ ဤဣဿရိယဘုန်းတော်နှင့် ပြည့်စုံတော်မူသောကြောင့်လည်း ဘဂဝါ မည်တော်မူသည်။]

- မြင့်မြတ်လောကီ၊ သီ, ဓိ, ပညာ၊ လောကုတ်ဖြာ၊ မှတ်ပါ ဓမ္မဘုန်း။
- အသာဓာရဏဉာဏ်၊ ယင်းခြောက်တန်၊ မှတ်ရန် ဓမ္မဘုန်း။

(ခ) မြတ်စွာဘုရား၏ ဓမ္မဘုန်းတော်၌ ဓမ္မဆိုသည်ကား မြင့် မြတ်သော လောကုတ္တရာတရားသည်လည်းကောင်း, မြင့်မြတ်သော သီလ, သမာဓိ, ပညာတရားတို့သည်လည်းကောင်း ဓမ္မမည်၏၊ လောကီတရားတို့တွင် အမြင့်အမြတ်ဆုံးဖြစ်သောတရားသည် ဈာန်, အဘိညာဏ်တည်း၊ လောကုတ္တရာ၌ အမြင့်အမြတ်ဆုံးဖြစ်သော တရားသည် အရဟတ္တဖိုလ်နှင့် နိဗ္ဗာန်တည်း၊ ထိုမှတစ်ပါး အခြားသော ပုဂ္ဂိုလ်တို့နှင့် မဆက်ဆံသော အသာဓာရဏဉာဏ်တော် ခြောက်ပါးသည်လည်း ဓမ္မပင်မည်၏၊ ဤသို့အုံ့ဖွယ်သရဲ ထူးကဲမြင့်မြတ်သော ဓမ္မဘုန်းတော်နှင့် ပြည့်စုံတော်မူသောကြောင့် မြတ်စွာဘုရားသည် ဘဂဝါ မည်တော်မူ၏။

ပရိဝါရာ၊ ခြံရံဖြာ၍၊ ဂုဏ်ပါကျေးဇူး၊ ပျံ့နှံ့ကျူး၊ များထူး ယသဘုန်း။

(ဂ) အခြံအရံများခြင်း, ဂုဏ်ကျေးဇူးသတင်းတော်ကြီး၏ ပျံ့နှံ့ ကျော်ဇော ခြင်းများသည် ယသဘုန်းတော် မည်၏၊ မြတ်စွာဘုရား၏ အခြံအရံများပုံကား ကိုယ်တော်မြတ်သည် အမျိုးဇာတိအားဖြင့် မြတ်တော်မူသည်ဖြစ်၍ ထိုကဲ့သို့ မြင့်မြတ်သော မင်း, ပုဏ္ဏားစသော ပရိသတ်အခြံအရံနှင့် ပြည့်စုံတော်မူ၏၊ ကိုယ်တော်မြတ်သည် ကိလေသာတို့မှ စင်ကြယ်တော်မူသည်ဖြစ်၍ ထိုကဲ့သို့ စင်ကြယ်သော လူရဟန္တာ, နတ်ရဟန္တာ, ဗြဟ္မာရဟန္တာ ပရိသတ်အခြံအရံနှင့် ပြည့်စုံတော်မူ၏၊ သုစိ သုစိ ပရိဝါရ ပုဂ္ဂိုလ်တို့တွင် အထွတ်အထိပ် ဖြစ်တော်မူ၏၊ သီလဝန္တ ပုထုဇ္ဇန်ရဟန်းမှစ၍ ဝိဇ္ဇာသုံးပါး, အဘိညာဏ်ခြောက်ပါးနှင့် ပြည့်စုံ၍ ပဋိသမ္ဘိဒါဉာဏ်သို့ ပေါက်ရောက်ကြကုန်ပြီးသော ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်မြတ်, ရဟန္တာ

www.dhammaransi.com



အရှင်မြတ်အပေါင်းတို့သည်လည်း သန်းပေါင်းများစွာ ခြံရံကြရကုန်၏၊ စကြဝတေး မင်းကြီးသည် စကြာရတနာကို လည်စေ၍ အလွန်မြားမြောင်လှစွာသော မျုးမတ် ပရိသတ် အပေါင်းတို့ဖြင့် လှည့်လည်ဘိသကဲ့သို့ တရားစကြာမင်းကြီး ဖြစ် တော်မူသော မြတ်စွာဘုရားသည်လည်း ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန် အစရှိ သော ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်မြတ်, ပရိသတ်အပေါင်းတို့ဖြင့်ခြံရံ၍ အရပ်ရပ်သို့ ဒေသစာရီလှည့်လည်တော်မူ၏၊ ဤကဲ့သို့ အခြံအရံပြည့်စုံစွာနှင့် စကြာမင်းကြီး ကဲ့သို့ တင့်တယ်သော ယသဘုန်းတော်မြတ်ကိုရည်၍ အောက်ပါဂါထာတို့ဖြင့် အရှင်ဝင်္ဂီသမထေရ်သည် မြတ်စွာဘုရားကို ချီးကျူးလေသည်။

၁။ စက္ကဝတ္တီ ယထာ ရာဇာ၊ အမစ္စ ပရိဝါရိတော။
သမန္တာ နုပရိယေတိ၊ သာဂရန္တံ မဟိံ ဣမံ။

၂။ ဧဝံ ဝိဇိတသင်္ဂါမံ၊ သတ္ထဝါဟံ အနုတ္တရံ။
သာဝကာ ပယိရုပါသန္တိ၊ တေဝိဇ္ဇာ မစ္စု ဟာရိနော။

စက္ကဝတ္တီရာဇာ=ရတနာ ၇-ပါးတို့၏ သခင်, ဘုရင်တို့၏အထွတ်, စက္ကဝတ် သေဌ်နင်း မင်းထက်မင်းသည်၊ အမစ္စပရိဝါရိတော=မျုးမတ် အပေါင်းခြံရံလျက်၊ သာဂရန္တံ=သမုဒ္ဒရာလေးစင်းလျှင်အဆုံးရှိသော၊ ဣမံမဟိံ=ဤမြေကြီးကို၊ သမန္တာ= ထက်ဝန်းကျင်မှ၊ အနုပရိယေတိ ယထာ=စကြာရှေ့ထား လှည့်လည်၍သွား လေဘိသကဲ့သို့၊ ဧဝံ=ဤအတူ၊ ဝိဇိတသင်္ဂါမံ=အောင်မြင်အပ်ပြီးသော မာရ်စစ်ရှိ တော်မူသော၊ သတ္ထဝါဟံ=လှည်းမျုးကြီးပမာ သတ္တဝါတို့ကို မှန်ရာလမ်းအစဉ်သို့ ကယ် တင်တော်မူပေထသော၊ အနုတ္တရံ=တုဖက်ပြိုင်ကင်း တရားစကြာမင်းကြီး ဖြစ်တော်မူသော မြတ်စွာဘုရားကို၊ တေဝိဇ္ဇာ=ပု-ဒိ-အာဟု ဝိဇ္ဇာသုံးတန် အထက် ဉာဏ်နှင့် ပြည့်စုံတော်မူကြကုန်သော၊ မစ္စု ဟာရိနော=သေမင်းရန်ကို ပယ်လှန် ဖျောက်ဖျက်အပ်ပြီး ဖြစ်ကုန်သော၊ သာဝကာ=တပည့်သားအပေါင်း သန်းပေါင်း များစွာတို့သည်၊ ပယိရုပါသန္တိ=ဆည်းကပ်ခြံရံကြကုန်၏။

## လမင်းသိကြား၊ ပြဟ္မာအားလျှင်၊ ပမာဆင်၊ များပင် ခြံရံခ။

အခြံအရံများသော မြတ်စွာဘုရား၏ ဘုန်းတော်အားဖြင့် တန်ဆောင် မုန်းလ သရဒအချိန် မြူတိမ်အညစ်အကြေး ကင်းစင်သော ကောင်းကင်ဝယ် တင့်တယ်စွာထွက်၍လာသော လပြည့်ဝန်းကို မရေမတွက်နိုင်သော နက္ခတ်တာရာ ကြယ်တကာတို့ဖြင့် ခြံရံအပ်ဘိသကဲ့သို့လည်းကောင်း, သုဓမ္မာနတ်သဘင် စည်းဝေးရာပလ္လင်ဝယ် စမွယ်၍နေသော သိကြားကို နတ်ပေါင်းများစွာ ခြံရံ၍

www.dhammaransi.com



နေဘိသကဲ့သို့လည်းကောင်း, ဟာရိတပြဟ္မာမင်းကို ပြဟ္မာပေါင်းများစွာ ခြံရံ၍ နေဘိကဲ့သို့လည်းကောင်း, ရဟန်းပုဏ္ဏားနှင့်တကွသော လူ, နတ်, ပြဟ္မာတို့သည် မြတ်စွာဘုရားကို ခြံရံကြရကုန်၏၊ ထို့အတူ တခဲနက် ရွှေစိုင်အတိပြီးသော မြင့်မိုရ်တောင်မင်းကို ယုဂန္ဓိုရ်စသော တောင်ပေါင်းများစွာ သီဒါ, သမုဒ္ဒရာဖြင့် ခြံရံအပ်ကုန်ဘိသကဲ့သို့လည်းကောင်း, ဟိမဝန္တာတောင်မင်းကို ရှစ်သောင်း လေးထောင်သော တောင်ထွတ်တို့နှင့်တကွ ဂန္ဓမာဒန, ကေလာသစသော တောင် ပေါင်းများစွာတို့ ခြံရံအပ်ဘိသကဲ့သို့လည်းကောင်း, ဆဒ္ဒန်ဆင်မင်းကို ဆင်ပေါင်း များစွာတို့ ခြံရံအပ်ဘိသကဲ့သို့လည်းကောင်း, ကေသရရာဇာ ခြသေ့်မင်းကို တောသား သတ္တဝါအများတို့ ပြားပြားဝပ်၍ ခြံရံကြကုန်ဘိကဲ့သို့လည်းကောင်း, ဘော်, ကြူ, ငွေသား အဆင်းရှိသော ဓတရဋ္ဌဟင်္သာမင်းကို ဟင်္သာငှက်ပေါင်း များစွာတို့ ခြံရံအပ်ဘိသကဲ့သို့လည်းကောင်း, ထို့အတူ မြတ်စွာဘုရားကိုလည်း လူ, နတ်, ပြဟ္မာ, သတ္တဝါ အပေါင်းတို့ ခြံရံကြကုန်၏၊ အကျဉ်းအားဖြင့် သိမ်းကျုံး၍ ဆိုသည်ရှိသော် ဇာတိခေတ်ဟုဆိုအပ်သော စကြဝဠာတစ်သောင်း၌ ရှိကြ ကုန်သော နတ်, ပြဟ္မာအပေါင်းတို့သည် မြတ်စွာဘုရား၏ အခြံအရံတို့သာ ဖြစ်ကုန်၏၊ လောကီဘုံသားတို့တွင် ပြဟ္မာတို့ကို အထွတ်အမြတ်ဟူ၍ ထားကြရ ကုန်၏၊ ထိုလောက၌ အထွတ်အမြတ်ဖြစ်သော ပြဟ္မာမင်းကြီးတို့သည်လည်း မြတ်စွာဘုရား၏ အခြံအရံတို့သာ ဖြစ်ကုန်၏၊ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ပြဟ္မာမင်းအပေါင်းတို့၏ မကိုဋ်ဥဿျောင်တို့သည် အလုံးစုံညွတ်တွားကြရကုန်၏၊ ပြဟ္မာမင်းတို့၏ မကိုဋ်တည်းဟူသော ပန်းသွယ်ခိုင်တို့အတွင်းမှာ မြတ်စွာဘုရား၏ ခြေစုံသည် ကျွံနစ်၍နေ၏။

## မောဠိ မာလာ, ပန်းကုံးပမာ

ဘဂဝန္တဿ ပါဒန္တေ၊ နမိံ သု ပြဟ္မမောဠိယော။
ပြဟ္မုနံ မောဠိမာလာသု၊ ဩသန္နာ စရဏာ သဒါ။

ဘဂဝန္တဿ-ဘုန်းတော်ခြောက်ဆင့် ဖြိုးဖြိုးစွင့်တော်မူသော မြတ်စွာ ဘုရား၏၊ ပါဒန္တေ-ခြေတော်ရင်း၌၊ ပြဟ္မမောဠိယော-ပြဟ္မာမင်းတို့၏ မကိုဋ် ဥဿျောင်တို့သည်၊ သဒါ-အခါခပ်သိမ်း၊ နမိံသု-နိမ့်ရှိုင်း ဝပ်တွားကြရလေကုန်၏၊ ဘဂဝန္တဿ-ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏၊ စရဏာ-ခြေတော်စုံတို့သည်၊ ပြဟ္မုနံ-ပြဟ္မာမင်းတို့၏၊ မောဠိမာလာသု-မကိုဋ်တည်းဟူသော ပန်းကုံးပန်းသွယ် တို့၌၊ သဒါ-အခါခပ်သိမ်း၊ ဩသန္နာ-ကျွံနစ်၍ တည်နေတော်မူကြလေကုန်၏။

www.dhammaransi.com



## ယသဘုန်းငွေ့ ဇမ္ဗူပြေ့

မြတ်စွာဘုရား၏ ယသဘုန်းတော်ငွေ့ကြောင့် ဘုရားပွင့်တော်မူရာ ဤဇမ္ဗူဒီပါကျွန်းသည်လည်း ဝန်းကျင်ပတ်လည်ရှိ တစ်သောင်းသော လောကဓာတ်တို့ဖြင့် ခြံရံအပ်သကဲ့သို့ ဖြစ်လေ၏။

ထိုစကားမှန်၏၊ မြတ်စွာဘုရား ပွင့်တော်မူသောအခါ တစ်သောင်းသော စကြဝဠာတိုက်တို့မှ နတ်, ဗြဟ္မာအပေါင်းတို့သည် ဤဇမ္ဗူဒီပါကျွန်းသို့ ရှေးရှုသော မျက်နှာဖြင့် ဝန်းဝိုင်းရောက်လာကြရကုန်၏၊ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါ ဤဇမ္ဗူဒီပါကျွန်းသည် တရားပွဲမဏ္ဍပ်ကြီးသဖွယ်ဖြစ်၍ လောကဓာတ်များမှ ရောက်လာကြကုန်သော နတ်ပရိသတ်, ဗြဟ္မာပရိသတ်တို့ဖြင့် ရောထွေး ဆူညံလျက်ရှိလေ၏၊ မြတ်စွာဘုရား ပွင့်တော်မူသောအခါ စသည်တို့၌ တစ်သောင်းသော လောကဓာတ်သည် တစ်ပြိုင်နက် တုန်လှုပ်ရလေ၏၊ မြတ်စွာ ဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်အခါကို မဆိုထားဘိဦး၊ ပရိနိဗ္ဗာန်စံတော် မူပြီး၍ နှစ်ပေါင်းနှစ်ထောင်ကျော်ဖြစ်သော ယခုကာလတိုင်အောင်ပင်သော်လည်း သာသနာ၌ သက်ဝင်ကြကုန်သော လူအပေါင်းတို့သည် မြတ်စွာဘုရား၏ အခြံအရံတို့သာလျှင် ဖြစ်ကုန်ကြ၏၊ နတ်ပြည်, ဗြဟ္မာပြည်တို့၌မူကား မြတ်စွာ ဘုရား ပရိနိဗ္ဗာန်စံတော်မူလေသည်မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်လှသေးသည် မဟုတ်၍ မြတ်စွာဘုရားကို ဒိဋ္ဌဖူးတွေ့လိုက်ကြရကုန်သော နတ်ပရိသတ်, ဗြဟ္မာ ပရိသတ်တို့သည် လောကဓာတ် တစ်သောင်းနှင့်အပြည့် ဘုရားဂုဏ် ကျေးဇူးတော် တို့ကို ချီးကျူးပြောဆိုလျက်နှင့်ပင် ရှိနေကြကုန်၏။

[သာသနာငါးထောင်ဆိုသည်မှာ လူ့ပြည်အတွက်နှင့် ပြောဆိုရသော စကားမျှ သာဖြစ်၍ နတ်ပြည်, ဗြဟ္မာပြည်တို့၌ကား အနှစ်ကုဋေပေါင်းများစွာပင် မြတ်စွာဘုရား၏ အခြံအရံပရိသတ်ပေါင်း မဆိတ်ပဲ ရှိကြကုန်လတ္တံ့။]

**ဘုရားဖြစ်ထူး၊ မဆိုဦးနှင့်၊ ဖွားဦးမှာလျှင်၊ ဗောဓိပင်ဝယ်၊**
**ထိုင်လျှင်မထ၊ ခြံရံခ၊ များလှ ယသဘုန်း။**

ဘုရားဖြစ်တော်မူသော အခါ၌သာလျှင် ယသဘုန်းတော်ကြောင့် အခြံအရံ များမြတ်သည်ကို မဆိုထားဘိဦး၊ အလောင်းတော်မင်းသားကို ဖွားမြင်တော်မူ သောအခါကပင်လျှင် နတ်,ဗြဟ္မာအပေါင်းတို့သည် ခြံရံကြရကုန်၏။ အလောင်း တော်မင်းသား၏ မျက်နှာသန့်စင်ခြင်းကိစ္စ၌ ဝေယျာဝစ္စဆောင်ရွက်ကြရကုန်၏၊

www.dhammaransi.com



ဖွားမြင်တော်မူပြီး၍ မကြာမြင့်မီ နတ်,ပြဟ္မာအပေါင်းတို့ ဆောင်းမိုးသော ထီးဖြူရိပ်ကို ခိုလှုံ၍ မြောက်သို့တူရူ ခုနစ်ဖဝါး လှမ်းတော်မူပြီးလျှင် အရပ်လေးမျက်နှာကို ရှုစားတော်မူ၏၊ ထိုအခါ တစ်သောင်းသော လောကဓာတ်ကြီးသည် တစ်ပြင်တည်း ဟင်းလင်းပွင့်၍ ထိုလောကဓာတ်၌ နေကြကုန်သော နတ်, ပြဟ္မာ အပေါင်းတို့ကလည်း ဦးခေါင်း၌ ဆောင်းစိုက်သော မကိုဋ်ကို ညွတ်တွား၍ အလောင်းမင်းသားနှင့် တူတန်သူ မရှိပါဟူ၍ ဝန်ခံပြီးလျှင် အခြံအရံအဖြစ်သို့ ကပ်ရောက်ကြရကုန်၏၊ ဘုရားဖြစ်တော်မူခါနီး ဗောဓိမဏ္ဍိုင်၌ မထသော ထိုင်ခြင်းဖြင့် ထိုင်တော်မူသောအခါ၌လည်း များစွာသော နတ်ပြဟ္မာအပေါင်းတို့သည် ခြံရံကြရကုန်၏။

ဤသို့ဘုရားဖြစ်တော်မမူမီ ဗောဓိမဏ္ဍိုင်၌ နတ်,ပြဟ္မာအပေါင်းတို့ ခြံရံကြပုံကို အောက်၌ပါသော ဂါထာဂီတိတို့ဖြင့် ပညာရှိတို့ ဖွဲ့ဆိုချီးကျူးတော်မူကြကုန်၏။

### အောင်ပွဲခရုသင်း - မှုတ်လျှင်းပုံလား သိကြားဂါထာ

ဒေဝဒေဝဿ ဒေဝိန္ဒော၊ သင်္ခမာဒါယ တာဝဒေ။
ဝိသုတ္တရ သတုဗ္ဗေဓံ၊ ဓမယန္တော တဟိံ ဋ္ဌိတော။

တဟိံ တာဝဒေ=ထိုဗောဓိမဏ္ဍိုင်ဝယ် အလောင်းတော်မြတ် ထိုင်တော်မူသောအခါ၌၊ ဒေဝဒေဝဿ=များပြားတုံလတ် အနတ်,နတ်ကို၊ ဒေဝိန္ဒော=အစိုးရသော သိကြားမင်းသည်၊ ဝိသုတ္တရ သတုဗ္ဗေဓံ=သံတောင် ၁၂၀-ရှည်သော၊ သင်္ခ=ဝိဇယုဿဝ ခရုသင်းကို၊ အာဒါယ=ယူဆောင်၍၊ ဓမယန္တော=ဝမ်းသာသဖြင့် မှုတ်သံလွှင့်လျက်၊ ဋ္ဌိတော=ရပ်တည်ခစားလာ၏။

### သဟမ္ပတိ အထက်စိုး - ထီးမိုးပုံဂါထာ

ဒုတိယံ ပုဏ္ဏစန္ဒံဝ၊ သေတစ္ဆတ္တံ တိယောဇနံ။
ဓာရယန္တော ဋ္ဌိတော သမ္မာ၊ မဟာပြဟ္မာ သဟမ္ပတိ။

သဟမ္ပတိ=သဟမ္ပတိ အမည်ရှိသော၊ မဟာပြဟ္မာ=မဟာပြဟ္မာမင်းကြီးသည်၊ ဒုတိယံ=နှစ်ခုမြောက်သော၊ ပုဏ္ဏစန္ဒံဝ=လပြည့်ဝန်းကြီးကဲ့သို့၊ တိယောဇနံ=သုံးယူဇနာအပြန့်ရှိသော၊ သေတစ္ဆတ္တံ=ထီးဖြူဝန်းကြီးကို၊ သမ္မာ=ကောင်းမွန်ငြိမ်သက်စွာ၊ ဓာရယန္တော=ဆောင်းမိုးလျက်၊ ဋ္ဌိတော=ရပ်တည်ခစားလာ၏။

www.dhammaransi.com



## သုယာမနတ်မင်း-ပန်ကာသွင်းဂါထာ

စာရု စာမရု မာဒါယ၊ သုယာမောပိ သုယာမိပေါ။
ဗီဇယန္တော ဌိတော တတ္ထ၊ မန္ဒံ မန္ဒံ တိဂါဝုတံ။

သုယာမိပေါ=ယာမာနတ်တို့ကို အစိုးရသော၊ သုယာမောပိ=သုယာမနတ်မင်းကြီးသည်လည်း၊ တိဂါဝုတံ=သုံးဂါဝုတ်ရှိသော၊ စာရု စာမရုံ=တင့်တယ်မွန်မြတ်သားမြီးယပ်ကို၊ အာဒါယ=ယူဆောင်၍၊ မန္ဒံ မန္ဒံ=ညှင်းညှင်းသာသာ၊ ဗီဇယန္တော=ငြိမ့်ငြိမ့်အေးအေး, ယပ်လေပေးလျက်၊ တတ္ထ=ထိုအလောင်းတော်ထံပါး၌၊ ဌိတော=ရပ်တည်ခစားလာ၏။

## ပဉ္စသိခနတ်သား-ထပ်မနားစောင်းတီးဂါထာ

ဗေဠုဝံ ဝီဏံ မာဒါယ၊ သုရော ပဉ္စသိခါဝှယော။
နာနာဝိဓလယောပေတံ၊ ဝါဒယန္တော တထာ ဌိတော။

တထာ=ထိုမှတစ်ပါး၊ ပဉ္စသိခါဝှယော သုရော=ပဉ္စသိခအမည်ရသောနတ်သားသည်၊ နာနာဝိဓလယောပေတံ=အမျိုးမျိုးသော စောင်းကြိုး စောင်းညို့ ကြိုယာနှင့်ပြည့်စုံသော၊ ဗေဠုဝံ=ဗေဠုဝအမည်ရှိသော၊ ဝီဏံ=နတ်စောင်းတော်ကြီးကို၊ အာဒါယ=ယူဆောင်၍၊ ဝါဒယန္တော=သာယာညှင်းတွဲ့, ဖွဲ့နွဲ့မညည်း, သံစုံတီး၍၊ ဌိတော=ရပ်တည်ခစားလာ၏။

## ကာလနဂါးမင်း, ဘုန်းတော်ဖွဲ့ဂါထာ

ထုတိဂီတာနိ ဂါယန္တော၊ နာဋကီဟိ ပုရက္ခတော။
တထေဝ ဌာသိ သောနာဂ၊ ရာဇာ ကာလဝှယောပိစ။

ကာလဝှယော=ကာလအမည်ရှိသော၊ သော နာဂရာဇာပိစ=ထို နဂါးမင်းသည်လည်း၊ နာဋကီဟိ=ကချေသည် နဂါးမအပေါင်းတို့ဖြင့်၊ ပုရက္ခတော=ခြံရံအပ်သည်ဖြစ်၍၊ ထုတိဂီတာနိ=ဘုန်းတော်ဖွဲ့သီချင်းတို့ကို၊ ဂါယန္တော=ဝမ်းသာ, ဝမ်းမြူး, ရင့်ကျူးသီဆိုလျက်၊ တထေဝ=ထိုရှေ့အတူသာလျှင်၊ အဌာသိ=ရပ်တည်ခစားလာ၏။

**နိဗ္ဗာန်စံဝင်၊ ဇာတ်သိမ်းလျှင်မှတ်၊ ကြွင်းလတ်ဓာတ်တော်၊**
**ခုတိုင်သော်ပင်၊ နေ့ညဉ့်မစဲ၊ တသဲသဲ၊ မှတ်စွဲ ယသဘုန်း။**

ပရိနိဗ္ဗာန်ဝင်စံတော်မူသော အခါ၌လည်း ထိုကဲ့သို့ပင် များစွာသော နတ်,

www.dhammaransi.com



ပြဟ္မာ, ပရိသတ်အပေါင်းတို့ ခြံရံလျက် ပရိနိဗ္ဗာန်ဝင်စံတော်မူသည်၊ တေဇောဓာတ် လောင်ပြီး၍ ကိုယ်တော်မှ ကြွင်းကျန်ရစ်သော သရီရဓာတ်တော်များတို့သည် လည်း ယခုထက်တိုင်အောင် နေ့ညဥ့်မစဲ သဲသဲရုတ်ရုတ် အုပ်အုပ်သောင်းသောင်း ပရိသတ်အပေါင်း တည်းဟူသော အခြံအရံတို့နှင့် ပြည့်စုံတော်မူသည်၊ အခြံအရံ များသည့်အတွက်နှင့် မာန်တက်သောသူဟူသမျှတို့သည် ယသဘုန်းတော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ခြေဖဝါးတော်အောက်တွင် ပျောက်ကွယ် တိမ်မြုပ်ခြင်းသို့ ရောက်ကြလေကုန်၏။

[ဤစကားရပ်ကား အခြံအရံတည်းဟူသော ယသဘုန်းတော်နှင့်စပ်၍ဆိုသော စကားရပ်ပေတည်း။]

**အရဟံစ၊ ဘဂဝါဆုံး၊ တူနှိုးမရှိ၊ ဘဝဂ်ထိအောင်၊ အသံဆောင်၊ မှတ်နှောင် ကျော်စောဘုန်း။**

ကျော်စောခြင်းကိုလည်း ယသဘုန်းတော်ပင်ခေါ်သည်၊ ကျော်စောခြင်း ဆိုသည်မှာ အရဟံစသော ကောင်းသတင်းစကား ဂုဏ်တော်သံ ၉-ပါးတို့ဖြင့် ကျော်စောမှုပေတည်း၊ ဂုဏ်တော် ၉-ပါးတို့ဖြင့် ကျော်စောပုံကို ပါဠိတော် အရပ်ရပ်တို့၌ "ဧဝံ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော ဟောတိ"ဟူ၍ အထက်ဘဝဂ်သို့တိုင်အောင် ကောင်းသောကျော်စောသံများ ပျံ့နှံ့၍တ ' ကြောင်းကိုဆိုသည်၊ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူး သတင်းကောင်းများသည် အထက်သို့ ဘဝဂ်တိုင်အောင် ပျံ့နှံ့၍တက်၏၊ ဖီလာအားဖြင့် လောကဓာတ် တိုက်ပေါင်းများစွာသို့တိုင်အောင် ပျံ့နှံ့လေ၏၊ ကံဘုံ, ဝီရိယဘုံဖြစ်သော လူ့ပြည်လောကမှာ ကျော်စောသည်ထက် သုခဘုံဖြစ်သော နတ်ပြည်, ဗြဟ္မာပြည် တို့၌ ကျော်စောခြင်းသည် သာ၍အလှိုင်းကြီး၏၊ နတ်,ဗြဟ္မာတို့အချင်းချင်း မြတ်စွာဘုရား၏ ဂုဏ်သတင်းကို တစ်ဆင့်ထက်တစ်ဆင့် ပြောကြားရာ မကြာမီပင် စကြဝဠာတစ်သောင်း ပျံ့နှံ့လေ၏၊ မြတ်စွာဘုရား ဓမ္မစကြာတရားကို ဟောတော် မူသောအခါ ဩကာသလောက၌ မြေတုံလှုပ်ခြင်း, အခါမဲ့ပန်းအမျိုးမျိုး ပွင့်ခြင်း စသည်တို့ကြောင့် ဟေမဝတနတ်ကလည်း ဟိမဝန္တာ၏ သာယာထူးဆန်းကြောင်း, သာတာဂိရိနတ်ကလည်း မိဂဒါဝုန်တော၌ တရားပွဲ ကြီးကျယ်ကြောင်းကို မိတ်ဆွေနတ်ချင်းချင်း ပြောလိုအားကြီးနှင့် နတ်ပရိသတ်အပေါင်းများစွာ ခြံရံလျက် ကောင်းကင် ခရီးဖြင့်လာကြရာ အချင်းချင်းတွေ့ဆုံ၍ မြတ်စွာဘုရား၏ဂုဏ်တော် များကို ကောင်းကင်တွင် ပြောကြားကြလေ၏၊ ထိုနတ်တို့ ပြောဆိုကြသော မြတ်စွာဘုရား၏ ဂုဏ်သတင်းသံကို ကြားရသည်နှင့် ကာလီမည်သော လူမိန်းမ

www.dhammaransi.com



တစ်ဦးသည် သောတာပန်တည်ဖူးလေ၏။

ဤကဲ့သို့ နတ်အချင်းချင်း သတင်းလွှင့်ကြရာ မြတ်စွာဘုရား၏ ဂုဏ်တော်သံသည် ဘဝဂ်သို့တိုင်အောင် လျှံတက်လေ၏၊ သဝိညာဏကဖြစ်သော လူ၊ နတ်၊ ပြဟ္မာတို့ကသာ မြတ်စွာဘုရား၏ ဂုဏ်သတင်းများကို နှံ့ပြားအောင် ကြော်ငြာကြသည် မဟုတ်သေး၊ အဝိညာဏကဖြစ်သော တော၊ တောင်၊ ရေ၊ မြေတို့ကလည်း မြတ်စွာဘုရား၏ သတင်းဂုဏ်ကို ကြော်ငြာသော လက္ခဏာဖြင့် ထူးဆန်းသော အခြင်းအရာနိမိတ်တို့ကို ဖော်ပြကြကုန်၏။

ထိုစကားမှန်၏၊ ဖွားတော်မူသောအခါ၊ ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ၊ ဓမ္မစကြာတရားကို ဟောကြားတော်မူသောအခါ စသည်တို့၌ မြေလျင်တုန်လှုပ်ခြင်း၊ အခါမဲ့ပန်းမျိုးစုံပွင့်ခြင်း၊ မြေပြင် ကောင်းကင်တို့မှ အလွန်ထူးဆန်းသော မန္ဒာဝရ နတ်ပန်းများ ပွင့်ခြင်းစသည်တို့ဖြင့် ဘုရားဂုဏ်ကို ကြော်ငြာကြကုန်၏။

**အေးမြချမ်းသာ, ထက်ဘုံမှာ။** ။လူ့ပြည်လောက၌ ဘုရားပွင့်သော်လည်း လူများ အပေါင်းတို့သည် ကံဘုံသား၊ ဝီရိယ ဘုံသားများဖြစ်ကြသောအတိုင်း နေထိုင်စားသောက်ရန်စသောကိစ္စများကို အားထုတ်ရခြင်းဖြင့် အချိန်ကုန်လွန်ခြင်း များကြသောကြောင့် ဘုရားဂုဏ်ကျေးဇူးတော်များကို အလွန်အကြူး အနှံ့အပြားပြောကြားခြင်းငှါ မစွမ်းနိုင်ကြကုန်၊ နတ်ဘုံ၊ ပြဟ္မာဘုံတို့မှာ ထိုကဲ့သို့ကိစ္စမများကြကုန်ပဲ သုခဘုံသားဖြစ်ကြသည် အလျောက် အေးချမ်းသက်သာစွာနှင့် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးစကားတို့ကိုသာလျှင် ပြောကြားချီးကျူး၍နေကြလေကုန်၏၊ ထိုနတ်ဘုံ၊ ပြဟ္မာဘုံတို့၌ကား မြတ်စွာဘုရား၏ဂုဏ်သတင်းသံတို့ဖြင့် တည်ည် တသိမ့်သိမ့် တငြိမ့်ငြိမ့် တအုန်းအုန်းနေကြကုန်၏၊ ဗုဒ္ဓုပ္ပါဒခေတ်နှင့် တွေ့ကြုံသောအခါ နတ်၊ ပြဟ္မာတို့သည် အရိယာတို့သာ များကြကုန်သဖြင့် သုဓမ္မာသဘင်အစည်းအဝေးစသည်တို့၌ ဘုရား၏ဂုဏ်ကျေးဇူးတော်များကို ပြောကြားချီးကျူးသော နတ်အစည်းအဝေး၊ ပြဟ္မာအစည်း အဝေးတို့သာလျှင် များကြလေကုန်၏၊ သနင်္ကုမာရပြဟ္မာ၊ သဟမ္ပတိပြဟ္မာ၊ ယင်္ဂိကာရပြဟ္မာစသော ပြဟ္မာတန်ခိုးကြီးတို့သည်လည်း နတ်ဘုံ၊ ပြဟ္မာဘုံတို့ကို လှည့်လည်ပြီးလျှင် မြတ်စွာဘုရားနှင့်စပ်သော ဂုဏ် ကျေးဇူးတရားတို့ကိုသာ ပြောကြားလျက် ရှိနေကြကုန်၏။

www.dhammaransi.com



**ဤကမ္ဘာကုန်ဆုံး, ဂုဏ်မသုဉ်း။** ။မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူး စကားကို လောကဓာတ် စကြဝဠာတစ်သောင်း၌ ရှိကြကုန်သော နတ်,ဗြဟ္မာအပေါင်းတို့သည် တစ်ဦးလျှင်တစ်မျိုးစီ,တစ်မျိုးစီ အသက်ထက်ဆုံး ပြောကြားချီးမွမ်းကြသော်လည်း ဤကပ်ကမ္ဘာကုန်ဆုံးအောင် နတ်အဆက်ဆက်, ဗြဟ္မာအဆက်ဆက်တို့ ပြောကြားကုန်သော်လည်း ဘုရား၏ ဂုဏ်တော်များသည် ကုန်ဆုံးနိုင်သည်ဟူ၍ မရှိချေ၊ ဘုရားရှင်တစ်ဆူ၏ ဂုဏ်ကျေးဇူးကို တစ်ဆူသောဘုရားရှင်က အခြားတရားစကားကို ဟောကြားတော်မမူပဲ တစ်ကမ္ဘာပတ်လုံး ဟောကြား၍နေသော်လည်း မကုန်နိုင်ရာ၊ မြတ်စွာဘုရား၏ ကောင်းသောသတင်း ကျော်စောခြင်းသည် ဘုရားအဖြစ်သို့ မရောက်မီ နှစ်ပေါင်း တစ်ထောင်ကပင်လျှင် ဗုဒ္ဓကောလာဟလဖြစ်၍ ကျော်စောလေသည်၊ ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည့်နောက် ယခုကာလတိုင်အောင်လည်းကျော်စောဆဲဖြစ်၏၊ နောက်နှစ်ပေါင်းများစွာတိုင်အောင်လည်း ကျော်စောလတ္တံ့၊ အသက်ရှည်သော နတ်ပြည်, ဗြဟ္မာပြည်တို့၌မူကား အလွန်ရှည်မြင့်စွာသော ကာလတို့ပတ်လုံးပင် ကျော်စော၍နေလတ္တံ့၊ ရှေးရှေးကာလ၌ ပရိနိဗ္ဗာန်ဝင်စံတော်မူကြကုန်ပြီးသော ဘုရားရှင်တို့၏ဂုဏ်ကျေးဇူး သတင်းသံများသည်လည်း ယခုတိုင်အောင်ပင် ကျော်စောလျက် ရှိကုန်၏၊ ထို့ကြောင့် ဘုရားရှင်၏ ယသဘုန်းတော်သည် ပြီးဆုံးခြင်းသို့ မရောက်နိုင်ပဲ နတ်ပြည်, ဗြဟ္မာပြည်နှင့်တကွသော စကြဝဠာတိုက်တို့ကို ပင်လယ်လှိုင်းလုံးကြီးတွေ ရိုက်ဘိသကဲ့သို့ တအုန်းအုန်းပြန့်လျက်သာ ရှိလေသည်၊ ကျော်စောခြင်း ကိတ္တိဂုဏ်ဖြင့် မာန်မုန်ယစ်သော ပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား၏ ခြေဖဝါးတော်အောက်မှာ ပြယ်ပျောက်ကြရလေကုန်၏။

**ဘုရားမပွင့်, သုညဖြင့်။** ။ ယခု ဗုဒ္ဓုပ္ပါဒခေတ်နှင့် တွေ့ကြုံရသော ကာလသမ္ပတ္တိစက်တွင်းမှာ နင်းမိကြသော အခိုက်ဖြစ်၍သာလျှင် မြတ်စွာဘုရား၏ ဂုဏ်တော်သံများကို ကြားသိရကြကုန်သည်၊ ဘုရားပွင့်တော်မူခိုက်နှင့်မကြုံသော သုညကမ္ဘာများတွင်မူကား ဗုဒ္ဓ-ဘုရားဟူသောအသံကို ကြားရနိုင်ရန်အချက်မှာ အလွန်တရာခဲခက်လှ၍ ဒုလ္လဘကြီးဖြစ်လေသည်၊ ထို့ကြောင့် "ဃောသောပိ ခေါ ဒုလ္လဘော လောကသ္မိံ၊ ယဒိဒံ ဗုဒ္ဓေါ ဗုဒ္ဓေါတိ"ဟူ၍ ရှေးအခါ ပညာရှိကြီးတို့ မြွက်ဆိုလေ့ရှိကြကုန်၏၊ ဘုရားရှင်ဂုဏ်ကျေးဇူးတို့ကို အမျိုးမျိုးသော နည်းနာနယတို့ဖြင့် ပြောဆိုချီးမွမ်းခြင်းများသည် ဗုဒ္ဓါနုဿတိဘာဝနာပင်ဖြစ်၏၊ မြတ်စွာဘုရားလက်ထက်တော်အခါ ဓနဉ္စာနီ, ပုဏ္ဏေးမကြီးကဲ့သို့ တစ်စုံတစ်ခုချော်ချွတ်တိမ်းပါး၍ သွားသော အခါမှာ

www.dhammaransi.com



ပင် **နမော တဿ ဘဂဝတော**-ကို ဆိုမြည်ယောင်ယမ်းသကဲ့သို့ အမှတ်မဲ့ ဝသီပါအားဖြင့် ဆိုမြည်ယောင်ယမ်းခြင်းများသည်လည်း အကျိုးရှိသည်ပင်ဖြစ်၏၊ မြတ်စွာဘုရား၏ ယသဘုန်းတော်ကို မြွက်ဖော်၍ ကြွေကြော်ခြင်း တစ်မျိုးပင်ဖြစ်၏။

[ဗုဒ္ဓ- ဘဂဝါ- ဘုရားဘုရားဟူ၍ မြွက်ဆိုလျက် ကြည်ညိုနှစ်သက်ခြင်း ပီတိကို ဖြစ်ပွါးစေမှုသည်လည်း လွန်စွာအကျိုးကြီးမြတ်၏၊ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို အစိုးရသည်ထက် မြင့်မြတ်၏ဟု ကျမ်းဂန်တို့၌ဆို၏။]

## ဘုရားရွတ်ရုံ-ပီတိလွှမ်းခြုံဂါထာ

ဗုဒ္ဓေါတိ ကိတ္တယန္တဿ၊ ကာယေ ဘဝတိ ယာ ပီတိ။
ဝရမေဝ ဟိ သာ ပီတိ၊ ကသိဏေန ပိ ဇမ္ဗုဒီပဿ။

ဗုဒ္ဓေါတိ=ဘုရားဘုရားဟူ၍၊ ကိတ္တယန္တဿ=မြွက်ဆိုကြေညာသောသူ၏၊ ကာယေ=ကိုယ်၌၊ ယာ ပီတိ=အကြင်နှစ်သက်ခြင်း ပီတိသည်၊ ဘဝတိ=ဖြစ်၏၊ သာ ပီတိ=ထိုဘုရားကို အာရုံပြု၍ဖြစ်သော ပီတိသည်၊ ကသိဏေနပိ ဇမ္ဗုဒီပဿ=ဇမ္ဗူဒိပ်ကျွန်း တစ်ပြင်လုံးကို အစိုးရသည်ထက်လည်း၊ ဟိ=စင်စစ်၊ ဝရမေဝ=မြတ်သည်သာလျှင်တည်း။

[ဤကား-ကျော်စောခြင်းဟုဆိုအပ်သည့် ယသဘုန်းတော်နှင့်စပ်၍ ဆိုသောစကားရပ်ပေတည်း။]

## သိရီဘုန်းတော်, ကမ္ဘာကျော်

(ဃ) **သိရီဘုန်းတော်**--ဆိုသည်ကား ရူပကာယကိုယ်တော် မြတ်၏ တင့်တယ်ခြင်း ကျက်သရေကိုဆောင်သော ဘုန်းတော်ပေတည်း၊ ကိုယ်တော်မြတ်၏ တင့်တယ်ခြင်းဆိုသည်ကား သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး, ရှစ်ဆယ်သောလက္ခဏာတော်ငယ်တို့နှင့်တကွ ဗျာမပ္ပဘာစသော ရောင်ခြည်တော်တို့သည် ကိုယ်တော်မြတ်၌ တင့်တယ်မှုကြီးများပေတည်း။

[သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးများကို သုတ်ပါထေယျ လက္ခဏသုတ်၌ လာရှိသောအတိုင်း ကောင်းစွာပြဆိုပေအံ့။]

**ဘဂဝါ-ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။**

၁။ သုပ္ပတိဋ္ဌိတပါဒေါ=မြေ၌ တညီတညွတ်တည်း တည်သော ခြေဖဝါးတော် အပြင် ရှိတော်မူ၏။

၂။ စက္ကပူရိတပါဒေါ=အကန့်အကွက် တစ်ထောင်ရှိသော စက်လက္ခဏာတို့ဖြင့်

www.dhammaransi.com



ပြည့်သော ခြေရှိတော်မူ၏။

၃။ အာယတပဏှိကော-တင့်တင့်တယ်တယ် ရှည်သွယ်သော ဖနောင့်ရှိတော်မူ၏။

၄။ ဒီဃင်္ဂုလီ-ရှည်သွယ်ပြော့ပျောင်းသော ခြေချောင်း လက်ချောင်းရှိတော်မူ၏။

၅။ မုဒုတလုဏှဟတ္ထပါဒေါ-နူးညံ့ပျိုနုသော ခြေဖဝါးအပြင် လက်ဖဝါးအပြင်ရှိတော်မူ၏။

၆။ ဇာလကဟတ္ထပါဒေါ-ရွှေပွတ်လုံးကို စီဘိသကဲ့သို့ အဆစ်ချင်း, အဖျားချင်း ညီသော လက်ချောင်း ခြေချောင်း အစွန်းရှိတော်မူ၏။

၇။ ဥဿင်္ခပါဒေါ-အထက်သို့ စွင့်၍ မြင့်သော ဖမျက်ရှိတော်မူ၏။

၈။ ဧဏိဇင်္ဃော- ဧဏီမည်သော သားကောင်၏သလုံး စပါးဖုံးကဲ့သို့ လုံးလျောင်းချောပြေသော သလုံးမြင်းခေါင်းရှိတော်မူ၏။

၉။ ဒီဃဟတ္ထော-ကိုယ်တော်ကို မကိုင်းမညွတ်မူ၍ ပုဆစ်ဒူးဝန်းကို သုံးသပ်နိုင်အောင် ရှည်သွယ်သော လက်ရုံးလက်မောင်းရှိတော်မူ၏။

၁၀။ ကောသောဟိတဝတ္ထဂုယှော-အအိမ် အရေအိတ်ဖြင့် ဖုံးလွှမ်းအပ်သော ပုရိသနိမိတ်ရှိတော်မူ၏။

၁၁။ သုဝဏ္ဏဝဏ္ဏော-ရွှေစင်ဇမ္ဗူရာဇ် လော်ဦးသစ်ကဲ့သို့ ပြေပြစ် ထိန်ဝါသော အရေအဆင်းရှိတော်မူ၏။

၁၂။ သုခုမစ္ဆဝီ-သိမ်မွေ့ နူးညံ့သော အသားအရေတော် ရှိတော်မူ၏။

၁၃။ ဧကေကလောမော-တစ်ခုတစ်ခုသော မွေးတွင်း၌ တစ်ပင် တစ်ပင်စီသာ ပေါက်သော မွေးညင်းရှိတော်မူ၏။

၁၄။ ဥဒ္ဓဂ္ဂလောမော-အထက်သို့ ကော့ရှော့မြော်သော အမွေးရှိတော်မူ၏။

၁၅။ ဗြဟ္မုဇုဂတ္တော-ဗြဟ္မာမင်း၏ ကိုယ်ကဲ့သို့ ဖြောင့်မတ် ချောပြေသော ကိုယ်ရှိတော်မူ၏။

၁၆။ သတ္တုဿဒေါ-ခြေဖမိုးအစုံ, လက်ဖမိုးအစုံ, ပခုံးစွန်းအစုံ, လည်ကုတ်တော် ဟုဆိုအပ်သော ၇-ဌာနတို့၌ တက်ကြွဖြိုးမောက်သော အသားအရေရှိတော်မူ၏။

၁၇။ သီဟပုဗ္ဗဒ္ဓကာယော-ခြင်္သေ့မင်း၏ ရှေ့ကိုယ်ထက်ဝက်ကဲ့သို့ ပြည့်ဖြိုးကြံ့ခိုင်သော ကိုယ်ရှိတော်မူ၏။

၁၈။ စိတန္တရံသော-ကျောရိုးကြောင်းမထင် တစ်ပြင်တည်းပြည့်သော လက်ပြင်,

www.dhammaransi.com



ကျောသား, ကျောရေရှိတော်မူ၏။

၁၉။ နိဂြောဓပရိမဏ္ဍလော=ပညောင်ပင်၏ အဟန်ကဲ့သို့ အလံနှင့်အရပ်မျှ သဖြင့် ပြည့်ဝန်းနှိုင်းညှိ တိတိညီမျှသော ကိုယ်ရှိတော်မူ၏။

၂၀။ သမဝဋ္ဋက္ခန္ဓော=ရွှေမုရိုးစည်ကဲ့သို့ ညီညွတ်လုံးစည်းသော လည်ပင်း, လည်တိုင်ရှိတော်မူ၏။

၂၁။ ရသဂ္ဂသဂ္ဂီ=လည်ပင်း၌ ဆုံစည်းကုန်လျက် ရသဓာတ်ဆီ, ရသဓာတ်ညွန့် တို့ကို တစ်ကိုယ်လုံးနှံ့အောင်ဆောင်သည့် တစ်ထောင်သော အရသာ ကြောရှိတော်မူ၏။

၂၂။ သီဟဟနု=ခြင်္သေ့မင်း၏ အောက်မေးနှင့်တူသော မေးရှိတော်မူ၏။

၂၃။ စတ္တာလီသ ဒန္တော=လေးဆယ် အရေအတွက်ပြည့်သော သွားအစဉ် ရှိတော်မူ၏။

၂၄။ သမဒန္တော=လွှဖြင့်တိသကဲ့သို့ ညီညွတ်သော သွားရှိတော်မူ၏။

၂၅။ အဝိရဠဒန္တော=မကျဲမခေါ်မူ၍ အလွန်စေ့သော သွားအစဉ် ရှိတော်မူ၏။

၂၆။ သုသုက္ကဒါဌော=သောက်ရှူးကြယ်အတူ ဆွတ်ဆွတ်ဖြူသော အစွယ် လေးဆူရှိတော်မူ၏။

၂၇။ ပဟုတဇိဝှော=နဖူးတော်ပြင်ကို ဖုံးလွှမ်း၍ နှံ့အောင် အလွန်ပြန့်ကျယ်သော လျှာရှိတော်မူ၏။

၂၈။ ဗြဟ္မဿရော=ဗြဟ္မာမင်း၏ အသံကဲ့သို့ ရှစ်တန်အင်္ဂါ ပြည့်စုံစွာလျှင် သာယာချိုမြိန်သော အသံရှိတော်မူ၏။

၂၉။ အဘိနီလနေတ္တော=ပိတုန်းတောင်ကဲ့သို့ အလွန်ညိုမှောင်သော မျက်နက် ဝန်းရှိတော်မူ၏။

၃၀။ ဂေါပမုခေါ=နွားငယ်၏ မျက်ကွင်းကဲ့သို့ ပွင့်လင်းရွှန်းစည် ကြည်သော မျက်ကွင်းရှိတော်မူ၏။

၃၁။ ဥဏ္ဏာဇာတော=မျက်ခုံးနှစ်ဖက်တို့၏အလယ် သောက်ရှူးကြယ် အသွင်, ငွေနန်းချည်အမျှင်ကဲ့သို့ ဖြူစင်ဝင်းသစ်, လက်ျာရစ်ရုံ, စိန်ကြယ်ပွင့်ပုံကဲ့သို့ ဥဏ္ဏာလုံ မွေးရှင်တော်ဓာတ်လည်း ရှိတော်မူ၏။

၃၂။ ဥဏှီသသီသော=ရွှေပြားကိုပတ်သကဲ့သို့ နဖူးသင်းကျစ်ဖြင့် ခြယ်လှယ်အပ် သော ဦးခေါင်းလည်းရှိတော်မူ၏။

ဘုရားရှိခိုး ပြုလုပ်လိုလျှင်----ဗဝံ=ဤသို့၊ ဗာတ္တိံသ လက္ခဏူပေတံ= သုံးဆဲ့ နှစ်ဖြာ မဟာပုရိသလက္ခဏာတော်ကြီးနှင့် ပြည့်စုံတော်မူသော၊ ဘဂဝန္တံ=

www.dhammaransi.com



ရွှေဘုန်းတော်သခင် ဘုရားရှင်ကို၊ အဟုံ=အကျွန်ုပ်သည်၊ ဝန္ဒာမိ=ရှိခိုးပါ၏။ ။ ဟူ၍ ထည့်၍ဆိုလေ။

ဤမဟာပုရိသလက္ခဏာတော်ကြီးတို့ကို အလောင်းတော်မင်းသား ဖွားမြင်၍ တစ်လမြောက်သောအခါ လက္ခဏာဖတ်တတ်ကုန်သော ကောဏ္ဍည အစရှိသည့် ဗေဒင်ပုဏ္ဏားတို့က ဤအရှင်မင်းသားမှာ ယောကျ်ားမြတ် လက္ခဏာကြီးတို့နှင့် ပြည့်စုံကြောင်းကို ဟောကြကုန်၏။

[ယခုအခါ မဟာပုရိသလက္ခဏာကြီးတို့၏သဘောနှင့် မည်သည့်ကံကြောင့် မည်သည့်လက္ခဏာကို ရတော်မူကြောင်း, မည်သည့်လက္ခဏာကြောင့် မည်သို့အကျိုး ရှိကြောင်းကို ပြဆိုပေအံ့။]

## ညီညွတ်ပြည့်ဖြိုး-ဖဝါးမျိုး

သုပ္ပတိဋ္ဌိတ ပါဒလက္ခဏာ ဆိုသည်မှာ။ ။နိမ့်ရှိုင်း မိုမောက်ခြင်း မရှိပဲ တပြင်တပြန့်တည်း ညီညွတ်သော ဖဝါးတော်ရှိ၍ အညီအညွတ်နင်းရာ မြေအပြင်၌ထိသောလက္ခဏာကို ဆိုသည်၊ ထိုလက္ခဏာနှင့် ပြည့်စုံသောကြောင့် ခြေတော်ချရာတို့၌ ဖဝါးတော် အပြင်မှာရှိသော လက္ခဏာ အကန့်အကွက်ရှိသမျှ ထင်နိုင်လေသည်၊ မာဂဏ္ဍီ၏ ဖခင်သည် မြတ်စွာဘုရား၏ ခြေတော်ရာကို မြင်သောအခါ လက္ခဏာဖတ်ခန်း စသည်တို့ဖြင့် ထင်ရှား၏။

ရှေးအတိတ်အခါ အလောင်းတော်ယောကျ်ားမြတ်သည် ကုသိုလ် တရား အရာတို့၌ ခိုင်မြဲစွာ ဆောက်တည်၍ ကျင့်သုံးတော်မူ လေ့ရှိ၏၊ ကုသိုလ်မှုနှင့်စပ်၍ တုန်လှုပ်တွန့်တိုတော်မူခြင်းမရှိ၊ ဂတိပျက်ကွက်ခြင်း, အားလျော့ခြင်း ဆုတ်နစ်ခြင်း ရှိတော်မမူ၊ သုတသောမမင်း၏ သစ္စာစောင့်ခန်းစသည်တို့ကဲ့သို့တည်း၊ ဤကုသိုလ် ကံကြောင့် သုပ္ပတိဋ္ဌိတပါဒ ပထမလက္ခဏာတော်ကြီးကိုရရှိတော်မူသည်၊ ဤကား ရှေးအကြောင်းကံတည်း။

ဤလက္ခဏာကြီးနှင့် ပြည့်စုံခြင်းကြောင့် အတွင်းအပဖြစ်သော ရန်သူ ဘေးရန်တို့သည် တုန်လှုပ်ချောက်ချားခြင်းငှါ မစွမ်းနိုင်၊ ခိုင်သောအကျိုးပေး ရှိတော်မူ၏၊ အတွင်းအပ ရန်သူတို့ကို မလှုပ်မရှားနိုင်၊ အကြည်ညိုမပျက် နိုင်ဖွယ်သော ခိုင်မြဲတည်တံ့သည့် ဂတိ, သစ္စာ, သိက္ခာ, သီလနှင့်ပြည့်စုံတော်မူ၏။

(ညီညာဖဝါး၊ ရန်နှစ်ပါး၊ လှုပ်ရှားမတတ်သာ။)

မိခင်စရာဝတီ

www.dhammaransi.com



ယခုလူအပေါင်းတို့မှာ ဆိုခဲ့သော မဟာပုရိသလက္ခဏာတို့ကို အညီအညွတ် အပြည့်အစုံရနိုင်သည် ဟူ၍မရှိ၊ သို့ပင်ဖြစ်သော်လည်း ထိုလက္ခဏာတော်ကြီးများနှင့် ဆင်တူရိုးမှားလိုက်၍ ကြည့်ရှုပြီးလျှင် အကျိုးအပြစ်များကို ဟောသင့်၏၊ ခြေဖဝါးပြည့်သောသူသည် ရှေးဘဝက ကုသိုလ်ကောင်းမှုအရာတွင် ခိုင်မြဲရဲရင့်စွာ ပြုဖူး၏၊ ထို သူများသည် ရန်သူတို့ မလှုပ်မရှားနိုင်သော အကျိုးရှိ၏၊ လူများ အခန့်ငြားကို ခံရ၏၊ ခိုင်မြဲတည်တံ့သော ဂတိ, သစ္စာ, သိက္ခာ, သီလရှိ၏။

ထိုမှ ပြန်ဖက် အားဖြင့် ချိုင်း, ရှိုင်း, နိမ့်, မြင့် တစီးတစောင်း ခြေဖဝါးရှိသော သူတို့သည် ရှေးဘဝက ကုသိုလ်ကောင်းမှုအရာတို့၌ တွန့်တိုလျော့ပါးခဲ့၏၊ အတွင်း အပရန်သူတို့ လှုပ်ချောက်ချားခြင်းငှါ လွယ်ကူ၏၊ အကျိုးပေး နိမ့်တုံ, မြင့်တုံ ရှိ၏၊ ဂတိ, သစ္စာ, သိက္ခာ, သမာဓိမတည်ကြည်တတ်ဟူ၍ ဟောရာ၏။

**[နောက်နောက် လက္ခဏာကြီးတို့၌လည်း ဤနည်းအတိုင်း အပြန်အလှန် နှစ်ပါး အစုံအစုံကို သိလေ။]**

## စက်လက္ခဏာ, ခြေတော်မှာ-

**စက္ကပူရိတပါဒလက္ခဏာ။** ။ ခြေဖဝါးတော်အပြင်၌ အကန့်အကွက် စက်လက္ခဏာပေါင်း အပြည့်ထင်သော ခြေတော်ရှိသည်ကို **စက္ကပူရိတပါဒ**ဆိုသည်၊ ရှေးအခါ အလောင်းတော် ယောကျ်ား မြတ်သည် လူများအပေါင်းတို့၏ ချမ်းသာကို ရွက်ဆောင်တတ်၏၊ လူအပေါင်းတို့၏ ကြောက်ရွံ့ထိတ်လန့်ခြင်းများကိုလည်း ပယ်ရှားတတ်၏၊ အလှုကို ပေးလှူသောအခါ အခြံအရံ အမွှမ်းအတင်နှင့်တကွ ပေးလှူလေ့ရှိ၏။

ဥပမာ ထမင်းကိုပေးလှူလျှင် လက်သုပ်ဟင်းလျာ စသည်တို့နှင့်တကွ ပေးလှူ၏၊ အဝတ်ကို ပေးလှူသောအခါ ဝတ်စားတန်ဆာဆိုင်ရာ အခြံအရံ အလုံးစုံနှင့်တကွ ပေးလှူ၏၊ ကျောင်းကိုလှူသောအခါ အင်းပျဉ်,ညောင်စောင်း, အခင်း, အနှီး, အသုံးအဆောင်တို့နှင့်တကွ ပေးလှူ၏၊ ဒါနဝတ္ထုကို ပေးလှူတိုင်း ဤကဲ့သို့ချည်းပင်တည်း။

ဤကုသိုလ်ကြောင့် စက္ကပူရိတပါဒလက္ခဏာကို ရတော်မူ၏၊ ထိုလက္ခဏာ ဘုန်းတန်ခိုးကြောင့် အခြံအရံအသင်းအပင်းများခြင်းနှင့် ပြည့်စုံတော်မူ၏၊ ထိုလက္ခဏာနှင့် ပြည့်စုံသောမြတ်စွာဘုရားအား ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာယောကျ်ား, ဥပါသိကာ မိန်းမ, လူ, နတ်, ဗြဟ္မာ, အသူရာ, ဂန္ဓဗ္ဗစသော

www.dhammaransi.com



အခြွေအရံပရိသတ်တို့သည် အတိုင်းမသိ များပြားကုန်၏၊ အကျဉ်းအားဖြင့် ဇာတိခေတ်တည်းဟူသော စကြဝဠာတိုက်တစ်သောင်းသည် မဏ္ဍပ်ကြီးသဖွယ် ဖြစ်၏၊ ထို ဇာတိခေတ်၌ ရှိရှိသမျှသော လူ,နတ်,ဗြဟ္မာ,သတ္တဝါတို့သည် မြတ်စွာဘုရား၏ အခြွေအရံတို့သာ ဖြစ်ကြကုန်၏။

(ခြေတွင်တစ်ဖန်၊ စက်ရှိပြန်၊ ခြံရံများတတ်စွာ။)

[ဤလက္ခဏာကား သာမန်လူတို့၌ ပြိုပြိုသသရှိခဲ၏၊ အရိပ်အရောင်မျှ ရှိလျှင်ပင် အခြံအရံကို အကျိုးပေးတတ်၏၊ ခြေဖဝါးတော်၌ရှိသော တစ်ရာ့ရှစ်ကွက် စက်လက္ခဏာများကို နောက်၌ ပြဆိုလတ္တံ့။]

ဖနောင့်လက္ခဏာ, တင့်တယ်စွာ ။ ။ခြေကိုလေးပုံ ပုံ၍ တစ်ပုံမျှလောက် ဖဝါးရှိသည်ကို အာယတပဏှိလက္ခဏာ ဆိုသည်။

ခြေလက်ချောင်းဝယ်, ရှူချင်ဖွယ်။ ။ ရှူချင်စဖွယ် ရှည်သွယ်သော ခြေချောင်း, လက်ချောင်းရှိသည်ကို ဒီဃင်္ဂုလိလက္ခဏာဆိုသည်။

ဗြဟ္မာကိုယ်သွင်, ဖြောင့်မတ်လျှင်။ ။ ဗြဟ္မာမင်း၏ ကိုယ်သည် ရွှေတုရိုက်တိုင် ရွှေတံခွန်တိုင်ကြီးကဲ့သို့ မရှိုင်းမထောင့် ဖြောင့်မတ်မြင့်မား၏၊ ထိုလက္ခဏာနှင့်ပြည့်စုံသည်ကို ဗြဟ္မုဇုဂတ္တလက္ခဏာ ဆိုသည်။

ရှေးအခါ အလောင်းတော် ယောက်ျားမြတ်သည် သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်တော်မူ၏၊ ထိုကံကြောင့် ဆိုပြီးသော လက္ခဏာသုံးပါးကို ရရှိတော်မူ၏။

ဤလက္ခဏာ၏ ဘုန်းတန်ခိုးကြောင့် ရှည်သော အသက်ရှိတော်မူ၏၊ တစ်စုံတစ်ဦးသော ရန်သူသည်လည်းကောင်း, ရဟန်းသည်လည်းကောင်း, ပုဏ္ဏားသည်လည်းကောင်း, နတ်သည်လည်းကောင်း, မာရ်မင်းသည်လည်းကောင်း, ဗြဟ္မာမင်းသည်လည်းကောင်း, လောက၌ တစ်စုံတစ်ဦးသော ပုဂ္ဂိုလ်သည်လည်းကောင်း အသက်တမ်းမစေ့မီ အသက်ကို ရန်မရှာနိုင်ကြကုန်၊ အသက်တမ်းပြည့်အောင် နေရ၏၊ ဥပစ္ဆေဒက ကံဖြင့် မစုတိနိုင်။

- ဖနောင့်လက်ခြေ၊ ရှည်တုံပေ၊ ကိုယ်နေမတ်ရပ်စွာ။
- အသက်ရှည်ဖို့၊ အင်္ဂါတို့၊ မချို့သိအပ်ရာ။

www.dhammaransi.com



· **ခုနစ်ဌာနလက္ခဏာ, ဖြိုးမောက်စွာ။** ။ခြေဖမိုး ၂- လက်ဖမိုး ၂- ပခုံးစွန်း ၂- လည်ကုတ်ဟု ဆိုအပ်သော ခုနစ်ဌာနတို့၌ ပြည့်ဖြိုးမို့မောက်သော အသားနှင့် ပြည့်စုံသည်ကို **သတ္တုဿဒလက္ခဏာ** ဆိုသည်။

အလောင်းတော်မြတ်သည် ရှေးအခါ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို ပေးလှူတော်မူလေ့ရှိ၏၊ ထိုကံကြောင့် ဤလက္ခဏာကို ရရှိတော်မူသည်၊ ဤလက္ခဏာ၏ ဘုန်းကြောင့် မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကိုရတော်မူ၏၊ များပြားသော လာဘ်ပူဇော်သကာကို ရတော်မူ၏။

- **ခုနစ်အင်္ဂါသီး၊ ဖြိုးမောက်ပြီး၊ လာဘ်ကြီး မိုးသို့ရွာ။**

**ဝါဂွမ်းဆိုင်ပမာ, ခြေလက်ဖဝါးမှာ။** ။ ဝါဂွမ်းဆိုင်ကဲ့သို့ ခြေဖဝါး လက်ဖဝါး နူးညံ့ပြော့ပျောင်းခြင်းရှိသည်ကို **မုဒုတလုဏှတ္ထပါဒ လက္ခဏာ** ဆိုသည်။

**ဖျားခြင်း, ဆစ်ခြင်း-ညီမျှလျှင်း၏။** ။ အဖျားချင်း, အဆစ်ခြင်း ညီမျှသော လက်ချောင်း, ခြေချောင်းရှိသော **ဇာလကဟတ္ထ လက္ခဏာ**တို့ကို ရှေးအခါ အလောင်းတော်ယောက်ျားမြတ်သည် ပေးကမ်းခြင်း ဒါန, ချစ်ဖွယ်ကိုဆိုခြင်း ပိယဝါစာ, အကျိုးစီးပွါးကိုကျင့်ခြင်း အတ္ထစရိယာ, အလုံးစုံသောသူတို့၌ ကိုယ်တူထပ်မျှ ကျင့်ခြင်းတည်းဟူသော သမာနတ္တတာ ဤသင်္ဂဟတရား လေးပါးတို့ဖြင့် လူများအပေါင်းကို ချီးမြှောက်တော်မူလေ့ရှိသောကြောင့် ရရှိတော်မူသည်။

ဒါနံ ပိယကထာ စတ္ထ၊ စရိယာ သမာနတ္တတာ။
စတုသင်္ဂဟဝတ္ထူဟိ၊ သင်္ဂဟိ ဇနတံ ဇိနော။

ဒါနံ=ပေးကမ်းခြင်းလည်းကောင်း၊ ပိယကထာ=ချစ်ဖွယ်သော စကားကို ဆိုခြင်းလည်းကောင်း၊ အတ္ထစရိယာ=အကျိုးကို ကျင့်ခြင်းလည်းကောင်း၊ သမာနတ္တတာ=ခပ်သိမ်းသူ၌ ကိုယ်တူထပ်မျှ ကျင့်ခြင်းလည်းကောင်း၊ ဣတိ= ဤသို့ စတုသင်္ဂဟဝတ္ထူဟိ=သင်္ဂဟဝတ္ထုလေးမျိုးတို့ဖြင့်၊ ဇိနော=မြတ်စွာဘုရားသည်၊ ပုရေ=ရှေးအခါ၌၊ ဇနတံ=လူများအပေါင်းကို၊ သင်္ဂဟိ=ချီးမြှောက်ထောက်ပင့် တော်မူခဲ့လေပြီ။

ထိုလက္ခဏာ ၂-ပါးတို့၏ ဘုန်းတန်ခိုးကြောင့် လုံးစည်းညီညွတ်သော ပရိသတ်အခြံအရံရှိ၏၊ တော်လှန်ပုန်ကန်သော ပရိသတ်မရှိချေ၊ (မိမိ၌ရှိသော ပရိသတ်များသည် မိမိကိုချစ်ကြောက်ရိုသေခြင်းနှင့် ပြည့်စုံတတ်၏၊ မိမိကလည်း

www.dhammaransi.com



မိတ်ပျက်စီးအောင် မပြုကျင့်တတ်။)

**နူးညံ့ညီမျှ၊ ခြေလက်စ၊ မိတ္တသင်္ဂဟာ။**

[လက်ဖဝါး ခြေဖဝါးကြမ်းတမ်း၍ လက်ချောင်းခြေချောင်း မညီလွန်းသော သူတို့သည် ပျက်စီးသောမိတ်ဆွေ ရှိတတ်၏၊ မိမိကလည်း မိတ်ကိုဖျက်ဆီးတတ်၏။]

**အထက်စွင့်တက်, ခြေဖမျက်။** ။မြင့်သော ခြေဖမျက်ရှိသည်ကို ခြေမျက်စိ ပေါက်ချက် အထက်ကျသည်ကို ဥဿင်္ခပါဒလက္ခဏာ ခေါ်သည်။

**အထက်သို့မော်-မွေးညင်းတော်။** ။မွေးညင်း ဟူသမျှတို့ အထက်သို့ အဖျားကော့ရရော့မော်၍နေသည်ကို ဥဒ္ဒဂ္ဂလောမလက္ခဏာ ခေါ်သည်။

အလောင်းတော်ယောက်ျားမြတ်သည် ရှေးအခါ လူများအပေါင်းအား အကျိုးအကြောင်းနှင့် စပ်ယှဉ်သောစကားဖြင့် ပြောကြား နည်းပေး၍ လမ်းညွှန် တော်မူတတ်၏၊ ပျက်ယွင်းတိမ်းပါးခြင်းကို မဖြစ်စေတတ်၊ ယိမ်းယိုင်လျှင် မတ်တော်မူ၏၊ ဤကံကြောင့် ဆိုပြီးသောလက္ခဏာ ၂-ပါးကို ရရှိတော်မူသည်၊ ထိုလက္ခဏာကြီးနှစ်ပါးတို့၏ဘုန်းကြောင့် အလုံးစုံသော လူ, နတ်, ဗြဟ္မာတို့၏ အထွတ်အဖျား ရှေ့သွားပုဂ္ဂိုလ် ဖြစ်တော်မူသည်၊ လောက၌ အကြီးအကဲဆုံး ဖြစ်တော်မူသည်။

**- ဖမျက်မြင့်သော်၊ မွေးဖျားမော်၊ လူပေါ်ထွတ်မြတ်ရာ။**

[ခြေမျက်စိအပေါက် အောက်ကျလွန်းသော်လည်းကောင်း, မွေးညင်းဟူသမျှ အောက်သို့ချည်း အဖျားငုံ့လွန်းသော်လည်းကောင်း သူ့ဝန်ထမ်း, သူ့အစေခံ ဖြစ်တတ်၏။]

**မြင်းခေါင်း, စပါးဖုံး တူနှုံးပမာ။** ။ဧဏီမည်သော သား၏ မြင်းခေါင်းကဲ့သို့ လည်းကောင်း, စပါးဖုံးကဲ့သို့လည်းကောင်း ဖုထစ်ပွဖောင်းခြင်းမရှိ ချောပြေလုံးလျောင်းသော သလုံးမြင်းခေါင်းရှိသည်ကို ဧဏိဇင်္ဃလက္ခဏာ ခေါ်သည်။

ရှေးအခါ အလောင်းတော် ယောက်ျားမြတ်သည် လက်မှုပညာ, နှုတ်မှု ပညာ, ဂါထာ, မန္တရား, ဗေဒင်စသော အတတ်ပညာများကို သူတစ်ပါးတို့အား အရှိအသေ အမှန်အကန် ဆရာ့လက်ဆုတ် မချွင်းမချန်ပဲ သင်ကြားတော်မူ လေ့ရှိ၏၊ ထိုကံကြောင့် ဤလက္ခဏာကို ရရှိတော်မူသည်၊ ထိုလက္ခဏာတော်၏ ဘုန်းကြောင့် ဘုရားတို့နှင့်ထိုက်တန်သော ပရိက္ခရာ အမွန်အမြတ်တို့ကို လျင်မြန်စွာ အလိုရှိတိုင်း ရရှိတော်မူနိုင်သည် လူ့ဘောင်၌နေလျှင် စကြဝတေးမင်း

www.dhammaransi.com



တို့နှင့် ထိုက်တန်သော အသုံးအဆောင် အမွန်အမြတ်ကို ရလိမ့်မည်။

- **ချောသွယ်မြင်းခေါင်း၊ မြင်တုံရှောင်း၊ လာဘ်ကောင်းရတတ်စွာ။**

**[ဤလက္ခဏာနှင့် တစ်စွန်းတစ်စ ညီသောသူတို့သည် လာဘ်ကောင်း ရတတ်၏၊ မွန်မြတ်သော အသုံးအဆောင်ကို ရတတ်၏။]**

**ညစ်ကြေးမတင်-နူးညံ့သောအရေပင်။** ။မှဲ့, ညှင်းစသော အညစ်အကြေး မရှိမူ၍ နူးညံ့သောအရေရှိသည်ကို **သုခုမစ္ဆဝိလက္ခဏာတော်ကြီး**ခေါ်သည်။

အနလောင်းတော်ယောက်ျားမြတ်သည် ရှေးအခါပညာရှိပုဂ္ဂိုလ်တို့ထံပါးသို့ ချဉ်းကပ်၍ အကျိုးအကြောင်းနှင့်စပ်သော တရားစကားကို မေးမြန်းလေ့ရှိ၏၊ ထိုက်ကြောင့် ဤလက္ခဏာကို ရတော်မူသည်၊ ထိုလက္ခဏာ၏ ဘုန်းကြောင့် ကြီးကျယ်သိမ်မွေ့သော ပညာနှင့် ပြည့်စုံ တော်မူ၏။

- **အရေသဏ္ဌာန်၊ နူးညံ့ပြန်၊ ဉာဏ်ပညာဖို့ရာ။**

**[ကိုယ်ရေကိုယ်သား ကြမ်းတမ်းခဲ့လျှင် ဉာဏ်ပညာ နည်းတတ်၏။]**

**ရွှေအဆင်းနေ-ဝါဝင်းပြေ။** ။ဖြတ်၍ထားအပ်သော ရွှေအဆင်း ကဲ့သို့ ဝါဝင်းထိန်တောက်သော အဆင်းရှိသည်ကို **သုဝဏ္ဏဝဏ္ဏလက္ခဏာ** ခေါ်သည်။

အလောင်းတော်ယောက်ျားမြတ်သည် ရှေးအခါ အမျက်ထွက်လေ့ မရှိ၊ ပီတိ, ပဿဒ္ဓိ, မေတ္တာတို့ဖြင့် ထုံစိမ်အပ်သော စိတ်အေး, စိတ်ကြည်ကို မွေးမြူ တော်မူလေ့ရှိ၏၊ ထိုက်ကြောင့် ဤလက္ခဏာကို ရတော်မူ၏၊ ဤလက္ခဏာ ၏ဘုန်းကြောင့် သိမ်မွေ့ချောမွတ်သော အခင်းအရုံ အထည်အလိပ်တို့ကို ရတော် မူလေ့ရှိ၏။

- **အရေအဆင်း၊ ရွှေနှယ်ဝင်း၊ အခင်းအရုံသာ။**

**ဆဒ္ဒန်ဆင်မင်း-နိမိတ်ခင်း။** ။ဆဒ္ဒန်ဆင်မင်းတို့၏ အင်္ဂါနိမိတ်ကဲ့သို့ အပြင်သို့ မထင်ရှားစေပဲ အအိမ်၏အတွင်း၌သာ ကိန်းအောင်း၍ သိုဝှက် သိပ်သည်းသော ပုရိသအင်္ဂါနိမိတ်ရှိသည်ကို **ကောသောဟိတ ဝတ္ထဂုယှလက္ခဏာ** ခေါ်သည်။

အလောင်းတော် ယောက်ျားမြတ်သည် ရှေးအခါ ကွေကွင်းသော မိတ်ဆွေ တို့ကိုလည်း ပေါင်းဆုံမိအောင် သွင်းဆောင်၍ပေးတတ်၏၊ မိတ်ပျက် ကွဲပြား၍ နေသောသူတို့ကိုလည်း အညီအညွတ်စေ့စပ်၍ ပေးတတ်၏၊ ထိုက်ကြောင့် ဤ လက္ခဏာတော်ကိုရတော်မူသည်၊ ဤလက္ခဏာ၏ဘုန်းကြောင့် သားကောင်း

www.dhammaransi.com



ရတနာကို ရတော်မူ၏၊ သားကောင်းရတနာသဖွယ်ဖြစ်သော ကောင်းမြတ်သော တပည့်သာဝကအပေါင်းနှင့် ပြည့်စုံတော်မူ၏။

- **အအိမ်ဖုံးငြား၊ နိမိတ်အား၊ သားကောင်းထွန်းတတ်စွာ။**

**အလံနှင့် အရပ်, ညီညွတ်စွ။** ။ပဉ္စောင်ပင်ကြီးသည် အရပ်နှင့်အဝန်း ညီမျှစွာ တင့်တယ်ဘိသကဲ့သို့ အလံနှင့် ကိုယ်အရပ် ညီညွတ်မှုတသည်ကို နိဂြောဓပရိမဏ္ဍလလက္ခဏာ ဆိုသည်။

**ပုဆစ်ဒူးဝန်း၊ သုံးသပ်လျှင်းက၊ မကိုင်းရ။** ။ကိုယ်တော်ကို မကိုင်းမညွတ်ပဲ ပြကတေ့ရပ်တော်မူလျက် ပုဆစ်ဒူးဝန်းကို သုံးသပ်နိုင်အောင် လက်ရုံး လက်မောင်း ရှည်လျားသည်ကို ဒီဃဟတ္ထလက္ခဏာ ဆိုသည်။

အလောင်းတော်ယောကျ်ားမြတ်သည် ရှေးအခါ ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်မြတ်ကို သိတော်မူ၏၊ ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်မြတ်ကို အထူးပြု၍ ပူဇော်ချီးမြှောက်ခြင်းကို ပြုတော်မူလေ့ရှိ၏၊ ထိုကံကြောင့် ဤလက္ခဏာ တော်ကြီးနှစ်ပါးကို ရရှိတော်မူသည်၊ ဤလက္ခဏာ၏ ဘုန်းကြောင့် သဒ္ဓါ, သီလစသော သူတော်ကောင်းတို့၏ ဥစ္စာရတနာ ၇-ပါးတို့နှင့် ပြည့်စုံတော်မူ၏၊ အိမ်ရာထောင်သောလူ့ဘောင်၌ တည်နေလျှင် အလွန်ပေါများသော လောကီရတနာ ၇-ပါးနှင့် ပြည့်စုံတော်မူသည်။

- **လက်တံရှည်လျား၊ ကိုယ်ဝန်းငြား၊ ပေါများမြတ်ဥစ္စာ။**

**လောကီဥစ္စာ, ရတနာခုနစ်ပါးဆိုသည်ကား--**

ရဇတံ ကနကံ မုတ္တာ၊ မဏိ ဝေဠုရိယာနိစ။
ဝဇိရဉ္စ ပဝါဠဉ္စ၊ သေဋ္ဌံ သတ္တဓနံ မတံ။

ရဇတံ-ငွေလည်းကောင်း၊ ကနကံ-ရွှေလည်းကောင်း၊ မုတ္တာ-ပုလဲလည်းကောင်း၊ မဏိစ-ပတ္တမြားမြလည်းကောင်း၊ ဝေဠုရိယာနိစ-ကြောင်မျက်ရွဲတို့လည်းကောင်း၊ ဝဇိရဉ္စ-စိန်လည်းကောင်း၊ ပဝါဠဉ္စ-သန္တာလည်းကောင်း၊ ဣတိ-ဤသို့၊ သေဋ္ဌသတ္တဓနံ-သဌေးကြီးတို့၏ ဥစ္စာ ရတနာ ၇-ပါးကို၊ မတံ-သိအပ်၏။

**သူတော်ကောင်းဥစ္စာ, ရတနာ ၇-ပါးဆိုသည်ကား---**

သဒ္ဓါ သီလံ သုတံ စာဂေါ၊ ဟိရိ ဩတ္တပ္ပဗုဒ္ဓိယော။
ဣမာနိ ရတနာနိဝ၊ သတ္တ သန္တဓနာနိ ဝေ။

သဒ္ဓါ-သဒ္ဓါတရားလည်းကောင်း၊ သီလံ-အကျင့်သီလလည်းကောင်း၊

www.dhammaransi.com



သုတံ=အကြားအမြင်လည်းကောင်း၊ စာဂေါ=စွန့်ကြဲခြင်းလည်းကောင်း၊ ဟိရီ ဩတ္တပ္ပ ဗုဒ္ဓိယော=ဟိရီ, ဩတ္တပ္ပ, ပညာတို့လည်းကောင်း၊ သတ္တ=ခုနစ်ပါးကုန်သော၊ ဣမာနိ=ဤဥစ္စာတို့သည်၊ ရဇတာဒီဝ= ငွေစသော လောကီရတနာတို့ ကဲ့သို့ဝေ=စင်စစ်၊ သန္တဓနာနိ=သူတော်ကောင်းတို့၏ ဥစ္စာတို့သည်၊ ဟောန္တိ=ဖြစ်ကုန်၏။

သူတော်ကောင်းဥစ္စာ ရတနာ ၇-ပါးနှင့် လောကီဥစ္စာရတနာ ၇-ပါးကို နှိုင်းယှဉ်ရန်မှာ-

- သဒ္ဓါသည် ပတ္တမြားနှင့် တူ၏၊
- သီလသည် ပုလဲနှင့်တူ၏၊
- သုတသည် သန္တာနှင့်တူ၏၊
- စာဂသည် ကြောင်မျက်ရွဲနှင့်တူ၏၊
- ဟိရီသည် ငွေနှင့်တူ၏၊
- ဩတ္တပ္ပသည် ရွှေနှင့်တူ၏၊
- ပညာသည် စိန်နှင့်တူ၏၊

သည်ကို ရည်တော်မူ၍ ကိုးခန်းပျို့၌--

ဟိရီကျောငွေ၊ ဩတ္တပ်ရွှေနှင့်၊ နှံ့မွေကြားပုံ၊ ခက်ရုံသန္တာ၊
သဒ္ဓါမျက်မြ၊ သီလပုလဲ၊ စွန့်ကြဲဒါန၊ စာဂ မဏိ၊ ဗုဒ္ဓိဝရဇိန်၊
တောက်ထိန်ခုနစ်ပါး၊ ဥစ္စာများကို၊

ဟူ၍ စပ်ဆိုလေသည်။

**ခြသေ့်မင်းပမာ-ကိုယ်ခန္ဓာ။** ။ခြသေ့်မင်း၏ ရှေ့ကိုယ်ထက်ဝက်သည် ကိုယ်လုံးကိုယ်ပေါက် ကြီးထွား ပြည့်ဖြိုး၏၊ ထိုခြသေ့်မင်း၏ ရှေ့ကိုယ်ကဲ့သို့ ကိုယ်တော်တစ်ခုလုံး ပြည့်ဖြိုးကြီးထွား ခန့်ငြားသန်စွမ်းသည်ကို **သီဟပုဗ္ဗဒ္ဓကာယလက္ခဏာ** ဆိုသည်။

**ရေစီးကြောင်းမထင်-ကျောသားပြင်။** ။လက်ပြင်အရိုး အမိုအမောက် မထင်, ကျောရိုးရေစီးကြောင်းမထင် တစ်ဖြိုးတည်း ဖွံ့ထွားပြည့်ဖြိုးသော ကျောပြင်, ကျောသားရှိသည်ကို **စိတန္တရံသလက္ခဏာ** ဆိုသည်။

**ရွှေမုရိုးစည်ပမာ-တစ်ဖြိုးတည်း ညီညာညာ။** ။ရွှေမုရိုးစည်ကို ထောင်၍ ထားဘိသကဲ့သို့ တစ်ဖြိုးတည်း လုံးလုံးစည်းစည်း ညီညီညွတ်ညွတ်ရှိသည်ကို **သမဝဋ္ဋက္ခန္ဓလက္ခဏာ** ဆိုသည်။

www.dhammaransi.com



အလောင်းတော်မြတ်သည် ရှေးအခါ လူများအပေါင်း၏ ကောင်းကျိုးစီးပွါးကိုသာ ရှေးရှု၍ ကောင်းကျိုးချမ်းသာ တိုးပွါးခြင်းငှါသာလျှင် အားထုတ်တော်မူလေ့ရှိ၏၊ ထိုကဲကြောင့် ဤလက္ခဏာသုံးပါးကို ရရှိတော်မူသည်၊ ဤလက္ခဏာတို့ကြောင့် သူတော်ကောင်း တရား ၇-ပါးတို့မှ မဆုတ်ယုတ် တိုးပွါးလျက်သာ ရှိတော်မူ၏။

- ကိုယ်လုံးထွားကြီး၊ ကျောလယ်ဖြိုး၊ လုံးစည်း လည်တိုင်သာ။
- သူတော်တရား၊ ခုနစ်ပါး၊ လျော့ငြား မရှိရာ။

[သူတော်ကောင်းတရား ၇-ပါးကို ဝိဇ္ဇာစရဏဂုဏ်တော်ဖွင့်တွင် ပြဆိုခဲ့ပြီ။]

တစ်ကိုယ်လုံးပျံ့ပြီ-အကြောဆီ။ ။သုံးဆောင်အပ်သမျှ အစာ အာဟာရ၏ ရသဓာတ်ဆီ, ရသဓာတ်ညွန့်တို့ကို ညစ်ထုတ်စုတ်ယူ၍ တစ်ကိုယ်လုံးပျံ့နှံ့အောင် ဆောင်သောအကြောကို ရသဂ္ဂသဂ္ဂီ ဟုဆိုသည်၊ ထိုအရသာကိုဆောင်သော တစ်ထောင်သော အကြောတို့သည် လည်ပင်း၌ စုစည်း ပေါင်းဆုံ၍ တည်သည်ကို ရသဂ္ဂသဂ္ဂီလက္ခဏာ ဟုပြဆိုသည်။

အလောင်းတော်ယောက်ျားမြတ်သည် ရှေးအခါ သတ္တဝါတို့ကို ညှဉ်းဆဲခြင်း အလေ့မရှိ၊ ကရုဏာဖြင့် ညှာတာသောအလေ့ ရှိတော် မူသည်၊ ထိုကဲကြောင့် ဤလက္ခဏာကို ရရှိတော်မူ၏၊ ဤလက္ခဏာ၏ ဘုန်းကြောင့် ကျန်းမာခြင်း, အနာရောဂါနည်းပါးခြင်းနှင့် ပြည့်စုံတော်မူ၏၊ ကြမ်းတမ်းသောအစာကို သုံးဆောင်ရစေကာမူ အရသာကိုဖြစ်ပေါ်စေနိုင်၏။

- အကြောထောင်တုံ၊ လည်ဝယ်ဆုံ၊ လုံးစုံကင်းအနာ။

ပိတုန်းရောင်အဆင်း-မျက်နက်ဝန်း။ ။မျက်စိ၏ အလယ်၌ ပိတုန်းတောင်အဆင်းကဲ့သို့ အလွန်ညိုမှောင် နက်ကျောသော မျက်နက်ဝန်း ရှိသည်ကို အဘိနီလနေတ္တလက္ခဏာ ဆိုသည်။

နွားနိုင်ယဲမျက်ကွင်း-ပမာသွင်း။ ။ယနေ့ ဖွားသစ်စဖြစ်သော နွားနိုင်ယ်၏မျက်ကွင်းသည် ရွှန်းရွှန်းစက်စက် ကြည်ကြည်လင်လင်ရှိ၏၊ ထိုနွားနိုင်ယ်၏ မျက်ကွင်းကဲ့သို့ မျက်ကွင်းရှိသည်ကို ဂေါပမုခလက္ခဏာ ဆိုသည်။

အလောင်းတော် ယောက်ျားမြတ်သည် ရှေးအခါ လူများအပေါင်းတို့ကို ချစ်ခင်ဖွယ်ရှိသော မျက်စိဖြင့် ကြည့်ရှုတော်မူလေ့ရှိ၏၊ ပြုံးခြင်း ရှေးရှိသော မျက်စိဖြင့် ကြည့်ရှုတော်မူလေ့ရှိ၏၊ ကုပ်သောမျက်မှောင်ရှိသည်ဖြစ်၍ ကြည့်ရှု

www.dhammaransi.com



တော်မူလေ့မရှိချေ၊ ထိုကံကြောင့် ဤလက္ခဏာနှစ်ပါးကို ရရှိတော်မူသည်၊ ဤလက္ခဏာတို့၏ဘုန်းကြောင့် အလုံးစုံသော လူ,နတ်,ဗြဟ္မာ, သတ္တဝါတို့၏ ချစ်ခင်နှစ်သက်ခြင်း, ကြည်ညို မြတ်နိုးခြင်းကို ခံတော်မူရ၏။

**- မျက်နက်ရွှန်းစည်၊ မျက်ကွင်းကြည်၊ ချစ်မည် လူတိုင်းသာ။**

**သင်းကျစ်လက္ခဏာ-နဖူးပြင်မှာ။** ။မင်းတို့၏နဖူးဆံစ၌ ဖွဲ့ဆင်အပ်သော နီမြန်းသောရွှေ ဖြင့်ပြီးသော တန်ဆာကို သင်းကျစ်ဟူ၍ဆိုသည်၊ (သင်းကျပ်လည်း ခေါ်၏) ရှေးအခါ ဘုန်းတန်ခိုးကြီးမားသော စကြဝတေးမင်းတို့မှာ ဖွားစကပင် ရှေးကံထူးကြောင့် သင်းကျစ်လက္ခဏာပါရှိ၏၊ ထိုစကြဝတေးမင်းတို့၏ သင်းကျစ်လက္ခဏာကို ရှေးအစဉ်အဆက် တွေ့မြင်လိုက်ဖူးကြကုန်သဖြင့် အတုယူကြကုန်ပြီးလျှင် နောက်ကာလ၌ဖြစ်သော သာမညမင်းတို့သည် ရွှေကိုသင်းကျစ်လုပ်၍ နဖူးဆံစ၌ ဆင်မြန်းကြကုန်၏၊ ဘုန်းကံထူးကြောင့် ပဋိသန္ဓေအားဖြင့် ပြီးစီးဖြစ်ပေါ်ပါရှိသော သင်းကျစ်လက္ခဏာရှိသည်ကို **ဥဏှီသသီသလက္ခဏာ** ဆိုသည်။

အလောင်းတော်ယောက်ျားမြတ်သည် ရှေးအခါ ကုသိုလ်ကောင်း မှုရေးတို့၌ လူအပေါင်းတို့၏ အကြီးအကဲဖြစ်တော်မူ၏၊ ကုသိုလ်ကောင်းမှုကို ပြုလုပ်ရာတွင် လူအပေါင်းတို့၏ အကြီးအချုပ်ဖြစ်တော်မူ၏၊ ထိုကံကြောင့် ဤသင်းကျစ်လက္ခဏာအထူးကို ရရှိတော်မူသည်။

ထို လက္ခဏာ၏ဘုန်းကြောင့် လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် အထံတော်၌ ခညောင်းကိုင်းရှိုင်းကြရကုန်၏။ လေးစားသမှု ဂရုပြုကြရကုန်၏၊ ဆုံးမလမ်းညွှန်သည်များကို မသွေမလှန် နာခံလိုက်နာကြရလေကုန်၏။

**- သင်းကျစ်ခြယ်ဆင်၊ ဦးခေါင်းမြင်၊ လူရှင်ခညောင်းရာ။**

**မွေးတစ်ပင်စီ-စီရရီ။** ။မွေးညင်းတွင်းတစ်ခုတစ်ခုမှာ သန့်ရှင်း ပြေပြစ်စွာ တစ်ပင်တစ်ပင်စီသာပေါက်သော မွေးညင်းရှိသည်ကို **ဧကေကလောမလက္ခဏာ** ဆိုသည်။

**ငွေနန်းချည်ပုံ-ဥဏ္ဏာလုံ။** ။မျက်မှောင် မျက်ခုံးနှစ်ခုတို့၏အကြား၌ ငွေနန်းချည်ကိုင်၍ လက်ျာရစ်ဝိုက် တွန့်ရစ်ခွေ၍ ထားဘိသကဲ့သို့ ဖြူစင်သော အမွေးမြတ် ပေါက်ရောက်သည်ကို **ဥဏ္ဏာလောမ ဥဏ္ဏာဇာတလက္ခဏာ** ခေါ်သည်၊ (ဥဏ္ဏာလုံ မွေးရှင်တော်ဟူ၍လည်း ခေါ်ကြ၏)

www.dhammaransi.com



ထိုမွေးရှင်တော်သည် ဆွဲ၍ဆန့်လျှင် နှစ်တောင်ခန့်မျှ ရှည်လျား၏၊ ပြကတေ့ အတိုင်း လက်ျာရစ် တွန့်ခွေစုရုံး၍ နေသောအခါ ငွေကြယ်ပွင့်ကဲ့သို့လည်းကောင်း, အလွန်ကောင်းသော ပုလဲစစ်, စိန်စစ်ကိုမျက်ခုံးနှစ်ခု အလယ်တည့်တည့်မှာ ခြယ်ဆင်၍ ထားဘိသကဲ့သို့လည်းကောင်း, သောက်ရှုးကြယ်အသွင်ကဲ့သို့လည်း ကောင်း ထင်ကြရ၏။

အလောင်းတော်ယောက်ျားမြတ်သည် ရှေးအခါ မဟုတ်မမှန် ပြောဆိုမှုမှ အထူးရှောင်ကြဉ်တော်မူ၏၊ လူများအပေါင်းကို မှားယွင်းတိမ်းစောင်းတော် မမူစေတတ်၊ ထိုကံကြောင့် ဤလက္ခဏာနှစ်ပါးကို ရရှိတော်မူသည်၊ ဤလက္ခဏာ တို့၏ ဘုန်းကြောင့် လူ, နတ်, ဗြဟ္မာ, သတ္တဝါအများတို့သည် ကိုယ်တော်မြတ်၏ ထံပါးမှ စွန့်ခွါ၍ မသွားနိုင်အောင် ဆွဲဆောင်တတ်သော တန်ခိုးနှင့်ပြည့်စုံတော် မူ၏၊ ရှု၍မဝ, ဖူး၍မဝ, ခစားခိုလှုံ၍ မဝနိုင်အောင် ရှိစေ၏၊ ကိုယ်တော်အလိုကို လိုက်ကြရကုန်၏။

**- မွေးညင်းခြားနား၊ မွေးညင်းပွါး၊ အများလိုလိုက်ရာ။**

**သွားတော်လေးဆယ်-ပြည့်ဖြိုးကြွယ်။** ။အောက်၌ သွားတော် နှစ်ဆယ်, အထက်၌သွားတော်နှစ်ဆယ် ပေါင်းသွားတော်လေးဆယ်နှင့် ပြည့်စုံတော်မူ သည်ကို **စတ္တာလီသဒန္တလက္ခဏာ** ဆိုသည်။

**ပုလဲနှစ်ပမာ-စွယ်တော်မှာ။** ။စွယ်တော်လေးချောင်းလည်း၍ သွားတော် လေးဆယ်၌ပင် အကျုံးဝင်လေ၏၊ ခေါခြင်း, ကျဲခြင်းမရှိမူ၍ ပုလဲနှစ်တို့ကို အပေါက်အကြားမရှိစေပဲ အညီအညွတ်စီ၍ ထားဘိ သကဲ့သို့ စေ့စပ်သော သွားရှိတော်မူသည်ကို **အဝိရဠဒန္တလက္ခဏာ** ဆိုသည်။

ရှေးအခါ အလောင်းတော်ယောက်ျားမြတ်သည် ကုန်းတိုက်သော ပိသုဏ ဝါစာစကားမှ ရှောင်ကြဉ်တော်မူလေ့ရှိ၏၊ ထိုကံကြောင့် ဤလက္ခဏာတော် နှစ်ပါးကို ရရှိတော်မူသည်၊ ဤလက္ခဏာတို့၏ ဘုန်းကြောင့် မကွဲမပြားသော အခြံအရံပရိသတ်ရှိတော်မူ၏၊ ဖြစ်ပြီးသော ပရိသတ်တို့သည် မပျက်မစီးနိုင် ခိုင်မြဲ၏၊

[သွားကျဲလျှင် အခြံအရံပရိသတ် ပျက်စီးတတ်၏၊ အခြံအရံကြောင့် ဒုက္ခတွေ့တတ်၏၊ ဖြစ်ပြီးသော ပစ္စည်းလည်း အဖတ်မတင်တတ် သွားကျဲ ရေယို ခေါ်၏။]

**- လေးဆယ်စေ့မြဲ၊ သွားမကျဲ၊ မကွဲပရိသာ။**

www.dhammaransi.com



**နဖူးတစ်ပြင်လုံး - လျှာတော်ဖုံး။** ။နဖူးတော်တစ်ပြင်လုံးကို ဖုံးလွှမ်းနိုင်အောင် ကျယ်ပြန့်သော-လျှာတော်ရှိသည်ကို **ပဟုတဇိဝှ လက္ခဏာ** ဆိုသည်၊ ဗြဟ္မာမင်း၏ အသံကဲ့သို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အသံတော်ရှိသည်ကို **ဗြဟ္မဿရလက္ခဏာ** ဆိုသည်၊ အလောင်းတော် ယောကျာ်းမြတ်သည် ရှေးအခါ ကြမ်းတမ်းစွာပြောဆိုခြင်းတည်းဟူသော ဖရုသဝါစာမှ ရှောင်ကြဉ်တော်မူ၏၊ ထိုကံကြောင့် ဤလက္ခဏာတော် နှစ်ပါးကို ရရှိတော်မူသည်၊ ထိုလက္ခဏာတို့၏ဘုန်းကြောင့် ကြီးမားထက်မြက်သော သြဇာအာဏာနှင့် ပြည့်စုံတော်မူ၏၊ ပြောဆိုမိန့်မြွက်တော်မူသမျှသောစကားတို့ကို အလုံးစုံလိုက်နာကြရကုန်၏၊ သွေလှန်ငြင်းဆန်ဝံ့သည်ဟူ၍ မရှိနိုင်ကြကုန်။

**- ရှည်ပြန့် လျှာဟန်၊ ဗြဟ္မာသံ၊ အာဏာလွှန်ကဲစွာ။**

**မြတ်စွာဘုရား၏ အသံတော်ရှစ်ပါးကား -----**

ဝိသဋ္ဌော မဉ္ဇူ ဝိညေယျော၊ သဝနီယော ဝိသာရဏော။
ဂမ္ဘီရော ဗိန္ဒု နိန္နာဒေါ၊ တျဋ္ဌင်္ဂိကဿရော မုနိ။

ဝိသဋ္ဌော=သန့်ရှင်းကြည်လင်သည်၊ မဉ္ဇူ=သာယာချိုမြိန်သည်၊ ဝိညေယျော=သိလွယ် နားလည်လွယ်သည်၊ သဝနီယော=နာပျော်ဖွယ်ရှိသည်၊ အဝိသာရဏော=မပြားမကွဲ မကွဲမပြန့်သည်၊ ဂမ္ဘီရော=နက်နဲသည်၊ ဗိန္ဒု=တခဲနက်လုံးသည်-အသံလုံးသည်၊ နိန္နာဒေါ=ပဲ့တင်ခတ်သည်-ဟိန်းသည်၊ ဣတိဣမိနာပကာရေန=ဤသို့ဆိုခဲ့ပြီးသော အပြားအားဖြင့်၊ မုနိ=မြတ်စွာဘုရားသည်၊ အဋ္ဌင်္ဂိကဿရော=အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အသံရှိတော်မူ၏။

**ခြင်္သေ့မင်း မေးပမာ - တိဝန်းစွာ။** ။ခြင်္သေ့မင်း၏မေးသည် ကြီးမားထွားကြိုင်း၍ တိတိဝန်းဝန်းရှိ၏၊ ထိုခြင်္သေ့မင်း၏မေးကဲ့သို့ မေးတော်ရှိသည်ကို **သီဟဟနုလက္ခဏာ** ဆိုသည်။

အလောင်းတော် ယောကျာ်းမြတ်သည် ရှေးအခါ၌ သိမ်ဖျင်းသော စကားကို ဆိုခြင်းတည်းဟူသော သမ္ဖပ္ပလာပမှ ရှောင်ကြဉ်တော်မူ၏၊ ထိုကံကြောင့် ဤလက္ခဏာတော်ကို ရရှိတော်မူ၏၊ ဤလက္ခဏာ၏ ဘုန်းကြောင့် အတွင်းအပဖြစ်သော ရန်သူတို့ မနှောင့်ယှက် မဖျက်ဆီးနိုင်သော အကျိုးရှိ၏။

**- ခြင်္သေ့ မေးတူ၊ မေးထွားမူ၊ ရန်သူမဖျက်သာ။**

**စံပယ်ငုံပမာ - စီစဉ်ဖြာ။** ။အညီအညွတ် တိတိညီညီသွေး၍ ထားသော စိန်တို့ကို ပတ္တမြားအပြင်၌ အစီအစဉ် အစေ့

www.dhammaransi.com



အစပ်စိုက်၍ ထားဘိသကဲ့သို့လည်းကောင်း, ခါးဖြင့်တိအပ်သော စံပယ်ငုံတို့ကို အစီအရီစဉ်၍ ထားဘိသကဲ့သို့လည်းကောင်း, အစွန်းအစ ညီညွတ်သော သွားတော်ရှိသည်ကို သမဒန္တလက္ခဏာ ဆိုသည်။

သောကြာကြယ်ပမာ --စွယ်တော်မှာ။ ။သောက်ရှုးကြယ်အတူအလွန်ဖြူသော စွယ်တော်လေးဆူ ရှိသည်ကို သုသုက္ကဒါဠ လက္ခဏာ ဆိုသည်။

အလောင်းတော် ယောက်ျားမြတ်သည် ရှေးအခါ မတရားသော အသက်မွေးမှုဟုဆိုအပ်သော မိစ္ဆာဇီဝမှ ရှောင်ကြဉ်တော်မူ၏၊

ထိုကံကြောင့် ဤလက္ခဏာတော် နှစ်ပါးကိုရရှိတော်မူသည်၊ ဤလက္ခဏာတို့ကြောင့် စင်ကြယ်သန့်ရှင်းသော ပရိသတ်အခြံအရံနှင့် ပြည့်စုံတော်မူ၏၊ မြင့်မြတ်သော အခြံအရံ ရှိတော်မူ၏၊ မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ကိလေသာတို့မှ စင်ကြယ်တော်မူသည်ဖြစ်၍ ထို့အတူ ကိလေသာတို့မှ စင်ကြယ်၍ ရဟန္တာဖြစ်သော လူ, နတ်, ဗြဟ္မာတည်းဟူသော အခြံအရံ ရှိတော်မူသည်။

[မြတ်စွာဘုရားကိုယ်တော်၏ တင့်တယ်သောအသရေရှိပုံကို အကျဉ်းအားဖြင့် ဟောတော်မူအပ်သော ဤလက္ခဏာသုတ် ပါဠိတော်ဖြင့် မှတ်သားအပ်၏။]

> မနာပိယေ ခေါ ဘိက္ခဝေ ကမ္ဗုဝိပါကေ ပစ္စုပဋ္ဌိတေ ယေဟိ အင်္ဂေဟိ ဒီဃေဟိ သောဘတိ။ တာနိ အင်္ဂါနိ ဒီဃာနိ သဏ္ဌဟန္တိ။ ယေဟိ အင်္ဂေဟိ ရဿေဟိ သောဘတိ၊ တာနိ အင်္ဂါနိ ရဿာနိ သဏ္ဌဟန္တိ။ ယေဟိ အင်္ဂေဟိ ထူလေဟိ သောဘတိ၊ တာနိ အင်္ဂါနိ ထူလာနိ သဏ္ဌဟန္တိ။ ယေဟိ အင်္ဂေဟိ ကိသေဟိ သောဘတိ၊ တာနိ အင်္ဂါနိ ကိသာနိ သဏ္ဌဟန္တိ။ ယေဟိ အင်္ဂေဟိ ပုထုလေဟိ သောဘတိ၊ တာနိ အင်္ဂါနိ ပုထုလာနိ သဏ္ဌဟန္တိ။ ယေဟိ အင်္ဂေဟိ ဝဋ္ဋေဟိ သောဘတိ၊ တာနိ အင်္ဂါနိ ဝဋ္ဋာနိ သဏ္ဌဟန္တိ။

ဘိက္ခဝေ-ရဟန်းတို့၊ ခေါ-စင်စစ်၊ မနာပိယေ-နှစ်သက်မြတ်နိုးဖွယ်သော၊ ကမ္ဗုဝိပါကေ-ကုသိုလ်ကံ၏ အကျိုးသည်၊ ပစ္စုပဋ္ဌိတေ-ထင်လာသည်ရှိသော်၊ ယေဟိ အင်္ဂေဟိ-အကြင်ကိုယ်အင်္ဂါတို့ဖြင့်၊ ဒီဃေဟိ-ရှည်ကုန်မှုသာလျှင်၊ သောဘတိ- တင့်တယ်၏၊ တာနိ အင်္ဂါနိ-ထိုရှည်မှ တင့်တယ်သော အင်္ဂါတို့သည်၊ ဒီဃာနိ-ရှည်ကုန်သည်ဖြစ်၍၊ သဏ္ဌဟန္တိ-တည်ကုန်၏၊ ယေဟိ အင်္ဂေဟိ-အကြင်ကိုယ်အင်္ဂါတို့ဖြင့်၊ ရဿေဟိ-တိုကုန်မှုသာလျှင်၊ သောဘတိ-တင့်တယ်၏၊ တာနိ အင်္ဂါနိ-ထိုအင်္ဂါတို့သည်၊ ရဿာနိ-တိုကုန်သည်ဖြစ်၍၊ သဏ္ဌဟန္တိ-တည်ကုန်၏၊

www.dhammaransi.com



ယေဟိ အင်္ဂေဟိ=အကြင်ကိုယ်အင်္ဂါတို့ဖြင့်၊ ထူလေဟိ=ပြည့်ဖြိုးကုန်မူသာလျှင်၊ သောဘတိ=တင့်တယ်၏၊ တာနိ အင်္ဂါနိ=ထိုအင်္ဂါတို့သည်၊ ထူလာနိ=ပြည့်ဖြိုးကုန်သည်ဖြစ်၍၊ သဏ္ဌန္တိ=တည်ကုန်၏၊ ယေဟိ အင်္ဂေဟိ=အကြင်ကိုယ်အင်္ဂါတို့ဖြင့်၊ ကိသေဟိ=လျပ်ပါးသေးသွယ် ကုန်မူသာလျှင်၊ သောဘတိ=တင့်တယ်၏၊ တာနိ အင်္ဂါနိ=ထိုအင်္ဂါတို့သည်၊ ကိသာနိ=လျပ်ပါးသေးသွယ်ကုန်သည်ဖြစ်၍၊ သဏ္ဌန္တိ=တည်ကုန်၏၊ ယေဟိ အင်္ဂေဟိ=အကြင်ကိုယ်အင်္ဂါတို့ဖြင့်၊ ပုထုလေဟိ=ကြီးပြန့်ခန့်ညားကုန်မူသာလျှင်၊ သောဘတိ=တင့်တယ်၏၊ တာနိ အင်္ဂါနိ=ထိုအင်္ဂါတို့သည်၊ ပုထုလာနိ=ကြီးပြန့်ခန့်ညားကုန်သည်ဖြစ်၍၊ သဏ္ဌန္တိ=တည်ကုန်၏၊ ယေဟိ အင်္ဂေဟိ=အကြင်ကိုယ်အင်္ဂါတို့ဖြင့်၊ ဝဋ္ဋေဟိ=လုံးလျောင်းကုန်မူသာလျှင်၊ သောဘတိ=တင့်တယ်၏၊ တာနိ အင်္ဂါနိ=ထိုအင်္ဂါတို့သည်၊ ဝဋ္ဋာနိ=လုံးလျောင်းကုန်သည်ဖြစ်၍၊ သဏ္ဌန္တိ=တည်ကုန်၏။

ဤပါဠိတော်ဖြင့် အကြင်အကြင် အင်္ဂါကြီးငယ်တို့သည် အကြင်သို့သော အခြင်းအရာအားဖြင့်တည်ကုန်သည်ရှိသော် ဖူးမြင်ကြကုန်သော နတ်,လူတို့၏ အကြည်ညိုစိတ်ကို မရောင့်ရဲနိုင် မတင်းတိမ်နိုင်အောင် ပြုတတ်ကုန်၏၊ ထိုသို့သော အခြင်းအရာအားဖြင့်သာလျှင် အလုံးစုံသော အင်္ဂါကြီးငယ်တို့ တည်ကြလေကုန်၏၊ ရှည်သင့်လျှင်ရှည်၊ တိုသင့်လျှင်တို၊ ဖြိုးသင့်လျှင်ဖြိုး၊ သေးသွယ်သင့်လျှင် သေးသွယ်၊ ကြီးထွားသင့်လျှင် ကြီးထွား၊ လုံးသင့်လျှင်လုံး၍ အတင့်တယ်ဆုံးသို့ရောက်အောင် အထွတ်အထိပ်ဖြစ်၍ တည်ကြကုန်သည်ဟူ၍ ဆိုလိုသည်။

ဤသို့ မြတ်စွာဘုရားသည် လူ, နတ်, ဗြဟ္မာ, သတ္တဝါအပေါင်းတို့ ဖူးမြင်တိုင်းရောင့်ရဲ, တင်းတိမ်ခြင်းကို မဖြစ်စေနိုင်ကုန်သော ဆိုခဲ့ပြီးသည့် သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတည်းဟူသော သိရီဘုန်းတော်နှင့်ပြည့်စုံတော်မူသည်၊ ထိုမှတစ်ပါး ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့သည် ရှိကုန်သေး၏။

## ပြဆိုလတ္တံ့သော ဘုရားရှိခိုးဖြင့် ထိုလက္ခဏာတော်ရှစ်ဆယ်ကို သိရာ၏။
## လက္ခဏာတော်ရှစ်ဆယ် အကျယ်ပြခန်း

ဘဂဝါ=ဘုန်းတော်ခြောက်ပါးစုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်--

၁။ စိတင်္ဂုလီ=အကြားမထင်ပဲ စေ့စပ်သော ခြေချောင်း လက်ချောင်းတော်လည်းရှိတော်မူ၏။

www.dhammaransi.com



၂။ အနုပုဗ္ဗင်္ဂုလီ-အစဉ်အတိုင်းသွယ်ရှူး၍ တဖြူးဖြူးဖြောင့်သော ခြေချောင်း လက်ချောင်းတော်လည်းရှိတော်မူ၏၊

၃။ ဝဋ္ဋင်္ဂုလီ-ရွှေပွတ်တိုင်ကဲ့သို့ လုံးလျောင်းချောမွေ့သော ခြေချောင်း လက်ချောင်းတော်လည်းရှိတော်မူ၏၊

၄။ တမ္ဗနခေါ-ပတ္တမြားအသွေးကဲ့သို့ တွေးတွေးနီမြန်းသော ခြေသည်း လက်သည်းလည်းရှိတော်မူ၏၊

၅။ တုင်္ဂနခေါ-ရှည်သွယ်မြင့်မားသော ခြေသည်းလက်သည်းလည်း ရှိတော်မူ၏၊

၆။ သိနိဒ္ဓနခေါ-ကြမ်းတမ်းဖုထစ် မန္ဒမ်းညစ်ပဲ ပြေပြစ်ချောမွေ့သော ခြေသည်းလက်သည်းလည်းရှိတော်မူ၏၊

၇။ နိဂ္ဂူဠဂေါပ္ဖကော- ငေါငေါစူစူ မူမူမထင် အစဉ်အတိုင်း ပြေပြစ် ချောမွန်သော ဖမျက်လည်းရှိတော်မူ၏၊

၈။ သမပါဒေါ-တို, ရှည်, နိမ့်, မြင့်မရှိ ပကတိညီညွတ်သော ခြေလည်း ရှိတော်မူ၏၊

၉။ ဂဇ သမာနကမော- ဆဒ္ဒန်ဆင်မင်းအလားကဲ့သို့ သွားပုံလည်း ယဉ်ကျေးတော်မူ၏၊

၁၀။ သီဟ သမာနကမော-ကေသရီ ခြင်္သေ့အလားကဲ့သို့ သွားပုံလည်း ခန့်ညားတော်မူ၏၊

၁၁။ ဟံသ သမာနကမော-ရွှေဟင်္သာကွန်မြူးသကဲ့သို့ အထူး တင့်တယ်သော သွားဟန်လည်းရှိတော်မူ၏၊

၁၂။ ဥသဘ သမာနကမော- ဥသဘနွားမင်းနှင့်တူသော သွားခြင်းလည်း ရှိတော်မူ၏၊

၁၃။ ဒက္ခိဏာ ဝဋ္ဋကမော-လက်ျာခြေတော်ကို ချီသဖြင့် လက်ျာရစ် လည်သောသွားခြင်းလည်းရှိတော်မူ၏၊

[မြတ်စွာဘုရား ကြွသွားတော်မူသောအခါ လက်ျာခြေတော်ကိုသာလျှင် ရှေးဦးစွာ ကြွချီတော်မူလေ့ရှိ၏၊ လှည့်တော်မူသောအခါ လက်ျာဖက်သို့သာလျှင် လှည့်တော်မူလေ့ရှိ၏ဟူ၍ ဆိုလိုသည်။]

၁၄။ သမန္တတရုဇာဏုမဏ္ဍလော-အဖု,အဆစ်,မထင် ထက်ဝန်းကျင် လုံးဝန်းသော ပုဆစ်လည်း ရှိတော်မူ၏၊

၁၅။ ပရိပုဏ္ဏပုရိသဗျဉ္ဇနော-ပြည့်စုံသောယောကျ်ားမြတ် နိမိတ်လည်း

www.dhammaransi.com



ရှိတော်မူ၏၊

၁၆။ အဆိဒ္ဒနာဘိ=အရေးအကြောင်း မပြတ်သော ချက်လည်းရှိတော်မူ၏၊

၁၇။ ဂမ္ဘီရနာဘိ=ပုလဲခွက်ကဲ့သို့ နက်သောချက်လည်းရှိတော်မူ၏၊

၁၈။ ဒက္ခိဏာဝဋ္ဋနာဘိ=လက်ျာရစ်ဝှေ လှည့်၍ ရှုကြည့်ဖွယ်ရာ တင့်တယ်စွာသော ချက်လည်းရှိတော်မူ၏၊

၁၉။ ဣဘကရ သဒိသ ဦရုဘုဇော=ဆင်နှာမောင်းကဲ့သို့ သွယ် ပြောင်းချောပြေသော ပေါင်တော် လက်ရုံးတော်လည်းရှိတော်မူ၏၊

၂၀။ သုဝိဘတ္တဂတ္တော=ထက်အောက်နံလျား တိုင်း၍ထားဘိသကဲ့သို့ တစ်သားတည်း ညီညွတ်သော ကိုယ်တော်လည်းရှိ တော်မူ၏၊

၂၁။ အနုပုဗ္ဗဂတော=အစဉ်အတိုင်း ချောပြေညီညွတ်သော ကိုယ်တော်လည်းရှိတော်မူ၏၊

၂၂။ ပရိမဋ္ဌဂတ္တော= ထက်ဝန်းကျင်မှ ချောမွေ့လှသော ကိုယ်တော်လည်းရှိတော်မူ၏၊

၂၃။ ဩဏာတုဏ္ဏတ သဗ္ဗဂတ္တော=ရှိုင်းသင့်ရာ၌ရှိုင်း, ဖြိုးသင့်ရာ၌ ဖြိုး၍ အမျိုးမျိုးတင့်တယ်သော ကိုယ်တော်လည်းရှိတော်မူ၏၊

၂၄။ အလီန ဂတ္တော=အရေရှုံ့တွန့်ခြင်းမှ ကင်းသော ကိုယ်တော်လည်းရှိတော်မူ၏၊

၂၅။ တိလကာဒိ ရဟိတ ဂတ္တော=ဝက်ခြံ, မှဲ့ချေး, တင်းတိပ်, ပွေး စသည်တို့မှကင်း၍ သန့်ရှင်းစင်ကြယ်သော ကိုယ်တော်လည်း ရှိတော်မူ၏၊

၂၆။ အနုပုဗ္ဗရုစိဂတ္တော= အစဉ်အတိုင်း နှစ်သက်မြတ်နိုးဖွယ်သော ကိုယ်တော်လည်းရှိတော်မူ၏၊

၂၇။ ဝိသုဒ္ဓဂတ္တော= မန္ဓမ်းမညစ် လျှော်ဦးသစ်ရွှေပမာ စင်ကြယ်စွာသော ကိုယ်တော်လည်းရှိတော်မူ၏၊

၂၈။ သုခုမာလဂတ္တော=နူးညံ့ပျော့ပျောင်းသော ကိုယ်တော်လည်း ရှိတော်မူ၏၊

၂၉။ သောမ္မဂတ္တော= လမင်းကိုမြင်ရသောအခါ စိတ်ချမ်းသာဘိသကဲ့သို့ လွန်စွာအေးကြည်သော ကိုယ်တော်လည်းရှိတော်မူ၏၊

၃၀။ ဥဇ္ဇလိတ ဂတ္တော=ပြိုးပြိုးပြက်ပြက် အရောင်ထွက်သော ကိုယ်တော်လည်းရှိတော်မူ၏၊

၃၁။ ဝိမလ ဂတ္တော=ကိုယ်ဆီ, ချွေးစေးတို့မှ ကင်း၍ သန့်ရှင်းစင် ကြယ်သော ကိုယ်တော်လည်းရှိတော်မူ၏၊

www.dhammaransi.com



၃၂။ ကောမလ ဂတ္တော-ဝါးမျှစ်စို့ကဲ့သို့ နုစ်မြို့ စိုပြေသော ကိုယ်တော်လည်း ရှိတော်မူ၏၊

၃၃။ သိနိဒ္ဓ ဂတ္တော-ပြေပြစ်ချောမွေ့သော ကိုယ်တော်လည်းရှိတော်မူ၏၊

၃၄။ သုဂန္ဓ ဂတ္တော-မြတ်လေး၊ နှင်းဆီ၊ သရဖီ၊ မဇ္ဈူ၊ ကက္ကုရု၊ စန္ဒကူးကဲ့သို့ အထူးထူးကြိုင်လှိုင်သော ကိုယ်တော်လည်းရှိတော်မူ၏၊

၃၅။ ကောဋိသဟဿ ဗလဓာရဏော-ကုဋေတစ်ထောင် အားကို ဆောင်နိုင်သော ကိုယ်တော်လည်းရှိတော်မူ၏၊

၃၆။ သုဝဏ္ဏတုဂ်နာသော-ရွှေချွန်းသဖွယ် တင့်တယ်မြင့်ချွန်းသော နှာခေါင်းတော်လည်းရှိတော်မူ၏၊

၃၇။ ရတ္တရတ္တဒွိဇမံသော-ပတ္တမြားပမာ တျာတျာနီမြန်းသော သွားဖုံးတော်လည်းရှိတော်မူ၏၊

၃၈။ သုဒ္ဓဒန္တော-သောက်ရှူးကြယ်အတူ ဖွေးဖြူစင်ကြယ်သော သွားလည်း ရှိတော်မူ၏၊

၃၉။ သိနိဒ္ဓဒန္တော-ပုလဲလုံးကို သီဘိသကဲ့သို့ ညီညာပြေပြစ် ကျစ်လစ် သိမ်မွေ့သော သွားလည်း ရှိတော်မူ၏၊

၄၀။ ဝိသုဒ္ဓိန္ဒြိယော-စင်ကြယ်သန့်ရှင်းသော အဆင်းဣန္ဒြေလည်း ရှိတော်မူ၏၊

၄၁။ ဝဋ္ဋဒါဌော-ပုလဲချောင်းကဲ့သို့ ကောင်းစွာလုံးဝန်းသော စွယ် တော်လည်း ရှိတော်မူ၏၊

၄၂။ တိက္ခဂ္ဂဒါဌော-အဖျားချွန်သော စွယ်တော်လည်းရှိတော်မူ၏၊

၄၃။ ရတ္တောဋ္ဌော-ပတ္တမြား၊ ခေါင်ရန်း၊ နှင်းဆီပန်းကဲ့သို့ နီမြန်းသော နှုတ်ခမ်းတော်လည်းရှိတော်မူ၏၊

၄၄။ အာယတဝဒနော-ကျယ်ပြန့်ခန့်ငြားသော ခံတွင်းတော်လည်း ရှိတော်မူ၏၊

၄၅။ သုဂန္ဓမုခေါ-သရကွန်၊ စန္ဒကူး၊ ကြာညိုနံ့မြူးသကဲ့သို့ အထူးကြိုင်လှိုင် သင်းပျံ့သော ခံတွင်းတော်လည်းရှိတော်မူ၏၊

၄၆။ ဂမ္ဘီရပါဏိလေခေါ-ထင်ရှားသော လက်ဖဝါးတော် အရေးအသားလည်း ရှိတော်မူ၏၊

၄၇။ ဥဇုလေခေါ-မကွေ့မထောင့် ဖြောင့်သောလက္ခဏာ အရေးအသား လည်းရှိတော်မူ၏၊

၄၈။ အာယတလေခေါ-ရှည်လျားသော လက္ခဏာအရေးအသားလည်း ရှိတော်မူ၏၊

www.dhammaransi.com



၄၉။ သုရုစိရသဏ္ဌာနလေခေါ်=နှစ်သက်တင့်တယ် ရှုချင်ဖွယ် သဏ္ဌာန်ရှိသော အရေးအသားလည်းရှိတော်မူ၏၊

၅၀။ ပရိမဏ္ဍလကာယ ဇုတိကော=ကိုယ်တော်ကို ဝန်းဝိုင်း၍ တံတိုင်း အဟန် တစ်လံမျှသော ဗျာမပ္ပဘာ ကိုယ်တော်ရောင်လည်း ရှိတော်မူ၏၊

၅၁။ ပရိပုဏ္ဏကပေါလော=ပြည့်ဖြိုးစိုပြေသော ပါးပြင်တော်လည်း ရှိတော်မူ၏၊

၅၂။ ရုစိရ အာယတ ဝိသာလ နေတ္တော=ထက်ဝန်းကျင်ပြိုးပြက်၍ တလက် လက်ထိန်ကြည် စိန်ဝဇီအလား ရှည်လျားကျယ်ပြန့်၍ ကြီးခန့်သော မျက်လုံးတော်လည်းရှိတော်မူ၏၊

၅၃။ ပဉ္စပသာဒ နေတ္တော=အဆင်းငါးတန်ဖြင့် လျှံတလက်လက် ရောင်ရှင် ထွက်သော မျက်လုံးတော်လည်းရှိတော်မူ၏၊

[မျက်လုံးတော်၌ အဆင်းငါးပါးကား အညို, အရွှေ, အဖြူ, အနီ, အနက် ဤငါးပါးတို့တည်း။]

၅၄။ ကုဉ္စိတဂ္ဂ ဘမုကော=ကောင်းကင်သို့ မော့၍ ကော့ရရော့မြော်သော မျက်တောင် မျက်ခုံးတော်လည်းရှိတော်မူ၏၊

၅၅။ မုဒု တလုဏ ရတ္တ ဇိဝှေါ=နူးညံ့, နီမြန်း, နှင်းဆီပန်းနှင့် တူသော လျှာတော် လည်းရှိတော်မူ၏၊

၅၆။ အာယတ စာရုကဏ္ဏော=ပခုံးတော်အထက်မှာဝဲ၍ တွဲရရွဲ ရှည်ပြန့်လျက် ခန့်ညားသပ္ပါယ် တင့်တယ်နုထွား ပတ္တမြားအပြင်ကဲ့သို့ ရောင်ရှင် ပြိုးပြက်သော နားရွက်တော်လည်း ရှိတော်မူ၏၊

၅၇။ နိဂ္ဂဏ္ဌိသိရော=အဖု, အထစ်မရှိ ပကတိချောမွေ့သော ဦးခေါင်းတော် လည်းရှိတော်မူ၏၊

၅၈။ နိဂုဠ္ဌသိရော=ရွဲ့စောင်း, နိမ့်, မြင့်မထင် တစ်ပြင်တည်း ညီညွတ်သော ဦးခေါင်းလည်းရှိတော်မူ၏၊

၅၉။ ဆတ္တသန္နိဘစာရုသီသော=ထီးဝန်းအသွင် ထက်ဝန်းကျင်တိတိ ရောင်လျှံ ညီသော ဦးခေါင်းလည်းရှိတော်မူ၏၊

၆၀။ သုဂန္ဓမုဒ္ဓေါ=အမျိုးမျိုးသောဂန္ဓာရုံတို့ဖြင့် လှိုင်ထုံမွှေးပျံ့သော ဦးထိပ် တော်လည်းရှိတော်မူ၏၊

၆၁။ အာယတ ပုထုလနလာဋော=ရွှေပြားအဟန် လျားနံကျယ်ပြန့် အံ့ဖွယ် အထူး လွန်ပြန့်ဖြူးသော နဖူးတော်အပြင်လည်းရှိတော်မူ၏၊

၆၂။ သုသဏ္ဌာန ဘမုကော=သုံးရက်လ,ဟန် စို့သက်တံကဲ့သို့ သဏ္ဌာန်

www.dhammaransi.com



တင့်တယ်သော မျက်ခုံး, မျက်မှောင်တော်လည်း ရှိတော်မူ၏၊

၆၃။ အနုလောမ ဘမုကော-အဖျားသွယ်ဖြူး၍ အထူးတင့်တယ်သော မျက်ခုံးမျက်မှောင်တော်လည်းရှိတော်မူ၏၊

၆၄။ အာယတမဟန္တ ဘမုကော-ခုံခုံညားညား ရှည်လျားကျယ်ပြန့်သော မျက်မှောင်တော်လည်းရှိတော်မူ၏၊

၆၅။ သဏှလောမ ဘမုကော-နူးညံ့သောအမွေးတို့ဖြင့် ဖြောင့်မတ်ညီညီ, စီရရီပေါက်သော မျက်ခုံးမျက်မှောင်ရှိတော်မူ၏၊

၆၆။ သမ လောမော-မွေးတွင်းချင်းစီ၍ အညီအညွတ်ပေါက်ရောက်သော မွေးညင်းလည်းရှိတော်မူ၏၊

၆၇။ ကောမလ လောမော-နူးညံ့စိုပြေ စိမ်းညိုသိမ်မွေ့သော မွေးညင်းလည်း ရှိတော်မူ၏၊

၆၈။ ဒက္ခိဏာ ဝဋ္ဋ လောမော-လက်ျာရစ်ဆိုင်၍ ညာဖက်သို့အဖျား ယိုင်သော မွေးညင်းလည်းရှိတော်မူ၏၊

၆၉။ ဘိဒ္ဓဥ္စနလောမော-မျက်စဉ်းညိုအသွင် စိမ်းလွင်ညိုမှောင်သော မွေးညင်းလည်းရှိတော်မူ၏၊

၇၀။ နိသိဒ္ဓ လောမော-ကောက်ကွေ့ လိမ်တွန့်ခြင်းကင်း၍ သန့်ရှင်း ပြေပြစ်သော မွေးညင်းလည်းရှိတော်မူ၏၊

၇၁။ သုနိလ ကေသော-ပိတုန်းတောင်ကဲ့သို့ ညိုမှောင်လက်လက် အရောင်ထွက်သော ဆံတော်လည်းရှိတော်မူ၏၊

၇၂။ ဒက္ခိဏာ ဝဋ္ဋကေသော-လက်ျာရစ်လှည့်ဝိုက်၍ ဦးထိပ်၌ ဖွေစုသော ဆံတော်လည်းရှိတော်မူ၏၊

၇၃။ သုသဏ္ဌာန ကေသော-ဆံပင်တွင်းညီ၍ စီရရီပေါက်သဖြင့် အံ့လောက်ဖွယ်သဏ္ဌာန် ကောင်းသောဆံချောင်းဆံပင်တော်လည်းရှိတော်မူ၏၊

၇၄။ သိနိဒ္ဓ ကေသော-ကောက်ကွေ့လိမ်တွန့်ခြင်းကင်းသဖြင့် သန့်ရှင်း ပြေပြစ်သော ဆံတော်လည်းရှိတော်မူ၏၊

၇၅။ သဏှ ကေသော-နူးညံ့သိမ်မွေ့သော ဆံတော်လည်းရှိတော်မူ၏၊

၇၆။ အလုလိတ ကေသော-မရှုပ်မထွေးသော ဆံတော်လည်းရှိတော်မူ၏၊

၇၇။ ကောမလ ကေသော-စိုပြေသော ဆံတော်လည်းရှိတော်မူ၏၊

၇၈။ သမ သုဂန္ဓ ကေသော-စံပယ်, မြတ်လေးကဲ့သို့ အညီအညွတ် မွှေးသော ဆံတော်လည်းရှိတော်မူ၏၊

မိခင်ဇောတိ

www.dhammaransi.com



၄၉။ သုခုမ အဿာသ ပဿာသော=ရှိုက်ရှူ၍ ဖထင် အလွန်ပင် သိမ်မွေ့သော ထွက်သက်ဝင်သက်လည်းရှိတော်မူ၏၊
**(သက်လုံကောင်း၏ဟူ၍ ဆိုလိုသည်)**

၈၀။ ကေတုမာလာ ရတနဝိစိတ္တော=ဦးခေါင်းတော်အထက်၌ ပြိုးပြက်ရောင်ပြွမ်း အဆန်းတကြယ် ခြောက်သွယ်ရောင်စုံ မကိုဋ်ပုံကဲ့သို့ ယှက်ဆုံပေါင်းစုသော ကေတုမာလာ, ရတနာရောင်လျှံတော်လည်း ရှိတော်မူ၏၊

ဣတိ=ဤသို့၊ အသီတာ နုဗျဥ္ဇန မဏ္ဍိတံ=လက္ခဏာတော် ရှစ်ဆယ်ဖြင့် တန်ဆာဆင်အပ်သော၊ ဆဗ္ဗဏ္ဏရံသိ ပဇ္ဇလန္တံ=ရောင်ခြည်တော်ခြောက်တန်ဖြင့် တလျှံလျှံထွန်းပ၍နေသော၊ သဥ္ဈာ ဣန္ဒ ဓနုဝိဇ္ဇု ပဘာ ပရိက္ခိတ္တ ကနက ဂိရိ သိခရ သမံ=ဆည်းဆာရောင်, စို့သက်တံရောင်, လျှပ်စစ်ရောင်တို့ဖြင့် ဝန်းမြောင် ပတ်ခြံအပ်သည့် ရွှေတောင်ထွတ်ကြီးနှင့်တူသော၊ စန္ဒ တာရကိတ နဘောပမံ=လစန်းသော်မာ တာရာစုံလင် ညစ်ကြေးစင်သည့် ကောင်းကင်ကြီးသဖွယ်လည်း ဖြစ် တော်မူထသော၊ သကလ သိရီ ပုဥ္ဇ ဘူတံ=ကျက်သရေအလုံးစုံတို့၏ အစုအပုံကြီးလည်း ဖြစ်တော်မူထသော၊ လောက နယန ရသာယနံ= တစ်လောက လုံး၏ မျက်စိအရသာကြီးလည်း ဖြစ်တော်မူထသော၊ တံ ဘဂဝန္တံ=ထိုမြတ်စွာ ဘုရားကို၊ အဘိဝန္ဒာမိ=အလွန်ရိုသေစွာ ရှိခိုးပါ၏။

ထိုမှတစ်ပါး---မဇ္ဈိမပဏ္ဏာသ ပါဠိတော် ငါးခုမြောက် ဗြာဟ္မဏဝဂ်၌ မဟာပုရိသလက္ခဏာကြီးတို့နှင့်တကွ-

"ဂစ္ဆန္တော ပန သော ဘဝံ ဂေါတမော ဒက္ခိဏေန ပါဒေန ပထမံ ပက္ကမတိ"

သော ဘဝံ ဂေါတမော=ထိုအသျှင်ဂေါတမသည်၊ ဂစ္ဆန္တော ပန=ကြွသွားတော်မူသည်ရှိသော်ကား၊ ဒက္ခိဏေန ပါဒေန=လက်ျာခြေတော်ဖြင့်၊ ပထမံ= ရှေးဦးစွာ၊ ပက္ကမတိ=ကြွလှမ်းတော်မူ၏။

ဤသို့အစရှိသည်ဖြင့် ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော တစ်ရာ ကျော်မျှ လောက်သော အမူအရာအခြင်းအရာ လက္ခဏာတို့သည် လာရှိကုန်၏၊ ထို တစ်ရာကျော်မျှလောက်သော ဘုရားတို့၏အမူအရာ လက္ခဏာအထူးတို့သည် လည်း မြတ်စွာဘုရား၏ သိရီဘုန်းတော်များပင် ဖြစ်ကုန်၏။

**[အဋ္ဌကထာ ကျမ်းဂန်တို့၌ လာရှိကုန်သော ကိုယ်တော်ရောင် အမျိုးမျိုးတို့သည်လည်း သိရိဘုန်းတော်၌ အကျုံးဝင်ကုန်၏။]**

မိခင်ဇရာဝတီ

www.dhammaransi.com



**ကိုယ်တော်အရောင်အမျိုးမျိုး ဆိုသည်ကား--**

၁။ အင်္ဂီရသပ္ပဘာ။ ၂- ဗျာမပ္ပဘာ။ ၃- အသီတိပ္ပဘာ။ ၄- အနန္တပ္ပဘာ။ ၅- ကေတုမာလာပဘာ။ ၆-ဥဏ္ဏာပဘာ။ ၇- ဒါဌာပဘာ အစရှိသော ကိုယ်တော်ရောင် အထူးတို့ပေတည်း။

**- ကိုယ်တော်အလုံး၊ အစဉ်ဖုံးထွက်၊ တလက်လက်၊ မှတ်ချက်အင်္ဂီရ။**
**ပကတိရောင်ထွက်-ပြိုးပြိုးပြက်---ထိုအရောင်တို့တွင်---**

၁။ ပဋ္ဌာန်းကျမ်းကို သုံးသပ်ဆင်ခြင်ခြင်း, ယမိုက်ပြာဋိဟာပြခြင်း စသည်တို့ကိုမပြုပဲ ပကတိသော ကိုယ်တော်အလုံးမှ အစဉ်မပြတ် ပြိုးပြိုး ပြက်ထွက်၍နေသော ရောင်ခြည်တော်ခြောက်ပါးကို အင်္ဂီရသပ္ပဘာ ဆိုသည်။
**(အနန္တပ္ပဘာသို့ကျမှ ရောင်ခြည်တော်ခြောက်ပါးကို အကျယ်ဆိုမည်။)**

**ပကတိကိုယ်၊ ရွှန်းရွှန်းစိုလတ်၊ မပြတ်ထက်ဝန်း၊**
**လေးတောင် ခန်းဝယ်၊ ပတ်လည်သွယ်၍၊ တည်နေဘုန်းခေါင်၊**
**အတွင်းရောင်၊ ခေါ်ဆောင် ဗျာမပ်ဘာ။**

၂။ မြတ်စွာဘုရား၏ ပကတိကိုယ်တော်မြတ်မှ အမြဲမပြတ် ထက်ဝန်းကျင် လေးတောင်ပတ်လည် အဝန်းအဝိုင်းအားဖြင့် တည်နေသော အတွင်းရောင်ခြည် တော်အဝန်းကို ဗျာမပ္ပဘာရောင်ခြည် ဝန်းခေါ်သည်၊ မြတ်စွာဘုရား ကိုယ်တော် မြတ်၏ ရောင်ခြည်တော်ဝန်းသည် ပထမရောင်ခြည်တော်ဝန်း, ဒုတိယရောင်ခြည် တော်ဝန်းဟူ၍ နှစ်မျိုးရှိ၏၊ အတွင်းရောင်ခြည်တော်ဝန်း, အပရောင်ခြည်တော် ဝန်းဟူ၍ ဆိုလိုသည်၊ ဥပမာ တစ်ရံတစ်ခါ လအိမ်ဖွဲ့သောအခါတွင် လမင်း၏ ရောင်ခြည်ဝန်းနှစ်ပါးသည် ထင်၏၊ လ၏အနီးပတ်ဝန်းကျင်၌ ဝိုင်း၍ တည်သော အရောင်ဝန်းငယ်, အပြင်ပ၌ ဝိုင်း၍တည်သော အရောင်ဝန်းကြီးနှစ်ခုပေတည်း၊ ထိုလရောင်ဝန်းကဲ့သို့ မြတ်စွာဘုရား ကိုယ်တော်မြတ်မှာလည်း ပကတိအားဖြင့် အမြဲတည်၍နေသော ရောင်ခြည်တော်ဝန်းနှစ်မျိုးရှိသည်၊ ကိုယ်တော်၏ အနီးပတ်ဝန်းကျင်၌ လေးတောင်ပတ်လည် ဝန်းဝိုင်း၍နေသော ရောင်ခြည်တော် ဝန်းကို ဗျာမပ္ပဘာ ရောင်ခြည်တော်ဝန်းခေါ်သည်။

**အတွင်းရောင်ခြည်၊ အပြင်ဆီမှ၊ တစ်လီ ထွန်းထွက်၊**
**ရှစ်ဆယ်နက်၊ မှတ်ချက် အသီတိပ်။**

၃။ ရွှေတောင်ကြီးကို ဝိုင်းဝန်း၍ ပေါက်နေသော သက်တံအဝန်းကြီး နှင့်လည်း တူ၏၊ ဗျာမပ္ပဘာဟုဆိုအပ်သောအတွင်း ရောင်ခြည်တော်ဝန်း၏

www.dhammaransi.com



အပြင်ပ၌ ဒုတိယရောင်ခြည်တော်အဝန်းအဝိုင်း၏အဖြစ်ဖြင့် ကိုယ်တော်မှ အတောင်ရှစ်ဆယ်မျှသောအရပ်၌ ထက်ဝန်းကျင် ဝန်းဝိုင်း၍တည်သော ရောင်ခြည်တော်ကို **အသီတိပ္ပဘာ** ရောင်ခြည်တော်ခေါ်သည်။

ထိုဗျာမပ္ပဘာ ရောင်ခြည်တော်, အသီတိပ္ပဘာ ရောင်ခြည်တော် တို့သည်ကား မည်သည့်အသွေးအရောင်ဟု ခွဲခြား၍ မဆိုနိုင်၊ ထိုထိုကိုယ်တော် အစိပ်အစိပ်မှထွက်သော ရောင်ခြည်တော်ခြောက်သွယ်တို့ ပေါင်းစု၍ နဝရတ်ကိုးပါးကို တစ်ပုံတည်းစုပုံ၍ထားရာ နေရောင်နှင့် ပဏာသင့်၍ အမျိုးစုံထွက်လာသော အရောင်တို့ကဲ့သို့ ညို, ရွှေ, နီ, မောင်း အရောင်ပေါင်းစု၍နေသော ရောင်ခြည်တော် အဝန်းကြီးများ ပေတည်း၊ အင်္ဂီရသရောင်ခြည်တော်, ဗျာမပ္ပဘာရောင်ခြည်တော်, အသီတိပ္ပဘာရောင်ခြည်တော်တို့သည် မြတ်စွာဘုရားကိုယ်တော်နှင့် အမြဲမပြတ် တလျှပ်လျှပ် ထွန်းလင်း၍နေသော ရောင်ခြည်တော်များဖြစ်၍ အနို့စွလ ရောင်ခြည်တော်တို့ မည်ကုန်၏၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည် ကြွ, ရပ်, ထိုင်, လျောင်း ဣရိယာပုထ်လေးပါး အပေါင်းတို့၌ နဝရတ်တံတိုင်းကြီးနှစ်ထပ် ရံအပ်သော ရွှေတောင်ကြီးကဲ့သို့ အခါမပြတ် တင့်တယ်ကောင်းမြတ်လှသော ကျက်သရေများကို ဆောင်တော်မူလေသည်။

### လမင်းရွှေတောင်- ပမာဆောင်

ဒွိဟိ မဏ္ဍလရံသီဟိ၊ ပရိက္ခိတ္တော၀ စန္ဒိမာ။
နဝ ရတနပါကာရေဟိ၊ သောဏ္ဏာစလော၀ ရံသိမာ။

ရံသိမာ=ရောင်ခြည်တော် အထွေထွေ ကျက်သရေတံခွန်, ဘဂဝန် ထွတ်ထား မြတ်ဘုရားသည်၊ ဒွိဟိ မဏ္ဍလ ရံသီဟိ=ရောင်ခြည်ဝန်း နှစ်ပါးတို့ဖြင့်၊ ပရိက္ခိတ္တော=ဝန်းရံအပ်သော၊ စန္ဒိမာ၀=လပြည့်ဘုံနန်း ငွေစန်းယဉ်သာ ရတနာ ဗိမာန်ကြီးကဲ့သို့လည်းကောင်း၊ ဒွိဟိ=နှစ်ထပ်ကုန်သော၊ နဝ ရတနပါကာရေဟိ= ရတနာတံတိုင်းသစ်ကြီးတို့ဖြင့်၊ ပရိက္ခိတ္တော=ဝန်းရံအပ်သော၊ သောဏ္ဏာစလော၀= ရွှေတောင်ကြီးကဲ့သို့လည်းကောင်း၊ သောဘတိ=ရှုရင်းမြင်ဆဲ ရောင့်မရဲအောင် လွန်ကဲစွာ တင့်တယ်တော်မူပေ၏။

**ပဌာန်းကျမ်းမြတ်၊ သုံးသပ်ဆင်ခြင်၊ စလျှင်မသွေ၊ အခါတွေ့ဝယ်၊**
**ဉာဏ်နေတန်ခိုး၊ အစွမ်းမျိုးဖြင့်၊ မိုးမြင့်ဆယ်ဖြာ၊ ရပ်ဒိသာမှ၊**
**ယခုကျအောင်၊ ရောင်ခြည်ရောင်၊ ခေါ်ဆောင်အနန္တပ်။**

www.dhammaransi.com



၄။ **ဆုံးစမရ-အနန္တ၊** ။ဗောဓိမဏ္ဍိုင်၌ သစ္စာလေးပါးကို သိမြင်တော်မူပြီး၍ စတုတ္ထဖြစ်သော ရတနာဃရသတ္တာဟ၌ ပဋ္ဌာန်းကျမ်းမြတ်ကို သုံးသပ်ဆင်ခြင်တော်မူသောအခါ, ယမိုက်ပြာဋိဟာကို ပြတော်မူသောအခါ စသည်တို့၌ ထူးသောဉာဏ်တော် တန်ခိုးတော်တို့၏ အစွမ်းအားဖြင့် ကိုယ်တော်မှထွက်၍ အရပ်ဆယ်မျက်နှာတို့၌ ယခုထက်တိုင်အောင် ပျံ့နှံ့လျက်ရှိနေကြကုန်သော ရောင်ခြည်တော်တို့သည် အဆုံးအစမရှိသော အနန္တပ္ပဘာ မည်ကုန်၏၊ အလွန်ကြီးကျယ်သောကြောင့် မဟာပဘာလည်းမည်ကုန်၏။

[ဤအနန္တပ္ပဘာခန်းတွင် ရောင်ခြည်တော်ခြောက်ပါး ထွက်ပေါ်ပုံကို ပြဆိုပေအံ့။]

## ရောင်ခြည်ခြောက်ဌာန-ကမ္ဘာလုံးဖြာ

နီလာ နီလာ ပီတာ ပီတာ၊ ရတ္တာ ရတ္တာစ နိစ္ဆရေ။
သေတာ သေတာစ မဉ္ဇိဋ္ဌာ၊ တမှာ တမှာ ပဘဿရာ။

နီလာ-ညိုသောကိုယ်တော်အစိပ်မှ၊ နီလာ-ညိုသောရောင်ခြည်တော်တို့သည်၊ နိစ္ဆရေ-ကွန့်မြူး ထွက်ကြွလေကုန်၏၊ ပီတာ-ရွှေသောကိုယ်တော်အစိပ်မှ၊ ပီတာ-ရွှေသောရောင်ခြည်တော်တို့သည်၊ နိစ္ဆရေ-ကွန့်မြူးထွက်ကြွလေကုန်၏၊ ရတ္တာ-နီသောကိုယ်တော်အစိပ်မှ၊ ရတ္တာစ-နီသောရောင်ခြည်တော်တို့သည်လည်း၊ နိစ္ဆရေ-ကွန့်မြူးထွက်ကြွလေကုန်၏၊ သေတာ-ဖြူသောကိုယ်တော်အစိပ်မှ၊ သေတာ-ဖြူသော ရောင်ခြည်တော်တို့သည်၊ နိစ္ဆရေ-ကွန့်မြူးထွက်ကြွလေကုန်၏၊ တမှာ တမှာ-ထိုထိုကိုယ်တော် အစိပ်အစိပ်မှ၊ မဉ္ဇိဋ္ဌာစ-မောင်းသော ရောင်ခြည်တော်တို့သည်လည်းကောင်း၊ ပဘဿရာစ-ပြိုးပြိုးပြက်သောရောင်ခြည်တော်တို့သည်လည်းကောင်း၊ နိစ္ဆရေ-ကွန့်မြူးထွက်ကြွလေကုန်၏။

[ဤဂါထာကို မှတ်ည်၍ ရောင်ခြည်တော်ခြောက်သွယ် ထွက်ပုံကို ဆိုရလိမ့်မည်။]

## ညိုရပ်ဌာနီ- ညိုရောင်ခြည်

၁။ ဆံတော် မုတ်ဆိတ်တော်တို့မှလည်းကောင်း, မွေးညင်းတော်တို့မှလည်းကောင်း, မျက်နက်တော်အစုံတို့မှလည်းကောင်း, ညိုသောကိုယ်တော် အစိပ်အစိပ်မှ စိမ်းညိုသော နီလရောင်ခြည်တော်တို့သည် ထွက်ကြွလေကုန်၏၊ ထိုနီလရောင်ခြည်တော်တို့၏အစွမ်းကြောင့် ကောင်းကင်နှင့်တကွသော အရပ်မျက်နှာတို့သည် မျက်စဉ်းညိုမှုန့်, မဲနယ်မှုန့်တို့ကို အနှံ့အပြား ကြဲဖြောက်ဘိသကဲ့သို့

www.dhammaransi.com



လည်းကောင်း, နီလာမိုး, မြမိုးတို့သည် ဖြိုးဖြိုးတက်ဝှန် ကောင်းကင်မှ စွေသွန်ရွာချဘိသကဲ့သို့လည်းကောင်း, အောင်မဲညိုပန်း, ကြာညိုပန်းတို့ကို ပန်းဗိတာန် ကြက်၍ ကောင်းကင်နှင့်တကွ အရပ်မျက်နှာတို့ကို ဖြန့်ကြက်မိုးကာ၍ ထားဘိသကဲ့သို့လည်းကောင်း, ဣန္ဒနီလာယပ်ဝန်း, မြယပ်ဝန်းတို့ဖြင့် လောကကြီးထဲမှာ တစ်လွှဲလွှဲခတ်၍ နေဘိသကဲ့သို့လည်းကောင်း, တိမ်ညိုအဆင်းနှင့်တူသော ပိုး, ဖဲ, အထည်, အလိပ်တို့ကို မိုးကာဖြန့် ကြက်၍ ထားဘိသကဲ့သို့လည်းကောင်း, မီးစိမ်း, မီးပြာတို့ကို ကမ္ဘာအနှံ့အပြား ထွန်းညှိ၍ ထားဘိသကဲ့သို့လည်းကောင်း, စိမ်းလဲ့, ညို, ပြာသော ဣန္ဒနီလာမြတောင်ကို နေရောင်ခြည် ကြောက်ဘိသကဲ့သို့လည်းကောင်း, ဥဒေါင်းမြီးတပြေး ပိုးမဲတောင်တာ အသွေးတို့ကဲ့သို့ ညို, ပြာ, စိမ်းလဲ့သော အရောင်တို့ဖြင့် ပြိုးပြောင်ထိန်ညိလေကုန်၏။

## မြ, နီလာပမာ-ရောင်ခြည်ဖြာ

ကေသာဒိ နီလဋ္ဌာနေဟိ၊ နိစ္ဆရေ နီလရံသိယော။
နီလာယန္တိ ဒိသာ သဗ္ဗာ၊ ဣန္ဒနီလသမာ တဒါ။

ကေသာဒိနီလဋ္ဌာနေဟိ=ဆံတော်အစရှိသော ညိုသောကိုယ်တော် အစိပ်တို့မှ၊ နီလရံသိယော=ညိုသောရောင်ခြည်တော်တို့သည်၊ နိစ္ဆရေ=ကွန့်မြူးထွက်ကြွလေကုန်၏၊ တဒါ=ထိုအခါ၌၊ သဗ္ဗာ=အလုံးစုံကုန်သော၊ ဒိသာ=အရပ်ဆယ်မျက်နှာတို့သည်၊ ဣန္ဒနီလသမာ=ဣန္ဒနီကျောက် အသွေးနှင့်တူကြကုန်သည်ဖြစ်၍၊ နီလာယန္တိ=စိမ်းလဲ့ညိုပြာကြလေကုန်၏။

## ဝါရွှေရပ်ဌာနီ-ဝါရွှေသောရောင်ခြည်

၂။ ရွှေစင်နှင့်တူသော တစ်ကိုယ်တော်လုံး၏ အရေတို့မှလည်းကောင်း, မျက်စိတို့၏ ဝါရွှေသော အရပ်တို့မှလည်းကောင်း, ရွှေသောကိုယ်တော် အစိပ်တို့မှ ဝါရွှေသောပီတရောင်ခြည်တော်တို့သည် ထွက်ကြလေကုန်၏၊ ထိုရောင်ခြည်တော်တို့၏ အစွမ်းအားဖြင့် ကောင်းကင်နှင့်တကွသော အရပ်မျက်နှာတို့သည် ရွှေရေအယဉ်တို့ဖြင့် သွန်းလောင်း၍ ထားဘိသကဲ့သို့လည်းကောင်း, ရွှေမှုံ, ဝါသော ပန်းဝတ်မှုံ, မာလာ ကျိုကျူမှုံတို့ကို အနှံ့အပြားကြဲဖြန့်ဘိသကဲ့သို့လည်းကောင်း, ရွှေပြားဗိတာန် မျက်နှာကြက်ကို ဖြန့်ကြက်၍ထားဘိသကဲ့သို့လည်းကောင်း, မဟာလှေ ကားပန်း, စကားဝါပန်းတို့ကို အကုံးအခိုင်ပြုပြီးလျှင် ပန်းဗိတာန်မျက်နှာကြက်ကြီးဖြန့်လျက် မိုးကာဘိသကဲ့သို့လည်းကောင်း, ရွှေပြားယပ်ဝန်းကြီးဖြင့်

www.dhammaransi.com



တလွဲလွဲယပ်၍ နေဘိသကဲ့သို့လည်းကောင်း, ဂေါမုတ်ကျောက်, ဥဿဘယား ကျောက်မိုးတို့သည် ဖြိုးဖြိုးရှာသွန်းဘိသကဲ့သို့လည်းကောင်း, ရွှေအဆင်းရှိသော ဖဲဝါ, ကတ္တီပါအထည်ကောင်းတို့ကို တလွှားလွှားဆန့်, ရွှေယမားဖြန့်၍ နေဘိ သကဲ့သို့လည်းကောင်း, ကဥ္စနရွှေတောင်ကို နေရောင်ဟပ်၍ နေဘိသကဲ့သို့ လည်းကောင်း, ဝါသော ဖန်မီးရှူးတို့၏ အတွင်းမှ တဝင်းဝင်း ထွန်းထားအပ်သော မီးဝါတို့ကဲ့သို့လည်းကောင်း, အလုံးစုံသော အရပ်ဆယ်မျက်နှာတို့သည် ထိန်ဝါပြက် သန်းသော ရွှေလျှပ်ပန်းအရောင်တို့ကဲ့သို့ ထိန်ပြောင်ထွန်းညိကြလေကုန်၏။

## ရွှေတောင်ပမာ-ရောင်ခြည်ဖြာ

ဆဗ္ဗာဒိ ပီတဌာနေဟိ၊ နိစ္ဆရေ ပီတ ရံသိယော။
ပီတာယန္တိ ဒိသာ သဗ္ဗာ၊ ဟေမာစလ သမာ တဒါ။

ဆဗ္ဗာဒိ ဆဝိအာဒိ ပီတဌာနေဟိ=အရေတော်အစရှိသော ရွှေကိုယ်တော် အလုံးတို့မှ၊ ပီတရံသိယော=ရွှေသောရောင်ခြည်တော် တို့သည်၊ နိစ္ဆရေ=ကွန့်မြူး ထွက်ကြွလေကုန်၏၊ တဒါ=ထိုအခါ၌၊ သဗ္ဗာဒိသာ=အလုံးစုံသော အရပ်ဆယ် မျက်နှာတို့သည်၊ ဟေမာစလသမာ=ရွှေတောင်ကြီးတွေနှင့် တူကုန်သည်ဖြစ်၍၊ ပီတာယန္တိ=ဝါရွှေထိန်ဝင်းကြလေကုန်၏။

## နီရပ်ဌာနီ-နီရောင်ခြည်

၃။ အသားတော် အသွေးတော်တို့မှလည်းကောင်း, နှုတ်ခမ်းတော်အစုံ, လက်ဖဝါးအစုံ, ခြေဖဝါးအစုံတို့မှလည်းကောင်း, ခြေသည်းတော်,လက်သည်း တော်တို့မှလည်းကောင်း, မျက်လုံးတော်၏ နီသောအရပ် လျှာအရပ်တို့မှ လည်းကောင်း, နီသောကိုယ်တော်၏ အစိပ်အစိပ်တို့မှ နီသောလောဟိတ ရောင်ခြည်တော်တို့သည် ထွက်ကြွလေကုန်၏၊ ထိုရောင်ခြည်တော်တို့၏ အစွမ်း အားဖြင့် ကောင်းကင်နှင့်တကွသော အလုံးစုံသော အရပ်မျက်နှာတို့သည် ဟင်္သပြဒါးမှုန့်, ဆုန်းမှုန့်တို့ဖြင့် အနှံ့အပြား ကြဲမြှောက်အပ်ကုန်ဘိသကဲ့သို့ လည်းကောင်း, ချိပ်ရေ, ပန်းရေတို့ဖြင့် ထက်ဝန်းကျင် ပက်ဖျန်းကုန်ဘိသကဲ့သို့ လည်းကောင်း, နီသောကမ္ဗလာ, နီသောကတ္တီပါတို့ကို တလွှားလွှား ဖြန့်၍ခြုံဘိ သကဲ့သို့လည်းကောင်း, တစ်ပြင်တည်း ပတ္တမြားအတိပြီးသော ဝိတာန်မျက်နှာ ကြက်ကို ကာမိုးဖြန့်ကြက်အပ်ကုန်ဘိသကဲ့သို့လည်းကောင်း, လယ်ခေါင်ရန်းပန်း, နှင်းဆီပန်း, ပဒုမ္မာကြာပန်းတို့ကို အကုံးအနှိုင်ပြု၍ ပန်းဝိတာန် မျက်နှာကြက်

www.dhammaransi.com



ဖြန့်ကြက်မိုးကာ၍ ထားဘိသကဲ့သို့လည်းကောင်း, တွေးတွေးနီသော လောဟိတင်ပတ္တမြားမိုးတို့သည် ဖြိုးဖြိုး ရွာသွန်းသကဲ့သို့လည်းကောင်း, ကမ္ဗာအနှံ့ ထက်ဝန်းကျင် ပြန့်သော ပတ္တမြားယပ်ဝန်းကြီးကို တလွှဲလွှဲတငြိမ့်ငြိမ့် တအိမ့်အိမ့် ယပ်၍နေဘိသကဲ့သို့လည်းကောင်း, တွေးတွေးနီမြန်းသော မီးရှူး, မီးပန်းတို့ကို အနှံ့အပြား ထွန်းညှိ၍ ထားကုန်ဘိသကဲ့သို့လည်းကောင်း, ပတ္တမြားတောင်ကြီးကို နေရောင်ကြောက်သည့်အလား ပတ္တမြားအရောင် ဝင်းပြောင်ယှက်သန်း နီမြန်းတောက်ထိန်ကြလေကုန်၏။

## ပတ္တမြားနီပမာ-ရောင်ခြည်ဖြာ

မံသာဒိ ရတ္တဋ္ဌာနေဟိ၊ နိစ္ဆရေ ရတ္တရံသိယော။
ရတ္တာယန္တိ ဒိသာ သဗ္ဗာ၊ လောဟိတင် သမာ တဒါ။

မံသာဒိရတ္တဋ္ဌာနေဟိ=အသားတော် အစရှိသော နီသောကိုယ်တော်အစိပ်တို့မှ၊ ရတ္တရံသိယော=နီသောရောင်ခြည်တော်တို့သည်၊ နိစ္ဆရေ=ကွန့်မြူးထွက်ကြွကြလေကုန်၏၊ တဒါ=ထိုအခါ၌၊ သဗ္ဗာဒိသာ=အလုံးစုံသော အရပ်ဆယ်မျက်နှာတို့သည်၊ လောဟိတင်သမာ=စွတ်စွတ်စွေးစွေး နီထွေးရောင်ရှင်လောဟိတင်မည် ပတ္တမြားနီကဲ့သို့ ရတ္တာယန္တိ=နီနီမြန်းမြန်း ပတ်သန်း ထွန်းတောက်ကြလေကုန်၏။

## ဖြူရပ်ဌာနီ-ဖြူရောင်ခြည်

၄။ စွယ်တော်, သွားတော်တို့မှလည်းကောင်း, အရိုးတော်တို့မှလည်းကောင်း, ဖြူသောမျက်ဝန်းတော်တို့မှလည်းကောင်း, ဥဏ္ဏာလုံ မွေးရှင်တော်မှလည်းကောင်း, ဖြူသောကိုယ်တော်အစိပ်စိပ်တို့မှလည်းကောင်း ဖြူသောရောင်ခြည်တော်တို့သည် ထွက်ကြွလေကုန်၏၊ ထိုရောင်ခြည်တော်တို့၏ အစွမ်းအားဖြင့်ကောင်းကင်နှင့်တကွသော အလုံးစုံသော အရပ်မျက်နှာတို့သည် ငွေအိုး, ငွေခွက်တို့ဖြင့် ဖျန်းပက်သွန်းလောင်းအပ်ကုန်သော နို့ရေအယဉ်ကဲ့သို့လည်းကောင်း, ပုလဲစိန်တို့ဖြင့် ခြယ်စီအပ်သော ငွေပြားဗိတာန်မျက်နှာကြက်ကို တစ်လောကလုံးဖြန့်ကြက်၍ ထားဘိသကဲ့သို့လည်းကောင်း, ငွေပြား ယပ်, စိန်ယပ်, ပုလဲယပ်တို့ဖြင့် တလွှဲလွှဲခပ်အပ်ကုန်ဘိသကဲ့သို့လည်းကောင်း, ကုမုဒြာကြာဖြူပန်း, သင်းခွေပန်း, စံပယ်ကြက်ရိုးပန်း, မြတ်လေးဖြူပန်း, ဇွန်ပန်းတို့ကို အကုံးအခိုင်ပြုလုပ်၍ အရပ်မျက်နှာတို့၌ ဆွဲကာမိုးအုပ်၍ ထားကုန်ဘိသကဲ့သို့လည်းကောင်း, ဘွဲ့ဖြူပုဆိုး ဖဲဖြူပုဆိုးများကို တလွှားလွှားဆန့် ငွေယမားဖြန့်ဘိသကဲ့သို့လည်းကောင်း, စိန်မိုး,

www.dhammaransi.com



ပုလဲမိုးတို့ဖြင့် ဖြိုးဖြိုးဝှန်ဝှန် ကောင်းကင်မှ ရွာသွန်ဘိသကဲ့သို့လည်းကောင်း, ငွေဖြင့်ပြီးသော ပြာသာဒ်မှ တလျှပ်လျှပ်ထွန်းသော လရောင်ခြည်တို့ကဲ့သို့ လည်းကောင်း, ဖြူသော ဖလ်မှန်တို့ အတွင်းမှ တလင်းလင်းထွက်သော ဓာတ်မီး ရောင်တို့ကဲ့သို့လည်းကောင်း, ဥက္ကာရောင်မြူ နတ်မီးရှူးနှင့် သောက်ရှူးကြယ် ရောင် လျှပ်ပန်းရောင်တို့ကဲ့သို့လည်းကောင်း, ကေလာသငွေတောင်, စိန်သား တောင်တို့ကို နေရောင်ခြည် ကြောက်သည့်အလား ဆွထွားရွှရွှ ဖွေးဖြူထိန်ဝင်း ကြလေကုန်၏။

## စိန်သားပမာ-ရောင်ခြည်ဖြာ

ဒါဌာဒိသေတဌာနေဟိ၊ နိစ္ဆရေ သေတရံသိယော။
သေတာယန္တိ ဒိသာ သဗ္ဗာ၊ ဝဇိရသဒိသာ တဒါ။

ဒါဌာဒိသေတဌာနေဟိ-စွယ်တော်အစရှိသော ဖြူသောကိုယ် တော်အစိပ် တို့မှ၊ သေတရံသိယော-ဖြူသောရောင်ခြည်တော်တို့သည်၊ နိစ္ဆရေ-ကွန့်မြူးထွက်ကြ လေကုန်၏၊ တဒါ-ထိုအခါ၌၊ သဗ္ဗာဒိသာ-အလုံးစုံသော အရပ်ဆယ်မျက်နှာ တို့သည်၊ ဝဇိရသဒိသာ-ဆွထွားဖွေးဖြူ စိန်သားနှင့်တူကြကုန်သည်ဖြစ်၍၊ သေတာယန္တိ-ဖွေးဖြူထိန်လင်းကြလေကုန်၏။

## ကြွင်းရပ်ဌာနီ-ကြွင်းရောင်ခြည်

၅။ ဆိုပြီးသည်မှ ကြွင်းသော ထိုထိုကိုယ်တော် အစိပ်အစိပ်တို့မှ နီမောင်း သော မဉ္ဇိဋ္ဌရောင်ခြည်တော်, ရောင်စုံပြိုးပြက်သော ပဘဿရ ရောင်ခြည်တော် တို့သည် ထွက်ကြလေကုန်၏။

မဉ္ဇိဋ္ဌရောင်ခြည်တော် ဆိုသည်ကား နီနီမောင်းမောင်း မိုးကြိုးရောင်, သပြေမှည့်ရောင်, တိန်းညက်နှစ်ရောင်, ခိုညိုရောင်ကဲ့သို့သော အရောင်မျိုးကို ဆိုသည်၊ ထိုမဉ္ဇိဋ္ဌရောင်ခြည်တော်၏ အစွမ်းအားဖြင့် ကောင်းကင်နှင့်တကွသော အလုံးစုံသော အရပ်မျက်နှာတို့သည် သပြေမှည့်ရောင် အဆင်းရှိသော နီမောင်း သော ပတ္တမြားမိုးတို့သည် ဖြိုးဖြိုးရွာသွန်းကုန်ဘိသကဲ့သို့လည်းကောင်း, မိုးကြိုး ဖြင့်ပြီးသော ယပ်ဝန်းကြီးကို တလွဲလွဲယပ်၍ နေဘိသကဲ့သို့လည်းကောင်း, ခိုညို ရောင်အဆင်းရှိသောပန်းတို့ဖြင့် ဖုံးလွှမ်းအပ်ကုန်ဘိသကဲ့သို့လည်းကောင်း, နီမောင်းသော ကမ္ဗလာ, နီမောင်းသောဓာတ်မီး အလျှံအဝါတို့ဖြင့် တန်ဆာဆင်၍ ထားဘိသကဲ့သို့လည်းကောင်း ဖြစ်လေကုန်၏။

www.dhammaransi.com



## သပြေသီးပမာ-ရောင်ခြည်ဖြာ

နိစ္ဆရန္တိ တတော တမှာ၊ မဥ္ဇိဋ္ဌရံသိယော တဒါ။
မဉ္ဇိဋ္ဌာယန္တိ ဒိသာ တာ၊ ဇမ္ဗုပက္ကဖလံ ယထာ။

တတော တမှာ=ထိုထိုကိုယ်တော် အစိပ်အစိပ်မှ၊ မဥ္ဇိဋ္ဌရံသိယော=နီမောင်းသော ရောင်ခြည်တော်တို့သည်၊ နိစ္ဆရန္တိ=ကွန့်မြူးထွက်ကြွကြလေကုန်၏၊ တဒါ=ထိုအခါ၌၊ တာဒိသာ=ထိုအရပ်ဆယ်မျက်နှာတို့သည်၊ ဇမ္ဗုပက္ကဖလံ ယထာ=သပြေသီးမှည့်ရောင်ကဲ့သို့၊ မဉ္ဇိဋ္ဌာယန္တိ=နီမောင်းတောက်ပကြလေကုန်၏။

၆။ ပြိုးပြိုးပြက်သော ပဘဿရ ရောင်ခြည်ဆိုသည်မှာ အသွေး အရောင်မျိုးစုံပေါင်း၍ အရောင်ချင်း ကူးယှက်လျက် ပြိုးပြိုးပြက်ပြက် တလက်လက် တလျှမ်းလျှမ်း ပြိုးပြွမ်း၍နေသော အရောင်ကိုဆိုသည်၊ ကိုယ်တော်မှထွက်သော နီလ, ပီတစသောအရောင်ငါးထွေတို့သည် လျှံဝေရောယှက် တစ်ရောင်နှင့်တစ်ရောင် ကူးဆက်သောအခါ အသွေးအရောင်ပေါင်းများစွာ ထူးထွေပြန့်ပွါး၍ ဆန်းဆန်းပြားပြား ရောင်ခြည်စုံ ယှက်သန်း၍နေသည်ဟု ဆိုလိုသည်။

ထိုရောင်ခြည်တို့၏ အစွမ်းအားဖြင့် ကောင်းကင်နှင့်တကွသော အလုံးစုံသော အရပ်မျက်နှာတို့သည် ပတ္တမြား, မြ, စိန်, ကြ္ကနီလာစသော ရတနာအမျိုးမျိုးတို့ဖြင့် ပြိုးပြိုးပြက် ခြယ်စီအပ်သော ရတနာမျက်နှာ ကြက်ကြီးကို ဖြန့်ကြက်ကာမိုးအပ်ကုန်ဘိသကဲ့သို့လည်းကောင်း, အရောင်စုံထိန်ဝါသော ရတနာမိုးကြီးသည် ဖြိုးဖြိုးရွာသွန်း အပ်ကုန်ဘိသကဲ့သို့လည်းကောင်း, ဖြူ, နီ, စိမ်း, ပြာ, ရွှေ ဝါ, ညိုမောင်းသော ပန်းပေါင်းပန်းမျိုးစုံတို့ကို ထိုမှဤမှ ကြဲမြောက် အပ်ကုန်ဘိသကဲ့သို့လည်းကောင်း, အရောင်မျိုးစုံပါသော မီးပန်းတို့ကို ကောင်းကင်ကြီး အပြန့်ဝယ် အနှံ့ရှို့၍ လွှတ်အပ်ကုန်ဘိသကဲ့သို့လည်းကောင်း, အရောင်မျိုးစုံရှိသော ဖလ်မီးရှူး, မှန်မီးရှူးတို့၏ အတွင်းမှာ ဓာတ်မီးပွင့်အလင်းတို့ကို တဝင်းဝင်းထွန်းညှိအပ်ကုန်ဘိသကဲ့သို့လည်းကောင်း, ကျောက်မျိုးစုံခြယ်အပ်သော နဝရတ်ရွှေယမားကို လှွားကနဲ, လှွားကနဲ, ဖြန့်ဘိသကဲ့သို့လည်းကောင်း, ကြီးမားသော စိုးသက်တံသည် ကောင်းကင်ယံတစ်ခုလုံးကို လွှမ်းဖုံး၍ ပေါက်လာဘိသကဲ့သို့လည်းကောင်း, ရတနာဆယ်ပါးဖြင့်ပြီးသော ယပ်ဝန်းကို တလွဲလွဲတသိမ့်သိမ့် တငြိမ့်ငြိမ့်ခပ်၍နေဘိသကဲ့သို့လည်းကောင်း, ကြက်လျှာပုံ အကွက်စုံ၍ အထွတ်အစွန်းများစွာရှိသော စိန်ဘုံ, စိန်တောင်ကို နေရောင်ခြည်ဟပ်သောအခါ တလျှပ်လျှပ်ထွက်သော အရောင်မျိုးစုံတို့ကဲ့သို့လည်းကောင်း, ပန်းမျိုးစုံပွင့်သော

www.dhammaransi.com



ပန်းဂနိုင်ကြီးအတွင်း ခာတ်မီးအလင်းထိုး၍ပြသော ညဉ့်ကဲ့သို့လည်းကောင်း၊ အလုံးစုံသောသတ္တဝါတို့၏ မျက်စိကို ရှုကြည့်မရဲ အရောင်မျိုးစုံ မခွဲနိုင်အောင် တောက်လောင်ဝိုးဝင်း ထိန်လင်းပြိုးပြက်ကြလေကုန်၏။

## မီးရှူးပမာ-ရောင်ခြည်ဖြာ

ပဘဿရာဟိ ရံသီဟိ၊ ပဘာယန္တိ ဒိသာ ခိလာ။
နာနာရတန ပုပ္ဖါဘာ၊ နာနာဒီပ ပဘာ ယထာ။

ပဘဿရာဟိ=အရောင်စုံထွက် ပြိုးပြိုးပြက်ကုန်သော၊ ရံသီဟိ=ရောင်ခြည်တော်တို့ဖြင့်၊ အခိလာ=အလုံးစုံကုန်သော၊ ဒိသာ=အရပ်မျက်နှာတို့သည်၊ နာနာရတနပုပ္ဖါဘာယထာ=အမျိုးမျိုးသော ရတနာရောင် အမျိုးမျိုးသော ပန်းရောင်တို့ကဲ့သို့လည်းကောင်း၊ နာနာဒီပ ပဘာယထာ=အမျိုးမျိုးသော မီးရှူးရောင်တို့ကဲ့သို့လည်းကောင်း၊ ပဘာယန္တိ=ပြိုးပြိုးပြက်ပြက် ရောင်ယှက်ထိန်လင်းကြလေကုန်၏။

**စဆုံးမမြင်-ရောင်ခြည်ဝင်။** ။ဤရောင်ခြည်တော်ခြောက်ပါးတို့သည် ကိုယ်တော်မှထွက်ကြွကုန်၍ ထက်အောက်ဖီလာ အရပ်ဆယ်မျက်နှာအလုံးသို့ အစအဆုံးမရှိအောင် ပျံ့နှံ့ကွန့်မြူးကြလေကုန်၏၊ ယခုထက်တိုင်အောင်ပင်သော်လည်း ချုပ်ဆုံးခြင်းမရှိသေးပဲ စကြဝဠာအနန္တသို့ ပျံ့ကြွကူးသန်းလျက်ပင် ရှိနေလေကုန်သေးသည်၊ အောက်အဖို့အားဖြင့် ကြွသွားသော ရောင်ခြည်တော်တို့သည် ဤမဟာပထဝီ မြေကြီးနှစ်လွှာကို စွဲငြိကြလေကုန်၏၊ ထိုအခါ နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီးသည် ရွှေသား၊ ငွေသား၊ ပတ္တမြားတူညီ၊ ဝဇီရာစိန်၊ ကြွန္တနီလာ၊ အစိုင် အခဲကြီးများကဲ့သို့ဖြစ်၍ ပြိုးပြိုးပြက် ထွန်းလင်းလေ၏၊ ထိုမှတစ်ဖန် မြေကြီးကိုဖောက်၍ အောက်ရေအပြင်ကို စွဲငြိလေ၏၊ ထိုအခါ ကမ္ဘာကို ခံသော လေးသိန်းရှစ်သောင်း အထုရှိသောရေသည် နီ၊ ဖြူ၊ စိမ်း၊ ပြာ၊ ရွှေဝါတောက်ပြောင် အရောင်အမျိုးမျိုးရှိသော ရတနာရေအစိုင်ကြီး ဖြစ်လေ၏၊ ထိုမှတစ်ဖန် ရေကိုဖောက်ထွင်း၍ အောက်လေအပြင်ကို စွဲငြိလေကုန်၏၊ ထိုအခါ ကမ္ဘာကို ခံသော ကိုးသိန်းခြောက်သောင်း အထုရှိသော လေပြင်ကြီးသည် တစ်ခဲနက် ရတနာအတိပြီးသော လေစိုင်၊ လေထုကြီးသာဖြစ်လေ၏၊ ထိုမှတစ်ဖန် လေအပြင်ကို ဖောက်ထွင်း၍ အောက်အဇဋာကာသ အနန္တကောင်းကင်ပြင်ကြီးသို့ ပြေးဝင်ကြလေကုန်၏၊ ထိုအခါ အောက်အဇဋာကာသ ကောင်းကင်ကြီး တပြင်လုံးသည်

www.dhammaransi.com



အရောင်မျိုးစုံရှိသော မီးရှူး, မီးပန်းတို့ကို အနှံ့အပြား ထွန်းညှိ၍ထားဘိသကဲ့သို့ဖြစ်လေ၏၊ အလင်းနှင့် မဆက်ဆံဖူးသော ထိုအောက်ကောင်းကင်ကြီးအတွင်းမှာ အရောင်အလင်းကြီး ဖြစ်ပေါ်လေ၏။

**အထက်တစ်ခွင်-ပျံ့နှံ့ဝင်။** ။အထက်အဖို့အားဖြင့် ပျံတက်ကြ လေကုန်သော ရောင်ခြည်တော်တို့သည် မြေကြီးနှင့် နတ်ပြည်, ဗြဟ္မာပြည်အကြားတွင်တည်ရှိသော ကောင်းကင်အပြင်ကို စွဲငြိ၍ စတုမဟာရာဇ်ဘုံမှစ၍ နေဝသညာနာသညာယတနဘုံတိုင်အောင် အဆင့်ဆင့်တက်ကြွပျံ့နှံ့၍ စွဲငြိလေကုန်၏၊ ထိုမှတစ်ဖန် အထက်ဖြစ်သော အဇဋာကာသကောင်းကင် ကြီးကို ပျံ့နှံ့၍တက်လေကုန်၏၊ ဖီလာအားဖြင့်မူကား အနန္တအဆုံးမရှိသော စကြဝဠာတိုက်တို့သို့ ဤဇမ္ဗူဒီပါကျွန်းကို မဏ္ဍိုင်ပြု၍ အဝန်းအဝိုင်းအားဖြင့် အတိုင်းမသိ ပျံ့နှံ့ကြလေကုန်၏၊ မှောင်မိုက်သော ညဥ့်အခါနေရာတစ်ခုကတည်၍ ဓာတ်မီးအလင်းကို ထွန်းညှိလိုက်လျှင် အရပ်ဆယ်မျက်နှာသို့ ပျံ့နှံ့၍ လင်းဘိသကဲ့သို့ မြတ်စွာဘုရားတည်းဟူသော ရွှေတန်ဆောင်တိုင်ကြီးမှ ထွက်ကွန့်သော ရောင်ခြည်တော်တို့သည် အရပ်ဆယ်မျက်နှာစကြဝဠာအနန္တသို့တိုင်အောင် ပျံ့နှံ့ကြလေကုန်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် လောက၏ တန်ဆောင်တိုင်ကြီး ဓာတ်မီးသဖွယ်ဖြစ်တော်မူ၏၊ နေ, လ, အသချေတို့ထက်လွန်ကဲသော နေမင်း, လမင်းကြီးဖြစ်တော်မူ၏၊ ကိုယ်တော်ရောင်အလင်း, ဉာဏ်တော် ရောင်အလင်းကို ပေးတော်မူတတ်သော အလင်းမဏ္ဍိုင်ကြီးလည်းဖြစ်တော်မူပေ၏၊ မြတ်စွာဘုရား၏ ရောင်ခြည်တော်ပျံ့နှံ့ရာဌာန ဟူသမျှတို့မှာ နေ, လ, နက္ခတ်, တာရာတို့၏ အရောင်အဝါတို့သည် ရောင်ခြည်တော်ကိုလွှမ်း၍ ထွန်းလင်းခြင်းငှါ မတတ်နိုင်ကြကုန်၊ နတ်တို့၏ ကိုယ်ရောင်, တန်ဆာရောင်, ဗိမာန်ရောင်, ရေကန်, ဥယျာဉ်, ပဒေသာပင်တို့၏ အရောင်တို့သည်လည်း မထွန်းကားနိုင်ကုန်၊ မြေ၌တည်သော ရတနာ, ရေ၌တည်သောရတနာ, ကောင်းကင်၌ တည်သောရတနာတို့၏ အရောင်တို့သည်လည်း ထွန်းပြောင်ထိန်လင်းခြင်းငှါ မတတ်နိုင်ကြကုန်၊ စကြဝဠာကုဋေ တစ်သိန်းကို မိမိကိုယ်တော်ရောင်ဖြင့် ထွန်းပြောင် ထိန်လင်းစေနိုင်သော တိသဟဿီ မဟာသဟဿီ ဗြဟ္မာကြီး၏ ကိုယ်ရောင်ပင်သော်လည်း နေထွက်သောအခါ ပိုးစုန်းကြူး၏အရောင်ကဲ့သို့ ဖြစ်လေ၏၊ မြတ်စွာဘုရား၏ အနန္တရောင်ခြည်တော်သည် ဤမျှလောက်ကြီးကျယ်မြင့်မြတ်စွာ တောက်လောင်စေနိုင်သည်၊ မြတ်စွာဘုရား၏ ခြေတော်စုံမှထွက်သော ရောင်ခြည်တော်တည်းဟူသော ရေထဲ၌ အတိုင်းမသိသော

www.dhammaransi.com



ပြဟ္မာကြီးတို့၏ ဥသျှောင်မကိုဋ်တို့သည် မြတ်စွာဘုရား၏ ဘုန်းကျက်သရေ တည်းဟူသော သိရီလေတိုက်တိုင်း ခုန်စိုင်းမျောပါး၍ နေကြရကုန်၏။

နေမင်းအသွင်-ပမာယှဉ်

(က) အနန္တ လောကဓာတူသု၊ လောကေကုက္ကာဝ ဒိပ္ပတိ။
နာနာရံသိ နန္တာဘာယ၊ ဘိဘုယျသော မဟာရဝိ။

( ခ) ပါဒ ဒွန္တ နိက္ခန္တိသု၊ ရံသိ ဝါရီသု ဝုယှရေ။
ဇိနဿ သိရီဝါတေန၊ ပဟတာ ပြဟ္မမောဠိယော။

(က) မဟာရဝိ-ပြိုင်ဖက်မပြူ တစ်ဆူထိန်လင်း ရှင်နေမင်းကြီးဖြစ်တော်မူသော၊ သော-ထိုမြတ်စွာဘုရားသည်၊ အနန္တလောက ဓာတူသု-အဆုံးမရှိသော လောကဓာတ်တိုက်အပေါင်းတို့၌၊ နာနာရံသီ-နတ်, ပြဟ္မာရောင်, ရတနာရောင် စသောအရောင်မျိုးမျိုးကို၊ အနန္တာ ဘာယ-ကိုယ်တော်မြတ်၏ အနန္တရောင်ခြည်တော်ဖြင့်၊ အဘိဘုယျ-နှိပ်စက်လွှမ်းမိုးတော်မူ၍၊ လောကေကုက္ကာဝ-လောက အတွင်း တုကင်းဖက်ပြိုင် ဓာတ်မီးတိုင်ကြီးကဲ့သို့၊ ဒိပ္ပတိ-ထွန်းလင်းတောက်ပ တော်မူ၏။

(ခ) ဇိနဿ-မြတ်စွာဘုရား၏၊ သိရီဝါတေန-ဘုန်းကျက်သရေ တည်းဟူသော လေမုန်တိုင်းဖြင့်၊ ပဟတာ-တိုက်ခပ်အပ်ကုန်သည်ဖြစ်၍၊ ပြဟ္မ မောဠိယော-ပြဟ္မာမင်းကြီးတို့၏ မကိုဋ်ဥသျှောင်တို့သည်၊ ပါဒ ဒွန္တနိက္ခန္တိသု-ခြေတော်အစုံမှ ထွက်ကြွလေကုန်သော၊ ရံသိဝါရီသု-ရောင်ခြည်တော်တည်းဟူသော ရေယဉ်ကြီးတို့၌၊ ဝုယှရေ-နစ်မျော၍ နေကြလေကုန်၏။

ပြဆိုအပ်ကုန်ပြီးသော ရောင်ခြည်တော်တို့သည် အဆုံးအစမရှိသော အနန္တစကြဝဠာတိုက်တို့သို့ ကာလအဆုံးအစမရှိအောင် ကြွမြန်းထွန်းလင်း တော်မူကြကုန်၏၊ ယခုအခါလည်း ပျံ့နှံ့ထွန်းပဆဲ, နောင်အခါကာလတို့တိုင် အောင်ပင်သော်လည်း ထိုရောင်ခြည်တော်တို့သည် ထွန်းတောက်ပကြကုန်လတ္တံ့၊ ဤသို့အဆုံးအစမရှိအောင် ထွန်းလင်းသော ရောင်ခြည်တော်ကို အနန္တပ္ပဘာ ရောင်ခြည်တော်ဆိုသည်။

ဘုရားရှင်မြတ်၊ ဦးခေါင်းဓာတ်၌၊ ပေါင်းလတ်စုဝေး။
ရောင်ခြည်သွေး၊ မှတ်ရေး ကေတုမာလ်-

www.dhammaransi.com



၅။ **ကေတုမာလာ** ရောင်လျှံ**တော်**ဆိုသည်ကား-ကိုယ်တော်မြတ်၏ ဦးခေါင်းတော်အထက်၌ စုဝေး၍နေသော ရောင်ခြည်တော်ကို ဆိုသည်၊ မြတ်စွာဘုရား၏ ဆံတော်တို့သည် အထက်သို့အဖျားမော်လျက် လက်ျာရစ်လည်၍ ပေါက်ကြကုန်၏၊ အနော်မာသောင်စွယ်တွင် ဆံတော်ကိုပယ်တော်မူသောအခါ လက်နှစ်သစ်မျှကျန်ရှိသော ဆံတော်တို့သည် အထက်သို့လက်ျာရစ်လည်ပြီးလျှင် ဦးခေါင်းတော် ဗဟိုတည့်တည့်၌ စုံ့စုံ့ချွန်ကာ စုဝေး၍တည်ကြကုန်၏၊ ဆံတော်စေတီကဲ့သို့ ဖြစ်၍နေသည်၊ ထိုဆံတော်အစုမှထွက်သော နီလရောင်ခြည်တော်တို့သည် ထိုဆံတော်စေတီကို ဝန်းရံစုဝေးပြီးလျှင် နီလာစေတီ, မြစေတီကဲ့သို့ တည်ကြကုန်၏၊ ဆံတော်မှတစ်ပါး ဦးခေါင်းတော်အစိပ်အစိပ်တို့မှ ထွက်ကြကုန်သော ရောင်ခြည်တော်ခြောက်သွယ်တို့သည်လည်း ထိုနီလာ စေတီ, မြစေတီကဲ့သို့သော ရောင်ခြည်တော်အစုကို ဝန်းရံကြကုန်ပြီးလျှင် ရွှေစေတီ, ပတ္တမြားစေတီ, စိန်စေတီတို့ကဲ့သို့ စုဝေးထွတ်ချွန်၍ တည်ကြကုန်၏၊ ထိုရောင်ခြည်တော်ကို ကေတုမာလာ ရောင်လျှံတော်ဆိုသည်။

**[ရောင်ခြည်တော် မကိုဋ်ပန်းဟူ၍ အစိပ္ပါယ်ဆိုလိုသည်၊ ရောင်ခြည်တော် မကိုဋ်ပန်း ဟုဆိုအပ်သော ကေတုမာလာရောင်လျှံတော်သည်လည်း ကိုယ်တော်မြတ်၏ ဦးခေါင်းတော်၌ ဘုရားကျက်သရေကိုဆောင်လျက် အစဉ်မပြတ် တည်နေတော်မူသည်။]**

## ရတနာစေတီ-မကိုဋ်ပန်းကုံးချီ

နာနာ ရတနထူပါဝ၊ သီသောပရိ ဘိသဋ္ဌိတာ။
သောဘန္တိ ကေတုမာလာ ဘာ၊ ပဘာမောဠိသုစာရိနော။

ပဘာမောဠိသုစာရိနော=ရောင်ခြည်တော်မကိုဋ်ကို ဆောင်းစိုက်တော်မူသော မြတ်စွာဘုရား၏၊ သီသောပရိ=ဦးခေါင်းတော် အထက်၌၊ အဘိသဋ္ဌိတာ= အထူးသဖြင့် စုဝေး၍တည်ကြကုန်သော၊ ကေတုမာလာဘာ=ကေတုမာလာ ရောင်လျှံတော်ဟုဆိုအပ်သော ရောင်ခြည်တော် မကိုဋ်ပန်းတို့သည်၊ နာနာ ရတနထူပါဝ=အမျိုးမျိုးသော ရတနာစေတီတို့ကဲ့သို့၊ သောဘန္တိ=တင့်တယ်တော်မူကြကုန်၏။

မျက်မှောင်တော်များ၊ နှစ်ဖက်ကြား၌၊ ပေါက်ပွါး ကွန့်မြူး၊
ထွက်မြူး ဖြူစင်၊ စိန်ကြယ်သွင်၊ ဆန်းလွင် ဥဏ္ဏာလုံ။

၆။ ဥဏ္ဏာပဘာ ဆိုသည်ကား ဥဏ္ဏာလုံ မွေးရှင်တော်မှထွက်သော

www.dhammaransi.com



ရောင်ခြည်တော် အထူးပေတည်း။

[ဥဏ္ဏာလုံ မွေးရှင်တော်အကြောင်းကို လက္ခဏာတော်ကြီး ၃၂-ပါးတွင် ထင်ရှားစွာ ပြဆိုခဲ့ပြီ။]

ထိုဥဏ္ဏာလုံ မွေးရှင်သည် ဖြူစင်သော အဆင်းရှိသည်ဖြစ်၍ ထိုမှထွက်သော ရောင်ခြည်တော်သည်လည်း စိန်သားကဲ့သို့ ဆွတ်ဆွတ်ဖြူစင် လေ၏။ မြတ်စွာဘုရား၏ မျက်နှာတော်ကို မော်၍ဖူးမြင်ကြသောအခါ ကောင်းကင်ပြင်မှာ သောက်ရှူးကြယ် ထင်ရှားဘိသကဲ့သို့ မျက်မှောင် တော်နှစ်ခုအကြား၌တည်သော ဥဏ္ဏာလုံမွေးရှင်၏ ရောင်ခြည်တော်ကို ရှုမြင်ကြကုန်၏။ ထိုရောင်ခြည်တော်ဖြင့် ဖူးမြော်ကြကုန်သော သူတို့၏စိတ်သည် တင်းတိမ်ရောင့်ရဲခြင်း မရှိနိုင်ပဲ စွဲလမ်းသော သဒ္ဓါတရားဖြင့် ကိုယ်တော်၏အပါးမှ ဖယ်ခွာ၍ မသွားနိုင်အောင် ရှိကြရကုန်၏။

## ရတနာစိန်သဖွယ် - သောကြာကြယ်

ဥဏ္ဏာ လောမိက နာထဿ၊ ဥဏ္ဏာယ ဘမုကန္တရေ။
ဝဇိရာဝိယ သောဘန္တိ၊ နိက္ခန္တိယော သုပဏ္ဍရာ။

ဥဏ္ဏာ လောမိက နာထဿ=ဥဏ္ဏာလုံ မွေးရှင်ရှိတော်မူသော မြတ်စွာဘုရား၏၊ ဘမုကန္တရေ=မျက်မှောင်တော် နှစ်ဖက်အကြား၌၊ သဥ္ဇာတာယ= ကောင်းစွာပေါက်ပွား၍နေသော၊ ဥဏ္ဏာယ=ဥဏ္ဏာလုံ မွေးရှင်တော်မြတ်မှ၊ နိက္ခန္တိယော=ကွန့်မြူးထွက်ကြွလေကုန်သော၊ သုပဏ္ဍရာ=ကောင်းစွာဖြူစင်သော ရောင်ခြည်တော်တို့သည်၊ ဝဇိရာ ဝိယ=စိန်၏သဖွယ် သောက်ရှူးကြယ်တို့ကဲ့သို့၊ သောဘန္တိ=ရှုမအားအောင် ဆန်းပြားတင့်တယ်ကြကုန်၏။

**ပုလဲစိန်တူ၊ စွယ်လေးဆူမှ၊ ထွက်ကြွ ရောင်ရှိန်၊**
**ထွန်းတောက်ချိန်၊ ဓာတ်အိမ် မီး, ပမာ။**

၇။ ဒါဌာပဘာ ဆိုသည်မှာ စွယ်တော်လေးဆူမှထွက်သော ရောင်ခြည် တော်ပေတည်း၊ ပုလဲ, စိန်နှင့်တူသော မြတ်စွာဘုရား၏ သွားတော်, စွယ်တော် များသည် ပတ္တမြားကြုတ်နှင့်တူသော နှုတ်ခမ်းဖြင့် လုံခြုံစွာဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့် အလွန်ကျစ်လစ်စွာရှိ၏၊ စွယ်တော်ကိုမြင်ရခဲ၏၊ တစ်ရံတစ်ခါ ရှေးအကြောင်း အတ္တုပ္ပတ္တိကိုဖော်၍ တရားထူးဟောတော်မူအံ့သောငှါ ညင်းညင်း ပြုံးရယ်တော်မူ၏၊ ထိုအခါ စဉ်းငယ်မျှ စွယ်တော်မြတ် ပေါ်သည်နှင့်တစ်ပြိုင်နက် ကောင်းကင်မှ လျှပ်ပြက်သကဲ့သို့လည်းကောင်း, တစ်မျက်နှာတွင်သာ မှန်ဘီလူး

www.dhammaransi.com



တပ်သော ခာတ်မီးအိမ်ကို ဖွင့်၍ဝင့်လိုက်သော ခာတ်မီးရောင်ကဲ့သို့လည်းကောင်း, ဖြူစင်သောရောင်ခြည်တော်တို့သည် ဘွားကနဲ, ဝင်းကနဲ ထွက်ကြလေကုန်၏။

**[ထိုစွယ်တော်ရောင်ကိုမြင်သဖြင့် အရှင်အာနန္ဒာသည် နေရာခင်း၍ ပြုံးတော်မူခြင်း၏အကြောင်းကို လျှောက်ထားမြဲ ဖြစ်လေသည်။]**

## လျှပ်ပန်းနွယ်-ဥက္ကာကြယ်

မန္ဒဟာသေန နာထဿ၊ ဒါဌာဟိ သေတရံသိယော။
ဝိဇ္ဇုမာလီဝ နိက္ခန္တိ၊ နဘေ ဥက္ကာဝ ဇောတရေ။

နာထဿ=မြတ်စွာဘုရား၏၊ မန္ဒဟာသေန=ညင်းညင်းသာသာ ပြုံးတော်မူခြင်းကြောင့်၊ ဒါဌာဟိ=စွယ်တော်လေးဆူတို့မှ၊ နိက္ခန္တိ=ကွန့်မြူးထွက်ကြွလေကုန်သော၊ သေတရံသိယော=ဖြူသောရောင်ခြည်တော်တို့သည်၊ နဘေ=ကောင်းကင်၌၊ ဝိဇ္ဇုမာလီဝ=လျှပ်ပန်း, လျှပ်နွယ်တို့ကဲ့သို့လည်းကောင်း၊ ဥက္ကာဝ=ပျံသန်းထွက်လာ ကြယ်ဥက္ကာတို့ကဲ့သို့လည်းကောင်း၊ ဇောတရေ=ထွန်းလင်း တောက်ပကြလေကုန်၏။

**[သွားတော်တို့မှ ထွက်သော ဒန္တပ္ပဘာကိုလည်း ဤဒါဌာပဘာ၌သာလျှင် သွင်း၍ရေတွက်အပ်၏။]**

ဤသို့လျှင် လက္ခဏာတော်ကြီး ၃၂-ပါး အသီတာနုဗျဥ္ဇနဟုဆိုအပ်သော လက္ခဏာတော်ရှစ်ဆယ်, အင်္ဂီရသရောင်ခြည်တော်, ဗျာမပ္ပဘာရောင်ခြည်တော်, အသီတိပ္ပဘာရောင်ခြည်တော်, အနန္တပ္ပဘာ ရောင်ခြည်တော်, ကေတုမာလာရောင်လျှံတော်, ဥဏ္ဏာလုံရောင်ခြည်တော်, စွယ်တော်ရောင်ခြည်တော် တည်းဟူသော ကျက်သရေဘုန်းတော်တို့ဖြင့် မြတ်စွာဘုရား၏ ကိုယ်တော်မြတ်ကြီးသည်ကျက်သရေ, အခဲအစိုင်, ကျက်သရေ မဏ္ဍိုင်ကြီးဖြစ်တော်မူ၍ နတ်, လူတို့၏မျက်စိအရသာကို ဆောင်လျက် ဖူးမြော်ကြရကုန်သော သတ္တဝါတို့၏ သဒ္ဓါတရားပြဋ္ဌာန်း သော ကုသိုလ်ပန်းတို့ကို ပွင့်လန်းတော်မူစေလျက် တင့်တယ်တော်မူ၏။

မြတ်စွာဘုရား ကိုယ်တော်မြတ် အလုံး၌ရှိသော ကျက်သရေတော်များကို မဆိုထားဘိ ခြေဖဝါးတော်အပြင်၌ အကန့်အကွက် အားဖြင့်ထင်သော စက်လက္ခဏာတော်ပေါင်း ၁၀၈-ကွက်တို့၏ ကျက်သရေတော်များကိုပင် အနန္တလောကဓာတ်၌ ရှိရှိသမျှသော ကျက်သရေအမျိုးမျိုးတို့နှင့် နှိုင်းပြိုင်၍ မတုပနိုင်သည်သာဖြစ်၏၊ လူ့ပြည် လောကတွင် အထွတ်တင်ထားရသော စကြဝတေးမင်း

www.dhammaransi.com



သည်လည်း မြတ်စွာဘုရား၏ ခြေဖဝါးတော်မြတ်၌ ခတ်ရိုက်ဘိသကဲ့သို့ ရုပ်ပုံထင်ရလေ၏၊ ဟိမဝန္တာ, မြင့်မိုရ် ထိုထိုနေ, လတို့နှင့်တကွ နက္ခတ်, တာရာကမ္ဘာလောကတို့သည်လည်း မြတ်စွာဘုရား၏ ခြေဖဝါးတော်၌ ရုပ်ပုံအားဖြင့် ထင်ရှားဖြစ်ပေါ်ရလေ၏၊ နတ်ပြည်, ဗြဟ္မာပြည်တို့သည် လည်း မြတ်စွာဘုရား၏ ခြေဖဝါးတော်မြတ်၌ ကပ်၍ထင်ပေါ်ရလေ၏၊ မြတ်စွာဘုရား၏ ခြေဖဝါးတော်အစုံသည် နတ်ပြည်, ဗြဟ္မာပြည်နှင့်တကွသော လောကကြီး၏ထင်ရာ ရတနာရုပ်စုံ ခတ်မှန်ကြီးသဖွယ်ဖြစ်၏၊ လောက၌ အမွန်အမြတ်ထား၍ သမုတ်အပ်သော နေ, လ, တာရာ, နတ်, ဗြဟ္မာနှင့် စကြာမင်းတို့၏ ရုပ်ပုံများသည် ခြေဖဝါးတော်၌ ထင်လာရခြင်းအားဖြင့် လောကသုံးဆိုင် ဘုံခရိုင်၌ တုပြိုင်ဝံ့သူ ဖက်မပြူပဲ တစ်ဆူတစ်ပါးတည်း အမြတ်ဆုံး၏အဖြစ်, တစ်လောကလုံး၏ ဦးခိုက်ဝပ်တွားကြရာ မဟာဝိသေသ ပုဂ္ဂလအစစ် ဖြစ်ကြီးဖြစ်ကြောင်းသည် ကောင်းစွာ ထင်ရှားပေ၏။

ထိုမြတ်စွာဘုရား၏ ခြေဖဝါးတော်မြတ်သည် ပတ္တမြားအပြင်ကဲ့သို့ တွေးတွေးနီမြန်း၏၊ ထိုဖဝါးတော်အပြင်၌ စကြာမင်းတို့၏ ပုံတောင်းရတနာစကြာသဏ္ဌာန်ကဲ့သို့ ရတနာခုနစ်ပါးရောင်ဖြင့် ပြောင်ပြောင်တောက်ပသောတစ်ထောင်သောအကန့်, ရွှေအဆင်းရှိသော စက်၏အနားကွပ်, ဣန္ဒနီလာမြသားအဆင်းရှိသော ပုံတောင်းနှင့်ပြည့်စုံသော စက်လက္ခဏာကြီးသည် ထင်ထင်ရှားရှား ဖြစ်ပေါ်တည်ရှိ၏။

**[ထိုမြင်တစ်ပါး-တစ်ရာ့ရှစ်ပါးသော လက္ခဏာအရေးအသားတို့လည်း ထင်ကုန်၏၊ ထိုတစ်ရာ့ရှစ်ကွက် စက်လက္ခဏာ အရေးအသားတို့ကို ဆိုလတ္တံ့သော အတိုင်း သိမှတ်ရာ၏]**

## တစ်ရာ့ရှစ်ကွက်-စက်လက္ခဏာ

၁- သတ္တိ-လှံမပုံ၊ ၂-သိရိဝစ္ဆ-ကျက်သရေတိုက်ပုံ၊ (အိမ်မွန်လည်းခေါ်၏) ၃-နန္ဒိယာဝဋ္ဋ-ဇလပ်ပွင့်ပုံ၊ ၄-သောဝတ္ထိက-လည်ရေးသုံးဆင့်ပုံ၊ ၅-ဝဋံသက-ဦးဆောက်ပန်းပွင့်ပုံ၊ ၆-ဝဓ္ဓမာန-ထမင်းပွဲပုံ၊ ၇-ဘဒ္ဒပီဌ- ရွှေအင်းပျဉ် ရွှေသလွန်ပုံ၊ ၈- အင်္ကုသ-ရွှေချွန်းတောင်းပုံ၊ ၉-ပါသာဒ- ရွှေပြာသာဒ်ပုံ၊ ၁၀-တောရဏ-ရွှေတုရိုက်တိုင်ပုံ၊ (မြို့တံခါးမုခ်၌ အဆန်းတကြယ် စိုက်ထားအပ်သောတိုင်ကို တုရိုက်တိုင် ခေါ်သည်။) ၁၁-သေတစ္ဆတ္တ-ထီးဖြူပုံ၊ ၁၂-ခဂ္ဂ-သန်လျက်ပုံ၊ ၁၃-တာလဝဏ္ဋ-ထန်းရွက်ယပ်ဝန်းပုံ၊ ၁၄- မယူရဟတ္ထ-ဥဒေါင်းမြီးစည်း ယပ်ပုံ၊ ၁၅-

www.dhammaransi.com



စာမရီ=သားမြီးယပ်ပုံ၊ ၁၆-ဥဏှီသ=ရွှေသင်းကျစ်ပုံ၊ ၁၇- ပတ္တ=မြသပိတ်ပုံ၊ ၁၈- မဏိ=ပတ္တမြားရတနာပုံ၊ ၁၉-သုမနဒါမ=မုလေးပန်းကုံးပုံ၊ ၂၀-နီလုပ္ပလ= ကြာညိုပန်းပုံ၊ ၂၁-ရတ္တုပ္ပလ=ကြာနီပန်းပုံ၊ ၂၂- သေတုပ္ပလ= ကြာဖြူပန်းပုံ၊ ၂၃-ပဒုမ= ပဒုမ္မာကြာနီပန်းပုံ၊ ၂၄-ပုဏ္ဍရိက=ပုဏ္ဍရိက်ကြာပန်းပုံ၊ (ကြာမျိုးငါးပါးတည်း။) ၂၅-ပုဏ္ဏ ဃဋ=ရေပြည့်အိုးပုံ၊ ၂၆-ပုဏ္ဏပါတိ=ရေပြည့်ဖလားပုံ၊ ၂၇-သမုဒ္ဒ= သမုဒ္ဒရာလေးစင်းပုံ၊ ၂၈-စက္ကဝါဠ=စကြဝဠာတောင်ပုံ၊ ၂၉-မေရု= မြင့်မိုရ်တောင်ပုံ၊ ၃၀- သူရိယ မဏ္ဍလ=နေစက်ဝန်းပုံ၊ ၃၁- စန္ဒ မဏ္ဍလ=လစက်ဝန်းပုံ၊ ၃၂- နက္ခတ္တ= နက္ခတ် (၂၇) လုံးပုံ၊ (၃၃-၃၄-၃၅-၃၆) စတုမဟာဒီပ=အခြံအရံနှင့် တကွသော ကျွန်းကြီးလေးကျွန်းပုံ၊ (ကျွန်းကြီး လေးကျွန်းကို အသီးအသီးယူ) ၃၇-စက္ကဝတ္တိ= ရတနာ ၇-ပါးနှင့်တကွသော စကြဝတေး မင်းရုပ်ပုံ၊ ၃၈- ဒက္ခိဏာ ဝဋ္ဋသင်္ခ= လက်ျာရစ်ခရုသင်းပုံ၊ ၃၉- သုဝဏ္ဏ မစ္ဆ ယုဂလ=ရွှေငါးကြင်းအစုံရုပ်ပုံ၊ ၄၀- စက္ကာဝုဓ=လက်နက်စကြာပုံ၊ သတ္တ မဟာဂင်္ဂါ=သီဒါမြစ်ကြီး ၇-စင်းပုံ၊ သတ္တကူလ ပဗ္ဗတ=သတ္တရဘန် တောင်စဉ် ၇-ထပ်ပုံ၊ သတ္တ မဟာသရ=အနော်တတ် စသော အိုင်ကြီး ၇-အိုင်ပုံ။

**(ဤ၌ ၇-ခု ၃-လီ ၂၁-ဖြစ်၍ ယခင် ၄၀-နှင့်ပေါင်းလျှင် ၆၁-ဖြစ်၏။)**

၆၂- သုပဏ္ဏ ရာဇ=ဂဠုန်ငှက်မင်းပုံ၊ ၆၃- သံသုမာရ= မိကျောင်း မင်းပုံ၊ ၆၄- ဓဇ ပဋာက=တံခွန်, ကုက္ကား, မုလေးပွါးပုံ၊ ၆၅-သုဝဏ္ဏ သိဝိကာ= ရွှေသံလျင်းပုံ၊ ၆၆- သုဝဏ္ဏဝါဠဗီဇနီ=ရွှေဖြင့်ပြီးသော သားမြီးယပ်ပုံ၊ ၆၇- ကေလာသ ပဗ္ဗတ=ကေလာသငွေတောင်ကြီးပုံ၊ ၆၈-သီဟရာဇ=ကေသရီ ခြင်္သေ့ မင်းပုံ၊ ၆၉- ဗျဂ္ဃရာဇ=ကျားမင်းပုံ၊ ၇၀-ဝလာဟက အဿရာဇ=ဝလာဟကမြင်းပျံပုံ၊ ၇၁- ဥပေါသထ ဆဒ္ဒန္တ နာဂရာဇ=ဥပေါသထဆင်မင်းပုံ၊ ၇၂- ဝါသုကီ နာဂရာဇ= ဝါသုကီ နဂါးမင်းပုံ၊ ၇၃- ဟံသရာဇ=ရွှေဟင်္သာမင်းပုံ၊ ၇၄- ဥသဘ ရာဇ=နွားလား ဥသဘပုံ၊ ၇၅-ဧရာဝဏ=ဦးခေါင်း၊ ၃၃-လုံးရှိသော ဧရာဝဏ်ဆင်မင်း, ဆဒ္ဒန်ဆင်မင်းပုံ၊ ၇၆-သုဝဏ္ဏ မကရ=ရွှေမကန်းရုပ်ပုံ၊ ၇၇-စတုမုခ=မျက်နှာ လေးမျိုးပုံ၊ (လေးကျွန်းသားတို့၏ မျက်နှာလေးမျိုးပုံ ဆိုလိုသည်၊ တစ်နည်းအားဖြင့် စတုရာနန=ဗြဟ္မာဟူ၍ အဘိဓာန်တို့၌ ဗြဟ္မာ၏ပရိယာယ်ကိုပြရာတွင် ဗြဟ္မာသည် မျက်နှာလေးခုရှိ၏ဆိုသဖြင့် ၁၀၈-ကွက် စက်လက္ခဏာတွင်ပါရှိသော မျက်နှာလေးပါးသည် ဗြဟ္မာမင်း၏ ဦးခေါင်းပုံဟူ၍လည်း ဆရာတို့ဆိုကြကုန်၏။) ၇၈- သုဝဏ္ဏ နာဝါ= ရွှေလှေယဉ်ပုံ၊ ၇၉- သဝစ္ဆရဓေနု=သားငယ်နှင့် တကွသော နွားမပုံ၊ ၈၀- ကိံ ပုရိသ=ကိန္နရာဖိုရုပ်ပုံ၊ ၈၁- ကိံ ပုရိသီ=ကိန္နရီမ ရုပ်ပုံ၊ ၈၂- ကရဝိက=

www.dhammaransi.com



ကရဝိက်ငှက်မင်းပုံ၊ ၈၃- မယူရ ရာဇ=ဒွေဥဒေါင်းမင်းပုံ၊ ၈၄- ကောဥ္စရာဇ=ကြိုးကြာငှက်မင်းပုံ။ ၈၅-စက္ကဝက္ကရာဇ၊ စက္ကဝက်ငှက်မင်းပုံ၊ ၈၆-ဇီဝ ဇီဝကရာဇ=ဇီဝဇိုးငှက်မင်းပုံ၊ ဆ ဒေဝလောက=နတ်ပြည်ခြောက်ထပ်ပုံ၊ သောဠသ ရူပဗြဟ္မာလောက=ရူပဗြဟ္မာတစ်ဆယ့်ခြောက်ရပ်ပုံ။

[ယခင် ၈၆-နှင့် နတ်ပြည်ခြောက်ထပ်ပုံ၊ ရူပဗြဟ္မာ ၁၆-ရပ်ပုံကိုပေါင်းလျှင် ၁၀၈-ဖြစ်၏။]

ဤတရာ့ရှစ်ကွက် စက်လက္ခဏာတို့ကို သိမ်းကျုံး၍ ကဗျာတတ် အကျော်အရှင်မဟာရဋ္ဌသာရ ဆရာတော်သည် အောက်၌ပါသော လင်္ကာကို ရေးသားတော်မူလေသည်။

အတိုင်းမသိ၊ ကျေးဇူးရှိသည်၊ မုနိသကျ၊ ဂေါတမ၏၊ ပါဒမြတ်ကျော်၊ ဖဝါးတော်၌၊ ထွန်းပေါ်ကျစ်လစ်၊ တစ်ရာ့ရှစ်ကို၊ စင်စစ်ကောင်းထွေ၊ လှည့်လည်ရေအံ့၊ ချီထွေအစ၊ လှံ၊ မ-အိမ်မွန်၊ မကျန်ပွင့်ချပ်၊ ဇလပ်ပျံ့မွှေး၊ လည်ရေးသုံးဆင့်၊ လှ၊ တင့်၊ သွန်းသွန်း၊ ဦးဆောက်ပန်းက၊ စသည်မတွဲ၊ ထမင်းပွဲတည်ဟန်၊ ရွှေသလွန်ချွန်းတောင်း၊ ရောင်မောင်းပြာသာဒ်၊ အထွတ်မြင့်ခိုင်၊ တံခါးတိုင်နှင့်၊ အပြိုင်ထီးဖြူ၊ အတူသန်လျက်၊ ထန်းရွက်ယပ်ဝန်း၊ တစ်ခန်းတစ်ကြောင်း၊ ဥဒေါင်းမြီးယပ်၊ သင်းကျပ်တစ်ခြား၊ ပတ္တမြားရောင်ဖိတ်၊ သပိတ်,ပန်းဆိုင်း၊ တုနှိုင်းမရ၊ ပွင့်လှ ထွားထွား၊ ငါးပါးကြာမျိုး၊ ရေအိုးဖလား၊ ထူးခြားသမုဒြာ၊ စက္ကဝါမြင့်မိုရ်၊ ထိုထိုနေ,လ၊ နက္ခတ်စသား၊ ဒေသလေးခု၊ ဇမ္ဗူဒီပါ၊ ပြုဗ္ဗာ, ဥတ္တရ၊ အပရဂေါယာ။ တစ်လီအံ့ဖွယ်၊ ကျွန်းငယ်နှစ်ထောင်၊ ဘုန်းခေါင် လျှံဝင်း၊ စကြာမင်းနှင့်၊ ခရုသင်းဖြူဆွတ်၊ ငါးကြင်းပွတ်စကြာ၊ သီဒါ ၇-တန်၊ သတ္တရတ္တန်၊ တောင်စဉ်ခုနစ်ထပ်၊ ကြပ်ကြပ်မြင့်ခိုင်၊ ၇-အိုင် တစ်သုန်၊ ဂဠုန်တစ်ကြောင်း၊ မိကျောင်းရေသား၊ ကုက္ကား, တံခွန်၊ မင်းတန် သန်လျှင်း၊ မကြွင်းတသီး၊ သားမြီးကေသာ၊ ကေလာသဘာ၊ သီဟ ကျားမင်း၊ ဆင်မင်းမြတ်စွာ၊ ဥပေါသထာ, ယာဉ်မွန်၊ ဆဒ္ဒန်တစ်ခြား၊ နဂါး, ဝမ်းပဲ၊ မကွဲတူကွ၊ ဥသဘ မကျန်၊ ရောဝဏ်မကန်း၊ ထူးဆန်းအံ့ဖွယ်၊ တင့်တယ်လှထွေ၊ ရွှေလှေလျှံဝါ၊ မျက်နှာလေးပါး၊ နွား သားမိစစ်၊ အဖြစ်များစွာ၊ ကိန္နရာ, ကိန္နရီ တူပြီ ကရဝိက်၊ ထိတ်ထိတ်သံညောင်း၊ ဥဒေါင်း ကြိုးကြာ၊ သံသာစက္ကဝက်၊ ငှက်၏အမျိုး၊ ဇီဝဇိုးအစုံ။ ခြောက်ဘုံ နတ်ရွာ၊ ဆ, ကာမာနှင့်၊ ဗြဟ္မာထက်ရပ်၊ ဆယ့်ခြောက်

www.dhammaransi.com



ထပ်က၊ စေ့စပ် မကြွင်း၊ ခပင်းများစွာ၊ ရံ-ခ, ကာနှင့်၊ စကြာခြေမွန်၊ တင့်စဟန်ကို၊ ထက်စွန်မိုးဖျား၊ သိကြား,ပြဟ္မာ၊ ရေးထု လာလည်း၊ ဘယ်မှာတူမျှ၊ အတုရခြိမ့်၊ အသမ သမာ၊ သုံးလူ့ချာ၏၊ ရတနာ ထိန်ဝင်း၊ နီလင်းစင်သန့်၊ အကန့် တစ်ထောင်၊ ရွှေရောင် ခြယ်ကာ၊ သန္တာအကွပ်၊ ထိန်လျှပ် မြကောင်း၊ ပုံတောင်း ပြိုးပြက်၊ ခြေတော် စက်ကို၊ စုံမက် မြတ်နိုး၊ ရှိလျှင်ခိုးသည်။ ။ ကောင်းကျိုးလျှင်ဆော ပြည့်စေသော်။

**ဖူးလို့မဝနိုင်-ကျက်သရေစိုင်။** ။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး သဏ္ဌာန်တော် တစ်ခုလုံးသည် ရှုမဆုံး, မြင်မဆုံး, သတ္တဝါအားလုံးတို့ ဖူးမျှော်၍ မဝနိုင်အောင် ကျက်သရေတုံး, ကျက်သရေစိုင်ကြီးဖြစ်၍နေ၏၊ အောက်ခြေဖဝါးအပြင်မှ ကေတုမာလာ ရောင်လျှံတော်တိုင်အောင် အထက်ရောင် လျှံမဏိတော်မှ အောက်ခြေဖဝါးတော် အပြင်တိုင်အောင် ကိုယ်တော်မြတ် တစ်ခုလုံး၌ သတ္တဝါတို့၏ မျက်စိအရသာကို ဆောင်ပြီးလျှင် ကြည်ညိုခြင်း သဒ္ဓါပန်းကို လန်းလန်းတင့်တင့် ပွင့်စေတတ် ကုန်သော မြင့်မြတ်လက္ခဏာ မင်္ဂလာကျက်သရေတော်များကို သုဒ္ဓါဝါသပြဟ္မာ ပေါင်း အသင်္ချေတို့သည် ဘုန်းကျက်သရေတော်ဘွဲ့ဂါထာတို့ဖြင့် သီဆိုကျူးရင့် ကြသော်လည်း ထိုပြဟ္မာကြီးတို့သည် အသက်တမ်းကုန်ဆုံး၍ စုတေကုန်ရာ၏။

**ကျက်သရေဘုန်းဟုန်-ချီးကျူးမကုန်။** ။ ကျက်သရေတော် ဘုန်းဟုန်များ ကို အကုန်ချီးကျူးခြင်းငှါ မစွမ်း နိုင်ကုန်ရာ၊ ဤတစ်သောင်းသော လောကဓာတ်၌ ဘုန်းတန်ခိုးကြီးသော လူ, နတ်, ပြဟ္မာသတ္တဝါတို့လည်း ရှိကြကုန်၏၊ ကျက်သရေမင်္ဂလာရှိသည်ဟူ၍ သမုတ်ပညတ်အပ်ကုန်သော နီလာ, မြသား, ပတ္တမြား, စိန်ကျောက်စသော ရတနာ အမျိုးမျိုးသည်လည်း ရှိကြကုန်၏၊ လှပတင့်တယ်၍ ကျက်သရေမင်္ဂလာရှိသည်ဟု သမုတ်အပ် ကုန်သော မဥ္ဇူသကပန်း, ကက္ကရုပန်း, မန္ဒာဝရပန်းစသော ပန်းအမျိုး မျိုးတို့လည်း ရှိကြကုန်၏၊ ထိုသို့လောက၌ ရှိရှိသမျှသော ကျက်သရေတို့ကို တစ်ပုံတစ်စုတည်း ပုံစု၍ မြတ်စွာဘုရား ကိုယ်တော်၌ရှိသော ကျက်သရေတော်ကို နှိုင်းခိုင်းပုံပြုသည်ရှိသော် မြင့်မိုရ်တောင်နှင့် မုန်ညင်းစေ့ကို ပမာဏပြုသကဲ့သို့ မြတ်စွာဘုရား၏ ကျက်သရေတော်ကို မတုပနိုင်ကြချေ၊ ကျက်သရေမင်္ဂလာဖြင့် တင့်တယ်၍ ထွန်းလင်းတောက်ပသော ကိုယ်ရောင်နှင့် ပြည့်စုံသော နတ်,

www.dhammaransi.com



ဖြဟ္မာအပေါင်းတို့သည် မြတ်စွာဘုရား၏ ထံပါးသို့ ခစားခိုလှုံကြသည်ရှိသော် နေမင်းထွက်ပေါ်သော နေ့အခါတွင် ကြယ်တာရာရောင် မထွန်းပြောင်နိုင်ဘိ သကဲ့သို့ ရှိကြလေကုန်၏၊ မိမိအရုပ်အဆင်း တင့်တယ်ခြင်းအားဖြင့် မာန်ယစ်၍ နေကြကုန်သော သူတို့သည် မြတ်စွာဘုရား၏ ထံတော်မှောက်သို့ အဖူးအမြော် ရောက်ကြသောအခါ ထိုမာန်ယစ်ခြင်းမှ ပြယ်ပျောက်ကြရလေကုန်၏၊ ခေမာ ထေရီဝတ္ထု၊ ဇနပဒကလျာဏီဝတ္ထုတို့ကို ထောက်လေ။

## ရူပကာယတင့်တယ်ပုံ- ဖူးမြှော်လို့ အားမရတုံ

ရွှေအတိပြီးသော တုရိုဏ်တိုင်ကြီးမှာ ရတနာအမျိုးမျိုး အမွှမ်း တင်ပြီးလျှင် ဆင်ယင်၍ထားဘိသကဲ့သို့ ရွှေအဆင်းကဲ့သို့ အဆင်း ရှိသော မြတ်စွာဘုရား၏ ရူပကာယတော်ကြီးမှာ လက္ခဏာကြီး, လက္ခဏာငယ် အသွယ်သွယ်သော ရောင် ခြည်တို့ဖြင့် တန်ဆာဆင်အပ်သည်ဖြစ်၍ ကျက်သရေအတိပြည့်၍နေသော ကြောင့် မြတ်စွာဘုရား၏ ရူပကာယကို ဖူးမြင်ကြရသောအခါ မျက်စိအရသာ ရှိလှသဖြင့် မည်သူအားမျှ တစ်ပါးသို့ မျက်နှာလွှဲ၍ မရနိုင်ကြကုန်၊ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ကျက်သရေကို မြင်ဖူးကြရကုန်သော သူတို့သည် မြတ်စွာဘုရား ကိုယ်တော်မှတစ်ပါး ကျက်သရေရှိသော ဝတ္ထုဟူ၍ တစ်စုံတစ်ခုမျှ မတွေ့နိုင်ပဲ ရှိနေကြကုန်၏။

## တောသားတိရစ္ဆာန်ပင်၊ အဆင်းတော်၌- စွဲလမ်းခင်မင်

ပစ္စန္တရာဇ်တိုင်း၌ အလွန်ရိုင်းသောလူများနှင့် တောသားတိရစ္ဆာန်တို့ပင် ဖြစ်စေကာမူ မြတ်စွာဘုရား၏ အဆင်းတော် ကျက်သရေကို တွေ့မြင်လျှင် မျက်စိ အရသာရှိလှသဖြင့် အခြားအာရုံကို ဂရုမစိုက်နိုင်ပဲ မြတ်စွာဘုရား ကိုယ်တော်၏ အာရုံထဲ၌သာလျှင် စွဲလမ်းစူးစိုက်၍ နေကြကုန်၏၊ အစာမွတ်သိပ်သဖြင့် သား ကောင်ကိုလိုက်၍နေသော ကျားသည် မြတ်စွာဘုရားကိုမြင်လျှင် အစာဖြစ်သော သားကောင်ကို သတိမရနိုင်ပဲ တန့်ရပ်၍သာလျှင် မြတ်စွာဘုရား၏ ကျက်သရေကို ကြည့်ရှုငေးမှိုင်ရလေ၏၊ ကျားလိုက်သဖြင့် ပြေး၍နေသော သားသမင်သည်လည်း မြတ်စွာဘုရားကိုမြင်လျှင် ကျားတည်းဟူသော ဘေးရန်ကိုအမှတ်မရနိုင်ပဲ ပြေး သောခြေ,လက်တို့ကိုတန့်၍ မြတ်စွာဘုရားကိုသာ ရှုမြော်ငေးကြည့်လျက်သာ နေလေ၏။

**မိဂပက္ခီနမ္ပိ စက္ခုနိ ပိဏ္ဍယတိ၊ ပင္ဂေဝ ဒေဝမနုဿာနံ၊**

**(သီလက္ခန်အဋ္ဌကထာ)**

**မိခ်ရောဝတိ**

www.dhammaransi.com



ဗုဒ္ဓသရီရံ=မြတ်စွာဘုရား၏ကိုယ်တော်မြတ်သည်၊ မိဂပက္ခီနံ=သားငှက်တို့၏၊ စက္ခုနိပီ=မျက်စိတို့ကိုလည်း၊ ပိဏယတိ=နှစ်သက်စေနိုင်၏၊ ဒေဝမနုဿာနံ=နတ်လူတို့၏၊ စက္ခုနိ=မျက်စိတို့ကိုမူကား၊ ပဂေဝ ပိဏယတိ=အဘယ်မှာ မနှစ်သိမ့်စေနိုင်ပဲ ရှိပါအံ့နည်း။

မြတ်စွာဘုရားကို ငြိုးထားရန်ဖက်ပြု၍ နေကြကုန်သော တိတ္ထိတို့ ပင်ဖြစ်စေကာမူ ဘုရားကိုမြင်ရသောအခါ သဒ္ဓါတရားကို မဖြစ်ပွားစေနိုင်သော်လည်း တင့်တယ်သော အသရေတော်က ဆွဲသဖြင့် မကြည့်ရှုပဲ မနေနိုင်ကြလေကုန်၊ သို့ရာတွင် မစ္ဆေရကြီးမားကြကုန်သဖြင့် မိမိတို့ထက်သာလွန်သော ဘုရားအသရေတော်ကို ဝန်တိုကြလေကုန်၏။

**[ဤအရာ၌ မြတ်စွာဘုရား၏ ရူပကာယ ကျက်သရေတော်ကို ကြည်ညိုလွန်းအား ကြီးစွာနှင့် ဘုရား၏ထံပါးမှ ခွဲခွါ၍မသွားနိုင်ပုံကို ဝက္ကလိဖြင့် အမြွက်မျှ ပြဆိုသင့်၏။]**

## ဝက္ကလိဝတ္ထု-သာဓကပြု

ဘုန်းတော်ကြီးသော မြတ်စွာဘုရား သက်တော်ထင်ရှားရှိ တော်မူစဉ်အခါ သာဝတ္ထိပြည်၌ ဝက္ကလိမည်သော ပုဏ္ဏားလုလင်ပျို တစ်ယောက်ရှိလေသတတ်၊ တစ်နေ့သောအခါ မြတ်စွာဘုရားသည် ရဟန်းသံဃာအပေါင်းခြံရံလျက် မြတ်စွာဘုရား၏ ကျက်သရေကိုဆောင်၍ သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံကြွဝင်တော်မူလာ၏။

**[ဘုရားကျက်သရေတော်ဖြင့် ဆွမ်းခံကြွတော်မူပုံကို သီလက္ခန်အဋ္ဌကထာ၌ လာသောအတိုင်း ဖော်ပြဦးအံ့။]**

**ဆွမ်းခံလေးမျိုး-ကြွချီရိုး။** ။ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဆွမ်းခံချိန်တန်သောအခါ သင်္ကန်း, သပိတ်ကို ပြင်တော်မူ၍ တစ်ရံတစ်ခါ တစ်ပါးတည်းကြွတော်မူ၏၊ တစ်ရံတစ်ခါ သံဃာအပေါင်းခြံရံလျက် ကြွတော်မူ၏၊ တစ်ရံတစ်ခါ တန်ခိုးအဘိညာဉ်ကို မစီရင်ပဲ ပကတိကိုယ်တော်အတိုင်း ကြွတော်မူ၏၊ တစ်ရံတစ်ခါ တန်ခိုးပြာဋိဟာဖြင့် ကြွတော်မူ၏။

တန်ခိုးပြာဋိဟာဖြင့် ကြွတော်မူပုံကား--ဆွမ်းခံကြွတော်မူသော မြတ်စွာဘုရား၏ ရှေ့တော်မှ ညင်းညင်းတိုက်ခတ်သော လေပြေတို့သည် မြေအပြင်ကို သုတ်သင်သောအားဖြင့် တံမြက်လှည်းကြကုန်၏၊ မိုးနတ်သားတို့သည် မိုးသေး,

www.dhammaransi.com



မိုးဖွဲတို့ကို ညင်းညင်းဆွတ်ဖျန်း၍ မြူမှုန့်တို့ကို သိပ်စေကုန်၏၊ အဆင်းအမျိုးမျိုးရှိသော မိုးတိမ်တို့သည် မြတ်စွာဘုရားကြွတော်မူရာသို့ ဗိတာန်မျက်နှာကြက်ကဲ့သို့ ဖြန့်မိုး၍ လိုက်ကြလေကုန်၏၊ အချို့သော လေသည် ပန်းတို့ကိုချွေ၍ ကြွတော်မူရာ လမ်းခရီး၌ဖြန့်ကြဲ၍ ပန်းမွှေ့ရာ ခင်းကြကုန်၏၊ မြင့်သောမြေအပြင်တို့သည် နိမ့်ကြကုန်၏၊ နိမ့်သော မြေအပြင်တို့သည် မြင့်ကြကုန်၏၊ နင်းတော်မူသောအခါ မြေသည် ညီညွတ်နူးညံ့စွာ ခံလင့်၏၊ အတွေ့နူးညံ့ သော ပဒုမ္မာကြာပန်းတို့သည် ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း မြေကိုခွဲ၍ ခံလင့်ကြကုန်၏၊ မြို့တံခါး, ရွာတံခါးခုံအတွင်းသို့ ညာခြေတော် နင်းမိသည်နှင့်တစ်ပြိုင်နက် ကိုယ်တော်မှထွက်သော ရောင်ခြည်တော်တို့သည် ဆွမ်းခံဝင်တော်မူရာ တစ်မြို့လုံး, တစ်ရွာလုံး၌ရှိသော အထွတ်ရှိသောပြာသာဒ်, အထွတ်မရှိသောပြာသာဒ်, ဘုံငါးထပ်, ဘုံခုနစ်ထပ် စသည်ဖြင့်များသော တိုက်အိမ်အဆောက်အဦတို့ကို ရဲရဲငြိမ့်ျှစွဲ၍ ထွန်းလင်းကြလေကုန်၏။

## တိုက်အိမ်မှန်သမျှ- ရွှေအဆင်းလှ

ထိုတိုက်အိမ်တို့ကို ရွှေရည်ဖြင့် လိမ်းကျံအပ်ကုန်ဘိသကဲ့သို့လည်းကောင်း, ဆန်းကြယ်သော ကမ္ဗလာတို့ဖြင့် ဝန်းရံခြုံရုံ၍ ထားအပ်ကုန်ဘိသကဲ့သို့လည်းကောင်း, ရတနာအမျိုးမျိုးတို့ဖြင့် စီခြယ်ဆင်ယင် အမွမ်းတင်၍ ထားအပ်ကုန်ဘိသကဲ့သို့လည်းကောင်း ဖြစ်ကြလေကုန်၏၊ အလုံးစုံသော လူယောကျ်ား, လူမိန်းမတို့နှင့်တကွ ဆင်, မြင်းစသော တိရစ္ဆာန်တို့သည်လည်း မြတ်စွာဘုရား၏ ရောင်ခြည်တော်တည်းဟူသော ရေအယဉ်၌ နစ်မြုပ်ကုန်လျက် ထိန်ထိန်ပြောင်ပြောင် တောက်ပသော ကိုယ်ဖြင့် တင့်တယ်ခြင်းသို့ ရောက်ကြလေကုန်၏၊ ရောင်ခြည်တော်တို့သည် လမ်းသေး, လမ်းမြွာ, တိုက်ခန်း, အိမ်ခန်းမကျန် မကြွင်းရလေအောင် ထိုမှဤမှ ပျံ့သန်းကွန့်မြူးကြလေကုန်၏၊ ဆင်, မြင်း, ကျေးငှက်စသော တိရစ္ဆာန်အပေါင်းတို့သည်လည်း ရောင်ခြည်တော်တို့ကို တွေ့မြင်ကြရသောအခါ ရွှင်မြူးပျော်ပါးကာနှင့် မိမိတို့နေရာဌာနက ရပ်တည်၍ သာယာစွာ ရင့်ကျူးမြည်ဟီးကြလေကုန်၏၊ စည်, စောင်း ညှင်း စသောတူရိယာတို့သည် မတီးမမှုတ်အပ်ကုန်ပဲ အလိုလိုပင်လျှင် သာယာစွာ မြည်ကြလေကုန်၏၊ လူတို့ဝတ်ဆင်အပ်သော လက်ကောက် ခြေချင်းစသော တန်ဆာတို့သည်လည်း အလိုလို မြည်ကြလေကုန်၏။

www.dhammaransi.com



## ပန်းနံ့သာလက်စွဲ-ပူဇော်ကြမြဲ

ဤသို့စသော အမှတ်သညာအားဖြင့် ယနေ့ မြတ်စွာဘုရားသည် ဤငါတို့ မြို့ရွာသို့ ဆွမ်းခံကြွလာတော်မူသည်ဟူ၍ သိလေကုန်၏၊ လူအပေါင်းတို့သည် ကောင်းမွန်စွာ ဝတ်ဆင်ကြကုန်ပြီးလျှင် ပန်းနံ့သာ လက်စွဲကြကုန်လျက် အိမ်မှ ထွက်၍ လမ်းခရီး၌ ကြွလာတော်မူသော မြတ်စွာဘုရားကို ပန်းနံ့သာစသည်ဖြင့် ပူဇော်ကုန်၍ ဆွမ်းဖြင့် ဖိတ်မန်ကြကုန်၏၊ အသီတိ မဟာထေရ်စသော နောက်ပါရဟန်းသံဃာတို့သည် မိုးတိမ်နီ အဆင်းနှင့်တူသော သင်္ကန်းတို့ကို ဝတ်ရုံကြကုန်လျက် လမင်းကို တာရာအပေါင်း ခြံရံဘိသကဲသို့လည်းကောင်း, သိကြားမင်းကို နတ်အပေါင်း ခြံရံဘိသကဲသို့လည်းကောင်း, ဗြဟ္မာမင်းကို ဗြဟ္မာအပေါင်း ခြံရံဘိသကဲသို့လည်းကောင်း, စကြာမင်းကို ပရိသတ်အပေါင်း ခြံရံဘိသကဲ့သို့လည်းကောင်း, ငြိမ်သက်သော ဣန္ဒြေတို့ဖြင့် ခြံရံ၍ လိုက်ပါ တော်မူကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် နေသုံးဆယ့်နှစ်ဝန်း, လသုံး ဆယ့်နှစ်ဝန်းတို့ကို ပန်းကုံးပြု၍ ဆင်ယင်တော်မူဘိသကဲ့သို့ ပဋိသန္ဓေကပင် ဆင်ယင်တော်မူခဲ့ရင်းဖြစ်သော သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီးတို့ဖြင့် တန်ဆာဆင်၍ အခြံအရံဖြစ်သော ရဟန်းတို့၏ ရှေ့ဝယ် တင့်တယ်တော်မူပုံမှာ ဥက္ကာပေါင်းထောင်သောင်း, လျှပ်စစ်နွယ်ပေါင်း ထောင်သောင်းတို့ဖြင့် တဝိုးဝိုး တဝင်းဝင်း ထွန်းလင်းတင့်တယ်၍နေသော ကောင်းကင်ကြီးကဲ့သို့လည်းကောင်း, ပင်လုံးကျွတ် ပွင့်၍နေသော ပင်လယ်ကသစ်ပင်ကြီးကဲ့သို့လည်းကောင်း, အလုံးစုံ သော သိကြားမင်း ဗြဟ္မာမင်းတို့၏ ကျက်သရေကို ကိုယ်တော်မြတ်၏ ကျက် သရေဖြင့် နှိပ်နင်း၍ တင့်တယ်စွာ ဆွမ်းခံကြွတော်မူ၏။

## လက်ျာခြေတော်၊ လှမ်းမြဲသော်၊ ရှုမြော်မဆုံး၊ ကျက်သရေဘုန်း

မည်သည့်အခါမဆို ဘုရားရှင်တို့ ကြွတော်မူသောအခါ လက်ျာခြေတော်ကို ပထမလှမ်းတော်မူမြဲဖြစ်၏၊ ခြေဖဝါးတော်တစ်ချက် တစ်ချက်အကြွမှာ ဖြစ်ပေါ်သော ကျက်သရေတို့သည်ပင်လျှင် ရှုမြင်၍ မဆုံးနိုင်အောင် ရှိလေ၏၊ နီမြန်းသော ခြေဖဝါးတော် တစ်လှမ်းတစ်လှမ်း အကြွအကြွမှာ ဟုန်းခနဲ, ဟုန်းခနဲ နီသောမီးပန်းတို့သည် ထ၍ တောက်ကုန်ဘိသကဲ့သို့ ခြေဖဝါးတော်မှ နီသော ရောင်ခြည်တို့သည် ဝင်းခနဲ,ဝင်းခနဲ ထွက်ကြလေကုန်၏၊ မျက်တောင်တော် တစ်ချက် တစ်ချက် အခပ်မှာ လျှပ်ပစ်သကဲ့သို့ မျက်လုံးတော်တို့မှလည်း လင်းခနဲ,

www.dhammaransi.com



လင်းခနဲသော ရောင်ခြည်တော်တို့သည် ထွက်ကြလေကုန်၏၊ ဤကဲ့သို့ ခြေတော်တစ်လှမ်း, မျက်တောင်တော်တစ်ခပ်, လက်တော်တစ်ခါ အသိမ်း, ကိုယ်တော်ကို တစ်ခါယိမ်းလျှင် ကုဋေအသိန်းမကသော ကျက်သရေတို့သည် ဖြစ်ပေါ်ကြလေကုန်၏၊ ကြွတော်မူသော အခါတွင်လည်း မနှေးလွန်း, မမြန်လွန်း ဆဒ္ဒန်ဆင်မင်း၏ သွားခြင်းဖြင့် အလှမ်းမှန်မှန် ကြွတော်မူ၏၊ ထက်, အောက်, ဖီလာတို့ကိုလည်း ဝေးစွာကြည့်ရှုတော်မမူပဲ ထမ်းပိုးတစ်ပြန်စာမျှကိုသာလျှင် ကြည့်ရှု၍ ကြွတော်မူ၏၊

[ဤကဲ့သို့ မြတ်စွာဘုရားကြွတော်မူသောအခါ ကျက်သရေမင်္ဂလာ ရှိပုံကိုရည်၍ အဋ္ဌကထာဆရာကြီးသည် အောက်၌ပါသော ဂါထာတို့ကို ပဏ္ဍာသအဋ္ဌကထာတွင် ရေးသားလေသည်။]

## ဘုရားကြွရာ- မြေလှုပ်စွာ

၁။ ဧဝံ သဗ္ဗင် သမ္ပန္နော၊ ကမ္ပယန္တော ဝသုန္ဓရံ၊
အဟေဌယန္တော ပါဏာနိ၊ ယာတိ လောကဂ္ဂနာယကော။

၁။ သဗ္ဗင်သမ္ပန္နော=အလုံးစုံသော ယောက်ျားမြတ်လက္ခဏာနှင့် ပြည့်စုံတော်မူသော၊ လောကဂ္ဂနာယကော=လောကထွတ်ထား မြတ်ဘုရားသည်၊ ဝသုန္ဓရံ=ဤမြေအပြင်ကို၊ ကမ္ပယန္တော=ဘုန်းတော်ဟုန်ဖြင့် တုန်လှုပ်ချောက်ချားစေလျက်၊ ပါဏာနိ=သတ္တဝါတို့ကို၊ အဟေဌယန္တော=ဖဝါးတော်ဖြင့် ညှဉ်းဆဲတော်မမူပဲ၊ ဧဝံ=ဤသို့၊ ယာတိ=ကြွတော်မူပေ၏။

## လက်ျာအမှတ်-ညာခြေကြွ

၂။ ဒက္ခိဏံ ပထမံ ပါဒံ၊ ဥဒ္ဓရန္တော နရာသဘော။
ဂစ္ဆန္တော သိရိသမ္ပန္နော၊ သောဘတိ ဒ္ဝိပဒုတ္တမော။

၂။ ဒ္ဝိပဒုတ္တမော=လူ,နတ်,ဗြဟ္မာတို့ထက် လွန်ကဲထူးမြတ်တော်မူသော၊ သိရိသမ္ပန္နော=ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသော၊ နရာသဘော=ယောက်ျားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ ပထမံ=ရှေးဦးစွာ၊ ဒက္ခိဏံပါဒံ=လက်ျာအမှတ် ညာခြေမြတ်ကို၊ ဥဒ္ဓရန္တော= လှမ်းကြွတော်မူလျက်၊ ဂစ္ဆန္တော=ကြွသွားတော်မူသည်ရှိသော်၊ သောဘတိ=မြင်မဆုံး,ရှုမဝ အလွန်တရာ တင့်တယ်တော်မူလှပေ၏။

## နင်းကွက်ချရာ-မြေညီညာ

၃။ ဂစ္ဆတော ဗုဒ္ဓသေဋ္ဌဿ၊ ဟေဋ္ဌာ ပါဒတလံ မုဒုံ။
သမံ သမ္ဖုသတေ ဘူမိံ၊ ရဇသာ နုပလိမ္ပတိ။

www.dhammaransi.com



၃။ ဂစ္ဆတေ=လှမ်းကြွတော်မူသော၊ ဗုဒ္ဓသေဋ္ဌဿ=ဘုရားမြတ်၏၊ မုဒုံ=အကြိမ်ကြိမ်အထပ်ထပ် ဖန်အပ်ဖတ်အပ်သော ဝါဂွမ်းစိုင်ကဲ့သို့ နူးညံ့စွာထသော၊ ဟေဋ္ဌာပါဒတလံ=အောက်ခြေဖဝါးတော်အပြင်သည်၊ ဘူမိ=နင်းကွက်ချရာ မြေပထဗျာသို့၊ သမံ=အညီအညွတ်၊ သမ္ဖုသတေ=ထိတော်မူ၏၊ ရဇသာ=မြူမှုန့်, အညစ်အကြေးဖြင့်၊ နုပလိမ္ပတိ=လိမ်းကျံကပ်ငြိတော်မမူ။

## နိမ့်,မြင့်မထင်-တညီတည်းပင်

၄။ နိန္နံ ဌာနံ ဥန္နမတိ၊ ဂစ္ဆန္တေ လောကနာယကေ။
ဥန္နတဉ္စ သမံ ဟောတိ၊ ပထဝီ စ အစေတနာ။

၄။ လောကနာယကေ=မြတ်စွာဘုရားသည်၊ ဂစ္ဆန္တေ=ကြွလှမ်းတော်မူသည်ရှိသော်၊ ပထဝီ=မဟာပထဝီ ဤမြေကြီးသည်၊ အစေတနာစ=စိတ်စေတနာ မရှိပါပဲလျက်လည်း၊ နိန္နံဌာနံ=နိမ့်သောအရပ်သည်၊ ဥန္နမတိ=တက်ကြွမြင့်မောက်လေ၏၊ ဥန္နတဉ္စ=မြင့်မောက်သော အရပ်ဌာနသည်လည်း၊ သမံ ဟောတိ=အညီအညွတ်ဖြစ်လေ၏။

## ဘေးအန္တရာယ်-လမ်းမှာဖယ်

၅။ ပါသာဏာ သက္ခရာစေဝ၊ ကထလာ ခါဏုကဏ္ဋကာ။
သဗ္ဗေ မဂ္ဂါ ဝိဝဇ္ဇန္တိ၊ ဂစ္ဆန္တေ လောကနာယကေ။

၅။ လောကနာယကေ=မြတ်စွာဘုရားသည်၊ ဂစ္ဆန္တေ=လှမ်းကြွတော်မူသည်ရှိသော်၊ ပါသာဏာစ=ကျောက်ဖျာ, ကျောက်လုံးကြီးတို့သည်လည်းကောင်း၊ သက္ခရာစေဝ=ကျောက်စရစ်ငယ်တို့သည်လည်းကောင်း၊ ကထလာစ=အိုးခြမ်းကွဲတို့သည်လည်းကောင်း၊ ခါဏု ကဏ္ဋကာစ=ဆူး, ငြောင့်,ခလုပ်,သစ်ငုတ်, သစ်ချွန်တို့သည်လည်းကောင်း၊ သဗ္ဗေ=အလုံးစုံသော ဘေးအန္တရာယ်တို့သည်၊ မဂ္ဂါ=လမ်းခရီးမှ၊ ဝိဝဇ္ဇန္တိ=ဖဲကြဉ်ကြလေကုန်၏။

## မစိပ်မကျဲ၊ မနွေးမမြန်၊ ခြေလှမ်းပြန်

၆။ နာတိဒူရေ ဥဒ္ဓရတိ၊ နစ္စာသန္နေ စ နိက္ခိပိ၊
အဃဋ္ဋယန္တော နိယျာတိ၊ ဥဘောဇာဏူစ ဂေါမ္ဖကေ၊

၇။ နာတိ သီဃံ ပက္ကမတိ၊ သမ္ပန္န စရဏော မုနိ။
န စာပိ သဏိကံ ယာတိ၊ ဂစ္ဆမာနော သမာဟိတော။

မိခင်ဇရာဝတီ

www.dhammaransi.com



(၆-၇) သမ္ပန္နစရဏော=အကျင့်သီလနှင့် ပြည့်စုံတော်မူသော၊ မုနိ=မြတ်စွာဘုရားသည်၊ ဂစ္ဆမာနော=ကြွတော်မူသည်ရှိသော်၊ နာတိဒူရေ=ကျယ်လည်းမကျယ်လွန်း၊ ဥဒ္ဓရတိ=ကြွလှမ်းတော်မူ၏၊ နစ္စာသန္နေစ=စိပ်လည်းမစိပ်လွန်း၊ (ကျဲလည်းမကျဲလွန်း၊) နိက္ခိပိ= ခြေကိုချတော်မူ၏၊ ဥဘောဇာဏူစ=ပုဆစ်,ဒူးတော်နှစ်ဖက်တို့ကိုလည်းကောင်း၊ ဥဘော ဂေါပ္ဖကေစ=ခြေဖမျက်တော်နှစ်ခုတို့ကိုလည်းကောင်း၊ အဃဋ္ဋယန္တော=ထိခိုက်တော်မမူစေပဲ၊ နိယျာတိ=လှမ်းကြွတော်မူ၏၊ နာတိသီယံ=မြန်လည်းမမြန်လွန်း၊ ပက္ကမတိ=လှမ်းကြွတော်မူ၏၊ နစာပိသဏိကံ=ဖြည်းလည်း မဖြည်းလွန်း၊ သမာဟိတော=တည်ကြည် ငြိမ်သက်တော်မူသည်ဖြစ်၍၊ ယာတိ=ကြွတော်မူ၏။

## ထမ်းပိုးတပြန်-ကြည့်လေဟန်

၈။ ဥဒ္ဓံ အဓောစ တိရိယံ၊ ဒိသဥ္စ ဝိဒိသံ တထာ။
နာပေက္ခမာနော သော ယာတိ၊ ယုဂမတ္တံဟိ ပေက္ခတိ။

၈။ သော=ထိုမြတ်စွာဘုရားသည်၊ ဥဒ္ဓံ=အထက်သို့လည်းကောင်း၊ အဓောစ=အောက်သို့လည်းကောင်း၊ တိရိယံ=ဖီလာအရပ်သို့လည်းကောင်း၊ ဒိသဥ္စ=တူရူအရပ်သို့လည်းကောင်း၊ တထာ=ထိုမှတစ်ပါး၊ ဝိဒိသဥ္စ=အထောင့်အရပ်သို့လည်းကောင်း၊ နာပေက္ခမာနော=ကြည့်ရှုတော်မမူပဲ၊ ယာတိ=ကြွတော်မူ၏၊ ယုဂမတ္တံဟိ=ထမ်းပိုးတစ်ပြန် ပမာဏ လေးတောင်မျှကိုသာလျှင်၊ ပေက္ခတိ=ကြည့်ရှုတော်မူ၏။

## သဒ္ဒါပန်းပွင့်-လွန်ဆန်းတင့်

၉။ နာဂဝိက္ကန္တစာရော သော၊ ဂမနေ သောဘတေ ဇိနော။
စာရုံ ဂစ္ဆတိ လောကဂ္ဂေါ၊ ဟာသယန္တော သဒေဝကေ။

၉။ ဇိနော=မာရ်ငါးပါးကို အောင်မြင်တော်မူသော၊ သော=ထိုမြတ်စွာဘုရားသည်၊ နာဂဝိက္ကန္တစာရော=ဆဒ္ဒန်ဆင်မင်း၏ သဏ္ဌာန် သွားဟန်, လှမ်းဟန်ရှိတော်မူသည်ဖြစ်၍၊ ဂမနေ=လှမ်းကြွတော်မူရာ၌၊ သောဘတေ=ရှုသူ, မြင်သူကြည်ဖြူ ရွှင်လန်းစဖွယ် ဆန်းကြယ်တင့်တယ်တော်မူပေ၏၊ လောကဂ္ဂေါ=လောကသုံးပါး၏ ထွတ်ဖျားမကိုင်း ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ သဒေဝကေ=နတ်,ဗြဟ္မာနှင့်တကွသော တစ်လောကလုံးကို၊ ဟာသယန္တော=ကြည်နူးရွှင်လန်း သဒ္ဒါပန်းပွင့်စေလျက်၊ စာရုံ=တင့်တယ်ဖွယ်ရာ ယဉ်ကျေးစွာ၊ ဂစ္ဆတိ=ကြွတော်မူ၏။

www.dhammaransi.com



**ဘုရားဂုဏ် ကျက်သရေ-အထွေထွေ။** ။ဤသို့ မြတ်စွာဘုရား၏ ကျက်သရေတော်ဖြင့် ဆွမ်းခံကြွလာတော်မူသော မြတ်စွာဘုရားကို ဝက္ကလိပုဏ္ဏားပျို မြင်လေ သောအခါ ဩော်-ဤမျှလောက် ကျက်သရေအစိုင်အခဲဖြစ်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်သည် လောကဌ်ဖြစ်ပေါ် ထွန်းကားနိုင်ပေသေးစွ တကားဟု အံ့အားသင့်ခြင်းနှင့်တကွ ဖူး၍မဝနိုင်အောင် မြတ်စွာဘုရားမှ မျက်နှာထားလွှဲ၍ မရနိုင်အောင် ငေး၍ ကြည့်ပြီးလျှင် ကြံစည်သည်ကား-

"လူ့ဘဝ၌ ရရှိသော ဤငါ၏မျက်စိကို အခြားသော ဝတ္ထုတို့၌ ကြည့်ရှု၍ အသက်ရှည်ခြင်းအားဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ တစ်လောကလုံး၏ ကျက်သရေ မဏ္ဍိုင်ကြီးဖြစ်တော်မူသော မြတ်စွာဘုရားကို ကြည့်ရှုဖူးမြော်၍ နေခြင်းအားဖြင့်သာလျှင် အချိန်ကို ကုန်လွန်စေအံ့၊ ဤသို့ ကြည့်ရှု ဖူးမြော်ခြင်းအားဖြင့် ငါ၏မျက်စိသည် အကျိုးရှိခြင်းသို့ ရောက်လတ္တံ့၊ အိမ်ရာထောင်သော လူ၏ဘောင်၌ နေလျှင် နေ့စဉ်ရက်ဆက် မြတ်စွာဘုရားကို အမြဲရှုကြည့်ဖူးမြော်နိုင်ရန် ခဲယဉ်းလှ၏၊ ရဟန်းပြု၍ မြတ်စွာဘုရား၏ နောက်တော်က ထက်ကြပ် လိုက်ပါ၍ နေရပါမူကား ငါအလိုရှိသောအတိုင်း ပြည့်စုံလတ္တံ့."

ဟူ၍ ကြံစည်ပြီးလျှင် ရဟန်းပြုလေ၏။

**ဘုရား ရူပကာယ-။ ဝိက္ကလိ,ဖူးလို့အားမရ** ။ရဟန်းပြုပြီးသောအခါ မြတ်စွာဘုရားနှင့် မခွဲမခွါပဲ သွားရာတိုင်း နောက်က တကောက်ကောက် လိုက်၍သာလျှင် မြတ်စွာဘုရား၏ ကျက်သရေကိုသာ ငေးမြော်ရှုစား၍ချည်းနေလေ၏၊ မူလ ရဟန်းပြုရင်းကပင်လျှင် ဂန္ထဓုရ ဝိပဿနာဓုရကိုအားထုတ်၍ လောကုတ္တရာသို့ ကူးမြောက်ရန် ရည်သန်၍ပြုခဲ့ခြင်းမဟုတ်၊ အားရစွာ စိမ်၍ မြတ်စွာဘုရားကို ဖူးမြင်လိုသော စိတ်နှင့်သာ ရဟန်းပြု၍လာခဲ့ ခြင်းဖြစ်သောကြောင့် ပိဋကတ် သင်ကြားခြင်း, တရားအားထုတ်ခြင်းများကို တစ်စုံတစ်ခုမျှ ပြုရသည်ဟု သဘော မထားပဲ မြတ်စွာဘုရားကိုသာ တစိမ့်တစိမ့်ရှုကြည့် ဖူးမြော်၍ နေခြင်းအားဖြင့် အချိန်ကိုကုန် လွန်စေ၏။

**ပညာဉာဏ် ရင့်,မရင့်-နှိုင်းချိန်လင့်။** ။မြတ်စွာဘုရားသည်ကား ထို ကဲ့သို့ အချိန်ကုန်၍နေသော

www.dhammaransi.com



ဝက္ကလိ၏အမူအရာကို နှစ်သက်တော်မမူ၊ တရားအထူးကိုရ၍ ဘဝမှ ထွက်မြောက်ရန်အရေးကိုသာ လိုလားတော်မူ၏၊ သို့သော်လည်း ပညာမရင့်သေးမီအတွင်း ဝက္ကလိကို တစ်စုံတစ်ရာမျှ ပြောဆိုမိန့်မြွက်တော်မမူသေးပဲ အချိန်ဆွဲ၍ ပညာရင့်ခြင်းကိုသာလျှင် ငံ့လင့်၍နေတော်မူ၏၊ ဝက္ကလိ၏ပညာရင့်ခြင်းကို သိမြင်တော်မူသောအခါ။

ကိံ တေ ဝက္ကလိ ဣမိနာ ပူတိကာယေန ဒိဋ္ဌေန၊
ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ။
ယော ဓမ္မံ န ပဿတိ၊ သော မံ န ပဿတိ။

ဟူသောစကားဖြင့် ခပ်တင်းတင်း မိန့်ဆို၍ ဆုံးမတော်မူ၏။

ဝက္ကလိ-ဝက္ကလိရဟန်း၊ ဒိဋ္ဌေန-ရှုကြည့်၍နေသော၊ ဣမိနာ ပူတိကာယေန-ဤငါဘုရား၏ ကိုယ်အကောင်ပုပ်ကြီးဖြင့်၊ တေ-သင့်အား၊ ကိံ-အဘယ်အကျိုးရှိအံ့နည်း၊ ဝက္ကလိ-ဝက္ကလိရဟန်း၊ ယော-အကြင်သူ သည်၊ ခေါ-စင်စစ်၊ ဓမ္မံ-တရားကို၊ ပဿတိ-မြင်၏၊ သော-ထိုသူသည်၊ မံ-ငါဘုရားကို၊ ပဿတိ-အမြဲဖူးမြင်၍နေသည်မည်၏၊ ယော-အကြင်သူသည်၊ ဓမ္မံ-တရားကို၊ နပဿတိ-မရှုမြင်၊ သော-ထိုသူသည်၊ မံ-ငါဘုရားကို၊ န ပဿတိ-မြင်သည်မမည်။

[ဤကဲ့သို့ မြတ်စွာဘုရား အမိန့်တော်ရှိခြင်းမှာ မြတ်စွာဘုရား၏ ရူပကာယကျက်သရေကို ဖူးမြင်ခြင်းအားဖြင့် သဒ္ဓါထက်သန်လွန်းအားကြီးလှ၍ ပညာဖက်ကလျော့နေပြီးလျှင် အကျိုးရှိတန်သမျှ အကျိုးမရှိပဲ အချိန်ကုန်လွန် နေမည်စိုးရိမ်တော်မူသဖြင့် ပညာဖက်ကို ထက်သန်စေခြင်းငှါ တစ်ဖက်နိမ့်နင်း စကားမျိုးဖြင့် မြတ်စွာဘုရား မိန့်တော်မူခြင်းဖြစ်သည်၊ ဘုရားကို ဖူးမြော်သဖြင့် အကျိုးမရှိဟုဆိုလိုသည်မဟုတ်၊ ဘုရားဖူးမြော်ခြင်း၏ အကျိုးလည်း ကြီးမားသည်ပင်ဖြစ်၏။]

## ဝက္ကလိ သဒ္ဓါစာတ်ကြောင့် - ပေကပ်ကပ်လုပ်ပုံ

ဤကဲ့သို့ မြတ်စွာဘုရားက ဆုံးမတော်မူသော်လည်း ဝက္ကလိ ရဟန်းသည် မြတ်စွာဘုရား၏ ကျက်သရေကို ရှုမြင်ရခြင်းတည်းဟူသော လာဘ်ကြီးမှ စွန့်ခွာ၍ ဖဲသွားခြင်းငှါ မတတ်နိုင်ရှာသဖြင့် ပေ၍သာလျှင် ကပ်ယပ်လျက် ဘုရားကို ဖူးမြော်ကာ နေပြန်လေ၏၊ ပရိသတ်အစွန် အဖျားစသော ပုန်းကွယ်ရာတို့၌ မထင်ရှားသော အမူအရာဖြင့် မြတ်စွာဘုရား၏ ကျက်သရေတော်ကို ဖူးမြင်၍ နေလေ၏၊ မြတ်စွာဘုရားသည် ဤရဟန်းကား ထိတ်လန့်ခြင်း သံဝေဂကို မရသည်ရှိသော် တရားအထူးကို မသိလတ္တံ့၊ ငါ့အပါးမှ မခွါလျှင်လည်း သံဝေဂကို

www.dhammaransi.com



ရနိုင်ရန်အကြောင်း မရှိဟူ၍ ဆင်ခြင်တော်မူပြီးလျှင် ဝါဆိုရန်အချိန်နီးသည် ရှိသော် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၍ "ဝက္ကလိ, ငါ၏ အပါးတော်တွင် မနေလင့်၊ သင့်လျော်ရာအရပ်သို့ ရှောင်သွားလေလော့"ဟု နှင်တော်မူလေ၏။

## ဝက္ကလိ မနေသာ၍ - ပြေမရဏာ ကြံမည့်အကြံ

ထိုအခါ ဝက္ကလိသည် "ငါ့ကို မြတ်စွာဘုရားနှင်တော်မူပြီ၊ ဘုရားရှင်ကို ဖူးမြင်ရတော့မည်မဟုတ်၊ ဝါတွင်းသုံးလပတ်လုံး ဘုရားကျက်သရေတော်ကို ဖူးမြော်ရခြင်းဟူသော လာဘ်ကြီးမှကင်းသဖြင့် ငါ၏အသက်ရှင်ခြင်းသည် အဘယ်အကျိုးရှိတော့အံ့နည်း၊ သေရခြင်းသည်သာလျှင် ကောင်းမြတ်၏၊ တောင်ထိပ်မှကျွမ်းထိုးချ၍ သေတော့အံ့ "ဟူ၍ အဆုံးတိုင် ကြံစည်ပြီးလျှင် ဂိဇ္ဈကုဋ်တောင်ကြီးသို့ တက်လေ၏၊ တောင်ထိပ်သို့ရောက်၍ မိမိကိုယ်ကို ကျွမ်းထိုးချခါနီးတွင် မြတ်စွာဘုရားသည် အကယ်၍ ငါဘုရားအသွင်ကို မမြင်ရ သည်ရှိသော် အမှန်ပျက်စီး၍ မဂ်ဖိုလ်တည်းဟူသော အသီးသည် ကြွေကျ လေရာ၏ ဟူ၍ ဆင်ခြင်တော်မူပြီးလျှင် လျင်မြန်စွာ ဝက္ကလိရှိရာသို့ ရောင်ခြည် တော်ကို လွှတ်တော်မူလေ၏၊ ဂိဇ္ဈကုဋ်တောင်ထိပ်မှ ကျွမ်းထိုး၍ ချခါနီးဆဲဆဲ ကိုယ်ကို အယိမ်းလိုက်တွင် ရောင်ခြည်တော်ကို ဖူးမြင်လိုက်ရသည်နှင့် တစ်ပြိုင် နက်သောကကင်းပျောက်၍ ပီတိ, ပါမောဇ္ဇဇော ရောက်ပြီးလျှင် ဝမ်းမြောက် ဝမ်းသာ ဖြစ်လေ၏၊ မြတ်စွာဘုရားသည် ဝက္ကလိအပါးသို့ တန်ခိုးဖြင့် ချည်းကပ်ပြီး မှ ရွှင်သောမျက်နှာတော်ဖြင့် ကြည့်၍ ဝက္ကလိ၏လက်ကို ဖြည်းညင်းစွာ ဆွဲကိုင် ပြီးလျှင် အောက်၌ပါသော ဂါထာဖြင့် ချော့မော့တော်မူရလေ၏။

## ဝက္ကလိအရေး- ချော့မော့အားပေးပုံ

ဧဟိ ဝက္ကလိ မာ ဘာယိ၊ ဩလောကေဟိ တထာဂတံ။
အဟံ တံ ဥဒ္ဓရိဿာမိ၊ ရာဟုဂ္ဂဟံဝ စန္ဒိမံ။

ဝက္ကလိ=ငါဘုရား၏ ကိုယ်ကို ကြည်ညိုလွန်ဘိ အို ချစ်သားဝက္ကလိ၊ ဧဟိ=ငါဘုရားထံသို့ အမြန်လာပါလှည့်၊ မာ ဘာယိ=မဖူးမြင်ရ မည့် အရေးကြောင့် တွေး၍မကြောက်ပါလင့်၊ တထာဂတံ=ငါဘုရားကို၊ ဩလောကေဟိ=အလိုရှိသမျှ ရှုကြည့်ဖူးမြင်ပါလော၊ ရာဟုဂ္ဂဟံ=ရာဟုဖမ်း၍နေသော၊ စန္ဒိမံ=လဝန်းကို၊ မောစယိဿတိ ဣဝ=လွှတ်အောင် လွှတ်ဘိသကဲ့သို့၊ အဟံ=ငါဘုရားသည်၊ တံ=သင်ချစ်သား ဝက္ကလိကို၊ ဥဒ္ဓရိဿာမိ=သံသရာဝဋ်မှ ချွတ်လွှတ်ကယ်တင်

www.dhammaransi.com



တော်မူအံ့။

[ထိုမှတစ်ပါးသော တရားဒေသနာဂါထာများကိုလည်း ဟောကြားတော်မူသည်။]

## ကြောက်သွေးကုန်သဖြင့်- ရဟန္တာဖြစ်ပုံ

မြတ်စွာဘုရား ချော့မော့အပ်လေသည်ရှိသော် ဥပမာ မိဘတို့ ကြိမ်းမောင်း၍ မျက်နှာသာမပေးပဲထားသော သားငယ်ကို အတန်ကြာလျှင် ပြုံးရွှင်သော မျက်နှာဖြင့် ပွေ့ချီသိမ်းပိုက်၍ မိဘတို့က ချော့မော့သောအခါ အလွန်ဝမ်းသာ ခြင်းကြီး ဝမ်းသာဘိသကဲ့သို့ ဝက္ကလိသည်လည်း ငါ့ကို မြတ်စွာဘုရား ခေါ် တော်မူပြီ၊ ဘုရားမြတ်စွာကို ကောင်းစွာဖူးမြင်ရပြီဟု အလွန်အားကြီးသော စိတ်ဖြင့် ခုန်ပျံမတတ် ပီတိဓာတ်ခိုက်သည်တွင် ကောင်းကင်သို့ ခုန်၍အတက် ခြေတစ်ဖက် မြေကမလွတ်ခင် သဒ္ဓါ, ပညာအဆင်သင့်၍ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာ အဖြစ်သို့ ရောက်လေသည်။

[ဤသာသနာတော်၌ ဣရိယာပုထ် လေးပါးမှလွတ်၍ ရဟန္တာဖြစ်သော ပုဂ္ဂိုလ်တို့တွင် ဝက္ကလိလည်း အပါအဝင်ဖြစ်သည်ဟု ဆိုထိုက်၏၊ ဤဝက္ကလိ ဝတ္ထုကို ထောက်ထားသဖြင့်လည်း မြတ်စွာဘုရား၏ သိရိဘုန်းတော်သည် မည်မျှလောက်ကြီးမား၍ လောကကြီး၏ အလယ်တွင် မည်မျှလောက် တင့်တယ်ကြောင်းကို သိနိုင်လေသည်။]

ထိုမှတစ်ပါးလည်း--ဘုရားဖြစ်တော်မူပြီး၍ ပထမဦးစွာ ကြွခြင်းဖြင့် ကပိလနေပြည်တော်သို့ ကြွတော်မူသောအခါ ဆိုခဲ့ပြီးသော ဘုရား၏ ကျက်သရေ တော်ဖြင့် ကပိလဝတ်ပြည်တွင်းသို့ ဆွမ်းခံတော်မူသည်တွင် တစ်ပြည်လုံး အုတ်အုတ်ကျက်ကျက်ဖြစ်၍ မြတ်စွာဘုရား၏ ကျက်သရေတို့ကို လေသာပြူတင်း ပေါက်စသည်တို့မှ ရှုမြော်ဖူးမြင်ကြကုန်၏၊ ယသောဓရာဒေဝီသည်လည်း ခြောက်နှစ်ကျော်တိုင်တိုင် ကွေကွင်း၍နေသော မောင်တော်ဘုရားမြတ်ကို ရှုမြင်လိုသည်လည်းတစ်ကြောင်း, သားတော်ရတနာ ရာဟုလာကို တစ်ခါမျှ မမြင်ရ ဖူးသေးသော သူ၏ဖခင် ဘုရားရှင်ကို ပြလိုသည်လည်းတစ်ကြောင်း, ထို အကြောင်းများကြောင့် သားတော်ကို ပွေ့ချီပြီးလျှင် လေသာနန်းတံခါးကို ဖွင့်၍ အောက်၌ပါသော ကျက်သရေတော်ဘွဲ့ နရသီဟဂါထာတို့ဖြင့် သားတော် ရာဟုလာကို ညွှန်ပြလေ၏။

သုံးခုဘာ, ဂိုဏ်း၊ ဂရုဆိုဏ်း၊ မှတ်ပိုဏ်းဒေါမကေ

(၁) စက္ကဝရင်္ကိတ လောဟိတပါဒေါ။
လက္ခဏမဏ္ဍိတ အာယတပဏှိ၊

www.dhammaransi.com



စာမရ ဆတ္တ ဝိဘူသိတပါဒေါ။
သေ ဟိ တုယှပိတာ နရသီဟော။
[မှဋ္ဌ- စက္ကဝရင်္ကိတသုရတ္တပါဒေါ ရှိ၏၊ ဆန်းသမပဒ္ဓမျိုးဖြစ်၍ စက္ကဝရင်္ကိတ လောဟိတပါဒေါ- ဟုပြင်လိုက်သည်။]

(၁) စက္ကဝရင်္ကိတလောဟိတ ပါဒေါ=တစ်ရာ့ရှစ်ကွက်သော စက်လက္ခဏာတို့ဖြင့် မှတ်အပ်သည်ဖြစ်၍ ပတ္တမြား၏တပြေး တွေးတွေးနီမြန်းသော ခြေဖဝါးလည်းရှိတော်မူထသော၊ လက္ခဏမဏ္ဍိတ အာယတနပဏှိ=ကောင်းမြတ်သော လက္ခဏာတို့ဖြင့် တန်ဆာဆင်အပ်သည်ဖြစ်၍ ရှည်သောဖနှောင့်တော်လည်း၊ ရှိတော်မူထသော၊ စာမရ ဆတ္တ ဝိဘူသိတ ပါဒေါ=စာမရီသားမြီးယပ်, ထီးဖြူတော် အမြတ်တို့ဖြင့် တန်ဆာဆင်အပ်သော ခြေတော်လည်းရှိတော်မူထသော၊ နရသီဟော=လူမြတ်ထွတ်မျှ ပုဂ္ဂိုလ်ထူးဖြစ်တော်မူသော၊ သေ သောဟိ=ထိုအရှင်မြတ်ဘုရားသည်ကား၊ တုယှံ=သာကီနန်းဖွား သင်ချစ်သား၏၊ ပိတာ=သုံးလောကထွတ်ထား ခမည်းတော်ဘုရားကြီးပေတည်း။

ဘ, ဂိုဏ်းသုံးရပ်၊ ဂရုစပ်၊ မှတ်အပ်ဒေါဓက

(၂) သက္ယကုမာရဝရော သုခုမာလော။
လက္ခဏ စိတ္တိက ပုဏ္ဏ သရီရော။
လောကဟိတာယ ဂတော နရဝီရော။
သေ ဟိ တုယှပိတာ နရသီဟော။

(၂) သက္ယကုမာရဝရောသုခုမာလော=နူးညံ့သိမ်မွေ့သော သာကီ နွယ်ဖွား မင်းသားအမြတ်လည်းဖြစ်တော်မူထသော၊ လက္ခဏစိတ္တိက ပုဏ္ဏ သရီရော= လက္ခဏာတော်ကြီး သုံးဆယ့်နှစ်သွယ်တို့ဖြင့် တင့်တင့်တယ်တယ် ဆန်းကြယ် ပြည့်ဖြိုးသော ကိုယ်တော်လည်းရှိတော်မူထသော၊ လောကဟိတာယ=သုံးလောက တိုက်ဘောင်ဝယ် မြားမြောင်တိုးပွား အကျိုးများစိမ့်သောငှါ၊ ဂတော=ဖြစ်ပေါ် ပေါက်ဖွားတော်မူလာသော၊ နရဝီရော=လူတို့၏မကိုဋ် အမြိုက်ထိပ်ဦး ရဲဗိုလ်မျှကြီး လည်း ဖြစ်တော်မူထသော၊ နရသီဟော=လူမြတ်ထွတ်မျှ ပုဂ္ဂိုလ်ထူးအစစ် ဖြစ်ကြီး ဖြစ်တော်မူသော၊ သေသောဟိ=ထိုအရှင်မြတ်ဘုရားသည်ကား၊ တုယှံ= သာကီ နန်းဖွား သင်ချစ်သား၏၊ ပိတာ=သုံးလောကထွတ်ထား ခမည်းတော်ဘုရားကြီး ပေတည်း။

www.dhammaransi.com



### ဘဂိုဏ်းသုံးသွယ်၊ ဂရုခြယ်၊ မှတ်ဝယ်ဒေါဓက

(၃) ပုဏ္ဏသုသင်္ခနိဘောမုခဝဏ္ဏော။
ဒေဝနရာနပိယော နရ နာဂေါ။
မတ္တ ဂဇိန္ဒ ဝိလာသိတ ဂါမီ၊
ဧသဟိ တုယှပိတာ နရသီဟော။

(၃) ပုဏ္ဏသုသင်္ခနိဘောမုခဝဏ္ဏော-ပြည့်ဝန်းသော လဝန်း၏ အသွင်ကဲ့သို့ ကြည်လင်လှစွာ ထိန်ဝင်းဝါသည့် မျက်နှာအသွေး အဆင်းလည်းရှိတော်မူထသော၊ ဒေဝနရာနပိယော-နတ်, လူ, ဗြဟ္မာ သတ္တဝါတို့ ရတနာမျက်နှစ် ချစ်ကြီးချစ်အပ်ပေထသော၊ နရနာဂေါ-လူတို့၏အရှင် ပြောင်မာတင်ကြီးလည်းဖြစ်တော်မူထသော၊ မတ္တဂဇိန္ဒဝိလာသိတဂါမီ-အမုန်ယစ်သောဆင်မင်းကဲ့သို့ တင့်တယ်သော သွားခြင်းလည်းရှိတော်မူထသော၊ နရသီဟော-လူမြတ်လူထွတ်မျိုး ပုဂ္ဂိုလ်ထူးအစစ်ဖြစ်ကြီး ဖြစ်တော်မူထသော၊ ဧသဧသောဟိ-ထိုအရှင်မြတ်ဘုရားသည်ကား၊ တုယှံ-သာကီနန်းဖွား သင်ချစ်သား၏၊ ပိတာ-သုံးလောကထွတ်ထား ခမည်းတော်မြတ်ဘုရားကြီးပေတည်း။

### ဂရုနှစ်လုံး၊ ဘဂိုဏ်းသုံး၊ မှတ်အုံးဒေါဓက

(၄) ခတ္တိယ သမ္ဘဝ အဂ္ဂကုလီနော၊
ဒေဝမနုဿ နမဿိတပါဒေါ၊
သီလ သမာဓိ ပတိဋ္ဌိတ စိတ္တော၊
ဧသဟိ တုယှ ပိတာ နရသီဟော။

(၄) ခတ္တိယသမ္ဘဝ အဂ္ဂကုလီနော-သမ္မတနန်းရိုး မင်းအမျိုးမှ ဖြစ်၍ စင်စစ်အမျိုးလည်း မြင့်မြတ်တော်မူထသော၊ ဒေဝမနုဿ နမဿိတပါဒေါ-ဗြဟ္မာ, နတ်, လူ,သုံးဘုံသူတို့ ကြည်ဖြူမြတ်နိုး တုပ်ဝပ်လျှိုး၍ ရှိခိုးဦးခိုက်အပ်သော ခြေတော်စုံလည်းရှိတော်မူထသော၊ သီလ သမာဓိ ပတိဋ္ဌိတ စိတ္တော-သီလ, သမာဓိတည်းဟူသော ကျောက်မြေ၌ အောက်ခြေစိုက်၍တည်သော စိတ်နိုင် စိတ်ခန့်လည်းရှိတော်မူထသော၊ နရသီဟော-လူမြတ်ထွတ်မျိုး ပုဂ္ဂိုလ်ထူးအစစ် ဖြစ်ကြီးဖြစ်တော်မူထသော၊ ဧသ ဧသောဟိ-ထိုအရှင်မြတ်ဘုရားသည်ကား၊ တုယှံ-သာကီနန်းဖွား သင်ချစ်သား၏၊ ပိတာ-သုံးလောကထွတ်ထား ခမည်းတော် မြတ်ဘုရားကြီးပေတည်း။

www.dhammaransi.com



## ဘဂိုဏ်းသုံးနောက်၊ ဂရုရောက်၊ မှတ်လောက်ဒေါကေ

(၅) အာယတယုတ္တ သုသဏ္ဌိတနာသော၊
ဂေါပမုခေါ အဘိနီလသုနေတ္တော၊
က္လန္ဒ ဓနု ပတိနီလဘမုကော၊
ဧသဟိ တုယှပိတာ နရသီဟော။

**(မှတ်-က္လန္ဒဓနုအဘိနီလဘမုကော-ရှိ၏၊ က္လန္ဒဓနုပတိနီလဘမုကော-ရှိမှ ဆန်းသင့်မည်။)**

(၅) အာယတယုတ္တသုသဏ္ဌိတနာသော=ရှည်သွယ်ခြင်းနှင့် ယှဉ်၍ အသွင်သဏ္ဌာန်ကောင်းသော နှာခေါင်း နှာတံလည်းရှိတော်မူထသော၊ ဂေါပမုခေါ=နွားငယ်၏ မျက်ကွင်းအဝန်းကဲ့သို့ စိုရွှန်းကြည်လင်သော မျက်ကွင်းလည်းရှိတော်မူထသော၊ က္လန္ဒဓနုပတိနီလဘမုကော=သက်တံကိုင်းလို အလွန်ညို၍ စိုပြေစိမ်းလဲ့သော မျက်ခုံးတော်လည်းရှိတော်မူထသော၊ နရသီဟော=လူမြတ်ထွတ်မျိုး ပုဂ္ဂိုလ်ထူးအစစ်ဖြစ်ကြီး ဖြစ်တော်မူထသော၊ ဧသဧသောဟိ=ထိုအရှင်မြတ်ဘုရားသည်ကား၊ တုယှံ=သာကီနန်းဖွား သင်ချစ်သား၏၊ ပိတာ=သုံးလောကထွတ်တား ခမည်းတော်ဘုရားကြီးပေတည်း။

## ဂရုနှစ်ခု၊ ဘသုံးခု၊ ညီမှုဒေါကေ

(၆) ဝဋ္ဋ သုဝဋ္ဋ သုသဏ္ဌိတ ဂီဝေါ။
သီဟဟနူ မိဂရာဇ သရီရော။
ကဥ္စန သုစ္ဆဝိ ဥတ္တမဝဏ္ဏော။
ဧသဟိ တုယှပိတာ နရသီဟော။

**(မှတ်-သီဟဟနု မိဂရာဇသရီရော- ရှိ၏၊ သီဟဟနူ မိဂရာဇသရီရော-ရှိမှဆန်းသင့်မည်။)**

(၆) ဝဋ္ဋ သုဝဋ္ဋ သုသဏ္ဌိတ ဂီဝေါ=လုံးလျောင်းပြည့်ဖြိုး ရွှေမုရိုး စည်အဟန် သဏ္ဌာန်ကောင်းမွန်သော လည်ပင်းတော်လည်းရှိတော်မူထသော၊ သီဟဟနူ=ခြင်္သေ့မင်း၏မေးနှင့် တစ်ပြေးတည်းတူမျှသော မေးတော်လည်းရှိတော်မူထသော၊ မိဂရာဇ သရီရော=သားများသေဋ္ဌ်နင်း ခြင်္သေ့မင်း၏ ကိုယ်ပေါက်ကဲ့သို့ မိုမောက်ပြည့်ဖြိုးသော ကိုယ်တော်လည်း ရှိတော်မူထသော၊ ကဥ္စနသုစ္ဆဝီ=လျှော်ရွှေဦးသစ် ဇမ္ဗူရာဇ်သိဂီ ထိန်ထိန်ကြည်သကဲ့သို့ ရောင်ခြည်ဝိုးဝင်း လျှပ်လျှပ်လင်းသည့် အဆင်း အရေတော်နှင့်လည်းပြည့်စုံတော်မူထသော၊ ဥတ္တမဝဏ္ဏော=တုပြိုင်စံနှုန်း အမြတ်ဆုံးဖြစ်သော အဆင်းကိုလည်း ဆောင်တော်မူထသော၊ နရသီဟော=လူမြတ်ထွတ်မျိုး ပုဂ္ဂိုလ်ထူးအစစ် ဖြစ်ကြီးဖြစ်တော်မူထသော၊ ဧသဧသောဟိ=

www.dhammaransi.com



ထိုအရှင်မြတ်ဘုရားသည်ကား၊ တုယှံ့=သာကီနန်းဖွား သင်ချစ်သား၏၊ ပိတာ=သုံးလောကထွတ်ထား ခမည်းတော် မြတ်ဘုရားကြီးပေတည်း။

သမပဉ္စ ဒေါဓကေ၊ ဘ-ဂ-တိ ဒွေးပြ

၇။ သိနိဒ္ဓသုဂ္ဂမ္ဘိရမဉ္ဇုသယောသော။
ဟိင်္ဂုလ ဗန္ဓုက ရတ္တ သုဇိဝှော။
ဝီသစ ဝီသစ သောဘဏ ဒန္တော။
ဧသ ဟိ တုယှပိတာ နရသီဟော။

(မူ၌-ဝီသစ ဝီသစ သုသေထ ဒန္တော-ရှိ၏၊ ဝီသစ ဝီသစ သောဘဏဒန္တော-ရှိမှ ဆန်းသင့်မည်။)

၇။ သိနိဒ္ဓ သုဂမ္ဘိရမဉ္ဇုသ ယောသော=ပြေပြစ်နက်နဲ လွန်ကဲသာယာ ချိုမြိန်စွာသော အသံတော်လည်းရှိတော်မူထသော၊ ဟိင်္ဂုလ ဗန္ဓုက ရတ္တသုဇိဝှော=ဟင်္သပြဒါးတူစွာ လယ်ခေါင်ရန်းပမာကဲ့သို့ တျာတျာနီမြန်းသော လျှာတော်လည်းရှိတော်မူထသော၊ ဝီသစ ဝီသစ သောဘဏ ဒန္တော=အထက်နှစ်ဆယ် အောက်နှစ်ဆယ်လျှင် လေးဆယ်မျှညီ ပုလဲသီသကဲ့သို့ ညီညွတ်တင့်တယ်သော သွားတော်လည်းရှိတော်မူထသော၊ နရသီဟော=လူမြတ်ထွတ်မျှ ပုဂ္ဂိုလ်ထူးအစစ်ဖြစ်ကြီး ဖြစ်တော်မူထသော၊ ဧသဧသောဟိ=ထိုအရှင်မြတ်ဘုရားသည်ကား၊ တုယှံ့=သာကီနန်းဖွား သင်ချစ်သား၏၊ ပိတာ=သုံးလောကထွတ်ထား ခမည်းတော် မြတ်ဘုရားကြီးပေတည်း။

တိ - ဒွေး - ဘ - ဂ၊ ဒေါဓကေ၊ ဆန်းရ မည်ရှုကြ။

၈။ အဉ္ဇနဝဏ္ဏ သုနီလ သုကေသော။
ကဉ္စန ပဋ္ဋ ပဝိတ္တ နလာဋော။
ဩသဓိ ပဏ္ဍရ သုဒ္ဓသုဥဏ္ဏော။
ဧသ ဟိ တုယှပိတာ နရသီဟော။

(မူ၌-ကဉ္စနပဋ္ဋ သုဝိသုဒ္ဓ နလာဋော-ရှိ၏၊ ကဉ္စနပဋ္ဋ ပဝိတ္တ နလာဋော-ရှိမှဆန်းသင့်မည်။)

၈။ အဉ္ဇနဝဏ္ဏ သုနီလ သုကေသော=မျက်စဉ်းညိုရောင် ပိတုန်းတောင်ကဲ့သို့ မဲမှောင်စိမ်းလဲ့သော ဆံတော်လည်းရှိတော်မူထသော၊ ကဉ္စန ပဋ္ဋ ပဝိတ္တ နလာဋော=ရွှေပြားအပြင်ကဲ့သို့ စင်ကြယ်ပြန့်ဖြူးသော နဖူးတော်အပြင်လည်းရှိတော်မူထသော၊ ဩသဓိ ပဏ္ဍရ သုဒ္ဓသုဥဏ္ဏော=သောက်ရှူးကြယ်အတူ

www.dhammaransi.com



ဖွေးဖြူနုနု ပုလဲဥပုံ စံပယ်ငုံကဲ့သို့ ဥဏ္ဏာလုံမွေးရှင်တော်လည်းရှိတော်မူထသော၊ နရသီဟော=လူမြတ်ထွတ်မျှး ပုဂ္ဂိုလ်ထူးအစစ် ဖြစ်ကြီးဖြစ်တော်မူထသော၊ ဧသဧသောဟိ=ထိုအရှင်မြတ်ဘုရားသည်ကား၊ တုယှံ=သာကီနန်းဖွား သင်ချစ်သား၏၊ ပိတာ=သုံးလောကထွတ်ထား ခမည်းတော်မြတ်ဘုရားကြီးပေတည်း။

## ဂရုနှစ်သွယ်၊ ဘ-ဂိုဏ်းခြယ်၊ မှတ်ဝယ်ဒေါ်ခေ

၉။ ဂစ္ဆတိ နီလပထေဝိယ စန္ဒော၊
တာရ ဂဏာ ပရိဝေဋ္ဌိတ ရူပေါ။
သာဝကမဇ္ဈဂတော သမဏိန္ဒော၊
ဧသ ဟိ တုယှပိတာ နရသီဟော။

၉။ တာရ ဂဏာ ပရိဝေဋ္ဌိတ ရူပေါ=ကြယ်တာရာအပေါင်းတို့ဖြင့်ခြံရံအပ်သောသဘောရှိသော၊ စန္ဒော=လပြည့်ဝန်းသည်၊ အနီလပထေ=လေ,လမ်းတစ်ခွင်ကောင်းကင်ပြင်၌၊ ဂစ္ဆတိဝိယ=လမင်း၏ ကျက်သရေကိုဖွင့်၍ တင့်တင့်တယ်တယ် လှည့်လည်သွားလာဘိသကဲ့သို့၊ တထာ=ထို့အတူ၊ သမဏိန္ဒော=သံဃာတို့၏ သေဋ္ဌနင်း ရဟန်းမင်းဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ သာဝကမဇ္ဈဂတော= ခြံရံလိုက်ပါသော ရဟန်းသံဃာတို့၏အလယ်၌ စံပယ်ကွန့်မြူးတော်မူလျက်၊ ဂစ္ဆတိ=ဘုရား၏ကျက်သရေကိုဖွင့်၍ တင့်တင့်တယ်တယ် ကြွလှမ်းတော်မူလာ၏၊ နရသီဟော=လူမြတ်ထွတ်မျှး ပုဂ္ဂိုလ်ထူးအစစ် ဖြစ်ကြီးဖြစ်တော်မူထသော၊ ဧသဧသောဟိ=ထိုအရှင်မြတ်ဘုရားသည်ကား၊ တုယှံ=သာကီနန်းဖွား သင်ချစ်သား၏၊ ပိတာ=သုံးလောကထွတ်ထား ခမည်းတော်မြတ်ဘုရားကြီးပေတည်း။

## ဤဂါထာတို့ကို ရည်၍ အောက်၌ပါသော နရသီဟလင်္ကာတို့ကို သီကုံးအပ်၏။

၁။ သုံးဆယ့်တစ်ဘုံ၊ အလုံးစုံတွင်၊ များပုံသတ္တဝါ၊ ဦးခိုက်ရာသည်၊ တေဇာမြင့်မား၊ မြတ်ဘုရား၏၊ ပတ္တမြားအသွင်၊ ဖဝါးပြင်ဝယ်၊ ဆင်စွယ်ဝန်းယှက်၊ ရာ့ရှစ်ကွက်ဟု၊ စက်လက္ခဏာ၊ မြတ်အင်္ဂါမူ၊ ပြဟ္မာမကြွင်း၊ ဘုံခပင်းတည့်၊ ရှည်ခြင်း သင့်လျော်၊ ဖမျက် တော်ဖြင့်၊ နိုင်းသော် မမြင်၊ စက်နှစ်ပြင်ဝယ်၊ ရောင်ရှင်လူလူ၊ ထီးဖြူလျှပ်လျှပ်၊ သားမြီးယပ်ဖြင့်၊ တင့်အပ်စွာဘိ၊ တန်ဆာရှိသား၊ သာကီဥသျှောင်၊ ဤဘုန်းကောင်ကို၊ အမောင်ရှုမြော်၊

www.dhammaransi.com



ခမည်းတော်ဟု၊ ယသော်ညွှန်ပြ၊ မြွက်ဆိုဟသည်။ ။ သံမြချိုမြိန့် ဂါထာတည်း။

၂။ သာကိနွယ်စင်၊ မင်းနှင်နှင်တို့၊ နိုင်းအင်မဖက်၊ ကဲမိုးတက်၍၊ ထိပ်ထက် ကြာမုံ၊ လက်ပဒုံဖြင့်၊ ခြေစုံစကြာ၊ ဦးညွှတ်ရာသား၊ လဲဝါတန္တု၊ မွေ့ညှံ့ နုလျက်၊ ကုသုမာလော်၊ ရွှေကိုယ်တော်နှင့်၊ ရှုမြော်ဆန်းကြယ်၊ လွန်တင့် တယ်သည်၊ သုံးဆယ်နှင့်ဒွိ၊ အသီတိဟု၊ ပုရိသကြန်၊ မြတ်သဏ္ဌာန်နှင့်၊ ပုံဟန်ပြဟွာ၊ ဆဗ္ဗဏ္ဏာဖြင့်၊ အံ့အာသရဲ၊ ဘဝဂ်ကွဲမျှ၊ ခပဲများစွာ၊ သတ္တဝါ၏၊ ချမ်းသာစီးပွါး၊ ရှာဖွေငြား၍၊ ကြွသွားဆွမ်းခံ၊ စောဘုန်း လျှံသည်။ ။သက်နှံ့မောင့်ဘ ရာဇာတည်း။

၃။ ဇမ္ဗူသိင်္ဂီ၊ နာရဏီသို့၊ တူညီမှည့်ရွှန်း၊ လပြည့်ဝန်းမျှ၊ ဖက်ကျွန်း မျက်နှာ၊ ရွှေဆင်းဝါတည့်၊ ပြဟွာနတ်လူ၊ သုံးဘုံသူတို့၊ ကြည်ဖြူရှုမြော်၊ ဖူးရ သော်လျှင်၊ ရွှင်ပျော်နှစ်မြို့၊ စိတ်ကိုညို့သို့၊ ပို့ပို့ဇောတက်၊ မခွာရက်တည့်၊ စက်စက္ကဝါ၊ တိုက်မှာမှာတွင်၊ နိုင်းရာမမြင်၊ ဥသျှောင်ကျင်တည့်၊ ဆင်၏ သဏ္ဌာန်၊ ပြောင် ဆဒ္ဒန်သို့၊ သွားဟန်ငြိမ့်လေး၊ လွန်ယဉ်ကျေးသည်၊ သင့်မွေးသဘ၊ ရှုစမ်းပဟု၊ သီဟလေသွန်၊ ရွှေညိုးညွှန်သည်။ ။ အလွန်သာတောင့် သာယာတည်း။

၄။ ဘဒ္ဒမည်သာ၊ ဤကမ္ဘာတွင်၊ မဟာသမတ်၊ လောင်းနေနတ်မှ၊ ခတ် ခတ္တိယ၊ မျိုးဝံသဖြင့်၊ ဘိုးဘစဉ်ဆက်၊ နွယ်မပျက်လျှင်၊ မြတ်ထက် မြတ်ခေါင်၊ ဘုန်းတော်ရောင်ကြောင့်၊ သုံးဘောင် ရပ်သူ၊ နတ်, လူ, ပြဟ္မာ၊ သချ်ာချာလျှင်၊ ရတနာမကိုင်၊ ငွေလျှိုးငိုက်၍၊ ဦးခိုက်ကြရာ၊ ခြေစကြာဖြင့်၊ ကျောက်ဖျာတန္တိ၊ နိုင်းတူရှိသား၊ မိ သမာ ဈာန်၊ သီလကွန်ဝယ်၊ မဟန္တာရုံ ရပ်ပြီးတုံမှ၊ ခိုင်လုံကြံ့ကြံ့၊ စိတ်တော်ခန့်သား၊ ချီးအံ့တိုင်းကျယ်၊ ဂုဏ် ပင်လယ်ဖြင့်၊ သပ္ပါယ်ဖွံ့ထွား၊ ဤမြတ်ဖျားကို၊ ချစ်သား နန်းသွေး၊ ရှုဘိသေးဟု၊ ကြည်အေးလေသွန်၊ ရွှေသလွန်မှ၊ နှုတ်မွန်မြွက်ဟ၊ ယသော်ပြသည်။ ။ ကြားက နာသောင့် နာသာတည်း။

၅။ သရေပြည့်ထွန်း၊ တက်နေဝန်းသို့၊ ရွှေချွန်းသဖွယ်၊ နှာတော် ဝယ်လည်း၊ ရှည်သွယ်ဝန်းတိ၊ သပ္ပါယ်ဘိ၏၊ အမိမခြား၊ ယနေ့ဖွားသည့်၊ နွားငယ့် မျက်စိ၊ သဏ္ဌာန်ရှိသို့၊ ညှိဘိရှုမြော်၊ မျက်မှောက်တော်လည်း၊ နိုင်းလျော်

www.dhammaransi.com



မထင်၊ ပြစ်မျိုးစင်၏၊ သက်တင်ပုံသွေး၊ ကော့ကော့ရေးသား၊ မျက်မွေး မျက်တောင်၊ ထွတ်ဘုန်းခေါင်ကား၊ သုံးဘောင်ရပ်သူ၊ သုံးပြည်သူတို့၊ နိုင်းတူမမျှ၊ မောင့်မွေးဘဟု၊ လုံးဝလျင်ဆော၊ ဟုတ်တိုင်းပြောသည်။ ။ သဘောဖွေဖွေ ရှာရှာတည်း။

၆။ ရှေ့ဖျားဦးတည်၊ မြတ်ဘုန်းစည်ကား၊ ဝန်းလည်နိုင်းပြိုင်၊ ရွှေပွတ် တိုင်သို့၊ ရွှေဆိုင်ပုံခင်း၊ ရွှေလည်ပင်းနှင့်၊ သားမင်းခေါ်ဆို၊ ခြင်္သေ့ပျို၏၊ ကိုယ်နှင့်တမျှ၊ ပြည့်ဖြိုးလှသား၊ ဒေဟလက္ခဏာ၊ ညီညွတ်စွာတည့်၊ သောဏ္ဍာစလံ၊ ရွှေတောင်ပုံသို့၊ အလှံ့ ထိန်ပြောင်၊ ရွှေကိုယ်ရောင်လည်း၊ လောင်စလိလိ၊ ဝင်းဝင်း ညိလျက်၊ သိရီမြတော၊ အသရေမူ၊ အံ့ပေမဆုံး၊ ဖက်မဲ့ကျုံးသား၊ အားလုံးလောက၊ ဦးတင်သသည်၊ မောင့်ဘသခင်၊ ဤချစ်ရှင်ဟု၊ မျက်မြင်ခဏ၊ သားကိုပြသည်။ ။ကြောင်းစ ထွေထွေ လာလာတည်း။

၇။ အင်္ဂါရှစ်သွယ်၊ ဆန်းတကြယ်တည့်၊ နာဖွယ်ကော်ရော်၊ မိန့်သံတော်လည်း၊ ကြားသော်ချမ်းမြေ့၊ နားဝင်တွေ့၏၊ မိုးစွေ့ခေါင်ရန်း၊ နှင်းဆီပန်းသို့၊ နီမြန်းတျာတျာ၊ လျှာတော်မှာလည်း၊ ဟသ်ာပြဒါး၊ ပတ္တမြားသွေး၊ တွတ်တွတ်စွေး၏၊ ဖြူဖွေးသန့်ရှင်း၊ ခရုသင်းသို့၊ မယွင်းတူဖွယ်၊ သွားတော်ဝယ်လည်း၊ လေးဆယ် ပြည့်စုံ၊ အံ့မျိုးပုံသား၊ သုံးဘုံထင်ပေါ်၊ တုမမြော်သည်။ ။ ရှင်တော်မောင့်ဘ ပိတာတည်း။

၈။ နှိုင်းရာမထင်၊ ကိုယ်တော်တွင်မူ၊ ကေရှင်ညွှန့်ထွား၊ မျက်စဉ်းလားသို့၊ ရွှေပြားပမာ၊ စင်ကြယ်စွာလျှင်၊ ပြစ်ဆာမမြော်၊ နဖူးတော်နှင့်၊ အံ့အော်ဆန်းထူး၊ ကဲလွန်ကြူးမျှ၊ သောက်ရှုး ကြယ်သွင်၊ ဖွေးဖွေးစင်သား၊ မွေးရှင်တော်ရုံ၊ ဥဏ္ဏာလုံလည်း၊ တိမ်ဘုံလစန်း၊ လျှပ်နွယ်ပန်းသို့၊ ပတ်သန်းလင်းပွင့်၊ ရောင်ဖြူ ဝင့်သည်၊ သုံးဆင့်ဘုံတိုက်၊ ထွက်မကိုင်မူ၊ ရန်မိုက်ဖြတ်လှည်း၊ မောင်ခမည်းဟု၊ သားသည်းချာမြတ်၊ ရာဟုနတ်ကို၊ ညွှန်လတ် တုံလျက်၊ ဂါထာမြွက်သည်။ ။ အချက် သေသေချာချာတည်း။

၉။ မောင့်ဘသရေထွန်းပတွေကို၊ စေ့ရေနိုင်းလို၊ ပမာဆိုပိမ့်၊ မြင့်မိုရ်လှည့်သည်၊ ကောင်းကင်စည်မျှ၊ ရောင်ခြည်ဝင်းဝါ၊ ကြယ်တာရာတို့၊ ရံကာဝန်းကျင်၊ လေလမ်းနှင်သည်၊ ငွေစင် လစန်း၊ သော်တာနန်းလျှင်၊ ရောင်ပန်းပွင့်ဝေ၊ ကြွမြန်းလေသို့၊ မုနေသဘ၊ သံဃိန္ဒလျှင်၊ များလှ

www.dhammaransi.com



သောင်းသောင်း၊ တပည့် ပေါင်းတို့၊ ခညောင်းရံကာ၊ လယ်ချက်ချာက၊
ခြောက်ဖြာ ရောင်ခြည်၊ ပတ်ဝန်းလည်နှင့်၊ ရွှင်ကြည်ဖွယ်ရာ၊ ကြွမူလာ၏၊
ရှုပါခလှည့်၊ သားမောင်ကြည့်ဟု၊ နွမ်းသည့်မူရာ၊ မင်းဗိမ္ဗာလျှင်၊
လေသာလှစ်ဖွင့်၊ ပြည့်ဆွန်လင့်သည်။ ။ ဖခင့်ရွှေတောင့် ရုပ်ဝါတည်း။

## ခုနစ်ဝါနက်၊ သိရီဂုဏ်တော်ဆက်

ထိုမှတစ်ပါး--ခုနစ်ဝါဆိုခါနီး သာဝတ္ထိပြည် ကဏ္ဍမ္ဗသရက်ပင်ရင်း၌ တန်ခိုးပြာဋိဟာ ပြတော်မူသောအခါ၌ မြတ်စွာဘုရား၏ တင့်တယ်တော်မူခြင်းတည်းဟူသော သိရီဂုဏ်တော်သည်ကား လောက၌ အလွန်ထင်ရှားလှ၏၊ ထိုကျက်သရေကို ဖူးမြင်ရသော သတ္တဝါတို့မှာ နတ်, ဗြဟ္မာတို့ကို မဆိုထားဘိ လူပရိသတ်များသည်ပင်လျှင် အဝန်းသုံးဆယ့်ခြောက်ယူဇနာရှိလေ၏၊ ထိုသုံးဆယ့်ခြောက်ယူဇနာအဝန်းရှိသော ပရိသတ်ဗိုလ်ထုကြီးသည် ဝါဆိုလပြည့်နေ့က မြတ်စွာဘုရား၏ ကျက်သရေတော်အနန္တတို့ကို ဖူးတွေ့ရသောအခါ ထိုကျက်သရေတော်တို့၌ သဒ္ဓါ, ပီတိ, ပဿဒ္ဓိတရားတို့ဖြင့် ဖဲခွါ၍မသွားနိုင်အောင် စိတ်စွဲ၍ နေကြလေသောကြောင့် တန်ခိုးပြတော်မူ၍အပြီး ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် တာဝတိံသာသို့ ကြွတော်မူသော်လည်း ပရိသတ် အစည်းအရုံး မကွဲပဲ မြတ်စွာဘုရားကိုသာ ဝါတွင်းသုံးလပတ်လုံး မြော်လင့်တောင့်တသော အာသာဖြင့် ကွင်းလဟာပြင်ကြီးထဲမှာ မိုးခို၍နေကြကုန်၏။

[ဤသို့ဖြစ်ခြင်းမှာ မြတ်စွာဘုရား၏ အသရေတော် တည်းဟူသော သိရိဓာတ်က သတ္တဝါတို့၏ စိတ်ဓာတ်ကို ဆွဲဆောင်ခြင်းကြောင့် ဖြစ်လေသည်။]

**တန်ခိုးပြအဆုံး- တာဝတိံသာကြွထုံး** ။ တန်ခိုးပြဋိဟာ ပြတော်မူ၍ အပြီးတွင် တာဝတိံသာသို့ ဝါဆိုတော်မူရန် ကြွတော်မူသောအခါ တစ်သောင်းသော လောကဓာတ်မှ နတ်, ဗြဟ္မာပေါင်းများစွာတို့သည် မြတ်စွာဘုရား၏ ထံတော်ပါးမှာ ခစားဆည်းကပ်လာကြကုန်၏၊ ကုဋေပေါင်း ရစ်သောင်းမျှလောက်ကုန်သော နတ်, ဗြဟ္မာတို့တွင် တစ်စုံတစ်ဦးသော နတ်, ဗြဟ္မာမှလည်း မြတ်စွာဘုရား၏ အဆင်းအသရေတော်ကိုလွန်၍ တင့်တယ်သည်မရှိ၊ မြတ်စွာဘုရားကိုယ်တော် တစ်ပါးတည်းသာလျှင် အလုံးစုံသော နတ်,ဗြဟ္မာတို့၏ အဆင်းအသရေကို လွှမ်းမိုးအုပ်ခြုံ၍ သာလွန်တော်မူလေသည်။

www.dhammaransi.com



## ဘုရားရှုပအဆင်း-နတ်, ဗြဟ္မာကိုလွှမ်းမိုးခြင်း

န ကောစိ ဒေဝေါ ဝဏ္ဏေန၊ သမ္ဗုဒ္ဓံ အတိရောစတိ။
သဗ္ဗေ ဒေဝေ အတိက္ကမ္မ၊ သမ္ဗုဒ္ဓေါဝ ဝိရောစတိ။

ကောစိ=တစ်စုံတစ်ဦးသော၊ ဒေဝေါ=နတ်,ဗြဟ္မာသည်၊ ဝဏ္ဏေန= အဆင်းအသရေဖြင့်၊ သမ္ဗုဒ္ဓံ=မြတ်စွာဘုရားကို၊ န အတိရောစတိ=လွန်၍ မတင့်တယ်နိုင်၊ သမ္ဗုဒ္ဓေါဝ=မြတ်စွာဘုရားသည်သာလျှင်၊ သဗ္ဗေဒေဝေ=အလုံးစုံသော နတ်, ဗြဟ္မာတို့ကို၊ ဝဏ္ဏေန=အဆင်းအသရေတော်ဖြင့်၊ အတိက္ကမ္မ=လွှမ်းမိုး၍၊ ဝိရောစတိ= တင့်တယ်တော်မူ၏။

## အံ့ဩဖွယ်တန်ခိုး-ထက်ဘဝဂ်, အဝီစိမြင်ရိုး

တာဝတိံသာနတ်ပြည်တွင် သတ္တမဝါဆိုတော်မူလျက် အဘိဓမ္မာတရားကို ဟောကြားတော်မူပြီး၍ ဝါကျွတ်သောနေ့တွင် ဘုရား၏ ကျက်သရေတော်ဖြင့် တာဝတိံသာမှ သင်္ကဿနဂိုရ်ပြည်သို့ ဆင်းခန်းတွင်လည်း ထူးဆန်း အံ့ဩဖွယ်သော ကျက်သရေတို့သည် ဖြစ်ပေါ်ကုန်၏၊ ထိုအခါ သင်္ကဿနဂိုရ်ပြည်နှင့် တာဝတိံသာသည် ရွှေလမ်း, ငွေလမ်း, ပတ္တမြားလမ်း စောင်းတန်းကြီး သုံးသွယ် ပေါက်လေ၏၊ မြတ်စွာ ဘုရား၏ တန်ခိုးအားဖြင့် အထက်ဘဝဂ် အောက်အဝီစိ ဗိလာအားဖြင့် စကြဝဠာပေါင်း တစ်သိန်းကျော်အတွင်းမှာ ဟင်းလင်းအပြင်ကြီး ဖြစ်၍ ထုတ်ချင်းပေါက် မြင်နိုင်ကုန်၏၊ ထိုအခါ လူ, နတ်, ဗြဟ္မာတို့သည် အချင်းချင်းပြုံးပြွမ်းရောထွေးကြကုန်လျက် လောကကြီးတစ်ဝန်းလုံးနှင့်ဆိုင်သော ပွဲသဘင်ကြီးဖြစ်လေ၏၊ မြတ်စွာဘုရားသည် ရောင်ခြည်တော် ခြောက်သွယ်ကို လွှတ်ပြီးလျှင် ပတ္တမြားစောင်းတန်းဖြင့် သက်ဆင်းတော်မူ၏၊ ဗြဟ္မာတို့သည် လက်ျာငွေစောင်းတန်းဖြင့် သက်ဆင်းကြကုန်၏၊ နတ်တို့လည်း လက်ဝဲ ရွှေစောင်းတန်းဖြင့် သက်ဆင်းကြကုန်၏၊ ဗြဟ္မာမင်းကြီးသည် မြတ်စွာဘုရားအား ထီးဖြူဆောင်း၍လိုက်၏၊ သုယာမနတ်သည် သားမြီးယပ်ကို တလွှဲလွှဲခပ်၍ လိုက်၏၊ မာတလိနတ်သားသည် ပန်းနံ့သာတို့ကို ပူဇော်၏၊ ပဉ္စသိခနတ်သား သည် ဗေလုဝနတ်စောင်းကို တီး၍လိုက်၏။

**အရှင်သာရိပုတ္တရာ-။**
**ခရီးဦးဆီးကြိုကာ**

။ဤသို့ အနန္တလောက ဓာတ်၏ကျက်သရေ အမျိုးမျိုးကို တန်ခိုးဖြင့် နှိပ်နင်း၍ တာဝတိံသာမှ သက်ဆင်းတော်မူလာသော မြတ်စွာဘုရားကို အရှင်သာရိပုတ္တရာသည် သင်္ကဿနဂိုရ်ပြည် စောင်းတန်း

www.dhammaransi.com



ဦးမှ ခရီးဦးဆီးကြိုလေ၏၊ မြတ်စွာဘုရားကလွဲလျှင် ပြိုင်ယှဉ်ဖက်မရှိအောင် ပညာအထူကြီးမားလှသော အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး၏ ဉာဏ်တော်မှာပင် ဘုရားကျက်သရေတော်ကို မြင်သောအခါ မအံ့ဩပဲ မနေနိုင်သောကြောင့်-

## ဘုရားကျက်သရေပွဲ-ချီးကျူးခန်း

န မေ ဒိဋ္ဌော ဣတော ပုဗ္ဗေ၊ န သုတော ဥဒ ကဿစိ။
ဧဝံ ဝဂ္ဂုဂတော သတ္ထာ၊ တုသိတာ ဂဏိမာ ဂတော။

ဟူသောဂါထာဖြင့် ချီးကျူးတော်မူလေသည်။

ဧဝံ ဝဂ္ဂုဂတော=ဤကဲ့သို့ ကျက်သရေကြီးမားစွာနှင့် ကြွတော်မူလာသော၊ သတ္ထာ=မြတ်စွာဘုရားကို၊ ဣတော=ဤအခါမှ၊ ပုဗ္ဗေ=ရှေးကာလ၌၊ မေ=ငါသည်၊ နဒိဋ္ဌော=မြင်လည်း မမြင်စဖူး၊ ဥဒကဿစိ=တစ်စုံတစ်ဦးသော သူ၏ထံမှလည်း၊ နသုတော=ကြားလည်းမကြားစဖူး၊ တုသိတာ=လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းကို နှစ်သက်တော်မူစေနိုင်သော၊ ဂဏိမာ=လူအပေါင်း, နတ်အပေါင်း, ဗြဟ္မာ အပေါင်းတို့၏အရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ ဂတော=ကြွလာတော်မူခဲ့လေပြီ။

[ဤယမိုက်ပြာဋိဟာပြခန်း, တာဝတိံသာမှ သက်ဆင်းတော်မူခန်းတို့၌ဖြစ်သော မြတ်စွာဘုရား၏ ကျက်သရေတော်များသည် တစ်သောင်းသောစကြဝဠာ၌ ရှိနေကြကုန်သော နတ်, ဗြဟ္မာတို့နှင့်တကွ သုံးဆယ့်ခြောက်ယူဇနာ အဝန်းရှိသော လူပရိသတ်တို့ ဒိဋ္ဌတွေ့မြင်ရ၍ အလွန်ကြီးကျယ်ထင်ရှားသော ဘုရားကျက်သရေ ပွဲတော်ကြီးဖြစ်လေ၏။]

## အလှကျက်သရေတွင်မက-အသံကျက်သရေကလည်းချိုမြ

မြတ်စွာဘုရား၏ ရူပကာယကျက်သရေတော်သာလျှင် စကြဝဠာဏ်နှင့်ပြည့်စုံသော သတ္တလောကကြီး၏အလယ်၌ တင့်တယ်သောကျက်သရေ ကြီးဖြစ်သည်သာ မဟုတ်သေး၊ မြတ်စွာဘုရား၏ အသံတော်သည်လည်း သောတဝိညာဏ်နှင့်ပြည့်စုံသော သတ္တလောကကြီးအလယ်မှာ လွန်စွာကျက်သရေရှိလေသည်ပင် ဖြစ်၏၊ လောက၌ ရှိရှိသမျှသော အသံသဒ္ဒါရုံ အမျိုးမျိုးတို့၏ အသရေကို နှိပ်နင်း၍ မြတ်စွာဘုရား၏ အသံတော်ကိုကြားရလျှင် ရန်သူသတ္တဝါတစ်ဦး လိုက်သဖြင့် ပြေး၍နေသောသတ္တဝါပင်သော်လည်း နောက်ကသတ်ဖြတ်ရန် လိုက် လာသော ရန်သူဘေးကို မတွေးမကြောက်နိုင်ပဲ မြတ်နှ

www.dhammaransi.com



ဘုရား၏ အသံတော်ကိုသာ စိုက်၍ နားထောင်ရလေ၏၊ နောက်ကလိုက်သော ရန်သူသည်လည်း ရှေ့ကပြေးလေသော ရန်သူကိုသတ်မည်ကြိတ်ခဲထားသော စိတ်အစွဲကို မေ့လျော့ပြီးလျှင် မြတ်စွာဘုရား၏ အသံတော်ကိုသာ တန့်၍ နားစိုက်ရလေ၏။

ဟတ္ထိကန္တမည်သော စောင်းသံကို ကြားသောအခါ အမုန်ယစ်သော ဆင်ပေါင်းများစွာတို့ပင်သော်လည်း အမုန်ယစ်ခြင်း ပြေပျောက်၍ ဟတ္ထိကန္တ စောင်းသံ၌သာလျှင် နားစိုက်ကြကုန်ဘိသကဲ့သို့ မြတ်စွာဘုရား၏ အသံတော်ကို ကြားရသောအခါ ကိလေသာဖြင့် အမုန်ယစ်သော သူတို့ပင်သော်လည်း ပြေပျောင်းသော စိတ်ရှိကြကုန်သည်ဖြစ်၍ အသံတော်၌သာ နားစိုက်ကြရလေကုန်၏။

## မျက်စိဂုဏ်, နားဂုဏ်, ကုသိုလ်ဟုန်

မျက်စိအရသာကို ဆောင်သော ရူပါရုံအမျိုးမျိုးတို့တွင် မြတ်စွာဘုရား၏ အဆင်းတော် ကျက်သရေသည် အလွန်အကဲဆုံးဖြစ်၏၊ နား၏အရသာကို ဆောင်သော သဒ္ဒါရုံအမျိုးမျိုးတို့တွင် မြတ်စွာဘုရား၏ အသံတော် ကျက်သရေတော်သည် အလွန်အကဲဆုံးဖြစ်၏၊ မြတ်စွာဘုရား၏ အဆင်းတော်ကျက်သရေသည် သတ္တဝါတို့၏ ဒဿနာနုတ္တရိယ ကုသိုလ်ထူးကို ဖြစ်ပွါးစေနိုင်၏၊ မြတ်စွာဘုရား၏ အသံတော်ကျက်သရေသည် သတ္တဝါတို့၏ သာဝနာနုဿရိယ ကုသိုလ်ထူးကို ဖြစ်ပွါးစေနိုင်၏၊ မြတ်စွာဘုရားတို့ ပွင့်တော်မူသောအခါမှသာလျှင် လောက၌ ဖြစ်ပေါ်လာသော မြတ်စွာဘုရား၏ အဆင်းတော် အသံတော်များသည် လောက၌ ဒုလ္လဘကျက်သရေတော်ကြီးများဖြစ်ပေ၏၊ ယခုအခါ ဗုဒ္ဓမြတ်စွာ၏သာသနာတော်နှင့် တွေ့ကြုံရသည်ဆိုသော်လည်း လက်ထက်တော်နှင့် မကြုံကြိုက်ကြရကုန်သဖြင့် မြတ်စွာဘုရား၏ အဆင်းတော် အသံတော် တည်းဟူသော ကျက်သရေလာဘ်ကြီးမှ လွဲကြရလေကုန်သည်၊ သို့ရာတွင် သာသနာတော်အရိပ်ကို ခိုလှုံရသေးသည်နှင့် ကျမ်းဂန်တို့၏အဆိုအားဖြင့် မြတ်စွာဘုရား၏ အဆင်းတော်, အသံတော်ကျက်သရေများကို ကြားသိရခြင်းသည်ပင်လျှင် ဒုလ္လဘတစ်မျိုးကို ရသည်မည်လေ၏၊ သာသနာပအခါ၌ ဖြစ်ပါမူကား ထိုကဲ့သို့ အဆင်းတော် အသံတော်များ၏ မည်သို့မည်ပုံဟူသော အကြောင်းအရာများကိုပင် မကြားမသိရအောင် ရှုံးခြင်းကြီး ရှုံးကြရကုန်၏၊ စာပေကျမ်းဂန်အတွေ့အားဖြင့် အဆင်းတော်, အသံတော်ကျက်သရေများကို ရေးသား ရသည်ဆိုသော်လည်း ပကတိအဆင်းတော်, အသံတော်များကို အပုံတစ်သိန်းစိပ်၍

www.dhammaransi.com



တစ်စိပ်မျှမှိအောင် ရေးသားချီးမွမ်းနိုင်ကြသည်မဟုတ်ချေ၊ ထိုပကတိ အဆင်းတော်, အသံတော်များကို ဖူးမြင်ကြားနာရသော သူတို့သည် ရှေးကုသိုလ် အဟုန်များ၍ ဘုန်းကျက်သရေကြီးမားသော သူတို့သာလျှင် ဖြစ်ကြကုန်၏။

[ထိုကြောင့် ဝေါတမီအပဒါန်တွင် အောက်၌ပါသော ဂါထာတို့ဖြင့် မိထွေးတော် ဝေါတမီက မြတ်စွာဘုရားကို လျှောက်ထားလေသည်။]

## သားလှဗုဒ္ဓင်-ဂုဏ်ထူးတင်

၁။ ဒီဃင်္ဂုလီ တမ္ဗနခေါ သုဘေ အာယတပဏှိကေ။
ယေ ပါဒေ ပဏာမိဿန္တိ၊ တေပိ ဓညာ ဂုဏန္ဓရ။

၁။ ဂုဏန္ဓရ-ကျက်သရေဘုန်းရောင် ဂုဏ်ကိုဆောင်သည့် အခေါင်ထွတ်ထားမြတ်ဘုရား၊ ဒီဃင်္ဂုလီ-ရှည်သွယ်ပြေပြစ်သော ခြေချောင်းတော်လည်းရှိတော်မူထသော၊ တမ္ဗနခေ-ချိပ်ရည်ဆွတ်ဖျန်း လယ်ခေါင် ရန်းကဲ့သို့ နီမြန်းသော ခြေသည်းတော်လည်းရှိတော်မူထသော၊ အာယတပဏှိကေ-ရှည်သွယ်သော ခြေဖနောင့်တော်လည်းရှိတော်မူထသော၊ သုဘေ-လက္ခဏာဆန်းကြယ် ရာ့ရှစ်သွယ်တို့ဖြင့် တင့်တယ်တော်မူထသော၊ တေ-ရှင်ပင်မြတ်ဘုရား၏၊ ပါဒေ-ခြေတော်တို့ကို၊ ယေ-အကြင်သူတို့သည်၊ ပဏာမိဿန္တိ-ကြည်ညိုမြတ်နိုး ရှိခိုးဝပ်တွားကြရကုန်၏၊ တေပိ-ထိုသူတို့သည်လည်း၊ ဓညာ-ရှေးကုသိုလ်ထက်သန်၍ ဘုန်းကံကြီးမားကြပေကုန်စွ။

## လစန်းခြသေ့်-လှရဲလေ့

၂။ နဒတော ပရိသာယံ တေ၊ ဝါဒိတဗ္ဗပဟာရိနော။
ယေ တေ ဒက္ခန္တိ ဝဒနံ၊ ဓညာ တေ နရပုင်္ဂဝ။

၂။ နရပုင်္ဂဝ-လူတို့ရှေ့သွား မြတ်ဘုရား၊ ပရိသာယံ-ပရိသတ်လေးပါးအလယ်၌၊ ဝါဒိတဗ္ဗပဟာရိနော-နတ်စည်ကို ဆော်ယွမ်းဘိသကဲ့သို့ နှုတ်ခမ်းတော်မြတ်အစုံကို ထိတုံဖွင့်တုံ တီးခတ်တော်မူလျက်၊ နဒတော-နဒန္တဿ-ခြသေ့်မင်းကဲ့သို့ ရဲတင်းတည်ကြည် တရားစည်ကို ခတ်တီး၍ ကြည်းဟီးကျူးရင့်တော်မူဆဲဖြစ်သော၊ တေ-ရှင်ပင်မြတ်ဘုရား၏၊ ဝဒနံ-လစန်းငွေသော် မျက်နှာတော်ကို၊ ယေ-အကြင်သူတို့သည်၊ ဒက္ခန္တိ-ဖူးမြင်ကြရကုန်၏၊ တေ-ထိုသူတို့သည်၊ ဓညာ-ရှေးကုသိုလ်ထက်သန်၍ ဘုန်းကံကြီးမားကြပေကုန်စွ။

www.dhammaransi.com



## တရားနာရ-ဘုန်းကြီးစွ

၃။ မစ္ဆရာနိ ပဟဋ္ဌာနိ၊ ဒေါသဃ္ဃါနိ ဟိတာနိစ။
ယေ တေ ဝါကျာနိ သောဿန္တိ၊ တေပိ ဓညာ နရုတ္တမ။

၃။ နရုတ္တမ=လူမြတ်ထွတ်မျှ ပုဂ္ဂိုလ်ထူးဖြစ်တော်မူသော မြတ်စွာဘုရား၊ မစ္ဆရာနိ=ဆိုမိန့်သာယာ ချိုမြိန့်စွာကုန်ထသော၊ ပဟဋ္ဌာနိ=ကြားသူ၏ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက်စေကုန်ထသော၊ ဒေါသဃ္ဃါနိ=အပြစ်မျိုးမှ ကင်း၍သန့်ရှင်း စင်ကြယ်ကုန်ထသော၊ ဟိတာနိစ=ကြားတိုင်း, နာတိုင်း, မဆိုင်းမတွ အကျိုးရစေ နိုင်ကုန်ထသော၊ တေ=ရှင်ပင်မြတ်ဘုရား၏၊ ဝါကျာနိ=စကားတော်တို့ကို၊ ယေ= အကြင်သူတို့သည်၊ သောဿန္တိ=ကြားနာကြရကုန်၏၊ တေပိ=ထိုသူတို့သည်လည်း၊ ဓညာ=ရှေးကုသိုလ် ထက်သန်၍ ဘုန်းကံကြီးမားကြပေကုန်စွ။

**[ကျက်သရေအမျိုးမျိုး ပြိုင်ဆိုင်၍နေရာ မြတ်ဘုရား၏ကျက်သရေတော်က သာလွန် ကြောင်းကိုလည်း ဓမ္မပဒဗြာဟ္မဏဝဂ် အာနန္ဒထေရဝတ္ထုဖြင့်လည်း ထင်ရှား၏။]**

## ဝတ္ထုအမြွက်-ပြဆိုချက်

ထိုဝတ္ထုအမြွက်သော်ကား---မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဝိသာခါ ဆောက်လုပ်သော ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ်အခါ မဟာ ပဝါရဏာပြုသော လပြည့်နေ့ ညနေချမ်းတွင် အနောက်လောကဓာတ်သို့ နေ,လည်းမဝင်သေး အရှေ့လောကဓာတ်မှ လ, ကလည်း ထွက်ခါစ ကောသလ မင်းကြီးကလည်း ရတနာအမျိုးမျိုးတို့ဖြင့် ထိန်ထိန်တောက်သော မင်းမြောက် တန်ဆာတို့ကို ဆင်ယင်၍ မြတ်စွာဘုရားထံတော်ပါး၌ ခစား၍နေ၏၊ ရှင် သာရိပုတ္တရာ မထေရ်သည်လည်း မြတ်စွာဘုရား၏ မနီးမဝေးမှာ ဈာန်ဝင်စား၍ ရဟန္တာတို့၏ကျက်သရေဖြင့် နေတော်မူ၏။

ထိုအခါ ရှင်အာနန္ဒာသည် ဝင်ခါနီးဖြစ်သော နေ၏ကျက်သရေ, ထွက်ခါစ ဖြစ်သော လပြည့်ဝန်း၏ကျက်သရေ, မင်းမြောက်တန်ဆာတို့ဖြင့် ပြောင်ပြောင် တောက်၍နေသော ကောသလမင်းကြီး၏ ကျက်သရေ, ဈာန်,သမာပတ် ဝင်စား၍နေသော ရဟန္တာ၏ကျက်သရေတို့ကို ကြည့်ရှုပြီးလျှင် မြတ်စွာဘုရား၏ ကျက်သရေတော်ကို ဖူးမြော်လေသောအခါ အလုံးစုံသော ကျက်သရေတို့ထက် သာလွန်၍နေသည်ကို မြင်၍ ကြည်ညိုလှသောကြောင့် ဘုန်းတော်ကြီးသော အရှင်ဘုရား အလုံးစုံသောကျက်သရေ အရောင်အဝါတို့ထက် အရှင်မြတ်၏ ကျက်သရေတော်သာလျှင် လွန်ကဲ၍ တင့်တယ်ပါသည်ဟူ၍ လျှောက်သည်တွင်

www.dhammaransi.com



အောက်ပါဂါထာကို မြတ်စွာဘုရား ဟောကြားတော်မူလေ၏၊

## လေးမျိုးကျက်သရေ-လွန်ကဲလေ၏

ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိံ မာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗ မဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။

အာဒိစ္စော=ရောင်ခြည်တစ်ထောင် ထွန်းပြောင်ထိန်လင်း ရှင်နေမင်းသည်၊ ဒိဝါ=နေ့အခါ၌သာလျှင်၊ တပတိ=ထွန်းလင်းကျက်သရေ တင့်တယ်လေ၏၊ စန္ဒိမာ=ယုန်ဖြူလနန်း သော်တာစန်းသည်၊ ရတ္တိံ=ညဉ့်အခါ၌သာလျှင်၊ တပတိ=ထွန်းလင်းကျက်သရေ တင့်တယ်လေ၏၊ ခတ္တိယော=ရေမြေသေဌ်နင်း ပြည့်ရှင်မင်းသည်၊ သန္နဒ္ဓေါ=ရတနာစိန်ကျောက် ထိန်ထိန်တောက်သည့် မင်းမြောက်တန်ဆာ ဆင်ယင်ခါမှသာလျှင်၊ တပတိ=ထွန်းလင်းကျက်သရေ တင့်တယ်လေ၏၊ ဗြာဟ္မဏော=ကိလေသာကုန်ခန်းသော ရဟန္တာပုဂ္ဂိုလ်သည်၊ ဈာယီ=အဘိညာဉ်ဝင်စား ဈာန်ကစားမှသာလျှင်၊ တပတိ=ထွန်းလင်းကျက်သရေ တင့်တယ်လေ၏၊ အထ=စင်စစ်သော်ကား၊ ဗုဒ္ဓေါ=မြတ်စွာဘုရားသည်သာလျှင်၊ တေဇသာ=ကျက်သရေတန်ခိုး တင့်တယ်ခြင်းအမျိုးမျိုးဖြင့်၊ သဗ္ဗမဟောရတ္တိံ=နေရောညဉ့်ပါ ဘယ်ခါမဆိုင်း အချိန်တိုင်းပင်၊ တပတိ=ထွန်းလင်းကျက်သရေ တင့်တယ်တော်မူပေ၏။

ကပ်ကမ္ဘာက ကုသိုလ်တွေ ။
တစ်လုံးထဲ စုပေးလေ

။ ဤကဲ့သို့ ဆိုအပ်ပြီးသောအတိုင်း သိရီဘုန်းတော်ကို ရရှိတော်မူခြင်းမှာ သာမညဖြစ်သောပုဂ္ဂိုလ်တို့၏ သေးသိမ်သောကံပါရမီတို့ကြောင့် ရရှိတော်မူသည်မဟုတ်၊ ကပ်ကမ္ဘာ အသင်္ချေ ပေါင်းများစွာတို့က ဖြည့်ဆည်းပူးတော့မူအပ်သော ပါရမီလုံးစုံ ကျေးဇူးဂုဏ်တို့သည် တစ်ဟုန်တည်းစုဆုံ၍ အကျိုးပေးခြင်းရှိတော် မူသဖြင့်သာလျှင် ဤကဲ့သို့ အနန္တ, အပ္ပမေယျဖြစ်သော သိရီဘုန်းတော်များကို ရရှိတော်မူခြင်း ဖြစ်လေသည်၊ ဆိုအပ်ပြီးသော ပါရမီတော်တို့သည် အန္တိမဘဝိကဖြစ်သော မြတ်စွာဘုရား၏ သန္တာန်တော်၌ ဇနက, ဥပထမ္ဘက ကိစ္စဖြင့်စုပုံ၍ အကျိုးပေးသဖြင့် ဥပမာ မြောင်းပေါင်း အသင်္ချေ စီးဆင်းရန်ဖြစ်သောရေတို့ကို မြစ်ကြီးတစ်ခုထဲမှာ ဆုံ၍ အကုန်လွှတ်အပ်သော ရေဟုန်ရေယဉ်ကြီးကဲ့သို့လည်းကောင်း, ထင်း, မီးစာပေါင်း အသင်္ချေ တစ်ကွဲတစ်ပြားစီ တောက်လောင်ရန်ဖြစ်သောမီးတို့ကို တစ်ပုံတစ်စု

www.dhammaransi.com



တည်း စု၍လောင်စေအပ်သော မီးပုံမီးတောက်ကြီးကဲ့သို့လည်းကောင်း, စကြဝဠာတစ်ခု၌ တစ်ဝန်းစီတစ်ဝန်းစီ ထွန်းတောက်ပသော လပေါင်းအသင်္ချေတို့ကို တစ်ပေါင်းတည်းစု၍ သာစေအပ်သော လရောင်ကဲ့သို့လည်းကောင်း, ဘဝတစ်ခုထဲ၌စု၍ အကျိုးပေးသော ပါရမီတော်တို့၏ အကျိုးဖြစ်သော ကျက်သရေတော်၏ ကြီးမားမြင့်မြတ်ပုံကို သိအပ်၏၊ ဤသိရိဘုန်းတော်နှင့် ပြည့်စုံတော်မူသော ကြောင့်လည်း ဘဂဝါမည်တော်မူသည်။

[ဤကား သိရိဘုန်းတော်နှင့်စပ်၍ ဆိုအပ်သောစကားရပ်ပေတည်း။]

## ကာမဘုန်းတော်-ဆက်ခန်းဖေါ်

(င) သူတစ်ပါးတို့၏ အကျိုးတို့ကို စင်ကြယ်မွန်မြတ်သော ဆန္ဒတော်ဖြင့် လိုလားမှု, ထိုသို့သူတစ်ပါးတို့၏အကျိုးကို လိုလားတော်မူသည့်အတိုင်း သူတစ်ပါးတို့၏အကျိုးပြီးစီးမှုများကို **ကာမဘုန်းတော်** ဆိုသည်။

သူတစ်ပါးတို့၏ အကျိုးစီးပွားကို လိုတိုင်း ပြီးစီးစေနိုင်သည်ကို ဆိုသဖြင့် ကိုယ်တော်မြတ်၏အကျိုးကို လိုတိုင်းပြီးစီးစေနိုင်ပုံကို အထူးပြောဆိုရန် အကြောင်းမရှိချေ၊ ကိုယ်တော်မြတ်၏အကျိုးပြီးစီးခြင်းမှာ ဗောဓိမဏ္ဍိုင်၌ သစ္စာလေးပါးကို သိတော်မူပြီးလျှင် ဘုရားဖြစ်သည်နှင့် တစ်ပြိုင်နက် တစ်ကိုယ်ကောင်းကြံပါလျှင် ပြီးစီးပြီးပင် ဖြစ်လေသည်၊ လေးဆယ့်ငါးဝါကာလပတ်လုံး အစဉ်မပြတ် ဗုဒ္ဓကိစ္စတော်မြတ်ကို ဆောင်ရွက်တော်မူသည်မှာ သတ္တဝါတို့၏ အကျိုးကို လိုလားမှု, သတ္တဝါ တို့၏အကျိုးကို ပြီးစီးစေမှုအတွက်ကြောင့်သာလျှင် ဖြစ်လေသည်၊ အန္တိမဖြစ်သော သိဒ္ဓတ္ထကုမာရဘဝတွင်သာ ကိုယ်တော်မြတ်၏ အကျိုးတော် ပြီးစီးနိုင်သည်မဟုတ်သေး၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလကပင် မထင်မရှားသော ရဟန္တာအသွင်နှင့် နိဗ္ဗာန်ဝင်လိုပါတပြီးကား ထိုအခါကပင်လျှင် ကိစ္စပြီးစီးနိုင်ရာ၏၊ သတ္တဝါတို့၏အကျိုးငှါသာ လျှင် ထိုအခါကာလက လက်ရောက် ရလုနီးနီးဖြစ်သော နိဗ္ဗာန်ချမ်းသာကို လွှတ်တော်မူ၍ ကမ္ဘာပေါင်းများစွာ သံသရာ၌ ကျင်လည်တော်မူရလေသည်။

**ကာမဘုန်းတော်-** ။ ။ မြတ်စွာဘုရား၏ ကာမဘုန်းတော်တန်ခိုးဖြင့် အကျိုး ပြီးစီးကြသော သတ္တဝါအပေါင်းမှာ နှစ်ဆယ့်လေး

**သတ္တဝါ၂၄-သင်္ချေကျော်**

သင်္ချေကျော်ကျော်မျှ ရှိကြလေ၏၊ နှစ်ဆယ့်လေးသင်္ချေဟူသော အရေအတွက်မှာ လောကုတ္တရာတရားအထူးကို ရရှိသောသူတို့ကိုသာ ရည်၍ဆိုသည်၊ နတ်ပြည်,

www.dhammaransi.com



ဖြဟ္မာပြည်တည်းဟူသော သုခဘုံသို့ ရောက်ရှိခံစားရခြင်းအားဖြင့် အကျိုးပြီးစီးကြသောသတ္တဝါတို့ကိုမူကား ရေတွက်နိုင်ရန်အကြောင်း အသင်္ချေပေါင်း အသင်္ချေမကအောင်ပင် ရှိရာ၏၊ ယခုကာလသို့တိုင်အောင်ပင်သော်လည်း လူ့ပြည်, နတ်ပြည်စသော သုဂတိဘုံသို့ ရောက်ပေါက်ခံစားလျက် လောကီအကျိုးပြီးစီးကြရသည်မှာလည်း မြတ်စွာဘုရား၏ ကာမဘုန်းတော်အရှိန်အစော် ကြောင့်ပင်ဖြစ်လေ၏။ ကာမဘုန်းတော်ရိပ်ကို ခိုလှုံကြရသမျှသော သတ္တဝါ အပေါင်းတို့သည် အယုတ်ဆုံးအားဖြင့် လူ့ပြည်, နတ်ပြည်သို့ရောက်ခြင်းတည်းဟူသော အကျိုးပြီးစီးခြင်းကိုခံစားကြရကုန်၏၊ မဟာကရုဏာ သမာပတ္တိ ဉာဏ်တော် ပျံ့နှံ့သမျှ ကာမဘုန်းတော်သည်လည်း ကျယ်ပြန့်လေသည်။

[ဤ ကာမဘုန်းတော်နှင့် ပြည့်စုံတော်မူသောကြောင့်လည်း ဘဂဝါမည်တော်မူသည်။]

ပယတ္တဘုန်းတော်-ဆက်ခန်းဖေါ်

**တွန့်ဆုတ်မရှိ-စွန့်စား၏။** ။ (စ)အလုံးစုံသောဘုရားရှင်တို့၏ ပြုသင့်ပြုထိုက် ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သော ဗုဒ္ဓကိစ္စတော်ကို တွန့်တိုဆုတ်နစ်ခြင်းရှိတော်မမူပဲ ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ကြီးမားသော ဝီရိယတော်ဖြင့် ဆောင်ရွက်ခြင်းသည် ပယတ္တဘုန်းတော် မည်သည်။

[မြတ်စွာဘုရား၏ ကြီးမားသော ဝီရိယတော်ဓာတ် ဆိုလိုသည်။]

**ကိုယ်ကျိုးသက်သက်-ဝီရိယဓာတ်မဖက်** ။ ကိုယ်တော်၏အကျိုးသက်သက်ကြောင့် ထိုဝီရိယဓာတ်ကို ခိုင်ခံ့စွာမွေးမြူတော်မူရသည်မဟုတ်ပဲ ကာမဘုန်းတော်၌ ပြဆိုပြီးသောနည်းအတိုင်း သတ္တဝါတို့၏အကျိုးငှါ များစွာအားထုတ် ကြိုးစားတော်မူရလေသည်၊ ဤလောက၌ အလုပ်ကြီးကျယ်လေလေ ဝီရိယကိုကြီးမားစွာ ထူထောင်ရလေလေဖြစ်၏၊ သဘောပေါင်းများစွာ, အလုပ်ရုံပေါင်းများစွာတို့နှင့် အလုပ်အကိုင်ကို ထူထောင်၍ထားသော သူဌေးကြီးများသည် အချိန်အားလပ်သည်ဟူ၍ မရှိရပဲ ဝီရိယဓာတ်ကို မပြတ်နှိုးဆော်လျက် လုပ်ကိုင်ဆောင်ရွက်ရဘိသကဲ့သို့ မြတ်စွာဘုရားသည်လည်း အားလပ်သောအချိန်ကိုမထားပဲ ဝီရိယတည်းဟူသော တံခွန်အောင်လံကို အမြဲစိုက်ထူ၍ ဗုဒ္ဓကိစ္စတော်များကို ဆောင်ရွက်တော်မူရလေသည်၊ အနန္တလောကဓာတ်တို့၌ မြတ်စွာဘုရားသည် အလုပ်အကြီးဆုံးသော ပုဂ္ဂိုလ်ကြီးဖြစ်တော်မူ၏။

www.dhammaransi.com



## ဇာတိခေတ်အလုံး-အလုပ်ရုံအကြီးဆုံး

ဇာတိခေတ်ဟုဆိုအပ်သော စကြဝဠာပေါင်း တိုက်တစ်သောင်းသည် မြတ်စွာဘုရား၏ အလုပ်ရုံကြီးဖြစ်၏၊ ထိုအလုပ်ရုံကြီးကို တစ်ပါးတည်းအုပ်ချုပ်တော်မူ၍ အသာဓာရဏဉာဏ်တော် ခြောက်ပါးတို့ဖြင့် ထိုက်သင့်သည် အားလျော်စွာ စီမံ၍ ပယတ္တဘုန်းတော်တည်းဟူသော ဝီရိယဖြင့် သတ္တဝါတို့ကို သံသရာတည်းဟူသော ပင်လယ်ကြီးထဲမှ ကယ်ဆယ်တော်မူပြီးလျှင် မဂ္ဂင်တည်းဟူသော သင်္ဘောကြီးသို့ တင်တော်မူ၍ နိဗ္ဗာန်တည်းဟူသော သန္တိသုခဘုံကြီးသို့ ပို့ဆောင်ခြင်း တည်းဟူသော ကူးတို့မှူး လုပ်ငန်းကြီးကို နေ့စဉ်ဆောင်ရွက် လုပ်ကိုင်စီမံတော်မူသည်။

**လုပ်ငန်းငါးဖြာ-အကျဉ်းသာ။** ။ထိုကဲ့သို့ ခဲယဉ်း ကြပ်တည်းစွာသော လုပ်ငန်းကြီးကို မြတ်စွာဘုရားရှင်တို့မှတစ်ပါး ပစ္စေကဗုဒ္ဓါစသော အခြားပုဂ္ဂိုလ်တို့ လုပ်ဆောင် ခြင်းငှာ မအပ်မရာ မဆိုင်မပိုင်ချေ၊ ထိုကဲ့သို့ ကြီးကျယ်သောအလုပ်ကို လုပ်ကိုင်ရန် ဝီရိယတော်သည် နှိုင်းယှဉ်၍ပြဖွယ်ရာ ဥပမာမရှိအောင် ကြီးကျယ်လေ၏၊ မြတ်စွာဘုရားတို့ အမြဲဆောင်ရွက် လုပ်ကိုင်တော်မူသော ဗုဒ္ဓကိစ္စတော်ကြီးသည် ငါးပါးရှိ၏။

**ငါးပါးဆိုသည်ကား---**

၁။ ပုရေဘတ္တကိစ္စ-နံနက်ခင်းလုပ်ငန်း
၂။ ပစ္ဆာဘတ္တကိစ္စ-ညနေခင်းလုပ်ငန်း
၃။ ပုရိမယာမကိစ္စ-ညဉ့်ဦးယာမ်လုပ်ငန်း
၄။ မဇ္ဈိမယာမကိစ္စ-သန်းခေါင်ယာမ်လုပ်ငန်း
၅။ ပစ္ဆိမယာမကိစ္စ-မိုးသောက်ယာမ်လုပ်ငန်း

ဤငါးပါးတို့ပေတည်း။

ဤငါးပါးသောဗုဒ္ဓကိစ္စကြီးတို့သည် လောက၌အကျိုးရှိသော ကိစ္စကြီးများဖြစ်သည်၊ မြတ်စွာဘုရားသည် အကျိုးမဲ့သောကိစ္စများကို ဗောဓိမဏ္ဍိုင်၌ အရဟတ္တမဂ်ဖြင့် ပယ်သတ်ပြီး ဖြစ်လေ၏၊ ထို့ကြောင့် မြတ်စွာဘုရား၏ ကိစ္စတော်ဟူသမျှသည် အကျိုးရှိသောကိစ္စတို့သာလျှင် ဖြစ်ကုန်၏။

www.dhammaransi.com



နိရတ္ထကကိစ္စံ ဘဂဝတော ဗောဓိပလ္လင်္ကေယေဝ အရဟတ္တ မဂ္ဂေန သမုဂ္ဃါတံ ကတံ သာတ္ထကံယေဝ ပန ဘဂဝတော ကိစ္စံ ဟောတိ။

(သီလက္ခန်အဋ္ဌကထာ)

ဘဂဝတော=မြတ်စွာဘုရားသည်။ နိရတ္ထကကိစ္စံ=အကျိုးမဲ့သော ကိစ္စဟူသမျှကို၊ ဗောဓိပလ္လင်္ကေယေဝ=ဗောဓိပလ္လင်တော်ကပင်လျှင်၊ အရဟတ္တမဂ္ဂေန=အရဟတ္တမဂ်ဖြင့်၊ သမုဂ္ဃါတံ=အကြွင်းမဲ့ပယ်သတ်ခြင်းကို၊ ကတံ=ပြုအပ်၏၊ ပန=စင်စစ်မူကား၊ ဘဂဝတော=မြတ်စွာဘုရား၏၊ ကိစ္စံ=ကိစ္စဟူသမျှသည်၊ သာတ္ထကံယေဝ=အလုံးစုံ အကျိုးရှိသည်ချည်းသာလျှင်၊ ဟောတိ=ဖြစ်၏။

## လုပ်ငန်းငါးမျိုး-အကျယ်ပျိုး

### နံနက်လုပ်ငန်း-ကျယ်ပြခန်း-

ဆိုပြီးဗုဒ္ဓကိစ္စငါးပါးတို့တွင်---

၁။ ပုရေဘတ္တကိစ္စဆိုသည်ကား မြတ်စွာဘုရားသည် နံနက်စောစော ထတော်မူပြီးလျှင် အလုပ်အကျွေး ရဟန်းတို့ကို ချီးမြှောက်တော်မူခြင်းငှာလည်းကောင်း, ကိုယ်တော်မြတ်၏ ချမ်းသာစွာနှင့် သပ္ပါယ ဖြစ်ခြင်းငှါလည်းကောင်း, မျက်နှာတော်သစ်ခြင်းစသော ကိစ္စတို့ကို ပြုတော်မူပြီးလျှင် ဆွမ်းခံချိန်ကို ငံ့လင့်၍ နေတော်မူ၏၊ ဆွမ်းခံချိန်တိုင်သောအခါ သီရိဘုန်းတော်တွင် ပြဆိုပြီးသောအတိုင်း ဆွမ်းခံကြွတော်မူ၏၊ ဆွမ်းခံကြွရာမြို့, ရွာတို့၌ရှိနေကြသော ဒါယကာတို့၏ လှူဒါန်းသောဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူပြီးလျှင် သတ္တဝါတို့၏ စိတ်သန္တာန်ကို ကြည့်ရှုဆင်ခြင်တော်မူ၍ သင့်လျော်သောတရားကို ဟောကြားတော်မူလေ၏။

ထိုသို့ ဟောကြားတော်မူသောအခါ အချို့သောသူတို့သည် သရဏဂုံ သုံးပါးတို့၌ တည်ကြလေကုန်၏၊ အချို့သောသူတို့သည် ငါးပါးသီလတို့၌ တည်ကြလေကုန်၏၊ အချို့သောသူတို့သည် သောတာပန်, သကဒါဂါမ်, အနာဂါမ်အဖြစ်သို့ ပေါက်ရောက်ကြလေကုန်၏၊ အချို့သောသူတို့သည် မြတ်စွာဘုရားအထံတော်၌ ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏၊ ဤသို့ လူများအပေါင်းကို ချီးမြှောက်တော်မူပြီးမှ ကျောင်းသို့ပြန်ကြွတော်မူလေ၏၊ ကျောင်းသို့ရောက်သော အခါ စည်းဝေးရာမဏ္ဍပ်အတွင်း ခင်းထားအပ်သော ဘုရားနေရာတော်၌ သီတင်းသုံးတော်မူပြီးလျှင် အလုံးစုံသော ရဟန်းအပေါင်းတို့၏ ဆွမ်းကိစ္စ ပြီးစီးခြင်း, အညီအညွတ်စည်းဝေး ရောက်လာခြင်းကို ဆိုင်းလင့်တော်မူ၏၊ ရဟန်း

www.dhammaransi.com



တို့သည် ဆွမ်းကိစ္စပြီး၍ အလုံးစုံ စည်းဝေးမိကြသောအခါ ထိုအကြောင်းကို အလုပ်အကျွေး ရဟန်းက မြတ်စွာဘုရားကို လျှောက်ထားရလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ဂန္ဓကုဋိ ပရိဝုဏ်သို့ ဝင်တော်မူလေ၏၊ ရဟန်းအပေါင်း တို့သည် နောက်တော်က ခြံရံလိုက်ပါကြကုန်၏။

(ဤကား ပုရေဘတ္တကိစ္စတော်ကြီးတည်း)

## ညနေလုပ်ငန်း-ကျယ်ပြခန်း

၂။ ဂန္ဓကုဋိတိုက်သို့ ရောက်တော်မူသောအခါ ညီမူရာရဟန်းတို့ ခစားရာ အရပ်၌ 'နေတော်မူပြီးလျှင် ခြေတော်ကိုဆေး၍ ခြေဆေးကျောက်ဖျာ၌ ရပ် တော်မူလျက်-

အိုချစ်သားရဟန်းတို့- မမေ့မလျော့ခြင်း သတိတရားနှင့် ပြည့်စုံစေကြ ကုန်လော-

- ဤလောက၌ ဘုရားဖြစ်ပေါ်ခိုက်ကို အလွန်ကြုံကြိုက် ရခဲစွာ၏၊
- လူအဖြစ်ကိုလည်း ရခဲ၏၊
- သာသနာ၌ကြည်ညိုသော သဒ္ဓါတရားနှင့် ပြည့်စုံခြင်းကိုလည်း ရခဲ၏၊
- ရဟန်းအဖြစ်ကိုလည်း ရခဲ၏၊
- သူတော်ကောင်းတို့၏တရားကို ကြားနာရခြင်းကိုလည်း ရခဲ၏၊

ဟူ၍ ရဟန်းသံဃာတို့အား ဆုံးမတော်မူ၏၊ ထိုသို့ဆုံးမပြီးသောအခါ အချို့သောရဟန်းတို့သည် ကမ္မဋ္ဌာန်းကို မေးလျှောက်ကြကုန်၏၊ မြတ်စွာဘုရား သည်လည်း ထိုရဟန်းတို့၏ စရိုက်အားလျော်စွာ ကမ္မဋ္ဌာန်းကိုပေးတော်မူ၏၊ ကမ္မဋ္ဌာန်းယူကြပြီးသောအခါ အလုံးစုံသော ရဟန်းတို့သည် မြတ်စွာဘုရားကို ရှိသေစွာရှိခိုး၍ မိမိတို့အလိုရှိရာ နေသန့် ညဉ့်သန့်ရာဌာနတို့သို့ ကြွတော်မူ ကြလေကုန်၏၊ အချို့သောရဟန်းတို့သည် သစ်ပင်ရင်းသို့ ကပ်ကြကုန်၏၊ အချို့သောရဟန်းတို့သည် တောသို့ဝင်ကြကုန်၏၊ အချို့သောရဟန်းတို့သည် ဂူ, လိုဏ်, တောင်, ချောက် စသည်တို့သို့ ကြွတော်မူကြကုန်၏၊ အချို့သော ရဟန်းတို့သည် စတုမဟာရာဇ်နတ်ပြည်သို့ တက်ကြကုန်၏၊ အချို့သော ရဟန်း တို့သည် တာဝတိံသာနတ်ပြည်သို့ တက်ကြကုန်၏၊ အချို့သောရဟန်းတို့သည် ယာမာနတ်ပြည်သို့ တက်ကြကုန်၏၊ အချို့သောရဟန်းတို့သည် တုသိတာ နတ်ပြည်သို့ တက်ကြကုန်၏၊ အချို့သောရဟန်းတို့သည် နိမ္မာနရတိနတ်ပြည်သို့ တက်ကြကုန်၏၊ အချို့သောရဟန်းတို့သည် ဝသဝတ္တီနတ်ပြည်သို့ တက်ကြကုန်၏၊

www.dhammaransi.com



ရဟန်းအပေါင်းတို့ ဖဲသွားကြ ကုန်သောအခါ ဂန္ဓကုဋိတိုက်တွင်းသို့ ဝင်တော်မူ၍ လျောင်းခြင်းငှါ အလိုရှိတော်မူပါလျှင် သတိသမ္ပဇဉ် အမြဲယှဉ်လျက် ခြင်္သေ့မင်း၏ လျောင်းခြင်းဖြင့် တမုဟုတ်မျှ လျောင်းတော်မူ၏။

ဗုဒ္ဓစက္ခု- ကြည့်ရှုမှု။ ။ထိုပစ္ဆာဘတ္တကို သုံးပုံပုံ၍ တစ်ပုံအဖို့ ကုန်လွန်သောအခါ လျောင်းရာမှ ထတော်မူ၍ ဗုဒ္ဓစက္ခုဖြင့် လောကကြီးကို ကြည့်ရှုတော်မူ၏၊ ကျွတ်ထိုက်သောသတ္တဝါကို မြင်တော်မူလျှင် မည်မျှလောက် ဝေးကွာသောအရပ်ဌာနသို့မဆို တန်ခိုးတော်ဖြင့်ကြွ၍ တရားဓမ္မဟောပြ ချွတ်တော်မူ၏၊ ကမ္မဋ္ဌာန်း အာရုံနှင့်ဉာဏ်, ဝီရိယမမျှတ၍ တရားရရန် နှေးကန်စွာရှိနေသော ယောဂီရဟန်းတို့၏ဌာနသို့လည်း ခဏချင်းကြွတော်မူ၍ ဉာဏ်,ဝီရိယ မျှတစွာနှင့် လျင်မြန်စွာတရားထူးကိုရရှိစေရန် ကိုယ်တော်တိုင် ကြပ်မတ်၍ နည်းပြတော်မူခြင်းကိုလည်း ဆောင်ရွက်တော်မူ၏၊ အချို့သော်ရဟန်းတို့သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းယူခဲ့ကြ၍ အားထုတ်သောအခါ ထိန,မိဒ္ဓ, မိစ္ဆာဝိတက်တို့ နှိပ်စက်သဖြင့် ကမ္မဋ္ဌာန်းလက်လွှတ်၍နေလျှင်လည်း ထိုရဟန်းတို့ကို ဆုံးမတော်မူခြင်းငှာ ခဏချင်း ကြွလာတော်မူတတ်သော အလေ့လည်းရှိ၏၊ ထိုရဟန်းတို့သည် ရှေးဦး ပထမရောင်ခြည်တော်ကို တွေ့မြင်ရခြင်းအားဖြင့် မြတ်စွာဘုရား ကြွလာကြောင်းကို သိရှိကြကုန်၏။

## ဗုဒ္ဓလက်ထက်-နေရာခင်းထားချက်

ဤကဲ့သို့ အမှတ်မဲ့ရုတ်တရက် မြတ်စွာဘုရား ကြွလာတော်မူ တတ်သောကြောင့် မြတ်စွာဘုရားလက်ထက်တော်အခါ ရဟန်းတို့နေရာအရပ်တို့၌ ဘုရားနေရာတော်ကိုအသင့်ခင်းကျင်း၍ ထားလေ့ရှိကြကုန်၏။

ဗုဒ္ဓကာလေ ကိရ ယတ္ထ ယတ္ထ ဧကောပိ ဘိက္ခု ဝိဟရတိ၊
သဗ္ဗတ္ထ ဗုဒ္ဓါသနံ ပညတ္တမေဝ ဟောတိ။

(သီလက္ခန်အဋ္ဌကထာ)

ဗုဒ္ဓကာလေ-မြတ်စွာဘုရား ထင်ရှားရှိတော်မူသော လက်ထက်တော်အခါ၌၊ ယတ္ထယတ္ထ-အကြင် အကြင်အရပ်ဌာန၌၊ ဧကောပိ ဘိက္ခု- ရဟန်းတော်တစ်ပါးတည်းသည်လည်း၊ ဝိဟရတိ-နေ၏၊ သဗ္ဗတ္ထ-အလုံးစုံသော ရဟန်းတို့နေရာဟူသမျှတို့၌၊ ဗုဒ္ဓါသနံ-ဘုရားနေရာတော်ကို၊ ပညတ္တမေဝ-ခင်းထားအပ်ပြီးအသင့်ရှိသည်သာလျှင်၊ ဟောတိ ကိရ-ဖြစ်သတတ်။

www.dhammaransi.com



**ပစ္ဆာဘတ္တ၏** တတိယအပုံဖြစ်သော ညနေချမ်းသို့ရောက်သောအခါ မြတ်စွာဘုရားမှီ၍နေတော်မူရာ မြို့, ရွာ, နိဂုံးတို့မှ လူများအပေါင်းတို့သည် ကောင်းစွာဝတ်ရုံကြကုန်ပြီးလျှင် ပန်း, နံ့သာလက်စွဲကြကုန်လျက် မြတ်စွာဘုရား ကျောင်းတော်သို့ စည်းဝေးလာရောက်ကြကုန်၏၊ မြတ်စွာဘုရားသည် ရောက်လာသော ပရိသတ်အားလျော်စွာ ပြာဋိဟာသုံးမျိုးတို့တွင် သင့်လျော်သော ပြာဋိဟာဖြင့် တရားဓမ္မကို ပြသဟောပြောတော်မူ၏၊ အချိန်ကာလ အားလျော်စွာ တရားပွဲသိမ်း၍ ပရိသတ်ကို လွှတ်တော်မူလိုက်၏၊ လူအပေါင်းတို့သည် မြတ်စွာဘုရားကို ရှိခိုး၍ အိမ်သို့ပြန်ကြလေကုန်၏။

(ဤကား ပစ္ဆာဘတ္တ ကိစ္စတော်ကြီးပေတည်း။)

## ညဉ့်ဦးလုပ်ငန်း-ကျယ်ပြခန်း

၃။ ဤသို့ပစ္ဆာဘတ္တကိစ္စ ပြီးဆုံးသောအခါ အကယ်၍ ရေသုံးသပ်တော်မူလိုပါလျှင် ဘုရားနေရာမှထတော်မူ၍ ရေတင်းကုပ်သို့ကြွတော်မူပြီးလျှင် အလုပ်အကျွေးရဟန်းက စီရင်၍အသင့်ထားရှိသောရေဖြင့် သုံးသပ်စမွယ်တော်မူ၏၊ ထိုနောက်အလုပ်အကျွေးရဟန်းသည် ဂန္ဓကုဋိပရိဝုဏ်အတွင်း၌ ဘုရားနေရာတော်ကို ခင်းလေ၏၊ မြတ်စွာဘုရားသည် ကောင်းစွာ နီမြန်းသော နှစ်ထပ်သင်္ကန်းကြီးကို ဆင်မြန်းတော်မူ၍ ဘုရားနေရာတော်၌ ကိုယ်တော်တစ်ပါးတည်း ဝိဝေကသုခကို အတန်ငယ်ခံစားတော်မူပြီးသောအခါ ရဟန်းအပေါင်းတို့သည် ထိုထိုအရပ်ဌာနတို့မှ လာရောက်ကြကုန်၍ မြတ်စွာဘုရားကို ဆည်းကပ် ခစားကြကုန်၏၊ ထိုအခါ အချို့သောရဟန်းတို့သည် ပုစ္ဆာပြဿနာတို့ကို မေးမြန်းကြကုန်၏၊ အချို့သောရဟန်းတို့သည် ကမ္မဋ္ဌာန်းကို လျှောက်ထားကြကုန်၏၊ အချို့သောရဟန်းတို့သည် တရားနာရန်တောင်းပန် ကြကုန်၏၊ ထိုသို့အမျိုးမျိုး လျှောက်ထားကြသောရဟန်းတို့၏ အလိုကို ဖြည့်စွမ်းတော်မူပြီးလျှင် မြတ်စွာဘုရားသည် ညဉ့်ဦးယာမ်အချိန်ကို လွန်စေတော်မူ၏။

(ဤကား ပုရိမယာမ ကိစ္စတော်ကြီးပေတည်း။)

## သန်းခေါင်လုပ်ငန်း-ကျယ်ပြခန်း

၄။ ညဉ့်ဦးယာမ်လွန်ဆုံး၍ ပုရိမယာမကိစ္စ ပြီးစီးသောအခါ တစ်သောင်းသော လောကဓာတ်တို့မှ နတ်, ဗြဟ္မာအပေါင်းတို့သည် လာရောက်ကြကုန်၍ အမျိုးမျိုးသော အရောင်အဝါကျက်သရေတို့ဖြင့် ခစားဆည်းကပ်ကြကုန်၏၊

www.dhammaransi.com



ဒေဝပုတ္တသံယုတ်, ဒေဝတာသံယုတ်တို့၌ လာရှိသောအတိုင်း ပုစ္ဆာပြဿနာ အမျိုးမျိုးတို့ကို လျှောက်ထားကြကုန်၏၊ အချို့လည်း ဂါထာတို့ကိုရွတ်ဆိုကြကုန်၏၊ ညဉ့်၏အလည်ဗဟိုဖြစ်သော သန်းခေါင်ယာမ်အချိန်သည် နတ်, ဗြဟ္မာအပေါင်းတို့နှင့် မေး,ဖြေဟောကြား၍ စံနေတော်မူသောအချိန်ဖြစ်၏၊ လူတို့နှင့်ဆက်ဆံသော. အချိန်မဟုတ်၊ ထိုမဇ္ဈိမယာမ်တွင် နတ်,ဗြဟ္မာတို့၏ အလိုကိုဖြည့်တော်မူ၍ ကုန်လွန်စေတော်မူ၏။

(ဤကား မဇ္ဈိမယာမ် ကိစ္စတော်ကြီးပေတည်း။)

## မိုးသောက်လုပ်ငန်း-ကျယ်ပြခန်း

၅။ မိုးသောက်ယာမ်သို့ကျသောအခါ ထိုအချိန်ကိုသုံးပုံပုံ၍ ပဌမအဖို့တွင် မြတ်စွာဘုရားသည် ပုရေဘတ္တအခါကစ၍ ထိုင်ခြင်း ဣရိယာပုထ်ဖြင့် ပင်ပန်းသောကိုယ်တော်ကို မျှတတော်မူစေခြင်းငှါ စင်္ကြံသွားခြင်းကိစ္စဖြင့် ကုန်လွန်စေတော်မူ၏၊ ဒုတိယအဖို့တွင် ဂန္ဓကုဋိတိုက်တွင်းသို့ ဝင်တော်မူ၍ လက်ျာန်တောင်းဖြင့် သတိ, သမ္ပဇဉ်နှင့် ပြည့်စုံစွာ လျောင်းတော်မူပြီးလျှင် ခြင်္သေ့မင်းတို့၏ အိပ်ခြင်းဖြင့် လျောင်းစက်တော်မူ၏၊ တတိယအဖို့သို့ ရောက်သောအခါ ထ၍ ထိုင်တော်မူပြီးလျှင် ရှေးရှေးဘုရားတို့ လက်ထက်တော်ကြီးများက ဒါန, သီလ စသော ပါရမီအရင်းခံရှိ၍ ကျွတ်ထိုက်သော သတ္တဝါတို့ကို ဉာဏ်တော်ကွန်ရက် ဖြင့်ဖြန့်၍ တစ်သောင်းသော လောကဓာတ်ကို ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုဆင်ခြင်တော်မူ၏။

(ဤကား ပစ္ဆိမယာမ ကိစ္စတော်ကြီးပေတည်း။)

## ပယတ္တဘုန်းတော်-ပြီးဆုံးပေါ်

ဤကိစ္စတော်ကြီးငါးပါးကို သဗ္ဗညုဘုရားရှင်တို့ နေ့စဉ်ပြုလုပ် တော်မူကြကုန်၏၊ တန်ခိုးပြာဋိဟာပြခြင်းစသော အခြားကိစ္စတော် အထူးများလည်း ရှိကုန်သေး၏၊ ဤကိစ္စတော်ကြီး ငါးရပ်ကို နိစ္စဗဒ် ပြုတော်မူသော ဘုရားရှင်တို့၏ ဝီရိယတော်သည်ကား အလွန်ကြီးမား မြင့်မြတ်တော်မူ၏၊ ထို ဝီရိယတော်ကြီးကိုပင်လျှင် ပယတ္တဘုန်းတော် ဆိုသည်၊ ထို့ပြင် မြတ်စွာဘုရား၏ သန္တာန်တော်၌ ရှိသော သမ္မပ္ပဓာန ဝီရိယ ဗောဓိမဏ္ဍိုင်၌ထိုင်တော်မူသောအခါ၌ ဓိဋ္ဌာန်တော်မူသော ဝီရိယတော်များသည်လည်း ကြီးမားမြင့်မြတ်သော ပယတ္တဘုန်းတော်၌ အပါအဝင်ပင် ဖြစ်ကြကုန်သည်၊ မြတ်စွာဘုရား၏ ပယတ္တဘုန်းတော် တည်းဟူ

www.dhammaransi.com



သော ဝီရိယဓာတ်သည် အလွန်တရာ ကြီးကျယ်များမြတ်လှသဖြင့် အနန္တ သတ္တဝါတို့၏ ဝီရိယကိုစု၍ တစ်ပုံပုံပြီးလျှင် မြတ်စွာဘုရား၏ ဝီရိယတော်နှင့်နှိုင်းယှဉ်သော်လည်း မြင့်မိုရ်နှင့်ကျောက်စရစ်ပမာ များစွာခြားကွာခဲ့လေရာ၏၊ ထိုပယတ္တဘုန်းတော်ကြောင့်သာလျှင် လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့၏ အပူဇော်ခံထိုက်သော အဖြစ်သို့ ရောက်တော်မူသည်၊ ဤလောက၌ ဝီရိယကြီးမားသောသူသည် မိမိအကျိုး, သူတစ်ပါးတို့၏အကျိုးကို ပြီးစီးအောင် ရွက်ဆောင်နိုင်၏၊ နိဗ္ဗာန်တိုင်အောင်သော အကျိုးများကို ဝီရိယဓာတ်ကို အခြေခံပြု၍သာလျှင် ရှာမှီးကြရကုန်၏၊ မြတ်စွာဘုရားသည် လောကတစ်ခွင်လုံး၌ အကြီးမြတ်ဆုံးသောပုဂ္ဂိုလ်, အလုပ်အကြီးဆုံးသော ပုဂ္ဂိုလ်အဖြစ်သို့ ရောက်လေအောင် ပယတ္တဘုန်းတော်၏ ဂိုဏ်းဝင်ဖြစ်သော ဝီရိယပါရမီတော်ကြီးကို အခြေခံပြုတော်မူခဲ့ရလေ၏။

(ဤကား ပယတ္တဘုန်းတော်နှင့် စပ်၍ဆိုသောစကားရပ်ပေတည်း။)

## ရုပ်, အသံအလေးပြု-လူသားတစ်စု

**စကြာမင်းပမာ-တို့မြတ်စွာ။** ။ ဤကဲ့သို့ ပြဆိုအပ်ပြီးသော အတူမရှိသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသောကြောင့် ဘဂဝါ မည်တော်မူသည်၊ ထိုဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသောကြောင့်သာလျှင် စကြာမင်းကြီးသည် စကြာရတနာနှင့် လှည့်လည်တော်မူလေရာ ရောက်ရာဌာနတို့၌ တွေ့တွေ့သမျှသော ပရိသတ်အပေါင်းတို့သည် စကြာမင်း၏ အဆင်းကိုမြင်ရခြင်း, အသံကိုကြားရခြင်းတို့၌ တင်းတိမ်ရောင့်ရဲခြင်း မရှိနိုင်ကြကုန်ဘိသကဲ့သို့ ထို့အတူ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်လည်း တစ်သောင်းသော လောကဓာတ်၌ တရားစကြာကို လှည့်လည်တော်မူ၍ တစ်သောင်းသော လောကဓာတ်အတွင်းရှိ လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်များသို့ ဒေသစာရီ ကြွချီတော်မူရာ ဆိုက်ရောက်တော်မူရာ ဌာနတို့၌ သဒ္ဓါပညာနှင့် ပြည့်စုံကြကုန်သော လူနတ်ဗြဟ္မာ, သတ္တဝါအပေါင်းတို့သည်လည်း အတွင်းသန္တာန်၌ ခုခံလိုခြင်း ငြောင့်တံသင်း အနှောင့်အယှက်တို့မှ ကင်းရှင်းကြကုန်ပြီးလျှင် မြတ်စွာဘုရား၏ အဆင်းတော် ကျက်သရေကိုမြင်ရာ အသံတော်ကိုကြားရာတို့၌ တင်းတိမ်ရောင့်ရဲခြင်း မရှိနိုင်ကြကုန်ပဲ စွဲစွဲလမ်းလမ်း ကြည်ညိုမြတ်နိုးကြလေကုန်၏၊ လူတို့သည် များသောအားဖြင့် အဆင်းကျက်သရေတို့ကို မြတ်နိုးစွာနှင့်ပမာဏပြု၍ ဂရုစိုက်လေ့ရှိကြကုန်၏၊ (ရူပပ္ပမာဏ ဃောသပ္ပမာဏ ပုဂ္ဂိုလ်များဟူ၍ ဆိုလိုသည်။)

www.dhammaransi.com



## တန်ခိုးအလေးပြု-နတ်,ဗြဟ္မာတစု

နတ်,ဗြဟ္မာ တို့သည်ကား များသောအားဖြင့် တန်ခိုးဣဒ္ဓိပါဒ်ကိုသာလျှင် မြတ်နိုးစွာနှင့် ပမာဏပြု၍ ဂရုစိုက်ကြကုန်၏၊ (ဣဒ္ဓိပမာဏ ပုဂ္ဂိုလ်တို့ဟူ၍ ဆိုလိုသည်) အဆင်း, အသံ, တန်ခိုးကိုသာ ပမာဏပြုကြကုန်သော ပုဂ္ဂိုလ်တို့သည် များသောအားဖြင့် တရားကိုအလေးအမြတ် ပြုလေ့မရှိကြကုန်၊ တရားကို အလေးအမြတ်ပြုခြင်း အားနည်း၍နေလျှင်လည်း နက်နဲသောတရားကို သိမြင်ခြင်း, တရားအထူးကို ရခြင်းတို့၌ လေးလံစွာဖြစ်၍နေတတ်ကုန်၏၊ ဘုရားကို အလေးအမြတ်ပြု၍ ဂရုစိုက်ကြကုန်သော လူ, နတ်, ဗြဟ္မာ,တို့သည်သာလျှင် မြတ်စွာဘုရားနှင့် နီးရင်းသော (ရင်းနှီးသော) အတွင်းတပည့်, အတွင်းသူ, အတွင်းသားအဖြစ်သို့ ရောက်ကြလေကုန်၏။

## ဘုန်းတော်ခြောက်စုံ-တွယ်ငြိပုံ

ဤဓမ္မပ္ပမာဏ ပုဂ္ဂိုလ်တို့၏အစွမ်းအားဖြင့် ၂၄-သချီနှင့် ဗိုလ်ခြေတစ်သိန်း ဟူသော အရေအတွက်ကိုပြု ရလေသည်၊ ဘုန်းတော်ခြောက်ပါးတည်းဟူသော ကွန်ရက်ဖြင့် လောကကြီးကို ဖြန့်လွှားအုပ်ခြုံ၍ ထားတော်မူပြီး အသင့်ရှိလေသောကြောင့် အကြင်ပုဂ္ဂိုလ်တို့သည် အဆင်းတော်, အသံတော်တို့ကို ပမာဏပြု၍ အထူးကြည်ညိုလေ့ ရှိကြကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် သိရီဘုန်းတော်, ယသဘုန်းတော် တည်းဟူသော ကွန်ရက်၌ ငြိတွယ်ကြလေကုန်၏၊ အကြင်ပုဂ္ဂိုလ်တို့သည် တန်ခိုးကို ပမာဏပြု၍ ဂရုတစိုက်ကြည်ညိုလေ့ရှိကြကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် ဣဿရိယဘုန်းတော် တည်းဟူသော ကွန်ရက်၌ ငြိတွယ်ကြလေကုန်၏၊ အကြင်ပုဂ္ဂိုလ်တို့သည် တရားကိုသာပမာဏပြု၍ ဂရုတစိုက် ကြည်ညိုလေ့ရှိကြကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် ဓမ္မဘုန်းတော်, ကာမဘုန်းတော်, ပယတ္တဘုန်းတော် တည်းဟူသော ကွန်ရက်တို့၌ ငြိတွယ်ကြလေကုန်၏၊ တစ်သောင်းသော လောကဓာတ်၌ ရှိကြကုန်သော လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့သည် ဘုန်းတော်ခြောက်ပါး တည်းဟူသော ပိုက်ကွန်တို့တွင် ဆိုင်ရာဆိုင်ရာ ငြိတွယ်ဖမ်းမိကြကုန်ပြီးလျှင် မြတ်စွာဘုရား၏ ခြေတော်တည်းဟူသောကြာပန်းအစုံကို မိမိတို့၏ ဦးထိပ်ဖြင့် ရွက်၍ ခိုဝင်ကိုင်းရှိုင်းကြလေကုန်၏။

အထွတ်ထုပိကာတင် ။ ။ ဂုဏ်တော်ကိုးပါးတို့တွင် ဤဘဂဝါ
ဘဂဝါဂုဏ်တော်ပင် ဂုဏ်တော်သည် အထွတ်အထိပ်ဆုံး
ဖြစ်သော ဂုဏ်တော်ကြီးတစ်ဆူ ဖြစ်တော်မူ၏၊ တစ်ခုသော ဘုံနန်းပြာသာဒ်ကို

www.dhammaransi.com



ဆောက်လုပ်ရာ အထွတ်ထုပိကာများကို တင်ကြရကုန်ဘိသကဲ့သို့ ဂုဏ်တော်တည်းဟူသော ဘုံနန်းပြာသာဒ်ကိုလည်း ဘဂဝါဂုဏ်တော်ဖြင့် အထွတ်ထုပိကာတင်လေ၏၊ စကြဝတေးမင်းစသော ဘုရင်တို့၏ မြတ်သော ဦးခေါင်းထက်၌ မကိုဋ်သရဖူကို ဆောင်းဆင်ဘိသကဲ့သို့ ဂုဏ်တော်တည်းဟူသော ဘုရင် မင်းမြတ်တို့ကိုလည်း ဘဂဝါဂုဏ်တော်ဖြင့် မကိုဋ်သရဖူ ဆောင်းဆင်ရလေ၏၊ ထို့ကြောင့် ဘဂဝါဂုဏ်တော်ကို ဂုဏ်တော်အထွတ် ဂုဏ်တော်မကိုဋ်ဟူ၍ဆိုအပ်ပေ၏၊ ဧကံသမယံ ဘဂဝါ-စသည်ဖြင့် ဘဂဝါ-ဟူသောဂုဏ်တော်ပုဒ်သည် ပိဋကတ်သုံးပုံတွင် အလွန်ထင်ရှားစွာ အသုံးတွင်ကျယ်၍ ဂုဏ်တော်ကိုးပါးလုံးမှာပင် **သော ဘဂဝါ, သော ဘဂဝါ**-ဟူ၍ အစဉ်အတိုင်း လိုက်ပါရလေသည်။

**[ဘဂဝါဂုဏ်တော်သည် မြင့်မြတ်ဆန်းကြယ်သောအတိုင်း ထိုဘဂဝါဂုဏ်ပုဒ်၏ အနက်သဘောတို့သည်လည်း မြင့်မြတ်ဆန်းကြယ်၍ အလွန်ကျယ်ဝန်းလှကုန်၏၊ အဋ္ဌကထာဆရာကြီးတို့ ဖွင့်ဆိုသော ဘဂဝါဂုဏ်တော်၏ သဘောအဓိပ္ပါယ်အမြွက်မှာ အောက်ပါအတိုင်းဖြစ်၏။]**

## ဘဂဝါဂုဏ်တော် ( ၆ ) နက် ဝေဘန်ချက်

- လောကီ, လောကုတ္တရာ, ပစ္စုပ္ပန်, သံသရာအကျိုးကို ပြီးစီးစေနိုင်သော ကောင်းမှုပါရမီရှိတော်မူသောကြောင့်လည်း **ဘဂဝါ** မည်တော်မူ၏၊
- လောဘ, ဒေါသစသော ကိလေသာတို့ကို ချိုးဖျက်တော်မူပြီး ဖြစ်သောကြောင့်လည်း **ဘဂဝါ** မည်တော်မူ၏၊
- ဣဿရိယစသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသောကြောင့်လည်း **ဘဂဝါ** မည်တော်မူ၏၊
- ဣဿရိယစသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသောကြောင့်လည်း **ဘဂဝါ** မည်တော်မူ၏၊
- အလုံးစုံသောတရားတို့ကို ကုသိုလ်, အကုသိုလ်အပြား, တိက် ဒုက်အပြား, ခန္ဓာ အာယတန စသောအပြားတို့ဖြင့် ပိုင်းခြား ဝေဖန်တော်မူတတ်သောကြောင့်လည်း **ဘဂဝါ** မည်တော်မူ၏။
- ဈာန်, မဂ်, ဖိုလ်ဟူသောတရား အထူးတို့ကို မှီဝဲတော်မူတတ်သောကြောင့်လည်း **ဘဂဝါ** မည်တော်မူ၏၊
- ဘုံသုံးပါးတို့၌ သာယာသော တဏှာကိုထွေးအန်၍ နိဗ္ဗာန်သို့ ကြွသွားတော် မူတတ်သောကြောင့်လည်း **ဘဂဝါ** မည်တော်မူ၏။

www.dhammaransi.com





[အထက်အဆိုပါ အဓိပ္ပါယ်တို့ကို ရည်စူးစုရုံး၍ အောက်၌ပါသော သင်္ဂဟဂါထာကို သီကုံးတော်မူလေ၏။]

ဘာဂျဝါ ဘဂ္ဂဝါ ယုတ္တော၊ ဘဂေဟိစ ဝိဘတ္တဝါ၊
ဘတ္တဝါ ဝန္တဂမနော၊ ဘဝေသု ဘဂဝါ တတော။

(ဝိသုဒ္ဓိမဂ်လာ တတိယ နကာရဝိပုလာ ဂါထာ)

ယော=အကြင်မြတ်စွာဘုရားသည်၊ ယတော=အကြင်သို့သော အကြောင်းကြောင့်၊ ဘာဂျဝါ=လောကီလောကုတ် ပစ္စုပ်သံသရာ ချမ်းသာပြီးစီးကြောင်း ကောင်းမှုပါရမီလည်းရှိတော်မူ၏၊ ဘဂ္ဂဝါ=တစ်ထောင့်ငါးရာ ကိလေသာအပြား မာရ်ငါးပါးတို့ကို လေးပါးမြိုက်မဂ် ဉာဏ်သန်လျက်ဖြင့် ချိုးဖျက်ခုတ်ဖြတ်တော်မူပေ၏၊ ဘဂေဟိစ=ဣဿရိယ စသည်ခြောက်ဆိုင် ဘုန်းပန်းခိုင်တို့နှင့်၊ ယုတ္တော=ယှဉ်တော်မူ၏၊ ဝိဘတ္တဝါ=တရားဥဿုံ အလုံးစုံကို စုပုံဝေဖန်တော်မူ၏၊ ဘတ္တဝါ=ဥတ္တံရိမနုဿ ဓမ္မဆိုအပ် တရားမြတ်တို့ကို ဆည်းကပ်မှီဝဲတော်မူ၏၊ ဘဝေသု=ဘုံသုံးပါးတို့၌၊ ဝန္တဂမနော=သာယာသောတဏှာကို ထွေးအန်၍ နိဗ္ဗာန်သို့ကြွတော်မူ၏၊ တတော=ထို့ကြောင့်၊ သော=ထိုမြတ်စွာဘုရားသည်၊ ဘဂဝါ=ဘဂဝါမည်တော်မူ၏။

## သူ့ကျိုး, ကိုယ့်ကျိုး, ထိုနှစ်မျိုး-သည်ပိုးဂုဏ်တော်ကိုး

ဆိုအပ်ပြီးသော ဂုဏ်တော်ကိုးပါးကို အကျဉ်းချုပ်၍ဆိုလျှင် အတ္တဟိတ သမ္ပတ္တိ, ပရဟိတပဋိပတ္တိဟူသော သဘောနှစ်ပါးသို့ အကျုံးဝင်၏၊ ကိုယ်တော်မြတ်၏အကျိုးစီးပွား ပြီးစီးပြည့်စုံမှုသည် အတ္တဟိတ သမ္ပတ္တိမည်၏၊ သူတစ်ပါးတို့၏အကျိုးကို ကျင့်ဆောင်မှုသည် ပရဟိတ ပဋိပတ္တိမည်၏။

[အရဟံ, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏသမ္ပန္နော, လောကဝိဒူ ဟူသောဂုဏ်တော်တို့သည် အတ္တဟိတသမ္ပတ္တိ၌ အကျုံးဝင်ကုန်၏၊ အနုတ္တရောပုရိသဒမ္မသာရထိ, သတ္ထာဒေဝမနုဿာနံဂုဏ်တော်တို့သည် ပရဟိတပဋိပတ္တိ၌ အကျုံးဝင်ကုန်၏၊ သုဂတော, ဗုဒ္ဓေါ, ဘဂဝါ ဂုဏ်တော်တို့သည် သဘောနှစ်ပါးစုံ၌ အကျုံးဝင်ကုန်၏။]

## အကျိုးဆယ့်တစ်- ရပြန်လစ်- မှတ်ရစ်ဂုဏ်တော်ကိုး

မြတ်စွာဘုရား၏ ကိုးပါးသော ဂုဏ်တော်တို့ကို ဆင်ခြင်သောအားဖြင့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ပွါးများသော ပုဂ္ဂိုလ်သည် ဆိုလတ္တံ့သောအကျိုးတို့ကို ရရှိနိုင်ကုန်၏။

www.dhammaransi.com



**ထိုအကျိုးတို့ကား-**

- ကိလေသာ ထိုးကျင်သော စိတ်၏မဖြစ်ခြင်း, ဖြောင့်မတ်သော စိတ်ဖြစ်ခြင်း,
- ဘုရား၌ အကြည်ညို အရိုသေ ထက်သန်ခြင်း,
- သဒ္ဓါသတိ အသိဉာဏ်တို့၏ တိုးပွါးခြင်း,
- နှစ်သက်ဝမ်းမြောက်မှု ပီတိပါမောဇ္ဇ များစွာဖြစ်၍ စိတ်အေး ချမ်းခြင်း,
- ဆင်းရဲမှု ကြောက်လန့်မှုတို့ကို သည်းခံနိုင်ခြင်း,
- ဘုရားဂုဏ်တော် ကိန်းအောင်းသဖြင့် စေတီအိမ်နှင့်တူ၍ အပူဇော်ခံ ထိုက်ခြင်း,
- မြတ်စွာဘုရားနှင့် အတူတကွနေသည်နှင့်တူခြင်း,
- သက်တော်ထင်ရှား ဘုရားရှေ့တော်မှာ နေရဘိသကဲ့သို့ ဟိရိ ဩတ္တပ္ပ တရား အမြဲကပ်ခြင်း,
- ဘုရား ဖြစ်လိုမှု၌ စိတ်ညွတ်ခြင်း,
- မျက်မှောက်ဘဝ၌ မဂ်ဖိုလ်ကိုမရလျှင် စုတိသည်နောက်၌ သုဂတိ ဘုံသို့လားရန် မြဲခြင်း

ဤအကျိုးတို့ကို ရရှိလေ၏။

[ဤသို့ပြဆိုခဲ့သော စကားအစဉ်ဖြင့် ကျမ်းအစက ပြဆိုခဲ့သော ဣမ မဟာရာဇ တထာဂတော လောကေ ဥပ္ပဇ္ဇတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ- အစရှိသော သာမညဖလသုက် ပါဠိတော်၏အရ နဝဂုဏ်တော်ဖွင့်ပြီး၏။]

> **သော ဣမံ လောကံ သဒေဝကံ သမာရကံ သဗြဟ္မကံ သသမဏဗြာဟ္မဏိံ ပဇံ သဒေဝမနုဿံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေတိ။**

ဟူသောဝါကျ၏ အဖွင့်ကို လောကဝိဒူ ဂုဏ်တော်၌ပြဆိုအပ်ပြီ။

## ဘုရားဂုဏ်တော် ကိုးပါး၏ နိဂုံးကမ္ပတ် အဆုံးသတ်ပြခန်း

**သော ဓမ္မံ ဒေသေတိ အာဒိကလျာဏံ-** စသော ပါဠိတော်၏ အဓိပ္ပါယ်မှာ ထိုဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် အစ၌ ကောင်းခြင်းရှိသော, အလယ်၌ကောင်းခြင်းရှိသော, အဆုံး၌ကောင်းခြင်းရှိသော, အနက်အဓိပ္ပါယ်နှင့်ပြည့်စုံသော, သဒ္ဒါ, ပုဒ်ဗျည်းတို့နှင့်ပြည့်စုံသော တရားတို့ကို ဟောကြားတော်မူ၏၊ ထိုသို့ ဟောကြားတော်မူပြီးလျှင် မြတ်စွာဘုရားသည်

www.dhammaransi.com



အလုံးစုံပြည့်စုံသော ထက်ဝန်းကျင်မှ စင်ကြယ်သော မြတ်သောအကျင့်ကို ပြတော်မူ၏၊ ဤစကားရပ်ဖြင့် မြတ်စွာဘုရားသည် တရားကို ဟောတော်မူ၏၊ ထိုတရားတော်မြတ်၏ သွာက္ခာတတာဂုဏ်နှင့်ပြည့်စုံကြောင်းကို ပြဆိုတော်မူ၏။

ထုတ်ပြခဲ့သော သာမညဖလသုတ်ပါဠိတော်မြတ်၌-

ဣဓ မဟာရာဇ တထာဂတော လောကေ ဥပ္ပဇ္ဇတိ အရဟံ
သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ
အနုတ္တရောပုရိသဒမ္မ သာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ

ဟူသော ပထမဝါကျဖြင့် ဘုရား၏ ဘုရားကောင်း ဘုရားမှန်ဖြစ်မှု ဗုဒ္ဓ သုဗုဒ္ဓတာ၏ အာဒိကလျာဏကို ပြဆိုတော်မူ၏။

သော ဣမံ လောကံ သဒေဝကံ သမာရကံ သဗြဟ္မကံ
သဿမဏဗြာဟ္မဏိံ ပဇံ သဒေဝမနုဿံ သယံ အဘိညာ
သစ္ဆိကတွာ ပဝေဒေတိ

ဟူသော ဤအလယ်ဝါကျဖြင့် ဗုဒ္ဓ သုဗုဒ္ဓတာ၏ မဇ္ဈေကလျာဏ အဖြစ်ကို ပြဆိုတော်မူ၏။

သော ဓမ္မံ ဒေသေတိ အာဒိကလျာဏံ မဇ္ဈေ ကလျာဏံ
ပရိယောသာနကလျာဏံ သာတ္ထံ သဗျဉ္ဇနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ
ဗြဟ္မစရိယံ ပကာသေတိ

ဟူသော ဤနောက်ဆုံးဝါကျဖြင့် ဗုဒ္ဓ သုဗုဒ္ဓတာ၏ ပရိယောသာန ကလျာဏအဖြစ်ကို ပြဆိုတော်မူ၏။

အရဟံစသော ဂုဏ်တော်တို့နှင့် ပြည့်စုံခြင်းသည် ဘုရားမှန် ဘုရားစစ်၏၊ (အာဒိကလျာဏ) အစ၌ကောင်းခြင်းမည်၏။

ဩကာသလောက သတ္တလောကကို ကိုယ်တိုင်ထိုးထွင်း၍ အလုံးစုံသိခြင်းသည် (မဇ္ဈေကလျာဏ) အလယ်၌ကောင်းခြင်းမည်၏။

အစ, အလယ်, အဆုံး သုံးပါးလုံးကောင်းမြတ်သော တရားကို ပြတော်မူခြင်း, စင်ကြယ်မြင့်မြတ်သောအကျင့်ကို ပြတော်မူခြင်းသည် (ပရိယောသာန ကလျာဏ) အဆုံး၌ကောင်းခြင်းမည်၏-ဟူ၍ ဆိုလိုသည်။

အရဟံအစရှိသော ဂုဏ်တော်မြတ်ကိုးပါးနှင့် ပြည့်စုံတော်မူသော ဘုရားသည်သာလျှင် လောကကို ကယ်တင်နိုင်သော ဘုရားစစ် ဘုရားမှန်ဖြစ်

www.dhammaransi.com



သည်ဟူ၍ ဆိုထိုက်၏၊ အလုံးစုံသောလောကကို အကြွင်းမဲ့အကုန် သိ၍ ကိုယ်တိုင်မျက်မှောက်ပြု၍ ဟောတော်မူနိုင်သော ဘုရားမှန် ဘုရားစစ်၏ တရားသည်သာလျှင် သွာက္ခာတတာဂုဏ်နှင့်ပြည့်စုံသော တရားကောင်း တရားမှန် ဖြစ်နိုင်၏၊ ဤကဲ့သို့ တရားကောင်း တရားမှန်ကိုဟောကြား၍ ဤကဲ့သို့ အကျင့်ကောင်း အကျင့်မြတ်ကို ပြတော်မူသည်ရှိသော် မြတ်စွာဘုရားတို့၏ ပြုဖွယ်ကိစ္စသည် ပြည့်စုံသည်မည်၏၊ ဤသို့သောတရားကို ကြားနာ၍ ဤသို့သော အကျင့်မြတ်ကို အပြည့်အစုံ ကျင့်ကြံအားထုတ်မှုသည်ကား ဘုရား၏ကိစ္စမဟုတ်၊ တပည့်သား သာဝကတို့၏ ကိစ္စသာလျှင် ဖြစ်ပေ၏။

**[ဤသို့ ဆိုအပ်ပြီးသော စကားအစဉ်ဖြင့် ဘုရား၏ကောင်းသော ဘုရားအဖြစ်ကို ဖွင့်ပြခန်းပြီး၏။]**

-------------------------

## တရား၏ကောင်းသောတရား

### တရားတော်ဂုဏ်-၆ပါးစုံ

**သွာက္ခာတော ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော အကာလိကော**
**ဧဟိပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။**

ဘဂဝတာ=မြတ်စွာဘုရားသည်၊ ဓမ္မော=တရားတော်မြတ်ကို၊ သွာက္ခာတော=စ, လယ်, အဆုံး သုံးပါးလုံး ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားတော်မူအပ်၏၊ သန္ဒိဋ္ဌိကော=ကျင့်ဆောင်သူတို့အား ယခုဘဝ ပစ္စက္ခ၌ပင် ဒိဋ္ဌ ကိုယ်တွင် တွေ့မြင်ယုံကြည်ရသော ကောင်းကျိုးချမ်းသာ နှင့်လည်း ပြည့်စုံပေ၏၊ အကာလိကော=ကာလမရွေး ကျင့်သည့်နေ့ပင် တွေ့မြင်ယုံကြည်ရသော ကောင်းကျိုးချမ်းသာနှင့်လည်း ပြည့်စုံပေ၏၊ ဧဟိပဿိကော=လာရောက်ရှုမြင် အကျိုးထင်မြဲဖြစ်၍ လာပါရှုပါ, ကျင့်ကြံပါဟု-မပါ,ပါအောင် ခေါ်ဆောင်သွတ်သွင်း တိုက်တွန်းခြင်းငှာ ထိုက်တန်စွာသော ဂုဏ်ထူးဝိသေသနှင့်လည်း ပြည့်စုံပေ၏၊ ဩပနေယျိကော=မိမိကာယ အဇ္ဈတ္တတွင် ရရှိပေါက်ရောက် ကိုယ်တွေ့မြောက်အောင် ကပ်၍ဆောင်ထိုက်သော ဂုဏ်ထူးဝိသေသနှင့်လည်း ပြည့်စုံပေ၏၊ ဝိညူဟိ=ပညာရှိသူ ရှင်လူအပေါင်း သူတော်ကောင်းတို့သည်၊ ပစ္စတ္တံ=အသီးအသီးသော မိမိတို့သန္တာန်၌၊ ဝေဒိတဗ္ဗော=ချမ်းသာလေစွ, ကောင်းလေစွ-ဟု သုခနှစ်ပြင် ထင်ထင်ရှားရှား ခံစားသိမြင်ရသော ဂုဏ်ထူးဝိသေသနှင့်လည်း ပြည့်စုံပေ၏။

**[ တရား၏ ကောင်းသော တရားပြီး၏။ ]**

www.dhammaransi.com



# ၁။ သွာက္ခာတဂုဏ်တော် ပြခန်းဖေါ်

## သမာသ်ဝိဂ္ဂဟ- လှစ်ဖေါ်ပြ

သုဋ္ဌု အက္ခာတောတိ သွာက္ခာတော။

သုဋ္ဌု=ကောင်းစွာ၊ အက္ခာတော=ဟောကြားအပ်၏၊ ဣတိတသ္မာ=ထိုကြောင့်၊ သွာက္ခာတော=သွာက္ခာတမည်၏။

**စ, လယ်, အဆုံး၊ အနက်ပြုံးပြ၊ သဒ္ဒပုဒ်ဗျည်း၊**
**ယှဉ်မှီး ပြည့်စုံ၊ စင်ကြယ်တုံ၊ မြင့်ပုံအကျင့်မြတ်။**

**ကောင်းစွာဟောအပ် အမေးစပ်။** ။ ကောင်းစွာ ဟောအပ်သည်ဟူသည် အဘယ်နည်း၊ ဤတရားသည် အစ၌လည်းကောင်း၏၊ အလယ်၌လည်း ကောင်း၏၊ အဆုံး၌လည်း ကောင်း၏၊ အနက်နှင့်လည်း ပြည့်စုံ၏၊ သဒ္ဒါပုဒ်ဗျည်းနှင့်လည်း ပြည့်စုံ၏၊ ဤတရားတော်ဖြင့် မြတ်စွာဘုရားသည် အလုံးစုံပြည့်စုံ၍ စင်ကြယ်သော အကျင့်မြတ်ကို ပြတော်မူ၏၊ ဤသို့လျှင် ကောင်းစွာဟောအပ်သည်၏ အဖြစ်ကို သိအပ်၏။

### မေးဖြေ ၂ -ပါး-ဆက်၍သွားပြန်-ချဲ့ပြရန်

ချဲ့၍ဆိုဦးအံ့၊ တရားတော်သည် အစ၌ ကောင်းခြင်းရှိသောကြောင့် သွာက္ခာတမည်၏၊ အစ၌ကောင်းခြင်းဟူသည် အဘယ်နည်း၊ ထိုတရားကို ဟောတော်မူသော မြတ်စွာဘုရား၏ ကောင်းသော ဘုရားအဖြစ်သည် တရား၏ အစ၌ကောင်းခြင်း မည်၏၊ ဘုရား၏ကောင်းသော ဘုရားအဖြစ်ဟူသည် အဘယ်နည်း၊ ဘုရား၏ကောင်းသော ဘုရားဖြစ်ပုံကို ဘုရားဂုဏ်တော်ကိုးပါး၌ ဖွင့်ဆိုအပ်ပြီးသောအတိုင်း သိအပ်၏၊ တရားတော်သည် အလယ်၌ကောင်းခြင်း ရှိသောကြောင့်လည်း သွာက္ခာတမည်၏၊ အလယ်၌ကောင်းခြင်းဟူသည် အဘယ်နည်း၊ တရား၏ကောင်းမြတ်မှန်ကန်သော တရားဖြစ်မှုသည် အလယ်၌ ကောင်းခြင်း မည်၏၊ တရား၏ ကောင်းမြတ်မှန်ကန်မှုဟူသည် အဘယ်နည်း၊ အနက်အဓိပ္ပါယ်နှင့်ပြည့်စုံခြင်း, သဒ္ဒါပုဒ်ဗျည်းနှင့် ပြည့်စုံခြင်းသည်လည်းကောင်း, အလုံးစုံပြည့်စုံ၍ ထက်ဝန်းကျင်မှ စင်ကြယ်သော အကျင့်မြတ်ကို ပြခြင်းသည်လည်းကောင်း တရား၏ကောင်းမြတ် မှန်ကန်မှုမည်၏၊ တရားတော်၏ အနက်နှင့်ပြည့်စုံမှု, သဒ္ဒါပုဒ်ဗျည်းနှင့် ပြည့်စုံမှုဟူသည် အဘယ်နည်း၊ သီလ

www.dhammaransi.com



အရာ၌ ရှေးဦးစွာပြဆိုအံ့၊ ထိုသီလ နှင့်စပ်၍ ဟောတော်မူသောအရာ၌ အကြင်မျှ လောက် သဒ္ဒါအစီ အစဉ်ကိုပြသော ပုဒ်ဗျည်းတို့ကိုလည်းကောင်း, အနက် အဓိပ္ပါယ်ကိုပြသော ပုဒ်ဗျည်းတို့ကိုလည်းကောင်း, ရထိုက်ကုန်၏၊ ထိုမျှလောက် ကုန်သော သဒ္ဒါပုဒ်, အနက်ပုဒ်တို့ကို လိုလေသေးသည် ဟူ၍မရှိ အပြည့်အစုံ စီစဉ်ထည့်သွင်း၍သာလျှင် ဟောကြားတော်မူအပ်၏၊ ထို့ကြောင့်တရားတော်သည် အနက်နှင့်ပြည့်စုံသည်၊ သဒ္ဒါပုဒ်ဗျည်းနှင့် ပြည့်စုံသည်မည်၏၊ ထို့အတူ သမာဓိ နှင့်စပ်၍ ဟောသောအရာ, ပညာနှင့်စပ်၍ ဟောသောအရာတို့၌ ယုတ်လျော့ သည်, လိုလေသေးသည်ဟူ၍ မရှိ၊ အပြည့်အစုံဖြစ်ကုန်သော အနက်ပုဒ်, သဒ္ဒါပုဒ် တို့ဖြင့် စီရင်၍ ဟောကြားတော်မူအပ်သည့်အဖြစ်သည် တရားတော်၏အနက် နှင့်ပြည့်စုံမှု, သဒ္ဒါနှင့်ပြည့်စုံမှုမည်၏။

**သီလသမာ၊ ပညာနှင့်စပ်၊ ဟောအပ်သောရာ၊ အဖြာဖြာကို၊**
**သဒ္ဒါပြည်စုံ၊ အနက်လုံ၊ မှတ်တုံ သွာက္ခာတ။**

သီလတရားနှင့် စပ်လျဉ်း၍ဟောတော်မူသောအခါ အနမတဂ္ဂ သံသရာ, ကမ္ဘာအနန္တတို့၌ ကောင်းသောအလေ့အကျင့်ဟုဆိုအပ်ကုန်သော ကုသလ သီလမျိုးတို့သည် ရှိကုန်၏၊ ထိုမျှလောက်ကုန်သော အလေ့ကောင်း, အကျင့် ကောင်း သီလကုသိုလ်အပေါင်းတို့ကို သဗ္ဗညုတာဉာဏ်ဖြင့် အလုံးစုံသိမြင်တော် မူပြီး၍ ကောင်းစွာဟောကြားတော်မူအပ်၏၊ ထို့ကြောင့် သီလတရားများသည် အနက်နှင့်ပြည့်စုံသည်, သဒ္ဒါနှင့်ပြည့်စုံသည်မည်၏၊ သမာဓိနှင့်စပ်လျဉ်း၍ ဟော တော်မူရာ, ပညာနှင့်စပ်လျဉ်း၍ ဟောတော်မူရာတို့၌လည်း ဤနည်းအတိုင်း သာတ္ထ, သဗျဉ္ဇန ဖြစ်ပုံကို သိအပ်၏။

- **ကုသလဟု၊ စကားစု၊ မှတ်ရှု ဗျဥ္စန။**
- **ကုသိုလ် လေးမျိုး၊ တရားရိုး၊ မှတ်ကျိုး အနက်ပြ။**
- **ကြွင်းကျန်သမျှ၊ ဗျဥ္စန အတ္ထ၊ ထိုနှစ်တန်၊ မှတ်ရန် နည်းတူပြ။**

ဤဆိုလတ္တံ့သောနည်းကား အနက်နှင့်ပြည့်စုံ သဒ္ဒါနှင့်ပြည့်စုံ၍ သာတ္ထ, သဗျဉ္ဇန ဖြစ်ပုံနည်းအမြွက်ပေတည်း။

**ကုသလ•ကုသိုလ်**---ဤကုသလ, ဟူသောစကားသည် ဗျဉ္ဇနပဒ မည်၏၊ ကာမာဝစရကုသိုလ်, ရူပါဝစရကုသိုလ်, အရူပါဝစရကုသိုလ်, လောကုတ္တရာ ကုသိုလ်များသည် ထိုကုသလပုဒ်ဖြင့် ဟောအပ်သော ကုသလပုဒ်၏ အနက်ဖြစ်

www.dhammaransi.com



သော အတ္ထပဒမည်၏၊ တဖန် ကာမာဝစရ ကုသလဟူသော စကားသည် ဗျဉ္ဇနပဒ မည်၏၊ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကကုသိုလ်စိတ် အစရှိသော ကာမာဝစရကုသိုလ်စိတ်ရှစ်ပါးသည် ထိုကာမာဝစရပုဒ်၏ အနက်ဖြစ်သော အတ္ထပဒမည်၏၊ ရူပါဝစရကုသလစသော စကားတို့၌လည်း ဤနည်းအတိုင်းပင်တည်း။

[ဤကား အဘိဓမ္မာ၌ ဗျဉ္ဇနပဒ, အတ္ထပဒခွဲဝေပုံနည်း အမြွက်ပေတည်း]

သုတ္တန်နည်းမှန်၊ ကုသလ်၊ ဗျဉ္ဇန်ဟုပြ။
သုစရိုက်ဆယ်၊ ပထဆယ်နှင့်၊ ပုညယ်ဆယ်ပါး၊ အနက်ထား၊
မှတ်သား ခွဲဝေပြ။

သုတ္တန်နည်းအားဖြင့် ကုသလဟူသောစကားသည် ဗျဉ္ဇနပဒ မည်၏၊ ထိုကုသလ၏ အနက်သဘောဖြစ်သော သုစရိုက်ဆယ်ပါး, ကုသလကမ္မပထဆယ်ပါး, ပုညကိရိယာဝတ္ထုဆယ်ပါးသည် ဗျဉ္ဇနပဒ မည်၏။

[ဤကား သုတ္တန်နည်းအားဖြင့် ဗျဉ္ဇနပဒ, အတ္ထပဒခွဲဝေပုံနည်းတည်း။]

**ကမ္ဘာအဆက်ဆက်-။ ကုသလ ရေတွက်ချက်**

။ဤကဲ့သို့ဟော တော်မူအပ်သောကုသိုလ်တရားသည် အနမတဂ္ဂသံသရာ ကမ္ဘာအဆက်ဆက်တို့၌ ဤမည်သော ကပ်ကမ္ဘာတွင် လောကဓာတ်ပေါင်းအနန္တတို့၌ ဤမည်သောလောကဓာတ်တွင် ဤမည်သောသတ္တလောကတွင် တစ်စုံတစ်ခုသော ကုသိုလ်မျှလည်း ထိုကုသလဟူသော ဗျဉ္ဇနပုဒ်, အတ္ထပုဒ်တို့ဖြင့် မရေမတွက်သည်မရှိ၊ အနမတဂ္ဂသံသရာ ကမ္ဘာအနန္တ, သတ္တဝါအနန္တ၌ ကုသိုလ်ဟူ၍ဆိုလျှင် ထိုကုသလပုဒ်အတွင်းသို့ အကျုံးဝင်ကြလေသည်ချည်းသာ ဖြစ်လေ၏၊ ကုသိုလ်မှန်လျှင် ကုသလပုဒ်ဖြင့် ဝေဖန်အပ်သည်ချည်းသာဖြစ်လေ၏၊ ဤသို့လျှင် ကုသလဓမ္မဟူသောပုဒ်၏ သာတ္ထ, သဗျဉ္ဇနဖြစ်ပုံ သဒ္ဒါနှင့်ပြည့်စုံပုံ အနက်နှင့်ပြည့်စုံပုံကို သိအပ်၏၊ အကုသလာဓမ္မာအစရှိကုန်သော ရှစ်သောင်းလေးထောင်ကုန်သော ဓမ္မက္ခန္ဓာပုဒ်အပေါင်းတို့၌လည်း ဤနည်းအတိုင်း သာတ္ထ, သဗျဉ္ဇနဖြစ်ပုံကို သိရာသတည်း။

- ပြဟ္မဇာလ၊ သုတ်စဉ်နှင့်၊ မဇ္ဈိမဟာ၊ တစ်ဖြာဝိနည်း၊ ကျင့်နည်း သိက္ခာ၊ ခြောက်ဖြာ ဋ္ဌကြွေ၊ စောင့်ထွေ သီလ၊ တစ်ဝ ရောင့်ရဲ ခွါရဲ့ သမာပတ် ဝိပဿ မနော၊ ပဥ္စော ဘိညာဏ်၊ ဗောဓန် သုံးခွင်၊ လောကုတ်ယှဉ် မှတ်လျှင် ပြဟ္မစရိယ။

www.dhammaransi.com



**အမေးဆက်ပြန်-ဗြဟ္မစရိယံ။** ။ ထိုတရားတော်ဖြင့် အလုံးစုံပြည့်၍ ထက်ဝန်းကျင်မှ စင်ကြယ်သော အကျင့်မြတ် (ဗြဟ္မစရိယ)ကို အဘယ်သို့ပြပါသနည်း။

**အဖြေဆက်လက်-ဗြဟ္မစရိယအတွက်။** ။ ဗြဟ္မဇာလသုတ်၌ ဟောတော်မူအပ်သော စူဠသီလသည်လည်း ဗြဟ္မစရိယမည်၏၊ မဇ္ဈိမသီလသည်လည်းကောင်း, မဟာသီလသည်လည်းကောင်း, ဗြဟ္မစရိယပင်မည်၏၊ အလုံးစုံသော ဝိနည်းပိဋကတ်၌ ပညတ်တော်မူအပ်သော, ဝိနည်းသိက္ခာပုဒ် ဟူသမျှတို့သည်လည်း ဗြဟ္မစရိယမည်ကုန်၏၊ ထိုမှတစ်ပါး အလုံးစုံသော ဣန္ဒြိယ သံဝရသီလ, အလုံးစုံသော သတိသမ္ပဇည ပစ္စည်းလေးပါးတို့၌ ရောင့်ရဲမှုသန္တောသ, အလုံးစုံနီဝရဏတရားကိုခွာမှု သမာပတ်ရှစ်ပါး, ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ်, ဣဒ္ဓိဝိဓဉာဏ်, ဒိဗ္ဗသောတဉာဏ်, စေတောပရိယဉာဏ်, ပုဗ္ဗေနိဝါသဉာဏ်, စုတူပပါတဉာဏ်, အလုံးစုံသည်လည်း ဗြဟ္မစရိယပင်မည်၏၊ သတိပဋ္ဌာန်လေးပါး, သမ္မပ္ပဓာန်လေးပါး, ဣဒ္ဓိပါဒ်လေးပါး, ဣန္ဒြေငါးပါး, ဗိုလ်ငါးပါး, ဗောဇ္ဈင်ခုနစ်ပါး, မဂ္ဂင်ရှစ်ပါး, ဤဗောဓိပက္ခိယတရား ၃၇-ပါးတို့သည်လည်း ဗြဟ္မစရိယပင်မည်ကုန်၏၊ အရိယမဂ်လေးပါး ဖိုလ်လေးပါးတို့သည်လည်း ဤဗြဟ္မစရိယပင်မည်ကုန်၏၊ ပြဆိုအပ်ပြီးသော ဗြဟ္မစရိယတို့၏ အကျိုးဖြစ်ကုန်သော လောကီအဘိညာဏ်ငါးပါး ဖိုလ်လေးပါး တို့ကိုလည်း ဗြဟ္မစရိယ၌ပင် သွင်း၍ရေတွက်အပ်ကုန်၏။

**မြတ်စွာဘုရား၊ တရားတော်မြတ်၊ အကျင့်မြတ်ကို၊**
**ပြဖို့ဆို၊ မှတ်လိုဒဿန။**

မြတ်စွာဘုရားသည် ထိုတရားတော်မြတ်ဖြင့် ဤအလုံးစုံသော (ဗြဟ္မစရိယ) အကျင့်မြတ်ကို ပြတော်မူ၏၊ ထိုသို့ပြအပ်သော ဗြဟ္မစရိယသည်လည်း စူဠသီလ စသည်တို့၌ တစ်စုံတစ်ခုမျှ မပြည့်စုံသော ဗြဟ္မစရိယမည်သည် မရှိ၊ အလုံးစုံ ပြည့်စုံသည်သာဖြစ်၏၊ ထိုထို ဗြဟ္မစရိယဖြင့် ထိုထိုဆိုင်ရာဆိုင်ရာဖြစ်သော ကိလေသာအဖို့ကို ထိုက်သည်အားလျော်စွာ ပယ်ရှားခြင်းကြောင့် မြတ်စွာဘုရား ပြတော်မူအပ်သော ဗြဟ္မစရိယသည် ထက်ဝန်းကျင်မှ စင်ကြယ်သည် မည်၏၊ ဤဆိုအပ်ပြီးသော ဗြဟ္မစရိယသည်ကား အနာဂါမိကဖြစ်သော ရဟန်းတို့နှင့် သက်ဆိုင်သည့် ဗြဟ္မစရိယပေတည်း။

www.dhammaransi.com



ငါးပါးရှစ်ပါး၊ ဆယ်ပါးသီလ၊ ဒါနံပုည၊ ဟူသမျှမူ၊
နတ်လူတို့မှာ၊ ကျင့်မြတ်ပါ၊ မှတ်ရာ ဗြဟ္မစရိယ။

အိမ်ယာထောင်သူ လူတို့၏ ဗြဟ္မစရိယ, နတ်တို့၏ ဗြဟ္မစရိယသည်ကား ငါးပါးသီလ, ရှစ်ပါးသီလ, အဋ္ဌင်္ဂဥပုသ်, ဆယ်ပါးသီလတို့ပေတည်း၊ ဗြဟ္မစရိယနှင့်စပ်သော စကားရပ်၌ ပုဏ္ဏကဇာတ်တွင် ဒါနကို ဗြဟ္မစရိယဟု ဟောတော်မူ၏၊ တိတ္တိရဇာတ်၌ ငါးပါးသီလကို ဗြဟ္မစရိယဟု ဟောတော်မူ၏၊ နေမိဇာတ်၌ ဥပေါသထသီလကို ဗြဟ္မစရိယဟု ဟောတော်မူ၏၊ ဆယ်ပါးသီလကိုကား ရှစ်ပါးသီလနှင့် အလားတူသောကြောင့် ဗြဟ္မစရိယဟူ၍ ဆိုအပ်၏၊ ထိုမှတစ်ပါး ထိုထိုသုတ္တန် အရပ်ရပ်တို့၌ အကြင်အကြင်ပုညကိရိယာဝတ္ထုတို့ကို ဆိုင်ရာဆိုင်ရာ၌ ဟောတော်မူ၏၊ ထိုအလုံးစုံသော ကုသိုလ်ကောင်းမှု ပြုခြင်းနှင့် စပ်ဆိုင်သမျှသော ပုညကိရိယာဝတ္ထုတို့ကို ဗြဟ္မစရိယ၌သွင်း၍ ရေတွက်အပ်ကုန်၏။

ကျင့်မြတ်စရိယာ၊ ရှိသည်တာကြောင့်၊ ဗြဟ္မာ လူနတ်၊
ပစ္စေကတ်ဗုဒ္ဓါ၊ သာဝကာတပည့်၊ ထင်ရှားရှိ၊ မှတ်သိ လူ့လောက။

လောက၌ ဤဗြဟ္မစရိယတို့၏ ထင်ရှားရှိနေခြင်းကြောင့် လူတို့ဟူ၍ ထင်ရှားရှိနေကြကုန်၏၊ နတ်တို့ဟူ၍ ဗြဟ္မာတို့ဟူ၍ ထင်ရှားဖြစ်ပေါ်လျက်ရှိကြကုန်၏၊ ဘုရားရှင်တို့လည်း ထင်ရှားပွင့်တော်မူကြကုန်၏၊ ပစ္စေကဗုဒ္ဓါတို့လည်း ဖြစ်ပေါ်ကြကုန်၏၊ မြတ်စွာဘုရား၏ တပည့်သာဝကတို့သည်လည်း ထင်ရှားဖြစ်ပေါ်ကြကုန်၏၊ သူတော်ကောင်းတို့ဟူ၍ ထင်ရှားရှိနေကြကုန်၏၊ ရဟန်း, ပုဏ္ဏားတို့ဟူ၍ ထင်ရှားရှိနေကြကုန်၏၊ ဤဗြဟ္မစရိယတို့ကို ကြဉ်ဖယ်၍ ထားကြပါကုန်မူကား လူသည်လည်းကောင်း, နတ်သည်လည်းကောင်း, ဗြဟ္မာသည်လည်းကောင်း မရှိနိုင်ကြကုန်၊ ဘုရားပစ္စေကဗုဒ္ဓါတို့ ပွင့်ပေါ်နိုင်ရန်မှာ ဆိုဖွယ်ရာ မရှိချေ။

အယူဝါဒ၊ ဟူသမျှ၌၊ ကျင့်မြတ်စရိယာ၊ မရှိပါသော်၊
ဝေးကွာသုဂတိ၊ အပါယ်ငြိ၊ မှတ်သိ လူ့လောက။

အကြင်အယူဝါဒ အကြင်ဘာသာတို့၌ မြတ်သောအကျင့် ဟုဆိုအပ်သော ဗြဟ္မစရိယတို့ကို ပညတ်ခြင်း မရှိကြကုန်၊ ထိုအယူဘာသာတို့၌ သွာက္ခာတတရားမရှိ၊ ဒုရက္ခာတတရားသာ ရှိလေသောကြောင့် ထိုအယူဘာသာသို့ဝင်၍ ကျင့်ကြံအားထုတ်ကြကုန်သော သူတို့သည် ပိတ်ကွယ်သော သုဂတိတံခါး ရှိကြ

www.dhammaransi.com



ကုန်သည်ဖြစ်၍ များသော အားဖြင့် အပါယ်သို့သာ လားကြရလေကုန်၏၊ ဤသို့ လျှင် တရားတော်မြတ်၏ အလုံးစုံပြည့်စုံ၍ ထက်ဝန်းကျင်မှစင်ကြယ်သော အကျင့်ကောင်း အကျင့်မြတ်ကို ပြခြင်းသည် ဖြစ်၏။

[ဆိုအပ်ပြီးသော စကားရပ်ဖြင့် မြတ်စွာဘုရားဟောကြားတော်မူအပ်သော တရားတော်မြတ်၏အနက်, သဒ္ဒါနှင့်ပြည့်စုံ၍ သာတ္ထ, သဗျဉ္ဇနအဖြစ် အလုံးစုံပြည့်စုံ၍ ထက်ဝန်းကျင်မှစင်ကြယ်သော အကျင့်မြတ်ကို ပြသည်၏အဖြစ်ကြောင့် မဇ္ဈေကလျာဏ ဖြစ်ပုံကို သိအပ်သတည်း။]

## တရားအဆုံး, ကောင်းခြင်းထုံး, မေးအုံးဆက်၍ဖြာ

တရားတော်၏ အဆုံး၌ကောင်းခြင်းဟူသည် အဘယ်နည်း၊ မြင့်မြတ်သော သာဝကတို့နှင့် ပြည့်စုံခြင်းသည် တရားတော်၏ အဆုံး၌ကောင်းခြင်းမည်၏၊ သာဝကနှင့် ပြည့်စုံခြင်းဆိုသည်ကား သွာက္ခာတဖြစ်သော တရားတော်ကို ကျင့်ဆောင်ကြကုန်သော တပည့်သာဝကတို့သည် ကျင့်ကြံအားထုတ်သော ပြဟ္မစရိယ၏ အကျိုးတို့ကို ကိုယ်တွေ့ဒိဋ္ဌ ရရှိခံစံစားကြရကုန်၍ ထူးသော ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ကြသည်ကို သာဝကသမ္ပတ္တိ ဆိုသည်၊ ဤသာဝကသမ္ပတ္တိ ဖြစ်ပုံကို သံယာဂုဏ်ဖွင့်တွင် ထင်ရှားစွာပြဆိုလတ္တံ့။

ရဟန်းပုဏ္ဏား၊ လူသားနတ်ပြဟ္မာ၊ ပဏ္ဍိတာတို့၊
ဟောရာ ဒု,သု၊ ကောင်းမှုမကောင်း၊ ရကြောင်းစျာန်သမာ၊
နှစ်ဖြာလောက၊ ဌာန သုံးလီ၊ ကမ္မာချီ၊ လောကီသဒ္ဓမ္မ။

သဒ္ဓမ္မနှစ်မျိုး-ခွဲဝေပျိုးအံ့။ ။ဤတရားဂုဏ်တော်ဖွင့်၌ ဓမ္မဆိုသည်ကား သူတော်ကောင်းတို့၏ တရားပေ တည်း၊ ထိုတရားကို သဒ္ဓမ္မဆိုသည်၊ ထိုသဒ္ဓမ္မသည် လောကိယသဒ္ဓမ္မ, လောကုတ္တရာသဒ္ဓမ္မအားဖြင့် နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် လောကိယသဒ္ဓမ္မကို ဆိုအံ့၊ လောက၌ ရဟန်းပညာရှိတို့သည်လည်းကောင်း, ပုဏ္ဏားပညာရှိ တို့သည် လည်းကောင်း, လူပညာရှိ နတ်ပညာရှိတို့သည်လည်းကောင်း, ပြဟ္မာပညာရှိတို့ သည်လည်းကောင်း, ဒုစရိုက်ဆယ်ပါးတို့ကို ပညတ်ကြကုန်၏၊ သုစရိုက် ဆယ်ပါးတို့ကို ပညတ်ကြကုန်၏၊ အကုသလကမ္မပထဆယ်ပါး, ကုသလကမ္မပထ ဆယ်ပါး, ပုညကိရိယာဝတ္ထုဆယ်ပါးတို့ကို ပညတ်ကြကုန်၏၊ ကသိုဏ်းစျာန် ဆယ်ပါး, အပ္ပမညာစျာန်လေးပါး, ရူပအရူပသမာပတ်ရှစ်ပါး, လောကီ

www.dhammaransi.com



အဘိညာဏ်ငါးပါးတို့ကို ပညတ်ကြကုန်၏၊ ဤပစ္စုပ္ပန်လောကကိုလည်း ဟောကြားကြကုန်၏၊ တမလွန်လောကကိုလည်း ဟောကြားကြကုန်၏၊ အပါယ်လေးပါးတို့ကိုလည်း ဟောကြားကြကုန်၏၊ ကာမာဝစရနတ်ပြည်ခြောက်ထပ်, ရူပဗြဟ္မာဘုံတစ်ဆယ့်ခြောက်ထပ်, အရူပဗြဟ္မာဘုံလေးထပ်တို့ကိုလည်း ဟောကြားကြကုန်၏၊ အနန္တ စကြဝဠာ ကမ္ဘာလောကဓာတ်တို့၏ ရှိခြင်းကိုလည်း ဟောကြားကြကုန်၏၊ ဒုစရိုက်ဆယ်ပါး, အကုသလကမ္မပထတရား ဆယ်ပါးတို့သည် အပါယ်လေးပါးသို့သွားရန် လမ်းခရီးဖြစ်ကြကုန်၏၊ သုစရိုက်ဆယ်ပါး, ကုသလကမ္မပထတရားဆယ်ပါးတို့သည် လူ့ပြည်, နတ်ပြည်သို့သွားရန် လမ်းခရီးဖြစ်ကြကုန်၏ဟူ၍လည်း ပညတ်ကြကုန်၏၊ ဈာန်,သမာပတ် ရှစ်ပါးတို့သည် ဗြဟ္မာပြည်သို့ သွားရန်လမ်းခရီး ဖြစ်ကြကုန်၏ ဟူ၍လည်း ပညတ်ကြကုန်၏။

ထိုသို့ဟောခါ၊ ပညတ်ပါလည်း၊ ထင်ရာမဟုတ်၊ အဟုတ်သိမြင်၊
မျက်မှောက်ထင်၊ မှတ်လျှင်ကမ္ဘာစောင့်။

ထိုသို့ ဟောကြားပညတ်ကြကုန်သော ပုဂ္ဂိုလ်တို့သည် သာမညအားဖြင့် စိတ်သဘော ထင်မြင်ရာ ယံဝါတံဝါ ပညတ်ဟောကြားကြသည် မဟုတ်ကုန်၊ ဈာန်, အဘိညာဏ်ရရှိကြကုန်သော ရဟန်း, ပုဏ္ဏား, တန်ခိုးကြီးသော နတ်, ဗြဟ္မာများတို့သည် ဤပစ္စုပ္ပန်လောက တမလွန်လောကကြီးတွေကို ကိုယ်တိုင်သိ၍ မျက်မှောက်ပြုပြီးမှ မှန်သောအတိုင်း ပညတ်ဟောကြားကြကုန်သည်၊ အချို့သော ပညာရှိတို့သည်လည်း ထိုသို့ အဘိညာဏ်ရပြီးသော ရဟန်း, ပုဏ္ဏား စသည်တို့၏ ထံမှ တရားကို ကြားနာကြကုန်ပြီးလျှင် ထိုအဘိညာဏ်ရရှိသော ပုဂ္ဂိုလ်တို့၏ ဟောပြောသည့်အတိုင်း ပညတ်ဟောကြားကြကုန်၏၊ ဤသို့လောကီ၌ ပညာရှိကြကုန်သော ထိုထိုပုဂ္ဂိုလ်မြတ်တို့ ဟောကြားအပ်သော တရားသည် လောကီယသဒ္ဓမ္မမည်၏။

[အနမတဂ္ဂသံသရာ ကမ္ဘာအဆက်ဆက်၌ လောကီပညာရှိကြီးများ ပညတ်ဟောကြား၍ထားသော ကမ္ဘာစောင့်တရားကြီးများဟူ၍ ဆိုလိုသည်။]

ကမ္ဘာစောင့်မှီ၊ လောကီသဒ္ဓမ္မ၊ မရှိကလျှင်၊ သုဂတိသား၊
မထွန်းကားပဲ၊ လေးပါးပါယ်ရွာ၊ ဘုံချည်းသာ၊ ဖြစ်ရာ မှတ်ထိုက်စွ။

ဤလောကီယသဒ္ဓမ္မသည် အနမတဂ္ဂသံသရာ ကမ္ဘာအစဉ် အဆက်တို့၌ ထိုထိုကပ်ကမ္ဘာတည်ဦးစအခါကမှစ၍ လူ့ပြည်, နတ်ပြည်, ဗြဟ္မာပြည်တို့၌

www.dhammaransi.com



ဖြစ်ပေါ်ကြကုန်၏၊ အနန္တလောကဓာတ်တို့၌လည်း ထိုသို့ပင်ဖြစ်ပေါ်ကြကုန်၏၊ ထိုသို့ကမ္ဘာစောင့် လောကီတရားတော်ကြီးများ ထင်ရှားဖြစ်ပေါ်ကြကုန်သောကြောင့်သာလျှင် ထိုကမ္ဘာအစဉ် အဆက်တို့၌လည်းကောင်း, ထိုလောကဓာတ်အနန္တတို့၌လည်းကောင်း လူ့ပြည်ဟူ၍ ထင်ရှားဖြစ်ပေါ်ကြကုန်၏၊ နတ်ပြည်, ဗြဟ္မာ့ပြည်တို့ဟူ၍ ထင်ရှားဖြစ် ပေါ်ကြကုန်၏၊ ထိုကမ္ဘာစောင့်ဖြစ်သော လောကီယသဒ္ဓမ္မ များ မထွန်းကားခဲ့ပါမူကား သုဂတိဘုံများဟူ၍ဖြစ်ပေါ်နိုင်ရန် အကြောင်းမရှိ၊ သုဂတိဘုံသားတို့ဟူ၍ ပေါ်ပေါက်နိုင်ရန် အကြောင်းမရှိ၊ အပါယ်ဘုံနှင့် အပါယ်ဘုံသားချည်းသာလျှင် ဖြစ်ကြကုန်ရာ၏။

**အစ အလယ်၊ တစ်သွယ်အဆုံး၊ နက်လုံး သဒ္ဒ၊ ပြည့်စုံလှ၍၊**
**လုံးဝစင်ကြယ်၊ အကျင့်ဝယ်၊ ယူသယ် ပြထိုက်စွ။**

ဤလောကီယသဒ္ဓမ္မသည်လည်း သူနှင့်ဆိုင်ရာ ပရိယာယ်တစ်မျိုးအားဖြင့် အစ၌ကောင်းခြင်းရှိသည်, အလယ်၌ကောင်းခြင်းရှိသည်, အဆုံး၌ကောင်းခြင်းရှိသည်၊ အနက်နှင့်ပြည့်စုံသည် သဒ္ဒါ,ပုဒ်ဗျည်းနှင့် ပြည့်စုံသည် အလုံးစုံပြည့်စုံ၍ ထက်ဝန်းကျင်မှစင်ကြယ်သော (ဗြဟ္မစရိယ) အကျင့်မြတ်ကို ပြသည်ဟူ၍ ဆိုထိုက်၏။

**မေးဖြေနှစ်ဖြာ-ဆက်ပြကာ။** ။ ထိုစကားရပ်၌ လောကီယသဒ္ဓမ္မ၏ (အာဒိကလျာဏ) အစ၌ ကောင်းခြင်းဟူသည်အဘယ်နည်း၊ ဤပစ္စုပ္ပန်လောကကိုလည်းကောင်း, တမလွန်လောကကိုလည်းကောင်း ကိုယ်တိုင်ထိုးထွင်း၍ သိပြီးလျှင် မျက်မှောက်ပြု၍ ပညာရှိပုဂ္ဂိုလ်ကြီးတို့ ကောင်းစွာဟောကြားအပ်သည်၏အဖြစ်သည် အစ၌ကောင်းခြင်းမည်၏။

(မဇ္ဈေကလျာဏ) ဟူသည်အဘယ်နည်း၊ ထိုလောကီတရားအားလျော်စွာ အနက်နှင့်ပြည့်စုံမှု, သဒ္ဒါ, ပုဒ်ဗျည်းနှင့် ပြည့်စုံမှု, အလုံးစုံပြည့်စုံ ၍ ထက်ဝန်းကျင်မှ စင်ကြယ်သော အကျင့်မြတ်ကို ကောင်းစွာပြုမှုသည် အလယ်၌ကောင်းခြင်းမည်၏။

(ပရိယောသာနကလျာဏ)ဟူသည် အဘယ်နည်း၊ လောကီပညာရှိပုဂ္ဂိုလ်ကြီးတို့ ဆုံးမအပ်သောအတိုင်း တရားအစဉ်ကိုကျင့်ကြကုန် သောသူတို့၏ လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်ဟုဆိုအပ်သော သုဂတိလောကသို့ရောက်၍ သုခချမ်းသာကို ခံစားရမှုသည် လောကီယသဒ္ဓမ္မ၏ ပရိယောသာနကလျာဏ

www.dhammaransi.com



အဆုံး၌ကောင်းခြင်း မည်၏။

ထောက်ခံသာဓက-ဆက်ဦးမှ။ ။ထိုစကားမှန်၏၊မဟာ ဂေါဝိန္ဒသုတ်၌ ထိုဂေါဝိန္ဒ ပုဏ္ဏားကြီးသည် တပည့် သာဝကတို့အား ပြဟ္မာ့ဘုံသို့ ရောက်စိမ့်သောငှါ တရားကိုဟောကြားပေ၏၊ အကြင်တပည့်တို့သည် ထိုမဟာဂေါဝိန္ဒ ပုဏ္ဏားကြီး၏ အဆုံးအမဩဝါဒကို အလုံးစုံသိရှိလိုက်နာကျင့်ကြံကြကုန်၏၊ ထိုတပည့်တို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်ကာလ၌ ကောင်းသောသူတို့၏ လားရာဖြစ်သော ပြဟ္မာ့ဘုံသို့ ကပ်ရောက်ဖြစ် ပွားကြလေကုန်၏၊ အကြင်တပည့်တို့သည် ထိုဂေါဝိန္ဒပုဏ္ဏားကြီး၏ အဆုံးအမဩဝါဒကို အလုံးစုံသိရှိ လိုက်နာကျင့်ကြံခြင်း မပြုကြကုန်၊ တစ်စိတ် တစ်ဒေသမျှကိုသာ ကျင့်ကြံကြကုန်၏၊ ထိုတပည့်တို့သည် အချို့ဝသဝတ္တီ နတ်ပြည်၌ ဖြစ်ကြလေကုန်၏၊ အချို့နိမ္မာနရတိနတ်ပြည်၌ ဖြစ်ကြလေကုန်၏၊ အချို့တုသိတာနတ်ပြည်၌ ဖြစ်ကြလေကုန်၏၊ အချို့ယာမာနတ်ပြည်၌ ဖြစ်ကြလေကုန်၏၊ အချို့တာဝတိံသာနတ်ပြည်၌ ဖြစ်ကြလေကုန်၏၊ အချို့ စတုမဟာရာဇ်နတ်ပြည်၌ဖြစ်ကြလေကုန်၏ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူသည်။

ဗောဓိသုံးဖြာ၊ သူတော်စွာတို့၊ ကမ္ဘာရှည်ဝေး၊
ကျင့်ဆောင်ရေး၊ မှတ်တွေး ကမ္ဘာစောင့်။

ထိုမှတစ်ပါး အလောင်းတော် ဟတ္ထိပါလရှင်ရသေ့စသော လောကီပညာရှိ ပုဂ္ဂိုလ်တို့၏ အဆုံးအမဩဝါဒဟုဆိုအပ်သော လောကီယသဒ္ဓမ္မကိုလိုက်နာကြကုန်သော တပည့်သာဝကပေါင်းများစွာတို့၏ နတ်ပြည်, ပြဟ္မာပြည်ဟုဆိုအပ်သော သုဂတိဘုံဘဝတို့၌ ဖြစ်ကြကြောင်းကိုလည်း ထိုထိုကျမ်းဂန်တို့၌ ပြဆိုလျက်ရှိလေ၏၊ သမ္မာသမ္ဗောဓိ, ပစ္စေကဗောဓိ, သာဝကဗောဓိဟုဆိုအပ်သော ဗောဓိသုံးပါးဆုကို ဖြည့်ကျင့်ကြကုန်သော အလောင်းတော် သုံးမျိုးတို့သည်လည်း အနမတဂ္ဂသံသရာ ကမ္ဘာအစဉ်အဆက်မှာ ကမ္ဘာစောင့်တရားတော်ကြီး တွေဟုဆိုအပ်သော လောကီယသဒ္ဓမ္မများကို ရှေ့သွားပြုလုပ် ဖြည့်ကျင့်ခြင်းအားဖြင့်သာလျှင် ပါရမီရင့်၍ အဆုံးစွန်၌ မိမိတို့ရည်ရွယ်မှန်းထားချက် အတိုင်း ဆိုင်ရာဆိုင်ရာ ဗောဓိသို့ ရောက်ရှိပွင့်ပေါ်ကြလေကုန်၏။

[ဤသို့လျှင် လောကီယသဒ္ဓမ္မသည်လည်း ကောင်းခြင်းသုံးပါးနှင့်ယှဉ်သည်၏ အကြောင်းကြောင့် ထိုက်သည့်အားလျော်စွာ သွာက္ခာတပင်မည်၏ဟူ၍ ဆိုထိုက်ပေသည်။]

www.dhammaransi.com



သုညတဟု၊ ခန္ဓာစုနှင့်၊ နာမ်မှုရုပ်ဓာတ်၊ တဝသစ္စာ၊ အာယတနာ
မှတ်၊ စပ်လတ်တရား၊ သုံးပါးလက္ခဏာ၊ တင်ခါ စပ်ပြု၊ ရမှု, မဂ်ဖိုလ်၊
နိဗ္ဗာန်ကို၊ စပ်ဆိုသဒ္ဓမ္မ။

လောကုတ္တရာ,သာသနာ-။ နှစ်ဖြာတူထိုက်လှ ။သာသနသဒ္ဓမ္မ ဆိုသည်ကား သုညတဟုဆိုအပ်သော ခန္ဓာ,နာမ်,ရုပ်, ဓာတ်, အာယတနတို့နှင့်စပ်သောတရား, လက္ခဏာရေးသုံးပါးနှင့်စပ်သောတရား, မဂ်ဖိုလ်နိဗ္ဗာန်ဟုဆိုအပ်သော လောကုတ္တရာနှင့်စပ်သော တရားများပေတည်း၊ အဘယ်ကျမ်းဂန်၌လာသော တရားမျိုးကဲ့သို့နည်းဆိုလျှင် အလုံးစုံသော အဘိဓမ္မာပိဋကတ်, အလုံးစုံသော မဟာနိဒါနသုတ်, အလုံးစုံသော နိဒါနသံယုတ်, ခန္ဓသံယုတ်, အာယတနသံယုတ်, မဟာဝဂ္ဂသံယုတ် ဤသို့စသော ကျမ်းတို့၌ ဟောအပ်သော တရားမျိုးကဲ့သို့တည်း၊ ပြဆို အပ်ပြီးသောကျမ်းတို့၌ ဟောတော်မူအပ်သော တရားတို့သည် သာသနသဒ္ဓမ္မတို့ မည်ကုန်၏၊ ထိုသာသနသဒ္ဓမ္မ၏ ကောင်းခြင်းသုံးပါးနှင့် ပြည့်စုံပုံကို ရှေး၌ပြဆိုအပ်ပြီ။

## လောကီတရား-လောကုတ္တရာထည့်သွင်းသွား

အလိုရှိအပ်-တစ်နည်းမှတ်။ ။ အဓိပ္ပါယ် တစ်နည်းအားဖြင့်ကား ဤမြတ်စွာဘုရား၏ သာသနာတော်ကျမ်းဂန်ဟုဆိုအပ်သော ပိဋကတ်သုံးပုံတို့၌ လောကီယသဒ္ဓမ္မဟုဆိုအပ်သော ကမ္ဘာစောင့်တရားကောင်းကြီးများကိုလည်း မြတ်စွာဘုရားထည့်သွင်း၍ ဟောကြားတော်မူအပ်ကုန်၏၊ အဘယ့်ကြောင့် ဟောကြားတော်မူပါသနည်းဆိုလျှင် ထိုလောကီယသဒ္ဓမ္မတို့၌ အချို့သောတရားတို့သည် ဤသာသနာတော်ဓမ္မ၏ အာဒိဗြဟ္မစရိယသဖွယ်ဖြစ်၍ ပထမအခြေခံ ကျင့်ရန်တရားများ ဖြစ်ကြကုန်၏၊ အချို့ သောတရားတို့သည် ဝိပဿနာကိုလွယ်ကူစွာ ဆောင်ရွက်နိုင်ရန် အကြောင်းဖြစ်ကုန်၏၊ အချို့သောတရားတို့သည် မျက်မှောက်ဘဝ၌ ချမ်းသာစွာ ခံစားသုံးဆောင်၍ နေခြင်းငှာ ရွက်ဆောင်ကြကုန်၏၊ အချို့သောတရားတို့သည် သာသနဓမ္မ၏ ပြည့်စုံခြင်းကို ညွှန်ပြတတ်ကုန်၏။

လောကီသဒ္ဓမ္မာ၊ မရှိပါငြား၊ ဘာသာများမှာ၊ သွာက္ခာတာ ဂုဏ်၊
လုံးစုံကင်းဝေး၊ မရရေးကြောင့်၊ ပါယ်လေးပြည့်နှက်၊ ဖြစ်ရလျက်၊ မှတ်ချက်
ကျမ်းဂန်ပြ။

မိခင်ဧရာဝတီ

www.dhammaransi.com



ထိုကြောင့် ထိုလောကီယသဒ္ဓမ္မများကို မြတ်စွာဘုရားသည် သာသနာတော် ကျမ်းတို့၌ထည့်သွင်း၍ ဟောတော်မူရလေသည်၊ သို့ဖြစ်၍ ဤသာသနသဒ္ဓမ္မသည် လောကီယသဒ္ဓမ္မအားဖြင့် အစ၌ကောင်းခြင်း ရှိ၏၊ ရုပ်, နာမ်, ခန္ဓာ, အာယတန တရား, ပဋိစ္စသမုပ္ပါဒ်တရား စသည်တို့၌ အစဉ်သိမြင်ခြင်း ထိုးထွင်း၍ သိမြင်ခြင်း တည်းဟူသော အသိဉာဏ် အထူးကိုရရှိခြင်းအားဖြင့် အလယ်၌ကောင်းခြင်းရှိ၏၊ ဖိုလ်တည်းဟူသော ဝိမုတ္တိ, နိဗ္ဗာန်တည်းဟူသော ဝိမုတ္တိကိုရရှိခြင်းအားဖြင့် အဆုံး၌ကောင်း ခြင်းရှိ၏ဟူ၍လည်း ဆိုအပ်၏၊ အကြင် ဘာသာအယူဝါဒတို့၌ ကမ္ဘာဦးမှစ၍ အစဉ်အဆက် ဆင်းသက်၍လာသော လောကီယသဒ္ဓမ္မများသည် မရှိ၊ ထိုဘာသာ အယူဝါဒတို့၌ သွာက္ခာတဂုဏ်နှင့် ပြည့်စုံသောတရား၏ မရှိခြင်း ကြောင့် လူအပေါင်းတို့ကို များသောအားဖြင့် အပါယ်ဘုံ၌ ပြည့်နှက်ခြင်းကိုသာ ဖြစ်စေကုန်၏ဟူ၍ မှတ်အပ်၏။

လောကီသဒ္ဓမ္မ၊ ဝိနယပင်ကို၊ ရှိသည်ဆို၊ မှတ်လိုတက်ခေတ်မှာ။

တက်တန်းဆုတ်ကာန်း-အထူးလမ်း။ ။ ဆိုဖွယ်အထူး ရှိပြန်သည်ကား လူတို့အသက်တမ်း ရှည်လျားသော ကပ်ကာလ၌ ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့သည် ထိုခေတ်အခါ ကမ္ဘာလောကပေါ်၌ လောကီယသဒ္ဓမ္မဟုဆိုအပ်သော ကမ္ဘာစောင့်တရားကောင်း ကြီးများ ထင်ရှားရှိနေကြကုန်သောကြောင့် လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့အား တရားဓမ္မဟောပြသွန်သင်တော်မူသောအခါ သာသနာတွင်းနှင့်သက်ဆိုင်သော သာသနသဒ္ဓမ္မတရားစစ်ကြီးများကိုသာလျှင် ဟောကြားတော်မူကြကုန်၏၊ လောကီယသဒ္ဓမ္မမျိုးများကို ဟောကြားတော်မူရန် ကြောင့်ကြစိုက်တော်မမူကြရကုန်၊ တပည့်သား ရဟန်းတို့အား သိက္ခာပုဒ်ပညတ်တော်မူခြင်း၌လည်း ကင်းသော ကြောင့်ကြခြင်း ရှိတော်မူကြကုန်၏၊ အကြောင်းကိုဆိုသော် ထိုခေတ်အခါ ကာလသမ္ပတ္တိနှင့် ကြုံကြိုက်သဖြင့် ကမ္ဘာစောင့်ဖြစ်သော လောကီလက်ရိုး တရားကြီးများလည်း ထွန်းကားလျက်ရှိနေဆဲဖြစ်၏၊ (ထိုတရားမျိုးကို အထူး ဟောကြားရန်မလို) လောကီယသဒ္ဓမ္မကြီးတွေ ထွန်းကားနေဆဲအခါဖြစ်၍ ရဟန်း တော်တို့သည်လည်း ပကတိသဘောအားဖြင့် စင်ကြယ်ပြည့်စုံ၍နေကြကုန်၏၊ ထိုသို့စင်ကြယ်ပြည့်စုံ၍ ကာယကံ, ဝစီကံလုံခြုံသော ရဟန်းတို့အားလည်း သိက္ခာပုဒ်ကို ပညတ်ရန် အကြောင်းလည်း မပေါ်ပေါက်နိုင်၊ ထို့ကြောင့် အသက် ရှည်သောခေတ်၌ ပွင့်တော်မူကြသော မြတ်စွာဘုရားတို့သည် သာသနသဒ္ဓမ္မ

www.dhammaransi.com



သက်သက်ကိုသာ ဟောကြားတော်မူကြရကုန်သဖြင့် နည်းပါးသောကိစ္စ ရှိတော်မူကြကုန်သည်။

**လောကီသဒ္ဓမ္မာ၊ တိမ်မြုပ်စွာကြောင့်၊ ခေတ်ခါလူပေါင်း၊**
**သောင်းကျန်းကြောင်း၊ မှတ်ရှောင်း ဆုတ်ကပ်မှာ။**

**ဆုတ်ကပ်ကမ္ဘာ ရှင်ဂေါတမသာသနာ။** ။ အကျွန်ုပ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော ဂေါတမမြတ်စွာဘုရားသည်ကား လူတို့အသက်တမ်း အလွန်တိုသောကာလ ဆုတ်ကပ်ထဲ၌ ပွင့်တော်မူရ၏၊ ညံ့ဖျင်းသော ခေတ်ကာလအခါနှင့် ကြုံကြိုက်သဖြင့် လောကီယသဒ္ဓမ္မကြီးများလည်း များသောအားဖြင့် ပျောက်ကွယ်တိမ်မြုပ်ဆဲဖြစ်၏၊ လူအပေါင်းတို့သည်လည်း သောင်းကျန်းဆိုးသွမ်းကြကုန်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့အား တရားဟောတော်မူသောအခါ တိမ်မြုပ်မှိန်မှေး၍နေသော လောကီယသဒ္ဓမ္မကြီးများကိုလည်း အလွန်အရေးကြီးစွာ ဟော ကြားတော်မူရမည့်အခွင့်နှင့် ကြုံကြိုက်လျက် ရှိနေတော်မူ၏။

**သဒ္ဓမ္မာနှစ်ချက်၊ ဟောရာဖက်နှင့်၊ ထိုထက်သိက္ခာ၊**
**ဝိနယာရှေး၊ ကြောင့်ကြရေး၊ ရှုပ်ထွေး တို့မြတ်စွာ။**

ထိုကြောင့် တရားဒေသနာကိစ္စဖြင့် လောကီယသဒ္ဓမ္မကိုဟောတော်မူရသည်ကတစ်ဖက် သာသနာသဒ္ဓမ္မကိုဟောတော်မူရသည်က တစ်ဖက်ကြောင့် အလွန်ကြီး ကြောင့်ကြစိုက်တော်မူရလေ၏၊ (လောကီယသဒ္ဓမ္မကို ထုတ်ဖော်တော်မူရ၏၊ သာသနာသဒ္ဓမ္မကို တည်ထောင်တော်မူရ၏။) သောင်းကျန်းဆိုးသွမ်းသော ခေတ်ကာလအတွင်းဖြစ်၍ ရဟန်းတော်တို့အားလည်း သိက္ခာပုဒ်ပညတ်တော်မူရန်အတွက် အလွန်ပင် ကြောင့်ကြစိုက်တော်မူရလေ၏၊

**[ဤသို့လျှင် တရားတော်၏ ကလျာဏသုံးပါးနှင့် ပြည့်စုံကြောင်းကို သိရာ၏။]**

**မေးချက်။** ကမ္ဘာစောင့် လောကီယသဒ္ဓမ္မကြီးများသည် လောက၌ များသောအားဖြင့် အဘယ်ကာလတွင် ပျောက်ကွယ်ခြင်းသို့ ရောက်ပါသနည်း။

**ဖြေချက်။** မိစ္ဆာဒိဋ္ဌိတို့ ဖြစ်ပေါ်လာသောအခါမှစ၍ ကမ္ဘာ စောင့်တရားလက်ဟောင်းကြီးများ ပျောက်ကွယ်ခြင်းသို့ ရောက်ကြလေကုန်သည်။

www.dhammaransi.com



မေးချက်။ အဘယ်အခါကစ၍ လောက၌ မိစ္ဆာဒိဋ္ဌိတို့ဖြစ် ပေါ်ကြကုန်သနည်း။

ဖြေချက်။ လူတို့ အနှစ်တစ်ထောင်တမ်းသို့ ရောက်သော အခါမှစ၍ လောက၌ မှောက်မှားဖောက်ပြန်သော အယူရှိကြကုန်သော မိစ္ဆာဒိဋ္ဌိရဟန်း, ပုဏ္ဏားတို့ပေါ်ကြကုန်သည်ဟူ၍ စက္ကဝတ္တိ သုတ်၌ ဆို၏။

အလှူအကျိုး၊ ကြီး, ငယ်မျိုးနှင့်၊ ကံကျိုးဗလာ၊ လောကာနတ္ထိ၊ အမိမယုဉ်၊ ဖ, မမြင်ဘဲ၊ နတ်ကဲ့ပမာ၊ ဥပပါ ပုဂ္ဂိုလ်၊ မရှိဆို၊ ယူလို မိစ္ဆာစစ်။

မေး, ဖြေနှစ်ချက်။ ။မိစ္ဆာဒိဋ္ဌိ ဟူသည် အဘယ်နည်း၊ မိစ္ဆာဒိဋ္ဌိ အယူမျိုးသည်ဆယ်ပါးရှိ၏။

- ဆယ်ပါးဟူသည်ကား-

၁။ အလှူ၏အကျိုးသည်မရှိ။
၂။ ယဇ်ကြီးပူဇော်မှု (အလှူပွဲကြီး) ၏အကျိုးသည်မရှိ။
၃။ ယဇ်ငယ်ပူဇော်မှု (အလှူပွဲငယ်) ၏ အကျိုးသည်မရှိ။
၄။ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးသည်မရှိ။
၅။ ဤပစ္စုပ္ပန်လောကလည်းမရှိ။
၆။ တမလွန်လောကလည်းမရှိ။
၇။ အမိဟူ၍လည်းမရှိ။
၈။ အဖဟူ၍လည်းမရှိ။
၉။ နတ်,ဗြဟ္မာစသည်တို့ကဲ့သို့ ဥပပတ်ပုဂ္ဂိုလ်ဟူ၍လည်း မရှိ။
၁၀။ အကြင်ပုဂ္ဂိုလ်တို့သည် ဤပစ္စုပ္ပန် လောကကိုလည်းကောင်း, တမလွန်လောကကိုလည်းကောင်း, ကိုယ်တိုင်ထိုးထွင်းသိမြင်၍ မျက်မှောက်ပြုကြကုန်ပြီးလျှင် ဟောကြားကြကုန်၏၊ ထိုသို့လောက နှစ်ရပ်ကို အတတ်သိမြင် ဟောကြားနိုင်၍ အညီအညွတ် ကောင်းစွာကျင့်သော ထိုရဟန်း, ပုဏ္ဏားမျိုးတို့သည်လည်း လောက၌ မရှိ။

[ဤသည်လျှင် မိစ္ဆာဒိဋ္ဌိအယူကြီး ဆယ်မျိုးပေတည်း၊ ဝသဝတ္တက မိစ္ဆာဒိဋ္ဌိလည်းခေါ်သည်။]

ကမ္ဘာအလည်၊ ဌာနီမဣိမ၊ ဗွန်ကျနိုင်ငံ၊ ရပ်ဒေသမှာ၊

မိခင်ဧရာဝတီ

www.dhammaransi.com



## မိစ္ဆာဒိဋ္ဌိ၊ ပေါ်လာတိက၊ သဒ္ဓမ္မ၊ မုချ ပျောက်မြဲဆို။

ထိုမိစ္ဆာဒိဋ္ဌိကြီးတွေ ပေါ်ပေါက်သည်မှစ၍ လောကိယသဒ္ဓမ္မ ကမ္မာစောင့် လက်ရိုးတရားကောင်း တရားဟောင်းကြီးများသည် အစွန်အဖျားဖြစ်သော တိုင်းနိုင်ငံ ဇနပုဒ်တို့၌ အလုံးစုံကွယ်ပျောက်ကြလေကုန်၏၊ ကမ္ဘာ၏ အလည် ဗဟိုဖြစ်၍ သူတော်ကောင်းတို့ ထွန်းကားရာဖြစ်သော မဇ္ဈိမတိုက်ကြီး အတွင်း၌ လည်း များသောအားဖြင့် ကွယ်ပျောက်ကြလေကုန်သည်သာဖြစ်၏၊ တစ်ရံတစ်ခါ ဘုရားအလောင်း တော်ကြီးများ ပေါ်ပေါက်လာသောအခါ၌သာလျှင် ဘုရား ပွင့်တော်မူသောအခါကဲ့သို့ ကြီးစွာသော သမ္မာဒိဋ္ဌိခေတ်ကာလကြီး ပေါ်ပေါက်၍ လာ၏၊ တစ်ပါးတစ်ပါးသော ဘုရားအလောင်းတော်ကြီးတို့၏ ဆုံးမဩဝါဒ သာသနာသည် နှစ်ပေါင်းခြောက်သောင်း တည်ထွန်း၏ဟူ၍ အဋ္ဌကထာကျမ်းတို့၌ ဆို၏။

## သဿတ, ဥစ္ဆေ၊ ဤနှစ်ထွေ၊ မှတ်လေ အပါယ်မျိုး။

အကြင်တိုင်းနိုင်ငံဇနပုဒ်တို့၌ ထိုကမ္ဘာစောင့်တရားကောင်း တရားမှန်ကြီး များသည် အလုံးစုံကွယ်ပျောက်လေ၏၊ ထိုတိုင်းနိုင်ငံ ဇနပုဒ်တို့၌ အကြင်လူ အပေါင်းတို့သည် ထိုမိစ္ဆာဒိဋ္ဌိအယူဆိုးကြီးတို့ကိုသာလျှင် စွဲလမ်းယူငင် ကျင့်ကြံကြ ကုန်၏၊ ထိုလူအပေါင်းတို့သည် ဥစ္ဆေဒဒိဋ္ဌိတို့သာလျှင် ဖြစ်ကြလေကုန်၏၊ ဥစ္ဆေဒဒိဋ္ဌိ အယူရှိကြကုန်သောကြောင့် နောင်တမလွန်လောကကို မယုံကြည်သည့်အတွက် ထိုတမလွန်လောကအလို့ငှါ ကုသိုလ်ကောင်းမှုပြုရန် ကြောင့်ကြ မစိုက်ကြကုန်၊ ထိုသူတို့သည် စင်စစ်အားဖြင့် အပါယ်သို့ လားကြလေကုန်၏၊ ထိုဥစ္ဆေဒဒိဋ္ဌိကို မစွဲလမ်းကြကုန်သည်ရှိသော် သဿတဒိဋ္ဌိကို ယူငင်စွဲလမ်းကြလေကုန်၏၊ သဿတဒိဋ္ဌိမှာ တမလွန်လောကကို ယုံကြည်၏၊ ထိုတမလွန်လောကအတွက် ကြောင့်ကြစိုက်ပါကုန်သော်လည်း တရားကောင်းတရားမှန်မှကင်း၍ ကံကို ယုံကြည်သော ကမ္မကိရိယဉာဏ်မျက်စိ ကွယ်ကြကုန်သောကြောင့် မကိုးကွယ် ထိုက်ရာ၌ ကိုးကွယ်ရာဟူ၍ ရှာမှီးမှတ်ထင်နေကြလေကုန်၏။

သံသရာဘေး၊ လာမည့်ရေးကို၊ စောင့်တွေးကယ်တင်၊
မှတ်ဉာဏ်ထင်၊ ယူလျှင် ကိုးကွယ်စစ်။

[ဤအရာ၌ ကိုးကွယ်သည်ဟူသောစကားမှာ သရဏဂုံကဲ့သို့ သံသရာဘေးမှ ကယ်တင်လိမ့် မည်ဟု ထင်မှတ်၍ ကိုးကွယ်ခြင်းကိုဆိုလိုသည်။]

www.dhammaransi.com



လောကအရှင်၊ ထိုပြင်ပြဗ္ဗာ၊ တစ်ဖြာနေ,လ၊
တစ်ဝ တော,တောင်၊ ကြီးခေါင်သစ်ပင်၊
မြစ်လျှင်တစ်ဖန်၊ ကိုးကွယ်ပြန်၊ နိရန် ချည်းနှီးပြ။

**အကိုးကွယ်မှား-အချည်းနှီးသွား။** ။အချို့သောသူတို့သည် လောကကို အစိုးရသော အရှင်ကိုဆည်းကပ် ကိုးကွယ်ကြကုန်၏၊ အချို့သောသူတို့သည် မဟာဗြဟ္မာကြီးကို ကိုးကွယ်ဆည်းကပ်ကြကုန်၏၊ အချို့သောသူတို့သည် လ,ကိုကိုးကွယ်ကြကုန်၏၊ အချို့သောသူတို့သည် နေကို ကိုးကွယ်ကြကုန်၏၊ အချို့သောသူတို့သည် မဟာဒေဝစသော မိမိတို့ဆိုင်ရာ နတ်တို့ကို ကိုးကွယ်ကြကုန်၏၊ အချို့သောသူတို့သည် တောတောင်ကို, အချို့သောသူတို့သည် သစ်ပင်ကြီးကို, အချို့သောသူတို့သည် မြစ်ကိုကိုးကွယ်ကြကုန်၏၊ ထိုအလုံးစုံသော ကိုးကွယ်မှုများသည် တစ်စုံတစ်ခုမှ အကျိုးကိုမရစေနိုင်သောကြောင့် နိရတ္ထက အချည်းအနှီးတို့သာဖြစ်ကုန်၏၊ အားကိုးပါသော်လည်း ကိုးရာမရောက် ဖြစ်ကြလေကုန်၏၊ မိမိတို့ ထင်မြင်စွဲလမ်းသောအတိုင်း ကိုးကွယ်ရာတို့ကို ကပ်၍ ဆုတောင်းခြင်း, ခိုးမွမ်းထောမနာပြုခြင်း, နဖူးမြေစိုက်နှင့် ခစားဝပ်တွားခြင်း, ပူဇော်လုပ်ကျွေးခြင်း, တင်သခြင်းစသောကိစ္စတို့ဖြင့် တစ်သက်တာ ကာလပတ်လုံး ပင်ပန်းကြီးစွာ အားထုတ်ကြပါကုန်သော်လည်း ပင်ပန်းကာမျှသာ အဖတ်တင်ခဲ့ရ၍ သေလွန်စုတိကျသောအခါ ကိုးကွယ်ရာမဲ့သော သေခြင်းဖြင့် သေခြင်းဆိုး သေကြရလေကုန်၏၊ တစ်သက်လုံး တပင်တပန်းကြီး ခစားပူဇော်ရပြီးသော နောက်ကာလ၌ အပါယ်ဒုဂ္ဂတိသို့သာ လားကြရလေကုန်၏။

- နွားမဦးချိုဖျားကို နို့ရည်ထွက်မည်အထင်နှင့် ညှစ်သော သူရူး၏ အချည်းနှီး ပင်ပန်းခြင်းကဲ့သို့လည်းကောင်း,
- မီးကိုအလိုရှိသဖြင့် ပိုးစုန်းကြူးကို အပင်ပန်းကြီးစွာ ကောက်ရိုးဖြင့် မီးမှုတ်သော သူရူးကဲ့သို့လည်းကောင်း,
- ဆီကိုအလိုရှိသဖြင့် သဲတို့ကို ဆီပွတ်သော သူရူးကဲ့သို့ လည်းကောင်း,

ဖြစ်ကြရလေကုန်၏၊ ဤကဲ့သို့ ဖြစ်သည်ကိုရည်၍ ဓမ္မပဒပါဠိတော်၌-

အကိုးကွယ်မှား- အလကား

၁။ ဗဟုံ ဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိစ၊
အာရာမရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။

www.dhammaransi.com



၂။ နေတံ ခေါ သရဏံ ခေမံ၊ နေတံ သရဏ မုတ္တမံ။
နေတံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

ဟူ၍ ဟောတော်မူသည်။

၁။ ဘယတဇ္ဇိတာ=ဘေးကို ကြောက်လန့်ကုန်သောကြောင့်၊ မနုဿာ=လူများအပေါင်းတို့သည်၊ ဗဟူ=များစွာကုန်သော၊ ပဗ္ဗတာနိစ=တောင်တို့ကိုလည်းကောင်း၊ ဝနာနိစ=တောတို့ကိုလည်းကောင်း၊ အာရာမ ရုက္ခစေတျာနိစ=အရိုအသေပြုထိုက်သည်ဟုမှတ်ထင်၍နေကြကုန်သော အာရာမ်, ဥယျာဉ်, တောစိုးသစ်ပင်ကြီးတို့ကိုလည်းကောင်း၊ ဝေ=စင်စစ်၊ သရဏံ=ကိုးကွယ်ရာဟူ၍၊ ယန္တိ=ဆည်းကပ်ကြကုန်၏။

၂။ ဧတံ=ထိုကိုးကွယ်ရာသည်၊ ခေမံ=ဘေးကင်းစေနိုင်သော၊ သရဏံ=ကိုးကွယ်ရာသည်၊ န=မဟုတ်၊ ဧတံ=ထိုကိုးကွယ်ရာသည်၊ ဥတ္တမံ=မြတ်သော၊ သရဏံ=ကိုးကွယ်ရာသည်၊ န=မဟုတ်၊ ဧတံ=ထို တော, တောင် စသည်များကို၊ သရဏံ=ကိုးကွယ်ရာဟူ၍၊ အာဂမ္မ=မှီခိုဆည်းကပ်ခြင်းကြောင့်၊ သဗ္ဗဒုက္ခာ=အလုံးစုံသော ဆင်းရဲမှ၊ န ပမုစ္စတိ=မကျွတ်မလွတ်နိုင်။

[မဇ္ဈိမဒေသ၌ မူလတိုင်းရင်းသားဖြစ်သော ဟိန္ဒူလူမျိုးတို့သည်ကား- မဟာဗြဟ္မာကြီးကိုလည်းကောင်း, တစ်ပါးသောကိုးကွယ်ရာတို့ကိုလည်းကောင်း, ဆည်းကပ်ကိုးကွယ်ကြကုန်သော်လည်း ကမ္ဘာဦးကစ၍ အစဉ်အဆက် မိရိုးဖလာ ဆင်းသက်၍လာသော ကံ, ကံ၏အကျိုးကိုယုံကြည်သော ကမ္မကိရိယဝါဒကို မစွန့်လွှတ်ကြကုန်၊ ပုညကိရိယာဝတ္ထုကိုလည်း ပြုကြကုန်၏။]

**အနှစ်တစ်ထောင်-ဒိဋ္ဌိတိုးတက်ဆောင်။** ။ ဤသို့လျှင် လူတို့၏ အနှစ်တစ်ထောင်တမ်းအခါ မိစ္ဆာဒိဋ္ဌိတို့ ဖြစ်ပေါ်ထွန်းကားသည်မှစ၍ လောကိယသဒ္ဓမ္မကြီးသည် အဆင့်ဆင့် အစဉ်အတိုင်း ဆုတ်ယုတ်၍ လာလေ၏၊ အကျွန်ုပ်တို့ ဂေါတမမြတ်စွာဘုရား လက်ထက်တော်အခါ၌မူကား-ပုဏ္ဏားဟုခေါ်သော ဗြာဟ္မဏလူမျိုးတို့သည် အထူးထူးသော မိစ္ဆာကျမ်းဂန်တို့ကိုသာလျှင် အမှီသဟဲပြု၍ နေကြကုန်၏၊ အိမ်ယာမထောင်ပဲ ရသေ့ရဟန်းဇာတိနှင့် ရှိကြကုန်သောသူတို့သည်လည်း ဘာသာဝါဒတို့၌ တွေးတောခြင်း, စုံစမ်းခြင်းအားဖြင့် ဝိစိကိစ္ဆာတရား တလုံးထွေးထွေးနှင့် အယူအထူးထူးရှိသော မိစ္ဆာဒိဋ္ဌိတို့သာလျှင် ဖြစ်ကုန်၏၊ အိမ်ယာထောင်သော လူ့ဘောင်၌ နေထိုင်ကြကုန်သော မင်းမျိုး,သူဌေးမျိုး, ကုန်သည်မျိုးတို့သည်ကား မိမိတို့နှင့်စပ်လျဉ်းရာ ပူရဏကဿပအစရှိကုန်သော တိတ္ထိဆရာကြီး

www.dhammaransi.com



ခြောက်ဦးတို့ကိုသာလျှင် ဆည်းကပ်ကိုးကွယ်ကြကုန်၍ များသောအားဖြင့် မိစ္ဆာဒိဋ္ဌိ အမျိုးမျိုးတို့သာလျှင် ဖြစ်နေကြလေကုန်၏။

မိစ္ဆာဒိဋ္ဌိကိုဖေါက်-ဘုရားအဖြစ်သို့ရောက်။ ။ကျွန်ုပ်တို့ဂေါတမ မြတ်စွာဘုရားသည် အလွန်တရာကြီးကျယ် ထူထပ်လှစွာသော မိစ္ဆာဒိဋ္ဌိတောကြီးထဲမှ ထူးကဲစွာ ဘုရားအဖြစ်သို့ ရောက်တော်မူလာရသည်၊ ထို့ကြောင့် မိစ္ဆာဒိဋ္ဌိတို့၏ လွှမ်းမိုးချက်ကြောင့် ပျက်စီးတိမ်မြုပ်၍နေသော (လောကိယသဒ္ဓမ္မ) ကမ္ဘာ စောင့်လက်ရိုး တရားဟောင်း တရားကောင်းကြီးတွေကို တစ်ဖန်အသစ် ဖြစ်ထွန်းပေါ်ပေါက်လာရလေအောင် များစွာကြောင့်ကြစိုက်တော်မူပြီးလျှင် တရားဟောတော်မူခြင်းကိစ္စ၌ လွန်မင်းစွာကြိုးစားတော်မူရ၏၊ ကိလေသာတရားတို့ပြန့်ပွား သောင်းကျန်းသောခေတ်အတွင်းမှာ ဖြစ်ပေါ်တော်မူလာရသောကြောင့်လည်း ရဟန်းတို့အတွက်နှင့် သိက္ခာပုဒ်တော်အမျိုးမျိုးကို ပညတ်တော်မူရခြင်းကိစ္စ၌လည်း များစွာကြီး ကြောင့်ကြစိုက်တော်မူရလေ၏။

[ပြဆိုအပ်ပြီးသော စကားအစဉ်ကို ဆင်ခြင်သောအားဖြင့် ထိုလောကိယ သဒ္ဓမ္မသည် ဤမြတ်စွာဘုရားသခင်၏ သာသနာတော်ဝယ်၌ အာဒိကလျာဏ ဟုဆိုအပ်သော အစ၏ကောင်းခြင်းဖြစ်မှုကို ကောင်းစွာသိအပ်လေသတည်း။]

[၁-သွာက္ခာတဂုဏ်တော်ဖွင့်ပြီး၏။]

-------*-------

## ၂။ သန္ဒိဋ္ဌိကဂုဏ်တော်ပြခန်းဖော်

### ပါဒိကမ္မဓာရယည်း-နည်းယူနည်း

"သာမံ အတ္တနိ ဒဋ္ဌဗ္ဗန္တိ သန္ဒိဋ္ဌံ"

သာမံ-ကိုယ်တိုင်၊ အတ္တနိ-မိမိသန္တာန်၌၊ ဒဋ္ဌဗ္ဗံ-ရှုမြင်အပ်သည်တည်း၊ ဣတိတသ္မာ-ထို့ကြောင့်၊ သန္ဒိဋ္ဌံ-သန္ဒိဋ္ဌမည်၏။

[သူတစ်ပါးဟောပြောချက်နှင့် မယုံကြည်မှု၍ ကိုယ်တိုင်ဒိဋ္ဌ ထင်ထင်ရှားရှား တွေ့မြင်အပ်သည်ကို သန္ဒိဋ္ဌဆိုသည်။]

### တစ်ဖန်တစ်ချက်-တဒ္ဓိတ်ဆက်

"သန္ဒိဋ္ဌံ သာမညဖလံ စေတသာတိ သန္ဒိဋ္ဌိကော"

မိခင်ဓေရာဝတီ

www.dhammaransi.com



ဧတသ=ထိုတရားတော်အား၊ သန္ဒိဋ္ဌံ=ကိုယ်တိုင်ဒိဋ္ဌတွေ့ကြုံ ခံစားရသော၊ သာမညဖလံ=ရဟန်းအဖြစ်၏အကျိုး မဂ်၏အကျိုးသည်၊ အတ္ထိ=ရှိ၏၊ ဣတိ တသ္မာ=ထိုကြောင့်၊ သော=ထိုတရားတော်သည်၊ သန္ဒိဋ္ဌိကော=သန္ဒိဋ္ဌိကမည်၏။

မျက်မှောက်ဒိဋ္ဌတွေ့ကြုံခံစားရသော ရဟန်းအဖြစ်၏အကျိုး မဂ်၏အကျိုး ရှိသောကြောင့် သန္ဒိဋ္ဌိကမည်၏ ဟူ၍ဆိုလိုသည်၊ သာမညဖလဆိုသောစကား၌ ရဟန်းအဖြစ်ကိုလည်းကောင်း, အရိယာမဂ်ကိုလည်းကောင်း သာမညဆိုသည်၊ ထိုသာမည၏အကျိုးသည် သာမညဖလမည်၏၊ ဤတရားတော်ကို ကျင့်ဆောင်လျှင် မျက်မှောက်ဒိဋ္ဌအားဖြင့် ရဟန်းဖြစ်မှု၏အကျိုး သို့မဟုတ် မဂ်၏အကျိုးများကို ခံစားရသည် ဟူ၍ ဆိုလိုသည်။

ဤသန္ဒိဋ္ဌိကဟူသော ဂုဏ်ပုဒ်ကို သီလက္ခန်ပါဠိတော် သာမညဖလသုတ်၌ အကျယ်အားဖြင့်ပြဆိုလျက်ရှိလေ၏၊ ထိုသာမညဖလသုတ်၌ ရဟန်းအဖြစ်၏ အကျိုး အရိယာမဂ်၏အကျိုးများကို သန္ဒိဋ္ဌိကဟူ၍ဆို၏၊ ဤဂုဏ်တော် အရာ၌မူကား ရဟန်း၏အဖြစ် အရိယာမဂ်ဟူသော အကြောင်းတရားများကိုသာ သန္ဒိဋ္ဌိကဟူ၍ဆိုသည်၊ သာမညနှင့် သာမညဖလသည် အချင်းချင်း မကွေမကွင်း နိုင်သော တရားများဖြစ်ကြလေသည်။

**အဇာတသတ္တု-မေးလျှောက်ပြု။** ။ထိုသာမညဖလသုတ်၌ အဇာတသတ် မင်းသည်မျက်မှောက်ဒိဋ္ဌ တွေ့ကြုံ ခံစားရသော ရဟန်းအဖြစ်၏ အကျိုးဟုဆိုအပ်သော သာမညဖလကို မေး လျှောက်လေ၏၊ မြတ်စွာဘုရားသည် ဤသို့ ဖြေ ကြားတော်မူ၏၊ "တစ်ဦးသော မင်းခယောက်ျားသည် အရှင်မင်းကြီးကို မပန်ကြားပဲ သာသနာဘောင်၌ ရဟန်း ပြုလေ၏၊ မင်းကြီး သိလေသည်ရှိသော် ထိုမင်းခယောက်ျား၌ အဘယ်သို့ ပြုစီရင်မည်နည်းဆိုလျှင် တစုံတရာဒဏ်ထားခြင်းစသည်အမှုကို မပြုရာ၊ စင်စစ် မူကား မင်းသည်သာလျှင် ထိုရဟန်းကို ရှိခိုးခြင်း,ခရီးဦးကြိုဆိုခြင်း, နေရာပေးခြင်း, ပစ္စည်းလေးပါးတို့ဖြင့် ဖိတ်မန်ခြင်းကို ပြုရာ၏၊ ထိုရဟန်းအား တရားနှင့် လျော်သော အစောင့်အရှောက်ကိုပေး၍စီရင်ရာ၏၊ ဤသည်ကား ရဟန်းပြု လေသော ထိုမင်းခယောက်ျား၌ ဒိဋ္ဌတွေ့ကြုံ ခံစားရသော ရဟန်းဖြစ်မှု၏ အကျိုးပေတည်း၊ ရဟန်းမပြုမီ ရှေးအဖို့၌ မင်းကြီးကို မိမိက ရှိခိုးရ၏၊ ရဟန်း အဖြစ်သို့ရောက်သောအခါ မိမိကို မင်းကြီးက ရှိခိုးရလေ၏၊ မင်း၏ရှိခိုးခြင်းကို ခံရလေ၏ဟူ၍ ဟောတော်မူသည်။

www.dhammaransi.com



ဤသာမညဖလသုတ်၌ ရဟန်းအဖြစ်ကို သာမညဟုဆို၏၊ ရဟန်းအဖြစ်၏အကျိုးကို သာမညဖလဟူ၍ဆို၏၊ ရဟန်းအဖြစ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ခံစားရသောအကျိုးကို အာနိသင်ဟူ၍ ဆိုလိုသည်၊ ဤမျှသည် သာလျှင် အကျိုးရှိသည်မဟုတ်သေး စင်စစ်သော်ကား ရဟန်းအဖြစ်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် များပြားလှစွာသော ကာမဂုဏ်၏ အပြစ်ဒေါသ အာဒီနဝတို့ကိုပယ်ရှား၍ ချမ်းသာစွာ နေရခြင်းတည်းဟူသော အကျိုးသည်လည်း ရဟန်းအဖြစ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ကိုယ်တိုင်ဒိဋ္ဌတွေ့ကြုံခံစားရသော သာမညဖလတို့သည်သာလျှင် ဖြစ်ကုန်၏။

ကာမဂုဏ်အပြစ်-မေးစိစစ်။ ။ကာမဂုဏ်တို့၏ များသောအပြစ် ဒေါသဟူသည် အဘယ်နည်း၊ မဇ္ဈိမပဏ္ဏာသပါဠိတော် စတုတ္ထသုတ်၌ ကာမဂုဏ်၏ အပြစ်ဒေါသတို့ကို ဆိုလတ္တံ့သောအတိုင်း ဟောတော်မူသည်၊ ကာမဂုဏ်တို့သည် အလွန်နည်းသော သာယာဖွယ်ရှိကုန်၏၊ များသောဆင်းရဲခြင်းရှိကုန်၏၊ များသောပင်ပန်းခြင်းနှင့်ယှဉ်ကုန်၏၊ ဤ ကာမဂုဏ်၌ အပြစ်ဒေါသသည် အလွန်များပြား၏။

## အဋ္ဌိကင်္ခလူပမာ ကာမာ

ကာမာ-ငါးဖြာအာရုံ ကာမဂုဏ်တို့သည်၊ အဋ္ဌိကင်္ခလူပမာ- အသားမကပ် အရိုးဖတ်နှင့် တူကုန်၏။

အရိုးခွေးပမာ-ကာမာ။ ။ကာမဂုဏ်ငါးပါးတို့သည် အသားမကပ်သော အရိုးဖတ်နှင့် တူကုန်၏၊ အဘယ်သို့ တူကုန်သနည်း၊ အသားကို အပြောင်အစင်ခွါပြီး၍ စွန့်ပစ်အပ်သော အရိုးသက်သက်ကို ခွေးတပိန်တစ်ကောင် တွေ့လေရာ ထိုအရိုးကို သရေတရွဲရွဲနှင့် ကိုက်ခဲခြင်း ပြုပါသော်လည်း ဝ,လင်ခြင်းမရှိ အားရတင်းတိမ်ခြင်းသို့ မရောက်နိုင် ညီသော အနံ့ရှိသောကြောင့် ထိုအရိုးကိုစွန့်၍ အရပ်တစ်ပါးသို့ မသွားနိုင်ပဲ အရသာ ထွက်လိမ့်နိုးနိုး ဝ,လမ့်နိုးနိုးနှင့် အရိုးနားက မခွါနိုင်ပဲ အဖျားကလှဲ၍ကိုက်, အရင်းကလှဲ၍ကိုက်, အလယ်ကဖြတ်၍ကိုက်နှင့်သာ အရသာမတွေ့မီ သေရလေဘိ သကဲ့သို့ ထိုအတူ မိန်းမ, ယောက်ျား, သတ္တဝါအများတို့သည်လည်း အရိုးစု သဖွယ်ဖြစ်သော ရွှေ, ငွေ, ဥစ္စာ, လယ်ယာ, ခမ်းနား, သား, မယားစသော ကာမဂုဏ်ငါးပါးတို့ကို ခွေးတပိန်သဖွယ် ဖြစ်၍တရစ်ဝဲဝဲ တစွဲလမ်းလမ်း နေ့ရက် ရှည်ကြာ ခံစားပါသော်လည်း ဝလင်ရောင့်ရဲခြင်းသို့ မရောက်နိုင်၊ အရသာ

ထွက်နိုးနိုး, ချမ်းသာနိုးနိုးနှင့်သာ မြော်ကိုးချက် လက်ဆုပ်နှင့်နေကြရကုန်၏၊ ကာမဂုဏ်ငါးပါးတို့ကလည်း သတ္တဝါတို့၏သန္တာန်၌ရှိသော ကာမတဏှာဓာတ်ကို ရစ်ပတ်စွဲငြိထားသောကြောင့် ထိုကာမဂုဏ်တို့ကို စွန့်ခွါ၍လည်း မသွားနိုင်၊ ကာမဂုဏ်မှ လွတ်ဖို့ရာအချက်, နိက္ခမဝိတက်များကိုလည်း မမွေးမြူနိုင်ရှိနေစဉ် တခုံမင်မင်, တခင်တွယ်တွယ်နှင့်သာ သား, မယားတို့၏ခြေရင်းမှာ သေခြင်းသို့ ရောက်လေကုန်၏၊ ထို့ကြောင့် ကာမဂုဏ်တို့သည် အရိုးစုနှင့် တူကုန်သည်ဟု ဟောတော်မူသည်။

[ဤစကားရပ်ဖြင့် ကာမဂုဏ်တို့၏ အရိုးစုနှင့်တူပုံကို သိရာ၏။]

**မံသပေသူပမာ ကာမာ။**

**ကာမာ=ငါးဖြာအာရုံ ကာမဂုဏ်တို့သည်၊ မံသပေသူပမာ=သားတစ်အလား ပမာတူကုန်စွတကား။**

**သားတစ်တပဲ-တူလေမြဲ။** ။ ကာမဂုဏ်ငါးပါးတို့သည် သားတစ်နှင့် တူကုန်၏၊ အဘယ်သို့ တူကုန်သနည်း၊ တစ်ခုသော သားတစ်ကို ငှက်စွန်ရဲတစ်ကောင်သည် ချီ၍ပျံလေရာ ထိုချီသော ငှက်စွန်ရဲကို များစွာသောငှက်တို့သည် ဝိုင်းအုံ၍ ထိုးဆိတ်ကြကုန်ရာ၏၊ သားတစ်ကို မလွှတ်မခြင်း များစွာသော ဘေးဒုက္ခနှင့် တွေ့ကြုံရလေ၏၊ သားတစ်ကို လွှတ်သည်နှင့်တစ်ပြိုင်နက် ထိုဘေးဒုက္ခတို့မှ လွတ်ကင်းလေ၏၊ ထိုသားတစ်ကို တစ်ဆင့်လုယူ၍ ချီပျံသောငှက်သို့ များစွာသောငှက်အပေါင်းတို့သည် ဝိုင်းအုံ ထိုးဆိတ်ကြပြန်ကုန်၏၊ ဤသို့ သားတစ်တစ်ခုအတွက်ကြောင့် ထိုသားတစ်ကို တွယ်တာ ခင်မင်စွာနှင့် ချီယူပျံသန်းကြကုန်သော စွန်ရဲငှက်တို့သည် ဘေးဒုက္ခနှင့် တွေ့ကြုံရလေကုန်၏၊ ထို့အတူ ကာမဂုဏ်ငါးပါးဟုဆိုအပ်သော အိုး, အိမ်,သား, မယား,လယ်, ယာ,မိုး, မြေဟုဆိုအပ်သော ဝတ္ထုတဏှာတို့ဖြင့် သိမ်းပိုက်၍ ရေ, မီး, မင်း, ခိုးသူ, မနာလိုသူ တည်းဟူသော ရန်သူမျိုးငါးပါး ဘေးရန်တို့သည် အစဉ်မပြတ်ဝန်းရံ၍ အခွင့်အလမ်းကို ရှာပြီးလျှင် အလစ်ကိုကြည့်၍ လုယက်ခြင်း, လျှပ်စား ဖြတ်စားပြုခြင်းစသော ဘေးတို့နှင့် တွေ့ကြုံရလေ၏၊ ထိုဘေးတို့မှ လုံခြုံစွာရှိအောင် စောင့်ရှောက်ခြင်း အမျိုးမျိုးတို့ဖြင့် စောင့်ရှောက်ရလေ၏၊ ထိုဝတ္ထုအာရုံ ကာမဂုဏ်တို့ကို မစွန့်လွှတ်နိုင်သမျှ ဘေးပေါင်းအနန္တတို့ ဝိုင်းဝန်းခြင်းကို ခံရ၍ ကြပ်တည်းကျဉ်းမြောင်းစွာ နေထိုင်ရ၏၊ ထိုကာမဂုဏ်တို့ကို စွန့်လွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် ချမ်းသာအေးမြစွာနှင့် ချောင်ချောင်ချိချိ နေထိုင်

www.dhammaransi.com



ရခြင်းကိုရရှိလေ၏၊ ထို့ကြောင့် ကာမဂုဏ်ငါးပါးတို့ကို သားတစ်နှင့်တူကုန်၏ဟူ၍ ဟောတော်မူသည်။

[ဤစကားရပ်ဖြင့် ကာမဂုဏ်တို့၏ သားတစ်နှင့်တူပုံကို သိရာ၏။]

### တိဏုက္ကူပမာ-ကာမာ။

ကာမာ-သတ္တဝါတတ်စာ ငါးကာမာတို့သည်၊ တိဏုက္ကူပမာ- မြက်မီးရှူး အသွင် ပမာဆင်ကုန်၏။

ကောက်ရိုးမီးပမာ-ကာမာ။ ။ ကာမဂုဏ်ငါးပါးတို့သည် မြက်မီးရှူး မြက်မီးစည်းနှင့် တူကုန်၏၊ အဘယ်သို့ တူကုန်သနည်း၊ မြက်မီးစည်းကို မီးညှိ၍လေညာသို့ ဆောင်ယူသွားသောအခါ အဖျားမှစ၍ အစဉ်အတိုင်း လောင်လေရာ၏၊ ဆောင်ယူသောသူ၏ လက်, ခြေစသော အင်္ဂါတို့တိုင်အောင် စွဲငြိလောင်ကျွမ်းဘိသကဲ့သို့ ထို့အတူ ငါပိုင်, ငါ့ဟာ, ငါ့ဥစ္စာဟူ၍ သိမ်းပိုက်အပ်သော ကာမဂုဏ်တို့သည် သာယာသိမ်းပိုက်သော သူအား စိုးရိမ်ရ ခြင်း, စောင့်ရှောက်ရခြင်းစသော ဒုက္ခမီးတို့ကို တောက်လောင်စေကုန်၏။ မြတ်နိုး သိမ်းပိုက်၍နေရင်း ပျက်စီးခြင်းသို့ ရောက်သောအခါမှာလည်း များစွာဆင်းရဲခြင်းစသော ဒုက္ခမီးတောက်ကြီးတို့ကို ဖြစ်ပွားစေတတ်ကုန်၏၊ တစ်ရံတစ်ခါ ထိုကာမဂုဏ်တည်းဟူသော မီးတို့၏အတွက်ကြောင့် အသက်သေဆုံးခြင်းတည်းဟူသော ဒုက္ခမီးမြိုက်ခြင်းကို ခံရလေ၏၊ သား, မယား, အိုး, အိမ်, လယ်ယာ, မိုး, မြေ, ရွှေ, ငွေဘဏ္ဍာမှစ၍ ကာမဂုဏ်ဝတ္ထုဟူသမျှတို့ကို သိမ်းပိုက်ရခြင်းသည် မီးတောက်မီးလျှံတို့ကို သိမ်းပိုက်ထားရသည်နှင့်တူ၏၊ ထို့ကြောင့် ကာမဂုဏ်တို့ကို မြက်မီးရှူးနှင့် တူကုန်၏ ဟူ၍ဟောကြားတော်မူသည်။

[ဤစကားရပ်ဖြင့် ကာမဂုဏ်တို့၏ မြက်မီးရှူးနှင့်တူပုံကို သိရာ၏။]

### အင်္ဂါရကာသူပမာ-ကာမာ။

ကာမာ-သတ္တဝါတတ်စာ ငါးကာမာတို့သည်၊ အင်္ဂါရကာသူပမာ-မီးကျီး တွင်းအတူ အလွန်ပူပြင်းကုန်၏။

ကာမဂုဏ်ငါးပါး-ပြာဖုံးမီးအလား။ ။ကာမဂုဏ်ငါးပါးတို့သည် မီးကျီးတွင်း နှင့်တူ၏၊ အဘယ်သို့ တူကုန်သနည်း၊ အပေါ်ယံက ပြာဖုံး၍နေသော မီးကျီးတွင်းသည် အခိုးအလျှံ မီးတောက်မီးလျှံ မရှိသောကြောင့် မီးဟူ၍ပင် မထင်စေတတ်၊ မီးဟုအမှတ်သညာ မရှိသဖြင့်

www.dhammaransi.com



ထိုမီးကျီးတွင်းသို့ သက်ဆင်းသောသူကို မီးတောက်မီးလျှံထက်ပင် လောင်ကျွမ်း ပူလောင် စေတတ်၏၊ ထို့အတူ ကာမဂုဏ်တရားတို့သည် မျက်စိအမြင်, နား အကြား, နှာခေါင်းအနံ့, လျှာအရသာ, ကိုယ်အတွေ့အားဖြင့် ပြင်ပန်းက သာယာ ဖွယ်ယောင်ယောင်ဖြစ်နေသောကြောင့် ပူလောင်သည်ဟူ၍ပင် မထင်ရချေ၊ ထိုကာမဂုဏ်တို့ကို သာယာခြင်း, သိမ်းပိုက်ခြင်းအားဖြင့် ကာမဂုဏ်တွင်းသို့ ဆင်းသောအခါ ပူလောင်ပြင်းပြစွာ ဖြစ်၍လာတတ်ကုန်၏၊ မီးတောက် မီးလျှံတို့ဖြင့် လောင်ကျွမ်းခြင်းသည် ထင်ရှား၏၊ မီးကျီးစုအတွင်း၌ မြှုပ်၍ နှပ်၍ထားအပ်ကုန်သော ဝတ္ထုတို့ကို လောင်ကျွမ်းရာ၌ကား မထင်ရှား၊ ထို့အတူ ပင်လျှင် ကာမဂုဏ်တည်းဟူသော မီးကျီးတွင်းသို့ သက်ဆင်းမြှုပ်နှံခြင်းကို ခံကြရကုန်သော သူတို့သည်လည်း အတွင်းပူပူ၍ နေကြပြီးလျှင် ကာမဝိတက် အမျိုးမျိုး, ပစ္စည်းပရိယေသန ဒုက္ခတာဝန်အမျိုးမျိုး, သားရေး, သမီးရေး, အိုး,အိမ်အရေးတို့နှင့် လောင်ဆွေးပူပင်ရသော ဒုက္ခအမျိုးမျိုးတို့သည် မီးကျီးစု၌နှပ်၍ ထားအပ်သော ပိန်းဥ, ကန်စွန်းဥစသည်တို့ကို ကျက်အောင် လောင်ဘိ သကဲ့သို့ အတွင်းငုတ်အားဖြင့် ပူလောင်စေတတ်ကုန်၏၊ ကာမဂုဏ်ဝတ္ထုတို့ဖြင့် အနပ္ပကမ်း ပြည့်လျှမ်း၍နေသော ကာမဘုံကြီးသည် မီးကျီးတွင်းကြီးနှင့်တူ၏၊ ကာမဘုံသားတို့သည် မီးကျီးတွင်း၌မြှုပ်၍ နှပ်၍ ထားအပ်ကုန်သော ဝတ္ထုတို့နှင့် တူကုန်၏။

**[ဤစကားရပ်ဖြင့် ကာမဂုဏ်တို့၏ မီးကျီးတွင်းနှင့်တူပုံကိုသိရာ၏။]**

**သုပိနကူပမာ- ကာမာ။**

**ကာမာ=အလိုရှိအပ် ကာမဓာတ်တို့သည်၊ သုပိနကူပမာ=အိပ် မက်အသွင်- ပမာဆင်ကုန်၏။**

**ခမ်းနားတင့်တယ်-အိပ်မက်ဖွယ်။** ။ကာမဂုဏ်ငါးပါးတို့သည် အိပ်မက်နှင့် တူကုန်၏၊ အဘယ်သို့ တူကုန်သနည်း၊

တစ်ယောက်သောသူသည် အိပ်၍နေစဉ်အခါ သူဌေး,သူကြွယ် ပဒေသရာဇ်, ဧကရာဇ်စသော အဖြစ်မျိုးကိုရရှိ၍ မိမိနှစ်သက်လိုလားအပ်သော အာရုံတို့ကို အလိုရှိသမျှ ခံစားသုံးဆောင်လျက် ပျော်ချင်သမျှပျော်နေရပုံကို မြင်လေ၏၊ အိပ်မက်မက်၍ နေစဉ်အခါ အဟုတ်အမှန်ဖြစ်၍ နေသကဲ့သို့ပင် ထင်ရ၏၊ ထိုစည်းစိမ် ချမ်းသာတို့ဖြင့် သာယာခြင်း မဆုံးနိုင်အောင်ရှိနေလေ၏၊ အိပ်မက်ထဲမှာ တပ်မက်နှစ်သက်၍ မဆုံးမီ ရုတ်တရက် အိပ်ရာကနိုးလာ သော

www.dhammaransi.com



အခါ အိပ်မက်ထဲ၌ တွေ့ကြုံခဲ့သမျှသည် အချည်းနှီး အလဟဿမျှသာဖြစ်လေ၏၊ အိပ်မက်၌ တစ်ခဏမျှပျော်ရွှင်ခြင်းသည် တစ်စုံတစ်ခုမျှ အဖတ်ရှာ၍မရပဲ ရှိလေ၏၊ ထိုအတူဤကာမဘုံ၌ လူ့စည်းစိမ်, နတ်စည်းစိမ်တို့ကို ကာမတဏှာ ရှေ့ဆောင်ရှေ့ရှုက်ပြုသည့်အတိုင်း ခံစား၍ နေစဉ်အခါ ပျော်ရွှင်ချမ်းသာ ယောင်ယောင်နှင့် အတည်အခိုင် အမြဲထာဝရကဲ့သို့ စိတ်ကထင်မှတ်၍ သာယာ စွဲလမ်းပြီးလျှင် တဏှာ, မာန, ဒိဋ္ဌိသုံးပါးတို့ဖြင့် သိမ်းပိုက်စွဲလမ်း ၍နေကြ ရကုန်၏၊ ပစ္စုပ္ပန်ဘဝ တစ်သန္တာန်ကလေးမှာ အိပ်မက်၌ထင်မြင်ရဘိသကဲ့သို့ ခံစံပြီးလျှင် မကြာခင် ထိုစွဲလမ်းသမျှသော အာရုံတို့ကို စွန့်ခွါ၍ ဘဝပြောင်းရလေ၏၊ စုတိသည်နှင့်တစ်ပြိုင်နက် အိပ်ရာကနိုးလာသောသူမှာ အိပ်မက်၌ ထင်မြင်ခဲ့ သမျှသည် အလုံးစုံပျောက်ကွယ်လေဘိသကဲ့သို့ ပစ္စုပ္ပန်ဘဝ၌ တွေ့ရှိခံစံ ရသမျှသော ကိုယ်ပိုင်ဟုစွဲလမ်း၍ ထားအပ်သော အာရုံဝတ္ထုတို့သည် တစ်ခုမကျန် ကိုယ်နှင့် မသက်ဆိုင်သည့်အဖြစ်သို့ ရောက်လေကုန်၏၊ ထို့ကြောင့် ကာမဂုဏ်တို့ကို အိပ်မက်နှင့် တူကုန်၏ဟူ၍ မြတ်စွာဘုရားဟောကြားတော်မူသည်။

[ဤစကားရပ်ဖြင့် ကာမဂုဏ်တို့၏ အိပ်မက်နှင့်တူပုံကို သိရာ၏။]

**ယာစိတကူပမာ- ကာမာ။**

**ကာမာ**-ငါးပါးအာရုံ ကာမဂုဏ် အယုတ်တရားတို့သည်၊ **ယာစိတ ကူပမာ**-ခဏကလေး ငှါးချေး၍ သုံးအပ်သော ဥစ္စာနှင့်တူကုန်၏။

ငှါးရမ်းချေးသုံး- ဥစ္စာထုံးပမာ-ကာမာ။ ။ကာမဂုဏ် ငါးပါးတို့သည် တစ်ခဏ တစ်ခေတ္တမျှ ငှါးရမ်း၍ သုံးဆောင်အပ်သော ဝတ္ထုတို့နှင့်တူကုန်၏၊ အဘယ်သို့ တူကုန်သနည်း၊ ဤလောက၌ ကိုယ်ပိုင်ဥစ္စာပစ္စည်း မရှိသောသူသည် ပွဲလမ်းသဘင် ပွဲနေပွဲထိုင် ရှိသောအခါ စိန်,ကျောက်,ရွှေ,ငွေစသော ပစ္စည်းတို့ကို ငှါးရမ်း၍ တင့်တယ်စွာ ရှိအောင် သုံးဆောင်ကြရကုန်၏၊ ဥစ္စာရှင်ထံသို့ ပြန်၍မအပ်ရမီအတွင်းမှာ ကိုယ်ပိုင်ဥစ္စာကဲ့သို့ တရွှင်ရွှင်တပြုံးပြုံးနှင့် သုံးဆောင်ကာနေရ၏၊ ငှါးသော အချိန်ကုန်၍ ဥစ္စာရှင်ထံသို့ ပြန်၍အပ်ရသောအခါဖြစ်စေ၊ ဥစ္စာရှင်က ပြန်၍ တောင်ရမ်းသော အခါ၌ဖြစ်စေ၊ မိမိလက်မှာ ထိုငှါးရမ်းအပ်သော ဝတ္ထုပစ္စည်း တို့သည် တစ်စုံတစ်ခုမျှမရှိပဲ ညှိုးငယ်သောမျက်နှာနှင့်သာ ပကတိအတိုင်း နေရလေ၏။

ထို့အတူ ဤကာမဘုံသားတို့သည်လည်း ကုသိုလ်ကံအကျိုးပေးသည့်

www.dhammaransi.com



အလျောက် မိမိဉ်ဖြစ်ထွန်းပေါ်ပေါက်လာသော ကာမဂုဏ်တို့ကို ပျော်ရွှင်စွာ သုံးဆောင်ကြလေကုန်၏၊ ထိုသုံးဆောင်ရစဉ်အခါ ကာမဂုဏ်တို့ကို အမြဲထာဝရ အနေကဲ့သို့ ထင်မြင်၍နေကြကုန်၏၊ တစ်စုံတစ်ရာသော အကုသိုလ်ဖိစီးနှိပ်စက်၍ ကာမဝတ္ထုများပျက်စီး၍ဖြစ်စေ, ဘဝဆုံး၍ သေလွန်သောအခါ၌ဖြစ်စေ၊ ထိုကာမဂုဏ်တို့သည် တစ်စုံတစ်ရာမျှ မိမိစိုးပိုင်သောအဖြစ်သို့ မရောက်ကြကုန်ပဲ မစပ်မဆိုင်သော အဖြစ်သို့သာ ရောက်ကြလေကုန်၏၊ ကာမဂုဏ်ရှင်ပြုလုပ်သော သူတို့သည်မူကား အချည်းနှီးသော လက်ဖြင့်သာလျှင် ထိုက်သင့်သည်အား လျော်စွာ ဖြစ်ရလေ၏၊ ထို့ကြောင့် ကာမဂုဏ်တို့ကို ခေတ္တမျှငှါးရမ်း၍ သုံးဆောင် အပ်သော ဝတ္ထုတို့နှင့် တူကုန်၏ဟူ၍ဟောတော်မူသည်။

[ဤစကားရပ်ဖြင့် ကာမဂုဏ်တို့၏ ငှါးရမ်းအပ်သော ဝတ္ထုနှင့်တူပုံကို သိရာ၏။]

ရုက္ခဖလူပမာ- ကာမာ။

**ကာမာ=အလိုရှိအပ်-ဝတ္ထုကာမဓာတ်တို့သည်၊ ရုက္ခဖလူပမာ=လတ်တလော သေတတ် အဆိပ်ဓာတ်သီးနှင့်တူကုန်၏။**

**ကာမဂုဏ်ဟူသမျှ-အဆိပ်ဓာတ်။** ။ကာမဂုဏ်ငါးပါးတို့သည် အဆိပ်သီးနှင့် တူကုန်၏၊ အဘယ်သို့ တူကုန်သနည်း၊ ကိံပက္ကမည်သော အဆိပ်သီးမှည့်သည် အလွန်နှစ်သက်ဖွယ်ရှိသော သရက်ချို သီးမှည့်နှင့် တူ၏၊ အနံ့အရသာနှင့် ပြည့်စုံ၏၊ မြင်လျှင် စားချင်ဖွယ်ရှိ၏၊ စားသော သူတို့အား အသက်သေသည့်တိုင်အောင် ဘေးဒုက္ခတို့ကို ဖြစ်ပွါးစေတတ်ကုန်၏၊ ထိုအဆိပ်သီးကို အဆင်း,အနံ့အရသာကောင်းရုံမျှကိုသာမြင်၍ စားသောက်မိကြ ကုန်သော သူအပေါင်းတို့သည် အူအသည်းပြတ်ကြွေ၍ တလွန့်လွန့် လိမ်ပြီးလျှင် စိန်ကိုသမ္ဘရာနှင့်ဖျော်၍ သောက်မိသောသူကဲ့သို့ ဆင်းရဲ ပင်ပန်းစွာနှင့် သေဆုံး ပျက်စီးခြင်းသို့ ရောက်ကြလေကုန်၏။

ထို့အတူ ကာမဂုဏ်ငါးပါးတို့သည် ကာမတဏှာ မျက်လုံးထက်သန်ကြကုန် သောသူတို့ကို သာယာဖွယ်အမျိုးမျိုးထင်အောင် ပြင်ပန်းကဟန်ဆောင်၍ ပြတတ် ကုန်၏၊ ထိုပြင်ပန်းကောင်း၍သာယာဖွယ် ယောင်ယောင်ရှိနေသော ကာမဂုဏ် တို့ကို စွဲလမ်းသာယာသောအားဖြင့် သုံးဆောင်သိမ်းပိုက်ကြသောသူတို့အား လောဘ, ဒေါသစသော အဆိပ်တို့သည် တစ်ကိုယ်လုံးမွှန်၍ ဆင်းရဲခြင်း,စိုးရိမ်ခြင်း, ကြောင့်ကြခြင်း စသောဘေးတို့ဖြင့် တတွန့်တွန့်တလိမ်လိမ် ဆင်းရဲ၍ အားကိုးရာ မရသော သေဆုံးခြင်းဖြင့် သေဆုံးကြရကုန်၏၊ သေသည်၏ နောက်ဘဝတိုင်

www.dhammaransi.com



အောင် ကာမဂုဏ်အဆိပ်သင့်၍ အပါယ်လားခြင်းစသော ဆင်းရဲဒုက္ခတို့နှင့် တွေ့ကြုံရလေကုန်၏၊ ထို့ကြောင့် ကာမဂုဏ်တို့ကို အဆိပ်သီးနှင့် တူကုန်၏ ဟူ၍ ဟောတော်မူလေသည်။

[ဤစကားရပ်ဖြင့် ကာမဂုဏ်တို့၏ အဆိပ်သီးနှင့် တူပုံကို သိရာ၏။]

**အသိသူနူပမာ ကာမာ။**

**ကာမာ-သတ္တဝါတွေ ကာမဂုဏ်အရပ်ရပ်တို့သည်၊ အသိသူနူ ပမာ-ဓားခုတ် ဖြတ်ရာ စဉ်းတီတုံးပမာရှိကုန်၏။**

တဏှာဓားရာ စဉ်းတီတုံးပမာ ကာမာ။ ။ ကာမဂုဏ်ငါးပါးတို့သည် ဓား သန်လျက်တို့ဖြင့် ခုတ်ဖြတ်ရာ စဉ်းတီတုံးနှင့် တူကုန်၏၊ အဘယ်သို့ တူကုန်သနည်း၊ စဉ်းတီတုံးပေါ်၌ တင်၍ သားသမင်စသည်တို့ကို သတ်ဖြတ်ကြကုန်၏၊ ထိုသားသမင်စသည်တို့၏ အသားတို့ကိုလည်း နုတ်နုတ်စဉ်းကြကုန်၏၊ ထို့ကြောင့် စဉ်းတီတုံးသည် သတ္တဝါတို့ကိုသတ်ရာ အသားတို့ကို နုတ်နုတ်စဉ်းရာဖြစ်၏။

ထို့အတူ ကာမဂုဏ်တို့သည်လည်း မိမိတို့၌ သာယာတပ်မက်သော သူတို့ကို ကာမတဏှာစသော ဓားသန်လျက်တို့ဖြင့် နုတ်နုတ်စဉ်း၍ ပျက်စီးခြင်းသို့ ရောက်စေတတ်ကုန်၏၊ ကာမဂုဏ်တည်းဟူသော စဉ်းတီတုံးပေါ်၌ လည်ပင်းတင်ထားမိကြကုန်သော သူတို့သည် သမထဘာဝနာ, ဝိပဿနာ ဘာဝနာတည်းဟူသော လွင်ပြင်လမ်းကျယ်ကြီးများသို့ လိုက်သွားထွက်မြောက်ရန်ဖြစ်သော နိက္ခမဓာတ်ကို မထူထောင်နိုင်ကြကုန်ပဲ ထိုကာမဂုဏ်တည်းဟူသော စဉ်းတီတုံးကြီးအပေါ်မှာ သာလျှင် ကာမတဏှာစသော ဓားသန်လျက်တို့ဖြင့် ခုတ်ပိုင်းခြင်းကိုခံရ၍ မလှသော သေခြင်းဖြင့်သာလျှင် သေဆုံးပျက်စီးရကုန်၏၊ ကာမဂုဏ်ငါးပါးသည် သတ္တဝါတို့ကို သတ်ဖြတ်ရာ စဉ်းတီတုံးကြီးဖြစ်လေသည်၊ ထို့ကြောင့် ကာမဂုဏ်ငါးပါးတို့ကို စဉ်းတီတုံးနှင့်တူကုန်၏ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူသည်။

[ ဤစကားရပ်ဖြင့် ကာမဂုဏ်တို့ဖြင့် စဉ်းတီတုံးနှင့်တူပုံကို သိရာ၏။ ]

**အသိသူလူပမာ ကာမာ။**

**ကာမာ-လိုအပ်သမျှ ကာမဓာတ် ငါးဖြာတို့သည်၊ အသိသူ လူပမာ-လှံသွားနှင့် တူကုန်၏။**

www.dhammaransi.com



ထက်မြက်လှံသွား -ကာမဂုဏ်ငါးပါး။ ။ကာမဂုဏ်ငါးပါးတို့သည် လှံသွားနှင့် တူကုန်၏၊ အဘယ်ကဲ့သို့ တူကုန်သနည်း၊ အလွန်ထက်မြက်သော လှံသွားတို့သည် ထိလေရာရာတွင် စူးဝင်ရှနလေ၏၊ လှံသည် ရန်သူစသောသူတို့ကို ထိုးသတ်ခြင်းအလို့ငှာသာ ဖြစ်၏။

ထို့အတူ ကာမဂုဏ်ငါးပါးတို့သည်လည်း အလွန်ထက်မြက်သော အစွမ်းရှိကုန်သောကြောင့် မိမိနှင့် ထိခိုက်မိသောသူ, ငြိတွယ်သောသူတို့ကို စူးဝင်ထိရှခြင်းကို ဖြစ်စေတတ်ကုန်၏၊ ဥပမာ ရူပါရုံတည်းဟူသော လှံသွားတစ်စင်း စူးဝင်ခြင်းခံရလျှင် အူ အသည်း၌ ငါးမျှားချိပ်, ချိပ်မိသော ငါးကဲ့သို့ ထိုလှံသွား၏ စူးဝင်ချက်ကို ရုတ်တရက် မနှုတ်ထွင်နိုင်ပဲ ထိုရူပါရုံ လှံသွား၏ အလိုသို့သာ လိုက်ပါ၍နေရလေ၏၊ ထိုလှံသွားစူးဝင်မှု ဒဏ်ချက်ကြောင့် ရှေးကမိမိမွေးမြူ၍ထားသော သီလ, သမာဓိ, ပညာ တို့ကိုမှ ဂရုမစိုက်ပဲ ပျက်စီးပြုန်းတီးခြင်းသို့ ရောက်စေ၏၊ ထိုလှံချက်ကြောင့် အသက်ဆုံးရှုံးခြင်းသို့လည်း ရောက်စေတတ်၏၊ [သဒ္ဒါရုံစသည်တို့၌လည်း ဤနည်းအတိုင်းသိလေ] ကာမဂုဏ်တည်းဟူသော လှံသွားငါးစင်းတို့သည်၊ သတ္တဝါတို့ကို ထိုးသတ်ဖျက်ဆီးခြင်းအလို့ငှာသာ ဖြစ်ကုန်၏၊ ကာမတဏှာကို မပယ်ခွာရသေးသော ကာမဘုံသားတို့သည် သွားလေရာရာတို့၌ မိမိဆီသို့ တည့်မတ်စွာ ချိန်ရွယ်၍ထားသော လှံသွားတို့ အတွင်းမှာသာလျှင် အကျဉ်းသားကဲ့သို့ နေထိုင်ကြရကုန်၏၊ ထိခိုက်လာသမျှသော သူတို့ကိုလည်း ငဲ့ညှာခြင်းမရှိပဲ အတင်းစူးဝင်ကြလေကုန်၏၊ ထို့ကြောင့် ကာမဂုဏ်ငါးပါးတို့ကို လှံသွားနှင့် တူကုန်၏ဟူ၍ ဟောကြားတော်မူသည်။

[ ဤစကားရပ်ဖြင့် ကာမဂုဏ်တို့၏ လှံသွားနှင့်တူပုံကို သိရာ၏။ ]

သပ္ပသိရူပမာ ကာမာ။

ကာမာ-လူမိုက်ဓာတ်စာ ငါးကာမာတို့သည်၊ သပ္ပသိရူပမာ-မြွေဆိုး ဦးခေါင်းလျှင် ဥပမာရှိကုန်၏။

ကာမအာရုံ မြွေဆိုးဦးခေါင်းပုံ။ ။ ကာမဂုဏ်ငါးပါးတို့သည်မြွေဆိုး၏ ဦးခေါင်းနှင့် တူကုန်၏၊ အဘယ်သို့ တူကုန်သနည်း၊ မြွေဆိုး၏ ဦးခေါင်းသည် ကြမ်းတမ်းသော အဆိပ်တို့ဖြင့်ပြည့်၍ စက်ဆုပ်ဖွယ်, ကြောက်ရွံ့ဖွယ်ဖြစ်၏။

ထို့အတူ ကာမဂုဏ်ငါးပါးတို့သည်လည်း ကိလေသာတရားတည်း ဟူသော

www.dhammaransi.com



ကြမ်းတမ်းသောအဆိပ်တို့ဖြင့် ပြည့်၍ စက်ဆုပ်ဖွယ်, ကြောက်မက်ဖွယ်ကြီး ဖြစ်ကုန်၏၊ မြွေဆိုး၏ဦးခေါင်းသည် လောက၌ ဘေးကိုဖြစ်စေတတ်သကဲ့သို့ ထို့အတူ ကာမဂုဏ်တို့သည်လည်း လောကအလုံး၏ ဘေးကြီးအတိသာ ဖြစ်ကုန်၏၊ မြွေဆိုး၏ဦးခေါင်းသို့ ချဉ်းကပ်လျှင် ဘေးသင့်တတ်ဘိသကဲ့သို့ ကာမဂုဏ်ငါးပါးသို့ ချဉ်းကပ်လျှင် ဘေးကြီးသင့်တတ်ကုန်၏၊ ထို့ကြောင့် ကာမဂုဏ်ငါးပါးတို့ကို မြွေဆိုး၏ဦးခေါင်းနှင့် တူကုန်၏ ဟူ၍ဟောတော်မူသည်။

[ ဤစကားရပ်ဖြင့် ကာမဂုဏ်တို့၏ မြွေဆိုးဦးခေါင်းနှင့် တူပုံကိုသိရာ၏။ ]

[မူလပဏ္ဏာသ တတိယဝဂ်-စူဠဒုက္ခက္ခန္ဓသုတ်, မဟာဒုက္ခက္ခန္ဓသုတ်တို့ကိုလည်း ဤအရာ၌ သွင်း၍ပြအပ်ကုန်၏၊ ထိုသုတ္တန်တို့၌ ကာမဂုဏ်တို့၏ အပြစ်ကို များစွာဟောကြားလျက် ရှိသည်။]

**ကာမဂုဏ်အပြစ် -ဘေးရန်စစ်။** ။ဆက္ကင်္ဂုတ္တရ ပါဠိတော် တတိယ ဝဂ်၌လည်း-

"ဘယန္တိ ဘိက္ခဝေ ကာမာနမေတံ အဓိဝစနံ"

ဘိက္ခဝေ=ရဟန်းတို့၊ ဘယန္တိ=ကြောက်မက်ဖွယ် ဘေးဘယကြီးဟူသော၊ ဧတံ=ဤအမည်သည်၊ ကာမာနံ=ကာမဂုဏ်တို့၏၊ အဓိဝစနံ=အမည်ပေတည်း။

"ဒုက္ခန္တိ ဘိက္ခဝေ ကာမာနမေတံ အဓိဝစနံ "

ဘိက္ခဝေ=ရဟန်းတို့၊ ဒုက္ခန္တိ=ဆင်းရဲဒုက္ခဟူသော၊ ဧတံ=ဤအမည်သည်၊ ကာမာနံ=ကာမဂုဏ်တို့၏၊ အဓိဝစနံ=အမည်ပေတည်း။

"ရောဂေါတိ ဘိက္ခဝေ ကာမာနမေတံ အဓိဝစနံ "

ဘိက္ခဝေ=ရဟန်းတို့၊ ရောဂေါတိ=အနာရောဂါဟူသော၊ ဧတံ=ဤအမည်သည်၊ ကာမာနံ=ကာမဂုဏ်တို့၏၊ အဓိဝစနံ=အမည်ပေတည်း။

"ဂဏ္ဍောတိ ဘိက္ခဝေ ကာမာနမေတံ အဓိဝစနံ"

ဘိက္ခဝေ=ရဟန်းတို့၊ ဂဏ္ဍောတိ=အိုင်းအမာကြီးဟူသော၊ ဧတံ=ဤအမည်သည်၊ ကာမာနံ=ကာမဂုဏ်တို့၏၊ အဓိဝစနံ=အမည်ပေတည်း။

"သင်္ဂေါတိ ဘိက္ခဝေ ကာမာနမေတံ အဓိဝစနံ "

ဘိက္ခဝေ=ရဟန်းတို့၊ သင်္ဂေါတိ=အငြိအတွယ် အစေးအနှောင်ဟူသော၊ ဧတံ=ဤအမည်သည်၊ ကာမာနံ=ကာမဂုဏ်တို့၏၊ အဓိဝစနံ=အမည်ပေတည်း။

www.dhammaransi.com



"ပင်္ကောတိ ဘိက္ခဝေ ကာမနမေတံ အဓိဝစနံ"

ဘိက္ခဝေ=ရဟန်းတို့၊ ပင်္ကောတိ=ကျွံနစ်ရာဖြစ်သော ရွှံ့ညွန်ဗွက်ကြီး ဟူသော၊ ဧတံ=ဤအမည်သည်၊ ကာမာနံ=ကာမဂုဏ်တို့၏၊ အဓိဝစနံ=အမည်ပေတည်း။

ဟူ၍လည်း ကာမဂုဏ်တို၏ အပြစ်ဒေါသကို ဟောပြတော်မူသည်။

[အကျယ်ကိုလည်း ထိုပါဠိတော်၌ ဟောတော်မူ၏၊ ထိုပါဠိတော်၏ ဆိုလိုရင်း အဓိပ္ပါယ်မှာ ကာမဂုဏ်သည် ကြောက်မက်ဖွယ်ဘေးကြီးလည်းမည်၏၊ ဆင်းရဲဒုက္ခတွင်း ကြီးလည်းမည်၏၊ အနာရောဂါ အိုးကြီးလည်းမည်၏၊ အိုင်းအမာ၀ကြီးလည်းမည်၏၊ အစေးအနှောင်ကြီးလည်းမည်၏၊ ရွှံ့ဗွက်ညွန်အိုင်ကြီးလည်း မည်၏ဟူ၍ ဆိုလိုသည်၊ ဤသို့ပြဆိုအပ်သောစကား-ကား ကာမဂုဏ်တို့၏အပြစ် အာဒီနဝများပုံတည်း]

**ကာမဂုဏ်အပြစ် ဒေါသပယ် - သာမညဖိုလ်ဖြစ်မယ်။**

**စူဠသီလံ မဇ္ဈိမံ နှစ်တန် သာမည။** ။ ဤသို့လျှင် များပြားလှစွာသော ကိလေသာ ကာမဂုဏ်, ဝတ္ထု ကာမဂုဏ်တို့၏အပြစ်ဒေါသအာဒီနဝတို့ကို ပယ်ရခြင်းသည်လည်း သာမညဖလ ပင်ဖြစ်၏၊ စင်စစ်မူကား ဤသို့ကာမဂုဏ်တို့၏ အပြစ်ဒေါသတို့ကို ပယ်ရှားနိုင်ခြင်း သည်သာလျှင် ရဟန်းအဖြစ်၏ စင်စစ်လိုရင်းဖြစ်သော လက်တွေ့အကျိုးရင်း အစစ်ကြီး ဖြစ်လေသည်၊ ထိုကာမဂုဏ်အပြစ်တို့ကို ပယ်ရှားဖျောက်ဖျက်ခြင်း ငှါသာလျှင် ရဟန်း အဖြစ်သို့ ကပ်ကြရကုန်၏၊ မင်း၏အရိုအသေပြုခြင်း ရှိခိုးခြင်းကို ခံခြင်းငှါ ရဟန်းအဖြစ်သို့ ကပ်ကြရသည် မဟုတ်ပေ၊ ထိုသာမညဖလသုတ္တန်၌မူ ကား အဇာတသတ်မင်း၏ အမေးပုစ္ဆာအားလျော်စွာ ရှိခိုးပူဇော်ခံရခြင်း စသည်တို့ကို သာမညဖလဟူ၍ မြတ်စွာဘုရားဟောကြားတော်မူလေသည်၊ ထိုသာမညဖလ သုတ်၌ အလုံးစုံသော စူဠသီလသည်လည်း ရဟန်းအဖြစ်ဟုဆိုအပ်သော သာမည မည်၏၊ အလုံးစုံသော မဇ္ဈိမသီလသည်လည်း သာမညပင်မည်၏။

**ရဟန်း အရှင်၊ မြတ်လျှင်သီလ၊ ပြည့်စုံလှဘိ၊ မိမိသန္တာန်၊ ပြစ်ရန်ဒေါသ၊ ကင်းစင်ပကာ၊ ချမ်းသာသုခ၊ ခံစားရ၊ မှတ်ကြသီလကျိုး။**

**မေးဖြေနှစ်ချက်-ဆက်ရန်အတွက်။** ။ ထိုသုတ္တန်၌ သာမညဖလ ဟူသည် အဘယ်နည်းဆိုလျှင် ထိုသုတ္တန်၌ ဟောတော်မူသည်ကား "အိုမင်းမြတ် ရဟန်းပြုပြီးသောအခါ၌ ဤသို့သီလနှင့် ပြည့်စုံသော ထိုရဟန်းသည် သီလကိုစောင့်စည်းမှုဟူသော အကြောင်းကြောင့်

www.dhammaransi.com



မိမိသန္တာန်၌ တစ်စုံတစ်ခုသောဘေးကိုမျှ မတွေ့မမြင်ရလေ၊ အို-မင်းမြတ် ဥပမာသော်ကား ရန်သူဟူသမျှတို့ကို နှိပ်ကွပ်ပယ်သတ်အပ်ပြီးသည်ဖြစ်၍ အဘိသိက်သွန်းအပ်ပြီးသော ပြည့်ရှင်မင်းကြီးသည် ရန်သူဟူသောအကြောင်း ကြောင့် တစ်စုံတစ်ခု သောဘေးကိုမျှ မတွေ့မမြင်ရသကဲ့သို့တည်း"၊ ထိုရဟန်းသည် မြင့်မြတ်သော ဤအရိယသီလနှင့် ပြည့်စုံသည်ဖြစ်၍ မိမိအဇ္ဈတ္တသန္တာန်၌ အပြစ် မရှိ, အနှောင့်အယှက်မရှိသော ရဟန်း၏ချမ်းသာကို ခံစားရလေ၏။

**မိမိစွပ်စွဲ၊ သူစွပ်စွဲနှင့်၊ အမြဲမကြည်၊ အပါယ်မှီရေး၊**
**ကျဖို့ဘေး၊ မှတ်တွေး ဘေးဟုပြ။**

**သီလမစင်-ဘေးတွေ့မြင်။** ။ ဤစကားရပ်၌ မွန်မြတ်သော သီလနှင့် ပြည့်စုံသောရဟန်းသည် မိမိ၏သန္တာန်၌ တစ်စုံတစ်ခုဘေးကို မတွေ့မမြင်ရဟုဆိုရာတွင် ဘေးဟူသည်ကား သီလ မစင်ကြယ်မှုကြောင့် မိမိကိုယ်ကို မိမိစွပ်စွဲရခြင်း, မိမိကိုယ်ကို မိမိမကြည်ညိုခြင်း တည်းဟူသော အတ္တာနုဝါဒဘေး, သူတစ်ပါးတို့အစွပ် အစွဲခံရခြင်း, သူတစ်ပါးတို့ မကြည်ညိုခြင်းတည်းဟူသော ပရာနုဝါဒဘေး, နောင်တမလွန်လောက၌ အပါယ် ဘေး, ဤဘေးများကို မိမိသန္တာန်၌ မတွေ့မမြင်ရဟုဆိုလိုသည်၊ ဤသို့တစ်စုံ တစ်ခုမျှဘေးမရှိပဲ အေးငြိမ်းချမ်းသာစွာနှင့် အပြစ်ကင်း၍ အနှောင့်အယှက် မရှိသောချမ်းသာကို ခံစားရမှုသည် ရဟန်းတို့၏ အကျင့်သီလဟုဆိုအပ်သော သာမည၏ မျက်မှောက်ဒိဋ္ဌတွေ့ကြုံရသော သာမညဖလ ဖြစ်၏။

**[ရဟန်းအဖြစ်ကိုလည်း သာမည, ရဟန်းတို့၏ကျင့်ဝတ်သီလကိုလည်း သာမညဆိုသည်။]**

**သိက္ခာပုဒ်မြတ်၊ အကျင့်ဓာတ်ရှိ၊ မိမိဆိုင်ရာ၊ ကိလေသာစု၊**
**ညစ်နွမ်းမှုမျိုး၊ အကျင့်ဆိုး၊ နှိပ်ချိုး သတ်မြဲပြ။**

**သိက္ခာပုဒ်ဟူသမျှ ညစ်နွမ်းမှုပယ်နေကြ** ။ ရဟန်းတို့၏ သီလတရားတို့၌ အကြင်မျှလောက် ကုန်သော သိက္ခာပုဒ်တို့သည် ရှိကုန်၏၊ ထိုသိက္ခာ ပုဒ်တို့သည် မိမိတို့နှင့်ဆိုင်ရာ ကိလေသာတရား များနှင့် ထိုကိလေသာအတွက်ကြောင့်ဖြစ်သော ညစ်နွမ်းမှု, ဆင်းရဲမှုတို့ကို ပယ်သတ်ကြလေကုန်၏၊ သိက္ခာပုဒ်တော်များသည် မိမိတို့ဆိုင်ရာ ကိလေသာ များနှင့် ထိုကိလေသာရှိမှုကြောင့်ဖြစ်သော အပင်တပန်း ညစ်နွမ်းဆင်းရဲမှုများကို ပယ်နိုင်၏ဟုဆိုလိုသည်၊ ဤသို့စောင့်သုံးအပ်သော သိက္ခာပုဒ်တို့၏ ကိလေသာကို

www.dhammaransi.com



ပယ်သတ်မှု, အပင်တပန်း အညစ်အနွမ်းအဆင်းရဲမှုတို့ကို ပယ်သတ်မှုများ သည်လည်း ရဟန်းကျင့်ဝတ်ဟုဆိုအပ်သော သာမညတရား၏ မျက်မှောက် တွေ့ကြုံရသောအကျိုး သာမညဖလများဖြစ်၏။

**ဣန္ဒြိယသံဝရ သီလအရာ၌လည်း---**

သော ဣမိနာ အရိယေန ဣန္ဒြိယသံဝရေန သမန္နာဂတော
အဇ္ဈတ္တံ အဗျာသေကသုခံ ပဋိသံဝေဒေတိ။

သော=ထိုရဟန်းသည်၊ အရိယေန=မြင့်မြတ်သော၊ ဣမိနာ ဣန္ဒြိယ သံဝရေန=ဤဣန္ဒြေကိုစောင့်စည်းခြင်းတည်းဟူသော ဣန္ဒြိယသံဝရ သီလနှင့်၊ သမန္နာဂတော=ပြည့်စုံသည်ဖြစ်၍၊ အဇ္ဈတ္တံ=အတွင်းသန္တာန်၌၊ အဗျာသေကသုခံ= ဒုက္ခနှင့်မရောယှက် သက်သက်စင်ကြယ်သော ချမ်းသာကို၊ ပဋိသံဝေဒေတိ= ခံစားရ၏။ ။ ဟူ၍ဟောတော်မူ၏။

**ဣန္ဒြေစောင့်စည်းလျှင်-** ။ ။စက္ခုစသော ဣန္ဒြေခြောက်ပါးကို စောင့်စည်း
**အယုတ်တရားမဝင်** ခြင်းသည် ဣန္ဒြိယသံဝရ သီလမည်၏၊ ဤ ဣန္ဒြေကို စောင့်စည်းမှုကြောင့် ခြောက်ဒွါရတို့မှ အဘိဇ္ဈာ, ဒေါမနဿစသော ကိလေသာတို့ ဝင်လာနှောင့်ယှက်ခြင်းမရှိပဲ အပင် တပန်း ညစ်နွမ်းပူပင်ခြင်းတို့နှင့်မဖက် သက်သက်ချမ်းသာသုခကို ခံစားရမှု သည်လည်း ဣန္ဒြိယသံဝရ သီလဟုဆိုအပ်သော ရဟန်းသိက္ခာပုဒ်၏ မျက်မှောက်၌ တွေ့ကြုံခံစားရသော အကျိုးမည်၏၊ စက္ခုစသော ဣန္ဒြေတို့ကို မစောင့်စည်းပဲ ထင်တိုင်း ပေါက်လွှတ်နေလျှင် စက္ခုစသောဒွါရတို့မှ ရူပတဏှာအစရှိသော ကိလေသာတရားတို့သည် အတင်းနင်း၍ ဝင်လာကြကုန်၏၊ ထို ကိလေသာ တို့သည် မားပြတပ်ကြီးတွေကဲ့သို့ ချဉ်းနင်းဝင်ရောက်လာသောအခါ ငြိမ်သက် ချမ်းသာခြင်း မဖြစ်နိုင်၊ ထိုကိလေသာလျှင် အကြောင်းရင်းရှိကုန်သော ဒုက္ခတို့ကို လည်း ခံစားရလေ၏၊ စက္ခုန္ဒြေ စသည်တို့ကို လုံခြုံစွာစောင့်ထိန်း၍ ဣန္ဒြိယ သံဝရသီလ ခိုင်မြဲသောအခါ ဆိုပြီးသောကိလေသာတို့ ဝင်ရောက်ခွင့်ကို မရနိုင်ကုန်၊ ထိုကိလေသာတို့နှင့်စပ်လျဉ်းသမျှသော ဒုက္ခတို့ကိုလည်း မခံစားကြရကုန်၊ ထိုအခါ တစ်စုံတစ်ရာနှောင့်ယှက်ခြင်းမရှိပဲ အတွင်းသန္တာန်၌ စိတ်၏ငြိမ်သက် ချမ်းသာခြင်း ကိုရရှိလေ၏၊ ဤသို့သော ချမ်းသာမှုသည်ပင်လျှင် ဣန္ဒြိယသံဝရသီလ၏ ဒိဋ္ဌအကျိုးပင်လျှင် ဖြစ်လေ၏၊ ဤနည်းအတိုင်း သတိနှင့်ပြည့်စုံခြင်း, သမ္ပဇည နှင့်ပြည့်စုံခြင်း, ပစ္စည်းလေးပါးတို့၌ ရောင့်ရဲခြင်းတည်းဟူသော ရဟန်း၏

www.dhammaransi.com



ကျင့်ဝတ်သီလ သာမညတို့၏ ဒိဋ္ဌတွေ့ကြုံခံစားရသော အကျိုးတို့ကို သိရာ၏၊ ထို့ထက်အလွန်မူကား နီဝရဏတရားငါးပါးတို့ကို ခွါခြင်းကြောင့်ရရှိသော ဝိဝေက သုခသည် ကြီးကျယ်မြင့်မြတ် ချမ်းသာသော သာမညသုခ, သာမညဖလဖြစ်၏။

**လဝန်းနေဝန်း- ပမာခင်းကာ- ထင်ရှားစွာ** ။ ။ထင်စွာပြဦးအံ့၊ ဤသတ္တဝါအပေါင်းတို့၏ စိတ်သည် နီဝရဏတရား ငါးပါးတို့ဖြင့် ပိတ်ပင်ဖုံးလွှမ်း ကွယ်ကာ အပ်သည်၏ အဖြစ်ကြောင့် ဆီးနှင်း, မြူ, တိမ်, သူရိန်, မီးခိုး ညစ်မျိုးငါးပါးတို့ဖြင့် နှောင့်ယှက်ဖုံးကွယ်အပ်သော လဝန်းနေဝန်းတို့ကဲ့သို့ တန်ခိုးမရှိ အရောင်မရှိ ညစ်နွမ်း၏၊ အားနည်း၏၊ နုံ့၏၊ ထိုနီဝရဏတရားတို့ကို ပယ်ရှားလွှင့် နှင်အပ်ကုန်သည်ရှိသော် ညစ်မျိုးငါးပါးတို့မှ လွတ်ကင်းသော နေဝန်းလဝန်းကဲ့သို့ တန်ခိုးရှိ၏၊ အရောင် အဝါရှိ၏၊ စင်ကြယ်၏၊ ပြိုးပြိုးပြက်၏၊ ထက်မြက်၏၊ အားရှိ၏၊ ထိုနီဝရဏတရားတို့ကိုခွာ၍ စင်ကြယ်သောစိတ်ကြောင့်ဖြစ်ကုန်သော ကိုယ်ချမ်းသာ, စိတ်ချမ်းသာတို့သည်ကား- စကြဝတေးမင်း၏ စည်းစိမ်ချမ်းသာ တို့ထက်ပင် သာလွန်မွန်မြတ်ကုန်၏၊ ထိုထက်အလွန် စျာန်, သမာပတ်ချမ်းသာတို့သည် နတ်ပြည်ခြောက်ထပ်တို့၌ နတ်မင်းကြီးတို့၏ စည်းစိမ်ချမ်းသာတို့ထက်ပင် လွန်ကဲထူးမြတ်ကုန်၏၊ ထိုထက်အလွန် အဘိညာဏ်ချမ်းသာ, မဂ်ချမ်းသာ, ဖိုလ်ချမ်းသာတို့သည် ဗြဟ္မာပြည်တို့၌ တန်ခိုးအာနုဘော်ကြီးကုန်သော ဗြဟ္မာမင်းကြီးတို့၏ စည်းစိမ်ချမ်းသာတို့ထက် သာလွန်မွန်မြတ်ကုန်၏၊ ဤဆိုအပ်ပြီးသော ချမ်းသာတို့သည် မျက်မှောက်ဒိဋ္ဌတွေ့ကြုံခံစားရသော သာမညဖလ ရဟန်းအဖြစ်၏အကျိုးတို့သာလျှင် ဖြစ်ကုန်၏။

[ဤသို့လျှင် မြတ်စွာဘုရား၏ သာသနာတော်ဓမ္မသည် မျက်မှောက်ဒိဋ္ဌ၌ ခံစားတွေ့ကြုံရသော ချမ်းသာအကျိုးထူးရှိလေသောကြောင့် သန္ဒိဋ္ဌိကမည်လေသည်။]

[၂- သန္ဒိဋ္ဌိက ဂုဏ်တော်ဖွင့်ပြီး၏။]

-----*-----

www.dhammaransi.com



## ၃။ အကာလိကဂုဏ်တော် ပြခန်းဖော်

### တဒ္ဓိတ်ဝိဂ္ဂဟ- ကာလိကဟုပြ

အာဂမေတဗ္ဗော အနာဂတေ ဘဝေ ဖလကာလော ဧတဿာတိ ကာလိကော။

ဧတဿ=ထိုတရားအား၊ အနာဂတေဘဝေ=နောင်အနာဂတ်ဘဝ၌၊ အာဂမေတဗ္ဗော=ဆိုင်းလင့်ငံ့မျှော်ရသော၊ ဖလကာလော=အကျိုးပေးချိန်သည်၊ အတ္ထိ=ရှိ၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ သော ဓမ္မော=ထိုတရားသည်၊ ကာလိကော= ကာလိက မည်၏၊

[သေသည်အခြားမဲ့ဖြစ်သော နောက်ကာလ၌ အကျိုးပေးလိမ့်မည်ဟူ၍ ထင်စား မျှော်လင့်ရသော အညတိတ္ထိတို့၏ တရားကိုရစေ၊ ထိုအညတိတ္ထိတို့၏ တရားသည် ကာလိက မည်၏။]

### သမာသ်တွဲစပ်- အကာလိက

န ကာလိကော အကာလိကော။

ကာလိကော=နောက်ကာလ အကျိုးပေးချိန်ကို မျှော်လင့်ရသော တရားမျိုးသည်၊ န=မဟုတ်၊ ဣတိတသ္မာ=ထို့ကြောင့်၊ အကာလိကော= အကာလိကမည်၏၊

[မြတ်စွာဘုရား၏ တရားတော်ကိုရစေ-]

**အခါမလင့်-အကျိုးထူး။ ချမ်းသာခွင့်**

။ထိုမြတ်စွာဘုရား၏ တရားတော်မြတ်သည် ဤ မျက်မှောက် ဘဝ၌ပင်လျှင် ကျင့်သုံး ဆောက်တည်သောအခါမှစ၍ကျင့်စဉ် လမ်းရှိသည့်အတိုင်း အဆင့်ဆင့်ရသင့်ရထိုက်သော သာမညဖလ ဒိဋ္ဌအကျိုးထူး, ဒိဋ္ဌ ချမ်းသာထူးကို ပေးတတ်၏၊ ထိုသို့အခါမလင့် အကျိုးထူး,ချမ်းသာထူးကို ပေးတတ် သောကြောင့် မြတ်စွာဘုရား၏ တရားတော်သည် အကာလိကမည်၏။

ကာလိက အကာလိကစကားနှင့် စပ်လျဉ်း၍
မာရသံယုတ်၌လာသော သုတ္တန်တစ်ခုကို
ထုတ်ဆောင်၍ ပြအပ်၏။

မိခင်ဧရာဝတီ

www.dhammaransi.com



**ယုတ်မာ မာနတ် ဖျက်ဆီးလတ်။** ။တစ်ရံသောအခါ ဘုန်းတော် ကြီးသော မြတ်စွာဘုရားသည် သီလဝတီမည်သော ဌာန တောင်ချောက်ကြားတို့၌ သီတင်းသုံးနေတော်မူသောအခါ များစွာသော ရဟန်းတို့သည်လည်း ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ မနီးမဝေးသော အရပ်ဌာန၌ မမေ့မလျော့ မပူမပင် ကျွတ်ကျွတ်လွတ်လွတ် ကမ္မဋ္ဌာန်းတရားကို ကြိုးစားအားထုတ်၍ နေတော်မူကြကုန်၏၊ ထိုအခါ ယုတ်မာသောမာရ်နတ်သည် ပုဏ္ဏားအသွင် ဖန်ဆင်းပြီးလျှင် လာလတ်၍ ထိုရဟန်းက　ဤသို့ ဆိုလေ၏။

ဒဟရာ ဘဝန္တော ပဗ္ဗဇိတာ၊ အနကိလိတာဝိနော　ကာမေသု၊
ဘုဉ္ဇန္တု ဘောန္တော မာနုသကေ ကာမေ၊ မာ သန္ဒိဋ္ဌိကံ ဟိတွာ
ကာလိကံ အနုဓာဝိတ္ထ။

ဘဝန္တော=အရှင်ရဟန်းတို့၊ တုမှေ=အရှင်တို့သည်၊ ဒဟရာ=ပျိုမြစ်နုနယ် အရွယ်ငယ်ငယ်တုန်းက၊ ပဗ္ဗဇိတာ=ရဟန်းပြု၍လာကြကုန်၏၊ ကာမေသု= ကာမဂုဏ်တို့၌၊ အနကိလိတာဝိနော=သက်ဝင်ပျော်ပါး ခံစား ရွှင်မြူးခဲ့ကြဖူးသည် မဟုတ်ကြကုန်၊ ဘောန္တော=အရှင်တို့၊ မာနုသကေ ကာမေ=လူ့ပြည်၌ဖြစ်သော ကာမဂုဏ်တို့ကို၊ ဘုဉ္ဇန္တု=သုံးဆောင်ခံစားကြကုန်ဦးလော၊ သန္ဒိဋ္ဌိကံ=ဒိဋ္ဌတွေ့ကြုံဆဲဖြစ်သော လူတို့ကာမဂုဏ် ချမ်းသာကို၊ ဟိတွာ=စွန့်ပစ်၍၊ ကာလိကံ=အချိန် ကာလ စောင့်ဆိုင်းမျှော်လင့်ရသော နတ်တို့ကာမဂုဏ်သို့၊ မာ အနုဓာဝိတ္ထ=စိတ် ပြေးသွား၍ မနေကြကုန်လင့်။

[ထိုမာရ်နတ်၏စကား၌ သန္ဒိဋ္ဌိကဆိုသည်မှာ လူ့ဘုံ၌တွေ့ကြုံ၍ နေသော လူတို့ ကာမဂုဏ်ကို ရည်၍ဆိုသည်၊ ကာလိကဆိုသည်မှာ သေသည်မှ နောက်ကာလ၌ ခံစားရမည်ဖြစ်သော နတ်တို့ကာမဂုဏ်ကို ရည်၍ဆိုသည်၊ မာရ်နတ်၏အထင်မှာ ရဟန်းပျိုတို့သည် နောင်ဘဝ၌ ခံစားရန်မျှော်လင့်ရသော နတ်ကာမဂုဏ်တို့ကို အလိုရှိသောကြောင့် တွေ့ကြုံ၍နေသော လူတို့ကာမဂုဏ်ကို စွန့်ပြီးလျှင် တောထွက်ကျင့်ကြံ၍နေသည်ဟု ထင်သဖြင့် ဤသို့ဆိုလေ၏။]

## ရဟန်းများပြောဆိုချက်-မာရ်နတ်ကာမဂုဏ်အပြစ်တွေထွက်

ထိုအခါ ရဟန်းတို့က ဤသို့ပြောဆိုကြကုန်၏၊ "အိုပုဏ္ဏား ငါတို့သည် ဒိဋ္ဌတွေ့ကြုံရသော လူတို့ကာမဂုဏ်ကိုစွန့်၍ စောင့်ဆိုင်းမျှော်လင့်ရသော နတ်တို့ကာမဂုဏ်သို့ စိတ်ပြေးသွား၍ နေကြကုန်သည်မဟုတ်၊ ငါတို့သည် စောင့်ဆိုင်းမျှော်လင့်ရသော ကာမဂုဏ်တို့ကိုစွန့်၍ မျက်မှောက် ဒိဋ္ဌ တွေ့ကြုံ

www.dhammaransi.com



ခံစားရသော သာမညဖလရဟန်းအဖြစ်၏ အကျိုးထူး ဆီသို့သာလျှင် စိတ်ပြေးဝင်၍ နေကြကုန်၏"၊ "အိုပုဏ္ဏား ကာမဂုဏ်တရားတို့သည် စင်စစ်အားဖြင့် စောင့်ဆိုင်းမျှော်လင့်ရသော ကာလိကတို့မည်ကုန်၏ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူ၏၊ ကာမဂုဏ်တို့သည် များသောဒုက္ခရှိကုန်၏၊ များသော ပင်ပန်းခြင်းရှိကုန်၏၊ ဤကာမဂုဏ်၌ အပြစ်တို့သည် အလွန်များပြားစွာရှိကုန်၏" "အိုပုဏ္ဏား ဤကျင့်ကြံ အားထုတ်အပ်သော ရဟန်းတရားသည် မျက်မှောက်ဒိဋ္ဌ ခံစားအပ်သော အကျိုးရှိ၏၊ အခါမလင့် အကျိုးပေးတတ်၏" ဟူ၍ ဆိုကြကုန်၏။

[ထိုစကား၌ ရှေးရှေးဘဝတို့၌ ကံကိုပြု၍ နောက်နောက်ဘဝတို့၌ ရရှိခံစားအပ်ကုန်သောကြောင့် အလုံးစုံသော လူ့ကာမဂုဏ်, နတ်ကာမဂုဏ်တို့ကို ကာလိကဟူ၍ ဆိုသည် နောင်အနာဂတ်ဘဝ၌ ရရှိ ခံစားရန် မျှော်လင့်ရသော တရားမျိုးဟူ၍ ဆိုလိုသည်။]

## သဂါထာဝဂ္ဂ ဒေဝတာသံယုတ်၌ လာသော သမိဒ္ဓိမထေရ်၏ဝတ္ထုကိုလည်း ထုတ်ဆောင်အပ်၏။

**ရဟန်းပျိုနု-နတ်သမီးချဉ်းကပ်ပြု။** ။ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၏အနီး တပေါဒါရုံကျောင်း၌ သီတင်းသုံးနေတော်မူ၏၊ အရှင်သမိဒ္ဓိမည်သော ရဟန်းပျိုသည်လည်း ထိုတပေါဒါရုံကျောင်း၌ သီတင်းသုံးနေတော်မူ၏၊ ထိုရဟန်းပျိုသည် ချမ်းသာကြွယ်ဝသော အမျိုးကောင်းမှ အေးမြကြည်လင်စွာ ဖွားမြင်၍လာသော ပုဂ္ဂိုလ်ဖြစ်သောကြောင့် လွန်စွာအဆင်းလှ၏၊ ပျိုနုသောကိုယ်လက်အင်္ဂါရှိ၏။

ရှင်သမိဒ္ဓိသည် တစ်နေ့ သောအခါ နံနက်စောစော ထတော်မူ၍ တပေါဒါ မြစ်ငယ်မှ စီးဆင်း၍လာသော ရေနွေးကို သုံးသပ်တော်မူပြီးလျှင် ကမ်းသို့တက်၍ သင်းပိုင်တစ်ထည်တည်းကိုသာ ဝတ်တော်မူလျက် ကိုယ်ကိုခြောက်သွေ့စေသဖြင့် အတန်ကြာ ရပ်၍နေတော်မူ၏၊ ထိုအခါ နတ်သမီးတစ်ယောက်သည် ရှင်သမိဒ္ဓိ၏ ကိုယ်တော်အလုံးကို မြင်သဖြင့် ရွှင်ပြသောစိတ်ရှိသောကြောင့် ကာမဂုဏ်သို့ ညွတ်သောစိတ်ဖြင့်သာလျှင် အရှင်သမိဒ္ဓိအနီးသို့ချဉ်းကပ် ကောင်းကင်က မတ်တတ်ရပ်၍ အောက်၌ ပါသောဂါထာဖြင့် ဖျောင်းဖျပြောဆိုလေ၏။

### ဘ, ရှစ်ချက်နှင့်-နတ်သမီးကာမဂုဏ်အတွက်

အဘုတွာ ဘိက္ခသိ ဘိက္ခု၊ နဟိ ဘုတွာန ဘိက္ခသိ။
ဘုတွာန ဘိက္ခု ဘိက္ခဿု၊ မာတံ ကာလော ဥပစ္စဂါ။

မိခင်ဈေးဝတီ

www.dhammaransi.com



ဘိက္ခု=ရှင်ရဟန်း၊ တွံ=အရှင်သည်၊ အဘုတွာ=ကာမဂုဏ်ငါးပါးကို မခံစားပဲ၊ ဘိက္ခသိ=ရဟန်းပြုလာဘိ၏၊ ဘုတွာန=ကာမဂုဏ်ကိုခံစားပြီးမှ၊ နဟိဘိက္ခသိ=ရဟန်းပြုခဲ့သည်မဟုတ်၊ ဘိက္ခု=ရှင်ရဟန်း၊ ဘုတွာန=ကာမဂုဏ်ငါးပါးကို ခံစားပြီးမှ၊ ဘိက္ခဿု=ရဟန်းပြုပါလော၊ တံ=သင့်ကို၊ ကာလော=ကာမဂုဏ်ခံစားသော အချိန်သည်၊ မာ ဥပဇ္ဈဂါ=လွန်ဆုံး၍ မသွားပါစေလင့်။

ဤသို့ နတ်သမီး ပြောဆိုပြီးသည်၏အဆုံး၌ ရှင်သမိဒ္ဓိက အောက်၌ပါ သောဂါထာဖြင့် ပြန်၍ဆိုလေ၏။

## အချိန်လွန်မခံ-တရားအားထုတ်ရန်

ကာလံ ခေါ ဟံ န ဇာနာမိ၊ ဆန္နော ကာလော န ဒိဿတိ။
တသ္မာ အဘုတွာ ဘိက္ခာမိ၊ မာ မံ ကာလော ဥပဇ္ဈဂါ။

ဒေဝတေ=နတ်သမီး၊ အဟံ=ငါသည်၊ ခေါ=စင်စစ်၊ ကာလံ=သေဆုံးရမည့် အချိန်ကာလကို၊ န ဇာနာမိ=မသိပါ၊ ကာလော=ထိုကာလသည်၊ ဆန္နော=ဖုံးလွှမ်း အပ်သည်ဖြစ်၍၊ န ဒိဿတိ=မထင်မြင်၊ တသ္မာ=ထို့ကြောင့်၊ အဘုတွာ=ကာမဂုဏ် ငါးပါးတို့ကို မခံစားပဲ၊ ဘိက္ခာမိ=ရဟန်းပြု၍ လာခဲ့ပေ၏၊ မံ=ငါ့ကို၊ ကာလော= တရားအားထုတ်ရန် အချိန်ကာလသည်၊ မာ ဥပဇ္ဈဂါ=လွန်ဆုံး၍မသွားပါစေလင့်။

## မြေသို့ဆင်းသက်-နတ်သမီး ဖြားယောင်းချက်

ထို့နောက် နတ်သမီးသည် မြေသို့ဆင်းသက်ပြီးလျှင် ရှင်သမိဒ္ဓိကို ဤသို့ ဆိုလေ၏၊ အိုအရှင်ရဟန်း သင်ရဟန်းသည် အရွယ်အားဖြင့် နုပျိုပါသေး၏၊ ပထမအရွယ်၌သာလျှင်တည်၍ နက်ကြောညိုမှောင်သော ဆံပင်ရှိ၏၊ ကောင်းမြတ် သော အရေအဆင်းနှင့်ပြည့်စုံ၏၊ သို့ရာတွင် ကာမဂုဏ်ငါးပါးတို့၌မူကား ပျော်ပါးမြူးတူးဖူးခဲ့သည်မဟုတ်၊ အိုအရှင် ရဟန်း လူ့ကာမဂုဏ်တို့ကို ခံစားဦးလော၊ မျက်မှောက်ဒိဋ္ဌတွေ့ကြုံခံစံရ၍ အချိန်ကာလ မစောင့်ဆိုင်းရပဲ လက်ငင်း ချမ်းသာ ခြင်းနှင့်တွေ့ရသော ကာမဂုဏ်တို့ကို စွန့်ပြီးလျှင် အချိန်ကာလ မျှော်လင့် စောင့်ဆိုင်းရသော ရဟန်းအလုပ်ထဲသို့ စိတ်ဝင်စား၍ မနေပါနှင့်ဟူ၍ ဆိုလေ၏။

## နတ်သမီးစကားပယ်လှန်-သမိဒ္ဓိ, ထုချေပြန်

ထိုအခါ ရှင်သမိဒ္ဓိက အိုနတ်သမီး ငါသည် မျက်မှောက်ဒိဋ္ဌအကျိုး ရသော တရားကိုစွန့်၍ အချိန်ကာလ မျှော်လင့်စောင့်ဆိုင်းရသော တရားမျိုးကို လိုက်နေသည်မဟုတ်၊ စင်စစ်မူကား ငါသည် အချိန်ကာလ မျှော်လင့်ရသော

www.dhammaransi.com



ကာလိကတရားမျိုးကိုစွန့်၍ မျက်မှောက်ဒိဋ္ဌ အကျိုးခံစားရသော တရားသို့သာ စိတ်ဝင်စား၍နေ၏၊ အိုနတ်သမီး မြတ်စွာဘုရားသည် ကာမဂုဏ်တရားတို့ကို အချိန်ကာလမျှော်လင့်စောင့်ဆိုင်းရသော ကာလိကတရားတို့ဟူ၍ ဟောကြားတော်မူ၏၊ ထိုကာမဂုဏ်တရားတို့၌ များသောဆင်းရဲခြင်း, များသောပင်ပန်းခြင်း ရှိ၏ ဟူ၍ ဟောတော်မူ၏၊ ကျင့်သုံးဆောက်တည်အပ်သော တရားတော်မြတ်သည် အချိန်ကာလ မစောင့်ဆိုင်းရသော အကာလိကတရားမျိုးဖြစ်၏ဟူ၍ ပြန်ပြောလေရာ နတ်သမီးက ရှင်ရဟန်းပြောသော စကားအတိုင်း ကာမဂုဏ်တို့သည် အဘယ်သို့လျှင် အချိန်ကာလစောင့်ဆိုင်းရသော ကာလိကတရား ဖြစ်ပါသနည်း၊ ကျင့်သုံးဆောင်ယူအပ်သော တရားတို့သည် အဘယ်သို့လျှင် အချိန်ကာလ မစောင့်ဆိုင်းရသော အကာလိက ဖြစ်ပါသနည်းဟူ၍ မေးမြန်းလေ၏၊ ထိုအခါ ရှင်သမိဒ္ဓိက အိုနတ်သမီး ငါရဟန်းပြုသည်မှာ မကြာမြင့်သေး အကျယ်အားဖြင့် ဟောပြခြင်းငှါ မတတ်နိုင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ထိုအကြောင်းကို လျှောက်ထားကြကုန်အံ့ဟူ၍ ပြောပြီးလျှင် နတ်သမီးကိုခေါ်၍ မြတ်စွာဘုရားအထံသို့ သွားလေ၏။

[ထိုစကားနှင့်စပ်လျဉ်း၍ မြတ်စွာဘုရား တရားဟောတော်မူရာ နတ်သမီးသည် တရားအထူးကို သိလေ၏၊ ဤဝတ္ထု၌ အရှင်သမိဒ္ဓိနှင့် နတ်သမီးတို့ ပြောဆိုကြသော စကားဖြင့် တရားတော်မြတ်၏ အကာလိကဖြစ်ပုံကို သိရာ၏။]

- အကျိုးစောင့်ဆိုင်း၊ မျှော်လင့်ခိုင်း၊ မှတ်ပိုင်းကာလိက၊
- လက်ငင်းဒိဋ္ဌ၊ ကျိုးပေးကလျှင်၊ တရားပင်၊ ယူငင်အကာလိက။

ဤအရာ၌ ဗုဒ္ဓဘာသာတရားနှင့် သာသနာတော်မှအပဖြစ်သော အညတိတ္ထိယဒိဋ္ဌိတရားနှစ်ပါးအထူးကို ပြဆိုအံ့။

ကာလိကဟူ၍ဆိုလျှင် အကျိုးကိုစောင့်ဆိုင်းမျှော်လင့်ရသော တရား, အကာလိကဟူ၍ဆိုလျှင် လက်ငင်းဒိဋ္ဌအကျိုးပေးသော ဗုဒ္ဓဘာသာတရားဟူ၍ မှတ်လေ။

ဗုဒ္ဓဘာသာမှတစ်ပါးသော တိတ္ထိတို့၏တရားသည် ကာလိကဖြစ်၏၊ ဗုဒ္ဓဘာသာတရားတော်မြတ်သည် အကာလိက ဖြစ်၏။

အကျင့်သီလ၊ ဈာန်သမာပတ်၊ ရအပ်မဂ်ဉာဏ်၊ တစ်ဖန်လောကီ၊
ကျင့်ညီသဒ္ဓမ္မ၊ မရှိကြပဲ၊ ချမ်းသာလွဲကင်း၊ သေခြင်း ကောင်းကင်၊
ရောက်လျှင်ချမ်းသာ၊ မှတ်ထင်ရာ၊ မြဲစွာ ပင်ပန်းဘိ။

www.dhammaransi.com



**ကာလိကအတွက်-မေးဖြေချက်။** ။ တိတ္ထိတို့၏ တရားသည် အဘယ်သို့ ကာလိကမျိုးဖြစ်သနည်း၊ သွာက္ခာတဂုဏ်တော်တွင် ပြဆိုခဲ့ပြီးသောနည်းအားဖြင့် တိတ္ထိတို့၏တရား၌ အလုံးစုံပြည့်စုံသော အကျင့်သီလဟုဆိုအပ်သော ပြဟ္မစရိယလည်း မရှိ၊ ဈာန်သမာပတ်ဟုဆိုအပ်သော ပြဟ္မစရိယလည်း မရှိ၊ လောကုတ္တရာ မဂ်ဟုဆိုအပ်သော ပြဟ္မစရိယလည်းမရှိ၊ ရှေး၌ ပြဆိုခဲ့ပြီးသော လောကိယသဒ္ဓမ္မ ကမ္ဘာစောင့်တရားကောင်း တရားမှန်ကြီးများပင်သော်လည်း မရှိကြကုန်၊ ထိုကြောင့် ပြဆိုခဲ့ပြီးသော အဆင့်ဆင့် မွန်မြတ်ကုန်သော မျက်မှောက်ဘဝ၌ ကိုယ်တွေ့ဒိဋ္ဌ ခံစားအပ်ကုန်သော သာမညဖလဟုဆိုအပ်ကုန်သော ချမ်းသာသုခတို့သည်လည်း မရှိကုန်၊ သေသည်မှ အခြားမဲ့ဖြစ်သော နောက်ကာလ နောက်ဘဝတို့၌ အထက်ကောင်းကင်ဘုံသို့ရောက်၍ နိစ္စချမ်းသာ, ထာဝရချမ်းသာကို ရရှိခံစားရလတ္တံ့ဟူ၍ အမြဲအစွဲမှတ်ယူပြီးလျှင် ဉာပစ္စုပ္ပန်ဘဝ၌ အသက်ထက်ဆုံး ထာဝရအရှင်ကိုလည်းကောင်း, လောကကို အစိုးရသော က္ကသာရအရှင်ကိုလည်းကောင်း, မဟာ ပြဟ္မာကြီးကိုလည်းကောင်း, ဂရုတစိုက် အပင်တပန်း ရှိသေညွတ်တွား ခစားဆည်းကပ်ခြင်းစသော အတ္တကိလမထာနုယောဂ ကိုယ်ပင်ပန်းကြောင်းဖြစ်သော အကျင့်တို့ကို ပြုကျင့်လိုက်စားရုံမျှသာ ဖြစ်၏။

**ဗုဒ္ဓသာသနာ၊ အပမှာပင်၊ ကိုးကွယ်လျှင်၊ ပါယ်တွင် လားဟုပြ။**

ဗုဒ္ဓသာသနာတော်မှ အပ၌ကိုးကွယ်ရာ မဟုတ်သည်တို့ကို ကိုးကွယ် အားထားရာဝတ္ထုတို့ဟူ၍ မှတ်ထင်ကြကုန်ပြီးလျှင် ဆုတောင်းခြင်းအလုပ်, ဝပ်တွားခစားခြင်းအလုပ်, ချီးမွမ်းထောမနာခြင်း အလုပ်ပိုတွေကို ပြုကျင့်ရုံမျှသာလျှင် ဖြစ်၏၊ ထို့ကြောင့် တိတ္ထိတို့၏တရားသည် နောင်အနာဂတ်ဘဝ၌ မျှော်လင့်ရသော အကျိုးရှိသည်ဖြစ်၍ ကာလိကမည်လေသည်၊ ထိုတိတ္ထိတရားများ၏ နောင်အနာဂတ်ဘဝ၌ မျှော်လင့် အားထားရသော အကျိုးဆိုသည်မှာလည်း ထိုတိတ္ထိတို့၏ အရမ်းမဲ့ ထင်မြင်ယုံကြည် မှတ်ယူပြောဆိုခြင်း၏ အစွမ်းအားဖြင့်သာလျှင် ဆိုရသော စကားဖြစ်၏၊ စင်စစ်မူကား ထိုတိတ္ထိတို့၏တရားမှာ လောကိယသဒ္ဓမ္မများပင်သော်လည်း မရှိလေသောကြောင့် ထိုတိတ္ထိတို့၏တရားသည် အနန္တရဘဝ၌ အပါယ်သို့ကောင်းကောင်းကြီး, ဖြောင့်ဖြောင့်ကြီး သွားရန်အကြောင်း သက်သက်မျှသာဖြစ်လေ၏။

**[ကောင်းကင်ချိန်ရွယ်-ပါယ်ဆင်းတယ်- မှတ်ဖွယ်တိတ္ထိမျိုး]**

www.dhammaransi.com



[ထိုတိတ္ထိတရားသည် ကောင်းကင်ဘုံသို့မျှော်၍ ချိန်ရွယ်ကျင့်ကြံပါသော်လည်း သေသည်မှနောက်ကာလ၌ အပါယ်ဘုံသို့ ငုံ၍ စုန်ဆင်းကြရကုန်၏ ဟူ၍ဆိုလိုသည်။]

**အကာလိကအတွက်-မေးဖြေချက်။** ။ဗုဒ္ဓဘာသာတရားသည် အဘယ်သို့ အကာလိက ဖြစ်ပါသနည်း၊ ဗုဒ္ဓဘာသာ တရားတော်မှာကား အာဒိကလျာဏဟုဆိုအပ်သော လောကိယသဒ္ဓမ္မ၏ ဆိုင်ရာကောင်းမြတ်သော အကျင့်တို့လည်း ရှိကုန်၏၊ ထိုလောကိယသဒ္ဓမ္မ၏ မျက်မှောက်ဒိဋ္ဌဖြစ်သော အကျိုးတို့လည်း ရှိကုန်၏၊ လောကိယသဒ္ဓမ္မထက် လွန်ကဲသော သာသနသဒ္ဓမ္မတို့၌မူကား၊ မြင့်မြတ်သောဗြဟ္မစရိယနှင့် ထို ဗြဟ္မစရိယ၏ မျက်မှောက်ဒိဋ္ဌဖြစ်သော အကျိုးတို့သည်လည်း သာသနာတော် ဓမ္မ၏ လိုရင်းသဘောအနေအားဖြင့် ထင်ရှားရှိကြကုန်၏၊ ထို့ကြောင့် ဗုဒ္ဓဘာသာ တရား တော်မြတ်သည်ကား အကာလိကအစစ် ဖြစ်လေသည်။

**အပြစ်တင်ဖို့အချက်- စောဒနာစကားဆက်** ။ ။ဤအရာ၌ စောဒနာစကား ပြောကြားခွင့်ရှိသည်မှာ ထိုဗုဒ္ဓဘာသာ တရားတော်မြတ်၌ လောကိယသဒ္ဓမ္မများလည်း ထင်ရှားပါဝင်ရှိနေသည်၏အဖြစ်ကြောင့် ထိုလောကိယသဒ္ဓမ္မကြောင့် လူဖြစ်ခြင်း, နတ်ဖြစ်ခြင်း, ဗြဟ္မာဖြစ်ခြင်းတို့သည်လည်း ထင်ရှားကြကုန်၏၊ ထို့ကြောင့် ဗုဒ္ဓဘာသာတရား တော်သည်လည်း အခြားမဲ့ဖြစ်သောဘဝ၌ သုဂတိဘုံဘဝသို့ ရောက်စေတတ်သော ကိုကို ထောက်ဆသောအားဖြင့် နောင်အနာဂတ်၌ မျှော်လင့်ငံ့စားရသော ကာလိကတရားမျိုးပင်ဖြစ်၍နေသည်မဟုတ်ပါလောဟူ၍ စောဒနာစကား ပြောကြားကြကုန်ရာ၏။

- **ဗောဓိသုံးဖြာ၊ သူတော်စွာတို့၊ ကျင့်ရာကျင့်ရိုး၊ တရားမျိုးမှာ၊ ကာလိကမျိုး၊ ကျင့်ရိုးမရှိ၊ အကာလိကို၊ အားထုက်လို၊ ကျိုးကို မျက်မြင်ပြ။**

**တစ်စိတ်တစ်ဒေသစကား စောဒနာအမှန်ထား** ။ ။ထိုစောဒနာစကားသည် တစ်စိတ် တစ်ဒေသအားဖြင့်မှန်ပေ၏၊ ထိုသို့ကာလိကမျိုးပင်ဖြစ်စေဦးတော့ ထိုအခြားမဲ့ဘဝ၌ သုဂတိဘုံဘဝသို့ရောက်ရလိမ့်မည်ဟု မျှော်လင့်ရသောအကျိုးသည် သာသနဓမ္မ၌ လိုရင်းမဟုတ်၊ မျက်မှောက်ဒိဋ္ဌတွေ့ကြုံရသော သာမညဖလသန္ဒိဋ္ဌိကတို့သာလျှင် ဗုဒ္ဓဘာသာတရားတော်၌ လိုရင်းအချက်ဖြစ်၏၊ ပညာရှိ၍ ပါရမီပြည့်ကြကုန်

www.dhammaransi.com



ပြီးသော ပုဂ္ဂိုလ်မြတ်တို့သည်ကား ထိုကာလိကအကျိုးငှာ ကျင့်ကြံအားထုတ်ကြ ကုန်သည် မဟုတ်၊ မျက်မြင်ဒိဋ္ဌ တွေ့ကြုံခံစားရသော အကာလိကအကျိုးငှါသာ လျှင် ကျင့်ကြံအားထုတ်ကြ ကုန်သည်၊ ယခင်ပြဆိုခဲ့သော မာရသံယုတ်၌ ရဟန်းတို့က ပြန်ပြောသော စကားတွင်-

**"ကာလိကဉ္စ ခေါ မယံ ဗြာဟ္မဏ ဟိတွာ သန္ဒိဋ္ဌိကံ အနုဓာဝါမ"**

ဟူ၍ဆိုသောစကားကို ထောက်ရာ၏။

ဗြာဟ္မဏ=ပုဏ္ဏားယောင်ဆောင် မာရ်ယုတ်ကောင်၊ ခေါ=စင်စစ်၊ မယံ= ငါတို့သည်၊ ကာလိကဉ္စ=နောင်ဘဝ၌ မျှော်လင့်အားထားရသော ကာမဂုဏ် အကျိုးကို၊ ဟိတွာ=စွန့်၍၊ သန္ဒိဋ္ဌိကံ=မျက်မှောက်ဒိဋ္ဌ တွေ့ကြုံခံစားရသော သာမည ဖလအကျိုးသို့သာလျှင်၊ အနုဓာဝါမ=စိတ်ပြေးဝင်သောအားဖြင့် ကျင့်ကြံအား ထုတ်ကြကုန်၏။

## ဆောင်းဥတုပမာ-သဒ္ဓမ္မအကျိုးဖြာ

**ဗုဒ္ဓဘာသာတရား အကာလိကအရာထား။** ။ ထို့ကြောင့် ဤဗုဒ္ဓဘာသာ တရား တော်မြတ်ကို အကာလိကဟူ၍ သာလျှင် ဆိုထိုက်၏၊ သို့ပင် အကာလိက စင်စစ်ဖြစ် သော်လည်း အကြင်ပုဂ္ဂိုလ် တို့သည် အကာလိကအကျိုးငှာကျင့်ကြံကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် မဟာဂေါဝိန္ဒ သုတ်၌ ဆိုအပ်ပြီးသောနည်းအားဖြင့် အလုံးစုံသော ဤသာသနသဒ္ဓမ္မကို ထိုးထွင်း၍ သိမြင်ပေါက်ရောက်ကြကုန်သည်ရှိသော် အကာလိကအကျိုး အလုံးစုံကို ရရှိကြလေကုန်၏၊ အလုံးစုံ မထိုးထွင်း မပေါက်ရောက်နိုင်သော ပုဂ္ဂိုလ်တို့သည်ကား တစ်စိတ် တစ်ဒေသဖြစ်သော အကာလိကအကျိုးကိုရ၍ ဤဘဝ၌ သုဂတိဘုံသို့ ရောက်စေတတ်သော ကံ၏အစွမ်းအားဖြင့် အခြားမဲ့ဘဝ၌ သုဂတိဘုံသို့ လားကြရ လေကုန်၏၊ သာသနာတော်သဒ္ဓမ္မသည် အောက်ထစ်ဆုံးအားဖြင့် သုဂတိဘုံ ဘဝသို့ လားစေနိုင်၏၊ မျက်မှောက်ဒိဋ္ဌ အကာလိက အကျိုးကိုရရှိစေနိုင်သော တရားအမှန်အစစ်ပင်ဖြစ်သော်လည်း ကျင့်ဆောင်အားထုတ်သော ပုဂ္ဂိုလ်တို့၏ ပါရမီ အနု,အရင့်, ဉာဏ်အနု့, အထက်သို့လိုက်၍ အကျိုးကိုဖြစ်စေနိုင်၏၊ ဆောင်းဥတုသည် အမှန်အေးမြ၏ဟုဆိုသော်လည်း အသဲအသန် အဖျားတက်၍ နေသောသူကို အမှန်အေးမြစေလိမ့်မည် မဟုတ်သကဲ့သို့တည်း။

**ဗုဒ္ဓဘာသာတရား-ပြဒါးသံဓာတ်ပမာသွား။** ။ စောဒနာရန်ရှိပြန်သည်မှာ ဤ ဗုဒ္ဓဘာသာတရားတော်၌ လည်း

အကြင်ပုဂ္ဂိုလ်တို့သည် ကောင်းစွာမကျင့်ကြကုန်၊ ထိုပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် အပါယ်သို့ သွားခြင်းတို့လည်း ထင်ရှားရှိကြကုန်သည် မဟုတ်ကုန်လော ဟု စောဒနာရန်ရှိ၏၊ ထိုစကားမှန်၏၊ ထိုသို့အပါယ်သို့လားကြကုန်ရာ၌ ကောင်းစွာ မကျင့်ကြံကြကုန်သော သူတို့၏ အပြစ်ဒေါသသာလျှင် ဖြစ်၏၊ ဗုဒ္ဓဘာသာ တရားတော်၏ အပြစ်မဟုတ်ချေ၊ သို့ဖြစ်၍ ကောင်းစွာမကျင့်ကြံကြကုန်သော သူတို့၏ အပါယ်သို့ လားမှုအတွက်ကြောင့် ဗုဒ္ဓဘာသာတရားတော်ကို အပြစ်ဆိုရန် အကြောင်းမဟုတ်ချေ။

ဥပမာ-ပြဒါးဓာတ်, သံဓာတ်တို့သည် ကောင်းစွာ စီရင်နိုင်သော သူတို့အား မနသိဒ္ဓိ, အာယုသိဒ္ဓိစသော ကိစ္စများကိုပြီးစီးစေနိုင်၏၊ ကောင်းစွာမစီရင်တတ်ပဲ သုံးစွဲသောသူတို့အား အပြစ်ကို ဖြစ်စေတတ်၏၊ ထိုသို့အပြစ်ကို ဖြစ်စေမှု၌ ပြဒါးဓာတ်, သံဓာတ်တို့ကို အပြစ်ဆိုထိုက်သည် မဟုတ်၊ ကောင်းစွာ မစီရင်နိုင်သော ပုဂ္ဂိုလ်တို့၏အပြစ်သာလျှင် ဖြစ်လေသကဲ့သို့တည်း။

[နာနက္ခဏိက ကမ္မပစ္စည်းအရာ၌ မဂ်လေးပါး၌ရှိသောစေတနာသည် အခြားမဲ့ ဖြစ်သောဖိုလ်လေးပါးအား အနန္တရ သမနန္တရစသောသတ္တိဖြင့် ကျေးဇူးပြု၍ အကျိုးဖြစ် စေခြင်းသည်လည်း တရားတော်၏ အခါမလင့်အကျိုးပေးသော အကာလိကဂုဏ်တော် အစွမ်းပင်ဖြစ်၏ ဟူ၍ ဆိုကြကုန်၏။]

( ၃-အကာလိက ဂုဏ်တော်ဖွင့်ပြီး၏ )

---------o--------

## ၄။ ဧဟိပဿိကဂုဏ်တော် ပြခန်းဖော်

### အာချာတ်ပုဒ်ရင်း၊ တဒ္ဓိတ်သွင်း၊ မှတ်လျှင်း-ဧဟိပဿိက။

ဣတော ဧဟိ ဣမံ ပဿ ဣတိဝိဓာနံ နိယောဇနံ အရဟတီတိ ဧဟိပဿိကော။

ဣတော=ဤအရပ်မှ၊ ဧဟိ=သည်ကိုလာလှည့်၊ ဣမံ=ဤတရားကို၊ ပဿ= ရှုကြည့်စုံစမ်းလှည့်၊ ဣတိဝိဓာနံ=ဤသို့သောအစီအရင်ကို၊ နိယောဇနံ=တိုက်တွန်း ခြင်းကို၊ အရဟတိ=ထိုက်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ ဧဟိပဿိကော=ဧဟိ ပဿိကမည်၏။

သည်ကိုလာပါ၊ စုံစမ်းပါဟု၊ စီရင်စုတွင်း၊ တိုက်တွန်းခြင်းဂုဏ်၊
ထိုက်ခြင်းဆုံ၊ မှတ်တုံ ဧဟိပဿိက။

**ဗုဒ္ဓဘာသာတရား-ဧဟိပဿိကဟု ။ မဆိုထိုက်လား** ။တရားတော်မြတ်သည် ကောင်းခြင်းသုံးရပ်နှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့် ဤအရပ်မှ သည်သို့လာလှည့်၊ ဤတရားကို ရှုလှည့်ဟူ၍ စီရင်ထိုက်, တိုက်တွန်းနှိုးဆော်ထိုက်သောကြောင့် ဗုဒ္ဓဘာသာတရားတော်သည် ဧဟိပဿိက မည်၏၊ လက်သို့ရောက်ပြီးဖြစ်သော စကြာမင်း၏ စည်းစိမ်ချမ်းသာကြီးကိုပင်သော်လည်း စွန့်ခွါပယ်ပစ်၍ ရဟန်းအဖြစ်သို့ ကပ်ရောက်ခြင်းအားဖြင့် လျင်မြန်စွာလာပါလှည့်, လျင်မြန်စွာ လာပြီးလျှင် ဤတရားတော်ကို နာပါလှည့်, ဤတရားကိုနာပြီးလျှင် အနက်သဘော အဓိပ္ပါယ်ကို နက်နက်နဲနဲ စုံစမ်းဆင်ခြင်သော ဉာဏ်မျက်စိဖြင့် ကြည့်ရှုဆင်ခြင်ပါဟူ၍ သွင်းဆောင်ခြင်း, ဆောက်တည်စေခြင်းငှါ သင့်လျော်သော တရားတော်မြတ်ဖြစ်သည်ဟူ၍ ဆိုလိုသည်။

**ဉာဏ်ဂုဏ်သွင်းလျက်-မေးဖြေချက်။** ။တရားတော်သည် အဘယ်သို့လျှင် လာလှည့်, ရှုလှည့်ဟူသော အစီရင်ကို ထိုက်ပါသနည်း၊ ဤသို့စီရင်တိုက်တွန်းသောသူတို့သည် စီရင်တိုက်တွန်းချက်အတိုင်း လာရောက်ကြည့်ရှုကြကုန်သောသူတို့၏ ဝမ်းမြောက်ဝမ်းသာ ပူဇော်သက္ကာပြုခြင်း, ပြော၍မပြီးနိုင်အောင် ကျေးဇူးကြီးကျယ်စွာ တင်ခြင်းတို့ကို ဖြစ်စေနိုင်သောကြောင့် ဤဗုဒ္ဓ ဘာသာတရားတော်မြတ်သည် လာလှည့်, ရှုလှည့်ဟူသော စီရင်ခြင်း, နှိုးဆော်ခြင်းကို ထိုက်သည်ဟူ၍မှတ်ရာ၏၊ လာရောက်ကြည့်ရှုသော သူတို့သည် အဘယ်သို့ ကျေးဇူးတင်ခြင်း, ပူဇော်ခြင်း, ချီးမွမ်းအံ့သြခြင်းကို ပြုကြပါသနည်းဆိုလျှင် အရှင်သည်အကျွန်ုပ်အား ကောင်းသောအမှုကိစ္စကြီးဖြင့် ချီးမြောက်ထောက်ပင့်ခြင်းကို ပြုပေ၏၊ အရှင်သည် ဤထွတ်မြတ်လှစွာသော တရားတော်အတွင်း, သာသနာတော်အတွင်းသို့ ခေါ်ဆောင်သွတ်သွင်းပေ၏၊ ထိုသို့ ခေါ်ဆောင်သွတ်သွင်းခြင်းကား ကောင်းသော ခေါ်ဆောင်သွတ်သွင်းခြင်းပေတည်း။

**တကယ်အမှန်၊ ငါ့မမံကို၊ ခမ့်မည်လျှင်း၊ တရားတွင်းသို့၊**
**သွတ်သွင်းခေါ်မှု၊ မပြုခဲ့မူ၊ ငါတစ်လူ၊ ပါယ်သူ ဖြစ်ထိုက်စွ။**

**တိုက်တွန်းနှိုးဆော်-စီမံခေါ် ။ ပါယ်သော်လွတ်ထိုက်စွ** ။အကယ်၍ အကျွန်ုပ်ကို ဤတရားတော်တွင်း,သာသနာတော်တွင်းသို့ ခေါ်ဆောင်သွတ်သွင်းခြင်းကို မပြုပါမူကား အကျွန်ုပ်သည် ဤတရားတော်မှအပြင်ပ၌ မျက်ကွယ်ဖြစ်၍ နေရတော့အံ့၊ မိစ္ဆာဒိဋ္ဌိ

www.dhammaransi.com



အဖြစ်နှင့်သာ ဆုံးရှုံးရတော့အံ့၊ ဤတရားတော်မှ အပဖြစ်၍နေရပါလျှင် အပါယ်လေးပါးတည်းဟူသော ဆင်းရဲတွင်းသို့ သက်ဆင်းရတော့အံ့၊ အရှင်သည် အကျွန်ုပ်ကို ဤတရားတော်တွင်းသို့ ခေါ်ဆောင်သွတ်သွင်းလျက် အကျွန်ုပ်ကို အပါယ်ဆင်းရဲမှ ကယ်တင်ပေ၏၊ ဝဋ္ဋဒုက္ခမှ ထုတ်ဆောင်ပေ၏ဟူ၍ ပူဇော် ချီးမွမ်းခြင်းကို ရရှိကြကုန်၏၊ စင်စစ်မှာ ထိုသို့မြင့်မြတ်သော ပူဇော်ခြင်း, ချီးမွမ်းခြင်းကို ရသည်မူလည်းဖြစ်စေ၊ မရသည်မူလည်းဖြစ်စေ၊ တရားတော် မြတ်သည် စင်စစ်သံသရာမှ ထွက်မြောက်စေတတ်သော နိယျာနိကတရားမျိုး ပါဠိအရသာ, အနက်အရသာနှင့်ပြည့်စုံသောတရားမျိုး ဖြစ်လေသောကြောင့် သူတစ်ပါးတို့၏အကျိုးကို လိုလားတောင့်တလေ့ရှိသော ပညာရှိပုဂ္ဂိုလ်တို့မှန်လျှင် တစ်ပါးသောသူတို့ကို ဤတရားတော်အတွင်းသို့ မချွတ်မယွင်း သွတ်သွင်းသင့်, သွတ်သွင်းထိုက်သည်သာလျှင် ဖြစ်၏၊ ထိုတရားကို ဆောက်တည်ကျင့်သုံးစေခြင်းငှါ နှိုးဆော်သင့်, နှိုးဆော်ထိုက်, တိုက်တွန်းသင့်, တိုက်တွန်းထိုက်သည်သာလျှင် ဖြစ်၏။

**မိတ်ဆွေဗန္ဓု၊ ချစ်သူ့ကျွမ်းဝင်၊ သွေးလျှင် တော်စပ်၊ သုံးရပ်ပုဂ္ဂိုလ်၊**
**လိုက်နာလို၊ ဟောဆို သောတာပတ်။**

**သာဓကကိုးကာ-တစ်ခန်းမှာ။** ။ မဟာဝဂ္ဂသံယုတ် ပါဠိတော် ရာဇကာရာမဝဂ်၌လည်း ချစ်သားရဟန်းတို့ အကြင်မိတ်ဆွေခင်ပွန်းတို့ကိုလည်းကောင်း, အကြင်ချစ်ကျွမ်းဝင်သော သူတို့ကို လည်းကောင်း, အကြင်သွေးချင်းတော်စပ်သော ဉာတိပေါက်ဖော်တို့ကိုလည်း ကောင်း, သနားငဲ့ညှာကြကုန်သည် ဖြစ်အံ့၊ ထိုမိတ်ဆွေစသောသူတို့ကလည်း လိုက်နာသင့်, လိုက်နာထိုက်ပေသည်ဟူ၍ ထင်မြင်ယုံကြည်ကြကုန်သည်ဖြစ်အံ့၊ ချစ်သားရဟန်းတို့ ထိုသူတို့ကို သောတာပတ္တိယင်္ဂတရားလေးပါးတို့၌ ကောင်းစွာ ဆောက် တည်စေအပ်ကုန်၏၊ ကောင်းစွာ သွတ်သွင်းအပ်ကုန်၏၊ ကောင်းစွာ ထောက်တည်ရာကို ရစေအပ်ကုန်၏ဟူ၍ မြတ်စွာဘုရားသည် ရဟန်းတို့အား ဤတရားဒေသနာတော်ဖြင့် မြတ်စွာဘုရားကိုယ်တော်တိုင်ပင်လျှင် တရားတော် အတွင်းသို့ သွတ်သွင်းသင့်, သွတ်သွင်းထိုက်, ခေါ်ဆောင်သင့်, ခေါ်ဆောင် ထိုက်သောသူများကို ထိုတရားတော်အတွင်းသို့ သိမ်းသွင်းခေါ်ဆောင်ရန် နှိုးဆော်တိုက်တွန်းတော်မူသည်။

**သောတာပတ္တိယင်္ဂတရားလေးပါးဆိုသည်ကား---**

[ဘုရား၌ အကြွင်းမဲ့ သက်ဝင်ယုံကြည်ခြင်း၊ တရားတော်၌ အကြွင်းမဲ့ သက်ဝင် ယုံကြည်ခြင်း၊ သံဃာတော်၌ အကြွင်းမဲ့ သက်ဝင်ယုံကြည်ခြင်း၊ သီလ, သိက္ခာတို့ကို

www.dhammaransi.com



ဖြည့်ကျင့်လေ့ရှိခြင်း၊ ဤလေးပါးတို့ပေတည်း။ သောတာပန်ဖြစ်ရန်အကြောင်း အင်္ဂါဖြစ်သောကြောင့် သောတာပတ္တိယင်္ဂတရားခေါ်သည်။]

ကိုယ်တိုင်သိမ်းသွင်း-ခေါ်ဆောင်ခြင်း။ ။မြတ်စွာဘုရား ကိုယ်တော်တိုင် ဧဟိဘိက္ခုခေါ်တော်မူ၍ ရဟန်းအဖြစ်သို့ သိမ်းသွင်းသော အစီအရင်တို့၌လည်း-

ဧဟိ ဘိက္ခူတိ ဘဂဝါ အဝေါစ၊ သွာက္ခာတော ဓမ္မော၊
စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ။
[ပုဂ္ဂိုလ်တစ်ဦးတည်းကို ဧဟိဘိက္ခုခေါ်ယူသိမ်းသွင်းရာ၌ မြတ်စွာဘုရား
အသုံးပြုတော်မူသော ဧကဝုစ်စကားတော်။]

ဘိက္ခု=ရဟန်း၊ ဧဟိ=လာလော၊ ဓမ္မော=တရားတော်ကို၊ သွာက္ခာတော=ငါဘုရားကောင်းစွာ ဟောကြားတော်မူအပ်ပြီ၊ သမ္မာ=ကောင်းစွာ မဖောက်မပြန်၊ ဒုက္ခဿ=ဆင်းရဲဒုက္ခ၏၊ အန္တကိရိယာယ=အဆုံးကိုပြုခြင်းငှါ၊ ဗြဟ္မစရိယံ=မြတ်သောအကျင့်ကို၊ စရ=ကျင့်လှည့်ပါလော၊ ဣတိ=ဤသို့၊ ဘဂဝါ=မြတ်စွာဘုရားသည်၊ အဝေါစ=မိန့်တော်မူပြီ။

ဧထ ဘိက္ခဝေါတိ ဘဂဝါ အဝေါစ၊ သွာက္ခာတော ဓမ္မော၊
စရထ ဗြဟ္မစရိယံ သမ္မာဒုက္ခဿ အန္တကိရိယာယ။
[ပုဂ္ဂိုလ်အများကို ဧဟိခေါ်ယူ သိမ်းသွင်းရာ၌ မြတ်စွာဘုရား
အသုံးပြုတော်မူသော ဗဟုဝုစ်စကားတော်။]

ဘိက္ခဝေါ=ရဟန်းတို့၊ ဧထ=လာကြကုန်လော၊ ဓမ္မော=တရားတော်ကို၊ သွာက္ခာတော=ငါဘုရားကောင်းစွာ ဟောကြားတော်မူအပ်ပြီ၊ သမ္မာ=ကောင်းစွာ မဖောက်မပြန်၊ ဒုက္ခဿ=ဆင်းရဲဒုက္ခ၏၊ အန္တကိရိယာယ=အဆုံးကိုပြုခြင်းငှါ၊ ဗြဟ္မစရိယံ=မြတ်သောအကျင့်ကို၊ စရထ=ကျင့်လှည့်ကြကုန်လော၊ ဣတိ=ဤသို့၊ ဘဂဝါ=မြတ်စွာဘုရားသည်၊ အဝေါစ=မိန့်တော်မူပြီ။

ဤသို့လျှင် ဧဟိဘိက္ခု ခေါ်တော်မူ၍ကိုယ်တော်တိုင် တရားတော်အတွင်း, သာသနာတော်အတွင်းသို့ သိမ်းသွင်းခေါ်ဆောင်တော်မူသော ဥပသမ္ပန္န ရဟန်းတော်တို့သည်လည်း မြတ်စွာဘုရားလက်ထက်တော်အခါ အသိန်းမက များပြားစွာ ရှိတော်မူကြကုန်၏။

ထို့ပြင်လည်း--

ဧထ ဘိက္ခဝေ သီလဝါ ဟောထ၊

www.dhammaransi.com



ပါတိမောက္ခ သံဝရသံဝုတာ ဝိဟရထ။
ဟူ၍ ထိုထိုပါဠိတော်တို့၌ ဟောကြားတော်မူ၏။

ဘိက္ခဝေ=ရဟန်းတို့၊ ဧထ=လာကြကုန်လော၊ သီလဝါ=သီလနှင့်ပြည့်စုံသည်၊ ဟောထ=ဖြစ်ကြကုန်လော၊ ပါတိမောက္ခ သံဝရသံဝုတာ=ပါတိမောက္ခ သံဝရသီလ ဟုဆိုအပ်သော ဝိနည်းသိက္ခာပုဒ်တို့ကို လုံခြုံစွာစောင့်သုံးကြကုန်သည်ဖြစ်၍၊ ဝိဟရထ=နေကြကုန်လော။

[ဤပါဠိတော်ဖြင့် မြတ်စွာဘုရားကိုယ်တော်တိုင် ရဟန်းတို့ကိုဟောကြား ပညတ်တော်မူအပ်သော တရားတော်အတွင်းသို့ သိမ်းသွင်းခေါ်ဆောင်တော်မူကြောင်းကို ပြဆို၏။]

## ဧဟိသာဓက၊ ပြီးဆုံးသတ်၊

**အိမ်ယာထောင်သူ- ခေါ်ဆောင်ယူ။** ။ ရဟန်းတို့ကိုသာ ဤသို့ ခေါ်ဆောင် သိမ်းသွင်းတော်မူသည် မဟုတ်၊ အိမ်ယာထောင်သော လူများကိုလည်း-

ဧထ တုမှေ ကာဠာမာ=အိုကာဠာမအမျိုးဖြစ်သော ဒါယကာတို့ သင်တို့သည် လာကြကုန်လော၊

ဧထ တုမှေ သာဠှာ=အိုသာဠှမည်သော ဒါယကာတို့ သင်တို့သည် လာကြကုန်လော၊

ဧထ တုမှေ ဘဒ္ဒိယာ=အိုဘဒ္ဒိယမည်သော ဒါယကာတို့ သင်တို့သည် လာကြကုန်လော၊

ဤသို့စသည်ဖြင့် မြတ်စွာဘုရား ကိုယ်တော်တိုင် ခေါ်ဆောင်ခြင်း အစီရင်တို့သည် ဖြစ်ကုန်၏။

[ဤကား-- ဧဟိဟူသော အစီအရင်ကို ပြဆိုသော ပါဠိတော်သာဓကများပေတည်း။]

## ပဿ, စီရင်သင့်၊ ဆက်ပြန်ခွင့်၊

**သံယုတ်သာဓက- သက်သေပြ။** ။ နိဒါနဝဂ္ဂ သံယုတ် ဒုတိယဝဂ်၌--

ဇာတိပစ္စယာ ဘိက္ခဝေ ဇရာမရဏံ၊ ဥပ္ပါဒါ ဝါ တထာဂတာနံ အနုပ္ပါဒါ ဝါ ဌိတာဝ သာ ဓာတု၊ တံ တထာဂတော အဘိသမ္ဗုဇ္ဈတိ၊ အဘိသမ္ဗုဇ္ဈိတွာ ဒေသေတိ ပဿထာတိစာဟ။

ဘိက္ခဝေ=ရဟန်းတို့၊ ဇာတိပစ္စယာ=ဇာတိဟူသော အကြောင်းကြောင့်၊ ဇရာမရဏံ=ဇရာမရဏသည်၊ ဥပ္ပဇ္ဇတိ=ဖြစ်၏၊ သာ ဓာတု=ထိုဇာတိကြောင့်

www.dhammaransi.com



ဇရာမရဏဖြစ်မှုဟူသော ဓာတ်သဘောသည်၊ တထာဂတာနံ=မြတ်စွာဘုရားတို့၏၊ ဥပ္ပါဒါဝါ=ပွင့်တော်မူသော်လည်းကောင်း၊ အနုပ္ပါဒါဝါ=ပွင့်တော်မမူသော်လည်းကောင်း၊ ဌိတာဝ=တည်လျက်ရှိနေသည်သာလျှင်တည်း၊ တံ=ထိုဇာတိကြောင့် ဇရာမရဏ ဖြစ်ခြင်းတည်းဟူသော ဓာတ်သဘောကို၊ တထာဂတော=မြတ်စွာဘုရားသည်၊ အဘိသမ္ဗုဇ္ဈတိ=ထိုးထွင်း၍ သိတော်မူ၏၊ အဘိသမ္ဗုဇ္ဈိတွာ=ထိုးထွင်းသိမြင်ပြီး၍၊ ဒေသေတိ=သတ္တဝါတို့အား ဟောကြားတော်မူ၏၊ တုမေ=သင်တို့သည်၊ ပဿထ=ရှုကြကုန်လော၊ ဣတိစ=ဤသို့လျှင်၊ အာဟ=မြတ်စွာဘုရား ဟောကြားတော်မူ၏။

အဝိဇ္ဇာပစ္စယာ ဘိက္ခဝေ သင်္ခါရာ၊ ပဿထာတိစာဟ၊

ဘိက္ခဝေ=ရဟန်းတို့၊ အဝိဇ္ဇာပစ္စယာ=အဝိဇ္ဇာဟူသော အကြောင်းကြောင့်၊ သင်္ခါရာ=သင်္ခါရတရားတို့သည်၊ ဥပ္ပဇ္ဇန္တိ=ဖြစ်ပေါ်ကုန်၏။ တုမှေ=သင်တို့သည်၊ ပဿထ=ရှုကြကုန်လော့၊ ဣတိစ=ဤသို့လျှင်၊ အာဟ=မြတ်စွာဘုရား ဟောကြားတော်မူ၏။

[ဤပါဠိတော်တို့ဖြင့် မြတ်စွာဘုရားကိုယ်တော်တိုင်ပင်လျှင် တရားတော် ကိုရှုကြကုန်လောဟု နှိုးဆော်တိုက်တွန်းတော်မူကြောင်းကို သိအပ်၏။]

[ဤကား-ပဿ, ဟူသော အစီရင်ကိုပြဆိုသော ပါဠိတော်သာဓကများပေတည်း။]

## ဧဟိ-ပဿ ထူးပုံပြ

**ဒဿနတ္ထ-တစ်နည်းပ။** ။ဧဟိ ပဿ, လာလှည့် ရှုလှည့်ဟူသော တိုက်တွန်းချက် နှစ်မျိုးတို့တွင် ဧဟိ, ဟူသောပုဒ်ဖြင့် တရားတော်အတွင်း, သာသနာတော်အတွင်းသို့ သိမ်းသွင်းခေါ်ဆောင်ခြင်း အစီရင်ကိုပြ၏၊ ပဿ,ဟူသော တိုက်တွန်းချက်ဖြင့် ထိုတရားကို ကျင့်ဆောင်အားထုတ်ခြင်း, ဝိပဿနာဉာဏ်ဖြင့် ရှုဆင်ခြင်ခြင်း အစီရင်ကိုပြ၏၊ လာလှည့်, ရှုလှည့်ဟူသော ထိုတိုက်တွန်းချက်နှစ်မျိုးတို့ဖြင့် နှိုးဆော်ခြင်းငှါထိုက်သောကြောင့် တရားတော်သည် ဧဟိပဿိက, မည်သည်၊ ဤလောက၌ လာပါလှည့်, ကြွပါလှည့်-ဟူ၍ ဖိတ်လျှင် ကြွလာသောသူအား ပြုစုကျွေးမွေးခြင်း, လှူဒါန်းပူဇော်ခြင်းဖြင့် တစ်စုံတစ်ရာ ဝမ်းမြောက်နှစ်သက်ဖွယ်ရာ ကျေးဇူးပြုနိုင်မှသာလျှင် လာပါ, ကြွပါ-ဟူ၍ ပင့်ဖိတ်ခြင်းငှါ သင့်လျော်လေသကဲ့သို့ ထို့အတူ တရားအတွင်းသို့ သိမ်းသွင်းခြင်းအနေဖြင့် ဧဟိ-လာလှည့်,ဟူ၍ ခေါ်ဆောင်ပင့်ဖိတ်လျှင် ထိုတရားအတွင်းသို့ ဝင်ကပ်ရောက်လာသောသူတို့အား အကျိုးများစွာ ဖြစ်ထွန်းစေနိုင်မှသာလျှင် ခေါ်ဆောင်

www.dhammaransi.com



သိမ်းသွင်းသင့်လေသဖြင့် ဧဟိ, ဟူသောအစီရင်ကို ထိုက်သည်မည်၏၊ မြတ်စွာဘုရားဟောကြားတော်မူအပ်သော ကလျာဏသုံးပါးနှင့်ပြည့်စုံသော တရားတော်သည်ကား မိမိအတွင်းသို့ သိမ်းသွင်းခေါ်ဆောင်၍ ရောက်လာသောသူတို့အား အောက်ထစ်ဆုံးအားဖြင့် သုဂတိဘုံဘဝသို့ လားစေနိုင်၏၊ အလွန်ဆုံးအကျိုးအားဖြင့် အမြတ်ထက်,အမြတ်ဆုံးဖြစ်သော နိဗ္ဗာန်ချမ်းသာသို့ ရောက်စေနိုင်၏၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်သည် ဧဟိ,ဟူသော အစီရင်ဖြင့် နှိုးဆော်ခြင်းကို ထိုက်လေသည်။

## ဧဟိ-အကျိုးပြီးပြီ၊ ပဿ-အကျိုးဆက်လက်ချီ

ဤလောက၌ တစ်စုံတစ်ခုသော ပွဲသဘင်ကိုဖြစ်စေ, တစ်စုံတစ်ခုသော ရတနာကိုဖြစ်စေ, တစ်စုံတစ်ခု အထူးအဆန်း ပန်းမာလ် ဥယျာဉ်ကိုဖြစ်စေ, ရှုကြည့်လှည့်ပါ-ဟုနှိုးဆော်တိုက်တွန်းလျှင် ရှုကြည့်သောသူ၏ စိတ်နှလုံးကို ကြည်ရွှင်စေခြင်း, အံ့ဖွယ်သရဲကိုဖြစ်စေခြင်း, ရှုမြင်ရသည်အတွက် ကျေးဇူးတင်စွာနှင့် တစ်သက်လျာကာလပတ်လုံး မှတ်သားလောက်အောင် စိတ်စွဲ၍ သွားခြင်းစသော အကျိုးကိုဖြစ်စေနိုင်မှသာလျှင် ရှုလှည့်ပါ-ဟူသော စီရင်နှိုးဆော်ခြင်းကို ထိုက်လေသကဲ့သို့ ထို့အတူ တရားကိုရှုလှည့်ပါဟု နှိုးဆော်တိုက်တွန်းလျှင် ဆန်းကြယ်သော အနက်အရသာ, ပါဠိအရသာကိုရရှိစေခြင်း, စိတ်သန္တာန်၌ ဓမ္မပီတိကို ရရှိ၍ ငြိမ်သက်ချမ်းသာခြင်း, စိတ်၌ရှိသောအညစ်အကြေးတို့ကို ပယ်ရှားနိုင်ခြင်း, ဉာဏ်ပညာ၏တိုးတက်ပွင့်လင်းခြင်း, နက်နဲသောတရားသဘောတို့၏ အဖြစ်အပျက်ကို သိမြင်ထိုးထွင်းနိုင်ခြင်း, မိမိမူလအခြေအနေမှ ထူးသော အခြေအနေသို့ ရောက်ရှိခြင်းစသော သာမညဖလအကျိုးတို့ကို ရရှိဖြစ်ထွန်းစေနိုင်မှသာလျှင် ရှုလှည့်ပါဟူသော နှိုးဆော်တိုက်တွန်းခြင်းကို ထိုက်သည်မည်၏၊ ဗုဒ္ဓဘာသာ တရားတော်မြတ်သည် ကျင့်ဆောင်သောသူ, ဝိပဿနာဉာဏ်, ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့် ဆင်ခြင်ရှုစားသော သူတို့အား ဆိုပြီးသောအကျိုးတို့ကို ရရှိစေနိုင်၏၊ ထို့ကြောင့် ရှုလှည့်ပါ-ဟူသော စီရင်နှိုးဆော်ခြင်းကို ထိုက်လေသည်။

**အခြားဘာသာတရား ။ အပါယ်တွင်း မနက်လား**

။ ဤသို့ လာလှည့်ပါ, ရှုလှည့်ပါ-ဟူသော စီရင် နှိုးဆော်ခြင်းကို ထိုက်သောကြောင့် ဧဟိပဿိက,ဟူ၍ခေါ်ထိုက်လေ၏၊ အခြားသောတရားများသည်ကား ထိုကဲ့သို့ လာလှည့်ပါ, ရှုလှည့်ပါ-ဟူသော အစီရင်ကို ထိုက်သည် မဟုတ်ချေ၊ ထို သာသနာတော်မှ အပဖြစ်သောတရားများသည်ကား

www.dhammaransi.com



လာလှည့်ပါ-ဆို၍ သိမ်းသွင်းခေါ်ဆောင်လျက် ထိုတရားအတွင်းသို့ ဝင်ရောက်လျှင် ထို ဗာဟီရတရားစု၏ သွာက္ခာတဂုဏ်တော်နှင့်ပြည့်စုံသည် မဟုတ်သောကြောင့် အသိမ်းအသွင်းခံရသောသူ, ဝင်ရောက်သောသူတို့အား အကျိုးမများစေသည့်ပြင် အပါယ်လားခြင်းတည်းဟူသောအပြစ်ကို ရရှိကြစေကုန်၏၊ ထို့ကြောင့် လာလှည့်ပါ-ဟူသော စီရင်နှိုးဆော်ခြင်းကိုထိုက်သည် မဟုတ်ချေ၊ ရှုလှည့်ပါ-ဆို၍ ကျင့်ကြံရှုစားသောအခါ အနက်အရသာ, ပါဠိအရသာ ဓမ္မပီတိစသော သာမညဖလ အကျိုးများကို မရသည့်ပြင် မိစ္ဆာဒိဋ္ဌိအမှားဖက်သို့ နက်နက်ကြီး စူးစိုက်သက်ဝင်၍သွားခြင်း, အပါယ်သို့ နက်နက်ကြီး ကျရောက်ရန်မျိုးစေ့တို့ကို အောင်အောင်မြင်မြင် ထူထောင်နိုင်ခြင်းစသော အကျိုးယုတ်တို့ကို ရရှိလေ၏၊ ထို့ကြောင့် ထိုမိစ္ဆာတရားများသည် ရှုလှည့်ပါ-ဟူသော အစီရင်ကိုထိုက်သည် မဟုတ်ချေ။

## ဗုဒ္ဓဘာသာတရား, သာသနာ့ပတရား, အကျိုးသွား ယှဉ်တွဲပုံ

ဗုဒ္ဓဘာသာတရားတော်မြတ်သည် လာလှည့်, ရှုလှည့်-ဟူသော နှိုးဆော်ခြင်းကို ထိုက်သောကြောင့် ထိုအစီအရင်အတိုင်း နှိုးဆော် တိုက်တွန်း သိမ်းသွင်းခေါ်ဆောင်ပြသသွန်သင်သော ပုဂ္ဂိုလ်တို့အားလည်း ကုသိုလ်ပုည ပွားစီးခြင်း တည်းဟူသောအကျိုးကို ပွားစေနိုင်ကုန်သည်၊ သာသနာတော်မှ အပဖြစ်သော တရားတို့သည်ကား ထိုကဲ့သို့ လာလှည့်ပါ, ရှုလှည့်ပါ-ဟူသော စီရင်နှိုးဆော်ခြင်းကို မထိုက်သောကြောင့် ထိုတရားအတွင်းသို့ ခေါ်ဆောင်သိမ်းသွင်းပြသ သွန်သင်သော ပုဂ္ဂိုလ်တို့အား မကောင်းမှုပွားခြင်း, အပါယ်လားခြင်းစသော အကျိုးယုတ်တို့ကို ဖြစ်ပွားစေနိုင်ကုန်၏။

ထို့ကြောင့် ဧကင်္ဂုတ္တရပါဠိတော် ဧကဓမ္မပါဠိ တတိယဝဂ်၌-

ဒုရက္ခာ တေ ဘိက္ခဝေ ဓမ္မဝိနယေ၊ ယော စ သမာဒပေတိ၊ ယဉ္စ သမာဒပေတိ၊ ယော စ သမာဒပိတော တထတ္တာယ ပဋိပဇ္ဇတိ၊ သဗ္ဗေ တေ ဗဟုံ အပုည် ပသဝန္တိ၊ တံ ကိဿ ဟေတု၊ ဒုရက္ခာတတ္တာ ဘိက္ခဝေ ဓမ္မဿ။

သွာက္ခာတေ ဘိက္ခဝေ ဓမ္မဝိနယေ၊ ယော စ သမာဒပေတိ။ ယဉ္စ သမာဒပေတိ၊ ယော စ သမာဒပိတော တထတ္တာယ ပဋိပဇ္ဇတိ၊ သဗ္ဗေ တေ ဗဟုံ ပုည် ပသဝန္တိ၊ တံ ကိဿ ဟေတု၊ သွာက္ခာတတ္တာ ဘိက္ခဝေ ဓမ္မဿ။

www.dhammaransi.com



ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ=ရဟန်းတို့၊ ဒုရက္ခာတေ=မကောင်းသဖြင့် ဟောကြားအပ်သော၊ ဓမ္မဝိနယေ=သုတ်, အဘိဓမ္မာ, ဝိနည်းတော်ဟုဆိုအပ်သော သာသနာတော်မြတ်၌၊ ယောစ=အကြင်သူသည်လည်း၊ သမာဒပေတိ= နှိုးဆော်တိုက်တွန်း၏၊ ယဥ္စ=အကြင်သူကိုလည်း၊ သမာဒပေတိ=နှိုးဆော်တိုက်တွန်း၏၊ သမာဒပိတော=သိမ်းသွင်းနှိုးဆော်အပ်သော၊ ယောစ=အကြင်သူသည်လည်း၊ တထတ္တာယ=နှိုးဆော်တိုက်တွန်းအပ်သောအတိုင်း၊ ပဋိပဇ္ဇတိ=ကျင့်ကြံအားထုတ်၏၊ သဗ္ဗေ=အလုံးစုံကုန်သော၊ တေ=ထိုနှိုးဆော်တိုက်တွန်းသောသူ, နှိုးဆော်တိုက်တွန်းအပ်သောသူတို့သည်၊ ဗဟုံ=များစွာ၊ အပုညံ=မကောင်းမှုကို၊ ပသဝန္တိ=ပွါးအောင် ဆည်းပူးကြကုန်၏၊ တံ=ထိုသို့ဖြစ်ရခြင်းသည်၊ ကိဿဟေတု=အဘယ်အကြောင်းကြောင့်နည်းဟူမူကား၊ ဘိက္ခဝေ=ရဟန်းတို့၊ ဓမ္မဿ=မိစ္ဆာ တရားများ၏၊ ဒုရက္ခာတတ္တာ=မကောင်းသဖြင့် ဟောကြားအပ်သော တရားများဖြစ်လေသောကြောင့်တည်း။

ဘိက္ခဝေ=ရဟန်းတို့၊ သွာက္ခာတေ=ကောင်းစွာဟောကြာအပ်သော၊ ဓမ္မဝိနယေ=သုတ်, အဘိဓမ္မာ, ဝိနည်းတော်ဟုဆိုအပ်သော သာသနာတော်မြတ်၌၊ ယောစ=အကြင်သူသည်လည်း၊ သမာဒပေတိ=နှိုးဆော်တိုက်တွန်း၏၊ ယဥ္စ=အကြင်သူကိုလည်း၊ သမာဒပေတိ=နှိုးဆော်တိုက်တွန်း၏၊ သမာဒပိတော=သိမ်းသွင်းနှိုးဆော်အပ်သော၊ ယောစ=အကြင်သူသည်လည်း၊ တထတ္တာယ=နှိုးဆော်တိုက်တွန်းအပ်သောအတိုင်း၊ ပဋိပဇ္ဇတိ=ကျင့်ကြံအားထုတ်၏၊ သဗ္ဗေ=အလုံးစုံသော၊ တေ=ထိုနှိုးဆော်တိုက်တွန်းသောသူ, နှိုးဆော်တိုက်တွန်းအပ်သောသူတို့သည်၊ ဧဝံ ကတေ=ဤသို့ သိမ်းသွင်းနှိုးဆော်ခြင်း, ကျင့်ဆောင်ခြင်းကို ပြုအပ်သည်ရှိသော်၊ ဗဟုံ=များစွာ၊ ပုညံ=ကုသိုလ်ကောင်းမှုကို၊ ပသဝန္တိ=ပွါးများကြကုန်၏၊ တံ=ထိုသို့ဖြစ်ခြင်းသည်၊ ကိဿဟေတု=အဘယ်အကြောင်းကြောင့်နည်းဟူမူကား၊ ဓမ္မဿ=သုတ်, အဘိဓမ္မာ, ဝိနည်းဟုဆိုအပ်သောတရားတော်မြတ်၏၊ သွာက္ခာတတ္တာ=ကောင်းစွာဟောကြားအပ်သော သွာက္ခာတဂုဏ်နှင့် ပြည့်စုံသည်၏အဖြစ်ကြောင့်တည်း။

## လာလှည့်, ရှုလှည့်၊ အစီရင်ဂုဏ်၊ သာဓကဝတ္ထု ဆောင်လိုက်ပုံ

လာလှည့် ရှုလှည့်-ဟူသောအစီရင်ကိုထိုက်ရာ၌ မဇ္ဈိမပဏ္ဏာသ ပါဠိတော် ယဋ္ဌိကာရသုတ်၌လာရှိသော ယဋ္ဌိကာရအိုးထိန်းသည်နှင့် ဇောတိပါလပုဏ္ဏား အကြောင်းကို ထုတ်ဆောင်၍ ပြသင့်၏။

မိခင်ဧရာဝတီ

www.dhammaransi.com



လွန်လေပြီးသော ကဿပမြတ်စွာဘုရား လက်ထက်တော်အခါတွင် ကောသလတိုင်း၌ ဝေဂဠိဂ်မည်သော ရွာကြီးကို အမှီပြု၍ ကဿပမြတ်စွာဘုရား သီတင်းသုံးတော်မူ၏၊ ထိုရွာတွင် ဃဋိကာရ အိုးထိန်းသည်သည် မြတ်စွာဘုရား၏ မြတ်သောအလုပ်အကျွေး ဒကာရင်းကြီးဖြစ်၏၊ မြတ်စွာဘုရားနှင့် လွန်စွာ အကျွမ်းဝင်၏၊ ထို ဃဋိကာရအား အလွန်ချစ်ခင်လှစွာသော ဇောတိပါလမည်သော ပုဏ္ဏားလုလင်ပျိုတစ်ဦးလည်း ရှိ၏၊ ထိုဇောတိပါလသည် ဗြာဟ္မဏဇာတိမာန် တက်သဖြင့် မြတ်စွာဘုရား၏အထံသို့ ဆည်းကပ်လေ့မရှိ၊ တစ်နေ့သောအခါ ဃဋိကာရသည် အို-ချစ်ဆွေ ဇောတိပါလ ကဿပမြတ်စွာဘုရားကို ဖူးမြင်ခြင်းငှါ သွားကြချည်စို့၊ ပူဇော်အထူးကို ခံတော်မူထိုက်၍ တရားအလုံးစုံကို အကုန် သိမြင်တော်မူသော ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရခြင်းသည် ကောင်းမြတ်၏ဟူ၍ သွေးဆောင်ခေါ်ငင်လေ၏၊ ထိုအခါ ဇောတိပါလပုဏ္ဏားသည် ဤကဲ့သို့သော ဦးပြည်းရဟန်းကို ဖူးမြင်ရသဖြင့် အဘယ် အကျိုးရှိအံ့နည်းဟူ၍ ပြောဆိုငြင်းပယ်လေ၏၊ နှစ်ကြိမ်သုံးကြိမ်ခေါ်ငင်သော်လည်း ဤအတိုင်းသာလျှင် ငြင်းပယ်လေ၏။

**သုံးကြိမ်တိုင်ခေါ်မရ-ပရိယာယ်တစ်မျိုးပြု။** ။ထိုသို့ သုံးကြိမ်တိုင်အောင် ခေါ်ဆောင်၍ မရသည်ရှိသော် ဃဋိကာရသည် တစ်မျိုးပရိယာယ်နှင့်လှည့်၍ မြစ်ဆိပ်သို့ ရေချိုးရန်, ဦးခေါင်းဆေးလျှော်ရန် သွားကြကုန်စို့-ဟူ၍ခေါ်လေလျှင် ဇောတိပါလပုဏ္ဏားသည် ကောင်းပြီဆို၍ မြစ်ဆိပ်သို့ လိုက်လေ၏၊ ရေချိုးဆိပ်သို့ရောက်လျှင် အို-ဇောတိပါလ, ကဿပမြတ်စွာဘုရား၏ ကျောင်းတော်အာရာမ်သည် ဝေးသည်မဟုတ် အနီးမှာ တည်ရှိ၏ ကဿပမြတ်စွာဘုရားကို ဖူးမြင်ရန် သွားကြကုန်စို့- ဟူ၍ ခေါ်ပြန်၏၊ ယခင်ကဲ့သို့ပင် သုံးကြိမ်တိုင်တိုင် ငြင်းပယ်လေ၏။

ထိုနောက် ဃဋိကာရသည် ဇောတိပါလ၏ ခါးတောင်းကြိုက်ကို အတင်း ဆွဲကိုင်ပြီးလျှင် အို-ဇောတိပါလ ကဿပမြတ်စွာဘုရား၏ ကျောင်းတော်အာရာမ် သည် အနီးမှာရှိ၏၊ ကဿပမြတ်စွာဘုရားကို ဖူးမြင်ရန် သွားကြကုန်စို့- ဟူ၍ ခေါ်ပြန်လေ၏၊ ဇောတိပါလပုဏ္ဏားသည် ဆွဲကိုင်ထားသော ခါးတောင်းကြိုက်ကို အတင်းဖြေပြီးလျှင် ဦးပြည်းရဟန်းကို ဖူးမြင်ရသဖြင့် အဘယ်အကျိုးရှိအံ့နည်း ဟူ၍ငြင်းပယ် ပြန်လေ၏။

**ပရိယာယ်နှင့်ခေါ်မရ- အတင်းဆွဲကိုင်ရ။** ။ရေချိုးခေါင်းလျှော် ပြီးစီးသော အခါ ဃဋိကာရသည် လျှော်

www.dhammaransi.com



ပြီးသော ဇောတိပါလ၏ဆံပင်တို့ကို အတင်းဆွဲကိုင်ပြီးလျှင် ရောင်ကိုဆွဲ၍ အို-ဇောတိပါလ, ကဿပမြတ်စွာဘုရား၏ ကျောင်းတော်အာရာမ်သည် အနီးကလေးမှာရှိ၏၊ ထိုကဿပမြတ်စွာဘုရားကို ဖူးမြင်ရန် လာသွားကြကုန်စို့- ဟူ၍ ဆိုလေ၏။

**ဇောတိပါလ စိတ်၏အကြံ-အံ့သြဖွယ်ရန်။** ။ထိုအခါ ဇောတိပါလသည် ဤသို့စိတ်အကြံ ဖြစ်လေ၏၊ သြော် အံ့ဖွယ်ရှိစွတကား၊ ငါ့အောက် အမျိုးယုတ်ညံ့သော ဤဃဋီကာရသည် ဦးခေါင်းဆေးလျှော်ပြီးသော ငါ၏ဆံပင်တို့ကို ဆွဲကိုင်ဝံ့ဘိ၏တကား၊ ငါ့ကို အလွန်တရာလိုက်ပါစေချင်သောကြောင့်သာ ဤသို့ပြုလုပ်ခြင်း ဖြစ်ပေလိမ့်မည်၊ ကဿပမြတ်စွာဘုရားကို ဖူးမြင်ရခြင်း အလုပ်သည် မယုတ်မာတန်ရာ အကျိုးရှိတန်ရာ၏၊ အကျိုးရှိသောကြောင့်သာလျှင် ငါ၏ချစ်မိတ်ဆွေသည် ဤမျှလောက် နိုင်ထက်ကလူပြုမူ၍ ခေါ်ဆောင်ခြင်း ဖြစ်ပေလိမ့်မည်ဟု ကြံစည်ပြီးလျှင် အို ချစ်ဆွေ-ဃဋီကာရ, ကျွန်ုပ်လိုက်ပါတော့အံ့၊ ဆံပင်ကိုလွှတ်ပါဟု ဆိုလေ၏။

**နှစ်ယောက်အတူတကွ- ဘုရားဖူးသွားကြ။** ။ထိုအခါ ဃဋီကာရသည် ဇောတိပါလ၏ ဆံပင်တို့ကို ဆွဲကိုင်ရာမှ လွှတ်၍ ဇောတိပါလနှင့်တကွ မြတ်စွာဘုရားအထံတော်သို့ သွားလေ၏၊ မြတ်စွာဘုရားအထံတော်သို့ ရောက်သောအခါ တင့်သင့်လျောက်ပတ်သောအရပ်၌ နေထိုင်ပြီးလျှင် ဇောတိပါလသည် မြတ်စွာဘုရားနှင့်တကွ ဝမ်းမြောက်ဝမ်းသာ ပြောဆိုလေ၏၊ ဃဋီကာရသည် အရှင်ဘုရား ဤဇောတိပါလသည် တပည့်တော်၏ မိတ်ဆွေချစ်ဖြစ်ပါသည်၊ အရှင်မြတ်သည် တရားဟောတော်မူပါ ဟူ၍ မြတ်စွာဘုရားအား လျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် သင့်လျော်သော တရားတော်ဖြင့် နှစ်သိမ့်တော်မူစေ၏၊ တရားတော်ကို ကြားနာပြီးသောအခါ ဃဋီကာရနှင့် ဇောတိပါလတို့သည် မြတ်စွာဘုရားကို ရိုသေစွာရှိခိုး၍ ပြန်သွားကြကုန်၏။

**ဗဟိပဿိကအကျိုးဂုဏ်- ဇောတိပါလကခိုလှုံ။** ။တရားကို ကြားနာရသော ဇောတိပါလသည် လွန်စွာ နှစ်သက်ခြင်းရှိသဖြင့် ငါ၏လာခြင်းကား ကောင်းသော လာခြင်းဖြစ်၏၊ ဤမျှလောက်ကောင်းမြတ်သော တရားတော်ကိုကြားနာရခြင်းတည်းဟူသော လာဘ်ကြီးမှ ကြာရှည်စွာလွဲ၍ နေရခြင်းကား ငါ၏မှားသော တာဝန်ပေတည်း၊ ကောင်းရာသို့ရောက်အောင် သွေးဆောင်ခေါ်ငင်ပေသော မိတ်ကောင်း၏ ကျေးဇူး

www.dhammaransi.com



သည် အလွန်ကြီးကျယ်ပေ၏ဟု စိတ်အကြံဖြစ်ပြီးလျှင် ရဟန်းပြုလိုသော စိတ်ဖြစ်ပေါ်လာလေ၏၊ ဤမျှလောက်ကြာမြင့်စွာ မြတ်စွာဘုရားကို ဆည်းကပ်၍ တရားတော်ကို ကြားနာရပါလျက် မိတ်ဆွေဃဋီကာရသည် အဘယ်ကြောင့် ရဟန်းမပြုပဲ ပေ၍နေနိုင်ပါသနည်းဟူ၍ သူ့မိတ်ဆွေကိုပင် အပြစ်တင်လိုသောစိတ် ရှိလေ၏။

**မျက်မမြင်-မိဘအတွက်-ရဟန်းပြုဖို့ခက်။** ။ထိုအခါဇောတိပါလ သည် အို-မိတ်ဆွေ ဃဋီကာရ, ဤကဲ့သို့ ထူးမြတ်သောတရားတော်ကို ကြားနာရပါလျက် အဘယ့်ကြောင့် ရဟန်း မပြုပဲ နေပါသနည်းဟူ၍ မေးမြန်းသောအခါ ဃဋီကာရက-အကျွန်ုပ်မှာ စောင့်ရှောက်မဲ့သူ မရှိသော မိ, ဖ အိုကြီး နှစ်ယောက်တို့ကို လုပ်ကိုင်ကျွေးမွေး နေရပါ သဖြင့် ရဟန်း မပြုနိုင်ပဲ ရှိပါသည်-ဟူ၍ပြောကြားလေ၏၊ ထိုအခါ ဇောတိပါလက ကျွန်ုပ်မူကား ရဟန်းပြုပါအံ့၊ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ကြကုန်စို့-ဟူ၍ ခေါ်ပြီးလျှင် မိတ်ဆွေနှစ်ဦးတို့သည် ကဿပမြတ်စွာဘုရားအထံသို့ သွားကြလေ ကုန်၏၊ မြတ်စွာဘုရားအထံသို့ ရောက်သောအခါ ဇောတိပါလသည် မြတ်စွာ ဘုရား၏အထံမှာ ခွင့်တောင်း၍ ရဟန်းအဖြစ်ကိုရလေ၏။

[ဤဝတ္ထု၌ ဇောတိပါလကား ဂေါတမမြတ်စွာဘုရား၏ အလောင်းတော်ပေတည်း]

## တရားတော်မြတ် ဧဟိပဿိကဂုဏ်-ဤဝတ္ထု၌ ထင်ရှားပုံ

ဤဝတ္ထု၌ တရားတော်မြတ်သည် ဧဟိပဿိကဂုဏ်တော်အထူးနှင့် ပြည့်စုံကြောင်းကို ကောင်းစွာသိရှိသောကြောင့် ဃဋီကာရသည် ဇောတိပါလ ပုဏ္ဏားကို အတင်းဆွဲဆောင် ခေါ်ငင်လေသည်၊ ထိုသို့ ခေါ်ဆောင်၍ တရား တော်ကို ကြားနာရသောအခါ ကောင်းသောလာခြင်း ဖြစ်ပေ၏ဟု ဝမ်းမြောက် ဝမ်းသာစွာနှင့် အကျိုးထူးကိုရရှိလေ၏၊ ငါ့ကို အတင်းခေါ်ဆောင်ဘိသည်ဟု စိတ်မချမ်းမသာ မဖြစ်သည့်ပြင် အလွန်နှစ်သက်ရွှင်လန်းစွာနှင့် ကျေးဇူးတင်လေ၏၊ ဥပမာ-ရွှေစင်အခွက် တစ်ဆယ်ပေးရန် အတင်းရောင်ကိုဆွဲ၍ခေါ်ပြီးလျှင် ထိုရွှေတို့ကို ပေးသည်ဖြစ်၍ ရောင်ဆွဲသည့်အတွက် အမျက်မထွက်ပဲ အလွန်အကျူး ကျေးဇူးတင်ဘိသကဲ့သို့ ဧဟိပဿိကဂုဏ်နှင့်ပြည့်စုံသော တရားတော်သို့ အဆွဲ အဆောင်ခံရခြင်းသည် များစွာအကျိုးရှိလေ၏၊ ဧဟိပဿိကဂုဏ်နှင့် ပြည့်စုံ သောတရားတော်ဖြစ်၍သာလျှင် ဤသို့ဆွဲဆောင် သိမ်းသွင်းထိုက်ပေသည်၊ ထိုသို့ မပြည့်စုံပါက ဆွဲဆောင်သိမ်းသွင်းခြင်းငှါ ထိုက်မည် မဟုတ်ပေ။

www.dhammaransi.com



ဖေဟိပဿိကဂုဏ်ကင်း ॥ မိစ္ဆာဒိဋ္ဌိတရားဖျင်း

॥ဤနေရာ၌ ဆိုဖွယ် ရှိသည်ကား သာသနာတော်မှ အပဖြစ်သော တိတ္ထိတို့သည် ဧဟိပဿိကဂုဏ်နှင့် မပြည့်စုံသော မိမိတို့၏ တရားအတွင်းသို့ သွင်းဆောင်ကြကုန်၏၊ မိမိတို့ သာသနာသို့ဝင်ရန် နှိုးဆော်တိုက်တွန်းကြကုန်၏၊ ထိုသို့ သိမ်းသွင်းနှိုးဆော်သောအတိုင်းလည်း ထိုမိစ္ဆာသာသနာသို့ ဝင်ရောက်ကြကုန်ပြီးလျှင် မိစ္ဆာတရားနည်းလမ်းအတိုင်း လိုက်နာပြုကျင့်ကြကုန်၏၊ သို့ရာတွင် ထိုမိစ္ဆာဒိဋ္ဌိသာသနာတို့၌ ချီးမွမ်းအံ့သြနှစ်သက်မြတ်နိုးလောက်ဖွယ်ဖြစ်သည့် ဓမ္မသမ္ပတ္တိဂုဏ် မရှိခြင်းကြောင့် တရား၏ဂုဏ်ကျေးဇူးကို ညွှန်ပြ၍နှိုးဆော်တိုက်တွန်း သိမ်းသွင်းကြကုန်သည် မဟုတ်ကုန်၊ စင်စစ်မူကား လောကမျက်မှောက်၌ အသက်မွေးဝမ်းကျောင်း လွယ်ကူရန်ဖြစ်သော လောကီလာဘ်လာဘ, ပစ္စည်းပစ္စယ, ဝတ္ထုအာရုံ ကာမဂုဏ်တို့ကို ခုံမင်တာကွယ် လောက်အောင် ဘန်းပြ၍ မိမိတို့၏သာသနာတွင်းသို့ ဆွဲဆောင်သိမ်းသွင်းကြကုန်၏။

[ အယဉ္စ လောကော ယေဘုယျေန အာမိသဂရုကောဝ ဟောတိ။ ॥ အယဉ္စလောကော-ဤလောကကြီးသည်၊ [ဤလူများအပေါင်းသည်] ယေဘုယျေန-များသောအားဖြင့်၊ အာမိသဂရုကောဝ-စီးပွားချမ်းသာ တဏှာပွားကြောင်း စည်းစိမ်သုခအပေါင်းကို အလေးပြုသည်သာလျှင်၊ ဟောတိ-ဖြစ်၏။ ဤလောကကြီးသည် များသောအားဖြင့် ပစ္စည်းပရိက္ခရာလာဘ်သပ္ပကာ ငါးဖြာအာရုံ ကာမဂုဏ်တည်းဟူသော အာမိသကိုသာ အလေးပြုလေ့ရှိသည်သာလျှင်ဖြစ်၏။]

[ဧဟိပဿိကဂုဏ်တော်ဖွင့်ပြီး၏]

-------✱------

## ၅။ ဩပနယိကဂုဏ်တော်
### ပြခန်းဖော်

ကိတ်ဘော, သာဓနေ-ဝိဂ္ဂဟ--

"ဥပေစ္စ-နယနံ ဥပနယော"

ဥပေစ္စ=ကပ်၍၊ နယနံ=ဆောင်ခြင်းတည်း၊ ဥပနယော=ကပ်၍ဆောင်ခြင်း။

မိမိသို့လည်းကောင်း, သူတစ်ပါးသို့လည်းကောင်း ကပ်၍တရားကို ဆောင်ခြင်း ညွှန်ကြားပြသခြင်းပေတည်း။

မိမိကိုယ်သို့ တရားနှင့်ကပ်ခြင်း, သူတစ်ပါးကို တရားနှင့်ကပ်စေခြင်းဟု ဆိုလိုသည်။

မိခင်ဧရာဝတီ

www.dhammaransi.com



## ကိတ်ပုဒ်မှာပင်-တဒ္ဓိတ်ပစ္စည်းဝင်

"အတ္တူပနယံဝါ ပရူပနယံဝါ ကာတုံ အရဟတီတိ ဩပနယိကော"

ယော ဓမ္မော=အကြင်တရားသည်၊ အတ္တူပနယံ ဝါ=မိမိဆီသို့ ကပ်ဆောင်ခြင်းကိုလည်းကောင်း၊ ပရူပနယံ ဝါ=သူတစ်ပါးဆီသို့ ကပ်ဆောင်ခြင်းကိုလည်းကောင်း၊ ကာတုံ=ပြုခြင်းငှာ၊ အရဟတိ=ထိုက်၏၊ ဣတိတသ္မာ= ထို့ကြောင့်၊ သောဓမ္မော=ထိုတရားသည်၊ ဩပနယိကော=ဩပနယိကမည်၏၊

ဤတရားသည် ငါ၏သန္တာန်၌ ထင်ရှားတည်ရှိ၏၊ ငါသည်လည်း ဤတရား၌တည်ရှိ၏၊ ဤသို့လျှင် မိမိဆီသို့ တရားကို ကပ်၍ဆောင်ခြင်းငှာ, တရားဆီသို့ မိမိကိုကပ်၍ဆောင်ခြင်းငှါလည်း ထိုက်၏၊ ဤတရားသည် ဤသူ၌ ထင်ရှားတည်ရှိ၏၊ ဤသူသည်လည်း ဤတရား၌ တည်ရှိ၏၊ ဤသို့လျှင် သူတစ်ပါးဆီသို့ တရားကို, တရားဆီသို့ သူတစ်ပါးကို ကပ်၍ဆောင်ခြင်းငှါလည်း ထိုက်၏၊ ထို့ကြောင့် တရားတော်သည် ဩပနယိကမည်၏ ဟူ၍ ဆိုလိုသည်၊

အဘယ့်ကြောင့် ကပ်၍ဆောင်ခြင်းကို ပြုခြင်းငှါထိုက်သနည်း၊ မကြည်ညိုသေး, သဒ္ဓါတရားမရှိသေးသော သူတို့၏သဒ္ဓါတရားကို ဖြစ်ပွါးစေတတ်သောကြောင့်လည်းကောင်း, သဒ္ဓါတရားဖြစ်ပွါးကြည်ညိုပြီးသော သူတို့အားလည်း တရားတော် နည်းလမ်းရှိသောအတိုင်း ကျင့်ကြံအားထုတ်ခြင်းအမှု ယှဉ်စေတတ်သောကြောင့်လည်းကောင်း, တရားတော်သည် ကပ်၍ဆောင်ခြင်းကို ပြုခြင်းငှါ ထိုက်၏။

ထင်စွာပြဆိုဦးအံ့၊ အကြင်သူတို့သည် ဤဗုဒ္ဓဘာသာတရား တော်မြတ်၌ မကြည်ညိုကြကုန်၊ အကြင်သူတို့သည်လည်း ကြည်ညိုကာ မတ္တာသာလျှင် ဖြစ်ကြကုန်၏၊ တရားတော်နည်းလမ်းရှိသောအတိုင်း မကျင့်ဆောင် မလိုက်ပါကြကုန်၊ ထိုသူတို့သည် ပုဂ္ဂိုလ်နှင့်တရားကိုကပ်၍ ဟောပြသဖြင့် ကြားနာရသောအခါ မကြည်ညိုသောသူတို့သည်လည်း ဤတရားတော်၌ သဒ္ဓါတရား ဖြစ်ပွါးကြည်ညိုကြကုန်၏၊ ကြည်ညိုရုံမျှသာဖြစ်၍ ကောင်းစွာမကျင့်ကြံ မလိုက်နာကြကုန်သော သူတို့သည်လည်း မိမိသန္တာန်၌ တရားကပ်စေခြင်းငှါ ကျင့်ကြံအားထုတ်ကြကုန်၏၊ မိမိဆီသို့ တရားကိုဆောင်ကြကုန်၏။

ထိုစကားမှန်၏၊ မဇ္ဈိမပဏ္ဏာသပါဠိတော် ဒုတိယဝဂ်၌ " **တံ ကိံ မညသိ အနုရုဒ္ဓါ** " စသည်ဖြင့် ဟောတော်မူသည်။

www.dhammaransi.com



## ဤပါဠိတော်၏မြန်မာပြန်ချက်

အို- အနုရုဒ္ဓါ ငါဘုရား မိန့်ဆိုလတ္တံ့သောစကားကို သင် အဘယ်သို့ မှတ်ထင်ပါသနည်း၊ မြတ်စွာဘုရားသည် အဘယ်အကျိုးကိုမြင်၍ တပည့်သား သာဝကတို့ စုတိကွယ်လွန်သောအခါ ဤမည်သော တပည့်သားသည် ဤမည် သောဘုံ၌ ဖြစ်လေ၏၊ ဤမည်သော တပည့်သားသည် ဤမည်သောဘဝ၌ ဖြစ်လေ၏ဟူ၍ ဥပပတ်ဘုံဘဝတို့၌ဖြစ်ခြင်းကို ဟောကြားမိန့်ဆိုတော်မူပါ သနည်းဟူ၍ မြတ်စွာဘုရား မေးတော်မူ၏၊ အရှင်ဘုရား, တရားတော်တို့သည် မြတ်စွာဘုရားသာလျှင် အကြောင်းရင်းရှိပါကုန်၏၊ မြတ်စွာဘုရားသည် ဖြေကြား တော်မူစေချင်ပါ၏၊ ရဟန်းအပေါင်းတို့သည် မှတ်သားဆောင်ရွက်ကြပါကုန် လတ္တံ့ဟူ၍ ရှင်အနုရုဒ္ဓါက လျှောက်ထားလေ၏။

အို- အနုရုဒ္ဓါ ကြည်ညိုယုံကြည်စွာ သဒ္ဓါတရားရှိကြကုန်သော, မွန်မြတ်သော နှစ်သက်ခြင်းရှိကုန်သော မွန်မြတ်သောဝမ်းမြောက်ခြင်းရှိကုန်သော အကြွင် အမျိုးကောင်းသားတို့သည် ရှိကြကုန်၏၊ ထိုအမျိုးကောင်းသားတို့သည် ကွယ်လွန် သော တပည့်သာဝကတို့၏ ဥပပတ်ဘုံ၌ ဖြစ်ကြောင်းကို ပြောကြားတော်မူသော ထိုမြတ်စွာဘုရား၏စကားကို ကြားကြကုန်သည်ရှိသော် ထိုဥပပတ်ဘုံဘဝသို့ ရောက်ကြောင်းဖြစ်သော တရားဆီသို့ စိတ်ကိုရှေးရှုဆောင်ကြကုန်၏၊ ကျင့်ကြံ အားထုတ်ကြကုန်၏၊ ထိုအမျိုးကောင်းသားတို့၏ ထိုသို့စိတ်ကို တရားဆီသို့ ဆောင်ခြင်းသည် ရှည်မြင့်စွာသောကာလပတ်လုံး အကျိုးဖြစ်ခြင်းငှါ, အစီးအပွါး ဖြစ်ခြင်းငှါ, ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့ဟူ၍ မြတ်စွာဘုရား မိန့်ကြားတော်မူ၏။

[ဤသို့ ပုဂ္ဂိုလ်သို့ကပ်ဆောင်၍ ပုဂ္ဂိုလ်နှင့်ယှဉ်တွဲ၍ပြအပ်သော တရားတော်သည် သဒ္ဓါမဲ့သောသူတို့အားလည်း သဒ္ဓါတရားတိုးပွါးစေ၏၊ သဒ္ဓါတရား ရှိပါလျက် ထိုတရားကို ကောင်းစွာမကျင့်ဆောင်သော ပုဂ္ဂိုလ်တို့အားလည်း ကောင်းစွာကျင့်ဆောင်ခြင်းကိစ္စ၌ ယှဉ်စေ၏၊ ကျင့်ကြံအားထုတ်စေ၏။]

## ကပ်၍ဆောင်ခြင်းသုံးမျိုး

**သတ္တဝါတို့၏ရှေးဦးစွာ-မိမိနှင့်ကပ်ဆောင်ရာ။** ။မြတ်စွာဘုရားသည် အလုံးစုံ သောသတ္တဝါတို့၏ ရှေးဦးစွာ ဤတရားကို ကိုယ်တော်မြတ်သို့ကပ်၍ဆောင်ပြီးမှသာလျှင် သတ္တဝါတို့အား ဟောကြားညွှန်ပြတော်မူ၏၊ အဘယ်သို့လျှင် အလုံးစုံတို့၏ ရှေးဦးစွာကိုယ်တော်

www.dhammaransi.com



မြတ်ဆီသို့ တရားကိုကပ်၍ဆောင်ပြီး၍ ဟောကြားပြသတော်မူပါသနည်း၊ မြတ်စွာဘုရားသည် တောထွက်တော်မူသောအခါမှစ၍ ဓမ္မစကြာတရားကို ဟောကြားတော်မူသည်တိုင် အောင် အကြင်ဘုရားဖြစ်တော်မူခြင်း၏အကြောင်းနှင့် ဘုရားဖြစ်တော်မူခြင်းကိုလည်းကောင်း, ဘုရားဂုဏ်ကျေးဇူးနှင့်စပ်သော များစွာကုန်သော အကျင့်တရားတို့ကိုလည်းကောင်း, များစွာသောသုတ္တန်တို့၌ များစွာသော သူတို့၏အလယ်၌ ဟောကြားတော်မူ၏၊ ထိုမှတစ်ပါး ဘုရားဂုဏ်တော်ဖွင့်တွင် ပြဆိုခဲ့ပြီးသောအတိုင်း-

"ကထံ တထာဂတော လောကေ ဥပ္ပဇ္ဇတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ။

သော ဣမံ လောကံ သဒေဝကံ သမာရကံ သဗြဟ္မကံ သဿမဏဗြာဟ္မဏိံ ပဇံ သဒေဝမနုဿံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေတိ။ သော ဓမ္မံ ဒေသေတိ အာဒိကလျာဏံ မဇ္ဈေကလျာဏံ ပရိယောသာနကလျာဏံ သာတ္ထံ သဗျဉ္ဇနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေတိ"

ဟူ၍ဘုရားဂုဏ်ကျေးဇူးတော်တို့ကိုပြ၍ သာသနာပြည့်စုံခြင်း၏ အကြောင်းများကိုလည်း ဟောကြားတော်မူ၏၊ တစ်ရံတစ်ခါလည်း များစွာသောပရိသတ်အလယ်၌ ကိုယ်တော်မြတ်၏ အတုမရှိမြင့်မြတ်သော အကျင့်သီလတို့ကိုလည်းကောင်း, စျာန်, သမာဓိ, သမာပတ္တိတရားတို့ကိုလည်းကောင်း, အဘိညာဏ်တရားတို့ကိုလည်းကောင်း, ဟောကြားတော်မူ၏၊ တန်ခိုးပြာဋိဟာပြခြင်းတို့ကိုလည်း ပြုတော်မူ၏၊ ထိုဆိုပြီး အလုံးစုံကို ဟောပြပြုလုပ်ဆောင်ရွက်တော်မူခြင်းများသည် မြတ်စွာဘုရားအား **အတ္တူပနယ** တရားတော်ကို ကိုယ်တော်နှင့် ကပ်ဆောင်၍ ပြတော်မူခြင်း, ပြုတော်မူခြင်းမည်၏။

## မိမိနှင့်ကပ်ဆောင်ပုံတွင်မက သူတစ်ပါးကိုလည်း ကပ်ဆောင်ပြ

တစ်ရံတစ်ခါ ပရိသတ်လေးပါးတို့၏အလယ်၌ ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန်, အရှင်မဟာကဿပ အစရှိကုန်သော တပည့်သာဝကကြီးတို့၏ အကျင့်သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့ကို ဟောပြော ချီးမွမ်းတော်မူ၏၊ ထို့ပြင်လည်း ဟတ္ထာဠဝကသူကြွယ်, စိတ္တသူကြွယ်, ဥဂ္ဂသူကြွယ် အစရှိကုန်သော

www.dhammaransi.com



လူဥပါသကာတို့၏ အကျင့်သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်များကိုလည်း ဖော်ပြချီးမွမ်းတော်မူ၏၊ ထိုအလုံးစုံသော အချက်များသည် မြတ်စွာဘုရား၏ တရားတော် ပရူပနယ သူတစ်ပါးသို့ကပ်ဆောင်၍ ပြတော်မူခြင်း, ပြုတော်မူခြင်းမည်၏။

## နှစ်ဦးထံရပ်- ကပ်ဆောင်ပြ

နိဒါနဝဂ္ဂ- ကဿပသံယုတ်၌----ချစ်သားရဟန်းတို့- ငါဘုရားသည် အကြင်မျှလောက် အလိုရှိ၏၊ ထိုမျှလောက် ပထမစျာန်ကိုဝင်စား၍ နေနိုင်၏၊ ချစ်သားရဟန်းတို့- ကဿပသည်လည်း အကြင်မျှလောက် အလိုရှိ၏၊ ထိုမျှလောက် ပထမစျာန်ကို ဝင်စား၍နေနိုင်၏၊ ဤသို့စသည်ဖြင့် ကိုယ်တော်မြတ်နှင့် တကွ ရှင်မဟာကဿပမထေရ်၏ ကိုးဆင့်သော အနုပုဗ္ဗဝိဟာရ သမာပတ်တို့၌ ဝင်စား၍ နေနိုင်ကြောင်းကို ဗျာဒိတ်မြွက်ကြားတော်မူသော စကားတော်သည်လည်း ရှိ၏၊ ထို့အတူ ရှင်မဟာကဿပမှတစ်ပါးကုန်သော မထေရ်တို့၏ ထိုထို ဂုဏ်ကျေးဇူးတရားတို့၌ အသီးအသီး ထင်ရှားရှိခြင်းကို ဗျာဒိတ်မြွက်ကြားတော်မူသော စကားတော်သည်လည်း ရှိ၏၊ ထိုအလုံးစုံသော စကားတော်များသည် မြတ်စွာဘုရား ကိုယ်တော်မြတ်နှင့် အခြားသောပုဂ္ဂိုလ်တို့ဆီသို့ တရားကို ကပ်ဆောင်၍ ပြတော်မူခြင်း, ဥဘယူပနယကို ပြတော်မူခြင်း မည်၏။

## မဟာထေရ်အချင်းချင်း- တရားကပ်ဆောင်ပုံပြခြင်း

ထို့ပြင်တစ်ပါး---မဟာထေရ် အရှင်မြတ်ကြီးများသည်လည်း သင့်လျော် လျောက်ပတ်သောအခါ၌ အချင်းချင်းသော်လည်းကောင်း, မြတ်စွာဘုရား၏ ထံတော်ပါး၌သော်လည်းကောင်း, ဥတ္တရိမနုဿဓမ္မ စျာန်, မဂ်, ဖိုလ်တရားတို့ကို ဖွင့်ဆိုပြောကြားကြကုန်၏၊ ဤသို့ပြောကြား ခြင်းသည် မဟာထေရ်မြတ်ကြီးတို့၏ မိမိတို့ဆီသို့ တရားကိုကပ်၍ဆောင်ခြင်း, မိမိတို့ကိုယ်၌ တရားတော်ထင်ရှား ရှိခြင်းကို ပြခြင်းမည်၏၊ ထေရဂါထာ၌လာရှိသော ဂါထာတို့သည် မဟာထေရ်တို့၏ မိမိတို့ကိုယ်သို့ တရားကိုကပ်ဆောင်၍ ဖော်ပြချက်တို့သာဖြစ်ကုန်၏။

ထိုစကားမှန်၏၊ ထေရဂါထာအစ၌--

ပါဠိကဗျာ- ပထျာဝတ္တဆန်းဂါထာ

သီဟာနံဝ နဒန္တာနံ၊ ဒါဌီနံ ဂိရိ ဂဗ္ဘရေ။
သုဏာထ ဘာဝိတတ္တာနံ၊ ဂါထာ အတ္တူပနာယိကာ။

ဟူ၍ဆိုသည်။

www.dhammaransi.com



ဂိရိဂဗ္ဘရေ=တောင်ဝှမ်း၌၊ နဒန္တာနံ=ရဲရင့်စွာကျူးရင့် ကြိမ်းဟိန်းကြ ကုန်သော၊ ဒါဌိနံ=အစွယ်ထက်သဖြင့် မာန်တက်ကြကုန်သော၊ သီဟာနံဝ=ကေသရာဇာတ် ခြင်္သေ့မြတ်ကြီးတို့ကဲ့သို့၊ ဘာဝိတတ္တာနံ=ပွါးအပ်ပြီးသော ကိုယ်စိတ်ရှိကြကုန်သော၊ မဟာထေရာနံ=မဟာထေရ်ကြီးတို့၏၊ အတ္တူပနာယိကာ=မိမိတို့ကိုယ်သို့ ကပ်ဆောင်၍ ပြကြောင်းဖြစ်ကုန်သော၊ ဂါထာ=ပါဠိကဗျာ ဆန်းဂါထာတို့ကို၊ သုဏာထ=နာကြကုန်လော။

## သာသနာတွင်းပုဂ္ဂိုလ်တွင်မက- လူများလဲ ကပ်ဆောင်ပုံပြ

**ထိုမှတစ်ပါး**---အိမ်ယာတည်ထောင် လူ၏ဘောင်၌ တည်နေကြကုန်သော ဥပါသကာယောကျ်ား, ဥပါသိကာမိန်းမတို့သည်လည်း တရားတော်များကို မိမိတို့ဆီသို့ ကပ်ဆောင်၍ ပြဖူးကြလေကုန်၏။

ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော် စိတ္တဝဂ်၌ ----တစ်ရံသောအခါ စိတ္တသူကြွယ်သည် အရှင်, ရဟန်းပြုသော အရှင့်အား နှစ်ပေါင်းမည်မျှကြာပါပြီနည်းဟူ၍ အစေဠကကဿပကို မေးမြန်းလေ၏၊ ရဟန်းပြု သောင်္ငါ့အား နှစ်ပေါင်း သုံးဆယ်မျှ ရှိကုန်ပြီဟူ၍ အစေဠကကဿပက ဖြေကြားလေ၏၊ အရှင်, ဤသုံးဆယ်မျှ လောက်ကုန်သော နှစ်တို့ဖြင့် ရဟန်းပြု၍နေခဲ့ရာ အရှင့်သန္တာန်မှာ တစ်စုံတစ်ခုသော စျာန်,အဘိညာဏ်, မဂ်,ဖိုလ်တရားများရှိပါသလော, အရိယာပုဂ္ဂိုလ်တို့နှင့်သာ ထိုက်တန်သော ဉာဏ်အမြင်အထူးများကို ရရှိပါပြီလော, ချမ်းသာစွာ နေထိုင်ရပါ၏လော ဟူ၍ မေးမြန်းလေ၏။

အိုသူကြွယ်- မရှိပါ, ဟူ၍ ဖြေကြားလေ၏။

အို အချင်းတို့ အံ့ဩဖွယ်ရှိစွာတကား၊ အို အချင်းတို့, မဖြစ်စဖူး ဖြစ်ပေစွာတကား၊ နှစ်ပေါင်းသုံးဆယ်မျှတို့ဖြင့် ရဟန်းပြု၍နေပါလျက် တစ်စုံတစ်ခုသော စျာန်,အဘိညာဏ် မဂ်,ဖိုလ်တရားကို မရပဲရှိဘိ၏၊ အရိယာပုဂ္ဂိုလ်တို့နှင့်သာ ထိုက်တန်သော ဉာဏ်အမြင်အထူးကိုမရပဲ ရှိဘိ၏၊ ချမ်းသာစွာ မနေပဲရှိဘိ၏ဟူ၍ စိတ္တသူကြွယ်က အံ့ဩသောစကားဖြင့် ဆိုလေ၏။

အိုသူကြွယ်, ဥပါသကာအဖြစ်သို့ ကပ်ရောက်သောသင့်အား နှစ်ပေါင်း မည်မျှ ကြာပြီနည်း ဟူ၍အစေဠကကဿပ က မေးမြန်းပြန်လေ၏၊

အရှင်, နှစ်ပေါင်းသုံးဆယ်မျှ ရှိပါကုန်ပြီဟူ၍ ဆိုလေ၏။

www.dhammaransi.com



ဤသုံးဆယ်မျှလောက်သော နှစ်တို့ဖြင့် ဥပါသကာအဖြစ်သို့ ကပ်၍နေခဲ့ရာ သင့်အား တစ်စုံတစ်ခုသော ဈာန်, အဘိညာဏ်, မဂ်, ဖိုလ်တရားသည် ရှိပါသလော, အရိယာပုဂ္ဂိုလ်တို့နှင့်သာ ထိုက်တန်သော ဉာဏ်အမြင်အထူးကို ရအပ်ပါသလော, ချမ်းသာစွာနေရပါ၏လော ဟူ၍ အစေဠကကဿပ က မေးလေ၏။

## ဥပါသကဂုဏ်-စိတ္တသူကြွယ်တရားကပ်ဆောင်ပုံ

အိုအရှင်, ရှိပါ၏၊ အိုအရှင်, အမှန်အားဖြင့် အကျွန်ုပ်သည် အကြင်မျှလောက်အလိုရှိ၏၊ ထိုမျှလောက် ပဌမဈာန်ကို ဝင်စား၍နေနိုင်ပါ၏၊ ဒုတိယဈာန်ကို တတိယဈာန်ကို စတုတ္ထဈာန်ကိုဝင်စား၍ နေနိုင်ပါ၏၊ အိုအရှင်, အကျွန်ုပ်သည် အကယ်၍ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ရှေးဦးစွာ ကွယ်လွန်စုတေခဲ့ပါမူကား မြတ်စွာဘုရားသည် ဤသို့ ဗျာဒိတ်စကား မိန့်ကြားတော်မူရာ၏၊ အကြင်သံယောဇဉ်ဖြင့် ငြိတွယ်နှောင်ဖွဲ့အပ်သည်ဖြစ်၍ စိတ္တသူကြွယ်သည် တစ်ဖန် ဤကာမဘုံသို့ ပဋိသန္ဓေအားဖြင့် ပြန်လာရာ၏၊ ထိုသံယောဇဉ်မျိုး မရှိပြီဟူ၍ ဗျာဒိတ်စကားမိန့်ကြားတော်မူရာ၏ဟူ၍ ပြောကြားလေ၏။

ထိုအခါ အစေဠကကဿပသည် အံ့ဩဖွယ်စကားပြောကြားလေ၏၊ အိုအချင်းတို့, တရားတော်၏ ကောင်းစွာဟောအပ်သော သွာက္ခာတဂုဏ်နှင့် ပြည့်စုံသည်၏အဖြစ်သည် အံ့ဩဖွယ်ရှိစွာ့တကား၊ အိုအချင်းတို့, မဖြစ်ဖူးမြဲ ဖြစ်လေစွာ့တကား၊ အဝတ်ဖြူကိုဆည်း၍ အိမ်၌နေသော လူဖြစ်ပါလျက်ပင်သော်လည်း ဤသို့သဘောရှိသော ဥတ္တရိမနုဿဓမ္မ လူတို့ကျင့်စဉ်တရားထက် လွန်ကဲမြင့်မြတ်သော ဈာန်, မဂ်, ဖိုလ်တရားကို ရရှိနိုင်လေဘိ၏တကား၊ အရိယာပုဂ္ဂိုလ်တို့နှင့်သာ ထိုက်တန်သော ဉာဏ်အမြင်အထူးကိုလည်း ရရှိနိုင်လေဘိ၏တကား၊ ချမ်းသာစွာနေခွင့်ရရှိနိုင်လေဘိ၏တကား ဟူ၍ အံ့ဖွယ်စကား ပြောကြားလေ၏။

[ဤစကားရပ်၌ စိတ္တသူကြွယ်သည် မိမိ၌ပဌမဈာန်စသော ဈာန်တရားများ ထင်ရှားရှိကြောင်း, ဩရမ္ဘာဂိယသံယောဇဉ်တရားကင်း၍ အနာဂါမ်ဖြစ်ကြောင်းကို ပြောကြားပြဆိုလေ၏၊ ဈာန်တရား, မဂ်တရားတို့ကို မိမိဆီသို့ဆောင်၍ မိမိသို့ကပ်၍ ပြလေ၏။]

## နန္ဒမာတာ, တရားထူးကပ်ဆောင်ပုံ

နန္ဒမာတာမည်သော ဥပါသိကာသည်လည်း----သာရိပုတ္တရာမထေရ်ကို ဖွင့်ဆိုပြောကြား၍ တရားကို မိမိသို့ကပ်၍ ပြဖူးလေ၏၊ ထိုစကားမှန်၏၊ သတ္တင်္ဂုတ္တရပါဠိတော် သတ္တမ မဟာယညဝဂ်၌- အရှင်ဘုရား, အကျွန်ုပ်သည် ဤသာသနာ

www.dhammaransi.com



တော်မြတ်အတွင်း၌ အကြင်မျှလောက် အလိုရှိ၏၊ ထိုမျှလောက် ပထမစျာန်ကို ဝင်စား၍နေနိုင်ပါ၏၊ ဒုတိယစျာန်ကို တတိယစျာန်ကို စတုတ္ထစျာန်ကို ဝင်စား၍ နေနိုင်ပါ၏၊ အရှင်ဘုရား, ကာမတည်းဟူသော အောက်ဘုံသို့ သက်ဆင်းကျရောက်စေတတ်ကုန်သော အကြင်ဩရမ္ဘာဂိယ သံယောဇဉ်ငါးပါးတို့သည် ရှိကုန်၏၊ ထိုသံယောဇဉ်ငါးပါးတို့တွင် တစ်စုံတစ်ခုသော သံယောဇဉ်ကိုမျှ အကျွန်ုပ်၏ သန္တာန်၌ မပယ်အပ်သေးပဲ ကြွင်းကျန်၍နေသည်ကို ကျွန်ုပ် မတွေ့မမြင်ရပါ ဟူ၍ လျှောက်ကြားလေ၏။

[ဤစကားရပ်၌လည်း နန္ဒမာတာသည် မိမိ၌ဈာန်တရား, အနာဂါမိမဂ်တရား ရှိကြောင်းကို ဖော်ပြ၏၊ ဈာန်တရား, မဂ်တရားတို့ကို မိမိသို့ကပ်၍ပြ၏။]

မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်အခါ ဤသို့သဘောရှိသော ဥပါသကာယောက်ျား, ဥပါသိကာမိန်းမတို့သည် အဘယ်မျှလောက် ရှိပါကုန်သနည်း၊ မဟာဝေါဝိန္ဒသုတ်ပါဠိတော်၌ အိုအချင်းတို့ အမှတ်မထင်သော အကြင်ပုဂ္ဂိုလ်တို့သည် ဘုရား၌လည်းကောင်း, တရား၌လည်းကောင်း, သံဃာတော်၌လည်းကောင်း သက်ဝင်ကြည်ညို ယုံကြည်ခြင်း သဒ္ဓါတရားနှင့် ပြည့်စုံကြကုန်၏၊ အရိယာတို့ နှစ်သက်မြတ်နိုးအပ်သော သီလနှင့်လည်း ပြည့်စုံကြကုန်၏၊ မာဂဓတိုင်းသား ဘုရားအလုပ်အကျွေးဖြစ်ကြကုန်သော, သောတာပန်ဖြစ်ကြကုန်ပြီးသော, တရားဖြင့် ယဉ်ကျေးပြီးဖြစ်ကြကုန်သော, ရှေးလွန်လေပြီးသော ကာလက ကွယ်လွန်စုတေ၍ နတ်ပြည်၌ ဖြစ်ကြကုန်ပြီးသော ဤဥပပတ်ပုဂ္ဂိုလ်တို့သည် နှစ်သန်းလေးသိန်းကျော် ရှိကုန်၏၊ ဤပုဂ္ဂိုလ်တို့၌ သကဒါဂါမ်ပုဂ္ဂိုလ်တို့လည်း ပါရှိကြကုန်၏။

## သာဓကပြ ဂါထာ

အတ္ထာယံ ဣတရာ ပဇာ၊ ပုညဘာဂါတိ မေ မနော။
သင်္ခါတုံ နောပိ သက္ကောမိ၊ မုသာဝါဒဿ ဩတ္တပံ။

အယံ=ဤဆိုအပ်ပြီးသော နှစ်သန်းလေးသိန်းကျော်သော ပုဂ္ဂိုလ် အပေါင်းသည်၊ အတ္ထိ=ရှိ၏၊ ဣတရာ=ဤနှစ်သန်းလေးသိန်းကျော်သော ပုဂ္ဂိုလ်တို့မှ တစ်ပါးသော၊ ပဇာ=လူများအပေါင်းသည်၊ ပုညဘာဂါ=သောတာပတ္တိယင်္ဂတရားနှင့်ပြည့်စုံ၍ အလုံးစုံကုသိုလ်အဖို့ရှိသော ပုဂ္ဂိုလ်ချည်းသာတည်း၊ ဣတိ=ဤသို့၊ မေ=အကျွန်ုပ်၏၊ မနော=စိတ်အထင်သည်၊ ဟောတိ=ဖြစ်၏၊ သင်္ခါတုံ=ရေတွက်ခြင်းငှာ၊ နောပိ သက္ကောမိ=တတ်ကား မတတ်နိုင်ပါ၊ မုသာဝါဒဿ=ချွတ်ယွင်းစွာ

www.dhammaransi.com



ရေတွက်ပြောဆိုမိခြင်းမှ၊ ဩတ္တပ်-ထိတ်လန့်ပါ၏။

[ဤပါဠိတော်ဖြင့် မဂဓတိုင်းမှ စုတိ၍ နတ်ပြည်၌ဖြစ်ကြကုန်သော သောတာပန်, သကဒါဂါမ်တို့သည် နှစ်သန်းလေးသိန်း ရှိကုန်၏၊ ထိုမှတစ်ပါး ဖြည့်ဆည်းပူးအပ်သော ကုသိုလ်ကောင်းမှုရှိကုန်သော ကလျာဏပုထုဇ္ဇန် ပုဂ္ဂိုလ်တို့သည် ထိုမဂဓတိုင်း၌ မရေမတွက်နိုင် အသင်္ချေယျရှိ၏ ဟူ၍ ပြဆိုသည်။]

ထိုပြင်လည်း----နာတိကာမည်သော ရွာငယ်တစ်ခု၌ပင်သော်လည်း အနာဂါမ်ပုဂ္ဂိုလ်ပေါင်း ငါးကျိပ်ကျော်, သကဒါဂါမ်ပုဂ္ဂိုလ်ပေါင်း ကိုးကျိပ်ကျော်, သောတာပန်ပုဂ္ဂိုလ်ပေါင်း ငါးရာကျော်ရှိကုန်၏ဟူ၍ ထိုထိုသုတ္တန်တို့၌ ဆို၏၊ ထိုမှကြွင်းကုန်သော ကာသိတိုင်း, ကောသလတိုင်း, ဝဇ္ဇီတိုင်း, မလ္လာတိုင်း, စေတီတိုင်း, ဝံသတိုင်း, ကုရုတိုင်း, ပဉ္စာလတိုင်း, မစ္ဆတိုင်း, သူရသေနတိုင်းတို့၌လည်း ရှေးကကွယ်လွန်ပြီးကုန်၍ ဥပပတ်ပုဂ္ဂိုလ်ဖြစ်နေကြကုန်သော ဘုရားအလုပ်အကျွေးပေါင်းများစွာတို့ကို မြတ်စွာဘုရားဟောကြားတော်မူ၏ဟူ၍ ဆို၏၊ သုတ္တန်တို့၌ အရေအတွက်သင်္ချာပမာဏကို မည်၍မည်မျှရှိသည်ဟူ၍ အဆိုမရှိချေ၊ မိလိန္ဒပဉှာ၌ကား ကောသလတိုင်း၌ ငါးကုဋေသုံးသိန်းငါးသောင်းခုနစ်ထောင် (၅၀၃၅၇၀၀၀) ရှိ၏ ဟူ၍ဆို၏၊ ဤသို့လျှင် ဤတရားတော်မြတ်သည် မိမိကိုယ်သို့ ကပ်ဆောင်ခြင်းကို ပြုခြင်းငှါထိုက်သောကြောင့်လည်းကောင်း, သူတစ်ပါးသို့ ကပ်၍ဆောင်ခြင်းကို ပြုခြင်းငှါထိုက်သောကြောင့်လည်းကောင်း, ဩပနယိက မည်လေသည်။

[ဩပနေယိကဟူ၍လည်း ရေးသားရွတ်ဖတ်ကြကုန်၏။]

## ဩပနယိကဂုဏ်- အဓိပ္ပါယ်အကျဉ်းချုပ်ပြပုံ

ထိုဩပနယိက ဂုဏ်တော်၏ ဆိုလိုရင်းအဓိပ္ပါယ် အကျဉ်းချုပ်မှာ မိမိနှင့်တရားကိုကပ်၍ တရားနှင့်မိမိကိုကပ် ပြုခြင်းငှာ ထိုက်သောကြောင့်လည်းကောင်း, သူတစ်ပါးနှင့်တရားကို, တရားနှင့်သူတစ်ပါးကို ကပ်၍ပြုခြင်းငှာထိုက်သောကြောင့်လည်းကောင်း, ဩပနယိကမည်သည်၊ [ပုဂ္ဂိုလ်နှင့်တရား, တရားနှင့်ပုဂ္ဂိုလ်ကပ်၍ပြထိုက်သည် ဟူလို။] ဈာန်, အဘိညာဏ်, မဂ်, ဖိုလ်တရားရှိသောသူသည် ငါ့မှာဈာန်တရားရှိ၏၊ ငါ့မှာအဘိညာဏ်တရားရှိ၏၊ ငါ့မှာမဂ်တရား, ဖိုလ်တရားရှိ၏ဟူ၍ ပုဂ္ဂိုလ်နှင့်တရားကပ်၍ ပြထိုက်သည်၊ ထိုသို့ ပြခြင်းအားဖြင့် အကျိုးရှိသည်မှာ သဒ္ဓါတရားမရှိသောသူသည် တရားတော်၌ သဒ္ဓါတရားဖြစ်ပွား၍လာ၏၊ သဒ္ဓါတရားရှိလျက်နှင့် အားမထုတ်သောသူသည် တရားကပ်သော

www.dhammaransi.com



ပုဂ္ဂိုလ်ကိုမြင်လျှင် မိမိလည်း ထိုကဲ့သို့ တရားလက်ရှိ ပုဂ္ဂိုလ်ဖြစ်သောကြောင့် အားထုတ်ချင်စိတ်သော်လည်း ပေါ်လာ၏၊ ကိုယ်တိုင်သော်လည်း အားထုတ်ကြိုးစားလေ၏၊ ဥပမာ တိုင်းပြည်ကို အစိုးရခြင်း တည်းဟူသော မင်းအဖြစ်ဂုဏ်ရှိလျှင် ထိုဂုဏ်ကိုမိမိသို့ ကပ်၍ပြောဆိုထိုက်၏၊ ထို့အပြင် တစ်စုံတစ်ရာ ရာထူးဂုဏ်သိန်ရှိလျှင် ထိုဂုဏ်သိန်ရတို့ကို မိမိသို့ကပ်၍ ပြောဆိုထိုက်၏၊ ထိုသို့ ပြောဆိုသဖြင့် လူအပေါင်းတို့ ရိုသေကိုင်းညွတ်ခြင်း, သြဇာအာဏာရှိခြင်းစသော အကျိုးများ ဖြစ်ထွန်းလေသကဲ့သို့တည်း။

(ပုဂ္ဂိုလ်နှင့် တရားကိုကပ်၍ ပြောဆိုညွှန်ပြထိုက်သောကြောင့် မြတ်စွာဘုရား ကိုယ်တော်တိုင်ပင် မိမိ၌ မည်သည့်တရား ရှိကြောင်း, မည်သည့်ပုဂ္ဂိုလ်၌ မည်သည့်တရားထူး ရှိကြောင်းကို အကြောင်းအခွင့် သင့်သည့်အခါ ပြောကြား ညွှန်ပြတော်မူလေသည်။)

[ ၅-ဩပနယိကဂုဏ်တော် ဖွင့်ပြီး၏။]

------------

## ၆-ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဂုဏ်တော် ပြခန်းဖော်

ဝိညူ ပဏ္ဍိတ-အထူးပြ။ ။အသီးအသန့် သင်းသီးကို ပစ္စတ္တံဆိုသည် ပဋိသန္ဓေကပင် ဉာဏ်နှင့် ယှဉ်၍လာသော တိဟိတ်ပုဂ္ဂိုလ်ကို ဝိညူ ဆိုသည်။

ပဋိသန္ဓိယံ ဇာတိ ပညာဝသေန ဝိညူ။
ပဝတ္တိယံ ဒိဋ္ဌသုတ စိန္တာပညာဝသေန ပဏ္ဍိတော။

ပဋိသန္ဓိယံ=ပဋိသန္ဓေအခါ၌၊ ဇာတိပညာ ဝသေန=ပဋိသန္ဓေစိတ်နှင့်ယှဉ်သော ပညာ၏အစွမ်းဖြင့်၊ ဝိညူ=ဝိညူ မည်၏။

ပဝတ္တိယံ=ပဝတ္တိအခါ၌၊ ဒိဋ္ဌ သုတ စိန္တာ ပညာဝသေန=မြင်မှု, ကြားမှု, ကြံစည်မှုပညာ၏အစွမ်းဖြင့်၊ ပဏ္ဍိတော=ပဏ္ဍိတမည်၏။ ဣတိ အယံ=ဤသည်ကား၊ ဧတေသံ=ထိုပုဂ္ဂိုလ်နှစ်ဦးတို့၏၊ ဝိသေသော=ထူးပုံတည်း။

ပဋိသန္ဓေအခါ၌ ဇာတိအားဖြင့် ဉာဏ်ပါလာသူကို ဝိညူ ခေါ်၏၊ ပဝတ္တိအခါ မြင်မှု, ကြားမှု, ကြံစည်မှုဖြင့် ပညာရှိ၍ လာသောသူကို ပဏ္ဍိတ ခေါ်၏။

[ဝိညူနှင့် ပဏ္ဍိတ နှစ်ပါး အထူး။]

မိခင်ဧရာဝတီ

www.dhammaransi.com



ဝိညူ ဇာတ်ရှိ၍ ပဋိသန္ဓေကဉာဏ်ပါ၍ လာသောသူတို့သည်သာလျှင် အသီးအခြား သင်းသီးပြု၍ သိသင့်သိထိုက်၏၊ ပညာမဲ့သော သူတို့နှင့် မတန်မရာ မသက်ဆိုင်၊ ထို့ကြောင့် တရားတော်သည် **ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ** မည်၏။

**တစ်နည်းကား-----**ပညာရှိတို့သည်သာလျှင် သင်းသီး သီးသန့် သိအပ်၏ အဖြစ်ဖြင့် ကိုယ်တွေ့လက်တွေ့ ထိထိရောက်ရောက် ခံစားသင့် ခံစားထိုက်သောကြောင့် **ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ** မည်၏။

**တစ်နည်းကား-----**ကြည်ညိုကာမျှ ယုံကြည်ကာမျှတွင်သာ မရပ်မူ၍ ပညာရှိတို့သည် ကိုယ်တွေ့မျက်မှောက် ဒိဋ္ဌဉာဏ်ဖြင့်ထိ၍ သိသင့် သိထိုက်သောကြောင့် **ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ** မည်၏။

**မေး, ဖြေ-နှစ်ပါး ဆက်လက်ပြား။** ။ အဘယ်သို့လျှင် ဤတရားကို ပညာရှိတို့သာလျှင် သင်းသီး အနေအားဖြင့် သိသင့်သိထိုက်သနည်း၊ ပညာမဲ့သော သူတို့နှင့် မတန်မရာ မသက်မဆိုင်ပဲ ဖြစ်ပါသနည်း၊ ဈာန်, သမာပတ်တရား, မဂ်,ဖိုလ်,နိဗ္ဗာန်ဟူသော တရားတို့သည် လွန်စွာနက်နဲလှ၏၊ သာမန်လူစားတို့သည် ကိုယ်တိုင်သိနိုင် မည်ဝေးစွ သေချာစွာ ဟောပြ၍ကြားနာ ရသော်လည်း နားလည်ရန်ပင် လွန်စွာခဲယဉ်းလှလေ၏၊ ပဋိသန္ဓေကပါရှိသော ဇာတိဉာဏ်နှင့် ပြည့်စုံသူ မဟုတ်ပါလျှင် အခြားသော လောကီအရေးအရာတို့၌ မည်မျှလောက်ပင်ထိုးထွင်း၍ ဉာဏ်သွားစေကာမူ နက်နဲသောတရားနှင့် တွေ့ကြုံသောအခါ ကြက်ဥတွင် အစရှာ၍ မရသကဲ့သို့ တွေဝေမှိုင်ငေးလျက် နေရလေကုန်၏၊ နက်နဲသောတရား အာရုံတွင်းသို့ သွင်း၍ ဉာဏ်ကိုအလုပ်ပေးသောအခါ ထိုဉာဏ်၏ အရည်အချင်း, အတိမ်, အနက်, အနံ့,အထက်ကို သိနိုင်လေသည်၊ ဇာတိဉာဏ်, ပင်ကိုယ်ဉာဏ်များသည် နက်နဲသောအရာဌာနကို သိမြင်မှုနှင့် တွေ့ကြုံလေလေ အစွမ်းထက်လေလေသော ဖြစ်၏၊ ဇာတိဉာဏ်, ပင်ကိုယ်ဉာဏ်မဟုတ်သော ပဝတ္တိဉာဏ်များသည် ရေတိမ်သွား သင်္ဘောကဲ့သို့ ခပ်တိမ်တိမ် အရေးအရာတွင် လွန်စွာလျင်မြန်စူးရှ၍ နေစေကာမူ နက်နဲသော အရာဌာနကို သိမြင်စူးရှ ထိုးထွင်းရန်ကိစ္စနှင့်တွေ့ကြုံသည် ရှိသော် အစွမ်းမထက်နိုင်ပဲ ပြော့ခွေတွန့်ဆုတ်၍သာ နေလေ၏။

## ဇာတိဉာဏ်, ပဝတ္တိဉာဏ်အရေး၌-ဥပမာပေးပုံ

ဥပမာ-သံမဏိသံကောင်းဖြင့် ပြုလုပ်အပ်သောဓား, သံညံ့ဖြင့် ပြုလုပ်အပ်သောဓား နှစ်စင်းကို ကျောက်ကောင်းကောင်းဖြင့် သွေး၍ထားရာ အသွေး

www.dhammaransi.com



ကောင်းသည့်အတွက် အထက်ချင်း တူမျှသကဲ့သို့ ရှိလေ၏၊ သို့ရာတွင် မာသော သစ်သားတို့ကို ခုတ်ပိုင်း၍ ယှဉ်ကြည့်ရာတွင် သံညံ့ဖြင့် ပြုလုပ်အပ်သောဓားသည် အသွားကြွေလိပ်၍ မိမိကိစ္စကို မဆောင်ရွက်နိုင်ပဲ တွန့်ဆုတ်ရလေ၏၊ သံမဏိဖြင့် ပြုလုပ်အပ်သော ဓားမူကား မာသောသစ်သားကို မိမိအသွားဖြင့်ဝါး၍ ရဲရဲဝံ့ဝံ့ မဆုတ်မနစ် မိမိ၏ဖြတ်တောက်ခြင်းကိစ္စကို ပြီးစီးအောင် ဆောင်ရွက်လေ၏။

**[ဤဥပမာကဲ့သို့ နက်နဲသော တရားသဘောကို ကြံစည်မှု, သိမြင်မှုအရာ၌ ဇာတိဉာဏ်, ပဝတ္တိဉာဏ် နှစ်ပါးတို့၏ ခြားနားပုံကို သိအပ်၏။]**

**ပညာရှိ, ပညာမဲ့-ထူးခြားချက်။** ။သို့ဖြစ်၍ ဤ နက်နဲသော တရားတော်များသည် ပညာရှိပုဂ္ဂိုလ်တို့သာလျှင် အသီးအခြားပြု၍ သိသင့်သိထိုက်သော အရာဖြစ်၏၊ ပညာမဲ့ပုဂ္ဂိုလ်တို့၏ သိနိုင်သော အရာမဟုတ်ချေ၊ ဤသို့ ပညာရှိတို့သာလျှင် သင်းသီးအဖြစ်ဖြင့် သိသင့်သိထိုက်ကြောင်းကို အင်္ဂုတ္တရပါဠိတော် တတိယဝဂ် မဟာဝိတက္ကသုတ်ဖြင့် သိအပ်၏၊ ယောကျ်ားမြတ်တို့သာ ကြံစည်ရာဖြစ်သော မဟာပုရိသဝိတက်တို့ကို ကြံစည်၍နေသော ရှင်အနုရုဒ္ဓါအား မြတ်စွာဘုရားသည် ဤသို့ မိန့်ဆိုတော်မူ၏၊ အို-ချစ်သားအနုရုဒ္ဓါ ကောင်းပေစွ၊ ကောင်းပေစွ၊ အို ချစ်သားအနုရုဒ္ဓါ အသင်သည် မဟာပုရိသဝိတက်တို့ကို ကြံစည်၍နေဘိ၏၊ ကောင်းစွာ့တကား။

၁။ အပ္ပိစ္ဆဿာယံ ဓမ္မော၊ နာယံ ဓမ္မော မဟိစ္ဆဿ။

အယံဓမ္မော=ဤဈာန်, မဂ်, ဖိုလ်, နိဗ္ဗာန်, တရားမှန်သည်၊ အပ္ပိစ္ဆဿ=အလိုနည်းသောပုဂ္ဂိုလ်မြတ်၏၊ ဓမ္မော=ကိလေသာဖျက်ဆီးမှု တရားစုပေတည်း၊ အယံဓမ္မော=ဤဈာန်,မဂ်,ဖိုလ်, နိဗ္ဗာန်,တရားမှန်သည်၊ မဟိစ္ဆဿ=အလိုကြီးသော ပုဂ္ဂိုလ်၏၊ န ဓမ္မော=ကိလေသာဖျက်ဆီးမှု, တရားစု မဟုတ်ပေ။

ဤတရားသည် အလိုနည်းသော ပုဂ္ဂိုလ်မြတ်၏ တရားဖြစ်၏၊ ဤ တရားသည် အလိုကြီးသောပုဂ္ဂိုလ်၏ တရားမျိုး မဟုတ်။

၂။ သန္တုဋ္ဌဿာယံ ဓမ္မော၊ နာယံ ဓမ္မော အသန္တုဋ္ဌဿ။

အယံဓမ္မော=ဤဈာန်,မဂ်,ဖိုလ်,နိဗ္ဗာန်,တရားမှန်သည်၊ သန္တုဋ္ဌဿ=ရောင့်ရဲတင်းတိမ်လွယ်သော ပုဂ္ဂိုလ်မြတ်၏၊ ဓမ္မော=ကိလေသာ ဖျက်ဆီးမှု, တရားစုပေတည်း၊ အယံဓမ္မော=ဤဈာန်,မဂ်,ဖိုလ်, နိဗ္ဗာန်, တရားမှန် သည်၊ အသန္တုဋ္ဌဿ=မရောင့်ရဲ မတင်းတိမ်သော ပုဂ္ဂိုလ်၏၊ န ဓမ္မော=ကိလေသာဖျက်ဆီးမှု, တရားစု မဟုတ်ပေ။

www.dhammaransi.com



ဤတရားသည် ရောင့်ရဲတင်းတိမ်လွယ်သော ပုဂ္ဂိုလ်မြတ်၏ တရားဖြစ်၏၊ ဤတရားသည် မရောင့်ရဲ မတင်းတိမ်သော ပုဂ္ဂိုလ်၏ တရားမျိုးမဟုတ်။

၃။ ပဝိဝိတ္တဿာယံ ဓမ္မော၊ နာယံ ဓမ္မော သင်္ဂဏိကာရာမဿ။

အယံဓမ္မော=ဤဈာန်,မဂ်,ဖိုလ်,နိဗ္ဗာန်, တရားမှန်သည်၊ ပဝိ ဝိတ္တဿ=ဆိတ်ငြိမ်စွာနေလေ့ရှိသော ပုဂ္ဂိုလ်မြတ်၏၊ ဓမ္မော=ကိလေသာ ဖျက်ဆီးမှု, တရားစု ပေတည်း၊ အယံဓမ္မော=ဤဈာန်,မဂ်,ဖိုလ်, နိဗ္ဗာန်တရားမှန်သည်၊ သင်္ဂဏိကာရာမဿ=အပေါင်းအသင်းများ၍ ရှုပ်ထွေးစွာနေလေ့ရှိသော ပုဂ္ဂိုလ်၏၊ န ဓမ္မော=ကိလေသာဖျက်ဆီးမှု တရားစု မဟုတ်ပေ။

ဤတရားသည် ဆိတ်ဆိတ်ငြိမ်ငြိမ် နေလေ့ရှိသောပုဂ္ဂိုလ်မြတ်၏ တရားဖြစ်၏၊ ဤတရားသည် အပေါင်းအသင်းနှင့် မွေ့လျော်၍ ပြုံးပြွမ်း ရှုပ်ထွေးစွာ နေလေ့ရှိသောပုဂ္ဂိုလ်၏ တရားမျိုးမဟုတ်။

၄။ အာရဒ္ဓဝီရိယဿာယံ ဓမ္မော၊ နာယံ ဓမ္မော ကုသိတဿ။

အယံဓမ္မော=ဤဈာန်,မဂ်,ဖိုလ်,နိဗ္ဗာန်, တရားမှန်သည်၊ အာရဒ္ဓ ဝီရိယဿ=အားထုတ်ကြိုးစား၍ နေလေ့ရှိသော ပုဂ္ဂိုလ်မြတ်၏၊ ဓမ္မော= ကိလေသာ ဖျက်ဆီးမှု, တရားစုပေတည်း၊ အယံဓမ္မော=ဤဈာန်, မဂ်, ဖိုလ်,နိဗ္ဗာန်,တရားမှန်သည်၊ ကုသိတဿ=ပျင်းရိပေ့ါတန်စွာနေသော ပုဂ္ဂိုလ်၏၊ န ဓမ္မော=ကိလေသာဖျက်ဆီးမှု, တရားစု မဟုတ်ပေ။

ဤတရားသည် အားထုတ်ကြိုးစား၍နေသောပုဂ္ဂိုလ်မြတ်၏ တရားဖြစ်၏၊ ဤတရားသည် ပျင်းရိပေ့ါတန်စွာနေသောပုဂ္ဂိုလ်၏ တရားမျိုး မဟုတ်။

၅။ ဥပဋ္ဌိတသတိဿာယံ ဓမ္မော၊ နာယံ ဓမ္မော မုဋ္ဌဿတိဿ။

အယံဓမ္မော=ဤဈာန်,မဂ်,ဖိုလ်,နိဗ္ဗာန်, တရားမှန်သည်၊ ဥပဋ္ဌိတ သတိဿ=အောက်မေ့လက်စွဲ, သတိမြဲသောပုဂ္ဂိုလ်မြတ်၏၊ ဓမ္မော=ကိလေသာဖျက်ဆီးမှု, တရားစုပေတည်း၊ အယံဓမ္မော=ဤဈာန်, မဂ်,ဖိုလ်,နိဗ္ဗာန်, တရားမှန်သည်၊ မုဋ္ဌဿတိဿ=ပေ့ါလျော့ချွတ်ယွင်း သတိကင်းသောပုဂ္ဂိုလ်၏၊ န ဓမ္မော=ကိလေသာ ဖျက်ဆီးမှု, တရားစု မဟုတ်ပေ။

ဤတရားသည် အောက်မေ့လက်စွဲ သတိမြဲသော ပုဂ္ဂိုလ်မြတ်၏ တရားဖြစ်၏၊ ဤတရားသည် ပေ့ါလျော့ချွတ်ယွင်း သတိကင်းသော ပုဂ္ဂိုလ်၏တရားမျိုး မဟုတ်။

၆။ သမာဟိတဿာယံ ဓမ္မော၊ နာယံ ဓမ္မော အသမာဟိတဿ။

www.dhammaransi.com



အယံဓမ္မော=ဤစျာန်, မဂ်, ဖိုလ်, နိဗ္ဗာန်,တရားမှန်သည်၊ သမာဟိ တဿ= တည်ကြည်ခိုင်ခန့်သော ပုဂ္ဂိုလ်မြတ်၏၊ ဓမ္မော=ကိလေသာ ဖျက်ဆီးမှု, တရားစု ပေတည်း၊ အယံဓမ္မော=ဤစျာန်, မဂ်, ဖိုလ်, နိဗ္ဗာန်, တရားမှန်သည်၊ အသမာဟိ တဿ=မတည်ကြည် မခိုင်ခန့်သော ပုဂ္ဂိုလ်၏၊ န ဓမ္မော=ကိလေသာဖျက်ဆီးမှု, တရားစု မဟုတ်ပေ။

ဤတရားသည် တည်ကြည်ခိုင်ခန့်သော ပုဂ္ဂိုလ်မြတ်၏ တရားဖြစ်၏၊ ဤတရားသည် မတည်ကြည် မခိုင်ခန့်သောပုဂ္ဂိုလ်၏ တရားမျိုး မဟုတ်။

၇။ ပညဝတောယံ ဓမ္မော၊ နာယံ ဓမ္မော ဒုပ္ပညဿ။

အယံဓမ္မော=ဤစျာန်, မဂ်, ဖိုလ်, နိဗ္ဗာန် တရားမှန်သည်၊ ပည ဝတော= ပင်ကိုယ်ထက်သန် ဇာတိဉာဏ်ရှိသော ပုဂ္ဂိုလ်မြတ်၏၊ ဓမ္မော=ကိလေသာ ဖျက်ဆီး မှု, တရားစုပေတည်း၊ အယံ ဓမ္မော=ဤစျာန်,မဂ်,ဖိုလ်,နိဗ္ဗာန် တရားမှန်သည်၊ ဒုပ္ပညဿ=ပညာမရှိသောပုဂ္ဂိုလ်၏၊ န ဓမ္မော=ကိလေသာ ဖျက်ဆီးမှု, တရားစု မဟုတ်ပေ။

ဤတရားသည် ပင်ကိုယ်ထက်သန် ဇာတိဉာဏ်ရှိသော ပုဂ္ဂိုလ်မြတ်၏ တရားဖြစ်၏၊ ဤတရားသည် ပညာမဲ့သောပုဂ္ဂိုလ်၏ တရားမျိုး မဟုတ်။

[ဤခုနစ်ပါးကား အရှင်အနုရုဒ္ဓါကြံစည်၍နေသော မဟာပုရိသဝိတက်ခုနစ်ပါး တည်း၊ ဆိုလတ္တံ့သော ရှစ်ခုမြောက်တရားကို မြတ်စွာဘုရား ဖြည့်စွက်တော်မူ၏။]

အိုချစ်သား အနုရုဒ္ဓါ, ထိုသို့ကြံစည်ပါတပြီးကား ရှစ်ခုမြောက်ဖြစ်သော ဤမဟာပုရိသဝိတက်ကိုလည်း ကြံစည်လေဦးလော့။

၈။ နိပ္ပပဥ္စဿာယံ ဓမ္မော၊ နာယံ ဓမ္မော ပပဥ္စာရာမဿ ပပဥ္စရတိနော။

အယံဓမ္မော=ဤစျာန်, မဂ်,ဖိုလ်,နိဗ္ဗာန် တရားမှန်သည်၊ နိပ္ပပဥ္စဿ= အကျဉ်းလိုက်သောပုဂ္ဂိုလ်မြတ်၏၊ ဓမ္မော=ကိလေသာ ဖျက်ဆီးမှု တရားစုပေတည်း၊ အယံဓမ္မော=ဤစျာန်, မဂ်,ဖိုလ်,နိဗ္ဗာန် တရားမှန်သည်၊ ပပဥ္စာရာမဿ- ပပဥ္စရတိနော=အကျယ်လိုက်သော ပုဂ္ဂိုလ်၏၊ န ဓမ္မော=ကိလေသာဖျက်ဆီးမှု, တရားစု မဟုတ်ပေ။

ဤတရားသည် သံသရာတစ်ခွင်ဝယ် အကျယ်မကြိုက် အကျဉ်း လိုက်သော ပုဂ္ဂိုလ်မြတ်၏ တရားဖြစ်၏၊ ဤတရားသည် သံသရာတစ်ခွင်ဝယ် အကျဉ်း မကြိုက် အကျယ်လိုက်သောပုဂ္ဂိုလ်၏ တရားမျိုး မဟုတ်။

[ဤမဟာပုရိသဝိတက်အရာ၌ ဓမ္မဆိုသည်ကို မဂ်,ဖိုလ်, နိဗ္ဗာန်, တရား၊ ဈာန်, သမာဓိ သမာပတ္တိ, တရားကို ယူအပ်၏။]

www.dhammaransi.com



ကုသလကမ္မ၊ ပထဆယ်ဖြာ၊ လှူရာဒါန၊ စောင့်ထသီလ၊ တစ်ဝ မှီဝဲ၊
နာမြဲ တရား၊ ကျင့်ငြားဓမ္မ၊ ပဏ္ဍိတ၊ မြတ်ရန် ဓမ္မပြ။

ပဏ္ဍိတဓမ္မ-ဆက်ပြရာ။ ။ ထိုမှတစ်ပါး ကုသိုလ်ကံမြောက်ကြောင်းဖြစ်သော ကုသလကမ္မပထတရား ဆယ်ပါး သည် ပညာရှိတို့ ချီးမွမ်းအပ်သော ပဏ္ဍိတဓမ္မ ဖြစ်၏၊ ဒါနသည်လည်း ပညာရှိတို့ချီးမွမ်းအပ်သော ပဏ္ဍိတဓမ္မဖြစ်၏၊ သီလ, အဋ္ဌင်္ဂဥပေါသထသည်လည်း ပညာရှိတို့ချီးမွမ်းအပ်သော ပဏ္ဍိတဓမ္မပင်ဖြစ်၏၊ ထို့အတူ သူတော်ကောင်းတို့ကိုမှီဝဲဆည်းကပ်ခြင်း, သူတော်ကောင်းတို့၏ တရားကို ကြားနာခြင်း, အသင့်အတင့်နှလုံးသွင်းခြင်း, တရားတော်အားလျော်သောအကျင့်တို့ကို ကျင့်ခြင်းတို့သည်လည်း ပညာရှိတို့ ချီးမွမ်းအပ်သော ပဏ္ဍိတဓမ္မတို့ပင်ဖြစ်ကုန်၏။

## တိကင်္ဂုတ္တရပါဠိတော်၌

> တီဏိမာနိ ဘိက္ခဝေ ပဏ္ဍိတ ပညတ္တာနိ သပ္ပုရိသ ပညတ္တာနိ၊
> ဒါနံ ဘိက္ခဝေ ပဏ္ဍိတပညတ္တံ သပ္ပုရိသပညတ္တံ၊ ပဗ္ဗဇ္ဇာ မာတာပိတု
> ဥပဋ္ဌာနံ ပဏ္ဍိတပညတ္တံ သပ္ပုရိသ ပညတ္တံ။

ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ=ရဟန်းတို့၊ ပဏ္ဍိတပညတ္တာနိ=ပညာရှိတို့ပညတ်အပ်ကုန်သော၊ သပ္ပုရိသပညတ္တာနိ=သူတော်ကောင်းတို့ ပညတ်အပ်ကုန်သော တရားမျိုးတို့သည်၊ ဣမာနိ တီဏိ=ဤဆိုလတ္တံ့သော သုံးပါးတို့ပေတည်း၊ ဘိက္ခဝေ=ရဟန်းတို့၊ ဒါနံ=အလှူဒါနကို၊ ပဏ္ဍိတပညတ္တံ=ပညာရှိတို့ပညတ်အပ်၏၊ သပ္ပုရိသပညတ္တံ=သူတော်ကောင်းတို့ ပညတ်အပ်၏၊ ပဗ္ဗဇ္ဇာ=ရဟန်းအဖြစ်ကို၊ ပဏ္ဍိတပညတ္တာ=ပညာရှိတို့ ပညတ်အပ်၏၊ သပ္ပုရိသပညတ္တာ=သူတော်ကောင်းတို့ ပညတ်အပ်၏၊ မာတာ ပိတုဥပဋ္ဌာနံ=မိခင်, ဖခင်တို့အား လုပ်ကျွေးခစားခြင်းကို၊ ပဏ္ဍိတပညတ္တံ=ပညာရှိတို့ပညတ်အပ်၏၊ သပ္ပုရိသပညတ္တံ=သူတော်ကောင်းတို့ ပညတ်အပ်၏။

ဤပါဠိတော်၌လာသော အလှူဒါန, ရဟန်းအဖြစ်, မိဘတို့အား လုပ်ကျွေးခြင်းတရား သုံးပါးတို့သည်လည်း ပညာရှိတို့ ချီးမွမ်းအပ်သော ပဏ္ဍိတဓမ္မတို့သာလျှင် ဖြစ်ကုန်၏၊ ထို့ပြင်လည်း **ပဉ္စိမာနိ ဘိက္ခဝေ ဒါနာနိ မဟာဒါနာနိ**- စသည်ဖြင့် ငါးပါးသီလကို ဒါနကြီးငါးပါးဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူ၏၊ ထိုမှတစ်ပါး ဉာဏ်ပညာကို ဖြစ်ပွါးစေတတ်ကုန်သော ကုသိုလ်အမှုမျိုးတို့သည်

www.dhammaransi.com



လည်း ရှိကုန်၏၊ ထိုဆိုပြီး အလုံးစုံသော တရားကောင်းတရားမြတ်တို့သည် ပညာရှိတို့ ချီးမွမ်းအပ်သော ပဏ္ဍိတဓမ္မတို့ဖြစ်ကုန်၏၊ ထိုတရားတို့သည် ပညာရှိပုဂ္ဂိုလ်တို့သည် သင်းသီးပိုင်အဖြစ်ဖြင့် သိသင့်သိထိုက်သောတရားတို့သာ လျှင် ဖြစ်ကုန်၏၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိပင် မည်ကုန်၏။

## ဝိဒ-ဓာတ်၏ သိသင့်သိထိုက် အနက်မှတစ်ပါး ခံစားပုံ အနက်ကိုပြခြင်း

**တစ်နည်းအားဖြင့်**---ဝေဒိတဗ္ဗော့ ဟူသောပုဒ်ကို ခံစားအပ်သည်ဟူသော အနက်ကိုကြံ၍ တရားတော်၌ရှိသော အနက်အဓိပ္ပါယ်၏ အရသာ, ပါဠိ၏ အရသာများကို ပညာရှိသောပုဂ္ဂိုလ်တို့သည်သာလျှင် သင်းသီးအဖြစ်ဖြင့် ခံစားသင့်ခံစားထိုက်သောကြောင့် တရားတော်သည် **ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ** မည်၏၊ တရားတော်၌ရှိသော အနက်အရသာ ပါဠိအရသာများကို သာမညကံ, သာမညဉာဏ်, သာမညပါရမီရှိသော ပုဂ္ဂိုလ်တို့ ခံစားခြင်းငှါထိုက်သည် မဟုတ်ကြကုန်၊ ကံ, ပါရမီနှင့်ပြည့်စုံသော ပညာရှိပုဂ္ဂိုလ်တို့သည်သာလျှင် ထိုတရားတော်နှင့် သက်ဆိုင်သော အရသာကိုခံစားနိုင်ကြကုန်သည်၊ "**သဗ္ဗရသံ ဓမ္မရသံ ဇိနာတိ**" ဟူ၍ ဟောတော်မူသောအတိုင်း သုံးပါးသောလောက၌ ရှိရှိသမျှသော အရသာတို့တွင် တရားအရသာ ဓမ္မရသသည် အထွတ်အထိပ်ဆုံး အသာလွန်ဆုံးဖြစ်၏၊ ထိုသို့ ထွတ်မြတ်သာလွန်သော တရားအရသာသည် သာမည ဗာလ ပုဂ္ဂိုလ်တို့၏ အရာမဟုတ်၊ ပညာရှိပုဂ္ဂိုလ်တို့အား အသီးအခြား သက်ဆိုင်သော အရသာဖြစ်လေသည်။

**[ဤသို့သော အဓိပ္ပါယ်ကို ပဋ္ဌာဂုံတ္တရပါဠိတော် ဗြာဟ္မဏဝဂ်၌ဆိုလတ္တံ့သော သုတ်ဖြင့်သိအပ်၏။]**

## တရားအရသာ-ခံပုံအနက်-သာဓကေထောက်ခံချက်

**ထိုသုတ်၏ မြန်မာပြန်။** ။တစ်ရံသောအခါ ဝေသာလီပြည်၌ ကရဏပါလိ မည်သော ပုဏ္ဏားသည် ပိင်္ဂိယာနိမည်သော ပုဏ္ဏားကို မေးမြန်းလေ၏၊ အို အရှင်ပိင်္ဂိယာနိ, အဘယ်ကဲ့သို့ အကျိုးအစွမ်းကို မြော်မြင်သောကြောင့် ရဟန်းဂေါတမ၌ ဤမျှလောက် အလွန်ကြည်ညို ပါသနည်း ဟု မေးလေ၏။

အို- ကရဏပါလိပုဏ္ဏား, ဥပမာသော်ကား မွန်မြတ်သော အရသာဖြင့် သာလျှင် တင်းတိမ်ရောင့်ရဲလေ့ရှိသော ယောကျ်ားသည် မွန်မြတ်သော အရသာ

www.dhammaransi.com



တို့မှတစ်ပါး ယုတ်ညံ့သော အရသာတို့ဖြင့် မနှစ်သက်နိုင်, မတင်းတိမ်နိုင်, မရောင့်ရဲနိုင်ဘိသကဲ့သို့ ထို့အတူပင်လျှင် ထိုအရှင်ဂေါတမ၏ တရားတော်မြတ်ကို အကြင်အကြင်သို့သော သုတ္တအားဖြင့်လည်းကောင်း, ဂေယျအားဖြင့်လည်းကောင်း, ဝေယျာကရဏအားဖြင့်လည်းကောင်း, အဗ္ဘုတဓမ္မအားဖြင့်လည်းကောင်း ကြားနာရ၏၊ ထိုထိုသို့သော အခြင်းအရာအားဖြင့် တစ်ပါးကုန်သော ရဟန်းပုဏ္ဏားတို့၏ဟောပြောချက် တရားစကားတို့ကို ရောင့်ရဲတင်းတိမ် နှစ်သက်ခြင်း မဖြစ်နိုင်။

ဥပမာတစ်နည်းသော်ကား ဝေတ်မွတ်ခြင်း, အားနည်းခြင်းဖြင့် နှိပ်စက်အပ်သော ယောကျ်ားသည် ပျားဘို့ဆိုင်တစ်ခုကို ရလေရာ၏၊ ထိုယောကျ်ားသည် ထိုပျားဘို့ဆိုင်ကို အကြင်အကြင်နေရာမှ လျှက်လေရာ၏၊ ထိုထိုလျှက်ရာဌာနမှ အရသာတစ်ပါး ကူဖွယ်, လောင်ဖွယ်မရှိသော အချိုစွက်ဖွယ်မရှိသော ပျားအရသာကို ရရှိသုံးဆောင်လေရာ၏။

ဥပမာတစ်နည်းသော်ကား နံ့သာကိုအလိုရှိသော ယောကျ်ား တစ်ဦးသည် နံ့သာတုံးတစ်ခုကို ရလေရာ၏၊ ထို ယောကျ်ားသည် ထိုနံ့သာတုံးကို အရင်းမှသော်လည်းကောင်း, အလယ်မှသော်လည်းကောင်း, အဖျားမှသော်လည်းကောင်း, အကြင်အကြင်နေရာဌာနမှ နမ်းရှုပ်လေရာ၏၊ ထိုထိုနမ်းရှုပ်ရာအရပ်မှ အမွှေးတစ်ပါး လောင်းစွက်ဖွယ်မရှိသော ပကတိအနံ့ကောင်းကို ရလေရာ၏။

ဤသို့လျှင် ဤတရားတော်ကို ပညာရှိဇာတ်မဟုတ်သော ဗာလပုဂ္ဂိုလ်တို့ ခံစားသင့် ခံစားထိုက်သည် မဟုတ်၊ ပညာရှိပုဂ္ဂိုလ်တို့သာလျှင် အသီးအခြားအားဖြင့် သိအပ်, ခံစားအပ်သောကြောင့် **ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ** ဟူ၍ ဆိုအပ်လေသည်။

## ကိုယ်တိုင် လက်တွေ့ချက်- ပစ္စတ္တံပုဒ်အနက်

**တစ်နည်းအားဖြင့်**-----ပစ္စတ္တံဝေဒိတဗ္ဗော, ဟူသောပုဒ်၌ ပစ္စတ္တ သဒ္ဒါကို ကိုယ်တိုင် မျက်မှောက် ကိုယ်တွေ့ဒိဋ္ဌဟူသော အနက်ဟောကြ၍ ပညာရှိပုဂ္ဂိုလ်တို့သည် ယုံကြည်ကာမျှ, နှစ်သက်ကာမျှ, တစ်ဆင့်စကားကြားရုံမျှ, အခြင်းအရာကို ကြံစည်ရုံမျှ, အမှတ်အယူဖြင့် ရှုစား၍ သဘောကြိုက်ညီရုံမျှနှင့်သာ မဟုတ်ပဲ၊ တရားတော်မြတ်ကို ကိုယ်တွေ့ဒိဋ္ဌအားဖြင့် သိအပ်သိထိုက်သောကြောင့် **ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ** ဟူ၍ ဆိုအပ်၏။

www.dhammaransi.com



နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၌ အရှင်ပဝိဋ္ဌမထေရ်က အရှင်မုသိလ ကို ပြောဆိုသော စကားရပ်တွင်-

အညတြေဝ အာဝုသော မုသိလ သဒ္ဓါယ၊ အညတြ ရုစိယာ၊ အညတြ အနုဿဝါ၊ အညတြ အာကာရ ပရိဝိတက္ကာ၊ အညတြ ဒိဋ္ဌိနိဇ္ဈာနခန္တိယာ၊ အတ္ထိ အာယသ္မတော မုသိလဿ ပစ္စတ္တမေဝ ဉာဏံ ဇာတိ ပစ္စယာ ဇရာမရဏန္တိ။

ဟူ၍ဟောတော်မူချက်ရှိ၏။

**[ထိုပါဠိတော်၌ ပစ္စတ္တံသဒ္ဒါသည် ကိုယ်တိုင်လက်တွေ့ဟူသော အနက်ကို ဟော၏၊ ပစ္စတ္တသဒ္ဒါဖြင့် ယုံကြည်ကာမျှဖြစ်သော သဒ္ဓါအစရှိသည့် တရားငါးပါး တို့ကိုနှစ်စေ၏၊ မြစ်ပယ်စေ၏။]**

အာဝုသော မုသိလ=ငါ့ရှင်မုသိလ၊ သဒ္ဓါယ=ယုံကြည်ကာမျှကို၊ အညတြေဝ= ကြဉ်၍သာလျှင်၊ ရုစိယာ=နှစ်သက်ရုံမျှကို၊ အညတြ=ကြဉ်၍သာလျှင်၊ အနုဿဝါ= တစ်ဆင့်ကြားကို၊ အညတြ=ကြဉ်၍သာလျှင်၊ အာကာရ ပရိဝိတက္ကာ=အခြင်းအရာ ထွေထွေလာလာ ကြံစည်ခြင်းကို၊ အညတြ=ကြဉ်၍သာလျှင်၊ ဒိဋ္ဌိနိဇ္ဈာန ခန္တိယာ= မိမိအထင်ဖြင့် ဆင်ခြင်သဘောကျခြင်းကို၊ အညတြ=ကြဉ်၍သာလျှင်၊ အာယသ္မတော မုသိလဿ=ငါ့ရှင်မုသိလအား၊ ဇာတိပစ္စယာ=ဇာတိဟူသော အကြောင်း ကြောင့်၊ ဇရာမရဏန္တိ=ဇရာမရဏဖြစ်၏ဟူ၍၊ ပစ္စတ္တမေဝ=ကိုယ်တွေ့ ဒိဋ္ဌသာလျှင် ဖြစ်သော၊ ဉာဏံ=အသိဉာဏ်သည်၊ အတ္ထိ=ရှိ၏။

ရှင်မုသိလက ပြန်၍ဆိုသော စကားရပ်တွင်လည်း-

အညတြေဝ အာဝုသော ပဝိဋ္ဌ သဒ္ဓါယ၊ အညတြ ရုစိယာ၊ အညတြ အနုဿဝါ၊ အညတြ အာကာရ ပရိဝိတက္ကာ အညတြ ဒိဋ္ဌိနိဇ္ဈာနခန္တိယာ၊ အဟမေတံ ဇာနာမိ၊ အဟမေတံ ပဿာမိ၊ ဇာတိပစ္စယာ ဇရာမရဏန္တိ။

ဟူ၍ ဟောတော်မူ၏။

အာဝုသော ပဝိဋ္ဌ=ငါ့ရှင်ပဝိဋ္ဌ၊ သဒ္ဓါယ=ယုံကြည်ကာမျှကို၊ အညတြ=ကြဉ် ထား၍၊ ရုစိယာ=နှစ်သက်ယုံမျှကို၊ အညတြ=ကြဉ်ထား၍၊ အနုဿဝါ=တစ်ဆင့် စကားကို၊ အညတြ=ကြဉ်ထား၍၊ အာကာရ ပရိဝိတက္ကာ=အခြင်းအရာ ထွေထွေ လာလာ ကြံစည်ခြင်းကို၊ အညတြ=ကြဉ်ထား၍၊ ဒိဋ္ဌိနိဇ္ဈာန ခန္တိယာ=မိမိအထင်ဖြင့် ဆင်ခြင်သဘောကျခြင်းကို၊ အညတြ=ကြဉ်ထား၍၊ ဇာတိပစ္စယာ=ဇာတိဟူသော

www.dhammaransi.com



အကြောင်းကြောင့်၊ ဇရာမရဏန္တိ=ဇရာမရဏဖြစ်၏ဟူ၍၊ ဇတေ်=ဤသဘောကို၊ အဟံ=ငါကိုယ်တိုင်၊ ဇာနာမိ=သိ၏၊ ဇတေ်=ဤသဘောကို၊ အဟံ=ငါကိုယ်တိုင်၊ ပဿာမိ=မြင်၏။

[ဤပါဠိတော်စကားရပ်၌ အဟမေတံ ဇာနာမိ,ဟူသောပါဠိဖြင့် ပစ္စတ္တဉာဏ်ကိုပြ၏၊ ကိုယ်တိုင်ဒိဋ္ဌတွေ့မြင် သိရှိခြင်း, မျက်မှောက်ပြုခြင်းကို သစ္ဆိကရဏဟူ၍လည်းကောင်း, အတ္တပစ္စက္ခဟူ၍လည်းကောင်း, ပစ္စတ္တဟူ၍ လည်းကောင်း ဆို၏၊ ယုံကြည်ကာမျှ, နှစ်သက်ကာမျှ, တစ်ဆင့်ကြားကာမျှတို့ကို ပစ္စတ္တ,သစ္ဆိကရဏ, အတ္တပစ္စက္ခ ဟူ၍ မဆိုင်နိုင်။]

## သဒ္ဓါ,ရုစိ, အနုဿဝ,အာကာရပရိဝိတက္က,ဒိဋ္ဌိနိဇ္ဈာနခန္တိ, ငါးပါးတို့၏သဘောအထူးကား

၁။ ယုံကြည်ခြင်းမျှသည် **သဒ္ဓါ** မည်၏၊ ထိုသဒ္ဓါဖြင့် ယုံကြည်၍ နေမှုသည်လည်း အသိဉာဏ်မဟုတ်၊ ပုဂ္ဂိုလ်ကိုခင်မှ တရားကိုမင်, ဆိုသောစကားကဲ့သို့ ပုဂ္ဂိုလ်ကို ယုံကြည်နေလျှင် ထိုပုဂ္ဂိုလ်ပြောသမျှတို့ကို ယုံကြည်၍နေတတ်၏, ထိုသို့ယုံကြည်မှု၌ ထိထိမိမိ အသိဉာဏ် မသက်ဝင်ချေ။

၂။ နှစ်သက်ခြင်းသည် **ရုစိ** မည်၏၊ သဘောကျခြင်းပင်တည်း၊ ထိုနှစ်သက်ခြင်းသည် မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ စိတ်ညွတ်ကိုင်းသည့်အတိုင်း အဟုတ်ထင်၍ နှစ်သက်တတ်၏၊ ထို့ကြောင့် ထိုရုစိဟုဆိုအပ်သော နှစ်သက်ခြင်းကိုလည်း ထိထိမိမိ အသိဉာဏ် သဘောမှန်ဟူ၍ မဆိုနိုင်။

၃။ တင်ဆင့်စကားကြားရခြင်းသည် **အနုဿဝ** မည်၏၊ ကြားရသော အတိုင်း မှတ်သားခြင်းသည်လည်း အသိဉာဏ်မဟုတ်၊ ကိုယ်တိုင် ဉာဏ်ဖြင့် ထိထိမိမိ ဆုံးဖြတ်နိုင်သော အရာမဟုတ်။

၄။ အခြင်းအရာ ထွေထွေလာလာ ကြံစည်ခြင်းသည် **အာကာရ ပရိဝိတက္က** မည်၏၊ ထိုသို့ထွေထွေလာလာ ကြံစည်၍ ထင်မြင်လာသော အချက်များသည်လည်း အသိဉာဏ်အစစ် မဟုတ်၊ ဝိတက်၏ အရှိန်အဟော်ဖြင့် ပေါ်မိပေါ်ရာ ထင်မိထင်ရာ ဖြစ်ပေါ်လာတတ်သည်၊ ဝိတက်ဖြင့် ထွေထွေလာလာ ကြံစည်ထင်မြင်ချက်နှင့် ဉာဏ်ဖြင့် ကိုယ်တွေ့ဒိဋ္ဌ ထင်မြင်ချက်သည် အလွန်ခြားနား၏။

၅။ မိမိစိတ်သဘော ထင်မြင်ချက်ဖြင့် ကြံစည်တွေးဆ သဘောကျ၍နေခြင်းသည် **ဒိဋ္ဌိနိဇ္ဈာနခန္တိ** မည်၏၊ ထိုဒိဋ္ဌိနိဇ္ဈာန ခန္တိသည်လည်း အသိဉာဏ်မဟုတ်၊ စိတ်သန္တာန်၌ ထင်မိထင်ရာ စိတ်ညွတ်ကိုင်းရာ ထင်မြင်သဘောကျ၍ လာတတ်သည်၊ ဥပမာ လောကကို ဗြဟ္မာအရှင် ဖန်ဆင်းသည်ဟူ၍ ဗြဟ္မာနိမ္မာန

www.dhammaransi.com



ဒိဋ္ဌိအရင်းခံရှိနေသူသည် ထိုအယူကို မူလထား၍ ရှုစားဆင်ခြင်သောအခါ ထင်မိထင်ရာ မိမိအယူအားလျော်စွာ ထင်မြင်၍ လာတတ်သည်၊ ထို့ကြောင့် ဒိဋ္ဌိနိဇ္ဈာနခန္တိသည်လည်း ထိထိမိမိ အသိဉာဏ် မဟုတ်ချေ။

[ဒိဋ္ဌိနိဇ္ဈာနခန္တိ- ဟူသောစကား၌ ထင်မြင်ချက်သည် ဒိဋ္ဌိမည်၏၊ ကြံဆ ဆင်ခြင်ချက်သည် နိဇ္ဈာနမည်၏၊ သဘောကျခြင်းသည် ခန္တိ မည်၏၊ မိမိ ထင်မြင်ချက်ဖြင့် ကြံစည်၍ သဘောကျမှု ဆိုလိုသည်။]

ပစ္စတ္တဉာဏ်, သစ္စိကရဏဉာဏ်သည်သာလျှင် ဆိုခဲ့ပြီးသော ယုံကြည်ခြင်း သဒ္ဓါ အစရှိသည့် အသိဉာဏ် ယောင်ယောင် တရားတို့ကို တွန်းလှန်၍ အမှန်အကန် ထိထိမိမိ နေရာတကျ ကိုယ်တိုင်သိရှိနိုင်သည်။

မြတ်စွာဘုရား၏ တရားတော်သည် ယုံကြည်ကာမျှနှစ်သက်ကာမျှ သဒ္ဓါ, ရုစိ အစရှိသည့် တရားငါးပါးတို့နှင့်ကင်း၍ ပညာရှိပုဂ္ဂိုလ်တို့သည် ကိုယ်တွေ့ဒိဋ္ဌ ထိထိမိမိ သိအပ်သောကြောင့် **ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ** မည်ပေသည်။

[၆-ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိဂုဏ်တော်ဖွင့်ပြီး၏]

[ဤသည်လျှင် တရားတော်၏ ကောင်းမြတ်မှန်ကန်သော တရားတော်ဖြစ်ကြောင်းကို ဖွင့်ဆိုခန်း အပြီးတည်း။]

------*------

## ၃-သာဝကသမ္ပတ္တိ သံယုဏ်တော် ပြခန်းဖော်

မေးချက်---အဘယ့်ကြောင့် သာဝကခေါ်သနည်း။

### ကတ္တုသာသန-ဖြေချက်ပြ

ဖြေချက်---သုဏန္တီတိ သာဝကာ။

သုဏန္တိ=ကြားနာတတ်ကုန်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ သာဝကာ= သာဝကတို့မည်ကုန်၏။

ကြားနာတတ်သောကြောင့် သာဝကမည်၏ ဟူလို၊ ထိုသာဝကကို တပည့်သားဟူ၍လည်း ဆိုကြကုန်၏။

မေးချက်---အဘယ်အရာကို ကြားနာတတ်ပါနည်း။

ဖြေချက်---သုတ်ကိုလည်း ကြားနာတတ်၏၊ ဂေယျကိုလည်း ကြားနာတတ်၏၊ ဝေယျာကရဏကိုလည်း ကြားနာတတ်၏၊ ဂါထာကိုလည်း ကြားနာတတ်၏၊ ဥဒါန်းကိုလည်း ကြားနာတတ်၏၊ ဣတိဝုတ်ကိုလည်း ကြားနာတတ်၏၊

www.dhammaransi.com



ဇာတကကိုလည်း ကြားနာတတ်၏၊ အဗ္ဘုတဓမ္မကိုလည်း ကြားနာတတ်၏၊ ဝေဒလ္လကိုလည်း ကြားနာတတ်၏။

[ဆိုအပ်ခဲ့ပြီးသော သုတ်အစရှိသော ကိုးပါးသည် ပရိယတ္တိသာသနာ တော်မြတ်၏ အင်္ဂါကိုးပါးမည်၏။]

**ထိုအင်္ဂါ ကိုးပါး၏ သဘောအဓိပ္ပါယ်ကား-**

၁။ ဝိနည်းပိဋကတ်၌ ဥဘတောဝိဘင်းအကျယ် ခန္ဓကပရိဝါရတို့သည်လည်းကောင်း, သုတ္တနိပါတ်၌ မင်္ဂလသုတ်, ရတနသုတ်, နာလကသုတ်, တုဝဋ္ဋကသုတ်တို့သည်လည်းကောင်း, ထိုမှတစ်ပါး သုတ္တဟူသောအမည်အားဖြင့် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော စကားတော်စုသည် **သုတ္တ** မည်၏။

၂။ ဂါထာပါရှိသောသုတ်သည် **ဂေယျ** မည်၏၊ သံယုတ် ငါးကျမ်းတွင် သဂါထာဝဂ္ဂသံယုတ် တစ်ကျမ်းလုံးသည် ဂေယျ မည်၏။

၃။ အလုံးစုံသောအဘိဓမ္မာပိဋကတ်, ဂါထာမပါသောသုတ်, ထိုမှတစ်ပါး သုတ္တ,ဂေယျ, ဂါထာစသော အင်္ဂါရှစ်ပါးတို့ဖြင့် မရေတွက်အပ်သော မြတ်စွာဘုရား၏ စကားတော်စုသည် **ဝေယျာကရဏ** မည်၏။

၄။ ဓမ္မပဒ,ထေရဂါထာ, ထေရီဂါထာ,သုတ္တနိပါတ်၌ သုတ္တ အမည်ကို မရသော ဂါထာစုသည် **ဂါထာ** မည်၏။

၅။ ဝမ်းမြောက်ခြင်း သောမနဿနှင့် ယှဉ်သောဉာဏ်ဖြင့် မြွက်ဆိုကျူးရင့်တော်မူအပ်သည်ဖြစ်၍ ဂါထာနှင့်စပ်ယှဉ်သော သုတ်ပေါင်း ရှစ်ဆယ့်နှစ်သုတ်သည် **ဥဒါန** မည်၏၊ ဥဒါန်းပါဠိတော်ကို ဆိုသည်။

၆။ ဤသို့ မြတ်စွာဘုရား ဟောကြားတော်မူသည်ဟူ၍ ညွှန်ကြားချက်ပါရှိသော သုတ်ပေါင်း ၁၁၀-တစ်ရာ့ တစ်သုတ်သည် **ဣတိဝုတ္တက** မည်၏၊ ဣတိဝုတ်ပါဠိတော်ဟူ၍ အသီးအခြား ရှိလေ၏။

၇။ ဧကနိပါတ်အစ မဟာနိပါတ်အဆုံး, အပဏ္ဏကဇာတ်အစ ဝေဿန္တရာဇာတ်အဆုံးရှိသော ငါးရာ့ငါးဆယ်သော ဇာတ်တော်များသည် **ဇာတက** မည်၏၊ ပါဠိဇာတ်ပါဠိတော် တစ်ကျမ်းလုံးကို ဆိုသည်။

၈။ **"စတ္တာရော မေ ဘိက္ခဝေ အစ္ဆရိယာ အဗ္ဘုတဓမ္မာ အာနန္ဒေ"** ဤသို့စသည်ဖြင့် အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲဖြစ်သော တရားနှင့်စပ်၍ ဟောတော်မူအပ်သော သုတ္တန်စုသည် **အဗ္ဘုတဓမ္မ** မည်၏။

၉။ စူဠဝေဒလ္လသုတ်, မဟာဝေဒလ္လသုတ်, သမ္မာဒိဋ္ဌိသုတ်, သက္ကပဉှာသုတ်,

www.dhammaransi.com



သင်္ခါရဘာဇနီယသုတ်, မဟာပုဏ္ဏမသုတ် အစရှိကုန်သော အသိဉာဏ်အထူး, နှစ်သက်ခြင်းအထူးတို့ကို ရတိုင်းရတိုင်း မေးမြန်းအပ်သဖြင့် ဟောကြားအပ်သော သုတ္တန်စုသည် ဝေဒလ္လ မည်၏။

[ဤကား ပရိယတ္တိသာသနာတော်၏ အင်္ဂါကိုးပါး အဓိပ္ပါယ်တည်း၊ ဤအင်္ဂါကိုးပါးကို ကြားနာတတ်သောကြောင့် သာ၀ကမည်၏ ဟူ၍ ဆိုလိုသည်။]

**မေး,ဖြေနှစ်သွယ်-စစ်ပြဖွယ်**

ထိုအင်္ဂါ ကိုးပါးတည်းဟူသော တရားတော်ကို နာလျှင်ပင် သာ၀ကဖြစ်နိုင်ပါသလော၊ အမှတ်မထင် အကြင်အလုံးစုံသော သူတို့သည် ထိုပရိယတ္တိဓမ္မကို ကြားနာကြကုန်၏၊ ထိုကြားနာတိုင်းသော သူတို့သည် သာ၀ကမည်သည် မဟုတ်ကြကုန်၊ အကြင်သူတို့သည် ထိုပရိယတ်တရားတော်ကို ကြားနာကြကုန်၍ ထိုပရိယတ်တည်းဟူသော အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံကြကုန်၏၊ ထိုသူတို့သည်သာလျှင် သာ၀က မည်ကြကုန်သည်။

အဘယ်ပုဂ္ဂိုလ်များသည် ထိုပရိယတ်တည်းဟူသော အကြားအမြင်နှင့် ပြည့်စုံကြကုန်သနည်း၊ အကြင်ပုဂ္ဂိုလ်တို့သည် မိမိကြားနာအပ်သော သုတ္တ, အစရှိသည်တို့၏ အနက်အဓိပ္ပါယ်ကိုသိ၍ တရားသဘောကိုသိ၍ ထိုတရားသဘောနည်းလမ်းရှိသည့်အတိုင်း ဓမ္မ, အနုဓမ္မကို ကျင့်ကြံအားထုတ်ကြကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် ထိုပရိယတ် သုတနှင့်ပြည့်စုံသည်မည်ကုန်၏၊ ဓမ္မ,အနုဓမ္မ ဟူသော စကားရပ်၌ ဓမ္မ ဆိုသည်ကား ကြားနာအပ်သော ဒေသနာတရား အစဉ်ပေတည်း၊ **အနုဓမ္မ** ဆိုသည်ကား ထိုဒေသနာဓမ္မဖြင့်ပြအပ်သော ဒါန,သီလ စသော တရားစုပေတည်း။

**ကြားမြင်များတိုင်း သုတကုံလုံ-မပြည့်စုံ။** ။များသောအကြားအမြင် ရှိပါသော်လည်း ထိုအကြားအမြင်ရှိသည့်အတိုင်း မကျင့်မဆောင်လျှင် သုတနှင့်ပြည့်စုံသည် မမည်ချေ၊ နည်းသောအကြားအမြင်ပင်ရှိသော်လည်း ထိုအကြားအမြင်အတိုင်း တတ်စွမ်းသမျှ ကျင့်ဆောင်လျှင် သုတနှင့်ပြည့်စုံသည် မည်၏၊ ဗဟုဿုတ, ဟူသောပုဒ်နှင့် သုတ ဥပပန္န, ဟူသော ပုဒ်သည် အနက်ခြားနားလျက်ရှိ၏၊ အကြားအမြင်များသည်ကို **ဗဟုဿုတ** ဆို၏၊ ကြားနာ မှတ်သားရပြီးသောအတိုင်း ကျင့်ကြံပြည့်စုံသည်ကို **သုတဥပပန္န** ဆို၏။

ပုဂ္ဂိုလ် ၄-မျိုး အထူး။ ။ထိုအကြောင်းနှင့် စပ်လျဉ်း၍ စတုက္ကင်္ဂုတ္တရ ပါဠိတော်ပထမဝဂ်၌ ဟောတော်မူသည်မှာ၊

www.dhammaransi.com



အိုချစ်သား ရဟန်းတို့, ပုဂ္ဂိုလ်တို့သည် ဤဆိုလတ္တံ့သောအတိုင်း လေးပါးရှိကုန်၏၊ အဘယ်လေးပါးတို့နည်းဟူမူကား-

၁။ အကြားအမြင် နည်းပါး၍ အကြားအမြင်နှင့် မပြည့်စုံသော ပုဂ္ဂိုလ်,
၂။ အကြားအမြင် နည်းပါး၍ အကြားအမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်,
၃။ အကြားအမြင်များ၍ အကြားအမြင်နှင့် မပြည့်စုံသောပုဂ္ဂိုလ်,
၄။ အကြားအမြင်များ၍ အကြားအမြင်နှင့် ပြည့်စုံသောပုဂ္ဂိုလ်,

ဤ ပုဂ္ဂိုလ်လေးပါးတို့ပေတည်း၊ ထိုသုတ္တန်၌ အောက်ပါ ဂါထာများကို လည်း ဟောတော်မူ၏။

၁။ အပ္ပဿုတောပိ စေ ဟောတိ၊ သီလေသု အသမာဟိတော။
ဥဘယေန နံ ဂရဟန္တိ၊ သီလတောစ သုတေနစ။

၁။ ယော=အကြင်သူသည်၊ အပ္ပဿုတောပိ=အကြားအမြင် နည်းသည် လည်း၊ စေ ဟောတိ=အကယ်၍ဖြစ်ငြားအံ့၊ သီလေသု=အကျင့်သီလတို့၌၊ အသမာဟိတော=မလုံခြုံ မဆောက်တည်အပ်သည်၊ စေ ဟောတိ=အကယ်၍ ဖြစ်ငြားအံ့၊ နံ=ထိုသူကို၊ သီလတောစ=အကျင့်သီလအားဖြင့်လည်းကောင်း၊ သုတေန စ=အကြားအမြင်အားဖြင့်လည်းကောင်း၊ ဥဘယေန=အကြောင်းနှစ်ပါး စုံဖြင့်၊ ဂရဟန္တိ=ကဲ့ရဲ့ကြကုန်၏။

[ဤဂါထာဖြင့်အပ္ပဿုတ,သုတအနုပပန္နပုဂ္ဂိုလ်ကို ပြ၏၊ အကြားအမြင်လည်း နည်းပါး၊ အကြားအမြင်နှင့်လည်း မပြည့်စုံသောပုဂ္ဂိုလ်ကို အကြားအမြင် အကျင့်သီလ နှစ်ပါးစုံဖြင့် ကဲ့ရဲ့ထိုက်သည်ဟူ၍ ဆိုလိုသည်။]

၂။ အပ္ပဿုတောပိ စေ ဟောတိ၊ သီလေသု သုသမာဟိတော။
သီလတော နံ ပသံသန္တိ၊ တဿ သမ္ပဇ္ဇတေ သုတံ။

၂။ ယော=အကြင်သူသည်၊ အပ္ပဿုတော=အကြားအမြင်နည်းသည်၊ စေပိ ဟောတိ=အကယ်၍ဖြစ်စေဦးတော့၊ သီလေသု=အကျင့်သီလတို့၌၊ သုသမာ ဟိတော=ကောင်းစွာဆောက်တည်လုံခြုံသည်၊ စေပိ ဟောတိ=အကယ်၍ ဖြစ်ငြား အံ့၊ နံ=ထိုသူကို၊ သီလတော=အကျင့်သီလအားဖြင့်၊ ပသံသန္တိ=ချီးမွမ်းကြကုန်၏၊ တဿ=ထိုသူအား၊ သုတံ=အကြားအမြင်သည်၊ သမ္ပဇ္ဇတေ=ပြည့်စုံသည်မည်၏။

[ဤဂါထာဖြင့် အကြားအမြင်နည်းသော်လည်း အကြားအမြင်နှင့် ပြည့်စုံသော အပ္ပဿုတ, သုတဥပပန္နပုဂ္ဂိုလ်ကိုပြ၏၊ ထိုပုဂ္ဂိုလ်သည်" ပါဏော န ဟန္တဗ္ဗော-သူ့အသက်ကို မသတ်အပ်" ဟူ၍ တစ်ခုသောဝါကျကို ကြားနာရ၏၊ ထိုအခါမှစ၍ ကြားနာရသောအတိုင်း

www.dhammaransi.com



သူ၏အသက်ကိုမသတ်ပဲ ရှောင်ကြဉ်လေ၏၊ ထိုသူအား အကြားအမြင်နှင့်ပြည့်စုံသည် မည်၏၊ အဘယ့်ကြောင့်နည်းဟူမူကား ကြားနာရပြီးလျှင် ကြားနာရသောအတိုင်း ပြုသင့်ပြု ထိုက်သော ကိစ္စကို ပြုကျင့်လိုက်နာသောကြောင့်တည်း။]

၃။ ဗဟုဿုတောပိ စေ ဟောတိ၊ သီလေသု အသမာဟိတော။
သီလတော နံ ဂရဟန္တိ၊ နဿ သမ္ပဇ္ဇတေ သုတံ။

၃။ ယော=အကြင်သူသည်၊ ဗဟုဿုတော=အကြားအမြင်များသည်၊ စေပိ ဟောတိ=အကယ်၍ဖြစ်စေဦးတော့၊ သီလေသု=အကျင့်သီလတို့၌၊ အသမာ ဟိတော=မစောင့်စည်း မလုံခြုံသည်၊ ဟောတိ=ဖြစ်၏၊ နံ=ထိုသူကို၊ သီလတော= အကျင့်သီလအားဖြင့်၊ ဂရဟန္တိ=ကဲ့ရဲ့ကြကုန်၏၊ အဿ=ထိုသူအား၊ သုတံ= အကြားအမြင်သည်၊ န သမ္ပဇ္ဇတေ=မပြည့်စုံ။

[ဤဂါထာဖြင့် အကြားအမြင်များ၍ ထိုအကြားအမြင်နှင့် မပြည့်စုံသော ဗဟုဿုတ သုတ အနုပပန္နပုဂ္ဂိုလ်ကို ပြ၏၊ အကြင်သူသည် ပိဋကတ်သုံးပုံကို အလုံးစုံသင်ကြား မှတ်သားမိ စေဦးတော့ တစ်စုံတစ်ခုသော ဓမ္မ,အနုဓမ္မကို မကျင့်ကြံ မဆောင်ရွက်ပါလျှင် ထိုသူအား ကြားနာကာမျှ သင်အံမှတ်သားမိရုံမျှသာ ဖြစ်၏၊ အကြားအမြင်များသော်လည်း အကြား အမြင်နှင့်ပြည့်စုံသည်ဟူ၍ မဆိုထိုက်ချေ၊ အဘယ့်ကြောင့်နည်းဟူမူကား ကြားနာသင်ကြား ပြီးလျှင် မိမိပြုသင့် ပြုထိုက်သောအမှုကိစ္စကို မပြုကျင့် မဆောင်ရွက်သောကြောင့်တည်း။]

၄။ ဗဟုဿုတော ပိ စေ ဟောတိ၊ သီလေသု သုသမာဟိတော။
ဥဘယေန နံ ပသံသန္တိ၊ သီလတောစ သုတေနစ။

၄။ ယော=အကြင်သူသည်၊ ဗဟုဿုတောပိ=အကြားအမြင်များ သည်ဖြစ်၍ လည်း၊ သီလေသု=အကျင့်သီလတို့၌၊ သုသမာဟိတော=ကောင်းစွာ ဆောက်တည် လုံခြုံသည်၊ စေဟောတိ=အကယ်၍ဖြစ်ငြားအံ့၊ နံ=ထိုသူကို၊ သီလတော=အကျင့် သီလအားဖြင့်လည်းကောင်း၊ သုတေနစ=အကြားအမြင်အားဖြင့်လည်းကောင်း၊ ဥဘယေန=အကြောင်း နှစ်ပါးစုံဖြင့်၊ ပသံသန္တိ=ချီးမွမ်းကြကုန်၏။

[ဤဂါထာဖြင့် အကြားအမြင်လည်းများ, အကြားအမြင်နှင့်လည်း ပြည့်စုံသော ဗဟုဿုတ, သုတဥပပန္နပုဂ္ဂိုလ်ကိုပြ၏၊ ပရိယတ္တိဓမ္မအရာ၌ များစွာအကြားအမြင်လည်း ရှိသည်၊ ကြားမြင်ပြီးသောအတိုင်းလည်း ကျင့်သည်ဟူ၍ ဆိုလိုသည်၊ ပုဂ္ဂိုလ်လေးပါးတို့တွင် ဤပုဂ္ဂိုလ်သည် အမြတ်ဆုံးဖြစ်၏။]

www.dhammaransi.com



## ဗဟုဿုတ,သုတဓရပုဂ္ဂိုလ်နှင့်စပ်၍ မြတ်စွာဘုရားထံ မေးလျှောက်ခန်း

မြတ်စွာဘုရား လက်ထက်တော်အခါ ရဟန်းတစ်ပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ဤသို့မေးလျှောက်လေ၏၊ အရှင်ဘုရား, အဘယ်သို့သော အခြင်းအရာအားဖြင့် ဗဟုဿုတ, သုတဓရပုဂ္ဂိုလ် မည်ပါသနည်း ဟူ၍လျှောက်ထားလေ၏၊ အိုချစ်သားရဟန်း-ငါဘုရားသည် တရားတော်မြတ်ကို ဟောကြားတော်မူအပ်ပြီ၊ များစွာသော သုတ္တ, ဂေယျ, ဝေယျာကရဏ, ဂါထာ, ဥဒါန, ဣတိဝုတ္တက, ဇာတက, အဗ္ဘုတ ဓမ္မ, ဝေဒလ္လများစွာကို ဟောကြားတော်မူအပ်ပြီ၊ ထိုတရားတို့တွင် လေးပဒရှိသော ဂါထာ၏အနက်မျှကိုပင်သော်လည်း သိ၍ ပါဠိသဘောကိုသိ၍ ဓမ္မ,အနုဓမ္မကိုကျင့်၏၊ ထိုပုဂ္ဂိုလ်ကို ဗဟုဿုတပုဂ္ဂိုလ် သုတဓရ ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုခြင်းငှါထိုက်၏ ဟူ၍ ဟောကြားတော်မူ၏။

**ဗဟုဿုတ,ဓမ္မဓရပုဂ္ဂိုလ်ကား**---ပရိယတ္တိဓမ္မ၌ အကြားအမြင်လည်းများ နာကြားပြီးသည်၌ အနက်အဓိပ္ပါယ်ကိုသိ၍ ကျင့်သော ပုဂ္ဂိုလ်သည် ဗဟုဿုတ, ဓမ္မဓရ ပုဂ္ဂိုလ်မည်၏ ဟူ၍ ဆိုလိုသည်၊ ဤအရာ၌ အထက်အထက်ဖြစ်သော အဓိစိတ္တ အဓိပညာအရာတို့ကို ကြားနာပြီး၍ ထိုအထက်တရားကြီးများကို မကျင့်ကြံနိုင် အားမထုတ် နိုင်သေးသော်လည်း အကျင့်သီလတို့၌ ကောင်းစွာတည်သော ပုဂ္ဂိုလ်သည် မြတ်စွာဘုရား၏ တပည့်သာဝကအရာ၌တည်သည် မည်၏၊ ထို့ကြောင့် ယခင်ပြဆိုခဲ့ပြီးသော လေးဂါထာတို့၌ သီလ၏အစွမ်းအားဖြင့် သာလျှင် ဓမ္မ,အနုဓမ္မ ကျင့်စဉ်ကို မြတ်စွာဘုရား ညွှန်ပြတော်မူသည်၊ ဤသို့ ပြဆိုအပ်ပြီးသော စကားရပ်ဖြင့် အိမ်ယာထောင်သော လူတို့ပင်ဖြစ်စေ, အိမ်ယာ မထောင်သောရဟန်းတို့ပင်ဖြစ်စေ အကြွင်းအကြွင်းပုဂ္ဂိုလ်တို့သည် မိမိမိမိ တို့နှင့် ဆိုင်ရာ သိက္ခာသီလတို့၌ကောင်းစွာ တည်ကြလေကုန်၏၊ ထိုထိုပုဂ္ဂိုလ်တို့ကို မြတ်စွာဘုရား၏ တပည့်သာဝကတို့ဟူ၍သာလျှင် ဆိုအပ်ကုန်၏ဟု မှတ်အပ်၏၊ ထိုသာဝကတို့သည် သီတင်းသုံးဖော် ငါးဦးတည်းဟူသော ပဉ္စသဟဓမ္မိကသာဝက, လူ,နတ်,ဗြဟ္မာတည်းဟူသော မနုဿ, ဒေဝ, ဗြဟ္မာ, သာဝကအားဖြင့် အကျဉ်း နှစ်ပါးရှိ၏။

သီတင်းသုံးဖော် ငါးဦးဆိုသည်ကား ရဟန်းယောကျ်ား ရဟန်းမိန်းမ, သာသနာဘောင်သို့ဝင်ရန် ကျင့်ဆဲဖြစ်သော သိက္ခမာန်မိန်းမ, သာမဏေ ယောကျ်ား, သာမဏေမိန်းမ, ဤငါးဦးတို့ပေတည်း၊ ထိုသီတင်းသုံးဖော် ငါးဦး

www.dhammaransi.com



တို့သည်လည်း ပုထုဇ္ဇန်အရိယာအားဖြင့် နှစ်ပါး နှစ်ပါးစီ ရှိကြကုန်၏၊ လူသာဝက, နတ်သာဝက, ပြဟ္မာသာဝကတို့သည်လည်း ပုထုဇ္ဇန် အရိယာအားဖြင့် နှစ်ပါး နှစ်ပါးစီရှိကြကုန်၏။

## သမာတ်တွဲစပ်-အဓိပ္ပါယ်ရ

သာဝကာနံ သမ္ပတ္တိ သာဝက သမ္ပတ္တိ၊

သာဝကာနံ=တပည့်သာပကတို့၏၊ သမ္ပတ္တိ=ပြည့်စုံခြင်းသည်၊ သာဝက သမ္ပတ္တိ=သာဝကသမ္ပတ္တိမည်၏။

သာဝက၏ ပြည့်စုံမှုကို သာဝကသမ္ပတ္တိဆိုသည်၊ ထိုသမ္ပတ္တိသည် အရေအတွက် သင်္ချာများမြောင်ခြင်းတည်းဟူသော သင်္ချာမဟတ္တ သမ္ပတ္တိ, ဂုဏ်မြင့်မြတ်ကြီးကျယ်ခြင်းတည်းဟူသော ဂုဏမဟတ္တ သမ္ပတ္တိအားဖြင့် နှစ်ပါးရှိ၏၊ ထိုနှစ်ပါးတို့တွင် သင်္ချာမဟတ္တသမ္ပတ္တိကို ဘုရားဂုဏ်တော်ခန်း, သတ္ထာဒေဝမနုဿာနံ-ဟူသော ဂုဏ်တော်ဖွင့်တွင် ပြဆိုအပ်ခဲ့လေပြီ။

**[ဤအရာ၌ သာဝကတို့၏ဂုဏ် မြင့်မြတ်ကြီးကျယ်ခြင်းတည်းဟူသော ဂုဏမဟတ္တကို ဆိုရန်အခွင့် ရှိ၏၊ ထို့ကြောင့် (ဥပသမ္ပန္န) ရဟန်းအဖြစ်၌ တည်နေကြကုန်သော သာဝကတို့၏ ဂုဏမဟတ္တသမ္ပတ္တိကို ရှေးဦးစွာ ပြဆိုပေအံ့။]**

> သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိ ပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံစတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော၊ အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလီ ကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

ဘဂဝတော=မြတ်စွာဘုရား၏၊ သာဝကသံဃော=ကလျာဏပုထုဇ္ဇန်, သီလဝန်,ပညဝန် အရှင်မြတ်တို့နှင့်တကွသော အရိယာရှစ်ပါး တပည့်သားသံဃာတော်အပေါင်းသည်၊ သုပ္ပဋိပန္နော=အဓိသီလ, အဓိစိတ္တ,အဓိပညာ သိက္ခာသုံးရပ် လွန်ကောင်းမြတ်သော အကျင့်ပဋိပတ်ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပေ၏၊ ဘဂဝတော=မြတ်စွာဘုရား၏၊ သာဝကသံဃော=တပည့်သားသံဃာတော် အပေါင်းသည်၊ ဥဇုပ္ပဋိပန္နော=အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးရပ် လွန်ဖြောင့်မတ်သော အကျင့်ပဋိပတ်ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပေ၏၊ ဘဂဝတော=မြတ်စွာဘုရား၏၊ သာဝကသံဃော=တပည့်သား

www.dhammaransi.com



သံဃာတော်အပေါင်းသည်၊ ဉာယပ္ပဋိပန္နော=အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးရပ် လွန်သင့်မြတ်သော အကျင့်ပဋိပတ်ဂုဏ်တော်နှင့် ပြည့်စုံတော်မူပေ၏၊ ဘဂဝတော=မြတ်စွာဘုရား၏၊ သာဝကသံဃော=တပည့်သား သံဃာတော်အပေါင်းသည်၊ သာမိစိပ္ပဋိပန္နော=အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ် ရှိသေအပ်သော အကျင့်ပဋိပတ် ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူပေ၏၊ ယဒိဒံ-ယာနိ ဣမာနိ စတ္တာရိ ပုရိသယုဂါနိ=အကြင်လေးပါးသော ယောက်ျားမြတ်အစုံတို့သည်၊ သန္တိ=ရှိကြကုန်၏၊ ယဒိဒံ ယေ ဣမေ အဋ္ဌပုရိသ ပုဂ္ဂလာ=အကြင်ရှစ်ပါးသော ယောက်ျားမြတ်ပုဂ္ဂိုလ်တို့သည်၊ သန္တိ=ရှိကြကုန်၏၊ ဘဂဝတော=မြတ်စွာဘုရား၏၊ ဧသ-ဧသော သာဝကသံဃော=ဤလေးစုံရှစ်ပါး တပည့်သား သံဃာတော်မြတ်အပေါင်းသည်၊ အာဟုနေယျော=နိစ္စဗဒ် တည်ထားအပ်သော အလှူဝတ္ထုမျိုးကိုလည်း ခံယူခြင်းငှါ ထိုက်တန်စွာသော သီလ, သမာဓိ, ပညာ ဂုဏ်နှင့် ပြည့်စုံတော်မူ၏၊ ပါဟုနေယျော=အာဂန္တုအား ရည်၍ထားသော အလှူဝတ္ထုမျိုးကိုလည်း ခံယူခြင်းငှါ ထိုက်တန်စွာသော သီလ,သမာဓိ,ပညာဂုဏ်နှင့် ပြည့်စုံတော်မူ၏၊ ဒက္ခိဏေယျော=နောက်နောက်ဘဝ အကျိုးရဖို့ ပျိုးချတုံလတ် မြတ်သော အလှူမျိုးကို ခံယူခြင်းငှါ ထိုက်တန်စွာသော သီလ,သမာဓိ, ပညာဂုဏ်နှင့် ပြည့်စုံတော်မူ၏၊ အဉ္ဇလီကရဏီယော=လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့၏ လက်အုပ်ချီခြင်းကို ခံထိုက်သော သီလ,သမာဓိ, ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏၊ လောကဿ=သတ္တလောကကြီး တစ်ဝှမ်းလုံး၏၊ အနုတ္တရံ=အတုမရှိမြင့်မြတ်သော၊ ပုညက္ခေတ္တံ=ကုသိုလ်မျိုးကို စိုက်ပျိုးကြဲချရာ လယ်တာ မြေကောင်းသဖွယ်လည်း ဖြစ်တော်မူပေ၏။

(သံဃာတော်ဂုဏ်ကိုးပါး အနက်ပြီး၏။)

--------*--------

## ၁-သုပ္ပဋိပန္နစသော ဂုဏ်လေးပါး

သေက္ခပုဂ္ဂိုလ် ခုနစ်ဦးတို့သည် ကောင်းစွာကျင့်နေဆဲဖြစ်သောကြောင့်-

"သုဋ္ဌု ပဋိပဇ္ဇန္တီတိ သုပ္ပဋိပန္နာ"

သုဋ္ဌု=ကောင်းမွန်စွာ၊ ပဋိပဇ္ဇန္တိ=ကျင့်ဆဲဖြစ်ကြကုန်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ သုပ္ပဋိပန္နာ=သုပ္ပဋိပန္န မည်ကုန်၏၊

ဤသို့ ဝိဂြိုဟ်ပြု၍ သုပ္ပဋိပန္နမည်သည်၊ ရဟန္တာပုဂ္ဂိုလ်သည်ကား- ကျင့်ခြင်းကိစ္စ ပြီးစီးပြီးဖြစ်သောကြောင့်-

www.dhammaransi.com



"သုဋ္ဌု ပဋိပဇ္ဇိတ္ထာတိ သုပ္ပဋိပန္နော"

သုဋ္ဌု=ကောင်းစွာ၊ ပဋိပဇ္ဇိတ္ထ=ကျင့်ခြင်းကိစ္စ ပြီးစီးလေပြီ၊ ဣတိတသ္မာ= ထို့ကြောင့်၊ သုပ္ပဋိပန္နော=သုပ္ပဋိပန္နမည်၏၊

အရိယာသံဃာတော်ရှစ်ပါးသည် ကောင်းစွာကျင့်ဆဲကျင့်ပြီး ဖြစ်သော ကြောင့် သုပ္ပဋိပန္န မည်တော်မူသည်။

[ဥဇုပ္ပဋိပန္နစသော ပုဒ်တို့၌လည်း သေက္ခ ရဟန္တာခွဲ၍ ဝိဂြိုဟ်ပြုရာ၏။]

"ဥဇုကံ ပဋိပန္နာတိ ဥဇုပ္ပဋိပန္နာ"

ဥဇုကံ=ဖြောင့်မတ်တည်တံ့စွာ၊ ပဋိပန္နာ=ကျင့်တော်မူကြကုန်၏၊ ဣတိ တသ္မာ=ထို့ကြောင့်၊ ဥဇုပ္ပဋိပန္နာ=ဥဇုပ္ပဋိပန္န မည်ကုန်၏။

[ဖြောင့်ဖြောင့်ကျင့်သည်ဟူရာ၌ ကာယဝင်္က, ဝစီဝင်္က, မနောဝင်္က တည်းဟူသော ကိုယ်,နှုတ်,နှလုံး, အကောက်သုံးပါးတို့နှင့်ကင်း၍ စဉ်းလဲခြင်း လှည့်ဖြားခြင်းမရှိပဲ ကျင့်သည်ကို ယူရသည်။]

"ဉာယေန ပဋိပန္နာတိ ဉာယပ္ပဋိပန္နာ"

ဉာယေန=အသင့်အလျော်အားဖြင့်၊ ပဋိပန္နာ=ကျင့်တော်မူကြကုန်၏၊ ဣတိ တသ္မာ=ထို့ကြောင့်၊ ဉာယပဋိပန္နာ=ဉာယပဋိပန္န မည်ကုန်၏။

[အသင့်အလျော် ကျင့်သည်ဟူရာ၌ မချွတ်မယွင်း ကျင့်သည်၊ ကျင့်စဉ်နည်းလမ်း အတိုင်း လျော်ညီစွာကျင့်သည်ကို ယူရသည်။]

"သာမိစိံ ကတ္တာ ပဋိပန္နာတိ သာမိစိပ္ပဋိပန္နာ"

သာမိစိံကတွာ=အရိုအသေပြု၍၊ ပဋိပန္နာ=ကျင့်တော်မူကြကုန်၏၊ ဣတိ တသ္မာ=ထို့ကြောင့်၊ သာမိစိပ္ပဋိပန္နာ=သာမိစိပ္ပဋိပန္န မည်ကုန်၏။

[မြတ်စွာဘုရား ဟောကြားနည်းပြတော်မူသောအတိုင်း မဆန့်ကျင်စေမူ၍ လေးလေးမြတ်မြတ် ဂရုတစိုက်ကျင့်သည်ကို သာမိစိပ္ပဋိပန္န ဆိုသည်။]

ရဟန်းရှင်လူ-သုပ္ပဋိပန္နတူ။ ။ပြဆိုအပ်ပြီးသော ဂုဏ်တော်လေးပါးသည် သဘောအဓိပ္ပါယ်အားဖြင့် များစွာကြီး ထူးခြားလှသည် မဟုတ်၊ အကျင့်ပဋိပတ်ကို ကောင်းစွာကျင့်သည်, ဖြောင့်စွာ ကျင့်သည်, သင့်လျော်စွာကျင့်သည်, ရိုသေစွာ ကျင့်သည်ဟူ၍ အနည်းငယ်မျှသာ ထူးခြားလေသည်၊ ရဟန်းဖြစ်စေ, လူဖြစ်စေ အကြွင်အကြွင်ပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား ဆုံးမနည်းပေးတော်မူသောအတိုင်း အပြည့်အစုံ စင်စင်ကြယ်ကြ ၆

www.dhammaransi.com



ကျင့်ကြံအားထုတ်ကြကုန်၏၊ ထိုထိုပုဂ္ဂိုလ်တို့သည် သုပ္ပဋိပန္န, ဥဇုပ္ပဋိပန္န, ဉာယပ္ပဋိပန္န, သာမိစိပ္ပဋိပန္နတို့မည်ကုန်၏၊ သို့သော်လည်း ဤသံဃာ့ဂုဏ်တော် အရာ၌ အနုတ္တရပုညခေတ္တ အတုမရှိသော ကုသိုလ်၏ စိုက်ပျိုးရာ လယ်တာ မြေကောင်းကို အလိုရှိအပ်သောကြောင့် ရဟန်းသံဃာတို့ကိုသာလျှင် သုပ္ပဋိပန္န စသည်ဖြင့် ဂုဏ်တင်၍ ဆိုအပ်ကုန်သည်၊ စင်စစ်အားဖြင့်မူကား-သိက္ခာ သုံးရပ်တို့တွင် အဓိစိတ္တ, အဓိပညာဟုဆိုအပ်သော အထက်ဘာဝနာ အထက်သိက္ခာတို့၌ ကျင့်စဉ်စခန်းသည် လူ, ရှင်,ရဟန်းဟူ၍ အထူးအခြားမရှိ အတူအမျှပင်ဖြစ်၏၊ ထိုစကားမှန်၏၊ ဓမ္မပဒပါဠိတော်၌-

### လူရှင် ရဟန်းအကျင့် တူမျှပုံ သာဓက

အလင်္ကတောပိ စေ သမံ စရေယျ။
သန္တော ဒန္တော နိယတော ဗြဟ္မစာရီ။
သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ။
သ သမဏော သဗြာဟ္မဏော သဘိက္ခု။

ဟူ၍ ဟောတော်မူ၏။

စေ=အကယ်၍၊ အလင်္ကတောပိ=ဝတ်စားတန်ဆာ ကောင်းစွာဆင်ယင်သော လူပင်သော်လည်း၊ သမံ=ဖြောင့်မတ်ညီညွတ်စွာ၊ စရေယျ=ကျင့်သည် ဖြစ်ငြားအံ့၊ သဗ္ဗေသုဘူတေသု=အလုံးစုံသောသတ္တဝါတို့၌၊ ဒဏ္ဍံ=ညှဉ်းပန်း နှိပ်စက်ခြင်းတည်းဟူသော ဒဏ်ကို၊ နိဓာယ=ပယ်ချ၍၊ သန္တော=ငြိမ်သက်သည်၊ ဒန္တော=ယဉ်ကျေးသိမ်မွေ့သည်၊ နိယတော=စောင့်စည်းသည်၊ ဗြဟ္မစာရီ= မြတ်သောအကျင့်ကိုကျင့်သည်၊ စေ ဟောတိ=အကယ်၍ဖြစ်ငြားအံ့၊ သ-သော= ထိုပုဂ္ဂိုလ်သည်၊ သမဏော=ကိလေသာကို ငြိမ်းစေသောရဟန်းမည်၏၊ သ- သော=ထိုပုဂ္ဂိုလ်သည်၊ ဗြာဟ္မဏော=မကောင်းမှုကို အပပြုပြီးသော ဗြာဟ္မဏ မည်၏၊ သ-သော= ထိုပုဂ္ဂိုလ်သည်။ ဘိက္ခု=သံသရာဘေးကိုရှုသော ဘိက္ခုမည်၏။

အဓိသီလသိက္ခာအရာ၌မူကား လူနှင့်ရဟန်းတို့သည် လွန်စွာခြားနား ကြကုန်၏၊ ထိုစကားမှန်၏၊ လူတို့သည်ကား ငါးပါးသီလဟုဆိုအပ်သော သိက္ခာ ပုဒ်ငါးပုဒ်တို့သာလျှင် နိစ္စသီလရှိကြကုန်၏၊ ရဟန်းတော် အရှင်မြတ်တို့သည်ကား အတိုင်းမသိသော သိက္ခာပုဒ်တော်များရှိကြကုန်၏၊ ရဟန်းတို့၏ သိက္ခာပုဒ် များပြားကြောင်းကို အောက်ပါဂါထာတို့ဖြင့် ဝိသုဒ္ဓိမဂ်၌ပြဆို၏။

www.dhammaransi.com



## ကုဋေကိုးထောင်ကျော်- ရဟန်းတို့၏သိက္ခာပုဒ်တော်

၁။ နဝကောဋိသဟဿာနိ၊ အသီတိသတကောဋိယော။
ပညာသ သတသဟဿာနိ၊ ဆတ္တိံသစ ပုနာပရေ။
၂။ ဧတေ သံဝရဝိနယာ၊ သမ္ဗုဒ္ဓေန ပကာသိတာ။
ပေယျာလမုခေန နိဒ္ဒိဋ္ဌာ၊ သိက္ခာ သံဝရဝိနယေ။

၁။ -၂။ နဝကောဋိသဟဿာနိ=ကုဋေကိုးထောင်တို့လည်းကောင်း၊ အသီတိသတကောဋိယော=ကုဋေတစ်ရာ့ရှစ်ဆယ်တို့လည်းကောင်း၊ ပညာသ သတသဟဿာနိ=ငါးသန်းတို့လည်းကောင်း၊ ပုန=တစ်ဖန်၊ အပရေ=တစ်ပါး ကုန်သော၊ ဆတ္တိံသ သဟဿာနိ=သုံးသောင်း ခြောက်ထောင်တို့လည်းကောင်း၊ ပေယျာလ မုခေန=အကျဉ်းချုပ်ပြ ပေယျာလ အမြွက်အားဖြင့်၊ နိဒ္ဒိဋ္ဌာ=ညွှန်ပြ အပ်ကုန်သော၊ ဧတေ သံဝရ ဝိနယာ=ထိန်းသိမ်းစောင့်စည်းအပ်ကုန်သော ထိုဝိနည်းသိက္ခာပုဒ်တို့သည်၊ သံဝရ ဝိနယေ=ဝိနည်းပိဋကတ်၌၊ သမ္ဗုဒ္ဓေန=မြတ်စွာ ဘုရားသည်၊ ပကာသိတာ=ထုတ်ပြပညတ်တော်မူအပ်ကုန်သော၊ သိက္ခာ=သိက္ခာ ပုဒ်တို့သည်၊ ဟောန္တိ=ဖြစ်ကုန်၏။

[ဝိနည်း ပိဋကတ်တော်၌ ရဟန်းတို့၏ သိက္ခာပုဒ်ပေါင်းသည် (၉၁၈၀၅၀၃၆၀၀၀) ကုဋေ ကိုးထောင့်တစ်ရာ ရှစ်ဆယ့်ငါးသန်း သုံးသောင်း ခြောက်ထောင် ရှိသည် ဟူလို။]

- **ကိုးထောင့်တစ်ရာ၊ ရှစ်ဆယ်သာ၊ သင်္ချာကုဋေထုတ်။**
- **ငါးသန်းသုံးသောင်း၊ ခြောက်ထောင်ဆောင်း၊ များတောင်း သိက္ခာပုဒ်။**

### ရဟန်းတော် အရှင်မြတ်၊ လယ်တာမြေကောင်းမှတ်--

ထို့ကြောင့် ဥပသမ္ပန္နဘုံ၌တည်၍ အတိုင်းမသိ များပြားသည့် သိက္ခာပုဒ် တို့ကို ကျင့်ဆောင်တော်မူကြကုန်သော ရဟန်းတော်အရှင်မြတ်တို့သည်သာလျှင် အတုမရှိသောကောင်းမှု၏ စိုက်ပျိုးရာ လယ်တာမြေကောင်းသဖွယ်တို့ ဖြစ်ကြ ကုန်သည်၊ ကျင့်ဆောင်ကြိုးစားကြကုန်သော ထိုတပည့်သာဝကတို့သည် အဘယ် သို့လျှင် ကောင်းမွန်စွာ ကျင့်ခြင်းကိစ္စ ပြီးစီးကြကုန်သနည်း၊ အကြင်သို့သော အခြင်းအရာအားဖြင့် မြတ်စွာဘုရားသည် ထိုတပည့် သာဝကတို့အား အကျင့် ပဋိပတ်တို့ကို ဟောကြားတော်မူအပ်ကုန်၏၊ ထိုသို့ ဟောကြားတော်မူအပ် သောအတိုင်း ကျင့်ဆောင်ကြိုးစားကြကုန်သည်ရှိသော် ထိုတပည့် သာဝက၊

www.dhammaransi.com



တို့သည် ကောင်းစွာကျင့်ခြင်းကိုစွ, ဖြောင့်စွာကျင့်ခြင်းကိုစွ, သင့်လျော်စွာ ကျင့်ခြင်းကိုစွ, ရိုသေစွာကျင့်ခြင်းကိုစွ ပြီးစီးကြသည်မည်ကုန်၏၊ အဘယ်သို့လျှင် မြတ်စွာဘုရားသည် ထိုတပည့်သာဝကတို့အား အကျင့်ပဋိပတ်ကို ဟောကြားတော်မူပါသနည်း၊ ဆိုလတ္တံ့သောစကားရပ်ဖြင့် သာဝကတို့အား အကျင့်ပဋိပတ် ဟောကြားပုံကို သိအပ်၏။

## ဗောဓိပက္ခိယတရားအလင်း-ပါရမီ၏ ပြီးဆုံးခြင်း

အရှင်ဥဒါယီအား မြတ်စွာဘုရားဟောတော်မူအပ်သော သုတ္တန်၌ အို ဥဒါယီ-တစ်ဖန်တုံ ငါဘုရားသည် တပည့်သားတို့အား အကျင့်ပဋိပတ်ကို ဟောကြားတော်မူအပ်၏၊ အကြင်ပဋိပတ်အတိုင်း ကျင့်ဆောင်ကြကုန်သော ငါဘုရား၏တပည့်သားတို့သည် သတိပဋ္ဌာန်လေးပါးကို ပွါးများကြကုန်၏၊ ထိုသို့ ပွါးများရာ၌ ငါဘုရား၏ များစွာသော တပည့်သားတို့သည် အထူးသိမြင် အဘိညာဏ်လမ်းပေါက်ကြကုန်လျက် ပါရမီ၏ ပြီးဆုံးခြင်းသို ဆိုက်ရောက်ကုန်သည်ဖြစ်၍နေကြကုန်၏၊ ငါဘုရားသည် တပည့်သာဝကတို့အား အကျင့်ပဋိပတ်တို့ကို ဟောကြားတော်မူအပ်ကုန်၏၊ အကျင့်ပဋိပတ်အတိုင်း ကျင့်ဆောင်ကြကုန်သော ငါဘုရား၏တပည့်သားတို့သည် သမ္မပ္ပဓာန်လေးပါးတို့ကို ပွါးများကြကုန်၏၊ ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများကြကုန်၏၊ ဣန္ဒြေငါးပါးတို့ကို ပွါးများကြကုန်၏၊ ဗိုလ်ငါးပါးတို့ကို ပွါးများကြကုန်၏၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများကြကုန်၏၊ အရိယမဂ္ဂင်ရှစ်ပါးတို့ကို ပွါးများကြကုန်၏၊ ထိုသို့ပွါးများရာ၌ ငါဘုရား၏ များစွာသောတပည့်သားတို့သည် အထူးသိမြင် အဘိညာဏ်လမ်းပေါက်လျက် ပါရမီ၏ ပြီးဆုံးခြင်းသို့ ရောက်ကုန်သည်ဖြစ်၍ နေကြကုန်၏၊ ငါဘုရားသည် တပည့်သာဝကတို့အား အကျင့်ပဋိပတ်တို့ကို ဟောကြားတော်မူအပ်ကုန်၏၊ အကျင့်ပဋိပတ်အတိုင်း ကျင့်ဆောင်ကြကုန်သော ငါဘုရား၏ တပည့်သားတို့သည် ဝိမောက္ခစျာန်ရှစ်ပါးတို့ကို ပွါးများကြကုန်၏၊ အဘိဘာယတနစျာန် ရှစ်ပါးပါးတို့ကို ပွါးများကြကုန်၏၊ ကသိဏာယတနစျာန် ဆယ်ပါးတို့ကို ပွါးများကြကုန်၏၊ စျာန်လေးပါးတို့ကို ပွါးများကြကုန်၏၊ ထိုသို့ပွါးများရာ၌ ငါဘုရား၏များစွာသော တပည့်သားတို့သည် အထူးသိမြင် အဘိညာဏ်လမ်းပေါက်ကြကုန်လျက် ပါရမီ၏ပြီးဆုံးခြင်းသို့ ရောက်၍နေကြကုန်၏။

[အထက်ပါစကားရပ်၌ စျာန်လေးပါးဆိုသည်မှာ ပထမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်လေးပါးကို ယူလေ၊ ကသိုဏ်းစျာန် အသုဘစျာန်, အနုဿတိစျာန်,

www.dhammaransi.com



**အပ္ပမညာစျာန်, ဗြဟ္မဝိဟာရစျာန်, အရူပစျာန်တို့သည် ဆိုခဲ့ပြီးသော စျာန်လေးပါးတို့၌ အကျုံးဝင်ကုန်၏။]**

**[ဆိုအပ်ပြီးသော စကားရပ်သည်ကား လောကီဘာဝနာအကျင့်ပဋိပတ်ပေတည်း။]**

## လောကီဘာဝနာ၏အကျိုး

အလင်းရောင် အာရုံတည်းဟူသော အာလောကသညာကို ကောင်းစွာ နှလုံးသွင်းသော ပုဂ္ဂိုလ်အား ဉာဏဒဿန ဉာဏ်အမြင်အမျိုးမျိုးတို့သည် ပြီးစီး ပေါ်ပေါက်လာကုန်၏၊ အချို့သောပုဂ္ဂိုလ်အား ကိုယ်ခန္ဓာ၌ရှိသော ဒွတ္တိံသ ကောဋ္ဌာသတို့၌ ဉာဏ်အမြင်ပေါက်ရောက် ပြီးစီးလေ၏၊ အချို့သောပုဂ္ဂိုလ်အား အရိုး၌ ဉာဏ်အမြင် ပေါက်ရောက်ပြီးစီး၏၊ အချို့သောပုဂ္ဂိုလ်အား မိမိဝိညာဏ် စိတ်၌ ဉာဏ်အမြင် ပေါက်ရာက်ပြီး စီး၏၊ အချို့သောပုဂ္ဂိုလ်အား သူတစ်ပါးတို့၏ ဝိညာဏ်၌လည်း ဉာဏ်အမြင်ပေါက်ရောက်ပြီးစီး၏၊ အချို့သောပုဂ္ဂိုလ်အား လူမှတစ်ပါးသော နတ်စသောပုဂ္ဂိုလ်တို့၌လည်း ဉာဏ်အမြင်ပေါက်ရောက်ပြီးစီး၏။

**[ဉာဏ်အမြင် ပေါက်ရောက်ပြီးစီး ဆိုသည်မှာ ကြည်ကြည်လင်လင် မျက်စိဖြင့် မြင်ဘိသကဲ့သို့ ဉာဏ်ထဲတွင် ထင်မြင်သည်ကို ဆိုသည်။]**

ထိုဉာဏ်အမြင် အမျိုးမျိုးတို့သည် အပ္ပနာသို့ မရောက်သေးပဲ ပင်သော်လည်း ထင်မြင်ဖြစ်ပေါ်လာတတ်ကုန်၏၊ ထိုစကားမှန်၏၊ အရောင်အလင်းအာရုံ ကိုလည်းကောင်း အရိုးအာရုံကိုလည်းကောင်း အာနာပါနကိုလည်းကောင်း တစ်စုံတစ်ခုသောကသိုဏ်းကိုလည်းကောင်း စူးစိုက်သက်ဝင် ဆင်ခြင်နှလုံးသွင်း၍ နေစဉ် အချို့သောပုဂ္ဂိုလ်အား အပ္ပနာသို့မရောက်မီ ဥပစာရစျာန်အခိုက်မျှ၌ တည်၍ နီဝရဏတရား ကွာသဖြင့် စိတ်ကြည်လင်သောအခါ ထိုဉာဏ်အမြင် အမျိုးမျိုးတို့သည် ပေါ်ပေါက်ဖြစ်ပွါးလာတတ်ကုန်၏ ထုတ်ပြလတ္တံ့သော သုတ္တန်၌ မူကား ဝိညာဏ်၌ ဉာဏ်အမြင်ပေါက်ရောက်မှုကို ဟောကြားတော်မူ၏။

## ပဋိပတ်အကျင့်စခန်း-အဘိညာဏ်ရလမ်း

**ထိုသုတ်၏မြန်မာပြန်**---အိုဥဒါယီ, တစ်ဖန်တုံ ငါဘုရားသည် တပည့်သား တို့အား အကျင့်ပဋိပတ်တို့ကို ဟောကြားတော်မူအပ်ကုန်၏၊ အကြင်ပဋိပတ် အားလျော်စွာ ကျင့်ကြကုန်သော ငါဘုရား၏တပည့်သားတို့သည် ဝိညာဏ် တရားကို မျက်မှောက်ထင်ထင်အားဖြင့် မြင်ကြကုန်၏၊ စိတ်ဖြင့်ပြီးစီးသော

www.dhammaransi.com



ကိုယ်ကိုဖန်ဆင်းနိုင်ကြကုန်၏၊ တစ်ပါးမက များစွာ စီရင်ဖန်ဆင်းအပ်သော တန်ခိုး အမျိုးမျိုးကို ခံစားကြရကုန်၏၊ တစ်ယောက်တည်းဖြစ်သော်လည်း များစွာဖြစ် အောင် ဖန်ဆင်းနိုင်ကုန်၏၊ အများကိုလည်း တစ်ဦးတည်းဖြစ်အောင် ဖန်ဆင်း နိုင်၏၊ မျက်မှောက်ထင်ရှားဖြစ်အောင်, မျက်ကွယ်ဖြစ်အောင် ဖန်ဆင်းနိုင်၏၊ နံရံ ခြားရာအရပ်, တံတိုင်းခြားရာအရပ်, တောင်ခြားရာအရပ်သို့လည်းကောင်း ကင်ပြင်၌ သွားလာသကဲ့သို့ မထိမခိုက် မငြိမတွယ်အောင် သွားနိုင်၏၊ ရေ၌ ငုတ်တုံ့, ပေါ်တုံ့ပြုဘိသကဲ့သို့ မြေကြီး၌သော်လည်း ငုတ်တုံ့, ပေါ်တုံ့ ပြုစွမ်း နိုင်ကုန်၏၊ မြေပြင်၌သွားဘိသကဲ့သို့ ရေအပြင်၌သော်လည်း မနစ်မြုပ် မကွဲပြား အောင် သွားစွမ်းနိုင်၏၊ အတောင်ရှိသောငှက်သည် ကောင်းကင်၌ ပျံသန်း ဘိသကဲ့သို့ ကောင်းကင်ပြင်၌ တင်ပြင်ခွေသဖြင့် သွားစွမ်းနိုင်ကုန်၏၊ ဤမျှလောက် တန်ခိုးကြီးကုန်သော ဤမျှလောက် အာနုဘော်ကြီးကုန်သော ဤလဝန်း, နေဝန်းတို့ကိုလည်း လက်ဖြင့် သုံးသပ်နိုင်ကုန်၏၊ ပွတ်တိုက်နိုင်ကုန်၏၊ ဗြဟ္မာပြည် သို့တိုင်အောင်သော်လည်း ကိုယ်ဖြင့်အလိုသို့ပါစေနိုင်ကုန်၏၊ ဗြဟ္မာပြည်သို့ တိုင်အောင် ပကတိကိုယ်ဖြင့် သွားရောက်နိုင်ကုန်၏၊ ထိုသို့ ဝိညာဏ်ကို ဉာဏ် အမြင် ပေါက်ရောက်မှု၌ ငါဘုရား၏တပည့်သား များစွာတို့သည် အထူးသိမြင် အဘိညာဏ်ပေါက်ကြကုန်လျက် ပါရမီ၏ပြီးဆုံးခြင်းသို့ ရောက်ကြကုန်သည် ဖြစ်၍ နေကြကုန်၏။

အို ဥဒါယီ, တစ်ဖန်တုံ အကျင့်ပဋိပတ်အားလျော်စွာ ကျင့်ကြကုန်သော ငါဘုရား၏ တပည့်သားတို့သည် နတ်၏နားနှင့်တူသော ဒိဗ္ဗသောတဖြင့် နတ် ပြည်၌ဖြစ်သောအသံ, လူ့ပြည်၌ဖြစ်သောအသံ, အဝေး၌ရှိသောအသံ, အနီး၌ ရှိသောအသံ ဤအသံအမျိုးမျိုးတို့ကို ကြားစွမ်းနိုင်ကြကုန်၏။

အို ဥဒါယီ, တစ်ဖန်တုံ အကျင့်ပဋိပတ် အားလျော်စွာ ကျင့်ကြကုန်သော ငါဘုရား၏တပည့်သားတို့သည် တစ်ပါးသောသတ္တဝါ တစ်ပါးသောပုဂ္ဂိုလ်တို့၏ စိတ်ကို မိမိစိတ်ဖြင့်ပိုင်းခြား၍ သိစွမ်းနိုင်ကြကုန်၏။

အိုဥဒါယီ, တစ်ဖန်တုံ အကျင့်ပဋိပတ်အားလျော်စွာကျင့်ကြကုန်သော ငါဘုရား၏ တပည့်သားတို့သည် တစ်ပါးမက များလှစွာသော ရှေး၌ဖြစ်ဖူးသည့် ဘဝဇာတ်အစဉ်ကို အောက်မေ့ သိစွမ်းနိုင်ကြကုန်၏၊ အဘယ်သို့ သိစွမ်းနိုင်ကြ ကုန်သနည်းဟူမူကား ဘဝဇာတ်တစ်ခုကိုလည်းကောင်း, ဘဝဇာတ်နှစ်ခုတို့ကို လည်းကောင်း, ဘဝဇာတ်သုံးခုတို့ကိုလည်းကောင်း, ဘဝဇာတ်လေးခုတို့ကို

www.dhammaransi.com



လည်းကောင်း, ဘဝဇာတ်ငါးခုတို့ကိုလည်းကောင်း, ဘဝဇာတ်တစ်ဆယ်တို့ကို လည်းကောင်း, ဘဝဇာတ်အရာတို့ကိုလည်းကောင်း, ဘဝဇာတ်အထောင်တို့ ကိုလည်းကောင်း, ဘဝဇာတ် အသောင်းတို့ကိုလည်းကောင်း, ဘဝဇာတ်အသိန်း တို့ကိုလည်းကောင်း အောက်မေ့သိစွမ်းနိုင်ကြကုန်၏၊ များစွာသော သံဝဋ္ဋကပ် တို့ကိုလည်းကောင်း, များစွာသော ဝိဝဋ္ဋကပ်တို့ကိုလည်းကောင်း, များစွာသော သံဝဋ္ဋကပ်, ဝိဝဋ္ဋကပ်တို့ကိုလည်းကောင်း, အောက်မေ့သိစွမ်းနိုင်ကြကုန်၏။

အို ဥဒါယီ, တစ်ဖန်တုံ အကျင့်ပဋိပတ်အားလျော်စွာ ကျင့်ကြကုန်သော ငါဘုရား၏ တပည့်သားတို့သည် နတ်မျက်စိနှင့်တူသော ဉာဏ်မျက်စိဖြင့် စုတေ ဆဲဖြစ်သောသတ္တဝါ, ပဋိသန္ဓေနေဆဲဖြစ်သော သတ္တဝါ, ကံအားလျော်စွာ ဘုံဘဝ သို့ကပ်၍ ဖြစ်ကြကုန်သော သတ္တဝါတို့ကို သိနိုင်ကြကုန်၏။

(ဤကား လောကီဘာဝနာ၏ အကျိုးတို့ပေတည်း။)

## လောကုတ္တရာ ပဋိပဒါဘာဝနာ

**နဝင်္ဂုတ္တရပါဠိတော်၌---**

အနိစ္စသညာ ဘာဝေတဗ္ဗာ၊ အသ္မိမာနသ္သ သမုဂ္ဃါတာယ၊ အနိစ္စသညိနော မေဃိယ အနတ္တသညာ သဏ္ဌာတိ၊ အနတ္တ သညိနော အသ္မိမာနော သမုဂ္ဃါတံ ပါပုဏာတိ ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနံ။

အသ္မိမာနသ္သ=ငါငါဟူ၍ မာန်မူထင်မြင်ခြင်းကို၊ သမုဂ္ဃါတာယ=ပယ်သတ် ဖျက်ဆီးခြင်းငှါ၊ အနိစ္စသညာ=မမြဲဟုထင်စွဲသော အနိစ္စသညာကို၊ ဘာဝေတဗ္ဗာ= ပွါးများအပ်၏၊ မေဃိယ=ချစ်သား မေဃိယ၊ အနိစ္စသညိနော=မမြဲဟုမှတ်ထင် စွဲမြဲ၍နေသောသူအား၊ အနတ္တသညာ=ကိုယ်ဟုစွဲလမ်းစရာ အနှစ်သာရ အတ္တမရှိဟူသော အနတ္တအထင်သည်၊ သဏ္ဌာတိ=အလိုလိုတည်လာ၏၊ အနတ္တ သညိနော=အနတ္တသညာ ထင်မြင်လာသောသူအား၊ အသ္မိမာနော=ငါငါဟူ၍ မာန်မူ ထင်မြင်ခြင်းသည်၊ သမုဂ္ဃါတံ=ပယ်သတ်ဖျက်ဆီးခြင်းသို့၊ ပါပုဏာတိ= ရောက်၏၊ ဒိဋ္ဌေဝဓမ္မေ=မျက်မှောက်ဘဝ၌ပင်လျှင်၊ နိဗ္ဗာနံ=ငြိမ်းချမ်းသက်သာခြင်း သည်၊ ဟောတိ=ဖြစ်၏။

ဆိုလိုရင်းအဓိပ္ပါယ်မှာ ငါငါဟူသောအမှတ်အထင်ကို ပယ်သတ်ခြင်းငှါ အနိစ္စသညာကိုပွါးများအပ်၏၊ အနိစ္စသညာ ထင်မြင်လာလျှင် ကိုယ်ဟုစွဲလမ်းစရာ အနှစ်သာရမရှိဟူသော အနတ္တသညာသည် အလိုလို ထင်မြင်လာ၏၊ အနတ္တ

www.dhammaransi.com



သညာထင်မြင်လာလျှင် ငါငါဟူသော အထင်အမြင်ကိုပယ်သတ်နိုင်၏၊ မျက်မှောက်ဒိဋ္ဌ၌ပင်လျှင် ငြိမ်းချမ်းသက်သာခြင်း နိဗ္ဗာန်ချမ်းသာကို ခံစားရလေ၏ ဟူလို။

[ခန္ဓဝဂ္ဂသံယုတ် ပဉ္စမဗုဒ္ဓဝဂ်၌လည်း လောကုတ္တရာ ပဋိပတ်၏ အခြေမူလဖြစ်သော အနိစ္စသညာကို ဟောတော်မူ၏။]

## အမြဲမရှိပွါးအပ် ဘဝကင်းပြတ်နိဗ္ဗာနဓာတ်

**ထိုသုတ်၏မြန်မာပြန်**---ချစ်သားရဟန်းတို့, အနိစ္စသညာကို ပွါးအပ်သည် ရှိသော် အဖန်များစွာလေ့လာအပ်သည်ရှိသော် ကာမဘဝ၌ သာယာသော ကာမရာဂအလုံးစုံကို ကုန်ခန်းစေနိုင်၏၊ ရူပဘဝ၌ သာယာသော ရူပရာဂ အလုံးစုံကို ကုန်ခန်းစေနိုင်၏၊ ဘဝအမျိုးမျိုး၌ သာယာသော ဘဝရာဂအလုံးစုံကို ကုန်ခန်းစေနိုင်၏၊ အလုံးစုံသော အဝိဇ္ဇာကို ကုန်ခန်းစေနိုင်၏၊ အလုံးစုံသော အသ္မိမာနကို ပယ်နှုတ်နိုင်၏။

**လယ်ထွန်သမား၊ မြက်ကားရိပ်သူ၊ ညှာမူသရက်၊ စွန်ထက်အထွတ်၊**
**မလွတ်အကျော်၊ နှစ်မော်စန္ဒကူး၊ ပန်းထူး မိုးစွေ၊ မင်းလေစကြာ၊**
**ရောင်မှာလမင်း ၊ တူရင်းသူရိယ၊ ပမာပြ' မှတ်ကြ အနိစ္စာ။**

ချစ်သားရဟန်းတို့- ဥပမာသော်ကား၊ တန်ဆောင်မုန်းလအခါ၌ လယ်ထွန်သမားသည် ကြီးစွာသောထွန်ဖြင့် ထွန်သည်ရှိသော် အလုံးစုံသော သစ်မြစ်အစဉ်ကို ဖြတ်ခွဲသုတ်သင်လျက် ထွန်သကဲ့သို့လည်းကောင်း, ဥပမာတစ်နည်း သော်ကား ဖြတ်မြက်ရိတ်သမားသည် ဖြတ်မြတ် ကိုရိတ်၍ အဖျား၌ကိုင်ပြီးလျှင် နှဲ၍ခါသကဲ့သို့လည်းကောင်း, နှဲ၍ဆောင်သကဲ့သို့လည်းကောင်း,

ဥပမာတစ်နည်းသော်ကား သရက်သီးခိုင်ကိုအညှာမှ ဖြတ်အပ် ဆွတ်ခူး အပ်သည်ရှိသော် ထိုသရက်သီးခိုင်၌ အကြင်သရက်သီးတို့သည် အညှာ၌ ဖွဲ့ တွယ်စပ်ယှက်ကြကုန်၏၊ ထိုသရက်သီး အလုံးစုံတို့သည် ထိုအညှာသို့ လိုက်ပါ ကြကုန်ဘိသကဲ့သို့လည်းကောင်း,

ဥပမာတစ်နည်းသော်ကား အထွတ်တပ်သောပြာသာဒ်၏ အကြင်အလုံး စုံသော အခြင်တို့သည် ဒိုင်းမျှား, ရနယ်စသည်တို့သည် ရှိကြကုန်၏၊ ထိုအလုံး စုံသော အခြင်တို့သည် အထွတ်သို့သာ ဆုံစည်းကြကုန်၏၊ အထွတ်သို့သာ

www.dhammaransi.com



စုရုံးကြကုန်၏၊ အထွတ်သည် ထိုအခြင်တို့၏ အစွန်အဖျားဆိုအပ်သကဲ့သို့လည်းကောင်း,

ဥပမာ တစ်နည်းသော်ကား အလုံးစုံသော အမြစ်နံ့သာမျိုးတို့သည် ရှိကုန်၏၊ ထိုအမြစ်နံ့သာမျိုးတို့တွင် အကျော်နံ့သာကို အမြတ်ဆုံးဆိုအပ် သကဲ့သို့လည်းကောင်း,

ဥပမာတစ်နည်းသော်ကား အလုံးစုံသော အနှစ်နံ့သာမျိုးတို့သည် ရှိကုန်၏၊ ထို အနှစ်နံ့သာမျိုးတို့တွင် စန္ဒကူးနီကို အမြတ်ဆုံးဆိုအပ်သကဲ့သို့လည်းကောင်း,

ဥပမာတစ်နည်းသော်ကား အလုံးစုံသော ပန်းမျိုး, နံ့သာမျိုးတို့သည် ရှိကုန်၏၊ ထိုပန်းမျိုး, နံ့သာမျိုးတို့တွင် မိုးစွေပန်းကို အမြတ်ဆုံး ဆိုအပ်သကဲ့သို့လည်းကောင်း,

ဥပမာတစ်နည်းသော်ကား အလုံးစုံသော တိုင်းကြပ်မင်းငယ် အပေါင်းတို့သည်ရှိကြကုန်၏၊ စကြာမင်းကို ထိုမင်းတို့ထက် အမြတ်ဆုံး ဆိုအပ်ဘိသကဲ့သို့လည်းကောင်း,

ဥပမာတစ်နည်းသော်ကား အလုံးစုံသော ကြယ်တာရာတို့၏ အရောင်တို့သည် ရှိကုန်၏၊ ထိုအလုံးစုံသော ကြယ်တာရာရောင်တို့သည် လမင်းရောင်ကို တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်စာမျှ မထိုက် မမှီကုန်၊ လမင်းအရောင်သည်သာလျှင် ထိုကြယ်တာရာရောင်တို့ထက် မြတ်၏ဟူ၍ ဆိုအပ်သကဲ့သို့လည်းကောင်း,

ရဟန်းတို့ ဥပမာတစ်နည်းသော်ကား မိုးတိမ်စင်ကြယ်သော တန်ဆောင်မုန်းလအခါ၌ နေမင်းသည် ကောင်းကင်သို့တက်သည်ရှိသော် ကောင်းကင်အပြင်၌တည်သော အလုံးစုံသော အမိုက်အမှောင်စုကို နှိပ်နင်းပယ်ဖျောက်၍ ထွန်းလင်းသကဲ့သို့လည်းကောင်း, တောက်ပသကဲ့သို့လည်းကောင်း, တင့်တယ်သကဲ့သို့လည်းကောင်း,

ချစ်သားရဟန်းတို့, ဤအတူပင်လျှင် အနိစ္စသညာကို ပွါးများအပ်သည်ရှိသော် အဖန်များစွာလေ့လာအပ်သည်ရှိသော် အလုံးစုံသော ကာမရာဂကို ကုန်ခန်းစေနိုင်၏၊ အလုံးစုံသော ရူပရာဂကို ကုန်ခန်းစေနိုင်၏၊ အလုံးစုံသော ဘဝရာဂကို ကုန်ခန်းစေနိုင်၏၊ အလုံးစုံသော အဝိဇ္ဇာကို ကုန်ခန်းစေနိုင်၏၊ အလုံး

www.dhammaransi.com



စုံသော အသိမှာနကို ပယ်နှုတ်နိုင်၏။

[ဤပါဠိတော်စကားရပ်ဖြင့် လောကုတ္တရာပဋိပဒါ ကျင့်လမ်းတွင် အနိစ္စသညာသည် လိုရင်း ပဓာနဖြစ်ကြောင်း အနိစ္စသညာကောင်းကောင်း ထင်မြင်လာသည်ရှိသော် ကိစ္စပြီးစီး နိုင်ကြောင်းကို ပြဆို၏။]

[ လောကုတ္တရာပဋိပဒါဘာဝနာကိုပြဆိုခန်းပြီး၏။]

## လောကုတ္တရာ ပဋိပဒါဘာဝနာ၏အကျိုး ဖိုလ်လေးမျိုး

သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်, အရဟတ္တဖိုလ် ဤဖိုလ်လေးပါးသည် လောကုတ္တရာအကျင့်ပဋိပတ်၏ အကျိုးအာနိသင်မည်၏၊ သောတာပတ္တိဖိုလ်၌တည်သော အရိယာသာဝက တပည့်သားတော်မြတ်သည် သောတာပန်မည်၏၊ သကဒါဂါမိဖိုလ်၌တည်သော အရိယာသာဝကသည် သကဒါဂါမ်မည်၏၊ အနာဂါမိဖိုလ်၌တည်သော အရိယာသာဝကသည် အနာဂါမ်မည်၏၊ အရဟတ္တဖိုလ်၌ တည်ပြီးသော အာသဝေါမရှိသော အရိယာ သာဝကသည် ရဟန္တာ မည်၏။

ခန္ဓာငါးပါးတို့၌ အနိစ္စသညာကို ပွါးများသည်ရှိသော်, ကြိမ်ဖန်များစွာ အလေ့အလာပြုသည်ရှိသော် သံယောဇဉ်သုံးပါးတို့၏ ကုန်ခန်းခြင်းကြောင့် သောတာပန်ဖြစ်လေ၏၊ အပါယ်လေးပါးသို့ ကျရောက်ရန် သဘောမရှိ၊ သုဂတိ ဘုံဘဝတည်းဟူသော မြဲသောဂတိရှိ၏၊ အထက် မဂ်ဉာဏ်သို့သာလျှင် ဆိုက် ရောက် လည်းလျောင်းရာရှိ၏၊

ထိုအနိစ္စသညာကိုပင်လျှင် တစ်ဖန်ပွါးများပြန်သည်ရှိသော် ကြိမ်ဖန်များစွာ အလေ့အလာပြုပြန်သည်ရှိသော် ရုန့်ရင်းကြမ်းတမ်းသော ကာမရာဂနှင့် ဗျာပါဒ တို့ကိုပယ်သဖြင့် သကဒါဂါမ်ဖြစ်လေ၏၊ ဤ ကာမသုဂတိဘုံသို့ ပဋိသန္ဓေအားဖြင့် တစ်ကြိမ်မျှကျင်လည်ရန် အလားရှိ၏။

ထိုအနိစ္စသညာကို တစ်ဖန်ပွါးများပြန်သည်ရှိသော် ကြိမ်ဖန်များစွာ အလေ့ အလာပြုပြန်သည်ရှိသော် သိမ်မွေ့သောကာမရာဂနှင့် ဗျာပါဒကို အကြွင်းမဲ့ပယ် သဖြင့် အနာဂါမ်ဖြစ်လေ၏၊ ပဋိသန္ဓေအားဖြင့် ဤကာမဘုံသို့လာရန် သဘော မရှိချေ။

ထိုအနိစ္စသညာကိုပင်လျှင် တစ်ဖန်ပွါးများပြန်သည်ရှိသော် ကြိမ်ဖန်များစွာ အလေ့အလာပြုပြန်သည်ရှိသော် အလုံးစုံသော ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သဖြင့် အာသဝေါကုန်ခန်းသော ရဟန္တာအဖြစ်သို့ ရောက်လေ၏၊ မြတ်

www.dhammaransi.com



သောအလျှကို ခံထိုက်၏၊ မျက်မှောက်ဘဝ၌ပင်လျှင် ငြိမ်းချမ်းသက်သာ ရာကို ရလေ၏။

ဤသို့ဖြစ်သော လောကုတ္တရာလမ်း စခန်းအစဉ်ကို ရည်၍-

အနိစ္စသညိနော မေဃိယ အနတ္တသညာ သဏ္ဌာတိ၊

အနတ္တသညိနော အသ္မိမာနော သမုဂ္ဃာတံ ပါပုဏာတိ ဒိဋ္ဌေဝဓမ္မေ နိဗ္ဗာနံ။

ဟူသောစကားကို မြတ်စွာဘုရား မိန့်တော်မူလေသည်။

**သောတာပန်သုံးမျိုး။** ။ထိုစကားရပ်၌ သောတာပန်သည် (၁) သတ္တက္ခတ္တု ပရမ သောတာပန်, (၂) ကောလံကောလ သောတာပန်, (၃) ဧကဗီဇ သောတာပန် ဟူ၍ သုံးမျိုးရှိ၏၊ ထိုတွင်-

၁။ အကြင်သောတာပန်သည် ကာမသုဂတိဘဝ၌ ခုနစ်ကြိမ်တိုင်တိုင် ပဋိသန္ဓေယူခြင်းသဘောရှိ၏၊ ထိုသောတာပန်သည် **သတ္တက္ခတ္တု ပရမ** သောတာပန်မည်၏။

၂။ အကြင်သောတာပန်သည် ကာမသုဂတိဘုံ၌ပင်လျှင် ခြောက်ကြိမ်သော်လည်းကောင်း, ငါးကြိမ်သော်လည်းကောင်း, လေးကြိမ်သော်လည်းကောင်း, သုံးကြိမ်သော်လည်းကောင်း, နှစ်ကြိမ်သော်လည်းကောင်း, ပဋိသန္ဓေဟူရန် သဘောရှိ၏၊ ထိုသောတာပန်ငါးမျိုးသည် **ကောလံကောလ** သောတာပန်မည်၏။

## တဒ္ဒိတ်ပုဒ်အရ-သမာသ်ပုဒ်တွဲ၍ပြ

ကုလတော ကုလံ ပုနပ္ပုနံ ဂစ္ဆတီတိ ကောလံကောလော။

ကုလတော=ဘဝတစ်မျိုးမှ၊ ကုလံ=ဘဝတစ်မျိုးသို့၊ ပုနပ္ပုနံ=အဖန်ဖန်၊ ဂစ္ဆတိ=ကျင်လည်ပြောင်းသွားတတ်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ ကောလံ ကောလော=ကောလံကောလမည်၏။

၃။ အကြင်သောတာပန်သည် ကာမသုဂတိဘုံ၌ တစ်ကြိမ်မျှသာလျှင် ဖြစ်သော ပဋိသန္ဓေမျိုးစေ့သည် ကျန်ရှိ၏၊ ထိုသောတာပန်သည် **ဧကဗီဇ** သောတာပန် မည်၏။

ထို သောတာပန်တို့တွင် သတ္တက္ခတ္တုပရမ သောတာပန်သည် အညံ့ဆုံး အောက်တန်းအကျဆုံးဖြစ်၏၊ ထိုအညံ့ဆုံးသော သောတာပန် အရိယာသာဝက၏ မျက်မှောက်ဘဝ၌ရအပ်သော ဒိဋ္ဌလက်တွေ့ဖြစ်သော မဂ်၏အကျိုးကို ကြီးကျယ်

www.dhammaransi.com



ကြောင်းကိုပင် မဟာဝဂ္ဂသံယုတ် အဘိသမယဝဂ်၌ ဤသို့ဟောကြားတော်မူ၏။

မြေကြီး ပမာဏ၊ ဝဋ်ဒုက္ခ ကုန်ခန်းပုံပြ၊

**ထိုသုတ်၏ မြန်မာပြန်**--ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် လက်သည်းတော်ဖျားပေါ်၌ အနည်းငယ်မျှသော မြေမှုန့်ကိုတင်ပြီးလျှင် ရဟန်းတို့ကို ခေါ်၍ မိန့်တော်မူသည်မှာ ငါဘုရား၏လက်သည်းတော်ဖျားပေါ်၌ တင်ထားအပ်သော အကြင်မြေမှုန့်သည်လည်း ရှိ၏၊ ဤမဟာပထဝီမြေကြီးသည်လည်း ရှိ၏၊ ဤနှစ်ပါးတို့တွင် အဘယ်အရာက များပါသနည်းဟူ၍ မေးတော်မူ၏၊ အရှင်ဘုရား, အကြင်မဟာပထဝီမြေကြီးသည် ရှိ၏၊ ထိုမဟာပထဝီမြေကြီးသည် သာလျှင် များပြားပါသည်၊ ဘုန်းတော်ကြီးသောမြတ်စွာဘုရား၏ လက်သည်းတော်ဖျားပေါ်၌ တင်ထားအပ်သော ဤမြေမှုန့်သည်ကား အနည်းငယ်မျှသာ ဖြစ်ပါသည် ဟူ၍လျှောက်ထားကြကုန်၏။

အိုချစ်သားရဟန်းတို့-ဤအတူပင်လျှင် လောကုတ္တရာပညာနှင့် ပြည့်စုံသော တရားအထူးကို သိမြင်ပေါက် ရောက်ပြီးသော တပည့်မြတ် ဖြစ်သော သောတာပန်ပုဂ္ဂိုလ်အား အကြင်ကုန်ခန်းသောဝဋ်ဒုက္ခသည် ရှိ၏၊ ထိုကုန်ခန်းပြီးသော ဝဋ်ဒုက္ခသည်သာလျှင် အလွန်များပြားလှစွာ၏၊ ကြွင်းကျန်သေးသော ဝဋ်ဒုက္ခသည်ကား အနည်းငယ်မျှဖြစ်၏ ဟူ၍ ဟောတော်မူ၏။

[**နိဒါနဝဂ္ဂ အဘိသမယသံယုတ်၌လည်း ဤသို့သဘောရှိသော သုတ္တန်တို့ကို များစွာဟောကြားတော်မူအပ်ကုန်၏၊ အထက်ပါ သုတ္တန်စကားရပ်သည် သတ္တက္ခတ္တုပရမ ဟုဆိုအပ်သောအရိယာသာဝက အညံ့ဆုံးကိုရည်၍ ဟောတော်မူအပ်သော စကားဖြစ်သည်၊ ထို့ထက်မြင့်မြတ်သော အထက်အထက်ဖြစ်သော အရိယာသာဝကတို့၏ ကုန်ပြီးသော ဝဋ်ဒုက္ခ၏များပြားပုံ ကြွင်းကျန်သော ဝဋ်ဒုက္ခ၏ နည်းပါးပုံကိုမူကား အထူးဆိုဖွယ် မရှိပေ၊ အထက်ပါသုတ္တန်ဖြင့်သာလျှင် ဆင်ခြင်သိသာ ထိုက်ပေ၏။**]

မြတ်စွာဘုရား၏ သာသနာတော်မြတ်၌ တရားထူးရခြင်းသည် ဤမျှလောက်အကျိုးကြီးလေ၏၊ ဤဆိုအပ်ပြီးသော စကားရပ်သည်ကား ကာမဘုံ၌ စျာန်မရသော အရိယာသာဝက သာမညတို့အတွက် ဆိုအပ်သော စကားဖြစ်သည်၊ အကြင်အရိယာသာဝကတို့သည် စျာန်ကိုရ၍ ဤလူ့ပြည်မှ စုတေကြကုန်သည်ရှိသော် ဗြဟ္မာဘုံတို့၌ ဖြစ်ကြလေကုန်၏။ ထိုသို့သဘောရှိသော အရိယာပုဂ္ဂိုလ်တို့၏အတွက် ဟောကြားတော်မူအပ်သော သုတ္တန်တို့သည်လည်း များစွာရှိကြကုန်၏၊ ဆိုလတ္တံ့သော စတုကင်္ဂုတ္တရပါဠိတော် စကားရပ်ဖြင့် ဗြဟ္မာ

www.dhammaransi.com



ပြည်သို့ ဆိုက်ရောက်ကြကုန်သော အရိယာသာဝကတို့၏ ဖြစ်ပုံအလားကို သိအပ်၏။

## သူတော်ကောင်း တရားဝေး၊ ပြဟ္မာပုထုဇ္ဇန်အပါယ်ဘေး

**ထိုပါဠိတော်၏မြန်မာပြန်**---ချစ်သားရဟန်းတို့, ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပထမဈာန်ကို ရရှိဝင်စားနေ၏၊ ထိုပုဂ္ဂိုလ်သည် ထိုမိမိရရှိဝင်စား၍နေသော ပထမဈာန်ကို သာယာ၏၊ ထိုပထမဈာန်၌ တည်လျက် စုတေလေသည်ရှိသော် ပထမဈာန်ပြဟ္မာဘုံ၌ ဖြစ်လေ၏၊ ပထမဈာန်ပြဟ္မာတို့၏ အသက်တမ်းသည် တစ်ကမ္ဘာရှိ၏၊ ထိုပြဟ္မာဘုံ၌ ပုထုဇ္ဇန်ဖြစ်ခဲ့လျှင် အသက်တမ်းရှိသည့်အတိုင်းတည်နေ၍ စုတေလေသောအခါ ငရဲဘုံသို့လည်း လားရလေ၏၊ တိရစ္ဆာန်ဘုံသို့လည်း လားရလေ၏၊ ပြိတ္တာဘုံသို့လည်း လားရလေ၏၊ မြတ်စွာဘုရား၏ တပည့်သား အရိယာသာဝကသည်မူကား ထိုပြဟ္မာဘုံ၌ အသက်တမ်းရှိသည့်အတိုင်း တည်နေပြီးလျှင် ထိုပြဟ္မာဘုံ၌ပင်လျှင် ပရိနိဗ္ဗာန်ပြုလေ၏၊ အိုရဟန်းတို့, ဤဆိုအပ်ပြီးသည်ကား သူတော်ကောင်းတရားကို ကြားနာရခြင်းမရှိသော ပုထုဇ္ဇန်နှင့် စုတိအားဖြင့်လည်းကောင်း, ပဋိသန္ဓေအားဖြင့်လည်းကောင်း ထူးခြားပုံပေတည်း။

**[ဤနည်းနှင့်အတူ အထက်ဈာန် အထက်ဘုံတို့၌ ပုထုဇ္ဇန်နှင့် အရိယာ ပုဂ္ဂိုလ်တို့၏ ထူးခြားပုံကို ဟောတော်မူသော သုတ္တန်လေးခုတို့လည်း ရှိကုန်သေး၏။]**

**[ဤသည်ကား-လောကုတ္တရာ အကျင့်ပဋိပတ်၏ အကျိုးအာနိသင်များပေတည်း။]**

**ဤနေရာ၌ မေးဖွယ်ရှိသည်ကား**--ယခုခေတ်အခါ အရိယာပုဂ္ဂိုလ် မဟုတ်ကြပဲ သီလသိက္ခာမျှတို့၌သာ တည်၍နေကြကုန်သော ကလျာဏပုထုဇ္ဇန်ဖြစ်သော ရဟန်းတို့သည် သုပ္ပဋိပန္နမည်ကုန်သလော, သို့မဟုတ် သုပ္ပဋိပန္န မမည်ပဲ ရှိကုန်သလောဟူ၍ မေးကြကုန်ရာ၏။

**အဖြေကား။** ။ သုပ္ပဋိပန္န မမည်ဟု မဆိုထိုက်ကြကုန်၊ သုပ္ပဋိပန္န ပုဂ္ဂိုလ်ဟူ၍သာလျှင် ဆိုထိုက်ကုန်၏၊ အကြောင်းကား၊ အလုံးစုံသော ရဟန်းတို့၏ သီလသိက္ခာကို အရိယသီလက္ခန္ဓ၌သွင်း၍ ရေတွက်အပ်၏။

**ပါဠိတော်အထောက်ကား-**

သော ဣမိနာ အရိယေန သီလက္ခန္ဓေန သမန္နာဂတော အဇ္ဈတ္တံ အနဝဇ္ဇသုခံ ပဋိသံဝေဒေတိ၊ သော ဣမိနာ အရိယေန

www.dhammaransi.com



ဣန္ဒြိယသံဝရေန သမန္နာဂတော အဗ္ဗျတ္တံ အဗျာသေကသုခံ ပဋိသံဝေဒေတိ။

[သာမညဖလသုတ် ပါဠိတော်]

အရိယေန=မြတ်သော၊ ဣမိနာသီလက္ခန္ဓေန=ဤသီလအစုနှင့်၊ သမန္နာဂတော=ပြည့်စုံသော၊ သော=ထိုပုဂ္ဂိုလ်သည်၊ အဇ္ဈတ္တံ=မိမိအဇ္ဈတ္တသန္တာန်၌၊ အနဝဇ္ဇသုခံ=အပြစ်မရှိသောချမ်းသာကို၊ ပဋိသံဝေဒေတိ=ခံစားရ၏၊ အရိယေန=မြတ်သော၊ ဣမိနာဣန္ဒြိယသံဝရေန=ဤဣန္ဒြိယ သံဝရသီလနှင့်၊ သမန္နာဂတော=ပြည့်စုံသော၊ သော=ထိုပုဂ္ဂိုလ်သည်၊ အဇ္ဈတ္တံ=မိမိအဇ္ဈတ္တသန္တာန်၌၊ အဗျာသေကသုခံ=ဒုက္ခနှင့်မရောယှက် သက်သက်စင်ကြယ်သော ချမ်းသာကို၊ ပဋိသံဝေဒေတိ=ခံစားရ၏။

**ဝိနည်းပရိဝါ ပါဠိတော်၌လည်း-**

ကေ သိက္ခန္တိ ကေ သိက္ခိတသိက္ခာတိ ပုထုဇ္ဇန ကလျာဏကေန သဒ္ဓိံ သတ္တသေက္ခာ သိက္ခန္တိ၊ အရဟန္တော ခီဏာသဝါ သိက္ခိတသိက္ခာ။

ဟူ၍ ကလျာဏပုထုဇ္ဇန်ကို သေက္ခပုဂ္ဂိုလ်တို့နှင့် သဘောတူ ပူးတွဲ၍ ဟောတော်မူသည်။

ကေ=အဘယ်ပုဂ္ဂိုလ်တို့သည်၊ သိက္ခန္တိ=ကျင့်ဆဲဖြစ်ကုန်သနည်း၊ ကေ=အဘယ်ပုဂ္ဂိုလ်တို့သည်၊ သိက္ခိတသိက္ခာ=ကျင့်ပြီးသော အကျင့် သိက္ခာရှိကြကုန်သနည်း၊ ဣတိ=ဤကားအမေးတည်း၊ ပုထုဇ္ဇန ကလျာဏကေန=ကလျာဏပုထုဇ္ဇန်ပုဂ္ဂိုလ်နှင့်၊ သဒ္ဓိံ=တကွ၊ သတ္တသေက္ခာ=သေက္ခပုဂ္ဂိုလ် ၇-ဦးတို့သည်၊ သိက္ခန္တိ=ကျင့်ဆဲဖြစ်ကုန်၏၊ ခီဏာသဝါ=အာသဝေါ ကုန်ခန်းကုန်ပြီးသော၊ အရဟန္တော=ရဟန္တာပုဂ္ဂိုလ်တို့သည်၊ သိက္ခိတ သိက္ခာ=ကျင့်ပြီးသောအကျင့် သိက္ခာရှိကြကုန်၏။

**[ဤပါဠိတော်ကိုထောက်၍ အရိယသီလက္ခန္ဓ, အရိယဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံတော်မူကြကုန်သော ကလျာဏပုထုဇ္ဇန် ရဟန်းတော်အရှင်မြတ်များကို သုပ္ပဋိပန္န ပုဂ္ဂိုလ်များဖြစ်ကြကုန်သည်ဟူ၍ မှတ်ယူထိုက်ပေကုန်သည်၊ သုပ္ပဋိပန္န ဆိုထိုက်လျှင် ဥဇုပ္ပဋိပန္န စသည်ဖြင့် ဆိုထိုက်ကြောင်းကိုလည်း သိရာ၏။]**

**စောဒနာဖွယ်ရှိပြန်သည်မှာ---ထိုကဲ့သို့ကလျာဏ ပုထုဇ္ဇန်ရဟန်းကို** သုပ္ပဋိပန္နဆိုထိုက်ပါလျှင် (အဋ္ဌပုရိသပုဂ္ဂလာ)ဟူ၍ မဆိုပဲ (နဝ ပုရိသပုဂ္ဂလာ)

www.dhammaransi.com



ဟုဆို၍ သုပ္ပဋိပန္န ပုဂ္ဂိုလ် ၉-ပါး ဖြစ်တန်ရာသည် မဟုတ်ပါလောဟု စောဒနာ ပြန်ရာ၏။

**အဖြေကား**----ထိုသို့ ပုဂ္ဂိုလ်ကိုးပါးမူကား မဖြစ်နိုင်၊ ရှစ်ပါးဟူ၍သာ ဖြစ်နိုင်၏၊ အကြောင်းမူကား ထိုအရိယသီလ, အရိယက္ကန္ဒြိယ သံဝရသီလတို့ကို ကျင့်ဆဲဖြစ်သော ကလျာဏပုထုဇ္ဇန် ရဟန်းတော်ကို သောတာပတ္တိဖိုလ်သို့ မျက်မှောက်ပြုရန် ကျင့်ဆဲဖြစ်သော ပထမသေက္ခ ပုဂ္ဂိုလ်၌ အပါအဝင် သွင်း၍ ရေတွက်အပ်သောကြောင့်တည်း။

**နဝင်္ဂုတ္တရပါဠိတော်၌----**

၁။ နဝယိမေ ပုဂ္ဂလာ၊ ကတမေ နဝ၊ အဋ္ဌ အရိယပုဂ္ဂလာစ ပုထုဇ္ဇနောစ။

၂။ နဝယိမေ ပုဂ္ဂလာ အာဟုနေယျာ၊ ကတမေ နဝ၊ အဋ္ဌ အရိယပုဂ္ဂလာစ ဂေါတြဘုစ။

၁။ ဣမေပုဂ္ဂလာ=ဤပုဂ္ဂိုလ်တို့သည်၊ နဝ=ကိုးပါးတို့တည်း၊ နဝ=ကိုးပါး တို့ဟူသည်၊ ကတမေ=အဘယ်သည်တို့နည်း၊ အဋ္ဌ=ရှစ်ပါးကုန်သော၊ အရိယ ပုဂ္ဂလာစ=အရိယာပုဂ္ဂိုလ်တို့လည်းကောင်း၊ ပုထုဇ္ဇနောစ=ပုထုဇ္ဇန်ပုဂ္ဂိုလ်လည်း ကောင်း၊ ဣတိ=ဤသို့ နဝ=ကိုးပါးတည်း။

၂။ အာဟုနေယျာ=အာဟုနေယျမည်ကုန်သော၊ ဣမေ ပုဂ္ဂလာ= ဤပုဂ္ဂိုလ် တို့သည်၊ နဝ=ကိုးပါးတို့တည်း၊ နဝ=ကိုးပါးတို့ဟူသည်၊ ကတမေ=အဘယ်သည် တို့နည်း၊ အဋ္ဌ=ရှစ်ပါးကုန်သော၊ အရိယပုဂ္ဂလာစ=အရိယာပုဂ္ဂိုလ်တို့လည်းကောင်း၊ ဂေါတြဘုစ=ဂေါတြဘုပုထုဇ္ဇန်လည်းကောင်း၊ ဣတိ=ဤသို့ နဝ=ကိုးပါးတို့တည်း။

## ပုထုဇ္ဇန်နှစ်သွယ်-အာဟုနေယျ ဂုဏ်ထိုက်ဖွယ်

ထိုသုတ္တန်နှစ်ရပ်တို့တွင် ပထမသုတ္တန်၌ ပုထုဇ္ဇန်ဆိုသည်မှာ သာသနာ အတွင်း၌ရှိသော ဒုဿီလပုထုဇ္ဇန်, သာသနာပ၌ရှိသော ပုထုဇ္ဇန်တို့နှင့်တကွ ပုထုဇ္ဇန်မှန်သမျှတို့ကို သိမ်းကျုံး၍ယူအပ်၏၊ ထို့ကြောင့် ထိုပထမသုတ်မှာ "အာဟုနေယျ" ပုဒ်ကိုချန်၍ ဟောတော်မူသည်။

ဒုတိယ အာဟုနေယျပုဂ္ဂလသုတ်၌ ဂေါတြဘု,ဆိုသည်ကို ကလျာဏ ပုထုဇ္ဇန်တို့တွင် အထွတ်အထိပ်ဆုံးဖြစ်၍ သောတာပတ္တိမဂ်၏ အခြားမဲ့၌ နီးကပ်၍တည်သော ဂေါတြဘုပုထုဇ္ဇန်ကို ယူအပ်၏၊ ထိုပုဂ္ဂိုလ်သည် အာဟုနေယျ ပုဂ္ဂိုလ်ဖြစ်၏၊ ဤသုတ္တန်၌ ဂေါတြဘုပုဂ္ဂိုလ်ကို ဟောတော်မူသဖြင့် ထိုဂေါတြဘု မှရှေး၌ဖြစ်ကုန်သော သီလဝိသုဒ္ဓိ အရာ၌တည်သော ကလျာဏပုထုဇ္ဇန်ရဟန်း.

www.dhammaransi.com



လောကီဝိသုဒ္ဓိခြောက်ပါးတို့၌တည်သော ကလျာဏပုထုဇ္ဇန်ရဟန်းတို့ကိုလည်း အာဟုနေယျ ပုဂ္ဂိုလ်အဖြစ်ဖြင့် ယူသင့်ယူထိုက်သည်သာလျှင် ဖြစ်၏၊ အာဟုနေယျ ဆိုသဖြင့် သုပ္ပဋိပန္နဆိုခြင်းကိစ္စလည်း ပြီးလေတော့သည်သာဖြစ်၏၊ ဤစကား ရပ်ဖြင့် မြတ်စွာဘုရားသည် တပည့်သာဝကတို့အား အဘယ်သို့လျှင် အကျင့် ပဋိပတ်တို့ကို ဟောကြားတော်မူအပ်ကုန်သနည်း, ဟူ၍ ရှေး၌ပြဆိုခဲ့သော မေးမြန်းချက်၏ အဖြေဖြစ်သော စကားရပ်ပြီး၏။

[ဤသို့လျှင် မြတ်စွာဘုရားသည် အကြင်သို့သော အခြင်းအရာအားဖြင့် အကျင့် ပဋိပတ်တို့ကို ဟောကြားတော်မူအပ်ကုန်၏၊ ထိုသို့သော အခြင်းအရာအားဖြင့် ကျင့်တော် မူကြကုန်သော ရဟန်းအဖြစ်၌တည်သော ကလျာဏပုထုဇ္ဇန်နှင့်တကွ အရိယာပုဂ္ဂိုလ် ရှစ်ပါးတို့သည် သုပ္ပဋိပန္န, ဥဇုပ္ပဋိပန္န ဉာယပ္ပဋိပန္န, သာမိစိပ္ပဋိပန္န မည်တော်မူကြလေကုန်၏ ဟူ၍သိမှတ်ရာ၏။]

---------✱---------

## အာဟုနေယျစသောဂုဏ်တော်ငါးပါး

### တဒ္ဒိတ်ဝိဂ္ဂြိုဟ်

"အာဟုနံ အရဟတီတိ အာဟုနေယျော"

အာဟုနံ=နိစ္စဗဒ်တည်သော အလှူဝတ်ကို၊ အရဟတိ=ခံခြင်းငှါထိုက်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ အာဟုနေယျော=အာဟုနေယျ မည်၏။

မိဘ,ဆရာ, ပူဇော်ရိုသေထိုက်သူများကိုရည်၍ ရှေးကပြုပေ ဖူးသော ကျေးဇူးအထူးကို အောက်မေ့ဆင်ခြင်ပြီးလျှင် ကတညုတ, ကတဝေဒီတရားကို ပွါးများဖြည့်ဆည်းပူးသည်၏အစွမ်းအားဖြင့် အမြဲမပြတ် နိစ္စဗဒ်ဝတ် တည်ထား အပ်သောအလှူဝတ်သည် **အာဟုန** မည်၏၊ ထိုအလှူကိုခံထိုက်သောကြောင့် **အာဟုနေယျ** မည်သည်။

"တေနခေါပန သမယေန အာယသ္မတော ဗြဟ္မဒေဝဿ
မာတာ ဗြာဟ္မဏီ ဗြဟ္မုနော အာဟုတိံ နိစ္စံ ပဂ္ဂဏှာတိ"

တေန ခေါပန သမယေန=ထိုအခါ၌၊ အာယသ္မတော ဗြဟ္မဒေဝဿ= အရှင်ဗြဟ္မဒေဝ၏၊ မာတာ=အမိဖြစ်သော၊ ဗြာဟ္မဏီ=ပုဏ္ဏေးမသည်၊ ဗြဟ္မုနော= ဗြဟ္မာ့ကိုယ်ဆင်ခေါင်း ဂုဏ်ပေါင်းလွန်ကဲ မဟာပိန္နဲခေါ် နတ်မင်းကျော်အား၊ နိစ္စံ အာဟုတိံ=နိစ္စဗဒ်တည်သော အလှူဝတ်ကို၊ ပဂ္ဂဏှာတိ=ချီးမြှင့်လုပ်ကျွေး၏။

www.dhammaransi.com



ဟူသော ဖြတ္ထသံယုတ်ပါဠိတော်ကိုထောက်၍ အာဟုန ဆိုသည်ကား နိစ္စဗဒ်တည်သော အလှူဝတ်ဟူ၍ သိအပ်၏၊ အာဟုတိ,နှင့် အာဟုန, အနက်တူ၏၊ မိဘတို့သည်လည်း သားသမီးတို့၏ ဤသို့နိစ္စဗဒ် တည်ထား ပြုစုအပ်သော ဝတ်ကို ခံထိုက်သောကြောင့် အာဟုနေယျ,ပင် မည်ကြကုန်ပေ၏။

## တဒ္ဓိတ်ဝိဂြိုဟ်

"ပါဟုနံ အရဟတီတိ ပါဟုနေယျော"

ပါဟုနံ=ဧည့်သည်အာဂန္တုတို့အလို့ငှါ ရည်စူး၍ထားအပ်သော အလှူကို၊ အရဟတိ=ခံထိုက်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ ပါဟုနေယျော=ပါဟုနေယျ မည်၏။

ဧည့်သည်ကိုလည်းကောင်း, ဧည့်သည်၏အကျိုးငှါ ရည်ညွှန်း၍ ထားအပ်သော အလှူဝတ္ထုကိုလည်းကောင်း ပါဟုနခေါ်သည်၊ ထို ပါဟုန၏ အနက်အဓိပ္ပါယ်ကို ပြဆိုလတ္တံ့သော တေမိယဇာတ် ပါဠိတော်ဖြင့် သိအပ်၏။

ဣဒံပိ ပဏ္ဏကံ မယှံ၊ ရန္ဓံ ရာဇ အလောဏကံ။
ပရိဘုဉ္စ မဟာရာဇ၊ ပါဟုနော မေ ဣဓာဂတော။

(ပတ္ဘာဝတ္ထုသာဓက)

ရာဇ=ခမည်းတော်မင်းကြီး၊ ဣဒံပိ ပဏ္ဏကံ=ဤကံပြင်းရွက်ကိုလည်း၊ မယှံ=အကျွန်ုပ်သည်၊ အလောဏကံ=ဆားမခပ်ရပဲ၊ ရန္ဓံ=ပြုတ်၍ ထားအပ်ပါ၏၊ မဟာရာဇ=ခမည်းတော်မင်းမြတ်၊ ပရိဘုဉ္စ=သုံးဆောင်တော်မူပါလော၊ မေ=အကျွန်ုပ်၏၊ ပါဟုနော=ဧည့်သည်တော်ဖြစ်သော ရှင်မင်းကြီးသည်၊ ဣဓာဂတော=ဤအရပ်သို့ ဆိုက်ရောက်တော်မူလာပေ၏။

ထို့ကြောင့် ပါဟုနဆိုသည်ကား မိမိနေရာဌာနသို့ ဆိုက်ရောက်လာကြကုန်သော ဆွေမျိုး, မိတ်ဆွေ,ဧည့်သည်, အာဂန္တုတို့အား သူတော်ကောင်းတို့၏ ရှေးဟောင်းကျင့်ဝတ်ကို မချွတ်မယွင်းစေသောအားဖြင့် စီရင်ဧည့်ခံပြုစု လုပ်ကျွေးတည်ထားအပ်သောဝတ္ထုကို ပါဟုနဆိုသည် ဟုသိအပ်၏၊ မိမိသည် ဧည့်သည်အာဂန္တုအဖြစ်ဖြင့် ဆွေမျိုး, မိတ်ဆွေ စသည်တို့၏ နေရပ်ဌာနသို့ ဆိုက်ရောက်လေသောအခါ မိမိရှေ့သို့ တည်ခင်းဆိုက်ရောက်လာသော ဝတ္ထုပစ္စည်းကိုလည်း **ပါဟုန** ဟူ၍ပင် ဆိုအပ်၏၊ ထိုဧည့်သည်အာဂန္တုတို့၏အတွက် ရည်မှန်း လျှာဒါန်းအပ်သော အလှူဝတ္ထုကိုခံခြင်းငှါထိုက်သောကြောင့် **ပါဟုနေယျ** မည်သည်။

www.dhammaransi.com



## တဒ္ဓိတ်ဝိဂ္ဂြိုဟ်

"ဒက္ခိဏာ အရဟတီတိ ဒက္ခိဏေယျော"

ဒက္ခိဏံ=သဒ္ဓါသဖြင့် လှူအပ်သော အလှူဝတ္ထုကို၊ အရဟတိ=ခံခြင်းငှါ ထိုက်၏။ ဣတိတသ္မာ=ထို့ကြောင့်၊ ဒက္ခိဏေယျော=ဒက္ခိဏေယျ မည်၏။

ဒက္ခိဏာဆိုသည်ကား---အဟုန, ပါဟုနမျိုးမဟုတ်ပဲ သက်သက် ကံကို လည်းကောင်း, ကံ၏အကျိုးကိုလည်းကောင်း, ယုံကြည်အားထား၍ နောင်အခါ အကျိုးထူးကို ခံစားရလိမ့်မည်ဟူ၍လည်းကောင်း, ပါရမီကုသိုလ် ပြည့်စိမ့်သော ငှါလည်းကောင်း, သီလစသော ဂုဏ်ကျေးဇူးတို့ကို ပူဇော်ချီးမြှောက်ခြင်းငှါလည်း ကောင်း, သဒ္ဓါသဖြင့် စီရင်၍ထားအပ်သော သဒ္ဓါဒေယျဒါနသည် ဒက္ခိဏာ မည်၏၊ ထိုဒက္ခိဏာမည်သော အလှူဝတ္ထုကို ခံထိုက်သောကြောင့် ဒက္ခိဏေယျ မည်သည်။

**[ဆိုအပ်ပြီးသော ဒါနသုံးမျိုးကို အရိယာသံဃာတော်အား လှူဒါန်းအပ်သည်ရှိသော် အထူးသဖြင့် ကြီးကျယ်ဖွံ့ဖြိုးသော အကျိုးအာနိသင်ကို ဖြစ်စေတတ်၏၊ ထို့ကြောင့် အရိယာသံဃာတော်သည် အာဟုနေယျ, ပါဟုနေယျ, ဒက္ခိဏေယျ ဟူသောဂုဏ်ကို ရရှိတော်မူသည်။]**

## တဒ္ဓိတ်ဝိဂ္ဂြိုဟ်

"အဉ္ဇလိကရဏံ အရဟတီတိ အဉ္ဇလိကရဏီယော"

အဉ္ဇလိကရဏံ=လက်အုပ်ချီမိုး ရှိခိုးရိုသေခြင်းကို၊ အရဟတိ=ခံထိုက်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ အဉ္ဇလိကရဏီယော=အဉ္ဇလိကရဏီယမည်၏။

သုပ္ပဋိပန္နစသောဂုဏ်တို့နှင့် ပြည့်စုံ၍ မြတ်သောပုဂ္ဂိုလ်ဖြစ်သောကြောင့် လက်အုပ်ချီခြင်းကို ခံထိုက်သည်၊ လက်အုပ်ချီခြင်းကို အဉ္ဇလိကမ္မ ဟူ၍လည်း ကောင်း, အဉ္ဇလိကရဏဟူ၍လည်းကောင်း ဆိုအပ်၏၊ ထို့ကြောင့် **အဉ္ဇလိ ကရဏီယ** မည်၏။

**တစ်ကြိမ်ရှိခိုးက ကောင်းကျိုးအသချေ်။** ။ဤလောက၌ ဣဿရိယဂုဏ်နှင့် ပြည့်စုံသော မင်းစိုးရာဇာတို့အား ရှိခိုးလျှင် ထိုက်သည့်အားလျော်စွာ လောကီအကျိုးကို ပေးတတ်သကဲ့သို့ သုပ္ပဋိပန္နစသော ဂုဏ်ကောင်းဂုဏ်မြတ်တို့နှင့် ပြည့်စုံသော အရှင်မွန်, အရှင်မြတ် တို့ကိုရှိခိုးလျှင် မရေတွက်နိုင်သော သံသရာ၏ ကောင်းကျိုးချမ်းသာတို့ကို ပေးနိုင်လေသည်၊ ဤသို့ ရှိရှင်မြတ်နိုး တစ်ကြိမ်ခိုးက ကောင်းကျိုးအသချေ် ပေးနိုင် ပေသောကြောင့် ထိုအရှင်မွန် အရှင်မြတ်တို့သည် အဉ္ဇလိကရဏီယဟူသော

www.dhammaransi.com



ဂုဏ်ထူးကို ရရှိတော်မူကြကုန်သည်။

## အကျင့်ပဋိပတ်ပြည့်စုံ-လယ်တာမြေကောင်းနှင့်တူပုံ

အောက်၌ပြဆိုအပ်ပြီးသော အကျင့်ပဋိပတ်တို့နှင့် ပြည့်စုံသော အရိယာသာဝကသည် သုပ္ပဋိပန္နစသောဂုဏ်နှင့် ပြည့်စုံတော်မူ ကြကုန်၏၊ သုပ္ပဋိပန္နစသော ဂုဏ်တို့နှင့်ပြည့်စုံသော အရိယာသာဝကသည် အာဟုနေယျစသောဂုဏ်နှင့် ပြည့်စုံတော်မူကြကုန်သည်၊ ထိုဂုဏ်တို့နှင့်ပြည့်စုံတော်မူကြသော အရိယာသာဝက၌ လှူဒါန်းအပ်သော အလှူသည်သာလျှင် အတုမရှိကြီးမြတ်သော အကျိုးကိုပေးနိုင်၏၊ လယ်တာမြေကောင်း၌ စိုက်ပျိုးလုပ်ကိုင်သော လယ်သမားသည် အသီးအနှံများစွာကို ရရှိသကဲ့သို့ ထို့အတူ သုပ္ပဋိပန္နစသောဂုဏ်နှင့် ပြည့်စုံသော အရိယာသာဝက၌ လှူဒါန်းသော ပုဂ္ဂိုလ်သည် များမြတ်ကြီးကျယ်သော အကျိုးကိုရရှိလေ၏၊ ထို့ကြောင့် ပြဆိုအပ်ပြီးသော အရိယာသာဝကတို့သည် လောက၌ ကုသိုလ်မျိုးစေ့ကို စိုက်ပျိုးကြချရာ လယ်တာမြေကောင်းကြီးများသဖွယ် ဖြစ်ကြကုန်သည်၊ သို့ဖြစ်၍ ထိုအရိယာ သာဝကတို့ကို **အနုတ္တရံ ပုညက္ခေတ္တံ လောကဿ** ဟူသောဂုဏ်နှင့် ပြည့်စုံသည်ဟူ၍ ဆိုအပ်ကုန်၏၊ ပေါင်းမြက်ထူထပ် ရေငတ် ခြောက်သွေ့၍နေသော ကျတ်တီးလယ်ပြင်၌ များလှစွာသော မျိုးကောင်း, မျိုးမွန် တို့ကို စိုက်ပျိုးသော်လည်း ဖွံ့ဖြိုးသောအသီးအနှံတို့ကို မရရှိနိုင်သကဲ့သို့ သုပ္ပဋိပန္နစသောဂုဏ်တို့နှင့် မပြည့်စုံသော ဒုဿီလပုဂ္ဂိုလ်တို့၌ လှူဒါန်းအပ်သော ကုသိုလ်မျိုးစေ့သည်လည်း ဖွံ့ဖြိုးသောအကျိုးကို မပေးနိုင်၊ ပေါင်းမြက်ကင်းရှင်း၍ ကန်သင်းရေလာကောင်းသော လယ်ကောင်း၌ စိုက်ပျိုးအပ်သော မျိုးစေ့ အနည်းငယ်သည် ဖွံ့ဖြိုးများမြောင်သော အသီးအနှံတို့ကို ရရှိစေနိုင်သကဲ့သို့ သုပ္ပဋိပန္နစသောဂုဏ်နှင့် ပြည့်စုံတော်မူသော အရိယာသာဝကတို့၌ လှူဒါန်းအပ်သော ကုသိုလ်မျိုးသည် ဖွံ့ဖြိုးကြီးကျယ်သော အကျိုးကို ရရှိစေနိုင်၏၊ ဤ ပုညက္ခေတ္တံ ဂုဏ်နှင့်စပ်၍ အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ အောက်၌ပါသော ဂါထာတို့ကို မြတ်စွာဘုရား ဟောကြားတော်မူသည်။

### ကျတ်တည်းကုန်းခေါင်-သုသီ,ယောင်

၁။ ဥဇ္ဇင်္ဂလေ ယထာ ခေတ္တေ၊ ဗီဇံ ဗဟုံပိ ရောပိတံ၊
န ဝိပုလံ ဖလံ ဟောတိ၊ နာပိ တောသေတိ ကဿကံ။

၂။ တထေဝ ဒါနံ ဗဟုကံ၊ ဒုဿီလေသု ပတိဋ္ဌိတံ၊
န ဝိပုလံ ဖလံ ဟောတိ၊ နာပိ တောသေတိ ဒါယကံ။

မိခင်ရောဝတီ

www.dhammaransi.com



၁-၂။ ဥဇုဂ်လေး=ကုန်းခေါင်ရေရှားသော၊ ခေတ္တေ=ကျတ်တီး လယ်ပြင်၌၊ ဗီဇံ=မျိုးစေ့ကို၊ ဗဟုံ=များစွာ၊ ရောပိတံပိ=စိုက်ပျိုးအပ်ပါသော်လည်း၊ ဝိပုလံ= ပြန့်ပြောများပြားသော၊ ဖလံ=အသီးအနှံသည်၊ န ဟောတိ ယထာ=မဖြစ်မထွန်း ဘိသကဲ့သို့၊ ကဿကံ=လယ်သမားကို၊ နာပိ တောသေတိ ယထာ=မနှစ်သက် စေနိုင်ဘိသကဲ့သို့၊ တထေဝ=ထိုအတူပင်လျှင်၊ ဒုဿီလေသု=သီလမရှိသော ဒုဿီလပုဂ္ဂိုလ်တို့၌၊ ပတိဋ္ဌိတံ=လှူဒါန်းတည်ထားအပ်သော၊ ဒါနံ=အလှူသည်၊ ဗဟုကံ=အများကြီးပင် ဖြစ်သော်လည်း၊ ဝိပုလံ=များမြောင်ပြန့်ပြောသော၊ ဖလံ= အကျိုးသည်၊ န ဟောတိ=မဖြစ်နိုင်၊ ဒါယကံ=လှူဒါန်းသူဒါယကာကို၊ နာပိ တောသေတိ=နှစ်လည်းမနှစ်သက်စေနိုင်။

## သီလဂုဏ်ရောင်-အကျိုးဆောင်

၃။ ယထာပိ ဘဒ္ဒကေ ခေတ္တေ၊ ဗီဇံ အပ္ပံပိ ရောပိတံ။<br>
သမ္မာဓာရေ ပဝေစ္ဆန္တေ၊ ဖလံ တောသေတိ ကဿကံ။<br>
၄။ တထေဝ သီလဝန္တေသု၊ ဂုဏဝန္တေသု တာဒိသု။<br>
အပ္ပကံပိ ကတံ ကာရံ၊ ပုညံ ဟောတိ မဟပ္ဖလံ။

၃-၄။ ဘဒ္ဒကေ=ရေစီးရေလာ မြေဩဇာကောင်းမွန်သော၊ ခေတ္တေ= လယ်ကောင်း၌၊ ဗီဇံ=မျိုးစေ့ကို၊ အပ္ပံ=အနည်းငယ်၊ ရောပိတံပိ=စိုက်ပျိုးအပ်ပါ သော်လည်း၊ သမ္မာဓာရေ=ကောင်းသောမိုးရေအယဉ်သည်၊ ပဝေစ္ဆန္တေ=အချိန် သင့်စွာ ဆွတ်ဖျန်းရွာသည်ရှိသော်၊ ဖလံ=အသီးအနှံသည်၊ ကဿကံ=တောင်သူ ယောကျ်ား လယ်သမားကို၊ တောသေတိ ယထာ=နှစ်သက်စေဘိသကဲ့သို့၊ တထေဝ=ထို့အတူပင်လျှင်၊ သီလဝန္တေသု=သီလရှိကုန်သော၊ ဂုဏဝန္တေသု= သုပ္ပဋိပန္နစသော ဂုဏ်နှင့်ပြည့်စုံကုန်သော၊ တာဒိသု=လောကဓံတရား တို့ကြောင့် လှုပ်ရှားခြင်းမရှိကုန်သော အရိယာသာဝက ပုဂ္ဂိုလ်မြတ်တို့၌၊ အပ္ပံပိ=အနည်းငယ် လည်း၊ ကတံ=ပြုလုပ်လှူဒါန်းသော၊ ကာရံ=ကျေးဇူးဥပကာရပြုအပ်သော၊ ပုညံ= ကုသိုလ်ကောင်းမှုသည်၊ မဟပ္ဖလံ=များမြောင်ကြီးမားသော အကျိုးရှိသည်၊ ဟောတိ=ဖြစ်၏။

**အသီးအနှံနှောင့်ယှက်-လယ်ရှိပေါင်းမြက်။** ။လယ်၌ရှိသောပေါင်းမြက်တို့သည် အသီးအနှံ များစွာထွက်ခြင်းကို နှောင့်ယှက်တတ်ကုန်သော လယ်၏အပြစ်ဒေါသတို့ ဖြစ်ကုန်သကဲ့သို့ ထို့အတူ သီလမဲ့ကြောင်း ယုတ်မာကြောင်းဖြစ်ကုန်သော ရာဂ, ဒေါသ, မာန, ဒိဋ္ဌိ, ဣဿာ,

www.dhammaransi.com



မစ္ဆရိယစသော ဒုဿီလတရားတို့သည် အလှူဒါန၏အကျိုးကို မဖွံ့ဖြိုးမကြီးမား အောင် နှိပ်စက်တတ်ကုန်သော အလှူခံပုဂ္ဂိုလ်၏ အပြစ်ဒေါသတို့မည်ကုန်၏၊ ထို့ကြောင့် အလှူခံပုဂ္ဂိုလ်၏ အပြစ်ဒေါသတို့မှ စင်ကြယ်၍ သုပ္ပဋိပန္န, ဒက္ခိဏေယျ ဂုဏ်နှင့်ပြည့်စုံ၍ လယ်တာမြေကောင်းသဖွယ်ဖြစ်သော ပုဂ္ဂိုလ်တို့၌ လှူဒါန်း အပ်သော အလှူဒါနသည်သာလျှင် ကြီးကျယ်ဖွံ့ဖြိုးသော အကျိုးကိုပေးနိုင် လေသည်၊ ထိုဒါနကိုသာလျှင် ဘုရားအစရှိသော သူတော်ကောင်းတို့လည်း ချီးမွမ်းအပ်လေသည်။

## သီလဝန္တဒါန-ဘုရားချီးမွမ်းရ

ဝိစေယျ ဒါနံ သုဂတပ္ပသဋ္ဌံ။
ယေ ဒက္ခိဏေယျာ ဣဓ ဇီဝလောကေ။
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ၊
ဗီဇာနိ ဝုတ္တာနိ ယထာ သုခေတ္တေ။

ဝိစေယျဒါနံ=ရွေးချယ်၍ လှူအပ်သောအလှူကို၊ သုဂတပ္ပသဋ္ဌံ= မြတ်စွာ ဘုရားတို့ ချီးမွမ်းအပ်၏၊ ဣဓ ဇီဝလောကေ=ဤအသက်ရှင်သော လူ့ပြည်၌၊ ဒက္ခိဏေယျာ=မြတ်သောအလှူကို ခံထိုက်ကုန်သော၊ ယေ=အကြင်ပုဂ္ဂိုလ်တို့သည်၊ သန္တိ=ရှိကြကုန်၏၊ ဧတေသု=ထိုပုဂ္ဂိုလ်မြတ်တို့၌၊ ဒိန္နာနိ=ပေးလှူအပ်ကုန်သော အလှူတို့သည်၊ မဟပ္ဖလာနိ=များမြတ်ကြီးကျယ်သော အကျိုးရှိကုန်၏၊ သုခေတ္တေ= လယ်တာမြေကောင်း၌၊ ဝုတ္တာနိ=စိုက်ပျိုးအပ်ကုန်သော၊ ဗီဇာနိယထာ=မျိုးစေ့တို့ ကဲ့သို့တည်း။

[ထို့ပြင်တစ်ပါး၊ အာဟုနေယျ သုတ္တန်တို့၌ မြတ်စွာဘုရား ဟောကြား တော်မူအပ် သောနည်းဖြင့် အာဟုနေယျ စသောဂုဏ်ပုဒ်တို့၏ အနက်ကို ဖွင့်ပြအပ်၏။]

## တိကင်္ဂုတ္တရပါဠိတော် အာဟုနေယျသုတ် မြန်မာပြန်

ချစ်သားရဟန်းတို့ သုံးပါးသောတရားတို့နှင့် ပြည့်စုံသော ရဟန်းသည် အာဟုနေယျ=နိစ္စဗဒ်တည်သော အလှူဝတ်ကို ခံထိုက်၏၊ ပါဟုနေယျ=ဧည့်သည် အလို့ငှါ ရည်စူးအပ်သော အလှူဝတ်ကို ခံထိုက်၏၊ ဒက္ခိဏေယျ=သဒ္ဓါသဖြင့် လှူဒါန်းအပ်သော အလှူကိုခံထိုက်၏၊ အဉ္ဇလီကရဏီယ=လက်အုပ်ချီမိုး ရှိခိုးခြင်း ကို ခံထိုက်၏၊ အနုတ္တရံ ပုညခေတ္တံ လောကဿ=လောက၌ အတုမရှိသော ကောင်းမှု၏ စိုက်ပျိုးရာလယ်တာမြေကောင်းသဖွယ်ဖြစ်၏၊ အဘယ်တရားတို့နှင့်

www.dhammaransi.com



ပြည့်စုံသနည်းဟူမူကား ချစ်သားရဟန်းတို့---

၁။ ဤသာသနာတော်၌ ရဟန်းသည် အကျင့်သီလနှင့်ပြည့်စုံ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်စည်း၍နေ၏၊ အကျင့်အာစာရ လှည့်လည်ခြင်းဂေါစရနှင့်လည်း ပြည့်စုံ၏၊ အဏုမြူမျှလောက်သော အပြစ်တို့၌ မြင့်မိုရ်တောင်မျှကဲ့သို့ ကြီးစွာသောဘေးဟု ရှုလေ့ရှိ၏၊ သိက္ခာပုဒ်တို့၌ ခိုင်မြဲစွာဆောက်တည်၍ကျင့်၏။

၂။ အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ ကုသိုလ်တရားတို့ကို ပြည့်စုံစေခြင်းငှါ အားထုတ်အပ်သော ဝီရိယရှိသည်ဖြစ်၍နေ၏၊ ကုသိုလ်တရားအရာတို့၌ သန်စွမ်းသော အားအင်ရှိ၏၊ အပြင်းအထန် မြဲမြံစွာ ကြိုးစားအားထုတ်၏၊ မချအပ်သော ဝန်ရှိ၏။

၃။ ထိုရဟန်းသည်လျှင် ဤတရားကား ဆင်းရဲဒုက္ခဟူ၍ မှန်သော အတိုင်းသိမြင်၏၊ ဤတရားကား ဆင်းရဲကြောင်းတည်း၊ ဤတရားကား ဆင်းရဲခြင်း၏ချုပ်ရာတည်း၊ ဤတရားကား ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းဖြစ်သော အကျင့်ကောင်းတည်း ဟူ၍ မှန်သောအတိုင်း သိမြင်၏၊ ဤတရားသုံးပါးနှင့် ပြည့်စုံသော ရဟန်းသည် အာဟုနေယျ, ပါဟုနေယျ, ဒက္ခိဏေယျ, အဉ္ဇလီ ကရဏီယ, အနုတ္တရံပုညက္ခေတ္တံ လောကဿ မည်၏။

**ဆိုလိုရင်းမှာ---**

**၁။ သီလနှင့်ပြည့်စုံခြင်း။ ၂။ ကုသိုလ်မှုတို့၌ဝီရိယရှိခြင်း။ ၃။ သစ္စာလေးပါးကို သိမြင်ခြင်း။ ဤတရားသုံးပါးနှင့်ပြည့်စုံလျှင် အာဟုနေယျစသော အရိယာသာဝက ဂုဏ်ငါးပါးနှင့် ပြည့်စုံ၏ဟူလို၊ တိကင်္ဂုတ္တရပါဠိတော်၌ ဤကဲ့သို့သဘောတူစွာ အာဟုနေယျ သုတ္တန် သုံးခုလာ၏။**

## ရဟန်းလေးမျိုး-အာဟုနေယျ ဂုဏ်ထိုက်ရိုး

**စတုက္ကင်္ဂုတ္တရ အဘိညာဝဂ်၌လည်း**---နတ်အဖြစ်သို့ ရောက်သော ရဟန်း, ပြဟ္မာအဖြစ်သို့ ရောက်သောရဟန်း, မတုန်မလှုပ် ခိုင်မြဲခြင်းသို့ရောက်သောရဟန်း, အရိယာအဖြစ်သို့ ရောက်သောရဟန်းဟူ၍ ရဟန်းတို့သည် လေးပါးရှိကုန်၏၊ ရူပဈာန်လေးပါးတို့ကို ရသောရဟန်းသည် နတ်အဖြစ်သို့ရောက်သောရဟန်းမည်၏၊ ပြဟ္မဝိဟာရဈာန် လေးပါးတို့ကို ရသောရဟန်းသည် ပြဟ္မာအဖြစ်သို့ရောက်သော ရဟန်းမည်၏၊ အရူပဈာန်လေးပါးတို့ကို ရသောရဟန်းသည် မတုန်မလှုပ် ခိုင်မြဲခြင်းသို့ ရောက်သောရဟန်း မည်၏၊ သစ္စာလေးပါးတို့ကို

www.dhammaransi.com



ထိုးထွင်း၍သိသော ရဟန်းသည် အရိယာအဖြစ်သို့ ရောက်သောရဟန်း မည်၏။ ထို အလုံးစုံသောရဟန်းသည် အာဟုနေယျ ပုဂ္ဂိုလ်မည်၏ ဟူ၍ဟောတော်မူသည်။

[ပဥ္စင်္ဂုတ္တရပါဠိတော်၌လည်း ထိုမှတစ်ပါးသော အာဟုနေယျသုတ်တို့သည် လာကုန်၏၊ ဆက္ကင်္ဂုတ္တရ အစဝဂ်၌လည်း အာဟုနေယျသုတ်ပေါင်း ခြောက်သုတ်ကို ဟောတော်မူ၏။]

## အာဟုနေယျ ပုဂ္ဂိုလ်များ-ခုနစ်ပါး နှစ်လီပြား

**သတ္တင်္ဂုတ္တရ ပါဠိတော်၌လည်း**---ချစ်သားရဟန်းတို့ အာဟုနေယျပုဂ္ဂိုလ်တို့သည် ဤခုနစ်ပါးတို့တည်း၊ အဘယ်ခုနစ်ပါးတို့နည်းဟူမူကား ဉဘတော ဘာဂဝိမုတ္တပုဂ္ဂိုလ်လည်းကောင်း, ပညာဝိမုတ္တပုဂ္ဂိုလ်လည်းကောင်း, ကာယသက္ခိ ပုဂ္ဂိုလ်လည်းကောင်း, ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်လည်းကောင်း, သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်လည်း ကောင်း, ဓမ္မာနုသာရီပုဂ္ဂိုလ်လည်းကောင်း, သဒ္ဓါနုသာရီပုဂ္ဂိုလ်လည်းကောင်း, ဤအရိယာပုဂ္ဂိုလ်ခုနစ်ပါးတို့ပေတည်း။

ထိုမှတစ်ပါးလည်း အို-ချစ်သားရဟန်းတို့ အာဟုနေယျပုဂ္ဂိုလ်တို့သည် ဤခုနစ်ပါးတို့တည်း၊ အဘယ်ခုနစ်ပါးတို့နည်းဟူမူကား ရဟန္တာပုဂ္ဂိုလ်လည်းကောင်း, ဇီဝိတသမသီသိပုဂ္ဂိုလ်လည်းကောင်း, အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ်လည်းကောင်း, ဉပဟစ္စပရိနိဗ္ဗာယီပုဂ္ဂိုလ်လည်းကောင်း အသင်္ခါရပရိနိဗ္ဗာယီပုဂ္ဂိုလ်လည်းကောင်း, သသင်္ခါရပရိနိဗ္ဗာယီပုဂ္ဂိုလ်လည်းကောင်း, ဉဒ္ဓံသောတ အကနိဋ္ဌဂါမီပုဂ္ဂိုလ်လည်း ကောင်း, ဤ ခုနစ်ပါးတို့ပေတည်း။

ထိုမှတစ်ပါး အာဟုနေယျ သုတ္တန်တို့သည် များစွာပင်ရှိကုန်၏၊ ဤသုတ္တန် တို့ကို ထောက်သဖြင့် အာဟုနေယျဂုဏ်နှင့် ပြည့်စုံကြောင်း တရားတို့ကို သိအပ် ကုန်၏၊ အာဟုနေယျဆိုသဖြင့် ပါဟုနေယျစသော နောက်ဂုဏ်လေးပါးတို့လည်း ပါဝင်ပြီးစီးကြကုန်၏ဟူ၍ မှတ်ယူအပ်၏။

[**ဤ**စကားရပ်ကား- ရဟန်းအဖြစ်၌တည်သော တပည့်သားတို့၏ သာဝကသမ္ပတ္တိဂုဏ်ကိုပြဆိုသော စကားရပ်ပေတည်း။]

ဤအရာ၌ စကားစပ်လျဉ်းသည်အားလျော်စွာ-သမသီသိပုဂ္ဂိုလ်, ဉဘတော ဘာဂဝိမုတ္တပုဂ္ဂိုလ်, ပညာဝိမုတ္တပုဂ္ဂိုလ်, ကာယသက္ခိပုဂ္ဂိုလ်, ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်, သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်, ဓမ္မာနုသာရီပုဂ္ဂိုလ်,သဒ္ဓါနုသာရီပုဂ္ဂိုလ်, အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ်, ဉပဟစ္စပရိနိဗ္ဗာယီပုဂ္ဂိုလ်, အသင်္ခါရပရိနိဗ္ဗာယီ ပုဂ္ဂိုလ်,သသင်္ခါရပရိနိဗ္ဗာယီပုဂ္ဂိုလ်,

www.dhammaransi.com



ဥဒ္ဒိသောတ အကနိဋ္ဌဂါမီပုဂ္ဂိုလ်တို့၏ အကြောင်းကို သိသင့်သိထိုက်သည့်အား လျော်စွာပြဆိုပေအံ့။

## ပုဂ္ဂိုလ်ဆယ့်လေးမျိုး-အကျယ်ပျိုး

သမသီသီသည် (၁) ဣရိယာပထသမသီသီ, (၂) ရောဂသမသီသီ, (၃) ဇီဝိတသမသီသီ ဟူ၍ သုံးမျိုးရှိ၏၊ ထိုသုံးမျိုးတို့တွင်-

၁။ အကြင်ဣရိယာပုထ်ဖြင့် ဝိပဿနာတရားကို အားထုတ်ဆင်ခြင်ရာ ထိုဣရိယာပုထ်ဖြင့် ပရိနိဗ္ဗာန်ယူသောပုဂ္ဂိုလ်သည် **ဣရိယာပထ သမသီသီ** ပုဂ္ဂိုလ်မည်၏။

ဥပမာ စင်္ကြံသွားလျက် ရုပ်နာမ်တရားတို့ကို ဝိပဿနာတင်၍ ဆင်ခြင်ရာ အရဟတ္တဖိုလ်သို့တိုင်ရောက် ထိုစင်္ကြံသွားသော ဣရိယာပုထ်ဖြင့်သာလျှင် ပရိနိဗ္ဗာန်ပြုလေ၏၊ ထိုပုဂ္ဂိုလ်သည် ဣရိယာပထသမ သီသီမည်၏၊ ထို့အတူ ရပ်လျက်, ထိုင်လျက်, လျောင်းလျက် ဝိပဿနာပွါးများရာ အရဟတ္တဖိုလ်သို့ ရောက်၍ ထိုထိုဣရိယာပုထ်ရင်းဖြင့်သာလျှင် ပရိနိဗ္ဗာန်ပြုတော်မူကြလေသည်ကို လည်း ဣရိယာပထ သမသီသီ ပုဂ္ဂိုလ်ဟူ၍ မှတ်အပ်၏။

၂။ အကြင်ပုဂ္ဂိုလ်မှာ အနာရောဂါတစ်ခုခု နှိပ်စက်ညှဉ်းပန်း၍နေ၏၊ ထိုရောဂါကပ်ရောက်စဉ် အတွင်း၌ပင်လျှင် ဝိပဿနာ ဘာဝနာကို ပွါးများ၍ အရဟတ္တဖိုလ်သို့ရောက်၏၊ ထိုရောဂါဖြင့်သာလျှင် ပရိနိဗ္ဗာန်ပြုရလေ၏၊ ထိုပုဂ္ဂိုလ်သည် **ရောဂသမ သီသီ** ပုဂ္ဂိုလ်မည်၏။

## ကိလေသာကုန်-အသက်ကုန်-မျှတုံဇီဝိတ

၃။ ရှင်ဂေါဓိကမထေရ်ကဲ့သို့ အရဟတ္တဖိုလ်သို့လည်းရောက် ပရိနိဗ္ဗာန် လည်း စံသောပုဂ္ဂိုလ်သည် ကိလေသာကုန်ခြင်း, အသက်ကုန်ခြင်း ညီမျှသော ကြောင့် **ဇီဝိတ သမသီသီ** ပုဂ္ဂိုလ်မည်၏၊ အဝိဇ္ဇာတည်းဟူသော ကိလေသာ ဦးခေါင်းအထွတ်ကို အရဟတ္တမဂ်က ကုန်ခန်းစေ၏၊ ဇီဝိတိန္ဒြေတည်းဟူသော အသက်၏ ဦးခေါင်းအထွတ်ကို စုတိစိတ်က ကုန်ခန်းစေ၏၊ ကိလေသာကုန် အသက်ကုန် နှစ်ပါးညီမျှ၍ ဇီဝိတသမသီသီ ခေါ်သည်။

အသက်ကုန်ခြင်းနှင့် ကိလေသာကုန်ခြင်း အဘယ်သို့ ညီမျှနိုင်ပါသနည်း၊ အရဟတ္တမဂ်စိတ်နှင့် စုတိစိတ်သည် တစ်မျိုးစီဖြစ်၏ ဟူ၍ စောဒနာဖွယ်ရှိ၏၊ အရဟတ္တမဂ် ဝီထိစိတ်ဝါရ၌ပင်လျှင် ဘဝင်ကျ၍ စုတိလေသောကြောင့် ဝီထိဝါရ

www.dhammaransi.com



ညီမျှသဖြင့် ဇီဝိတသမသီသိ ဟူ၍ဆိုရလေ၏၊ စိတ်ဖြစ်ပုံသည် အလွန်လျင်မြန်သောကြောင့် ရဟန္တာဖြစ်ခြင်းနှင့် စုတိခြင်းသည် တစ်ပြိုင်နက်တစ်ချက်တည်းကဲ့သို့ ဖြစ်လေ၏။

## ရုပ်နမ်နှစ်ချက်၊ လွတ်မြောက်ထွက်

**ဥဘတောဘာဂဝိမုတ္တ** ပုဂ္ဂိုလ်ဆိုသည်ကား နှစ်ပါးသောအဖို့မှ နှစ်ကြိမ်လွတ်မြောက်သော ပုဂ္ဂိုလ်မြတ်ပေတည်း၊ နှစ်ပါးသောအဖို့ဆိုသည်ကား ရူပကာယ, နာမကာယ နှစ်ပါးပေတည်း၊ နှစ်ကြိမ်လွတ်၏ ဆိုသည်ကား အရူပသမာပတ်ဖြင့် ရူပကာယမှလွတ်ခြင်း, မဂ်ဖြင့် ကိလေသာဟုဆိုအပ်သော နာမကာယမှ လွတ်ခြင်းပေတည်း၊ ရူပကာယ, နာမကာယအဖို့ နှစ်ပါးတို့မှ အရူပဈာန်သမာပတ် အရိယာမဂ်တို့ဖြင့် နှစ်ကြိမ်ကျွတ်လွတ်သောကြောင့် ဥဘတောဘာဂ ဝိမုတ္တဆိုသည်။

တစ်နည်းကား ဝိက္ခမ္ဘနဝိမောက္ခဟုဆိုအပ်သော ဈာန်သမာပတ်ဖြင့် ကိလေသာတို့ကိုခွါ၍ ကျွတ်လွတ်၏၊ သမုစ္ဆေဒဝိမောက္ခဟုဆိုအပ်သော အရိယာမဂ်ဖြင့် ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်၍ ကျွတ်လွတ်၏၊ ထိုကြောင့် ဥဘတောဘာဂဝိမုတ္တ မည်၏။

## သရုပ်နှင့် ပုဂ္ဂိုလ်အခြား

အရကောက်အားဖြင့်ကား သမာပတ်အလုံးစုံကိုရပြီး၍ အရူပဈာန်ကို အခြေခံပြီးလျှင် ဝိပဿနာတင်သဖြင့်ရဟန္တာအဖြစ်သို့ရောက်သော ပုဂ္ဂိုလ်မြတ်ပေတည်း၊ ထိုဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်ကို အပြားအားဖြင့် ဝေဖန်လျှင် ငါးပါးဖြစ်၏၊ ငါးပါးကား အရူပဈာန်လေးပါးတို့တွင် တစ်ပါးပါးကို အခြေခံပြု၍ ဝိပဿနာတင်သဖြင့် ရဟန္တာအဖြစ်သို့ ရောက်သော ပုဂ္ဂိုလ်လေးပါး, သမာပတ်နှင့်ပြည့်စုံသော အနာဂါမ်သည် နိရောဓသမာပတ်ကိုဝင်စား၍ ထိုနိရောဓသမာပတ်မှထသောအခါ ရဟန္တာအဖြစ်သို့ရောက်သော ပုဂ္ဂိုလ်တစ်ပါး ဤငါးပါးတို့ပေတည်း။

[ရူပါဝစရဈာန်ကို ရကာမျှနှင့် ထိုဈာန်ကိုအခြေပြု၍ ရဟန္တာဖြစ်သော ပုဂ္ဂိုလ်ကို ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်ဟူ၍ မဆိုထိုက်ချေ။]

## သမာပတ်အချို့ကင်း-ဝိပဿနာရဟန္တာဖြစ်ခြင်း

ပညာဝိမုတ္တ---ဆိုသည်ကား သမာပတ်ရှစ်ပါးလုံးနှင့် မပြည့်စုံပဲ ဝိပဿနာပညာသက်သက်ဖြင့် ကျွတ်လွတ်သော ရဟန္တာပုဂ္ဂိုလ်ပေတည်း၊ ထိုပညာဝိမုတ္တ

www.dhammaransi.com



ပုဂ္ဂိုလ်ကို အပြားအားဖြင့်ဝေဖန်လျှင် ငါးပါးဖြစ်၏၊ ငါးပါးကား သက်သက်စျာန် မရသော သုက္ခဝိပဿကရဟန္တာတစ်ပါး, ရူပါဝစရစျာန်လေးပါးကိုရရှိ၍ ထိုစျာန်ကို ဝင်စားပြီးလျှင် စျာန်မှထသောအခါ ရဟန္တာအဖြစ်သို့ရောက်သော ပုဂ္ဂိုလ်လေးပါး ဤငါးပါးတည်း၊ ပညာဝိမုတ္တပုဂ္ဂိုလ်သည် သမာပတ်ရှစ်ပါးလုံးနှင့် မပြည့်စုံ။

## ဒိဋ္ဌကိုယ်တိုင်၊ ခံစားနိုင်၊ မှတ်ပိုင် ကာယသက္ခိ။

**ကာယသက္ခိ** ဆိုသည်ကား---စျာန်ချမ်းသာ,မဂ်ဖိုလ်ချမ်းသာတို့ကို ကိုယ်တိုင်ဒိဋ္ဌတွေ့ထိခံစား၍ နိဗ္ဗာန်ကိုမျက်မှောက်ပြုသော အရိယာပုဂ္ဂိုလ်ကိုဆိုသည် စျာန်ဖဿ, စျာန်အတွေ့အထိကို ရှေးဦးစွာတွေ့ထိ ခံစားရ၏၊ ထိုနောက် နိရောဓသမာပတ်ဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြု၏၊ ထို့ကြောင့်ကာယသက္ခိဆိုသည်၊ ထိုကာယသက္ခိပုဂ္ဂိုလ်သည် အပြားအားဖြင့် သောတာပတ္တိဖလဋ္ဌာန်မှစ၍ အရဟတ္တမဂ္ဂဋ္ဌာန်တိုင်အောင် ခြောက်ပါးရှိ၏၊ လွန်ကဲသောပညာဖြင့် သစ္စာလေးပါးတရားကို လျင်မြန်စွာ ထိုးထွင်းသိမြင်၍ အရိယာပညာစခန်းသို့ ပေါက်ရောက်သော ပုဂ္ဂိုလ်သည် ဒိဋ္ဌိပ္ပတ္တ မည်၏၊ ဤဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်သည် ကာယသက္ခိကဲ့သို့ ခြောက်ပါးရှိ၏။

## ပညာမထက်၊ သဒ္ဓါထက်၊ မှတ်ချက်သဒ္ဓါဝိ

သဒ္ဓါတရားကိုအမှူးထား၍ မထက်မြက်သောပညာဖြင့် နှံ့နှေးစွာ ကျွတ်လွတ်သော အရိယာပုဂ္ဂိုလ်သည် **သဒ္ဓါဝိမုတ္တ**မည်၏၊ သဒ္ဓါလွန်ကဲသော ပုဂ္ဂိုလ်ဖြစ်၍ သဒ္ဓါတရားကို အားကိုးပြီးလျှင် ကျွတ်လွတ်အောင် တီထွင်ရခဲ့သော ပုဂ္ဂိုလ်ဆိုလိုသည်၊ ထို သဒ္ဓါဝိမုတ္တသည် ကာယသက္ခိကဲ့သို့ပင် ခြောက်ပါးရှိ၏၊ ဒိဋ္ဌိပ္ပတ္တနှင့်သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်နှစ်ဦးတို့မှာ ကိလေသာကုန်ခန်း၍ အရိယာစခန်း ပေါက်သောအခါ မထူးကြ အတူမျှပင် ဖြစ်၏၊ သို့ရာတွင် မဂ်ကိုရအောင် ကျင့်ကြံအားထုတ်ကြသော အခါ၌မူကား ထူးထွေကြ၏။

ထူးထွေပုံမှာ ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်သည် ကိလေသာကို ပယ်ခွါသောအခါ ဆင်းရဲငြိုငြင်ခြင်းမရှိပဲ မပင်မပန်း ချမ်းချမ်းသာသာနှင့် ကိလေသာကို ပယ်ခွါ၍ လျင်မြန်စွာ အလုပ်စခန်းပေါက်ရောက်၏။

သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်သည်ကား ဆင်းရဲငြိုငြင်စွာ အပင်တပန်း ကိလေသာက ပယ်ခွါရ၏၊ အလုပ်စခန်းပေါက် ရောက်ချက်နှံ့နှေး၏။

ထိုပုဂ္ဂိုလ်နှစ်မျိုးတို့၏ ဉာဏ်ပညာသည်လည်း ခြားနားလျက်ရှိ၏၊ ထို

www.dhammaransi.com



စကားမှန်၏၊ ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်၏၊ ဝိပဿနာဉာဏ်သည် အထက်မဂ် သုံးပါးသို့ တက်ခြင်းငှါ ထက်ထက်မြက်မြက် ရဲရဲရင့်ရင့် ကြည်ကြည်လင်လင် ရှိ၏၊ သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ်ပညာသည်ကား ထိုကဲ့သို့ ထက်မြက်ရဲရင့် ကြည်လင်သည် မဟုတ်ချေ၊ ထို့ကြောင့် သဒ္ဓါဝိမုတ္တသည် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်ကို မမှီဟူ၍ မြတ်စွာဘုရား ဟောတော်မူသည်၊ သဒ္ဓါနှင့်ပညာသည် ဤလောကုတ္တရာ အချက်၌ အရည်အချင်း အစွမ်းသတ္တိ ခြားနားကြ၏။

**သဒ္ဓါနှင့်ပညာ သတ္တိထူးခြား။** ။ဥပမာအားဖြင့် လုလင်ပျို နှစ်ယောက် ပြိုင်၍ **ဥပမာကား** ငှက်ပျောပင်ကို ဓားစမ်းကြရာ လုလင်တစ်ယောက်၏ဓားသည် ထက်၏၊ တစ်ယောက်၏ဓားသည် တုံး၏၊ ထက်သော ဓားဖြင့် ငှက်ပျောပင်ကို ခုတ်သောအခါ ပြတ်သောအသံသည် မထင်ရှား၊ ပြတ်ချက်လည်း ချောမော၏၊ ဓားသည်လည်းအပြတ် လျင်မြန်၏။ များစွာလည်း အား မထုတ်ရ၊ တုံးသောဓားဖြင့် ခုတ်သောအခါ ပြတ်သောအသံသည် ထင်ရှား၏၊ ပြတ်ချက်လည်း မချောမော၊ ဓားလည်းအပြတ်နှေး၏၊ များစွာလည်း အားစိုက်ရ၏၊ ဤဥပမာ၌ ထက်သောဓားဖြင့် ငှက်ပျောပင်ကို ခုတ်ဘိသကဲ့သို့ ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ်စွမ်းကို မှတ်ရာ၏၊ တုံးသောဓားဖြင့်ခုတ်ဘိသကဲ့သို့ သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ်စွမ်းကို မှတ်ရာ၏။

## ပထမမဂ်အခိုက်- ပညာကိုအားစိုက်

**ဓမ္မာနုသာရီ** ဆိုသည်ကား ပညာကို ဝန်ဆောင်နွားကဲ့သို့ ဝိပဿနာအလုပ်၌ မောင်းနှင်ပြီးလျှင် ပညာ၏အစွမ်းဖြင့် သောတာပတ္တိမဂ်သို့ ပေါက်သော ပုဂ္ဂိုလ်သည် ဓမ္မာနုသာရီ မည်၏၊ သောတာပတ္တိမဂ် အခိုက်ကိုသာလျှင် ဆိုသည်၊ ဖိုလ်သို့ရောက်သောအခါ ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ် မည်၏။

## ပထမမဂ်အခိုက်-သဒ္ဓါကိုအားစိုက်

**သဒ္ဓါနုသာရီ** ဆိုသည်ကား သဒ္ဓါတရားကို ဝန်ဆောင်နွားကဲ့သို့ ဝိပဿနာ အလုပ်၌ မောင်းနှင်ပြီးလျှင် သဒ္ဓါ၏အစွမ်းဖြင့် သောတာပတ္တိ မဂ်သို့ရောက်သော ပုဂ္ဂိုလ်သည် သဒ္ဓါနုသာရီမည်၏၊ သောတာပတ္တိမဂ် အခိုက်ကိုသာလျှင် ဆိုသည်၊ ဖိုလ်သို့ရောက်သောအခါ သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ်မည်၏။

**[ဉဘတောဘာဂဝိမုတ္တ, စသောအရိယာပုဂ္ဂိုလ် ၇-ပါးတို့ကို သန့်ရှင်းခြား နားစွာ သိနိုင်ရန် အားထုတ်မှုလမ်းစဉ်အားဖြင့် အမြွက်မျှဆိုဦးအံ့။]**

www.dhammaransi.com



**ဓုရနှစ်မျိုးစသည်ပြခြင်း။** ။လောကုတ္တရာတရားကို အားထုတ်ကြရာစခန်း၌ ဓုရနှစ်မျိုး အဘိနိဝေသနှစ်မျိုး, သီသနှစ်မျိုးကို သိအပ်၏၊ ရှေးဆောင်ဦးတည်အမှူးသည် **ဓုရ** မည်၏၊ နှလုံးသွင်းသည် **အဘိနိဝေသ** မည်၏၊ လောကုတ္တရာ၌ အထွတ်အထိပ်ဖြစ်သော အရဟတ္တဖိုလ်သည် **သီသ** မည်၏၊

**ဓုရနှစ်ပါးကား**--သဒ္ဓါနှင့်ပညာတည်း၊ ဤအရာ၌ ဂန္ထဓုရနှင့် ဝိပဿနာဓုရကို ဆိုလိုသည် မဟုတ်၊ **အဘိနိဝေသ နှစ်ပါးကား** သမထ နှင့်ဝိပဿနာတည်း၊ **သီသနှစ်ပါးကား** ဥဘတောဘာဂဝိမုတ္တနှင့် ပညာဝိမုတ္တတည်း၊ လောကုတ္တရာတက်လမ်းသို့ တက်ကြကုန်သော ပုဂ္ဂိုလ်တို့သည် ဤဓုရ, အဘိနိဝေသသီသတည်းဟူသော လမ်းတို့ဖြင့်သာလျှင် တက်ကြရကုန်၏။

**တက်ပုံကား** အရူပစျာန်တိုင်အောင် သမာပတ်ရှစ်ပါးလုံးကို ရပြီးသော ပုဂ္ဂိုလ်သည် ပညာကို ရှေ့ဆောင်ဦးတည်ပြု၍ သမထနည်း လမ်းအစဉ်အတိုင်း ဆင်ခြင်နှလုံးသွင်းလျက် အရူပစျာန်တစ်ခုခုကို အခြေခံပြုပြီးလျှင် ဝိပဿနာတင်၍ ရဟန္တာအဖြစ်သို့ ပေါက်ရောက်လေ၏၊ ထိုပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်အခိုက်၌ **ဓမ္မာနုသာရီ**မည်၏၊ သောတာပတ္တိဖိုလ်မှစ၍ အရဟတ္တမဂ်တိုင်အောင် ခြောက်ဌာန၌ **ကာယသက္ခိ** မည်၏။ အရဟတ္တဖိုလ်သို့ ရောက်သောအခါ **ဥဘတောဘာဂ ဝိမုတ္တ** ပုဂ္ဂိုလ်မည်၏။

တစ်ပါးသောပုဂ္ဂိုလ်သည် ပညာကိုရှေ့ဆောင်ဦးတည်ပြု၍ ဝိပဿနာနည်းလမ်းအားဖြင့် နှလုံးသွင်းလျက် သင်္ခါရတရားသက်သက်ကိုလည်းကောင်း, ရူပါဝစရစျာန်တို့ကိုလည်းကောင်း, ဝိပဿနာဉာဏ်ဖြင့် သုံးသပ်ဆင်ခြင်ပြီးလျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏၊ ထိုပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်အခိုက်၌ **ဓမ္မာနုသာရီ** မည်၏၊ အလယ်ခြောက်ဌာန၌ **ဒိဋ္ဌိပ္ပတ္တ**မည်၏၊ အရဟတ္တဖိုလ်သို့ ရောက်သောအခါ **ပညာဝိမုတ္တ** မည်၏။

သမာပတ် ရှစ်ပါးလုံးကို ရရှိပြီးသော ပုဂ္ဂိုလ်တစ်ဦးသည်မူကား သဒ္ဓါကို ရှေ့ဆောင်ဦးတည်ပြု၍ သမထနည်းအားဖြင့် ဆင်ခြင်လျက် အရူပစျာန်တစ်ပါးပါးကို အခြေခံပြုပြီးလျှင် ဝိပဿနာတင်၍ ရဟန္တာအဖြစ်သို့ ရောက်လေ၏၊ ထိုပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်အခိုက်၌ **သဒ္ဓါနုသာရီ** မည်၏၊ အလယ်ခြောက်ဌာန၌ **ကာယသက္ခိ** မည်၏၊ အရဟတ္တဖိုလ်သို့ရောက်သောအခါ **ဥဘတောဘာဂ ဝိမုတ္တ**မည်၏။

ပုဂ္ဂိုလ်တစ်ပါးသည်မူကား သဒ္ဓါကို ရှေ့ဆောင်ဦးတည်ပြု၍ ဝိပဿနာနည်းလမ်းအားဖြင့် ဆင်ခြင်နှလုံးသွင်းလျက် သင်္ခါရတရား သက်သက်ကိုလည်း

www.dhammaransi.com



ကောင်း, ရူပါဝစရစျာန်ကိုလည်းကောင်း, သုံးသပ်ဆင်ခြင် ဝိပဿနာတင်ပြီးလျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏၊ ထိုပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်အခိုက်၌ **သဒ္ဓါနုသာရီ** မည်၏၊ အလယ်ခြောက်ဌာန၌ **သဒ္ဓါဝိမုတ္တ** မည်၏၊ အရဟတ္တဖိုလ်သို့ ရောက်သောအခါ **ပညာဝိမုတ္တ**မည်၏။

[ ဤနည်းအစီရင်အားဖြင့် ဥဘတောဘာဂဝိမုတ္တ စသော ပုဂ္ဂိုလ်တို့၏ သဘောကိုသိရာ၏။]

**အန္တရာပရိနိဗ္ဗာယီစသော** ပုဂ္ဂိုလ်ငါးပါးတို့သည်ကား--သုဒ္ဓါဝါသဘုံ၌ ရှိသော အနာဂါမ်ပုဂ္ဂိုလ်တို့ပေတည်း၊ အသက်တမ်း၏ အလယ် အဖို့သို့ မရောက်မီ ရဟန္တာဖြစ်သောအနာဂါမ်သည် အန္တရာပရိနိဗ္ဗာယီ မည်၏၊ ဥပမာ အဝိဟာဘုံ၌ အသက်တမ်း ကမ္ဘာတစ်ထောင် ရှိ၏၊ ကမ္ဘာငါးရာဟုဆိုအပ်သော အသက်တမ်း အလယ်သို့ မတိုင်မီသော်လည်းကောင်း, အသက်တမ်း အလယ်တည့်တည့်သို့ ရောက်၍သော်လည်းကောင်း, ရဟန္တာဖြစ်လျှင် **အန္တရာပရိနိဗ္ဗာယီ** ခေါ်သည်၊ အထက်ဘုံတို့၌လည်း ဤနည်းအတိုင်းသိလေ။

အသက်တမ်းထက်ဝက်ကို လွန်၍ မစုတေမီအတွင်း၌ ရဟန္တာ ဖြစ်သော အနာဂါမ်သည် **ဥပဟစ္စပရိနိဗ္ဗာယီ** မည်၏၊ လုံ့လပယောဂ များစွာ မကူပင့်ရပဲ ချမ်းသာစွာနှင့် ရဟန္တာဖြစ်သော အနာဂါမ်သည် **အသင်္ခါရပရိနိဗ္ဗာယီ** မည်၏၊ လုံ့လပယောဂများစွာ ကူပင့်ရ၍ ဆင်းရဲငြိုငြင်စွာနှင့် အရဟတ္တဖိုလ်သို့ရောက်သောပုဂ္ဂိုလ်သည် **သသင်္ခါရ ပရိနိဗ္ဗာယီ** မည်၏၊ အနာဂါမ်အဖြစ်နှင့် အဝိဟာဘုံသို့ ရောက်ပြီးလျှင် အရဟတ္တဖိုလ်သို့ မရောက်ပဲ ဘုံစဉ်အဆင့်ဆင့် စံပြီးလျှင် အကနိဋ္ဌဘုံသို့ရောက်မှ ရဟန္တာဖြစ်သောအနာဂါမ်သည် **ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ** မည်၏။

[ဤကား အရိယာပုဂ္ဂိုလ်တို့၏ သဘောအမျိုးမျိုးကို ပြဆိုသောစကားရပ်ပေတည်း။]

## ရဟန်းအဖြစ်၌ မတည်သော အနုပသမ္ပန္န တပည့်သားတို့၏ သာဝကသမ္ပတ္တိဂုဏ်ကိုပြအံ့

**လူ, နတ်, ဗြဟ္မာ-သာဝကသုံးမျိုးဖြာ။** ။ထိုသာသနာတော်ထမ်း ရဟန်း မဟုတ်သော သာဝကသည် လူသာဝက, နတ်သာဝက, ဗြဟ္မာသာဝကဟူ၍ သုံးမျိုးရှိ၏၊ ထိုရဟန်း မဟုတ်သော အနုပသမ္ပန္နသာဝကတို့သည် အဘယ်သို့လျှင် သုပ္ပဋိပန္နမည်ကြကုန်သနည်း၊ မြတ်စွာဘုရားသည် ရဟန်းအဖြစ်၌မတည်သော တပည့်သားတို့အား

www.dhammaransi.com



သင့်လျော်သော အကျင့်ပဋိပတ်တို့ကို ဟောကြားတော်မူအပ်ကုန်၏၊ ထိုအကျင့်ပဋိပတ်အားလျော်စွာ ကျင့်ကြကုန်သည်ရှိသော် သုပ္ပဋိပန္နတို့ပင် မည်ကြကုန်၏၊ ရဟန်းမဟုတ်ကုန်သော အနုပသမ္ပန္နသာဝကတို့၏ ကျင့်ဝတ်ပဋိပတ်သည် အကျဉ်းအားဖြင့် သောတာပတ္တိယင်္ဂတရားလေးပါးတို့သာလျှင်တည်း၊ သောတာပတ္တိယင်္ဂတရားလေးပါးကို အကျဉ်းချုပ်လျှင် သရဏဂုံသုံးပါး၌ တည်ခြင်း, သီလနှင့်ပြည့်စုံခြင်း ဖြစ်၏၊ သီလနှင့်ပြည့်စုံခြင်းဆိုသည်မှာ အနုပသမ္ပန္နဖြစ်သော ပုဂ္ဂိုလ်တို့အားလျော်စွာ ဆိုင်ရာသီလနှင့် ပြည့်စုံမှုကို ဆိုသည်၊ သောတာပတ္တိယင်္ဂတရားလေးပါးနှင့် မပြည့်စုံလျှင် မြတ်စွာဘုရား၏ တပည့်သား သာဝက မဟုတ်၊ သာသနာတော် အပြင်အပ၌တည်သောသူဟူ၍သာလျှင် ဆိုထိုက်လေ၏။

**မဟာဝဂ္ဂသံယုတ်ပါဠိတော်၌---**

> ယဿ ခေါ နန္ဒိယ စတ္တာရိ သောတာပတ္တိယင်္ဂါနိ သဗ္ဗေန သဗ္ဗံ
> သဗ္ဗထာ သဗ္ဗံ နတ္ထိ၊ တမဟံ ဗာဟိယော ပုထုဇ္ဇနပက္ခေ ဌိတောတိ
> ဝဒါမိ-

ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူသည်။

နန္ဒိယ=အို-နန္ဒိယသာကီဝင်၊ ယဿ=အကြင်သူအား၊ စတ္တာရိ=လေးပါးကုန်သော၊ သောတာပတ္တိယင်္ဂါနိ=သောတာပတ္တိယင်္ဂတရားတို့သည်၊ သဗ္ဗေန သဗ္ဗံ=အချင်းခပ်သိမ်း၊ သဗ္ဗထာ သဗ္ဗံ=အခါခပ်သိမ်း၊ (ဝါ=လုံးလုံး၊) နတ္ထိ=မရှိ၊ တံ=ထိုသူကို၊ ပုထုဇ္ဇနပက္ခေ=ပုထုဇ္ဇန်အဖို့၌၊ ဌိတော=တည်သော၊ ဗာဟိယောတိ=သာသနာတော်မှ အပဖြစ်သောသူ ဟူ၍၊ အဟံ=ငါဘုရားသည်၊ ဝဒါမိ=ဟောတော်မူ၏။

## (ပါဠိတော်၏ မြန်မာပြန်ချက်)

အို-နန္ဒိယ သာကီဝင်, အကြင်သူအား သောတာပတ္တိယင်္ဂတရား လေးပါးတို့သည် အချင်းခပ်သိမ်း အခါခပ်သိမ်း မရှိ၊ ထိုသူကို သာသနာတော်မှ ပြင်ပ ပုထုဇ္ဇန်အဖို့၌ တည်သောသူဟူ၍ ငါဘုရားဟောတော်မူသည်။

**မဟာနာမ်မေး----**သာကီဝင်မျိုးဖြစ်သော မဟာနာမ်သည် အဘယ်မျှသော အကြောင်းအင်္ဂါအားဖြင့် ဥပါသကာ ဖြစ်နိုင်ပါသနည်း ဟူ၍ မြတ်စွာဘုရားကို မေးမြန်းလျှောက်ထားလေ၏။

**မြတ်စွာဘုရားဖြေ---**အို- မဟာနာမ် အကြင်သို့သော အခြင်းအရာအား [illegible]ြင့် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်၏၊ တရားတော်မြတ်ကို

www.dhammaransi.com



ကိုးကွယ်ရာဟူ၍ ဆည်းကပ်၏၊ သံဃာတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်၏၊ ဤမျှသော အကြောင်းအင်္ဂါအားဖြင့် ဥပါသကာ ဖြစ်၏ဟူ၍ မြတ်စွာဘုရားမိန့်ကြားတော်မူ၏။

**မဟာနာမ်မေး**---အရှင်ဘုရား အဘယ်မျှသော အကြောင်းအင်္ဂါအားဖြင့် ဥပါသကာသည် သီလနှင့်ပြည့်စုံပါသနည်း ဟူ၍လျှောက်ထားပြန်လေ၏။

**မြတ်စွာဘုရားဖြေ**---အို-မဟာနာမ် အကြင်သို့သော အခြင်း အရာအားဖြင့် ဥပါသကာသည် သူ၏အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏၊ အရှင်မပေးသော သူ၏ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမဂုဏ်တို့၌ ဖောက်ပြန်မှားယွင်းစွာ ကျင့်ကြံခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ သေရည်, သေရက်တည်းဟူသော မူးယစ်မေ့လျော့ကြောင်းမှ ရှောင်ကြဉ်၏၊ ဤမျှသော အကြောင်းအင်္ဂါအားဖြင့် ဥပါသကာသည် သီလနှင့်ပြည့်စုံ၏ဟူ၍ မြတ်စွာဘုရား မိန့်ကြားတော်မူ၏။

**မဟာနာမ်မေး**---အရှင်ဘုရား အဘယ်မျှသော အကြောင်းအင်္ဂါ အားဖြင့် ဥပါသကာသည် သဒ္ဓါတရားနှင့် ပြည့်စုံပါသနည်းဟူ၍ မေးလျှောက်လေ၏။

**မြတ်စွာဘုရားဖြေ**---အို-မဟာနာမ် ဤသာသနာတော်မြတ်၌ ဥပါသကာသည် မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတာဉာဏ်ကို ယုံကြည်၏၊ ထိုမြတ်စွာဘုရားသည် ဤသို့ပူဇော်အထူးကို ခံတော်မူထိုက်သောကြောင့် အရဟံ မည်တော်မူ၏။

ထိုမြတ်စွာဘုရားသည် ဤသို့မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် အလုံးစုံသော ဉေယျဓမ်တရားငါးပါးကို သိတော်မူတတ်သောကြောင့် သမ္မာသမ္ဗုဒ္ဓေါ မည်တော်မူ၏။

ထိုမြတ်စွာဘုရားသည် ဤသို့ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏတစ်ဆဲ့ငါးပါးနှင့် ပြည့်စုံတော်မူသောကြောင့် ဝိဇ္ဇာစရဏသမ္ပန္နော မည်တော်မူ၏။

ထိုမြတ်စွာဘုရားသည် ဤသို့ကောင်းသော စကားကို ဆိုတော်မူတတ်သောကြောင့် သုဂတော မည်တော်မူ၏။

ထိုမြတ်စွာဘုရားသည် ဤသို့ လောကသုံးပါးကို သိတော်မူတတ်သောကြောင့် လောကဝိဒူ မည်တော်မူ၏။

www.dhammaransi.com



ထိုမြတ်စွာဘုရားသည် ဤသို့အတုမရှိသည်ဖြစ်၍ မယဉ်ကျေးသော လူယောကျ်ား, နတ်ယောကျ်ား, တိရစ္ဆာန်ယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သောကြောင့် အနုတ္တရောပုရိသ ဒမ္မသာရထိ မည်တော်မူ၏။

ထိုမြတ်စွာဘုရားသည် ဤသို့ နတ်, လူတို့၏ ဆရာဖြစ်တော်မူသောကြောင့် သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏။

ထိုမြတ်စွာဘုရားသည် ဤသို့သစ္စာလေးပါးတရားတို့ကို သိမြင်တော်မူသောကြောင့် ဗုဒ္ဓေါ မည်တော်မူ၏။

ထိုမြတ်စွာဘုရားသည် ဤသို့ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသောကြောင့် ဘဂဝါမည်တော်မူ၏ ဟူ၍ မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတာဉာဏ်ကို ယုံကြည်၏၊ ဤမျှသော အကြောင်းအင်္ဂါအားဖြင့် ဥပါသကာသည် သဒ္ဓါနှင့်ပြည့်စုံသည်မည်၏ ဟူ၍ မိန့်ကြားတော်မူ၏။

**မဟာနာမ်မေး**---အရှင်ဘုရား အဘယ်မျှသော အကြောင်းအင်္ဂါအားဖြင့် ဥပါသကာသည် စာဂနှင့်ပြည့်စုံသည် မည်ပါသနည်း ဟူ၍ လျှောက်ထားလေ၏။

**မြတ်စွာဘုရားဖြေ**---အို-မဟာနာမ် ဤသာသနာတော်မြတ်၌ ဥပါသကာသည် ကင်းရှင်းသောဝန်တိုခြင်း အညစ်အကြေးကင်းသော စိတ်ဖြင့် မစွဲရမရှိပဲ အိမ်၌နေ၏၊ လှူဒါန်းခြင်း ဝေဖန်ခြင်းအမှု၌ မွေ့လျော်၏၊ ဤမျှသော အကြောင်းအင်္ဂါအားဖြင့် ဥပါသကာသည် စာဂနှင့်ပြည့်စုံသည်မည်၏ ဟူ၍ မိန့်ကြားတော်မူ၏။

**မဟာနာမ်မေး**---အရှင်ဘုရား အဘယ်မျှသော အကြောင်းအင်္ဂါ အားဖြင့် ဥပါသကာသည် ပညာနှင့် ပြည့်စုံပါသနည်း ဟူ၍ လျှောက်ထားလေ၏။

**မြတ်စွာဘုရားဖြေ**---အို-မဟာနာမ် ဤသာသနာတော်မြတ်၌ ဥပါသကာသည် ပညာအမြော်အမြင်ရှိ၏၊ ရုပ်, နာမ်, ခန္ဓာတို့၏ အဖြစ်အပျက်ကို ထိထိရောက်ရောက် သိမြင်နိုင်သော ပညာနှင့်ပြည့်စုံ၏၊ ဒုက္ခ၏ကုန်ရာ နိဗ္ဗာန်သို့ ရောက်ခြင်းငှါ အရိယာတို့နှင့်ဆိုင်သော ထိုးထွင်းသော ပညာနှင့်ပြည့်စုံ၏၊ ဤမျှသော အကြောင်းအင်္ဂါအားဖြင့် ဥပါသကာသည် ပညာနှင့်ပြည့်စုံသည်မည်၏ ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူ၏။

www.dhammaransi.com



## သဒ္ဓါနှစ်မျိုးတို့၏ ထူးခြားပုံ

ဆိုအပ်ပြီးသော ပါဠိတော် မြန်မာပြန် စကားရပ်၌ ဥပသကာ၏ အင်္ဂါတွင် သရဏဂုံသုံးပါးကို ဆည်းကပ်ရာ၌ သဒ္ဓါသာမညအားဖြင့် ဆည်းကပ်လျှင်ပင် ဥပါသကာဖြစ်နိုင်၏၊ သဒ္ဓါသာမညဆိုသည်မှာ အဝေစ္စပသာဒသဒ္ဓါကဲ့သို့ ခိုင်ခိုင် မြဲမြဲ သက်ဝင်စူးစိုက်၍ ကြည်ညိုသော သဒ္ဓါတရားမျိုးမဟုတ်၊ ဥပါသကာ၏ သဒ္ဓါတရားနှင့် ပြည့်စုံမှုကိုဆိုရာတွင် မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ယုံကြည်မှုမှာ သဒ္ဓါသာမညမဟုတ်ပဲ အဝေစ္စပသာဒသဒ္ဓါကို ယူအပ်၏၊ အခိုင်အမြဲ စူးစိုက်သက်ဝင်၍ အကြွင်းမဲ့ယုံကြည် ကြည်ညိုသော သဒ္ဓါကို အဝေစ္စပသာဒ သဒ္ဓါဆိုသည်၊ သဒ္ဓါသာမညသည် မခိုင်မြဲသောကြောင့် ပျက်စီး ရန်အကြောင်းနှင့်တွေ့ဆုံလျှင် ပျက်စီးတတ်၏၊ ဘာသာတစ်ပါးသို့ပင် လည်း ပြေးဝင်ကူးပြောင်း၍ သွားတတ်၏။

အဝေစ္စပသာဒသဒ္ဓါသည်ကား တစ်စုံတစ်ခုသော အကြောင်းနှင့်မှ မပျက်စီး နိုင်၊ အဝေစ္စပသာဒသဒ္ဓါကို ဖျက်ဆီးနိုင်သော အကြောင်းဟူ၍လည်း မရှိနိုင်၊ အရဟံ, သမ္မာသမ္ဗုဒ္ဓ စသောဂုဏ်တို့၏ သဘောသဘာဝတို့ကို အလုံးစုံ ဉာဏ်ဖြင့် သိမြင်ထင်လင်းပြီး ဖြစ်လေသောကြောင့် အဝေစ္စပသာဒ သဒ္ဓါနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် မိမိအသက်ကိုပင် စွန့်နိုင်၏၊ ဘုရား၌ကြည်ညိုခြင်းစသော သဒ္ဓါကို မစွန့်နိုင်၊ ဤဘဝတွင်သာမဟုတ် ဘဝတစ်ပါးသို့ ပြောင်းသွားသည့်တိုင်အောင် လည်း သရဏဂုံကို မစွန့်ချေ၊ ဘဝသစ်၌ပင်သော်လည်း မြဲသော သရဏဂုံနှင့်တကွ ဖြစ်လေ၏၊ ဤအဝေစ္စပသာဒသဒ္ဓါ နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကိုသာလျှင် အရိယာ သာဝက မြတ်သောတပည့်ဟူ၍ ဆိုအပ်၏၊ သဒ္ဓါသာမညနှင့် ပြည့်စုံသော ပုဂ္ဂိုလ် ကိုမူကား သာဝကဟူ၍သာလျှင် ဆိုအပ်၏၊ အရိယာသာဝက ဟူ၍ မဆိုထိုက် ချေ။

## အစွန်းသုံးပါးနှင့်ပြည့်စုံ- ကိုယ်ချင်းစာတရားဖြစ်ပုံ

အစွန်းသုံးပါးအားဖြင့် စင်ကြယ်သော ကိုယ်ချင်းစာတရားကိုလည်း မြတ်စွာ ဘုရား ဟောကြားဆုံးမတော်မူ၏၊ ထိုတရားကား ဤသို့တည်း၊ ငါသည် အသက် ရှင်ခြင်းကို အလိုရှိ၏၊ မသေလို ချမ်းသာကို အလိုရှိ၏၊ ဆင်းရဲကို စက်ဆုပ်၏၊ ထိုသို့ အသက်ရှင်လိုသောငါ့ကို သတ်ဖြတ်ငြားအံ့၊ ငါသည် ထိုသို့ သတ်ဖြတ်မှုကို မနှစ်သက်နိုင်၊ ငါကပင်သော်လည်း ငါကဲ့သို့ အသက်ရှင်လိုသော သူတစ်ပါးကို

www.dhammaransi.com



သတ်ဖြတ်ငြားအံ့၊ သူတစ်ပါးသည်လည်း ငါကဲ့သို့ပင် ထိုသတ်ဖြတ်မှုကို နှစ်သက်မည် မဟုတ်၊ အကြင်တရားကို ငါသည်မနှစ်သက်အပ်၊ မချစ်ခင်အပ်၊ ထိုတရားကို သူတစ်ပါးသည်လည်း မနှစ်သက်အပ် မချစ်ခင်အပ်သည်သာလျှင် ဖြစ်၏၊ ဤသို့ ဆင်ခြင်နှလုံးသွင်း၍ မိမိကိုယ်တိုင်လည်း ပါဏာတိပါတမှ ရှောင်ကြဉ်၏၊ သူတစ်ပါးကိုလည်း ပါဏာတိပါတမှ ရှောင်ကြဉ်စေ၏၊ ပါဏာတိပါတမှ ရှောင်ကြဉ်မှု ဂုဏ်ကျေးဇူးစကားကိုလည်း ပြောကြားလေ့ရှိ၏၊ ဤသို့ကျင့်သော ပုဂ္ဂိုလ်၏ ကိုယ်အမူအရာသည် အစွန်းသုံးပါးမှ စင်ကြယ်သည်မည်၏၊ ဤနည်းအတိုင်း ကာယကံသုံးပါး ဝစီကံလေးပါးတို့နှင့်စပ်၍ ဟောကြားတော်မူအပ်သော **တိကောတိ ပရိသုဒ္ဓ** လူတို့၏ အကျင့်ပဋိပတ်တို့လည်း ရှိကြကုန်၏။

## ကိုယ်တိုင်သတ်မှု၊ သတ်စေမှုနှင့်၊ သတ်မှုနှစ်သက်၊ ကျေးဇူးမြွက်၊ လေးချက်အစွန်းလာ။

ဒသင်္ဂုတ္တရပါဠိတော်၌ အစွန်းလေးပါးမှ စင်ကြယ်သော ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာတို့ကိုလည်း မြတ်စွာဘုရား ဟောကြားတော်မူ၏၊ ဟောကြားတော်မူသော တရားတော်ကား ဦးခေါင်း၌ ရွက်ထားအပ်သော ဝန်ထုပ်သည် အောက်သို့ချခြင်းငှါ မြဲသကဲ့သို့၊ ထိုအတူ ဆိုလတ္တံ့သော လေးဆယ်သောတရားတို့နှင့် ပြည့်စုံသောသူသည် ငရဲသို့ကျရန် မြဲ၏။

အဘယ်တရားလေးဆယ်တို့နည်းဟူမူကား-

၁။ မိမိကိုယ်တိုင်လည်း သူ့အသက်ကိုသတ်၏၊
၂။ သူတစ်ပါးကိုလည်း သူ့အသက်ကိုသတ်ရန် တိုက်တွန်း၏၊
၃။ သူ့အသက်ကိုသတ်မှု၌ သဘောတူစွာ နှစ်သက်၏၊
၄။ သူ့အသက်သတ်မှု၌ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆို၏၊

၁။ မိမိကိုယ်တိုင်လည်း သူ့ဥစ္စာကိုခိုးယူ၏၊
၂။ သူတစ်ပါးကိုလည်း သူ့ဥစ္စာကို ခိုးယူရန်တိုက်တွန်း၏၊
၃။ သူ့ဥစ္စာကိုခိုးယူမှု၌ သဘောတူစွာ နှစ်သက်၏၊
၄။ သူ့ဥစ္စာခိုးယူမှု၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆို၏၊

၁။ မိမိကိုယ်တိုင်လည်း ကာမဂုဏ်လွန်ကျူး၏၊
၂။ သူတစ်ပါးကိုလည်း ကာမဂုဏ်လွန်ကျူးရန် တိုက်တွန်း၏၊
၃။ ကာမဂုဏ်လွန်ကျူးမှု၌ သဘောတူစွာ နှစ်သက်၏၊

www.dhammaransi.com



၄။ ကာမဂုဏ်လွန်ကြူးမှု၏ ဂုဏ်ကျေးဇူးကိုချီးမွမ်းပြောဆို၏၊

၁။ မိမိကိုယ်တိုင်လည်း မဟုတ်မမှန်သောစကားကို ပြောဆို၏၊
၂။ သူတစ်ပါးကိုလည်း မဟုတ်မမှန်သောစကားကို ပြောဆိုရန် တိုက်တွန်း၏၊
၃။ မဟုတ်မမှန်သောစကားကို ပြောဆိုမှု၌ သဘောတူစွာ နှစ်သက်၏၊
၄။ မဟုတ်မမှန်သောစကားကိုပြောဆိုမှု၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆို၏။

၁။ မိမိကိုယ်တိုင်လည်း ချောပြစ်ကုန်းတိုက်သောစကားကို ပြောဆို၏၊
၂။ သူတစ်ပါးကိုလည်း ချောပြစ်ကုန်းတိုက်သောစကားကို ပြောဆိုရန် ရန်တိုက်တွန်း၏၊
၃။ ချောပြစ်ကုန်းတိုက်သောစကားကို ပြောဆိုမှု၌ သဘောတူစွာ နှစ်သက်၏၊
၄။ ချောပြစ်ကုန်းတိုက်သောစကားကို ပြောဆိုမှု၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆို၏၊

၁။ မိမိကိုယ်တိုင်လည်း ရုန့်ရင်းကြမ်းတမ်းသော စကားကို ပြောဆို၏၊
၂။ သူတစ်ပါးကိုလည်း ရုန့်ရင်းကြမ်းတမ်းသောစကားကို ပြောဆိုရန် တိုက်တွန်း၏၊
၃။ ရုန့်ရင်းကြမ်းတမ်းသော စကားကိုပြောဆိုမှု၌ သဘောတူစွာ နှစ်သက်၏၊
၄။ ရုန့်ရင်းကြမ်းတမ်းသောစကားကို ပြောဆိုမှု၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆို၏၊

၁။ မိမိကိုယ်တိုင်လည်း ပြိန်ဖျင်းသော စကားကိုပြောဆို၏၊
၂။ သူတစ်ပါးကိုလည်း ပြိန်ဖျင်းသောစကားကို ပြောဆိုရန် တိုက်တွန်း၏၊
၃။ ပြိန်ဖျင်းသောစကားကို ပြောဆိုမှု၌ သဘောတူစွာနှစ်သက်၏၊
၄။ ပြိန်ဖျင်းသောစကားကို ပြောဆိုမှု၏ ဂုဏ်ကျေးဇူးကို ချီးမွမ်း ပြောဆို၏၊

၁။ မိမိကိုယ်တိုင်လည်း သူတစ်ထူးစည်းစိမ်ကို ရှေ့ရှုကြံ၏၊
၂။ သူတစ်ပါးကိုလည်း သူတစ်ထူးစည်းစိမ်ကို ရှေ့ရှုကြံရန် တိုက်တွန်း၏၊
၃။ သူတစ်ထူးစည်းစိမ်ကို ရှေ့ရှုကြံမှု၌ သဘောတူစွာ နှစ်သက်၏၊

www.dhammaransi.com



၄။ သူတစ်ထူးစည်းစိမ်ကို ရှေးရှုကြံမှု၏ ဂုဏ်ကျေးဇူးကို ချီးမွမ်း ပြောဆို၏၊

၁။ မိမိကိုယ်တိုင်လည်း သူတစ်ထူးပျက်စီးရန် တောင့်တ၏၊
၂။ သူတစ်ပါးကိုလည်း သူတစ်ထူးပျက်စီးမှုကိုတောင့်တရန် တိုက်တွန်း၏၊
၃။ သူတစ်ထူး ပျက်စီးရန် တောင့်တမှု၌ သဘောတူစွာ နှစ်သက်၏၊
၄။ သူတစ်ထူးပျက်စီးရန် တောင့်တမှု၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆို၏။

၁။ မိမိကိုယ်တိုင်လည်း မှားသောအယူကိုယူ၏၊
၂။ သူတစ်ပါးကိုလည်း မှားသောအယူကိုယူစေရန် တိုက်တွန်း၏၊
၃။ မှားသောအယူကိုယူမှု၌ သဘောတူစွာ နှစ်သက်၏၊
၄။ မှားသောအယူကိုယူမှု၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆို၏။

[ဤကား မကောင်းမှုဖက်၌ ဒုစရိုက်ကံလေးဆယ်တည်း။]

နတ်ပြည်သို့ ရောက်ကြောင်းဖြစ်၍ အစွန်းလေးပါး စင်ကြယ်သော လေးဆယ်သောတရားတို့ကား-

၁။ မိမိကိုယ်တိုင်လည်း သူ့အသက်ကိုသတ်မှုမှ ရှောင်ကြဉ်၏၊
၂။ သူတစ်ပါးကိုလည်း သူ့အသက်ကိုသတ်မှုမှ ရှောင်ကြဉ်ရန် တိုက်တွန်း၏၊
၃။ သူ့အသက်ကို သတ်မှုမှ ရှောင်ကြဉ်ခြင်းကို သဘောတူစွာ နှစ်သက်၏၊
၄။ သူ့အသက်ကို သတ်မှုမှရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆို၏။

၁။ မိမိကိုယ်တိုင်လည်း သူ့ဥစ္စာကိုခိုးယူမှုမှရှောင်ကြဉ်၏၊
၂။ သူတစ်ပါးကိုလည်း သူ့ဥစ္စာခိုးယူမှုမှ ရှောင်ကြဉ်ရန် တိုက်တွန်း၏၊
၃။ သူ့ဥစ္စာခိုးယူမှုမှ ရှောင်ကြဉ်ခြင်းကို သဘောတူစွာ နှစ်သက်၏၊
၄။ သူ့ဥစ္စာခိုးယူမှု၌ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကို ချီးမွမ်း ပြောဆို၏၊

၁။ မိမိကိုယ်တိုင်လည်း ကာမဂုဏ်လွန်ကြူးခြင်းမှ ရှောင်ကြဉ်၏၊
၂။ သူတစ်ပါးကိုလည်း ကာမဂုဏ်လွန်ကြူးခြင်းမှ ရှောင်ကြဉ်ရန် တိုက်တွန်း၏၊
၃။ ကာမဂုဏ်လွန်ကြူးမှု၌ ရှောင်ကြဉ်ခြင်းကို သဘောတူစွာ နှစ်သက်၏၊
၄။ ကာမဂုဏ်လွန်ကြူးမှု၌ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကို ချီးမွမ်း

www.dhammaransi.com



ပြောဆို၏။

၁။ မိမိကိုယ်တိုင်လည်း မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊
၂။ သူတစ်ပါးကိုလည်း မဟုတ်မမှန်သောစကားကို ပြောဆိုမှုမှ ရှောင်ကြဉ်ရန် တိုက်တွန်း၏၊
၃။ မဟုတ်မမှန်သော စကားကို ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်းကို သဘောတူစွာနှစ်သက်၏၊
၄။ မဟုတ်မမှန်သောစကားကို ပြောဆိုမှု၌ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆို၏၊

၁။ မိမိကိုယ်တိုင်လည်း ချောပြစ်ကုန်းတိုက်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊
၂။ သူတစ်ပါးကိုလည်း ချောပြစ်ကုန်းတိုက်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ရန် တိုက်တွန်း၏၊
၃။ ချောပြစ်ကုန်းတိုက်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းကို သဘောတူစွာ နှစ်သက်၏၊
၄။ ချောပြစ်ကုန်းတိုက်သောစကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆို၏၊

၁။ မိမိကိုယ်တိုင်လည်း ရုန့်ရင်းကြမ်းတမ်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊
၂။ သူတစ်ပါးကိုလည်း ရုန့်ရင်းကြမ်းတမ်းသော စကားကိုပြောဆိုမှုမှ ရှောင်ကြဉ်ရန် တိုက်တွန်း၏၊
၃။ ရုန့်ရင်းကြမ်းတမ်းသောစကားကို ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်းကို သဘောတူစွာနှစ်သက်၏၊
၄။ ရုန့်ရင်းကြမ်းတမ်းသောစကားကို ပြောဆိုမှု၌ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆို၏။

၁။ မိမိကိုယ်တိုင်လည်း ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊
၂။ သူတစ်ပါးကိုလည်း ပြိန်ဖျင်းသောစကားကို ပြောဆိုမှုမှ ရှောင်ကြဉ်ရန်

www.dhammaransi.com



တိုက်တွန်း၏၊

၃။ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းကို သဘောတူစွာ နှစ်သက်၏၊

၄။ ပြိန်ဖျင်းသောစကားကို ပြောဆိုမှု၌ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆို၏၊

၁။ မိမိကိုယ်တိုင်လည်း သူတစ်ထူးစည်းစိမ်ချမ်းသာကို ရှေ့ရှုကြံခြင်းမှ ရှောင်ကြဉ်၏၊

၂။ သူတစ်ပါးကိုလည်း သူတစ်ထူးစည်းစိမ်ချမ်းသာကို ရှေ့ရှုကြံခြင်းမှ ရှောင်ကြဉ်ရန်တိုက်တွန်း၏၊

၃။ သူတစ်ထူးစည်းစိမ်ချမ်းသာကို ရှေ့ရှုကြံမှုမှ ရှောင်ကြဉ်ခြင်းကို သဘောတူစွာ နှစ်သက်၏၊

၄။ သူတစ်ထူး စည်းစိမ်ချမ်းသာကို ရှေ့ရှုကြံမှု၌ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆို၏၊

၁။ မိမိကိုယ်တိုင်လည်း သူတစ်ထူး ပျက်စီးရန်တောင့်တခြင်းမှ ရှောင်ကြဉ်၏၊

၂။ သူတစ်ပါးကိုလည်း သူတစ်ထူးပျက်စီးရန်တောင့်တခြင်းမှ ရှောင်ကြဉ်ရန် တိုက်တွန်း၏၊

၃။ သူတစ်ထူးပျက်စီးရန် တောင့်တခြင်းမှ ရှောင်ကြဉ်ခြင်းကို သဘောတူစွာနှစ်သက်၏၊

၄။ သူတစ်ထူးပျက်စီးရန် တောင့်တမှု၌ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆို၏၊

၁။ မိမိကိုယ်တိုင်လည်း ဖြောင့်မှန်သော အယူကိုယူ၏၊

၂။ သူတစ်ပါးကိုလည်း ဖြောင့်မှန်သော အယူကိုယူရန် တိုက်တွန်း၏၊

၃။ ဖြောင့်မှန်သောအယူကို ယူမှု၌ သဘောတူစွာ နှစ်သက်၏၊

၄။ ဖြောင့်မှန်သောအယူကို ယူမှု၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆို၏။

[ဤကား ကောင်းသောသုစရိုက်ဖက်၌ အစွန်းလေးပါး စင်ကြယ်သောက လေးဆယ်တည်း။]

**ကိုယ်တိုင်တိုက်တွန်း၊ ချီးမွမ်းစိတ်တူ၊ ပွားပြန်မူ၊ မှတ်ယူလေးဆယ်ကံ။**

ထိုမှတစ်ပါး အစဉ်မပြတ် အောက်မေ့အပ် သတိထားအပ်သော အနုဿတိ

www.dhammaransi.com



တရားတို့ကိုလည်းကောင်း, ဗြဟ္မဝိဟာရတရားတို့ကိုလည်းကောင်း ဟောကြားတော်မူ၏၊ ထိုတရားများသည် ရဟန်းအဖြစ်၌ မတည်သော လူသာဝကတို့၏ အကျင့်ပဋိပတ်တို့လည်း ဖြစ်ကုန်၏။ ထိုသို့ မြတ်စွာဘုရား ဟောကြားဆုံးမတော်မူအပ်သော အကျင့်ပဋိပတ်တို့ကို ကျင့်သောလူတို့သည် ထိုက်သည့်အားလျော်စွာ သုပ္ပဋိပန္နတို့ပင် မည်ကြကုန်၏။

[ဤကား လူသာဝကတို့နှင့် စပ်သော စကားရပ်တို့ပေတည်း။]

## နတ်တို့၌ဒါနီ- ဒေသစာရီ- ကြွမြန်းပြီ

နတ်ပြည်, ဗြဟ္မာပြည်တို့၌ မြတ်စွာဘုရား၏ တပည့်သာဝကတို့သည် လွန်စွာများပြားကုန်၏၊ မြတ်စွာဘုရား ထင်ရှားရှိတော်မူသောအခါ မြတ်စွာဘုရားကိုယ်တော်တိုင် နတ်ပြည်, ဗြဟ္မာပြည်တို့သို့ ဒေသစာရီလှည့်လည်ကြွမြန်းတော်မူ၍ တရားဓမ္မများကို ဟောကြားဆုံးမတော်မူ၏၊ မဟာထေရ်တို့တွင် အရှင်မောဂ္ဂလာန်သည် နတ်ပြည်, ဗြဟ္မာပြည်တို့၌ ဓမ္မကထိကပုဂ္ဂိုလ်ကြီး ဖြစ် တော်မူ၏၊ နတ်, ဗြဟ္မာတို့သည် တန်ခိုးက္ကဒ္ဓိပါဒ်ကို အလေးပြုခြင်းများကုန်၏၊ အရှင်မောဂ္ဂလာန်သည် တန်ခိုးအရာတွင် ဧတဒဂ်ရရှိတော်မူသောကြောင့် နတ်, ဗြဟ္မာတို့၏ စိတ်ဆန္ဒနှင့် အလွန်လိုက်လျောသင့်ညီ၏၊ အရှင်မောဂ္ဂလာန်၏တန်ခိုးသည် နတ်ပြည်, ဗြဟ္မာပြည်တို့၌ ကျော်ဇောထင်ရှား၏၊ ရှင်သာရိပုတ္တရာစသော မဟာထေရ်တို့သည်ကား လူ့ပြည်လောက၌ ဓမ္မကထိကပုဂ္ဂိုလ်ကြီးတို့ ဖြစ်ကုန်၏၊ များစွာသော သုတ္တန်တို့၌ မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်သို့ ဒေသစာရီကြွချီတော်မူ၍ တရားဟောတော်မူကြောင်း, နတ်အပေါင်းတို့သည် ဘုရား, တရား, သံဃာတို့၌ အဝေစ္စ ပသာဒသဒ္ဓါဖြင့် သက်ဝင်ယုံကြည်ကြကြောင်း အရိယာတို့နှစ်သက်အပ်သော အရိယကန္တသီလနှင့် ပြည့်စုံကြောင်း ထိုသို့ဘုရား၌ကြည်ညိုခြင်း, တရား၌ကြည်ညိုခြင်း, သံဃာ၌ ကြည်ညိုခြင်း, အရိယကန္တသီလနှင့် ပြည့်စုံခြင်းကြောင့် အချို့သောနတ်တို့သည် သောတာပန်တည်ကြောင်းများကို ဟောကြားသော သုတ္တန်တို့သည်လည်း များစွာရှိကုန်၏။

[အရိယကန္တသီလဆိုသည်ကား ကောင်းစွာထက်ဝန်းကျင်မှ စင်ကြယ်သော ငါးပါးသီလပင်လျှင်တည်း၊ မဂ်နှင့်ယှဉ်အပ်သော အာဇီဝဋ္ဌမကသီလဟူ၍လည်း ဆိုကြကုန်၏။]

ရှင်မောဂ္ဂလာန်သည်လည်းနတ်ပြည်တို့သို့ မကြာမကြာ ကြွသွားတော်မူ၍ တရားဟောတော်မူကြောင်းကို များစွာသောသုတ္တန်တို့၌ ပြဆို၏၊ ထို့အတူ မြတ်စွာဘုရားသည်လည်းကောင်း, ရှင်မောဂ္ဂလာန်သည်လည်းကောင်း ဗြဟ္မာပြည်

www.dhammaransi.com



သို့ကြွ၍ တရားဟောတော်မူ ကြောင်းများသည်လည်း ထိုထိုသုတ္တန်တို့၌ ထင်ရှားကုန်၏၊ ထိုသို့ နတ်ပြည်, ဗြဟ္မာပြည်သို့ ကြွရောက်၍ တရားဟော တော်မူရာ၌ နတ်, ဗြဟ္မာတို့သည် သာဝကအဖြစ်သို့ များစွာပင် ပါဝင်ကြလေကုန်၏၊ နတ်ပြည်, ဗြဟ္မာပြည် ဆိုသည်မှာ ဤစကြဝဠာ၌ရှိသော နတ်ပြည်, ဗြဟ္မာပြည်တို့ကိုချည်းသာ ဆိုလိုသည်မဟုတ်၊ တစ်သောင်းသော လောကဓာတ်အတွင်း၌ ရှိနေကြကုန်သော နတ်ပြည်, ဗြဟ္မာပြည်တို့သို့လည်း မြတ်စွာဘုရားကြွတော်မူ၍ တရားဟောတော်မူကြောင်းကို ယူရမည်၊ ဗုဒ္ဓုပ္ပါဒခေတ်နှင့် ကြုံကြိုက်သောအခါ တစ်သောင်းသော လောကဓာတ်၌ ရှိနေကြကုန်သော နတ် ပြည်, ဗြဟ္မာပြည်တို့သည် သာဝက, အရိယာသာဝကဖြစ်ကုန်သော နတ်,ဗြဟ္မာတို့ဖြင့် ပြည့်လျှံ၍ နေကြကုန်၏၊ လူသာဝကတို့သည်ကား အနည်းငယ်မျှသာ ရှိကုန်၏၊ ပမာဏမပြုလောက်ကုန်၊ နတ်သာဝက, ဗြဟ္မာသာဝကတို့သာလျှင် အနန္တများပြားကြလေကုန်သည်၊ သို့ရာတွင် အာဏာတော်ဟုဆိုအပ်သော ဝိနည်းပညတ်တော်အားဖြင့် ရဟန်းအဖြစ်ကို လူ့ဘုံသားတို့အားသာလျှင် ပညတ်ခွင့်ပြုအပ်သောကြောင့် ရဟန်းသိက္ခာသီလနှင့် ပြည့်စုံသော သာဝကတို့သည်မူကား လူ့ပြည်၌သာလျှင် ရှိကုန်၏၊ နတ်ပြည်, ဗြဟ္မာပြည်တို့၌ မရှိကုန်။

## နတ်, ဗြဟ္မာတို့သည် မိမိဘုံမှာသာ တရားထူးရသည် မဟုတ်

နတ်ဗြဟ္မာတို့သည် မိမိတို့ဘုံသို့ မြတ်စွာဘုရားကြွတော်မူလာ၍ တရားဟောတော်မူမှသာလျှင် တရားနာရခြင်း, တရားထူးရခြင်း, သာဝကအဖြစ်သို့ ကပ်ရောက်ခြင်း ဖြစ်ကြကုန်သည် မဟုတ်၊ လူ့ပြည်သို့ လာရောက်၍လည်း တရားနာခြင်း, တရားရခြင်း, သာဝကအဖြစ်သို့ ကပ်ရောက်ခြင်းတို့သည် ဖြစ်ကုန်၏၊ ဓမ္မစက္ကပဝတ္တနသုတ်ကို ဟောတော်မူရာစသည်တို့၌ ထိုအကြောင်းသည် ထင်ရှား၏၊ သတ္ထာဒေဝမနုဿာနံ ဟူသောဂုဏ်တော်အဖွင့်တွင်လည်း ထိုအဓိပ္ပါယ်ကို ပြဆိုအပ်လေပြီ၊ ရဟန်းမဟုတ်သော လူသာဝကနှင့် နတ်သာဝက, ဗြဟ္မာ သာဝကတို့၏ အကျင့်ပဋိပတ်သည်ကား အထူးမရှိ၊ အကျဉ်းအားဖြင့် သောတာပတ္တိယင်္ဂတရားလေးပါးတို့သာလျှင် ဖြစ်ကုန်၏။

[ယခုအခါ အလုံးစုံသော လူသာဝက,နတ်သာဝက, ဗြဟ္မာသာဝကတို့၏ အကျင့်ပဋိပတ်တို့၏ အကျိုးကို မဟာဝဂ္ဂသံယုတ် ပုညာဘိသန္ဒဝဂ်၌လာသော သုတ်တို့ဖြင့် ပြဆိုပေအံ့။]

www.dhammaransi.com



**သောတာပန်အင်္ဂါလေးပါးပြည့်စုံ**
**အပါယ်ဘေးလွတ်လပ်ပုံ**

**ထိုသုတ္တန်တို့၏ မြန်မာပြန်**--အို ချစ်သားရဟန်းတို့ လေးပါးသော တရားတို့နှင့် ပြည့်စုံသော အရိယာသာဝကသည် အလုံးစုံသော အပါယ်ဒုဂ္ဂတိဘေးတို့မှ လွန်မြောက်နိုင်သည်ဖြစ်၏၊ အဘယ်တရား လေးပါးတို့နည်းမူကား-

၁။ မြတ်စွာဘုရား၌ သက်ဝင်ယုံကြည် ကြည်ညိုခြင်းနှင့်ပြည့်စုံ၏၊
၂။ တရားတော်၌သက်ဝင်ယုံကြည် ကြည်ညိုခြင်းနှင့်ပြည့်စုံ၏၊
၃။ သံဃာတော်၌ သက်ဝင်ယုံကြည် ကြည်ညိုခြင်းနှင့်ပြည့်စုံ၏၊
၄။ အရိယာတို့ နှစ်သက်အပ်သော သီလကောင်း သီလမြတ်နှင့်ပြည့်စုံ၏။

ဤတရားလေးပါးတို့နှင့် ပြည့်စုံသော အရိယာသာဝကသည် အလုံးစုံသော အပါယ်ဒုဂ္ဂတိဘေးမှ လွန်မြောက်နိုင်သည်ဖြစ်၏။

**သောတာပန်အင်္ဂါကင်းငြား**
**အပါယ်ဘုံပြန်သွား**

အိုချစ်သား ရဟန်းတို့, အကယ်၍လျှင် စကြဝတေးမင်းကြီးသည် လေးကျွန်းလုံး၌ မင်းအဖြစ်ကိုပြုစေ၍ စုတေလေသည်ရှိသော် တာဝတိံသာနတ်၏ အပေါင်းအဖေါ် အဖြစ်သို့ ကပ်ရောက်လေ၏၊ တာဝတိံသာနတ်ပြည်သို့ ရောက်လေ၏၊ ထိုနတ်သားသည် ထိုတာဝတိံသာနတ်ပြည် နန္ဒဝန်ဥယျာဉ်၌ နတ်သမီး အပေါင်းတို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ နတ်ပြည်၌ဖြစ်သော ကာမဂုဏ်ငါးပါးတို့ဖြင့် ပြည့်စုံစွာ မြူးတူးပျော်ပါး၏၊ ထိုနတ်သားသည် သောတာပတ္တိယင်္ဂတရားလေးပါးတို့နှင့် ပြည့်စုံသည် မဟုတ်သောကြောင့် ငရဲဘေးမှ မလွတ်နိုင်သည်သာ ဖြစ်၏၊ တိရစ္ဆာန်ဘေးမှ မလွတ်နိုင်သည်သာဖြစ်၏၊ ပြိတ္တာဘေးမှ မလွတ်နိုင်သည်သာဖြစ်၏၊ အပါယ်ဒုဂ္ဂတိဘေးမှ မလွတ်နိုင်သည်သာ ဖြစ်၏။

အိုချစ်သားရဟန်းတို့, အကယ်၍လျှင် ဤသာသနာတော်မြတ်၌ အရိယာသာဝကသည် ဆင်းရဲငြိုငြင်စွာ မိမိကိုယ်ကို မျှတစွာမွေးမြူရ၏၊ ထိုအရိယာသာဝကသည် သောတာပတ္တိယင်္ဂတရားလေးပါးနှင့် ပြည့်စုံသောကြောင့် ငရဲဘေးမှ လွတ်သည်သာဖြစ်၏၊ တိရစ္ဆာန်ဘေးမှ လွတ်သည်သာဖြစ်၏၊ ပြိတ္တာဘေးမှ လွတ်သည်သာဖြစ်၏။

www.dhammaransi.com



## သောတာပန် အင်္ဂါပြည့်ငြား
## စကြဝတေးမင်းနှင့် မကွာလား

အို ချစ်သားရဟန်းတို့, ကျွန်းကြီးလေးကျွန်းတို့ကို အစိုးရခြင်းသည် ရှိ၏၊ ထိုကျွန်းကြီးလေးကျွန်းတို့ကို စိုးပိုင်ခြင်းသည် သောတာပတ္တိယင်္ဂ တရားလေးပါးတို့ကို ရရှိခြင်း၏ တစ်ဆယ့်ခြောက်စိတ်စိတ်၍ တစ်စိတ်ကိုမျှ မမီနိုင်ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူ၏။

[အထက်ပါအဓိပ္ပါယ်နှင့်တူစွာ အောက်၌ပါသော ဂါထာကိုလည်း ဓမ္မပဒပါဠိတော်၌ ဟောတော်မူ၏။]

## သောတာပန်ဖြစ်ရကျိုး-သာဓကကိုး

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။

ပထဗျာ= မြေပြင်၌၊ ဧကရဇ္ဇေန=တစ်ပါးတည်းစိုးပိုင် ဘုန်းလှိုင်ထင်ရှားဧကရာဇ်မင်းဖြားဖြစ်ခြင်းထက်လည်းကောင်း၊ သဂ္ဂဿ=နတ်ပြည်သို့၊ ဂမနေန ဝါ=လားရရောက်ရခြင်းထက်လည်းကောင်း၊ သဗ္ဗလောကာဓိပစ္စေန=အလုံးစုံသောလောကကို အစိုးရခြင်းထက်လည်းကောင်း၊ သောတာပတ္တိဖလံ=သောတာပတ္တိမဂ်ကိုရခြင်း၏ အကျိုးသည်၊ ဝရံ=ထွတ်မြတ်လှစွာ၏။

## ကုသိုလ်အဟုန်-ကောင်းမှုဂုဏ် ၄-မျိုး

ချမ်းသာခြင်း၏ အကြောင်းရင်းဖြစ်ကုန်သော ကုသိုလ်အဟုန် ကောင်းမှုအလျဉ်လေးမျိုးကိုလည်း မဟာဝဂ္ဂသံယုတ် ပုညာဘိသန္ဒဝဂ်၌ ဟောတော်မူ၏၊ ထိုပုညာဘိသန္ဒကုသိုလ်အဟုန် ကောင်းမှုအလျဉ် လေးပါးဆိုသည်ကား-

(၁) မြတ်စွာဘုရား၌ သက်ဝင်ယုံကြည် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း တစ်ပါး,

(၂) တရားတော်၌ သက်ဝင်ယုံကြည် ကြည်ညိုခြင်းနှင့်ပြည့်စုံခြင်းတစ်ပါး,

(၃) သံဃာတော်မြတ်၌ သက်ဝင်ယုံကြည် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း တစ်ပါး,

(၄) အရိယာတို့ နှစ်သက်အပ်သော သီလနှင့်ပြည့်စုံခြင်း တစ်ပါး။

ဤလေးပါးတို့တည်း။

www.dhammaransi.com



ဤကုသိုလ်အဟုန် ကောင်းမှုအလျဉ်နှင့် ပြည့်စုံသော အရိယာသာဝက၏ ကုသိုလ်ကိုပမာဏအားဖြင့် ဤမျှရှိ၏ ဟူ၍ ရေတွက်ခြင်းငှါ မတတ်နိုင်၊ စင်စစ် အားဖြင့် မရေတွက်နိုင်အောင်, မနှိုင်းယှဉ်နိုင်အောင် ကြီးကျယ်များမြတ်သော ကုသိုလ်အစု ကောင်းမှုအလျဉ်ဟူ၍သာလျှင် ဆိုအပ်၏။

## သမုဒ္ဒရာရေပမာ-ကောင်းမှုအကျိုးဖြာ

ဥပမာအားဖြင့် သမုဒ္ဒရာ၌ရှိသော ရေအတိုင်းအရှည်ကို ကွမ်းစားပေါင်း ဤမျှရှိကုန်၏ဟူ၍ မရေတွက်နိုင်သကဲ့သို့တည်း ဟူ၍ ဟောတော်မူ၏၊ ထို့အတူ ရတနာသုံးပါးတို့၌ သက်ဝင်ယုံကြည်ခြင်း တည်းဟူသော ကုသိုလ်အဟုန် ကောင်း မှုအလျဉ် သုံးပါးတို့တွင် ပေးကမ်းစွန့်ကြဲခြင်း စာဂတည်းဟူသော ကုသိုလ်အဟုန် ကောင်းမှုအလျဉ်ကိုထည့်၍ ပုညာဘိသန္ဒလေးပါးကိုလည်း ဟောတော်မူ၏၊ ထိုအတူ ရတနာသုံးပါး၌ သက်ဝင်ယုံကြည်ခြင်း သုံးပါးတို့တွင် ရုပ်,နာမ်, ခန္ဓာတို့၏ အဖြစ်အပျက်ကို သိမြင်နိုင်ခြင်း ဥဒယဗ္ဗယဉာဏ် တည်းဟူသော ကုသိုလ်အဟုန် ကောင်းမှု အလျဉ်တစ်ပါးကိုထည့်၍ ပုညာဘိသန္ဒလေးပါးကို ဟောကြားတော်မူ၏၊ အင်္ဂုတ္တရနိကာယ်၌လည်း ပုညာဘိသန္ဒသုတ်တို့သည် များစွာလာရှိကုန်၏၊ အရိယာပုဂ္ဂိုလ်တို့တွင် အညံ့ဆုံးဟုဆိုရသော သတ္တက္ခတ္တုပရမ သောတာပန် ပုဂ္ဂိုလ်၏ သောတာပတ္တိဖိုလ်အခိုက်၌ ရရှိအပ်သော မဂ်၏အကျိုးကို မဟာဝဂ္ဂ သံယုတ် အဆုံးစွန်သောဝဂ်၌ ဟောတော်မူအပ်သော သုတ္တန်တို့ဖြင့် ပြဆိုသင့် ပြဆိုထိုက်၏၊ သို့ရာတွင် ထိုမဂ်၏အကျိုးကို လောကုတ္တရာပဋိပတ်၏ အကျိုး အာနိသင်ကို ပြဆိုခန်းတွင် နခသိခသုတ္တန်တစ်ခုဖြင့် ပြဆိုအပ်ခဲ့လေပြီးဖြစ်၍ ဤ နေရာ၌ပြဆိုရန် အကြောင်းမရှိပြီ။

[ ဤဆိုလတ္တံ့သည်ကား သဠာယတနမောဂ္ဂလာနသံယုတ်၌ အရှင်မောဂ္ဂလာန်သည် နတ်ပြည်တို့သို့ ဒေသစာရီ လှည့်လည်တော်မူကြောင်း, ထိုအခါနတ်အပေါင်းတို့ ချဉ်းကပ် လာကြောင်း, ထိုနတ်တို့အား တရားဟောတော်မူကြောင်းကိုပြဆိုသောသုတ္တန်ပေတည်း။ ]

## နတ်ပြည်စခန်း-အရှင်မောဂ္ဂလာန်ကြွမြန်း

**ထိုသုတ္တန်၏မြန်မာပြန်**--ထိုအခါအရှင်မောဂ္ဂလာန်သည် ဥပမာအားဖြင့် ခွန်အားနှင့်ပြည့်စုံသော ယောကျ်ားသည် ကွေး၍ထားအပ်သော လက်ရုံးကို ဆန့်တန်းအပ်ဘိသကဲ့သို့လည်းကောင်း, ဆန့်၍ထားအပ်သော လက်ရုံးကို ကွေးဘိ သကဲ့သို့လည်းကောင်း, ထို့အတူပင်လျှင် ဇေတဝန်ကျောင်းတော်မှ ကွယ်ခဲ့၍

www.dhammaransi.com



တာဝတိံသာနတ်တို့အလယ်၌ ကိုယ်ထင်ရှားပေါ်လေ၏၊ ထိုအခါ နတ်အပေါင်းတို့ကို အစိုးရသော သိကြားမင်းသည် ငါးရာသောနတ်တို့နှင့်တကွ အရှင်မောဂ္ဂလာန်သို့ ချဉ်းကပ်ပြီးလျှင် ရိုသေစွာရှိခိုး၍ သင့်တင့်လျောက်ပတ်သော အရပ်၌ ရပ်တည်လေ၏၊ ထိုအခါ အရှင်မောဂ္ဂလာန်သည် ဤစကားကို မိန့်ဆိုတော်မူလေ၏၊ အိုသိကြားမင်း, မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခြင်းသည် ကောင်း၏၊ အို သိကြားမင်း, မြတ်စွာဘုရားကို ကိုးကွယ်အားထားရာဟူ၍ ဆည်းကပ်ခြင်းကြောင့် ဤလောက၌ အချို့သောသတ္တဝါတို့သည် ထိုမိမိတို့ဘဝမှ စုတေကြကုန်သည်ရှိသော် သုဂတိဟုဆိုအပ်သော နတ်ပြည်လောကသို့ ကပ်၍ဖြစ်ကြလေကုန်၏။

## အကြောင်းဆယ်ပါး လွှမ်းမိုးပုံ

ထိုနတ်တို့သည် တစ်ပါးသောနတ်တို့ကို ဆယ်ပါးသော အကြောင်း အရာတို့ဖြင့် သာလွန်လွှမ်းမိုးကြလေကုန်၏၊ ဆယ်ပါးသော အကြောင်းတို့ကား နတ်အသက်တမ်းဖြင့်လည်းကောင်း, နတ်အဆင်းဖြင့်လည်းကောင်း, နတ်ချမ်းသာဖြင့်လည်းကောင်း, နတ်အခြံအရံဖြင့်လည်းကောင်း, နတ်ပြည်နှင့်ဆိုင်သော အစိုးရခြင်းဖြင့်လည်းကောင်း, နတ်ပြည်၌ဖြစ်သောအဆင်း ရူပါရုံတို့ဖြင့်လည်းကောင်း, အသံသဒ္ဒါရုံတို့ဖြင့်လည်းကောင်း, အနံ့ဂန္ဓာရုံတို့ဖြင့်လည်းကောင်း, ရသာရုံတို့ဖြင့်လည်းကောင်း, အတွေ့အထိ, ဖောဋ္ဌဗ္ဗာရုံတို့ဖြင့်လည်းကောင်း, သာလွန် လွှမ်းမိုးကြလေကုန်၏၊ ဤနည်းအတိုင်း တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခြင်း၏အကျိုး, သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခြင်း၏ အကျိုးတို့ကိုလည်း ထိုသုတ်နှင့်ဆက်၍ ဟောတော်မူ၏။

## တာဝတိံသာတွင်မက-အထက်နတ်ဘုံသို့လဲကြွ

ထိုမောဂ္ဂလာန်သံယုတ်၌ပင်လျှင် ဤတာဝတိံသာသို့ ကြွတော်မူသကဲ့သို့ ကြွင်းသောအထက်နတ်ပြည် ငါးထပ်တို့သို့ ဒေသစာရီကြွချီတော်မူကြောင်း, ထိုအခါ သိကြားမင်းကြီး ဆည်းကပ်ဘိသကဲ့သို့ နတ်ပရိသတ်များစွာတို့နှင့် နတ်မင်းကြီးများ ဆည်းကပ်ခစားလာကြောင်း, ထိုနတ်တို့အား တရားဟောတော်မူကြောင်းများကိုလည်း ပြဆို၏၊ ထို့ကြောင့် နတ်ပြည်ခြောက်ထပ်တို့၌ မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်သော နတ်သားနတ်သမီးတို့သည် များပြားပြည့်နှက်စွာ ရှိကြကုန်၏၊ အရှင်မောဂ္ဂလာန်သည် ထိုသာဝကနတ်တို့အား

www.dhammaransi.com



တရားဟောခြင်းကိစ္စဖြင့် မကြာမကြာကြွတော်မူ၏၊ ဗြဟ္မာဘုံနှစ်ဆယ်တို့တွင် သုဒ္ဓါဝါသငါးဘုံသည် အရိယာပုဂ္ဂိုလ်အထွတ်အထိပ်တို့၏ နေရာဌာနသာလျှင် ဖြစ်၏၊ ထိုဘုံ၌ရှိရှိသမျှသော ဗြဟ္မာတို့သည် မြတ်စွာဘုရားတို့၏ တပည့်သား အစစ် ဖြစ်ကြီးဖြစ်ကြကုန်သော အရိယာသာဝကတို့သာတည်း၊ ပုထုဇ္ဇန်သာဝက, သောတာပန်သာဝက, သကဒါဂါမ်သာဝကတို့နှင့် သက်ဆိုင်သောဘုံ မဟုတ်ချေ၊ ထိုသုဒ္ဓါဝါသ ငါးဘုံတို့တွင် တစ်ဘုံတစ်ဘုံမှာပင် ဝိပဿီအစရှိကုန်သော ဘုရား ခုနစ်ဆူတို့အနက် တစ်ဆူတစ်ဆူသော ဘုရားရှင်၏ တပည့်သာဝကဖြစ်ကုန်သော ဗြဟ္မာတို့သည်ပင်လျှင် သိန်းပေါင်းများစွာ ရှိနေကြကုန်၏၊ ဘုရားခုနစ်ဆူတိုင်တိုင် သိမ်မီလိုက်ကြကုန်သော ဗြဟ္မာကြီးတို့သည်လည်း လွန်စွာပင် များကုန်၏။

## အကနိဋ္ဌဘုံ-မြတ်စွာဘုရားကြွမြန်းပုံ

တစ်ရံရောအခါ ကျွန်ုပ်တို့၏ ကိုးကွယ်ရာဖြစ်သော ဂေါတမ မြတ်စွာဘုရား သည် သုဒ္ဓါဝါသဘုံတို့၌ ဒေသစာရီလှည့်လည်တော်မူသောအခါ ရှေးဦးစွာ အဝိဟာဗြဟ္မာတို့အလယ်၌ ကိုယ်ထင်ရှားပေါ်တော်မူ၏၊ အဝိဟာဘုံ၌ အသိန်း မကသော ဗြဟ္မာတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြကုန်ပြီးလျှင် ခုနစ်ဆူ ကုန်သော ဘုရားရှင်တို့၏ အနွယ်အဆက်တို့ကို မြတ်စွာဘုရားအား လျှောက်ကြား ကြကုန်၏၊ ထို့နောက် ထိုအဝိဟာဗြဟ္မာတို့ကို နောက်ပါခေါ်တော်မူ၏၊ အတပ္ပါ ဗြဟ္မာတို့အလယ်၌ ကိုယ်ထင်ရှားပေါ်တော်မူ၍ ထိုအတပ္ပါဘုံ၌လည်း ဗြဟ္မာ အပေါင်းတို့သည် ရှေးနည်းအတူပင်လျှင် လျှောက်ထားကြကုန်၏၊ ထို့နောက် ထိုအဝိဟာဗြဟ္မာ, အတပ္ပါဗြဟ္မာတို့ကို နောက်ပါခေါ်တော်မူ၍ သုဒဿာ ဗြဟ္မာတို့အလယ်၌ ကိုယ်ထင်ရှားပေါ်တော်မူ၏၊ ထိုသုဒဿာဘုံ၌လည်း ဗြဟ္မာ အပေါင်းတို့သည် ရှေးနည်းအတူပင် လျှောက်ထားကြကုန်၏၊ ထို့နောက် ထို အဝိဟာဗြဟ္မာ, အတပ္ပါဗြဟ္မာ, သုဒဿာဗြဟ္မာတို့ကို နောက်ပါခေါ်တော်မူ၍ သုဒဿီဗြဟ္မာတို့အလယ်၌ ကိုယ်ထင်ရှားပေါ်တော်မူ၏၊ ထိုသုဒဿီဘုံ၌လည်း ဗြဟ္မာအပေါင်းတို့သည် ရှေးနည်းအတူပင် လျှောက်ထားကြကုန်၏၊ ထို့နောက် ဆိုခဲ့ပြီးသော ဗြဟ္မာလေးဘုံသားတို့ကို နောက်ပါခေါ်တော်မူ၍ အကနိဋ္ဌဗြဟ္မာတို့ အလယ်၌ ကိုယ်ထင်ရှားပေါ်တော်မူ၏၊ ထိုအကနိဋ္ဌဘုံ၌လည်း ဗြဟ္မာအပေါင်း တို့သည် ရှေးနည်းအတူပင် လျှောက်ထားကြကုန်၏ဟူ၍ မဟာပဒါနသုတ်၌ ဆိုသည်။

ထိုသုဒ္ဓါဝါသဘုံတို့သို့ ကြွချီတော်မူသော အခါ မြတ်စွာဘုရား၏ ထံပါးသို့

www.dhammaransi.com



ချဉ်းကပ်ခစားရန် လာရောက်ကြကုန်သော ဗြဟ္မာတို့သည် ကုဋ္ဌေအရာမက စည်းဝေးမိကြကုန်၏၊ ဗြဟ္မာတို့သည် သာမညသာဝက တို့ မဟုတ်ကြပဲ အချို့မှာ အနာဂါမ်, အချို့မှာ ရဟန္တာဖြစ်ကြကုန်၏ ဟူ၍ဆိုသည်၊ ထို့ကြောင့် တစ်သောင်းသော လောကဓာတ်အတွင်း၌ ရှိနေကြကုန်သော နတ်ပြည်, ဗြဟ္မာပြည်တို့သည် မြတ်စွာဘုရား၏ တပည့်သာဝကဖြင့် ပြည့်လျှံ၍ နေကြကုန်သည်ဟူ၍ သိအပ်၏၊

[ဤကား- နတ်သာဝက, ဗြဟ္မာသာဝကတို့နှင့်စပ်လျဉ်း၍ ဆိုအပ်သော စကားရပ်ပေတည်း။]

## ပရိယတ် ပဋိပတ်ကိုကျင့်ဆောင်-သာဝကဂုဏ်ရောင်

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပရိယတ္တိဓမ္မ, ပဋိပတ္တိဓမ္မများသည် ကောင်းမွန်သောတရားမှန် အကျင့်မှန်များ ဖြစ်လေသောကြောင့် တပည့်သာဝကတို့သည် ထိုပရိယတ်, ပဋိပတ်တို့ကို ကျင့်ဆောင်ခြင်းအားဖြင့် လွယ်ကူစွာ သာဝကဂုဏ်နှင့် ပြည့်စုံနိုင်ကြကုန်၏၊ ထိုအကြောင်းကို စတုကင်္ဂုတ္တရပါဠိတော် မဟာဝဂ် သောတာနုဂတသုတ်ဖြင့် သိအပ်၏။

သောတာနုဂတာနံ ဘိက္ခဝေ ဓမ္မာနံ ဝစသာ ပရိစိတာနံ
မနသာ နုပေက္ခိတာနံ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါနံ စတ္တာရော အာနိသံသာ
ပါဋိကင်္ခါ။

ဘိက္ခဝေ=ရဟန်းတို့၊ သောတာနုဂတာနံ=နားသို့အစဉ်အတိုင်း ရောက်ကုန်ပြီးသော၊ ဝါ=ကြားနာအပ်ကုန်ပြီးသော၊ ဝစသာ=နှုတ်ဖြင့်၊ ပရိစိတာနံ=လေ့ကျက်အပ်ကုန်ပြီးသော၊ မနသာ=စိတ်ဖြင့်၊ အနုပေက္ခိ-တာနံ=ကြံဆရှုဆင်ခြင်အပ်ကုန်ပြီးသော၊ ဒိဋ္ဌိယာ=အနက်အဓိပ္ပါယ်ကို သိစွမ်းနိုင်သောဉာဏ်ဖြင့်၊ သုပ္ပဋိဝိဒ္ဓါနံ=ထိုးထွင်းပေါက်ရောက်အပ်ကုန်ပြီးသော၊ ဓမ္မာနံ=တရားတော်တို့၏၊ အာနိသံသာ=အကျိုးတို့ကို၊ ပါဋိကင်္ခါ=အလိုရှိအပ်ကုန်၏။

ကြားနာပြီး, နှုတ်တက်ပြီး, စိတ်ဖြင့် ကြံဆဆင်ခြင်ပြီး, ဉာဏ်ဖြင့် အသိဉာဏ်ပေါက်ရောက်ပြီးသော တရား၏အကျိုးတို့သည် လေးပါးရှိကုန်၏ဟူ၍ ဆိုလိုသည်၊ ဥပမာ-အကြင်သူသည် [**အနိစ္စာဝတ သင်္ခါရာ ဥပ္ပါဒ ဝယဓမ္မိနော**] ဟူသော ဂါထာကို ကြားနာရသည်ရှိသော် နှုတ်တက်ဆောင်ရွက်ပြီး၍ ထိုဂါထာ၏ အနက်အဓိပ္ပါယ်ကို စိတ်ဖြင့် ရှုစားဆင်ခြင်ပြီးလျှင် အသိဉာဏ်ဖြင့် အနက်သဘော, ပါဠိသဘောကို ထိထိရောက်ရောက် အသိဉာဏ်ပေါက်လေ၏၊ ထိုသူအား အနိစ္စာဝတ သင်္ခါရာ- ဟူသော ဂါထာသည် အကျိုးလေးပါးတို့တွင် တစ်ပါးပါးကို ရစေနိုင်၏။

www.dhammaransi.com



**အဘယ်အကျိုးလေးပါးတို့နည်းဟူမူကား---**

၁။ ထိုသာဝကသည် ဤဘဝမှ စုတေလေသည်ရှိသော် တစ်စုံတစ်ခုသော နတ်ပြည်၌ ဥပပတ်ပဋိသန္ဓေအားဖြင့် နတ်ဘဝကို ရရှိလေ၏၊ ထိုသို့ နတ်ဘဝ ဥပပတ္တိခန္ဓာကို ရရှိသောအခါ ထိုနတ်ပြည်၌ မိမိရှေးဘဝက လေ့ကျက်ခဲ့ဖူးသော တရားအစုတို့သည် လွယ်လွယ်ကူကူ ဘွားခနဲပေါ်လာကြကုန်၏၊ ထိုဥပပတ်ဘဝသစ်၌ တရားကို ပြန်လှန်အောက်မေ့မှု သတိဖြစ်ပေါ်မှုသည် နှေးသေး၏၊ တရားဟောင်းတို့သည် ဘဝသစ်၌ ထင်မြင်ပေါ်ပေါက်လာကြကုန်သဖြင့် လျင်မြန်စွာ တရားအထူးကိုရရှိ၍ ထူးသောပုဂ္ဂိုလ်အဖြစ်သို့သာ ရောက်လွယ်လေ၏၊

> တဿ တတ္ထ သုခိနော ဓမ္မပဒါနိ ပလဝန္တိ၊ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ၊ အထ ခေါ သော သတ္တော ခိပ္ပမေဝ ဝိသေသဘာဂီ ဟောတိ။
>
> [စတုကင်္ဂုတ္တရ ပါဠိတော်]

တတ္ထ=ထိုနတ်ပြည်၌၊ တဿ=ထိုရှေးဘဝက ပရိယတ္တိဓမ္မကို လေ့ကျက်ခဲ့ဖူးသော သာဝကအား၊ သုခိနော=လွယ်ကူချမ်းသာသည်ဖြစ်၍၊ ဓမ္မပဒါနိ=လေ့ကျက်ခဲ့ဖူးသော တရားအစုတို့သည်၊ ပလဝန္တိ=ဘွားခနဲထင်မြင် ပေါ်ပေါက်လာကုန်၏၊ ဘိက္ခဝေ=ရဟန်းတို့၊ သတုပ္ပါဒေါ=ရှေးတရားဟောင်းကို အောက်မေ့ခြင်း သတိဖြစ်မှုသည်၊ ဒန္ဓော=နှေးလေးသေး၏၊ အထခေါ=စင်စစ်သော်ကား၊ သော သတ္တော=ထိုသာဝကသည်၊ ခိပ္ပမေဝ=လျင်စွာသာလျှင်၊ ဝိသေသဘာဂီ=ထူးမြတ်သော အဖို့ရှိသည်၊ ဟောတိ=ဖြစ်၏။

အဘယ့်ကြောင့် ထိုဥပပတ်ဘဝသစ်၌ တရားဟောင်းတို့သည် လွယ်ကူလျင်မြန်စွာ ထင်မြင်လာကုန်သနည်းဟူမူ-ဥပပတ် ပဋိသန္ဓေနေရသောပုဂ္ဂိုလ်တို့၏ ရုပ်ခန္ဓာသည် လွန်စွာသိမ်မွေ့၏၊ ပေါ့ပါး၏၊ ကြည်လင်၏၊ ထိုရုပ်ခန္ဓာ၌ မှီသောဉာဏ်သည်လည်း ပေါ့ပါးလျင်မြန်၍ အလွန်လျှင်ကြည်လင်၏၊ ထို့ကြောင့် အနန္တရဘဝက တရားတို့ကို လေ့ကျက်၍ သေလွန်လေလျှင် ဥပပတ်ဘဝကို ရသောအခါ ထိုတရားဟောင်းတို့သည် လျင်မြန်စွာ ထင်မြင်ပေါ်ပေါက်လာ၍ ထက်မြက် ကြည်လင်သောဉာဏ်ဖြင့် ထူးထွေနက်နဲသော သဘောအဓိပ္ပါယ်ကို သိပြီးလျှင် တရားထူးကို လွယ်ကူစွာ ရရှိနိုင်လေသည်။

[ဤကား ပထမအကျိုးတည်း။]

www.dhammaransi.com



၂။ ဥပပတ်ဘဝသစ်ကို ရရှိသည်၏အခြားမဲ့ လျင်မြန်စွာ ထိုတရားဟောင်းများ မပေါ်လာ မထင်လာသေးလျှင် အရှင်မောဂ္ဂလာန် မထေရ်ကဲ့သို့ အခြားသော တန်ခိုးဣဒ္ဓိပါဒ်ကြီးမားသော ရဟန်းတော်အရှင်သည် နတ်ပြည်သို့ တက်၍ နတ်တို့အား တရားဟောပြတော်မူသည်ရှိသော် ထိုတရားကို ကြားနာရသည်နှင့်တစ်ပြိုင်နက် ရှေးကလေ့ကျက်ခဲ့ဖူးကုန်သော တရားဟောင်းတို့သည် လျင်မြန်လွယ်ကူစွာ ပေါ်ပေါက်၍လာကုန်၏၊ ထိုအခါ တရားအထူးကို ရရှိနိုင်လေ၏။

[ဤကား ဒုတိယအကျိုးတည်း။]

၃။ ထိုသို့ မဟုတ်လျှင် သနင်္ကုမာရဗြဟ္မာမင်းကြီးကဲ့သို့ ဓမ္မကထိကနတ်သား၏ ဟောကြားအပ်သောတရားကို ကြားနာရသည်ရှိသော် ရှေးက လေ့ကျက်ခဲ့ဖူးသော တရားဟောင်းတို့သည် လျင်မြန်လွယ်ကူစွာ ပေါ်ပေါက်လာကုန်၍ တရားထူးကိုရလေ၏။

[ဤကားတတိယအကျိုးတည်း]

၄။ ထိုသို့မဟုတ်လျှင် မိတ်ဆွေနတ်သား တစ်ဦးဦးသည် သတိကို ရစေ၏၊ ထိုအခါသတိရ၍ ရှေးကလေ့ကျက်ဖူးသော တရားဟောင်းတို့သည် လျင်မြန်လွယ်ကူစွာ ပေါ်ပေါက်လာပြီးလျှင် တရားအထူးကိုရရှိလေ၏။

[ဤကားစတုတ္ထအကျိုးတည်း]

ဤသို့ဟောတော်မူသည် ကိုထောက်၍ ပရိယတ္တိဓမ္မကိုကြားနာပြီး, နှုတ်တက်ဆောင်ရွက်ပြီး, စိတ်ဖြင့်ကြံဆဆင်ခြင်ပြီး, ဉာဏ်ဖြင့် အသိဉာဏ်ပေါက်ပြီးသော သာဝကတို့သည် ဤပစ္စက္ခဘဝ၌ပင် တရားထူးကိုမရပဲ စုတေရငြားသော်လည်း လာလတ္တံ့သော အနာဂတ်ဘဝ၌ ဥပပတ်ခန္ဓာကိုရ၍ ပြဆိုခဲ့ပြီးသော အကျိုးလေးပါးတို့တွင် တစ်ပါးပါးနှင့် ကြုံကြိုက်၍ ချမ်းသာ လွယ်ကူစွာနှင့် တရားထူးကိုရဖို့ရန် စခန်းရှိပေသည် ဟူ၍ ဝမ်းမြောက်ထိုက်ပေသည်။

[ဤသည်ကား ပရိယတ္တိဓမ္မ၏ ကောင်းမြတ်မှန်ကန်သော ဓမ္မဖြစ်သောကြောင့် ဘဝတစ်ပါး၌ ချမ်းသာစွာ သာဝကဂုဏ်အင်္ဂါနှင့် ပြည့်စုံစေနိုင်ကြောင်းကို ပြဆိုသော စကားရပ်တည်း။]

ပဋိပတ္တိဓမ္မ၏ ကောင်းမြတ်မှန်ကန်သော ဓမ္မဖြစ်၍ လွယ်ကူ ချမ်းသာစွာနှင့် တပည့်သာဝကတို့၏ မြင့်မြတ်သော သာဝကဂုဏ်နှင့်ပြည့်စုံကြောင်းကား--

www.dhammaransi.com



၁။ ကဗဠီကာရေ ဘိက္ခဝေ အာဟာရေ ပရိညာတေ ပဉ္စ ကာမဂုဏိကော ရာဂေါ ပရိညာတော ဟောတိ၊ ပဉ္စ ကာမဂုဏိကေ ရာဂေ ပရိညာတေ နတ္ထိ တံ သံယောဇနံ ယေန သံယောဇနေန သံယုတ္တော အရိယသာဝကော ပုန ဣမံ လောကံ အာဂစ္ဆေယျ။

၁။ ဘိက္ခဝေ=ချစ်သားရဟန်းတို့၊ ကဗဠီကာရေ အာဟာရေ=ကဗဠီကာရ အာဟာရတရားကို၊ ပရိညာတေ=ပရိညာဉ်သုံးပါးဖြင့် ပိုင်းခြား၍ သိအပ်သည်ရှိသော်၊ ပဉ္စ ကာမဂုဏိကော ရာဂေါ=ကာမဂုဏ် ငါးပါးနှင့်စပ်ယှဉ်သော တဏှာကို၊ ပရိညာတော=ပိုင်းခြား၍ သိအပ်သည်၊ ဟောတိ=ဖြစ်၏၊ ပဉ္စကာမဂုဏိကေရာဂေ=ကာမဂုဏ်ငါးပါးနှင့် စပ်ယှဉ်သောတဏှာကို၊ ပရိညာတေ=ပိုင်းခြား၍ သိအပ်သည်ရှိသော်၊ ယေန သံယောဇနေန=အကြင်သံယောဇဉ်တရားနှင့်၊ သံယုတ္တော=ယှဉ်သော၊ အရိယသာဝကော=အရိယာသာဝကသည်၊ ပုန=တစ်ဖန်၊ ဣမံလောကံ=ဤကာမဘုံသို့၊ အာဂစ္ဆေယျ=ပဋိသန္ဓေအားဖြင့်လာရာ၏၊ တံ သံယောဇနံ=ထိုသံယောဇဉ်မျိုးသည်၊ နတ္ထိ=မရှိလေပြီ။

ထိုပါဠိ၏ မြန်မာပြန်---အို ချစ်သားရဟန်းတို့ ကဗဠီကာရ အာဟာရတရားတစ်ပါးကို ပရိညာဉ်သုံးပါးဖြင့် ပိုင်နိုင်သည်ရှိသော် ကာမဂုဏ်ငါးပါးနှင့်စပ်ယှဉ်သော သာယာငြိစွန်းမှုတဏှာကို ပိုင်နိုင်လေ၏၊ ကာမဂုဏ်ငါးပါးနှင့်စပ်ယှဉ်သော သာယာငြိစွန်းမှု တဏှာကို ပိုင်နိုင်သည်ရှိသော် အကြင်သံယောဇဉ်တရားနှင့် ယှဉ်စပ်နှောင်ဖွဲ့သည်ဖြစ်၍ တစ်ဖန်ဤကာမလောကသို့ ပဋိသန္ဓေအားဖြင့် လာပြန်ရာ၏၊ ကာမဂုဏ်ငါးပါးနှင့်စပ်ယှဉ်သော သာယာငြိစွန်းမှုတဏှာကို ပိုင်နိုင်ပြီးသော ထိုအရိယာသာဝကအား ကာမဘုံသို့ ပြန်လာကြောင်းဖြစ်သော ထိုသံယောဇဉ်မျိုးသည် မရှိချေ။

**[ကဗဠီကာရ အာဟာရ တရားတစ်လုံးကို ပိုင်နိုင်လျှင် ကာမဂုဏ်၌ သာယာမှု တဏှာကို ပိုင်နိုင်၏၊ ထိုကာမတဏှာကို ပိုင်နိုင်လျှင် ကာမဘုံသို့ လာကြောင်းဖြစ်သော သံယောဇဉ်မရှိ အနာဂါမ်ဖြစ်၏ဟူ၍ ဆိုလိုသည်။]**

၂။ ဖဿေ ဘိက္ခဝေ အာဟာရေ ပရိညာတေ တိဿော ဝေဒနာ ပရိညာတာ ဟောန္တိ။ တီသု ဝေဒနာသု ပရိညာတာသု အရိယသာဝကဿ နတ္ထိ ကိဉ္စိ ဥတ္တရိ ကရဏီယန္တိ ဝဒါမိ။

၂။ ဘိက္ခဝေ=ချစ်သားရဟန်းတို့၊ ဖဿေ အာဟာရေ=ဖဿ အာဟာရ

www.dhammaransi.com



တရားကို၊ ပရိညာတေ=ပရိညာဉ်သုံးပါးဖြင့် ပိုင်းခြား၍ သိအပ်သည်ရှိသော်၊ တိဿော ဝေဒနာ=ဝေဒနာသုံးပါးတို့ကို၊ ပရိညာတာ= ပိုင်းခြား၍ သိအပ်ကုန်သည်၊ ဟောန္တိ=ဖြစ်ကုန်၏၊ တီသု ဝေဒနာသု=ဝေဒနာသုံးပါးတို့ကို၊ ပရိညာတာသု= ပိုင်းခြား၍ သိအပ်ကုန်သည်ရှိသော်၊ အရိယသာဝကဿ=အရိယာသာဝကအား၊ ကိဉ္စိ=တစ်စုံတစ်ရာ၊ ဥတ္တရိ ကရဏီယံ=အထက်၌ ပြုဖွယ်ကိစ္စသည်၊ နတ္ထီတိ= မရှိဟူ၍၊ အဟံ=ငါဘုရားသည်၊ ဝဒါမိ=ဟောတော်မူ၏။

ထိုပါဠိ၏ မြန်မာပြန်---အို ချစ်သားရဟန်းတို့ ဖဿအာဟာရ တည်းဟူသော တရားတစ်ပါးကို ပိုင်နိုင်သည်ရှိသော် ဝေဒနာသုံးပါးတို့ကို ပိုင်နိုင်ကုန်၏၊ ဝေဒနာသုံးပါးတို့ကို ပိုင်နိုင်သည်ရှိသော် အရိယာသာဝကအား ထိုမှအထက်၌ တစ်စုံတစ်ရာ ပြုလုပ်ကြိုးစားဖွယ် မရှိဟူ၍ ငါဘုရားဟောတော်မူ၏။ [ကိစ္စပြီးစီး၍ ရဟန္တာဖြစ်လေ၏ဟု ဆိုလိုသည်]။

၃။ မနောသဉ္စေတနာယ ဘိက္ခဝေ အာဟာရေ ပရိညာတေ တိဿော တဏှာ ပရိညာတာ ဟောန္တိ။ တီသု တဏှာသု ပရိညာတာသု အရိယသာဝကဿ နတ္ထိ ကိဉ္စိ ဥတ္တရိကရဏီယန္တိ ဝဒါမိ။

၃။ ဘိက္ခဝေ=ချစ်သားရဟန်းတို့၊ မနောသဉ္စေတနာယ အာဟာရေ= မနောသဉ္စေတနာ အာဟာရတရားကို၊ ပရိညာတေ=ပရိညာဉ်သုံးပါးဖြင့် ပိုင်းခြား၍ သိအပ်သည်ရှိသော်၊ တိဿော တဏှာ=တဏှာသုံးပါးတို့ကို၊ ပရိညာတာ=ပိုင်းခြား၍ သိအပ်ကုန်သည်၊ ဟောန္တိ=ဖြစ်ကုန်၏၊ တီသု တဏှာသု=တဏှာသုံးပါးတို့ကို၊ ပရိညာတာသု=ပိုင်းခြား၍ သိအပ်ကုန်သည်ရှိသော်၊ အရိယသာဝကဿ=အရိယာသာဝကအား၊ ကိဉ္စိ=တစ်စုံတစ်ရာ၊ ဥတ္တရိကရဏီယံ=အထက်၌ ပြုဖွယ်ကိစ္စသည်၊ နတ္ထီတိ=မရှိဟူ၍၊ အဟံ=ငါဘုရားသည်၊ ဝဒါမိ=ဟောတော်မူ၏။

ထိုပါဠိ၏ မြန်မာပြန်--- အို ချစ်သားရဟန်းတို့ မနောသဉ္စေတနာ အာဟာရတရားတစ်ပါးကို ပိုင်နိုင်သည်ရှိသော် တဏှာသုံးပါးတို့ကို ပိုင်နိုင်ကုန်၏၊ တဏှာသုံးပါးတို့ကို ပိုင်နိုင်ကုန်သည်ရှိသော် အရိယာသာဝကအား ထိုမှအထက်၌ တစ်စုံတစ်ရာ ပြုလုပ်ကြိုးစားဖွယ် မရှိဟူ၍ ငါဘုရားဟောတော်မူ၏။

၄။ ဝိညာဏေ ဘိက္ခဝေ အာဟာရေ ပရိညာတေ နာမရူပံ ပရိညာတံ ဟောတိ၊ နာမရူပေ ပရိညာတေ အရိယသာဝကဿ နတ္ထိ ကိဉ္စိ ဥတ္တရိ ကရဏီယန္တိ ဝဒါမိ။

www.dhammaransi.com



၄။ ဘိက္ခဝေ=ချစ်သားရဟန်းတို့၊ ဝိညာဏေ အာဟာရေ=ဝိညာဏ အာဟာရတရားကို၊ ပရိညာတေ=ပရိညာဥ်သုံးပါးဖြင့် ပိုင်းခြား၍ သိအပ်သည်ရှိသော်၊ နာမရူပံ=နာမ်ရုပ်ကို၊ ပရိညာတံ=ပိုင်းခြား၍ သိအပ်သည်၊ ဟောတိ=ဖြစ်၏၊ နာမရူပေ=နာမ်ရုပ်ကို၊ ပရိညာတေ=ပိုင်းခြား၍ သိအပ်သည်ရှိသော်၊ အရိယသာဝကဿ=အရိယာသာဝကအား၊ ကိဉ္စိ=တစ်စုံတစ်ရာ၊ ဥတ္တရိကရဏီယံ=အထက်၌ ပြုဖွယ်ကိစ္စသည်၊ နတ္ထီတိ=မရှိဟူ၍၊ အဟံ=ငါဘုရားသည်၊ ဝဒါမိ=ဟောတော်မူလေ၏။

**ထိုပါဠိ၏ မြန်မာပြန်**----အိုချစ်သားရဟန်းတို့, ဝိညာဏ အာဟာရတစ်ပါးကို ပိုင်နိုင်သည်ရှိသော် နာမ်,ရုပ်နှစ်ပါးကို ပိုင်နိုင်၏၊ နာမ်,ရုပ် နှစ်ပါးကို ပိုင်နိုင်သော် အရိယာသာဝကအား ထိုမှအထက်၌ တစ်စုံတစ်ရာပြုလုပ် ကြိုးစားဖွယ် မရှိဟူ၍ ငါဘုရားဟောတော်မူ၏။

[အထက်ပါဠိတော် လေးချက်သည် နိဒါနဝဂ္ဂသံယုတ် အာဟာရဝဂ်၌ လာရှိသော ပါဠိတော်စုပေတည်း။]

## တရားအများမလို တစ်ပါးပါးသာကျင့်ကြစို့

ဤပါဠိတော်ကို ထောက်သဖြင့်---ကျင့်ကြံ အားထုတ်မှုဟု ဆိုအပ် သောပဋိပတ္တိကိစ္စတွင် တရားပေါင်းများစွာကို အပင်ပန်း အဆင်းရဲခံ၍ ကျင့်ဆောင် အားထုတ်နေရန် ကိစ္စမရှိ၊ တရားတစ်ခုခုကို ပရိညာကိစ္စပေါက်၍ ပိုင်ပိုင်နိုင်နိုင်ရှိအောင် ကျင့်ကြံအားထုတ်လျှင် ကိစ္စပြီးစီးနိုင်ကြောင်း သိအပ်၏၊ ဉာဏ်ဖြင့် ပိုင်ပိုင်နိုင်နိုင်သိမှုကို ပရိညာဆိုသည်၊ ထိုပရိညာသည် ဉာတပရိညာ, တီရဏပရိညာ, ပဟာနပရိညာအားဖြင့် သုံးပါးအပြားရှိ၏။

ထိုသုံးပါးတို့တွင်-

- ဖဿ, ပထဝီအစရှိကုန်သော ရုပ်,နာမ်တရားတို့၏ တွေ့ထိမှု, ခက်မာမှုစသော သဘောလက္ခဏာရင်းတို့ကို ပိုင်ပိုင်နိုင်နိုင် မြင်စွမ်းနိုင်ခြင်းသည် **ဉာတပရိညာ** မည်၏၊
- ထိုပရမတ္ထသဘောတရားတို့၏ မမြဲမှုအနိစ္စ, ဆင်းရဲမှုဒုက္ခ, အနှစ်သာရ အတ္တမရှိ၍ ကိုယ်ဟု စွဲလမ်းစရာမရှိမှု, အနတ္တ ဤလက္ခဏာသုံးချက်ကို ပိုင်ပိုင်နိုင်နိုင် သိစွမ်း မြင်စွမ်းနိုင်ခြင်းသည် **တီရဏပရိညာ** မည်၏၊

www.dhammaransi.com



- ထိုပရမတ္ထဓမ္မစု၌ သာယာစွဲလမ်းမှုတဏှာကို အကြွင်းမဲ့ ပိုင်ပိုင်နိုင်နိုင် ပယ်စွမ်းနိုင်ခြင်းသည် **ပဟာနပရိညာ** မည်၏၊

တစ်ခုတစ်ခုသောတရား၌ ပရိညာသုံးချက်တို့ဖြင့် ပိုင်နိုင်လျှင် ပဋိပတ္တိတရားကိုစွပြီးစီးနိုင်၏။

[ဆိုခဲ့ပြီးသော အာဟာရလေးပါး၏ အကျယ်ကို အာဟာရဒီပနီကျမ်းတွင် အကျယ်ဖွင့်ဆိုလျက်ရှိလေ၏။]

ထို့ပြင်လည်း **အနိစ္စသညီနော မေဃိယ အနတ္တသညာ သဏ္ဌာတိ-** စသည်ဖြင့် ဟောတော်မူသောအတိုင်း အနိစ္စသညာတစ်လုံးကို ပိုင်နိုင်စွာ ပွါးများနိုင်ကလည်း အနတ္တသည် အလိုလိုပြီးစီး၍ ကိစ္စတုံးနိုင်၏၊ ဤသို့လျှင် မြတ်စွာဘုရားသည် တပည့်သာဝကတို့အား ပဋိပတ္တိကျင့်လမ်းတွင် ပင်ပန်းဆင်းရဲခြင်း, နှောင့်နှေးကြာမြင့်ခြင်း မရှိစေပဲ လွယ်ကူချမ်းသာ လျင်မြန်စွာနှင့် သာဝကသမ္ပတ္တိဖြစ်နိုင်ရန်နည်းလမ်းတို့ကို ပြဋ္ဌန်တော်မူသည်။

## လမ်းနှစ်ခုစဉ် - ပုဂ္ဂိုလ်နှစ်မျိုး ကျင့်လျှင်

သာသနာတော်၌ သမထလမ်းအစဉ်မှစ၍ အထက်ဝိပဿနာလမ်းသို့တက်သော သမထယာနိကပုဂ္ဂိုလ်, သမထလမ်းသို့မလိုက်ပဲ ဝိပဿနာလမ်းသို့လိုက်သော ဝိပဿနာယာနိကပုဂ္ဂိုလ်ဟူ၍ ပုဂ္ဂိုလ်နှစ်မျိုးရှိ၏။

ထိုနှစ်မျိုးတွင်-

- အကြင်ပုဂ္ဂိုလ်သည် ကျမ်းမာသန်စွမ်းခြင်း စသော ကာယဗလ ကိုယ်အင်အားနှင့်လည်း ပြည့်စုံ၏၊ ပညာဉာဏ်စွမ်းနှင့်လည်း ပြည့်စုံ၏၊ ထိုပုဂ္ဂိုလ်သည် ရှေးဦးစွာ ကသိုဏ်းအစရှိသော သမထအလုပ်စခန်းကို တည်ထောင်၍ ဈာန်,အဘိညာဏ်တို့ကို ပြည့်စုံဖြစ်ပွါးစေ၏၊ သမထလမ်းအဆုံးတိုင်မှ ဝိပဿနာအလုပ်စခန်းကို တည်ထောင်၍ မဂ်,ဖိုလ်သို့ ရောက်၏၊ ထိုပုဂ္ဂိုလ်သည် **သမထယာနိက** ပုဂ္ဂိုလ်မည်၏။
- အကြင်ပုဂ္ဂိုလ်သည်ကား ကာယဗလမရှိ၊ ကိုယ်စွမ်း နည်းပါး၏၊ ကိုယ်စွမ်းပင်ရှိပါသော်လည်း သမထအလုပ်စခန်းကို ကြာမြင့်ဖင့်နွှဲသည်ဟူ၍ ထင်မြင်၏၊ ထိုပုဂ္ဂိုလ်သည် သမထအလုပ်စခန်းကို မတည်ထောင်ပဲ ဝိပဿနာအလုပ်စခန်း သက်သက်

www.dhammaransi.com



ကိုသာလျှင်ဖွင့်၍ အားထုတ်ကြိုးစားပြီးလျှင် မဂ်ဖိုလ်သို့ ရောက်၏၊ ထိုပုဂ္ဂိုလ်သည် ဝိပဿနာယာနိက ပုဂ္ဂိုလ် မည်၏။

## ခေတ်အလိုက် တိုက်တွန်းချက်

ထို့ကြောင့် ယခုခေတ်အခါ၌လည်း အချိန်ဖင့်နွဲ ကြာမြင့်သည်ကို အလိုမရှိပဲ အလုပ်ကျဉ်းကျဉ်းနှင့် ကိစ္စပြီးစီးလိုသောပုဂ္ဂိုလ်သည် သမထလမ်းစခန်းသို့ မလိုက်ပဲ ပထဝီ,ဖဿအစရှိသော တရားတစ်ခုခု၌ ပရိညာဉ်ကိစ္စသုံးပါးကို တည်ထောင်ဖွင့်လှစ်၍ အားထုတ်ကြိုးစားရာ၏၊ တစ်ခုခုသော တရားအချက်၌ ပရိညာဉ်ကိစ္စသုံးပါး ထူထောင်ထမြောက်ပါလျှင် ထိုမှအထက်၌ ပြုလုပ်ဖွယ်ကိစ္စမရှိပဲ ပဓာနအလုပ်ပြီးစီးခြင်းသို့ ရောက်လေ၏။

[ဘာဝနာဒီပနီ,လက္ခဏာဒီပနီ, အနတ္တာဒီပနီ, ဗောဓိပက္ခိယဒီပနီတို့၌ ဝိပဿနာယာနိကပုဂ္ဂိုလ်အဖြစ်ဖြင့် အလုပ်စခန်း ဖွင့်ရန်အချက်တို့သည် များစွာပါရှိလေကုန်၏။]

## ဝိပဿနာလမ်းသက်သက်- မဂ်ဖိုလ်ရချက်

ဝိပဿနာ လမ်းသက်သက်သို့ လိုက်သဖြင့် မဂ်,ဖိုလ်ကိုရရှိသော ပုဂ္ဂိုလ်သည် ဈာန်,အဘိညာဏ်တည်းဟူသော လောကီတန်ခိုးများ ခြောက်ခန်းသောကြောင့် သုက္ခဝိပဿကပုဂ္ဂိုလ်မည်၏၊ သို့ရာတွင် ဈာန်,အဘိညာဏ်တို့၌ အတိတ်ဘဝတို့က နှီးရင်းထုံမွမ်းခဲ့သော သမ္ဘာရဓာတ်ခံရှိသောသူတို့မှာ ဝိပဿနာလမ်းသက်သက်နှင့် မဂ်ကိုတက်သောအခါ ဈာန်များလည်း အလိုလိုပါရှိ၍ လာတတ်၏၊ ထိုဈာန်မျိုးကို မဂ္ဂသိဒ္ဓဈာန် ခေါ်သည်၊ အရှင်အာနန္ဒာ အရှင်စူဠပန်တို့ရရှိသောဈာန်ကဲ့သို့တည်း၊ မဂ်ကိုရသည့်အရှိန်အာနုဘော်ကြောင့် တမင်အားမထုတ်ရပဲ အလိုလို ဖြစ်ပေါ်ရရှိ ပြီးစီးလာသောဈာန်ကို မဂ္ဂသိဒ္ဓဈာန် ဆိုသည်။

ဤသို့ ဆိုအပ်ပြီးသော စကားသည်ကား မြတ်စွာဘုရား ဟော ကြားနည်းပေးအပ်သော ပဋိပတ္တိဓမ္မ၏ ကောင်းမြတ်မှန်ကန်သော သုဓမ္မဖြစ်လေသောကြောင့် တစ်စုံတစ်ခုသောတရား၌ ပရိညာသုံးပါး ပေါက်ရောက်အောင် ပြုလုပ်ကြိုးစားနိုင်သည်ရှိသော် မျက်မှောက်ပစ္စက္ခဘဝ၌ပင်လျှင် ကိလေသာ တစ်စိတ်တစ်ဒေသကိုလည်းကောင်း, ကိလေသာအလုံးစုံကိုလည်းကောင်း, ငြိမ်းစဲစေ၍ တပည့်သာဝကတို့၏ သာဝကဂုဏ်နှင့် ပြည့်စုံစေနိုင်ကြောင်းကို ပြဆိုသော စကားရပ်ပေတည်း။

[သာဝကသမ္ပတ္တိဟုဆိုအပ်သော သံယာဂုဏ်တော်ဖွင့်ပြီး၏]

မိခင်ဧရာဝတီ

www.dhammaransi.com



## ဘုရား တရား သံဃာမှန် ကိုးကွယ်ရာ၌အကျိုး

ကျမ်းဦးအစက မူလတည်၍ ပြဆိုခဲ့ပြီးသောအတိုင်း အကြင်သာသနာ၌ ကိုးကွယ်အားထားရာဖြစ်သော ဘုရား၏ဘုရားကောင်း ဘုရားမှန်ဖြစ်ခြင်း, ကျင့်ဆောင်အပ်သော တရား၏တရားကောင်း, တရားမှန်ဖြစ်ခြင်း, မြတ်စွာဘုရား၏ တပည့်သာဝကများ၏ သာဝကဂုဏ်နှင့်ပြည့်စုံ၍ တပည့်ကောင်း တပည့်မှန်ဖြစ်ခြင်း, ဤသုံးပါးသော အချက်ကြီးများနှင့် ပြည့်စုံ၏၊ ဤသို့ ဗုဒ္ဓ သုဗုဒ္ဓ, ဓမ္မ သုဓမ္မ, သာဝက သမ္ပတ္တိဟုဆိုအပ်သော အချက်သုံးပါးနှင့်ပြည့်စုံသော သာသနာတော်သည် ကောင်းမွန်မှန်ကန်သော သာသနာမည်၏၊ ထိုသာသနာသို့ သက်ဝင်ခိုလှုံကြကုန်သောသူတို့သည် မိမိတို့ရည်မှန်းမျှော်လင့်အပ်သော မျက်မှောက်အကျိုး ပစ္စုပ္ပန်အကျိုးတို့ကို ရရှိစေနိုင်ကုန်၏၊ သာသနာသို့ သက်ဝင်ယုံကြည်ခြင်း၏အကျိုးသည် ထင်မှန်းသောအတိုင်း ပေါက်ရောက်၏၊ ဘုရားကောင်း, ဘုရားမှန်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခိုလှုံလျှင် နိဗ္ဗာန်တိုင်အောင်သော အကျိုးထူးများကို ခံစားရ၏၊ တရားကောင်း, တရားမှန်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခိုလှုံပြီးလျှင် ထိုတရားတော်နည်းလမ်းအတိုင်း ကျင့်ဆောင်သည်ရှိသော် ထိုအတူ ကြီးစွာသော အကျိုးကိုခံစားရ၏၊ သာဝကတို့ ပြည့်စုံသင့်ပြည့်စုံထိုက်သော ဂုဏ်ကျေးဇူးတို့နှင့်ပြည့်စုံသော သာဝကအမွန်အမြတ်, သံဃာအမွန်အမြတ်တို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခိုလှုံလျှင် ကြီးစွာသော အကျိုးထူးတို့ကို ရရှိစေနိုင်၏၊ ထိုကဲ့သို့ ဘုရားမှန် စသည်တို့နှင့်ပြည့်စုံသော သာသနာကို အလွန်ကြုံကြိုက်ခဲလှ၏၊ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘစသော ဒုလ္လဘငါးချက်ကို ဤကဲ့သို့ မြင့်မြတ်သော သာသနာတွင်းမှာမှ တွေ့ကြုံ တိုက်ဆိုင်ခွင့်ကို ရရှိလေသည်၊ ဤဖြောင့်မှန် မြင့်မြတ်သော သာသနာမှတစ်ပါး အခြားသာသနာ၌ ထိုဒုလ္လဘငါးချက်ကို တစ်ရံတစ်ဆစ်မျှ မရရှိနိုင်ချေ၊ ထူးမြတ်လှစွာသော သာသနသမ္ပတ္တိခေတ်ကောင်းကြီးနှင့် တွေ့ကြုံသည့်အခါ အထက်တရားကြီးများကို အားမထုတ်နိုင်ပဲရှိစေကာမူ ရတနာသုံးပါးဂုဏ်ကို ယုံယုံကြည်ကြည် သက်ဝင်၍ ကိုးကွယ်ရာအမှတ်ဖြင့် ဆည်းကပ်အားထားလျှင်ပင် ကြီးမြတ်ဖွံ့ဖြိုးသော အကျိုးထူးကို ရရှိစေနိုင်၏။

ဥပမာ နေပူထီးထီး အရိပ်မဲ့သောကွင်းပြင်ကြီး အတွင်း၌သာ အပူတပြင်း လျှောက်သွားနေရသောသူသည် အသီးအပွင့်အမျိုးမျိုးနှင့် ပြည့်စုံသော အေးမြချမ်းသာသည့် ဥယျာဉ်ကြီးအတွင်းသို့ ဆိုက်ရောက်လေရာ အသီးအပွင့်တို့ကို

www.dhammaransi.com



မသုံးဆောင်ရစေကာမူ အေးမြချမ်းသာသော အရိပ်အာဝါသကို ခိုလှုံရကာမျှနှင့် အပူအပင်ပျောက်ကင်း၍ အေးမြချမ်းသာခြင်းကို ရရှိသကဲ့သို့တည်း၊ ဤဥပမာ၌ နေပူထီးထီး လွင်ပြင်ကြီးနှင့် သာသနာမှန်နှင့်ကင်းသော သာသနာပ တူ၏၊ အေးမြသာယာသော ဥယျာဉ်ကြီးနှင့် မှန်ကန်ကောင်းမွန်သော သာသနာ တူ၏၊ အေးမြသောအရိပ်အာဝါသနှင့် သရဏဂုံသုံးပါး တူ၏၊ ကောင်းမြတ်သော အပွင့်အသီးတို့နှင့် ထိုသာသနာကိုမှီ၍ ရရှိနိုင်သော ဈာန်,အဘိညာဏ်, မဂ်,ဖိုလ် တရားတို့ တူကုန်၏၊ လွင်ပြင်ကြီး၌ ဆင်းရဲပင်ပန်းစွာ သွားလာနေခိုက်ဖြစ်သော သူနှင့်သာသနာကောင်း သာသနာမှန်ကို မတွေ့ရပဲ သံသရာတစ်ခွင်မှာ မှောက် မှောက်မှားမှား ကျင်လည်နေရသူ တူ၏၊ ဥယျာဉ်ကြီးသို့ရောက်၍ အရိပ်ကို ခိုလှုံသဖြင့် အေးမြချမ်းသာခြင်းနှင့် သာသနာကောင်း သာသနာမှန်ကို ဝင်ရောက် ၍ သရဏဂုံသုံးပါး ခံယူဆောက်တည်ခြင်း တူ၏၊ အထက်အဆိုပါ ဥပမာ၌ ဥယျာဉ်ကြီးသို့ဝင်၍ အရိပ်၌နားနေပြီးလျှင် အပွင့်အသီးတို့ကို မရရကြောင်း ကောင်းသော ဝီရိယတို့ဖြင့် ဆွတ်ချူပြီးလျှင် ထူးမြတ်လွန်ကဲသော အပွင့်အသီး တို့ကို သုံးဆောင်ရပြန်လေ၏၊ အပွင့်အသီးတို့ကိုရ အောင် ဆွတ်ချူသောဝီရိယနှင့် သမထအလုပ် ဝိပဿနာအလုပ်ကို အားထုတ်မှု ပဓာနဝီရိယ တူ၏၊ အသီးအပွင့် တို့ကို သုံးဆောင်ရခြင်းနှင့် ဈာန်,အဘိညာဏ်, မဂ်,ဖိုလ်တို့ကို ရရှိခံစားရခြင်း တူ၏။

ယခုလက်ငင်း တွေ့ကြုံ၍နေသော ဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီး သည် ဘုရားကောင်း ဘုရားမှန်, တရားကောင်း တရားမှန်, တပည့်ကောင်း တပည့်မှန်တို့နှင့် ပြည့်စုံသော သာသနာကောင်း သာသနာမှန်ကြီးအစစ် ဖြစ်ပေ၏၊ ထိုသာသနာကောင်း သာသနာမှန်ကြီးအတွင်းသို့ သက်ဝင်ခိုလှုံလျက် ရှိနေ ကြကုန်သော သူအပေါင်းတို့သည် အောက်ထစ်ဆုံး အပိုင်းအခြားအားဖြင့် ငါတို့ ကိုးကွယ်ရာ အားထားရာဖြစ်သော ဘုရားသည် အဘယ်ကဲ့သို့ ဘုရားကောင်း ဘုရားမှန်ဖြစ်ပါသနည်း၊ ငါတို့ ကိုးကွယ်အားထားအပ်သော တရားတော်သည် အဘယ်ကဲ့သို့ တရားကောင်း တရားမှန်ဖြစ်ပါသနည်း၊ ငါတို့ကိုးကွယ် အားထား ရာဖြစ်သော မြတ်စွာဘုရား၏ တပည့်သားသံဃာတော်များသည် အဘယ်သို့လျှင် သာဝကကောင်း, သာဝကမှန်ဖြစ်ပါသနည်း ဟူ၍မသိ, သိအောင် စုံစမ်းဆင်ခြင် ပြီးလျှင် ရတနာသုံးပါးဂုဏ်ကို ကျကျနန ထိထိရောက်ရောက် ယုံကြည်စွာနှင့် ဆည်းကပ်၍ သီလနှင့်ပြည့်စုံခြင်း တည်းဟူသော သောတာပတ္တိယင်္ဂတရား လေးပါးကို အမြဲမပြတ်ကိုယ်၌ တည်စေရာ၏။

မိခင်ဧရာဝတီ

www.dhammaransi.com



ဤသာသနသမ္ပတ္တိဒီပနီကျမ်းသည် ကိုးကွယ်ရာဖြစ်သော ဘုရား၏ ဘုရားကောင်း ဘုရားမှန်ဖြစ်ပုံ, တရားတော်မြတ်၏ တရားကောင်း တရားမှန်ဖြစ်ပုံ, တပည့်သာဝကများ၏ သာဝကကောင်း, သာဝကမှန်ဖြစ်ပုံကို စေ့စုံသေချာစွာ နည်းနာအမျိုးမျိုးတို့ဖြင့် ပြသသွန်သင်သောကျမ်း ဖြစ်လေသတည်း၊ ဤသို့ ဆိုအပ်ပြီးသော အလုံးစုံသော စကားအစဉ်ဖြင့် ကျမ်းဦးအစ၌-

ဗုဒ္ဓ သုဗုဒ္ဓတာ လောကေ၊ ဓမ္မဿစ သုဓမ္မတာ။
သာဝကာနဉ္စ သမ္ပတ္တိ၊ ဧသာ သာသနသမ္ပဒါ။

ဟူ၍မူလတည်ထား၍ ပြဆိုခဲ့သောဂါထာ၏ အဓိပ္ပါယ်အဖွင့်သည် အလုံးစုံပြီးပြည့်စုံသတည်း။

## နိဂုံးဂါထာ

၁။ မန္တလာစလ သာမန္တေ၊ ယံ မာပိတံ မဟာပုရံ။
ဂုတ္တပါကာရ ပရိက္ခံ၊ ရတနာပုဉ္ဇ ဘိရာမကံ။

၂။ တသ္မိံ ဝသတာ နေကာ၊ စေတျာဒိံ နမတာ မယာ။
ပဿတာ နိကာယေ ပဥ္စ၊ သာသနုက္ကာဝ ယံ ကတာ။

၃။ သာသနေ ဒါမဘာရမှိ၊ သာကေ တစ္ဆဋ္ဌပေ ဂတေ။
စိတ္တဿ အဋ္ဌမေ ဇုဏှေ၊ စန္ဒေ သာ သုနိဋ္ဌဂ်တာ။

၄။ သဋ္ဌိတေဒံ မမေတေန၊ သဋ္ဌိနန္တု ပဇာ ဗဟုံ။
ပုညံ သရဏာဝတ္ထုသု၊ ပသာဒပ္ပဘာဝံ ဘဝံ။

[ပတျာဝတ္တဂါထာ]

၅။ အညာဏ အာဒိ ဗဟု နီဝရဏုဏှဂိမှ၊
သန္တာပိတာ မိလိတ ဇန္တုမနော သရောဇာ။
ပုပ္ဖန္တု သီတလ သုဝဿိတ ဓမ္မတိန္တာ၊
လယ်တီဝှိတဿ ယတိနော ဟသနက်ုရာနော။

[ဝသန္တတိလကာဂါထာ]

၁။ မန္တလစလ သာမန္တေ=မန္တလေးတောင်ကြီး၏အနီး၌၊ ဂုတ္တပါကာရပရိက္ခံ=လုံခြုံသောတံတိုင်း ကျုံးမြောင်းလည်းရှိထသော၊ အဘိရာမကံ=လူတို့၏စိတ်နှလုံးကို ရွှင်ပြုံးမွေ့လျော် အလွန်ပျော်စေနိုင်ထသော၊ ရတနာပုဉ္ဇ=လောကီရတနာ,

www.dhammaransi.com



လောကုတ္တရာရတနာတို့၏ စုရာပုံရာဖြစ်၍ ရတနာပုံအမည်ရှိသော၊ ယံ မဟာပုရံ= အကြင်မြို့ကြီးကို၊ ပဥ္စမသင်္ဂီတိကာရိနာ=ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးသည်၊ မာပိတံ=၁၂၂၁-ခုနှစ်၌ အသစ်တည်ထောင်ဖန်ဆင်းတော်မူအပ်လေပြီ။

၂။ တသ္မိံ=ထိုရတနာပုံ, ဂုဏ်သိမ်ပျံ့မွှေး, မန္တလေးမြို့ကြီး၌၊ အနေက စေတျာဒိ=တစ်ပါးမက များပြားလှသော စေတီပုထိုးတော်များကို၊ နမတာ- နမန္တေန=ရှိခိုးဦးနှိမ်လျက်၊ ပဥ္စနိကာယေ=နိကာယ်ငါးရပ် ပိဋကတ်တို့ကိုလည်း၊ ပဿတာ-ပဿန္တေန=အနက်ထင်မြင်, ဆင်ခြင်သမှု, ဉာဏ်ဖြင့်ရှု၍၊ ဝသတာ- ဝသန္တေန=နေဆဲနေခိုက်ဖြစ်သော၊ မယာ=လယ်တီပဏ္ဍိတ ရှေးကသမုတ် အကျွန်ုပ်သည်၊ သာသနုက္ကာ၀=သာသနာတော်မမွှ၌ အလင်းကိုပြတတ်သည် ဖြစ်၍ သာသနာ့မီးရှူးတိုင်ကြီး သဖွယ်ဖြစ်သော၊ အယံ=ဤသာသနာသမ္ပတ္တိဒီပနီ မည်သော မြန်မာစကားပြေကျမ်းကို၊ ကတာ=ပြုစီရင်အပ်ပြီ။

၃။ သာသနေ=သာသနာတွက်စစ် အတိတ်နှစ်သည်၊ ဒါမဘာရမှိ= နှစ်ထောင်လေးရာငါးဆယ်ရှစ် (၂၄၅၈)နှစ်သည်၊ ဂတေ=ရောက်လတ်သည် ရှိသော်၊ သာကေ=မြန်မာ့ဝေါဟာ, ကောဇာတွက်စစ်, သက္ကရာဇ်သည်၊ တစ္ဆဋ္ဌပေ= ၁၂၇၆-ခုနှစ်သည်၊ ဂတေ=ရောက်လတ်သည်ရှိသော်၊ စိတ္တဿ=နက္ခတ်စိတြ, စန်းငွေလနှင့်, ပုဏ္ဏတိထိ, ပြည့်ညီယှဉ်ကြ, တန်ခူးလ၏၊ အဋ္ဌမေဇုဏှေ=လဆန်း ရှစ်ရက်ဖြစ်သော၊ စန္ဒေ=တနင်္လာနေ့၌၊ သော=ဤကျမ်းသည်၊ သုနိဋ္ဌံ=ဘေးရန် မနွယ်, အန္တရာယ်မဆီး, ကောင်းစွာပြီးခြင်းသို့၊ ဂတာ=ရောက်လေ၏။

၄။ မမ=အကျွန်ုပ်သည်၊ ကဒံ=ဤကျမ်းကို ကြိုးပမ်းရေးသားရခြင်းကြောင့် ဖြစ်သော ကုသိုလ်ကို၊ သဥ္စိတံ=ကောင်းစွာ ဆည်းပူးမိပေပြီ၊ မမ=အကျွန်ုပ်၏၊ တေန=ဤကုသိုလ်ကြောင့်၊ ပဇာ=သတ္တဝါအပေါင်းတို့သည်၊ သရဏဝတ္ထုသုံး= ကိုးကွယ်ရာဝတ္ထုဟုဆိုအပ်သော သရဏဂုံသုံးပါးတို့၌၊ ပသာဒပ္ပဘဝံ=ကြည်ညို ခြင်းလျှင် အရင်းရှိသော၊ ဘဝံ=သံသရာ၌မြန်စွာ ကြီးပွားကြောင်းဖြစ်သော၊ ပုညံ=ကုသိုလ်ကောင်းမှုကို၊ ဗဟုံ=များစွာ၊ သဥ္စိနန္တု= မပြတ်ဆည်းပူး အထူးစုဆောင်း နိုင်ကြပါစေကုန်သတည်း။

၅။ အညာဏ အာဒိ ဗဟု နီဝရဏုဏှုဂ်မှုသန္တာပိတာ=မသိမှေးမှိန် ဉာဏ် သေးသိမ်ခြင်းတည်းဟူသော အဝိဇ္ဇာအစရှိသော များစွာပိတ်ပင် နှောင့်ယှက် တတ်ကုန်သော ကိလေသာအပူအပင်တည်းဟူသော နွေဥတုဖြင့် လောင်မြိုက်

www.dhammaransi.com



ပူပန်စေအပ်ကုန်သည်ဖြစ်၍၊ မိလိတဇ္ဈတ္တ မနောသရောဇာ=ညိုးနွမ်း၍နေသော သတ္တဝါတို့၏ စိတ်တည်းဟူသော ကြာရုံတို့သည်၊ နော=အကျွန်ုပ်တို့၏၊ လယ်တီ ဝိုတသ=လယ်တီ, လယ်တီအမည်ရှိ ပညပ်ခေါ်ဆိုအပ်သော၊ ယတိနော=ကျေးဇူးရှင် ရဟန်းမြတ်ကြီး၏၊ သီတလသုဝသိတ ဓမ္မတိန္တာ=အေးမြစွာရွာသွန်း အပ်သော တရားရေချမ်းဖြင့် ဆွတ်ဖျန်းအပ်ကုန်သည်ဖြစ်၍၊ ဟသနကုံရာ=သဒ္ဓါခက် လက်ပေါ်ထွက်စိမ်းရှင် ကြည်လင်ရွှင်လန်းသော အညွန့်အဖူးကို ဆောင်ကြကုန်လျက်၊ ပုပ္ဖန္တု=ကုသိုလ်စိတ္တုပ် သမ္ပယုတ်ဖြင့် တိဥက်ရွှင်စွာ ပွင့်ကြပါစေကုန် စေသတည်း။

**သာသနသမ္ပတ္တိဒီပနီကျမ်းပြီး၏။**

www.dhammaransi.com



## နိဒါန်း

သက်ျပုဂ်ဝ နာယကဟု နရသီဟိန် သံယိန်မကုဋ္ဌ အတုလသည် သုခရိပ်နန်း အမြိုက်ပန်းကို ဆွတ်လှမ်း ပန်ဆင်တော်မူသည့်နောက် ထွန်းတောက်သာသနာ နှစ်ထောင်သာ၌ မြန်မာခရိုင် မန်းမဏ္ဍိုင်တွင် ဘုန်းလှိုင်နတ်စောနေနှယ်လျှောက ဥရောပဌာန် အင်္ဂလန်မှ လန်ဒန်မျိုးခြား အုပ်စိုးငြားသော် ပြည်သားနွယ်ရင်း လူတစ်သင်းလည်း ချင်းချင်းနှီးနွယ် ဉာဏ်ကြီးကျယ်၍ သွယ်သွယ်ဘာသာ တတ်ကျွမ်းကာဖြင့် ပညာပြည့်ဝ ကုံလောက်လျက် ဘာသန္တရကဝိ ဉာဏ်ရှိသူတို့အနက် ထက်မြက်ဉာဏ်စ စိုက်တိုင်းရှုသဖြင့် သုတကာမီ ဝါဒီဆေက သာသနပါလိတ် ပုဏ္ဏရိက်ပမာ ကိုယ့်ဘာသာဖြင့် မိစ္ဆာတိုက်လွင့် တရားဖွင့်လျက် ဉာဏ်ဖြင့်ဆွေးနွေး စင်ကြယ်အောင် ဆေးနိုင်ပေသော မန္တလေးမြို့ ဗုဒ္ဓဘာသာ သာသနာပြုအသင်း စက္ကရီတေရီ ပညာရုံးစာရေးကြီး မောင်သော်သည် တိုင်းကျော်ပြည်သိ မုနိပုင်္ဂဝ သံယိန္ဒ၏ သာသနာ့အသင်းဝယ် ကြိုးပမ်းဆောင်စွမ်းသော အကျိုးဆောင် စက္ကရီတေရီ ဖြစ်သည်နှင့် အညီ အလီလီသောဝါဒ အဝဝသောအယူ အဆူဆူ သောဂိုဏ်းဆရာကြီးတို့နှင့် နှောနှီးဖြေတင် ရှင်းလင်းသင်လျက် သဘင်ပွဲရပ် ပရိသတ်ဝယ် ခဲကတ်ပြောဆိုရသော အချက်စု၌ 'နယပဒေသ ပုစ္ဆာဉာဏ်ရစိမ့်' ဟု ခဏချက်ချင်း စာရင်းတင်ထားသို့ပြုဖန်များလတ်သော် ပျား, ခြပုန်း တရထည်ဖြင့် မြင့်ရှည်စွာ စုဆောင်းအပ်သော ပုစ္ဆာစုကို ဗဟုဿုတစာရီ ဝါဒီပါကဋ္ဌ သမ္ဘာရကံ, ဉာဏ်ရဲရဲသန်သဖြင့် ခြောက်တန်နာယက ဂုဏ်ပေါင်းခ,သော မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးထံ ခွင့်ပန်ဝပ်တွား 'ဖြေကြားဆုံးဖြတ်တော်မူပါ' ဟု အခါခါလျှောက်ထားခဲ့ရာ---

၎င်း ဆရာတော်ဘုရားကြီးကလည်း ဉာဏ်သွားချိန်ချင့် ရှုမျော်လင့်က 'ယခင့်ပုစ္ဆာ ပြဿနာကား နတ်ရွာစိုးရ ဝါသဝ၏ သက္ကပဥှာကဲ့ပမာဖြင့် လွန်စွာနက်နဲ ခက်ခဲ ထူးမြတ်ပေတမ့်' ဟု ခွန်းတုံ့ မြွက်ဟပြီးခါ---

ပဥှာလေးနက် ဖြေမေးချက်နှင့်

မိခင်ရောဝတီ

www.dhammaransi.com



ခဲခက်စုံစမ်း သူထောက်လှမ်းက
ခွဲခြမ်း ဝေငှ စိန်သို့ ရှသည့်
ဓမ္မဝေခည် ဉာဏ်ဇာနည်ကို
စိတ်ကြည်အင်ရွှဲ လိုရှိမြဲတည်း။

ဟူသော ပေါရာဏစကားအတိုင်း ပြဿနာရှုပ်ထွေး ဖြေရေး ကြုံကြိုက်လာရကား ၎င်းပဉ္စာပြဿနာအချက်ကို နဲနက်ထောက်လှမ်း ခွဲခြမ်းဖြေဆိုနိုင်မည့် အရှင်ဝေဒက်ရ ဓမ္မဝေဓိတ် ညာဉ်ဟိတ်ဇာနည် နေတရထည်ဖြင့် ဉာဏ်ခြည်သောင်းထောင် ဝင့်တိုင်းပြောင်လျက် ရွှေတောင်စတေ ဣန္ဒြေတည်တံ့ ကျင့်စင်သန့်လျက် တားဟန့် ညစ်ကြေး တည်စိတ်မွေး၍ ရိပ်အေးသေလာ မြေပြဟာတွင် ကေသရာတန္နန်း ကျင့်သုံးမွေ့လျော်တော်မူလေ့ရှိသော မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီးထံ တမန်စာလွှင့် ထပ်ဆင့်တောင်းပန်ပြန်ရာ--

၎င်း လယ်တီဆရာတော်ဘုရားကြီးလည်း အများသိသ ဟူသမျှတို့၏ ဒွေဠှကသက်ာကို မကြာချက်ချင်း ဖြေရှင်းဆုံးဖြတ်တော်မူပေလင့်ကစား ယခင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး တင်ပို့အပ်လွှဲလိုက်သော ပဉ္စာပြဿနာကို အဖြာဖြာသောယုတ္တိဖြင့် နှိုင်းညှိဆုံးဖြတ်ရုံသာမက--

> 'သတ္တဝါအနန္တတို့၏ သံသာရဝဋ်လမ်းတွင် ကျွတ်စခန်းမရအောင် နေ့ညတိုင်း ဖိစီး၍ အားကြီးစွာ နှိပ်စက်သဖြင့် ပွားတက်ငြိစွဲ၍နေသော ငရဲမီးဗီဇ သက္ကာယဒိဋ္ဌိမြစ်ကို နုတ်ပစ်ရှားပယ် နင်းနယ်ခုတ်ထွင် သုတ်သင် ချိုးဖျက်နိုင်ကြစေရန်'

ရည်သန်ရိုးရင်း နှလုံးသွင်းရှိတော်မူသည့်အလျောက် လမ်းပေါက်ပရိညာဏ် ရုပ်နှင့်နာမ်တွင် နည်းမှန်ကျန စူးရှထိုးထွင်းစေလိုသဖြင့် ထိုထိုနာမ်ရုပ်နှင့် တရားအချုပ်ကို လက်ဆုပ်လက်ကိုင် ပိုင်နိုင်အောင် ရှုကြည့်နည်းနှင့် တကွ ဖော်ပြရေးသား စီရင်ဆုံးဖြတ်တော်မူအပ်သော **'ဥတ္တမပုရိသဒီပနီ'** အမည်ရှိသောကျမ်းကို ကျွန်ုပ်တို့ 'မိခင်ဧရာဝတီပုံနှိပ်တိုက်' က သိုက်မြိုက်သန့်ရှင်းစွာ ပုံနှိပ်လုပ်ဆောင်ခြင်း ပြုပါကြောင်း။

မိခင်ဧရာဝတီ

www.dhammaransi.com



## ဆရာတော်ဘုရားကြီး၏ အမှာတော်

ကြားမှာလိုက်သည် မောင်သော်--

မောင်သော် လျှောက်လွှာသည် မန္တလေးမြို့ မဟာဝိသုဒ္ဓါရာမဆရာတော် မှာစာနှင့်တကွ ၁၂၆၁-ခု၊ တပေါင်းလဆန်း ၁၀-ရက်နေ့တွင် ရောက်လာသည်။ လျှောက်လွှာကို ကြည့်ရှုရာ---

- သဘော အဓိပ္ပါယ်သံ အထပ်ထပ် ပါရှိသည်တစ်ကြောင်း
- ပွားများ၍ နေထိုင်လိုပါသည် ပါရှိသည်တစ်ကြောင်း
- အန္ဓပုထုဇန် အဖြစ်မှ လွတ်၍ ကလျာဏပုထုဇန်အဖြစ်သို့ ရောက်လိုသံ ပါရှိသည် တစ်ကြောင်း--

အန္ဓပုထုဇန် ဆိုသည်ကား မျက်စိမရှိသော ပုထုဇန်ကို ဆိုလိုသည်၊ ကလျာဏပုထုဇန် ဆိုသည်ကား မျက်စိပေါက်သော ပုထုဇန်ကို ဆိုလိုသည်။

မျက်စိသည်-

(၁) ဒိဋ္ဌိဇုကမ္မ သမ္မာဒိဋ္ဌိ မျက်စိ၊
(၂) ပရိယတ္တိ မျက်စိ၊
(၃) ဝိပဿနာ သမ္မာဒိဋ္ဌိ မျက်စိ၊
(၄) လောကုတ္တရာ သမ္မာဒိဋ္ဌိ မျက်စိ----

ဟူ၍ မျက်စိလေးလုံးရှိသည်တွင် သာသနာပ ကာလ၌ ဒိဋ္ဌိဇုကမ္မ သမ္မာဒိဋ္ဌိ မျက်စိပေါက်၍ သီလ, သမာဓိ ရှိသောသူကို ကလျာဏပုထုဇန် ခေါ်ရသည်၊ သာသနာတွင်း၌ကား ဒိဋ္ဌိဇုကမ္မ သမ္မာဒိဋ္ဌိ မျက်စိရှိရုံမျှနှင့် ကလျာဏပုထုဇန် မခေါ်လောက်သေး။ ။ပိဋကတ်ကျမ်းဂန် ကျေပွန်နှံ့စပ် စာပေတတ်သော ပရိယတ်မျက်စိ ပေါက်ရုံမျှနှင့်လည်း ကလျာဏပုထုဇန် မခေါ်လောက်သေး--

> သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ ခွါရှဲရာသော ဓာတုစက္ခု, ပစ္စယစက္ခုနှင့် တကွ ဝိပဿနာ သမ္မာဒိဋ္ဌိ မျက်စိပေါက်မှသာလျှင် ကလျာဏပုထုဇန် အမှန်ခေါ်ထိုက်သည်။

www.dhammaransi.com



ထိုသူသည်---

- ယခုဘဝ၌သော်လည်း လောကုတ္တရာ သမ္မာဒိဋ္ဌိမျက်စိ ပေါက်ရောက်လတ္တံ့၊
- ဒုတိယဘဝ၌ နတ်ဖြစ်၍သော်လည်း ပေါက်ရောက်လတ္တံ့၊
- သာသနာပ၌ ပစ္စေကဗောဓိအဖြစ်နှင့်သော်လည်း ပေါက်ရောက်လတ္တံ့၊
- ဗောဓိအခြေအမြစ် စိုက်ပြီးဖြစ်၍ လူ့အဖြစ်, နတ်အဖြစ်နှင့် တွေ့ရာဘုရားသာသနာ၌သော်လည်း အလွန်လွယ်စွာ ကျွတ်နိုင်လတ္တံ့၊

သာသနာတွင်း၌ ဤသို့သော သူသည်သာ အန္ဓပုထုဇန်အဖြစ်ကိုလွန်၍ ကလျာဏပုထုဇန် အဖြစ်သို့ ရောက်သောသူ ဆိုစလောက်သည်။

- ဒါန, သီလ ကောင်းကာမျှနှင့် ကလျာဏပုထုဇန် မဆိုလောက်သေး၊ စာပေပရိယတ် တတ်ကာမျှနှင့် ကလျာဏပုထုဇန် မဆိုလောက်သေး၊ ဤသို့ မမြောက်မမြင့် အဖြောင့်ဖွင့်သော ကျမ်းဂန်ရိပ် ရှိသည် တစ်ကြောင်း-
- ဘာသာတစ်ပါးတို့ မလှုပ်ချောက်ချား နိုင်စေခြင်းငှာ သိအပ်, နှလုံးသွင်းအပ်သော တရားဟု ပါရှိသည် တစ်ကြောင်း--

ယင်းအကြောင်းမှာလည်း ငါတို့ မြန်မာလူမျိုး ချင်းချင်းမှာ ကျမ်းဂန်သံနှင့် ပြောနိုင်လျှင် ပြီးတော့သည်၊ ကိုယ်တွေ့ မျက်မြင် အထင်အသိ ယုတ္တိသာဓကမလိုလှ။ ။အကြဲတက္ကီ ဝိမံသီ မိစ္ဆာဘာသာဝင် လူမျိုးတို့နှင့် ပြောဆိုရာ၌ကား ကျမ်းဂန်သံနှင့်မရ ကိုယ်တွေ့မျက်မြင် အထင်အသိ ယုတ္တိသက်သေပြနိုင်မှ မလှုပ်ချောက်ချားနိုင် ရှိရာသည်။ ။သို့အတွက်ကြောင့်လည်းကောင်း မဟာဝိသုဒ္ဓါရာမဆရာတော် အမိန့်စာမှာလည်း ဗုဒ္ဓဘာသာ သာသနာတော်အကျိုးစီးပွားနှင့်စပ်၍ မောင်သော်ကို အားရတော်မူသောအသံ များစွာပါရှိသည်ဖြစ်၍လည်းကောင်း- သို့အကြောင်းများကြောင့် ခန္ဓဝဂ္ဂသံယုတ် သုတ္တန်ပါဠိတော်ကြီးကို မှီတည်၍ ဗုဒ္ဓဘာသာ သာသနာဝယ် နေရာကျလိုလှသော အချက်စု၌ မြန်မြန်ကြီး

www.dhammaransi.com



အရည်လည်တဲ့စေခြင်းငှာ မြန်မာစကားသက်သက်နှင့် အချက်ထိထိ ဉာဏ်မျက်စိ ကွင်းကွင်း အသိဉာဏ်လင်းလောက်အောင် နက်နဲခက်ခဲရာ အရပ်စု၌ အထပ်ထပ် အခါခါ ဥပမာ, ဥဒါဟရဏ်များနှင့်တကွ ဖော်ပြရေးသားလိုက်သည်။

ပါဠိပါဠ်သား မပါသည်ဟု မအောက်မေ့နှင့်၊ ပါဠိပါဠ်သားနှင့်ရေးလျှင် စကားစဉ် စကားဆက်ကွာလှမ်း၍ ပြောတတ်ဟောတတ် ရှိရုံမျှကိုပင် အင်မတန် ကြီး ကြံရလိမ့်မည်။

- ပြောဖို့, ဟောဖို့ကား လိုရင်းမဟုတ်၊
- မိမိကိုယ်မှာ ကလျာဏပုထုဇန် ဉာဏ်မျက်စိတစ်လုံး ပေါက်မှု သည်သာ အမြတ်ဖြစ်သည်။

အရေးအသားမှာ 'မူ' ရရုံမျှသာ ရှိချေသည်၊ ရှင်းရှင်းလင်းလင်းမရှိဟု မအောက်မေ့နှင့်၊ မြန်မြန်ကြည့်တဲ့ရအောင် ညညကို တွင်တွင်ရေးရသည့်အတွက် ရှင်းရှင်းလင်းလင်း မရှိလေသည်။

ဤစာအုပ်ကို သူတစ်ပါးကို မပြတဲ့နှင့်ဦး၊ သဘောသကန် နိုင်နင်းပြီးထင်မှ သူတစ်ပါးကို ပြလိုပြ ပြောလိုပြော၊ သဘောသကန် မကျေမလည်ရှိသော အရာမှာ ဆရာတော်ကိုသာလျှောက်ထား၊ သူတစ်ပါးကို မလျှောက်တဲ့နှင့်၊ ရာဇဗြိုဟ်ဘုရင် ဗိမ္ဗိသာရမင်းကြီးက တက္ကသိုလ်ဘုရင် ပုက္ကုသာတိမင်းထံ ဗုဒ္ဓဘာသာစာအုပ် လက်ဆောင် ဆက်ကမ်းလိုက်သောအခါ 'ပရိသတ်အလယ်မှာ မဖွင့် မကြည့်ပါ လေလင့်'ဟု မှာဖူးသော 'ထုံး' ရှိသည်၊ သဘောသကန် ထင်မြင်ရှင်းလင်း ကျေ လည်ပြီးသည့်နောက် သူတစ်ပါးကို ပြောဟောရန် ကျမ်းဂန်ပါဠိပါဠ်သား အလို ရှိလျှင် 'ဘယ်နေရာမှာ-ဘယ်အချက်မှာ ပါဠိရလိုပါသည်' ဟု မဟာဝိသုဒ္ဓါရာမ ဆရာတော်ထံလျှောက်၊ ငါတို့ထံသို့သော်လည်း စာထည့်၊ မထင် မမြင်တဲ့နိုင်ပဲ တွေဝေခုခံ၍နေသောအချက် တွေ့ရှိ၍နေလျှင်လည်း မြန်မြန် စာထည့်။

လယ်တီဆရာတော်
၁၂၆၂- ခု ကဆုန်လဆန်း ၂-ရက်။

www.dhammaransi.com



# ဥတ္တမပုရိသဒီပနီ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ပဋိညာဉ်ပြု

မန္တလေးမြို့ ပညာရုံးစာရေးကြီး (မောင်သော်)တောင်းပန်လျှောက်ထားသော တရားအစု ကိုးခုသောအခန်းတို့ကို ကျမ်းဂန်အရှိ ပါဠိအနက်ဆုံးဖြတ်ချက်အကျဉ်း လိုရင်းအချုပ်နှင့်တကွ ထုတ်ပြဖြေကြားပေအံ့။

## ပထမခန်း

သက္ကရာဇ် ၁၂၆၁- ခု၊ တပေါင်းလဆန်း ၁၀-ရက်နေ့၊ မန္တလေးမြို့တော်မှ ရောက်လာသော လျှောက်လွှာပါတရားအစု ကိုးခုသော အခန်းတွင်. . . . .

သမ္မာသမ္ဗုဒ္ဓ ဘုရားဆု, ပစ္စေကဗုဒ္ဓဆု, အဂ္ဂသာဝကဆု, မဟာသာဝကဆု, ပကတိသာဝကဆု၊ ဤသို့ ဆုငါးပါးရှိရာ တစ်ပါးတစ်ပါးစီသောဆုကို ရအောင် ပါရမီဖြည့်နည်း၊ ၎င်းပါရမီဆယ်ပါး၏ သရုပ်သဘော အဓိပ္ပါယ်များကို အသေအချာ သိလိုပါကြောင်း။ ။၎င်းတွင်လည်း သမ္မာသမ္ဗုဒ္ဓဆုကို အထူးသိလိုပါကြောင်း။ ။ ပထမလျှောက်ချက်။

## ပါရမီ သရုပ်ပြ

၎င်း ပထမခန်းမှာ ပါရမီဆယ်ပါးတို့၏ သရုပ်သဘော အဓိပ္ပါယ်သုံးပါးတို့တွင်. . . .

ဒါနံ သီလဉ္စ နေက္ခမ္မံ၊
ပညာ ဝီရိယ ခန္တိစ။
သစ္စာ ဓိဋ္ဌာန မေတ္တာ စ၊

www.dhammaransi.com

# ဥတ္တမပုရိသဒီပနီ

- ပါးစပ်က ပြောတတ်ဟောတတ်သည်ကို အဟုတ်သိမဆို၊ အမှတ်သိသာဆို၏။ ကိုယ်တွင်းမှာ အလင်းပေါက်အောင် သိသည်ကိုသာ အဟုတ်သိဆိုသတည်း။
- တစ်ကိုယ်လုံး၌ အတုံးအခဲဟူသော သမူဟပညတ်စုကို အနုမြူမျှမကျန်အောင် ဉာဏ်နှင့် မှုတ်လှင့်၍ ကြည့်တတ်မှ ပရမတ်မြေရေလေမီးအစစ်ဖြစ်သည်။
- ပရမတ် မရဏကို မြင်နိုင်မှ ပရမတ်နိဗ္ဗာန်ကို မြင်နိုင်မှ ဝိပဿနာဉာဏ်ဖြစ်သည်။

www.dhammaransi.com



ဥပေက္ခာ ပါရမီ ဒသ။ ။

ဒါနံ=ဒါနပါရမီလည်းကောင်း၊ သီလံ=သီလပါရမီ လည်းကောင်း၊ နေက္ခမ္မံ=နေက္ခမ္မ ပါရမီလည်းကောင်း၊ ပညာ=ပညာပါရမီလည်းကောင်း၊ ဝီရိယ ခန္တိစ=ဝီရိယပါရမီ ခန္တိပါရမီလည်းကောင်း၊ သစ္စာဓိဋ္ဌာန မေတ္တာစ=သစ္စာပါရမီ အဓိဋ္ဌာန် ပါရမီ မေတ္တာပါရမီလည်းကောင်း၊ ဥပေက္ခာ=ဥပေက္ခာပါရမီလည်းကောင်း၊ ဒသ=ဆယ်ပါးကုန်သော၊ ပါရမီ=ပါရမီတို့တည်း။

- ဥပသဒ္ဒါနှင့်ယှဉ်၍ ဒါနဥပပါရမီ သီလဥပပါရမီ စသည်ဖြင့် ဆိုပြန်လျှင် ဥပပါရမီ ဆယ်ပါးဖြစ်ပြန်၏။
- ပရမတ္ထသဒ္ဒါနှင့်ယှဉ်၍ ဒါနပရမတ္ထပါရမီ သီလပရမတ္ထပါရမီ စသည်ဖြင့် ဆိုပြန်လျှင် ပရမတ္ထပါရမီ ဆယ်ပါးဖြစ်ပြန်၏။

**သရုပ်အပြား သုံးဆယ် ဖြစ်၏။**

**ပါရမီ သရုပ်ပြ ပြီး၏။**

-----*-----

## ပါရမီ သဘောလက္ခဏာပြ

ပါရမီဆယ်ပါးတို့၏ သဘောဟူရာ၌ စရိယပိဋကအဋ္ဌကထာ သီလက္ခန် ဋီကာကြီးများမှာ လာသောပါရမီ ဆယ်ပါးတို့၏ လက္ခဏရသပစ္စုပဋ္ဌာန် ပဒဋ္ဌာန် တို့ကို သဘောဆိုသည်။

၁။ ပရိစ္စာဂလက္ခဏံ ဒါနံ၊ ဒေယျဓမ္မ လောဘဝိဒ္ဓံသန ရသံ။
အနာသတ္တိ ပစ္စုပဋ္ဌာနံ ၊ ပရိစ္စဇိတဗ္ဗဝတ္ထု ပဒဋ္ဌာနံ ။

ဒါနံ=ဒါနသည်၊ ပရိစ္စာဂလက္ခဏံ=စွန့်ခြင်းလက္ခဏာရှိ၏၊ ဒေယျဓမ္မ လောဘဝိဒ္ဓံသနရသံ=ဒေယျဓမ္မဝတ္ထု၌ ငြိတွယ်သော လောဘကို ဖျက်ဆီးခြင်း ကိစ္စရှိ၏၊ အနာသတ္တိ ပစ္စုပဋ္ဌာနံ=မငြိမတွယ်ခြင်းလျှင် ဉာဏ်၌ထင်သော အခြင်း အရာရှိ၏၊ ပရိစ္စဇိတဗ္ဗဝတ္ထုပဒဋ္ဌာနံ=စွန့်လှူထိုက်သောဝတ္ထုလျှင် နီးစွာသော အကြောင်းပဒဋ္ဌာန်ရှိ၏။

(သီလက္ခန်ဋီကာ)

၂။ သီလနလက္ခဏံ သီလံ၊ ဒုဿီလျ ဝိဒ္ဓံသန ရသံ၊

www.dhammaransi.com



သောစေယျ ပစ္စုပဋ္ဌာနံ၊ ဟိရီဩတပ္ပ ပဒဋ္ဌာနံ။

သီလံ=သီလသည်၊ သီလနလက္ခဏံ=ကိုယ်နှုတ်နှစ်ပါးကို သိမ်းဆည်းသောအား ကောင်းစွာထားခြင်းလက္ခဏာရှိ၏၊ ဒုဿီလျ ဝိဒ္ဓံသနရသံ=မကောင်းသော ကိုယ်နှုတ်အမှုဟူသော အကုသိုလ်ဓမ္မကို ဖျက်ဆီးခြင်းကိစ္စရှိ၏၊ သောစေယျ ပစ္စုပဋ္ဌာနံ=ကိုယ်နှုတ်အမှု ဖြူစင်သန့်ရှင်းခြင်းလျှင် ထင်သော ပစ္စုပဋ္ဌာန်ရှိ၏၊ ဟိရီဩတပ္ပ ပဒဋ္ဌာနံ=ဟိရီဩတပ္ပလျှင် နီးစွာသောအကြောင်း ပဒဋ္ဌာန်ရှိ၏။

၃။ ကာမရတော ဘဝတောစ နိက္ခမနလက္ခဏံ နေက္ခမ္မံ၊
ကာမဘဝါဒီနဝ ဝိဘာဝန ရသံ၊
တဿေဝ ဝိမုခဘာဝ ပစ္စုပဋ္ဌာနံ၊ သံဝေဂ ပဒဋ္ဌာနံ။

နေက္ခမ်=နိက္ခမသည်၊ ကာမတောစ= ကာမမှလည်းကောင်း၊ ဘဝတောစ= ဘဝမှလည်းကောင်း၊ နိက္ခမနလက္ခဏံ=ထွက်ခွါ ကျွတ်လွတ်ခြင်းလက္ခဏာရှိ၏၊ ကာမဘဝါဒီနဝ ဝိဘာဝနရသံ=ကာမ၏အပြစ် ဘဝ၏အပြစ်တို့ကို အလင်းထင်အောင်ပြခြင်း ကိစ္စရှိ၏၊ တဿေဝ=ထိုကာမဘဝကိုသာလျှင်၊ ဝိမုခဘာဝ ပစ္စုပဋ္ဌာနံ=မတွေ့လိုမှု မျက်ကွယ်ပြုလိုသော အဖြစ်လျှင် ထင်သော ပစ္စုပဋ္ဌာန်ရှိ၏၊ သံဝေဂပဒဋ္ဌာနံ=ကာမဘေး ဘဝဘေးတို့မှ ထိတ်လန့်သော သဟောတ္တပ္ပဉာဏ်လျှင် အကြောင်းပဒဋ္ဌာန်ရှိ၏။

၄။ ယထာ သဘာဝပဋိဝေဓ လက္ခဏာ ပညာ၊
ဝိသယော ဘာသန ရသာ၊
အသမ္မောဟ ပစ္စုပဋ္ဌာနာ၊ သမာဓိ ပဒဋ္ဌာနာ။

ပညာ=ပညာသည်၊ ယထာသဘာဝ ပဋိဝေဓလက္ခဏာ=ဟုတ်မှန်တိုင်းသော သဘောတရားကို ထိုးထွင်း၍ သိမြင်ခြင်း လက္ခဏာရှိ၏၊ ဝိသယောဘာသနရသာ=ဉာဏ်၏အရာ အာရုံဓမ္မ သဘာဝကို ထွန်းပြခြင်းကိစ္စရှိ၏၊ အသမ္မောဟပစ္စုပဋ္ဌာနာ=မတွေမဝေခြင်းလျှင် ထင်သော ပစ္စုပဋ္ဌာန်ရှိ၏၊ သမာဓိ ပဒဋ္ဌာနာ=စိတ်၏တည်ကြည်ခြင်းလျှင် နီးစွာသောအကြောင်းပဒဋ္ဌာန် ရှိ၏။

၅။ ဥဿာဟ လက္ခဏံ ဝီရိယံ၊ ဥပတ္ထမ္ဘနရသံ၊
အသံသီဒန ပစ္စုပဋ္ဌာနံ၊ သံဝေဂပဒဋ္ဌာနံ ။

www.dhammaransi.com



ဝီရိယံ=ဝီရိယသည်၊ ဥဿာဟလက္ခဏံ=အားသစ်ကြိုးပမ်းခြင်း လက္ခဏာ ရှိ၏၊ ဥပတ္ထမ္ဘနရသံ=စိတ်ကိုမရော့မရဲ ခိုင်မြဲတင်းရင်းအောင် ထောက်ပံ့ခြင်း ကိစ္စရှိ၏၊ အသံသီဒန ပစ္စုပဋ္ဌာနံ=မတွန့် မဆုတ်ခြင်းလျှင် ထင်သော ပစ္စုပဋ္ဌာန်ရှိ၏၊ သံဝေဂပဒဋ္ဌာနံ=ဇာတိဘေး ဇရာဘေး ဗျာဓိဘေး မရဏဘေး စသည်တို့ကို တွေးမိလေတိုင်း အလှိုင်းတကြီး အားသည်းဆွေ့ခုန် နှလုံးတုန်ခြင်းလျှင် နီးစွာသော အကြောင်းပဒဋ္ဌာန်ရှိ၏။

၆။ ခမနလက္ခဏာ ခန္တိ၊ ဣဋ္ဌာနိဋ္ဌ သဟနရသာ၊
အဓိဝါသန ပစ္စုပဋ္ဌာနာ၊ ယထာဘူတ ဒဿန ပဒဋ္ဌာနာ။

ခန္တိ=ခန္တိသည်၊ ခမနလက္ခဏာ=နှလုံးခိုင်ခံ့ခြင်းလက္ခဏာရှိ၏၊ ဣဋ္ဌာနိဋ္ဌ သဟနရသာ=ဣဋ္ဌအနိဋ္ဌ လောကဓလေ့ ကြိုက်ကြုံတွေ့လည်း မရွေ့မယိုင် သည်းခံနိုင်ခြင်းကိစ္စရှိ၏၊ အဓိဝါသန ပစ္စုပဋ္ဌာနာ=သူတစ်ထူးတို့ ကျူးကျူးလွန်လွန် ဝန်တာပြစ်ဖို့ ပြုသည်တို့ကို သူသို့တစ်ဖန် အမျက်မာန်ဖြင့် လှန်ပြန်မရှိ သည်းခံခြင်းလျှင်ထင်သောပစ္စုပဋ္ဌာန်ရှိ၏၊ ယထာဘူတဒဿန ပဒဋ္ဌာနာ=ဟုတ်မှန်တိုင်းသော ဓမ္မသဘောကို မြင်နိုင်သောဉာဏ်လျှင် ပဒဋ္ဌာန်ရှိ၏။

၇။ အဝိသံဝါဒန လက္ခဏံ သစ္စံ၊ ယာထာဝဝိဘာဝနရသံ၊
သာဒုတာ ပစ္စုပဋ္ဌာနံ၊ သောရစ္စ ပဒဋ္ဌာနံ။

သစ္စံ=သစ္စာသည်၊ အဝိသံဝါဒနလက္ခဏံ=သူတစ်ပါးကို မှတ်မှား ယူမှား တိမ်းပါး ချော်ချွတ်အောင် မပြုခြင်းလက္ခဏာ ရှိ၏၊ ယာထာဝ ဝိဘာဝနရသံ= မိမိသိတိုင်း မြင်တိုင်း ဟုတ်မှန်တိုင်းကိုသာ အလင်းဖွင့်ပြခြင်း ကိစ္စရှိ၏၊ သာဒုတာ ပစ္စုပဋ္ဌာနံ=မြွက်ဆိုသမျှ ယုံကြည်ရ၍ သြဇနှစ်ဆီ ချိုဆိမ့်အီသော စကားရှိသည်၏အဖြစ်လျှင် ထင်သောပစ္စုပဋ္ဌာန်ရှိ၏၊ သောရစ္စပဒဋ္ဌာနံ=ကိုယ်အမူ နှုတ်အမူ ဖြူဖြောင့်မွေ့ခြင်း၌ အလေးဂရုပြုခြင်းလျှင် နီးစွာသော အကြောင်းပဒဋ္ဌာန်ရှိ၏။

၈။ ဗောဓိသမ္ဘာရေသု အဝဋ္ဌာနလက္ခဏံ အဓိဋ္ဌာနံ၊
တေသံ ပဋိပက္ခာဘိဘာဝနရသံ။
တတ္ထ အစလတာ ပစ္စုပဋ္ဌာနံ၊
ဗောဓိသမ္ဘာရ ပဒဋ္ဌာနံ။

www.dhammaransi.com



အဓိဋ္ဌာနံ=အဓိဋ္ဌာန်သည်၊ ဗောဓိသမ္ဘာရေသု=သဗ္ဗညုဗောဓိ ပစ္စေကဗောဓိ သာဝကဗောဓိဟူသော ဗောဓိသုံးမျိုးတို့၏ အခြေမူလ သမ္ဘာရဖြစ်ကုန်သော ဒါနမှု သီလမှု နိက္ခမမှု ပညာမှုစသည်တို့၌၊ အဝဋ္ဌာနလက္ခဏံ=မရွေ့မယိုင် ကြံ့ခိုင်စွဲမြဲခြင်းလက္ခဏာရှိ၏၊ တေသံ=ထိုသမ္ဘာရမှုတို့၏၊ ပဋိပက္ခာဘိဘဝနရသံ=ဆန့်ကျင်ဘက် အသင်းကို နှိပ်နင်း ပယ်ရှားခြင်းကိစ္စရှိ၏၊ တတ္ထ=တိုသမ္ဘာရမှုတို့၌၊ အစလတာ ပစ္စုပဋ္ဌာနံ= မလှုပ်မရှားသည်၏ အဖြစ်လျှင် ထင်သော ပစ္စုပဋ္ဌာန်ရှိ၏၊ ဗောဓိသမ္ဘာရပဒဋ္ဌာနံ=ဒါနစသော ဗောဓိမူလတရားစုလျှင် နီးစွာသော အကြောင်းပဒဋ္ဌာန်ရှိ၏။

၉။ ဟိတာကာရပ္ပဝတ္တိလက္ခဏာ မေတ္တာ၊ဟိတူပသံဟာရ ရသာ၊
သောမ္မဘာဝ ပစ္စုပဋ္ဌာနာ၊ သတ္တာနံ မနာပဘာဝ ဒဿန ပဒဋ္ဌာနာ။

မေတ္တာ=မေတ္တာသည်၊ ဟိတာကာရပ္ပဝတ္တိလက္ခဏာ=သတ္တဝါတစ်ပါး ကျေးဇူးများအံ့သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏၊ ဟိတူပသံဟာရ ရသာ=သူတစ်ပါး၏ ကောင်းကျိုးကို လွန်စွာသည်ပိုးခြင်း ကိစ္စရှိ၏၊ သောမ္မဘာဝပစ္စု ပဋ္ဌာနာ=လပြည့် ဝန်းကဲ့သို့ ရွှန်းရွှန်းကြည်ဆွ အေးမြငြိမ်းချမ်းသော စိတ်သဘောလျှင် ထင်သော ပစ္စုပဋ္ဌာန်ရှိ၏၊ သတ္တာနံ= သတ္တဝါတို့၏၊ မနာပဘာဝ ဒဿနပဒဋ္ဌာနာ=နှစ်သက်ဖွယ်သောဂုဏ်ကိုသာ ရှုမြင်တတ်သော ဉာဏ်လျှင် နီးစွာသောအကြောင်းပဒဋ္ဌာန်ရှိ၏။

၁၀။ မဇ္ဈတ္တာကာရပ္ပဝတ္တိ လက္ခဏာ ဥပေက္ခာ၊
သမဘာဝ ဒဿနရသာ။
ပဋိဃာနုနယ ဝူပသမ ပစ္စုပဋ္ဌာနာ၊
ကမ္မဿကတာ ပစ္စဝေက္ခဏာ ပဒဋ္ဌာနာ။

ဥပေက္ခာ=ဥပေက္ခာသည်၊ မဇ္ဈတ္တာကာရပ္ပဝတ္တိလက္ခဏာ=ချီးမြှောက်ရှုတ်ချ နှစ်ဌာန၌ တူမျှသမှု လျစ်လျူရှုသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏၊ သမဘာဝဒဿနရသာ=ညီမျှသော သဘောအားဖြင့် ရှုခြင်းကိစ္စရှိ၏၊ ပဋိဃာနုနယဝူပသမပစ္စု ပဋ္ဌာနာ= မုန်းသည် ချစ်သည် နှစ်မည် နှစ်သင်း ကင်းငြိမ်းခြင်းလျှင် ထင်သော ပစ္စုပဋ္ဌာန်ရှိ၏၊ ကမ္မဿကတာ ပစ္စဝေက္ခဏာ

www.dhammaransi.com



ပဒဋ္ဌာနာ=ဘယ်သူမပြု မိမိမှုဟု အရှုအဆင်ခြင် ကောင်းစွာမြင်သော ဉာဏ်ပညာလျှင် နီးစွာသော အကြောင်းပဒဋ္ဌာန်ရှိ၏။

**ဤတွင် ပါရမီ ဆယ်ပါးတို့၏ အသီးအသီးသော သဘော လက္ခဏာကို ပြဆိုသောအခန်း ပြီး၏။**

----------------

## နိဿိတ အနိဿိတ ခွဲနည်း

ထိုဆယ်ပါးတို့တွင် တစ်ပါးပါးသည် နိဿိတ၊ အနိဿိတ ဟူ၍ နှစ်ပါးနှစ်ပါးစီရှိကြ၏။ **နိဿိတသည်လည်း** တဏှာနိဿိတ၊ ဒိဋ္ဌိနိဿိတ ဟူ၍ နှစ်ပါးစီရှိကြ၏။

- ဘဝသမ္ပတ္တိံ အာကင်္ခမာနေန ပဝတ္တိတံ ကုသလံ တဏှာနိဿိတံ။
- ယံ သီလေန သုဒ္ဓီတိ ဧဝံ သုဒ္ဓိဒိဋ္ဌိယာ ပဝတ္တိတံ ကုသလံ ဒိဋ္ဌိနိဿိတံ။

(ဝိသုဒ္ဓိမဂ်)

- ဘဝသမ္ပတ္တိံ=ဘဝသမ္ပတ္တိကို၊ အာကင်္ခမာနေန=တောင့်တလျက်၊ ပဝတ္တိတံ=ဖြစ်စေအပ်သည်ရှိသော်၊ ကုသလံ=ဤကုသိုလ်မျိုးသည်၊ တဏှာနိဿိတံ=တဏှာကို မှီတွယ်သည်မည်၏။
- သီလေန=အလေ့အကျက်ဖြင့်၊ သုဒ္ဓိ= ကိလေသာမှ စင်ကြယ်၏၊ ဣတိ ဧဝံ=ဤသို့၊ သုဒ္ဓိဒိဋ္ဌိယာ=သုဒ္ဓိဒိဋ္ဌိဖြင့်၊ ပဝတ္တိတံ=ဖြစ်စေအပ်သည်ရှိသော်၊ ကုသလံ= ဤကုသိုလ်မျိုးသည်၊ ဒိဋ္ဌိနိဿိတံ=ဒိဋ္ဌိကိုမှီတွယ်သည်မည်၏။

## နိဿိတ ကုသိုလ် ၂- မျိုး

ဘဝသမ္ပတ္တိ=ဘောဂသမ္ပတ္တိသို့ညွတ်သောစိတ်ဖြင့် ပြုသည်ရှိသော် တဏှာနိဿိတမည်၏၊ ပါရမီကုသိုလ်မျိုးမဟုတ်။

**[ဤတွင်--အလောင်းတော်စမ္ပေယျနဂါးမင်း သင်္ခပါလနဂါးမင်းတို့၏သို့ ပါရမီဖြည့်ခွင့်ရအောင် လူ့ဘဝကိုတောင့်တမှုကိုကား နိဿိတ မဆိုသာ။]**

ဒါနမှု လောကီသီလမှုတစ်ခုခုသော ပဗ္ဗဇ္ဇိတ နိက္ခမမှုစသည်၌ တည်၍ ဤအကျင့်သည်သာလျှင် သံသရာမှ စင်ကြယ်စေနိုင်၏၊ ဤပြင် စင်ကြယ်စေနိုင်သောနည်းလမ်းမရှိပြီဟု ဝိပဿနာမဂ်ဖိုလ်တို့ကို ပစ်ပယ်၍ ပြုသော

www.dhammaransi.com



ကုသိုလ်မှုသည် ဒိဋ္ဌိနိဿိတမည်၏ ကုလားဘုန်းကြီးတို့၏ ကုသိုလ်မျိုးတည်း၊ ပါရမီကုသိုလ်မျိုး မဟုတ်၊

**ဤကား ပါရမီမျိုး မဟုတ်သော ဝဋ္ဋနိဿိတ ကုသိုလ်နှစ်မျိုးတည်း။**

-------------------

## အနိဿိတ ကုသိုလ် ၂- မျိုး

အနိဿိတသည်လည်း လောကီကုသိုလ် လောကုတ္တရာကုသိုလ် ဟူ၍ နှစ်ပါးရှိ၏။

ယံ ပန လောကုတ္တရံ လောကိယဉ္စ တဿေဝ သမ္ဘာရဘူတံ ဣဒံ အနိဿိတံ။

( ဝိသုဒ္ဓိမဂ် )

ယံ ပန လောကုတ္တရံ=အကြင်လောကုတ္တရာကုသိုလ်သည်ကား၊ အတ္ထိ=ရှိ၏၊ တဿေဝ=ထိုလောကုတ္တရာ ကုသိုလ်၏သာလျှင်၊ သမ္ဘာရဘူတံ=မျိုးစေ့မူလ သမ္ဘာရဖြစ်သော၊ ယဉ္စလောကိယံ=အကြင်လောကီ လောကုတ္တရာကုသိုလ်စု သည်လည်း၊ အတ္ထိ=ရှိ၏၊ ဣဒံ=ဤကုသိုလ်နှစ်မျိုးသည်၊ အနိဿိတံ=အနိဿိတ ကုသိုလ်မည်၏။

**မောင်သော်၏ ပြဿနာ၌ ပါရမီကုသိုလ်ကို လျှောက်ဆိုရင်း ဖြစ်သည်နှင့် လောကုတ္တရာကို ဤမှာမလိုအပ်၊ ထိုလောကုတ္တရာ၏ အခြေမူလ သမ္ဘာရဖြစ်သော လောကီအနိဿိတကိုသာ ဤမှာလိုအပ်၏။**

ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ တို့သို့ညွတ်သောစိတ်လည်းမရှိ၊ ဒိဋ္ဌိနှင့်လည်း မယှဉ်၊ မိုးကောင်းကင်သဖွယ် အတွယ်အတာ မရှိမူ၍ ဗောဓိတည်းဟူသော တစ်ဖက်ကမ်းသို့ တမ်းတမ်းစူးစူး အထူးရည်ရွယ်၍ စင်ကြယ်သောစိတ်ဖြင့် ပြုအပ်သော ဒါနမှု သီလမှု နိက္ခမမှု ပညာမှု ဝီရိယမှု ခန္တီမှု သစ္စာမှု အဓိဋ္ဌာန်မှု မေတ္တာမှု ဥပေက္ခာမှုများသည်သာ ပါရမီကုသိုလ်မျိုးဖြစ်သတည်း။

ယခုကာလ၌ 'နိဗ္ဗာန်ကိုရပါလို၏၊ အကြင်မျှလောက်နိဗ္ဗာန် ကိုမရသေး၊ ထိုမျှလောက် ကာလ၌' ဆို၍ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိတို့ကို ရေစက်ချ ဆရာအာဝဇ္ဇန်းရှိတိုင်းချဲ့ကြ ကုန်၏၊ နိဗ္ဗာန်မှာ အသံမျှသာပါတော့သည်၊ အများကြိုက်ရာ နောက်ပိုင်းမှာမူ အာဝဇ္ဇန်းရှိသမျှ ဆန်းကြယ်ကြကုန်၏၊ ဤကဲ့သို့သော ကုသိုလ်ကြောင်ခြစ်များကို ပယ်ရှားတော်မူခြင်းငှါ တဿေဝ၌ ဧဝသဒ္ဒါကို မိန့်ဆိုတော်မူပေ၏။

မိခင်ဇရာဝတီ

www.dhammaransi.com



## နိဗ္ဗာန်နှင့် သမ္ပတ္တိတွဲက ပါရမီ ဖြစ်-မဖြစ်

**အမေး။** နိဗ္ဗာန်နှင့်သမ္ပတ္တိနှစ်ပါး တွဲဖက်တောင့်တ၍ပြုကြသော ယခုကာလ ကုသိုလ်မှုများသည် ပါရမီကုသိုလ်ဆိုထိုက်မည် မဆိုထိုက်မည်။

**အဖြေ။** ဆိုထိုက်ပါ၏၊ ဆိုထိုက်သော်လည်း ဗောဓိဉာဏ်ကို မြန်မြန် ဆိုက်စေနိုင်သော ကုသိုလ်မျိုးကားမဟုတ်၊

ဝိပဿီ ဘုရားမပွင့်မီ သာသနာပ၌ ဇောတိက သေဋ္ဌေးအလောင်း ကြံခင်းလုပ်ညီနောင်နှစ်ယောက်သည် ပစ္စေကဗုဒ္ဓါအရှင်အား ကြံရည် လှူဒါန်း၍ ဆုတောင်းကြရာ အစ်ကိုကား-'အရှင်ဘုရား ရသိသော တရားကို ရသိပါလို၏'ဟု တိုတိုဆုတောင်းသည်၊ ညီဖြစ်သူဇောတိက သေဋ္ဌေးအလောင်းကား-'အရှင်ဘုရား ရသိသောတရားကို ရသိရပါလို၏'ဆိုပြီးနောက် အကြင်မျှလောက် ချီပြန်၍ သမ္ပတ္တိနှစ်ပါးကို နောက်ဖျားက ဆွယ်ပြန်၏၊ ဝိပဿီဘုရားအပွင့်တွင် ဆုတောင်းတိုသော အစ်ကိုဖြစ်သူ အကျွတ်ရလေ၏၊ ညီဖြစ်သူ ဇောတိက အလောင်းကား ဆုတောင်းလူးလဲသည့်အတွက် ဝိပဿီဘုရားလက်ထက်တွင် မကျွတ်နိုင်မူ၍ ခြောက်ဆူသော ဘုရားကိုလွန်ပြီးနောက် ငါတို့ဘုရား လက်ထက်မှာမှ အကျွတ်ရလေ၏။

သဘောယုတ္တိကား ကုသိုလ်ပြုစဉ် အခါ၌ ဘဝသမ္ပတ္တိတဏှာ ဘောဂသမ္ပတ္တိတဏှာ အစေးအချွဲ ဖက်တွဲခဲ့သည်ရှိသော် ထိုကုသိုလ် အကျိုးပေးရာ ဘဝတို့၌ ထိုစည်းစိမ်နှင့် ထိုတဏှာ ခွါ၍မရ ခွဲ၍မရ ပိုင်၍ကျအောင် အကြပ်အတည်း ဖွဲ့စည်းလေ၏၊ အထွတ်အမြတ် တရားနှင့်တွေ့သော်လည်း တရားဖက်သို့ မပါနိုင်ရှိလေ၏၊ ကုသိုလ်ပြုစဉ်အခါ၌ ဘဝတဏှာ ဘောဂတဏှာ အလူးအလဲမရှိ ဝိဝဋ္ဋမျိုးသက်သက် ဖြစ်ခဲ့သည်ရှိသော် ထိုကုသိုလ်အကျိုးပေး၍ ပဒေသရာဇ် ဧကရာဇ် စကြာမန္ဓာတ် စည်းစိမ်၌ပင် တည်ငြားသော်လည်း တရားနှင့်တွေ့ခဲ့လျှင် ထိုစည်းစိမ်ကို ခဏချင်းစွန့်နိုင်၏၊ ဤကား-ထိုကြံခင်းလုပ်ညီနောင် ဝတ္ထုမှာ တိုက်ရိုက်လာသော သဘောယုတ္တိတည်း။

ထို့ကြောင့် နောက်နောက်ဆက်လက်၍ ဖြည့်ကျင့်ရန်လူ့ဘဝကိုပင် တောင့်တ သော်လည်း ခံစားစံစားဖို့ စိတ်ကို ရိပ်ကာမျှ မသိစေမူ၍ ပါရမီ ဖြည့်ဖို့ စိတ်ဖြင့်သာတောင့်တရမည်. . (မောင်သော်)

မိခင်ဇရာဝတီ

www.dhammaransi.com



## ဆုတောင်း ချွတ်ချော်မှု၏ ဆိုးကျိုးများ

- မေဏ္ဍကသေဌေး၏ ကျွန်ဖြစ်သောပုဏ္ဏသည် ပစ္စေကဗုဒ္ဓါကိုတွေ့၍ ဆွမ်းလှူသောအခါ ဆုတောင်းနေရာမကျသည့်အတွက် ဘဝအဆက်ဆက်ကျွန်ချည်းဖြစ်ရလေ၏။
- စူဠသုဘဒ္ဒါ ဆင်မသည် ပစ္စေကဗုဒ္ဓါကို သစ်သီးဆွမ်းလှူရာ ဆုတောင်းချော်၍ အလောင်းတော်ဆင်မင်းကိုသတ်၍ ငရဲသို့ကျ ရလေ၏။
- ရှေးဘဝ၌ ပစ္စေကဗုဒ္ဓါကို တွေ့ကြသော ကုသမင်းကြီးနှင့် ပဘာဝတီတို့လည်း ဆုတောင်းမတဲ့ အတန်ငယ် ရွဲ့ကြ၍ ကသီလင်တ ဒုက္ခအထွေထွေဖြစ်ကြလေ၏။

ဤသို့လျှင် ကုသိုလ်ပြုရာဆုတောင်းချော်ကြ၍ မတော်မလျော်ဖြစ်ကြကုန်သော ဝတ္ထုနိပါတ် ဇာတ်ရာဇဝင်တို့သည် အလွန်ပင်များကုန်၏၊ ဆုံးမသင်ကြားသော ဆရာလည်း နေရာကျလိုလှ၏၊ ဝိဓုရဇာတ်တော်မှာ ဈာန်ရ ရသေ့လေးဦးကို ဆွမ်းကျွေးသော သေဌေးကြီးလေးဦးတွင် နှစ်ဦးသော သေဌေးကြီးတို့သည် မိမိတို့ဆရာရသေ့စကားကိုနာခံ၍ တိရစ္ဆာန် ဂဠုန် နဂါး ဖြစ်ကြလေကုန်၏၊ နှစ်ဦးသောသေဌေးတို့သည် လူမင်း သိကြားမင်းဖြစ်ကြကုန်၏။

ဤသို့ဆရာပြုလုပ်သူ အတွက်ကြောင့် လက်အောက်တပည့်သား အမှားခြေမြစ် မနစ်တန် နစ်ရသော အရာများကိုလည်း သတိထားကြကုန်ရာသည်။

**နိဿိတ အနိဿတ ခွဲခန်းပြီး၏။**

--------*--------

## ဟီန မဇ္ဈိမ ပဏီတ သုံးပါးခွဲနည်း

ထိုဆယ်ပါးသော ဒါန သီလ နိက္ခမစသည်တို့တွင် တစ်ပါးတစ်ပါး သည် ဟီန မဇ္ဈိမ ပဏီတဟူ၍ သုံးပါး သုံးပါးစီရှိကြ၏။

ယသကာမတာယ ပဝတ္တိတံ ဟီနံ၊ ပုညဖလကာမတာယ ပဝတ္တိတံ မဇ္ဈိမံ၊ ကတ္တဗ္ဗမေဝိဒန္တိ အရိယဘာဝံ နိဿာယ ပဝတ္တိတံ ပဏီတံ။

- ယသကာမတာယ=အကျော် အစောကိုလိုသောစိတ်ဖြင့်၊ ပဝတ္တိတံ=ဖြစ်စေအပ်သည်ရှိသော်၊ ဟီနံ=အယုတ်တည်း၊

www.dhammaransi.com



- ပုညဖလကာမတာယ=ကုသိုလ်၏အကျိုးကို လိုလားငဲ့ကွက်သော စိတ်ဖြင့်၊ ပဝတ္တိတံ= ဖြစ်စေအပ်သည်ရှိသော်၊ မဇ္ဈိမံ=အလတ်တည်း။
- ဣဒံ=ဤအမှုကား၊ ကတ္တဗ္ဗံဧဝ= ပြုသင့်ပြုထိုက်သောအမှုပေသာတည်း၊ ဣတိ=ဤသို့၊ အရိယဘာဝံ=အရိယာနွယ် စင်ကြယ်ဖြူဖြောင့်သော သူတော်ကောင်းအလေ့ကို၊ နိဿာယ=မှီ၍၊ ပဝတ္တိတံ=ဖြစ်စေအပ်သည် ရှိသော်၊ ပဏီတံ=အထွတ်အမြတ်တည်း။
- ပထမကား--ပကာသနစိတ်ဖြင့်ပြုသော ကုသိုလ်တည်း၊ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိကိုမျှ လှုလှုပေးနိုင်သော ကုသိုလ်မျိုးမဟုတ်၊ ပါရမီ အဖြစ်နှင့်ဝေးစွ။
- ဒုတိယကား--အကျိုးကိုလိုလားသောစိတ်ဖြင့် အလှူခံပုဂ္ဂိုလ်ကို အယုတ်အမြတ်ရွေးချယ်မှု၊ အကျိုးကြီးရာသော နည်းလမ်းကို ရွေးချယ်မှုတို့နှင့် ပြုသောကုသိုလ်တည်း၊ ဘဝဘောဂကိုပေးနိုင်၏၊ ပါရမီကုသိုလ်မျိုး မဟုတ်။
- တတိယကား--အမှုကိုသာအလေးဂရုအထူးပြုသည်၊ အကျိုးကို အမှုမစိုက်၊ မိမိလက်ရှိပစ္စည်းဝတ္ထုကို သူတစ်ပါးတို့နှင့် မကန့်မကွက် ဆက်ဆံသည်ကိုပြု၍သုံးဆောင်မှုသည် အရိယာသူမြတ်တို့၏အစဉ် ထုံးတမ်းသွားမြဲလမ်းပေတည်း၊ အရိယာလောင်း သူတော်ကောင်းတို့၏အစဉ် ထုံးတမ်း သွားမြဲလမ်းပေတည်း၊ ငါသည်လည်း အလောင်းအလျာ အရိယာတို့ လမ်းကိုလိုက်ထိုက်သည်၊ မိမိပိုင်ထိုက်သော ပစ္စည်းဥစ္စာကို သူတစ်ပါးတို့နှင့် ကန့်ကန့်ကွက်ကွက် မဆက်ဆံသည်ကိုပြု၍သုံးဆောင်ခြင်းသည် အန္ဓဗာလပုထုဇဉ်တို့၏ အစဉ်ထုံးတမ်း သွားမြဲလမ်းပေတည်း၊ ငါသည် ထိုအန္ဓဗာလ ပုထုဇဉ်တို့ လမ်းကိုလိုက်ခြင်းငှါ မထိုက်၊ ဤသို့ နှလုံးထား၍ မိမိပိုင်ထိုက်သော ပစ္စည်းဥစ္စာကို အယုတ်အလတ်အမြတ်သုံးပါး သူအများနှင့် အညီအမျှ ပိုင်ဆိုင်ကြသော ဘုံပစ္စည်းကို ကဲ့သို့ မျှဝေလှူဒါန်း ပေးကမ်းစွန့်ကြဲသော ဒါနကုသိုလ်သည် အရိယဘာဝကို မှီ၍ပြုသော ကုသိုလ်မည်၏၊ ပါရမီကုသိုလ်မျိုးတည်း။

သီလမှု နိက္ခမမှုစသည်တို့၌လည်း ဤနည်းအတိုင်း အကျိုးကို အာရုံ မပြုဘဲ

www.dhammaransi.com



အမှုကိုသာအလေးဂရု အထူးပြု၍ဖြစ်စေနိုင်မှသာ ပါရမီမျိုးဖြစ်သည် ဟုမှတ်လေ။

(တစ်နည်းကား)

- တဏှာ ဝသေန ဘဝဘောဂတ္ထာယ ပဝတ္တိတံ ဟီနံ၊
- အတ္တနော ဝိမောက္ခတ္ထာယ ပဝတ္တိတံ မဇ္ဈိမံ၊
- သဗ္ဗသတ္တဝိမောက္ခတ္ထာယ ပဝတ္တိတံ ပါရမိတာသီလံ ပဏီတံ။

(ဝိသုဒ္ဓိမဂ်)

- တဏှာဝသေန=တဏှာ၏အလိုနှင့်တကွ၊ ဘဝဘောဂတ္ထာယ=ဘဝ သမ္ပတ္တိ ဘောဂသမ္ပတ္တိ အကျိုးငှါ၊ ပဝတ္တိတံ=ဖြစ်စေအပ်သော သီလ သည်၊ ဟီနံ=အယုတ်တည်း၊
- အတ္တနော=မိမိ၏၊ ဝိမောက္ခတ္ထာယ=ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိတို့မှ လွတ်ခြင်းငှါ၊ ပဝတ္တိတံ=ဖြစ်စေအပ်သော သီလသည်၊ မဇ္ဈိမံ=အလတ် တည်း၊
- သဗ္ဗသတ္တ ဝိမောက္ခတ္ထာယ=ခပ်သိမ်းသော သတ္တဝါတို့ကို ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိတို့မှ လွတ်စေခြင်းငှါ၊ ပဝတ္တိတံ=ဖြစ်စေအပ်သော၊ ပါရမိ တာသီလံ=ကမ်းတစ်ဖက် ရောက်သောသီလသည်၊ ပဏီတံ=အမြတ် တည်း။

ဝဋ္ဋဒုက္ခမှကျွတ်လွတ်ခြင်းဆိုသည်နှင့် ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိတို့မှ ကျွတ်လွတ်ခြင်းဟူသည် အတူတူပင်၊ ရှေ့သုံးမျိုး၌ အကျိုးကိုလိုလား၍ပြုသော ဒုတိယကုသိုလ်သည် ဤသုံးမျိုးမှာဟီန ဖြစ်လာ၏၊ ပါရမီမြောက်သော ကုသိုလ်မျိုး မဟုတ်၊ အယုတ်အညံ့မျိုးသာတည်း၊ အတ္တနောဝိမောက္ခတ္ထာယ ပဝတ္တိတံကား- ပစ္စေကဗောဓိ သာဝကဗောဓိလမ်းတည်း၊ သဗ္ဗသတ္တ ဝိမောက္ခတ္ထာယ ပဝတ္တိတံ ကား-မဟာဗောဓိလမ်းတည်း။

**ဟီန မဇ္ဈိမ ပဏီတ ၃-မျိုးခွဲနည်းပြီး၏။**

ဤတွင်ရှေ့ကား ဒါနစသောဆယ်ပါးသော ကုသိုလ်မှုတို့၌ ပါရမီမြောက်ထိုက်သော ကုသိုလ်ဆယ်ပါး မမြောက်ထိုက်သော ကုသိုလ်ဆယ်ပါးကို ခြားနား၍ပြသောအခန်းပြီး၏။

## ပါရမီ အဓိပ္ပါယ် ခွဲနည်း

ယခုအခါ အသီးအသီးသော ပါရမီဓမ္မတို့၏ အဓိပ္ပါယ်ကို ပြဆိုပေအံ့။

www.dhammaransi.com



(၁) ဒါနံ၊ စွန့်ကြဲပေးကမ်းလှူဒါန်းပူဇော်ချီးမြှောက်ခြင်း၊ (ဤဒါန ပုဒ်၏အဓိပ္ပါယ်ကားထင်ရှားပြီ) မိမိ၌ ရရှိသမျှသော ပစ္စည်းဥစ္စာတို့ကို ငါ့ဥစ္စာ ဟူသောအမှတ် အကြပ်အတည်း မရှိစေမူ၍ သီလဝန္တ ကလျာဏဂိုဏ်းဝင် လူရှင်အများတို့နှင့် ယထာရဟံ ဆက်ဆံ ဆိုင်ဆီးသည်ကိုပြု၍ သုံးဆောင်ခြင်း သည် သာဓာရဏဘောဂီ အပ္ပဋိဝိဘတ္တဘောဂီမည်၏၊ ဘုရားလက်ထက်တော်၌ ဥဂ္ဂသူကြွယ်များနည်းလမ်းပေတည်း၊ အထက်၌အယုတ်အလတ်အမြတ် မရွေးမချယ်ဟုဆိုခဲ့သည်မှာ ရောက်လာသော အလှူခံကိုဆိုသည်၊ ဤ၌ သီလဝန္တ ကလျာဏဂိုဏ်းဝင် လူရှင်အများဟုဆိုသည်မှာ အာမိသသမ္ဘောဂ ဓမ္မသမ္ဘောဂ ပြုထိုက်လှသော ပုရိသဝိသေသတို့ကိုဆိုသည်၊ ထိုသို့သောပုရိသ ဝိသေသ တို့ကိုမူကား သာဓာရဏသမ္ဘောဂ ဖြစ်စေခြင်းအကျိုးငှါ ကောင်းစွာအားထုတ်၍ ပူဇော်လှူဒါန်းခြင်းအမှုကို ပြုရာသတည်း။ ။ **ဒါနပြီး၏။**

(၂) သီလသည် ဝါရိတ္တသီလ စာရိတ္တသီလ ဟူ၍နှစ်မျိုးရှိ၏။

- ကာယဒုစ္စရိုက် ၃-ပါး ဝစီဒုစ္စရိုက် ၄-ပါးတို့ကို မကျူးမလွန်ရအောင် စောင့်ထိန်းမှုသည် ဝါရိတ္တသီလမည်၏။
- ဘုရားတရားသံဃာ ဆရာ မိဘ ဂုဏဝုဍ္ဍိ ဝယဝုဍ္ဍိဖြစ်သောသူတို့၌ အရိုအသေပြုထိုက်သော အခွင့်တို့ကိုသိ၍ အရိုသေပြုခြင်းအမှုသည် လည်းကောင်း၊ တွေ့မြင်သမျှသောသူတို့၌ ကုသိုလ်ဖြစ်ထိုက်သော ဝေယျာဝစ္စအခွင့်ကိုမြင်လျှင် ကိုယ့်အမှုကဲ့သို့ အကျိုးကိုလိုလား၍ ကြိုးစားအားထုတ်ခြင်းအမှုသည်လည်းကောင်း စာရိတ္တသီလ မည်၏။ **သီလပြီး၏။**

(၃) နိက္ခမ ဆိုသည်ကား- တရားကိုယ်အားဖြင့် အလောဘ ပြဋ္ဌာန်းသော ကုသိုလ်တည်း၊ ထို့ကြောင့်အိမ်၌ပင်နေသော်လည်း တဏှာ ရာဂ လောဘ ဖြစ်တတ်သော အာရုံဝတ္ထုကိုသိ၍ အသုဘမနသိကာရ ပဋိကူလမနသိကာရ များကို နှလုံးထား၍ လောဘကိုပယ်ရှား၍ နေသောအခါ နိက္ခမကုသိုလ်ဖြစ်၏။

ထို့ထက်စွမ်းနိုင်ပါလျှင် အာရုံကင်းရှင်းရာသို့ထွက်၍ ထို့ထက်တတ် နိုင်ပါလျှင် ဖန်ရည်ဆိုးသောအဝတ်ကို ဝတ်သောလူသူတော် ရသေ့သူတော်

www.dhammaransi.com



ပရိဗိုဇ်သူတော်အဖြစ်သို့ ရောက်အောင်ထွက်၍ ထို့ထက်တတ်နိုင်ပါမူ သာမဏေအဖြစ် ရဟန်းအဖြစ်တိုင်အောင်ထွက်၍ ထို့ထက်တတ်နိုင်ပါမူ ပထမစျာန်ကိုရသော စျာနလာဘီအဖြစ်သို့ ရောက်အောင်ထွက်၍ ထို့ထက်တတ်နိုင်ပါမူ အနာဂါမ်အရိယာ အဖြစ်သို့ရောက်အောင် ထွက်၍ လောဘတရားကို ပယ်ရှားမှုသည် နိက္ခမကုသိုလ်ချည်းပေတည်း။ ။ နိက္ခမပြီး၏။

(၄) ပညာသည် လောကီ လောကုတ္တရာနှစ်မျိုးရှိ၏၊ ပညာပါရမီကို ရည်စူး၍ ပိဋကတ်သုံးပုံပညာကို နာခံမှတ်သား၊ သင်ကြားပို့ချ ပြသပြော ဟောခြင်းအမှု-အပြစ်မရှိသော ဗေဒင် ဟူးရား မန္တရား ဂါထာ ဗိန္ဓော ပဉ္စဘုတ် စသော ဝိဇ္ဇာဋ္ဌာနပညာမျိုး-အပြစ်မရှိသော အသက်မွေးမှု၌ ကျေးဇူးများသော စက်အတတ်မျိုး-ဂဏန်းအတတ်မျိုး ပန်းချီ ပန်းပု ပန်းပဲ ပန်းရန် ပန်းတိမ် ပန်းတည်း စသော သိပ္ပါယတန အတတ်မျိုး- အပြစ်မရှိသော အသက်မွေးမှု၌ ကျေးဇူးများသော ကုန်သည်အမှု တောင်သူလယ်လုပ်မှုစသော ကမ္မာယတန အတတ်မျိုး- ဤသို့သော ဝိဇ္ဇာဋ္ဌာန သိပ္ပါယတန ကမ္မာယတနတို့ကို ပညာပါရမီဖို့ ရည်စူး၍ အထူးစင်ကြယ်သော စိတ်ဖြင့်သင်ကြားပြသမှုသည် ပညာပါရမီ အဆောက်အဦပေတည်း။ ။ ပညာပြီး၏။

(၅) ဝီရိယပါရမီမှာ သမ္မပ္ပဓာန် ဝီရိယသည် အထွတ်အထိပ်ဖြစ်၏၊ ထိုမှတစ်ပါး သူတစ်ပါးတို့၏ အကျိုးစီးပွါးနှင့်စပ်၍ ကောင်းမြတ် စင်ကြယ်သော နှလုံးဖြင့် သူတစ်ပါးတို့ မစွမ်းနိုင်သောအရာ စွမ်းနိုင်သောအရာတို့၌ လွန်မင်းစွာ ကြိုးပမ်းခြင်းသည် ဝီရိယပါရမီတည်း။ ။ဝီရိယပြီး၏။

(၆) ခန္တီသည် သတ္တဝါတို့ပြုသောအမှု၌ သည်းခံခြင်း အချမ်းအပူစသော အနိဋ္ဌဓမ္မတို့၌ သည်းခံခြင်း နှစ်မျိုး ရှိ၏၊ သတ္တဝါတို့၌ သည်းခံခြင်းမှာ ထင်ရှားပြီ၊ သီတဿ=ချမ်းမှုအေးမှု နှိပ်စက်သည်ကိုလည်း၊ ခမော=သည်းခံနိုင်သည်၊ ဟောတိ=ဖြစ်၏၊ ဥဏှဿ=ပူအိုက်မှု နှိပ်စက်သည်ကိုလည်း၊ ခမော=သည်းခံနိုင်သည်၊ ဟောတိ=ဖြစ်၏။ ဤသို့ အစရှိသည်ဖြင့် ဟောတော်မူသော ခန္တိမှုတို့သည်များစွာရှိကုန်၏။ ။လိုရင်းမှာ လောက၌ ကိုယ်တွင်းမှ ဖြစ်သော ဒုက္ခဓမ္မမှု ကိုယ်ပမှ ဖြစ်သော ဒုက္ခဓမ္မမှုတို့ကို တွေ့ကြုံငြားသော်လည်းစိတ်၏ ညစ်ညှုုးခြင်းမရှိ

www.dhammaransi.com



ညည်းညူခြင်းမရှိ နှလုံးမသာခြင်း မျက်နှာမသာခြင်းမရှိ ပြုမြဲတိုင်းသော ကုသိုလ်မှု စီးပွါးမှုတို့ကို အလစ်အလပ်မခံ ကြည်လင်သန့်ရှင်း တင်းရင်း ခိုင်ခံ့စွာပြုသော အခါသ ပြဋ္ဌာန်းသောကုသိုလ် စိတ္တုပ္ပါဒ်စုကို ခန္တီပါရမီ အဆောက်အဦ ဆိုသတည်း။ ။ခန္တီ ပြီး၏။

(၇) သစ္စာမည်သည်ကား -မုသားကိုအချင်းခပ်သိမ်း ပယ်ခြင်းတည်း ။

(၈) အဓိဋ္ဌာန်ဆိုသည်ကား-ဤအမှုကိုပြုမည်ဟု နှုတ်ပဋိညာဉ် စိတ်ပဋိညာဉ်ထားပြီးသည်နောက် ပြောင်းရွှေ့ လှုပ်ရှားခြင်း၏ မရှိခြင်းတည်း။

(၉) မေတ္တာဟူသည်ကား တွေ့သမျှ မြင်သမျှသော သတ္တဝါကို ချမ်းသာစေချင်သောစိတ် ကောင်းစေချင်သောစိတ် အမြဲတည်ခြင်းတည်း။

(၁၀) ဥပေက္ခာဆိုသည်ကား- မိမိကိုကြည်ညိုလေးမြတ်သောသူ ပူဇော်သောသူ ချီးမွမ်းသောသူဟူ၍လည်း သာယာခင်မင်စိတ် အထူးမရှိ၊ မိမိကို ပြစ်တင်ပြစ်မှားပြုလိုသောသူ ညှဉ်းပန်းနှိပ်စက်သောသူ ကဲ့ရဲ့သောသူဟူ၍လည်း မသာယာခြင်း မုန်းခြင်းမရှိ၊ ထိုသူနှစ်ဦးတို့၌ စိတ်နှစ်မျိုး မရှိခြင်းကို ဥပေက္ခာပါရမီဆိုသည်။

ခန္တီပါရမီနှင့် ဥပေက္ခာပါရမီ နှစ်ပါး ခိုင်လုံမှ ကြွင်းသော ပါရမီရှစ်ပါးတို့လည်း ချောမောနိုင်ကုန်သည်၊ အမိဝမ်းမှ မွေးဖွား၍လာသော သူငယ်တို့သည် အမိအဖတို့ ကောင်းစွာစောင့်ရှောက်ကုန်မှ အသက်ရှည်၍ လူလားမြောက်နိုင်ကုန်သည်၊ အမိအဖတို့ မစောင့်ရှောက်ကြကုန်မူကား-မွေးဖွားသောနေရာ၌ပင် ခြောက်သွေ့၍ သေဆုံးကြကုန်လတ္တံ့၊ ဤအတူမှတ်။

- ခန္တီသည် အမိနှင့်တူ၏။
- ဥပေက္ခာသည် အဖနှင့်တူ၏။

ခန္တီ ဥပေက္ခာနှစ်ပါးရှိ၍ ကုသိုလ်မှုချောမောပြန်လျှင် နိက္ခမပါရမီ စောင့်ရှောက်မှ ပြုသမျှသောကုသိုလ်သည် ပါရမီကုသိုလ်အဖြစ်သို့ ရောက်နိုင်သည်၊ နိက္ခမပါရမီ အစောင့်အရှောက် မရှိလျှင် ကုသိုလ်၏ အကျိုးကို ရလိုသော သာယာသော တဏှာဥပဒ်ကပ်ရောက်၍ ပါရမီကုသိုလ် မဟုတ်၊ ဝဋ္ဋနိဿိတ ကုသိုလ်မျိုးသာဖြစ်လေ၏၊ ထိုသူငယ်တို့သည် အမိအဖတို့ စောင့်ရှောက်ကုန်သော်လည်း ဆေးသမား အစောင့်အရှောက် မရှိပြန်လျှင် ညှော်မှု သင်းမှု

www.dhammaransi.com



အစားမှု အသောက်မှုအတွက်နှင့် ရောဂါဥပဒ် ကပ်ရောက်၍ ရောဂါသည် ရောဂါဆိုးဖြစ်ကြကုန်သကဲ့သို့မှတ်။ ။ မြေ၌ပေါက်ရောက်သော မြက်သစ်ပင်တို့သည် မြေ-ရေ-နှစ်ပါး စောင့်ရှောက်ချီးမြှောက်မှ ကြီးပွါးနိုင်ကုန်သည်။

- ခန္တီသည် မြေဥတုနှင့်တူ၏၊
- ဥပေက္ခာသည် ရေဥတုနှင့်တူ၏၊
- ဗြဟ္မစိုရ်တရား ၄-ပါး၌လာသော ဥပေက္ခာနှင့် ဤပါရမီ ဥပေက္ခာသည် အတန်ငယ်ကွဲပြားကြ၏။

ဗြဟ္မစိုရ် ဥပေက္ခာကားသတ္တဝါတို့၏ အကျိုးစီးပွါး၌ ကြောင့်ကြစိုက်မှုကို ပယ်၍ဖြစ်သည်။ ။ပါရမီဥပေက္ခာကား-ပူဇော်ချီးမွမ်း ပြုသောသူနှိပ်စက် ကဲ့ရဲ့ ပြုသောသူ နှစ်ဦးတို့၏ အကျိုးစီးပွါးကိုအထူး အခြားမရှိ၊ အတူအမျှ တွင်ကျယ်ဖြစ်ထွန်းအောင် ရွက်ဆောင်နိုင်ရန် တရားပေတည်း။

အလောင်းတော်မျောက်မင်းသည် အသူတရာနက်သော ချောက်၌ ကျ၍ နေသောပုဏ္ဏားကို ကျောက်ဂ ်ုန်း၌ထား၍ ကုန်းပေါ်သို့ တင်ပြီးနောက် မောပန်းလှ၍ ပုဏ္ဏား၏ပေါင်ပေါ်၌ ခေါင်းထား၍ တစ်ခဏအိပ်ပျော်လေ၏၊ ပုဏ္ဏားသည် တောမျောက်သားဖြင့် သား မယားကိုမျက်နှာပြရန် ကြီးစွာသော ကျောက်ဖြင့် တစ်ချက်တည်းပြီး ထုလေ၏၊ ဦးခေါင်းမှ သွေးအယဉ်တို့သည် လေးမျက်နှာတို့၌ ဖြာဖြာပန်း၍ ထွက်ကုန်၏၊ မျောက်မင်း၏ ကိုယ်အလုံးသည် သွေးအတိ လိမ်းကျံ၏။

ထိုအခါ ပုဏ္ဏားမှ အတန်ငယ်ခွါ၍ ပုဏ္ဏားကိုကြည့်ပြီးလျှင် "ဤလောကမှာ သည်ကဲ့သို့သောသူများ ရှိပေသေးသည်တကား" ဟု အံ့သြသောစကားကို ဆိုတော်မူ၍ ထိုပုဏ္ဏားကို ရပ်ရွာသို့ ချမ်းသာစွာရောက်အောင် ပို့ဆောင်သော အခွင့်ကိုသာ အားထုတ်တော်မူ၏။

ထိုအခါ "ဤတောအရပ်သည် ခြင်္သေ့ သစ် ကျား သားရဲ အလွန်ထူထပ်သည်၊ ကြာမြင့်၍မလျော်၊ သင့်ရွာသို့ရောက်အောင် ငါပို့မည်၊ ငါသည် သစ်တစ်ပင်မှ သစ်တစ်ပင်သို့ ကူး၍သွားမည်၊ ငါ့ဦးခေါင်းမှကျသော သွေးကြောင်း သွေးစက်ကို လမ်းပြု၍ လိုက်ခဲ့လော" ဟုဆို၍ ပို့ဆောင်လေ၏။

www.dhammaransi.com



ဤဝတ္ထု၌--

- ချောက်၌ကျ၍နေသော ပုဏ္ဏားကိုမြင်သောအခါ မိမိ၏ သားငယ် ကျ၍ နေသည်ကိုမြင်သကဲ့သို့ ပုဏ္ဏား၏အကျိုးကို တောင့်တလို လားခြင်း အားကြီးစွာ ဖြစ်၍လာသော စိတ္တုပ္ပါဒ်စုကား မေတ္တာပါရမီ တည်း။
- အသူတရာနက်သော ချောက်မှကမ်းပေါ်သို့ ချောမောစွာ ရောက် နိုင်ရာသော အကြောင်းကိုရှာကြံသော စိတ္တုပ္ပါဒ်စုကား ပညာပါရမီ တည်း။
- ရှာကြံ၍သိမြင်သည့်အတိုင်းသက်စွန့်ကြိုးပမ်း အားထုတ်သော ကိုယ်အမှုကား ဝီရိယပါရမီတည်း။
- ဦးခေါင်းကို ကြီးစွာသောကျောက်နှင့်ထုရာ အရေထူ အရေပါးတို့ ပြတ်စုတ်၍ အရိုးကွဲမျှ ပြင်းထန်လှသော ဒုက္ခဒဏ်ချက်ကြီး ထိပါး သည်ကိုပင် နာသည် ကျင်သည်ဟု အမှုမထား၊ ညစ်ညူးမှု ညည်း ညူမှုမရှိ၊ ပကတိကြည်လင်သော စိတ်အတိုင်း နေနိုင်သည်ကား ခန္တီပါရမီတည်း။

(ဤအခါမှာ ခန္တီမရှိခဲ့လျှင် နာကျင်သည့်အတွက်နှင့် စိတ်ပျက်၍ကုန်လတ္တံ့.)

- ဤသူ့အကျိုးကို ဤမျှလောက်အပန်းခံ၍ ရွက်ဆောင်ဆဲဖြစ်သော ငါ့ကို ဤမျှလောက် အကျိုးမဲ့ကြီးကို ပြုဘိသည်ဟု ပုဏ္ဏား၌ စိတ်မကွက်သည်ကား ဥပေက္ခာပါရမီတည်း။

(ဤအခါမှာ ဥပေက္ခာ မရှိခဲ့လျှင် ပုဏ္ဏားကိုစိတ်ဆိုးသည့် အတွက်နှင့် စိတ်ပျက်၍ ကုန်လတ္တံ့.။ ။ စိတ်ပျက်၍ကုန်မှုဆိုသည်ကား ထိုပုဏ္ဏား၏ ရှေ့အကျိုးကိုလည်း ဆုံးကမ်းတိုင်အောင် ဆောင်တော့မည်မဟုတ်၊ နောက်က ဆောင်ခဲ့ပြီးသမျှ ကုသိုလ်စုလည်း အချည်းနှီးဖြစ်၍ ကုန်တော့မည်ဟုလိုသည်။ အလောင်းတော်သည်မူကား-- အဇ္ဈတ္တ သန္တာန်၌ ခန္တီ အခံရှိသည့်အတွက်ကြောင့် ကျင်နာမှု ပင်ပန်းမှုကြောင့်လည်း စိတ်မကွက်၊ ဥပေက္ခာအခံရှိသည့်အတွက် ကြောင့် ပုဏ္ဏားကို စိတ်ဆိုးမှုနှင့်လည်း စိတ်မပျက်မူ၍ ဦးခေါင်းမှ ထွက်သော သွေးစက် သွေးကြောင်းကို လမ်းပြ၍ နေရာဌာနသို့ ရောက်အောင်ပို့ဆောင်ပေ သတည်း။)

မိခင်ဇရာဝတီ

www.dhammaransi.com



- ဤ၌အသူတရာနက်သော ချောက်ကြီးဖြစ်၍ အခန့်မတော်လျှင် သေလောက်သောအချက်၌ ပုဏ္ဏားရ၏အတွက်နှင့် အသက်ကိုစွန့်တော်မူသည်ကား ဒါနပါရမီတည်း။

ပုဏ္ဏား၏အသက်ကို ကယ်ဆယ်မှုသည်လည်း ဇီဝိတဒါနပင်။

- အသက်ကိုအသေပြုသော ပုဏ္ဏားကို ပြန်လှန်၍ မနှိပ်စက်၊ ကြမ်း ကြုတ်သော စကားကိုမျှ မဆိုမပြွက် စောင့်ရှောက်ချက်ကား သီလပါရမီတည်း။
- ပုဏ္ဏားကို ကယ်တင်သည့်အတွက်ကြောင့် ကောင်းမှုကုသိုလ်၏ အကျိုးကိုမျှ တောင့်တ သာယာခြင်း မရှိသည်ကား နိက္ခမပါရမီတည်း။

ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိဟုဆိုအပ်သော အကျိုးကိုတောင့်တ၍ ပြုကြသော ကုသိုလ်စုသည် နိက္ခမပါရမီ ပျက်သော ကုသိုလ်စုတည်း။

- ပုဏ္ဏား၏အကျိုးကို အဆုံးရောက်အောင် ငါဆောင်မည်ဟု စိတ် ပဋိညာဉ်ထားသည့်အတိုင်း ပုဏ္ဏားပြုသော ဒဏ်ချက်နှင့် ဒုက္ခကြီးစွာ ဖြစ်လျက်ပင် မပျက်မကွက် အဆုံးတိုင် ဆောင်ရွက်သည်ကား သစ္စာပါရမီ အဓိဋ္ဌာန်ပါရမီတည်း။

(ဤပုဏ္ဏား၏အကျိုးကို အဆုံးတိုင်အောင် ငါဆောင်မည်ဟု ဖြစ်သော စိတ်ပဋိညာဉ် မရွေ့မပြောင်းသည်ကား အဓိဋ္ဌာန်ပါရမီတည်း၊ သင့်ကို ငါကယ်တင်မည်ဟုပုဏ္ဏားအား ပြောကြားသော နှုတ်ပဋိညာဉ်ကို မဖျက်သည်ကိုကား သစ္စာပါရမီတည်း။)

ဤသို့လျှင် အလောင်းတော် မျောက်မင်းပြုသောအမှု၌ ပါရမီဆယ်ပါးပြီးသတည်း။ ။ပါရမီဆယ်ပါးတို့၏ အဓိပ္ပါယ်ပြီး၏။

ဤတွင်သဗ္ဗညုတဗောဓိ ပစ္စေကဗောဓိ သာဝကဗောဓိ ၃-ပါးနှင့်ဆက်ဆံသော ပါရမီဆယ်ပါးတို့၏ သရုပ်သဘော အဓိပ္ပါယ် ၃-ချက်ကို ပြဆိုသောအခန်းပြီး၏။

"ယခုအခါ သဗ္ဗညုဆုကို အထူးသိလိုပါသည်" ဟူသော လျှောက်ချက်၌။ ။ သဗ္ဗညုတဗောဓိသမ္ဘာရ အစီအရင်သည် ကျမ်းဂန်တွင် ပုစ္ဆာတစ်ဆယ့်ငါးချက်နှင့်တကွ အလွန်ကျယ်ဝန်းစွာလာချေသည်၊ အကျဉ်းမျှကိုသာ ပြဆိုအံ့။ အကျယ်ကိုလိုမူ စရိယပိဋကအဋ္ဌကထာ၊ သီလက္ခန် ဋီကာများမှာ ယူလေ။

www.dhammaransi.com



ပါရမီဆယ်ပါး ဥပပါရမီဆယ်ပါး ပရမတ္ထပါရမီဆယ်ပါးတို့ကို ပြဆိုပေအံ့။

## ပါရမီ သုံးမျိုးပြ

### ပုတ္တဒါရဓနာဒိ ဥပကရဏ ပရိစ္စာဂေါ ဒါနပါရမီ--

အစရှိသော ပါဠ်နှင့်အညီ မိမိကိုယ်အင်္ဂါမှ အပဖြစ်သော သား မယား နှင့်တကွ သက်ရှိသက်မဲ့ ဥစ္စာမျိုးသည် ပါရမီဆယ်ပါး၏ ဝတ္ထုတည်း။

### အတ္တနော အင်္ဂပရိစ္စာဂေါ ဒါနဥပပါရမီ--

အစရှိသည်နှင့်အညီ ခြေ လက် မျက်စိ အစရှိသောကိုယ် အင်္ဂါကြီး ငယ်စု သည် ဥပပါရမီဆယ်ပါး၏ဝတ္ထုတည်း။

### အတ္တနော ဇီဝိတ ပရိစ္စာဂေါ ဒါနပရမတ္ထပါရမီ--

အစရှိသည်နှင့်အညီ အသက်ခန္ဓာသည် ပရမတ္ထပါရမီဆယ်ပါး၏ ဝတ္ထု တည်း။

ထိုသုံးပါးသော ဝတ္ထုတို့တွင် -

- ပထမ ဝတ္ထုမျိုးကိုစွန့်၍ ဖြစ်စေအပ်သော ကုသိုလ်မျိုးသည် ပါရမီ မည်၏။
- ဒုတိယ ဝတ္ထုမျိုးကိုစွန့်၍ ဖြစ်သော ကုသိုလ်မျိုးသည် ဥပပါရမီ မည်၏။
- အသက်ကိုစွန့်၍ဖြစ်စေအပ်သော ကုသိုလ်မျိုးသည် ပရမတ္ထပါရမီ မည်၏။
- ပထမ ဆယ်ပါးကိုသာ ဖြည့်စွမ်းနိုင်သောသူသည် သာဝကဗောဓိသို့ ရောက်၏။
- ပထမဆယ်ပါး ဒုတိယဆယ်ပါးကိုသာ ဖြည့်စွမ်းနိုင်သောသူသည် ပစ္စေကဗောဓိသို့ရောက်နိုင်၏။
- ပထမဆယ်ပါး ဒုတိယဆယ်ပါး တတိယဆယ်ပါး အပြားသုံးဆယ်ကို ဖြည့်စွမ်းနိုင်သောသူသည် သဗ္ဗညုဗောဓိသို့ ရောက်နိုင်၏။

**ပါရမီသုံးမျိုး ခြားနားခန်းပြီး၏။**

--------------------

## မိခင်ရောဝတီ

www.dhammaransi.com



## သာဝက ဗောဓိ သုံးပါးပြ

သာဝကဗောဓိသည် ပကတိသာဝကဗောဓိ မဟာသာဝကဗောဓိ အဂ္ဂသာဝကဗောဓိ ဟူ၍သုံးမျိုးရှိ၏။

- ပထမ ဆယ်ပါးကို ကမ္ဘာပေါင်း တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းမျှ ကာလကြာမြင့်အောင် ဖြည့်ကျင့်လျှင် အဂ္ဂသာဝကဗောဓိသို့ ရောက်နိုင်၏။ အဂ္ဂသာဝကဆိုသည်ကား-- အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန်တို့ကဲ့သို့ လက်ျာရံ လက်ဝဲရံကြီးနှစ်ပါးကို ဆိုသည်။
- ထိုဆယ်ပါးကို ကမ္ဘာတစ်သိန်းကာလကြာမြင့်အောင် ဖြည့်ကျင့်လျှင် မဟာသာဝကဗောဓိသို့ရောက်နိုင်၏၊ မဟာသာဝကဆိုသည်ကား ငါတို့ဘုရားလက်ထက်တော်၌ အသီတိရှစ်ကျိပ်မျိုးကို ဆိုသည်။
- ပကတိသာဝကဗောဓိ၏ ရင့်ရာကာလအပိုင်းအခြားကို ကျမ်းဂန်တို့၌ တိုက်ရိုက်အဆိုမရှိ၊ ပုဗ္ဗေနိဝါသကထာ၌ ပကတိသာဝကတို့၏ ပုဗ္ဗေနိဝါသဉာဏ်သည် အတိတ်၌ ကမ္ဘာတစ်ရာ ကမ္ဘာတစ်ထောင် မြင်နိုင်၏ ဆိုသော အဋ္ဌကထာများကိုထောက်၍ ပကတိသာဝကဗောဓိ၏ ရင့်ရာကာလကို ကမ္ဘာတစ်ရာ ကမ္ဘာတစ်ထောင်ပင်ဟူ၍ ယူကြကုန်၏။

ဖားနတ်သား၏ ဝတ္ထုကို ထောက်၍ တစ်ဘဝ နှစ်ဘဝမျှနှင့်ပင် ရနိုင်၏ ဟူ၍လည်း ယူကြကုန်၏။

ပြဆိုခဲ့ပြီးသော အဂ္ဂသာဝကဗောဓိ မဟာသာဝကဗောဓိတို့၏ ကာလအပိုင်းအခြားများသည်လည်း ဗျာဒိတ်ခံပြီး နောက်မှဖြည့်ကျင့်ရသော အပိုင်းအခြားပေတည်း၊ ဗျာဒိတ်မခံမီ ရှေး၌ ဖြည့်ကျင့်ရသော အပိုင်းအခြားကား ကျမ်းဂန်တို့၌ အဆိုမရှိ။

ဘုရားတို့၏ပွင့်မှုသည် တစ်ဆူနှင့်တစ်ဆူ ကမ္ဘာအသင်္ချေ ကွာခြားပြီးမှ ပွင့်သည်လည်းရှိပြန်သည်။ သာဝကတို့မည်သည် ဘုရားပွင့်ရာ သာသနာနှင့် ကြုံကြိုက်မှ ဖြစ်နိုင်ကုန်သည်။ ထို့ကြောင့်ပြဆိုခဲ့ပြီးသော ကာလအပိုင်းအခြားများသည်လည်း ငါတို့ဘုရားလက်ထက်ရှိ သာဝကများကို အမှတ်ပြု၍ ဆိုအပ်သော အပိုင်းအခြားမျှသာတည်း။

သုတ္တနိပါတ်အဋ္ဌကထာ၌ကား --သာဝကဗောဓိမှာလည်း သဒ္ဓါဓိက

www.dhammaransi.com



ဗောဓိ ဝီရိယာဓိကဗောဓိ ပညာဓိကဗောဓိ ဟူ၍ ၃-ပါးစီ ၃-ပါးစီ ခွဲလျက်ရှိ၏။

**သာဝကဗောဓိသုံးပါးပြီး၏။**

----------*----------

## ပစ္စေကဗောဓိ သုံးပါးပြ

ပစ္စေကဗောဓိသည်လည်း သဒ္ဓါဓိက ဝီရိယာဓိက ပညာဓိကဟူ၍ ၃-မျိုးပင်လာရှိ၏။ ဗျာဒိတ်ခံပြီးသည်မှ နောက်၌ နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလကြာမြင့်အောင် ပါရမီဆယ်ပါး ဥပပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်မှ ရနိုင်သည်ဟု အဋ္ဌကထာတို့၌ လာ၏။

**ပစ္စေကဗောဓိ သုံးပါးပြီး၏။**

--------*-------

## မဟာဗောဓိ သုံးပါးပြ

သဗ္ဗညုဗောဓိသည် သဒ္ဓါဓိက ဝီရိယာဓိက ပညာဓိက ဟူ၍ ၃-ပါး အပြားရှိ၏၊ ဥဃ္ဃဋိတညုဗောဓိ ဝိပဉ္စိတညုဗောဓိ နေယျဗောဓိဟူ၍ လည်းဆို၏။

နိယတဗျာဒိတ်ကို ရပြီးနောက် ပါရမီဆယ်ပါး ဥပပါရမီဆယ်ပါး ပရမတ္ထပါရမီဆယ်ပါးတို့ကို--

- လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်မှ ပညာဓိက ဗောဓိ ပွင့်နိုင်၏။
- ရှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်း ပြည့်ကျင့်မှ ဝီရိယာဓိကဗောဓိပွင့် နိုင်၏။
- တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်းဖြည့်ကျင့်မှ သဒ္ဓါဓိက ဗောဓိပွင့်နိုင်၏။

**ဤကား အဋ္ဌကထာကြီးများ၌ လာသော မှတ်ရိုး မှတ်စဉ်တည်း။**

ထိုထိုဋီကာကျမ်း အပဒါန်အဋ္ဌကထာစသော နောက်ဖြစ် အဋ္ဌကထာ ကျမ်း သောတတ္တကီကျမ်း တထာဂတုပ္ပတ္တိကျမ်း မဟာဝင်ဋီကာကျမ်း စသည်တို့၌ ဆိုကြသော နာနာဝါဒကားအလွန်များသေး၏။

သစ်ပင်တို့၏ ပွင့်မှု သီးမှု မည်သည် ထိုထိုမျိုးအားလျော်စွာ ပွင့်ချိန် ကျမှသာလျှင် ပွင့်နိုင်သီးနိုင်သည်၊ မန်ကျည်းပင် ပိန္နဲပင်စသည်တို့ကို တစ်နှစ် အတွင်း နှစ်နှစ်အတွင်း သုံးနှစ်အတွင်း သီးတည့်စေခြင်းငှါ တစ်နေ့တစ်နေ့လျှင်

www.dhammaransi.com



အခါတစ်ရာပင် ရေလောင်းသော်လည်း အပင်မရင့်က မပွင့်နိုင် မသီးနိုင်သကဲ့သို့ ထို့အတူ ဗောဓိသမ္ဘာရမှုမှာလည်း ဝေဿန္တရာမင်းကြီး အလှူကဲ့သို့ နေ့စဉ် လှူ၍နေသော်လည်း ပြဆိုခဲ့ပြီးသော ကာလအပိုင်းအခြား မစေ့က မပွင့်နိုင်ဟူ၍ သုတ္တနိပါတ် အဋ္ဌကထာ၌လာ၏၊ ထို့ကြောင့်--ပကတိ သာဝကဗောဓိအစရှိသော ထိုထိုဗောဓိတို့၌ ရင့်သန်ရာဖြစ်သော ကာလအပိုင်း အခြားကိုလည်း အသီးအသီး အလိုရှိအပ်သည်သာလျှင်တည်း။

**မဟာဗောဓိကြီး သုံးပါး ပိုင်းခြားခန်းပြီး၏။**

------*-----

## မဟာဘိနီဟာရ သရုပ်ပြ

ယခုအခါမဟာဗောဓိကြီး၌ သိမှတ်ထိုက်သော အကြောင်းအရာများကို ကျမ်းဂန်မှအတန်ငယ်ထုတ်၍ပြဦးအံ့။

၁။ မဟာဘိနီဟာရကို သိအပ်၏။

၂။ မဟာဘိနီဟာရ၏ အခြေမူလ ပစ္စယ ဟေတုတရားအစုကို သိအပ်၏။

၃။ မဟာဗောဓိကို သိအိပ်၏။

၄။ မဟာဗောဓိ၏အခြေမူလ ပစ္စယ ဟေတုတရားအစုကို သိအပ်၏။

**မဟာဘိနီဟာရဆိုသည်ကား---**

ကိံ မေ ဧကေန တိဏ္ဏေန၊ ပုရိသေန ထာမဒဿိနာ၊
သဗ္ဗညုတံ ပါပုဏိတွာ ၊ သန္တာရေဿံ သဒေဝကံ။

ဟူ၍ဖြစ်သော နှုတ်ပဋိညာဉ် စိတ်ပဋိညာဉ်မှုတည်း။

ထာမဒဿိနာ=ကိုယ်စွမ်း ကိုယ်ရည်ကို မြင်သော၊ ပုရိသေန=ငါယောကျ်ားကောင်းဖြစ်ပါလျက်၊ ဧကေန တိဏ္ဏေန=တစ်ကိုယ်တည်း နိဗ္ဗာန်ကူးသဖြင့်၊ မေ=ငါ့အား၊ ကိံ=ပစာပြုရအံ့နည်း၊ သဗ္ဗညုတံ=သဗ္ဗညုတဉာဏ်တည်းဟူသော မဟာဗောဓိသို့၊ ပါပုဏိတွာ=ရောက်ပြီးမှ၊ သဒေဝကံ=နတ်ပြဟ္မာနှင့်တကွသော လူများအပေါင်းကို၊ သန္တာရေဿံ=နိဗ္ဗာန်ကူးတို့ ဆောင်ပို့ ကယ်တင်အံ့။

စကြဝဠာတစ်သောင်းကို ရိုက်ခြောင်းဆူဝေ တုန်လှုပ်စေနိုင်သော ပဋိညာဉ်

www.dhammaransi.com



ကြီးတည်း၊ ဆုတောင်းကြီးလည်း ဆိုရ၏။ **ဗုဒ္ဓေါ ဗောဓေယျံ- မုတ္တော မောစေယျံ၊ တိဏ္ဏော တာရေယျံ**-ဟုဖြစ်သော မဟာဗောဓိပတ္ထနာကို မဟာဘိနီဟာရဆိုသည်။

**မဟာဘိနီဟာရ သရုပ်ကို ပြဆိုခန်း ပြီး၏။**

-----------------

## မဟာဘိနီဟာရ အင်္ဂါ

ဤမဟာဘိနီဟာရ ထမြောက်အောင်မြင်ရာ အင်္ဂါ ရှစ်ပါးရှိ၏။

မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဟေတု သတ္ထာရဒဿနံ။
ပဗ္ဗဇ္ဇာ ဂုဏသမ္ပတ္တိ၊ အဓိကာရော စ ဆန္ဒတာ။
အဋ္ဌဓမ္မသမောဓာနာ၊ အဘိနီဟာရော သမိဇ္ဈတိ။

၁-မနုဿတ္တံ= လူ၏အဖြစ်၊ ၂-လိင်္ဂသမ္ပတ္တိ=ယောက်ျားစင်စစ် အဖြစ်၊ ၃-ဟေတု=ယူလိုလျှင်ယခုဘဝပင် ရဟန္တာဖြစ်နိုင်လောက်အောင်ရင့်ပြီးသော အကြောင်းပါရမီရှိသည်၏အဖြစ်၊ ၄-သတ္ထာရဒဿနံ=သဗ္ဗညုဘုရားနှင့် တွေ့ကြုံရခြင်း၊ ၅-ပဗ္ဗဇ္ဇာ=ရသေ့ရဟန်း အဖြစ်၌တည်ခြင်း၊ ၆-ဂုဏသမ္ပတ္တိ=အဘိညာသမာပတ်ဂုဏ်နှင့်ပြည့်စုံခြင်း၊ ၇-အဓိကာရော=ခဲယဉ်းလှစွာသော ပူဇာသက္ကာရမှုကိုပြုခြင်း၊ ၈-ဆန္ဒတာ=ဘုရားဖြစ်ရန်ထက်သန်လှသော ဆန္ဒ ပတ္ထနာရှိခြင်း၊ အဋ္ဌဓမ္မ သမောဓာနာ=အင်္ဂါရှစ်စုံ ကျေးဇူးဂုဏ်တို့၏ ပေါင်းဆုံညီညွတ်ခြင်းကြောင့်၊ အဘိနီဟာရော=မဟာဘိနီဟာရမှုသည်၊ သမိဇ္ဈတိ=ထမြောက် အောင်မြင်နိုင်၏။

(ဤအင်္ဂါရှစ်ပါးကား အစဆုံးဆုတောင်းမှုမှာလိုသည်)။

**ဟေတု** ဆိုသည်ကား-နောက်၌ ပြဆိုလတ္တံ့သော ပစ္စယ ၄-ပါး၊ ဟေတု ၄-ပါး စသည်ကို ဆိုသည်။

**အဓိကာရ ဆိုသည်ကား**-အသက်ကိုစွန့်၍ ပြုလိုက်သော ပူဇော်သက္ကာရမှုကိုဆိုသည်။

**ဆန္ဒဆိုသည်ကား**-လွန်မင်းသောအလိုတည်း။

အချင်းယူဇနာ တစ်သန်း နှစ်သိန်း သုံးထောင့်လေးရာငါးဆယ် ကျယ်သော စကြဝဠာတိုက်အတွင်းမှာ အလွန်ထက်သော လှံသွားတို့ကို အပြည့်စိုက်ထူ၍ ထားပြီးလျှင် လှံသွားထိပ်ကိုနင်း၍ ဤမှာဖက် စကြဝဠာတံတိုင်းမှ ထိုမှာဖက် စကြဝဠာတံတိုင်းသို့ ရောက်ပေါက်အောင် လာခဲ့နိုင်လျှင် မဟာဗောဓိကို

www.dhammaransi.com



ထိုမှာဖက်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် ရတတ်သည် အမှန်ဖြစ်ခဲ့သော် ထွေလာစိတ်ဖန် ကြံစည်တွန့်ရွံ့ခြင်းမရှိ ခဏချင်း ချင်းနင်း၍ သွားနိုင်လောက်အောင် ထက်သန်သောဆန္ဒကို ဆန္ဒတာ-ဆိုသည်ဟု ကျမ်းဂန်တို့၌ပြ၏။

ရှားမီးကျီးအပြည့် ရှိသောစကြာဝဠာ တိုက်ဖြင့်လည်းပြဆိုကြကုန်၏၊ ထိုကဲ့သို့စိတ်သန်သောသူသည် ချင်းနင်း၍သွားခဲ့လျှင် ထိုလှံသွားသည် ပတ္တမြားအပြင်ဖြစ်လေရာ၏။ ထိုရှားမီးကျီးစုသည် ပဒုမာကြာတိုက် အပြင်ဖြစ်လေရာ၏၊ ခဒိရင်္ဂါရဇာတ်ကို ထောက်မြော်လေ။

ဤကား မဟာဘိနိဟာရအင်္ဂါတည်း။

ပစ္စေကဗောဓိဆု၊ သာဝကဗောဓိဆုတို့၌ကား အင်္ဂါသုံးပါးစီလာ၏။

၁- သတ္တုဒသဿန။

၂- အဓိကာရ။

၃- ဆန္ဒ။

(ပစ္စေကဗောဓိဆု၌ အင်္ဂါသုံးပါး။)

၁- ခီဏာသဝဒဿန။

၂- အဓိကာရ။

၃- ဆန္ဒ။

(သာဝကဗောဓိဆု၌ အင်္ဂါသုံးပါး။)

အဓိကာရနှင့်ဆန္ဒနှစ်ပါးတူကြ၏၊ ပစ္စေကဗောဓိဆုမှာ သဗ္ဗညုဘုရားနှင့်တွေ့မှ, သာဝကဗောဓိဆုမှာ ပစ္စေကဗုဒ္ဓါ ရဟန္တာများနှင့်တွေ့၍ လျှုဒါန်း၍ တောင်းလျှင် ရနိုင်၏ဟုလိုသည်။

မဟာဘိနီဟာရကို ပြဆိုခန်းပြီး၏။

-----------------

## ပစ္စယ နှစ်ပါးပြ

မဟာဘိနီဟာရ အင်္ဂါရှစ်ပါးတွင် ဟေတုအင်္ဂါ ဆိုသည်ကား သာဝကဗောဓိ ပစ္စေကဗောဓိများကို ယူလိုသောအခါ ရနိုင်လောက်အောင် ရင့်သန်ပြည့်စုံပြီးသော ဒါနအဆောက်အဦ သီလအဆောက်အဦ နိက္ခမအဆောက်အဦ စသော ဆယ်ပါးသောအဆောက်အဦတို့နှင့်တကွ --

www.dhammaransi.com



၁- ကရုဏာ သမ္ပတ္တိ။

၂- ဥပါယကောလ္လ သမ္ပတ္တိ။

ဤနှစ်ပါးသည်လည်း မဟာဘိနီဟာရ စခန်းသို့ ဆိုက်နိုင်ရန် သဗ္ဗညုဆု သဗ္ဗညုဗျာဒိတ်ကို ခံရရန် ဘုရားအလောင်းဟူသော ဘွဲ့တံဆိပ်ကို ခံရရန် အကြောင်းတရား နှစ်ပါးပေတည်း။

၁။ မိမိ၏ အသက်ခန္ဓာထက်ပင် သတ္တဝါတစ်ပါး၏ ဒုက္ခကို ကင်းငြိမ်းစေလိုသော စိတ်အလွန်ထက်သန်သည်ကား ကရုဏာသမ္ပတ္တိတည်း။

၂။ ကင်းငြိမ်းစေလိုသော စိတ်ရှိသည်အတိုင်း ကင်းငြိမ်းရာ ကင်းငြိမ်းကြောင်းကို ကြံဖန်နိုင်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်းကား ဥပါယကောသလ္လ သမ္ပတ္တိပင်တည်း။

ဣဒံ ပန ဒွယံ ပါရမီနံ ဝိယ ပဏိဓာနဿပိ ပစ္စယော။

ဣဒံ ပန ဒွယံ=ဤနှစ်ပါးသည်ကား၊ ပါရမီနံ=ပါရမီတို့၏၊ ပစ္စယောဝိယ= အကြောင်းဖြစ်သကဲ့သို့၊ ပဏိဓာနဿပိ=ဆုတောင်းခြင်း၏လည်း၊ ပစ္စယော= အကြောင်းပေတည်း။

**ပစ္စယ နှစ်ပါးပြီး၏။**

-------------

## ပစ္စယလေးပါးပြ

### ၁။ ဥဿာဟ။ ၂- ဥမ္မင်္ဂ။ ၃-အဝဋ္ဌာန။ ၄-ဟိတစရိယာ။

၁။ **ဥဿာဟဆိုသည်ကား-** ဒါနမှု စသည်တို့၌ သူအများထက် လွန်ကဲသော ဝီရိယတည်း။

၂။ **ဥမ္မင်္ဂ ဆိုသည်ကား-** အလွန်ထက်သန်သော ဉာဏ်ပညာတည်း။

၃။ **အဝဋ္ဌာန ဆိုသည်ကား-** သူတစ်ပါးတို့လှုပ်ရှားခြင်း၌ မတတ်ကောင်းသော စိတ်၏ ခိုင်မြဲခြင်းတည်း။

၄။ **ဟိတစရိယာ ဆိုသည်ကား-** မိမိ၏အကျိုးထက် သူတစ်ပါး၏ အကျိုး၌ လွန်ကဲသော မေတ္တာစိတ်တည်း။

www.dhammaransi.com



ဤလေးပါးသည်လည်း ပါရမီတို့၏လည်းကောင်း အဘိနီဟာရ၏လည်းကောင်း အကြောင်းဖြစ်၏၊ ဗုဒ္ဓဘူမိ လေးပါးလည်းခေါ်၏။

ပစ္စယ ၄-ပါးပြီး၏

---------------

## ဟေတု လေးပါးပြ

၁။ ဥပနိဿယ သမ္ပတ္တိ။

၂။ ကရုဏဇ္ဈာသယ သမ္ပတ္တိ။

၃။ အဝိဟည သမ္ပတ္တိ။

၄။ ကလျာဏမိတ္တ သမ္ပတ္တိ။

၁။ နိယတဗျာဒိတ်ကို ခံယူသောအခါ၌ သာဝကဗောဓိ ပစ္စေကဗောဓိကို ပေးနိုင်လောက်အောင် ပြည့်စုံပြီး ရင့်သန်ပြီးသောအဆောက်အဦနှင့် ပြည့်စုံသည်ကား ဥပနိဿယ သမ္ပတ္တိမည်၏။

၂။ ပြဆိုခဲ့ပြီးသော ကရုဏာတရား အစွဲအမြဲနှင့်ပြည့်စုံသည်ကား ကရုဏဇ္ဈာသယ သမ္ပတ္တိတည်း။

၃။ သူတစ်ပါးတို့၏ အကျိုးကိုရွက်ဆောင်မှုနှင့် ကင်း၍နေရမှုကား- စကြာမင်း သိကြားမင်း ဗြဟ္မာမင်း စည်းစိမ်ကိုခံစား စံစား၍နေရသော် လည်း စိတ်ပင်ပန်းလျက်နှင့်သာ နေရ၏၊ သူတစ်ပါးအကျိုးကို ရွက်ဆောင်သောအားဖြင့် မဟာဗောဓိအကျိုးငှါ ပါရမီမှုတို့နှင့်နေရမှုကား ဘဝများစွာ ကမ္ဘာမည်မျှပင် ရှည်ကြာသော်လည်း စိတ်၏ ညစ်နွမ်းပင်ပန်း ငြီးငွေ့ခြင်းမရှိသည်ကား အဝိဟည သမ္ပတ္တိတည်း။

[သင်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကျင့်ရလိမ့်မည်၊ ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ကျင့်ရလိမ့်မည် တစ်ဆဲ့ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ကျင့်ရလိမ့်မည်၊ ထိုမျှလောက် ကျင့်နိုင်လျှင် သဗ္ဗညုအဖြစ်သို့ ရောက်လိမ့်မည်' ဟု ဆိုလျှင် လေးသင်္ချေ ရှစ်သင်္ချေ တစ်ဆဲ့ခြောက်သင်္ချေမျှကိုပင် ယနေ့ နက်ဖြန်မျှ ထင်နိုင်သည်၊ ကြာလှသည် ရှည်လှသည်ဟု စိတ်ပင်ပန်းခြင်းမရှိ ဆိုလိုသည်]

၄။ ဘဝ အဆက်ဆက်တို့၌ လူပညာရှိ နတ်ပညာရှိတို့နှင့် တွေ့ကြုံရာ ပညာရှိသူတော်ကောင်းတို့ကို အလေးအမြတ် ဆည်းကပ် ပေါင်းဖော်မှု အလေးဂရု

www.dhammaransi.com



ပြုခြင်းသည် ကလျာဏမိတ္တ သမ္ပတ္တိမည်၏။

ဟေတု ၄-ပါးပြီး၏။

မဟာဘိနိဟာရခန်း ပြီး၏။

--------*--------

## အဇ္ဈာသယဓာတ်ပြ

အဇ္ဈာသယဓာတ် ၆-ပါးကို ပြဆိုအံ့----

၁။ အလောဘဇ္ဈာသယာ စ ဗောဓိသတ္တာ လောဘေ ဒေါသ ဒဿာဝိနော။

၂။ အဒေါသဇ္ဈာသယာ စ ဗောဓိသတ္တာ ဒေါသေ ဒေါသ ဒဿာဝိနော။

၃။ အမောဟဇ္ဈာသယာ စ ဗောဓိသတ္တာ မောဟေ ဒေါသ ဒဿာဝိနော။

၄။ နေက္ခမ္မဇ္ဈာသယာ စ ဗောဓိသတ္တာ ကာမေ ဒေါသ ဒဿာဝိနော။

၅။ ပဝိဝေကဇ္ဈာသယာ စ ဗောဓိသတ္တာ သင်္ဂဏိကာယ ဒေါသ ဒဿာဝိနော။

၆။ နိဿရဏဇ္ဈာသယာ စ ဗောဓိသတ္တာ သဗ္ဗဘဝဂတီသု ဒေါသဒဿာဝိနော။

(သုတ္တနိပါတ အဋ္ဌကထာ)

၁။ ဗောဓိသတ္တာ=ဘုရားလောင်းတို့သည်၊ အလောဘဇ္ဈာသယာစ=စိတ်သန္တာန်၌ အခိုင်အမြဲ တည်ထောင်၍နေသော အလောဘဓာတ်နှင့် ပြည့်စုံကုန်၏၊ လောဘေ=လောဘ၌၊ ဒေါသဒဿာဝိနော=အပြစ်ကို ရှုမြင်ခြင်းအလေ့ရှိကုန်၏။

၂။ ဗောဓိသတ္တာ=ဘုရားလောင်းတို့သည်၊ အဒေါသဇ္ဈာသယာ စ=စိတ်သန္တာန်၌ အခိုင်အမြဲ တည်ထောင်၍နေသော အဒေါသဓာတ်နှင့် ပြည့်စုံကုန်၏၊ ဒေါသေ=ဒေါသ၌၊ ဒေါသဒဿာဝိနော=အပြစ်ကို ရှုမြင်ခြင်း အလေ့ရှိကုန်၏။

၃။ ဗောဓိသတ္တာ=ဘုရားလောင်းတို့သည်၊ အမောဟဇ္ဈာသယာ စ=စိတ်သန္တာန်၌ အခိုင်အမြဲ တည်ထောင်၍ နေသော အမောဟဓာတ်နှင့် ပြည့်စုံ၏၊

www.dhammaransi.com



မောဟေ=မောဟ၌၊ ဒေါသဒဿာဝိနော=အပြစ်ကို ရှုမြင်ခြင်း အလေ့ရှိကုန်၏။

၄။ ဗောဓိသတ္တာ=ဘုရားလောင်းတို့သည်၊ နေက္ခမ္မဇ္ဈာသယာ စ=စိတ်သန္တာန်၌ အခိုင်အမြဲ တည်ထောင်၍နေသော နိက္ခမ္မဓာတ်နှင့် ပြည့်စုံကုန်၏၊ ကာမေ=ကာမ၌၊ ဒေါသဒဿာဝိနော=အပြစ်ကို ရှုမြင်ခြင်း အလေ့ရှိကုန်၏။

၅။ ဗောဓိသတ္တာ=ဘုရားလောင်းတို့သည်၊ ပဝိဝေကဇ္ဈာသယာ စ=စိတ်သန္တာန်၌ အခိုင်အမြဲ တည်ထောင်၍ နေသော ဆိတ်ငြိမ်ခြင်းကို အလိုရှိသော ပဝိဝေကဓာတ်နှင့် ပြည့်စုံကြကုန်၏၊ သင်္ဂဏိကာယ=အဖော်အပေါင်း၌၊ ဒေါသဒဿာဝိနော=အပြစ်ကို ရှုမြင်ခြင်း အလေ့ရှိကုန်၏။

၆။ ဗောဓိသတ္တာ=ဘုရားလောင်းတို့သည်၊ နိဿရဏဇ္ဈာသယာ စ=စိတ်သန္တာန်၌ အခိုင်အမြဲ တည်ထောင်၍ နေသောဘဝမှ ကျွတ်လွတ်လိုသော နိဿရဏဓာတ်နှင့် ပြည့်စုံကုန်၏၊ သဗ္ဗဘဝဂတိသု=အလုံးစုံသော ဘဝဂတိတို့၌၊ ဒေါသဒဿာဝိနော=အပြစ်ကို ရှုမြင်ခြင်းအလေ့ရှိကုန်၏။

၁။ အလောဘဇ္ဈာသယဓာတ်။
၂။ အဒေါသဇ္ဈာသယဓာတ်။
၃။ အမောဟဇ္ဈာသယဓာတ်။
၄။ နေက္ခမ္မဇ္ဈာသယဓာတ်။
၅။ ပဝိဝေကဇ္ဈာသယဓာတ်။
၆။ နိဿရဏဇ္ဈာသယဓာတ်။

**(အဇ္ဈာသယဓာတ် ၆-ပါး။)**

## အဇ္ဈာသယ အကျယ်ပြ

သစ်ပင်တို့မှာ ခိုင်မြဲရန် အနှစ်ထည့်သကဲ့သို့ အလောင်းအလျာတို့မှာလည်း ခိုင်မြဲရန် အနှစ်ထည့်သော ဓာတ် ၆-ပါး၊ ဤဓာတ် ၆-ပါး အနှစ်တည်ပြီးသောသူ မှန်လျှင် ကာမဂုဏ်ကို ခံစား၍ပင်နေငြားသော်လည်း မျက်နှာဝ မရှိသော ဗူးအိုးကို ရေနက်၌နစ်၍ ထားသည်နှင့်တူ၏။

ဤဓာတ် ၆-ပါး အနှစ် မတည်သေးသော ပုထုဇဉ်သည် ကျယ်သော မျက်နှာဝရှိသော မြေအိုးကို ရေနက်၌ နစ်၍ထားသည်နှင့်တူ၏။

ဤလောက၌ အချို့သောသူသည် လူဖြစ်၍နေငြားသော်လည်း ဤဓာတ်

www.dhammaransi.com



၆-ပါး အသင့်ရှိ၏၊ ရေနက်၌ ချည်ဖွဲ့မြှုပ်ထားသော ထိုပူးအိုးနှင့်တူ၏။

အချို့သောသူသည် ရဟန်းဖြစ်၍ နေပြားသော်လည်း ဤခါတ် ၆-ပါးမရှိ၊ ရေတိမ်၌ မြှုပ်၍ထားသော ထိုမြေအိုးနှင့်တူ၏။

- လူတို့ကာမဂုဏ်သည် ရေနက်နှင့်တူ၏။
- ရဟန်းတို့၏ ကျောင်းကောင်း ကန်ကောင်း အိပ်ရာကောင်း နေရာကောင်း အဝတ်ကောင်း အစားကောင်းပစ္စည်း ပရိက္ခရာများသည် ရေတိမ်နှင့် တူ၏။

၁။ **အလောဘဓာတ်နှစ်** မတည်ကုန်သော သူတို့သည် လောဘကင်းရှင်းရန် စကားကို ကြားနာရလျှင် နားငြီးကုန်၏။

၂။ **အဒေါသဓာတ်နှစ်** မတည်ကုန်သော သူတို့သည် ဒေါသပျောက်ငြိမ်းရန် စကားကို ကြားနာရလျှင် နားငြီးကုန်၏။

၃။ **အမောဟဓာတ်နှစ်** မတည်ကုန်သော သူတို့သည် တရားကျမ်းဂန် ပညာဗဟုသုတ စကားကို ကြားနာရလျှင် နားငြီးကုန်၏။

၄။ **နိက္ခမဓာတ်နှစ်** မတည်ကုန်သော သူတို့သည် တောထွက်ရန် စကားကို ကြားနာရလျှင် နားငြီးကုန်၏။

၅။ **ပဝိဝေကဓာတ်နှစ်** မရှိကုန်သောသူတို့သည် တောတောင် ဝင်၍ တစ်ကိုယ်ရေ တစ်ကာယနေထိုင်ရန် စကားကို ကြားနာရလျှင် နားငြီးကုန်၏။

၆။ **နိဿရဏဓာတ်နှစ်** မရှိကုန်သော သူတို့သည် ဘဝကို ကဲ့ရဲ့သော စကားကို ကြားနာရလျှင် နားငြီးကုန်၏။

၁။ **အလောဘဓာတ်နှစ်** မရှိသော သူတို့ကို တစ်မူးတန် တစ်မတ်တန် တစ်ကျပ်တန် တစ်ဆယ်တန်မျှ သေးနုပ်လှသော လောဘအာရုံသည် မြင့်မိုရ် တောင်ကြီးကဲ့သို့ ဖိစီး၍ထားနိုင်၏၊ အလောဘဓာတ်နှစ် အားကောင်းလှသော သူတို့ကို ပဒေသရာဇ် ဧကရာဇ်စကြာမင်း စည်းစိမ်သည်ပင် မြက်ခြောက်တစ် ပင်မျှကဲ့သို့ဖြစ်၏။

၂။ **အဒေါသဓာတ်နှစ်** မတည်သော သူတို့အား အနည်းငယ်မျှ လောက်သော အခွင့်နှင့်ဖြစ်သောဒေါသသည် ပွါးစီးသော အဖို့သို့ရောက်လေ၏ ကလွန်ခြောက်သွေ့သော မြက်တော ကျူတော အမှိုက်တော၌ ကျသော မီးပေါက်

www.dhammaransi.com



မီးဖွားငယ်ကဲ့သို့ပင်တည်း၊ အဒေါသစာတ်နှစ်တည်သောသူတို့အား တစ်ဦးနှင့် တစ်ဦး အသက်စည်းစိမ်ကို ခိုက်၍ဖြစ်ပွါးသောဒေါသသည်လည်း ခဏမကြာ ပျောက်ငြိမ်း၏၊ အလွန်ရှမ်းရှမ်းစိုရွှဲသော အနှစ်အတိပြည့်သော သစ်ဖောင်ကြီး သစ်ပုံကြီး၌ ကျသောမီးထုပ် မီးလုံးကြီးကဲ့သို့တည်း။

၃။ **အမောဟဓာတ်နှစ်** မရှိသော သူတို့ကို မိမိကိုယ်ခန္ဓာငါးပါး ရုပ်နာမ် တရားတို့၌ အစဉ်ထာဝရ မှောင်ကြီးချ၍နေသော မောဟသည် ယခုအခါ ဓမ္မက္ခန္ဓာတည်းဟူသော နေဝန်းအပေါင်း ရှစ်သောင်းလေးထောင် တစ်ပြိုင်နက် ထွန်း၍ နေသောအခါမှာပင် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှ အလင်းမရ၊ စုတိကျအောင် မှောင်မြဲ မိုက်မြဲ ဖုံးလွှမ်းမြဲ အတိုင်းနှင့်ပင် တစ်ဘဝဆုံးစေနိုင်၏။

ပဋိသန္ဓေကပင် ပသာဒစက္ခုချို့ခဲ့သောသူကို မျက်စိအရာတွင် အစဉ် ထာဝရ အပိန်းကျ၍ လာခဲ့သော အန္ဓကာရမှောင်ကြီးသည် နေဗိမာန်ပေါင်း ရှစ်သောင်းလေးထောင် တစ်ပြိုင်နက်ထွက်ပြူ ထွန်းလင်းခိုက်ကြုံသော်လည်း မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှ အလင်းမရ စုတိကျအောင် ဖုံးလွှမ်းလေ သကဲ့သို့တည်း။

၄။ **နိက္ခမဓာတ်နှစ်** မရှိသောသူတို့အား ယခုဘဝပြုသမျှသော ဒါန၏ အကျိုး, သီလ၏အကျိုး ဥပေါသထ၏ အကျိုး၌ တွယ်တာသာယာသော တဏှာ လောဘသည် ထိုကုသိုလ်တို့ကို ပါရမီမျိုး ဗောဓိမျိုး ပျက်လေအောင် နှောင့်ယှက်၍ တည်နေ၏။

ကောင်းစွာ ပြုပြင်၍ထားသော စပါးမျိုး ပြောင်းမျိုး ပဲမျိုးတို့ကို ထိုးသော ပိုးငယ်တို့သည် ထိုစပါး ပြောင်း ပဲတို့ကို မျိုးပျက်လေအောင် ပြုကြကုန် သကဲ့သို့တည်း။ ဝါ=ကောင်းစွာဖြစ်ထွန်းသော ကောက်ခင်း ပြောင်းခင်းတို့၌ ကျသော မြစ်ပိုး ဆစ်ပိုး ရွက်ပိုး ပွင့်ပိုး သီးပိုးတို့ကဲ့တည်း။

၅။ **ပဝိဝေကဓာတ်နှစ်** မရှိသောသူတို့ကို အပေါင်းအဖော်၌ မွေ့လျော် သောတဏှာသည် ဆိတ်ငြိမ်ရာ၌နေခွင့်ကို မပေးဘဲအပေါင်း အဖော်ရှိရာသို့သာ မကြာရုတ်ခြည်း အတင်းဆွဲငင်၍ အတွင်းခြံသွင်းသော အမှုကို ထာဝရပြုလေ၏၊ ရာဇဝတ်ကောင် ထောင်သားတို့ကို တစ်ယောက်တစ်ခြား ဆိတ်ကွယ်ရာ၌ နေ

www.dhammaransi.com



သည်ကိုမြင်လျှင် ခဏချင်း ရိုက်ပုတ်ငင်ဆွဲ၍ တစ်လုံးထဲ ဖွဲ့နှောင်သော ထောင်မျိုး အာဏာသားကဲ့သို့တည်း။

၆။ **နိဿရဏ ဓာတ်နှစ်** မရှိသော သူတို့ကို ဘဝနိကန္တိ တဏှာသည် ဘဝမှကျွတ်လွတ်အံ့သော ပဋိပတ်လမ်း ပဋိဝေဓလမ်းများကို အားကျခွင့် မပေးမူ၍ ဘဝစည်ကားအံ့သော ပုညာဘိသင်္ခါရမျိုးဖြစ်သော တစ်ရာကုန် တစ်ထောင်ကုန်တစ်သောင်းကုန် တစ်သိန်းကုန် လှူမှု ဒါန်းမှု ဇရပ်တန်ဆောင်း ဂူကျောင်း ဘုရား ဆောက်လုပ် တည်ထားမှု ငါးပါး ရှစ်ပါး ဆယ်ပါးသီလ ဥပုသ်မှု လူသီလဝန္တ ရဟန်းသီလဝန္တ ရသေ့ သီလဝန္တ ပြုလုပ်မှု စာချပေချ ဓမ္မကထိက ကျမ်းပြုဂန်ပြု-ပြုလုပ်မှုတို့၌သာ အားကျခွင့်ကိုပေးသတည်း။

အင်္ဂလိပ်မင်းတို့သည် မိမိတို့ပိုင်ရာ နိုင်ငံသားတို့အား ဆင်းရဲသား ဘဝ ဥစ္စာစီးပွါးဖြစ်ထွန်းအောင် လုပ်ဆောင်အားကျမှုကိုကား ကောင်းစွာ အခွင့်ပေး၏၊ ပုန်ကန်ပုန်စားပြုရာသော လက်နက်ကိရိယာမှုကိုကား တစ်ထွာလေးသစ်မျှ လုပ်ခွင့်မပေးသကဲ့သို့တည်း။

ဤ၌ 'ဘဝနိကန္တိ' ဆိုသည်ကား- အနာဂတ်ဘဝသို့ ဖွဲ့သော နိကန္တိ လည်းတစ်ပါး, ယခုပစ္စုပ္ပန်ခန္ဓာ၌ သာယာသော ဘဝနိကန္တိလည်းတစ်ပါး၊ ယခုအခါသည် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရထိုက်သော အခါလည်းဖြစ်၏၊ မဂ်လမ်းဖိုလ်လမ်းကို ညွှန်ပြသောဒေသနာဓမ္မလည်း နည်းပေါင်း အထောင်မက ပိဋကတ်တော်တွင် ထင်ရှားရှိ၏၊ ယခုပစ္စုပ္ပန်ခန္ဓာ၌ သာယာသော နိကန္တိကြောင့် မိမိတို့ကိုယ်ခန္ဓာကို ညာတာသည့်အတွက် သက်စွန့်ကြိုးပမ်း အားမထုတ်ကြသောကြောင့် သာသနာပ ရသေ့တို့ ရကြသော ဈာန်မျှကိုမှ ယခုကာလ မရကြလေသတည်း။

**အဇ္ဈာသယဓာတ် ၆-ပါး ပြီး၏။**

------*------

## သဗ္ဗညု ဗောဓိလောင်းတို့၏ တံခွန်ကြီး ၄- ပါး

သာဝကဗောဓိအလောင်း ပစ္စေကဗောဓိအလောင်းတို့နှင့် မဆက်ဆံသော သဗ္ဗညုဗောဓိအလောင်းတို့၏ တံခွန်ကြီး ၄-ပါးကို ပြပေအံ့။

www.dhammaransi.com



( လိင် ၄- ပါး )

၁။ ဣန္ဒြိယ၊
၂။ ပဋိပတ္တိ၊
၃။ ကောသလ္လ၊
၄။ အဇ္ဈာသယ။

၁။ သဒ္ဓါဖြစ်ခန်းဆိုက်လျှင် သဒ္ဓါတွန့်ခြင်းမရှိ။ ဝီရိယဖြစ်ခန်း ဆိုက်လျှင် ဝီရိယတွန့်ခြင်းမရှိ။ သတိအရာဆိုက်လျှင် သတိတွန့်ခြင်းမရှိ။ သမာဓိအရာ ဆိုက်လျှင် သမာဓိလှုပ်ရှားခြင်းမရှိ။ ပညာအရာဆိုက်လျှင် ပညာတွန့်ခြင်းမရှိ။ ဤသို့ ဣန္ဒြေငါးပါးတို့၏ ထက်သန်ခြင်းအထူးသည် ဣန္ဒြိယမည်၏။

ဤအချက်ငါးပါးလည်းဤသူကား- သဗ္ဗညုအလောင်းပေတည်းဟု သိရန် တံခွန်ပေတည်း။

၂။ ပစ္စုပ္ပန်အကျိုးစီးပွါးကို အားထုတ်မှု၌လည်း မိမိ၏ အကျိုး စီးပွါးထက် သူတစ်ပါး၏ အကျိုးစီးပွါးကို အထူးအချွန် အလွန်လိုလား၏ သူတစ်ပါး၏ အကျိုးစီးပွါးကို အားထုတ်ဆဲ အားထုတ်ပြီးတို့၌လည်း ထိုသူ၏ ကျေးဇူးတုံ့ကို မတောင့်တခြင်း၊ ကျေးဇူးကို မျက်မှောက်မျက်ကွယ် ဖော်ပြလိုသောစိတ်မှ စင်ကြယ်ခြင်း၊ ထိုသူသည် ကျေးဇူးကို ချေဖျက်၍ အသက်အန္တရာယ်ကိုပင် ပြုသော်လည်း ကျေးဇူးမှုကို ချောမောအောင် ဆောင်ရွက်ခြင်းသည်လည်း ပစ္စုပ္ပန်အကျိုး၌ ပဋိပတ္တိ မည်၏။

ဒါန သီလစသော ကုသိုလ်မှုကို ပြုသည်ရှိသော် ကုသိုလ်အကျိုးကို တောင့်တခြင်း မိမိကျွတ်လွတ်ရန် နိဗ္ဗာန်မဂ်ဖိုလ်ကို တောင့်တခြင်းတို့မှ လွတ်ကင်း၍ သတ္တဝါအများကို ကယ်ဆယ်နိုင်ရန် သဗ္ဗညုတဉာဏ်ကိုသာ တောင့်တခြင်းသည် တမလွန်အကျိုး၌ ပဋိပတ္တိမည်၏၊ ဤပဋိပတ္တိမှုသည်လည်း ဤသူကား မဟာဗောဓိအလောင်းကြီးပေတည်းဟု သိရန် တံခွန်ပေတည်း။

၃။ ကောသလ္လ ဆိုသည်ကား ဆိုက်တိုက် လာသမျှသော အခွင့်၌ ပြီးစီးရန် လမ်းမှန်ကို လျင်မြန်စွာ သိနိုင်သော စိန္တာမယဉာဏ် တခ်ဏုပ္ပတ္တိ ဉာဏ်တည်း၊ သာဝကလောင်း ပစ္စေကလောင်းတို့သည်လည်း မိမိတို့အားလျော်စွာ စိန္တာမယ

www.dhammaransi.com



တခ်ဏုပတ္တိ ရှိကောင်းရှိရာ ရှိကြပါကုန်သော်လည်း ချော်ချွတ်သည်သာ များကုန်၏၊ ဘုရားအလောင်းတို့၏ စိန္တာမယ တခ်ဏုပ္ပတ္တိဉာဏ်မှာ ချော်ချွတ်သည် မရှိနိုင်၊ ဤကောသလ္လလည်း တံခွန်တစ်ပါး။

၄။ အဇ္ဈာသယကိုကား ပါရမီဆယ်ပါးနှင့်ချဲ့၍ ကျမ်းဂန်မှာ အကျယ်ပြ၏ အကျဉ်းမျှကိုပြဆိုအံ့။ ။ အလှူဒါနဌ် အလွန်မွေ့လျော်၏၊ အလှူဝတ္ထုရှိလျက် မလှူရလျှင် မနေတတ်ရှိ၏၊ လှူသောအခါ ရွှင်လန်းသောစိတ် အရိုအသေ အလေးဂရုပြုသောစိတ် အမြဲတည်၏ ဘယ်မျှလောက် အကြီးအကျယ် လှူရသော်လည်း လှူမှုဌ် အားရသည်ဟူ၍ မရှိ အလှူခံပုဂ္ဂိုလ်လိုအပ်သော ဝတ္ထုသည် မိမိမှာရှိခဲ့အံ့၊ အလှူခံပုဂ္ဂိုလ်၏ မျက်နှာကိုကြည့်၍ တိုင်းတာခြင်းလည်းမရှိ၊ မိမိသုံးဆောင်ရန်ကိုမြော်၍ တိုင်းတာခြင်းလည်း မရှိ၊ အလှူခံပုဂ္ဂိုလ်၏ အလိုဆန္ဒကို ဖြည့်စွမ်းလိုသော စိတ်တစ်ခုသာ ရှိ၏၊ သည်ကိုရည်၍ ဗုဒ္ဓဝင်ပါဠိတော်ဌ်- **"ယထာပိ ကုမ္ဘော သမ္ပုဏ္ဏော"** စသည်ဖြင့် ဟောတော်မူ၏။

ပါရမီခန်းဌ်လည်း. . . . .

"ပမာမည်သည်၊ ဤလူ့ပြည်ဌ်၊ ဆီကြည်ရက်တက်၊ ရေပြည့်လျက်သား၊ ကြိမ်ခက်ဖောင်းကန်၊ ဖျဉ်းအိုးတန်ကို၊ ပြောင်းပြန်ဦးစောက်၊ သွန်ဘိမှောက်က၊ တစ်ပေါက်အရည်၊ နည်မျှမကြွင်း၊ အောက်ဟင်းလင်းလျှင်၊ ကျယ်ဝန်းထက်ချည်း၊ ယိုသည့်နည်းကို၊ တိုင်တည်းရှေးရှု သက်သေမူ၍၊ အလှူအရာ ပေးသောအခါဌ်. . .

ဟူ၍လည်းကောင်း. . . .

လူဖြစ်စော်ညီ၊ ဒေဝသီနှင့်၊ အညီနှုန်းကြ၊ ဂေါသီလဟု၊ နွားမျှစောင့်သား၊ မဖြောင့်နှလုံး၊ သစ်တုံးတစ်ဆူ၊ တောင်သူငမူး။ ထို့ထက်ထူးသား၊ ကျေးဇူးသရဏာ၊ ပါဏာတိပါတ်၊ လွတ်သည်ကစ၊ ဤမျှဖော်ထုတ်၊ လူအစုတ်ကို၊ အယုတ်အလတ်၊ အမြတ်ဖြင့်အာ သုံးပါးလှူခံ၊ ရှင့်အထံသို့၊ ညယံမိုးသောက်၊ မပြတ်ရောက်မူ၊ မြတ်လောက်ယုတ်တန်၊ ဆင်ခြင်ဟန်ဖြင့်၊ ပေးလွန်ပိမ့်လော၊ တန်ပိမ့်လောဟု၊ နှမြောထိုင်းတွဲ့၊ ရွေးချယ်မဲ့လျှင်--

ဟူ၍ လည်းကောင်း စပ်ဆိုပေသည်။

www.dhammaransi.com



နောက်ကဗျာ၌--

၁။ အလဇ္ဇီ ဒုဿီလ။
၂။ ဂေါသီလ။
၃။ မိလက္ခု။
၄။ သရဏဂုံတည်။
၅။ ပဥ္စသီတည်။
၆။ သရဏဂုံ ပဥ္စသီလတည်။

ဤသို့စသော အလှူခံပုဂ္ဂိုလ် အယုတ်, အလတ်, အမြတ်တို့၌ ပုဂ္ဂိုလ်ကို ကြည့်၍ အနည်းအများတိုင်းတာခြင်းမရှိ။ အကောင်းအညံ့ တိုင်းတာခြင်း မရှိသည်ကို စပ်ဆိုပေသည်။ ။ဤကား-ဒါနမှုနှင့် စပ်၍ 'ဤသူကား-မဟာ ဗောဓိကြီးပေတည်း' ဟု သိနိုင်ရန် တံခွန်ပေတည်း။

**[နောက်နောက်သော ပါရမီတို့၌လည်း ဤနည်းကိုမှီ၍ မဟာဗောဓိတံခွန်ကို သိလေ။ ။ပါဠိကို မကြည့်နိုင်သူတို့မှာ ပါရမီကဗျာနှင့်ပင် မဟာဗောဓိတံခွန်ကို သိကြလေ။]**

## တဏှာနိဿတ တံခွန်

ယခုကာလ၌ကား--မဟာဗောဓိတွင်မှ ပညာဓိကကို တောင့်တကြ၏၊ သူတို့ပြုပုံ မှုပုံ တံခွန်မှာမူကား--သာဝက ဗောဓိတံခွန်မျှ လှလှ မပေါ်ချေ။ ယခုဘဝ ပကာသနကို လိုလားခြင်း- နောင်ယခုပြုသော ကုသိုလ်၏ အကျိုးကို ကြီးကြီးမားမား လိုလားခြင်းဟူသော တဏှာနိဿိတ တံခွန်ကိုသာ စွင့်ရရှင့် မြင်ရချေ၏။

အကျိုးကို မတောင့်တနှင့် ဆိုခဲ့လျှင်၊ "အကျိုးကို လို၍သာ ပြုသည်၊ အကျိုးကို မလိုချင်လျှင် ဘယ်သူပြုမလဲ" ဟု အလွဲကို ငေါ့ကြသေး၏၊ အကျိုးကို မတောင့်တဘဲ ပြုနိုင်လျှင် အကျိုးလည်း များများကြီးရ၏၊ ဗောဓိသမ္ဘာရလည်း မြောက်၏၊ အကျိုးကိုတောင့်တ၍ပြုလျှင် အကျိုးလည်းနည်းပါး၏၊ ပါရမီလည်း မမြောက်၊ ပိုးဖောက်သော စပါးမျိုး- မြစ်ပိုး, ဆစ်ပိုးကျသော ကောက်ပင်နှင့် တူလေ၏။

အချို့သော သူတို့ကလည်း 'တစ်ဘဝထက် တစ်ဘဝ ရင့်လိမ့်မည်၊ ဘဝကို မတောင့်တပဲ ပြုသော်လည်း ယခုဖြစ်နိုင်တဲ့သည် မဟုတ်၊ ဘဝသမ္ပတ္တိ ဘောဂ သမ္ပတ္တိကိုလည်း ရဦးမှပင် တော်သည်' ဟုဆိုကြကုန်၏၊ သစ်ပင်ငယ်တို့ မည်သည်

www.dhammaransi.com



မိုးဥတု ရှိစဉ်အခါ၌သာ ပေါက်နိုင်ကြကုန်၏၊ ပေါက်ကြသော သစ်ပင်ငယ် အထောင်အသောင်းတွင်မှလည်း အမြစ်ပင်စည် ခိုင်မြဲ၍ အရပ်အနေသင့် လှသော တစ်ပင်တစ်လေမျှသာ နွေရာသီကို ကျူး၍ ရှေ့မိုးဦးနှင့် ဆက်နိုင်၏၊ ဆောင်းရာသီ နွေရာသီမှာ ပျက်စီးကြသည်သာ များ၏၊ နှစ်မိုး, သုံးမိုး, လေးမိုး စသည်ဖြင့် ကြီးပွါးရက နောက်ဥတုအတွက်နှင့် မပျက်စီးတဲ့နိုင်ပြီ။

ဤအတူ အစစ္စာ ပါရမီအပင်ငယ်တို့မည်သည်လည်း ဘုရားသာသနာ ဓမ္မတည်းဟူသော မိုးဥတုနှင့် တွေ့ကြုံသောအခါ၌သာ ဖြစ်နိုင်ကြကုန်၏၊ ဖြစ်ကြသူ အထောင်အသောင်းတို့တွင် ခြေခြေမြစ်မြစ်ဖြစ်သူ တစ်ယောက် တစ်လေမျှ သာသနာပတည်းဟူသော နွေရာသီကြီးကိုကျူး၍ နောက်ဘုရား သာသနာတည်းဟူသော ရှေ့မိုးနှင့်ဆက်နိုင်သည်၊ အတုအပဖြစ်ခဲ့ကြသမျှတို့သည် သာသနာပတည်းဟူသော ဆောင်းရာသီ, နွေရာသီတို့မှာ ကွယ်ပျောက်ကြ သည်သာ များကုန်၏။

**နိယတ မရောက်သေးသော ပါရမီတို့၏ အနိယတ ဖြစ်ပုံ**

သာသနာပအခါမည်သည် ယေဘုယျအားဖြင့် မိစ္ဆာဒိဋ္ဌိသာများ၏၊ မိစ္ဆာဒိဋ္ဌိမျိုး၌ဖြစ်၍ တစ်ခုသော မိစ္ဆာအယူကို စွဲမြဲစွာယူလိုက်သည်ရှိသော်-အတု အပမျှဖြစ်ခဲ့သော ပါရမီစုသည် ကွယ်ပျောက်ခြင်းသို့ရောက်လေ၏၊ နှစ်ဘဝ, သုံးဘဝ စသည်ယူရာ၌ ဆိုဖွယ်မရှိပြီ၊ ဤကား- နိယတအဖြစ်သို့ မရောက် ကုန်သေးသော ပါရမီတို့၏ အနိယတဖြစ်ပုံအခြင်းအရာတည်း၊ ဤကဲ့သို့ ကွယ် ပျောက်ခဲ့သောအရာသည် အနမတဂ္ဂသံသရာ၌ သူသူငါငါ သတ္တဝါတို့မှာ အခါ ပေါင်း အနမတဂ္ဂပင် ရှိရာပြီ၊ ထို့ကြောင့် တစ်ဘဝထက်တစ်ဘဝ ရင့်အံ့သော အလားများကို အားပြု၍ ပါရမီဆုတောင်းမှု၌ အတုအပနှင့်ပြီးကြ၍ မလျော်ပေ။

လိင် ၄-ပါး ပြီး၏။

ဤသို့ပြဆိုခဲ့ပြီးသော ပစ္စယ ၄-ပါး၊ ဟေတု ၄-ပါး၊ အဇ္ဈာသယ ဓာတ် ၆-ပါးစုသည် မဟာဘိနီဟာရ စခန်းသို့ ဆိုက်ဖို့အကြောင်းစုလည်းဖြစ်၏၊ အထက် ပါရမီတို့၏ အကြောင်းလည်းဖြစ်၏။ ။ပြီး၏။

နိယတဗျာဒိတ်ကိုရသဖြင့် မဟာဘိနီဟာရကိစ္စ ထမြောက် အောင်မြင်

www.dhammaransi.com



ပြီးသော သဗ္ဗညုအလောင်းတော်ကြီးတို့အား ဗလ ၄-ပါး, အစ္ဆရိယ ၄-ပါး, ကရုဏာ ဥပါယကောသလ္လ ၂-ပါး, ဘူမိ ၄-ပါး, အဇ္ဈာသယ ၆-ပါး, အဇ္ဈာသယ ဆယ်ပါး အစရှိကုန်သော မဟာဗောဓိ အဆောက်အဦတို့သည် အကျယ်လာကုန်သေး၏။

[ရှေး၌ ပြဆိုခဲ့ပြီးသော အချက်တို့ဖြင့်ပင်လျှင် မောင်သော်လျှောက်ဆိုသော သဗ္ဗညုပတ္တနာ မဟာဗောဓိ လုပ်ရပ်လမ်းကြီးသည် ထင်ရှားလှပြီဖြစ်၍ မထုတ်ပြီ။]

**ဤတွင်ရွေ့ကား ပကတိသာဝကဆု, မဟာသာဝကဆု, အဂ္ဂသာဝကဆု, ပစ္စေကဗုဒ္ဓဆု, သမ္မာသမ္ဗုဒ္ဓဆုငါးပါးတို့ကို ပြဆိုချက်ပြီး၏။**

**ပထမ လျှောက်ချက် အဖြေ ပြီး၏။**

------✱------

## ဒုတိယခန်း

၁။ ခန္ဓာငါးပါး၏ သရုပ်သဘော အဓိပ္ပါယ်။

၂။ သစ္စာလေးပါး၏ သရုပ်သဘော အဓိပ္ပါယ်။

၃။ ခန္ဓာငါးပါးကို သစ္စာဖွဲ့နည်း။

၄။ မဂ္ဂင်ရှစ်ပါး၏ သရုပ်သဘော အဓိပ္ပါယ်နှင့်တကွ နိဗ္ဗာန်ရောက်အောင် ပွါးနည်းများကို သိလိုပါသည်ဟူသော **ဒုတိယ လျှောက်ချက်၌----**

### ရူပက္ခန္ဓာ၌ ဉာဏ်အချက်ပြ-၇-ပါး

၁။ ခန္ဓာငါးပါး၏ သရုပ်သဘော အဓိပ္ပါယ်သည် သုတ္တန်နည်း အဘိဓမ္မာနည်း, နှစ်လမ်းရှိသည်။

မဂ်ဖိုလ်ကို မရသေးကုန်သော ပုထုဇန်တို့အား ယခုဘဝ မဂ်ဖိုလ်ကိုရဖို့ ကမ္မဋ္ဌာန်းပြုလုပ်ခြင်းငှာ အကျဉ်းအားဖြင့် ဟောတော်မူအပ်သောနည်းသည် သုတ္တန်နည်းမည်၏။

ကမ္မဋ္ဌာန်းကိစ္စကို ပဓာနမပြုမူ၍ တရားဓမ္မရှိသမျှကို အကုန်အစင် ဝေဖန်၍ ဟောတော်မူသောနည်းသည် အဘိဓမ္မာနည်းမည်၏။

www.dhammaransi.com



ဤအဘိဓမ္မာနည်း မည်သည်ကား မဂ်ဖိုလ်ကို ရပြီးသော အရိယာ ပုဂ္ဂိုလ်တို့အား ပဋိသမ္ဘိဒါဉာဏ် ပွါးစီးရန် အကျိုးငှါ ဖြစ်၏၊ တရားအစိတ် အလီ များပြားလှသောကြောင့် ပုထုဇဉ်တို့ ကမ္မဋ္ဌာန်းအရာနှင့် သက်ဝင်နိုင်သောနည်း မဟုတ်။ ။ ဥပမာကား လှေငယ်တက်စင်းနှင့် ကူးသန်းသွားလာ၍ အသက် မွေးသောသူတို့သည် မြစ်ပြင်၌သာ ကူးသန်းသွားလာကုန်ရာ၏၊ မဟာသမုဒ္ဒရာ ပြင်၌ မသွားကုန်ရာ၊ မဟာသမုဒ္ဒရာကို သွားလာနိုင်လောက်သော လှေကြီး တက်ကြီး သင်္ဘောကြီး ထူထောင်နိုင်သောအခါမှ သမုဒ္ဒရာကို ချင်းနင်းကုန်ရာ၏။

၂၆ ယခုကာလ၌ကား မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရလို၍ ရဟန်းပြုကြသည် မဟုတ်၊ ပါရမီကိုမျှ ရလို၍ ရဟန်းပြုသော အရာဖြစ်ကြ၍ ကမ္မဋ္ဌာန်းအလုပ်ကို လုပ်သောသူမရှိကြ၊ ပညာပါရမီ အစီးအပွါးအကျိုးငှာ ချပို့သင်ကြားမှု ပြော ဟောမှုမျှကိုသာ အားထုတ်ကြသောအခါဖြစ်၍ အဘိဓမ္မာနည်း တွင်ကျယ် ပြန့်သတည်း၊ ဤစာအုပ်၌ကား သုတ္တန်နည်းကိုသာ ထုတ်ပေအံ့။

(က) သတ္တဋ္ဌာန ကုသလော ဘိက္ခဝေ ဘိက္ခု တိဝိဓူပပရိက္ခီ ဣမသ္မိံ ဓမ္မဝိနယေ ကေဝလီ ဝုသိတဝါ 'ဥတ္တမပုရိသော' တိ ဝုစ္စတိ။ ကထဉ္စ ဘိက္ခဝေ ဘိက္ခု သတ္တဋ္ဌာန ကုသလော ဟောတိ။ ဣဓ ဘိက္ခဝေ ဘိက္ခု ရူပံ ပဇာနာတိ၊ ရူပသမုဒယံ ပဇာနာတိ ရူပနိရောဓံ ပဇာနာတိ ရူပနိရောဓဂါမိနိံ ပဋိပဒံ ပဇာနာတိ၊ ရူပဿ အဿာဒံ ပဇာနာတိ၊ ရူပဿ အာဒီနဝံ ပဇာနာတိ၊ ရူပဿ နိဿရဏံ ပဇာနာတိ။

၁။ ကတမဉ္စ ဘိက္ခဝေ ရူပံ စတ္တာရော စ မဟာဘူတာ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယ ရူပံ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ရူပံ။

၂။ အာဟာရသမုဒယာ ရူပသမုဒယော။

၃။ အာဟာရ နိရောဓာ ရူပနိယောဓော။

၄။ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ရူပနိရောဓဂါမိနီပဋိပဒါ။ သေယျထိဒံ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပေါ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တော၊ သမ္မာအာဇီဝေါ၊ သမ္မာဝါယာမော၊ သမ္မာသတိ၊ သမ္မာသမာဓိ။

၅။ ယံ ရူပံ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံ သောမနဿံ။ အယံ ရူပဿ

www.dhammaransi.com



အဿာဒေါ။

၆။ ယံ ရူပံ အနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ အယံ ရူပဿ အာဒီနဝေါ။

၇။ ယော ရူပသ္မိံ ဆန္ဒရာဂဝိနယော ဆန္ဒရာဂပ္ပဟာနံ၊ ဣဒံ ရူပဿ နိဿရဏံ။

(ခန္ဓဝဂ္ဂသံယုတ္တ-ပါ ၅၀)

ဉာဏ်အချက် ၇-ဌာနနှင့် တကွ ရူပက္ခန္ဓာ ပြီး၏။

------------------------

ဘိက္ခဝေ=ရဟန်းတို့၊ သတ္တဋ္ဌာန ကုသလော=ခုနစ်ဌာနၥ် လိမ္မာသော၊ တိဝိဓူပပရိက္ခီ=သုံးပါးသောအပြားကို စုံစမ်းခြင်း အလေ့ရှိသော၊ ဘိက္ခု=ရပ်ဘေးကို မြော်မြင်နိုင်သူ ရှင်လူအပေါင်းသည်၊ ဣမသ္မိံ ဓမ္မဝိနယေ=ဤသဗ္ဗညု သာသနာ၌၊ ကေဝလီ=ပြီးစီးပြည့်စုံလုံလောက်သော၊ ဝုသိတဝါ=သည်မှအထက် တိုးတက်၍ ကျင့်သုံးဖွယ် မရှိသော၊ ဝါ=သံသရာ၌ သည်ခါတစ်ပြင် အကျင့်ခွင်သို့ ဝင်ဖွယ် ကိစ္စမရှိသော၊ ဥတ္တမပုရိသောတိ=အမြတ်ခေါင်ဖျား ယောကျ်ား အာဇာနည်ဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏။

ဘိက္ခဝေ=ရဟန်းတို့၊ ဘိက္ခု=ရဟန်းသည်၊ ကထဉ္စ=အဘယ်သို့လျှင်၊ သတ္တဋ္ဌာနကုသလော=ခုနစ်ဌာနၥ်လိမ္မာသည်၊ ဟောတိ=ဖြစ်သနည်း။

ဘိက္ခဝေ=ရဟန်းတို့၊ ဣဓ=ဤသာသနာ၌၊ ဘိက္ခု=သည်၊ ရူပံ=ရုပ်တရားကို၊ ပဇာနာတိ=အဟုတ်သိ၏၊ ရူပသမုဒယံ=ရုပ်ဖြစ်ပွါးခြင်း၏ အကြောင်းတရားကို၊ ပဇာနာတိ=အဟုတ်သိ၏၊ ရူပနိရောဓံ=ရုပ်၏ ချုပ်ဆုံးခွင့်ကို၊ ပဇာနာတိ=အဟုတ်သိ၏၊ ရူပနိရောဓဂါမိနိံ ပဋိပဒံ=ရုပ်၏ ချုပ်ဆုံးခြင်းသို့ ဆိုက်ရောက်စေတတ်သောအကျင့်မျိုးကို၊ ပဇာနာတိ= အဟုတ်သိ၏၊ ရူပဿ=ရုပ်၏၊ အဿာဒံ=သာယာဖွယ်ကို၊ ပဇာနာတိ=အဟုတ်သိ၏၊ ရူပဿ=ရုပ်၏၊ အာဒီနဝံ=ကြောက်မက်ဖွယ်သောဘေးကို၊ ပဇာနာတိ=အဟုတ်သိ၏၊ ရူပဿ=ရုပ်၏၊ နိဿရဏံ=ကျွတ်လွတ်ခွင့်ကို၊ ပဇာနာတိ=အဟုတ်သိ၏။

[ပါးစပ်က ပြောတတ်ဟောတတ်သည်ကို အဟုတ်သိမဆို၊ အမှတ်သိသာ ဆိုရ၏၊ ကိုယ်တွင်းမှာ အလင်းပေါက်အောင် သိသည်ကိုသာ အဟုတ်သိဆိုသတည်း။]

၁။ ဘိက္ခဝေ=ရဟန်းတို့၊ ကတမဉ္စ=အဘယ်တရားသည်၊ ရူပံ=ရုပ်မည်

www.dhammaransi.com



သနည်း၊ စတ္တာရော=လေးပါးကုန်သော၊ မဟာဘူတာစ=မြေ ရေ လေ မီး ဘုတ်ကြီးလေးပါးတို့သည်လည်းကောင်း၊ စတုန္နံမဟာဘူတာနံ=မြေ ရေ လေ မီး ဘုတ်ကြီးလေးပါးတို့ကို၊ ဥပါဒါယရူပဥ္စ=စွဲမှျော်မှီတွယ် ရုပ်ငယ် နှစ်ဆယ့်လေး သည်လည်းကောင်း၊ သန္တိ= ရှိကုန်၏၊ ဘိက္ခဝေ=ရဟန်းတို့၊ ဣဒံ=ဤအစုကို၊ ရူပံ= ရုပ်ဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏။

၂။ အာဟာရသမုဒယာ=ကိုယ်တွင်း၌ အာဟာရဓာတ်ဆီ ဩဇာတို့ တက်၍ နေသည်ရှိသော်၊ ရူပသမုဒယော=ရုပ်ဖြစ်ပွါး၍နေသည်၊ ဟောတိ=ဖြစ်၏။

၃။ အာဟာရနိရောဓာ=အာဟာရဓာတ်ဆီ ဩဇာချုပ်ဆုံးကုန်ခန်း ခဲ့သည်ရှိသော်၊ ရူပနိရောဓော=ရုပ်၏ချုပ်ဆုံး ကုန်ခန်းခြင်းသည်၊ ဟောတိ=ဖြစ်၏။

၄။ အရိယော=မြတ်စွာသော၊ အဋ္ဌင်္ဂိကော= အင်္ဂါရှစ်ပါးရှိသော၊ အယမေဝ မဂ္ဂေါ=ဤငါဘုရားသာသနာ၌တည်းဟူသော မဂ်တရားသည်သာလျှင်၊ ရူပ နိရောဓဂါမိနီ ပဋိပဒါ=ရုပ်၏ချုပ်ငြိမ်းရာစခန်းသို့ ဆိုက်စေတတ်သော အကျင့် တရားတည်း၊ သေယျထိဒံ=အဘယ်အင်္ဂါ ရှစ်ပါးနည်းဟူမူကား၊ သမ္မာဒိဋ္ဌိ= ရုပ်၌ အလင်းပေါက်သော ဉာဏ်လည်းတစ်ပါး၊ သမ္မာသင်္ကပ္ပေါ=ရုပ်၌အချက်မိအောင် ကြံဖန်သော သမ္မာသင်္ကပ္ပလည်းတစ်ပါး၊ သမ္မာဝါစာ=သမ္မာဝါစာလည်းတစ်ပါး၊ သမ္မာကမ္မန္တော=သမ္မာကမ္မန္တလည်းတစ်ပါး၊ သမ္မာအာဇီဝေါ=သမ္မာအာဇီဝလည်း တစ်ပါး၊ သမ္မာဝါယာမော=သမ္မာဝါယာမလည်းတစ်ပါး၊ သမ္မာသတိ=သမ္မာသတိ လည်းတစ်ပါး၊ သမ္မာသမာဓိ=သမ္မာသမာဓိလည်း တစ်ပါး၊ အယံ=ဤသည်ကား၊ အဋ္ဌင်္ဂိကော=သော၊ မဂ္ဂေါ=မဂ်တည်း။

၅။ ရူပံ=ရုပ်ကို၊ ပဋိစ္စ=စွဲ၍၊ ယံသုခံ=အကြင်ကိုယ်၏ ချမ်းသာခြင်းသည် လည်းကောင်း၊ ယံသောမနဿံ=အကြင်စိတ်၏ ကြည်လင်ရွှင်လန်း ချမ်းသာ ဝမ်းမြောက်ခြင်းသည်လည်းကောင်း၊ ဥပ္ပဇ္ဇတိ=ဖြစ်၏၊ အယံ=ဤသုခသော မနဿသည်၊ ရူပဿ=ရုပ်၏၊ အဿာဒေါ=သာယာဘွယ်ပေတည်း။

၆။ ရူပံ-ရူပဿ=ရုပ်၏၊ ယံအနိစ္စံ=အကြင်အနိစ္စမှုသည်၊ ယံဒုက္ခံ= အကြင် ဒုက္ခမှုသည်၊ ယံဝိပရိဏာမဓမ္မံ=အကြင်ဖရိုဖရဲ ဖောက်လဲဖောက်ပြန် ဖြစ်မှုသည်၊ ဥပ္ပဇ္ဇတိ=ဖြစ်၏၊ အယံ=ဤသည်ကား၊ ရူပဿ=ရုပ်၏၊ အာဒီနဝေါ=ကြောက်မက် ဖွယ်သောဘေးတည်း။

www.dhammaransi.com



၇။ ရူပသိမ်း=ရုပ်၌၊ ယောဆန္ဒရာဂဝိနယော= အကြင်တောင့်တ တပ်စွန်းမှုကို ပယ်ဖျောက်ခြင်းသည်၊ ယံဆန္ဒရာဂပ္ပဟာနံ=အကြင်တောင့်တ တပ်စွန်းမှုကို ပယ်ခြင်းသည်၊ အတ္ထိ=ရှိ၏၊ ဣဒံ=ဤအမှုသည်၊ ရူပဿ=ရုပ်၏၊ နိဿရဏံ= ကျွတ်လွတ်မှုပေတည်း။

**အနက်ပြီး၏။**

**ဉာဏ်အချက် ၇-ပါးပြီး၏။**

----------

## ပထမကောသလ္လဌာနပြ

- မြေ ရေ မီး လေ (၄) ဤကား-အမာခံဓာတ်ကြီး ၄-ပါး။
- စက္ခု သောတ ဃာန ဇိဝှါ ကာယ (၅) ဤကား အကြည်ပသာဒ ကမ္မဇဓာတ်မှန် ၅-ပါး။
- ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ (၅) ဤကား  အာရုံဓာတ် ၅-ပါး။
- ဣတ္ထိဘော  ပုမ္ဘော၊ (၂ ) ဤကား ဘာဝရုပ် ၂-ပါး။
- ဇီဝိတ (၁)။
- ဟဒယဝတ္ထု (၁)။
- အာဟာရရုပ် (၁)

**ရုပ်စစ် ၁၈-ပါး သရုပ်ပြီး၏။**

ဤကိုယ်၌

၁။ ခက်မာမှု အမျိုးမျိုး နူးညံ့မှု အမျိုးမျိုးသည် ပရမတ်မြေ အစစ်တည်း။
၂။ ယိုစီးမှု ဖွဲ့တွယ်စေးကပ်မှုသည် ပရမတ်ရေအစစ်တည်း။
၃။ ပူလောင်မှု ပေါင်းနွေးမှု နွေးမှု အေးမှု ချမ်းမှုသည် ပရမတ်မီး အစစ်တည်း။
၄။ လှုပ်ရှားမှု ပွစ္ဆမှု ဖောင်းကြွမှု ဝှေ့တွန်းမှု တောင့်တင်း သန်မာမှုသည် ပရမတ်လေအစစ်တည်း။

တစ်ကိုယ်လုံး၌ အတုံးအခဲဟူသော သမူဟပညတ်စုကို အဏုမြူမျှ မကျန်အောင် ဉာဏ်နှင့်မှုတ်လှင့်၍ ကြည့်တတ်မှ ပရမတ်  မြေစစ် ရေစစ် လေစစ်

www.dhammaransi.com



မီးစစ်ကို မြင်နိုင်သည်၊ မြေစစ် လေစစ် မီးစစ် ဤသုံးပါးမှာ ဖောဋ္ဌဗ္ဗဓာတ်မျိုးဖြစ်၍ ကိုယ်အင်္ဂါနှင့် ထိပါးစမ်းသပ်၍ပင် တွေ့၏၊ သိ၏၊ သူငယ်များသည်ပင် နူးညံ့သည် ကြမ်းတမ်းသည်ဟုသိကြ၏၊ ပရမတ်မြေကို ဓာတ်ခွဲ၍ကား မယူတတ်ကြ၊ အေးသည် ပူသည်ကိုလည်း သူငယ်များပင်သိကြ၏၊ ပရမတ်မီးကို ဓာတ်ခွဲ၍ ကားမသိကြ၊ လှုပ်ရှားသည် တောင့်တင်းသည် ခုခံတွန်းထွေ့သည် ပွရွလျော့ရဲသည် ကိုလည်း သိကြ၏၊ ပရမတ်လေအစစ်ကို ဓာတ်ခွဲ၍ မသိကြ၊ ဤဓာတ်ကြီး လေးပါးကို ဓာတ်ခွဲ၍ ပရမတ်အစစ်ကို သိနိုင်ပေလျှင်---**ရူပံ- ရုပ်ကို၊ ပဇာနာတိ- အဟုတ်သိ၏**၊ ဟူသော ပထမဌာနဆိုက်ပြီ။

အဇ္ဈတ္တအကြည်ဟုဆိုအပ်သော မှန်ဓာတ်ငါးမျိုးတွင် မျက်စိမှန်, နားမှန်, နှာမှန်, လျှာမှန် ဤမှန်ရုပ် လေးမျိုးကား သူ့နေရာနှင့်သူ၊ ကာယမှန်ဓာတ်ကား အတွင်းအပ တစ်ကိုယ်လုံးပြည့်၏၊ အာရုံငါးပါးကို ခံယူသော ကမ္မဇဓာတ်မှန်, အဇ္ဈတ္တဓာတ်မှန် ရုပ်သေးမျိုး ငါးပါးပေတည်း၊ အာရုံဓာတ်ငါးပါး ထင်ရှားပြီ၊ မြေဓာတ် မီးဓာတ် လေဓာတ် ဤဓာတ်ကြီးသုံးပါးကိုပင် ဖောဋ္ဌဗ္ဗခေါ်သည်။

- ဣတ္ထိသဏ္ဌာန်ကို အုပ်စိုး၍ ဣတ္ထိတစ်ကိုယ်လုံး နှံ့ပြား၍ တည်သော ရုပ်သေးတစ်မျိုးသည် ဣတ္ထိဘောရုပ် မည်၏။
- ပုရိသသဏ္ဌာန်ကို အုပ်စိုး၍ ပုရိသတစ်ကိုယ်လုံး နှံ့ပြား၍တည်သော ရုပ်သေးတစ်မျိုးသည် ပုမ္ဘော မည်၏။
- ကမ္မဇရုပ်တို့၏ အသက်ဟု ဆိုအပ်သော တစ်ကိုယ်လုံးနှံ့၍တည်သော ရုပ်ငယ်တစ်မျိုးသည် ဇီဝိတရုပ်မည်၏။
- စိတ်၏ တည်ရာမှီရာဖြစ်၍ သူမှ ကောင်းသောစိတ် မကောင်းသော စိတ် ထွက်သောရုပ်သေးတစ်မျိုးသည် ဟဒယဝတ္ထုရုပ်မည်၏၊ နှလုံးအိမ် တွင်း၌ တည်၏။

ခပ်သိမ်းသော မဟာဘုတ်တို့၏ ပရမတ်ဓာတ်ဆီဟုဆိုအပ်သော ကိုယ်လုံးကို ထောက်ပံ့သောရုပ်ငယ်တစ်မျိုးသည် အာဟာရရုပ် မည်၏၊ ကာမဘုံသားတို့၌ နေ့စဉ်မပြတ် အစာထမင်း သွင်းရမျိုရသော အလုပ်ကား ဓာတ်ဆီ သွင်းရသော အလုပ်ပေတည်း၊ အမြဲထွန်း၍ထားသော ဆီမီးခွက်ကြီး

www.dhammaransi.com



တစ်ခုရှိခဲ့အံ့၊ နေ့စဉ်မပြတ် ဆီလောင်းရလတ္တံ့၊ ဤအတူမှတ်။

[ပါဠိသံ ကျမ်းသံနှင့် ပြော၍နေလျှင် စကားကြီး၏၊ ခန့်၏၊ ပြောနေကျ မြန်မာစကားမျိုး မဟုတ်၍ အသိဉာဏ်တန်းခနဲ စိုက်ခနဲမသွား ယောင်ဝါးကြီး နေကြ၏၊ အချို့သောသူတို့သည် အင်္ဂလိပ်စာကိုတွေ့လျှင် အင်္ဂလိပ်သံနှင့် အကုန်ဖတ်၍ ပြောနိုင်ကြကုန်၏၊ ဘာကိုဆိုသလဲဟု ဆစ်၍မေးလျှင် မြန်မာစကားနှင့် အလုံးစေ့အောင် နေရာချ၍ မပြတတ်၊ ဤကဲ့သို့နေကြသည်၊ ထို့ကြောင့် ဤစာအုပ်မှာ သဘောပြောခန်းဆိုက်လျှင် မြန်မာပြောချည်း လာလတ္တံ့။]

ပြဆိုခဲ့ပြီးသော ရုပ်တစ်ဆဲ့ရှစ်တွင် ဓာတ်ကြီးလေးပါးသည် သစ်ပင်၏ ပင်စည် အကိုင်းအခက် အသားနှင့် တူ၏၊ နောက်ရုပ်သေး တစ်ဆဲ့လေးသည် အရွက်အပွင့် အသီးစုနှင့် တူ၏၊ ဓာတ်ကြီးလေးပါးကို ဖြစ်မှုချုပ်မှုနှင့် တကွ မြင်နိုင်လျှင် ပုဂ္ဂိုလ်ဟူ၍ သတ္တဝါဟူ၍ ထင်မှတ်မှု ပျောက်ငြိမ်း၏၊ ရုပ်ငယ် ရုပ်သေးစု ခုခံ၍ မနေနိုင်ပြီ၊ ထို့ကြောင့် 'စတ္တာရောစ မဟာဘူတာ'-ဟု မဟာဘုတ်ကိုသာ သချာနှင့် ဟောတော်မူသည်၊ ရေ မြေ လေ မီး ထင်ရှားပြီးဖြစ်၍ သရုပ်ကိုထုတ်၍ မဟောပြီ။

စကြဝဠာအနန္တ ကမ္ဘာအနန္တ သတ္တဝါအနန္တ ရုပ်သင်္ဂြာန်ရှိသမျှကို ပရမတ်အဏုမြူအမှုန့်ပြု၍ သေတ္တုချလျှင် ဤရုပ် ၁၈-ခုသာရ၏၊ မိမိ ကိုယ်ခန္ဓာတစ်ခုမှာ ဓာတ်ကွဲအောင် မြင်လျှင် ထိုအနန္တစုဓာတ် ကွဲပြီးဖြစ်လေ၏။

[ဓာတ်ကြီးလေးပါးကိုသာ အားထုတ်၍ ကြံလေ ကြည့်လေ၊ အသီးအခြား ဓာတ်ကွဲအောင် မထင်နိုင် မမြင်နိုင်သော ရုပ်သေးများကိုကား အမှု မစိုက်နှင့်၊ မြင်နိုင်ရာကို မဲမှ အကျိုးများသည်၊ မမြင်နိုင်သည်ကို အမှုစိုက်၍ အကျိုးမများ၊ တစ်ပါးတည်း ထင်နိုင်လျှင် တစ်ပါးတည်းကိုပင် မဲ၍ကြံ၊ တစ်ပါးကောင်းကောင်း ထင်သည့်နောက် ကြွင်းသမျှတို့လည်း တစ်စတစ်စ ထင်၍ လာကုန်လတ္တံ့။]

မိမိကိုယ်ခန္ဓာသည် အဘိဓမ္မာကောင်ကြီး ပရမတ်ကောင်ကြီး ဓာတ်

www.dhammaransi.com



ကောင်ကြီး အဘိဓမ္မာခဲကြီး ပရမတ်ခဲကြီး ခာတ်ခဲကြီးပေတည်း၊ ထို့ကြောင့် မျက်စိမှုန်လှသောသူသည် မျက်စိမှာ မျက်မှန်တပ်၍ ပေ၌ ဘုတ်အုပ်၌ ရှိသော အက္ခရာစာလုံးတို့ကို ကွက်ကွက်ကွင်းကွင်း အလင်းမြင်အောင် ကြည့်ရှုသကဲ့သို့ ဒေသနာကျမ်းဂန်ကို မျက်မှန်တပ်၍ မိမိကိုယ်ခန္ဓာ ဖြစ်၍နေသော ပရမတ္ထဓမ္မ ခာတ်စာတို့ကို အက္ခရာကျကျ ကွက်ကွက် ကွင်းကွင်း ထင်မြင်အောင်ကြည့်လေ၊ ကြောင်ဆာ ယောင်ဝါးကြီးနေ ကြသောအရာဖြစ်၍အမျိုးမျိုး သတိပေးလိုက်သည်။]

**ဤကား- ရူပက္ခန္ဓာ၌ ပထမ ကောသလ္လဌာနကို ပြဆိုသော အခန်းတည်း။**

ဤပထမ ကောသလ္လဌာန၌ ခာတ်ကြီးလေးပါးကို ကွဲပြား အောင်မြင်နိုင်မှ နောက်နောက် ကောသလ္လဌာနစု နေရာကျနိုင်မည်၊ ထို့ကြောင့် ပထမကောသလ္လ ကို ကြိုးစား၍ ခဲလေ မဲလေ။

**ပထမ ကောသလ္လဌာန ပြီး၏။**

-------------------

## ဒုတိယ တတိယ ကောသလ္လဌာနပြ

အာဟာရ သမုဒယာ ရူပသမုဒယော၊
အာဟာရ နိရောခါ ရူပနိရောခေါ။

ဒုတိယ, တတိယ ကောသလ္လ ၂- ဌာန၊ ဤ၌--

- တဖွားဖွားဖြစ်ပေါ်၍နေမှုသည် သမုဒယမည်၏။
- ချုပ်ဆုံး ကွယ်ပ၍ သွားမှုသည် နိရောခ မည်၏။

သမုဒယသည်လည်း တစ်ခုတစ်ခုသော ဘဝ၌ ပဋိသန္ဓေ နေသည် မှစ၍ စုတိကျအောင် တစ်ခဏမစဲ တစ်ဖွားဖွား ဖြစ်ပေါ်နေမှုတစ်ပါး၊ စုတိကျပြီးနောက်၌ ပဋိသန္ဓေကိစ္စနှင့် တစ်ဖွားဖွားဖြစ်ပေါ်မှု တစ်ပါးဟူ၍ သမုဒယနှစ်ပါးရှိ၏။

နိရောခသည်လည်း ပဋိသန္ဓေ နေသည်မှစ၍ စုတိကျအောင် ခဏမစဲ ချုပ်ပျက် ကွယ်ပျောက်ခြင်းတည်းဟူသော ခဏိကနိရောခတစ်ပါး၊ ပဋိသန္ဓေ နေမှုမရှိ သံသရာဝဋ် ကျွတ်လွတ် ချုပ်ငြိမ်း၍ သွားခြင်းတည်းဟူသော နိဗ္ဗာန

www.dhammaransi.com



နိရောဓလည်း တစ်ပါးဟူ၍ နိရောဓနှစ်ပါး ရှိ၏။

အာဟာရ ဆိုသည်ကား- ဆောင်ခါတတ်တည်း။ ရုပ်အာဟာရ နာမ် အာဟာရဟူ၍ နှစ်ပါးရှိ၏။

- ရုပ်အာဟာရ ဆိုသည်ကား- ပရမတ် ရုပ်ဆီတည်း။
- နာမ်အာဟာရ ဆိုသည်ကား- ဖဿ, စေတနာ, ဝိညာဏ်တည်း။

ကမ္မံ ခေတ္တံ ဝိညာဏံ ဗီဇံ တဏှာ သိနေဟော။

**(အင်္ဂုတ္တိုရ် ပါဠိတော်။)**

ကမ္မံ= မိမိသန္တာန်တွင် အစဉ်လိုက်ပါ၍နေသော ကံဟောင်းသည်၊ ခေတ္တံ= လယ်မြေမည်၏၊ ဝိညာဏံ=ပဋိသန္ဓေဝိညာဏ်သည်၊ ဗီဇံ=စပါးမျိုးစေ့မည်၏၊ တဏှာ=ကံနှင့်အတူ ပါရှိ၍နေသော တဏှာသည်၊ သိနေဟော=လယ်မြေအတွင်း ရှိနေသော ရေအစေးနှင့် တူ၏။

ဤသို့လာသော တရားသုံးပါးတွင် စေတနာဟာရကို ကံဆိုသည်၊ ဝိညာဏာဟာရကို ဝိညာဏ်ဆိုသည်၊ ထို့ကြောင့် ပဋိသန္ဓေအခါ၌ ဤရုပ်ခန္ဓာ၏ အစစွာဖြစ်ပေါ်မှုကား ဗီဇဟုဆိုအပ်သော ပဋိသန္ဓေဝိညာဏအာဟာရ၏ အစီး အပွါးပေတည်း။

မီးထွန်းရာ၌ မီးတောက် ဖွားခနဲတောက်လျှင် မီးရောင်လည်း ဖွားခနဲ ပေါ်မြဲဓမ္မတာဖြစ်၏သို့ ပဋိသန္ဓေအခါ ဝိညာဏာဟာရ ဖွားခနဲပေါ်လျှင် ဤရုပ် ခန္ဓာသည် ဖွားခနဲ ပေါ်မြဲဓမ္မတာဖြစ်၏၊ ထိုအခါပေါ်သော ရုပ်ဦး ကလာပ်ဦး စုသည် အညှောက်ထိုးမှုတည်း၊ ယခုမျက်မြင်ခန္ဓာပင်စည် ခက်လက် အရွက်အသီး စည်ကား၍နေသော ရုပ်ခန္ဓာကြီးကား ထိုအညှောက်မှ ပွါးကြီးစည်ကား၍ လာခဲ့သော အပင်ကြီးတည်း၊ ထိုတွင် ပဋိသန္ဓေ ဝိညာဏာဟာရ ပေါ်ပေါက်မှသာ ရုပ်ညွန့် ရုပ်ညှောက် ပေါက်ပွါးနိုင်သည်။

ရှေးဘဝ၌ ကံတည်းဟူသော တဏှာတည်းဟူသော မြေဥတု ရေဥတု ကွယ်ဆုံး၍ စုတိပြီးနောက် ဝိညာဏာဟာရ ပေါ်ပေါက်မှုမရှိခဲ့လျှင် ရုပ်ညွန့် ရုပ်ညှောက် ပေါက်ပွါးမှုမရှိ ချုပ်ငြိမ်း၏၊ ထို့ကြောင့် **အာဟာရသမုဒယာ ရူပ သမုဒယော၊ အာဟာရနိရောဓာ ရူပနိရောဓော** ဟု ဟောတော်မူသည်။

www.dhammaransi.com



[ဤကား ရုပ်ခန္ဓာ၏ ပဋိသန္ဓေကိစ္စနှင့် တစ်ဖွားဖွားဖြစ်ပေါ်မှုကို သမုဒယ၊ ပဋိသန္ဓေနေမှုမရှိ၍ သံသရာဝဋ် ကျွတ်လွတ်မှု ချုပ်ငြိမ်းမှုကို နိရောဓဟူ၍ ပြဆိုခြင်းတည်း၊ ဤဖြစ်မှု ချုပ်မှုကား ထင်ရှား၏၊ ဝိပဿနာဉာဏ်၏ အချက်လည်း မဟုတ်လှ၊ ဤ၌ကား ပဋိသန္ဓေရုပ်ညွန့် ရုပ်ညှောက် ပေါ်ပေါက်ပြီးသည်မှစ၍ အဆုံးစုတိကျအောင် တစ်ခု တစ်ခုသော ဘဝတွင်း၌ သမုဒယမှု နိရောဓမှုကို လိုအပ်၏။]

ထိုအမှုကို ဆီမီးတောက် ဥပမာဖြင့်ပြဆိုအံ့၊ လူလောက်ရှိသော ဆီမီး တောက်ကို အနှစ်တစ်ရာပတ်လုံး တည်နေအောင် မွေးမြူရမည်ဖြစ်ခဲ့အံ့၊ တစ်နေ့တစ်နေ့ တစ်ညတစ်ညအတွက် ဆီပေါင်း အချင့်အချိန် မည်မျှကုန်မည်ဟု မှန်း၍ကြည့်၊ ထိုမီးတောက်၏ အသက်ကား ဆီ၌နေ၏၊ ဆီမီးခွက်နှင့် အပြည့် ဆီရှိမှ လူလောက်ရှိနိုင်၏၊ ဆီလျော့ပါး၍ သွားလျှင် အစဉ်အတိုင်း လျော့ပါး၍ သွား၏၊ ဆီကုန်လျှင် ကုန်သည်နှင့်တစ်ပြိုင်နက် မီးတောက် ကွယ်ပျောက်၏၊ ပထမနေ့မှစ၍ တစ်နေ့တစ်နေ့လျှင် ကုန်၍သွားသော ဆီစုကို လည်းသိရမည်၊ အသစ်အသစ် ထပ်၍လောင်းရသော ဆီစုကိုလည်း သိရမည်၊ အသစ်ထပ်၍ လောင်းသော ဆီသစ်မှ တောက်သော မီးတောက်သစ်ကိုလည်း သိရမည်၊ ဆီဟောင်းနှင့် မီးတောက်ဟောင်းကုန်ခန်း ကွယ်ပျောက်မှုကိုလည်း သိရမည်၊ ဆီသစ်နှင့် မီးတောက်သစ် ဆီဟောင်းနှင့် မီးတောက်ဟောင်းတို့ကို သီးသန့် ခြားနား၍ မြင်စေ။

ဆီကို ဆေးအမျိုးမျိုး ဆိုး၍ ထားပြီးလျှင် ဖြူသောဆီကို လောင်းလျှင် ဖြူသော မီးတောက်၊ နီသောဆီကို လောင်းလျှင် နီသော မီးတောက်၊ ဝါသော ဆီကို လောင်းလျှင် ဝါသော မီးတောက် ဤသို့ တစ်နာရီစီ တစ်ခဏစီ အဆင်ကွဲ လုပ်ကြံ၍ ကြည့်လေ၊ ဉာဏ်အချက်ကို မျက်မြင်က ကွယ်၍ထားတတ်သည်၊ မျက်မြင်ကို ဉာဏ်နှင့် မှုတ်လွင့်၍ပစ်။

မီးတောက် တစ်မျိုးတည်းကို စေ့စေ့ကြည့်၍နေလျှင် လှုပ်ရှားမှု အသစ် အသစ် တက်၍တက်၍ လာမှုသည် မျက်မြင်ပင်၊ လှုပ်သမျှသည် အသစ် အဟောင်း ပြောင်းလဲမှုသာတည်း၊ အသစ်မြင်ရာဟူသမျှမှာ အဟောင်းကွယ် ပျောက်မြဲ၊ အသစ်အသစ် ဖြစ်ပေါ်မှုစုသည် သမုဒယမှုပေတည်း၊ အဟောင်း

www.dhammaransi.com



အဟောင်းကွယ်ပျောက်မှုသည် နိရောဓမှုပေတည်း။

- ဤခန္ဓာကိုယ်ကြီးမှာ သေသည့်နောက်တိုင်အောင် ကျန်ရှိလတ္တံ့သော ဥတုဇကာယ ကြမ်းကြီးကား မီးစာကြီး မီးအိုးခင်းကြီးနှင့် တူ၏။
- သတ္တဝါဟု မှတ်ထင်ဖို့ ခြယ်လှယ်၍နေသော ကမ္မဇကာယစု စိတ္တဇကာယစု အာဟာရဇကာယစုကား မီးတောက်နှင့် တူ၏။
- ခံတွင်းပေါက်မှ တစ်နေ့တစ်နေ့လျှင် နှစ်ကြိမ်နှစ်ကြိမ် ထည့်လောင်းရသော အာဟာရဓာတ်ဆီစုကား ထိုမီးတောက်ကြီးမှာ နေ့စဉ်လောင်းရသော ဆီအမျိုးမျိုးနှင့် တူ၏။

ဤ ကိုယ်ခန္ဓာမှာလည်း အစာအိမ်၌ အာဟာရဓာတ်ဆီ ရောက် လျှင် တစ်ကိုယ်လုံးရှိသော ဓာတ်မီးတို့သည် ထကုန်၏၊ အာဟာရဓာတ် ဆီ လျော့ပါး၍ သွားလျှင် တစ်ကိုယ်လုံးရှိ ဓာတ်နု ရုပ်နုတို့သည် လျော့ပါး၍ လိုက်ရကုန်၏၊ အာဟာရဓာတ်ဆီ အလျဉ်ပြတ်လျှင် ကမ္မဇကာယ စိတ္တဇကာယ အာဟာရဇကာယ အတွင်းရုပ်နုဓာတ်နု ချုပ်ဆုံး ကွယ်ပျောက်ကုန်၏၊ တစ်ကိုယ်လုံးမှာရှိသော ထိုကာယတို့သည် အာဟာရဓာတ်ဆီမှာ အသက် နေကုန်၏၊ ရှေးရှေး အနပ်၌ မျိုသော အာဟာရဓာတ်ဆီဟောင်းစုနှင့် ရှေးရှေးကာယဟောင်းစု ဖြစ်အတူ ပျက်အတူ ကုန်အတူ ပျောက်အတူ နောက်နောက်အနပ်မှာ မျိုအပ်သော အာဟာရဓာတ်ဆီသစ်စုနှင့် နောက်နောက် ကာယသစ်စု ဖြစ်အတူ ပျက်အတူ။

လောက၌ ရေသတ္တဝါ, ကုန်းသတ္တဝါ ခပ်သိမ်းတို့၌ အသက်မွေးမှု အာဟာရဓာတ်ဆီ မျိုသွင်း ဖြည့်စွက် အလျဉ်ဆက်မှု ဘယ်မျှလောက် ကြီးကျယ်ကျပ်တည်း၍ နေကြသည်ဟု တစ်ပြေထောင်လုံးကို မြော်လိုက်လျှင် ကိုယ်ခန္ဓာ အသစ်အဟောင်း ပြောင်းလဲဖောက်ပြန်မှု အလွန်မြန်ကြောင်းကို မြင်လတ္တံ့၊ မွေးဖွားသည်ကစ၍ တစ်နေ့မှတစ်နေ့သို့ ရောက်အောင် အာဟာရ ဓာတ်ဆီ အလျဉ်ဆက်၍ အသက်သစ်ပိုးကာပိုးကာ လာရမှု၊ အသက်သစ် ပွါးကာပွါးကာ လာရမှုသည် ထင်ရှားလတ္တံ့၊ အဖြူ အနီအစရှိသော မီးတောက်ကြီးတို့ကို အဟောင်းအသစ် အပိုင်းအပိုင်းဖြတ်၍ ကြည့်သကဲ့သို့ ဤခန္ဓာကိုယ်မှာလည်း

www.dhammaransi.com



ရှေးအနပ် နောက်အနပ် အပိုင်းအပိုင်းပြတ်အောင် ဉာဏ်နှင့် သီးသန့် ခြားနား၍ကြည့်လေ။

- အာဟာရဓာတ်ဆီ အသစ်မျိုးသွင်း၍ ကိုယ်တွင်းမှာ ထမင်း အစာ ဩဇာတက်ပွါးဆဲအခါ တစ်ကိုယ်လုံးမှာ တိမ်တောင်တက်သကဲ့သို့ ရုပ်သစ် ဓာတ်သစ် ကလာပ်သစ် အသက်သစ်တို့ တိုးပွါးကြသည်ကို သမုဒယဆိုသည်။
- ၅-နာရီ ၆-နာရီခန့် တိုးတက်ပြီးလျှင် တစ်ကိုယ်လုံးမှာ တိုးတက်သမျှ တစ်စတစ်စ ဆုတ်ကျ ကွယ်ပျောက်ကုန်ခန်း ချုပ်ဆုံးပြန်သည်ကို နိရောဓ ဆိုသည်။

ထို့ကြောင့်- "**အာဟာရ သမုဒယာ ရူပသမုဒယော၊ အာဟာရ နိရောဓာ ရူပနိရောဓော**" ဟူ၍ ဟောတော်မူသည်။

**ဒုတိယ တတိယ ကောသလ္လဌာန ပြီး၏။**

--------------

## စတုတ္ထ ကောသလ္လဌာနပြ

**အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ရူပနိရောဓဂါမိနီ ပဋိပဒါ။ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ။ လ ။ သမ္မာသမာဓိ**

ဟူသော စတုတ္ထ ကောသလ္လဌာန၌ . . .

ပထမ ဒုတိယ တတိယ ဌာနတို့၌ အဟုတ်မြင်အောင် ကြည့်ခဲ့သော ဉာဏ်သည် ပုဗ္ဗဘာဂ သမ္မာဒိဋ္ဌိမဂ္ဂင် မည်၏၊ ထိုပုဗ္ဗဘာဂ သမ္မာဒိဋ္ဌိ မဂ္ဂင်သည် ကြည့်ရှုဖန်များလှ၍ အလွန်ကြည်လင် ထက်သန်ခြင်းသို့ ရောက်သောအခါ လောကုတ္တရာ သမ္မာဒိဋ္ဌိ ဖြစ်လာ၏။

- သမ္မာသက်ပ္ပသည်လည်း ပုဗ္ဗဘာဂ သမ္မာသက်ပ္ပ၊ လောကုတ္တရာ သမ္မာသက်ပ္ပဟူ၍ နှစ်ပါးရှိ၏၊ သမ္မာဒိဋ္ဌိ၏အဖော်သဟဲကြီးတည်း။
- အောက်ကပြခဲ့သော မီးတောက်မှာ အဟောင်းအသစ် ခြားနား၍ သမုဒယမှု၊ နိရောဓမှုကို မျက်စိနှင့်ကြည့်သလို မြင်မှုကား သမ္မာဒိဋ္ဌိ တည်း။

www.dhammaransi.com



မြင်ကွက်ပေါ်အောင် အချက်ရှာကြံ၍ ပေးတတ်သည်ကား သမ္မာသင်္ကပ္ပတည်း၊ အချက်ရှာကြံမှု ကောင်းလှမှ စေ့စပ်လှမှ မြင်ကွက်ပေါ်သည်။

ဤ ကိုယ်ခန္ဓာ၌ တစ်နေ့တစ်နေ့လျှင် အခါများစွာ ကိုယ်ခန္ဓာ ပြောင်းလဲမှု၊ အခါများစွာ ကိုယ်ခန္ဓာအသစ်အသစ်ဖြစ်ပေါ်မှု၊ အခါများစွာ ကိုယ်ခန္ဓာ အဟောင်းအဟောင်း ချုပ်ပျောက်မှုကို ထင်လင်းစွာ မြင်မှုကား သမ္မာဒိဋ္ဌိမဂ္ဂင်တည်း၊ ထင်မြင်ကွက်ပေါ်အောင် အချက်ရှာကြံ၍ပေးမှုကား သမ္မာသင်္ကပ္ပတည်း။

အဘယ်သို့ အချက်ရှာကြံ၍ ပေးသနည်း . . . တစ်ပြေထောင်လုံးမှာ နေ့ရှိသမျှ အသက်မွေးမှု ကြီးကျယ်ပုံကို ကပ်၍ပေးသည်၊ တစ်နေ့တစ်နေ့လျှင် နှစ်ထပ်နှစ်ထပ် အစာဓာတ်ဆီ မျိုသွင်းရမှုကို ကပ်၍ပေးသည်၊ ဝမ်းမှာအစာပြည့်သောအခါ ကိုယ်ခန္ဓာမှာ ဘယ်လိုနေသည်၊ အစာလျော့ပါးသောအခါ ဘယ်လိုနေသည်၊ အစာပြတ်လျှင် ဘယ်လိုနေသည် ဟုထင်ရှား၍နေသော အချက်တွေကို ရှာကြံ၍ပေးသည်၊ ယခုနေ့မှစ၍ ဇမ္ဗူဒီပါကျွန်းအလုံး အစာရေစာ လုံးလုံးပြတ်ခဲ့အံ့၊ ဘယ်အချိန်မှာ ဇမ္ဗူဒီပါကျွန်းအလုံးသည် သင်းချိုင်းအတိ ဖြစ်လတ္တံ့၊ ဤသို့စသည်ဖြင့် အချက်တွေကို ရှာကြံ၍ပေးသည်။

မိမိကိုယ်ခန္ဓာမှာ တစ်ထိုင်တည်းမှာပင် ရုပ်ခန္ဓာလဲပြောင်းမှု ရုပ်ခန္ဓာအသစ်ပေါ်မှု ရုပ်ခန္ဓာဟောင်းပျက်ဆုံးမှုကို ဉာဏ်နှင့်အဟုတ် သိမြင်ရန် ကိုယ်တွေ့အချက် များစွာရှိ၏၊ မျက်မြင်အချက် များစွာရှိ၏၊ ထိုင်စ၌ ခြေ, စသည်မှာ ညီညွတ်မျှတသော ရုပ်ခန္ဓာစုသာ ရှိ၏၊ မကြာမီအတန်ငယ် ပူ၍လာမှုသည် ကိုယ်တွေ့ပင်၊ ထို့နောက်မကြာမီ အတန်ကြီးပူ၍ လာမှု၊ ထို့နောက် ညောင်းသည်ဟု ထင်ရှား၍လာမှု၊ ထို့နောက်အတန်ငယ် ထုံ၍လာမှု၊ ထို့နောက် အတန်ကြီး ထုံ၍လာမှု၊ ထို့နောက်အတန်ကြီး ကျင်၍လာမှု၊ ထို့နောက် မခံနိုင်အောင် ခြေတစ်ခု လုံးကျင်မှုစုသည် ကိုယ်မှာတွေ့ပြီး တွေ့ဆဲ တွေ့လတ္တံ့၊ တွေ့တတ် ဖြစ်တတ်သော အမှုတစ်ခုဟု လူတိုင်းသိ၍နေသော အချက်တွေပေတည်း။

ထိုင်ခြင်း ဣရိယာပုထ်၌ တိမ်တိုက်တိမ်ခဲတွေ တက်သကဲ့သို့ ရုပ်စု ရုပ်ခဲတွေ အသစ်အသစ် ဖြစ်ပေါ်တိုးတက်၍ လာမှု၊ အသစ်အသစ် ဖြစ်ပေါ်ရာ ဌာနစု၌ လေပြင်းတိုက်၍ တိမ်တိုက်တိမ်ခဲ လွင့်ပျောက်၍ကုန်သကဲ့သို့ ထိုင်စက ရှိကြသော

www.dhammaransi.com



ရုပ်စုရုပ်ခဲစု ငုတ်တုတ်ကြေပျောက်၍ သွားမှုတို့ကို ထင်လင်းစွာ မြင်မှုကား သမ္မာဒိဋ္ဌိမဂ္ဂင်၏ ကိစ္စပေတည်း။

ထိုမြင်မှု အကွက်ပေါ်အောင် ကိုယ်တွေ့မျက်မြင်ဖြစ်သော အချက်တွေကို ရှာကြံ၍ပေးမှုကား သမ္မာသင်္ကပ္ပမဂ္ဂင်၏ ကိစ္စပေတည်း၊ သမ္မာသင်္ကပ္ပမဂ္ဂင် အချက်ပေးကောင်းမှ သမ္မာဒိဋ္ဌိမဂ္ဂင်ပွင့်လင်းနိုင်သည်၊ အခွင့်အမျိုးမျိုးအားလျော်စွာ ကိုယ်ခန္ဓာ အတွင်း၌ရုပ်ခန္ဓာ အသစ်ပေါ်မှု အဟောင်းကွယ်ပျောက်မှုတို့သည် ကိုယ်တွေ့ဒိဋ္ဌနှင့်တကွ မျက်တောင်တစ်ခတ်မျှပြတ်စဲသည် မရှိကုန်ပြီ၊ ထိုင်နေမှု တစ်ခုကိုသာ နမူနာ စံပြုရုံ ပြဆိုလိုက်သည်။

**သမ္မာသင်္ကပ္ပ ပြီး၏။**

သမ္မာဒိဋ္ဌိမဂ္ဂင်, သမ္မာသင်္ကပ္ပမဂ္ဂင်နှစ်ပါး တစ်နေ့တစ်ခြား တိုးပွား၍ လောကုတ္တရာသို့ ကူးသည်နှင့်တစ်ပြိုင်နက် ရှေးရှေးက စိတ်သန္တာန် အစဉ်ပါ၍ လာခဲ့သော ကာယဒုစ္စရိုက်မျိုး၊ ဝစီဒုစ္စရိုက်မျိုးတို့ကို အကြွင်းမဲ့သတ်နိုင်သော ဓာတ်သုံးခု ပေါ်၍လာ၏၊ ယင်းဓာတ်သုံးခုကို သမ္မာဝါစာမဂ္ဂင်, သမ္မာကမ္မန္တမဂ္ဂင်, သမ္မာအာဇီဝမဂ္ဂင်ဆိုသည်။

သမ္မာဝါယာမ မဂ္ဂင်ကား- ဤအလုပ် မထမြောက်သမျှ ငါမနား ငါမနေဟု စက်ကုန်လွှတ်သော ဝီရိယတည်း၊ ယင်းကိုသမ္မပ္ပဓာန်လည်း ခေါ်၏၊ အာတာပ လည်းခေါ်၏၊ အာရမ္ဘဓာတ်၊ နိက္ကမဓာတ် ပရက္ကမဓာတ်ဟူ၍ သုံးပါးရှိ၏၊ အာတာပသဒ္ဒါမှာ ကိလေသာတို့ကို ပူပန်သွေ့ခြောက်စေနိုင်သော ဝီရိယဟု ဖွင့်ကြ၏၊ ထိုအလုပ် မထမြောက်သမျှ ရက်လအရှည် မအိပ်မနေ အပူအပြင်း အပန်းခံသော ဝီရိယကိုဆိုသည်၊ အကျိုးနှင့်တကွ လုပ်ခွင့်လုပ်လမ်းကို ကြားသိရ လျှင် နေ့ချင်းညချင်း ထ၍လုပ်နိုင်သော ဝီရိကို အာရမ္ဘဓာတ် ဆိုသည်၊ လုပ်စဉ် အခါ နှောင့်ယှက်၍လာသော ထိန မိဒ္ဓ ကောသဇ္ဇစသော စိတ်ရတက်တို့ကို ပယ်ဖျက်တွန်းလှန် လုပ်အားသန်သော ဝီရိယကို နိက္ကမဓာတ်ဆိုသည်၊ အထက် အထက်၌ အလုပ်မှ ဆုတ်နစ်ရန် စိတ်သန္တာန်မှာ ပေါ်လာသမျှသော ဘေးရန်တို့ကို တွန်လှန်နင်းနယ်၍ သွားနိုင်သော ဝီရိယကို ပရက္ကမဓာတ်ဆိုသည်၊ ယခုကာလ၌ ဤဝီရိယမျိုး မရှိကြ၍ ဈာန် မဂ် မရကြသည်။

www.dhammaransi.com



- ကမ္မဋ္ဌာန်းမှ၌တစ်မုဟုတ်မျှ မလစ်ရအောင် စိတ်အစဉ်ကို အတွင် တိုက်တွန်းသော သတိသည် သမ္မာသတိမည်၏။
- ကမ္မဋ္ဌာန်းအာရုံကို လွှတ်၍တစ်ပါးသို့ စိတ်မသွားမှုသည် သမ္မာသမာဓိ မည်၏။

ဤနောက်ခြောက်ပါးသော မဂ္ဂင်တို့လည်း လောကီ လောကုတ္တရာနှစ်ပါးစီ ရှိကြ၏၊ ဤ၌ လောကုတ္တရာကို လိုအပ်၏၊ ဤရှစ်ပါးသော တရားအပေါင်းသည် မဂ္ဂသစ္စာမည်၏။

ဤရှစ်ပါးတွင် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ၊ ဤသုံးပါးကား လောကုတ္တရာဘက်သို့ ကူးသောအခါမှ အလိုလိုပေါ်လာသော အင်္ဂါသုံးပါးပေတည်း၊ မိမိကိုယ်ခန္ဓာ၌ တစ်ကိုယ်လုံး သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ် အလင်းပေါက်အောင် မွှေနှောက်ဖောက်ထွင်း ရှုကြည့်ခြင်းဟူသော ဝိပဿနာ ဘာဝနာမှု၌ကား သမ္မာသတိ၊ သမ္မာဝါယာမ၊ သမ္မာသမာဓိ၊ သမ္မာသင်္ကပ္ပ၊ ဤလေးပါးသော စက်ကရိယာတို့နှင့်တကွ သမ္မာဒိဋ္ဌိတည်းဟူသော မီးစက်ရထားကြီးကို ကိုယ်ခန္ဓာတည်းဟူသော တစ်လံမျှလောက်သော ရထားလမ်း၌ ဆံဖျားမှခြေဖျားတိုင်အောင် ခြေဖျားမှ ဆံဖျားတိုင်အောင် အထင်အမြင် အတွင်ခုတ်စိုင်းပါလျှင် ခုနစ်ရက်နှင့် လောကုတ္တရာနိဗ္ဗာန်မြို့ကြီးသို့ ဆိုက်သောသူ၊ တစ်လနှင့်ဆိုက်သောသူ၊ တစ်နှစ်နှင့် ဆိုက်သောသူ၊ နှစ်နှစ်-သုံးနှစ်-လေးနှစ်-ငါးနှစ်-ခြောက်နှစ်-ခုနစ်နှစ်နှင့် ဆိုက်သော သူဟူ၍ ကျမ်းဂန်တို့၌ အမျိုးမျိုးဟောတော်မူသည်၊ သမုဒယနှစ်မျိုး၊ နိရောဓ နှစ်မျိုးခွဲ၍ ပြဆိုခဲ့ပြီးသောအရာ၌ ပဋိသန္ဓေကိစ္စနှင့် ရုပ်ခန္ဓာပေါ်မှု ချုပ်ငြိမ်းသော နိရောဓကား နိဗ္ဗာန်ပင်တည်း၊ ဤနိရောဓကို နိဗ္ဗာန်၊ လောကုတ္တရာ နိဗ္ဗာန်မြို့ကြီး ဆိုသည်။

စတုတ္ထ ကောသလ္လ ဌာနပြီး၏။

## ပဉ္စမ ကောသလ္လ ဌာနပြ

**ယံ ရူပံ ပဋိစ္စ ဉပ္ပဇ္ဇတိ သုခံ သောမနဿံ၊ အယံ ရူပဿ အဿာဒေါ-** ဟူသော ပဉ္စမကောသလ္လဌာန၌--ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိ၊ မနုဿသမ္ပတ္တိ၊ ဒိဗ္ဗသမ္ပတ္တိ၊ ဗြဟ္မသမ္ပတ္တိ၊ ဟူသောစကားတို့၌ ဤသုခသောမနဿနှစ်ပါးကို ဆိုလိုရင်းတည်း။

www.dhammaransi.com



ဤ၌ကား ယခုရှိသော မိမိရုပ်ခန္ဓာမှာ ပြဆိုအံ့။ ။စက္ခုဟူသော အဇ္ဈတ္တမှန်ဓာတ် လှပတင့်တယ် ရှုခြင်ဘွယ်သော အသွေးအရည် အရောင်အဆင်းဟူသော ဗဟိဒ္ဓရူပဓာတ်၊ ဤဓာတ်နှစ်ပါးခိုက်တိုက် ပေါင်းဆုံမိလျှင် ကြည့်မှုမြင်မှုနှင့် စိတ်နှလုံးရွှင်ပြုံးသော သုခသောမနဿ ဓာတ်နှစ်မျိုး ဖြစ်ပေါ်၏။

ပုရွက်ဆိတ်တို့သည် ပျားသကာတင်လဲကို ခင်မက်သကဲ့သို့ လူ,နတ်,ဗြဟ္မာသတ္တဝါတို့သည် ထိုသုခသောမနဿဓာတ်နှစ်ခုကို ခင်မက်ကြကုန်၏၊ မိုးဦးကျညအခါ ထွန်း၍ထားသော ဆီမီးရောင်ကို များစွာသောပိုးကောင်တို့သည် ခင်မက်ကြသကဲ့သို့ သုခသောမနဿကို ခင်မက်ကြကုန်၏။

**ဤကား စက္ခုဓာတ် ရူပဓာတ်နှစ်ပါး၌ ခံစား စံစားဘွယ် သာယာဖွယ် အဿာဒရသတည်း။**

ဤနည်းအတူ-- သောတဟူသော အဇ္ဈတ္တမှန်ဓာတ် ကောင်းသော အသံတည်းဟူသော ဗဟိဒ္ဓသဒ္ဒဓာတ်၊ ဤဓာတ်နှစ်ပါးခိုက်တိုက် ပေါင်းဆုံမိကြလျှင် ကြားနာမှုနှင့် စိတ်နှလုံးရွှင်ပြုံးသော သုခသောမနဿ ဓာတ်နှစ်မျိုး ဖြစ်ပေါ်၏။

ဃာန ဟူသောအဇ္ဈတ္တမှန်ဓာတ် ကောင်းသောအနံ့ဟူသော ဗဟိဒ္ဓ ဂန္ဓဓာတ်၊ ဤဓာတ်နှစ်ပါး ပေါင်းဆုံခိုက်တိုက်မိလျှင် နမ်းမှုရှူမှုနှင့် စိတ်နှလုံးရွှင်ပြုံးသော သုခသောမနဿဓာတ် နှစ်မျိုးဖြစ်ပေါ်၏။

ဇိဝှါ ဟူသောအဇ္ဈတ္တမှန်ဓာတ်-ကောင်းသော အချိုအချဉ်စသော အရသာဟူသော ဗဟိဒ္ဓ ရသဓာတ်၊ ဤဓာတ်နှစ်ပါး ပေါင်းဆုံခိုက်တိုက်ကြသောအခါ စားမှု ဝါးမှု လျက်မှုနှင့် စိတ်နှလုံးရွှင်ပြုံးသော သုခသောမနဿဓာတ် နှစ်မျိုး ဖြစ်ပေါ်၏။

ကိုယ်ခန္ဓာနှင့် အပြည့်အနှံ့နေသော ကာယဟူသော အဇ္ဈတ္တမှန်ဓာတ်၊ ကောင်းသောအတွေ့အထိဟူသော ဗဟိဒ္ဓ ဖောဋ္ဌဗ္ဗဓာတ်၊ ဤဓာတ်နှစ်ပါး ပေါင်းဆုံခိုက်တိုက်ကြသောအခါ ကိုယ်အင်္ဂါကြီးငယ်၌ တွေ့မှုထိပါးမှုနှင့် စိတ်နှလုံးရွှင်ပြုံးသော သုခသောမနဿ ဓာတ်နှစ်မျိုး ဖြစ်ပေါ်၏။

ဥတုသုံးပါး အမြဲစိမ့်ထွက်၍နေသော စမ်းပွက်မည်သည် ရှိကြ၏၊ ထိုစမ်းပွက်မှာ တဖွာဖွာ တတွေတွေ ထွက်ပေါ်၍နေသော အလွန်ကြည်လင်

www.dhammaransi.com



လှစွာသော စမ်းရေကဲ့သို့ ဟဒယဟူသော နှလုံးအိမ် စမ်းပွက်၌ လက်လက် လက်လက် တဖွားဖွားထွက်ပေါ်၍နေသော မနောဟူသော အဇ္ဈတ္တမှန် ဓာတ် ကြည်ကြီး၊ ပြခဲ့ပြီးသော ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗတို့နှင့်တကွ လောက၌ ရှိသမျှသော ကုလာဆိုရိယဂုဏ်, ဓနဂုဏ်, ဘောဂဂုဏ်, ဒါနဂုဏ်, သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, အလိမ္မာဂုဏ်, အမိုက်ဂုဏ်, အစရှိသော ဗဟိဒ္ဓမွေ ဓာတ်မျိုး၊ ဤဓာတ်နှစ်ပါး ပေါင်းဆုံကြသောအခါ သိမြင် ကြံစည်၍ ဖြစ်သော သုခသောမနဿ ဓာတ်နှစ်ပါး ဖြစ်ပေါ်၏၊ ဤ၌ကား ရူပက္ခန္ဓာကို ပြဆိုသော အရာဖြစ်၍ မနောကို မလိုလှသေး၊ ဤကား ရူပက္ခန္ဓာမှထွက်သော သာယာဖွယ် ခင်မက်ဖွယ်စုတည်း။ ထို့ကြောင့်-**ယံရူပံ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံ သောမနဿံ အယံ ရူပဿ အဿာဒေါ**-ဟူ၍ဟောတော်မူသည်။

·ပဥ္စမ ကောသလ္လဋ္ဌာန ဖော်ပြချက် ပြီး၏။

--------------------

## ဆဋ္ဌ ကောသလ္လဋ္ဌာနပြ

**'ယံ ရူပံ အနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ အယံ ရူပဿ အာဒီနဝေါ'**-ဟူသော ဆဋ္ဌကောသလ္လဋ္ဌာန၌ ဒုတိယ တတိယ ကောသလ္လဋ္ဌာနတို့၌ ပြဆိုခဲ့ပြီးသော ဆီမီးတောက်ကြီး ဥပမာနှင့်တကွ မိမိကိုယ်ခန္ဓာတွင်းသို့ နေ့စဉ်မပြတ် အာဟာရ ဓာတ်ဆီ မျိုသွင်းထည့်လောင်းမှု၊ ရုပ်ခန္ဓာသစ် ရုပ်ခန္ဓာဟောင်း ပြောင်းလဲမှုတို့ကို သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်ပေါက်အောင် မြင်နိုင်ပါလျှင် ရူပက္ခန္ဓာ၏ အနိစ္စသဘော ထင်ရှားပေါ်လတ္တံ့၊ နေ့ရှိသမျှ ကြောင့်ကြစိုက်ရ အားထုတ်လုပ်ဆောင်၍နေရ သော အသက်မွေးမှုဒုက္ခ ခန္ဓာမွေးမှုဒုက္ခ ပစ္စည်းဥစ္စာရအောင် လုပ်ဆောင်မှုဒုက္ခ တို့ကို ဘယ်မျှကြီးကျယ် ကျပ်တည်းသည်ဟု မြင်နိုင်ပါလျှင် မိမိရူပက္ခန္ဓာ၏ ဒုက္ခသဘော ထင်ရှားပေါ်လတ္တံ့။

ဤကိုယ်ခန္ဓာသည် အတွင်းမှ ရောဂါအမျိုး ၉၆-ပါးဖြစ်ပေါ်၍လာခဲ့လျှင် နာမှု,သေမှု အဘယ်မျှလောက် မြန်နိုင်ရန် ရှိသည်ဟူ၍လည်းကောင်း၊ အပ သန္တာန်မှ မီးဘေးထိခဲ့သော် ရေဘေးထိခဲ့သော် မြွေဘေးထိခဲ့သော် ကင်းဘေး ထိခဲ့သော် ဆင်ဘေး ကျားဘေး သရဲဘေး သဘက်ဘေး ထိခဲ့သော် ချော်ခဲ့သော် ချွတ်ခဲ့သော် လဲခဲ့သော် ပြိုခဲ့သော် ကျခဲ့သော် စူးခဲ့သော် ရှခဲ့သော် တိုက်ခဲ့သော်

www.dhammaransi.com



ခိုက်ခဲ့သော် နာမှု,သေမှု ဖောက်ပြန်မှု အဘယ်မျှလောက် မြန်နိုင်သည် ဟူ၍လည်းကောင်း ကိုယ်တွေ့မျက်မြင်တို့ကို အစုံအလင်ရှာကြံ၍ ကြည့်ခဲ့လျှင် ဤကိုယ်ခန္ဓာ၏ ဝိပရိဏာမ ဓမ္မသဘောလည်း ထင်ရှားပေါ်လတ္တံ့။

ဤကား-ဆဋ္ဌကောသလ္လဌာနတည်း။

ဤနှစ်ဌာနတို့ကို ဥပမာနှင့်တကွ ဆက်၍ပြဦးအံ့၊ အင်္ဂလိပ် အစိုးရတို့သည် အလွန်ပူလောင်၍ သေစေနိုင်သော အဆိပ်တို့ကို ထည့်ပြီးလျှင် နွားသား ဝက်သား အုမဲသားတို့ကို အတုံးကြီးစွာ မွှေးကြိုင်စွာချက်၍ ခွေးပေါရာဌာနသို့ ချပစ်၍ ထားကြကုန်၏၊ ထိုအသားတုံးတို့၌ အနံ့အရသာတို့သည် ထိုအသားတုံး၌ သာယာကောင်းမြတ်သော အဿာဒတည်း၊ ထိုအသားတုံးတို့၌ ပါရှိသော အဆိပ်ဘေးသည် ထိုအသားတုံးတို့၌ ကြောက်မက်ဖွယ်သော အာဒီနဝဘေးတည်း၊ အဿာဒနှင့် မိအောင်ဖမ်း၍ အာဒီနဝနှင့်သက်မှုတည်း၊ ခွေးတစ်ကောင်သေရာ၌ ဝိုင်း၍သတ်ကြသော လက်သည်ပေါင်းကား--အသားတုံး၏ အဆင်း အနံ့အရသာ အဆိပ် ဗဟိဒ္ဓမှ လက်သည် ၄-ယောက်ရ၏၊ ခွေး၏ စက္ခု ဃာန ဇိဝှါ တဏှာ အဇ္ဈတ္တမှ လက်သည် ၄-ယောက်ရ၏။

ဣဋ္ဌဖြစ်သော အဆင်းအနံ့အရသာမရှိသော မြေကြီးခဲကို အဆိပ်ထည့်၍ ပစ်ထားသော်လည်း ခွေးကိုဖမ်း၍ပေးသော အဿာဒလက်သည်မရှိ၍ ခွေးကို ထိုအဆိပ်မသတ်နိုင်၊ ခွေး၌ စက္ခု ဃာန ဇိဝှါ တဏှာ မရှိလျှင်လည်း ထိုဣဋ္ဌဖြစ်သော အဆင်းအနံ့အရသာတို့သည် ခွေးကိုမိအောင် မဖမ်းနိုင်ကုန်၊ ဖမ်း၍ပေးသူတို့နှင့် အတွေ့ခံလျှင် ဧကန်သေဘေးဆိုက်၏။

ငါးများသော သူတို့၏ ငါးများချိတ်၌ ထားသော သားတစ် ဥပမာကိုလည်း ပြဆိုအပ်၏၊ မိမိရုပ်ခန္ဓာ သားမယားစသော သူတို့၏ရုပ်ခန္ဓာ အဝတ်အစား အသုံးအဆောင်ဖြစ်သော ရုပ်ခန္ဓာစုကို အဆိပ်ထည့်သော သားတစ်တုံးတွေမှတ်၊ ထိုရုပ်ခန္ဓာစုကို စွဲ၍ဖြစ်သော သုခသောမနဿ တဏှာတို့ကို သားတစ်တုံးမှာ ရှိနေသော အဆင်းအနံ့ အရသာတွေမှတ်၊ ထိုရုပ်ခန္ဓာတို့ကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာဟု တဏှာဖြင့် ကိုက်ဟမျိုသွင်း၍ ထားမိသည့်အတွက်ကြောင့် မိမိကိုယ်ကို နေ့ရှိသမျှ ပူလောင် ညှဉ်းပန်း၍နေသော အနိစ္စ ဒုက္ခ ဝိပရိဏာမဟူသော

www.dhammaransi.com



အာဒီနဝတို့ကို ထိုအဆိပ်တုံးမှာပါရှိသော အဆိပ်တွေမှတ်။

- မိမိကိုယ်ကို နေ့ရှိသမျှ အနိစ္စသည် ဘယ်လို ညှဉ်းပန်းသနည်း။
- ဒုက္ခသည် ဘယ်လို ညှဉ်းပန်းသနည်း။
- ဝိပရိဏာမသည် ဘယ်လို ညှဉ်းပန်းသနည်း။

အနိစ္စဆိုသည်ကား ဓမ္မဓာတ်မျိုး တစ်ခုပေတည်း၊ မရဏဓာတ်ကို ဆိုသည်၊ ဖြစ်ဖြစ်သမျှ သင်္ခတဓာတ်တို့ကို အတွင်စား၍နေသော ဓာတ်ဘီလူးမျိုး ဆိုရ၏၊ အတွင်လောင်၍နေသော လောင်မီးမျိုးလည်း ဆိုရ၏၊ ဖွားမြင်သည့်နေ့၌ အမိတိုက်၍ ဝမ်းတွင်းသို့ရောက်သော နို့ရည် ဓာတ်ဆီမှစ၍ သေသည့်နေ့ တိုင်အောင် နေ့စဉ်အတိုင်း မျိုမျိုသမျှသော အာဟာရဓာတ်ဆီတို့ကို အတွင်စား၍ လောင်၍ ပစ်၏။ ။နေ့စဉ်အတိုင်း မျိုမျိုသမျှ အာဟာရတို့ကြောင့် ကိုယ်နှင့် အပြည့်အပြည့် ဖြစ်ပွားကြသော ကမ္မဇရုပ်ခဲ စိတ္တဇရုပ်ခဲ ဥတုဇရုပ်ခဲ အာဟာရဇ ရုပ်ခဲတို့ကိုလည်း အတွင်စား၍ လောင်၍ ပစ်၏။

ထိုဓာတ်ဘီလူး အတွင်စား၍ပစ်သည့်အတွက်ကြောင့် နေ့ဆက် ရက်ဆက် မျိုသွင်းသော်လည်း ကိုယ်တွင်းမှာ တစ်မူး တမတ်မျှ အဖတ်တင်ရသည် မရှိ၊ မီးပုံကြီးထဲသို့ ဆီကို လောင်းသကဲ့သို့ရှိ၏၊ အာဟာရအတွက် ဩဇာတက်၍ မျက်စိမှာ တိုးပွါးသော ရုပ်ခဲတို့ကို မျက်စိရှိ ဓာတ်ဘီလူး အတွင်စား၏ စသည်ဖြင့် တစ်ကိုယ်လုံး သိလေ။

ဥပမာကား- အလွန်အကျင့်အာစာရ ဆိုးရွားသောမယားကို အိမ်သူ ပြုလုပ်၍ အပြင်ပ၌ မိမိစွမ်းရည်ရှိသမျှ ကြိုးကြိုးပမ်းပမ်း လုပ်ကိုင်ရှာကြံ၍ အိမ်သို့အတွင်ပို့၏၊ အိမ်သို့ရောက်လာသမျှကို အိမ်သူမိန်းမက အဓမ္မ အတွင် ဖြုန်း၏၊ တစ်ရာကိုလည်း နေ့ချင်းညချင်း ကုန်အောင်ဖြုန်း၏၊ တစ်ထောင် တစ်သောင်းကိုလည်း နေ့ချင်းညချင်း ကုန်အောင်ဖြုန်း၏၊ ထိုယောကျ်ားသည် အသက်နှင့်အမျှ အလုပ်ခွင်ကထွက်၍ ငြိမ်းချမ်းစွာနေနိုင်ဖို့ အခွင့်မရှိပြီ၊ ထို့ကြောင့် ထိုမိန်းမသည် ထိုယောကျ်ားကို မသေမခြင်း နှိပ်စက်ညှဉ်းပန်းသောသူ စင်စစ် တည်း။

ဤအတူ ခန္ဓာကိုယ်နှင့် အပြည့်ရှိနေသော အနိစ္စ ဓာတ်ဘီလူးသည် ဤလူများအပေါင်းကို နေ့ရှိသမျှ နှိပ်စက် ညှဉ်းပန်းပုံကို သိလေ၊ ပြဆိုခဲ့ပြီးသော

www.dhammaransi.com



ဒုက္ခမှုတွေ နေ့ရှိသမျှ နှိပ်စက်ညှဉ်းပန်းပုံ၊ ဝိပရိဏာမ ဒုက္ခမှုတွေ နေ့ရှိသမျှ နှိပ်စက်ညှဉ်းပန်းပုံများကား သိသာထင်ရှားလှပြီ။

**ဤကား ရုပ်ခန္ဓာ၏ အဿာဒ ဘေးကြီးကျယ်ပုံ**

**အာဒီနဝဘေးကြီးကျယ် ပုံကို ပြဆိုသော အခန်းတည်း။**

**ပဉ္စမ ဆဋ္ဌ ကောသလ္လဌာန နှစ်ပါး ပြီး၏။**

--------

## သတ္တမ ကောသလ္လဌာနပြ

**ယော ရူပသ္မိံ ဆန္ဒရာဂဝိနယော ဆန္ဒရာဂပ္ပဟာနံ ဣဒံ ရူပဿ နိဿရဏံ** ဟူသော- သတ္တမကောသလ္လဌာန၌--

အနမတဂ္ဂသံသရာ၌ မိမိကိုယ်ကို ရုပ်၏ အဿာဒဘေး အာဒီနဝဘေး မပြတ်မစဲ အမြဲနှိပ်စက်၍နေကြောင်းကို သမ္မာဒိဋ္ဌိဉာဏ်အမြင် ပေါက်သောအခါ ထိုရုပ်ခန္ဓာမှ ယခုဘဝ ကျွတ်လွတ်ရန် အပေါက်ကို ပြတော်မူသည်။

ထိုမိမိရုပ်ခန္ဓာ၌ သာယာစွဲလမ်း၍နေသော ဆန္ဒရာဂခေါ်သော သမုဒယသစ္စာ တဏှာသည်ရှိ၏၊ အဘယ်သို့ ရုပ်ခန္ဓာ၌ သာယာစွဲလမ်းသနည်း? ငါ၏ကိုယ်တည်း၊ ငါ၏အင်္ဂါကြီးငယ်တည်း၊ ငါ၏မျက်စိတည်းစသည်ဖြင့် ထင်မှတ်စွဲလမ်း၏၊ ငါမြင်သည်ဟု စက္ခုရုပ်ခဲ၌ စွဲလမ်း၏၊ ငါကြားသည်ဟု သောတရုပ်ခဲ၌ စွဲလမ်း၏၊ ငါနံသည်ဟု ဃာနရုပ်ခဲ၌ စွဲလမ်း၏၊ အရသာကို ငါခံစားသည်ဟု ဇိဝှါရုပ်ခဲ၌ စွဲလမ်း၏၊ အတွေ့အထိကို ငါသိသည်ဟု ကာယရုပ်ခဲ၌ စွဲလမ်း၏၊ ဤသို့စသည်ဖြင့် စွဲလမ်းသည်၊ ထိုစွဲလမ်းသော တဏှာ သမုဒယသစ္စာ ပျောက်ကွယ် ချုပ်ဆုံးမှုသည် ရုပ်ခန္ဓာ၏ ကျွတ်လွတ်မှုတည်း။

**(နိဗ္ဗာနဆိုသည်)**

ထိုသမုဒယသစ္စာတဏှာရှိမှ စုတိ၏နောက်၌ ရုပ်ခန္ဓာအသစ်ပေါ်သည်၊ ယခုဘဝ၌ ထိုတဏှာပြယ်ပျောက်ကုန်ဆုံးခဲ့လျှင် စုတိ၏နောက်၌ ရုပ်ခန္ဓာအသစ်ဖြစ်ပေါ်ခြင်းမရှိပြီ၊ ရုပ်ခန္ဓာ ကျွတ်လွတ်လေ၏၊ သိသာလှပြီ။

**(သတ္တမ ကောသလ္လဌာန ပြီး၏။)**

**ဤတွင် ရွှေ့ကား ရူပက္ခန္ဓာ၌ ကောသလ္လဌာန၇-ပါးကို ပြဆိုခန်းပြီး၏။**

--------------------------

www.dhammaransi.com



## ဝေဒနာက္ခန္ဓာ၌ ကောသလ္လဌာန ၇-ပါး

နောက်ခန္ဓာ လေးပါးတို့၏ ကောသလ္လဌာနတို့ကိုကား အကျဉ်းမျှ သာ ပြဆိုတော့အံ့။

၁။ ဆယိမေ ဘိက္ခဝေ ဝေဒနာကာယာ၊ စက္ခုသမ္ဖဿဇာ ဝေဒနာ, သောတသမ္ဖဿဇာ ဝေဒနာ, ဃာနသမ္ဖဿဇာ ဝေဒနာ, ဇိဝှါသမ္ဖဿဇာ ဝေဒနာ, ကာယသမ္ဖဿဇာ ဝေဒနာ, မနော သမ္ဖဿဇာ ဝေဒနာ, အယံ ဝုစ္စတိ ဘိက္ခဝေ ဝေဒနာ။

၂။ ဖဿ သမုဒယာ ဝေဒနာ သမုဒယော။

၃။ ဖဿ နိရောဓာ ဝေဒနာနိရောဓော။

၄။ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဝေဒနာ နိရောဓဂါမိနီ ပဋိပဒါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ။ ပ။ သမ္မာသမာဓိ။

၅။ ယံ ဝေဒနံ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံ သောမနဿံ၊ အယံ ဝေဒနာယ အဿာဒေါ။

၆။ ယာ ဝေဒနာ အနိစ္စာ ဒုက္ခာ ဝိပရိဏာမဓမ္မာ၊ အယံ ဝေဒနာယ အာဒီနဝေါ။

၇။ ယော ဝေဒနာယ ဆန္ဒရာဂဝိနယော ဆန္ဒရာဂပ္ပဟာနံ၊ ဣဒံ ဝေဒနာယ နိဿရဏံ။

(ခန္ဓဝဂ္ဂသံယုတ္တ-၅၁)

ဘိက္ခဝေ=ရဟန်းတို့၊ ဝေဒနာကာယာ=ဝေဒနာအပေါင်းတို့သည်၊ ဝါ= ဝေဒနာကိုယ်တို့သည်၊ ဣမေ ဆ=ဤခြောက်ပါးတို့တည်း၊ စက္ခုသမ္ဖဿဇာ ဝေဒနာ= စက္ခုအကြည်၌မှီသော ဖဿတရားမှဖြစ်သော ဝေဒနာလည်းကောင်း။ လ။ မနောသမ္ဖဿဇာ ဝေဒနာ=မနောအကြည်၌ယှဉ်သော ဖဿတရားမှ ဖြစ်သော ဝေဒနာလည်းကောင်း။ ။အနက်လွယ်ပြီ။

အဆင်းသဏ္ဌာန်ကို မြင်ကြသောအခါ ကောင်းသည်ဟု စိတ်က ရွှင်လန်း ဝမ်းမြောက်မှုသည် စက္ခုသမ္ဖဿဇာ ဝေဒနာမည်၏၊ နှလုံးမသာမှု ဥပေက္ခာမှု လည်းရှိ၏၊ အသံကို ကြားကြသောအခါ အနံ့ကို နံကြသောအခါ အချိုအချဉ် စသော အရသာကို စားသောက်ကြသောအခါ ကိုယ်အင်္ဂါတွေ့ထိမှုကို ပြုကြသော

www.dhammaransi.com



အခါ ကောင်းသည်ဟု စိတ်ထဲ၌ သိမြင်ကြသောအခါ စိတ်၏ရွှင်လန်း ဝမ်းမြောက်မှုသည် မနောသမ္ဖဿဇာ ဝေဒနာမည်၏။

ရူပက္ခန္ဓာ၏ သတ္တမကောသလ္လဋ္ဌာနတွင် ပဥ္စမဋ္ဌာန၌ အဿာဒဆိုသည်ကား- ဤဝေဒနာခြောက်မျိုးကို ဆိုသည်၊ လှချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာ ဆိုသည်လည်း ဤဝေဒနာ ခြောက်မျိုးပင်။

လောက၌လည်း သက်ရှိ သက်မဲ့ ဖြစ်သောဝတ္ထုတို့၌ ဝေဒနာကို လိုက်၍ ကောင်းသည် မကောင်းသည်ဟု သမုတ်ကြရသည်၊ အဖိုးတန်သည် မတန်သည်ဟု သမုတ်ကြရသည်။

မျက်စိနှင့် ကြည့်ဖို့ဖြစ်သော ဝတ္ထုတို့၌ စက္ခုသမ္ဖဿဇာ ဝေဒနာကို လိုက်၍ အဖိုးတန် မတန် ဖြစ်ရ၏၊ ရွှမ်းရွှမ်းစိုသော ဝေဒနာကို ဖြစ်စေနိုင်သော ဝတ္ထုသည် အဖိုးတန်၏၊ နားနှင့်ကြားဖို့ ဝတ္ထုတို့၌ သောတသမ္ဖဿဇာ ဝေဒနာကို လိုက်၍ အဖိုးတန် မတန် ဖြစ်ရ၏၊ ကြွင်းသော ဝေဒနာတို့၌လည်း ဤနည်းအတူ။

ရူပက္ခန္ဓာ၌ ပြဆိုခဲ့ပြီးသော ပိုး ပုရွက်ဆိတ် သတ္တဝါ ပျားရည် သကာရည် ဥပမာကိုလည်း ဤ၌ဆိုအပ်၏။

**သရုပ်ပြခန်း ပြီး၏။**

သမုဒယနိရောဓတို့၌ စက္ခုဟူသော အဇ္ဈတ္တဓာတ်မှန်နှင့် အဆင်းအရောင်ဟူသော ဗဟိဒ္ဓရူပဓာတ် ပေါင်းဆုံမိကြသောအခါ မျက်စိ၌ စက္ခုသမ္ဖဿဇာဝေဒနာသည် တဖွားဖွားပေါ်၍နေ၏၊ ဗဟိဒ္ဓရူပဓာတ် မျက်ကွယ် ဖြစ်၍ သွားလျှင် စက္ခုပေါ်၌ ဖြစ်ပေါ်သမျှသော ဝေဒနာတို့သည် အကုန်လုံး ကွယ်ပျောက်ကုန်၏။

တဖွားဖွားပေါ်သည်ကား- ဝေဒနာသမုဒယတည်း၊ အကုန်လုံး ကွယ်ပျောက်ကုန်သည်ကား ဝေဒနာနိရောဓတည်း၊ တစ်ဖန် ပေါ်စေလိုပြန်လျှင် ဗဟိဒ္ဓရူပဓာတ်ရှိရာသို့ စက္ခုဓာတ်ကို မျှော်၍ပေးရပြန်၏၊ တည့်တည့်ချိန်မိပြန်လျှင် စက္ခုပေါ်မှာ ဝေဒနာ တဖွားဖွား ပေါ်မြဲ ပေါ်ပြန်၏၊ မျက်နှာလွှဲပြန်လျှင် ပျောက်ဆုံးမြဲ ပျောက်ဆုံးပြန်၏။

သောတမှာလည်း ဗဟိဒ္ဓ အသံမြည်၍ ပေးသောအခါ သောတအကြည်ပေါ်မှာ သောတသမ္ဖဿဇာ ဝေဒနာ တဖွားဖွားပေါ်၏၊ အသံချုပ်စဲ၍ သွားလျှင်

www.dhammaransi.com



ထိုဝေဒနာတို့လည်း အကုန်ချုပ်ဆုံး ကွယ်ပျောက်ကုန်၏၊ တစ်ဖန် ဖြစ်ပေါ်စေလိုပြန်လျှင် အသံကိုဆော်၍ ပေးရပြန်၏။

ဃာနမှာလည်း အနံ့ဆော်၍ ပေးသောအခါ ဃာနအကြည်ပေါ်မှာ ဃာနသမ္ဖဿဇာဝေဒနာ တဖွားဖွား ဖြစ်ပေါ်၏၊ အနံ့ကွာ၍ သွားလျှင် အကုန်လုံး ပျောက်ပြန်၏။

ဇိဝှါမှာလည်း လျှာပေါ်မှာ အချိုအချဉ် စသောအရသာတို့ တင်ထားသောအခါ ဇိဝှါအကြည်ပေါ်မှာ ဇိဝှါသမ္ဖဿဇာဝေဒနာ တဖွားဖွားဖြစ်ပေါ်၏၊ လျှာပေါ်မှာ ရသာရုံဝတ္ထု မရှိပြန်လျှင် အကုန်လုံးချုပ်ပျောက်ပြန်၏။

ကာယမှာလည်း ကြမ်းတမ်းသောအတွေ့ နူးညံ့သောအတွေ့ ရှိသော မြေဓာတ်မျိုး ပူမှု,လောင်မှု,အေးမှု,ချမ်းမှုဟူသော မီးဓာတ်မျိုး တင်းမာမှု လျော့ရဲမှုဟူသော လေဓာတ်မျိုး ဤဖော္ဌဗ္ဗဓာတ်မျိုး အတွေ့အထိမျိုးတို့သည် အတွင်းအပ တစ်ကိုယ်လုံးမှာ ဘယ်နေရာမှာမဆို ထိသမျှသော ကိုယ်အင်္ဂါမှာ ကာယသမ္ဖဿဇာ ဝေဒနာတို့သည် တဖွားဖွားဖြစ်ပေါ်ကုန်၏၊ မထိပြန်လျှင် အကုန်ချုပ်ပျောက်ပြန်ကုန်၏။

မနောမှာလည်း မိမိအလိုရှိသော အာရုံနှင့်တွေ့၍နေဆဲအခါ မနောသမ္ဖဿဇာဝေဒနာ တဖွားဖွားဖြစ်ပေါ်၍နေ၏ အာရုံနှင့် စိတ် မျက်နှာ လွှဲပြန်လျှင် ထိုဝေဒနာအလုံး ကွယ်ပျောက်ပြန်၏။

ပြဆိုခဲ့သော ဝေဒနာခြောက်မျိုး ဖြစ်ပေါ်မှု ပျောက်ကွယ်ပျက်ဆုံးမှုတို့သည် မိမိမိမိတို့ ကိုယ်ခန္ဓာမှာ တစ်နာရီမစဲ ကိုယ်တွေ့ စိတ်တွေ့ချည်း ဖြစ်ကြကုန်၏၊ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ် မရှိကုန်သော သူတို့သည်ကား- ထိုဝေဒနာတို့ကို ငါဟူ၍လည်းကောင်း၊ ငါ၏အတ္တဟူ၍လည်းကောင်း သက္ကာယဒိဋ္ဌိ အစွဲအလမ်း ပြင်းထန်၍ နေကြကုန်၏၊ ချမ်းသာလျှင်လည်း ငါချမ်းသာသည်ဟု စွဲလမ်း၏၊ ဆင်းရဲလျှင်လည်း ငါဆင်းရဲသည်ဟု စွဲလမ်း၏၊ ငါနာသည် ငါနာကျင်သည် ငါပူပင်သည် ငါကိုက်ခဲသည်ဟု စွဲလမ်း၏၊ ငါဝမ်းမြောက်သည် ငါခံစားသည် ငါစံစားသည် ငါအေးချမ်းသည်ဟု စွဲလမ်း၏။

ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ထိုဝေဒနာတို့ကို အနာအိုး အနာပျက်ကြီး၌ ကျ၍နေသော ပိုးလောက်ယယ်တို့ကို မှန်ဘီလူးနှင့် ကြည့်သောအခါ ရွရွရွရွ နေကြ

www.dhammaransi.com



သည်ကို မြင်သကဲ့သို့ အကြည်ဒွါရ ခြောက်ဌာနတို့၌ အာရုံခြောက်ပါး ဆိုက်တိုက်၍နေသောအခါ၌သာ တဖွားဖွား ဖြစ်ပေါ်၍နေမှု အာရုံခြောက်ပါး ကွယ်၍သွားပြန်လျှင် ပျောက်ကွယ်ကုန်ခန်း၍ သွားမှုတို့ကို မြင်သောအခါမှ ထိုသက္ကာယဒိဋ္ဌိကို ပယ်နိုင်သည်။

ဖဿပစ္စယာ ဝေဒနာဟူသည်နှင့်အညီ ထိုဝေဒနာခြောက်ပါးသည် ဖဿခြောက်ပါးမှဖြစ်၏၊ အဘယ်သို့ ဖြစ်သနည်းဟူမူ ဗဟိဒ္ဓမှ အဆင်းအသံ စသည်တို့နှင့် အဇ္ဈတ္တမှ စက္ခုစသည်တို့ ဆုံစည်းဆိုက်တွေ့ကြသောအခါ ထိုအဆင်းအသံအစရှိသော အာရုံတို့ကို စိတ်၏ ကြိတ်နှိပ်ခြင်းဖြင့် ဖိနှိပ် ကြိတ်နယ် မှုကား ဖဿမှုပေတည်း၊ ထိုသို့ဖိနှိပ်ကြိတ်နယ်မှုရှိမှ ကောင်းသောအရသာ ပေါ်သည်၊ အရသာပေါ်မှ ထိုအရသာကို ခံစားစံစားသော ဝေဒနာမှုဖြစ်လာ သည်၊ ထို့ကြောင့် ဝေဒနာဟူသမျှသည် ဖဿမှ ဖြစ်ရသည်ဖြစ်၍ စက္ခုသမ္ဖဿဇာ ဝေဒနာစသည်ဖြင့် အဖနှင့်သားတွဲ၍ ခေါ်ရသည်။

ဖဿသမုဒယာ=ဖဿတရား ဖြစ်ပွားခြင်းကြောင့်၊ ဝေဒနာသမုဒယော=ဝေဒနာတရား ဖြစ်ပွားသည်။ ။ ဖဿနိရောဓာ=ဖဿချုပ်ခြင်းကြောင့်၊ ဝေဒနာနိရောဓော=ဝေဒနာချုပ်ခြင်းဖြစ်ရသည်ဟု ဤသုတ္တန်မှာလည်းဟောတော်မူသည်။

**ဒုတိယ တတိယ ကောသလ္လဌာန နှစ်ပါးပြီး၏။**

စတုတ္ထ ကောသလ္လဌာန၌ကား- ရူပက္ခန္ဓာ၌ ပြဆိုခဲ့ပြီးသော အတိုင်းမှတ်လေ၊ ထိုမှာရူပက္ခန္ဓာကို ပေါက်အောင် ဖောက်သော ဝိဇ္ဇာဉာဏ်ကို သမ္မာဒိဋ္ဌိမဂ္ဂင်ဆိုသည်၊ ဤမှာ ဝေဒနာက္ခန္ဓာကို ပေါက်အောင် ဖောက်သော ဝိဇ္ဇာဉာဏ်ကို သမ္မာဒိဋ္ဌိမဂ္ဂင်ဆိုသည်၊ ဤမျှသာ ထူးခြားကြသည်။

'အဿာဒ အာဒီနဝ' ဟူသော ပဉ္စမ ဆဋ္ဌ ကောသလ္လတို့၌လည်း ထိုမှာ ဝေဒနာနှင့် ဖက်တွဲ၍ အဿာဒကို ဟောတော်မူသည် ဤမှာ သုခသောမနဿဝေဒနာသည် မိမိသည်ပင် အဿာဒတရားကိုယ်ရင်းလည်းဟုတ်၏၊ မိမိကိုစွဲ၍ ဖြစ်သော သုခသောမနဿတစ်ပါးတို့နှင့် ဖက်တွဲ၍လည်း ပြထိုက်၏၊ ရုပ်၏ အဿာဒဘေးထက် ဝေဒနာ၏ အဿာဒဘေးသည် အလွန်တရာ ကြီးကျယ်၏၊ အာဒီနဝဘေးမှာလည်း ရုပ်၏အနိစ္စထက် ဝေဒနာ၏အနိစ္စသည် အလွန်လျင်မြန်၏၊ ကောင်းသော အဆင်းအသံ အစရှိသော အာရုံဝတ္ထုတို့နှင့် တွဲဖက်တွေ့

www.dhammaransi.com



ဆိုင်၍ နေဆဲအခိုက်သာ ဒွါရခြောက်ပါး၌ တဖွားဖွား ဖြစ်ပေါ်၍နေ၏၊ အာရုံနှင့် ကင်းခဲ့လျှင် တစ်ခဏချင်း ပျောက်ဆုံးကွယ်ပ၏၊ ကောင်းသောအရသာ လျှာပေါ်မှာ ရှိနေဆဲအခိုက်၌သာ ထိုအရသာကို ခံစားသော ဝေဒနာ တဖွားဖွား ဖြစ်ပေါ်၍ နေ၏၊ ထိုအရသာကို မျိုခြင်း၄ါ လျှာရင်းသို့ ရောက်လျှင်ပင် ထိုဝေဒနာ ကွယ်ပျောက်၏၊ ခြောက်ဒွါရလုံးမှာ ဤနည်းချည်းပင်၊ ကိုယ်တွေ့ဒိဋ္ဌချည်း၊ ထို့ကြောင့် သတ္တဝါတို့ကို နေ့စဉ်နှိပ်စက်၍နေသော ဝေဒနာ၏ အနိစ္စဘေး ဒုက္ခဘေး ဝိပရိဏာမဘေးသည် အလွန်ကြီးကျယ်လှ၏။ မြင်အောင်ကြည့်လေ။

စတုတ္ထ ပဥ္စမ ဆဋ္ဌ ကောသလ္လဌာန သုံးပါးပြီး၏။

-----------------------

'နိဿရဏ' ဟူသော သတ္တမ ကောသလ္လဌာနမှာ ဝေဒနာ၌ သာယာ သော တဏှာဆန္ဒသမုဒယသစ္စာ ချုပ်ဆုံးလျှင် ဝေဒနာဘေးမှ ကျွတ်လွတ်၏၊ လောက၌ ရွှေငွေကို သာယာတွယ်တာသောသူကိုသာ ရွှေငွေနှင့်စပ်သော ဒုက္ခဘေး နှိပ်စက်နိုင်သည်၊ ရွှေငွေကို သာယာ တွယ်တာသော တဏှာ မရှိလျှင် ရွှေငွေဘေးမှ လွတ်၏၊ ဆင်,မြင်း,ကျွဲ,နွားကို သာယာတွယ်တာသောသူကို ဆင်,မြင်း,ကျွဲ,နွား နှင့်စပ်သော ဒုက္ခဘေး နှိပ်စက်နိုင်၏၊ မသာယာမတွယ်တာလျှင် ထိုဒုက္ခ ကျွတ်လွတ်၏၊ ဤနည်းအတိုင်းမှတ်။

သတ္တမဌာနပြီး၏။

ဝေဒနာက္ခန္ဓာ၌ သတ္တမကောသလ္လဌာန ပြဆိုခန်းပြီး၏။

-------------------

## သညာက္ခန္ဓာ၌ ပဌမ ကောသလ္လဌာန

သညာက္ခန္ဓာမှာ ဝေဒနာက္ခန္ဓာနှင့် ပါဠိအနေ မထူးလှပြီ နောက်ပါဠိတို့၌ ဝေဒနာနေရာမှာ သညာကိုလဲ၍ ရွတ်ရုံမျှသာ ထူးသည်။ ။

**သရုပ်ခြောက်ပါး၌ကား---**

ဆယိ မေ ဘိက္ခဝေ သညာကာယာ၊ ရူပသညာ, သဒ္ဒသညာ, ဂန္ဓသညာ, ရသသညာ, ဖောဋ္ဌဗ္ဗသညာ, ဓမ္မသညာဟု အာရုံခြောက်ပါးနှင့်တွဲ၏။

[ခန္ဓ ဝ၄-နှာ-၅၂]

ရူပသညာ=အဆင်းကို မှတ်သားမှုလည်းကောင်း၊ သဒ္ဒသညာ=အသံကို

www.dhammaransi.com



မှတ်သားမှုလည်းကောင်း၊ ဂန္ဓသညာ=အနံ့ကို မှတ်သားမှုလည်းကောင်း၊ ရသသညာ=အရသာကို မှတ်သားမှုလည်းကောင်း၊ ဖောဋ္ဌဗ္ဗသညာ=ကိုယ်အင်္ဂါ၌ အတွေ့အထိကို မှတ်သားမှုလည်းကောင်း၊ ဓမ္မသညာ=ဓမ္မာရုံကို မှတ်သားမှု လည်းကောင်း။ ။အနက်ပေး။

အမိဝမ်းမှ ဖွားမြင်သည့်ကစ၍ သင်းကားအမိ သင်းကားအဖ သည့်ကို အရှေ့ သည့်ကိုအနောက် သည်ကားနေ့ သည်ကားညဥ့်၊ သင်းကို ထမင်းခေါ်သည် သင်းကိုရေခေါ်သည်' ဤသို့ အစရှိသည်ဖြင့် အကြည့်ဒွါရ ခြောက်ဌာနတို့မှာ ဆိုက်တိုက်လာကုန်သော အာရုံခြောက်ပါးတို့ကို မှတ်သားမှုကို သညာဆိုသည်။ ။ဖြစ်လေရာရာ ဘုံဘဝတို့၌ အရိုးအမျိုး အစဉ်အလာ အလိမ္မာ သိကျွမ်းရာသော အရာဌာနတို့၌ သိမှု,တတ်မှု,ကျွမ်းကျင်မှုပေတည်း။ ။ ရှေ့ငါးပါးကား ထင်ရှားပြီ။

ဓမ္မသညာ ဆိုသည်ကား- စက္ခုကို သိမှတ်သောသညာ၊ သောတကို သိမှတ်သောသညာ၊ ဃာနကို သိမှတ်သော သညာ၊ ဇိဝှါကို သိမှတ်သောသညာ၊ ကာယကို သိမှတ်သောသညာ၊ ကောင်းသောစိတ် မကောင်းသောစိတ်ကို သိမှတ်သောသညာ၊ ဝေဒနာကို သိမှတ်သောသညာ၊ သညာကို၊ စေတနာကို၊ ဝိတက် ဝိစာရကို၊ ဝီရိယကို၊ ဆန္ဒအလိုကို သိမှတ်သော သညာ၊ ဤသည်ကား လောဘတည်းဟု သိမှတ်သော သညာ၊ ဤသည်ကား ဒေါသတည်းဟု၊ မာန တည်းဟု၊ သဒ္ဓါတည်းဟု၊ ပညာ အလိမ္မာတည်းဟု သိမှတ်သောသညာ၊ ဤသည်ကား ပါဏာတိပါတတည်း၊ အဒိန္နာဒါနတည်း၊ မုသားတည်း၊ ဒါနမှုတည်း၊ သီလမှုတည်း၊ အတတ်ပညာ အလိမ္မာမှုတည်းဟု သိမှတ်သောသညာ၊ ဤသို့ အစရှိသည်ဖြင့် လောက၌ ဆရာသမားထံ မသင်မကြားရဘဲ အရပ်ဒေသ အမျိုးအရိုး အလေ့စရိုက်နှင့်ပင် သိမှတ်တတ်ကျွမ်းသော အကောင်းအဆိုး အမျိုးမျိုးသော သိမှု မှတ်မှု တတ်ကျွမ်းမှုသည် ဓမ္မသညာချည်းတည်း။

သူတော်ကောင်းမျိုးဖြစ်လျှင် သူတော်ကောင်းအမှုမျိုး၌ သိကျွမ်းမှုသည် ကောင်းသော ဓမ္မသညာတည်း၊ မူဆိုး တံငါစသော မကောင်းသော အမျိုးဖြစ်၍ မကောင်းသော အမှုတို့၌ သိကျွမ်းမှုသည် မကောင်းသော ဓမ္မသညာတည်းဟု အကောင်း အဆိုးခွဲလေ ဓမ္မသညာကား အလွန်ကျယ်ဝန်း၏၊ မိမိကိုယ်၌လည်း

www.dhammaransi.com



ကောင်း သူတစ်ပါး၌လည်းကောင်း သညာကို ဓာတ်အသီးအခြား တစ်ခုအနေနှင့် မြင်အောင် ထင်အောင် ခွဲခြမ်း၍ ကြည့်လေ။

လောက၌ ငါမှတ်မိသည် ငါသိသည်ဟု စွဲလမ်းမှုကား သက္ကာယဒိဋ္ဌိ အပူတည်း၊ တစ်ကိုယ်လုံးရှိ နူနာ၌ ကျ၍နေသော အလွန်သိမ်မွေ့လှသော ပိုးငယ်တို့ကို မှန်ဘီလူးနှင့် ကြည့်သောအခါ ရွရွရွရွ ထင်မြင်ရသကဲ့သို့ တစ်ကိုယ်လုံးရှိ အကြည်ဒွါရ ခြောက်ဌာနတို့၌ အာရုံခြောက်ပါးမစဲ ဆိုက်တိုက်မှုကြောင့် အကြည် ခြောက်ဖြာ နူနာကြီးအတွင်း၌ ဤကားမည်သူ ဤကားမည်ဝါ ဤကား ဘယ်ဟာဟု တဖွားဖွား တရှိန်ရှိန် မပြတ်မစဲ ဖြစ်ပေါ်၍နေသော သညာဓာတ် ခြောက်မျိုးတို့ကို သမ္မာဒိဋ္ဌိမဂ္ဂင်တည်းဟူသော မှန်ဘီလူးဖြင့် ငါမဟုတ်ကြောင်း သညာဓာတ် အသီးအခြားဖြစ်ကြောင်း မြင်အောင်ကြည့်နိုင်မှ သက္ကာယဒိဋ္ဌိ ပျောက်ကင်းသည်၊ မျက်စိမွဲလှသော နူနာကြီးရှင်သည် မှန်ဘီလူး မတတ်ဘဲ ပကတိမျက်စိနှင့် ကြည့်သောအခါ ထိုပိုးငယ်တို့ကို မိမိကိုယ်သွေး ကိုယ်သားပဲ ငါ့ကိုယ်ပဲ ငါပဲ အတပ်ထင်မှတ် စွဲလမ်းလတ္တံ့၊ မှန်ဘီလူးတပ်၍ ကြည့်သောအခါမှ ရွရွရွရွ မြင်၍ ပိုးတွေမှန်းသိ၍ အသည်းတုန်လတ္တံ့။

**သညာက္ခန္ဓာ၌ ပထမ ကောသလ္လဌာနပြီး၏။**

**နောက်နောက်သော ကောသလ္လဌာနတို့ကို ဝိညာဏက္ခန္ဓာသို့ကျမှ အကုန်ပေါင်း၍ ပြဆိုမည်။**

## သင်္ခါရက္ခန္ဓာ၌ ပထမ ကောသလ္လဌာန

၁။ ဆယိ မေ ဘိက္ခဝေ သင်္ခါရာ၊ ရူပသဉ္စေတနာ, သဒ္ဒသဉ္စေတနာ, ဂန္ဓသဉ္စေတနာ, ရသသဉ္စေတနာ, ဖောဋ္ဌဗ္ဗသဉ္စေတနာ, ဓမ္မသဉ္စေတနာ၊ ဣမေ ဝုစ္စန္တိ ဘိက္ခဝေ သင်္ခါရာ။

၂။ ဖဿသမုဒယာ သင်္ခါရ သမုဒယော။

၃။ ဖဿနိရောဓာ သင်္ခါရနိရောဓော။

၄။ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ သင်္ခါရနိရောဓဂါမိနီ ပဋိပဒါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ။လ။ သမ္မာသမာဓိ။

၅။ ယံ သင်္ခါရေ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံ သောမနဿံ၊ အယံ သင်္ခါရာနံ အဿာဒေါ။

www.dhammaransi.com



၆။ ယေ သင်္ခါရာ အနိစ္စာ ဒုက္ခာ ဝိပရိဏာမဓမ္မာ၊ အယံ သင်္ခါရာနံ အာဒီနဝေါ။

၇။ ယော သင်္ခါရေသု ဆန္ဒရာဂဝိနယော ဆန္ဒရာဂပ္ပဟာနံ၊ ဣဒံ သင်္ခါရာနံ နိဿရဏံ။

(ခန္ဓဝဂ္ဂ၊ နှာ-၅၂)

**ရူပသဉ္စေတနာ၊ အဆင်းမှု၌ စေ့ဆော်သော စေတနာ စသည်ဖြင့် အနက်ပေးလေ။ ။ စေတနာခြောက်ပါး။**

ဤသင်္ခါရက္ခန္ဓာ၌ စေတနာတစ်ခုကိုသာ ပဓာနနည်းအားဖြင့် ပြတော်မူသည်၊ သင်္ခါရက္ခန္ဓာတရားကား အလွန်များပြား၏၊ ထင်ရှားရာစုကို ပြဆိုလိုက်အံ့။

ဖဿ စေတနာ ဧကဂ္ဂတာ မနသိကာရ၊ ဝိတက် ဝိစာရ ဝီရိယ ပီတိ ဆန္ဒ၊ လောဘ ဒေါသ မောဟ ဒိဋ္ဌိ မာန ဣဿာ မစ္ဆေရ ကုက္ကုစ္စ ထိန မိဒ္ဓ ဝိစိကိစ္ဆာ၊ သဒ္ဓါ သတိ ဟိရီ ဩတ္တပ္ပ ပညာ။ ထင်ရှားရာမျှကို ထုတ်သည်။

သင်္ခါရဆိုသည်ကား- ကာယကံမှု ဝစီကံမှု မနောကံမှုပေတည်း၊ ဖဿ၏ သင်္ခါရမှုကို ပြဆိုခဲ့ပြီ၊ စေတနာကို ပြဆိုရန် ဥပမာကား-မီးရထား မီးသင်္ဘောတည်း။

## မီးရထား ဥပမာ

မီးရထား၏သွားမှု၌ ဓာတ်အိုးမှ မှုတ်လိုက်သော လေဟုန်ကြောင့် အလုံးစုံသော စက်ကိရိယာတို့သည် တစ်ပြိုင်နက် လှုပ်ကြကုန်၏၊ ထိုလေသည် မရပ်မနား ဟုပ်ဟုပ်ဟုပ်ဟုပ် မစဲမှုတ်ခြင်းကြောင့် အလုံးစုံသော စက်ကိရိယာတို့သည် မရပ်မနား အဟုန်နှင့်တကွ မြူးကုန်ကြသဖြင့် အတွဲများစွာ ဝန်ကြီးစွာကို အပါရုန်း၍ ရန်ကုန်-မန္တလေး အလွန်ဝေးသောခရီးကို မကြာမီ ရောက်နိုင်လေ၏။

## ဥပမာ-ဥပမေယျ စပ်ဟပ်ချက်

- ဤကိုယ်ခန္ဓာကြီးသည် ရထားနှင့်တူ၏၊
- "နှလုံးအိမ်သည် ဓာတ်အိုးနှင့်တူ၏။"
- နှလုံးအိမ်တွင်းမှ ထ၍မှုတ်လိုက်သော ဇောစေတနာသည် စက်ကိရိယာတို့ကို အကုန်နှိုးလိုက်သော မှုတ်လေနှင့်တူ၏။
- နှလုံးအိမ်မှ ထ၍မှုတ်လိုက်သဖြင့် အလုံးစုံသော ကိုယ်အင်္ဂါ၌

www.dhammaransi.com



အင်္ဂမင်္ဂါနုသာရီလေတို့သည် အဟုန်နှင့်တကွ ထကုန်ကြသဖြင့် အင်္ဂါကြီးငယ်တို့သည် ကြွချီလှုပ်ရှားကြသဖြင့် စက်ကိရိယာတို့ တစ်ပြိုင်နက်လှုပ်ကြကုန်သည်နှင့် တူကြကုန်၏။

မျက်တောင်တစ်ခတ်မျှဖြင့် အကြိမ်တစ်ထောင်မက အဟုန်နှင့်တကွ အတွင်ထ၍ တဟုန်ဟုန်လှုံ့ဆော်သော စေတနာအမှုကြောင့် ကိုယ်ခန္ဓာ အင်္ဂါကြီး ငယ်တို့သည် လိုရာအရပ်သို့ ရှေ့ရှုအဟုန်နှင့် တကွမြူးကုန်ကြသဖြင့် အတွဲများစွာ ဝန်ကြီးစွာကို အပါယူဆောင်၍ သွားသောရထားနှင့် တူကုန်၏၊ ဤကား- ကာယကံသဉ္စေတနာ ဖြစ်ပုံတည်း။

**ဝစီကံသဉ္စေတနာမှာ ဥဩမှတ်မှုနှင့် ယှဉ်ကြည့်လေ၊ မနောကံသဉ္စေတနာမှာ ဓာတ်အိုး တွင်းမှာ တစီစီဆူပွက်၍ နေသည်နှင့်တူ၏။**

လောဘနှင့်ယှဉ်သော စေတနာသည် လောဘရှေးရှု၍ပေးရာသို့ ကိုယ် အင်္ဂါ နှုတ်အင်္ဂါ စိတ်အင်္ဂါတို့ကို အဟုန်နှင့်တကွ အတွင်လှုံ့ဆော်၍သွား၏။

**[ဒေါသနှင့်ယှဉ်သော စေတနာ၊ ဝိတက် ဝီရိယ စသည်တို့နှင့် ယှဉ်သော စေတနာတို့ကိုလည်း ဆိုလေ၊ သဒ္ဓါမှုသတိမှုပညာမှု ဒါနမှု သီလမှု ကောင်း သောအမှု, မကောင်းသောအမှုတို့ကို အကုန်ဆိုလေ။ ။ ကြွင်းသော ပြဆို ခဲ့ပြီးသော သဉ္စေတနာဓာတ်တို့၏လည်း သူ့လမ်းနှင့်သူ ကိုယ်အင်္ဂါ နှုတ်အင်္ဂါ စိတ်အင်္ဂါတို့ကို အဟုန်နှင့်တကွ ထကြွလှုံ့ဆော်မှုတွေကို သိလေ။]**

ဤသဉ္စေတနာဓာတ်တို့၏ အချက်အလက်တွေကို နေရာကျ မသိကုန်သော သူတို့အား သက္ကာယဒိဋ္ဌိစွဲလမ်း ချက်ချည်းဖြစ်၍ကုန်၏၊ အလုံးစုံသော ကိုယ်အင်္ဂါမှုတို့မှာ ငါပြုသည် ငါလုပ်သည် ငါထသည် ငါထိုင်သည် စသည်ဖြင့် လည်းကောင်း ငါပြောသည် ငါဆိုသည် စသည်ဖြင့်လည်းကောင်း ငါကြံသည် ငါသိသည်စသည်ဖြင့်လည်းကောင်း သက္ကာယဒိဋ္ဌိစွဲလမ်း ချက်ချည်းဖြစ်၍ကုန်၏ အလုံးစုံသော ကာယကံမှု ဝစီကံမှု မနောကံမှုတို့၌ အတွင်လှုံ့ဆော်သော စေတနာ သည် စက်ကိရိယာ အလုံးစုံကို တဟုန်တည်းလှုပ်စေ မြူးစေနိုင်သော မှုတ်လေ ဟပ့်လေနှင့်တူလှ၏၊ ထို့ကြောင့် သဉ္စေတနာက္ခန္ဓာမှာ စေတနာဓာတ်တစ်ပါးကို ပဓာန အားဖြင့် ဟောတော်မူသတည်း။

www.dhammaransi.com



## စွဲလမ်းပုံ အမျိုးမျိုး

သက္ကာယ ဒိဋ္ဌိ စွဲလမ်းချက်တွေကို အတန်ငယ်ပြဆိုဦးအံ့. . . .

ငါ စိတ်နှင့် တွေ့သည်။ (ဖဿစေတသိက်ကိုစွဲလမ်းချက်)

ငါ စိတ်ချမ်းသာသည်။ ငါ စိတ်မချမ်းသာသည်။ ငါဝမ်းမြောက်သည်။

ငါ ဝမ်းနည်းသည်။ (ဝေဒနာစေတသိက်ကို စွဲလမ်းချက်)

ငါ သိသည်။ ငါမှတ်မိသည်။ (သညာစေတသိက်ကို စွဲလမ်းချက်)

ငါ စိတ်တည်ကြည်သည်။ (ဧကဂ္ဂတာစေတသိက်ကို စွဲလမ်းချက်)

ငါ နှလုံးသွင်းသည်။ (မနသိကာရစေတသိက်ကို စွဲလမ်းချက်)

ငါ ကြံဖန်သည်။ (ဝိတက်စေတသိက်ကို စွဲလမ်းချက်)

ငါ စဉ်းစားသည်။ (ဝိစာရစေတသိက်ကို စွဲလမ်းချက်)

ငါ အားထုတ်သည်။ (ဝီရိယစေတသိက်ကို စွဲလမ်းချက်)

ငါ နှစ်သက်သည်။ (ပီတိစေတသိက်ကို စွဲလမ်းချက်)

ငါ ကြည့်လိုသည်၊ ငါ ကြားလိုသည်၊ ငါ ဘယ်ဟာကို ပြုလိုသည်၊ သွားလိုသည်၊ လာလိုသည်၊ ပြောလိုသည်၊ ဆိုလိုသည်၊ ငါ သိလိုသည်၊ ရလိုသည်၊ ယူလိုသည်။ (ဆန္ဒစေတသိက်ကို စွဲလမ်းချက်)

ငါ ချစ်သည်၊ ငါ ခင်သည်၊ ငါ စုံမက်သည်၊ ငါ လိုချင်သည်၊ ငါ တွယ်တာသည်။ (လောဘစေတသိက်ကို စွဲလမ်းချက်)

ငါ မုန်းသည်၊ ငါ မြင်ပျင်းသည်၊ ငါ စိတ်ဆိုးသည်၊ ငါ ငြိုးသည်၊ ငါ စိတ်ပူသည်။ (ဒေါသစေတသိက်ကို စွဲလမ်းချက်)

ငါ မသိသည်၊ ငါ တွေဝေသည်။ (မောဟစေတသိက်ကို စွဲလမ်းချက်)

ငါ အယူမှားသည်။ (ဒိဋ္ဌိစေတသိက်ကို စွဲလမ်းချက်)

ငါ အညံ့မခံချင်သည်၊ ငါ သာချင်သည်၊ ငါက သာသည်၊ ငါ တုဘက်နိုင်သည်။ (မာနစေတသိက်၌ စွဲလမ်းချက်)

ငါ ငြူစူသည်။ (ဣဿာစေတသိက်၌ စွဲလမ်းချက်)

ငါ နှမြောသည်၊ ငါဝန်တိုသည်။ (မစ္ဆရိယစေတသိက်၌ စွဲလမ်းချက်)

ငါ ပျင်းရိသည်။ (ထိန မိဒ္ဓ၌ စွဲလမ်းချက်)

www.dhammaransi.com



ငါ မခွဲခြမ်းနိုင်သည်။ (ဝိစိကိစ္ဆာစာတ်၌ စွဲလမ်းချက်)

ငါ ကြည်ညိုသည်၊ ငါယုံကြည်သည်။ (သဒ္ဓါစာတ်၌ စွဲလမ်းချက်)

ငါ မမေ့သည်။ (သတိစာတ်၌ စွဲလမ်းချက်)

ငါ တတ်သိ လိမ္မာသည်။ (ပညာစာတ်၌ စွဲလမ်းချက်)

မကောင်းမှု ပြုရမည်ကို ငါရှက်သည်၊ ငါကြောက်သည်။ (ဟိရီ ဩတ္တပ္ပ၌ စွဲလမ်းချက်)

ငါ သတ်သည်။ (ပါဏာတိပါတ ဟူသော စေတနာစာတ်၌ စွဲလမ်းချက်)

ငါ ခိုးသည်၊ ငါတိုက်သည်။ (အဒိန္နာဒါန်ဟူသော စေတနာစာတ်၌ စွဲလမ်းချက်)

ငါလှူဒါန်းသည်၊ ငါပေးကမ်းသည်။ (ဒါနစေတနာစာတ်၌ စွဲလမ်းချက်)

ဤသို့အစရှိသည်ဖြင့် သက္ကာယဒိဋ္ဌိ စွဲလမ်းချက်သည် အလွန်များပြားလှ၏၊ ငရဲမီး မျိုးစေ့ချည်းတည်း၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဝိပဿနာဉာဏ်တို့၏ အန္တရာယ်ချည်းတည်း၊ နိဗ္ဗာန်၏ ဘေးရန်ကြီးတွေတည်း၊ သံသရာ၏ ဤမှာ ဖက်ကမ်းတည်း၊ ထိုစွဲလမ်းချက်စု ကျွတ်လွတ်မှုသည် သံသရာ၏ ထိုမှာဖက်ကမ်းဖြစ်သော နိဗ္ဗာန်တည်း၊ ထိုစွဲလမ်းမှုစုသည် သံသရာ၌နစ်မှုတည်း၊ ထိုစွဲလမ်းချက်စု ကျွတ်လွတ်မှုသည် သံသရာ၏ ကမ်းတစ်ဖက်သို့ရောက်မှုတည်း။

**သက္ကာယဒိဋ္ဌိ ဟူသော အဝီစိငရဲမီးတွေကို ရိပ်မိရုံမျှ ပြလိုက်သည်။**

စေတနာစာတ်တစ်ခုကို သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ထင်လင်းစွာ ခွဲခြမ်း၍ မြင်သောအခါ စေတနာစာတ်၌ စွဲလမ်းသော သက္ကာယဒိဋ္ဌိငရဲမီးသေ၏၊ စေတနာ၌သေလျှင် ကြွင်းသောစာတ်တို့၌ စွဲလမ်းသော ငရဲမီးတို့သည် သေကုန်တော့သည်၊ ထိုကြောင့်စေတနာတစ်ခုကိုသာ သင်္ခါရက္ခန္ဓာ၌ ဟောတော်မူသည်၊ ကြွင်းသော သင်္ခါရစာတ်တို့သည်လည်း လောက၌ လူတိုင်းပြောဆိုနေကြသောစာတ်စုပင်တည်း။

**သင်္ခါရက္ခန္ဓာ၌ ပထမ ကောသလ္လဌာနကို ပြဆိုချက် ပြီး၏။**

---------

www.dhammaransi.com



## ဝိညာဏက္ခန္ဓာ၌ ပဌမ ကောသလ္လဌာန

၁။ ဆယိမေ ဘိက္ခဝေ ဝိညာဏကာယာ၊ စက္ခုဝိညာဏံ, သောတဝိညာဏံ, ဃာနဝိညာဏံ, ဇိဝှါဝိညာဏံ, ကာယဝိညာဏံ, မနောဝိညာဏံ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဝိညာဏံ။

၂။ နာမရူပသမုဒယာ ဝိညာဏသမုဒယော။

၃။ နာမရူပနိရောဓာ ဝိညာဏနိရောဓော။

၄။ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဝိညာဏနိရောဓဂါမိနီပဋိပဒါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ ။ ပ။ သမ္မာသမာဓိ။

၅။ ယံ ဝိညာဏံ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံ သောမနဿံ၊ အယံ ဝိညာဏဿ အဿာဒေါ။

၆။ ယံ ဝိညာဏံ အနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ အယံ ဝိညာဏဿ အာဒီနဝေါ။

၇။ ယော ဝိညာဏသ္မိံ ဆန္ဒ ရာဂဝိနယော ဆန္ဒရာဂပ္ပဟာနံ၊ ဣဒံ ဝိညာဏဿ နိဿရဏံ။

[ပါဠိတော် အနက်လွယ်ပြီ။]

လဝန်းသဏ္ဌာန်ကို ကြည့်လို၍ မျက်စိကို ချိန်ရွယ်သဖြင့် မျက်စိနှင့်လရွယ်မိကြသောအခါ လဝန်းအရိပ်သဏ္ဌာန်သည် စက္ခုဟူသော အဇ္ဈတ္တမှန်အကြည်ထဲတွင် ထင်းခနဲပေါ်၏၊ လောက၌ ဖလ်အကြည် မှန်အကြည် ရေအကြည် ရှိရာတို့၌ နေရိပ် လရိပ် လူရိပ် စသည်ပေါ်မြဲ အတိုင်းပင်တည်း၊ မျက်စိဟူသော အဇ္ဈတ္တမှန်အကြည်မှာ ထိုလဝန်းအရိပ်အသွင်၏ ထင်မှုပေါ်မှုသည် ပရမတ္ထသဘောအားဖြင့် မိုးကြိုးမှန်သကဲ့သို့ ပြင်းထန်၏၊ ထိုအခါ လဝန်းသဏ္ဌာန်အရိပ် ခိုက်တိုက်ထိပါးသော ဒဏ်ဟုန်ဒဏ်ချက်ကြောင့် စက္ခုအကြည်ထဲမှာ စက္ခုဝိညာဏ်ခေါ်သောစိတ်သည် တဖွားဖွားဖြစ်ပေါ်လေ၏၊ မျက်နှာလွှဲပြန်လျှင် လရိပ်ပျောက်ပြန်၏၊ စိတ်ဓာတ်လည်း အကုန်ချုပ်ကွယ်ပျောက်ဆုံးလေ၏၊ မမြင်ပြန်ဘူးဟု ပြောဆိုရ၏၊ အမြင်ဆိုသည်ကား ထိုဝိညာဏဓာတ်ပင်တည်း၊ မမြင်ဆိုသည်ကား ထိုဝိညာဏဓာတ် ပျောက်ပြယ် ကွယ်ဆုံးမှုတည်း၊ ဖလ်ကြည် မှန်ကြည် ရေကြည် ဆီကြည်တို့၌ကား ထိုထိုအရိပ်အသွင်

www.dhammaransi.com



အဆင်းသဏ္ဌာန်ထင် ပေါ်ငြားသော်လည်း ဥတုဇဝဏ္ဏအကြည်ကြမ်းစုဖြစ်၍ ဝိညာဏဓာတ် ဖြစ်ပေါ်မှု မရှိ၊ မျက်စိဖြင့် မြင်သည်ဟု ဖြစ်ကြသမျှမှာ ဤနည်းချည်းမှတ်။

ကြည်လှစွာသော မှန်အပြင်၌ မျက်နှာကိုပြ၍ နေဆဲ၌ မှန်ထဲမှာ မျက်နှာရိပ် ပေါ်၍နေ၏၊ မျက်နှာလွှဲလျှင် မှန်ထဲမှာ မျက်နှာရိပ် ပျောက်လေ၏၊ ဤ ဥပမာနှင့်တူစွာမှတ်၊ မြင်သေး၏ မမြင်ဘူးဟု သိကြ၏၊ ဓာတ်ပေါ်မှု ဓာတ်ချုပ်မှုဟု မသိကြ။ ။

ဤကား စက္ခုဝိညာဏဓာတ်ကို ပြဆိုခန်းတည်း။

ဤနည်းကို မှီ၍ ဗဟိဒ္ဓမှ သဒ္ဒါရုံဟူသော အသံလုံး အသံခဲတို့သည် အဟုန်နှင့်တကွ မိုးကြိုးမှန်သကဲ့သို့ ပြင်းထန်စွာ ခိုက်တိုက်၍နေဆဲအခါမှ သောတအကြည်မှာ သောတဝိညာဏဓာတ် တဖွားဖွား ဖြစ်ပေါ်၍နေ၏၊ အသံပျောက်လျှင် ပျောက်ကွယ်လေ၏၊ ကြားသေး၏ မကြားဘူးဟု သိကြရ၏၊ ဓာတ်ပေါ်မှု ဓာတ်ချုပ်မှုဟု မသိကြ။

ဗဟိဒ္ဓမှ ဂန္ဓာရုံဟူသော အနံ့လုံးခိုက်တိုက်ထိပါး၍ နေဆဲအခါမှ ဃာနအကြည်မှာ ဃာနဝိညာဏဓာတ် တဖွားဖွားဖြစ် ပေါ်၍နေ၏ အနံ့ကွယ်ပြန်လျှင် ထိုဝိညာဏဓာတ် ပျောက်ဆုံးပြန်၏၊ နံသေး၏၊ မနံဘူးဟု သိကြ၏၊ ဓာတ်ပေါ်မှု ဓာတ်ချုပ်မှုဟု မသိကြ၏။

လျှာပေါ်သို့ အချိုအချဉ်စသောအရသာတို့ကို တင်ထား၍ တိုက်ခိုက်ထိပါးနေသောအခါမှ ဇိဝှါအကြည်ပေါ်မှာ ဇိဝှါဝိညာဏဓာတ်ဖြစ်ပေါ်၏ ရသာရုံ ကင်းကွာ၍သွားလျှင် ပျောက်ဆုံးပြန်၏ လျှာအတွေ့ရှိသေး၏၊ မရှိဘူး ဟုသိကြ၏ ဓာတ်ပေါ်မှု ဓာတ်ချုပ်မှုဟု မသိကြ။

မြေဓာတ် မီးဓာတ် လေဓာတ်သုံးပါးတွင် တစ်ပါးပါးသည် တစ်ခုခုသော ကိုယ်အင်္ဂါအစိတ်မှာ ထိပါး၍နေဆဲအခါ၌ ထိရာ ကိုယ်အင်္ဂါအစိတ်မှာ ကာယဝိညာဏဓာတ် ပေါ်၍နေ၏ အထိမရှိပြန်လျှင် ချုပ်ဆုံးကွယ်ပျောက်ပြန်၏၊ အေးမြသောရေ, အေးမြသောလေတို့သည် ကျောက်ကုန်း ကျောက်ပြင်မှာ ထိပါးကုန်အံ့၊ ကျောတစ်ပြင်လုံးမှာ ကာယဝိညာဏ်စိတ်တို့သည် တလျှမ်းလျှမ်းဖြစ်ပေါ်

www.dhammaransi.com



ကုန်၏၊ ထိုအခါ ကျောအေးသည် ကျောချမ်းသည်ဟုဖြစ်ရ၏၊ ရေ လေကွယ်၍ သွားပြန်လျှင် ထိုစိတ်ဓာတ်ကွယ်ပျောက်၍ကုန်ပြန်၏၊ အအေးပျောက်ပြီ အချမ်းပျောက်ပြီဟု သိကြ၏၊ ဓာတ်ပေါ်မှု ဓာတ်ပျောက်မှုဟု မသိကြ။

ပူလှစွာသော နေပူမှာနေသောအခါ တစ်ကိုယ်လုံးပူ၍အိုက်၍ နေသည်ကို သိကြ၏၊ တစ်ကိုယ်လုံး ကာယဝိညာဏဓာတ် လျှမ်းလျှမ်းတောက် ပေါ်၍နေသည်ဟု မသိကြ၊ ဦးခေါင်းတွင်း ရင်တွင်း ဝမ်းတွင်းစသော အတွင်းသဏ္ဍာန်တစ်လျှောက်လုံးမှာနာလျှင် နာသည်ဟုသိ၏၊ ကျင်လျှင် ကျင်သည်ဟု သိ၏၊ ထုံလျှင် ထုံသည်ဟုသိ၏၊ ကိုက်လျှင် ကိုက်သည်ဟုသိ၏၊ ခဲလျှင် ခဲသည်ဟု သိ၏၊ ပူလျှင် ပူသည်ဟုသိ၏၊ ညောင်းလျှင် ညောင်းသည်ဟုသိ၏၊ ထိုအမှုစုကို ဓာတ်ပေါ်မှုဟု မသိကြ ရိပ်မိလောက်ပြီ။

[အထက်၌ပြခဲ့သော နွားနာကြီးမှာ ပိုးယင်တို့ ကျသော ဥပမာ- မှန်ရိပ် ဥပမာ အလုံးစုံတို့နှင့် ယှဉ်၍ဓာတ်ကွဲအောင် ခွဲ၍ကြည့်လေ။]

နှလုံးအိမ်တွင်းမှာ စမ်းရေစိမ့်ရေ တပွက်ပွက်ထွက်ပေါ်၍ နေသကဲ့သို့ ဘဝင်စိတ်ဟူသော တလက်လက်တလင်းလင်း အမြဲဖြစ်ပေါ်၍နေသော မနောဟူသောအကြည် ဓာတ်မှန်မျိုးသည် ရှိ၏၊ မျက်စိမှာ ခိုက်တိုက်သမျှသော အဆင်းသဏ္ဍာန်စုသည် ထိုမနောမှာလည်း တစ်ပြိုင်နက် ခိုက်ထိပေါ်ထွန်း၏၊ လဝန်းကို ကြည့်သောအခါ မျက်စိမှာ လဝန်းသဏ္ဍာန်တစ်ခု နှလုံးအိမ်တွင်း မနောအကြည်မှာ လဝန်းသဏ္ဍာန်တစ်ခု တစ်ပြိုင်နက် တစ်ချက်တည်း ပေါ်လေ၏၊ မျက်နှာလွှဲ၍ စက္ခုအကြည်မှာ လဝန်းသဏ္ဍာန် ပျောက်ကွယ်၍ သွားသော်လည်း နှလုံးအိမ်ထဲမှာပေါ်သော လဝန်းသဏ္ဍာန်ကား ရုတ်တရက် မကွယ်တည့် ဖြည်းဖြည်းမှ ကွယ်သည်။

ဤ နည်းအတူ မိုးသံ လေသံ လူသံ ခွေးသံ အစရှိသော အသံဓာတ်မျိုးတို့သည် နားဟူသောဓာတ်မှန် အကြည်မှာ ခိုက်တိုက် ထင်ပေါ်သောအခါ နှလုံးမနောတိုင်အောင် တစ်ပြိုင်နက် ထိုးဝင်ထင်ပေါ်လေ၏။

အနံ့ဟူသော ဂန္ဓာရုံတို့သည် နှာဟူသော ဓာတ်မှန်အကြည်မှာ ခိုက်တိုက်သောအခါ နှလုံးမနောတိုင်အောင် တစ်ပြိုင်နက် ထိုးဝင်ထင်ပေါ်လေ၏။

လျှာပေါ်မှာ ရောက်သော ရသာရုံတို့သည်လည်း ဇိဝှါအကြည်မှာ မနော

www.dhammaransi.com



တိုင်အောင် ထိုးဝင်ခိုက်တိုက်လေ၏။

တစ်ကိုယ်လုံးတွင် တစ်ခုခုသော ကိုယ်အစိတ်မှာ ခိုက်တိုက်ကြသော ဖောဋ္ဌဗ္ဗာရုံတို့သည်လည်း ခဏချင်း နှလုံးတွင်းသို့ ပေါက်ကြလေကုန်၏။

လူကောင်သဏ္ဌာန်ရှိသော မှန်တုံးကြီးတစ်ခုရှိရာ၏၊ ထိုမှန်တုံးကြီး၏ အတွင်းမှာ ပုဏ္ဏကဘီလူးယူခဲ့သော ဝေပုလ္လကျောက်နှင့်တူသော အမျက်ကျောက်ကြီးတစ်ခု ရှိရာ၏၊ အရပ်ရှစ်မျက်နှာ၌ ရှိကြကုန်သော အိမ်ရာဝင်းခြံ သစ်ပင် တောတောင် နေ လ နက္ခတ် လူ နွား ကျွဲစသော ဝတ္ထုဒြဗ်တို့သည် ထိုမှန်တုံးတွင် အရိပ်ထင်ကြသောအခါ အမျက်ကျောက်ကြီးမှာလည်း တစ်ပြိုင်နက် တစ်ချက်တည်း ထင်ပေါ်ကြကုန်၏၊ မှန်တုံးမှာလည်း နေဝန်းသဏ္ဌာန်တစ်ခု မြင်ရ၏၊ အမျက်ကျောက်မှာလည်း နေဝန်းသဏ္ဌာန်တစ်ခုမြင်ရ၏၊ ဤနည်း အတိုင်းသိလေ။

ဤကား စက္ခု သောတ ဃာန ဇိဝှါ ကာယဟူသော အကြည်ပေါက် ငါးပေါက်မှ ထိုးဝင်၍ ဟဒယဓာတ်အိမ်တွင်းရှိ မနောအကြည်မှာ အာရုံငါးပါး ထင်ရှားပေါ်ပုံ အစီအရင်တည်း။

ထိုအကြည်ပေါက် ငါးပါးနှင့်ကင်း၍ မနောအကြည်သက်သက်တွင် ထင်ကြပေါ်ကြသော အာရုံကား အလွန်များပြား၏၊ စိတ်ကူးစိတ်ကြံ သက်သက်နှင့် သိရထင်ရမြင်ရသော အာရုံစုသည် မနောသက်သက်တွင် ထင်ပေါ်သော အာရုံစုပေတည်း၊ ရှေ့အကြည် ငါးမျိုး၌ကား မျက်စိဥပစာ နားဥပစာစသော ဥပစာတွင် ထင်ရှားရှိသော အာရုံငါးပါးသည်သာ ထင်နိုင်သည်၊ မနောအကြည်မှာမူကား တစ်သက်လုံး မြင်ဘူးသမျှ တွေ့ဘူး ကြံဘူးသမျှ ကြားဘူးသမျှ အကုန်ထင်နိုင်သည်၊ ထိုမနောအကြည်သည် သဗ္ဗညုမနောအကြည် ပစ္စေကဗုဒ္ဓမနောအကြည် အဂ္ဂသာဝက မဟာသာဝက ပကတိသာဝကမနောအကြည် တိဟိတ်မနောအကြည် ဒွိဟိတ်မနောအကြည် အဟိတ်မနောအကြည် လူတို့၏ မနောအကြည် ဘုမ္မစိုးနတ်တို့၏ မနောအကြည် စာတုမဟာရာဇ် တာဝတိံသာ စသောအထက်အထက် နတ်ပြဟ္မာတို့၏ မနောအကြည်ဟူ၍ သင့်ရုံကြည် အလွန်ကြည် အလွန်ထက်အလွန်ကြည် အဆင့်ဆင့် အနန္တများပြား၏။

သဗ္ဗညု မနောအကြည်ကြီးသည် အတုမရှိ အဖက်မရှိကြည်၏။ စကြဝဠာ

www.dhammaransi.com



အနန္တ ကမ္ဘာအနန္တ သတ္တဝါအနန္တ သင်္ခါရအနန္တ ဓမ္မအနန္တ ရှိသမျှတို့သည် သဗ္ဗညုမနောအကြည်တွင် အကုန်ပေါ်ကြရကုန်၏၊ သစ္စာလေးပါး တည်းဟူသော သဘော အာရုံတို့သည်ကား ပါရမီရှိသော တိဟိတ်မနောဥ္သာ ထင်ပေါ်ကုန်၏။ ။ဤကား မနောဝိညာဏ်၏ သဘောကို ပြဆိုခန်းတည်း။

**ဤတွင် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဟူသော**
**နာမ်ခန္ဓာလေးပါးတို့၏ ပထမ ကောသလ္လ**
**ဌာနကို ပြဆိုသောအခန်း ပြီး၏။**

-------------------

## နာမက္ခန္ဓာလေးပါးတို့၏ ဒုတိယ တတိယ ကောသလ္လဌာန

ယခုအခါ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ လေးပါးတို့ကို ပေါင်း၍ ဒုတိယကောသလ္လဌာနစသော နောက်ကောသလ္လ ခြောက်ဌာနတို့ကို အကျဉ်းမျှ ပြဆိုပေအံ့။

ရှေ့ခန္ဓာသုံးပါးမှာ ဖဿကို အကြောင်းပြု၍ သမုဒယ နိရောဓကို ဟောတော်မူ၏၊ ဝိညာဏက္ခန္ဓာမှာ နာမ်ရုပ် နှစ်ပါးကို အကြောင်းပြု၍ သမုဒယ နိရောဓကိုဟောတော်မူ၏။

ထူးပုံကိုပြဆိုဦးအံ့---
ဝိညာဏက္ခန္ဓာကို နောက်ဆုံးထား၍ ဟောတော်မူငြားသော်လည်း
**- မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ**
ဟူ၍လည်းကောင်း၊
**- ဆဒွါရာ ဓိပတိရာဇာ**
ဟူ၍လည်းကောင်း၊

ဟောတော်မူသောကြောင့် အကြည်ဒွါရ ခြောက်ဌာန၌ ဖြစ်ကြကုန်သော နာမ်တရားတို့မှာ ဝိညာဏက္ခန္ဓာသည် ရှေ့ဆောင်ဦးစီး အကြီးအမှူးပေတည်း၊ ဝေဒနာ သညာ သင်္ခါရတို့၏ ကိုးကွယ်ရာ ဓာတ်မင်းပေတည်း။

- အကြည်ဒွါရ ခြောက်ဌာန၌ ဆိုက်ရောက် ထင်ပြလာသော အာရုံ ခြောက်ပါးကို အရယူမှုကား ဝိညာဏ်၏ ကိစ္စပေတည်း။

www.dhammaransi.com



- ဝိညာဏ်ယူ၍ ရသောအခါမှ ဖဿက ကြိတ်နယ် ညှပ်ညှစ် အရည်စစ်၍ ဣဋ္ဌရသ အနိဋ္ဌရသ ပေါ်သောအခါမှ ဝေဒနာက သုံးဆောင်ခံစား၏။

- သညာက ကောင်းမကောင်းကို မှတ်၏။

- အမှတ်သညာနှင့် သိရှိပြီးသောအခါမှ ထိုထိုအာရုံဝတ္ထု အမှု ခပ်သိမ်းတို့၏အကျိုးငှါ ကိုယ်အင်္ဂါတို့ကို အတွင်လှုံ့ဆော်မှု နှုတ်အင်္ဂါတို့ကို အတွင်လှုံ့ဆော်မှု စိတ်အင်္ဂါတို့ကို အတွင်လှုံ့ဆော်မှုဟုဆိုအပ်သော စေတနာစသော သင်္ခါရဓာတ်တို့၏ ကိစ္စသည် ဖြစ်၏။

ထို့ကြောင့်--

- ဖဿသည် ဝေဒနာ သညာ သင်္ခါရတို့၏သာ အချုပ်အချာ ဖြစ်၏ ဝိညာဏ်၏ အချုပ်အချာ မဖြစ်။
- ဝိညာဏ်သည်ကား--အားလုံး၏ အချုပ်အချာ ဖြစ်၏၊ သို့သော်လည်း ဝိညာဏ်သည် ဝေဒနာ,သညာ,သင်္ခါရတို့နှင့်ကင်း၍ ဖြစ်နေနိုင်သည် မဟုတ်။

ထို့ကြောင့် ဝိညာဏ်၏ ဖြစ်မှု ချုပ်မှုမှာ နာမ်ကို အချုပ်အချာထား၍ ဟောတော်မူပြန်သတည်း။

မီးတောက်နှင့် ဝိညာဏ်တူ၏၊ ထိုမီးတောက်မှ တခန်းလုံးပြည့် ထွက်သော မီးရောင်နှင့် ဝေဒနာ သညာ သင်္ခါရ သုံးပါးတူ၏၊ မီးတောက် သေပျောက်လျှင် ထိုမီးရောင်တို့သည် တစ်ပြိုင်နက် သေပျောက် ချုပ်ကွယ်ကုန်၏၊ မီးတောက်လျှင် တစ်ပြိုင်နက် ဖြစ်ပေါ်ကြကုန်၏။

ထိုကဲ့သို့ ဝိညာဏ်၏ သမုဒယ နိရောဓကိုမြင်လျှင် ထိုခန္ဓာသုံးပါးတို့၏ သမုဒယ နိရောဓကိုလည်း မြင်နိုင်တော့သည်ဖြစ်၍ဝိညာဏ်ကို ပဓာနပြု၍ သမုဒယ၊ နိရောဓစသည်ကို ပြဆိုပေအံ့သတည်း။

### ဘဝင်မနော၏ သမုဒယ--နိရောဓ

ညဉ့်အခါ အိပ်ပျော်၍နေစဉ် နှလုံးအိမ်၌သာ အလွန်နုန့်လှစွာသော

www.dhammaransi.com



ဘဝင်ခေါ်သော မနောအကြည် စိတ်တစ်မျိုးတည်းသာရှိ၏၊ စက္ခု သောတ ဃာန ဇိဝှါ ကာယ ငါးဒွါရတို့၌ စိတ်ဟူ၍မရှိ၊ ဘဝင်ခေါ်သော မနောအကြည်စိတ် မည်သည် အသေတစ်ပိုင်းဖြစ်၍နေ၏၊ ကိုယ်အင်္ဂါ နှုတ်အင်္ဂါ စိတ်အင်္ဂါတို့ကို လှုပ်ရှားစေတတ်သော စိတ်မျိုးမဟုတ်၊ ယခုပစ္စုပ္ပန် ဘဝ၌ရှိသော အာရုံဝတ္ထုတို့ကို အာရုံပြုနိုင်ယူနိုင်သော စိတ်မျိုးမဟုတ်၊ ရူပက္ခန္ဓာ၌ ထုတ်ပြခဲ့သော ရုပ်တစ်ဆဲ့ ရှစ်ခုတွင် ဟဒယဝတ္ထုရုပ်မှ ဖြစ်ပွား၍ ရွှံ့အိုင်စမ်းပွက်မှ တပွက်ပွက်ထွက်၍ နေသော စမ်းရေကဲ့သို့ တတွေတွေ ဖြစ်၍နေ၏။

ထိုဟဒယဝတ္ထုရုပ်လည်း မဟာဘုတ်၏အကိုင်းအခက်မျှသာဖြစ်၏၊ ရူပက္ခန္ဓာ၌ အာဟာရဓာတ်ဆီ ဩဇာတက်ပွားမှု ဆုတ်ယုတ် လျော့ပါးကုန်ခန်းမှုကို အချုပ်အခြာပြု၍ မဟာဘုတ် ရုပ်ကြီးတို့၏ တစ်ခဏမစဲ တိုးချည် ဆုတ်ချည် ပြောင်းလဲ၍ နေသည့်အတိုင်း ထိုဟဒယရုပ်လည်း တစ်ခဏမစဲ အသစ်အဟောင်း ပြောင်းလဲရ၏၊ ထိုဟဒယဝတ္ထုမှ ပေါက်ပွား၍နေသော ဘဝင်မနောလည်း သူ့ဟဒယဝတ္ထုနှင့်သူ ချုပ်ရာကွယ်ရာမစဲ ပါလေ၏။

ဥပမာကား. . . တိမ်တိုက်အပြင်မှာဖြစ်ပေါ်သော သက်တန့်ရေးသည် ရှိ၏၊ တောင်အစွန်အဖျားမှစ၍ လေဝှေ့သဖြင့် တိမ်တိုက်ပျောက်ကွယ်၍ သွားရာ သူ့တိမ်ခဲနှင့်သူ့သက်တန့် ပျောက်ကွယ်ရာသို့ပါလေ၏ ဤအတူတည်း။

**(တစ်နည်း)** တန်ခိုးကြီးသောနတ်တစ်ယောက်သည် မိမိတန်ခိုးဖြင့် အလွန်ထက်လှစွာသော ယမ်းမှုန့်ကို တစ်ခုသောနေရာမှတန်း၍ အတွင် ဖန်ဆင်း၍ပြေး၏၊ မီးသည်အစမှစ၍အတွင်လောင်၍ အမှီလိုက်၏၊ အစမှစ၍ သူ့ယမ်းမှုန့်နှင့် သူ့မီးတောက် ကုန်ပျောက်ကွယ်ဆုံးလေ၏။ ။(နာရီစဉ်ကို ခရီးပြု၍ ရှုလေ။)

တစ်နာရီခန့်ကာလ ခရီးသို့ရောက်လျှင် ဝတ္ထုရုပ်ပေါင်း အကုဋေမက ချုပ်ဆုံးလေ၏၊ သူ့ဝတ္ထုရုပ်နှင့်သူ့ဘဝင် အစဉ်အတိုင်း ကွယ်ပျောက် ချုပ်ဆုံး ရာပါလေ၏၊ အသစ်အသစ်ဖန်ဆင်း၍ သွားသောယမ်းမှုန့်မှာ အသစ် အသစ် ဖြစ်ပွား၍လိုက်သော မီးတောက်ငယ်ကဲ့သို့ အသစ်အသစ် အစဉ်ဖြစ်ပေါ်၍ နေသော ဝတ္ထုရုပ်ပေါ်မှ ဘဝင်စိတ် အသစ်အသစ် အစဉ်မပြတ် ဖြစ်ပွား၍

www.dhammaransi.com



နေသည်ကို ဝိညာဏသမုဒယဆိုသည်၊ အစမှစ၍ အစဉ်အတိုင်း ယမ်းမှုန့် ကွယ်ပျောက် ကုန်ဆုံးရာ အစဉ်အတိုင်း ချုပ်ကွယ်ပျောက်ဆုံး၍ သွားသကဲ့သို့ အစဉ်အတိုင်း သူ့ဝတ္ထုရုပ်နှင့် သူ့ဘဝင်စိတ် ကွယ်ဆုံး၍သွားသည်ကို ဝိညာဏ နိရောဓ ဆိုသည်။

ဤဘဝင် ဝိညာဏ်ဖြစ်ပွါးမှု ချုပ်ကွယ်မှုမှာ ရုပ်နှင့်ကပ်၍ရှုမှ ဒိဋ္ဌသက်သေ ရနိုင်မည်၊ ဝိညာဏ်သက်သက်နှင့် ဒိဋ္ဌသက်သေမရ၊ ဒိဋ္ဌသက်သေ မရှိမူ၍ ကျမ်းဂန်ဆိုနှင့် ရမ်း၍မှန်း၍ ရှုမှု ကြည့်မှုမျိုးကား ဉာဏသမ္မယုတ်မျိုးမဟုတ်။ ဝိပဿနာမဖြစ်။

**ဘဝင်မနောဟု ဆိုအပ်သော ဝိညာဏ်၏**
**သမုဒယ နိရောဓကို ပြဆိုခန်း ပြီး၏။**

----------------

## ပဥ္စဝိညာဏ်၏ ဒုတိယ တတိယ ကောသလ္လဌာန

ပဥ္စဝိညာဏ၏ ဒုတိယ တတိယ ကောသလ္လဌာနကို ပြဆိုပေအံ့။

၁။ စက္ခုအကြည်၊ မနောအကြည်။
၂။ သောတအကြည်၊ မနောအကြည်။
၃။ ဃာနအကြည်၊ မနောအကြည်။
၄။ ဇိဝှါ အကြည်၊ မနောအကြည်။
၅။ ကာယအကြည်၊ မနောအကြည်။
၆။ သက်သက်သော မနောအကြည်ကြီး ခြောက်လမ်းခွဲ၍ ဝီထိစိတ် တို့ကိုပြဆိုအံ့။

လကိုကြည့်သောအခါ လဝန်းသဏ္ဌာန်သည် စက္ခုအကြည်မှာ တစ်ခု နှလုံးအိမ်တွင်းရှိ မနောအကြည်မှာတစ်ခု တစ်ပြိုင်နက်ပေါ်၏၊ ကျောက်နှင့်မီးခတ် တိုက်ခိုက်ကြသောအခါ မီးပွင့်ငယ်ပွင့်သကဲ့သို့ စက္ခုအကြည်မှာ လဝန်းသဏ္ဌာန် မိုးကြိုးမှန်သကဲ့သို့ ပြင်းထန်စွာ တိုက်ခိုက် ထင်ပေါ်သောအခါ စက္ခုအကြည်မှာ စက္ခုဝိညာဏဓာတ်တစ်ခု ဖွားခနဲဖြစ်ပေါ်၏ နှလုံးအိမ်တွင်းရှိ မနောအကြည်မှာ လဝန်းသဏ္ဌာန် မိုးကြိုးမှန်သကဲ့သို့ ပြင်းထန်စွာထင်ပေါ်၏၊ တိမ်တိုက် ချင်းခတ်

www.dhammaransi.com



ကြ၍ လျှပ်တဝင်းဝင်းပြက်သကဲ့သို့ နှလုံးအိမ်တွင်းမှာ ဝင်းဝင်းတောက်သော မနောဓာတ် မနောဝိညာဏဓာတ်တို့သည် တဖွားဖွားဖြစ်ပေါ်ကုန်၏၊ အလွန် မှေးမှိန်လှစွာသော ဘဝင်ခေါ်သော ပကတိမနောအကြည် ချုပ်ပျက် ရုပ်သိမ်း ကွယ်ပျောက်ရလေ၏။

စက္ခုအကြည်မှာဖြစ်ပေါ်သောဝိညာဏဓာတ်နှင့် နှလုံးအိမ်တွင်းမှာ တဝင်းဝင်းတရှိန်ရှိန်ဖြစ်ပေါ်သော ဝိညာဏဓာတ်တို့သည် လဝန်းသဏ္ဌာန်ကို မျက်မှောက်ထင်ထင် မြင်မှု ကြည့်မှုကို ပြီးစေကြကုန်၏၊ မျက်နှာမလွှဲသမျှ ကာလပတ်လုံး တလက်လက် တလင်းလင်း တဝင်းဝင်း တရှိန်ရှိန် ဖြစ်ပွါး၍ နေကြကုန်၏၊ မျက်နှာလွှဲလိုက်လျှင် လွှဲလိုက်သည်နှင့် တစ်ပြိုင်နက် ထိုဝိညာဏ ဓာတ်တို့သည် ပျောက်ကွယ်ချုပ်ဆုံး၍ ကုန်ကုန်၏။

လျှပ်ရောင်တရှိန်ရှိန်ထသကဲ့သို့ ဝိညာဏဓာတ်စု တရှိန်ရှိန်ထ၍ နေသောအခါ အန္ဓပုထုဇန်တို့မှာ လကိုငါကြည့်သည် ငါရှုသည်၊ ငါမြင်သည်ဟု မှောက်မှားကြရ၏၊ သက္ကာယဒိဋ္ဌိဖြင့် ဝိညာဏဓာတ်ကို ငါဟုစွဲလမ်းမှုတည်း၊ လျှပ်ရောင်ချုပ်ကွယ်ပြန်လျှင် မှောင်အတိဖြစ်၍ သွားပြန်သကဲ့သို့ လနှင့်မျက်နှာ ကွယ်ပြန်လျှင် ဝိညာဏဓာတ်တို့သည် အကုန်ကွယ်ပျောက် ချုပ်ဆုံးကြကုန်၏၊ မမြင်မှုဆိုက်ပြန်၏၊ ထိုအခါ အန္ဓပုထုဇန်တို့မှာ ငါမမြင်ပြန်ဖူးဟု သက္ကာယ ဒိဋ္ဌိဖြစ်ပြန်၏၊ မြင်သောအမှုသည် အကယ်၍ငါမှန်ခဲ့အံ့၊ မမြင်သောအခါ ထိုငါသေဆုံးပြန်ပြီဟု ဆိုရလိမ့်မည်။ (အန္ဓပုထုဇန်တို့ အမှုမဟုတ်ပုံ)။

သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်ပေါက်ကြပေကုန်သော ကလျာဏပုထုဇန် အရိယာ အရှင်တို့မှာ မြင်တတ်သောပုဂ္ဂိုလ်ဟူ၍ သတ္တဝါဟူ၍ ငါဟူ၍ သူဟူ၍ မရှိပြီ၊ လဝန်းနှင့်တိုက်ဆိုင်၍ နေသောအခါ လဝန်းလျှင် အာရုံရှိသော ဝိညာဏဓာတ် အာဂန္တုတို့သည် ဤခန္ဓာအတွင်းမှာ တလင်းလင်း တရှိန်ရှိန် ထ၍နေကုန်၏၊ တိမ်တိုက်တွင်းမှာ လျှပ် အာဂန္တု တဝင်းဝင်းထသကဲ့သို့တည်း၊ မျက်နှာလွှဲပြန်လျှင် ထိုဝိညာဏဓာတ် အာဂန္တုတို့သည် တိမ်တိုက်အတွင်းမှာ လျှပ်အာဂန္တု ကွယ် ပျောက်ပြန်သကဲ့သို့ ကွယ်ပျောက်ချုပ်ဆုံး၍ကုန်ပြန်၏။ ဤသို့မြင်ကြကုန်၏။

ဥပမာ၌--တိမ်တိုက်သည်လျှပ်မဟုတ်၊ လျှပ်သည်တိမ်တိုက် မဟုတ်၊ လျှပ်

www.dhammaransi.com



တခြား၌ တိမ်တိုက်တခြား၊ တိမ်တိုက်ချင်း တိုက်ခတ်မှုကြောင့် လျှပ်အာဂန္တု ဖြစ်ပေါ်သည် ဖြစ်ပေါ်သမျှ လျှပ်ရောင်စုသည် တိမ်တိုက်သို့ပြန်၍ ဝင်တော့သည် မဟုတ်၊ တစ်ခြားတစ်ပါးသို့သွားတော့သည် မဟုတ်၊ အပြီး ကွယ်ပျောက်ချုပ်ဆုံး လေကုန်၏။

ဝိညာဏ ခတ်တို့မှာလည်း ဤနည်းအတူ မြင်အောင်ရှု။

သည်ကိုရည်၍ ဝိသုဒ္ဓိမဂ်၌. . . .

ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိစ၊

ဟုမိန့်ဆိုပေသည်။

အာကာသေ= ကောင်းကင်၌၊ ဝိဇ္ဇုပ္ပါဒေါဝ=လျှပ်၏ဖြစ်ပုံ အလားကဲ့သို့၊ ဓမ္မာ=နာမ်ရုပ်တရားတို့သည်၊ ဥပ္ပဇ္ဇန္တိစ=ဖြစ်ပေါ်ခွင့် ဆိုက်တိုက်လျှင်လည်း တရှိန် ရှိန်ဖြစ်ပေါ်ကုန်၏၊ ဝယန္တိစ=လျှပ်ရောင်ကွယ်ပျောက်သကဲ့သို့ ခဏမစဲ ကွယ်လည်း ကွယ်ပျောက်ကြကုန်၏။

မျက်စိဖြင့် မြင်မြင်သမျှမှာ ဤနည်းချည်းမှတ်လေ။

မျက်တောင်ခတ်သည့်အတွက် မှောင်၍မှောင်၍ သွားသည်မှာလည်း ထိုဝိညာဏခတ်တို့ ကွယ်ပျောက်မှုပင်တည်း၊ မြင်မှု အမြင်ပျောက်ကွယ်မှု နှစ်ပါးသည် ကိုယ်တွေ့မျက်မြင်မှုချည်းတည်း၊ တိမ်တိုက်တစ်ခြား လျှပ်ရောင် တစ်ခြား လျှပ်ရောင်ထမှု လျှပ်ရောင်ချုပ်ပျောက်မှုတို့နှင့် ထပ်တူထပ်မျှ ထင်နိုင် အောင်ကြည့်လေ၊ နေ့လယ်အရောင် အလင်းရှိသောအခါ၌ကား မျက်နှာလှည့်ရာ အရပ်တိုင်းမှာ အဆင်းသဏ္ဍာန် ဝတ္ထုဒြဗ်ရှိသည်ချည်းဖြစ်၍ မျက်နှာလှည့်ရာ တိုင်းမှာ မပြတ်မစဲ အမြဲတိုက်ခိုက်မှု ရှိနေသည်နှင့် တမြင်ထဲ မြင်၍နေသည်ဟု ထင်ရ၏၊ ဝတ္ထုတစ်ခုကိုပြောင်းလျှင် တစ်ခု၌မြင်မှုကွယ်ပျောက်သည်ကား ထင်ရှား ပါ၏။

စက္ခုဒွါရဆိုင်ရာ ဝိညာဏခတ်တို့၏ သမုဒယ နိရောဓ
အခြင်းအရာကို ပြဆိုသော အခန်းပြီး၏။

သောတ ဒွါရဆိုင်ရာ, ဃာနဒွါရဆိုင်ရာ, ဇိဝှါဒွါရဆိုင်ရာ, ကာယဒွါရဆိုင်ရာ ဝိညာဏ်တို့မှာလည်း စက္ခုဒွါရအတိုင်းသိလေ။

မိခင်ဧရာဝတီ

www.dhammaransi.com



နားမှာ သဒ္ဒါရုံဟူသော အသံကြီးအသံငယ် တဟုန်းဟုန်းတည်ညံ့ တစာစာ တစီစီ တိုက်ခိုက်ထင်ပေါ်၍နေသမျှ ကာလပတ်လုံး လျှပ်ရောင်ကဲ့သို့ သောတ အကြည် နှလုံးအိမ်တွင်းတို့မှာ သောတဆိုင်ရာ ဝိညာဏ်အစု အာဂန္တု စိတ်ဓာတ်တို့ တဝင်းဝင်း တရှိန်ရှိန်ထ၍နေကုန်သည် အသံတိတ်စဲ၍ သွားပြန်လျှင် လျှပ်ရောင် ကွယ်ပျောက်သကဲ့သို့ ဝိညာဏအစု အာဂန္တုစိတ်တွေ အကုန်လုံး ကွယ်ပျောက် ချုပ်သေ၍ နေကုန်သည်၊ ဤသို့ စသည်ဖြင့် ဆိုလေ။

အိပ်ပျော်ဆဲ အခါမှတစ်ပါး တစ်နေ့လုံး တစ်ညလုံး အကြည်ဒွါရ ငါးဌာန တို့မှာ အာရုံထိခိုက်မှု ပြတ်စဲသည်ဟူ၍ မရှိလှပြီ၊ ငါးဒွါရဆိုင်ရာ တစ်ပြိုင်နက် ဝိညာဏဓာတ်တို့ ပေါ်နိုင်ကြသည်ကားမဟုတ်၊ အာရုံအားကြီးရာ အလှည့် အလှည့်အားဖြင့်သာ ပေါ်ကြကုန်သည်၊ မချုပ်မကွယ်ဘဲ မျက်တောင်တစ်ခတ် ကြာမြင့်အောင်တည်နေသော ခဏဟူ၍လည်း မရှိ၊ အချက်ထား၍ စဉ်းစား တတ်လျှင် ထင်ရှားပါ၏။

**ပဥ္စဒွါရဆိုင်ရာ ဝိညာဏဓာတ်ခန်း ပြီး၏။**

---

## မနောဝိညာဏဓာတ်၏ ဒုတိယ,တတိယ ကောသလ္လဌာန

သက်သက်သော မနောဒွါရဆိုင်ရာ ဝိညာဏအစု အာဂန္တုဓာတ်တို့၏ ဖြစ်မှုအခြင်းအရာသည်ကား-ကျယ်ဝန်းလှ၏၊ ကြံသာရုံမျှသာ ပြဆိုပေအံ့၊ အထက်၌ ပြဆိုခဲ့ပြီးသော ပဥ္စဒွါရငါးဌာနဆိုင်ရာ ဝိညာဏဓာတ်တို့သည်ကား တိမ်တိုက်မှ ထွက်ပေါ်သော လျှပ်ရောင်တို့သည် တစ်စုံတစ်ခုသော ဝတ္ထုကို လှုပ်ရှားအောင် မတတ်နိုင်ကုန် တိမ်တိုက်အပြင် တောအပြင် တောင်အပြင် မြေအပြင် ရေအပြင်တို့ကို တဒင်္ဂတစ်ခဏ ထွန်းလင်းရုံမျှကိုသာ တတ်နိုင် ကုန်သကဲ့သို့ ဗဟိဒ္ဓအာရုံငါးခု ဝတ္ထုဒြပ်တို့ကို မြင်ရအောင် ကြားရအောင် နံရအောင် လျက်ရအောင် နူးညံ့သည် ကြမ်းတမ်းသည် ချမ်းအေးသည် ပူနွေးသည် တောင့်တင်းသည် လှုပ်ရှားသည် ဟူ၍သိရအောင်မျှသာ ဖြစ်ကြကုန်သည် တစ်ခုတစ်ခုသော ကိုယ်အင်္ဂါ နှုတ်အင်္ဂါ ရှန့်ရင်းသော စိတ်အင်္ဂါများကို လှုပ်ရှား အောင် ပြုနိုင်သော ဝိညာဏဓာတ်စု မဟုတ်ကြကုန်၊ သက်သက်သော မနောဒွါရ မှာဖြစ်သော ဝိညာဏဓာတ် တို့သည်မူကား လေပြင်းမုန်တိုင်း၏အဟုန် မိုးကြိုး၏

www.dhammaransi.com



အဟုန်ကဲ့သို့ ကိုယ်အင်္ဂါတို့ကိုလည်း ခဏချင်းလှုပ်ရှားထကြွ ခုန်လွှား ပြေးသွားရအောင် လှုံ့ဆော်မှု ဟုတ်နိုင်ကုန်သည် နှုတ်အင်္ဂါကိုလည်း ခဏချင်း မြွက်ဆိုအော်ငြာ ဟစ်ကြွေးရအောင် လှုံ့ဆော်နိုင်ကုန်သည်၊ စိတ်အင်္ဂါတို့ကို အရာအထောင် အသိန်းအသန်းသော အာရုံဝတ္ထုတို့၌ ခဏချင်း နှံ့ပြားအောင်ကြံမှုစည်မှုနှင့် လှုံ့ဆော်နိုင်ကုန်သည်။

ဤအရာ၌ ကြေးနန်းဥပမာ မီးရထားဥပမာ မီးသင်္ဘော ဥပမာ မီးစက်ရုံကြီးဥပမာများကို ကောင်းစွာသိထိုက်သည်၊ ရင်တွင်းမှာ ရှိကြသော ဟဒယနှလုံးအိမ်မည်သည်ကား အထောင်မကသော သွေးကြောအစု သွေးကြောအဆုံကြီးပေတည်း၊ တစ်ကိုယ်လုံး၏ ဆိုင်ရာဓာတ်အိုးကြီးပေတည်း။

ကြေးနန်းရုံကြီးမှ ကြေးနန်းဓာတ်အိုးနှင့်တူ၏၊ ထိုဟဒယဓာတ်အိုးမှ တစ်ကိုယ်လုံးဖြန့်ဖြူးရန် ကူးယှက်ဖြာမွှာ၍ထွက်သော အလွန်သိမ်မွေ့လှသော သွေးကြောငယ်တို့သည် ကြေးနန်းရုံကြီးမှ တစ်နိုင်ငံလုံး ဖြန့်ဖြူးခြင်းငှါ ဖြာမွှာ၍ တန်းထားသော ကြေးနန်းကြိုးတို့နှင့် တူကုန်၏၊ ဟဒယဝတ္ထုရုပ်တို့မှာ ထိုထိုကိုယ်အင်္ဂါကို လှုပ်ရှားလိုသော ဇောစိတ် အကြံဖြစ်ခဲ့လျှင် ခြေဖျား လက်ဖျား ခဏချင်းလှုပ်ရှားနိုင်သည်၊ ခြေဖျားလက်ဖျားမှာ ထိပါးတိုက်ခိုက်ရှိခဲ့လျှင် ဟဒယဓာတ်အိမ်မှ ခဏချင်းသိနိုင်သည်၊ တစ်ဆက်တည်း တစ်နွယ်တည်း တစ်သားတည်းဖြစ်၍နေသော ကြေးနန်းကြိုးမှာ ဘယ်မျှပင် ခရီးကွာဝေးသော်လည်း ခဏချင်း ဓာတ်လေပေါက်ရောက်နိုင်သကဲ့သို့တည်း၊ လူကောင် တစ်ကိုယ်လုံးသည် တစ်ခုသောသံကြိုး ကြေးနန်းကြိုးကြီးနှင့် တူ၏။

(ဤကား--ကြေးနန်း ဥပမာတည်း)။

မျက်မြင်ကိုထောက်ထား၍ ဓာတ်သွားကို သိရမည်၊ ဓာတ်သွားကိုမမြင်ဘဲ မျက်မြင်က ပိုလွန်၍နေသမျှ သက္ကာယဒိဋ္ဌိတို့ချည်း၊ ပုဂ္ဂိုလ်ရှိ၏၊ သတ္တဝါရှိ၏၊ ငါရှိ၏၊ သူရှိ၏၊ ပုဂ္ဂိုလ်၏ ဗျာပါရရှိ၏၊ ပယောဂရှိ၏ဟူသော ဒိဋ္ဌိအယူကိုပယ်ဖျောက်၍ ပုဂ္ဂိုလ်ဟူ၍မရှိ၊ ပုဂ္ဂိုလ်၏ ဗျာပါရ ပယောဂ ဟူ၍မရှိ၊ ငါဟူ၍မရှိ၊ ငါ၏ဗျာပါရ ပယောဂ ဟူ၍မရှိ၊ ရုပ်ဓာတ်နာမ်ဓာတ် အစုသာဖြစ်၏ဟု စိတ်သန္နိဋ္ဌာန်ချ၍ လှုပ်လှုပ်ရွရွ ပြုသမျှ မြင်သမျှ အမူအရာကြီးငယ်တို့ကို ဓာတ်နှင့်

www.dhammaransi.com



ချည်း၊ ပြီးစီးအောင် ကြည့်မြင်ရလိမ့်မည်၊ ဓာတ်တို့၏ အံ့ဘွယ်သရဲ တန်ခိုးအစွမ်း ဆန်းကြယ်ပုံကို သိရမည်။

ဤကိုယ်ခန္ဓာသည်မျက်မြင်အားဖြင့် အခဲအကျိတ်ကြီးဖြစ်နေ၍ ရုပ်ပြောင်း ရုပ်လဲမဖြစ်နိုင်မှာကဲ့သို့ ထင်နေရ၏။ အပြောင်းအလဲမရှိဟု ထင်မှုသည်နှစ်မျိုးရှိ၏။

၁။ ပြောင်းလဲချက် အလွန်လျင်မြန်လှသည့်အတွက်ကြောင့် မျက်မြင် မီအောင် မလိုက်နိုင်၍ မပြောင်းဖူး မလဲဖူး ဟုထင်နေရသော အရာတစ်မျိုး။

၂။ မပြောင်းမလဲ၍ပင် မပြောင်းမလဲဟု ထင်နေရသော အရာတစ်မျိုး။

ကောင်းကင်ကို မပြောင်းမလဲဟု ထင်နေသည်ကား တကယ်ပင် မပြောင်း မလဲ၍ ထင်မှုပင်တည်း၊ ရုပ်ဓာတ် နာမ်ဓာတ်တို့၌ကား မျက်တောင် တစ်ခတ်ခန့် ကာလအတွင်းမှာ အဟောင်းအသစ် ပြောင်းလဲမှု အပြန်အလှန်ပေါင်း ကုဋေ တစ်သိန်းမက ပြောင်းလဲ ပြန်လှန်နိုင်သည်ဟု အဋ္ဌကထာတို့၌ဆိုသည် လူတို့ မျက်မြင်မှာ မျက်တောင်တစ်ခတ်ဆိုလျှင်ပင် မြန်လှပြီ။

ထို့ကြောင့် ဤကိုယ်ခန္ဓာသည် မျက်တောင်တစ်ခတ်အတွင်းမှာ အကြိမ် များစွာ တစ်ကိုယ်လုံး အကျွတ်အကျွတ် ပြောင်းလဲ၍နေသည် ဧကန်မှန်၏၊ ပြောင်းလဲမှု အလွန်တရာမြန်လှသည့်အတွက်ကြောင့် မျက်မြင်လိုက်နိုင်၍ သန္တတိပညတ် လှည့်စားတိုင်း မပြောင်းမလဲ အမြဲအခိုင်ကြီးဟု ထင်နေကြရသည် ဧကန်ဖြစ်သည်၊ သမ္မာသက်ပ္ပဝိတက်နှင့် အချက်ရှာကြံ၍ ဉာဏ်နှင့်ကြည့်တတ် ပါမူကား အပြောင်းအလဲ လျင်မြန်ကြောင်းကို ဉာဏ်မှီသမျှ သိသာလှ၏။

ဥပမာကား-- လူလောက် အရပ်သဏ္ဌာန်ရှိသော သံဖြူပုံးကြီးမှာ ရေအပြည့် ထည့်၍ မတ်မတ်တည်၍ထား၊ သံဖြူပုံး တစ်ခုလုံး၌ တည်ငြိမ်၍ နေသော ရေတုံးရေခဲကြီးကို အတွင်းအပြင် အကုန်မြင်အောင်ကြည့်၍နေ၊ ထို့အခါ တစ်ယောက်သောသူသည် ဒန်ပူတစ်ပြားခန့် မိမိသို့ရှေ့ရှု သံဖြူပုံ့ကြီးကို စောင်ငဲ့ လိုက်သည် ဖြစ်ခဲ့အံ့၊ ကြည့်၍နေသော ရေတုံးရေခဲကြီး ခဏချင်း အနေပျက်၍ သွား၏၊ ထိုသူရှိရာသို့ ကိုင်းရှိုင်းသော အခဲကြီး ဖြစ်ပြန်၏၊ တစ်ဖန် ပြင်ဖက်သို့ တွန်းပြန်အံ့၊ မိမိသို့ ကိုင်းရှိုင်းသော အခဲကြီးသည် ခဏချင်း အနေပျက်ပြန်၏၊ ပြင်ဖက်သို့ ကိုင်းရှိုင်းသော အခဲကြီး ဖြစ်ပြန်၏၊ မစောင့်မငဲ့စေပဲ အတန်ငယ်

www.dhammaransi.com



အတန်ကြီး တီးလိုက်နှက်လိုက် လှုပ်ရှားလိုက်လျှင်ပင် တစ်ခဲလုံး တစ်တုံးလုံး အနေပျက်၍ သွား၏။

[ဤခန္ဓာတစ်ကိုယ်လုံး ရုပ်ဓာတ် နာမ်ဓာတ် ပြောင်းမှု လဲမှုမှာလည်း ဤနည်းဥပမာနှင့် တူလှ၏။]

ရုပ်ဓာတ် နာမ်ဓာတ်တို့မည်သည် အမှုအရာကြီးယာ သက်သက်မျှသာ ဖြစ်ကြကုန်၏ အသားအမျှင် အစေ့အဆန် အကျိတ်အခဲဟူ၍ အဏုမြူမျှ မရှိကြကုန်၊ ထို့ကြောင့် ထိုရေတုံးရေခဲကြီး ပျက်ပြိုပြောင်းလဲမှုနှင့်တူစွာပင် ပျက်ချုပ် ပြောင်းလဲနိုင်သတည်း။

[ဤကား အသစ်အဟောင်း ပြောင်းလဲချက် လျင်မြန်ပုံကို ပြဆိုသော အခန်းတည်း။]

ယခုအခါ လှုပ်ရှားချက် လျင်မြန်ပုံကို ပြဆိုအံ့၊ အိပ်နေရာမှ ထိုင်မည်ဟု စေတနာ သဒ္ဒါရ လှုံ့ဆော်လိုက်လျှင် တစ်ကိုယ်လုံးရှိ အကြောကြီး အကြောငယ် တို့မှာ အင်္ဂမင်္ဂါနုသာရီခေါ်သော စိတ္တဇ ဓာတ်လေတို့သည် ခဏချင်း ပြည့်ကုန်၏၊ အိပ်နေသောအခါ အကြောကြီး အကြောငယ်ဖြစ်၍နေသော ရုပ်ဟောင်း ဓာတ်ဟောင်းတို့သည် ခဏချင်း ချုပ်ပျောက်၍ ကုန်၏၊ အကြောကြီး အကြော ငယ်ဖြစ်၍နေသော ရုပ်ဟောင်း ရုပ်သစ် ခဏချင်း လဲပြောင်းမှုကို မြင်အောင် ကြည့် မြန်လှသည့်အတွက်ကြောင့် မျက်မြင်နှင့် မှန်းရမ်း၍မရ ဉာဏ်အမြင်မှ လိုက်နိုင်တော့သည် ဉာဏ်အမြင် လိုက်နိုင်မည်ဆိုသော်လည်း ဓာတ်မြန်မှုကို အစုတစ်ထောင်စု၍ တစ်စုမျှ မီသေးသည် မဟုတ်၊ ပကတိလူတို့၏ စေတနာ သဒ္ဒါရ၏ အစွမ်းကား အင်္ဂမင်္ဂါနုသာရီခေါ်သော အကြောလျှောက် လေဓာတ်မျှကို ဖြစ်စေနိုင်သည်နှင့် ကောင်းကင်သို့ပျံတက်အောင် မတတ်နိုင်။

တန်ခိုးအဘိညာဏ် စေတနာ သဒ္ဒါရသည်မူကား တစ်ကိုယ်လုံး လေဓာတ် ပြည့်အောင် တတ်စွမ်းနိုင်သည်ဖြစ်၍ ဤကိုယ်ခန္ဓာကို လဲဝါ ဂွမ်းခဲ တိမ်လုံး တိမ်ခဲတို့ကဲ့သို့ ကောင်းကင်သို့ ပျံတက်လွင့်သွားအောင် တတ်နိုင်သည် တန်ခိုး အဘိညာဏ် မဟုတ်သော်လည်း ဥဗ္ဗေဂါပီတိနှင့်ယှဉ်သော စေတနာ သဒ္ဒါရသည် လည်း ကောင်းကင်သို့ ပျံတက်အောင် တတ်နိုင်ပါ၏။

ဤခန္ဓာကိုယ်မှာ လေးသောဓာတ်ကား မြေဓာတ် ရေဓာတ် ဤနှစ်ပါးသာ

www.dhammaransi.com



တည်း၊ တစ်ကိုယ်လုံးရှိသော မြေဓာတ် ရေဓာတ်စုသည် ချိန်ဝန်အားဖြင့် သုံးဆဲ့နှစ်ပိဿာ သုံးဆဲ့ငါးပိဿာခန့်ရှိ၏၊ အဘိညာဏ်ဇော ဥပ္ပေဂါဇော ဖြစ်ပေါ် လာခဲ့လျှင် ဖြစ်ပေါ်သည်နှင့်တစ်ပြိုင်နက် ခဏချင်း တစ်ကိုယ်လုံး လေဓာတ် ပေါ်၍လာသောအခါ လေးလှစွာသော မြေဓာတ် ရေဓာတ်အကုန်လုံး ခဏချင်း ကိုယ်လုံးကျွတ် ပျောက်ကွယ်လေ၏၊ လေဓာတ်သို့ အစဉ်လိုက်သော အလွန်ပေါ့ သော မြေဓာတ် ရေဓာတ် အသစ်ပြောင်းလဲလေ၏၊ ဤကိုယ်ခန္ဓာသည် ချိန်ဝန်တစ်ပဲ တစ်ရွေးမျှ အလေးမရှိပြီ မှိုင်းခိုးပြည့်သော လောကဓာတ် မီးအိမ်ပျံ ကဲ့သို့ နေလေ၏၊ မျက်မြင်ကို ဥပမာပြုလိုက်သည်။

ထိုမီးအိမ်ကား အလွန်လေး၏၊ မျက်မြင်ပျောက်အောင် မလျင်မြန်နိုင်၊ အဘိညာဏ်ဇော ဥပ္ပေဂါဇောတို့ အစွမ်းကား မျက်မြင်ပျောက်အောင် လျင်မြန် နိုင်သည်၊ ဤကား ဇောစွမ်း လေဓာတ်စွမ်းနှင့်တကွ ရုပ်ပြောင်းလဲမှု လျင်မြန် ချက်ကို ဉာဏ်စူး၍သွားဖို့ ပြဆိုလိုက်သော အချက်စုတည်း။

စိတ္တကြိယာဝါယောဓာတု ဝိပ္ဖါရေန အယံကာယော ဂစ္ဆတိ တိဋ္ဌတိ နိသီဒတိ။

စိတ္တကြိယာဝါယောဓာတုဝိပ္ဖါရေန=ဇောစိတ်သည် ပြုအပ်သော ဝါယော ဓာတ်လေ ပျံ့နှံ့ခြင်းကြောင့်၊ အယံကာယော=ဤကိုယ်သည်၊ ဂစ္ဆတိ=သွား၏၊ တိဋ္ဌတိ=ရပ်၏၊ နိသီဒတိ=ထိုင်၏။

ဤပါဠိ၌ ဝိပ္ဖါရ ဆိုသည်ကား သေနတ်အမြောက် ပစ်သောအခါ အဟုန် နှင့်တကွ ထွက်လာသောလေ၏၊ ပျံ့နှံ့ခြင်းကဲ့သို့ ခဏချင်း အင်္ဂါကြီးငယ်တို့ကို လှုပ်ကြွအောင် အဟုန်နှင့်တကွ ပျံ့နှံ့ လျောက်သွားသောလေကို ဆိုသတည်း၊ မီးသင်္ဘောတို့မှာ ဆိုက်၍ ညအိပ်နေရာမှ ခုတ်တော့မည်ရှိရာ စက်ကိရိယာ အလုံးစုံတို့ကို ပြင်းထန်စွာ နှိုးလိုက်သော အခိုးလေဓာတ်နှင့်လည်းတူ၏။

## ဇော၏ ဖြစ်ပျက်ပုံ

ယခုအခါ ဇောခေါ်သော ဝိညာဏ်၏ ဖြစ်ပွားပုံ ပျက်ဆုံးပုံကိုပြဆိုပေအံ့။

- မီးရထား၌ ခေါင်းတွဲ မီးအိုးဓာတ်အိုးနှင့် ဟဒယဓာတ်အိမ် တူ၏။
- မီးအိုး ဓာတ်အိုးမှ တဟုပ်ဟုပ် အတွင်မှုတ်သော ဓာတ်လေနှင့်

www.dhammaransi.com



ဇောဝိညာဏ်နှင့် တူ၏။

ထိုခါတ်လေမှာ တစ်ချက်ခြင်းသာ မစဲဟုတ်သည် မှတ်သည်။

ဇောဝိညာဏ်မှာ ခုနစ်ချက် ခုနစ်ချက်ဆင့်၍ မှတ်သည် ဇောဆိုသည်ကား အရှိန်အဝှန် လျှင်မြန်ပြင်းထန်သော ခါတ်ဆိုလိုသည် တစ်သုတ်တစ်သုတ် ဖြစ်ပေါ်၍ ခုနစ်ချက် ခုနစ်ချက်ဆင့်၍ မှတ်သောအခါ တစ်ကိုယ်လုံးမှာ ရုပ်ခါတ်တို့သည် ရေမြှုပ် ဖုံးကွဲရာ ရေအိုင်ငယ်၌ ဖြန်းဖြန်းပြို့ သွက်သွက်လည် ရုပ်တည်မရ ဖြစ်၍သွားသော ရေအစုနှင့် တူလှ၏၊ ရေမြှုပ်ဖုံးမှာ ပရမ်းပတာကွဲ၍ အိုင်တွင်းရှိရေ ပရမ်းပတာ လှုပ်ရှားသည် ဝိညာဏခါတ်မှတ်မှုမှာ အလိုဆန္ဒ ချုပ်အုပ် လျက်ရှိသောကြောင့် တစ်ကိုယ်လုံးဖြန်းဖြန်းပြို့ ဖြစ်ပေါ်သော ရုပ်ခါတ် တို့မှာလည်း ဝိညတ်ရုပ် ချုပ်အုပ်ပဲ့ပြင်မှုပါသောကြောင့် ထိုပုဂ္ဂိုလ် အလိုရှိရာသို့ တညီတညာရွေးရှု၍ ထကြွလှုပ်ရှားကြရကုန်သည်၊ မျက်တောင်တစ်ခတ်ခန့်မျှ ကာလအတွင်းမှာ အသုတ်ပေါင်း တစ်ထောင်မကမှတ်လေ၏၊ သွားခြင်း ကြိယာပုထ်တစ်ခုမှာ ခါတ်လေအမျိုးမျိုး ဖြစ်ပေါ်၏။

- ကိုယ်နှင့် ဦးခေါင်းကို မကိုင်းမညွတ်စေရန် အကြောမတို့ကို စိုက်ထူ ချီပင့်ထမ်းဆောင်၍နေသော ဥဿာပနခါတ် လေမျိုး၊ ထမ္ဘနခါတ် လေမျိုး၊ သန္ဓာရဏခါတ်လေမျိုး။
- ခြေအကြောကြီးတို့ကို ချီကြွသည်ပိုးသော ဥက္ခေပခါတ်လေမျိုး အဘိနီဟာရဏခါတ်လေမျိုး ဝီတိဟရဏခါတ်လေမျိုး။
- ဆွဲငင်သော အာကမ္ဗနခါတ် လေမျိုး။
- ပစ်ချသော နိက္ခေပခါတ် လေမျိုး။
- ဖိနင်းသော သန္နိရုမ္ဘနခါတ် လေမျိုး။
- ခြေဖဝါးအပြင်မှ အလိုရှိရာပဲ့ပြင်သော ဥပ္ပီဠနခါတ် လေမျိုး
- လက်အင်္ဂါတို့ကို သယ်ပိုးသော သမိဥ္စနခါတ် လေမျိုး ပသာရဏခါတ် လေမျိုး အဘိက္ကမန ခါတ်လေမျိုး၊ ပဋိက္ကမန ခါတ်လေမျိုး။
- မျက်နှာကို လိုရာအရပ်သို့ ရှေးရှုသော အာလောကန ခါတ်လေမျိုး၊ ဝိလောကနခါတ်လေမျိုး။

အစရှိသည်ဖြင့် ခြေတစ်လှမ်း တစ်လှမ်းအတွင်းမှာပင် အရာမကသော

www.dhammaransi.com



ဓာတ်လေမျိုးတို့ကို ဖြစ်စေ၍ ကိုယ်ခန္ဓာကို ရွက်ဆောင်ပေ၏၊ ထိုဇောဝိညာဏ်သည် ထိုထိုဓာတ်လေမျိုးတို့ကို ဇောအသီးအသီးနှင့် ဖြစ်စေသည် မျက်တောင်တစ်ခတ်ခန့် ကာလအတွင်း၌ပင် အသုတ်ပေါင်းအထောင်မက အလွန်လျင်မြန်လှသောကြောင့်သာ ကြိယာအမျိုးမျိုးမှာပင် မလစ်မလပ် စေ့စပ်နိုင်လေသည်။

ဇောဓာတ်အဟုန်ကြောင့် ဦးခေါင်းတစ်ခုလုံး၌ အောက်လေ အုံလုံးကြွ၍ ထသောအခါ ပကတိရုပ်ဓာတ်ဟောင်း ဦးခေါင်း တစ်ခုလုံးသည် ချုပ်ပျက် ကွယ်ပျောက်လေ၏။

ဥပမာကား- ဦးခေါင်းပမာဏရှိသော ယမ်းခဲကြီးကို မီးထိ၍ တဟုန်တည်း တောက်ရာ၌ အေးမြသော တေဇောခဲကြီးသည် ခဏချင်း ကွယ်ပျောက် ချုပ်ဆုံးလေ၏၊ မီးအတိဖြစ်သော ပူလောင်သော တေဇောခဲကြီးဖြစ်၍ တည်လေ၏၊ ရုပ်သစ်ပေါ်မှု ရုပ်ဟောင်းချုပ်မှု မည်သည်ကား ထိုယမ်းခဲမှာ မီးထိရာ နေရာမှစ၍ အစဉ်အတိုင်း ဥဏှတေဇော ဖြစ်ပေါ်ပွါးစီး၍ သွားရာအစဉ်အတိုင်း သီတတေဇော ပျောက်ကွယ်ချုပ်ဆုံး၍ သွားလေ၏၊ သီတတေဇောနှင့် သဟဇာတ်ဖြစ်သော မြေဓာတ် ရေဓာတ် လေဓာတ် ဝဏ္ဏဓာတ် ဂန္ဓဓာတ် ရသဓာတ် ဩဇဓာတ်တို့သည် သီတကွယ်ပျောက်ရာ အကုန်ပါကြလေကုန်၏၊ မီးမထိမီ ရှိနေသော ဓာတ်စုသည် တစ်ခုမကျန် အကုန်ချုပ်ပျောက်လေ၏၊ ပရမတ္ထအားဖြင့် မီးခဲအတိဖြစ်သောအခါ နဂိုအခဲကြီးမရှိပြီ၊ ထိုရုပ်စုနေရာ၌ နောက်မှ ဖြစ်ပေါ်၍လာသော နောက်ဖြစ် အခဲသာ ရှိတော့သည်။

ဤဥပမာ၌ ယမ်းခဲကိုပြသည်မှာ အဖြစ်, အချုပ် နှစ်မျိုး မြန်မြန်ကြီးထင်နိုင်ဖို့ ပြပေသည်၊ ယမ်းခဲမှာ မီးလောင်လျှင် ပြောင်းလဲရုံမျှမက သန္တတိအစဉ်ပါ ကုန်ဆုံး၍သွား၏၊ ဤဦးခေါင်းမှာ သန္တတိအစဉ် မပျက်၊ ဦးခေါင်းအနေပျက်၍ သွားသည် မဟုတ်၊ အသစ်အဟောင်း ပြောင်းလဲရုံမျှသာတည်း၊ တစ်ကိုယ်လုံး ဤနည်းချည်း၊ ရူပက္ခန္ဓာအရာ၌ အာဟာရ ဓာတ်ဆီနှင့် ဖက်တွဲ၍ ပြဆိုခဲ့သည်၊ ဤနေရာမှာ ဣရိယာပုထ် လှုပ်ရှားပြောင်းလဲမှုနှင့် ရှုတတ်အောင် ရုပ်ကို ပြလိုက်ပြန်သည်။

လောကဝေါဟာရမှာ- သန္တတိအစဉ် ကွယ်ပျောက် ကုန်ဆုံး၍သွားမှ ကွယ်ပျောက်ကုန်ဆုံးသည်ဟု ခေါ်ဝေါ်ထင်မှတ်ကြရသည်၊ ပရမတ် ဝေါဟာရမှာ

www.dhammaransi.com



ရုပ်သစ်ရုပ်ဟောင်း စိတ်သစ်စိတ်ဟောင်း ပြောင်းလဲကြရာ ရုပ်ဟောင်း စိတ်ဟောင်း ပျောက်ကွယ်ဆုံးရှုံးမှုကို မရဏဆိုသည်၊ နိရောဓဆိုသည်၊ ဘင်ဆိုသည်၊ ပရမတ်မရဏကိုမြင်နိုင်မှ ပရမတ် နိရောဓကို မြင်နိုင်မှ ဝိပဿနာဉာဏ်ဖြစ်သည်။

အဘိဓမ္မာခုနစ်ကျမ်းလုံးကိုတတ်၍ ပရမတ်စကား တစ်သက်လုံး ပြောဟော ချပို့၍ နေငြားသော်လည်း စိတ်ကွဲအောင် မမြင်တတ်လျှင် အဘိဓမ္မာ စာတတ် ကျမ်းတတ် ဟုတ်၏၊ အဘိဓမ္မာကို မြင်သောသူ မဟုတ်၊ ပရမတ်ကို မြင်သောသူ မဟုတ်၊ အနိစ္စ, ဒုက္ခ, အနတ္တ ကမ္မဋ္ဌာန်းစကားကို တစ်သက်လုံး ပြောဟော၍ စီးဖြန်း၍နေငြားသော်လည်း ပရမတ္ထမရဏကို ပရမတ္ထနိရောဓကို မမြင်တတ်လျှင် ဝိပဿနာဉာဏ် တစ်ရံတစ်ဆစ်မျှ မြင်ဘူးသောသူ မဟုတ်။

ယခုအခါ ဟဒယစိတ်အိမ်မှ တဖွားဖွားဖြစ်ပေါ်လျက် တစ်ကိုယ်လုံးကို လှုံ့ဆော်၍နေသော ဝိညာဏစိတ်တို့၏ သမုဒယမှု, နိရောဓမှုများကို ထင်ရှား အောင် ပြဆိုပေအံ့၊ သွား၍နေသော မီးရထားမှာ တစ်ဟုပ်ဟုပ်မှုတ်၍ နေသော စိတ်လေ၏ ဖြစ်ပေါ်မှု ချုပ်ပျောက်မှုသည် အသံကြားနှင့်ပင် ထင်ရှားသည်ဖြစ်၍ ထိုစိတ်လေ၏ ဖြစ်ပွါးမှု ချုပ်ဆုံးမှုကိုလည်း ဤအရာ၌ ဥပမာပြုသင့်၏။

မိုးဦးကျအခါ၌ ကြိတ်ထသည်ဟု ခေါ်ဆိုကြသော လျှပ်ပျက်မှုသည် လည်း ဥပမာဖြစ်သင့်၏၊ ဟဒယနှလုံးအိမ်သည် တိမ်တိုက်တိမ်ခဲနှင့် တူ၏၊ ထိုတိမ် တိုက်တိမ်ခဲ၏ အတွင်း၌ တစ်သုတ်တစ်သုတ်လျှင် သုံးချက်လေးချက် ဆင့်၍ ဝင်းခနဲ လင်းခနဲဖြစ်ပေါ်၍ ခဏချင်း ခဏချင်းလည်း ပျောက်ကွယ် ချုပ်ပျက်သော လျှပ်စစ်နှင့်လည်း တူ၏။

ရှေးဥပမာမှာ တစ်ကိုယ်လုံးကို လှုံ့ဆော်၍ ဣရိယာပုထ် ရွေ့ရှား သွား လာမှု၊ အင်္ဂါကြီးငယ် လှုပ်ရှားမှု၊ အယုတ်အားဖြင့် မျက်တောင်ခတ်မှု ပြောဆိုမှု၊ ကြံစည်မှုတို့နှင့်တကွ သမုဒယမှု၊ နိရောဓမှုကို ထင်ရှားစေသည်။ နောက်ဥပမာဖြင့် ထိုဇောတွေ ဖြစ်ပေါ်၍နေသောအခါ အာရုံခြောက်ပါး လင်းလင်းချင်းချင်း ထင်မြင်၍နေမှု၊ ထိုဇောတို့၏လည်း ဝင်းဝင်းတောက်သော သဘောရှိမှုနှင့်တကွ သမုဒယ, နိရောဓကို ထင်ရှားစေသည်။

မျက်တောင် ခတ်မှုမှာလည်း ဇောတစ်သုတ်တစ်သုတ်လျှင် မျက်တောင် တစ်ကြိမ်တစ်ကြိမ်ထားလေ တစ်သုတ် တစ်သုတ်လျှင် ခုနစ်ချက်ခုနစ်ချက် ဆင့်၍

www.dhammaransi.com



ဖြစ်ပေါ်သည် ဆိုသောစကားမှာ ကျမ်းဂန်အရိုးအစဉ်နှင့် ပြောရတော့သည် ဒိဋ္ဌသက်သေ မရှိပြီ။

လျှပ်စစ်ပျက်သော ဥပမာမှာ အဖြစ်အပျက် နှစ်ချက်ပင် မျက်မြင် ထင်ရှား၏၊ ဓာဖြစ်မှုမှာ လင်းခနဲ မိုက်ခနဲ သွားမှုမထင်ရှား၊ တစ်နေ့လုံးပင် တစ်လင်းထဲ လင်း၍နေသကဲ့သို့ ထင်ရသည်၊ သို့ တစ်လင်းထဲ လင်း၍နေသည် မဟုတ် တစ်သုတ်နှင့် တစ်သုတ်အကြားတွင် အိပ်သည်နှင့်တူသော ဘဝင် မနောလည်း အများအပြား ခြားသေး၏၊ ထိုဘဝင် မနောဖြစ်ခိုက်မှာ မိုက်ခနဲ မိုက်ခနဲ သွားသည်သာ အမှန်ဖြစ်၏၊ သို့သော်လည်း အလွန်မြန်လှသော အရာဌာနဖြစ်၍ ဒိဋ္ဌသက်သေနှင့် မပြသာ အာရုံအထွေအလာနှင့်ကား ထင်ရှား၏၊ ခြေတစ်လှမ်း အတွင်းမှာပင် အာရုံအမျိုးမျိုး ထင်လာ၏၊ တစ်ခုထင်လာလျှင် တစ်ခုပျောက် ကွယ်၏၊ သူ့အာရုံနှင့် သူ့ဓာပျက်ဆုံး၏ ခြေတစ်လှမ်း အတွင်းမှာပင် အရာ မကသော ဗျာပါရ အထွေထွေလည်းရှိ၏၊ သူ့ဗျာပါရနှင့် သူ့ဓာပျက်ဆုံးလေ၏၊ စကားပြောဆိုရာ၌လည်း အက္ခရာတစ်လုံးတစ်လုံးလျှင် ဓာတစ်သုတ် တစ်သုတ် စီထား ထိုအက္ခရာ ပျောက်ကွယ်လျှင် ထိုဓာ ပျောက်ကွယ်လေ၏။

မနောဒွါရနှင့် ကြံဖန်ရာ၌လည်း ကြံဖန်ပုံ အမျိုးမျိုးဖြစ်ပွား၍ သွားပုံ ထင်ရှား၏၊ နောက်နောက်အကြံကို ကြံသောအခါ ရှေးရှေးအကြံစု ချုပ်ကွယ်၏။

**ဤကား မနောဝိညာဏဓာတ်၏**
**သမုဒယ နိရောဓကို ပြဆိုခန်းတည်း။**

## ဝေဒနာ သညာ သင်္ခါရတို့၏ သမုဒယ နိရောဓဟူသော ဒုတိယ တတိယ ကောသလ္လဌာန

ဝေဒနာ သညာတို့မှာလည်း စိတ်သာယာမှု ကိုယ်သာယာမှု စိတ်မသာမှု ကိုယ်မသာမှုတို့၏ ဖြစ်ပွားမှု ချုပ်ကွယ်မှု ခြေတစ်လှမ်းအတွင်းမှာ မြင်ရာတိုင်း ကြားရာတိုင်း သင်းကားဘယ်ဟာဟုသိသော သညာများစွာ ဖြစ်ပြီး၍ နောက်တစ် လှမ်းသို့ကျလျှင် ရှေ့အလှမ်းကသညာစု အကုန်ပျောက်ကွယ်မှု။

- ဝိတက်အမျိုးမျိုး ဖြစ်၍လာမှု၊ ပျောက်ကွယ်၍ သွားမှု။
- ဝီရိယဖြစ်၍လာမှု၊ ပျောက်ကွယ်၍ သွားမှု။
- နှစ်သက်ခြင်း ဖြစ်ပေါ်၍နေမှု၊ ပြုံးမှု ရယ်မှု ပျောက်ကွယ်ပြန်မှု။

www.dhammaransi.com



- ပြုချင်သော ဆန္ဒအမျိုးမျိုး ဖြစ်ပေါ်မှု၊ ပျောက်ဆုံးပြန်မှု။
- ရာဂတဏှာဖြစ်ပွား၍လာမှု၊ ပျောက်၍ သွားပြန်မှု။
- ဒေါသဖြစ်ပွား၍လာမှု၊ ပျောက်၍ သွားပြန်မှု။
- မာန ဖြစ်ပွား၍လာမှု၊ ပျောက်၍သွားပြန်မှု။
- သဒ္ဓါတရားဖြစ်ပွား၍ လာမှု၊ ပျောက်ကွယ်၍ သွားပြန်မှု-

စသည်ဖြင့် သင်္ခါရက္ခန္ဓာတရားတို့၏ သမုဒယမှု နိရောဓမှုတို့သည်လည်း အများပြောဆို သိမြင်၍နေကြသော အမှုစုပေတည်း၊ ပြောဆိုသိမြင်ကြကုန်သော်လည်း သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်မရှိသော အန္ဓပုထုဇန်တို့မှာ သက္ကာယဒိဋ္ဌိ အဝီစိငရဲမီးပွားဖို့ချည်း ဖြစ်ကြကုန်၏၊ သမ္မာဒိဋ္ဌိမဂ္ဂင်ကို မွေးမြူနိုင်သော ကလျာဏ ပုထုဇန် အရိယာတို့မှာ သမ္မာဒိဋ္ဌိမဂ္ဂင်တရား ပွားများဖို့ချည်း ဖြစ်ကုန်၏။

ပရမတ္ထအားဖြင့် ထိုထိုတရားတို့၏ ဖြစ်ပွားမှုဟူသမျှကို သမုဒယဆိုသည်၊ ပျောက်ကွယ်မှုဟူသမျှကို မရဏဆိုသည်၊ အနိစ္စဆိုသည်၊ နိရောဓဆိုသည်။ ။ နာမ်ခန္ဓာလေးပါးတို့၏ သမုဒယ-နိရောဓပြီး၏။

ဤတွင်ရွှေ့ကား ခန္ဓာလေးပါးတို့၏ ဒုတိယ-တတိယကောသလ္လဌာနကို ပြဆိုခန်းပြီး၏။
(စတုတ္ထဌာနမှာ ရူပက္ခန္ဓာနှင့် မထူးလှပြီ။)

------✱------

## နာမ်ခန္ဓာ ၄-ပါးတို့၏ အဿာဒ အာဒီနဝ ဟူသော ပဥ္စမ ဆဋ္ဌ ကောသလ္လဌာန

ယခုအခါ အဿာဒ, အာဒီနဝ ဟူသော ပဥ္စမ ဆဋ္ဌ ကောသလ္လတို့ကို ပြဆိုပေအံ့။

### ဝေဒနာ၌ အဿာဒ အာဒီနဝ

- မိမိအလိုရှိအပ်သော အာရုံဝတ္ထု အမှုအခွင့်တို့နှင့်ပေါင်းဆုံ ပြည့်စုံတွေ့ကြုံရရှိ၍ စိတ်နှလုံး ပြုံးပြုံးရွှင်ရွှင် ကြည်လင် ချမ်းမြ သုခ သောမနဿတွေနှင့် နေရမှုသည် အဿာဒမည်၏။
- ထိုနာမက္ခန္ဓာလေးပါးတို့၏ အနိစ္စမှု ဒုက္ခမှု ဝိပရိဏာမမှုသည် အာဒီနဝမည်၏။

www.dhammaransi.com



အဿာဒဘေး အာဒီနဝဘေး နှိပ်စက်ပုံမှာ ရူပက္ခန္ဓာ၌ ပြခဲ့သော အဆိပ်ထည့်သော အသားတုံးဥပမာလည်း သင့်မြတ်ပါ၏၊ အဿာဒမှုကား ယခုသာသနာတော်နှင့် တွေ့ကြုံသောအခါမှာပင် ကာမဂုဏ်ထောင်ကြီး, အဝီစိငရဲမီးသံသရာဝဋ် ဒုက္ခကြီးတို့မှ မထွက်နိုင်အောင် ဖမ်းဆီးချည်နှောင်မှုဖြင့် နှိပ်စက်သော အမှုပေတည်း၊ လောဘတရားကို ပွားစေသောအားဖြင့် နှိပ်စက်၏၊ ဒေါသတရားကို မောဟတရားကို မာနတရားကို သက္ကာယဒိဋ္ဌိတရားကို ပွားများစေသောအားဖြင့် နှိပ်စက်၏၊ ဤသို့လည်းဆိုသင့်၏။

အဿာဒ ပြီး၏။

အနိစ္စ ဒုက္ခ ဝိပရိဏာမဓမ္မ ဟူသော အာဒီနဝသုံးပါးတို့တွင် နာမက္ခန္ဓာတို့၏ အနိစ္စမှုသည် ရူပက္ခန္ဓာ၏အနိစ္စမှုထက် အဆတစ်ထောင်မက လျင်မြန်လှ၏၊ လျင်မြန်ကြောင်းကို သမုဒယ နိရောဓ အခန်းမှာပြဆိုခဲ့သော အချက်စုနှင့်ပင် သိသာလှပြီ။

ဝေဒနာက္ခန္ဓာ၏ အနိစ္စ နှိပ်စက်ညှဉ်းပမ်းပုံကို ပြဆိုအံ့။ ။အနမတဂ္ဂသံသရာ၌ လူ့ပြည်၌ဖြစ်၍ လူ့ကာမဂုဏ်, နတ်ပြည်၌ဖြစ်၍ နတ်ပြည်ခြောက်ထပ်ကာမဂုဏ်, ဗြဟ္မာ့ပြည်၌ဖြစ်၍ ဗြဟ္မာ့ချက်သရေတည်းဟူသော အာရုံတို့ကို ဒွါရခြောက်ပါးတို့ဖြင့် ခံစားစံစားကြလှပြီ၊ အလွန်ကောင်းသည် အလွန်တင့်တယ်သည် အလွန်ဝမ်းမြောက်သည် အလွန်ဝမ်းသာသည် အလွန်ချမ်းသာသည် အလွန်နှစ်သက်သည်ဟူသော သုခသောမနဿကို ရကြလှပြီဆိုလိုသည်၊ အနိစ္စဓမ္မ ဖြစ်သည့်အတွက်ကြောင့် အနိစ္စဟူသော မရဏဓာတ်ဘီလူး အတွင်းအပြောင်စား၍ပစ်သည့်အတွက်ကြောင့် အိပ်မက်လောက်မျှ ရှာ၍မရလေပြီ၊ ယခုလည်း ထိုဝေဒနာကို ရှာကြံလုပ်ဆောင်မှုဟူသော ဒုက္ခခွင်က မထွက်ရ နောက်အနန္တသံသရာ ကြာချင်တိုင်းကြာသော်လည်း အနိစ္စ ဝေဒနာကို ရှာကြံ၍ ဆုံးလမ်းမရှိ။

ဤကား ဝေဒနာက္ခန္ဓာသည် သတ္တဝါ အပေါင်းတို့ကို အနိစ္စဒဏ်ချက်နှင့် နှိပ်စက်ညှဉ်းပမ်းပုံတည်း။

ဝေဒနာက္ခန္ဓာသည် သတ္တဝါအပေါင်းတို့ကို ဒုက္ခဒဏ်ချက်နှင့် အဘယ်သို့ နှိပ်စက်သနည်းဟူမူကား-

ဒုက္ခသည်. . . .

www.dhammaransi.com



၁။ ဒုက္ခ ဒုက္ခ။
၂။ သင်္ခါရ ဒုက္ခ။
၃။ ဝိပရိဏာမ ဒုက္ခ

ဟူ၍ သုံးပါး ရှိ၏။

မိမိအလိုရှိရာ နှစ်သက်ရာ အာရုံနှင့် တပြုံးပြုံး တရွှင်ရွှင် ကြည်လင် ချမ်းမြေ့ နေရခြင်းအခွင့်မည်သည် အလိုအလျောက် ဖြစ်နိုင်သော အခွင့်မဟုတ်၊ ရှေးရှေး ဘဝတို့က တင်ကူး၍ ဒါနမှုနှင့် ဒုက္ခစိုက်ရခြင်း သီလမှုနှင့်ဒုက္ခစိုက်ရခြင်း ဘာဝနာမှုနှင့် ဒုက္ခစိုက်ရခြင်း ဤသို့တင်ကူး၍ ဒုက္ခစိုက်နိုင်မှ ရထိုက်သော အခွင့်ပေတည်း၊ ရှေးရှေးဘဝတို့က တင်ကူး၍ ဒုက္ခစိုက်ခြင်းကြောင့် နောက်ဘဝမှာ ရပြန်ပါသော်လည်း မိမိသန္တာန်မှာ အပင်စိုက်၍နေသော ဓာတ်မျိုးမဟုတ်၊ မိမိ၏ အဇ္ဈတ္တ အကြည်ခြောက်ပါးနှင့် ဗဟိဒ္ဓ အာရုံခြောက်ပါး ဆုံဆည်း၍ ထားခိုက်မှာမှ ခြောက်ဒွါရတွင် ဖြစ်ပေါ်လာသော အာဂန္တုဓာတ်မျိုး ဖြစ်ခဲ့ပြန်၍ အာရုံဝတ္ထုတို့ကို စုဆောင်းဆည်းပူးမှုနှင့် နေ့ရှိသမျှ ဒုက္ခစိုက်ရပြန်၏။

ကြောင့်ကြ စိုက်နိုင်၍ အလိုရှိရာ နှစ်သက်ရာ အာရုံနှင့် ပြုံးကာ ရွှင်ကာ နေရပါသော်လည်း အနိစ္စဓမ္မဖြစ်ပြန်၍ ပြုံးပြီးရင်း ကွယ်ပျောက်ကုန်ခန်း၍ ကုန်ပြန်ရင်း အာရုံနှင့်ကွာပြန်ရင်း ကွယ်ပျောက်ကုန်ခန်း၍ သွားပြန်ရင်း ဖြစ်သည်နှင့် ပြုံးလိုသေးသမျှ ကာလပတ်လုံး အာရုံဝတ္ထုတို့အတွက် ဒုက္ခစိုက်မှုမှ လွတ်ခွင့်မရှိပြီ၊ ဒုက္ခစိုက်၍နေဆဲမှာပင် ပျက်စီးရန် အခွင့်ဆိုက်တိုက်လာ၍ စက္ခုပျက်စီး၍ သွားပြန်လျှင် စက္ခုသမ္ဖဿဇာ ဝေဒနာဟူသော ပြုံးပေါက် ပြုံးလမ်း တစ်ခန်းပိတ်၍ သွားပြန်၏၊ သောတစသည်တို့မှာလည်း ထို့အတူ ပကတိအခါ၌ မပျက်မစီးသော်လည်း မရဏအခါ၌ ဧကန္တပျက်စီးလေ၏၊ ထိုသို့ ဧကန္တ ပျက်စီးခွင့်ကို သိကြသည် ဖြစ်၍လည်း နောက်ဘဝကို သုခ သောမနဿ အသစ်ထူထောင်ရန် ယခုလည်း ဒါနမှုနှင့် ဒုက္ခစိုက်ရလျက် သီလမှုနှင့် ဒုက္ခစိုက်ရလျက် ဘာဝနာမှုနှင့် ဒုက္ခစိုက်ရလျက်ပင်ဖြစ်၏၊ ဤသို့လျှင် ဤဝေဒနာက္ခန္ဓာသည် အနမတဂ္ဂသံသရာ၌ သတ္တဝါအများတို့ကို ဒါနမှုနှင့် နှိပ်စက်၏၊ သီလမှုဥပုသ်မှုနှင့် နှိပ်စက်၏ ရဟန်းအလုပ်နှင့် နှိပ်စက်၏၊ ရသေ့အလုပ်နှင့် နှိပ်စက်၏ အာရုံဝတ္ထု ပေါင်းစည်းမှုနှင့် နှိပ်စက်၏၊ အသက်မွေးမှုအလုပ်နှင့် နှိပ်စက်၏၊ အာရုံဝတ္ထု ပေါင်းစည်းမှု

www.dhammaransi.com



အသက်မွေးမှုတို့၌ ဒုစရိုက်ဆယ်ပါး အတွင်းဝင်ပြန်သည်နှင့် အပါယ်ငရဲလမ်း ဟင်းလင်းပွင့်ပြန်သည်ဖြစ်၍ အပါယ်ဒုက္ခနှင့် နှိပ်စက်၏။

ဤကား ဝေဒနာက္ခန္ဓာ၏ အဿာဒဘေး အာဒီနဝဘေးတည်း။

## သညာ၌ အဿာဒ. အာဒီနဝ

သညာက္ခန္ဓာ၌ အဿာဒဘေး- အာဒီနဝဘေး နှစ်ပါးတွင် အဿာဒဘေး အလွန်အားကြီး၏၊ အဘယ်သို့ အားကြီးသနည်း ဖြစ်လေရာရာ ဘုံဘဝတို့မှာ အများသိကျွမ်းကြသော အရာဌာနတို့၌ သိကျွမ်းလိမ္မာမှုသည် သညာက္ခန္ဓာမှုပေတည်း၊ ထိုသိကျွမ်းလိမ္မာမှုသည် မိမိကိုယ်ကို ငါငါဟူ၍ အဿာဒတရားပွါးများမှု၌ အချုပ်အခြာပေတည်း။

ငါ ငါ ဟူ၍ တကြော့ကြော့ တရွရွ တကြွကြွ တရွှင်ရွှင်မြင်ရသော သုခသောမနဿစုသည် သညာအတွက်နှင့် ဖြစ်သတည်း၊ ထိုသညာမှ ဖြစ်သော အဿာဒဘေးကြီးသည် ကာမဂုဏ်ထောင်ကြီး အဝီစိငရဲမီး သံသရာဝဋ် ဒုက္ခကြီးတို့မှ မလွတ်ရအောင် ချည်နှောင်တုပ်ဖွဲ့၍ နှိပ်စက်၏။

အာဒီနဝ၌ အလိုရှိရာ စိတ်ကြိုက်ရာနှင့် တကြော့ကြော့ တရွရွ တကြွကြွ နေရသော သုခသညာမည်သည် ဣဋ္ဌာရုံနှင့် ပေါင်းဆုံ တွဲဖက်မိသောအခါ၌သာ အဇ္ဈတ္တသန္တာန်မှာ တံလှပ်ထသကဲ့သို့ တကြွကြွ တရှိန်းရှိန်း ဖြစ်ပေါ်နိုင်သည်၊ ဣဋ္ဌာရုံနှင့် ကွာပြန်လျှင် ကွယ်ပျောက်ပြန်လေ၏။

ဝေဒနာက္ခန္ဓာ နည်းအတိုင်း အကျယ်ဆိုလေ။

သညာက္ခန္ဓာ၌ အဿာဒ၊ အာဒီနဝ ပြခန်း ပြီး၏။

--------------

## သင်္ခါရ၌ အဿာဒ-အာဒီနဝ

သင်္ခါရက္ခန္ဓာ၌ အဿာဒ အာဒီနဝကို ပြဆိုပေအံ့။ ။အဆင်းသဏ္ဌာန်ကို မြင်ရာ မျက်စိ၌ အကောင်းတွေ့မှု မကောင်းတွေ့မှုကား စက္ခုသမ္ဖဿ ဓာတ်ပေတည်း၊ အသံကိုကြားရာ နား၌ အကောင်းတွေ့မှု မကောင်းတွေ့မှုကား သောတသမ္ဖဿဓာတ်ပေတည်း၊ အနံ့ကိုနံရာ ဃာန၌အကောင်းတွေ့မှု မကောင်းတွေ့မှုကား ဃာနသမ္ဖဿဓာတ်ပေတည်း၊ အချိုအချဉ်စသော အရသာကို သုံးဆောင်ရာ လျှာ၌အကောင်းတွေ့မှု မကောင်းတွေ့မှုကား ဇိဝှါသမ္ဖဿဓာတ်ပေတည်း၊ ဖောဋ္ဌဗ္ဗာရုံကိုထိရာ ကာယ၌ အကောင်းတွေ့မှု မကောင်းတွေ့မှုကား

www.dhammaransi.com



ကာယသမ္ဖဿဓာတ်ပေတည်း၊ စိတ်နှင့်ကြံဖန်ရာ မနောဌ်အကောင်းတွေ့မှု မကောင်းတွေ့မှုကား မနောသမ္ဖဿဓာတ်ပေတည်း။

သက္ကာယဒိဋ္ဌိကား ထိုဓာတ်ကို ငါဟု ယူ၏၊ သမ္မာဒိဋ္ဌိကား ဓာတ်တစ်မျိုးဟု မြင်၏။

ထိုထိုဒွါရ၌ အကောင်းတွေ့သော ဖဿဓာတ်ပေါ်သောအခါမှ သုခဝေဒနာပေါ်နိုင်သည်၊ သုခသညာပေါ်နိုင်သည်၊ ထိုဖဿဓာတ် ကွယ်ပျောက်သေဆုံးပြန်လျှင် သုခဝေဒနာ သုခသညာတို့ ကွယ်ပျောက် သေဆုံးကြကုန်၏၊ ထိုထိုအာရုံနှင့် ပေါင်းဆုံသောအခါ ထိုထိုဒွါရမှာ အကောင်းတွေ့မှု မကောင်းတွေ့မှုသည် လူတိုင်းသိ၍ နေကြ၏၊ ထိုဖဿဓာတ်ဟူသော သင်္ခါရဓမ္မ၏ အဿာဒဘေး ကြီးကျယ်ပုံ အာဒီနဝဘေး ကြီးကျယ်ပုံကို မြင်နိုင်လောက်ပြီ။

ယခုလောက၌ နေ့နေ့ညည တရွရွ တကြွကြွ ဖြစ်၍နေကြသော ပုပုရွရွ မြင်သမျှသော ရေသတ္တဝါ ကုန်းသတ္တဝါတို့သည် ခြောက်ဒွါရတို့၌ စိတ်ကြိုက်ရာ ဖဿဓာတ်သိုက်ကို လိုက်စားအားထုတ်သောသူတို့ချည်းတည်း။

ဓာတ်ရုပ်ကြီး ဥပမာ

သင်္ခါရက္ခန္ဓာဓာတ်တို့၏ ပေါ်မှု ပျက်မှုကို ထင်ရှားစေခြင်းငှာ ဥပမာဆိုအံ့။ ။ ဓာတ်အရာ၌ ဝိဇ္ဇာမြောက်သော သူတစ်ယောက်သည် လူပမာဏရှိသော ဓာတ်ရုပ်ကြီးတစ်ခုကို စီရင်ပေရာ၏၊ ထိုဓာတ်ရုပ်ကြီးမှာ သံဓာတ် ကြေးဓာတ် ပြဒါးဓာတ်စသော အသေအရှင်ဓာတ်တို့ကို ဉာဏ်ဖြင့်စီရင်၍ လူပကတိ ထင်ရအောင် ပြုပြီးလျှင် အနီးအပါး၌ ဓာတ်မှန်အမျိုးမျိုးတို့ကိုထား၏၊ မျက်စိ၌ပြသော ဓာတ်မှန်စသည်တည်း၊ မျက်စိ၌ပြသော ဓာတ်မှန်ကိုပြလိုက်လျှင် ထိုဓာတ်ရုပ်မှာ မျက်စိ၌လည်းကောင်း ရင်တွင်းနှလုံးအိမ်၌လည်းကောင်း တစ်ပြိုင်နက် ဓာတ်မီးတောက်၏၊ နှလုံးအိမ်ဓာတ်မီးမှ လျှောက်သွားသော အခိုးတို့သည် ဓာတ်ရုပ်တစ်ကိုယ်လုံး ခဏချင်းပြည့်ကုန်၏၊ ထိုအခိုးလှုံ့ဆော်ချက်ဖြင့် တစ်ကိုယ်လုံးရှိ စက်အမျိုးမျိုးတို့သည် ခဏချင်းလည်ကြကုန်၏၊ အရုပ်ရှင် ဖြစ်၏၊ လူကဲ့သို့ ထ၏၊ ထိုင်၏၊ သွား၏၊ ပြသောဓာတ်မှန်ကို ရုပ်လိုက်လျှင် ထသမျှ ဓာတ်မီးတောက်စု ခဏချင်းကွယ်ပျောက် သေဆုံးကုန်၏၊ တစ်ကိုယ်လုံးရှိ အခိုးစု အကုန်ကွယ်ပျောက်၏၊ အရုပ်သေ ပကတိဖြစ်ပြန်၏။

ကြွင်းသောဒွါရတို့မှာလည်း ဤနည်းတူမှတ်လေ။

www.dhammaransi.com



## ဥပမာနှိုင်းယှဉ်ချက်

ခြောက်ဒွါရမှာ တစ်နေ့လုံး မစဲအောင် မှန်ပြ၍နေလျှင် တစ်နေ့လုံးပင် အရုပ်ရှင်ဖြစ်၍နေ၏၊ ဓာတ်ရုပ်ကြီးလည်း အသေပင်တည်း၊ ပြသော ဓာတ်မှန်လည်း အသေပင်၊ ဓာတ်ရုပ်မှာ တောက်သော ဓာတ်မီးစုသည် အာဂန္တု ဓာတ်စု သက်သက်ပေတည်း၊ ဓာတ်ရုပ်မှ ထွက်သည်လည်းမဟုတ်၊ ဓာတ်မှန်မှ ထွက်သည်လည်းမဟုတ်၊ အသက်ရှိသည်လည်း မဟုတ်၊ ဓာတ်ရုပ်သေကြီးနှင့် ရူပက္ခန္ဓာ၊ ဓာတ်မှန်နှင့် အာရုံခြောက်ပါး၊ တောက်သောဓာတ်မီးစုနှင့် နာမ်ခန္ဓာလေးပါး ယှဉ်လေ။

သမ္မာဒိဋ္ဌိမဂ္ဂင်ကို ပွားများလို၍ ဓာတ်ကိုကြည့်ရှုသောအခါ ပုဂ္ဂိုလ်သဏ္ဍာန် သတ္တဝါသဏ္ဍာန်ကို ရှောင်ဖယ်၍ အဇ္ဈတ္တခန္ဓာတွင်းမှာ ထိုထိုဓာတ်ချက်ကိုသာ မိမိရရမြင်အောင် ဖမ်းရာ၏။

ဓာတ်တို့မည်သည် သူ့အကြောင်းဆိုက်တိုက်ရာ သူ့ဓာတ်ပေါ်ကုန်၏၊ သူ့အကြောင်းစဲပြန်လျှင် သူ့ဓာတ်သေပြန်၏။

လောဘဓာတ်ပေါ်ရန်အကြောင်းဆိုက်တိုက်၍ နေဆဲအခါ ဟဒယဓာတ် အိမ်တွင်းမှာ လောဘဓာတ် တစ်ဖွားဖွားဖြစ်ပေါ်၏၊ လောဘဓာတ်ဖြစ် ပေါ်သည် နှင့်တစ်ပြိုင်နက် တစ်ကိုယ်လုံးရှိရုပ်ဟောင်းစု အကုန်ကွယ်လေ၏၊ ထိုလောဘမှ ဖြစ်သော ရုပ်သစ်ကိုယ်သစ်ဖြစ်လေ၏၊ ကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်စုသည် စိတ္တဇရုပ် ပြောင်းလဲလျှင် အကုန်ပြောင်းလဲမြဲဓမ္မတာဖြစ်၍ လောဘမှဖြစ်သော ရုပ်သစ်ကိုယ်သစ်ဆိုသတည်း။

ရေအိုင်ငယ်၏ အတွင်းမှာ မြှုပ်၍ထားသော ရေမြှုပ်ပုံး၌ စနက်မီး ဝင်၍ ကွဲ၍ ရေအိုင်ထဲမှာ ဓာတ်လေကြမ်း ဖြစ်ပေါ်သောအခါ တစ်ခဏချင်း တစ်အိုင်လုံး ဘယ်လိုလှုပ်ရှား ပြောင်းလဲ၍ သွားလိမ့်မည် ဟုမြင်အောင်ကြည့်ပြီးမှ မိမိကိုယ်မှာ ထိုအတိုင်း စွပ်မြင်နိုင်ခဲလှ၏၊ ဉာဏ်စူးခဲလှ၏၊ အတန်ကြီး သန်သောရာဂဖြစ်မှုကို ကိုယ်တွေ့ဒိဋ္ဌ သက်သေကပ်၍ ကြည့်လေ၊ သဘာဝဓမ္မ၊ ဥပမာ၊ မိမိကိုယ်တွင်းမှ ကိုယ်တွေ့ဒိဋ္ဌ သက်သေ၊ သုံးချက်စုံမှ နေရာကျသည်။

လောဘမှ ဖြစ်သော ရုပ်သစ် ကိုယ်သစ် ခန္ဓာသစ် အမူရာသစ်ကို မြင်၍ ဤသူသည် ဘယ်လိုစိတ်ရှိသည်ဟု သူတစ်ပါးကပင် သိနိုင်၏၊ မိမိ ကိုယ်ကို မိမိ ကား ဆိုဖွယ်မရှိ ကောန်သိ၏၊ ဤသို့လျှင် မိမိ၏သန္တာန်၌ ရံခါရံဖန် လောဘ

www.dhammaransi.com



စာတ် ဖြစ်ပေါ်မှုသည် ထင်ရှားပါ၏။

တစ်ဖန် ထိုအာရုံကို သုံးဆောင်ပြီးဖြစ်ခဲ့သော်လည်းကောင်း အာရုံကွာ၍ သွားခဲ့သော်လည်းကောင်း အသုဘ မနသိကာရကိုပြု၍ ပယ်ဖျောက်ခဲ့သော်လည်း ကောင်း ဒီချောင်းမှ ဒီရေကျသွားသကဲ့သို့ လောဘဓာတ် ကျလျော့ပျောက်ဆုံး၍ သွားမှုသည်လည်း ထင်ရှား၏၊ ဖြစ်ပေါ်သော လောဘဓာတ် သေပျောက်၍ သွားမှု ထင်ရှား၏။

ဤကား လောဘဟူသော သင်္ခါရက္ခန္ဓာဓမ္မ၏ အဇ္ဈတ္တသန္တာန်မှာ ရံခါရံဖန် ဖြစ်ပေါ်မှု သေပျောက်မှုပေတည်း။

ငါနှင့် ရောထွေး၍မနေစေလင့်၊ အာဂန္တုဓာတ်တစ်ခုအနေနှင့် သီးသန့် ခြားနားထင်ရှားစွာ မိအောင်ဖမ်း၍ကြည့်၊ လောဘဓာတ်တစ်လုံး မျက်စိပေါက်လျှင် ကြွင်းသော ဓာတ်တို့၌လည်း ပေါက်လတ္တံ့၊ ဒေါသဓာတ်၏ ရံခါရံဖန် ဖြစ်ပေါ်မှု သေဆုံးမှု၊ မာနဓာတ်၏၊ ကုက္ကုစ္စဓာတ်၏၊ မစ္ဆရိယဓာတ်၏ ရံခါရံဖန် ဖြစ်ပေါ်မှု၊ သေပျောက်မှုတို့မှာလည်း ဤနည်းတူ သိလေ။

ထိုထိုအမှုကိစ္စတို့၌ အားတက်ခြင်းဟူသော ဝီရိယဓာတ်၏ ဖြစ်ပေါ်မှု သေပျောက်မှု၊ စိတ်ရွှင်လန်းခြင်းဟူသော ပီတိဓာတ်၏ ဖြစ်ပေါ်မှု သေပျောက်မှု၊ ပြုချင် မူချင်ခြင်းဟူသော ဆန္ဒဓာတ်၏ ဖြစ်ပေါ်မှု သေပျောက်မှုတို့မှာလည်း ထိုနည်းအတူ သိသာပါ၏၊ ပြုချင်သည်၊ မပြုချင်ဘူး၊ သွားချင်သည်၊ မသွားချင်ဘူး စသည်ဖြင့် လောကအပြော အဆိုမှာလည်း ထင်ရှားကြ၏။

သဒ္ဓါ သတိစသော ဓာတ်ကောင်းဓာတ်ဖြူစု ဒါနဓာတ် သီလဓာတ် ဘာဝနာဓာတ် စသည်တို့လည်း ထင်ရှားကုန်၏။

> အဇ္ဈတ္တသန္တာန်၌ ထက်သန်ထင်ရှားသော သင်္ခါရဓာတ် တစ်လုံး တစ်လုံး ပေါ်လျှင် ရုပ်ခန္ဓာလည်း ကိုယ်အသစ်အသစ် ပြောင်းလဲသည်ကို ဥပမာဒိဋ္ဌ သက်သေနှင့်တကွ အလင်းရအောင်ကြည့်လေ။

## ဥပမာတင် မြင်အောင်ရှု

ရေပြည့်သော သံဖြူရေစည်ကြီး ဥပမာ၊ ရေမြှုပ်ယမ်းတောင့် ခွဲသော ဥပမာများကို စင်ကြယ်စွာ ရှင်းလင်း၍ အပြီးထား၊ ဓာတ်ပေါ်မှုထက် ဓာတ် သေမှုကို အထူးမြင်အောင်ကြည့်၊ ဓာတ်သေမှုကို အနိစ္စလက္ခဏာဆိုသည်၊ ကိုယ်လုံးကျွတ်ပြောင်းလဲရာ၌လည်း ကိုယ်ဟောင်း သေပျောက်၍ သွားမှုကို အထူး

www.dhammaransi.com



အားထုတ်၍ကြည့်လေ မမြင်နိုင်ဟု မလျှော့နှင့် သမ္မာဒိဋ္ဌိမဂ္ဂင်မှုကြီးဖြစ်သည်။

**ဤတွင်ရွေ့ကား နာမက္ခန္ဓာလေးပါးတို့၏ သမုဒယနိရောဓကို ပြဆိုသောအခန်းပြီး၏။**

---

ဤခန္ဓာလေးပါးတို့၏ ပဋ္ဌမကောသလ္လဌာန အစီအရင်မှာ ရူပက္ခန္ဓာ နည်းနှင့် မထူးလှပြီ၊ ရူပက္ခန္ဓာမှာ ရုပ်ဓာတ်ကို ပေါက်အောင်ရှုသော သမ္မာဒိဋ္ဌိမဂ္ဂင် ပေတည်း၊ နာမက္ခန္ဓာမှာ နာမ်ဓာတ်ကို ပေါက်အောင်ရှုသော သမ္မာဒိဋ္ဌိမဂ္ဂင် ပေတည်း၊ ကြွင်းသောမဂ္ဂင်တို့ကား သမ္မာဒိဋ္ဌိ၏ အားပေးတို့သာတည်း။

**နာမ်ခန္ဓာလေးပါး၌ ပဋ္ဌမကောသလ္လဌာန ပြီး၏။**

---

## ခန္ဓာငါးပါး၌ အနိစ္စဘေး ကြီးကျယ်ပုံ

အဿာဒ အာဒီနဝတို့ကိုလည်း ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ တို့မှာ ပြဆိုခဲ့ပြီ၊ သို့သော်လည်း အနိစ္စ ဒုက္ခ ဝိပရိဏာမ ဟူသော အာဒီနဝ သုံးပါးသည် အလိုဆုံးအချက်ဖြစ်သည်၊ သမုဒယ နိရောဓဟူသော ဒုတိယ တတိယ ကောသလ္လဌာန နှစ်ပါးသည် အာဒီနဝဖို့ချည်းတည်း၊ အာဒီနဝ သုံးချက်တွင် အနိစ္စဘေး ကြီးကျယ်ပုံကိုမြင်လျှင် ဒုက္ခဘေး ဝိပရိဏာမဘေး နှစ်ပါးလည်း ထင်ရှားတော့သည်၊ ထို့ကြောင့် နိရောဓဟုဆိုအပ်သော အနိစ္စ အာဒီနဝဘေး ကြီးကျယ်ပုံကို ပြဆိုဦးအံ့။

## မရဏဓာတ်မီးကြီး

မီး တစ်ဆဲ့တစ်ပါးတို့တွင် ပါဝင်သော မရဏဂ္ဂိခေါ်သော မရဏဓာတ်မီး ကြီးသည်ရှိ၏၊ တေဇောမီးကဲ့သို့ ထိ၍ပူသော မီးမျိုးမဟုတ်၊ မျက်စိနှင့် မြင် ကောင်းသော မီးလည်းမဟုတ်၊ ကိုယ်နှင့်တွေ့ထိကောင်းသော မီးလည်း မဟုတ်၊ မီးစာတို့၏ ကျွမ်းမှုကွယ်ပျောက်မှုတို့သည်ကား ကိုယ်တွေ့မျက်မြင်များ ထက်ပင် အလွန်ကြီးကျယ်ထင်ရှား၏၊ သုံးဆယ့်တစ်ဘုံနှင့်တကွ စကြဝဠာအနန္တ ကမ္ဘာအနန္တ အနမတဂ္ဂသံသရာ အပြင်ကြီးသည် ထိုမီး၏ တောက်လောင်ရာ မီးစာအစု ပေတည်း။

မီးတောက်နှင့်မီးစာကို ထင်လင်းစွာပြဆိုဦးအံ့။ ။လူ့သဏ္ဌာန်မျှ တောက် ထသော မီးကြီးမှာ အဋ္ဌကလာပ်ဖြစ်၍ ရုပ်ရှစ်မျိုးရ၏၊ မျက်စိနှင့် ကြည့်၍မြင်ရ ဝါဝါထိန်ထိန် အဆင်းသဏ္ဌာန်ကြီးကား ရူပဓာတ်သာတည်း၊ မီးဓာတ်မဟုတ်သေး၊

www.dhammaransi.com



ထိုမီးတောက်ကြီး သဏ္ဍာန်ဖြစ်ရန် အမာခံဓာတ်ကြီးကား မြေဓာတ်သာတည်း၊ မီးဓာတ်မဟုတ်သေး၊ အတွဲအတွဲနေရန် ဖွဲ့စည်းမှုကား ရေဓာတ်သာတည်း၊ မီးဓာတ်မဟုတ်သေး၊ တရှိန်းရှိန်း လှုပ်ကြွမှုကား လေဓာတ်သာတည်း၊ မီးဓာတ်မဟုတ်သေး၊ အနံ့ထွက်သည်ကား ဂန္ဓဓာတ်သာတည်း၊ မီးဓာတ်မဟုတ်သေး၊ အရသာလည်းမီးဓာတ် မဟုတ်သေး၊ မီးကြိုက်သော အဆီဓာတ်သည်လည်း ဩဇာဟူသော အာဟာရဓာတ်သာတည်း၊ မီးဓာတ် မဟုတ်သေး၊ ကိုယ်အင်္ဂါနှင့် ထိ၍ စမ်းလျှင် ပူမှု လောင်မှု တစ်ခုတည်းသာ မီးဓာတ် အစစ်ဖြစ်သတည်း။

ဉာဏ်၌ဓာတ်ရှစ်ပါးခွဲ၍ထား။ ။ ဤအမှုရှစ်ပါးကို လူတိုင်းပင် ပြောနိုင်ကြ၏၊ ဓာတ်အသီးအသီးမှန်းကား မသိကြ။

ဤသို့လျှင်ထိုမီးတောက်ကြီးမှာ မီးစာဓာတ်ခုနစ်ပါး မီးဓာတ်တစ်ပါး၊ ထိုမီးဓာတ်တစ်ပါးသည် ထိုမီးစာဓာတ်ခုနစ်ပါးကို အစာပြု၍ ပွါးစီးသည် စေ့စေ့ ကြည့်၍နေလျှင် တရှိန်းရှိန်းထကြွမှုကား ရုပ်သစ်ဖြစ်ပွါးသော သမုဒယမှု ပေတည်း၊ ရုပ်သစ်ထကြွရာဟူသမျှမှာ မီးစာမှုနှင့် ရုပ်ဟောင်းကွယ်ပျောက်ချက် ချည်းသာတည်း။

ကွယ်ပျောက်မှုဆိုသည်ကား မရဏဓာတ်ပေတည်း၊ မီးဓာတ်တစ်ခြား မရဏဓာတ်တစ်ခြား၊ မီးဓာတ်ကား လောင်မှုကိစ္စ၊ မရဏဓာတ်ကား ချုပ်ဆုံးမှုကိစ္စ၊ မီးဓာတ်သည် အတူတကွဖြစ်သော ခုနစ်ပါးသောရုပ်တို့ကို လောင်၏၊ မရဏမီး သည် မီးဓာတ်ကိုလည်း လောင်၏၊ ကြွင်းသော ဓာတ်ခုနစ်ပါးတို့ကိုလည်း လောင် ၏၊ တေဇောမီးကား ပူ၍လောင်၏၊ မရဏမီးကား ပူသောမီး မဟုတ်၊ ပျက်ကွယ် ကုန်ဆုံးမှုကိုသာပြု၏။ (ဓာတ်ခွဲပုံကို ပြဆိုလိုက်သည်)

ဥပမာနှီးနှောချက်

လူ့ခန္ဓာကိုယ် တစ်ခုလုံးသည် ထိုမီးတောက်ကြီးနှင့် တူ၏၊ အဏုမြူမှစ၍ မဟာပထဝီမြေခဲကြီး မြင့်မိုရ်တောင် ကျောက်ခဲကြီးစု မမြင်နိုင်အောင် သေးငယ် လှသော သတ္တဝါ၏ ခန္ဓာကိုယ်မှစ၍ အကနိဋ္ဌဗြဟ္မာ့ ကိုယ်ခန္ဓာတိုင်အောင် သတ္တဝါခန္ဓာစု မြက်နွယ်ချုံ သစ်ပင် ဖြစ်သော ရုပ်ခဲစုအလုံးစုံသည် တစ်ခုတစ်ခု သော မီးတောက် ကြီးငယ်နှင့် တူ၏၊ မီးတောက်မှာ တေဇောဓာတ်မီး လွှမ်းမိုး အုပ်စိုး၏၊ ထို့အတူ သက်ရှိသက်မဲ့ဖြစ်သော ခန္ဓာဒြဗ်ဝတ္ထုတို့မှာ မရဏဓာတ်မီး လွှမ်းမိုးအုပ်စိုး၏၊ မီးတောက်မှာ ခုနစ်ပါးသောဓာတ်တို့သည် မီး၏အစာ

www.dhammaransi.com



သက်သက်သာ ဖြစ်ကုန်၏၊ ထို့အတူ ထိုသက်ရှိသက်မဲ့ ဝတ္ထုတို့မှာလည်း ရှိသမျှသော ရုပ်ဓာတ်နာမ်ဓာတ်တို့သည် မရဏဓာတ်မီး၏ အစာသက်သက် ဖြစ်ကြကုန်၏၊ ကိုယ်ခန္ဓာ ဒြဗ်ဝတ္ထုစုသည် မီးလောင်တိုက်ကြီးငယ်စုသာတည်း၊ မိမိကိုယ်ခန္ဓာ သူတစ်ပါးကိုယ်ခန္ဓာစုသည်၊ မရဏဓာတ်မီးခဲ မရဏဓာတ်မီးတောက် မရဏဓာတ်မီးအိုးကြီးစုသာတည်း၊ စတုသမုဋ္ဌာနိက တေဇောဓာတ်မီးခဲကြီး တေဇောဓာတ်မီးတောက်စုကြီးသာတည်း၊ အေးမှု,ပူမှုကို တေဇောဓာတ်မီးဆိုသည်၊ တစ်ကိုယ်လုံးမှာ အေးမှု,ပူမှု ပြည့်၏၊ အေးမှုသည် အေးသော ရုပ်ကို ပွါးစေတတ်၏၊ ပူမှုသည် ပူသောရုပ်ကို ပွါးစေတတ်၏၊ တစ်နေ့လျှင် နှစ်ထပ်နှစ်ထပ် မျိုသွင်းအပ်သော အစာစုကား အဇ္ဈတ္တတေဇောမီးတို့ကို ပွါးစေခြင်းငှါ ထည့်လောင်းရသော မီးစာသက်သက်ပေတည်း။

အစာအိမ်မှာ အစာရှိသမျှ ကာလပတ်လုံး တစ်ကိုယ်လုံးရှိသော တေဇောမီးတို့သည် တရှိန်းရှိန်းထ၍ နေကုန်၏ ရုပ်စုရုပ်ဓာတ်ခဲ ပွါးစီး၍ နေကုန်၏။

ထမှု ထိုင်မှု ရပ်မှု သွားမှုတို့နှင့် အလှုပ်အရှားရှိသောအခါ လွန်စွာပွားစီးကုန်၏၊ သွားစဉ်အခါ ဉာဏ်ကို ကိုယ်တွင်း၌ စိုက်၍ထားခဲ့လျှင် ကိုယ်တွင်းမှာ သွက်သွက်ခါနေမှု လျှပ်ပြက်သကဲ့သို့ တရှိန်းရှိန်း တက်မှု ကွယ်ပျောက်မှု ယမ်းပုံမှ မီးတောက် ထသကဲ့သို့ ခြေဖဝါးမှ ဦးထိပ်ပေါက်အောင် တက်မှု ကွယ်ပျောက်မှုတို့သည် ကိုယ်တွေ့ စိတ်မြင် အထင်အရှားတို့တည်း၊ ယခုသွားဆဲအခါမှ ဖြစ်ပေါ်ကြသော အာဂန္တုက ဓာတ်ခဲရုပ်ခဲတို့သာတည်း ပေါ်သောအစ ကွယ်ပျောက်သော အဆုံးကို မြင်စေ၊ အသစ်အသစ်မှာ ပေါ်ရာ ရောက်ရာမှ အဟောင်းအဟောင်း ကွယ်ပျောက်မြဲ။

ဤနည်းတူ အိပ်ခြင်းအမှု ထိုင်ခြင်းအမှု ရပ်ခြင်းအမှုတို့၌လည်း ဘယ်နေရာက ဘယ်လိုဖြစ်၍လာသည်ဟု လူအများတို့ ပြောဆိုကြသော အချက်စုသည် အာဂန္တုရုပ်စုရုပ်ခဲတို့၏ ဖြစ်ပေါ်မှုချည်းတည်း၊ ဖြစ်ပေါ်သော နေရာဌာနစု၌ အဟောင်း ကွယ်ပျောက်မှုရှိမြဲတည်း။

အစားများ၍ ဖောက်ပြန်ပြောင်းလဲမှု ဥတုပြောင်း၍ ဖောက်ပြန် ပြောင်းလဲမှု အဖျား အနာ ရောဂါဥပဒ်ဖြစ်၍ဖောက်ပြန် ပြောင်းလဲမှု စသည်ဖြင့် လူအများ ပင်သိ၍ တွေ့ကြုံ၍ ပြောဆို၍နေကြသော ပြောင်းလဲမှုသည် အလွန်ပင်များပြား၏၊ ဓာတ်ကို ခွဲခြမ်းပိုင်းခြား၍ မြင်နိုင်သော ဉာဏ်မရှိကြသည့်အတွက် သက္ကာယ

www.dhammaransi.com



ဒိဋ္ဌိ အဝိစိငရဲမီး ပွါးဖို့ချည်း ဖြစ်၍နေကြသည်၊ သက္ကာယဒိဋ္ဌိ အချက်ဟူသမျှကို ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ် ဖြစ်အောင်လုပ်နိုင်မှ ငရဲမီး ကွယ်ပျောက်နိုင်သည်၊ အနမတဂ္ဂသံသရာ၌ အစဉ်ပါ၍ နေသောငရဲမီးကို သတ်ရသောအလုပ်ဖြစ်ခြေသည်၊ မိမိအိမ်ကိုမီးလောင်၍ နေသည်ကိုမြင်၍ မီးကိုသတ်သော အိမ်ရှင်ယောက်ျားသည် ဘယ်နေရာမှာမီးရှိ သေးသည်ဟု မီးရှိရာဌာနကို မြင်အောင်ကြည့်၍ သတ်ရသည်၊ မီးကျန် မီးကြွင်းရှိ၍နေလျှင် မုန်ညင်းစေ့ခန့်မျှ ရှိသောမီးသည် တစ်အိမ်လုံးကို ခဏချင်းယူနိုင်သည်၊ ဤကိုယ်ခန္ဓာ၌ ဘယ် အချက်မှာ ငါထင်မှုရှိ၍ နေသေးသလဲဟု ရုပ်ခန္ဓာ နာမ်ခန္ဓာစု၌လည်းကောင်း ထိုခန္ဓာ၏ အမူအရာစု၌လည်းကောင်း စေ့စုံစွာ ကြည့်ရှုပြီးလျှင် ငါထင်၍နေရာကို သမ္မာဒိဋ္ဌိ ဉာဏ်လက်နက်ဖြင့် အချက်များစွာ ဘာဝနာဖြစ်အောင် ပစ်ခွင်းမှ သက္ကာယဒိဋ္ဌိ ငရဲမီး သေဆုံးနိုင်သည်။

**(ဤကား ရုပ်ခန္ဓာ၏ အနိစ္စအချက်ကို အမြွက်မျှ ပြဆိုသော စကားရပ်တည်း)။**

**ကွယ်ပျောက်၍သွားသမျှသည် မရဏခေတ်မီး လောင်ချက်ချည်းတည်း၊ မရဏခေတ် ဘီလူးစားချက်ချည်းတည်း။**

## မိစ္ဆာဒိဋ္ဌိ အယူရှိသော်

မိစ္ဆာဒိဋ္ဌိ အယူ၌ မီးကိုအစာပေး၍ လုပ်ကျွေးသော အယူသည် ရှိ၏၊ ဖွားမြင်သောအခါ မိဖတို့က ဖွားဘက်မီး ယူ၍ထားရသည်၊ တစ်ဆဲ့ခြောက်နှစ်ပတ်လုံး မသေအောင်အစာပေး၍ မွေးကျွေး၍ ထားရသည်၊ သားငယ် တစ်ဆဲ့ခြောက်နှစ် အရွယ်သို့ရောက်သောအခါ လူလုပ်မည်လော ဗြဟ္မာ့ပြည်သို့ ရောက်အောင်ကျင့် မည်လောဟု သားကိုမေး၍ ကျင့်မည်ဆိုလျှင် ထိုဖွားဖက် မီးကိုအပ်၍ တောထွက်စေ၏၊ တော၌လည်းကောင်း ထိုထိုမြို့ရွာ၌လည်းကောင်း နေ၍ ထိုမီးကို မသေရအောင်' အစာပေး၍ လုပ်ကျွေးရသည်၊ ထောပတ် ဆီဦးစသည် ထူးထူးမြတ်မြတ်ရသမျှကို မီးစာကျွေးရသည်၊ အကောင်းအမွန်ကို ကျွေးနိုင်လေလေ အကျိုးကြီးလေလေဟုအယူရှိသည်၊ စုတေသည့်တိုင် မီးကို မသေရအောင်အစာပေး၍ လုပ်ကျွေးပူဇော်နိုင်လျှင် သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့ရောက်ရသည်ဟု မိစ္ဆာအယူရှိသည်၊ ထိုအယူကို ယူ၍ မီးကို လုပ်ကျွေးသော အဂ္ဂိကပုဏ္ဏားသည် အနှစ်တစ်ရာ အသက်ရှည်လျှင် အနှစ်တစ်ရာပတ်လုံး ီးစာအတွက် မီးအဘွက်နှင့် အားထုတ်ရ ကြောင့်ကြစိုက်ရသော ၁၁ါရဒုက္ခခွင်မှ

www.dhammaransi.com



မထွက်ရပြီ အနှစ်တစ်ထောင်အသက်ရှည်လျှင် အနှစ်တစ်ထောင်ပတ်လုံး မထွက်ရပြီ၊ အနှစ်တစ်သောင်း အနှစ်တစ်သိန်း အနှစ်တစ်ကုဋေ အနှစ်အသင်္ချေ အသက်ရှည်လျှင်လည်း အနှစ်အသင်္ချေပတ်လုံး ဒုက္ခခွင်မှ မထွက်ရပြီ အနမတဂ္ဂ သံသရာကာလပတ်လုံး အသက်ရှည်လျှင်လည်း အနမတဂ္ဂသံသရာ ကာလ ပတ်လုံးပင် သင်္ခါရဒုက္ခခွင်မှ မထွက်ရပြီ။

အဘယ့်ကြောင့်နည်းဆိုသော် မီးမည်သည် ရောက်လာသမျှ အစာ ထင်း သစ်သားကို ခဏမစဲ အမြဲကုန်ဆုံးအောင် ဖြုန်းတီးမြဲ ဓမ္မတာပေတည်း၊ ထိုမီးကို တွယ်တာ၍ အစာကို အားထုတ်သောသူသည် အဘယ်အခါမှ ဒုက္ခခွင်က ထွက်ရခွင့် မရှိပြီ။

ဤဥပမာအတိုင်း ဤကိုယ်ခန္ဓာမှာလည်း ရုပ်ဓာတ်နာမ်ဓာတ်တို့ကို ခဏမစဲ အမြဲကုန်ဆုံးအောင် အတွင်ဖြုန်းတီး၍နေသော မရဏဓာတ်မီးသည် ကိုယ်ခန္ဓာနှင့် အပြည့်ရှိ၏၊ ဤခန္ဓာကို သာယာတွယ်တာ၍ မွေးမြူပြုစု ကြကုန်သော ဤသတ္တဝါအပေါင်းတို့သည် မရဏဓာတ်မီးကို မွေးမြူ ပြုစုမှု အစာပေးမှု ကျွေးမွေးမှုပင်တည်း။

## ခပ်သိမ်းသတ္တဝါ မီးအစာ

လူ့ခန္ဓာသည် လူ့မရဏဓာတ်မီး၏ အစာတည်း၊ နတ်ခန္ဓာသည် နတ် မရဏဓာတ်မီး၏ အစာတည်း၊ ဗြဟ္မာ့ခန္ဓာသည် ဗြဟ္မာ့မရဏဓာတ်မီး၏ အစာတည်း၊ ထိုခန္ဓာတို့ကို ရလို၍ ဒါနမှုကို ပြုခြင်းသည်လည်း မရဏဓာတ်မီးကို ကျွေးမွေးရန် မီးစာအခင်း စိုက်ပျိုးမှုသာတည်း၊ ငါးပါးသီလ ရှစ်ပါးသီလ ဆယ်ပါး သီလတို့ကို အားထုတ်မှုသည်လည်း မရဏဓာတ်မီးကို ကျွေးမွေးရန် မီးစာခင်း ခန္ဓာခင်း စိုက်ပျိုးမှုသာတည်း၊ ကသိုဏ်းဘာဝနာ ဗြဟ္မာ့ဝိဟာရ ဘာဝနာများကို အားထုတ်မှုသည်လည်း မရဏဓာတ်မီးကို ကျွေးမွေးရန် မီးစာခင်း ခန္ဓာခင်းကို စိုက်ပျိုးမှုသာတည်း၊ အနမတဂ္ဂသံသရာမှာ တစ်ယောက်တစ်ယောက်သော သတ္တဝါ၏ ဒါနမှုပေါင်း အနမတဂ္ဂရှိခဲ့ပြီ၊ ထိုဒါနမှုတို့၏အကျိုး လူ့ခန္ဓာပေါင်း နတ်ခန္ဓာပေါင်း အနန္တရှိခဲ့ပြီ၊ ရှိခဲ့သမျှသည်လည်း မရဏဓာတ်မီးစား၍ ကုန် ပျောက်ကွယ်ဆုံးလေတော့သည်၊ ပြာမှုန့်မျှမှ အဖတ်ရှာ၍ မရပြီ၊ တစ်ခုတစ်ခုသော ဘဝ၌လည်း မိမိကိုယ်ခန္ဓာကို မိမိမွေးမြူနိုင်သော နေ့မှစ၍ တစ်သက်ပတ်လုံး နေ့ရှိသမျှ ကြောင့်ကြစိုက်၍ ဒုက္ခစိုက်၍ မွေးမြူသမျှသည် သေရာဝယ် အကုန် မိခင်ဧရာဝတီ

www.dhammaransi.com



ပျောက်ပျက် ကွယ်ဆုံးမြဲ ဓမ္မတာတည်း၊ တေဇောမီးကို မြတ်သောအလျှံ ပုဂ္ဂိုလ်ဟု ကြည်ညိုအားကိုး၍ ပူဇော်လုပ်ကျွေးသော အဂ္ဂိက ပုဏ္ဏားအလုပ်နှင့် တူလှ၏။

**ဤဥပမာ- ဥပမေယျဖြင့် အနမတဂ္ဂ သံသရာ၌ ရူပက္ခန္ဓာ၏ အနိစ္စဘေးကြီး၏ သတ္တဝါအပေါင်းကို နှိပ်စက်ညှဉ်းပန်းမှု ကြီးကျယ်ပုံကို သိစေသည်။**

## မရဏမှု မြင်အောင်ရှု

မရဏစာတ်၏အမှုသည် ဤမျှလောက် ကြီးကျယ်ထင်ရှားပါလျက် မရဏစာတ်ကို သီးသန့်ခြားနား စာတ်ကြီးတစ်ပါးအဖြစ်ဖြင့် မမြင်နိုင်ဘဲ နေတတ်သည်၊ သီးသန့်ခြားနား စာတ်ကြီးတစ်ပါးအနေနှင့် မြင်အောင်ကြည့်၊ မိမိကိုယ်တွင်းမှာ ဣရိယာပုထ် လေးပါး၌ ခဏမစဲ အမြဲအစဉ် အတွင်လောင်ဖြုန်း၍ တဟုန်းဟုန်း နေသည်ကိုလည်း မြင်အောင်ကြည့်။

## ဥပမာ- တစ်နည်းကား

တွင်းကြီးတစ်ခုသည် အထုယူဇနာ နှစ်သိန်းလေးသောင်းရှိသော မဟာပထဝီမြေကြီးကိုလည်းကောင်း ထိုမြေကြီး၏ အောက်၌ အထုယူဇနာ လေးသိန်းရှစ်သောင်းရှိသောရေပြင်ကြီးကိုလည်းကောင်း၊ ထိုရေ၏အောက်၌ ကိုးသိန်းခြောက်သောင်းရှိသော လေပြင်ကြီးကိုလည်းကောင်း ထွင်းဖောက်၍ အောက်အနန္တအဇဋာကာသကောင်းကင်သို့ ဟောင်းလောင်းပေါက်လေရာ၏၊ တစ်ယောက်သောသူသည် အောက်အဖို့၌ မှောင်ဖုံး၍နေသဖြင့် အတောင်တစ်ရာနှစ်ရာမျှသာနက်သောတွင်းဟု ထင်၏၊ ထိုအရပ်မှာလည်း ဤကဲ့သို့သော တွင်းကိုဝမ်းစာမြေသားတက်အောင် အသက်ထက်ဆုံး ဖို့၍လောင်း၍ သေလွန်လျှင်ပြဟ္မာ့ပြည်သို့ရောက်၏ဟု မိစ္ဆာဝါဒ ဖြစ်ထွန်းလျက် ရှိရာ၏။

ထိုမိစ္ဆာကို ယူစွဲသောသူတို့သည် ထိုတွင်းမှာ မြေစာတိုးတက်အောင်ဖို့လောင်းသောအကျင့်ကို သေသည်တိုင်အောင် စွဲမြဲ အားထုတ်ကြကုန်၏၊ တွင်း၌ထည့်လိုက်သမျှ လောင်းလိုက်သမျှသော မြေစာတို့သည်မူကား ရပ်တန့်ရာ မရအောက်အဇဋာကာသ အနန္တကောင်းကင်ကြီးသို့ သွားကုန်၏၊ လွန်လေပြီးသောအနမတဂ္ဂသံသရာ၌ တစ်ယောက်တစ်ယောက်သောသူ၏ ခန္ဓာကိုယ်အကျိုးငှါပြုအပ်သော ဒါနမှုအနန္တ သီလမှုအနန္တ ဘာဝနာမှုအနန္တတို့သည် ထိုတွင်းကိုဖို့ကြသော အမှုနှင့်တူကုန်၏၊ ဖြစ်ခဲ့ပြီးသော လူ့ခန္ဓာ နတ်ခန္ဓာ ပြဟ္မာ့ခန္ဓာ အနန္တစုသည် ထိုတွင်းသို့ ကျလေသော မြေစိုင်ခဲတို့နှင့် တူကုန်၏၊ နောက်အနာဂတ်သံသရာမှာလည်း ဤနည်းတူ ယခုဘဝ၌ အသက်မွေးမှု ခန္ဓာမွေးမှုနှင့် နေ့နေ့ညည

www.dhammaransi.com



ကြောင့်ကြစိုက်သော အမှုစုသည်လည်း ထိုတွင်းကို ဖို့ကြမှုနှင့်တူ၏၊ ဤသည်လည်း အနိစ္စဘေး ကြီးကျယ်ပုံကို ပြဆိုသော ဥပမာပင်တည်း။

ဥပမာ နှီးနှောချက်

ဤဥပမာ၌ကား အားထုတ်သယ်ပိုး၍ တွင်းထဲသို့ လောင်းသမျှသော မြေစာတို့၏ လက်ကလွှတ်လိုက်သည့်နောက် တစ်ခဏမျှသာ မြင်လိုက်ရ၍ မျက်ခြည်ပြတ် ပျောက်ကွယ်၍ သွားမှုနှင့် အတိတ်နေ့ အတိတ်လ အတိတ်နှစ် အတိတ်ဘဝ အနမတဂ္ဂ၌ ခန္ဓာတို့၏ ကုန်ဆုံးပျောက်ကွယ်၍သွားမှု တူသည်၊ မြေစာတို့ကို အနမတဂ္ဂ ကာလပတ်လုံး မနေမနား လောင်း၍ပင်နေသော်လည်း ပြည့်နိုင်ရန်အခွင့် တစ်ပဲတစ်ရွေးမျှ အဖတ်ရာ၍ ရနိုင်ရန် အခွင့်မရှိသော အနန္တ အာကာသပေါက်ကြီး အလားနှင့် အတိတ်သံသရာ အနာဂတ်သံသရာ အနမတဂ္ဂ ရှည်လျားလှသော မရဏာစာတ်တွင်းကြီးသို့ ဒါန သီလ ဘာဝနာမှုတို့ကို မနေမနား အားထုတ်၍ စီးပွါးဥစ္စာရှာမှုကို မနေမနား အားထုတ်၍ လူ့ခန္ဓာ နတ်ခန္ဓာ ပြဟ္မာ့ခန္ဓာ ဥစ္စာခနေ မြေစိုင်တို့ဖြင့် ဖို့လောင်းသော်လည်း တစ်ပဲတစ်ရွေးမျှ အဖတ်ရာ၍ ရနိုင်ရန် အခွင့်မရှိကြောင်းကို သိစေ မြင်စေ ထင်စေသည်။

အောက်က မီးဥပမာ၊ ဤတွင်းကြီးဥပမာ နှစ်ရပ်ဖြင့်ပင် ရုပ်ခန္ဓာအတွက်နှင့် အတိတ်သံသရာ၌ ပင်ပန်းခဲ့သမျှသည်လည်း အချည်းနှီးသာတည်း၊ နောက်အနာဂတ်၌ ပင်ပန်းအံ့သမျှသည်လည်း အချည်းနှီးသာတည်း၊ ယခု မျက်မြင်၌ ပင်ပန်းကြသမျှ ကြောင့်ကြစိုက်ကြသမျှသည်လည်း အချည်းနှီးသာတည်းဟူသော အနက်ကိုလည်း ပြလိုက်သည်။

ခန္ဓာငါးပါး၌ အနိစ္စဘေး ကြီးကျယ်ပုံကို ပြဆိုချက် ပြီး၏။

------------------

## ခန္ဓာငါးပါး သစ္စာဖွဲ့ပုံ

ဤအနိစ္စ စင်စစ်ဖြစ်သော ခန္ဓာငါးပါးသည် ဒုက္ခသစ္စာမည်၏၊ ထိုခန္ဓာငါးပါးကို ငါ၏ ကိုယ်ပိုင်ဥစ္စာဟု သာယာတွယ်တာလျက် ထိုခန္ဓာငါးပါး၏ ဖြစ်ပွါးခြင်းကို အလိုရှိသော တဏှာသည် သမုဒယသစ္စာမည်၏၊ ထိုတဏှာ၏ ကျွတ်လွတ်မှုဟူသော သတ္တမကောသလ္လဌာနဖြစ်သော နိဿရဏာသည် နိရောဓသစ္စာမည်၏၊ စတုတ္ထကောသလ္လဌာနဖြစ်သော သမ္မာဒိဋ္ဌိအစရှိသော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

ဤသို့လျှင် ခန္ဓာငါးပါး၏ သရုပ်သဘောအဓိပ္ပါယ် သစ္စာလေးပါး၏ သရုပ်သဘောအဓိပ္ပါယ် ခန္ဓာငါးပါးကို သစ္စာဖွဲ့နည်း မဂ္ဂင်ရှစ်ပါး၏၊ သရုပ် သဘော

www.dhammaransi.com



အဓိပ္ပါယ်နှင့်တကွ နိဗ္ဗာန်ကိုရောက်အောင် ပွါးများနည်းကို သိလိုပါသည်ဟု အစိတ်တစ်ဆဲ့တစ်ချက်ပါရှိသော ဒုတိယလျှောက်ချက်ကို ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်လာ ခုနစ်ဖြာသော ကောသလ္လဌာနကို ပြတော်မူသော သုတ္တန်ဒေသနာကို အစဉ်မှီး၍ ပြဆိုလိုက်သော စကားရပ်ပြီး၏။

ဒုတိယလျှောက်ချက် အဖြေ ပြီး၏။

## တတိယခန်း

## နောက်နောက် လျှောက်ချက်တို့ကိုကား အကျဉ်းမျှပြဆိုအံ့။

"နိဗ္ဗာန်၏သဘောနှင့် နိဗ္ဗာန်ကိုရောက်သူတို့၏ ချမ်းသာစင်စစ် ဧကန်ဖြစ်ရခြင်းကို ဟုတ်မှန်သည့်အတိုင်း သိရ၍ ဂုဏ်ကျေးဇူးကို အစဉ်အောက်မေ့လျက် ဥပသမာနုဿတိ ဘာဝနာအဖြစ်ဖြင့် ပွါးများ၍ နေလိုပါကြောင်း" **တတိယလျှောက်ချက် နိဗ္ဗာန်၏ နိဿရဏ ဓာတ်သဘော-**

**အဖြေကား**---ဥပသမာနုဿတိ ဘာဝနာမှုမည်သည် စင်စစ်အားဖြင့် မိမိ၏ဟဒယဓာတ်အိမ်အတွင်းမှာ ဆိုက်တွေ့ပြီးသော ဥပသမဓာတ်ရှိသော အရိယာတို့၏အလုပ်သာဖြစ်သည် မောင်သော်နှင့်ဆိုင်သော အလုပ်မဟုတ်၊ မောင်သော်သည် မိမိ၏ ဟဒယဓာတ်အိမ်၌ ဆိုက်တွေ့ပြီးသော ဥပသမဓာတ် ရှိသေးသူမဟုတ်၊ မိမိကိုယ်တွေ့ မဟုတ်ပဲ သူတစ်ပါး၏ ကိုယ်တွေ့ဖြစ်သော ဥပသမဓာတ်၏ဂုဏ်ကို အနုမာန မျက်ရမ်းဆအားဖြင့် မြော်မြော်စောစော ပွားများသော်လည်း အားပြည့်အင်ပြည့် ဘာဝနာ မဖြစ်နိုင်၊ မောင်သော် သန္တာန်မှာ တဒင်္ဂ ဥပသမဓာတ်မျှမူကားရှိ၏ ထိုရှိသောဓာတ်သည်လည်း ကြည့်လောက်ရှုလောက် ပွားများလောက်အောင် ပြောင်ပြောင်လက်လက်မဟုတ်၊ ရှေ့နောက် ကိလေသာဖုံး လွှမ်းလျက်နေ၏၊ သို့သော်လည်း အနုမာန မျက်ရမ်းဆ၍ အောက်မေ့ရလျှင်ပင် အလွန်အကျိုးကြီးသော အရာဌာနဖြစ်ပေ၍ ရမ်းဆနိုင်ရန် ဖြေဆိုလိုက်ပေအံ့။

ရှေ့ အာဒီနဝနိဗ္ဗာန်၏ သဘောဆိုသည်ကား သန္တတိသဘောတည်း၊ ယင်းကို ကောသလ္လဌာန ခုနစ်ပါးမှာ နိဿရဏဆိုသည်။

ပြဆိုခဲ့ပြီးသော မီးပူဇော်သော ပုဏ္ဏားဥပမာ အောက်အဇ္ဈောကာသ အနန္တကောင်းကင်သို့ ပေါက်သောတွင်းကြီးကို ဖို့ကြသော အန္ဓဗာလတို့ ဥပမာများ

မိခင်ဇရာဝတီ

www.dhammaransi.com



နှင့်တကွ အနိစ္စဘေးသည် အဘယ်မျှလောက် ကြီးကျယ်သည်ဟု မြင်အောင် မြော်၍ အနိစ္စခ‌ေတ်မီး မရဏခေတ်မီး၏ ကြောက်မက်ဖွယ်ကို မြင်အောင်ကြည့် ထိုအနိစ္စမီး မရဏမီး၏ ချုပ်ငြိမ်းမှုဟူသော နိဿရဏခေတ်သည်ရှိ၏၊ ထို နိဿရဏခေတ်သည် သန္တိ သဘောပင်တည်း၊ မရဏခေတ်ကြီးကိုမှ အသီးအခြား ခေတ်တစ်ပါး ဓမ္မတစ်ပါးအနေနှင့် ကွက်ခြားရှင်းလင်း၍ မမြင်နိုင်ခဲ့လျှင် နိဿရဏ ခေတ်ကို အသီးအခြားခေတ်တစ်ပါးအနေနှင့် မြင်နိုင်မည်ဝေးစွ၊ မရဏခေတ်ကို အသီးအခြားခေတ်တစ်ပါးအဖြစ်ဖြင့် မြင်နိုင်ပါမှ နိဿရဏခေတ်ကို အတပ် ရမ်းဆနိုင်လတ့်။

အနမတဂ္ဂသံသရာ၌ ပုဂ္ဂိုလ် သတ္တဝါဟူ၍ အဏုမြူမျှမရှိ၊ ပရမတ္ထစု ခေတ်ခဲမျှသာရှိသည်။

ဧရာဝတီမြစ်ရေကို စေ့စေ့ကြည့်၍နေလျှင် အစဉ်အတိုင်း သီတ ခေတ်မီး အဆင့်ဆင့်မှ ကလာပ်အစုခေတ်အစု အဆင့်ဆင့်ပေါက်ဖွား၍ ရိပ်ရိပ် ရိပ်ရိပ် စီးသွားမှုကဲ့သို့ အနမတဂ္ဂသံသရာမှာ ခန္ဓာအစဉ် ခေတ်အစဉ် အလျဉ်ဆက်ပွား အစဉ်သွား၍ နေမှုသာအဟုတ်ရှိသည်၊ ပုဂ္ဂိုလ်ဟူ၍ သတ္တဝါဟူ၍ အဏုမြူမျှမရှိ။

ထို တစ်ခုတစ်ခု ခေတ်နွယ်ခေတ်စဉ် ခေတ်အလျဉ်သည် အကြင်မျှလောက် သမုဒယသစ္စာ တဏှာဟူသော အစည်းအဖွဲ့သည် ရှိသေး၏၊ ထိုမျှလောက် အစုအခဲမပျက်မူ၍ ပေါက်မြဲပေါက် ပွားမြဲပွား သွားမြဲသွား၍ နေသည်သာဖြစ်၏၊ နိဿရဏခေတ်သို့ ဆိုက်ခွင့်မရသေး။

အကြင်အခါ၌ ထိုတေဘူမကမှ မဓမ္မခေတ်အစဉ်တစ်ခု ခေတ်အစုအခဲ အတွင်းမှာ လောကုတ္တရာ သမ္မာဒိဋ္ဌိမဂ္ဂင်ဟူသော ဓမ္မခေတ်တစ်ခုသည် ပေါ်၍ လာ၏၊ ထိုအခါ တဏှာအစည်းအဖွဲ့သည် ကုန်ဆုံး၍သွား၏၊ ထိုတဏှာ၏ ကုန်ဆုံးမှုသည် နိဿရဏခေတ်ပင်တည်း၊ မရဏခေတ်နှင့် နိဿရဏခေတ် ထွေး၍မနေစေလင့်၊ မရဏခေတ်ကား တဖွားဖွား ဖြစ်ပေါ်သမျှသော ရုပ်ခေတ် နာမ်ခေတ်တို့ကို ခဏမစဲကုန်ဆုံးအောင် လောင်သောမီးမျိုးပေတည်း၊ နိဿရဏ ခေတ်ကား ထိုမရဏမီးကို သေဆုံးအောင်သတ်သော ခေတ်အေး ခေတ်ငြိမ်းကြီး ပေတည်း၊ ထိုနိဿရဏခေတ်အေးကြီး ခေတ်ငြိမ်းကြီးသည်မူကား တစ်စုံ တစ်ခုသောခေတ်နှင့် ရောမှု ယှက်မှု ဖက်တွဲမှုမရှိ ကောင်းကင်ကြီးကို မီးလည်း မိအောင် မလောင်နိုင်၊ ရေလည်းထိအောင် မဖျက်နိုင်၊ တစ်စုံတစ်ခုသော ဘေးမျှ

www.dhammaransi.com



မထိပါးနိုင်သကဲ့သို့ ထိုနိဿရဏဓာတ်ကြီးတို့ အလွန်သိမ်မွေ့လှသော ဓာတ်ကြီး ဖြစ်ခဲ့၍ ဇာတိမီးလည်းမထိနိုင်၊ ဇရာမီးလည်းမထိနိုင်၊ မရဏမီးလည်း မထိနိုင်၊ ရာဂမီး ဒေါသမီး မောဟမီးတို့လည်း မထိနိုင်၊ မီးတစ်ဆဲ့တစ်ပါးမှ လွတ်သော ဓာတ်ကြီးပေတည်း၊ ဇာတိမရှိသည့်အတွက်ကြောင့် ဘယ်မှာစသည် ဟူ၍လည်း အစကိုပြရန်မရှိ၊ ဘယ်မှာတစ်ခု ဘယ်မှာတစ်ခုဟူ၍ နှစ်ခုသုံးခုစသည် ခွဲခြမ်းရန် မရှိ၊ မရဏမရှိသည်ဖြစ်၍လည်း ဘယ်မှာဆုံးသည်ဟု အဆုံးကိုပြရန်မရှိ။

ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတော ပဘံ။

( ဗြဟ္မနိမန္တနသုတ် ပါဠိတော် )

ဝိညာဏံ= ထူးသောဉာဏ်ဖြင့်သာ သိအပ်၏၊ အနိဒဿနံ=အရပ်ဒေသ ကာလသဏ္ဍာန်နှင့် ညွှန်ပြခြင်းငှါ မထိုက်၊ အနန္တံ=ရှေ့အစွန်း နောက်အစွန်းလည်း မရှိ၊ သဗ္ဗတောပဘံ=အဇ္ဈာကာသ ကျယ်လှအပြင် မိုးကောင်းကင်ပမာ ဆယ် မျက်နှာတို့၌ ဝင်းဝင်းတောက်လျက်ရှိ၏။ ။ အနက်။

**ဝိညာဏံ** ဆိုသည်ကား အနမတဂ္ဂသံသရာ ခန္ဓာအစဉ် ဓာတ်အစဉ်၌ အမြဲလောင်၍ လိုက်နေသော ရာဂမီး,ဒေါသမီး,မောဟမီး,ဇာတိမီး,ဇရာမီး, မရဏမီးသည်လည်းရှိ၏၊ ထိုမီးစု၏ ကုန်မှု,ဆုံးမှု,အေးငြိမ်းမှုသည်လည်း ဧကန် ရှိ၏ဟု သိအပ်သော သန္တိသဘောကို ဆိုသည်။

**အနိဒဿနံ** ဟူသောပါဌ်ဖြင့် ဘယ်ကမ္ဘာမှစ၍ ဖြစ်ပေါ်သည် ဘယ်မှာ ဆုံးသည် ဘယ်အခါမှာမှရှိသည် ဘယ်အခါမှာမရှိဟု ကာလအထွေအပြား နှင့်လည်း ညွှန်းပြခြင်းငှါ မထိုက်၊ ဘယ်ဘုရား၏ နိဿရဏဓာတ်တစ်ခု ဘယ် ပစ္စေကဗုဒ္ဓါ၏ နိဿရဏဓာတ်တစ်ခု ဘယ်သာဝက၏ နိဿရဏဓာတ် တစ်ခု ဟူ၍လည်း အနမတဂ္ဂသံသရာတွင် ပရိနိဗ္ဗာန်စံကြသူတို့ကိုလိုက်၍ အထွေ အပြားပြု၍ ညွှန်းပြခြင်းငှါ မထိုက်၊ ဘုရားတို့၏ နိဿရဏဓာတ်ကား အလွန် မြတ်သည် ပစ္စေကဗုဒ္ဓါတို့၏ နိဿရဓာတ်ကား ထိုအောက်ယုတ်ညံ့သည် စသည်ဖြင့် ဟီန ပဏီတ ခြားနားခြင်းငှါလည်း မထိုက်၊ သဗ္ဗညုမြတ်စွာဘုရား ရောက်သောနိဗ္ဗာန်နှင့် ခုဇ္ဇုတ္တရာအိမ်ကျွန်မရောက်သော နိဗ္ဗာန်နှစ်ထွေ နှစ်ပါး မပြားကြ ဆိုလိုသည်၊ ဤသို့သော အဓိပ္ပါယ်ကို အနိဒဿနံ ဟူသောပါဌ်ဖြင့် ပြတော်မူပေသည်။

**အနန္တံ**-ဟူသောပါဌ်ဖြင့် အနမတဂ္ဂ သံသရာ၌ ကျွတ်ကြသော သူခပ်သိမ်း

www.dhammaransi.com



တို့၏ နိဗ္ဗာန်ကို ရှေ့အစွန်း နောက်အစွန်း ခြားနား၍ ခွဲဝေခြင်းငှါ မထိုက်သည်ကိုပြသည်။

**သဗ္ဗတောပဘံ** ဟူသောပါဠိဖြင့်ကား တေဘုမ္မကနယ်မှာ မရဏခေတ်မီးသည် ညီးညီးထိန်ပြောင် တောက်လောင် ထွန်းပ၍နေ၏၊ အနမတဂ္ဂ အတိတ်သံသရာ ကမ္ဘာအနန္တ ကုန်ဆုံးကွယ်ပျောက်ချက်။

ယခုရှိသမျှလည်း နေ့ညမစဲ ကုန်ဆုံးကြလျက်နေသည်ကိုမြော်။

နောင်အနာဂတ် သံသရာကမ္ဘာအဆက်ဆက်လည်း ကုန်ဆုံးမှုမှာ အဆုံးသတ်ရသည်ချည်း လူတိုင်းလည်း သေရချည့် သေရချည့်ဟု သိလျက် မြင်လျက်တွေ့ကြုံလျက်နေကြရသည်၊ မရဏမီး ထိန်ထိန်ညီးပုံတည်း၊ လောကုတ္တရာနယ်မှာ ထိုနိဿရဏခေတ်ကြီးသည် ထိန်ထိန်ညီး ထွန်းတောက်၍နေ၏၊ အနမတဂ္ဂ သံသရာ၌ ဘုရားပေါင်းအနမတဂ္ဂ ပစ္စေကဗုဒ္ဓါပေါင်းအနမတဂ္ဂ သာဝကပေါင်း အနမတဂ္ဂတို့၏ ထိုမရဏမီးမှ ကျွတ်လွတ်ကြမှုကိုမြော်၊ ဤသို့သော အနက်ကို သဗ္ဗတောပဘံဟူသောပါဠိဖြင့် ပြတော်မူသည်။

**ဤကား နိဗ္ဗာန်၏ သဘောကိုသိလိုပါသည် ဟူသောအချက်၌ အမြွက်အရိပ် ရမ်းဆရန် ပြဆိုသောအခန်းပြီး၏။**

## နိဿရဏခေတ်၏ ချမ်းသာအစစ်

နိဗ္ဗာန်သို့ ရောက်သူတို့၏ ချမ်းသာစင်စစ် ဧကန်ဖြစ်ပုံကို သိလိုပါသည်ဟူသော အချက်၌ ဧကန်စင်စစ်ကို ပြောဆိုခန်းဆိုက်လျှင် ပုဂ္ဂိုလ်သတ္တဝါကို ထည့်၍ မပြောထိုက်။

ဓမ္မာ နိဿတ္တာ နိဇ္ဇီဝသဘာဝါ=သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်သာလျှင်၊ သံဝိဇ္ဇန္တိ=ရှိကုန်၏ဟု လူတိုင်းကြားဘူး၍နေသော အဘိဓမ္မာဒေသနာတော်ကြီးကိုမြော်။

## ခေတ်နှင့် ခေတ်သား အရင်းထားမှု

အဟုတ်ရှိမဟုတ်၊ အမှန်ရှိ မဟုတ်ဘဲ စိတ်ထဲတွင် ထင်ချင်တတ်တိုင်း အလိုင်းတကြီးထင်၍နေကြသော ပုဂ္ဂိုလ်,သတ္တဝါ,စိတ်,သညာနှင့် ထွေးလုံးရောယှက်၍ ပြောဆိုခဲ့လျှင် နိဗ္ဗာန်အသွင် ထင်မိထင်ရာ ထွေလာများပြား ရောက်

www.dhammaransi.com



တတ်ရာဖြစ်၍ သွားတတ်သည် မိမိကိုယ်ကောင် ဖြစ်၍နေသော မြေဓာတ်ကြမ်းကြီးသည် ရှိ၏၊ ထိုမြေဓာတ်ကြမ်းကြီးကိုမျှ ပရမတ္ထသဘာဝ အစစ်ကို ခြားနား၍ မြင်နိုင်သော ဉာဏ်မရှိ၍ ထိုမြေဓာတ်မှာ ငါငါဟူသော သက္ကာယဒိဋ္ဌိမီး တညီးညီးတောက်၍နေသော အန္ဓပုထုဇန်သည် အတုမရ အဖက်မရ သိမ်မွေ့လှစွာသော နိဿရဏဓာတ်စကားကို အမှန်အားဖြင့် ကြံဖန်ပြောဆိုနိုင်ရန် စိတ်သဘောကျနနိုင်ရန် အလွန်ဝေး၏။

မိမိကိုယ်ဖြစ်၍နေသော ရေဓာတ်ကြမ်းကြီး မီးဓာတ်ကြမ်းကြီး လေဓာတ်ကြမ်းကြီး လောဘဓာတ်ကြမ်းကြီး ဒေါသဓာတ်ကြမ်းကြီးများကို ပရမတ္ထသဘာဝ အစစ်ကို မမြင်နိုင်သော အန္ဓပုဇန်သည် နိဗ္ဗာန်စကားကို ပြောဆို ကြံဖန်ခြင်းငှာ အလွန်ဝေးလှစွာ၏။

ဇရာဟူသော ဓာတ်ကြမ်းကြီး မရဏဟူသော ဓာတ်ကြမ်းကြီးကိုမှ ပရမတ္ထသဘာဝအစစ်ကို မမြင်နိုင်ဘဲ မရဏဓာတ်ကိုပင် ငါသေရလတ္တံ့ သူသေရလတ္တံ့ မည်သူသေပြီ အစရှိသည်ဖြင့် သက္ကာယဒိဋ္ဌိငရဲမီး တညီးညီးတောက်၍ နေသော အန္ဓပုထုဇန်သည် နိဗ္ဗာန်စကားကို ပြောဆိုကြံဖန်၍ သဘောကျ နိုင်ရန်စခန်း အလွန်ဝေးလှစွာ၏။

ထို့ကြောင့် သက္ကာယဒိဋ္ဌိမီး၏အလို ပုဂ္ဂိုလ်သတ္တဝါ ဟူသော စိတ်သညာများကို ဝေးစွာပယ်ရှားပြီးမှ သက်သက်သော ဓာတ်စဉ် ဓာတ်သွား ဓာတ်အလားတို့နှင့် ကြံဖန်ပြောဟောမှုသာ နိဗ္ဗာန်စကား ဖြောင့်မတ်နိုင်ရာသတည်း။

အနမတဂ္ဂသံသရာ၌ ခန္ဓာအစဉ် အာယတနအစဉ် ဓာတ်အစဉ် အလျဉ်မပျက် ဆက်လက်ဖြစ်ပွား၍လာခဲ့စဉ် အခါ၌လည်း မျက်တောင်တစ်ခတ်မျှ ကာလမှာပင် အကြိမ်တစ်ထောင် အဆက်တစ်ထောင်မက ဓာတ်သစ် ဓာတ်ဟောင်း ပြောင်းလဲဆက်လက်မှု မျက်တောင်တစ်ခတ် ပြည့်မီနိုင်သည်၊ အသစ်ပေါ်မှု အဟောင်းချုပ်ကွယ်မှု တစ်ခဏမျှ စဲခဲ့သည်မဟုတ်။

သို့သော်လည်း အကြင်မျှလောက် အဝိဇ္ဇာ တဏှာဟူသော ဝဋ်မြစ် သည် မငြိမ်းသေး၊ ထိုမျှလောက်သော ကာလပတ်လုံး တစ်ဘဝဆုံး၍ တစ်ဘဝ ဆက်လက်ပြန်လျှင် မီးတစ်ဆဲ့တစ်ပါး ထက်ကြပ်ပါသော တေဘူမ္မက ဓာတ်ကြမ်း

www.dhammaransi.com



စုချည်း ဆက်လက်ဖြစ်ပွား၏၊ အကြင်ဘဝ၌ အဝိဇ္ဇာ တဏှာချုပ်ဆုံး၏၊ ထိုဘဝမှ စုတိကျလျှင် တေဘူမကခေတ်ကြမ်းစု ဆက်လက်မှုမှ ကျွတ်လွတ်၍ မီးတစ်ဆဲ့ တစ်ပါး မလိုက်နိုင်သော နိဿရဏခေတ်ကြီးနှင့် ဆက်မိလေ၏၊ မီးတစ်ဆဲ့ တစ်ပါးမှ လွတ်လေ၏၊ မရဏနယ်မှ ကျွတ်လေ၏၊ ခေတ်ကြမ်းစု ရှိနေစဉ်အခါ ခေတ်ကြမ်းစုကို ပုဂ္ဂိုလ် သတ္တဝါခေါ်ရသကဲ့သို့ နိဿရဏခေတ်နှင့် ဆက်မိသော အခါ ထိုနိဿရဏခေတ်ကိုပင် ပရိနိဗ္ဗာန်စံ ပုဂ္ဂိုလ်ခေါ်လိုလျှင်ခေါ်တော့။

ဤအရာ၌ အနမတဂ္ဂသံသရာ ကမ္ဘာအဆက်ဆက် ရှည်လျားသည့် အတွက်နှင့် နိဗ္ဗာန်ကိုလည်း ရှည်လျားသကဲ့သို့ ယောင်၍ နေတတ်၏၊ ပရိနိဗ္ဗာန် စံကြသော ဘုရားပစ္စေကဗုဒ္ဓါ သာဝကပုဂ္ဂိုလ်တွေ အနမတဂ္ဂသံသရာတွင် အလွန် အထွေအပြား များပြားသည့်အတွက်နှင့်လည်း နိဗ္ဗာန်များပြားသကဲ့သို့ ယောင်၍ နေတတ်၏။

## ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတောပဘံ- ဟူသော ပါဠိတော်၌ အနိဒဿနံ ပုဒ်အရကို သတိပြု။

ကာလအားဖြင့် ရှည်လျားသည်ဟု ဖြစ်ရမှုသည် ဖြစ်ခြင်းပျက်ခြင်းရှိသော ရုပ်ခဲ နာမ်ခဲတို့မှာသာ ရကောင်းသော အမှုတည်း၊ ထိုသို့ ရကောင်းသော ရုပ်တရား နာမ်တရားတို့၏ ရှည်လျားမှုနှင့် ဉာဏ်ထဲမှာ ယှဉ်တွဲ၍ မနေစေနှင့်၊ အနမတဂ္ဂ သံသရာကြီး၏ ရှည်မှုအလားသည် နိဗ္ဗာန်နှင့်မဆိုင် ဉာဏ်ယောင်ဖွယ်ကောင်း လှ၏၊ အနမတဂ္ဂသံသရာတွင် အပါအဝင်ဖြစ်ကြကုန်သော ဘုရားပစ္စေကဗုဒ္ဓါ အရိယာတို့၏ ခန္ဓာအထွေအပြားတို့သည်လည်း နိဗ္ဗာန်နှင့် မရော၊ ဉာဏ်ယောင် ဖွယ် ကောင်းလှ၏၊ သံသရာဝဋ္ဋဒုက္ခမှာ အနန္တအပ္ပမေယျအပြစ်ရှိ၏၊ ထို အပြစ်တို့၏ ကင်းငြိမ်းမှုဖြစ်၍ အနန္တ အပ္ပမေယျဂုဏ်ရှိသော နိဿရဏခေတ် ကြီးတစ်ပါး ဧကန်ရှိ၏ဟု ဤမျှသာ သိရမည်၊ သံသရာ ကမ္ဘာအရပ်မျက်နှာတို့နှင့် ပရိနိဗ္ဗာန်စံကြသူ ခန္ဓာအထွေအပြားကို ယောင်ဝါးလိုက်ရော၍ မနေစေလင့်၊ မီးရထား သွားသောအခါ သစ်ပင်တို့ကို ကြည့်မျှော်လျှင် ပြင်ကျသော သစ်ပင်စုက ရထားနှင့်အပြိုင်လိုက်၍ နေဘိသကဲ့သို့ ထင်ရ၏ သစ်ပင်ကား မသွား တစ်ဆံ ဖျားမျှ မရွေ့၊ ရထားသာ သွားသည်၊ ရထားနှင့် သံသရာကမ္ဘာ အဆက်ဆက်၊ သစ်ပင်ကြီးနှင့် နိဗ္ဗာန်ယှဉ်လေ။

www.dhammaransi.com



ဇမ္ဗူဒီပါကျွန်း၌ မွန်းတည့်၍နေသော လဝန်းသည် တစ်ကျွန်းလုံး အိမ်တိုင်းမှာ ရေလင်ပန်းထားလျှင် လင်ပန်းတိုင်း တွင်ထင်၏၊ လင်ပန်းများတိုင်း လများသည်မဟုတ်၊ လင်ပန်းများနှင့် ပရိနိဗ္ဗာန်စံ ပုဂ္ဂိုလ်အများ၊ မွန်းတည့်၍ နေသောလဝန်းနှင့် နိဗ္ဗာန်ယှဉ်လေ။

**ဤမျှသော စကားရပ်တို့ဖြင့် နိဗ္ဗာန်ဟူသော နိဿရဏဓာတ်၏ သဘောကို အမြွက်မျှ ပြဆိုချက်၊ နိဗ္ဗာန်ဝင် နိဗ္ဗာန်စံ ပုဂ္ဂိုလ်ဟူ၍ နိဗ္ဗာန်မှာ မရှိသည်ကို ပြဆိုချက်၊ ဤနှစ်ချက်တို့ကို အမြွက်မျှပြဆိုသော တတိယလျှောက်ချက်အဖြေပြီး၏။**

ဤနိဗ္ဗာန်အကြောင်းအရာမှာ ကျမ်းဂန်တတ်သိ ပညာရှိတို့ ရေးသားကြသော နိဗ္ဗာနကထာ အကျယ်များလည်း ယခုအခါ ပေါများပါ၏၊ သို့အတွက်ကြောင့် အမြွက်မျှကိုသာ ပြဆိုလိုက်သည်။

**တတိယပြဿနာ အဖြေ ပြီး၏။**

--------*--------

## စတုတ္ထခန်း

အန္ဓပုထုဇန်အဖြစ်မှလွတ်၍ ကလျာဏပုထုဇန်အဖြစ်၌ တည်နေရအောင် သိအပ်သောတရားများ၏ သရုပ်သဘော အဓိပ္ပါယ်များကို သိလိုပါသည်-ဟူသော လျှောက်ချက်၌-

### ပုထုဇန် နှစ်မျိုး

ဒုဝေ ပုထုဇ္ဇနာ ဝုတ္တာ၊ ဗုဒ္ဓေနာဒိစ္စဗန္ဓုနာ။
အန္ဓော ပုထုဇ္ဇနော ဧကော၊ ကလျာဏေကော ပုထုဇ္ဇနော။

[ မူလပဏ္ဏာသ အဋ္ဌကထာ]

အာဒိစ္စဗန္ဓုနာ=နေမင်း၏အနွယ်ဖြစ်တော်မူသော၊ ဗုဒ္ဓေန=မြတ်စွာဘုရားသည်၊ ဒုဝေ=နှစ်ယောက်ကုန်သော၊ ပုထုဇ္ဇနာ=ပုထုဇန်တို့ကို၊ ဝုတ္တာ=ဟောတော်မူအပ်ကုန်၏၊ အန္ဓော ပုထုဇ္ဇနော ဧကော=အန္ဓပုထုဇဉ်လည်းတစ်ယောက်၊ ကလျာဏေကော ပုထုဇ္ဇနော=ကလျာဏပုထုဇန်လည်း တစ်ယောက်တည်း။

www.dhammaransi.com



## အနုပုထုဇန် လက္ခဏာ

ယဿ ဟိ ခန္ဓ ဓာတု အာယတန သစ္စ ပစ္စယာကာရ သတိပဋ္ဌာနာဒီသု ဥဂ္ဂဟ ပရိပုစ္ဆာ ဝိနိစ္ဆယရဟိတတ္တာ ဒိဋ္ဌိပဋိသေဓကော နေဝ အာဂမော--

[မူလပဏ္ဏာသ အဋ္ဌကထာ။]

ယဿ= အကြင်ပုဂ္ဂိုလ်အား၊ ခန္ဓ ဓာတု အာယတန သစ္စ ပစ္စယာ ကာရ သတိပဋ္ဌာနာဒီသု=ခန္ဓာတရား ဓာတ်တရား အာယတနတရား သစ္စာတရား ပဋိစ္စသမုပ္ပါဒ်တရား သတိပဋ္ဌာန်တရား စသည်တို့၌၊ ဥဂ္ဂဟ ပရိပုစ္ဆာ ဝိနိစ္ဆယ ရဟိတတ္တာ=ပါဠိကို အစွဲအမြဲရခြင်း အနက်ကိုဆွေးနွေးခြင်း ဆုံးဖြတ်ရှင်းလင်းနိုင်ခြင်းမှ ကင်းသည်၏အဖြစ်ကြောင့်၊ ဒိဋ္ဌိပဋိသေဓကော=မိမိသန္တာန်၌ရှိနေသော သက္ကာယဒိဋ္ဌိတရားကို တားမြစ်ပယ်ဖျက်နိုင်သော၊ အာဂမော=အဘိဓမ္မာ သုတ္တန်ကျမ်းဂန်အာဂုံ နှုတ်ငုံလေ့ကျက် ဆောင်ရွက်ရရှိသော ပါဠိတရားသည်၊ နေဝ အတ္ထိ=မရှိ၊ သော=ထိုပုဂ္ဂိုလ်ကို၊ အဿုတဝါ ဣတိ=သုတဗုဒ္ဓိ ဉာဏ်မျက်စိမှ ကင်းသော အန္ဓပုထုဇန်ဟူ၍၊ ဧဝေယျော=သိအပ်၏။

## ကလျာဏ ပုထုဇန်

- ခန္ဓာ ၅-ပါး, အာယတန ၁၂-ပါး, ဓာတ် ၁၈-ပါး၊ ပါဠိဘာသာ အတိုင်းနှင့် သရုပ်ကွဲပြား စွဲမြဲခြင်းဟူသော ဥဂ္ဂဟ။
- မိမိတို့ဘာသာနှင့် နေရာကျ ပြ၍ ပြောနိုင်ခြင်းဟူသော ပရိပုစ္ဆာ။
- ကိုယ်တွေ့ဒိဋ္ဌဟူသော ဥဒါဟရုဏ်လည်းကောင်း၊ ထင်မြင်နိုင်ရန် ပုံသဏ္ဌာန်ဟူသော ဥပမာလည်းကောင်း၊

ဤသို့တစ်ခုတစ်ခုသော ဓာတ်၌ ဥဒါဟရုဏ် ပုံသက်သေ သာဓကတို့နှင့် နေရာကျ ပြောဆိုနိုင်ခြင်းဟူသော ဝိနိစ္ဆယ။

ဤသို့

- ဥဂ္ဂဟ၊ ပရိပုစ္ဆာ၊ ဝိနိစ္ဆယ သုံးပါးတို့ဖြင့် ခန္ဓာတရား၌ ဉာဏ်မျက်စိပေါက်သောသူ။
- ဓာတ် အာယတနတရားတို့၌ ဉာဏ်မျက်ပေါက်သောသူ။
- သစ္စာတရားတို့၌ ဉာဏ်မျက်စိ ပေါက်သောသူ။

www.dhammaransi.com



- ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါးတို့၌ ဉာဏ်မျက်စိ ပေါက်သောသူ။
- သတိပဋ္ဌာန် ၄-ပါး သမ္မပ္ပဓာန် ၄-ပါး ဣဒ္ဓိပါဒ် ၄-ပါး ဣန္ဒြေ ၅-ပါး ဗိုလ် ၅-ပါး ဗောဇ္ဈင် ၇-ပါး မဂ္ဂင် ၈-ပါးဟူသော ဗောဓိပက္ခိယ တရား ၃၇-ပါးတို့၌ ကွဲပြားရှင်းလင်းစွာ ဉာဏ်မျက်စိ ပေါက်သောသူ။

(ဤကား ကလျာဏပုထုဇန် လက္ခဏာတည်း)

ဤသို့သော ဓမ္မအက္ခိ ဉာဏ်မျက်စိမရှိသောသူသည် မျက်စိတစ်ထောင် အမြင်ဆောင်သော သိကြားမင်းပင် ဖြစ်ငြားသော်လည်း အန္ဓပုထုဇန်သာမည်၏၊ ရှေး၌ထုတ်ပြခဲ့သော ခန္ဓဝဂ္ဂသုတ္တန်ပါဠိတော်အလာ ခန္ဓာငါးပါး ကောသလ္လဌာန ခုနစ်ပါးတို့၌ ပြဆိုခဲ့ပြီးသောအတိုင်း ဉာဏ်အမြင်ပေါက်ရောက် ပွင့်လင်းသော သူသည် ဤကလျာဏပုထုဇန် အင်္ဂါအလုံးစုံ သိမ်းခြုံမိ၏။

အဘယ်သို့ သိမ်းခြုံမိသနည်း ဟူမူကား-မြေဓာတ် ရေဓာတ် အစရှိသော ဓာတ်အသီးသီးတို့ကို ပြဆိုသော ပထမကောသလ္လဌာန ငါးချက်မှာ ခန္ဓာ အာယတန ဓာတ်သုံးပါးခြုံမိ၏။

အာဟာရ သမုဒယာ ရူပ သမုဒယော၊ အာဟာရ နိရောဓာ ရူပနိရောဓော၊ ဖဿသမုဒယာ ဝေဒနာသမုဒယော၊ ဖဿနိရောဓာ ဝေဒနာ နိရောဓော၊ အစရှိသော ဒုတိယ တတိယ ကောသလ္လဌာန နှစ်ပါးမှာ ပဋိစ္စသမုပ္ပါဒ် တစ်စိတ်ဝင်၏။

စတုတ္ထကောသလ္လဌာနဟုဆိုအပ်သော မဂ္ဂင်ရှစ်ပါးမှာ သတိပဋ္ဌာန် လေးပါးစသော ဗောဓိပက္ခိယတရားစုဝင်လေ၏၊ အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးပါးဝင်၏၊ ပါရမီဆယ်ပါးဝင်၏၊ သစ္စာလေးပါးလည်းဝင်၏။

မဂ္ဂင်ရှစ်ပါးတွင် သမ္မာဒိဋ္ဌိ-သမ္မာသင်္ကပ္ပကို အဓိပညာသိက္ခာ ဆိုသည်၊ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝကို အဓိသီလသိက္ခာ ဆိုသည်၊ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိကို အဓိစိတ္တသိက္ခာ ဆိုသည်။

**ပါရမီဆယ်ပါး ဝင်ပုံကား. . .** အဘယဒါနဟုဆိုအပ်သော ဒါနပါရမီ သီလပါရမီ ခန္တီပါရမီ သစ္စာပါရမီ ဤလေးပါးသည် အဓိသီလသိက္ခာ၌ဝင်သည် နေက္ခမ္မပါရမီသည် နေက္ခမ္မ သမ္မာသင်္ကပ္ပပင်တည်း၊ မေတ္တာပါရမီသည် အဗျာပါဒ သမ္မာသင်္ကပ္ပပင်တည်း၊ အဓိဋ္ဌာန်ပါရမီ-ဥပေက္ခာပါရမီသည် သမ္မာသမာဓိ မဂ္ဂင်နှင့်

www.dhammaransi.com



လျော်သည်၊ သမ္မာဒိဋ္ဌိသည် ပညာပါရမီတည်း၊ သမ္မာဝါယာမသည် ဝီရိယ ပါရမီတည်း။

ဤကား ပါရမီဆယ်ပါး ဝင်ပုံတည်း။

ကလျာဏပုထုဇန်ကို ကျမ်းဂန်တို့၌ စူဠသောတာပန်လည်း ဆိုသည်။

ထိုနှစ်ပါးသော ကောသလ္လဉာဏတို့ကို ဆုံးခန်းရောက် ထမြောက်အောင် ပွားများအားထုတ်နိုင်ပါလျှင် ကလျာဏပုထုဇန် စူဠသောတာပန်မျှမက ယခုဘဝ၌ပင် ပရမတ္ထသောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာတိုင်အောင်ပင်၊ ညွှန်ပြတော်မူ၏။

သတ္တဉာနကုသလော ဘိက္ခဝေ ဘိက္ခု တိဝိဓူပ ပရိက္ခိ က္ကမသို့ ဓမ္မ ဝိနယေ ကေဝလီ ဝုသိတဝါ ဥတ္တမပုရိသောတိ ဝုစ္စတိ။ ။

( အောက်က ပြဆိုခဲ့ပြီးသော ပါဠိတော် )

စတုတ္ထ လျှောက်ချက်ကို ပြဆိုသော အခန်းပြီး၏။

------------------

## ပဥ္စမခန်း

- စတုသစ္စ ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ။
- ကမ္မဋ္ဌာန ဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ-

ဟူသောပါဠိများအရ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်သည် အဓိသီလ စိတ္တပညာ သိက္ခာသုံးပါးတွင် အတွင်းဝင်သည် ဟူသောစကားအရ လိမ္မာ၍ ပြုတတ်လျှင် တစ်ခုတစ်ခုသော ကုသိုလ်မှုတွင် ပါရမီဆယ်ပါး ပါဝင်သည် ဟူသော စကားအရ တစ်ခုတစ်ခုသော ကုသိုလ်ကို ပြုသောအခါမှာ သစ္စာလေးပါးကိုလည်း နှလုံးသွင်းနိုင်ရန် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေး သုံးပါးကိုလည်း နှလုံးသွင်းနိုင်ရန် အဓိသီလ စိတ္တ ပညာ သိက္ခာသုံးပါးလည်း ပါဝင်နိုင်ရန် ပါရမီဆယ်ပါးလည်း ပါဝင်နိုင်ရန် ပဋိစ္စသမုပ္ပါဒ်တရားကိုလည်း နှလုံးသွင်းနိုင်ရန် ပဋ္ဌာန်း ၂၄-ပစ္စည်းကိုလည်း နှလုံးသွင်းနိုင်ရန် ရေးသားကယ်မတော်မူပါမည့်အကြောင်း ဟူသော ပဥ္စမလျှောက်ချက်၌-

www.dhammaransi.com



## ကုသိုလ်ပြုရာ၌ သစ္စာဖွဲ့၍ လက္ခဏာရေးတင် သိက္ခာ ၃-ပါး ပါရမီဆယ်ပါးသွင်းနည်းနှင့် ပဋိစ္စသမုပ္ပါဒ်ဖွဲ့နည်း

မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော်ကို သဒ္ဓါကြည်နူး အထူးလေးမြတ်၍ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဟုတစ်ခွန်း မြွက်ဆိုလိုက်သော ဗုဒ္ဓသရဏဂုံကုသိုလ်မှုတစ်ခု၌ စတုသစ္စာပါဝင်ပုံ လက္ခဏာရေးသုံးပါးရှုပုံ သိက္ခာသုံးပါးပါဝင်ပုံ ပါရမီဆယ်ပါးပါဝင်ပုံ ပဋိစ္စသမုပ္ပါဒ်ဆင်ခြင်ပုံ ပဋ္ဌာန်း ၂၄-ပစ္စည်း မြင်ပုံများကို အမြွက်မျှ ပြဆိုပေအံ့။

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ** ဆိုရာ မိ အက္ခရာတွင် မဟာကုသိုလ် ဉာဏသမ္ပယုတ် ဥက္ကဋ္ဌတိဟိတ်ဇော ခုနစ်ကြိမ်ဖြစ်သည်၊ တစ်ကြိမ်တစ်ကြိမ်သောဇောမှာ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် နာမ်ခန္ဓာ လေးပါးစီပါရှိသည်၊ ထိုဇောတို့မှ ဖြစ်၍ လာသော စကားလုံးစုသည် ရူပက္ခန္ဓာတည်း၊ ခန္ဓာငါးပါးဖြစ်၏၊ ထိုဇောတို့၏မှီရာ ဟဒယရုပ်နှင့်တကွ တစ်ကိုယ်လုံးသည် ရူပက္ခန္ဓာမည်၏၊ ဟူ၍လည်းဆိုရပါ၏။

**သစ္စာလေးပါးမြင်နည်းကား**- မိ အက္ခရာကို ရွတ်ဆိုဆဲခဏ၌ရှိသော ထိုခန္ဓာငါးပါးသည် မရဏမီးထပ်ကြပ်ပါသောကြောင့် ဒုက္ခသစ္စာပေတည်း၊ ထို့ကြောင့် **ယံ ရူပံ အနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ အယံ ရူပဿ အာဒီနဝေါ**- အစရှိသည်ဖြင့် ဆဋ္ဌကောသလ္လဋ္ဌာန ငါးပါးကို ဟောတော်မူသည်။

ထိုမိ-အက္ခရာကို ရွတ်ဆိုဆဲအခါ၌ ထိုရူပက္ခန္ဓာကို ဖြစ်ပွားအောင် တည်ထောင်၍ရှိနေသော အာဟာရဓာတ်သည် ရူပက္ခန္ဓာ၏ သမုဒယသစ္စာ မည်၏၊ ဘုရားဂုဏ်ကို အာရုံခိုက်တွေ့၍နေသော ဖဿသည် ဝေဒနာ သညာ သင်္ခါရတို့၏ သမုဒယသစ္စာမည်၏၊ ထိုခန္ဓာသုံးပါးနှင့်တကွ ဟဒယရုပ်စုသည် ဝိညာဏ်၏ သမုဒယသစ္စာမည်၏၊ ထို့ကြောင့် အာဟာရသမုဒယာ ရူပသမုဒယော အစရှိသည်ဖြင့် ဒုတိယကောသလ္လဋ္ဌာနငါးပါးကို ဟောတော်မူသည်။

ဗုဒ္ဓသရဏဂုံဇော ဖြစ်ပေါ်၍ နေဆဲအခါ၌ ရာဂ၏သောင်းကျန်းမှု ဒေါသ၏ သောင်းကျန်းမှု မောဟ၏သောင်းကျန်းမှုတို့သည် ချုပ်ငြိမ်း၍နေကုန်၏၊ ထိုသောင်းကျန်းမှုတို့၏ တဒင်္ဂအားဖြင့် ချုပ်ငြိမ်းခြင်း ဥပသမတရားသည် နိရောဓသစ္စာမည်၏။

www.dhammaransi.com



ယသ္မိံ မဟာနာမ သမယေ အရိယသာဝကော တထာဂတံ အနုဿရတိ၊ နေဝဿ တသ္မိံ သမယေ ရာဂပရိယုဋ္ဌိတံ စိတ္တံ ဟောတိ န ဒေါသပရိယုဋ္ဌိတံ စိတ္တံ ဟောတိ၊ န မောဟပရိယုဋ္ဌိတံ စိတ္တံ ဟောတိ။

(မဟာနာမသုတ် ပါဠိတော်)

ရှေး၌ သမုဒယနှစ်မျိုး နိရောဓ နှစ်မျိုးခွဲ၍ ပြခဲ့ရာ၌ ပဋိသန္ဓေရုပ် ပဋိသန္ဓေ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့၏ အသစ်ဖြစ်ပေါ်မှုမရှိခြင်း တည်းဟူသော နိရောဓသစ္စာနှင့်လည်း ပြဆိုရ၏၊ 'မိ'အက္ခရာကို ရွတ်ဆဲခဏ၌ ဆိုက်တိုက်မှု မဟုတ်သေး၍ မဟာနာမသုတ် အရကိုသာ ပြဆိုလိုက်သည်။

ဗုဒ္ဓသရဏဂုံဇော ခုနစ်ကြိမ်မှာပါရှိသော သမ္မာဒိဋ္ဌိမဂ္ဂင် သမ္မာသင်္ကပ္ပမဂ္ဂင် သမ္မာဝါယာမမဂ္ဂင် သမ္မာသတိမဂ္ဂင် သမ္မာသမာဓိမဂ္ဂင် ဟူသော ပဉ္စင်္ဂိကမဂ်သည် မဂ္ဂသစ္စာမည်၏။

[ဤကား လျှောက်ထားသူ မောင်သော်၏ ဗုဒ္ဓသရဏဂုံဇော တစ်ကြိမ်တစ်ကြိမ်၌ ရထိုက်သောသစ္စာလေးပါးကို ထုတ်ပြချက်တည်း။]

လက္ခဏာရေးသုံးပါးကို ရှုမြင်ပုံကိုပြဆိုအံ့---ရှေး၌ ပြဆိုခဲ့ပြီးသော ဓာတ်ရုပ်ပုံကြီးကို ပြန်၍ကြည့်၊ ဘုရားတည်းဟူသော အာရုံသည် ပြမှန်ကြီးနှင့် တူ၏၊ ထိုပြမှန်ကြီးကို ပြလိုက်သည်နှင့် တစ်ပြိုင်နက် ဓာတ်ရုပ်ကြီး၏ အတွင်းဓာတ်အိုးမှာ ဓာတ်မီး ဟုန်းခနဲ တောက်ထသည်နှင့် ဟဒယဓာတ်အိမ်တွင်းမှာ ဇော ဓာတ်စု ဖွေးခနဲ ဖွေးခနဲ ဖြစ်ပေါ်မှု တူ၏၊ တစ်သုတ်တစ်သုတ်လျှင် ခုနစ်ဆင့် ခုနစ်ဆင့်မှုတ်သည်၊ ထိုဇော တစ်ချက်တစ်ချက်မှုတ်မှုသည် ရေအိုင်ငယ်အတွင်းမှာ ရေမြှုပ် ယမ်းတောင့်ကွဲ၍ မှုတ်သောယမ်းခိုး လေခိုးရှိန်နှင့်တူ၏၊ ထိုဇောမှုတ်၍ ရုပ်စုရုပ်ခဲပြောင်းလဲဖြစ်ပေါ်မှုသည်ကား ထိုရေအိုင်ငယ်မှာ ပြောင်းဆန်၍ သွားသော ရေစုနှင့်တူ၏ အသံအက္ခရာလုံးထွက်ပေါ်မှုမှာ သင်္ဘောဥသြမှုတ်မှုနှင့် တူ၏။

ရေအိုင်ဥပမာကား အလွန်နှေးသေး၏၊ လေးလံသေး၏၊ ဇောဟုန် ပြင်းထန်ပုံကို ထင်စေလို၍ပြရသည် ဇောဟုန်ပြင်းထန်ပုံကို တစ်ကိုယ်လုံး ရုပ်စု

www.dhammaransi.com



ရုပ်ခဲပြောင်းလဲချက်မြန်ပုံကို အမြင်သေး၍ မနေစေလင့်၊ လှုပ်လှုပ် ရှားရှားပြုသမျှ မျက်မြင်စုကို ဓာတ်မြင်က မလိုက်နိုင်လျှင် သက္ကာယဒိဋ္ဌိငရဲမီးတောက်ဖို့ချည်း၊ ငရဲမီးကိုကြောက်လျှင် အဟုတ်မြင်အောင်ကြည်။

ပြောင်းလဲပုံမြန်မှုမှာ သံဖြူရေစည်ကိုလှုပ်ရှားမှု ဥပမာသာ၍ ကောင်းသည်၊ ထိုရေစည်မှာပင် ရုပ်သစ်ရုပ်ဟောင်း ပြောင်းလဲပုံ မြန်သလောက် ဉာဏ်မီအောင် ခဲယဉ်းသေး၏။

တစ်မျက်နှာလုံး, တစ်ခေါင်းလုံး, တစ်ကိုယ်လုံး ခဏချင်း ရုပ်ဟောင်းကုန်ခန်း ကွယ်ဆုံးမှုကို ကြည့်ရှုသောအခါ အလွန်ထက်လှစွာသော ယမ်းဆီ ထုံ၍ထားအပ်သော လူကောင်သဏ္ဌာန်ရှိသော အလွန်နူးညံ့လှစွာသော ဝါဂွမ်းခဲကြီးကို မီးလောင်၍သွားရာ ဝါဂွမ်းသား အစဉ်အတိုင်းကုန်၍ သွားမှုနှင့် တူစွာကြည့်၊ ကိုယ်လုံးကျွတ် ပြောင်းလဲမှုသည် သို့စဉ်မျှ လောက်မြင်နိုင်ပါ မည်လောဟု မြန်မှုကို ကြောင့်ကြဖွယ်မရှိ၊ အလွန်မှောင်မိုက်သော တိုက်ခန်းတွင်းမှာ မီးခြစ်၍ ထွန်းလိုက်ရာ၌ တစ်ခန်းလုံးပြည့်၍နေသော မှောင်ရုပ်ခဲကြီးသည် မီးတောက်သည်နှင့် တစ်ပြိုင်နက် ကွယ်ပျောက်၏၊ တစ်ခန်းလုံး မီးရောင်အလင်း ချက်ခြင်းပြည့်၏။

ဤဥပမာမှာ မီးတောက်မှုဖြစ်ပွားပျံ့နှံ့၍သွားသော မီးရောင် ရုပ်သစ်၏ ပျံ့နှံ့မှုမြန်ချက်ကို ကြည့်၍ထား၊ မျက်မြင်မလိုက်နိုင်၊ တစ်ခန်းလုံးပြည့်ပြီးကိုသာ မြင်ရသည်၊ တစ်ခန်းလုံးရှိမှောင်တိုက် မှောင်ခဲကြီးချုပ်ကွယ်မှုကိုလည်း မျက်မြင်မလိုက်နိုင်၊ ကွယ်ပြီးကိုသာ သိရတော့သည်၊ ခန္ဓာကိုယ်မှာလည်း ဤအတိုင်းပင်၊ ထို့ကြောင့် ရုပ်ပြောင်းချက်မြန်မှုကို မစိုးရိမ်ရ၊ ဉာဏ်မီအောင်သာ လိုလှသည် ရုပ်ဓာတ် နာမ်ဓာတ်တို့ပြောင်းလဲချက် မြန်သလောက်ကား သာဝကတို့ဉာဏ် မလိုက်နိုင်၊ သဗ္ဗညုဘုရားတို့ ဉာဏ်မှလိုက်နိုင်သည်၊ သာဝကတို့မှာ ငါပြု၍ ဖြစ်သည်ဟူသော သက္ကာယဒိဋ္ဌိကိုနိုင်လောက်အောင် မြင်နိုင်လျှင်ပြီးတော့သည်၊ ဗုဒ္ဓသရဏဂုံ ဘုရားတည်းဟူသော အာရုံကွယ်ပြန်လျှင် နှလုံးအိမ်တွင်း၌ တဝင်းဝင်းဖြစ်ပေါ်၍နေသော ဇောဓာတ်စုသည် မီးတောက်သေသကဲ့သို့ သေဆုံးကွယ်ပျောက်၍ ကုန်ပြန်၏၊ တိုက်ခန်းတွင်း၌ မီးထွန်း၍ထားရာ မီးတောက်သေလျှင် တစ်ခန်းလုံးရှိ မီးရောင်စု အကုန်သေပျောက်သကဲ့သို့ ထိုဇောစုမှဖြစ်သော တစ်ကိုယ်လုံးရှိရုပ်ခဲစုသည် အကုန်သေပျောက်ပြန်၏၊ ဘုရားကို အာရုံပြုသော

www.dhammaransi.com



ဇောစိတ်စုကွယ်ပျောက်၍ တစ်ပါးကို အာရုံပြုသော ဇောစိတ်စု ပြောင်းလဲသည်ကို သိသာထင်ရှားပါ၏။

ဤသို့လျှင် ဗုဒ္ဓ သရဏံ ဂစ္ဆာမိ ကို ရွတ်ဆိုသော နာမက္ခန္ဓာလေးပါးသေ၍ သွားသည်ကိုလည်းကောင်း ထိုဇောစုမှဖြစ်သော ရုပ်အင်္ဂါစုသေ၍ သွားသည်ကို လည်းကောင်း မြင်အောင်ရှုသောဉာဏ်သည် အနိစ္စဝိဇ္ဇာဉာဏ်မည်၏၊ ခဏတ် သေချက်ကို မမြင်ပဲနှင့် အနိစ္စ အနိစ္စလုပ်၍နေသော်လည်း ဉာဏ်မဟုတ်၊ ဝိပဿနာမဟုတ်၊ ဘာဝနာ မဟုတ်၊ ထိုခန္ဓာငါးပါး၏ ဒုက္ခလက္ခဏာရေးကိုမူကား အနိစ္စကို လှလှမြင်လျှင် မရဏမီး၏ အချက်ကိုမြင်သဖြင့် မီးပူဇော်သော ပုဏ္ဏား တွင်းကြီးကိုဖို့သော ယောက်ျားတို့၏ အလားကဲ့သို့ ဒုက္ခလက္ခဏာရေး ထင်ရှားပေါ် လတ္တံ့၊ အနတ္တလက္ခဏာရေးမှာလည်း အဇ္ဈတ္တသန္တာန်၌ မရဏမီးလောင် ၍ သေဆုံးကုန်ပျောက်၍ သွားချက်ကို လှလှမြင်၍ ဖြစ်ပေါ်မှု သေပျောက်မှု အာဂန္တု အချက်တို့ကိုမြင်မှ အနတ္တလက္ခဏာရေး ပေါ်နိုင်သည်၊ ငါမဟုတ်မှု ထင်နိုင်သည်၊ အာဂန္တုအဖြစ်ကို မမြင်နိုင်လျှင် အနတ္တဟု အတုအပလုပ်၍နေသော်လည်း ဉာဏ်မဟုတ်၊ ဝိပဿနာ မဟုတ်၊ ဘာဝနာမဟုတ်။

(လက္ခဏာရေးသုံးပါး ပြီး၏။)

## သိက္ခာသုံးပါး

အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးပါးတွင် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိကို ရွတ်ဆိုသော သရဏဂုံ ကုသိုလ်ဇောစု၌ စေတနာဟူသော သင်္ခါရဓမ္မသည် သပ္ပုရိသတို့၏ စာရိတ္တဝံသ သမာဒါနစေတနာဖြစ်ပေ၍ အဓိသီလ သိက္ခာမည်၏၊ ထိုဇောစု၌ပါသော သမ္မာဝါယာမမဂ္ဂင် သမ္မာသတိမဂ္ဂင် သမ္မာသမာဓိမဂ္ဂင် သုံးပါးသည် အဓိစိတ္တသိက္ခာ မည်၏၊ သမ္မာဒိဋ္ဌိ မဂ္ဂင် သမ္မာသင်္ကပ္ပမဂ္ဂင်နှစ်ပါးသည် အဓိပညာသိက္ခာမည်၏။

(သိက္ခာသုံးပါးပြီး၏။)

ပါရမီဆယ်ပါး ပါဝင်နိုင်ရန်မှာ--- မဂ္ဂင်ရှစ်ပါး၌ ပြခဲ့ပြီးသည့်အတိုင်း သွင်းလေ။ ။ မောင်သော်၏ သရဏဂုံကုသိုလ်မှာ စာရိတ္တသီလမျှသာ ရသည်။

ပဋိစ္စသမုပ္ပါဒ် ကောက်နည်းမှာလည်း-- ကလျာဏပုထုဇန်အခန်းမှာ ပြခဲ့ပြီး သောအတိုင်း ဒုတိယကောသလ္လဌာနသည် ပဋိစ္စသမုပ္ပါဒ်မူပင်တည်း။ ။အာဟာရ

www.dhammaransi.com



သမုဒယာ ရူပသမုဒယော၊ ဖဿသမုဒယာ ဝေဒနာသမုဒယော၊ သညာသမုဒယော၊ သင်္ခါရသမုဒယော၊ နာမရူပသမုဒယာ ဝိညာဏသမုဒယော တို့ကို ပဋိစ္စသမုပ္ပါဒ်နည်း ဆိုသည်။

ပဋ္ဌာန်း နှစ်ဆယ့်လေးပစ္စည်းကိုမူကား မောင်သော် နားလည်နိုင် တည့်ရန် အခွင့်လည်းမရှိ၊ ဝိပဿနာ အလုပ်မှာလည်း သုံးနိုင်သော နည်းမျိုးမဟုတ် ပဋိသမ္ဘိဒါဉာဏ်၏ အလုပ်သက်သက်မျှသာ ဖြစ်ပေ၍ ဤစာအုပ်မှာ မရေးလိုက်ပြီ၊ ဤစာအုပ်မှာ ပြဆိုခဲ့ပြီးသော အရာစုကို ကောင်းကောင်း အရည်လည်၍ရှိလျှင် ပဋ္ဌာန်းနည်းကို နောက်မှ ထပ်မံ၍လျှောက်။

ပဥ္စမ လျှောက်ချက်ကို ပြဆိုသော အခန်း ပြီး၏။

---------------------

## ဆဋ္ဌခန်း

"မြတ်စွာဘုရား၏ မာရ်ငါးပါးကို အောင်တော်မူပုံ၊ မာရ်ငါးပါး၏ သရုပ်သဘောအဓိပ္ပါယ်၊ သိဒ္ဓတ်မင်းသား ဘုရားလောင်းအဖြစ်၌ ရအပ်သော ခန္ဓာအစဉ်နှင့် ဘုရားဖြစ်ပြီးနောက် ရတော်မူသောခန္ဓာအစဉ်သည် အဘယ်သို့ ထူးခြားကွဲလွဲသည်ဟု သိလိုပါကြောင်း" ဟူသော ဆဋ္ဌလျှောက်ချက်၌။

မြတ်စွာဘုရား မာရ်ငါးပါး အောင်ပုံနှင့်တကွ ဘုရားမဖြစ်မီ ခန္ဓာအစဉ်နှင့် ဘုရားဖြစ်ပြီး ခန္ဓာအစဉ် ထူးခြားပုံကို ပြဆိုပေအံ့။

### မာရ်ငါးပါး

၁။ ဒေဝပုတ္တမာရ်၊
၂။ ကိလေသမာရ်၊
၃။ အဘိသင်္ခါရမာရ်၊
၄။ ခန္ဓမာရ်၊
၅။ မစ္စုမာရ်။ ။ မာရ်ငါးပါး သရုပ်။

**မာရ်ဆိုသည်ကား--** သူသတ်ယောက်ျား လက်မရွံ့ အာဏာသား ဆိုလိုသည်၊ လောက၌ သူသတ်ယောက်ျား အသေသတ်သမား ငါးမျိုးရှိသည်ဟူလို။

www.dhammaransi.com



ဒေဝပုတ္တမာရ် ဆိုသည်ကား-- ဝသဝတ္တီ နတ်မင်းကြီး၏ နိုင်ငံတော် တစ်ထောင့်မှာ မာရ်နတ်မျိုးခေါ်သော နတ်ဆိုးနတ်ဝါးမျိုး တစ်မျိုးရှိသည်၊ ထိုမာရ် နတ်မျိုး၏ အပင်းအသင်းစုကား မြေပြင်ကျအောင် အနှံ့အပြားရှိသည်။

## ဗုဒ္ဓ၏ မာရ်နတ်ကို အောင်နိုင်ပုံ

လောကဌ် သတ္တဝါရှိသမျှသည် သူတို့၏ ဆိုင်ရာဟူသော မိစ္ဆာအယူရှိ သည်၊ ထို့ကြောင့် လောကမှ ကျွတ်လွတ်အောင် ကျင့်ကြံသောသူကို မကြိုက်နိုင် ရှိသတည်း၊ မြတ်စွာဘုရားသည် အပ္ပရာဇိတရွှေပလ္လင်ထက် အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဝီရိယကို စိုက်ထူ၍ မပွင့်သမျှ ငါမထဟု နေတော်မူသည်ကို မြင်လျှင် အလုပ်ပျက်အောင် နှောင့်ယှက်မှ တော်မည်ဟု အကြံပြု၍ စစ်တက်၍လာသည် လေမုန်တိုင်းကြီးစသော အလွန်ကြီးကျယ်စွာသော ပယောဂတို့ကိုပြုသည်၊ အလောင်းတော်ကို မထိပါးနိုင်ရှိမှ အနီးသို့ ချဉ်း၍ "ငါ၏ ပလ္လင်ဖြစ်သည် ထ လော့၊" ဟုဆိုသည် ပလ္လင်ကိုလိုချင်၍ဆိုသည်မဟုတ် အလုပ်ပျက်အောင် နှောင့် ယှက်မှု သက်သက်ပေတည်း ဤပလ္လင်နေရာမှ ထ၍ပြေးစေလိုမှု သက်သက်သာ တည်း။

ထိုအခါ သူ့ပလ္လင် ငါ့ပလ္လင်ဟု အလုအယက်စကား ဖြစ်ပွါးကြ သောအခါ သက်သေပြခန်း ဆိုက်လာ၏၊ မာရ်နတ်က သူ့စစ်သည်တော်သားများကို သက်သေ ပြ၏၊ ဘုရားမှာ သက်သေပြရန် လူမရှိ၍ မြေကြီးကို လက်ညှိုးညွှန်ပြီးလျှင် ဤပလ္လင်အတွက်နှင့် ရေစက်သွန်းချ လှူသမျှကို သည်မြေကြီးအသိဟု သက်သေ ပြတော်မူ၏၊ ပြတော်မူသည်နှင့်တစ်ပြိုင်နက် မြေမိုးကောင်းကင် ပဲ့တင်ရိုက်ခတ် လောကဓာတ်လုံး တုန်လှုပ်လေ၏၊ မာရ်နတ်စစ်သည်တို့သည် ရပ်တည်ရာမရ ပျက်ပြားကြလေ၏ မာရ်နတ်ကြီးလည်း အသက်ကိုမျှ အရဆောင်ကြဉ်း၍နေရင်း နတ်ပြည်သို့ အလွတ်ထွက်ပြေးရလေ၏၊ ထိုအခါမှ ငါဖက်ပြိုင်နိုင်သောသူ မဟုတ် ပြီဟု စိတ်နှလုံးကို တုန်းတုန်းချလေ၏။

**ဤကား- ဒေဝပုတ္တမာရ်ကို အောင်တော်မူပုံတည်း။**

---

www.dhammaransi.com



## ကိလေသ-အဘိသင်္ခါရမာရ်ကို အောင်ပုံ

အရဟတ္တမဂ်ဉာဏ်ကို ရသောအခါ တစ်ထောင့်ငါးရာ ကိလေသာတို့ကို အကုန်အစင် အောင်မြင်တော်မူ၏၊ ကိလေသာနှင့် တွဲဖက်ရမှ ဘဝအကျိုးကို ပေးစွမ်းနိုင်သော ကုသိုလ်ကံ အကုသိုလ်ကံစုတို့သည်လည်း ကိလေသာ အကုန်တွင် ဘဝအသစ်တစ်ဖန် ဖြစ်စေရန် အကုန်လုံး မျိုးပျက်၍ ကုန်လေ၏၊ ကုသိုလ်ကံ အကုသိုလ်ကံစုကို အဘိသင်္ခါရမာရ် ခေါ်သည်၊ တဏှာတည်းဟူသော အစေးကိန်းဝပ်လျက်ရှိမှသာ ဘဝပဋိသန္ဓေကို ဖြစ်စေနိုင်ကုန်သည်၊ ဘဝကို သာယာသော သမုဒယသစ္စာ တဏှာအစေးကုန်ခန်းလျှင် ပြုတ်၍ထားသော စပါးမျိုးစေ့ကဲ့သို့ နောင်ဘဝပဋိသန္ဓေကို ဖြစ်စေနိုင်သောအစွမ်း ကုန်ခန်းကြလေကုန်၏၊ အကုသိုလ်စိတ်စုမှာ လောဘ ဒေါသ မောဟ ကုန်ရာတွင် အကြွင်းမဲ့ စိတ်သက်ကုန်ဆုံးကြလေ၏၊ ကုသိုလ်စိတ်စုမှာ ကုသိုလ်ဇာတ်ကို စွန့်၍ ကြိယာဇာတ်သို့ ပြောင်းကြလေကုန်၏။

**ဤကား ကိလေသမာရ်၊ ကုသိုလ် အကုသိုလ်ဟူသော အဘိသင်္ခါရမာရ်တို့ကို အောင်တော်မူပုံတည်း။**

ကိလေသာရှိစဉ်အခါက သိဒ္ဓတ်မင်းဘဝကို ထူထောင်သော ရှေးကံဟောင်း၏အကျိုးဖြစ်သော ဝိပါက်နာမက္ခန္ဓာတော် ကြီးနှင့်တကွ စတုသမုဋ္ဌာနိက ရူပကာယ နာမကာယခန္ဓာမျှသာ ကြွင်းကျန်လေ၏၊ ထိုခန္ဓာဟောင်းရှိခြင်းကြောင့် ရှေးရှေးသောဘဝတို့က ပြုခဲ့သော ကုသိုလ်ကံဟောင်း အကုသိုလ်ကံဟောင်းစုသည်ကား ပရိနိဗ္ဗာန်စံသည်တိုင်အောင် အကျိုးပေးကြကုန်သေး၏၊ ခန္ဓာရှိသေးသမျှ ရှေးကံဟောင်းစက်မှ မလွတ်သေး၊ ရှေးကံဟောင်းစက်မှ မလွတ်သေး၍ပင်လျှင် ခန္ဓာတော်ကြီး ကျန်ရှိလေသတည်း ခန္ဓာတော်ကြီး ကျန်ရှိ၍သာ သတ္တဝါတို့ကို ချွတ်ခွင့်ရလေသည်။

ကုသိုလ်ကံ အကုသိုလ်ကံ ကုန်ပြီဆိုလျက် ပရိနိဗ္ဗာန်စံသည်တိုင်အောင် ရှေးရှေးကံဟောင်း အကျိုးပေးသေးသည်ဟု ဆိုပြန်သည်ဟု ယောင်ဖွယ်ရှိ၍ ထပ်ထပ် ပြောလိုက်သည်။

www.dhammaransi.com



## ခန္ဓမာရ်မစ္စုမာရ်ကို အောင်ပုံ

ဤ ရူပကာယ နာမကာယ ခန္ဓာတော်ကြီးသည် ခန္ဓမာရ်မည်၏။ ။ ပရိနိဗ္ဗာန် စုတိတော်သည် မစ္စုမာရ်မည်၏၊ ဤခန္ဓမာရ် မစ္စုမာရ် နှစ်ပါးကိုကား ပရိနိဗ္ဗာန်စံပြီးမှပင် အောင်မြင်တော်မူသည်။ ။ဤကား အဋ္ဌကထာများအလို တည်း။ ။ဗောဓိမူလေ တိဏ္ဏံ မာရာနံ မတ္ထကံ မဒ္ဒိတွာ-ဟု လာ၏၊ ဗောဓိပင် ရွှေပလ္လင်မှာ မာရ်သုံးပါးကိုသာ အောင်သေးသည် ဟူလို။

## မူလဋီကာ အလို

ဓာတုကထာမူလဋီကာဆရာတော်အလိုကား- ဗောဓိပင်နှင့် ရွှေပလ္လင်မှာပင် မာရ်ငါးပါးကို အောင်မြင်တော်မူသည် ဟုဖွင့်၏။ ။ အောင်တော်မူပုံကား- ရှေးမာရ်သုံးပါးမှာ မထူးကြပြီ။ ။သမုဒယသစ္စာ တဏှာတရားထင်ရှားရှိခဲ့လျှင် နောင်တစ်ဖန်ဖြစ်လတ္တံ့သော ဘဝခန္ဓာတို့သည်ရှိကုန်၏၊ သမုဒယသစ္စာ ကုန်ဆုံး ရာတွင် ထိုအနာဂတ်ခန္ဓာတို့လည်း ကုန်ဆုံးကြလေကုန်၏၊ ထိုခန္ဓာတို့ ကုန်ဆုံး ရာတွင် ထိုခန္ဓာတို့နှင့် ထက်ကြပ်ပါလတ္တံ့သော နောင်ဘဝစုတိ မစ္စု သေပျောက် မှုတို့သည်လည်း ကွယ်ပျောက်၍ ကုန်လေ၏။

ဤကား နောက်နောက်လာလတ္တံ့သော အနမတဂ္ဂ ဘဝခန္ဓာနှင့် အနမတဂ္ဂ မရဏမစ္စုကို ဗောဓိပင်နှင့်ရွှေပလ္လင်၌ပင်အောင်မြင်တော်မူပုံတည်း။

ယခု ပစ္စုပ္ပန် ခန္ဓာတော် စုတိတော်ကို အောင်မြင်တော်မူပုံကား-ဘုရား အဖြစ်သို့မရောက်မီ ရှေးရှေးသောဘဝ အနမတဂ္ဂသံသရာ၌ ခန္ဓာငါးပါး ရုပ်နာမ် တရားတို့သည် ပုဂ္ဂိုလ်သတ္တဝါဟူသော လှည့်ပတ်ခြင်းဖြင့် လှည့်ပတ်၍ အပါယ်ငရဲ သို့ မစဲအောင်ပစ်ချ၏၊ မစ္စုမာရ်သည်လည်း အနမတဂ္ဂသံသရာ ဘဝတို့၌ အသက် သေမှုနှင့် ခြောက်ချမ်း၍ ဒုစ္စရိုက်တရားတို့ကို ပွားများစေပြီးလျှင် အပါယ်ငရဲသို့ မစဲအောင်ပစ်ချ၏ ဗောဓိပင်ရွှေပလ္လင်ထက်၌ ဓမ္မစက္ခုဉာဏ်ကို ရတော်မူသော အခါ ဤခန္ဓာငါးပါး၏ လှည်ပတ်မှုသည် အကုန် အလိမ်ပြေလေ၏၊ ပုဂ္ဂိုလ်အထင် သတ္တဝါအထင် ငါအထင် ငါ၏ကိုယ်အထင် အကုန်ကွယ်ပျောက်လေ၏၊ ဓမ္မအစု အခဲ ဓာတ်အစုအခဲ အလင်းပေါ်လေ၏။

သေမှုဟူသော မစ္စုတရားလည်း မရဏဓာတ်တစ်ခု အဖြစ်ဖြင့် အလင်း ပေါ်လေ၏၊ ပေါ်သောအခါမှစ၍ သေဘေးနှင့်တွေ့သော်လည်း ကြောက်စိတ်

www.dhammaransi.com



ရွံ့စိတ်ဟူ၍ အဏုမြူမျှ မလာပြီ၊ ကိုယ်ခန္ဓာကို သာယာမှုအတွက်နှင့် အမှုပုပ် အမှုပို ဝန်ပုပ် ဝန်ပိုဟူ၍ အဏုမြူမျှ မရှိပြီ။

ဥပမာကား အလွန်ညစ်ညမ်းသော အလေ့ရှိသော မစင်ဘင်ပုပ်ကိုလည်းကောင်း သုသာန်မှာ မြှုပ်ထားသော သူကောင်ပုပ်ကိုလည်းကောင်း စားသော အလွန်ဆိုးရွားသော အရုပ်အဆင်းရှိသော ဘီလူးမသည် တစ်ယောက်သော အမျိုးကောင်းသားကို ပူးကပ်လေ၏၊ လူ၏စိတ်သညာကို လုံးလုံးပယ်ရှား၍ မိမိစိတ်လုံးလုံး ဖြစ်စေ၏၊ ထိုနေ့မှစ၍ အိမ်မှထွက်ပြီးလျှင် မစင်ပေါ်များရာ သူကောင်ပုပ်ပေါ်များရာ အမြို့မြို့အရွာရွာ လှည့်လည်လွင့်ပါးလေ၏၊ နှစ်ရှည်လများရှိလတ်သော် ဒိဗ္ဗစက္ခုပညာကိုတတ်သော ဆေးသမားနှင့်တွေ့ရှိရာ အာဏာဖြင့် နှိပ်နင်း၍ လူ့စိတ်လူ့သညာကို ပေါ်စေ၍ ဒိဗ္ဗစက္ခု နတ်ဆေးကို မျက်စိမှာ သုတ်၍ ကြည့်စေရာ မိမိကိုယ်၌ ဘီလူးမကို ဇာတိအတိုင်းမြင်လေ၏၊ ထိုအခါမှ ဘီလူးမကို မိမိကအောင်မြင်လေ၏၊ အောင်မြင်သော်လည်း နှစ်ရှည်လများ ပူးတွဲ၍ နေသည့်အတွက် အဇ္ဈတ္တဓာတ်ချင်း ရောယှက်သဖြင့် ကျွတ်လွတ်အောင် နှင်ထုတ်ခြင်းငှါ မတတ်သာ ကိုယ်တွင်းမှာပင် အသေသတ်ခြင်းငှါလည်း မပြုစကောင်း၊ ဘီလူးတို့မည်သည် အားခွန်ဗလလည်း အလွန်ကောင်းသည်၊ အသွားအလာလည်း အလွန်လျင် မြန်သည်ဖြစ်၍ ထိုဘီလူးမအားကို အားတစ်ခု ပြုပြီးလျှင် လူ့အကျိုး စီးပွားတို့ကို လုပ်ဆောင်၍ နေလေ၏။

## နှိုင်းယှဉ် တွဲဖက်ပုံ

ဘီလူးမနှင့် ခန္ဓာငါးပါး၊ ပကတိလူ့စိတ်နှင့် ဝိဝဋ္ဋ ကုသိုလ်ဓမ္မစု၊ သုသာန်သင်္ချိုင်း မစင်ဘင်ပုပ် ထူထပ်ရာအရပ်စုနှင့် ဘုံသုံးပါး၊ ဒိဗ္ဗစက္ခု နတ်ဆေးနှင့် ဓမ္မစက္ခုဉာဏ်၊ ဘီလူးမ မလှည့်စားနိုင် ဇာတိရုပ်သွင်အတိုင်းပေါ်ပြီဖြစ်သော်လည်း ချွေချွတ်ခြင်းငှာ မတတ်ကောင်း၍ အသက်ထက်ဆုံး ဘီလူးမကိုလည်း ကျွေးမွေး ထိုဘီလူးမအားကို အားပြု၍အကျိုးစီးပွားတို့ကို လုပ်ဆောင်၍နေရတော့သည်နှင့် ဘုရား ရဟန္တာဖြစ်ပြီးနောက် ပရိနိဗ္ဗာန်မစံမီအတွင်း သူတစ်ပါးအကျိုးကို အား ထုတ်မှုတို့ကို ယှဉ်၍ကြည့်လေ။

**ဤကား ဓာတုကထာ မူလဋီကာနည်းအားဖြင့် ဗောဓိပင် ရွှေပလ္လင်မှာပင် ခန္ဓမာရ် မစ္စုမာရ် တို့ကို အောင်မြင်တော်မူပုံတည်း။**

မိခင်ဧရာဝတီ

www.dhammaransi.com



## မာရ်ငါးပါး သရုပ်

မာရ်ငါးပါး၏ သရုပ်သဘော အဓိပ္ပါယ်ဟူရာ၌ ဒေဝပုတ္တမာရ်ကို ပြဆိုခဲ့ပြီ၊ **ကိလေသမာရ်ကား-** အကျဉ်းအားဖြင့် လောဘ ဒေါသ မောဟတည်း၊ **အဘိသင်္ခါရမာရ်ဆိုသည်ကား-** သုစရိုက်ဆယ်ပါး ဒုစရိုက်ဆယ်ပါးကိုဆိုသတည်း ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ် အပစာယနကုသိုလ် ဝေယျာဝစ္စကုသိုလ် ပတ္တိဒါနကုသိုလ် ပတ္တာနုမောဒနကုသိုလ် စသည်လည်း အဘိသင်္ခါရမာရ်ပင်တည်း။

(ဝဋ္ဋနိဿိတဖြစ်သော ဒါန သီလ အစရှိသည်တို့ကို ယူလေ။ )

**ခန္ဓမာရ်ဆိုသည်ကား** လူ့ခန္ဓာ နတ်ခန္ဓာ ဗြဟ္မာ့ခန္ဓာစုပင်တည်း။

**မစ္စုမာရ် ဆိုသည်ကား-**သေဆုံးခြင်းမရဏ စာတ်ပင်တည်း။

မာရ်ငါးပါးသရုပ်ပြီး၏။

## မာရ်ငါးပါး သဘော

မာရ်ဆိုသည်ကား-သတ်သမားတည်း၊ ထိုငါးပါးသည် သတ္တဝါတို့ကို အဘယ်သို့ သတ်သနည်းဟူမူကား-သတ္တဝါတို့၏ အသက်မည်သည်-

၁။ ဇီဝိတိန္ဒြေလည်း အသက်တစ်ပါး။

၂။ သဒ္ဓါ သီလ စသော သုက္ကဓမ္မမျိုးလည်း အသက်တစ်ပါး။

၃။ ဒါနပါရမီ သီလပါရမီ အစရှိသော ဝိဝဋ္ဋ ဓမ္မမျိုးလည်း အသက်တစ်ပါး။

အသက်ဆိုသည်ကား--ရေသည် ကြာကိုစောင့်သကဲ့သို့ စောင့်ရှောက်သောဓာတ်ကို ဆိုသည်၊ ဇီဝိတိန္ဒြေသည် တစ်ခုတစ်ခုသော ဘဝ၌ ခန္ဓာကိုယ်ကို စောင့်ရှောက်၏၊ ဇီဝိတိန္ဒြေ ပျက်ရာ၌ ထိုခန္ဓာ ပျက်၏၊ ထိုသူသေ၏။

သုက္ကဓမ္မမျိုးသည် သူတော်ကောင်း အသက်တည်း၊ သုက္ကဓမ္မ ပျက်ရာ၌ သူတော်ကောင်း အသက်ဆုံး၏၊ ဇီဝိတိန္ဒြေ အသက် ပျိုနုလျက် ရှိငြားသော်လည်း အသေကောင်သာ မည်၏။

ဝိဝဋ္ဋဓမ္မမျိုးသည် ဗောဓိလောင်း အသက်တည်း၊ နိယတအဖြစ်သို့ မရောက်သေးသော ဗောဓိအသက်မည်သည်-ဗောဓိ၏ ဆန့်ကျင်ဘက်ဖြစ်သော ယုတ်မာ

www.dhammaransi.com



လှစွာသော မိစ္ဆာဒိဋ္ဌိကို တစ်ကြိမ်ယူလိုက်လျှင် ကွယ်ပျက်၏၊ ဗောဓိလောင်း သေပြန်၏၊ ဝဋ္ဋနုသာရီပုထုဇန် အဖြစ်၌ တည်ပြန်၏။

## မာရ်ငါးပါး၏ အဓိပ္ပါယ်

မာရ်နတ်သားသည် သတ္တဝါတို့၏ သုဂ္ဂတိဂမ္မ အသက် ဝိဝဋ္ဋဂမ္မ အသက်ကို ချွေသမားတည်း၊ သူတော်ကောင်းကို သတ်သမား ဗောဓိလောင်းကို သတ်သမား တည်း၊ ထို့ကြောင့် မာရ်ခေါ်သည်။ ။သေမင်းခေါ်သော မရဏတရားသည် သတ္တဝါတို့၏ ဇီဝိတိန္ဒြေကို ချွေသမားတည်း၊ ခပ်သိမ်းသော သတ္တဝါတို့ကို သတ်သမားတည်း၊ ထို့ကြောင့် မစ္စုမာရ်ခေါ်သည်။

မိမိတို့ အဇ္ဈတ္တသန္တာန်၌ ရှိ၍နေသော လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိအစရှိသော ကိလေသာတရားတို့သည်ကား ဇီဝိတအသက်ကိုလည်း ချွေ ဖြတ်၏၊ သုဂ္ဂတိဂမ္မအသက်ကိုလည်း ချွေဖြတ်၏၊ ဝိဝဋ္ဋဂမ္မအသက်ကိုလည်း ချွေဖြတ်၏၊ ဝဋ္ဋနိဿိတဖြစ်သော ဒါန သီလ အစရှိသော အဘိသင်္ခါရ တရားတို့သည် တစ်ခုတစ်ခုသော ဘဝခန္ဓာကို ထူထောင်ကြကုန်သည်ရှိသော် မစ္စုမာရ်တည်းဟူသော မရဏစေတ်မီး အပြီးထက်ကြပ်နှင့် ထူထောင်ကြကုန်၏၊ လောဘ ဒေါသ မောဟတည်းဟူသော ကိလေသမာရ် သူသတ်ယောကျ်ား အပြီးထက်ကြပ်နှင့် ထူထောင်ကြကုန်၏၊ ထို့ကြောင့် ထိုကုသိုလ် အကုသိုလ်တို့ကို အဘိသင်္ခါရမာရ်ဆိုသည်၊ ခန္ဓာငါးပါးသည်လည်း ဖောက်ပြန်လှုပ်ရှားခြင်းသို့ ရောက်သဖြင့် ဇီဝိတိန္ဒြေကိုလည်း ဖြတ်ချွေ၏၊ ကိလေသမာရ်ကို လက်ခံမွေးမြူ၍ သုဂ္ဂတိဂမ္မအသက်ကိုလည်း ဖြတ်ချွေ၏၊ ဝိဝဋ္ဋဂမ္မအသက်ကိုလည်း ဖြတ်ချွေ၏။

ဤကား မာရ်ငါးပါးတို့၏ သတ်ဖြတ်ပုံကို ပြဆိုခန်းတည်း။

## ကိလေသမာရ်၏ သတ်ချက်

(တစ်နည်းကား) ဤလောက၌ လောဘနိုင်ငံသို့လိုက်၍ ရသေ့ရ ဟန်းသီလ ရသေ့ရဟန်းသိက္ခာ ရသေ့ရဟန်းကျက်သရေ လူ့သီလ လူ့သိက္ခာ လူ့ကျက်သရေ ပျက်ဆုံးမှု၊ ရသေ့ရဟန်း စည်းစိမ်ဟုဆိုအပ်သော နေက္ခမ္မသုခ ပျက်ဆုံးမှု၊ ဈာန်သမာပတ် ပျက်ဆုံးမှု၊ လူ့စည်းစိမ်ဟု ဆိုအပ်သော ဥစ္စာဓန ပျက်ဆုံးမှု၊ လောဘနိုင်ငံသို့ လိုက်သည့်အတွက်နှင့် ခြေလက်စသော ကိုယ်အင်္ဂါ၊ စက္ခု

www.dhammaransi.com



သောတစသော ကိုယ်အင်္ဂါ ပျက်ဆုံးမှု၊ သေချိန်မတန်ပါပဲလျက် လောဘ နိုင်ငံလိုက်၍ ပထမအရွယ်တွင် သေဆုံးမှု၊ ဒုတိယအရွယ်တွင် သေဆုံးမှု၊ ဤသို့ အစရှိသော ပြုန်းတီးပျက်စီးမှုတို့သည်လည်း လောဘမာရ်၏ သတ်ချက်ချည်း သာတည်း၊ ဒေါသမာရ် စသည်တို့၌လည်း ဤနည်းတူ မြင်လေ။

**တစ်နည်းကား-** လောဘသည် အလောဘကို သတ်၏၊ ဒေါသသည် အဒေါသကို သတ်၏၊ မောဟသည် အမောဟကို သတ်၏၊ အနမတဂ္ဂသံသရာ၌ ဖြစ်ခဲ့သမျှသော အလောဘမှုစု ရသေ့အလုပ်စု ရဟန်းအလုပ်စု ကသိုဏ်းစျာန်စု အသုဘစျာန်စုသည် လောဘ၏ နယ်တွင်း၌ ပျက်ဆုံးပြုန်းတီးခဲ့လေ၏၊ ဒေါသ စသည်တို့၌လည်း ဤနည်းအတိုင်း မြင်လေ။

ယခု ဘဝ၌လည်း သူတော်ကောင်းတရားကို ကြားရနာရ အမှတ်ရသော အခါ မိမိတို့ အဇ္ဈတ္တသန္တာန်တွင် ရံဖန်ရံခါ ပေါ်၍လာသော အလောဘစာတ်ဖြူ နေက္ခမ္မစာတ်ဖြူစုသည် လောဘမှု၏ လက်တွင်း၌ ပျက်ဆုံးခြင်းသို့ ရောက်လေ၏၊ တစ်ညဥ့်လုံး တဝင်းဝင်း တလက်လက် ပျက်သမျှ လျှပ်ရောင်စုသည် မှောင်၏ အတွင်း၌ ကွယ်ဆုံးလေသကဲ့သို့တည်း၊ ဒေါသစသည်တို့၌လည်း ဤနည်း တူမြင်လေ။

**ဤကား ကိလေသမာရ်၏ သတ်ချက်ကို အမြွက်မျှပြ ဆိုသော စကားရပ်တည်း။**

## ခန္ဓမာရ်၏ သတ်ချက်

ခန္ဓမာရ်၌ ဦးခေါင်းဖြစ်၍နေသော ဓာတ်ကြီးလေးပါးတွင် တစ်ပါးပါး ဖောက်ပြန်သေဆုံးမှု မျက်လုံးဖြစ်၍နေသော နားဖြစ်၍နေသော နှာခေါင်း ဖြစ်၍နေသော မေး,ပါး,သွား,လျှာ,ခံတွင်းဖြစ်၍နေသော လည်ပင်းဖြစ်၍နေသော အဆုတ်ဖြစ် ၍နေသော အသည်းနှလုံးဖြစ်၍နေသော စသည်ဖြင့် တစ်ကိုယ်လုံး အနှံ့မြင်လေ။ ။စက္ခုအာရုံကို လိုက်စား၍သေဆုံးမှု သောတအာရုံကို ဃာန အာရုံကို ဇိဝှါအာရုံကို ကာယအာရုံကို လိုက်စား၍ သေဆုံးမှု၊ ဤသို့စသည်ဖြင့် ရူပက္ခန္ဓာ၏ သတ်မှုကို မြင်လေ။ ။ စက္ခုသမ္ဖဿဇာ ဝေဒနာကို လိုက်စား၍ သေမှု။ ၄ပ ။ မနောသမ္ဖဿဇာဝေဒနာကို လိုက်စား၍သေမှု၊ ရူပသညာကို လိုက်စား၍ သေမှု ။ လ ။ ဓမ္မသညာကို လိုက်စား၍ သေမှု။ ။ သဒ္ဒါလမ်းကို

www.dhammaransi.com



လွှန်စွာလိုက်စား၍ သေမှုကား သဒ္ဓါသတ်၍ သေမှုတည်း၊ သီလလမ်းကို လွှန်စွာလိုက်စား၍ သေမှုကား သီလသတ်၍ သေမှုတည်း၊ သုတလမ်းကို လွှန်စွာလိုက်စား၍ သေမှုကား သုတသတ်၍ သေမှုတည်း ဒါနလမ်း စာဂလမ်းကို လွှန်စွာလိုက်စား၍ သေမှုကား ဒါနသတ်၍ စာဂသတ်၍ သေမှုတည်း၊ လောကပညာ ဓမ္မပညာလမ်းကို လွှန်စွာလိုက်စား၍ သေမှုကား ပညာသတ်၍ သေမှုတည်း။ ဘာဝနာလမ်းကို လွှန်စွာလိုက်စား၍ သေမှုကား ဘာဝနာသတ်၍ သေမှုတည်း၊ လောဘလမ်း ဒေါသလမ်းစသည်ကား ထင်ရှားပြီ၊ စက္ခုဝိညာဏ်စိတ်အလိုကို လိုက်၍သေမှုကား စက္ခုဝိညာဏ်သတ်၍ သေမှုတည်း။ လ ။ မနောဝိညာဏ် စိတ်အလိုကိုလိုက်၍ သေမှုကား မနောဝိညာဏ်သတ်၍ သေမှုတည်း။

**ဤကား နာမ်ခန္ဓာလေးပါး၏ သတ်ချက်ကို အမြွက်မျှ ပြဆိုလိုက်သော အခန်းတည်း။**

## မစ္စုမာရ်၏ သတ်ချက်

မစ္စုမာရ်၏ သတ်ချက်တို့ကို အမြွက်မျှပြဆိုဦးအံ့- အနမတဂ္ဂသံသရာ၌ ငါ၏ဦးခေါင်းဖြစ်သော ရုပ်ခဲပေါင်း ဘယ်မျှကုန်ဆုံးကွယ်ပျောက်ခဲ့လိမ့်မည်နည်း။

**မျက်လုံးရုပ်ခဲပေါင်း နားခဲပေါင်း နှာခဲပေါင်း လျှာခဲပေါင်း အဆုတ်ခဲပေါင်း အသည်းခဲပေါင်း ဤသို့ စသည်ဖြင့်ကြည့်မြော်လေ။**

ယခု ဘဝမှာလည်း ဖွားမြင်သည်မှစ၍ နေ့စဉ်မျိုအပ်သော အာဟာရပေါင်း မည်မျှရှိလိမ့်မည်နည်း၊ အာဟာရဓာတ်ဆီ အသစ်အဟောင်း ပြောင်းလဲတိုင်းပြောင်းလဲတိုင်း မစဲမစဲ နေ့စဉ်လဲသော ဦးနှောက်ခဲပေါင်းမည်မျှ ကုန်ဆုံးခဲ့လိမ့်မည် မျက်လုံးခဲပေါင်း မည်မျှကုန်ဆုံးခဲ့လိမ့်မည် နားခဲပေါင်း နှာခဲပေါင်း လျှာခဲပေါင်း အဆုတ်ခဲပေါင်း အသည်းခဲပေါင်း နှလုံးခဲပေါင်း စသည်ဖြင့် မြော်လေ။ ။စက္ခုဒွါရမှာ ထခဲ့ ပေါ်ခဲ့သော နာမက္ခန္ဓာပေါင်း။ လ ။ မနောဒွါရမှာ ထခဲ့ ပေါ်ခဲ့သော နာမက္ခန္ဓာပေါင်း ဘယ်မျှကုန်ဆုံးခဲ့လိမ့်မည်ဟု မြော်လေ။

ဤသို့ မရဏ မီးချက်ကိုရှုမြော်သောအခါ ပုဂ္ဂိုလ် သတ္တဝါ ငါဟူသော အထင်ကို အဝင်မခံနှင့်။

www.dhammaransi.com



## ဓာတ်ဆေး ဥပမာ

ရုပ်နာမ်ခန္ဓာ အသစ်အဟောင်း အပြောင်းအလဲ မြန်ပုံကို ဥပမာဆိုဦးအံ့၊ ဝိဇ္ဇာမယ ဉာဏ်တန်ခိုးဖြင့် စီရင်၍ထားသော ဓာတ်ဆေး တစ်မျိုးသည် ရှိသတတ်၊ အလုံးသဏ္ဌာန် မုန်ညင်းစေ့ခန့်ရှိရာ၏၊ အချို့အလုံးကား အဖြူတည်း၊ အချို့ကား အနီတည်း၊ အချို့ကား အနက်တည်း၊ ဂါထာစုတ်၍ မုန်ညင်းစေ့ခန့် တစ်လုံးကို ပစ်လိုက်သည်ရှိသော် ပကတိ လူကောင်းသဏ္ဌာန်မျှ ပွါး၍ ဆွတ်ဆွတ် ဖြူသော လူတစ်ယောက်ဖြစ်၍နေ၏၊ ချိန်ဝန်လည်း လူတစ်ယောက်စာမျှလေး၏၊ ယမ်းပုံမှ မီးတောက်ကြီး ထသကဲ့သို့ အပွားမြန်လှ၏၊ တစ်ဖန်ဂါထာစုတ်၍ အနီလုံး တစ်ခုကို တန်ခိုးဖြင့် ထိုအရုပ်ကြီး၏ နှလုံးအိမ်တွင်းသို့ သွင်းလိုက်ပြန်သည်ရှိသော် နှလုံးအိမ်တွင်းသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ယခုအဖြူလုံးအတူ ပွားပြန်၏၊ နှလုံးအိမ်မှစ၍ အနီပြန့်ပွါး၍ သွားရာ အနီရောက်ရာ ရောက်ရာ ထိရာ ထိရာမှာ အဖြူ ကျေပျောက်လေ၏၊ ခဏချင်း လူနီကြီးဖြစ်ပြန်၏။ ။ဤဥပမာ၌ ရှေးဦးစွာ ဉာဏ်မီရုံ ပြောင်းလဲ၍ကြည့်၊ အနီပွား၍ ခဲ့၍ သွားရာ၌ အဖြူခဲတွေ မြေ့မြေ့ ကြေပျက် ကွယ်ဆုံးမှုကို မြင်အောင်ကြည့်။ ငါတို့ကိုယ်ခန္ဓာလည်း ဤအတိုင်းပင်။

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

(ဓမ္မပဒ ပါဠိတော်)

ယောစ=အကြင်သူသည်ကား၊ ဥဒယဗ္ဗယံ=ခန္ဓာငါးပါး၏ တဖွားဖွား ဖြစ်ပေါ်မှု အလုံးအခဲ တသဲသဲ ကွယ်ပျောက် ချုပ်ဆုံးမှုကို၊ အပဿံ အပဿန္တော= တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးရဘဲ၊ ဝဿသတံ=အနှစ်တစ်ရာပတ်လုံး၊ ဇီဝေ= အသက်ရှည်၏၊ တတော=ထို့ထက်၊ ဥဒယဗ္ဗယံ=ခန္ဓာငါးပါး၏ တဖွားဖွားဖြစ် ပေါ်မှု အလုံးအခဲ တသဲသဲ ကွယ်ပျောက် ချုပ်ဆုံးမှုကို၊ ပဿတော=မြင်နိုင်သောသူ၏၊ ဧကာဟံ=တစ်နေ့တစ်ရက်မျှ၊ ဇီဝိတံ=အသက်ရှည်ခြင်းသည်၊ သေယျော=မြတ် သေး၏။

ဤကား ပဋိသန္ဓေမှစ၍ ခဏမစဲ အသက်ခဲ ခန္ဓာခဲ ရုပ်ခဲ ကလာပ်ခဲ တို့ကို ရှဲရှဲ ရှဲရှဲ အမြဲသတ်စား၍နေသော မစ္စုမာရ်၏ အချက်ကို ပြဆိုခန်း တည်း၊ ပြဆိုခဲ့ပြီးသော ခန္ဓဝဂ္ဂသံယုတ် ဒေသနာတော်၌ အာဒီနဝ

www.dhammaransi.com



ကောသလ္လဥာနကို မြင်ပြန်လျှင် ခန္ဓမာရ် မစ္စုမာရ်တို့ကိုလည်း ကောင်းစွာ မြင်နိုင်လတ္တံ့။

မြတ်စွာဘုရား၏ ဘုရားမဖြစ်မီ ခန္ဓာအစဉ်နှင့် ဘုရားဖြစ်ပြီးသော ခန္ဓာအစဉ် အဘယ်သို့ ထူးခြားပါသနည်း ဟူရာ၌-ဘုရားမဖြစ်မီ ခန္ဓာအစဉ်သည်ကား ကိလေသမာရ်ခေါ်သော ဓာတ်ညစ် ဓာတ်မဲစု၊ အဘိသင်္ခါရမာရ် ခေါ်သော ဓာတ်စေး ဓာတ်ခွဲစုနှင့် ရောရာ၏၊ ဘုရားဖြစ် ပြီးသော ခန္ဓာအစဉ်သည်ကား ထိုဓာတ်ညစ် ဓာတ်မဲ ဓာတ်ခွဲ ဓာတ်စေးစု မရှိပြီ၊ ထိုဓာတ်ပုပ် ဓာတ်မဲ ဓာတ်ခွဲ ဓာတ်စေးရှိကြသော သေက္ခပုဂ္ဂိုလ် ပုထုဇဉ်ပုဂ္ဂိုလ်၏ သေပြီးသော အလောင်းသည် ပုပ်ခြင်း ဟောင်ခြင်းရှိကြသည်၊ ဘုရားရဟန္တာတို့၏ အလောင်း တော်မှာ ပုပ်သည် နံသည် ဟူ၍ မရှိပြီ၊ အသက်ဝိညာဏ် ထင်ရှားရှိစဉ်မှာလည်း ဤနည်းအတူတည်း။

အစာအာဟာရခြင်း တူကြသော်လည်း ဝင်းဝင်းတောက် ကြည်လင် ဖြူစင်သော နာမက္ခန္ဓာတို့မှ တစ်ကိုယ်လုံးမွမ်း၍ လွှမ်းခြုံ၍နေသော စိတ္တဇ ရုပ်တို့အတွက် တစ်ကိုယ်လုံးသည် အလွန်ဖြူစင်စွာ ဖွပ်လျှော်၍ ထားသော ဝါဂွမ်းအစု အခဲကဲ့သို့တည်း။

## စကြာမင်း ပတ္တမြားသို့

စကြာမင်း၏ ပတ္တမြားလုံးကို အလွန် နောက်လှစွာသော ရေအိုင်တွင်းမှာ ချ၍ထားခဲ့လျှင် တစ်အိုင်လုံးသည် ပတ္တမြားရေကဲ့သို့ ကြည်ရ၏၊ ဤအတူ ဘုရားရဟန္တာတို့၏ ဇောခန္ဓာအစဉ်သည် စကြာမင်း၏ ပတ္တမြားရတနာနှင့် တူ၏၊ ခန္ဓာတော်သည် ရေအိုင်ရှိရေနှင့် တူ၏။ ။ဤကား အပုပ်အနံ့ မရှိရာ၌ ယုတ္တိ တည်း။

မင်းတို့၏ စံနေရာဖြစ်သော နန်းပြာသာဒ်သည် မင်း၏ စံနေရာဖြစ်၍ နေစဉ်အခါ ပူဇော်ခြင်းငှာ မထိုက်၊ ထိုပြာသာဒ်ကို ကျောင်းတော်ဆောက်လုပ်၍ ကျောင်းတော်ဖြစ်သောအခါ ပူဇော်ထိုက်၏၊ ပူဇော်လျှင် နတ်ရွာ နိဗ္ဗာန် အကျိုး ဖြစ်၏။

ဘုရားမဖြစ်မီ ခန္ဓာတော်သည် မင်းစံနေဆဲသော နန်းတော်နှင့် တူ၏

www.dhammaransi.com



ဘုရားဖြစ်ပြီးနောက် ခန္ဓာတော်သည် မြတ်စွာဘုရား သီတင်းသုံးနေသော ကျောင်းတော်ကြီးနှင့် တူ၏၊ ဘုရားမဖြစ်မီဆိုသော်လည်း သိဒ္ဓတ်မင်းအဖြစ်၌ရှိသော ခန္ဓာအစဉ်ကိုယူ၊ တောထွက်ပြီးသော နောက်ခန္ဓာတော်ကား ပူဇော်ထိုက်လှပြီ ထို့ကြောင့် ဝတ်လဲတော်ပုဆိုးကို သုဒ္ဓါဝါသဗြဟ္မာတို့ယူ၍ ဒုဿစေတီ တည်ထား ကိုးကွယ်ကြလေသည် သဘာဝပဝတ္တိ၌ မလိမ္မာသောကြောင့် ခန္ဓာတော်ကား ဘုရားမဟုတ် ဉာဏ်တော်သည်သာ ဘုရားဟုတ်သည်ဟု ယူကြသော မိစ္ဆာဝါဒများကို နားမယောင်ထိုက်။

ဆဋ္ဌ ပြဿနာ အဖြေပြီး၏။

---

## သတ္တမခန်း

"ရတနာသုံးပါး၏ သရဏဂုံအဖြစ် သရဏဂုံတည်အောင် ပြုကျင့်နည်းကို သိလိုပါသည်၊"ဟူသော **သတ္တမလျှောက်ချက်၌-**

### သရဏဂုံ၌ အထူးအပြား

သရဏဂုံအကြောင်းအရာ 'သရဏာဒိ ဝိနိစ္ဆယ' စသော စာအုပ်များ ထင်ရှားရှိကြပြီဖြစ်၍ အကျယ်ကို မဆိုလိုက်ပြီ၊ လိုရင်းမျှကို ပြဆိုပေအံ့။

- ဤဝတ္ထု ဤဓမ္မကို ရှိခိုးသည်ရှိသော် ငါ၏ ရှိခိုးမှုသည် အပါယ် ဘေးမှ လွတ်အောင် ဆောင်နိုင်သော ကုသိုလ်ပုညမှု ဖြစ်၏ဟု ရှိခိုး၏၊ ထို ရှိခိုးမှုလည်း ဧကန္တ အပါယ်ဘေးမှလွတ်အောင် ဆောင်နိုင်သော ကုသိုလ်ပုညမျိုး ဖြစ်အံ့ ထိုဝတ္ထု ထိုဓမ္မသည် သရဏမည်၏၊ ကိုးကွယ်ရာ ထိုက်သော ဝတ္ထုဓမ္မမည်၏၊ ထိုသူ၏ ရှိခိုးမှုသည်လည်း သရဏဂုံမည်၏။
- ဤဝတ္ထု ဤဓမ္မကို ရှိခိုးသည်ရှိသော် ငါ၏ ရှိခိုးမှုသည် အပါယ်ဘေးမှ လွတ်အောင် ဆောင်နိုင်သော ကုသိုလ်ပုည ဖြစ်၏ဟု ရှိခိုးကား ရှိခိုး၏၊ ထိုရှိခိုးမှုသည် ဧကန္တ အပါယ်ဘေးမှလွတ်အောင် ဆောင်နိုင်သော ကုသိုလ်ပုညမျိုး မဖြစ်၊ အချည်းနှီးသော ရှိခိုးမှုသာ ဖြစ်အံ့ ထိုဝတ္ထု ထိုဓမ္မသည် သရဏမဟုတ်၊ ကိုးကွယ်ရာထိုက်သော ဝတ္ထုဓမ္မမျိုး မဟုတ်၊

www.dhammaransi.com



ထိုသူ၏ ရှိခိုးမှုသည်လည်း သရဏဂုံ မဖြစ်။

သရဏံ ဂစ္ဆာမိ ဟု ဆည်းကပ်မှု ဆောက်တည်မှု၌လည်း ဤနည်းအတိုင်း သိလေ။

**သဘောယုတ္တိကား--**

- ဖြူစင်သော သီလ၊ သမာဓိ၊ ပညာ စသောဂုဏ်သည် အလွန် မွန်မြတ်သော မြေဆီသြဇာနှင့် တူ၏။
- ထိုဂုဏ်နှင့်ပြည့်စုံသော ဘုရား တရား သံဃာသည် ထိုမြေဆီသြဇာနှင့် ပြည့်စုံသော လယ်ခင်းနှင့် တူ၏။
- ထိုဘုရား တရား သံဃာကို အာရုံပြု၍ တွယ်တာ တည်စိုက်၍ မိမိ သန္တာန်၌ဖြစ်သော စိတ် စေတနာသည် ထိုလယ်ခင်းမှာ စိုက်ပျိုးသော စပါးမျိုးစေ့နှင့် တူ၏။

ဖြူစင်သော သီလ သမာဓိ ပညာ အစရှိသောဂုဏ်မှ ကင်း၍ အချည်းနှီးသော မိစ္ဆာဝိတက်မျိုးနှင့် နေသောသူသည် အဆီ သြဇာ သက်သက်မရှိသော အလွန်ခြောက်သော ကျတ်တီးကုန်းပြင်နှင့် တူ၏၊ ထိုသူကို ဆိုခဲ့ပြီးသောနည်းဖြင့် ရှိခိုးသောအမှု ဆည်းကပ်သော အမှုများသည် ထိုကျတ်တီးကုန်းပြင်မှာ ကြဲပျိုးသော စပါးမျိုးနှင့် တူ၏၊ ကုသိုလ်ပုည မဖြစ်၊ အချည်းနှီးသာတည်း။

ကမ္ဘာစဉ်ဆက် လူပညာရှိ ရသေ့ ရဟန်း ပုဏ္ဏား ပညာရှိတို့၏ အစဉ်၌ ထင်ရှားစွာ လာခဲ့သော ကုသိုလ်တရား ဖြစ်ပွားမှု နည်းလမ်းမျိုး၊ အကုသိုလ်တရား ဖြစ်ပွားမှုနည်းလမ်းမျိုး၊ ဒုစ္စရိုက်နည်းလမ်းမျိုး၊ သုစရိုက်နည်းလမ်းမျိုး၊ သုဂတိ အလား ဒုဂ္ဂတိအလား နည်းလမ်းမျိုးသည် ရှိ၏၊ ထိုနည်းလမ်းမျိုးတို့တွင် တစ်ခုသော နည်းလမ်းမျိုးကိုပင် ပယ်ဖျက်၍ အပြစ်ရှိသည်ကို အပြစ်မရှိ အကျိုးရှိသည်ကို အကျိုးမရှိဟု အယူမိစ္ဆာရှိသောသူသည် မီးလျှံ မီးတောက်ထ၍ နေသော ကျောက်ဖျာအပြင်နှင့် တူ၏၊ ထိုသူကို ဆိုခဲ့ပြီးသောနည်းဖြင့် ရှိခိုးသော အမှု ဆည်းကပ်သော အမှုသည် ထိုကျောက်ဖျာ အပြင်မှာ မျိုးကြဲသည်နှင့် တူ၏၊ အကျိုးမရှိသည့်ပြင် တစ်ကိုယ်လုံးကို မီးလျှံသင့်လေသေး၏။

ထိုသရဏဂုံသည်-(၁)သုတသရဏဂုံ (၂)ဒိဋ္ဌသရဏဂုံဟူ၍ နှစ်ပါး အပြားရှိ၏၊ ထိုနှစ်ပါးတွင် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာတို့၏ ပျောက်ငြိမ်းရာသော

www.dhammaransi.com



ခန္ဓာဓမ္မ၊ အာယတနဓမ္မ၊ ဓာတုဓမ္မတို့၏ အဖြစ်အပျက်ကို မြင်နိုင်သော သမ္မာဒိဋ္ဌိဉာဏ်ကား မရှိ၊ ကြည်ညိုဘွယ်သော ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ် သာသနာ့ဂုဏ်တို့ကို ကြားနာမှတ်သား သဒ္ဓါပွား၍ ဆည်းကပ်ကိုးကွယ်သော သရဏဂုံသည် သုတသရဏဂုံမည်၏၊ ဘုရား တရား သင်္ဃာ ရတနာသုံးပါးကို မြင်သော သရဏဂုံမဟုတ် ဘုရား တရား သင်္ဃာ ရတနာသုံးပါးကို တွေ့သော သရဏဂုံမဟုတ် သာသနဓမ္မကိုမြင်သော သရဏဂုံမဟုတ် သာသနဓမ္မကို တွေ့သော သရဏဂုံမဟုတ် ဟူလိုသည်။ ထို့ကြောင့်-

ယော ခေါ ဝက္ကလိ ဓမ္မံ န ပဿတိ၊
သော မံ န ပဿတိ။ (ခန္ဓဝဂ္ဂသံယုတ္တပါဠိ)

ဟူ၍ ဟောတော်မူသည်။

ဝက္ကလိ=ဝက္ကလိရဟန်း၊ ခေါ=စင်စစ်၊ ယော=အကြင်သူသည်၊ ဓမ္မံ=ခန္ဓာ နာမ်ရုပ်တရားကို၊ န ပဿတိ=မြင်နိုင်သောဉာဏ်မရှိ၊ သော=ထိုသူသည်၊ မံ=ငါဘုရားကို၊ န ပဿတိ=မမြင်။

မြတ်စွာဘုရား၏ အနီးအနား၌ အမြဲနေ၍ နေ့မစဲ ညဉ့်မစဲ အမြဲရှိခိုး ပူဇော် ဖူးမြော်၍နေသော ဝက္ကလိရဟန်းကို ဟောတော်မူသော ဒေသနာတော်။

ဤဒေသနာတော်ကို ထောက်၍ မိမိကိုယ်မှာ ခန္ဓာ နာမ်ရုပ် တရားတို့ကိုလည်းကောင်း၊ ခန္ဓာ နာမ်ရုပ်တရားတို့၏ ဖြစ်မှု ပျက်မှုကိုလည်းကောင်း မမြင်နိုင်သော သူတို့၏ သရဏဂုံသည် ဒိဋ္ဌသရဏဂုံမဟုတ်၊ သုတသရဏဂုံမျှသာ ဖြစ်ကြောင်းကို ဆိုနိုင် သိနိုင်ရာသတည်း။

**ဒိဋ္ဌသရဏဂုံ ဆိုသည်ကား**-သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာတို့၏ ပျောက်ငြိမ်းရာသော ခန္ဓာ အာယတန ဓာတ်တို့ကိုလည်းကောင်း၊ ထိုခန္ဓာ အာယတန ဓာတ်တို့၏ ဖြစ်မှု ပျက်မှုကိုလည်းကောင်း မြင်နိုင်သော သမ္မာဒိဋ္ဌိဉာဏ်နှင့် ပြည့်စုံသောသူ၏ သရဏဂုံသည် ဒိဋ္ဌသရဏဂုံ မည်၏၊ ဘုရား တရား သံဃာ ရတနာသုံးပါးကို မြင်ရသောသရဏဂုံ တွေ့ရသောသရဏဂုံ ဆိုလိုသည်။

ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ။

(ခန္ဓဝဂ္ဂသံယုတ္တ ပါဠိတော်။ ။ အနက်လွယ်ပြီ။)

www.dhammaransi.com



ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿစ အတိက္ကမံ။
အရိယဉ္စဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမ ဂါမိနံ။ ။
ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏ မုတ္တမံ။
ဧတံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။ ။

(ဓမ္မပဒပါဠိတော်)

ဒုက္ခံ=ဒုက္ခသစ္စာကိုလည်း၊ ပဿတိ=မြင်၏၊ ဒုက္ခသမုပ္ပါဒံ=ဒုက္ခဖြစ်ပွား ကြောင်းကိုလည်း၊ ပဿတိ=မြင်၏၊ ဒုက္ခဿ=ဒုက္ခသစ္စာ၏၊ အတိက္ကမံ=လွန် မြောက် ချုပ်ငြိမ်းမှုကိုလည်း၊ ပဿတိ=မြင်၏၊ ဒုက္ခူပသမဂါမိနံ=ဒုက္ခ၏ ငြိမ်းမှုသို့ ဆိုက်စေတတ်သော၊ အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ=အင်္ဂါရှစ်ပါး အရိယမဂ်ကိုလည်း၊ ပဿတိ=မြင်၏၊ ခေါ=စင်စစ်၊ ဧတံ=ဤအမြင်လေးချက်သည်သာလျှင်၊ ခေမံ= ဘေးကင်းသော၊ သရဏံ=ကိုးကွယ်ရာဖြစ်၏၊ ဧတံ=ဤအမြင်လေးချက်သည် သာလျှင်၊ ဥတ္တမံ=မြတ်သော၊ သရဏံ=ကိုးကွယ်ရာဖြစ်၏၊ ဧတံသရဏံ=ဤကိုး ကွယ်ရာကို၊ အာဂမ္မ=ဆည်းကပ်၍၊ ဝါ=ရောက်၍ ရ၍၊ သဗ္ဗဒုက္ခာ=အလုံးစုံသော ဝဋ်ဒုက္ခမှ၊ ပမုစ္စတိ=လွတ်နိုင်၏။

ဤကား ဒိဋ္ဌသရဏဂုံတည်း။

ဤဒိဋ္ဌသရဏဂုံသည် ထုတ်ပြခဲ့ပြီးသော ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်ကို အစဉ်လျှောက်၍ ပထမ ဒိဋ္ဌသရဏဂုံ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌ၊ သတ္တမ ဒိဋ္ဌသရဏဂုံဟူ၍ ခုနစ်ပါးရှိ၏။ ။ ကောသလ္လဋ္ဌာန ခုနစ်ပါးနှင့် အစဉ် အတိုင်းယှဉ်လေ။

**ဥပမာဆိုဦးအံ့**-ကြီးစွာသော နူနာစွဲကပ်၍ ဒုက္ခပြင်းစွာ ခံနေရသော သူနှစ်ယောက်သည် ရှိသတတ်၊ နူနာကြီးမျိုးကို ပျောက်အောင်ကုစားနိုင်သော ဝိဇ္ဇာမယဆေးသမားကြီးလည်း ရှိ၏၊ တစ်ယောက်သောသူသည် ဆေးဆရာနှင့် ယူဇနာတစ်ရာ ကွာဝေး၏၊ ဆေးဆရာကြီးကို မမြင်ဘူးပေ၊ ဆေးဆရာကြီးအထံမှ အဆင့်ဆင့် ယူဆောင်၍ ရောက်လာသော ဆေးကိုတွေ့ရ၍ ကောင်းစွာ မှီဝဲခြင်း ကြောင့် နူနာကြီး အကုန်ပျောက်၍ မိမွေးတိုင်း ဘမွေးတိုင်း ရှိလေ၏။

တစ်ယောက်သော သူသည်ကား ဆေးဆရာကြီးအိမ်မှာ တွယ်တာ၍ နေ၏၊ ဆေးကိုမူကား ခါးသည် နံသည်ဟု မသောက်မမျို၊ ဆေးသမားကြီး၏

www.dhammaransi.com



ဘုန်းလာဘ်ကိုမှီ၍ အစားအသောက်ကိုသာ အားထုတ်၏၊ အနာတိုးမှုသာ ရှိ၏၊ နူနာကြီးပျောက်ငြိမ်းသော သူသာလျှင် ဆေးဆရာကြီး၏ ပညာစွမ်း ဆေး၏ အစွမ်းကို ကိုယ်တွေ့ဒိဋ္ဌ သိမြင်ရသောသူ ဖြစ်၏၊ ဆေးဆရာကြီး၏ အိမ်မှာ တွယ်တာမှီကပ်၍ နေရသော သူသည်ကား ဆေးဆရာကြီး၏ ပညာစွမ်း ဆေး၏ အစွမ်းကို ကိုယ်တွေ့ဒိဋ္ဌ သိမြင်ရသော သူမဟုတ် ဆေးဆရာကြီး၏ ပညာစွမ်း ဆေး၏အစွမ်းကို နားမှာ ကြားသိရုံမျှသာ ရှိ၏၊ ဤဥပမာအတိုင်း မှတ်လေ။

ထို့ကြောင့်- ပြဆိုခဲ့ပြီးသော ကောသလ္လဌာနခုနစ်ပါးတို့၌ ကောသလ္လ အဖြစ်သို့ ရောက်ခြင်းငှာ ကောင်းစွာ အားထုတ်၍နေသောသူသည် ဗုဒ္ဓသရဏဂုံ ဓမ္မသရဏဂုံ သံဃာ့သရဏဂုံကို တမင်ဆောက်တည်ဖွယ် ကိစ္စမရှိ ဘုရားသွား ဖွယ်ကိစ္စ မရှိ၊ ထိုအလုပ်ကို အားမထုတ်နိုင်သော သုတသရဏဂုံသမားတို့၏ အမှုသာတည်း၊ သုတသရဏဂုံသမားတို့၏ သရဏဂုံသည်ကား ယနေ့ငါတို့ဘုရား တပည့်, နက်ဖြန်ခါ ဘုရားတစ်ပါး ပြောင်းနိုင်၏၊ ဒိဋ္ဌသရဏဂုံသမားမူကား အသက်ကို အသေခံလျှင်သာ ခံတော့မည်၊ စိတ်စေတနာနှင့်တကွ ဘုရားတစ်ပါး မပြောင်းနိုင်ပြီ။

သတ္တမ ပြဿနာ ဖြေဆိုခန်း ပြီး၏။

------*------

## အဋ္ဌမခန်း

"မိစ္ဆာဒိဋ္ဌိ အယူရှိသော တစ်ယောက်သောသူသည် မိမိ၏ မိစ္ဆာအယူကို စွန့်၍ အဘယ်ကဲ့သို့သော ဗုဒ္ဓဘာသာတရားအတိုင်း လိုက်နာနိုင်မှ ဗုဒ္ဓဘာသာ ဝင်ဟူ၍ ခေါ်ထိုက်ပါသနည်း"။ ။ ဟူသောပြဿနာ၌---

### ဗုဒ္ဓဘာသာဝင်အစစ်နှင့် ၎င်းလေးမျိုး ပြားပုံ

ဒသဝတ္ထုက ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ် စင်ကြယ်၍ ပဋိစ္စသမုပ္ပါဒ် တရားတို့ကို လိုက်နာမှ ဗုဒ္ဓဘာသာဝင် ဟူ၍ ခေါ်ထိုက်သည်။ ။ ဒသဝတ္ထုက သမ္မာဒိဋ္ဌိ ဆိုသည်ကား---

၁- အတ္ထိ ဒိန္နံ။ ၂-အတ္ထိ ယိဋ္ဌံ။ ၃- အတ္ထိ ဟုတံ။ ၄- အတ္ထိ သုကတ ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော။ ၅- အတ္ထိ အယံ လောကော။ ၆- အတ္ထိ

www.dhammaransi.com



ပရော လောကော။ ၇- အတ္ထိ မာတာ။ ၈- အတ္ထိ ပိတာ။ ၉- အတ္ထိ သတ္တာ ဩပပါတိကာ။ ၁၀- အတ္ထိ လောကေ သမဏ ဗြာဟ္မဏာ သမ္မဂ္ဂတာ သမ္မာ ပဋိပန္နာ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ။

(မဇ္ဈိမပဏ္ဏာသ ပါဠိတော်)

၁။ ပေးကမ်းကျိုးရှိ၏။ ၂။ လက်ဦး လက်ဖျား ပေးလှူ ပူဇော်ကျိုး ရှိ၏။ ၃။ အကြီးအကျယ် ပေးလှူပူဇော်ကျိုးရှိ၏။ ၄။ သုစရိုက်ဆယ်ပါး၏ ကောင်းကျိုး ဒုစရိုက်ဆယ်ပါး၏ မကောင်းကျိုးရှိ၏။ ၅။ ဤလူ့ဘုံ လောက သည်ရှိ၏။ ၆။ ဤလူ့ဘုံမှတစ်ပါး နတ်ဘုံ ငရဲဘုံရှိ၏။ ၇။ အမိ၌ ကောင်းစွာ လုပ်ကျွေးမွေးမြူခြင်း ပြစ်မှားလွန်ကျူးခြင်း ကောင်းကျိုး မကောင်းကျိုး ရှိ၏။ ၈။ အဖ၌ ကောင်းစွာလုပ်ကျွေး မွေးမြူခြင်း ပြစ်မှားလွန်ကျူးခြင်း ကောင်းကျိုး မကောင်းကျိုး ရှိ၏။ ၉။ လောကတစ်ပါးမှ လောကတစ်ပါးသို့ ပြောင်းရွှေ့၍ ပဋိသန္ဓေစွဲနေကုန်သော သတ္တဝါတို့သည် ရှိကုန်၏။ ၁၀။ လောက၌ အညီ အညွတ်ဖြစ်ကြကုန်သော ကောင်းစွာကျင့်ကြကုန်သော ဤလောကနှင့် တမလွန်လောကကို ကိုယ်တိုင်ဒိဋ္ဌ သိ၍ မျက်မှောက်ပြု၍ ဟောကြားကြ ပေကုန်သော ရဟန်း ပုဏ္ဏား ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသူတော်ကောင်း တို့သည်ရှိကုန်၏။

ဤကား ဒသဝတ္ထုက သမ္မာဒိဋ္ဌိတည်း။

ဤဒသဝတ္ထုက သမ္မာဒိဋ္ဌိကား လောကီပညာရှိ သူတော်ကောင်းတို့ သိကြ မြင်ကြ ပညတ်ပြော ဟောကြသော ကမ္မာအရိုး ကမ္မာအစဉ်ကြီးတည်း။ ။ ဤသမ္မာဒိဋ္ဌိ တည်လျှင်ပင် ဗုဒ္ဓဘာသာဝင် ဆိုရပြီ။

လောက၌ မိစ္ဆာဒိဋ္ဌိဟူသမျှတို့ကို ပဋိစ္စသမုပ္ပါဒ် ပညာသည် ပယ်ဖျောက် နိုင်၏၊ မိစ္ဆာဒိဋ္ဌိ အယူဟူသမျှသည် ပဋိစ္စသမုပ္ပါဒ်ပညာ မရှိသောသူတို့၌သာ ဖြစ်နိုင်၏၊ ယခုအခါ ပဋိစ္စသမုပ္ပါဒ်ကို ခြတ်ကွဲအောင် ခြတ်ပေါက်အောင် မြင်နိုင်သော ပညာသည် အလွန်လိုလှ၏။

ဤကား ဗုဒ္ဓဘာသာဝင် အလတ်တည်း။

www.dhammaransi.com



ဆိုအပ်ခဲ့ပြီးသော သတ္တကောသလ္လဌာနဣ် ဝိပဿနာ သမ္မာဒိဋ္ဌိ ဉာဏ်ကို ရသော ပုဂ္ဂိုလ်ကား။

(ဗုဒ္ဓဘာသာဝင် အကြီးတည်း။)

ပရမတ္ထ ဗုဒ္ဓဘာသာဝင် အစစ်ကား သစ္စာလေးပါး ပေါက်ရောက် ပြီးသော သောတာပန်ပုဂ္ဂိုလ်သည်သာ ပရမတ္ထ ဗုဒ္ဓဘာသာဝင် အစစ်ပေတည်း၊ အဘယ့် ကြောင့်နည်းဟူမူကား- နောက်နောက်ဘဝတို့၌လည်း သဗ္ဗညုဗုဒ္ဓသရဏဂုံ အမြဲ မြဲပေသောကြောင့်တည်း။

ဗုဒ္ဓဘာသာဝင် အလတ် အကြီးတို့ကား- ယခု တစ်ဘဝသာ စိတ်ချရ ကုန်သည်။

ဗုဒ္ဓဘာသာဝင် အငယ်သည်ကား တစ်နေ့တစ်ရက်မျှပင် စိတ်မချရ၊ ယနေ့ ဗုဒ္ဓဘာသာ နက်ဖြန်ခါ စာဖြူဝင်ဖြစ်နိုင်သောသူတည်း။

ပရမတ် ဗုဒ္ဓဘာသာဝင်မှာမူကား သေလွန်၍ ဗုဒ္ဓဘာသာ မရှိရာ မိစ္ဆာဒိဋ္ဌိ အမျိုးထဲမှာ ဖြစ်လေ၍ ဆယ်လအရွယ် တစ်နှစ်အရွယ် စကားပြောတတ်သော အခါ ဗုဒ္ဓသရဏဂုံကို သင်စွန့်ရမည်၊ ငါတို့ကိုးကွယ်ရာ ဆရာများကို ကိုးကွယ် ရမည်၊ မကိုးကွယ်လျှင် သင်၏ ဦးခေါင်းကို ဤသံလျက်နှင့် ဖြတ်မည်ဟု ဆိုငြားအံ့၊ ထိုသူငယ်သည် ဦးခေါင်းကိုသာ အဖြတ်ခံလတ္တံ့. ကြီးစွာသော မီးပုံကြီးကိုထည့်၍ မီးပုံထဲသို့ သင့်ကို ထည့်မည်ဆိုလျှင် မီးပုံထဲသို့ အထည့်ခံလတ္တံ့၊ နိဗ္ဗာန်သို့ ရောက် သည်တိုင်အောင် ဘာသာတရား ပြောင်းခြင်း မရှိပြီ။

ထို့ကြောင့်-

အဋ္ဌာန မေတံ ဘိက္ခဝေ အနဝကာသော ယံ ဒိဋ္ဌိသမ္ပန္နော
ပုဂ္ဂလော အညံ သတ္ထာရံ ဥဒ္ဒိသေယျ-

ဟူ၍ဟောတော်မူသည်။

ထိုသူအား နိဗ္ဗာန်ယူသည်တိုင်အောင် သဗ္ဗညု ဗုဒ္ဓသာသနာသည် အမြဲ တည်လေ၏။

တစ်နည်း- ဗုဒ္ဓဘာသာဝင် လက္ခဏာ ဝိနည်းမှာ ဟောတော်မူ၏။

ကုဒ္ဓေါ အာရာဓကော ဟောတိ၊
တုဋ္ဌော အနာရာဓကော။ ။ ပါဠိတော် ။

မိခင်ဇရာဝတီ

www.dhammaransi.com



ကုဒ္ဒေါ=အမျက်ထွက်မှု၊ အာရာခကော=အားရလောက်သည်၊ ဟောတိ=ဖြစ်၏၊ တုဋ္ဌော=နှစ်သက်သည်ရှိသော်၊ အနာရာခကော=အားမရလောက်။

အဓိပ္ပါယ်ကား- တစ်ပါးသောဘာသာမှ ဗုဒ္ဓဘာသာသို့ဝင်ပါပြီ ဆိုသူကို နဂိုဘာသာဝင် ပရိသတ်အမျိုးအရိုးများအလယ်၌ အမောင်စာဖြူ အမောင်ယေရှုခရစ်ဟု ခေါ်လိုက်လျှင် အမျက်ထွက်၏၊ အမောင် ရှင်ဂေါတမ တပည့်ဟု ခေါ်ဆိုလိုက်လျှင် အလွန်ကြည်လင် ရွှင်လန်း၏၊ ဗုဒ္ဓဘာသာ၏ ဂုဏ်ကျေးဇူးကို ကြားလျှင် ကြည်လင်ရွှင်လန်း၏၊ ခရစ်စာဖြူ၏ ဂုဏ်ကျေးဇူးကို ကြားလျှင် နှလုံးမသာဖြစ်၏။ ဤကား ဘာသာဝင်လက္ခဏာတည်း။

**အဋ္ဌမ ပြဿနာအဖြေ ပြီး၏။**

--------------------

## နဝမခန်း

"ဗုဒ္ဓဘာသာဝင် လူမျိုးဖြစ်သည် အားလျော်စွာ သိသင့်သိထိုက်သော တရား, တစ်ပါးသော ဘာသာဝင်လူမျိုးတို့ မလှုပ်ချောက်ချားစေနိုင်ခြင်းငှါ သိအပ်နှလုံးသွင်းအပ်သော တရားများကိုလည်း သိလိုပါသည်" ဟူသော **နဝမ လျှောက်ချက်၌--**

### ဘာသာတစ်ပါး မလှုပ်ချောက်ချားနိုင်အောင် ဗုဒ္ဓဘာသာဝင်တို့ သိအပ်သော သစ္စာ လေးပါး

သိသင့်သိထိုက်သော တရားမှာ အန္ဓပုထုဇန်အဖြစ်မှ လွတ်၍ ကလျာဏပုထုဇန်အဖြစ်သို့ရောက်ရန် စတုတ္ထလျှောက်ချက်မှာ ပြဆိုခဲ့ပြီးသော ခန္ဓာ အာယတန ဓာတ် ပဋိစ္စသမုပ္ပါဒ် သတိပဋ္ဌာန် စသောတရားစုသည် ဗုဒ္ဓဘာသာမှာမှရှိသော တရားစုဖြစ်၍ ဗုဒ္ဓဘာသာဝင်ဆိုလျှင် ထိုတရားတို့ကို သိကျွမ်းလိမ္မာမှ ဗုဒ္ဓဘာသာဝင် ဆိုစလောက်သည်၊ ဒါနမှုမျိုး ငါးပါးသီလ ရှစ်ပါးသီလ ဆယ်ပါးသီလဟူသော သီလအမှုမျိုး ကသိုဏ်းဘာဝနာ, ဗြဟ္မဝိဟာရ ဘာဝနာကသိုဏ်းစျာန် ဗြဟ္မဝိဟာရ စျာန်ဟူသော ဘာဝနာမှုမျိုး ဤဒါန သီလ ဘာဝနာမျိုးစုကား ကမ္ဘာစဉ်ဆက်လာခဲ့သော ကမ္ဘာ့တန်ဆာ တရားစုဖြစ်သည်၊ ကမ္ဘာအနန္တမှာ ထာဝရရှိမြဲ ဘုရားမပွင့်ရာ စကြဝဠာအနန္တမှာပင် အစဉ်ထာဝရ ရှိနေကြသော

www.dhammaransi.com



ကမ္မာ့တန်ဆာ တရားမျိုးဖြစ်ချေသည်၊ ကမ္မာတိုင်းကမ္မာတိုင်းမှာပင် လူရှိ၏၊ နတ်ရှိ၏၊ ပြဟ္မာရှိ၏၊ ရသေ့ ရဟန်း ရှိ၏၊ အနန္တစကြဝဠာမှာပင် လူရှိ၏၊ နတ်ရှိ၏၊ ပြဟ္မာ ရှိ၏၊ ရသေ့ ရဟန်း ရှိ၏၊ ငါတို့ဘုရား ပွင့်ရာကာလသည် အလွန်သောင်းကျန်းသော တစ်ရာတမ်းမှာပွင့်သည်နှင့် ထိုကမ္မာ့တန်ဆာ တရားစုသည်ပင် တိမ်မြုပ်သောအခါ ဖြစ်ချေ၍ ကမ္မာ့တန်ဆာတရားတို့ကိုပင် များစွာထုတ်ဖော်၍ ဟောတော်မူရလေသည်။

သာသနာ့တွင်း၌ကား မြတ်သောအလျှုခံ ပုဂ္ဂိုလ်အတွက် သရဏဂုံ သုံးပါးအတွက် သာ၏၊ မြတ်စွာဘုရားပွင့်မှ ရှိသောတရားကား ခန္ဓာ အာယတန ဓာတ် ပဋိစ္စသမုပ္ပါဒ်တရားစုပေတည်း၊ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်ဆိုလျှင် မြတ်စွာဘုရားပွင့်မှ ရှိသောတရားစုကို အထူးသိကျွမ်းလိမ္မာအောင် အားထုတ်ရာသတည်း။

**(ထုတ်ပြခဲ့ပြီးသော သတ္တကောသလ္လဋ္ဌာနသည် ဗုဒ္ဓဘာသာ အစစ်ပင်တည်း)**

- ယခုဘဝ၌ ဘာသာတစ်ပါးတို့ မလှုပ် ချောက်ချား နိုင်စေခြင်းငှါ သိအပ်နှလုံးသွင်းအပ်သော တရားကား ပဋိစ္စသမုပ္ပါဒ်တရားပေတည်း။
- နိဗ္ဗာန်ရသည့်တိုင်အောင် ဖြစ်လေရာဘဝ အဆက်ဆက်တို့၌ ဘာသာတစ်ပါးတို့ မလှုပ်ချောက်ချားနိုင်စေခြင်းငှာ ထိုးထွင်း၍သိအပ်သော တရားကား သစ္စာလေးပါးတရားပေတည်း။

## ဘာသာတစ်ပါး မလှုပ်ချောက်ခြားနိုင်အောင် သိအပ်သော ပဋိစ္စသမုပ္ပါဒ်တရား

ပဋိစ္စသမုပ္ပါဒ်တရားကို အတန်ငယ်ပြဆိုဦးအံ့။

| | | |
|---|---|---|
| ၁။ အဝိဇ္ဇာ၊ | ၅။ သဠာယတန၊ | ၉။ ဥပါဒါန်၊ |
| ၂။ သင်္ခါရ၊ | ၆။ ဖဿ၊ | ၁၀။ ဘဝ၊ |
| ၃။ ဝိညာဏ်၊ | ၇။ ဝေဒနာ၊ | ၁၁။ ဇာတိ၊ |
| ၄။ နာမ်ရုပ်၊ | ၈။ တဏှာ၊ | ၁၂။ ဇရာမရဏ။ |

**ပဋိစ္စသမုပ္ပါဒ် အင်္ဂါ တစ်ဆယ့်နှစ်ပါး နှုတ်တက်ရစေ။**

### ၁-အဝိဇ္ဇာ

**အဝိဇ္ဇာဆိုသည်ကား-** ဝိဇ္ဇာ၏ဆန့်ကျင်ဖက်ဖြစ်သော မောဟတည်း၊

www.dhammaransi.com



သတ္တဝါတို့၏စိတ်သည် လဝန်းနေဝန်းနှင့်တူ၏၊ ဉာဏ်ခေါ်သော ဝိဇ္ဇာသည် လဝန်းနေဝန်းမှထွက်သော အရောင်နှင့်တူ၏၊ အဝိဇ္ဇာမောဟသည် ရာဟုအသူရိန်နှင့်တူ၏၊ ရာဟုဖမ်း၍နေသောအခါ လရောင် နေရောင်ပျောက်ကွယ်၍ နေသကဲ့သို့ စိတ်ကို အဝိဇ္ဇာလွှမ်းမိုး အုပ်ဖုံး မြေးယှက်လုံးထွေး ၍ နေသောအခါ ဝိဇ္ဇာဉာဏ်ရောင်ပေါ်ခွင့် မရပြီ၊ ပကတိမျက်စိအကြည်ကို လွှမ်းမိုးအုပ်ဖုံး၍ နေသော တိမ်သလာကြီးနှင့်တူ၏၊ ကာမဂုဏ်မှုတို့သည် ထိုတိမ်သလာကြီးကို ထူသည်ထက်ထူအောင် တိုးပွားစေသော အစာအာဟာရ ဩသင်းစုနှင့် တူ၏၊ ပြဆိုခဲ့ပြီးသော ကောသလ္လဌာနတို့၌ အားထုတ်သောအမှုသည် ထိုတိမ်သလာကို ကွာ၍ကျစေနိုင်သော ဝိဇ္ဇာမယနတ်ဆေးနှင့်တူ၏။

## အဝိဇ္ဇာ လေးမျိုး

၁။ ဒုက္ခသစ္စာ၌ ဖုံးလွှမ်းသော အဝိဇ္ဇာ၊
၂။ သမုဒယသစ္စာ၌ ဖုံးလွှမ်းသောအဝိဇ္ဇာ၊
၃။ နိရောဓသစ္စာ၌ ဖုံးလွှမ်းသော အဝိဇ္ဇာ၊
၄။ မဂ္ဂ သစ္စာ၌ဖုံးလွှမ်းသောအဝိဇ္ဇာ၊

ဟူ၍ လေးပါးရှိ၏။

## တစ်နည်း အဝိဇ္ဇာ ၇-မျိုး

ပြဆိုခဲ့ပြီးသော ကောသလ္လဌာန ခုနစ်ပါးတို့တွင် ပဌမကောသလ္လ ဌာန၌ ဖုံးလွှမ်းသော အဝိဇ္ဇာ၊ ဒုတိယ ကောသလ္လဌာန၌ ဖုံးလွှမ်းသော အဝိဇ္ဇာ၊ တတိယ ကောသလ္လဌာန၌ ဖုံးလွှမ်းသော အဝိဇ္ဇာ၊ စတုတ္ထကောသလ္လဌာန၌ ဖုံးလွှမ်းသော အဝိဇ္ဇာ၊ ပဥ္စမကောသလ္လဌာန၌ ဖုံးလွှမ်းသော အဝိဇ္ဇာ၊ ဆဋ္ဌကောသလ္လဌာန၌ ဖုံးလွှမ်းသော အဝိဇ္ဇာ၊ သတ္တမကောသလ္လဌာန၌ ဖုံးလွှမ်းသော အဝိဇ္ဇာ ဟူ၍ ခုနစ်ပါးရှိ၏။

မိမိကိုယ်ဖြစ်၍နေသော ခန္ဓာငါးပါးတွင် ရူပက္ခန္ဓာသည် အကြမ်းဆုံး တည်း၊ ရူပက္ခန္ဓာတွင်လည်း မြေဓာတ်သည်၊ အကြမ်းဆုံးတည်း၊ ထိုမြေဓာတ်ကို ကြည့်၍ စမ်း၊ တိမ်သလာထူထပ်စွာ ဖုံးလွှမ်းသော သူသည် မွန်းတည့်၍နေသော နေဝန်း ကြ၀န်းကိုကြည့်သောအခါ မှောင်ကျ၍သာ နေလတ္တံ့၊ နေဝန်း လဝန်း အရိပ်မျှ

www.dhammaransi.com



မထင်လတ္တံ့၊ ဤအတူ စိတ်ထဲမှာ မှောင်ကျ၍နေသည်ကား အဝိဇ္ဇာတည်း၊ ကြည့်ဘန်များလျှင် စိတ်မှောင် တစ်စတစ်စပါး၍ သွား၏၊ စိတ်ရောင် တစ်စတစ်စ ပေါ်၍လာ၏၊ စိတ်မှောင်ကား အဝိဇ္ဇာတည်း၊ စိတ်ရောင်ကား ဝိဇ္ဇာတည်း၊ မှောင်ကုန်သောအခါ မျက်စိကောင်းသောသူ နေဝန်း လဝန်းကို ကြည့်၍ ထင်ရ မြင်ရသကဲ့သို့ မိမိကိုယ်ရှိ ပရမတ်မြေဓာတ်ကို ထင်ရမြင်ရ၏။

ကြွင်းသောရုပ်စု ကြွင်းသောခန္ဓာစု၌လည်း ဤနည်းအတိုင်း မြင်လေ၊ ခန္ဓာငါးပါးကို ပရမတ် ဓာတ်စစ်ပေါ်အောင် မြင်နိုင်သောအခါ ပထမ ကောသလ္လ ဝိဇ္ဇာကိုရ၏၊ ပထမကောသလ္လဌာန၌ ဖုံးလွှမ်းသော အဝိဇ္ဇာ ခွါရှဲ၏၊ ကြွင်းသော ကောသလ္လခြောက်ဌာနတို့၌လည်း ဝိဇ္ဇာပေါ်မှ အဝိဇ္ဇာ ခွါရှဲမှုကို မြင်လေ။

ဝိဇ္ဇာခုနစ်ပါးပေါ်၍ အဝိဇ္ဇာခုနစ်ပါးခွါရှဲပြီးနောက်၌ ပေါ်ပြီးသော ဝိဇ္ဇာ သမ္မာဒိဋ္ဌိမဂ်ဉာဏ်ကို အရောင်ရွှန်းရွှန်း တောက်ထွန်း၍ သွားစေခြင်းငှါ အဖန်ဖန် ပွါးများသည်ရှိသော် အဝိဇ္ဇာမှောင်ဓာတ်သည် အကြွင်းမဲ့ ကုန်ဆုံးလေ၏၊အဝိဇ္ဇာ မှောင်ဓာတ်ကုန်ဆုံးသည်နှင့်တစ်ပြိုင်နက် သင်္ခါရ ဝိညာဏ်စသော နောက်နောက် သော ပဋိစ္စသမုပ္ပါဒ်အင်္ဂါ တစ်ဆယ့်တစ်ပါးတို့လည်း အကြွင်းမဲ့ ကုန်ဆုံးကြကုန်၏၊ သစ္စာလေးချက် တစ်ပြိုင်နက် အလင်းပေါက်၏။

## သစ္စာ လေးပါး အလင်းပေါက်ပုံ

ခန္ဓာငါးပါးဟူသော ဒုက္ခသစ္စာကို ပိုင်းခြား၍သိမှု၊ အဝိဇ္ဇာဟူသော သမုဒယ သစ္စာကို ပယ်မှု၊ ပဋိစ္စသမုပ္ပါဒ် အင်္ဂါတို့၏ အဝိဇ္ဇာနှင့်တကွ ချုပ်ငြိမ်းကြခြင်း တည်းဟူသော နိရောဓသစ္စာကို မျက်မှောက်ထင်ထင် ကိုယ်တွေ့ဒိဋ္ဌမြင်ရမှု၊ ဝိဇ္ဇာဉာဏ်နှင့်တကွ မဂ္ဂင်ရှစ်ပါး ထင်ရှားပေါ်မှု ဤလေးချက် တစ်ပြိုင်နက် ပေါက်၏၊ သိက္ခာသုံးပါး ပေါက်၏၊ ဗောဓိပက္ခိယ တရားသုံးဆယ့်ခုနစ်ပါး ပြည့်စုံ၏၊ နိယတသရဏဂုံတည်၏၊ မာရ်ငါးပါးကိုအောင်မြင်၏၊ ဒေဝပုတ္တမာရ်နတ်သား ပေါင်း တစ်သောင်း တစ်သိန်းပင်လာ၍ ဖျက်ဆီးသော်လည်း သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို ပျက်စီးအောင် မတတ်နိုင်ပြီ၊ ဒေဝပုတ္တမာရ်ကိုလည်း အောင်ပြီ၊ မိစ္ဆာဒိဋ္ဌိ ဆရာပေါင်း တစ်သောင်း တစ်သိန်းပင်လာ၍ လှုပ်ချောက်ချား သော်လည်း မတတ်နိုင်ပြီ။ ။ဤကား ပဋိစ္စသမုပ္ပါဒ် အင်္ဂါတစ်ဆဲ့နှစ်ပါးတွင်

www.dhammaransi.com



အဝိဇ္ဇာကို မြင်သာအောင် ပြချက်တည်း၊ ဤအဝိဇ္ဇာချုပ်လျှင်ပင် အလုံးစုံသောကိစ္စ ပြီးစီးငြားသော်လည်း အထက်အင်္ဂါတို့ကိုလည်း သိသာရုံပြဆိုဦးအံ့။

**အဝိဇ္ဇာ ပြီး၏။**

## ၂--သင်္ခါရ

**သင်္ခါရ ဆိုသည်ကား**--ပစ္စုပ္ပန်ဘဝကို သာယာမှု အနာဂတ်ဘဝကို သာယာမှုတို့နှင့် နေ့နေ့ညည ပုပုရွရွ ပြုကြသမျှသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကို သင်္ခါရဆိုသည်။

**သုစရိုက်ဆယ်ပါး ဒုစ္စရိုက်ဆယ်ပါး အဝင်အပါ ဟူသမျှသည် သင်္ခါရချည်းတည်း။**

ပစ္စုပ္ပန်ခန္ဓာ၌ ဖုံးလွှမ်းသော အဝိဇ္ဇာကြောင့် ပစ္စုပ္ပန်ခန္ဓာကို သာယာခြင်းလျှင် အရင်းရှိသော ဒုစ္စရိုက်သင်္ခါရ ခန္ဓာစုဖြစ်ပွားသည်၊ အနာဂတ်ခန္ဓာ၌ ဖုံးလွှမ်းသော အဝိဇ္ဇာကြောင့် အနာဂတ်ဘဝကို သာယာခြင်းလျှင် အရင်တရားရှိသော ဒါန သီလ အစရှိသော သုစရိုက် သင်္ခါရတရားစုဖြစ်ပွားသည်။

အဝိဇ္ဇာ ကင်းပျောက် ဝိဇ္ဇာဉာဏ်ပေါက်ပြီးသော ဘုရားရဟန္တာတို့အား ပကတိ လူတို့ထက်ပင် ထက်သန်သော လုံ့လမှု ဉဿာဟမှု ရှိကြကုန်ငြားသော်လည်း တစ်စုံတစ်ခုသော ခန္ဓာကိုသာယာမှုနှင့် ပြုကြသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု မရှိပြီဖြစ်၍ ကုသိုလ်လည်း မဆိုရပြီ၊ သင်္ခါရလည်း မဆိုရပြီ။ ။ ဤအဝိဇ္ဇာမှ သင်္ခါရပေါက်ဖွားမှုကို ပြောဆိုသည်ရှိသော် မိစ္ဆာဒိဋ္ဌိအယူရှိသော သူတို့သည်လည်း သဘောကျနိုင်ကုန်လတ္တံ့။

**သင်္ခါရပြီး၏။**

## ၃-ဝိညာဏ်

**ဝိညာဏ်ဆိုသည်ကား** -- ရှေးရှေးဘဝတို့၌ ပြုခဲ့သော သင်္ခါရမှုတို့တွင် ကမ္မပထမြောက်သည်ဟုဆိုအပ်သော အဆံအောင်မြင်သော မျိုးစေ့ကဲ့သို့ ပဋိသန္ဓေဝိညာဏ်ကို ပေါက်ဖွားစေနိုင်လောက်သော သန်မာသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကြောင့် ယခုဘဝတွင် အစစွာဖြစ်ပေါ်သော ပဋိသန္ဓေ ဝိညာဏ် ပဝတ္တိဝိညာဏ်ကို ဝိညာဏ်ဆိုသတည်း။ ဤရှေးကံကြောင့် နောက်ဘဝ ပဋိသန္ဓေ ဝိညာဏ်ပေါ်မှုသည်ကား အဘိညာဉ်ကိုရသော ရသေ့ ရဟန်း၊ တန်ခိုး ပညာ ကြီးလှစွာသော နတ်သိကြားတို့သည်သာ သိမြင်နိုင်သောအရာ ဖြစ်ချေ

www.dhammaransi.com



သည်၊ ပကတိသော လောကီလူများ ဉာဏ်သမားတို့၏ အရာမဟုတ်ပြီ၊ ထိုကဲ့သို့သော ရသေ့ ရဟန်း နတ်သိကြားတို့သည်လည်း ဓာတ်ခွဲ၍ မသိနိုင်ကြကုန်၊ ဘယ်ဘဝမှ ပြောင်း၍လာခဲ့သော အတ္တဖြစ်သည်ဟူ၍လည်းကောင်း၊ သေ၍သွားသောသူကို ဤသူ၏ အတ္တသည် ဘယ်ကံကြောင့် ဘယ်ငရဲသို့ ရောက်လေ၏၊ ဘယ်နတ်ပြည်သို့ ရောက်လေ၏ ဟူ၍လည်းကောင်း ဤသို့သာ သိနိုင်ကြကုန်သည်၊ ပြခဲ့ပြီးသော ဒိဋ္ဌိဇုကမ္မသမ္မာဒိဋ္ဌိ ဆယ်ပါးတွင်--

> အတ္ထိ လောကေ သမဏ ဗြာဟ္မဏာ သမ္မဂ္ဂတာ သမ္မာ ပဋိပန္နာ၊ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ -

ဟူသော နောက်ဆုံး သမ္မာဒိဋ္ဌိသည် ပါရှိ၏။

ဤသမ္မာဒိဋ္ဌိ မရှိကုန်သော လူမျိုးတို့အား ဤပဋိသန္ဓေအရာ၌ မိစ္ဆာဒိဋ္ဌိချည်းဖြစ်၍ နေကြကုန်၏၊ ယခုအခါ ဥရောပတိုက် အမေရိကတိုက်တို့မှာ ဤသမ္မာဒိဋ္ဌိ မရှိသည့်အတွက် မိစ္ဆာဒိဋ္ဌိ တိုက်တွေဖြစ်၍ နေကြကုန်ပြီ၊ ထိုမိစ္ဆာဒိဋ္ဌိစုသည်လည်း ယခုအခါမှ ဖြစ်ပေါ်လာသည် မဟုတ်၊ လောက၌ ဈာန်အဘိညာဉ်ကို ရကြသော ရသေ့ ရဟန်းအနွယ် ကွယ်ပသောအခါ ဩက္ကာကရာဇ်မင်းများ လက်ထက်ဆီကပင် ပေါ်လာသော မိစ္ဆာဒိဋ္ဌိစုပေတည်း။

> ဝဿသဟဿာယုကေသု ဘိက္ခဝေ မနုဿေသု မိစ္ဆဒိဋ္ဌိ ဝေပုလ္လံ အဂမာသိ--

ဟူ၍ စက္ကဝတ္တိသုတ်၌ ဟောတော်မူသောကြောင့် လူတို့အသက် တစ်ထောင်တမ်းဆီကပင် ဖြစ်ပွား၍လာခဲ့သော မိစ္ဆာဒိဋ္ဌိစုပေတည်း၊ ယခုအခါ ဥရောပတိုက်သား အမေရိကတိုက်သား ဆေးသမားဆရာ ပညာရှိတို့သည်လည်း ထိုသမ္မာဒိဋ္ဌိ မရှိရှာကြသည့်အတွက် လက်တွေ့မျက်မြင်နှင့် မှန်ဘီလူးကို ဆရာပြု၍ မိမိတို့၏ အရာမဟုတ်သော ပဋိသန္ဓေအချက်များကို ပညတ်တင်ထားကြကုန်၏၊ သမ္မာဒိဋ္ဌိ အယူရှိကြကုန်သော လူမျိုးတို့မှာမူကား မိမိတို့ ဉာဏ်ပညာ၏ အရာပင် မဟုတ်ကြသော်လည်း ဘုရားမပွင့်မီကပင် အစဉ်မပျက်လာခဲ့သော သမ္မာဒိဋ္ဌိ နည်းလမ်း ဘုရားပွင့်တော်မူသောအခါ ထပ်မံ၍ဟောတော်မူသော သမ္မာဒိဋ္ဌိ နည်းလမ်းတို့ကို လက်ဆုပ်လက်ကိုင်ပြု၍ ဖြောင့်မှန်စွာ ယူနိုင်ကြပေကုန်၏။

www.dhammaransi.com



ဤဒိဋ္ဌိဇုကမ္မ သမ္မာဒိဋ္ဌိဉာဏ်သည်ကား သက္ကာယဒိဋ္ဌိနှင့် ရှေ့သွား နောက်လိုက် တွဲဖက်တည်း၊ ဆိုခဲ့ပြီးသော ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်သည်သာ သက္ကာယဒိဋ္ဌိကို လွှန်နိုင်သည်။

**ဤကား- ပဋိသန္ဓေ အချက်၏ နက်နဲ ခက်ခဲမှုကို ပြဆိုလိုက်သော အခန်းတည်း။**

## ရုပ်, နာမ်ခန္ဓာ နှစ်ဖြာအလား

အနုမာနအားဖြင့် ဆ, ပုံကို ပြဆိုလိုက်ဦးအံ့၊ တစ်ယောက် တစ်ယောက်သော သတ္တဝါ၏ ခန္ဓာကိုယ်ကို ရုပ်ခန္ဓာ နာမ်ခန္ဓာ နှစ်လမ်း ခွဲ၍ထား၊ ရုပ်ခန္ဓာအစဉ်၏ ဖြစ်ပုံအလား တစ်မျိုး၊ နာမ်ခန္ဓာအစဉ်၏ ဖြစ်ပုံအလားလည်း တစ်မျိုး၊ အနမတဂ္ဂသံသရာမှာ ရုပ်ခန္ဓာအစဉ်ကား တစ်ဘဝလျှင်တစ်ခု အပိုင်းအပိုင်း ပြတ်၍လာ၏၊ နာမ်ခန္ဓာ အစဉ်ကား ပရိနိဗ္ဗာန် စုတိကျအောင် တစ်ခုတည်းသာတည်း၊ မြင်မှု, ကြားမှု, အာရုံကို ယူမှု, ကြံဖန်မှုစသော နာမ်ခန္ဓာ၏ ကိစ္စသည် ရုပ်ခန္ဓာမှာ မရှိ၊ ပရမာဏုမြူ အဏုမြူစသော သဏ္ဌာန်ကြီးငယ် အထည်ဒြပ်ဖြစ်မှုစသော ရုပ်ခန္ဓာ၏ ကိစ္စသည် နာမ်ခန္ဓာမှာ မရှိ။

## ရုပ်ခန္ဓာ၏ အလား

ရုပ်ခန္ဓာ၏ အလားကို ပြဆိုဦးအံ့၊ မြစ်ရေအယဉ် လေမုန်တိုင်း အယဉ်အညာမှ မဟာသမုဒ္ဒရာတိုင်အောင်လာခဲ့သော မြစ်ရေအယဉ်၌ ဓာတ်အစဉ်ဖြစ်ပွား၍ စီးသွားပုံကား--ရှေးရှေးဓာတ်ကလာပ်စုမှာ တေဇောခေါ်သော ဓာတ်မီးသည် ပါရှိ၏၊ ဝါယောခေါ်သော ဓာတ်လေသည် ပါရှိ၏၊ သီတဓာတ်မီးသည် သီတကလာပ်တို့ကို ပေါက်ဖွားစေ၏၊ ဥဏှဓာတ်မီးသည် ဥဏှကလာပ်တို့ကို ပေါက်ဖွားစေ၏၊ အာပေါသည်ကား လေးသောဓာတ်ဖြစ်၍ နိမ့်ရာသို့ ကျလျှောခြင်း အလေ့ရှိ၏၊ ရှေးရှေးကလာပ်မှာပါသော လေဓာတ်သည် မိမိနှင့် အတူဖြစ်သော ဓာတ်မီးမှ သားသမီးကလာပ်စု ပေါက်ဖွားသောအခါ တွန်းကန်၍ ပစ်သဖြင့် အမိဓာတ်မီးတည်ရာမှ ခွါ၍ခွါ၍ ပေါက်ဖွားကြရသည်၊ လေးလံလှသော အာပေါဖိစီးမှုကြောင့် နိမ့်ရာ၌ ကျရောက်ပေါက်ဖွားကြ၏။

(အညာမှ ရေစီး၍လာပုံ)။

လေမုန်တိုင်းမှာမူကား လွှမ်းမိုးသော အာပေါမရှိ လုံးစီးသော အာပေါမျှ

သာ ရှိသောကြောင့် နိမ့်ရာသို့ စီးမှုမရှိ ရေ၌လည်းကောင်း လေ၌လည်းကောင်း တစ်ဆက်တည်း နေကြရာ၌ ယူဇနာတစ်ရာ အစဉ်မှာ နောက်ဆုံးက ရေဟုန် လေဟုန်သည် အလယ်နေ အဆုံးနေ ရေလေများကို အားပေးနိုင်၏။

သားသမီးကလာပ်တို့ အရပ်တစ်ပါးခွါ၍ ပေါက်ဖွားကြသော်လည်း ရုပ်တရားဖြစ်ကြသည်နှင့် အစဉ်ကိုလွှတ်၍ ခွါနိုင်ကြသည်မဟုတ်၊ ရှေးကလာပ်၏ အဆုံးနှင့် နောက်ကလာပ်၏အစ ဆက်နွယ်၍သာ ခွါကြရကုန်၏၊ တိမ်တိုက်မှ ထွက်၍ မြေအပြင်ကျအောင် ခဏချင်းပြန့်ပွား၍လာခဲ့သော လျှပ်ရောင်မှာလည်း ဤနည်းတူ ဝါယောသန်လျှင်သန်သည့်အလျှောက် အခွါကလေး အခွါကြီး ရှိရာ၏။ ။

ဤကား ရုပ်ခန္ဓာ၏ အလားတည်း။

## နာမ်ခန္ဓာ၏ အလား

နာမ်ခန္ဓာ၏ အလားမှုကား--တစ်ခုသော ရုပ်ခန္ဓာမှာ မှီ၍ဖြစ်ခိုက် ထိုရုပ် ခန္ဓာမှခွါ၍ မဖြစ်၊ ရုပ်ခန္ဓာကား တစ်ဘဝမှာတစ်ခါ အစဉ်ပြတ်၏၊ နာမ်ခန္ဓာကား ပြတ်သည်မရှိ၊ မှီရာရုပ်ခန္ဓာတစ်ခု အပြတ်တွင် ခွါချက်ဆိုက်၏။

- နာမ်ခန္ဓာ အစဉ်ထဲတွင် စေတနာသည် ဓာတ်မီးနှင့် အလားတူ၏၊ ၂၄-ပစ္စည်းတွင် ကမ္မပစ္စည်းဆို၏။
- မိစ္ဆာဒိဋ္ဌိ သမ္မာဒိဋ္ဌိ အစရှိသော ဓာတ်ကြီးစုသည် ဝါယောနှင့် တူ၏၊၂၄-ပစ္စည်းတွင်မဂ္ဂပစ္စည်းဆို၏။

တစ်ခုတစ်ခုသောဘဝသည် တစ်ခုတစ်ခုသော စေတနာမှ ပေါက်ဖွား မှုတည်း၊ တေဇောမှာ ပထမကလာပ်၌ပါသော တေဇောသည် ဒုတိယကလာပ်ကို- ဒုတိယ၌ပါသော တေဇောသည်၊ တတိယကို-ဤသို့သာ ပေါက်ဖွားစေနိုင်သည်၊ မိမိရှိစဉ်အခါ၌သာ ပေါက်ဖွားစေနိုင်သည်၊ စေတနာမှုကား ပဋိသန္ဓေနာမ်ကလာပ် တစ်ချက်ပေါက်ဖွားလိုက်လျှင် အနှစ်တစ်သိန်း အနှစ်ကုဋေများစွာ မိမိ၏သားသမီး ကလာပ်ချည်း ဆက်လက်၍ သွားစေနိုင်သည်၊ မိမိချုပ်ပြီးသည်နောက် ကမ္ဘာ တစ်သိန်းတိုင်မှလည်း မိမိ၏သားသမီးဖြစ်သော ဝိပါက်နာမက္ခန္ဓာ ကဋတ္တာ ရုပ်များကို ပေါ်ရစ်စေနိုင်သည် ကမ္ဘာတစ်သိန်းဆိုသော်လည်း နာမ်အစဉ်မှာ

www.dhammaransi.com



သည်နာမ်ပင်။

ဤသို့လျှင်ရုပ်အစဉ်၏အလားနှင့် နာမ်အစဉ်၏အလာသည် အနန္တကွာလှမ်းကြ၏၊ နာမ်အစဉ်၏အလားကို ရုပ်ထဲမှာ ဥပမာရှာ၍မရ အတန်အရာတူရာကို ဆွဲ၍ပြကြရသည် ယခုဘဝ၌လည်း နာမ်အမှုနှင့် ရုပ်အမှုသည် အနန္တကွာလှမ်းကြမှု ထင်ရှားပါ၏၊ မြင်အောင်ကြည့်လေ။

မီးရာ ရုပ်ခန္ဓာတစ်ခု ပျက်ဆုံးရာတွင် ခွါချက်စခန်းဆိုက်၏ ဟူရာ၌ ထိုပျက်ဆုံးသော မီးရာရုပ်ခန္ဓာမှ အဘယ်မျှ ဝေးကွာအောင်ခွါ၍ ပေါက်ဖွားနိုင်သနည်းဟူမူ-

- ဓာတ်မီးနှင့်တူသော ပေါက်ဖွားစေတတ်သော စေတနာမှု
- ဝါယောနှင့်တူသော မှုတ်လွှင့်တွန်းကန်တတ်သော သမ္မာဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိ သမ္မာသင်္ကပ္ပ မိစ္ဆာသင်္ကပ္ပစသော မဂ္ဂပစ္စည်းတရားပေါင်း

ဤနှစ်ပါးတို့ အားရှိအားမဲ့သို့လိုက်၍ အဝေးအနီးခွါ၍ ဆက်လက်ပေါက်ဖွားမှုကိုသိရာ၏၊ ကျမ်းဂန်တို့မှာ-**ခိပနက သင်္ခါရာ**၊ ပစ်လွှင့်တတ်သော သင်္ခါရဓမ္မတို့သည်- ဟုဆိုသည်ကား ဤမဂ္ဂပစ္စည်းတရားတို့ကို ပဓာနပြု၍ ဆိုပေသည်၊ မဂ္ဂပစ္စည်းတရားတို့ အားကောင်းပေလျှင် လူ့ဘုံမှစုတေ၍ နေဝသညာနာသညာခေါ်သော ဘဝဂ်ဘုံမှာ ပဋိသန္ဓေ ဝိညာဏ်ကို ပေါက်ဖွားစေနိုင်၏၊ အဝီစိငရဲမှာ ပေါက်ဖွားစေနိုင်၏။

မနောဒွါရစိတ်ဖြင့် အာရုံပြုမှုမည်သည် မြင့်မိုရ်တောင်၏ ထိပ်မှာဖက်သို့ချက်ချင်းရောက်နိုင်၏၊ မြင့်မိုရ်တောင်ခြားမှု မရှိ၊ ရုပ်ချင်းချင်းကိုသာ ခြားဆီးနိုင်သည်၊ ဤအတူ တစ်ခုသောဘဝမှ ချုပ်၍ တစ်ခုသောဘဝ၌ ဆက်လက်သောနာမ်အဉ်ကို မြင့်မိုရ် မဟာပထဝီခြားဆီးမှု မရှိ၊ ဤသို့ ရုပ်ခန္ဓာ၏ အစွမ်းအလားတစ်ခြား၊ နာမ်ခန္ဓာ၏ အစွမ်းအလား တစ်ခြား၊ အလွန် ကွာလှမ်းကြ၏။

ဤသို့ ရုပ်ခန္ဓာ နာမ်ခန္ဓာတို့၏ ကွာလှမ်းချက်ကို မမြင်နိုင်ကုန်သောအကြံသမားတို့သည် လက်တွေ့ကိုယ်တွေ့ မျက်မြင် ဒိဋ္ဌဖြစ်သော ရုပ်ခန္ဓာတို့၏အလားနှင့် နိုင်းယှဉ်တိုင်းထွာ၍ သတ္တဝါသလောက အဖြစ်ကို ကြံကြကုန်သည့်အတွက် မိစ္ဆာဒိဋ္ဌိ အမျိုးမျိုးတို့ ဖြစ်ပွားကုန်သည်။

www.dhammaransi.com



ဤကား ဘာသာတစ်ပါးတို့ လှုပ်ချောက်ချားရန် အချက်ကြီး ဌာနကြီးဖြစ်၍ မလှုပ်ချောက်ချားနိုင်စေရန် အတန်ငယ် ပြဆိုလိုက်သော အခန်းတည်း။

ဗုဒ္ဓဘာသာဝင် ဖြစ်သောသူသည် ဘာသာတစ်ပါးနှင့် စကားပြော ဆိုခဲ့လျှင် မိမိဘာသာ၌ အချက်ကျကျ ဒိဋ္ဌကိုယ်တွေ့အစေ့အစပ် သိကျွမ်းလိမ္မာ များလှသူမှသာ ပြောဆိုထိုက်သည်၊ သို့မဟုတ် ကျမ်းဂန်တွေ့ ကြားဘူးနားဝ ဗဟုသုတမျှနှင့် ပြောဆိုခဲ့လျှင် ထိုသူ့အတွက် ဗုဒ္ဓဘာသာကို သူတစ်ပါးတို့ မထေမဲ့မြင် မှတ်ထင် မှောက်မှားဖို့ ဖြစ်လေရာသည်။

**သင်္ခါရမှ ပဋိသန္ဓေဝိညာဏ် ပေါက်ဖွားပုံပြီး၏။**

## ၄။ နာမ်ရုပ်

**နာမ်ဆိုသည်ကား**--ဝေဒနာ သညာ သင်္ခါရ ဟုဆိုအပ်သော စေတသိက်ခန္ဓာ သုံးပါးတည်း၊ ရုပ်ဆိုသည်ကား--မြေ ရေ လေ မီး စသောရုပ်ခန္ဓာတည်း၊ ဝိညာဏ်ဆိုသောတရားသည် ပရမတ္ထဓမ္မစုတွင် ဇေဋ္ဌ သေဋ္ဌ ပဓာန ပမုခ အစိုးရ အချုပ်အခြာ ရာဇာခေါ်ရသော ဓာတ်ကြီးပေတည်း။ ။ **ဆဠ္ဌါရာဓိပတိရာဇာ** ဟူ၍ ဟောတော်မူပေသည်၊ ဇေဋ္ဌ သေဋ္ဌ ပဓာန ဖြစ်ပုံကို ရှေး၌ ပြဆိုခဲ့ပြီ။

## ရုပ် နာမ် ခန္ဓာ ဖြစ်ပွားပုံ

ဤလူ့ပြည်မှ ကုသိုလ်ပုည အားကြီးသောသူသေ၍ တာဝတိံသာနတ်ပြည်မှာ ဖြစ်သောအခါ ဖြစ်သည်နှင့်တစ်ပြိုင်နက် ကိုယ်ရောင်ကိုယ်ဝါလည်း အပြီးပါ၏၊ ဘုံဗိမာန်လည်း အပြီးပေါက်၏၊ ဤဥပမာအတိုင်း ဝိညာဏ် ဖြစ်ပေါ်လျှင် ဝေဒနာလည်း ဖြစ်ပေါ်တော့သည်၊ သညာလည်းဖြစ်ပေါ်တော့သည်၊ ဖဿ စေတနာ အစရှိသော သင်္ခါရစုလည်း ဖြစ်ပေါ်တော့သည်၊ ဝိညာဏ်၏မှီရာ ဝတ္ထုရုပ်နှင့်တကွ မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ် အစရှိသော ရုပ်ခန္ဓာလည်း ဖြစ်ပေါ်လေတော့သည်၊ ထိုသို့ အတူတကွပင် ဖြစ်ပေါ်ကြသော်လည်း ဝိညာဏ်ဓာတ်က အကြီးအကဲ ဖြစ်သည်နှင့် ဝိညာဏ်ကြောင့်နာမ်ရုပ် ဖြစ်ပေါ်သည်၊ ဝိညာဏ်မှ နာမ်ရုပ် ပေါက်ဖွားသည်ဟု ဆိုရသည်၊ ရုပ်ဖြစ်ပေါ်သည် ဆိုငြားသော်လည်း ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့မှာ ပဋိသန္ဓေ ဥပါဒ်ဆဲအခါ၌ မျက်စိနှင့်ပင် မြင်ကောင်းလောက်အောင် ကြီးသည် မဟုတ်သေး၊ သေးငယ်လှ စွာသော ညောင်

www.dhammaransi.com



စေ့မှ ရှေးဦးစွာ သေးငယ်လှစွာသော အညှောက်ပေါ် ပေါက်ပြီးလျှင် အစဉ်အတိုင်း ညောင်ပင်ကြီး ဖြစ်လေသကဲ့သို့ ထို့အတူ ကလလရေကြည် တည်ပြီးသည်မှ တစ်နေ့တစ်ခြား ကြီးပွား၍ အမျိုးမျိုးသော သတ္တဝါသဏ္ဍာန် ဖြစ်ရသည်

- ကလလရေကြည် ခုနစ်ရက်၊
- အမြှုပ် ခုနစ်ရက်၊
- သွေးခဲ ခုနစ်ရက်၊
- အသားခဲ ခုနစ်ရက်၊

ဦးခေါင်း ခြေလက် ခက်မငါးဖြာ သတ္တဟပေါင်း ခုနစ်၊ ၁၁-သတ္တာဟ ရှိပြီ၊ ရက်ပေါင်း--၇၇၊ ထိုအခါမှ စက္ခုအကြည် သောတအကြည် ဃာနအကြည် ဇိဝှါအကြည် ဤအကြည်ကြီးလေးပါးတို့သည် ဖြစ်ပေါ်ကုန်၏၊ ကာယအကြည် မနောအကြည်တို့သည်ကား ပဋိသန္ဓေအခါကပင်ပါခဲ့ပြီ။

ဤကားရုပ်ခန္ဓာ ဖြစ်ပွားပုံတည်း။

ဥရောပတိုက်သား ဆေးဆရာတို့ကား မှန်ဘီလူးကို ဆရာလုပ်ရသည် ဖြစ်၍သိမ်မွေ့လှစွာသော ဓာတ်နုတို့ကို မသိရှာကြကုန်ပြီ၊ သွေးအထုးအထွေ၊ သွေးကြော လေကြော အထူးအထွေကို အစွဲပြု၍ သိမှု မြင်မှု မိုက်မှု လိမ်မာမှု အလုံးစုံကို ပညတ်ကြကုန်၏။

နာမ်ရုပ်ပြီး၏။

## ၅-သဠာယတန

စက္ခုအကြည် သောတအကြည် ဃာနအကြည် ဇိဝှာအကြည် ကာယ အကြည် မနောအကြည် ဤအကြည်ဓာတ် ခြောက်ပါးကို သဠာယတန ဆိုသည် ဤခြောက်ပါးတွင် ရှေ့အကြည်ငါးပါးသည် ပြဆိုခဲ့ပြီးသော ရုပ်တွင်ပါဝင်၏၊ မနောအကြည်သည်ပဝတ္တိ ဝိညာဏ်ပင်တည်း၊ ထို့ကြောင့် ဝိညာဏ်အင်္ဂါ နာမ်ရုပ် အင်္ဂါတွင် သဠာယတနသည် ပါဝင်ပြီးဖြစ်၏၊ ထိုသို့ဖြစ်ပါလျက် အသီးအခြား ပဉ္စမအင်္ဂါပြုလုပ်၍ ထုတ်ပြန်ရသည်မှာမူကား သတ္တဝါ၏ ခန္ဓာကိုယ်တွင် ထို အကြည်ဒွါရ ခြောက်ဌာနတို့သည် မြို့တံခါးကြီးခြောက်ပေါက်နှင့် တူကုန်၏၊ အစိုးရရုံးတော်ကြီး ခြောက်ခုနှင့်တူကုန်၏၊ ဈေးရုံကြီး ခြောက်ခုနှင့် တူကုန်၏၊ သင်္ဘောဆိပ်ကြီး ခြောက်ခုနှင့် တူကုန်၏၊ မီးရထားရုံကြီး ခြောက်ခုနှင့် တူကုန်၏၊

www.dhammaransi.com



သုဂတိ ဒုဂ္ဂတိ အရပ်ဆယ်မျက်နှာသို့ ထွက်ရာထွက်ကြောင်း သွားရာ သွားကြောင်း ဖြစ်ကုန်သော သံသာရပဝတ္တမဗ္ဗဟု ဆိုအပ်သော စက်သဘော်ခြောက်မျိုး၊ ဓာတ်ရထား ခြောက်မျိုးတို့သည် ထိုအကြည်ဒွါရ ခြောက်ဌာနတို့မှ အသီးအသီး ထွက်ကြ လွင့်ကြ ခုတ်ကြရကုန်၏။

ထို့ကြောင့် သဠာယတနသံယုတ်ပါဠိတော်၌--

ကတမော စ ဘိက္ခဝေ လောကသမုဒယော။

၁။ စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

၂။ သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ (လ) သမုဒယော ဟောတိ။

၃။ ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿပစ္စယာ ဝေဒနာ (လ) သမုဒယော ဟောတိ။

၄။ ဇိဝှဉ္စ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ (လ)သမုဒယော ဟောတိ။

၅။ ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ (လ) သမုဒယော ဟောတိ။

၆။ မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ (လ) သမုဒယော ဟောတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ လောကသမုဒယော။

ဘိက္ခဝေ=ရဟန်းတို့၊ လောကသမုဒယော=လူသတ္တဝါ ခန္ဓာငါးပါး တဖွားဖွား ဖြစ်ပေါ်ပုံဟူသည်၊ ကတမောစ=အဘယ်နည်းဟူမူကား၊ စက္ခုဉ္စ=မျက်စိကိုလည်း ကောင်း၊ ရူပေစ=ရူပါရုံတို့ကိုလည်းကောင်း၊ ပဋိစ္စ=စွဲ၍၊ စက္ခုဝိညာဏံ=မြင်သိ စိတ်သည်၊ ဥပ္ပဇ္ဇတိ=ဖြစ်၏၊ တိဏ္ဏံ=စက္ခုဝတ္ထု ရူပါရုံ စက္ခုဝိညာဏ်ဟူသော ဓာတ်သုံးပါးတို့၏၊ သင်္ဂတိ=ပေါင်းဆုံစည်းဝေး လုံးထွေး ထိခိုက်မှုသည်၊ ဖဿော=

www.dhammaransi.com



ဖဿဓာတ်ဖြစ်၏၊ ဖဿပစ္စယာ=ဖဿဓာတ်ပေါ်ခြင်းကြောင့်၊ ဝေဒနာ=ဝေဒနာဓာတ်သည်၊ သမ္ဘဝတိ=ဖြစ်ပေါ်၏၊ ဝေဒနာပစ္စယာ= ဝေဒနာဓာတ်ပေါ်ခြင်းကြောင့်၊ တဏှာ=တဏှာဓာတ်သည်၊ သမ္ဘဝတိ=ဖြစ်ပေါ်၏။ ။ ဆိုရိုးပေးရိုးအတိုင်း ပေးလေ။

ဤဝေဒနာဖြင့် သတ္တဝါတစ်ယောက်၏ ခြောက်ဒွါရမှ ပဋိစ္စသမုပ္ပါဒ် ခြောက်သွယ် ထွက်သည်ကို ပြတော်မူသည်၊ ယခုဧရဲဘုံ၌ရှိသော သတ္တဝါတို့ကို ခြောက်ပုံစု -

၁။ တစ်စုကား စက္ခုပေါက်မှထွက်သော ပဋိစ္စသမုပ္ပါဒ်ဓာတ်ရထားနှင့် ကျလေ ရောက်လေသောအစုတည်း။
၂။ တစ်စုကား သောတပေါက်မှထွက်သော (လ) အစုတည်း။
၃။ တစ်စုကား ဃာနပေါက်မှထွက်သော။ (လ)အစုတည်း။
၄။ တစ်စုကား ဇိဝှါပေါက်မှထွက်သော (လ)အစုတည်း။
၅။ တစ်စုကား ကာယပေါက်မှထွက်သော (လ) အစုတည်း။
၆။ တစ်စုကား မနောပေါက်မှထွက်သော ပဋိစ္စသမုပ္ပါဒ် ဓာတ်ရထားနှင့် ကျလေ ရောက်လေသော အစုတည်း။

စက္ခု ရထားရုံမှ ထွက်သော ဓာတ်ရထား၊ သောတ ရထားရုံမှ ထွက်သော ဓာတ်ရထား ဟူ၍လည်းဆိုလေ၊ စက္ခုဆိပ်မှ ထွက်လေသော စက်သင်္ဘော၊ သောတဆိပ်မှ ထွက်လေသော စက်သင်္ဘောဟူ၍လည်း ဆိုလေ။

နာမ်ခန္ဓာတို့၏ သမုဒယမှုသည် တစ်ခြား၊ ရုပ်ခန္ဓာတို့၏ သမုဒယမှုသည် တစ်မှုခြား၊ ရုပ်ခန္ဓာ၌ ညောင်စေ့ငယ်တစ်ခုမှ ညောင်ပင်ကြီးတစ်ခုဖြစ်၏၊ ညောင်ပင်ကြီး အသီးအစေ့တို့မှ ထိုညောင်ပင်ကြီးရှိစဉ်ပင် ညောင်ပင်ပေါင်း တစ်သောင်းမက ပွားနိုင်၏၊ သတ္တဝါတို့ ကံတည်းဟူသော မျိုးစေ့မှာမူကား ဘဝတစ်ခုဆုံးမှ ဘဝတစ်ခုသာ ပေါက်ပွား၏၊ ထိုကြောင့် ဤသတ္တဝါတို့အား တစ်ခုသော ဣရိယာပုထ်အတွင်းမှာ ခြောက်ဒွါရမှ ကမ္ဘပထမြောက်သော ပဋိစ္စသမုပ္ပါဒ် ဓာတ်ရထားပေါင်း စက်ဆင်ပြီး မီးထိုးပြီး ခြောက်စုံအပြီး ဖြစ်နိုင် ငြားသော်လည်း ယခုခန္ဓာမဆုံးသေးက ထွက်နာရီမရ၊ ယခုခန္ဓာဆုံး၍ ထွက် နာရီဆိုက်သော်လည်း ရထားတစ်ခုသာ ထွက်ရသည်၊ ကြွင်းသောရထားကား အခွင့်ရသောအခါ ထွက်ရအောင်

www.dhammaransi.com



အပြီးအစီး ပြင်ဆင်၍ မီးထိုး၍ အသင့်နေ၏၊ ထွက်ခွင့် မရသေးလျှင် ကမ္ဘာအရာ ကမ္ဘာအထောင် မကပင် နေရ၏၊ အပါယ်သွား ရထားစုသည် သောတာပန် ဖြစ်သောအခါမှ အထွက်ငြိမ်း၏၊ အတွင်းသန္တာန် သောင်းကျန်းလှသော အန္ဓ ပုထုဇန်အား တစ်နေ့တစ်နေ့မှာပင် သိဋ္ဌိဝ်းငရဲသို့သွားရန် ရထားပေါင်းအများ၊ ကာလသုတ် ငရဲသို့သွားရန် ရထားပေါင်းအများ စသည်ဖြင့် ဓာတ်ရထားအများ ထူထောင်ပြီးစီး မီးထိုးပြီး ဖြစ်နိုင်၏။

ဖြစ်ပုံကား-- သာယာလောက်သော သူတစ်ပါးသိမ်းပိုက်သော အထည် ဒြပ်မျိုးကို မြင်လိုက်ရာအဇ္ဈတ္တစက္ခုနှင့် ဗဟိဒ္ဓရူပါရုံပေါင်းဆုံမိသည်နှင့် တစ်ပြိုင်နက် စက္ခုဝိညာဏဓာတ် ဖြစ်ပေါ်၏။ ။ **စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ-** ပါဠိတော်အရတည်း။

မီးခတ်နှင့်ကျောက် ထိခိုက်ရာ မီးပွင့်ဖြစ်ပေါ်သလိုမှတ်၊ ထိုဝိညာဏ် ဖြစ်ပေါ်သည်နှင့်တစ်ပြိုင်နက် စက္ခုအဆင်းသဏ္ဌာန် ဝိညာဏ် ၃-ပါး လုံးထွေးမိရန် ဖဿဓာတ်လည်းပေါ်၏၊ **တိဏ္ဏံ သင်္ဂတိ ဖဿော** အရတည်း။

ဝိညာဏ်သည် ဖဿတည်းဟူသောလက်ဖြင့် ထိုအဆင်းသဏ္ဌာန်ကို ပွေ့ဖက်သကဲ့သို့ ယူ၏၊ ဖဿလည်း ပွေ့ဖက်သော လက်နှင့်တူ၏၊ ဖဿပွေ့ဖက် သည်နှင့်တစ်ပြိုင်နက် ထိုအဆင်းသဏ္ဌာန်၏ရသကို ခံစားမှုဟူသောဝေဒနာသည် ဖြစ်ပေါ်၏၊ **ဖဿပစ္စယာ ဝေဒနာ** အရတည်း။

ညှိုး၍နေသောကြာပန်းကို အေးမြသောရေနှင့် သွန်းလောင်းရာ ကြာပန်း၏ ရွှင်လန်းမှုကဲ့သို့ စိတ်၏ ရွှင်လန်းမှုကို ဝေဒနာဆိုသည်၊ ဝေဒနာပေါ်၍ အရသာ ရှိမှန်း သိသည့်အခါ ထိုအာရုံ၌ တွယ်တာကပ်စေးသော စိတ်အစေးပေါ်၍လာ၏၊ မလွှတ်ချင်မှု မကွာချင်မှုတည်း၊ **ဝေဒနာပစ္စယာ တဏှာ** အရတည်း။

ဘုရားရဟန္တာတို့၏ စိတ်၌ကား ဤအစေးမရှိပြီ၊ ဝေဒနာပေါ်၍ အရသာ ရှိမှန်း သိသော်လည်း သာယာတွယ်တာ ကပ်စေးသော စိတ်အစေး မပေါက်မူ၍ အပြစ်ဒေါသ အာဒီနဝသညာသည်သာ ဖြစ်ပေါ်၏။

ဥပမာကား---- အဗ္ဗန္တရ သရက်သီးနှင့် အဆင်းအနံ့အရသာ တူသော

www.dhammaransi.com



အဆိပ်သီးကိုတွေ့မြင်ကြရာ၌ ထိုအသီး၏ အပြစ်ကို မသိသောသူအား အဆင်း အနံ့အရသာအတွက် ထိုအသီး၌ နှစ်သက်တွယ်တာခြင်းဖြစ်၏၊ အသီး၏ အပြစ်ကို သိပြီးသောသူအား အဆင်းအနံ့အရသာအတွက် အဆိပ်သီးဟု ချက်ချင်းသိ၍ ရယ်ဖွယ် ကြောက်ဖွယ်ဟူသော စိတ်ဖြစ်၍သွား၏။ ။ဤကား အဆင်းကို မြင်ရာ၌ ကိလေသာ ရှိ,မရှိသော စိတ်နှစ်မျိုးတို့၏ ထူးခြားပုံတည်း။

မျောက်ထောင်သော မျောက်နဲ့စေး၏ ကပ်ငြိမှုကိုလည်း ဥပမာဆို။

ထိုအဆင်းသဏ္ဌာန်ကို အဖန်ဖန် ကြည့်ဖန်များ၍လတ်သော် ထိုတဏှာသည် ထိုအာရုံ၌ အမျိုးမျိုး ပြန့်ပွား၍ ထိုအာရုံဝယ် ညောင်မြစ်တွယ်သကဲ့သို့ တဏှာမြစ်တွယ်လေ၏၊ အဆင့်ဆင့် အမြစ်ပွါးများစည်ကားခိုင်ဖြိုး ကြီးကျယ်၍သွားလေ၏၊ ကြီးကျယ်ပုံကို နောက်မှဆိုအံ့၊ အမြစ်တွယ်သော တဏှာကို ကာမုပါဒါန်ဆိုသည်။ ။တဏှာ ပစ္စယာ ဥပါဒါနံ အရတည်း။

အမြစ် တွယ်မှုမှာလည်း တဏှာစရိုက်ကို လိုက်စားရင်းရှိသော သူအား ခဏချင်း အမြစ်တွယ်နိုင်၏၊ မိမိ သန္တာန်၌ တွယ်သော ဥပါဒါန်မှုကား-- သံသရာဝဋ်မှ မကျွတ်နိုင်အောင် ဖွဲ့နှောင်ချည်တုပ်၏၊ အပါယ်သို့ချသော အမှုမျိုးမဟုတ်၊ ပရသန္တာန်၌ဖြစ်သော ဥပါဒါန်သည်လည်း ပရသန္တာနအနေအတိုင်းနှင့်ဖြစ်မှု အပါယ်သို့ မချနိုင်သေး၊ ဥပါဒါန်မှာ စေတနာဖက်တွဲ၍ ငါ၏သန္တကဖြစ်ပါမူ ကောင်းလေ၏၊ ငါ၏သန္တက ဖြစ်ပါတော့ဟု ဥပါဒါန်မှာ စေတနာအစွယ်ပေါက်၍ သူ့ဥစ္စာမှန်းသိလျက်ကို မိမိဖက်သို့ ကြံဆောင်ခြင်းဖြစ်သောအခါ အဘိဇ္ဈာကမ္မပထ ဖြစ်၏၊ အပါယ်ပဋိသန္ဓေကို ပေးနိုင်၏၊ အပါယ်သွား ရထားမီးစက်ကြီးဖြစ်၏၊ ဤအဘိဇ္ဈာသည်လည်း ကမ္မဘဝတစ်ခုပင်တည်း။ ။ ဥပါဒါနပစ္စယာ ဘဝေါ အရတည်း။

တစ်ဖန် ထိုသန္တက၏ အရှင်သည် သေပါမူ ကောင်းလေစွ သေပါလေစေ၊ သေပါမူ ဤသန္တကကို ငါယူရလေ၏ဟု ကြံမိပြန်မူ ဗျာပါဒကမ္မပထ ဖြစ်ပြန်၏၊ ဤလည်း အပါယ်သွား မီးစက် ရထားတစ်ခုတည်း၊ ဤသို့ စိတ်ထဲတွင် ကြံဖန်သော အဘိဇ္ဈာမှုကို အပါယ်သို့ချတတ်သော အကုသိုလ်ကံမှုဟု လောက၌ သမဏဗြာဟ္မဏတို့ ပညတ်ဟောပြောကြ၏-- မဟုတ်၊ ကံဟူ၍မရှိ၊ ထိုသို့ကြံသည့်အတွက်

www.dhammaransi.com



နောင်မကောင်းကျိုးဟူ၍ မရှိ၊ ဥစ္စာရှင်သိလျှင် မခံချင်မှုသာရှိ၏ဟု ယူပြန်လျှင်၊ မိစ္ဆာဒိဋ္ဌိ အပါယ်သွား ရထားမီးစက်ကြီးတစ်ခု ထမြောက်ပြန်၏၊ ဤအာရုံ အတွက်နှင့် အသက်သတ်မှု ခိုးယူမှု ပရဒါရမှု မုသားဆိုမှု ကုန်းတိုက်မှု ဆဲရေးမှု အပြိန်အဖျင်းပြောမှု ဤသို့သော ဒုစ္စရိတ ကမ္မပထမှုတို့သည်လည်း အပါယ်သွား ရထားမီးစက်ကြီးတို့ချည်းတည်း။ ။ဤသို့ဖြစ်သော ဒုစ္စရိုက်စေတနာ ဆယ်ပါးတို့ကို **ဥပါဒါနပစ္စယာ ဘဝေါ ဘဝ ဆိုသတည်း။**

ဤသည်ကား စက္ခုဒွါရဟူသော မီးရထားရုံကြီးမှာ တစ်နေ့တစ်နေ့လျှင်၊ အခါများစွာ ထမြောက်ပြီးစီးလျက် ထင်းမီးအပြည့်နှင့် ရှိနေသော အပါယ်သွား မီးရထား ဆယ်မျိုးဖြစ်ပုံတည်း။ ။ကြွင်းသော ငါးဒွါရတည်းဟူသော မီးရထား ရုံကြီး ငါးရုံတို့မှာလည်း ဤနည်းတူမြင်လေ။

သုဂတိသွား မီးရထား ၆-မျိုးလည်း ထိုအာရုံကြီး ၆-ဌာနမှ ပင်ထွက်၏၊ ယခုပစ္စုပ္ပန်တွင် နေ့စဉ်ဖြစ်ပွား၍ နေကြပုံပြဆိုသော အခန်းဖြစ်၍ ဇာတိသို့ ဆိုက်အောင် မဆိုလိုက်သည်၊ တစ်ခုတစ်ခုသော ဒွါရမှ ဒုစ္စရိုက်ရထားဆယ်စင်း၊ သုစရိုက်ရထား ဆယ်စင်း၊ ဒုစ္စရိုက်ရထားစုကား အပါယ်လေးဘုံ တစ်ခွင်လုံးကို အန္တ့သွား၏၊ သုစရိုက်ရထားစုကား လူ့ပြည်၊ နတ်ပြည် ၆-ထပ်၊ ဗြဟ္မာ့ပြည် အန္တ့သွား၏ ဤတွင်ရွှေ့ကား ဝိညာဏ် နာမ်ရုပ်တွင်ပါဝင်ပြီးဖြစ်ပါလျက် အဘယ့် ကြောင့် သဠာယတနဟူသော အကြည် ၆-ပါးကို အသီးအခြားဟောတော်မူပြန် ပါသနည်းဟူသော အမေးကို ဖြေဆိုလိုက်သော အခန်းတည်း။

သဠာယတနပြီး

၆။ ဖဿအင်္ဂါ၊ ၇။ ဝေဒနာအင်္ဂါ၊ ၈။ တဏှာအင်္ဂါ၊ ၉။ ဥပါဒါန်အင်္ဂါ၊ ၁၀။ ဘဝအင်္ဂါ၊ ဤအင်္ဂါငါးပါးတို့မှာ သဠာယတန ၆-ပါးတို့မှာ ဒုဂ္ဂတိသွား သုဂတိသွား ရထား၆-စင်းကို ဆိုလိုက်သော စကားရပ်တွင် ပါဝင်လေပြီ။

## ၉-ဥပါဒါန်

ဥပါဒါန်မှု ကြီးကျယ်ပုံမျှကို ဆိုလိုက်အံ့၊ ဉာဏ်မနိုင် ဉာဏ်မနှံ့ခဲ့လျှင် ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါးက အလွန်နည်း၍ လူ့လောက သံသရာမှုက အလွန် ကြီးကျယ်၍ နေတတ်သည်၊ လောကဓာတ် သံသရာ ကြီးကျယ်သမျှကို ပဋိစ္စ

www.dhammaransi.com



သမုပ္ပါဒ်အင်္ဂါ ၁၂-ပါးနှင့် နိုင်အောင်မြင်ရလိမ့်မည်၊ မနိုင်၍ လောကဖက်က ပိုမိုသမျှသည် မိစ္ဆာဒိဋ္ဌိ သက္ကာယဒိဋ္ဌိတို့ချည်း။

ဝိညာဏ် နာမ်ရုပ် ဤအင်္ဂါ ၂-ပါးနှင့် ယခုရှိကြသော လူ့ခန္ဓာ နတ်ခန္ဓာ ပြိတ္တာခန္ဓာ အပါယ်ခန္ဓာ အထည်ဝတ္ထုစု အကုန်နိုင်အောင်မြင်ရမည်၊ အထည်ဖြစ် အင်္ဂါ ၂-ပါးတည်း၊ သဠာယတန ဖဿ ဝေဒနာ ဤအင်္ဂါသုံးပါးကား သတ္တဝါ အထည်မှာ ခြယ်လယ်သော အမွမ်းတင်သော အင်္ဂါသုံးပါးတည်း၊ တဏှာ ဥပါဒါန် ဘဝ ဤအင်္ဂါသုံးပါးကား သတ္တဝါအထည်တွင် အမွမ်းတင် ၃-ပါးတို့မှထွက်သော ပုထုဇ္ဇနဘာလ တံခွန်မှန်ကင်းပေတည်း၊ ထိုဘာလ တံခွန်စုတွင် ဥပါဒါန်သည် ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်ဟူ၍ ၄-ပါးရှိ၏။

## ဝဲကြီးသန္တာန်-ဥပါဒါန်

လူ့စည်းစိမ် နတ်စည်းစိမ် သိကြားစည်းစိမ်တို့၌ ညောင်မြစ်သဖွယ် အမြစ်တွယ်ကာ တွယ်ကာ ကပ်ငြိသော လောဘတဏှာသည် ကာမုပါဒါန်မည်၏၊ ဗလဝါမုခ ဝဲစက်ကြီးနှင့်တူ၏၊ ဗလဝါမုခ ဝဲဂယက်မိသော လှေသင်္ဘောဟူသမျှ တို့သည် မဟာအဝီစိအပြင်သို့ ဆင်းသွားသော ရေကြောင်းသို့သာ ပါကြရ လေကုန်၏၊ ဤအတူ အနမတဂ္ဂသံသရာမှာ လူ့စည်းစိမ် နတ်စည်းစိမ်တို့၌ ကာမုပါဒါန် အမြစ်တွယ်၍နေကြကုန်သော ဤသတ္တဝါအပေါင်းတို့သည် ဘုရား ပွင့်ရာ သာသနာနှင့် အခါခါတွေ့ကြုံခဲ့ငြားသော်လည်း ကျွတ်လမ်း လွတ်လမ်းသို့ မပါ သံသရာရေကြောင်းသို့သာ ယနေ့ထက်တိုင် ပါ၍နေကြကုန်၏။

ခြောက်ဒွါရမှာ ထင်တွေ့လာသော အာရုံ ၆-ပါးကို သာယာသော တဏှာ သည် ဗလဝါမုခဝဲ၏ အစွန်အဖျားဖြစ်သော လှိုင်းဂယက်နှင့် တူ၏၊ ရုန်းနိုင်ခွင့် ရှိသေး၏၊ ထွက်နိုင်ခွင့်ရှိသေး၏၊ ထိုတွင် မရုန်းမထွက်မူ၍ ဝဲလှိုင်းထဲသို့ ရောက်ခဲ့ လျှင် မထွက်နိုင်ပြီ၊ အဝီစိသို့သာ ပါရသကဲ့သို့ ဥပါဒါန်နယ်သို့ ရောက်ခဲ့လျှင် သံသရာဖက်သို့သာ ပါရလေတော့သည်။

**ကာမုပါဒါန်ပြီး၏။**

---

ဒိဋ္ဌုပါဒါန်ဆိုသည်ကား ခိုင်မြဲခြင်းသို့ ရောက်သော ၆၂-ပါးသော ဒိဋ္ဌိမျိုး၊

www.dhammaransi.com



သုံးပါးသော မိစ္ဆာဒိဋ္ဌိကြီး၊ ယခု ကာလရှိနေကြသော လောကကို ထာဝရဘုရား ဖန်ဆင်းသည်ဟူသော ဝိသမဟေတုဒိဋ္ဌိမျိုးသည် ဒိဋ္ဌုပါဒါန်မည်၏။

**သီလဗ္ဗတုပါဒါန်ဆိုသည်ကား** နွားအမူအရာ ခွေးအမူအရာတို့သည် သံသရာမှလွတ်ရန် အခွင့်ဟုယူသောဒိဋ္ဌိတည်း၊ သက္ကာယဒိဋ္ဌိသည် အတ္တဝါဒုပါဒါန်မည်၏။ ။ဤသက္ကာယဒိဋ္ဌိကိုကား အထက်၌ ပြဆိုခဲ့လှပြီ။

ဥပါဒါန်ပြီး၏။

---

### ၁၀-ဘဝ

**ဘဝဆိုသည်ကား**--ကမ္မဘဝ ဥပပတ္တိဘဝဟူ၍ နှစ်ပါးရှိ၏၊ ပြဆိုခဲ့ပြီးသော သုစရိုက်ဆယ်ပါး ဒုစ္စရိုက်ဆယ်ပါးသည် ကမ္မဘဝမည်၏၊ ထို သုစရိုက်တို့၏ အကျိုးဖြစ်သော နောက်နောက်ဘဝ၌ ဖြစ်ပေါ်လတ္တံ့သည့် လူ့ခန္ဓာ နတ်ခန္ဓာ ပြဟ္မာ့ခန္ဓာစုသည်လည်းကောင်း၊ ဒုစ္စရိုက်တရားတို့၏ အကျိုးဖြစ်သော နောက်နောက်ဘဝတို့၌ ဖြစ်ပေါ်လတ္တံ့သော ငရဲခန္ဓာ တိရစ္ဆာန်ခန္ဓာ ပြိတ္တာခန္ဓာ အသုရကာယ်ခန္ဓာစုသည်လည်းကောင်း ဥပပတ္တိဘဝမည်၏။

ဘဝပြီး၏။

---

### ၁၁-ဇာတိ ၁၂-ဇရာမရဏ

**ဇာတိဆိုသည်ကား**- နောက်နောက်ဘဝတို့၌ ခန္ဓာအသစ် ဖြစ်ပေါ် မှုတည်း၊ **ဇရာမရဏဆိုသည်ကား**- ဖြစ်ဖြစ်သမျှသော ခန္ဓာတို့၏ အိုမင်း မှည့်ရွှမ်း ဟောင်းနွမ်းဆွေးမြည့်ခြင်း အမှုသည် ဇရာမည်၏၊ ပျောက်ကွယ်ပျက်ပြုန်း သေဆုံးကုန်ခန်းမှုသည် မရဏမည်၏။

ဇာတိ ဇရာ မရဏပြီး၏။

---

### ပဋိစ္စသမုပ္ပါဒ်၌ ခဲရာခက်ဆစ်

အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိဇရာမရဏ၊ **နှုတ်တက်ရွရွရစေ။**

www.dhammaransi.com



အဝိဇ္ဇာ သင်္ခါရ ဤနှစ်ပါးကား ယခုပစ္စုပ္ပန်ဘဝကို ဖန်ဆင်းသော ရှေးရှေး ဘဝရှိ တရားစုပေတည်း၊ ဤသတ္တဝါအပေါင်းကို မည်သူဖန်ဆင်းသလဲဆိုလျှင် အဝိဇ္ဇာသင်္ခါရ ဖန်ဆင်းသည်ဟုပြော၊ အဝိဇ္ဇာသင်္ခါရမှတစ်ပါး ဖန်ဆင်းသူဟူ၍ မရှိပြီ၊ အဝိဇ္ဇာသင်္ခါရတို့ကို ပြဆိုခဲ့ပြီ။

ယခုဘဝမှ သေလွန်လျှင် ဘာဖြစ်သလဲဟုဆိုသော် ဇာတိဖြစ်သည် ဟုပြော၊ **ဇာတိဆိုသည်ကား**- နောက်ဘဝပဋိသန္ဓေပင်တည်း၊ ဝိညာဏ်မှစ၍ ဘဝတိုင်အောင် အလယ်အင်္ဂါရှစ်ပါးကား ပစ္စုပ္ပန်ဘဝတစ်ခုလုံးတည်း၊ အနမတဂ္ဂ သံသရာမှာ တစ်ခုတစ်ခုသော ဘဝကိုပစ္စုပ္ပန်ထား၊ ထိုပစ္စုပ္ပန်ဘဝကို ဖန်ဆင်း သူကား အဝိဇ္ဇာသင်္ခါရတည်း။

ထိုပစ္စုပ္ပန်ဘဝဆုံးပြန်လျှင် ဇာတိသို့အမြဲဆိုက်၏၊ ဇာတိဆိုလျှင် ပစ္စုပ္ပန် တစ်ဘဝရပြန်၏၊ အဝိဇ္ဇာနှင့်တဏှာ မကုန်သမျှသည် အနမတဂ္ဂသံသရာသွား၏။

> အဝိဇ္ဇာသင်္ခါရကိုပြတော်မူသည်ကား ဤလောကကို အဝိဇ္ဇာ သင်္ခါရ တို့မှတစ်ပါး ဖန်ဆင်းသူဟူ၍ မရှိကြောင်းကို ပြတော်မူပေသည်၊ နောက် အနာဂတ် ဇာတိကိုဟောတော်မူသည်ကား တဏှာ ဥပါဒါန်ရှိသမျှသည် ဘယ်နည်းနှင့်မှ ဘဝသံသရာ အဆုံးသတ်သည် မရှိဟု ပြတော်မူသည်။

**အဝိဇ္ဇာသင်္ခါရဆိုသည်ကား** ဝိညာဏ်စသော ပစ္စုပ္ပန်အင်္ဂါရှစ်ပါးရှိသော သန္တာန်၌သာရှိ၏၊ အလွတ်သန္တာန်၌မရှိ၊ ထို့ကြောင့် အဝိဇ္ဇာ သင်္ခါရရှိရာမှာ အင်္ဂါရှစ်ပါးရှိမြဲဖြစ်ပြန်၏၊ ထိုအင်္ဂါရှစ်ပါးသည်လည်း ထိုမှရှေ့ဖြစ်သော အဝိဇ္ဇာ သင်္ခါရ ဖန်ဆင်းသူ ရှိရပြန်၏၊ အနမတဂ္ဂ အတိတ်သံသရာသွားလေ၏၊ သတ္တဝါ သည် အစရှိရာ၏ဟူသော မိစ္ဆာဝိတက် ပျောက်ကင်းဖို့၊ သတ္တဝါသည် အသစ် အသစ်တိုး၏ဟူသော နဝသတ္တမိစ္ဆာဒိဋ္ဌိ ပျောက်ကင်းဖို့တည်း၊ တဏှာ ဥပါဒါန် ဘဝရှိသမျှသည် ဇာတိအသစ် ဖြစ်မြဲဓမ္မတာတည်း၊ **ဇာတိဆိုသည်ကား** အင်္ဂါရှစ်ပါးရှိသော ပစ္စုပ္ပန်ဘဝပင်တည်း။

ထို့ကြောင့် တစ်ယောက်တစ်ယောက်သော သတ္တဝါ၏ သံသရာသည် တဏှာ ဥပါဒါန် ချုပ်ဆုံးမှုပင် ဆုံးသည်၊ တဏှာ ဥပါဒါန် ချုပ်ဆုံးမှုကို လွတ်၍ ဆုံးသည်မရှိ၊ တဏှာ ဥပါဒါန် ချုပ်ဆုံးမှုသည် မိမိသန္တာန်၌ သတ္တကောသလ္လဉာဏ်၌

www.dhammaransi.com



သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်ပေါ်အောင် မိမိကိုယ်ကို မိမိလုပ်မှသာလျှင် တဏှာ ဥပါဒါန်ချုပ်ဆုံးလမ်းရှိသည်၊ ဤမှတစ်ပါး တဏှာ ဥပါဒါန် ချုပ်ဆုံးလမ်းမရှိ။

မြတ်စွာဘုရားလည်း အင်္ဂါတစ်ဆဲ့နှစ်ပါးကို ဟောတော်မူသည်မှာ တစ်ခုသောဘဝ၏ ဖြစ်ပုံကို ဟော၍ပြတော်မူသည်၊ သမုဒ္ဒရာရေသည် ချိုသလော ငန်သလော မေးသောသူအား သမုဒ္ဒရာရေကို လက်နှင့်ယူ၍ လျှာမှာတို့၍ မြီးစေရာ၏၊ မြီးမိလျှင် သမုဒ္ဒရာလေးစင်းရေကို အငန်ဟု သိနိုင်၏။

ဤဥပမာအတူ တစ်ခုသော ဘဝဖြစ်ပုံ သတ္တဝါဖြစ်ပုံကို နမူနာပုံစံ ထုတ်၍ ပြတော်မူသည်၊ ထို့ကြောင့် အစဆုံးဖြစ်သော အဝိဇ္ဇာကား ဘယ်မှဖြစ်သနည်းဟု ယုံမှားမပြုသင့်၊ အဝိဇ္ဇာ သင်္ခါရတို့လည်း အင်္ဂါရှစ်ပါးရှိသော ခန္ဓာတစ်ခု ဘဝတစ်ခုမှ ဖြစ်ခဲ့သည်၊ ထိုဘဝလည်း ထိုမှ ရှေးအဝိဇ္ဇာသင်္ခါရရှိ၍ဖြစ်လေသည်၊ ထိုအဝိဇ္ဇာ သင်္ခါရတို့လည်း အင်္ဂါရှစ်ပါးရှိသော ဘဝခန္ဓာမှာ ဖြစ်ခဲ့သည်ဟု အတိတ်ကာလ အနမတဂ္ဂ သွားသည်ကိုမြင်နိုင်ရမည်။

## ဘေးစစ်မှန်လှ ဇရာ မရဏ

တေဘုမ္မက လောကဤ ဇရာဘေး မရဏဘေးသည်သာ ဘေးအစစ်တည်း၊ မိမိသိမ်းပိုက်သော အသက်ခန္ဓာဥစ္စာဝတ္ထုတို့၏ အတွင်းမှာ ဇရာဓာတ် မရဏ ဓာတ်ရှိ၍နေသောကြောင့် မီးဘေးဟူ၍ရှိရသည်၊ ရေဘေးဟူ၍ရှိရသည် ရောဂါ ဘေး အနာဘေး ဟူ၍ရှိရသည်၊ မြွေဘေး ကင်းဘေး၊ ခြင်္သေ့ သစ် ကျား ဘီလူး သဘက်ဘေးဟူ၍ရှိရသည် မိမိကိုယ်တွင်းမှာ ဝက်ရူးနာ ရှိသောသူအား ပွဲလမ်း သဘင်မူသည် ဘေးမှုဖြစ်သကဲ့သို့တည်း၊ ဇရာမရဏ ဘေးရှိသည့်အတွက်ကြောင့် အသက်တမ်းဟူ၍ ရှိရသည် စာတုမဟာရာဇ်မှာ အနှစ်ငါးရာပြင် မနေရ၊ တာဝတိံသာမှာ အနှစ်တစ်ထောင်ပြင် မနေရ၊ ဤသို့စသည်တည်း။

ဇရာ မရဏဘေး ကိုယ်တွင်းမှာရှိနေသည့်အတွက်ကြောင့် လောကဤ လူတို့ကိစ္စ လူတို့ဒုက္ခ ကြောင့်ကြစိုက်မှုရှိရသည်၊ ဇရာ မရဏ ဘေးရှိခြင်းကြောင့် ဒါနမှုဒုက္ခ သီလမှုဒုက္ခ ပညာမှုဒုက္ခ ကျင့်မှုဒုက္ခ ကြံမှုဒုက္ခရှိကြရသည်။

တေဘုမ္မကလောကဤ ဇရာဘေးမရဏဘေးသည်သာ ဘေးအစစ်တည်း၊ ဇရာမီး မရဏမီးသည်သာ မီးအစစ်တည်း လှုပ်လှုပ်ရွရွမြင်သမျှသည် ဇရာဘေး

www.dhammaransi.com



မရဏဘေးအတွက်ချည်းသာတည်း။

အပြောကောင်းလျှင် ဘာသာတစ်ပါးဖြစ် သူသည် မြင်နိုင်လတ္တံ့။

မေး။ ဇရာ မရဏသည် ဘယ်မှ ဖြစ်သနည်း။

ဖြေ။ ဇာတိမှ ဖြစ်သည်။

ဇာတိမရှိသော ခတ်မျိုးမှာ ဇရာ မရဏမရှိ ဇာတိရှိသော ခတ်မျိုးမှာမှ ဇရာ မရဏရှိသည်၊ ဖြစ်ပေါ်မှုရှိသော ခတ်မျိုးမှာမှ ရင့်ရော် ဆွေးမြေ့မှု ပျက်ဆုံးမှု ရှိသည်ဟူလို၊ ဘာသာတစ်ပါးတို့လည်း မြင်နိုင်ရာ၏၊ ယခုလောက၌ အဇ္ဈတ္တ ဗဟိဒ္ဓသန္တာန်မှာ ဘာဖြစ်သည်၊ ဘာပေါ်သည် ဘယ်အနာဖြစ်၍ လာသည်၊ ဘယ် ရောဂါဖြစ်၍ လာသည်၊ ဘယ်အမှုဖြစ်၍ လာသည် ဘယ်စိတ်ဖြစ်၍ လာသည်၊ ဘယ်ဟာပေါ်ပေါက်၍လာသည် ဆိုသမျှ ဇာတိချည်းမှတ်။

မေး။ ပဋိသန္ဓေဇာတိသည် ဘယ်မှ ဖြစ်သနည်း။

ဖြေ။ ကုသိုလ်ကံဟောင်း အကုသိုလ်ကံဟောင်းဟူသော ကမ္မဘဝမှ ဖြစ်သည်။

ကမ္မဘဝ မရှိလျှင် ဇာတိမရှိ၊ ကမ္မဘဝမှတစ်ပါး ဇာတိကိုဖြစ်အောင် ပြုနိုင်သောသူ မရှိ။

ဤအချက်ကိုကား ဘာသာဝင်တစ်ပါးကို နားဝင်အောင် ပြောနိုင်ခဲစွ၊ ဗုဒ္ဓဘာသာဝင်တို့မှာလည်း အစဉ်အလာ ဒေသနာကိုယုံကြည်၍ အယူ ဖြောင့်ကြကုန်သည် ခတ်သဘာဝနှင့်တကွ မြင်နိုင်ကြသည် မဟုတ်ကုန်၊ အောက်၌ ပြဆိုခဲ့ပြီးသော ရုပ်ခန္ဓာအလားနှင့် နာမ်ခန္ဓာအလား ခြားနား ချက်ကို ကောင်းကောင်း မြင်အောင်ကြံလေ။

အစဉ်အလာ ဒေသနာပညတ်မရှိသော လူမျိုးမှာ မိစ္ဆာဒိဋ္ဌိချည်းဖြစ်၍ ကုန်ရာဌာနကြီးပေတည်း။ ။ ဒိဋ္ဌိဇုကမ္မ သမ္မာဒိဋ္ဌိဆယ်ပါးတွင် နောက်ဆုံး သမ္မာဒိဋ္ဌိ ဉာဏ်ဖြင့် လောကီ လောကုတ္တရာ ပညာရှိကြီးတို့ကို သိတတ် ယုံကြည် တတ်မှ ဖြောင့်နိုင်သော ဌာနကြီးပေတည်း။

မေး။ ကမ္မဘဝသည် ဘယ်မှဖြစ်သနည်း။

ဖြေ။ ဥပါဒါန်မှ ဖြစ်သည်။

www.dhammaransi.com



မေး။ ဥပါဒါန်သည် ဘယ်မှဖြစ်သနည်း။
ဖြေ ။ တဏှာမှ ဖြစ်သည်။

မေး။ တဏှာသည် ဘယ်မှဖြစ်သနည်း။
ဖြေ။ ဝေဒနာ ရှိသောကြောင့် ဖြစ်သည်။
( ဤ အချက်စုကိုကား ဘာသာဝင်တစ်ပါးတို့လည်း လိုက်နာနိုင်ကုန်ရာ၏။ )

မေး။ သုခ ဒုက္ခ ဝေဒနာသည် ဘယ်မှဖြစ်သနည်း။
ဖြေ။ ဖဿမှ ဖြစ်သည်၊ ဖဿကြောင့်ဖြစ်သည်။
(ဤမှာလည်း မိစ္ဆာဒိဋ္ဌိ ဖြစ်ပွားချက်ကြီး တစ်ခုပင်တည်း။)

ဘာသာချင်းချင်း ငြင်းခန်း ခုန်ခန်းကြီး တစ်ခုပင်တည်း ဗုဒ္ဓဘာသာဝင် ထဲမှာပင် မိစ္ဆာသက်လျက် ရှိနေကြသော အချက်ကြီးတည်း။

အဘယ်သို့ရှိနေသနည်း--- မိမိ အဇ္ဈတ္တသန္တာန်၌ သုခ ဒုက္ခ ဖြစ်သမျှ သည် ကံစီမံရာဖြစ်ရသည်၊ ကံထုံးမြိတ်ရာ ဖြစ်ရသည်၊ ကံ လှုံ့ဆော်ရာဖြစ်ရသည်၊ ဖြစ်သမျှသည်လည်း ကံအမှုချည်းတည်း၊ ပျက်သမျှသည်လည်း ကံအမှုချည်းတည်း ၊ ကံပေးမှ ရသည်၊ ကံကျွေးမှ ဝသည်၊ ကံ နှိပ်စက်၍ ဆင်းရဲရသည် ကံကယ် ဆယ်၍ ချမ်းသာရသည်ဟု အရာရာတိုင်းမှာ ကံအလုပ်ချည်း ယူကြ၏၊ ထိုအယူကို ဒေသနာတော်မှာ "သဗ္ဗံ ပုဗ္ဗေကတ ဟေတု ဒိဋ္ဌိ "ဟူ၍ သုတ္တန် အဘိဓမ္မာတို့၌ လာ၏။

- ကံသည် မျိုးစေ့နှင့်တူ၏၊
- သုခ ဒုက္ခသည် ကောက်စပါးနှင့်တူ၏၊
- ပယောဂသမ္ပတ္တိသည် မြေဥတုနှင့်တူ၏။
- အသိအလိမ္မာဉာဏ်ပညာသည် မိုးရေ ဥတုနှင့် တူ၏။

မျိုးချင်းတူသော်လည်း မြေသြဇာသို့ လိုက်၍ဖြစ်ရ၏၊ ရေမှု နေရာကျမှ ဖြစ်နိုင်၏၊ အခါမလွန်မီ နေရာကျသိ၍ ပြည့်စုံစွာလုပ်နိုင်သော ပယောဂသမ္ပတ္တိ မှုသည် ကံ၏ကိုးကွယ်ရာကြီးပေတည်း၊ မြေကောင်း ရေကောင်းသည် မျိုးစေ့၏ ကိုးကွယ်ရာ ဖြစ်သကဲ့သို့တည်း၊ မြေကောင်း ရေကောင်းတည်းဟူသော ကိုးကွယ် ရာကို မရသော မျိုးစေ့မည်သည် အဗ္ဗန္တရသရက်မျိုးစေ့ပင်ဖြစ်သော်လည်း

www.dhammaransi.com



ပေါက်ရောက်ခြင်းငှာ မတတ်နိုင်လေ။

ပဋိသန္ဓေကံသည် ပဋိသန္ဓေ မတိုင်မီက နေရာကျသိ၍ ပြည့်စုံစွာ လုပ်နိုင်သော ပယောဂသမ္ပတ္တိလျှင် ကိုးကွယ်ရာရှိ၏၊ ပဝတ္တိအကျိုးပေး ကံတို့၏ ကိုးကွယ်ရာသည်ကား အခါအခွင့်ကိုသိ၍ ပြည့်စုံစွာပြုနိုင်သော ပယောဂသမ္ပတ္တိမှုပေတည်း။

အချို့သောသူတို့သည် အတတ် အသိ အလိမ္မာ ပယောဂသမ္ပတ္တိလည်း မရှိ၊ ကာလဝိပတ္တိကလည်း ဖျက်ဆီး၊ အကျိုးပေးနည်းပါး၍ နေကြသည်ကို ကံအတွက်ဟု ထင်မှတ်စွဲယူ၍ နေကြကုန်၏၊ ကုသိုလ် အကုသိုလ် နှစ်ဌာန၌ တစ်ရံတစ်ခါမျှ ကြားဘူးကြ ကြုံဘူးကြသော ဝိသေသကံကြီးရှင်တို့ကို ဥဒါဟရဏ်ပြု၍ ကံအမှု၌ ချော်ကြကုန်၏၊ ရှေးအဖို့၌ အလိမ္မာမှု သမ္မာပယောဂမှု မရှိခဲ့၍ ပဋိသန္ဓေကံ ယုတ်ညံ့သည့်အတွက်နှင့် ဖြစ်ရသော အဆင်းသဏ္ဌာန် ယုတ်ညံ့မှု အင်္ဂါကြီးငယ် ယုတ်ညံ့မှုစသည်တို့ကား ပဝတ္တိအခါ၌ ပြုပြင်ခြင်းငှာ မတတ်သာကုန်ပြီ။

ပဝတ္တိအခါ၌ ဖြစ်ထိုက်သော အတတ်ပညာ အလိမ္မာမှုမျိုး, အသက်ရှည်မှုမျိုး၊ အနာရောဂါ ကင်းရှင်းမှုမျိုး၊ ပစ္စည်းဥစ္စာ ချမ်းသာမှုမျိုး၊ ဒါန သီလ ဘာဝနာ ကုသိုလ်တရား ပွားများမှုမျိုးတို့သည်မူကား ပဝတ္တိအခါ၌ အလိမ္မာနှင့် ပယောဂသမ္ပတ္တိ ၂-ပါးလျှင် ကိုးကွယ်ရာရှိကြကုန်၏၊ ပဝတ္တိအခါ၌ အကျိုးပေးသော ကံတို့၏ ကိုးကွယ်ရာကား အလိမ္မာနှင့် သမ္မာပယောဂ ၂-ပါးတည်း။

ဤကား သုခဝေဒနာ ဒုက္ခဝေဒနာမည်သည် ကမ္မဇတရား ဖြစ်ပါလျက် ကမ္မပစ္စယာ ဝေဒနာ-ဟူ၍ မဟောဘဲ ဖဿပစ္စယာ ဝေဒနာဟူ၍သာ ဟောတော်မူရာ၌ သုခ ဒုက္ခ ဖြစ်ကြရာမှာ ကံထက်နီးစပ်သော ကံထက် တွင်ကျယ်သော အကြောင်းတရားစုလည်း ရှိသေးသည်ဟု ယုံကြည်နိုင်ရန် ပြဆိုလိုက်သော စကားရပ်တည်း။

- မိစ္ဆာဘာသာလူမျိုးကား ကံကို လုံးလုံးပယ်၍ ဉာဏ်ဝီရိယကိုသာ ယူ၏၊ ကံကို လုံးလုံးပယ်သည့်အတွက် ဒိဋ္ဌိဖြစ်၏။
- အချို့သော ဗုဒ္ဓဘာသာဝင် လူတို့ကား ဉာဏ်ဝီရိယကို ပယ်၍ ကံတစ်ခုတည်းကို လုံးလုံးယူကုန်၏၊ကံတစ်ခုတည်း ယူသည့်အတွက် ဒိဋ္ဌိဖြစ်၏။

www.dhammaransi.com



ယံ ကိဉ္စာယံ ပုရိသပုဂ္ဂလော ပဋိသံဝေဒေတိ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ သဗ္ဗံ တံ ပုဗ္ဗေကတဟေတု။

ကံတစ်ခုတည်း ယူရာ၌ ဟောတော်မူသော ဒိဋ္ဌိတည်း၊ ညောင်စေ့ကို စိုက်ရာ၌ မြေ ရေ မျိုးစေ့ ၃-ပါး ပေါင်း၍ အညှောက် ပေါက်ရ၏၊ အညှောက် အပင်ပေါက်မှုမှာ မျိုးစေ့သာပဓာန ဖြစ်၏၊ ရေ မြေသည် အထောက်အပံ့မျှ ဖြစ်၏၊ အပင်ငယ်ပေါက်ပြီးသည့်နောက် ကြီးပွားရန် အမှုမှာ ရေမြေ၏ ဆိုင်ရာပေတည်း၊ မျိုးစေ့ ပုပ်ဆွေး၍ သွားပြီ၊ အပင်ငယ်သည် မြေ ရေ ၂-ပါးလက်၌ တည်၏၊ မြေ ရေ ချီးမြှောက် မွေးမြူမှုနှင့် ကြီးပွားရ၏။ ။မျက်မြင်။

ကြီးပွားရာ၌ အပင်သဏ္ဍာန်နေပုံ အကိုင်း အခက် အရွက် သဏ္ဍာန်နေပုံ အမျိုးအရိုးအားလျော်စွာ အရပ်မြင့်မှု ပြန့်ကျယ်မှု အသက်ရှည်မှုတို့ကား မျိုးစေ့၏ အာနုဘော်တည်း၊ ထိုအာနုဘော်၏ ကိုးကွယ်ရာကား မြေ ရေပေတည်း၊ မြေ ရေ ချီးမြှောက်မှု ဖြစ်ပွားနိုင်သည် ရေ မြေကောင်းလျှင် ကောင်းသလောက် ကြီးပွား စည်ကားနိုင်သည်၊ အသက်ရှည်နိုင်သည်၊ မြေ ရေသည်လည်း မြက်ပင်မျိုးကို မြက်ပင်မျိုးအားလျော်စွာ-ထိုထိုသစ်ပင်မျိုးကို ထိုထိုသစ်ပင်မျိုး အားလျော်စွာ ကြီးပွားအောင် စောင့်ရှောက် ချီးမြှောက်နိုင်သည်။ ။ မျိုးစေ့အစွမ်း မြေ ရေ၏ အစွမ်းကို ခွဲခြမ်း၍ မြင်နိုင်စေ။

- မျိုးစေ့နှင့် ကံ တူ၏။
- သစ်ပင်နှင့် ဉာဏ်ခန္ဓာကိုယ် တူ၏။
- မြေနှင့် ပယောဂသမ္ပတ္တိ တူ၏။
- မိုးရေနှင့် အလိမ္မာ တူ၏။

အနမတဂ္ဂ သံသရာ၌ ကျင်လည်၍ လာကြသော သတ္တဝါတို့မှာ ကံဆိုးလည်း အနန္တရှိကြ၏၊ ကံကောင်းလည်း အနန္တရှိကြ၏၊ အလိမ္မာနှင့် ပယောဂ သမ္ပတ္တိ ၂-ပါးရှိသော လူမျိုးက အကျိုးပေးသာမြတ်တည်း။

လောကစီးပွားမှာ ကံကိုချမှု-ပရိယတ် ပဋိပတ် ပဋိဝေဓ သာသနာ့ စီးပွားမှာ ပါရမီကိုချမှုတို့ကား ဆုတ်ယုတ်ဖို့အမှု သက်သက်သာတည်း။ သတိရှိကြစေကုန်။

ဖဿပစ္စယာ ဝေဒနာ၏ အဓိပ္ပါယ်ကား-ဆောင်းရာသီမှာ ချမ်းအေးမှု

www.dhammaransi.com



ဒုက္ခဝေဒနာတရားသည် ဖြစ်ပွား၏၊ ထိုဝေဒနာတရားသည် ဘယ်ဟာကြောင့် ဖြစ်ပွားသနည်းဆိုသော် အချို့သော ဘာသာဆရာတို့ကား ဘုရားဖန်ဆင်း၍ ဖြစ်သည်ဟု ယူကြကုန်၏၊ ဤလည်း ဒိဋ္ဌိတစ်မျိုးတည်း၊ **'ဣဿရနိမ္မာနဒိဋ္ဌိ'** ခေါ်သည်။

ယံ ကိဉ္စာယံ ပုရိသပုဂ္ဂလော ပဋိသံဝေဒေတိ သုခံဝါ ဒုက္ခံဝါ
အဒုက္ခမသုခံဝါ သဗ္ဗံ တံ ဣဿရနိမ္မာနဟေတု။

(အဘိဓမ္မာ ခုဒ္ဒကဝတ္ထု ဝိဘင်းပါဠိတော်။)

အချို့သော ဘာသာဆရာတို့ကား အကြောင်းဟူ၍ မရှိ၊ အလို အလျောက် ဖြစ်သည်ဟု ယူကြကုန်၏၊ ဤလည်း ဒိဋ္ဌိတစ်မျိုးတည်း။ **'အဟေတု ဒိဋ္ဌိ'** ခေါ်သည်။

ယံ ကိဉ္စာယံ ပုရိသပုဂ္ဂလော ပဋိသံဝေဒေတိ သုခံဝါ ဒုက္ခံဝါ
အဒုက္ခမသုခံဝါ သဗ္ဗံ တံ အဟေတု အပစ္စယာ။

(အဘိဓမ္မာဝိဘင်း ပါဠိတော်)

တက္ကဒွန်းဆရာတို့ကား ရှေးကံဟောင်း သက်သက်ကြောင့်ဖြစ်၏၊ ကံမှ တစ်ပါး သုခ ဒုက္ခကို ဖြစ်စေနိုင်သော အကြောင်းမရှိဟု ယူ၏၊ ဤလည်း ဒိဋ္ဌိ တစ်မျိုးတည်း **'သဗ္ဗံ ပုဗ္ဗေကတ ဟေတုဒိဋ္ဌိ'** ခေါ်သည်။

ပါဠိတော်မှာ အောက်က ထုတ်ပြခဲ့ပြီ၊ ဤတက္ကဒွန်းဆရာတို့ အယူကား တစ်စိတ်မျှဟုတ်၏ တစ်ပါးသော အကြောင်းကို လုံးလုံးပယ်သည့်အတွက် ဒိဋ္ဌိ ဖြစ်ရသည်။

ပဋိစ္စသမုပ္ပါဒ် ဒေသနာအတိုင်း ပြောမူကား--

ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ
တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။

ဟူသော ဒေသနာအတိုင်း ပြောရမည်။

အဇ္ဈတ္တသန္တာန်မှ ကာယဟူသော အကြည်ဓာတ်၊ ဗဟိဒ္ဓမှ သီတဥတု ဟူသော ဖောဋ္ဌဗ္ဗဓာတ်မီး ဤ ၂-ပါးတို့၏ မိမိ အဇ္ဈတ္တခန္ဓာမှာ ခိုက်တိုက်မှုကြောင့်

www.dhammaransi.com



ထိုခိုက်တိုက်ရာ ကိုယ်အင်္ဂါအရပ်မှာ ကာယဝိညာဏစိတ် တဖွားဖွား ဖြစ်ပေါ်၏၊ ထိုစိတ် ၃-ပါးတို့၏ စည်းဝေးလုံးထွေးမှုဟူသော ဖဿခေါ်သောနာမ်စိတ် တဖွားဖွားဖြစ်ပေါ်၏၊ ထိုဖဿကြောင့် ချမ်းအေးမှုကို ခံစားသော ဒုက္ခဝေဒနာ တရားသည် တဖွားဖွား ဖြစ်ပေါ်လေ၏၊ ထိုအခါ ချမ်းလေခြင်း အေးလေခြင်း ဖြစ်ကြရ၏၊ မီးလှုံပြန်လျှင် ထိုစိတ်စုအကုန်လုံး သေပြန်၏၊ ချမ်းသာသော သုခ ဝေဒနာတရား ဖြစ်ပွားပြန်၏၊ ထိုဝေဒနာသည် ဘယ်ဟာကြောင့် ဖြစ်ရ သနည်းဆိုသော် ဒိဋ္ဌ ၃-မျိုးဆိုမြဲ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်နည်း ဆိုမြဲ။

ဗဟိဒ္ဓမှ သီတဥတုဟုဆိုအပ်သော ဖောဋ္ဌဗ္ဗသီတစာတ်မီးဆိုရာမှာ ဗဟိဒ္ဓမှ ဉဏှဥတုဟုဆိုအပ်သော ဖောဋ္ဌဗ္ဗဉဏှ ဓာတ်မီး ဆိုလေ၊ ပဋိစ္စသမုပ္ပါဒ် ဆိုသည် ကား- အဇ္ဈတ္တမှ ကာယအကြည်နှင့် ဗဟိဒ္ဓမှ သီတဉဏှ ဖောဋ္ဌဗ္ဗာရုံ ပေါ်ဆုံခိုက် တိုက်မှုကို စွဲ၍ ကာယဝိညာဏစာတ်ဖြစ်ပေါ်သည်၊ စာတ် ၃-ပါး အစည်း အဝေး ကိုစွဲ၍ ကာယသမ္ဖဿစာတ် ဖြစ်ပေါ်သည်၊ ကာယသမ္ဖဿစာတ်ကိုစွဲ၍ ကာယ သမ္ဖဿဇာ ဝေဒနာစာတ် ဖြစ်ပေါ်သည်။

ဤကား ပဋိစ္စသမုပ္ပါဒ်မှတည်း။

မီး၏အနီးသို့ရောက်၍ ဗဟိဒ္ဓမှ သီတဖောဋ္ဌဗ္ဗဥတု ကွယ်ပျောက်လျှင် ထိုတဖွားဖွား ဖြစ်ပေါ်၍နေကြသော ဝိညာဏစာတ် ဖဿစာတ် ဝေဒနာစာတ် တို့သည် သေပျောက်၍ကုန်၏၊ မီးနှင့်ကွာပြန်၍ ချမ်းသာသောအတွေ့ ကွယ် ပျောက်ပြန်ရာ၌လည်း ဤနည်းတူ။

နွေရာသီ၌ အိုက်မှု ပူမှုနှင့် ဖြစ်ပွားသော ဖဿဝေဒနာတရား-ရေချိုး၍ အေးမှု ချမ်းသာမှုနှင့် ဖြစ်ပွားသော ဖဿဝေဒနာ တရားတို့၌လည်း ဤနည်း အတိုင်း မြင်လေ၊ ဤကား ကာယဟူသော အကြည်ပေါက်တစ်မျိုးမှာ သုခဒုက္ခ ဖြစ်မှု၌ ဖဿကို အချုပ်အခြာ ပဓာန ပါကဋအကြောင်းထား၍ ပဋိစ္စသမုပ္ပါဒ် တရားကို ပြဆိုချက်တည်း။

- ဤနည်းကို မှီ၍ ကြွင်းသော ငါးဒွါရတို့၌ သုခဒုက္ခဖြစ်ပုံကို မြင်လေ ပြောလေ၊ ယခု တစ်ဘဝလုံး အနမတဂ္ဂသံသာရာ တစ်ခုလုံး သတ္တဝါ

www.dhammaransi.com



အနန္တတစ်ခုလုံး မြင်လေ။

ဤအချက်မှာ ထိုဝေဒနာသည် ဝိပါက်ဝေဒနာဖြစ်၍ ကံကြောင့်ဆို လျှင်လည်း မလွဲလှ၊ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာကို ပယ်နိုင်သော အယူကား မဟုတ်။

ဖဿကြောင့်ဖြစ်သည်ဟု မြင်မှ ခုတင်ခု ပေါ်မူ ခုတင် ခုသေမှုကို မြင်၍ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ ငရဲမီးကြီးနှစ်ပါး ငြိမ်းရန်နည်းလမ်းဖြစ်သတည်း၊ ဤသို့သော သုခ ဒုက္ခ ဖြစ်ပွားမှုမှာ ရှေးကံသည် အောက်ကပြခဲ့ပြီးသော ညောင်ပင်ကြီးမှာ မျိုးစေ့အာနုဘော်ကဲ့သို့ မကင်းတရားမျှသာ ဖြစ်၏၊ ဤလောကဓာတ်ကြီးသည်လည်း ဣဋ္ဌ အနိဋ္ဌ ဗဟိဒ္ဓ အာရုံတောကြီးဖြစ်၏၊ ဤအာရုံတောကြီးအတွင်း၌ ဒွါရ ၆-ပါး တံခါး ဟင်းလင်းနှင့် ကျင်လည်၍နေရသော သတ္တဝါအားသုခ ဒုက္ခ ၆-ဒွါရ ဝေဒနာသည် အဘယ်မှာပြတ်စဲတော့အံ့နည်း။

လောဘ တိုက်တွန်းချက်နှင့် သွားလာလုပ်ဆောင်ရ၊ ဒေါသတိုက်တွန်းချက်နှင့် မောဟတိုက်တွန်းချက်နှင့် သဒ္ဓါတိုက်တွန်းချက်နှင့် ပညာမှုနှင့် ဒါနမှုနှင့် သီလမှုနှင့် ဓုတင်ပဋိပတ်မှုနှင့် အတ္တဟိတမှုနှင့် ပရဟိတမှုနှင့် ပြုရမှုရသော အမှုခပ်သိမ်းသည် ကံမဟုတ်၊ ဖြစ်ရာဘုံဘဝ အားလျော်စွာ လှုပ်ရှားကြသော ဗျာပါရမှုစုပေတည်း၊ ထိုဗျာပါရမှုစုမှာ အခွင့်အားလျော်စွာ အပူခံရ၍ ဖြစ်သော ဝေဒနာ အအေးခံရ၍ အညောင်းအညာခံရ၍ အပန်းခံရ၍ အနိဋ္ဌရှိရာသို့ တိုးဝင်ရ၍ ဣဋ္ဌရှိရာသို့ တိုးဝင်ရ၍ အလိုရှိရာကို ရှာကြံခံစားရ၍ မိစ္ဆာ အကျင့်ကို ကျင့်ရ၍ သမ္မာပဋိပတ် မြတ်သောအကျင့်ကို ကျင့်ရ၍ တွေ့ကြုံရ ခံစားရသော သုခ ဒုက္ခစုသည် ဖဿဖန်ဆင်းရာ ဖြစ်ရသော ဝေဒနာစုပေတည်း၊ အနှံ့အပြားမြင်လေ၊ ဘုရားလက်ထက်တော်၌ပင် ဤအရာဌာန၌လည်း မိစ္ဆာဒိဋ္ဌိ ဖြစ်ပွားမှု အလွန်များပြားကြသောကြောင့် လှလှ အရည်လည်လောက်အောင် ခပ်ကျယ်ကျယ် ပြောလိုက်သည်။ ။ **အကြွင်း သိသာလောက်ပြီ။**

**ပဋိစ္စသမုပ္ပါဒ်နည်း ပြီး၏။**

--------

www.dhammaransi.com



## ပဋိစ္စသမုပ္ပါဒ် ဒေသနာနည်းနှင့် စတုသစ္စဒေသနာနည်းအားဖြင့် သစ္စာလေးပါး၏ အဓိပ္ပါယ်

သစ္စာလေးပါး၏ အဓိပ္ပါယ်ကို အနည်းငယ် ဆိုဦးအံ့-

လောကဓာတ်၌ ခပ်သိမ်းသော သတ္တဝါတို့၏ ဓမ္မတာသဘော ကား ဒုက္ခကင်းမှု၊ ချမ်းသာလိုမှု ဤနှစ်မှုသည် အချုပ်အခြာပဓာနမှုတည်း၊ ယခု လောက၌ ပုပုရွရွ နေ့နေ့ညည ကြံကြ စည်ကြ၊ ပြောကြ ဆိုကြ သွားကြ လာကြ၊ အားထုတ်ကြသော သူတို့၏အမှုကို အလိုကို လိုရင်းအချုပ် ကောက်ယူ လိုက်သည် ရှိသော် ဒုက္ခကင်းရှင်းဖို့ သုခကို ရဖို့ဟု အားထုတ်ကြသော အမှုချည်းသာတည်း၊ ဆင်းရဲချင်သောသူဟူ၍ တစ်စုံတစ်ယောက်မျှ မရှိ၊ ဆင်းရဲချင်၍ပြုသော အမှုဟူ၍ မရှိ၊ ချမ်းသာချင်သောသူသာ ရှိ၏၊ ချမ်းသာချင်၍ ပြုသော အမှုချည်းသာတည်း၊ ထိုသို့ သုခကိုသာ အလိုရှိကြ ဒုက္ခကို မုန်းကြသော်လည်း ဒုက္ခအချက်ကိုလည်း မသိကြ၊ သုခအမှန် သုခအစစ်ကိုလည်း မသိကြကုန်။

### ဒုက္ခစစ်မှာ ဇရာ မရဏ

ဒုက္ခအချက် ဒုက္ခအချုပ် ဒုက္ခအခြာ ဆိုသည်ကား ဇရာ မရဏ တရား နှစ်ပါးပေတည်း ထိုနှစ်ပါးတွင် မရဏဘေး မရဏမီး ကြီးကျယ်ပုံကိုလည်းကောင်း၊ လောကသုံးပါးလုံး၌ မရဏရှိနေသည့်အတွက်ကြောင့် ဒုက္ခတရား ကြီးကျယ်၍ နေကြပုံကိုလည်းကောင်း၊ မီးပူဇော်သော ပုဏ္ဏား ဥပမာ, အဇဋာကာသသို့ ဆင်းသောတွင်းကြီးကို ဖို့ကြသော ယောကျ်ားတို့၏ ဥပမာ, အကျင့်အာစာရ ယုတ်ညံ့လှသော အိမ်နေမယား၏ ဥပမာများနှင့် ထင်ရှားစွာဆိုခဲ့ပြီ၊ ဇရာဟူ သည်ကား မရဏ၏ ရှေ့သွား ရှေ့ဆောင်ပေတည်း ဇရာသည်ပို့၍ ပေးမှ မရဏ ဆိုက်နိုင်သည်၊ ထို့ကြောင့် မရဏဥပမာတွင် ဇရာကို ပြဆိုမှုလည်း ပြီးပါ၏။

အနည်းငယ် ဆိုလိုက်ဦးအံ့။ ။ ပုထုဇဉ် သတ္တဝါမည်သည် ဖြစ်လေရာရာ၌ နှလုံးထဲမှာ ငရဲအိုးကြီး နှစ်လုံး အမြဲပါ၏၊ သက္ကာယဒိဋ္ဌိ ငရဲအိုးကြီး တစ်လုံး၊ ဝိစိကိစ္ဆာ ငရဲအိုးကြီးတစ်လုံး၊ ဇရာ မရဏ တရားနှစ်ပါးသည်ကား ထိုငရဲအိုးကြီး နှစ်လုံး၏ အကျိုးဆောင် သက်သက်တည်း၊ ပုထုဇဉ်သတ္တဝါ လူ့ပြည်မှာ လူ့ခန္ဓာကို တွယ်တာ၍နေသည်ကို မှီရာတွယ်ရာ လူ့ခန္ဓာကို ပြိုကွဲပျက်ဆုံးအောင် လုပ်သူ ကား ဇရာ မရဏ နှစ်ပါးပေတည်း။

www.dhammaransi.com



လူ့ခန္ဓာ ပျက်ဆုံးလျှင် အပါယ်သို့ ပစ်ချသည်ကား သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ နှစ်ပါးတည်း၊ လူ့ခန္ဓာ မပျက်လျှင် သက္ကာယဒိဋ္ဌိတို့ အခွင့်မရကုန်၊ နတ်ပြည် ခြောက်ထပ်ရှိ ပုထုဇန်စုကိုလည်း ဤနည်းအတိုင်း၊ ဗြဟ္မာ့ပြည်မှာနေသော ပုထုဇန်စုကိုလည်း ဤနည်းအတိုင်းမြင်လေ။ ။ ထိုကြောင့် မြတ်စွာဘုရားသည်-

> ဧတဿ အာနန္ဒ ဓမ္မဿ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမယံ ပဇာ တန္တာကုလကဇာတာ ဂုဠိဂုဏ္ဌိကဇာတာ မုဉ္စပဗ္ဗဇ ဘူတာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ သံသာရံ နာတိဝတ္တတိ။

ဟူ၍ ဟောတော်မူသည်။

အာနန္ဒ=အာနန္ဒာ၊ ဧတဿ ဓမ္မဿ=ဤပဋိစ္စသမုပ္ပါဒ် တရားကို၊ အနနုဗောဓာ=အလင်းပေါက်သော မဂ်ဉာဏ်ကို မရခြင်းကြောင့်၊ အပ္ပဋိဝေဓာ= ဝိပဿနာဉာဏ်ဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့်၊ ဧဝံ=ဤသို့၊ အယံပဇာ=ဤ သတ္တဝါအပေါင်းသည်၊ တန္တာကုလက ဇာတာ=ချည်ခင်ထွေးကဲ့သို့ ထွေးရှုပ်၍ နေသည်၊ ဂုဠိဂုဏ္ဌိကဇာတာ=စာပေါင်းသိုက်ကဲ့သို့ ထွေးယှက်၍နေသည်၊ မုဉ္စ ပဗ္ဗဇဘူတာ=ဖြူဆန်မြက် ပြိန်းမြက်ကဲ့သို့ ဖြစ်သည်၊ ဟုတွာ=ဖြစ်၍၊ အပါယံ= အပါယ်ကို၊ ဒုဂ္ဂတိံ=ဒုဂ္ဂတိကို၊ ဝိနိပါတံ=ကိုးရိုးကားရား ကျသွားမှုကို၊ သံသာရံ= ပြောင်းရွှေ့မှုကို၊ နာတိဝတ္တတိ=မလွန်နိုင်လေ။

## ဝိနိပါတ ဘေး

ဤပါဠိတော်၌ **ဝိနိပါတံ** ဟူသော ပုဒ်အနက်ကို ပြဆိုအံ့-ယခုအခါ လူလူရှင်ရှင် မြင်မြင်သမျှကို သင်သည်သေလျှင် အဘယ်မှာဖြစ်မည်နည်း မေးသည်ရှိသော် ဘယ်မှာဖြစ်မည်ဟု ဘယ်သူပြောတတ်မလဲ ကံချရာ ဖြစ်ရမှာ ပဟု ပြောလတ္တံ့၊ ဤသို့လျှင် သေလျှင် ဘယ်မှာဖြစ်မည်ဟု ကြည့်၍ ရွယ်၍ ဖြစ်နိုင်ကြသည် မဟုတ်၊ ကမ္မဿကာ ကံချရာဟု လွတ်၍ချလိုက်ကြသည် လေမုန်တိုင်းလာရာတွင် သစ်ပင်မှကြွေကျသော သစ်ရွက်သည် ဘယ်မှာကျ မည်ဟု ရွယ်၍ကျနိုင်သော အခွင့်မရှိသကဲ့သို့တည်း၊ ပုထုဇန်မှန်လျှင် စာတု မဟာရာဇ်ဘုံက သေသူလည်း ဤနည်းအတိုင်း လွတ်ချသည်ချည်း၊ တာဝတိံသာ စသော အထက်နတ်ပြည်ငါးထပ်မှ သေသူဟူသမျှလည်း လွတ်ချသည်ချည်း၊

www.dhammaransi.com



ဝေဟပ္ပိုလ်တိုင်အောင်သော ဗြဟ္မာ့ပြည်မှ သေသူဟူသမျှလည်း လွတ်ချသည် ချည်း၊ အရူပလေးဘုံမှ သေသူဟူသမျှလည်း ဤနည်းချည်း၊ နခသီခသုတ် ဒေသနာကိုထောက်၍ ထိုဘုံတို့မှ သေသမျှသည်လည်း အပါယ်သို့ ကျသည်ချည်း များ၏ဟု သိလေ။

ဥပမာဆိုအံ့-ဘုံအဆင့်ဆင့်ရှိသော တစ်ပင်တိုင် ပြာသာဒ်ကြီး ရှိသတတ်၊ ပဌမဘုံမှာ ခံစားဖွယ် စံစားဖွယ် ပေါများ၏၊ တစ်လမျှဘုံ သက်ရှိ၏၊ ဒုတိယဘုံမှာ ထိုထက် အဆများစွာ ခံစားဖွယ် စံစားဖွယ် ကြီးကျယ်၏၊ နှစ်လမျှ ဘုံသက်ရှိ၏၊ အထက်အထက် ဘုံစုမှာလည်း ဤနည်းအတိုင်း သိလေ၊ အောက်အပြင်၌ကား ဆူးငြောင့်ခလုပ် အပြည့်ရှိသော တောချုံအရပ်လည်း ရှိ၏၊ မစင် ဘင်ပုပ်ပြည့် သော တွင်းကြီးတို့လည်း များစွာရှိ၏ အကြောအလွန်မာသောဝါးချွန် သနသစ်ချွန် (ဝါးချွန်သစ်ချွန်) တွေ စိုက်ထားသော အရပ်လည်း များစွာရှိ၏ မကူးနိုင် မတက်နိုင် မထောက်နိုင်အောင်နက်သော ရှားမီးကျီးပြည့်သော ချောက်ကြီး တွင်းကြီးလည်း များစွာရှိ၏၊ အထက်ဘုံတို့၌လည်း ပြင်းထန် လှစွာသော လေပြင်းမုန်တိုင်း အသီးသီးရှိကြ၏၊ တစ်လ အသက်တမ်းရှိသော ဘုံ၌နေသော သူတို့ကို တစ်လ စေ့သောကာလ ထိုဘုံပေါ်မှ အတင်းတိုက်လွင့် ၍ချ၏၊ အချို့ကား ဆူးငြောင့် ခလုပ်တော၌ စောက်ထိုးဂျွမ်းပြန် ကျကြလေ၏၊ အချို့ကား မတက်နိုင်အောင် နက်သော မစင်ဘင်ပုပ်တွင်းကြီးမှာ စောက်ထိုးဂျွမ်းပြန် ကျကြလေ၏၊ အချို့ကား သနသစ်ချွန်တောမှာ စောက်ထိုးဂျွမ်းပြန် ကျကြလေ၏ အချို့ကား မီးကျီးတွင်းမှာ ကျကြလေ၏။ ။ အထက်အထက်ဘုံ တို့မှ ကျရာ၌လည်း ဤနည်းမြင်လေ။

- ဘုံဆင့်တွေနှင့် လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံစု တူ၏။
- အောက်အပြင်စုနှင့် အပါယ်ဘုံစု တူ၏။
- လေပြင်းမုန်တိုင်းတွေနှင့် ထိုထိုဘုံတို့မှာ ရှိနေသော ဇရာမရဏဘေးစု တူ၏။

ဤသို့လျှင် သေနေ့မရောက်မီအတွင်းမှာ လူဖြစ်လျှင်လူ့စည်းစိမ် နှင့် တရွှင်ရွှင်တပြုံးပြုံးနေ၍ သေနေ့ဆိုက်သောအခါ ရပ်တည်ရာမရ ဖြစ်လေ၏၊ သေလျှင် ကျချင်ရာရာ ပရမ်းပတာ ကျရောက်လေ၏၊ နတ်ဘုံ ဗြဟ္မာ့ဘုံ တို့မှာ

www.dhammaransi.com



လည်း ဤနည်းတူ မြင်လေ၊ အနမတဂ္ဂသံသရာ တစ်ပြင်လုံးမြင်လေ၊ ဤသို့ ကမ္ဘာသကာ ကံချရာဟု ပေါက်လွှတ်ချရမြဲ ဓမ္မတာကို **ဝိနိပါတ** ဆိုသတည်း။ ။ ဤကား ဇရာမရဏဘေး ကြီးကျယ်ပုံတည်း။ ။ မသေမီကာလအတွင်းမှာ မရဏအတွက် ဒုက္ခစက် ကြီးကျယ်ပုံကို မီးပူဖော်သော ပုဏ္ဏား ဥပမာများနှင့် မြင်လေ။

ဤသို့လျှင် ဇရာမရဏဘေး ကြီးကျယ်ပုံ ဇရာမရဏမီးကြီးကျယ်ပုံ သက္ကာယဒိဋ္ဌိ ငရဲမီးကြီးတို့၏ အကျိုးဆောင်ဖြစ်ပုံကို မြင်လေ၊ လူ့ခန္ဓာ နတ်ခန္ဓာ ဗြဟ္မာ့ခန္ဓာစုသည်လည်း သက္ကာယဒိဋ္ဌိငရဲမီးအိုးကြီးစုသာ ဖြစ်၏၊ ဇရာမရဏမီးကို မိမိကိုယ်တွင်းထား၍ သိမ်းပိုက်မွေးမြူသော ခန္ဓာစုသာဖြစ်၏၊ ထို့ကြောင့် ဇရာမရဏမီး အုပ်စိုးလျက်ရှိနေသော ထိုခန္ဓာစုသည် ဒုက္ခသာအမှန်ဖြစ်သည် မြင်စေ။ ။ ဤကား ဘဝအဆုံးဖြစ်သော ဇရာမရဏဘေး ကြီးကျယ်ပုံတည်း။

## ပဝတ္တိအရေး၌ ဇရာမရဏဘေး ကြီးကျယ်ပုံ

ပဋိသန္ဓေအခါမှစ၍ ပဝတ္တိအခါ၌ ဇရာမရဏဘေးကြီးကျယ်ပုံကို အကျဉ်းမျှ ပြဆိုဦးအံ့၊ ပဋိသန္ဓေနေပြီးသည်မှ စ၍ အနှစ်တစ်ရာ အတွင်းမှာ သေဘေး ဆိုက်လာသည်ရှိသော် မသေနိုင်သော နာရီဟူ၍ တစ်နာရီမျှမရှိ၊ မသေနိုင်သော အချက်ဟူ၍ ထွက်သက် ဝင်သက်တစ်ခုစာမျှမရှိ၊ သေလောက်သောဘေး ထိလာလျှင် ဘယ်နာရီမဆို ဘယ်ခဏမဆို သေမည် ကေန္ဒြဖြစ်၏၊ ဤသို့ ဖြစ်လေ ရာရာ ဘဝတိုင်းဘဝတိုင်း ပဋိသန္ဓေနေပြီးသည်မှစ၍ မရဏဘေး အမြဲပါရှိ၍ နေသည့်အတွက် လောကမှာ ကြောက်စရာအနန္တ ထိတ်စရာအနန္တ လန့်စရာ အနန္တ စိုးရိမ်စရာအနန္တ ကြောင့်ကြစရာအနန္တ တွေ့၍နေ၏။

**ဥပမာကား**- ကိုယ်တွင်းမှာ အနာဆိုး ရောဂါဆိုးရှိသောသူအား လောက၌ စားကောင်းသောက်ဖွယ် ကြက်သား ဝက်သား ငါး အမဲ အုန်း ငှက်ပျော သရက် ပိန္နဲ ထောပတ်ထမင်း ဆီထမင်း သကြား သကာစသည်တို့သည် ကြောက်စရာ ထိတ်စရာ ဘေးကြီးဖြစ်၍ နေကုန်သကဲ့သို့တည်း၊ ဤရောဂါသည်မှာ ထိုအစာ အာဟာရတို့သည် ဘေးအစစ်မဟုတ်ကုန်၊ မိမိကိုယ်တွင်းမှာရှိသော ရောဂါဆိုး အနာဆိုးသည်သာ မိမိ၏ အသက်ဘေး စင်စစ်ဖြစ်၏၊ ထိုအစာ အာဟာရ တို့ကိုကား မိမိကိုယ်တွင်းမှာရှိနေသော ရောဂါဆိုး အနာဆိုးကို နှိုး၍ပေးတတ်သည့်

www.dhammaransi.com



အတွက်ကြောင့် ဘေးဆိုရကုန်သည်၊ ကိုယ်တွင်းမှာ အနာဆိုးမရှိပါမူကား ငွေပေး၍ပင် ဝယ်ယူသုံးဆောင်ကြရသော အစာအာဟာရတို့ပေတည်း။

ဤနည်းတူ ကိုယ်တွင်းမှာ မရဏဘေး အမြဲပါရှိ၍ နေသည့် အတွက် လောကမှာ ကြောက်စရာအနန္တ၊ လန့်စရာအနန္တ၊ သေဘေးအနန္တ ဖြစ်၍ ကုန်လေသည်၊ မရဏဘေး မရှိပါမူကား ဦးခေါင်း၌ မိုးကြိုးကျသော်လည်း ကြောက်လန့်ဖွယ် မရှိရာ။

အသက်မွေးမှုဒုက္ခစု အဖော်အပေါင်းနှင့် မကင်းနိုင်သည့်အတွက် ဖြစ်ရသောဒုက္ခစု မြို့ရွာတည်ထောင်၍ နေရသောဒုက္ခမှုစု အိမ်ရာဝင်းခြံ အရံကာမှုနှင့်စပ်သောဒုက္ခစု၊ ဤသို့စသော ဒုက္ခမှုအလုံးစုံသည်လည်း ကိုယ်တွင်းမှာ ဇရာ မရဏဘေး အမြဲပါ၍နေသည့်အတွက်ချည်းတည်း၊ ဒါနကုသိုလ်မှုနှင့်စပ်သော ဒုက္ခစု သီလမှုနှင့်စပ်သောဒုက္ခစု အလုံးစုံသော အကျင့်ပဋိပတ်နှင့်စပ်သော ဒုက္ခစုသည်လည်း ဤခန္ဓာနှင့် အမြဲနေရမည်မဟုတ်၊ သေရလိမ့်ဦးမည်ဟု သိ၍ ပြုရသော ဒုက္ခစုသာတည်း၊ ရသေ့ပြုရသော ဒုက္ခစု ရဟန်းပြုရသော ဒုက္ခစု စသည်ဖြင့်ချဲ့၍ မြင်လေ။ ။

**ဤကား ပဝတ္တိအခါ၌ ဇရာမရဏဘေး ကြီးကျယ်ပုံတည်း။**

ဤသို့လျှင် ခပ်သိမ်းသော ဒုက္ခဟူသမျှ၏ အချုပ်အခြာကား ဇရာ မရဏတရား နှစ်ပါးသည်သာ ဖြစ်သတည်း၊ ထိုကြောင့် ထိုဇရာမရ ဏမီးနှင့် ဖက်တွဲ၍ရှိနေကြသော လူ့ပြည်မှာ သက်ရှိသက်မဲ့ ရုပ်နာမ်ခန္ဓာ ဟူသမျှသည်လည်းကောင်း၊ နတ်ပြည်ခြောက်ထပ်မှာ သက်ရှိသက်မဲ့ ရုပ်နာမ်ခန္ဓာဟူသမျှသည်လည်းကောင်း၊ ရူပ အရူပ ဗြဟ္မာပြည်တစ်ခွင်မှာ သက်ရှိသက်မဲ့ ရုပ်နာမ် ခန္ဓာဟူသမျှသည်လည်းကောင်း၊ ဒုက္ခသာအမှန် ဖြစ်သတည်း၊ ထိုသို့ဖြစ်လေသောကြောင့်ပင်လျှင် အနမတဂ္ဂသံသရာမှာ အပါယ်လေးပါးမှ လွတ်ရန် ကုသိုလ်မှုကို အားထုတ်ခဲ့သော ဘဝပေါင်းလည်းအနန္တ ရှိခဲ့ကြပြီ၊ လူ့ဘဝကို ရခဲ့သော ဘဝပေါင်းလည်းအနန္တ ရှိခဲ့ကြပြီ၊ နတ်ပြည်ခြောက်ထပ် နတ်ခန္ဓာကို ရခဲ့သော ဘဝပေါင်းလည်းအနန္တ ရှိခဲ့ကြပြီ၊ ဗြဟ္မာဖြစ်ခဲ့သော ဘဝပေါင်းလည်းအနန္တ ရှိခဲ့ကြပြီ။

www.dhammaransi.com



ထိုကုသိုလ် ထိုခန္ဓာတို့သည် ယခု အဏုမြူမျှမရှိ၊ အိပ်မက်မက်ဖို့မျှ ရှာကြံ၍မရပြီ၊ ယခုလည်း အပါယ်ဘေး တန်းလန်းအတိုင်းပင် ပင်ပန်းခဲ့သမျှ အချည်းနှီးနှယ် ကြီးကျယ်လေစွ၊ ဤသို့လျှင် ဒုက္ခကိုမုန်းကြ ရိုးအမှန် ဖြစ်ပါလျက် ဒုက္ခအချက်ကိုကား မသိနိုင်ကြသည့် အတွက်ကြောင့် ပြုခဲ့သမျှသော ဒါနမှုအနန္တတို့သည်လည်း ဒုက္ခမီးစာဖြစ်၍ ကုန်ဆုံးခဲ့လေကုန်၏၊ သီလမှုအနန္တတို့သည်လည်း ဒုက္ခမီးစာဖြစ်၍ ကုန်ဆုံးခဲ့လေကုန်၏၊ ဘာဝနာမှုအနန္တတို့သည်လည်း ဒုက္ခမီးစာဖြစ်၍ ကုန်ဆုံးခဲ့လေကုန်၏၊ ဝီရိယမှုအနန္တ၊ သမာဓိမှုအနန္တ၊ ပညာမှုအနန္တ၊ အလိမ္မာမှုအနန္တတို့သည်လည်း ဒုက္ခမီးစာဖြစ်၍ ကုန်ဆုံးခဲ့လေကုန်၏၊ ယခုဘဝ၌လည်း ဒုက္ခအချက်ကို မသိခဲ့လျှင် နေ့ရှိသမျှ နေ့နေ့ညည ပင်ပန်းရသော သင်္ခါရမှု ဒါနမှု သီလမှု ဘာဝနာမှုတို့သည် ဒုက္ခမီးစာဖို့သာဖြစ်ကုန်လတ္တံ့။ ။ ဤကား ဒုက္ခအချက်ကို အမြွက်မျှပြဆိုသော အခန်းတည်း။

## သုခ အစစ်

သုခအစစ် သုခအမှန်ဆိုသည်ကား ထိုဇရာမရဏဘေး ကျွတ်လွတ်မှုတစ်ခုတည်းသာ သုခအစစ် သုခအမှန်ဖြစ်သတည်း၊ ထင်ရှားစေဦးအံ့- လူ့ပြည်၌ စကြာမင်းအစစ်သည် အလွန်ဆုံးသော မနုဿသုခ ဖြစ်၏၊ ထိုသုခသည် သုခအစစ် သုခအမှန် မဟုတ်၊ အတွင်းမှာ ဇရာမီး အပြည့်ရှိ၏၊ မရဏမီး အပြည့်ရှိ၏၊ သက္ကာယဒိဋ္ဌိငရဲမီး အပြည့်ရှိ၏၊ ဝိစိကိစ္ဆာငရဲမီး အပြည့်ရှိ၏၊ ဇရာမီးဆိုသည်ကား အသက်တမ်း အထွေထွေဖြစ်မှုသည် ဇရာမီးအတတ်တည်း၊ လူ့ပြည်မှာ ဖြစ်ပေါ်သော လူ့ခန္ဓာကို ဆယ်နှစ်နှင့် ကျွမ်းအောင် လောင်သောအခါ ဆယ်နှစ်တမ်းဖြစ်ရ၏၊ အနှစ် ၂၀-နှင့် ၃၀-နှင့် ၄၀-နှင့် ၅၀-နှင့် ကျွမ်းအောင် လောင်သောအခါ ၅၀-တမ်း ဖြစ်ရ၏၊ အနှစ်တစ်ရာနှင့် ကျွမ်းအောင် လောင်သောအခါ တစ်ရာတမ်း ဖြစ်ရ၏၊ အသင်္ချေတိုင်အောင် မြင်လေ၊ နတ်ပြည်ရှိ အသက်တမ်း- ဗြဟ္မာ့ပြည်ရှိ အသက်တမ်းတို့၌လည်း ဤနည်းအတိုင်း မြင်လေ။

> စာတုမဟာရာဇ်မီးသည် နတ်နှစ်ငါးရာနှင့် ကျွမ်းအောင်လောင်၏၊
> တာဝတိံသာမီးသည် နတ်နှစ် တစ်ထောင်နှင့် ကျွမ်းအောင်လောင်၏၊
> စသည်ဖြင့်ဆိုလေ၊ ခန္ဓာမှာ အနှစ်နည်းပါး၍ အသားကဲ့လေလေ မြန်မြန်
> ကျွမ်းအောင် လောင်လေလေမှတ်။

မိခင်ဇရာဝတီ

www.dhammaransi.com



အနှစ်တစ်ရာတမ်းမှာ ပထမအရွယ် ဒုတိယအရွယ် တတိယအရွယ် ရှိသည်တွင် တစ်ခုတစ်ခုသော အရွယ်ရုပ်မျိုးကို ၃၃-နှစ်နှင့် ကျွမ်းအောင်လောင်၏၊ မန္ဒဒသက စသော အရွယ်ရုပ်ဆယ်မျိုးတွင် တစ်မျိုးတစ်မျိုးကို ဆယ်နှစ် ဆယ်နှစ်နှင့် ကျွမ်းအောင်လောင်၏။

တစ်နှစ်တစ်နှစ်တွင် ဆောင်းရုပ်မျိုး နွေရုပ်မျိုး မိုးရုပ်မျိုး ဟူ၍ ၃-မျိုးရှိသည်တွင် တစ်မျိုးတစ်မျိုးကို လေးလ လေးလနှင့် ကျွမ်းအောင်လောင်၏၊ တန်ခူးရုပ်မျိုး ကဆုန်ရုပ်မျိုး စသည်ဖြင့် ၁၂-မျိုးရှိသည်တွင် တစ်မျိုးတစ်မျိုးကို အရက် ၃၀-နှင့် ကျွမ်းအောင်လောင်၏၊ တစ်ရက်တစ်ရက်ကို ၆-ယံနှင့် ကျွမ်းအောင်လောင်၏ စသည်ဖြင့် ထွက်သက်ဝင်သက် မျက်တောင်တစ်ခပ် တိုင်အောင် စိတ်လေ။

လောက၌ ခဏအမျိုးမျိုး ရှိနေသည်မှစ၍ မဟာကမ္ဘာကြီး အမျိုးမျိုး ရှိနေမှုသည် ဇရာမီးအချက်ချည်းမှတ်၊ မရဏမီးဆိုသည်မှာ ဇရာမီး၏ နောက်အစွန်းကို ဆိုသတည်း၊ ဇရာမီးသည်သာ၍ ကြောက်ဖွယ်ကောင်းစွ၊ ဤကား ဇရာမီး၏အချက် မျက်မြင်ဒိဋ္ဌစုတည်း၊ ဇရာဓာတ်ကို မြင်အောင်ကြည့် ဓာတ်ကို မမြင်လျှင် ပြဆိုခဲ့ပြီးသော အဖြတ်အပိုင်းတို့၌ အမှုသည်ကို ရှာ၍မတွေ့ဘဲ နေလိမ့်မည်၊ ဤကား ဇရာမီးအချက်ကို အမြွက်မျှပြဆိုခန်းတည်း။ ။မရဏမီးမှာ ပြဆိုခဲ့လှပြီ။ သက္ကာယဒိဋ္ဌိမီးကိုလည်း ပြဆိုခဲ့ပြီ။

ဝိစိကိစ္ဆာမီးဆိုသည်ကား- အဝိဇ္ဇာနှင့် ဝိစိကိစ္ဆာမီးကား ရှေ့သွား နောက်လိုက်တည်း၊ ထိုဝိစိကိစ္ဆာသည် ဓမ္မအရာ၌ ဖြစ်သော ဝိစိကိစ္ဆာ၊ အတ္တအရာ၌ ဖြစ်သော ဝိစိကိစ္ဆာ ဟူ၍ နှစ်ပါးရှိ၏၊ ခန္ဓာဓမ္မ အာယတန ဓမ္မ ဓာတ်ဓမ္မတို့တွင် အစိတ်စိတ်သော ဓာတ်, အပေါင်းဖြစ်သော ဓာတ်တို့ကို မိမိကိုယ်မှာ ကြည့်ရှုသောအခါ စိတ်မှောင်ကျ၍နေသည်ကား အဝိဇ္ဇာတည်း၊ တစ်ခေါက်တစ်ခါမျှ မပေါက်ဖူး မရောက်ဖူးဘဲ သူပြော လူပြောလို့ မှတ်၍ ခရီးသွားသော ယောကျ်ားသည် မသိမှုအပေါ်မှာ မျက်စိလည်မှု ပိုပြန်၍ မျက်နှာရှေးရှုသော အရပ်သည် အဟုတ်ဖြစ်ပါလျက် ဟုတ်-မဟုတ် စိတ်နှစ်ခွ ရှိနေ၍ အသွားတွန့် လေသကဲ့သို့ စိတ်က မြေဓာတ်ကိုရှေးရှုမိပါလျက် အဝိဇ္ဇာမှောင်ကြောင့် မြေဓာတ်ဘဲဟု

အသိမဖြစ်၊ ဝိစိကိစ္ဆာကြောင့် ရှေးရှုမှု အနေပျက်၍ ဟုတ်-မဟုတ် နှစ်လမ်းနှင့် ဦးယမ်း လည်ယမ်း ပရမ်းပတာ နောက်၍ သွား၏။ ထိုအခါ စိတ်ပျက်၍ ဆုတ်တတ်၏။ ဤကား ဝိစိကိစ္ဆာမှုတည်း။

အတ္တအရာ၌ ဖြစ်ပုံကား- ပဋိစ္စသမုပ္ပါဒ်အချက်ကို အကွက်ကျ ဉာဏ်မပေါက်ဖူးကြကုန်သော သတ္တဝါတို့တွင် မိစ္ဆာဒိဋ္ဌိတို့သည် သေမည်ရှိလျှင် အတ္တကို တွယ်တာ၍ သည်ငါသေလျှင် ငါဖြစ်နိုင်ဦးမည်လောဟု စိတ်ပူပန် ကြကုန်၏၊ သမ္မာဒိဋ္ဌိလူမျိုးတို့သည် အတ္တကိုတွယ်တာ၍ ငါသေရတော့ မည်လားဟု ပူပန်မှု၊ အပါယ်သို့ ကျရောက်မည်လောဟု ပူပန်မှု ရှိကြကုန်၏၊ ထိုပူပန်မှုတို့သည် အပါယ်သို့ တွန်းချမှု သက်သက်တို့ပေတည်း။

ဤသို့သော သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာမှုတို့သည် သေခါနီးတိုင် ရောက်လျှင် တောင်ကြီးဖိသကဲ့သို့ လာကြမြဲဓမ္မတာ ဖြစ်၍နေသောကြောင့် သေလျှင် မိမိကိုယ်ကို ကျလိုရာကျ လွှတ်၍ချရသော ဝိနိပါတ ဒုက္ခအပြစ်ကြီးကို ထိုစကြာမင်း မကွင်းမရှောင်သာချေ၊ ဤကား စကြာမင်းအဖြစ်ဟူသော မနုဿသုခ၌ ဇရာမီးလောင်ချက်, မရဏမီးလောင်ချက်, သက္ကာယဒိဋ္ဌိ ငရဲမီးလောင်ချက်, ဝိစိကိစ္ဆာငရဲမီးလောင်ချက်, ဝိနိပါတဒုက္ခမီးလောင်ချက်စုကို ပြဆိုသော အခန်းပေတည်း။

နတ်ခန္ဓာ နတ်ဘဝ၊ သိကြားခန္ဓာ သိကြားဘဝ၊ ပြဟ္မာ့ခန္ဓာ ပြဟ္မာ့ဘဝတို့မှာလည်း ထိုက်သည်အားလျော်စွာ ထိုမီးတို့ကို မြင်လေ။

ထိုမီးတို့နှင့် နိစ္စအမြဲ ယှဉ်တွဲ၍နေခြင်းကြောင့်သေနေ့သို့ ဆိုက်သောအခါ တစ်ဘဝလုံး ခံစားစံစားခဲ့သမျှတို့သည် အရည်မရ အဖတ်မရ ကွယ်ပပျောက်ဆုံး၍ ကုန်ကုန်၏၊ သေကြသောအခါ ထိုလူ့ခန္ဓာ နတ်ခန္ဓာ ပြဟ္မာ့ခန္ဓာ ကွယ်ပပျောက်ဆုံးလေ၏၊ လက်ချည်းနှီးသို့ ဆိုက်ပြန်၏၊ သန်း ကြမ်းပိုး ခွေး ဝက် ကြက် တီ မျှော့ ကျွတ်စသည်တို့မှာ တည်ပြန်၏။

ကဿပ မြတ်စွာဘုရားသာသနာ၌ ဘိက္ခုနီရဟန်းဖြစ်၍ ပဌမစျာန်ကိုရ၍ ပြဟ္မာ့ပြည်မှာဖြစ်လေ၍ ထိုမှသေသောအခါ လူ့ပြည်မှာ ဖြစ်၍ ထိုမှ ဝက်ဘဝသို့ ရောက်နေရာ ငါတို့မြတ်စွာဘုရား မြင်တော်မူ၍-

www.dhammaransi.com



ယထာ ပိ မူလေ အနုပဒ္ဒဝေ ဒဠှေ၊
ဆိန္နော ပိ ရုက္ခော ပုနရေဝ ရူဟတိ။
ဧဝံ ပိ တဏှာနုသယေ အနူဟတေ၊
နိဗ္ဗတ္တတီ ဒုက္ခ မိဒံ ပုနပ္ပုနံ။
ဟူ၍ ဟောတော်မူသည်။

ဝက်အဖြစ်သို့ ရောက်သောအခါ သာသနာထမ်း ရဟန်းဘဝက လာခဲ့သော ဝက်, ပြဟ္မာ့ပြည်က လာခဲ့သော ဝက်ဟူ၍ မထူးပြီ။

ဤသို့လျှင် မရဏမီး ချုပ်အုပ်လောင်ကျွမ်းမှုနှင့် ယှဉ်သော သုခတို့သည် အစစ်မဟုတ်ကုန်၊ ဒုက္ခအစစ် ဒုက္ခအမှန်သာ ဖြစ်ကြကုန်၏၊ ထို့ကြောင့် ဇရာမရဏ ကျွတ်လွတ်မှုတစ်ခုသည်သာ ဧကန္တသုခ စင်စစ်သုခ ပရမတ္ထသုခ ဖြစ်သည်ဟု သိအပ်သတည်း၊ ယင်းသုခကို သတ္တကောသလ္လဌာနမှာ နိဿရဏ ခေါ်သတည်း။

ဒုက္ခသစ္စာစစ်တမ်း သုခသစ္စာစစ်တမ်း ပြီး၏။

-----------------------

## လမ်းမတော် နှစ်မျိုး

ဒုက္ခသစ္စာသို့ သွားသောလမ်း သုခသစ္စာသို့ သွားသောလမ်း။ ။ယခု လောက၌ ခပ်သိမ်းသော သတ္တဝါတို့ ပုပုရွရွ နေ့နေ့ညည အားထုတ်ကြသော အမှုတို့ကို ဝိဇ္ဇာမှုလော အဝိဇ္ဇာမှုလော စစ်၍ကြည့်။

**ဝိဇ္ဇာမှုဆိုသည်ကား-** ပြဆိုခဲ့ပြီးသော သတ္တကောသလ္လဌာနတို့၌ ဖြစ်ပွါးသော သမ္မာဒိဋ္ဌိမှုတည်း။ ။မြေဓာတ်ကို ပေါက်အောင်ကြည့်မှု၊ ရေဓာတ်ကို ပေါက်အောင်ကြည့်မှု၊ မီးဓာတ်ကို ပေါက်အောင်ကြည့်မှု၊ လေဓာတ်ကို ပေါက်အောင်ကြည့်မှု စသည်ကို ဝိဇ္ဇာမှုဆိုသည်။

**အဝိဇ္ဇာမှုဆိုသည်ကား-** အနမတဂ္ဂသံသရာ၌ မိမိ၏ အဇ္ဈတ္တ မြေဓာတ် ရေဓာတ် မီးဓာတ်စသည်တို့၌ အစဉ်ထာဝရ အမြဲကျ၍လာခဲ့သော စိတ်မှောင်ကြီးသည် ရှိ၏၊ ထိုမှောင်ကြီးအတိုင်းနှင့် ဘဝဆက်တိုင်း ပြုမြဲတိုင်းသော လူ့အမှု လူ့ကိစ္စ, ရှင့်အမှု ရှင့်ကိစ္စ, ဒါနမှု, သီလမှု, ဖြစ်တတ်ရာရာ ဘာဝနာမှု, ပရိယတ်မှု, ပဋိပတ်မှု, ဒုစ္စရိုက်မှု, သုစရိုက်မှု, ခံစားမှု, စံစားမှုစသည် အဝိဇ္ဇာမှု ချည်းသာတည်း၊

www.dhammaransi.com



အဝိဇ္ဇာမှုဟူသမျှသည် **အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ လ ။ ဇာတိပစ္စယာ ဇရာမရဏံ-** ဟူသော ဒေသနာတော်အတိုင်း ဇရာမရဏ ချုပ်အုပ်သော ဒုက္ခသစ္စာသို့ သွားသော အနမတဂ္ဂသံသရာ မဟာလမ်းမတော်ကြီး ဖြစ်သတည်း၊ ဤအဝိဇ္ဇာမှု မှာ အဝိဇ္ဇာကို အသစ်ထူထောင်ရတော့သည် မဟုတ်ပြီ၊ အနမတဂ္ဂ သံသရာက အပြီးအစီး ပါခဲ့ပြီးဖြစ်သတည်း။

ဝိဇ္ဇာမှုမှာမူကား ယခု သဗ္ဗညုသာသနာနှင့် တွေ့ကြုံသောအခါ၌ ထို အဝိဇ္ဇာကိုသတ်၍ ထိုအဝိဇ္ဇာနေရာမှာ ဝိဇ္ဇာဖြစ်အောင် ထူထောင်ရသော အလုပ် ပေတည်း၊ ထိုဝိဇ္ဇာမှုသည်ကား **အဝိဇ္ဇာနိရောဓာ သင်္ခါရ နိရောဓော။ လ။ ဇာတိ နိရောဓာ ဇရာမရဏ နိရောဓော**-ဟူသော ဒေသနာတော်အတိုင်း ဇရာ မရဏ ကျွတ်လွတ်ရာ သုခသစ္စာသို့သွားသော ဘုရား ပစ္စေကဗုဒ္ဓါ အရိယာ သာဝက အနမတဂ္ဂသံသရာ၌ ကျွတ်လွတ်ကြသော နိဿရဏ လမ်းမတော်ကြီးတည်း။ ။ ဤကား ဒုက္ခသစ္စာသို့ သွားသောလမ်းမတော်ကြီး၊ သုခသစ္စာသို့ သွားသော လမ်းမတော်ကြီးဟူ၍ စုန်လမ်းဆန်လမ်း နှစ်ပါးကို ခြားနား၍ ပြဆိုသော အခန်းတည်း။

ဝိဇ္ဇာလမ်းမှာ ခန္ဓာငါးပါးကို ပြဆိုခဲ့သည်ကား အလွန်များလွန်း ကျယ်လွန်း ၏၊ မြေ ရေ မီး လေ စိတ် ဤဓာတ်ငါးလုံး ပေါက်လျှင်ပင် ပြီးတော့သည်။

ယခုအခါ ရောမနိုင်ငံ အပါအဝင်ဖြစ်သော တက္ကသိုလ်ဘုရင် ပက္ကုသာတိ မင်းကြီးသည် ဤဓာတ် ၅-လုံးနှင့် အာကာသဓာတ်၊ ဤဓာတ် ၆-လုံးကို မူတည်၍ ပေါက်လေ၏။

ဆ ဓာတုရော အယံ ဘိက္ခု ပုရိသော။

ဘိက္ခု= ရဟန်း၊ အယံ ပုရိသော=ဤသတ္တဝါစုသည်၊ ဆ ဓာတုရော=ဓာတ် ၆-လုံးရှိ၏။

(ဥပရိပဏ္ဏာသ-ပါဠိတော်။)

အာကာသဓာတ် ဆိုသည်မှာ ခံတွင်းပေါက်, နားပေါက်, လည်ချောင်း ပေါက်စသော အပေါက်ကြီးစုကိုပင် ပြတော်မူသည်၊ ထို့ကြောင့် ဓာတ် ၅-လုံးကို မူတည်၍ ကောသလ္လဋ္ဌာန ၇-ပါး အစဉ်အတိုင်း ထင်မြင်အောင် အားထုတ်

www.dhammaransi.com



နိုင်ကြမူ ယခုဘဝပင် ဝိဇ္ဇာမှု သုခသစ္စာလမ်း ပေါက်နိုင်ရာပါ၏၊ ဤကား ဒုက္ခသစ္စာ, ဒုက္ခမဂ္ဂ, သုခသစ္စာ, သုခမဂ္ဂ သစ္စာလေးပါးဖြစ်၏ အောက်ကပြဆိုခဲ့ပြီးသော အစဉ်အတိုင်း သစ္စာလေးပါးကိုပြဆိုမှ နေရာကျသိမြင် ထင်လင်းနိုင်မည်ဖြစ်၍ ပဋိစ္စသမုပ္ပါဒ် အနုလောမ ပဋိလောမ ဒေသနာတော်နည်းအရနှင့် သစ္စာလေးပါးကို ပြဆိုလိုက်သည်။

စတုသစ္စဒေသနာတော် နည်းအရနှင့် ပြဆိုမူကား- ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ ဒုက္ခသစ္စာမှာ အောက်ကပြဆိုခဲ့ပြီးသော ဒုက္ခအစစ် ဒုက္ခအမှန်စုပင်တည်း၊ သမုဒယသစ္စာမှာ တဏှာကိုယူ၊ နိရောဓသစ္စာမှာ ပြဆိုခဲ့ပြီးသော သုခအစစ် သုခအမှန် ခေန္တသုခ အတိုင်းပင်တည်း၊ မဂ္ဂသစ္စာမှာလည်း ဝိဇ္ဇာမှုအတိုင်းပင်တည်း၊ မဂ္ဂင်ရှစ်ပါး၏ အခြင်းအရာကိုကား စတုတ္ထ ကောသလ္လဌာန၌ ပြဆိုခဲ့ပြီ။ ။အဝိဇ္ဇာနှင့်တဏှာမှာ အဝိဇ္ဇာချုပ်လျှင်လည်း တဏှာချုပ်တော့သည်။ မထူးကြလှပြီ။

လုပ်ခွင့်လုပ်ရပ်နှင့် ပြဆိုရာ၌ကား ဝိဇ္ဇာ၏ အဖက်ဖြစ်သော အဝိဇ္ဇာကို သမုဒယသစ္စာပြု၍ပြဆိုမှ ကမ္မဋ္ဌာန်းလုပ်ရပ် အကွက်အချက် သိသာထင်ရှားသတည်း။

သစ္စာလေးပါးကို ပြဆိုခန်း ပြီး၏။

ဤတွင်ရွေ့ကား

ဘာသာတစ်ပါးတို့ မလှုပ်ချောက်ချား နိုင်စေခြင်းငှါသိအပ် နှလုံးသွင်းအပ်သော

တရားများကို သိလိုပါသည် ဟူသော နဝမ လျှောက်ချက်ကို ဖြေဆိုခန်း ပြီး၏။

----------------------

## ဒုလ္လဘ ဩဝါဒတော်

### ၁။ မနုဿတ္တဒုလ္လဘ

လူ့အဖြစ်ကို ရခဲလှသည် ဆိုရာ၌- အပါယဒုက္ခမှ ကင်းလွတ်၍ မနုဿသမ္ပတ္တိနှင့် ချမ်းသာစွာနေရသည့်အတွက်နှင့် ဆိုသလော၊ ကုသိုလ်အလုပ်မျိုး ဖြစ်ထွန်းရန် အခွင့်နှင့်ဆိုသလော၊ ချမ်းသာစွာနေရသည့်အတွက်နှင့် ဆိုပါသည် ဟူငြားအံ့၊ လူ့ချမ်းသာမည် သည် နတ်ချမ်းသာကို ထောက်စာသော် ချမ်းသာဟူ၍

www.dhammaransi.com



မဆိုစလောက်၊ ထိုကြောင့် ချမ်းသာစွာနေရသည့် အတွက်နှင့် ဒုလ္လဘဆိုခဲ့သော် ဒေဝတ္တဒုလ္လဘ ဗြဟ္မတ္တဒုလ္လဘတို့ကို ရှေးဦးစွာဆိုရာ၏ မဆို၊ ထိုကြောင့် ချမ်းသာစွာ နေရသည့်အတွက်နှင့် ဆိုသည်မဟုတ်၊ ကုသိုလ်အလုပ်မျိုး ဖြစ်ထွန်းရန် အခွင့်နှင့်ဆိုသည်ဟု သိအပ်၏။

ထင်ရှားစေအံ့- ကုသိုလ်အလုပ်သည် မနုဿသမ္ပတ္တိ ဒေဝသမ္ပတ္တိ ဗြဟ္မာသမ္ပတ္တိ ပေါက်ရောက်အောင် လုပ်နည်း၊ ဗောဓိသုံးပါး ပေါက်ရောက်အောင် လုပ်နည်း ၂-လမ်းရှိ၏၊ ထို ၂-လမ်းတွင် မနုဿသမ္ပတ္တိကို လိုလျှင်လည်း လူ့ပြည်က လုပ်မှရသည်၊ နတ်ပြည် ၆-ထပ် ဒေဝသမ္ပတ္တိကို လိုလျှင်လည်း လူ့ပြည်ကလုပ်မှရသည်၊ ဗြဟ္မာသမ္ပတ္တိကို လိုလျှင်လည်း လူ့ပြည်က လုပ်မှရသည် ဗောဓိသုံးပါးတွင် တစ်ပါးပါးကို လိုလျှင်လည်း လူ့ပြည်က လုပ်မှရသည်၊ မဟာဗောဓိ အလုပ်ကို လုပ်ကြံကြကုန်သော ယောက်ျားမြတ်ကြီးတို့သည် ယခု အန္တရကပ်တွင်းမှာပင် ဗြဟ္မာ့ပြည်သို့ အခေါက်များစွာ ရောက်ကြကုန်၏၊ ရောက်ကြကုန်သော်လည်း ဗြဟ္မာ့ချမ်းသာကို တာရှည်စွာခံစား၍ မနေကြကုန်၊ အဓိမုတ္တိသေခြင်းဖြင့် မိမိကိုယ်ကို သေအောင်ပြု၍ လူ့ပြည်သို့သာ ဆင်းလာကြကုန်၏၊ လူ့ပြည်မှာ စကြာမင်းဖြစ်သော်လည်း အတော်အလျော်ခံစားမိလျှင် ထိုစည်းစိမ်ကို စွန့်၍ မဟာဗောဓိ ပါရမီအလုပ်ကိုသာ တွင်တွင်လုပ်ကြကုန်၏။

သဘောအချုပ်ကား ပညာရှိသောသူသည် လူ့ဘဝကို တစ်ခါရလိုက်လျှင် လောကီသမ္ပတ္တိအရာမှာ မနုဿသမ္ပတ္တိပေါင်း အသောင်း အသိန်းထူထောင်မိ၏ ဒိဗ္ဗသမ္ပတ္တိပေါင်း အသောင်းအသိန်းထူထောင်မိ၏ ကမ္ဘာများစွာ ချမ်းသာရှည်လျားသော ဗြဟ္မာ့သမ္ပတ္တိပေါင်းလည်း ထူထောင်မိ၏။

ချဲ့ဦးအံ့- မနုဿသမ္ပတ္တိတွင် စကြာမင်းအဖြစ်သည် အထွတ် အထိပ်တည်း၊ စကြာမင်းအဖြစ်ကိုရသောသူသည် ထိုစကြာမင်း စည်းစိမ်ကို အသက်ထက်ဆုံး သုံးဆောင်ခံစား၍နေခဲ့သော် ခံစံမှုနှင့် လူ့တစ် ဘဝပြီးလေ၏၊ သေရာတွင် စည်းစိမ်လည်း ကွယ်ပလေ၏၊ အတိဒုလ္လဘ ရခဲလှသော လူ့ဘဝကိုလည်း အချည်းနှီး ကုန်ဆုံးစေ၏၊ ဒုလ္လဘအချက်ကိုသိ၍ ရရှိသောစည်းစိမ်ကို စွန့်နိုင်ပါလျှင် ထို စကြာမင်းစည်းစိမ်လို စကြာမင်းစည်းစိမ်ပေါင်း စကြာမင်းဘဝပေါင်း တစ်သောင်းမက တစ်သိန်းမက ရနိုင်၏၊ ထိုစကြာမင်း စည်းစိမ်ထက် ကြီးကျယ်

www.dhammaransi.com



သော နတ်မင်းဘဝပေါင်း တစ်သောင်းမက တစ်သိန်းမက ရနိုင်၏၊ သိကြားမင်း စည်းစိမ်ပေါင်း တစ်သောင်းမက တစ်သိန်းမက ရနိုင်၏၊ နတ်မင်း သိကြားမင်း ချမ်းသာထက် အဆအသိန်းမက ချမ်းသာသော မဟာဗြဟ္မာဘဝကိုလည်း ရနိုင်၏၊ မဟာကမ္ဘာကြီး ရှစ်ကမ္ဘာ အသက်ရှည်သော အာဘဿရာ ဗြဟ္မာမင်း စည်းစိမ်ကို လည်း ရနိုင်၏၊ ၆၄-ကမ္ဘာ အသက်ရှည်သော သုဘကိဏှ ဗြဟ္မာမင်း, မဟာကမ္ဘာ ငါးရာ အသက်ရှည်သော ဝေဟပ္ဖိုလ် ဗြဟ္မာမင်း, အထက်ဆုံးဘဝဂ်မှာ မဟာကမ္ဘာ ပေါင်း ရှစ်သောင်းလေးထောင် အသက်ရှည်သော အရူပဗြဟ္မာ အဖြစ်ကိုလည်း ရနိုင်၏။

ဤကား လူ၏ဘဝ တစ်ကြိမ်ရလျှင် ရနိုင်သော လောကီစီးပွား လမ်းစု တည်း၊ ရရှိသောစကြာမင်း စည်းစိမ်ကို မစွန့်နိုင်လျှင် ထိုစည်းစိမ်ကို မလွတ်နိုင် သည့်အတွက် စီးပွားလမ်းအကုန်ပျက်၏၊ ထိုကြောင့် လူ့ဘဝကို ရသောသူ မည်သည် စကြာမင်း စည်းစိမ်ကိုသော်လည်း စွန့်လွှတ်နိုင်ရာ၏၊ လောကီစည်းစိမ် ကို ဘဝများစွာ ကမ္ဘာများစွာ ခံစံလိုသောသူသည် လောကီစည်းစိမ် အတွက်နှင့်ပင် ယခုဘဝရရှိသော စည်းစိမ်ချမ်းသာကို စွန့်လွှတ်နိုင်ရာ၏၊ မစွန့်လွှတ်နိုင်ခဲ့လျှင် ပြည်တန်သော ပတ္တမြားကို ထမင်း တစ်ထပ်စာနှင့် အဆုံးတိုင် ရောင်းစား သည်နှင့်တူ၏၊ လူ့ဘဝမည်သည် ဤမျှလောက် အဖိုးထိုက်တန်သော ဘဝ ပေတည်း၊ ဗောဓိ ၃-ပါးတွင် တစ်ပါးပါးကို ရလိုသောသူသည်မူကား သာ၍ စွန့်လွှတ်နိုင်ရာသတည်း၊ လူ့ဘဝမည်သည် အသိဉာဏ်ရှိသော သူတို့အား ခပ်သိမ်း သော လောကီ လောကုတ္တရာ ချမ်းသာသုခ လိုတိုင်းရနိုင်သော ဘဝပဒေသာ ပင်ကြီးပေတည်း။

တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊
သမ္ပဿံ အတ္ထ မတ္တနော။
ဘဝပ္ပဒေသကံ လဒ္ဓါ၊
စရေယျ ကပဏံ သုခံ။

တသ္မာ ဟိ=ထို့ကြောင့်လျှင်၊ ပဏ္ဍိတော=ပညာရှိသော၊ ပေါသော= ယောက်ျားပြီသသူသည်၊ အတ္တနော=မိမိ၏၊ အတ္ထံ=ဖြစ်ထွန်းရာသော နောင်လာ အကျိုးစီးပွားကို၊ သမ္ပဿံ=ကောင်းစွာကြည်လင် အရှည်မြင်သည်ရှိသော်၊

www.dhammaransi.com



ဘဝပဒေသကံ=ဘဝများစွာ ကမ္ဘာဘာဖို့ ချမ်းသာသုခ လုပ်တိုင်းရနိုင်သော ဘဝပဒေသာပင်ကြီးကို၊ လဒ္ဓါ=ရသောအခါ ဖြစ်၍၊ ကပဏံ သုခံ=မျက်တောင် တစ်ခတ် လျှပ်တစ်ပြက်နှယ် အသက်နည်းပါး အနာများလျက် ခေါင်းပါးလူ့ဖြစ် ပူချစ် လောင်ဆာ ဗျာပါပွေရှုပ် စည်းစိမ်နုပ်ကလေးများကို၊ စဇေယျ=စွန့်လွှတ် နိုင်ရာ၏။

မနုဿတ္တ ဒုလ္လဘပြီး၏။

---------------------

## ၂။ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ

ဘုရားပွင့်ရာ သာသနာနှင့် ကြုံကြိုက်ခဲ့သည်ဟူရာ၌ အဘယ်တရား အတွက်နှင့် ဆိုပါသနည်း?၊ လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာကို ရရာ ရကြောင်းဖြစ်သော ဒါနတရား သီလတရား ဘာဝနာတရားများအတွက်နှင့် ဆိုပါသလော?၊ ဘုရားသာသနာအစစ်ဖြစ်သော ဗောဓိပက္ခိယတရား ၃၇-ပါး အတွက်နှင့် ဆိုပါသလော?၊ ဒါန သီလ ဘာဝနာ သာမညများသည် ကမ္ဘာ့တန်ဆာ ဓမ္မတာတရားစုဖြစ်သည်၊ ဘုရားမပွင့်သော သုညကမ္ဘာတို့မှာလည်း လူနတ်ဗြဟ္မာ ကမ္ဘာနှင့်အပြည့် ရှိကြသည်ပင်၊ ဘုရားမပွင့်ရာ စကြဝဠာအနန္တတို့မှာလည်း လူ နတ် ဗြဟ္မာ စကြဝဠာနှင့် အပြည့်အပြည့် ရှိကြသည်ပင်၊ ထိုလူ နတ် ဗြဟ္မာ တို့သည်လည်း အလေ့ပေါက် မဟုတ်ကြ၊ ဒါန သီလ ဘာဝနာနှင့် ဖြစ်ကြရသည်၊ ထို့ကြောင့် ဗောဓိပက္ခိယတရား ၃၇-ပါးဟူသော ဘုရားသာသနာ အစစ် အတွက်နှင့် ဆိုပေသည်ဟု သိအပ်သည်၊ အချို့ လူတို့ကား အထုံဝါသနာ ပါရမီဗီဇ ဖြစ်ကြရသည်ကိုပင် အားရအံ့ချီး အကျိုးကြီးပြုလုပ်၍ ပြောဟောကြကုန်၏၊ ဗောဓိပက္ခိယအနှစ်အမြစ်မပါ အကာအပွေးမျှသာဖြစ်သော အထုံဝါသနာ ပါရမီဗီဇ သာမညများသည် သာသနာပသို့ ရောက်သောအခါ မိစ္ဆာဒိဋ္ဌိ တစ်ချက် လောက် ငြိလျှင်ပင် လွင့်စင် ပြယ်ပျောက်၍ ဝဋ္ဋာနုသာရီ မဟာပုထုဇန်အနေနှင့် သံသရာ့တစ္ဆေ သံသရာ့မြေဘုတ် မြုတ်မြဲမျောမြဲ တလဲလဲသာ ဖြစ်ရာသည်။

> တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ အတ္ထ မတ္တနော၊
> သာသနံ အနုယုဉ္ဇေယျ၊ ဒိဋ္ဌာ ဗောဓိ ပဒေသကံ။

တသ္မာ ဟိ=ထို့ကြောင့်လျှင်၊ ပဏ္ဍိတော=ပညာရှိသော၊ ပေါသော=

www.dhammaransi.com



ယောက်ျားပြီသသူသည်၊ အတ္တနော=မိမိ၏၊ အတ္ထံ=နောင်အလောင်းအလျာ ပါရမီညာဉ် အစဉ်ခြေမြစ် အနှစ်ရဲရဲ အကယ်မြဲ၍ သွားရန်အကျိုးကို၊ သမ္ပဿံ= ကောင်းစွာမြော်မြင်လျက်၊ ဗောဓိပဒေ သက်း=သုံးဖြာဗောဓိ ဝိဝဋ္ဋဓမ္မ လိုတိုင်း ရသော ဗောဓိပဒေသာပင်ကြီးကို၊ ဒိဋ္ဌာ=တွေ့ကြုံရ၍၊ သာသနံ=သဗ္ဗညုမြတ်စွာ သာသနာအနှစ် အစစ်ကေန် တကယ်မှန်သော သတိပဋ္ဌာန် ၄-ပါး, သမ္မပ္ပဓာန် ၄-ပါး, ဣဒ္ဓိပါဒ် ၄-ပါး, ဣန္ဒြေ ၅-ပါး, ဗိုလ် ၅-ပါး, ဗောဇ္ဈင် ၇-ပါး, မဂ္ဂင် ၈--ပါး ဟူသော ဗောဓိပက္ခိယ တရားများကို၊ အနုယုဉ္ဇေယျ၊ အားထုတ်ရာသတည်း။

ဗုဒ္ဓုပ္ပါဒဒုလ္လဘ ပြီး၏။

## ၃။ ပဗ္ဗဇိတ ဒုလ္လဘ

ပဗ္ဗဇိတသည် ပညာပဗ္ဗဇိတ သဒ္ဓါပဗ္ဗဇိတ ဘယာပဗ္ဗဇိတ။ ။ ရှေ့ နှစ်ပါး ကား ပါရမီရှိမှ ဖြစ်သည်၊ ဘယာပဗ္ဗဇိတဆိုသည်ကား မင်းဘေးသင့်၍ အနာဘေး သင့်၍ ရန်သူဘေးသင့်၍ လူမှုကျပ်လှ၍ လူရေမလယ်လှ၍ ရဟန်းဖက်၌ အသက်မွေးဝမ်းကျောင်း လွယ်လှ၍ ပြုကြသောရဟန်းစုကား ဘယာပဗ္ဗဇိတ ချည်းတည်း၊ သဗ္ဗညုသာသနာမည်သည် ပညာအလုပ်တည်း၊ လူဖြစ်စေ ရဟန်း ဖြစ်စေ ပညာရှိရာမှာ သာသနာနေသည်၊ ခြင်္သေ့ဆီသည် သိင်္ဂီရွှေခွက်မှာသာ နေသကဲ့သို့တည်း။

**ထင်ရှားစေဦးအံ့**--သဗ္ဗညုဘုရား သာသနာမည်သည် နတ်ပွဲ ဗြဟ္မာပွဲသာ တည်း၊ လူသည် နတ် ဗြဟ္မာ တစ်ကုဋေမှာ တစ်ယောက်ကျမျှရှိမည်မဟုတ်၊ ရဟန်း သည်လည်း လူတစ်သောင်းမှာ တစ်ယောက်ကျမျှရှိမည်မဟုတ်၊ သာဝတ္ထိ ပြည်မှာ လူအရိယာပေါင်း ကုဋေများစွာလာသည်၊ သာဝတ္ထိပြည်သား အကျွတ်ရသော ရဟန်းတစ်သိန်းမျှ ထွက်မည်မဟုတ်၊ ထို့ကြောင့် ဘုရား သာသနာ၌ ပညာပဗ္ဗဇိတ သဒ္ဓါပဗ္ဗဇိတများကိုရည်၍ ပဗ္ဗဇိတဒုလ္လဘ ဆိုသည်ဟုမှတ်၊ ပညာပဗ္ဗဇိတမျိုးကား အသိကိုမဲသည်၊ သဒ္ဓါပဗ္ဗဇိတမျိုးကား အကျင့်ကို မဲသည် ဘယာပဗ္ဗဇိတမျိုးကား ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါး ပရိက္ခရာမှုကို ဂရုစိုက်၍မဲသည်။

ပညာပဗ္ဗဇိတော ပညံ၊ သဒ္ဓံ သဒ္ဓါ ပရိဗ္ဗဇော။
ဘယာပဗ္ဗဇိတော လာဘံ၊ အနုယုဉ္ဇန္တိ သာသနေ။

သာသနေ=သာသနာတော်၌၊ ပညာ ပဗ္ဗဇိတော=ပညာပဗ္ဗဇိတ ရဟန်းမျိုး

www.dhammaransi.com



သည်၊ ပညံ=တတ်မှု သိမှုကို၊ သဒ္ဓါ ပရိဗ္ဗဇော=သဒ္ဓါပဗ္ဗဇိတသည်၊ သဒ္ဓံ=ခုတင်စသော သဒ္ဓါမှုကို၊ ဘယာပဗ္ဗဇိတော=ဘယာပဗ္ဗဇိတ ရဟန်းမျိုးသည်၊ လာဘံ=ပစ္စည်းလာဘ် လာဘမှုကို၊ အနုယုဥ္ဇန္တိ=မဲကြကုန်၏။

[မြင်လျှင်သိဖို့ ပဗ္ဗဇိတ လက္ခဏာသုံးပါး]

ပညာပဗ္ဗဇိတော ပညံ၊ သဒ္ဓံ သဒ္ဓါ ပရိဗ္ဗဇော။
လောဘာပဗ္ဗဇိတော လောဘံ၊ မောဟံ မောဟာပရိဗ္ဗဇော။ ။

ပညာပဗ္ဗဇိတော=ပညာပဗ္ဗဇိတသည်၊ ပညံ=တတ်မှုသိမှုကို၊ သဒ္ဓါပရိဗ္ဗဇော=သဒ္ဓါပဗ္ဗဇိတသည်၊ သဒ္ဓံ=ခုတင်စသော သဒ္ဓါမှုကို၊ လောဘာပဗ္ဗဇိတော=အစားကောင်း အဝတ်ကောင်း အိပ်ရာ နေရာကောင်း အရိပ်အဝါသကောင်းနှင့် နေရသည်ကို သာယာသော လောဘဖြင့် ရဟန်းပြုသောသူသည်၊ လောဘံ=အကောင်းအမွန် အတင့်အတယ် အဖွယ်အရာ သာယာမှုကို၊ မောဟာပရိဗ္ဗဇော=သာသနဝမ္မ ခက်ခဲလှပုံကို မသိဘဲ စွပ်မိရာဖြစ်၍နေသော ရဟန်းသည်၊ မောဟံ=အမေ့တလျော့ အမှတ်တမဲ့နှင့် နေ့ကုန်မှုကို၊ အနုယုဥ္ဇန္တိ=မြဲကြကုန်၏။

[မြင်လျှင်သိဖို့ ပဗ္ဗဇိတ လက္ခဏာလေးပါး။]

ပဗ္ဗဇိတဒုလ္လဘ ပြီး၏။

------------------

## ၄။ သဒ္ဓါသမ္ပတ္တိ ဒုလ္လဘ

| | |
|---|---|
| ၁။ ပသာဒသဒ္ဓါ၊ | ၃။ အာဂမသဒ္ဓါ၊ |
| ၂။ သြကပ္ပနသဒ္ဓါ၊ | ၄။ အဓိဂမသဒ္ဓါ။ ။ |

၁။ ကြည်ညိုထိုက်သောဂုဏ်ကို ကြားရ မြင်ရလျှင် ကြည်ညိုတတ်သော သဒ္ဓါသည် ပသာဒသဒ္ဓါတည်း၊ ဉာဏဝိပ္ပယုတ် သဒ္ဓါမျိုးဖြစ်၍ သဒ္ဓါခိုင် မဟုတ်။

၂။ ဣတိ ပိ သော, သွာက္ခာတော, သုပ္ပဋိပန္နော ဂုဏ်များကို မြင်၍ ကြည်ညိုသောသဒ္ဓါသည် သြကပ္ပန သဒ္ဓါမည်၏၊ ဉာဏသမ္ပယုတ် သဒ္ဓါမျိုးဖြစ်၍ ယခု တစ်ဘဝမျှတွင် ခိုင်၏။ သေလျှင် ပျောက်၏။

၃။ နိယတဗျာဒိတ်ကိုရပြီးသော အလောင်းအလျာတို့၏ ဒါန သီလမှုတို့၌ ဖြစ်လေရာရာ အစဉ်ပါ၍နေသော သဒ္ဓါသည် အာဂမသဒ္ဓါ

www.dhammaransi.com



မည်၏။

၄။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုရ၍ မိမိအဇ္ဈတ္တသန္တာန်၌ နိဗ္ဗာန်ကို မြင်ပြီးသော အရိယာတို့၏သဒ္ဓါသည် အဓိဂမ သဒ္ဓါမည်၏။

ဤလေးပါးတွင် -

- ပသာဒ သဒ္ဓါသမ္ပတ္တိမျှသည်ပင် အလွန်ရခဲ၏၊ ဗုဒ္ဓဘာသာ ထွန်းကားရာ နိုင်ငံမှာနေကြသူ လူမျိုးအများရှိကြ၏၊ ပသာဒသဒ္ဓါမျှပင် မဖြစ်လိုကြ။
- ဩကပ္ပန သဒ္ဓါနှင့် ပြည့်စုံသောသူသည် မြတ်စွာဘုရားတပည့်သား အနွယ် အဆက်မှန်လျှင် အလဇ္ဇီ ဒုဿီလတို့၌ပင် အနွယ်နှင့်စပ်၍ လေးမြတ်ရိုသေနိုင်၏။
- အာဂမသဒ္ဓါနှင့် ပြည့်စုံသောသူသည် ဒါန သီလမှုနှင့်ကင်း၍ မနေနိုင်ပြီ။
- အဓိဂမသဒ္ဓါနှင့် ပြည့်စုံသော သူသည် နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် သရဏဂုံသုံးပါး နိစ္စသီလငါးပါး သုစရိုက်ဆယ်ပါး ဗောဓိပက္ခိယ တရား ၃၇-ပါး သိက္ခာသုံးပါး အစဉ်မြဲ၍သွား၏။

ဤစကားရပ်မှာ မိမိ၏ အဇ္ဈတ္တသန္တာန်၌ နိဗ္ဗာန်ကို မြင်ကြပုံကား- ဝက်ရူးနာရှိသောသူသည် နှလုံးကို လှုံ့ဆော်နိုင်သော ဆိုင်းသံ ဝိုင်းသံ ပွဲကြီး လမ်းကြီးနှင့် တွေ့ကြုံသောအခါ ဝက်ရူးနာပေါ်၏၊ နောက်အခါ ဆေးကောင်း ဝါးကောင်း သမားကောင်းနှင့်တွေ့၍ အမြစ်အရင်းနှင့်တကွ ကင်းရှင်းပျောက်ငြိမ်းလေ၏၊ ပွဲကြီးလမ်းကြီးနှင့် တွေ့သော်လည်း ကိစ္စမရှိပြီ၊ ထိုအခါ ပွဲကြီးလမ်းကြီးနှင့် တွေ့တိုင်း မိမိကိုယ်ကို အမှတ်ရ၏၊ ငါသည် ရှေးအခါ၌ ဤကဲ့သို့သော ပွဲကြီးလမ်းကြီးနှင့် တွေ့ခဲ့လျှင် နှလုံးမှာ ဘယ်လိုဖြစ်၍ လာသည်၊ ထိုနောက် လူမှန်းမသိဖြစ်၍ သွားသည် အမှတ်ရ၏၊ ယခုမူကား လွတ်ငြိမ်းပေပြီဟု အလွန်ဝမ်း မြောက်၏၊ ထိုပွဲကြီးလမ်းကြီး အလယ်မှာ ဝက်ရူးပေါ်၍ နေရှာကြသော သူတစ်ပါးတို့ကို မြင်ရပြန်လျှင်လည်း ငါသည်လည်း ရှေးအခါ သည်လို ဖြစ်လှုပြီ၊ ယခု လွတ်ငြိမ်း ပေပြီဟု ဝမ်းမြောက်ပြန်၏၊ သူတစ်ပါးတို့ တစ်ဆင့်ပြောကို ကြားသိရပြန်လျှင်

www.dhammaransi.com



လည်း ထို့အတူ ဝက်ရူးနာ၏ အဖြစ်သနစ်ကို ပြောဆိုသံကြားရလျှင်လည်း ထို့နည်းအတူ။

ဤအတူ လောက၌ ရာဂဖြစ်ပွားဖို့ အခွင့်စု ဒေါသဖြစ်ပွားဖို့ အခွင့်စု မာနဖြစ်ပွားဖို့ အခွင့်စု မောဟ ဥဒ္ဓစ္စဖြစ်ပွားဖို့ အခွင့်စုသည် အပြည့်ရှိ၏၊ ထိုအခွင့်စုမှာ ရှေးအခါ ရာဂစသည် ဖြစ်ပွားခဲ့လျှပြီ၊ အရိယာ ဖြစ်ပြီးသောအခါ ထိုအခွင့်စုနှင့် တွေ့ကြုံသော်လည်း ဖြစ်နေကျရာဂ မဖြစ်လာပြီ၊ ဖြစ်နေကျဒေါသ မဖြစ်လာပြီ၊ ထိုအခါ ဤသို့သိ၏၊ ဤအခွင့် မှာ ရှေးအခါ ရာဂဖြစ်ခဲ့လျှပြီ၊ ယခုဖြစ်မှု ငြိမ်းပေပြီဟု သိ၏၊ ဒေါသဖြစ်ခွင့် စသည်တို့မှာလည်း ဤနည်း မြင်လေ။

သူတစ်ပါးတို့မှာ ဖြစ်၍ နေကြသည်ကို မြင်သော အခါ၌လည်းကောင်း, ကြားရသော အခါ၌လည်းကောင်း ထို့အတူ ငါ့မှာ အဖြစ်ငြိမ်း ပေပြီဟု သိ၏၊ ထိုသို့သော ရာဂမှ ဒေါသမှ ကျွတ်ပေပြီ လွတ်ပေပြီဟု သိ၍ ဝမ်းမြောက်၏၊ ဝက်ရူးနာရှိ၍နေသော သူတစ်ယောက်သည် ဝက်ရူးနာပေါ်၍နေသော သူတစ်ယောက်ကို မြင်ရလျှင် ကြားရလျှင် ငါလည်း သည်သူလို ဖြစ်ရအံ့၊ ယနေ့လား နက်ဖြန်လားဟု နှလုံးနောက်ကျခြင်း ဖြစ်လာ၏၊ ထိုအတူ ပညာရှိသော သတိသံဝေဂနှင့်ယှဉ်သော ပုထုဇန်သည် ရာဂအတွက်နှင့် အရှက်တကွဲ အကျိုးနဲ၍ နေသောသူကို မြင်လျှင် ကြားလျှင် ထိုရာဂသည် ငါ၌လည်း ရှိချေ၏၊ ငါလည်း ထိုသူကဲ့သို့ ဖြစ်မှုမှ မကျွတ်သေး၊ မလွတ်သေး၊ မငြိမ်းသေး၊ ယနေ့လား နက်ဖြန်လားဟု နှလုံးထိတ် လန့်ခြင်းဖြစ်၏၊ အရိယာဖြစ်ပြီးသူ ထိုအမှုကို ကြားလျှင် ငါ၌ ထိုရာဂ မရှိပြီ၊ ထိုသူကဲ့သို့ ဖြစ်မှုမှ ကျွတ်ပေပြီ၊ လွတ်ပေပြီ၊ ငြိမ်းပေပြီဟု မိမိအဇ္ဈတ္တကို အာရုံပြု၍ ဝမ်းမြောက်ခြင်းဖြစ်၏၊ ဤကား အဇ္ဈတ္တသန္တာန်၌ ဖြစ်ခဲ့ဘူးသောအတိတ် ကိလေသာကို အာရုံပြုမှုတစ်ချက်, ထိုကိလေသာတို့၏ အဇ္ဈတ္တသန္တာန်၌ ငြိမ်းမှုကို အာရုံပြုမှုတစ်ချက်--

သုသုခံ ဝတ ဇီဝါမ၊ အာတုရေသု အနာတုရာ။
အာတုရေသု မနုဿေသု၊ ဝိဟရာမ အနာတုရာ။ ။

(ဓမ္မပဒပါဠိတော် -၄၃)

www.dhammaransi.com



ကိလေသာ ကျင်နာမှု မငြိမ်းသူတို့ကို မြင်၍ မိမိအဇ္ဈတ္တသန္တာန်၌ ကိလေသာ ကျင်နာမှု ငြိမ်းသည်ကို ဝမ်းမြောက်သော ဂါထာဒေသနာတည်း၊ လောက၌ မိမိသန္တာန်မှာ ရှိနေသော မြေ ရေ လေ မီး စသော ဓာတ်အစုတို့ကို မမြင်မှု အဝိဇ္ဇာကြောင့် ငါဟူ၍ စွဲလမ်းခြင်းနှင့်တကွ ဇရာမရဏမီး၏ အစီးအပွားတို့ကို စိတ်ရောကိုယ်ပါ ပူမှန်းမသိ အေးမှန်းမသိ ကူလီအလုပ် ကုန်သည်အလုပ် မင်းစိုးရာဇာအလုပ်တို့ကို အားထုတ်လုပ်ဆောင်၍ နေကြသော ပုပုဇ္ဇနတို့ကိုမြင်ကြသောအခါ ဤကဲ့သို့သော ဗာလုဿုက သင်္ခါရမှ ကျွတ်ရပေပြီ လွတ်ရပေပြီ ငြိမ်းရပေပြီဟု ဝမ်းမြောက်၏၊ ပုထုဇန်ချင်းချင်း မြင်ရလျှင် အားကျ၏။

ဗာလုဿုက သင်္ခါရဟူရာ၌ -

**ဗာလာနံ ဥဿုကောတိ ဗာလုဿုကော။**

ဗာလာနံ=အဝိဇ္ဇာ မှောင်ဓာတ် အကျပ်အတည်း ဖုံးပိတ်၍ နေကြကုန်သော အန္ဓပုထုဇန်တို့၏၊ ဥဿုကော=ကြောင့်ကြစိုက်မှုတည်း၊ ဣတိ=ဤသို့သော အကြောင်းကြောင့်၊ ဗာလုဿုကော=ဗာလုဿုက မည်၏။

အဝိဇ္ဇာ သင်္ခါရ နှစ်ပါးတွင် သင်္ခါရကို ဆိုသတည်း၊ တဏှာ ဥပါဒါန် ဘဝသုံးပါးတွင် ကမ္မဘဝမှုကို ဗာလုဿုက ဆိုသည်၊ ထိုသို့သော ဗာလုဿုက မှုတို့ကို စိတ်ရောကိုယ်ပါ ရယ်ကာပြုံးကာ လုပ်ဆောင်၍နေကြသော အန္ဓပုထုဇန် မြို့ကြီး ရွာကြီး ဈေးကြီး နာကြီး ဆိပ်ကြီး ကမ်းကြီး လမ်းကြီး စခန်းကြီးစသည်တို့၌ ဆူဆူညံညံ လုလုယက်ယက် ပြောဆို ပြုလုပ်၍ နေကြသော အန္ဓပုထုဇန်တို့ကို မြင်သောအခါ ကြားသောအခါတို့၌ မိမိသန္တာန်မှာ အဝိဇ္ဇာချုပ်ငြိမ်းမှု တဏှာချုပ်ငြိမ်းမှု ဗာလုဿုက သင်္ခါရချုပ်ငြိမ်းမှုကို မြင်၍ ငါသည် ဤသို့သော ဗာလုဿုက ဒုက္ခမှလွတ်ပေပြီဟု ဝမ်းမြောက်၏၊ ပုထုဇန်ချင်းချင်း မြင်ကြကြားကြလျှင် အားကျ၏။

သုသုခံ ဝတ ဇီဝါမ၊ ဥဿုကေသု အနုဿုကာ။
ဥဿုကေသု မနုဿေသု၊ ဝိဟရာမ အနုဿုကာ။

(ဓမ္မပဒပါဠိတော် -၄၃)

www.dhammaransi.com



ဟာလုဿုက သခ်ီရမှု နှိပ်စက်၍ နေကြသော အန္တပုထုဇန်တို့ကို မြင်၍ မိမိအဇ္ဈတ္တသန္တာန်၌ အဝိဇ္ဇာချုပ်ငြိမ်းမှု တဏှာချုပ်ငြိမ်းမှုကို မြင်၍ ဝမ်းမြောက်သော ဂါထာဒေသနာ၊ လူဖြစ်လျက် မျက်စိကန်း နားကန်း အရူး အသွပ် စသည်ကို မြင်သော အခါ၌လည်းကောင်း, အပါယ်လေးဘုံ၌ ဆင်းရဲဒုက္ခခံနေရသော သတ္တဝါတို့ကို မြင်ရသောအခါ၌လည်းကောင်း သတိသံဝေဂ ရှိကြသောပုထုဇန် ပညာရှိတို့မှာ ငါ၌လည်း ဤကိလေသာမျိုး ဤကံမျိုး ဤဝိပါက်မျိုး တန်းလန်း ရှိချေသေးသည်၊ ယနေ့လား နက်ဖြန်လား ငါ့လမ်း ငါ့စခန်းစုပင် ဖြစ်ချေသည်ဟု နှလုံးထိတ်လန့်ခြင်း ဖြစ်၏၊ အရိယာတို့မှာ ငါလွတ်ပေပြီ၊ ငါငြိမ်းပေပြီဟု မိမိအဇ္ဈတ္တသန္တာန်၌ ထိုဝိပါကဒုက္ခ၏ ငြိမ်းမှုကို ရှုမြင်၍ ဝမ်းမြောက်ခြင်းဖြစ်၏၊ ဂိဇ္ဈကုဋ်တောင်မှာ ပြိတ္တာတွေကို မြင်ရ၍ အရှင်မောဂ္ဂလာန် ဝမ်းမြောက်မှု ကဲ့သို့တည်း၊ ဤကား မိမိအဇ္ဈတ္တသန္တာန်၌ အနာဂတ်ဖြစ်သော ယုတ်ညံ့လှစွာသော ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတို့၏ ချမ်းငြိမ်းမှုကို ရှုမြင်၍ ဝမ်းမြောက်ပုံတည်း။

ဗုဒ္ဓုပ္ပါဒအခါမည်သည် ဇရာမရဏမီး သက္ကာယဒိဋ္ဌိမီး အစရှိသော အနမတဂ္ဂ ဝဋ္ဋဒုက္ခမီးတို့၏ ငြိမ်းမှုတစ်ခုကိုသာ မဲရမည့်အခါတည်း၊ လူဖြစ်သော သူသည်လည်း လူ့အမှု လူ့စည်းစိမ်ကို စွန့်လွှတ်၍ အဝိဇ္ဇာဓာတ်ကို သတ်မှု တစ်ခုသာ အလုပ်ထားရမည့်အခါ ဖြစ်သည်၊ လူ့စည်း စိမ်မည်သည် အနမတဂ္ဂ သံသရာ ဓမ္မတာတည်း၊ ယခုဘဝမှ တွေ့ရသည် မဟုတ်၊ သေဋ္ဌေးဖြစ်သူလည်း သေဋ္ဌေးစည်းစိမ်ကို ပြန်၍ကြည့်ရသောအခါ မဟုတ်၊ မင်းဖြစ်သူလည်း နတ်ဖြစ် သူလည်း သိကြားဖြစ်သူလည်း ဗြဟ္မာဖြစ်သူလည်း ဗြဟ္မာ့စည်းစိမ်ကို အမှုစိုက်၍ နေရသည့်အခါ မဟုတ်၊ မင်းစည်းစိမ်၊ နတ်စည်းစိမ်၊ သိကြားစည်းစိမ်၊ ဗြဟ္မာ့ စည်းစိမ်စုကား သံသရာ့ဓမ္မတာ ကိလေသာအစီးအပွား ဇရာမရဏ အစီးအပွား စုသာတည်း၊ ယခုမှ တွေ့ဖူးရသည်မဟုတ်၊ မိမိနှလုံးထဲမှာ ရဲရဲတောက်ပါရှိ၍ နေသော သက္ကာယဒိဋ္ဌိ အဝီစိငရဲမီးကို သတ်မှုတစ်ခုကိုသာ လုပ်ရမည့် အခါတည်း၊ အခါလွန်၍ သွားလျှင် လုပ်ခွင့်မရှိပြီ။

www.dhammaransi.com



ထိုသို့ဖြစ်ပါလျက် ရခဲလှစွာ ကြုံကြိုက်ခဲလှစွာသော ဗုဒ္ဓုပ္ပါဒခဏ နှစ်အဖိုးတန် လအဖိုးတန် ရက်အဖိုးတန် နာရီအဖိုးတန် ခဏအဖိုးတန်တွေကို အလွန်ခံ၍ အကုန်ခံ၍ တဏှာဥပါဒါန် ဆွဲငင်ရာပါ၍ လိုက်စား၍ သရေး စည်းစိမ် မင်းစည်းစိမ် နတ်စည်းစိမ် သိကြားစည်းစိမ် ဗြဟ္မာ့စည်းစိမ်များနှင့် နေ့ကုန် ရက်ကုန် လကုန် နှစ်ကုန်၍နေကြသော သူတို့ကို မြင်သောအခါ ပညာရှိပုထုဇန်မှာ ငါ့၌လည်း ဤတဏှာ ဤဥပါဒါန် ထင်လင်းရှိချေသေးသည်ဟု နှလုံးထိတ်လန့်ခြင်း ဖြစ်၏၊ အရိယာတို့မှာ ဤကဲ့သို့အခါမသိ အခွင့်မသိ မိမိနှလုံးထဲမှာ ရဲရဲ တောက်၍ နေသော ငရဲမီးထုပ်ကြီးကိုလည်း မသိသော တဏှာ ဥပါဒါန်မျိုးသည် ငါ့၌ လွတ်ကင်းပေပြီဟု ဝမ်းမြောက်၏၊ ဤကား မိမိ၏ အဇ္ဈတ္တသန္တာန်၌ တဏှာ ဥပါဒါန်တို့၏ ချုပ်ငြိမ်းမှုကို ရှုမြင်၍ ဝမ်းမြောက်ပုံတည်း။ ။ဘဝမှာ သဒ္ဒါရနှင့် တူပြီ။ ဇာတိမှာ ဝိညာဏ်နှင့် တူပြီ။ ။ ဤတွင်ရွေ့ကား မိမိ၏ အဇ္ဈတ္တသန္တာန်၌ နိဗ္ဗာန်ကို မြင်ပြီးသော အရိယာတို့၏ဟူသောစကား၌ မိမိ၏အဇ္ဈတ္တသန္တာန်တွင် နိဗ္ဗာန်ကို မြင်ပုံကို ပြဆိုလိုက်သော အခန်းတည်း။ ။

သဒ္ဓါသမ္ပတ္တိဒုလ္လဘ ပြီး၏။

----------

## ၅။ သဒ္ဓမ္မသဝန အတိဒုလ္လဘ

**သဒ္ဓမ္မဆိုသည်ကား** သာသနာကို ဆိုသတည်း၊ ထိုသာသနာသည် အဓိသီလသိက္ခာ သာသနာ၊ အဓိစိတ္တသိက္ခာ သာသနာ၊ အဓိပညာသိက္ခာ သာသနာ ဟူ၍ သုံးပါးရှိ၏၊ အောက်၌ပြခဲ့သော သိက္ခာသုံးပါးပင်တည်း၊ ပရိယတ္တိ သာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟူ၍လည်း အဋ္ဌကထာများမှာလာ၏၊ အနမတဂ္ဂသံသရာ၌ ငါ၏နားနှစ်ဖက်မှာ လူ၌ဖြစ်သော အသံမျိုး စကားမျိုး, နတ်၌ဖြစ်သော အသံမျိုး စကားမျိုး, ဗြဟ္မာ၌ဖြစ်သော အသံမျိုး စကားမျိုး, ကြားမှုနာမှု သံသရာနှင့်တစ်ခု စဲသည်ဟူ၍ မရှိပြီ၊ ထိုကြားမှု နာမှုတို့သည် ကိလေသာမီး ပွားများဖို့ တဏှာမီးပွားများဖို့ ဒေါသမီး မောဟမီး ပွားများဖို့ သက္ကာယဒိဋ္ဌိမီး ပွားများဖို့ ဇရာမရဏမီး ပွားဘို့ချည်း ဖြစ်ချေ၏။

www.dhammaransi.com



ထိုမိးစု လွတ်ငြိမ်းရန် အသံမျိုးသည် ငါ၏နားမှာ သီလာဖူးသည် မရှိ၊ ယခုဘဝ ကြုံကြိုက်၍ နေခဲ့ပြီ၊ ငါ၏နားကို သံသရာမီးငြိမ်းရန် အသံစုမှ ယခုဘဝ အသုံးချတော့မည်ဟု သတိရှိသင့်လှသည်-- မောင်သော်။


သဒ္ဓမ္မသဝန ဒုလ္လဘ ပြီး၏။

--------

သက္ကရာဇ် ၁၂၆၂- ခု၊ ပြာသိုလပြည့်ကျော် (၁) ရက်နေ့ ပြီး၏။
ဥတ္တမပုရိသ ဒီပနီကျမ်း
ဤတွင် ရွှေ့ပြီး၏။

www.dhammaransi.com

# အနတ္တဒီပနီကျမ်းသစ်



※ တဏှာ၊ မာန၊ ဒိဋ္ဌိ စသည့် စွဲလန်းခြင်းသုံးပါးတွင် တဏှာစွဲလန်းခြင်းသည် လျော့သေး၏။ မိမိကိုယ်ခန္ဓာမှ အပဝတ္ထုများသို့ ထွက်၍ စွဲလန်း၏။ မာနစွဲလန်းချက်သည် တဏှာစွဲလမ်းချက်ထက် တင်းကြပ်၏။ အပဝတ္ထုသို့ မထွက်ပြီ။ ဤ မာနစွဲလန်းချက်ထက် ဒိဋ္ဌိ၏ စွဲလန်းချက်သည်သာ၍ အလွန်တင်းကြပ်၏။ ထို့ကြောင့် ‘‘အတ္တသမာပေမာ နတ္ထိ’’ ဟု ဆိုရိုးကြီးရှိကြ၏။

# အနတ္တ ဒီပနီကျမ်းသစ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ယခုအခါ ဗုဒ္ဓဘာသာ၌ လွန်စွာအရေးကြီးသော အနတ္တအချက်ကြီးတို့ကို၊ တပည့် ရှင်ကုသလ လျှောက်ထား တောင်းပန်ချက်အရ၊ မုံရွာ လယ်တီတောရ ဆရာ,ငါသည်၊ ဗုဒ္ဓဘာသာဝင်၊ ရှင်လူအပေါင်းမှစ၍ ယောဂါဝစရပုဂ္ဂိုလ်၊ တော တောင်ခို၍၊ ကြည်ညိုလေးမြတ်၊ ဝိပဿနာလုပ်ရပ်၊ အထပ်ထပ်ကြိုးစားကြသဖြင့်၊ ဉာဏ်သွားဝရဇိန်၊ တက်ထွန်းထိန်၍၊ အရှိန်ကြီးမား၊ အမျိုးသားတို့အား၊ ထောက်ထားမြော်ရှု၊ ဟောပြောမှုအရာဝယ်၊ ပဒေသာဉာဏ်ကဲ့သို့ ဝေဘန်ပိုင်းခြား၊ ဟောကြားဆုံးမ၊ သာသနာတော်ကိုပြုစုကြရန်၊ ရည်သန်စိတ်ထားဖြင့်၊ တရား သဘောပေါ်လွင်၍၊ ဉာဏ်အမြင်ဖောက်ထွင်း၊ သန့်ရှင်းသောအား၊ မေးလျှောက် သော တရားတို့ကို ရေးသားချီးမြှောက်ပေအံ့သတည်း။

------✳------

## သစ္စာနှစ်ပါး ခွဲပြခန်း

ရှေးဦးစွာ သစ္စာနှစ်ပါးခွဲခန်းကို ပြဆိုရာ၏၊ သစ္စာနှစ်ပါးဆိုသည်ကား--

၁။ သမ္မုတိ သစ္စာ။

၂။ ပရမတ္ထ သစ္စာ

ဟူ၍နှစ်ပါး ရှိ၏၊ ထိုတွင်-

**သမ္မုတိသစ္စာ ဆိုသည်ကား**- လောက၌ သတ္တဝါမည်သည် အမှန်ရှိ၏၊ ပုဂ္ဂိုလ်မည်သည် အမှန်ရှိ၏၊ အတ္တမည်သည်အမှန်ရှိ၏၊ ထိုပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ,တို့သည် အနမတဂ္ဂ သံသရာ၌ ကုသိုလ်ကံ, အကုသိုလ်ကံ ပစ်ချရာသို့ အစဉ် တစိုက်လိုက်၍ အစဉ်မပြတ် ကျင်လည် ပြောင်းရွှေ့၍ နေကြကုန်၏ဟု အခိုင်အမြဲ မှတ်ယူစွဲလမ်း ခေါ်ဝေါ်ပြောဆိုကြခြင်းသည် သမ္မုတိသစ္စာမည်၏။

ထိုတွင် သတ္တဝါရှိ၏ ဟူသောစကားဖြင့် လူဟူ၍ အမှန်ရှိ၏၊ နတ်ဟူ၍

www.dhammaransi.com



အမှန်ရှိ၏၊ နွား, ကျွဲ, ခွေး, ဝက်,ကြက်, ငှက်, တိရစ္ဆာန်, သတ္တဝါဟူ၍ အမှန်ရှိ၏၊ ယောကျ်ား, မိန်းမဟူ၍ အမှန်ရှိ၏၊ ငါဟူ၍, သူတစ်ပါးဟူ၍ အမှန်ရှိ၏၊ ဦးခေါင်း, ခြေ, လက်, မျက်စိ, နား, နှာခေါင်း စသော အင်္ဂါကြီးငယ်ဟူ၍ အမှန်ရှိ၏၊ ဆံပင်, မွေးညင်း, ခြေသည်း, လက်သည်း, သွား, အရေ, အသား, အကြော, အရိုး, ဟူ၍ အမှန်ရှိ၏ စသည်ဖြင့် ထင်မှတ်စွဲလမ်း ခေါ်ဝေါ်ပြောဆိုခြင်းများသည်လည်း၊ သတ္တဝါရှိ၏ ဟူသောစကား၌ ပါဝင်လေ၏၊ ပုဂ္ဂိုလ်ရှိ၏ ဟူသော စကားသည်၊ သတ္တဝါရှိ၏ဟူသောစကားနှင့် အထူးအခြား မရှိကြ။

အတ္တရှိ၏ဟူသောစကား၌ အတ္တဆိုသည်ကား၊ သတ္တဝါတို့၏ သန္တာန်မှာ အမာခံဖြစ်သော အနှစ်သာရကို အတ္တဟူ၍ ဆို၏၊ ဥပမာကား- မြေအိုးဟူသော စကား၌ မြေဆိုသည်ကား ပထဝီဓာတ်၏ အမည်ပေတည်း၊ အိုးဆိုသည်ကား အဝန်းအဝိုင်းစသော အိုးသဏ္ဌာန်ဟု ဆိုအပ်သော သဏ္ဌာနပညတ်၏ အမည် ပေတည်း။

ပညတ်ဟူသည်လည်း သဘောအားဖြင့် အမှန်ရှိရင်းမဟုတ်၊ မြေဓာတ် အပေါင်းအစုကို အစွဲပြု၍ သတ္တဝါတို့၏ စိတ်ထဲတွင် ဝန်းဝိုင်းသည်ဟူ၍ ထင်မြင်ရသော အခြင်းအရာမျှသာတည်း၊ သို့သော် ပရမတ်နှင့်ပညတ်ကို ခြားနား၍ သိနိုင်ရန် ဉာဏ်ပညာမရှိသော လောကီဘုံသားတို့မှာ၊ မြေဓာတ်အပေါင်း အစုသည်ပင်လျှင် အိုးဖြစ်၏ဟု မြေနှင့်အိုးကို တစ်ခုတည်းပြု၍ မှတ်ယူကြ၏၊ ထိုသို့မှတ်ယူရာ၌ အမှန်ရှိသောမြေသည်၊ အမှန်မရှိသောအိုး၏ အမာခံအနှစ်သာရ အတ္တ ဖြစ်ရလေ၏။ မြေမရှိခဲ့သော် မြေအိုးဟူ၍ မရှိနိုင်၊ မြေရှိမှသာလျှင် မြေအိုးဟူ၍ရှိနိုင်၏၊ ထိုကြောင့် မြေအိုး၏ အနှစ်သာရ အတ္တမည်ပေသတည်း။

ထိုအတူ အမှန်ရှိဖြစ်သော ခန္ဓာငါးပါးနှင့် အမှန်ရှိမဟုတ်သော သတ္တဝါ ဟူသော သဏ္ဌာနပညတ်ကို တစ်ခုတည်း ပြု၍ မှတ်ယူကြရာ၌လည်း ခန္ဓာငါးပါးသည် သတ္တဝါပညတ်၏ အမာခံ အနှစ်သာရ အတ္တဖြစ်ရလေ၏၊ ခန္ဓာငါးပါး မရှိခဲ့သော် သတ္တဝါဟူ၍ မရှိနိုင်၊ ခန္ဓာငါးပါးရှိမှသာလျှင် သတ္တဝါဟူ၍ ရှိနိုင်၏။ ထိုကြောင့် ခန္ဓာငါးပါးသည် သတ္တဝါ၏ အနှစ်သာရ အတ္တမည်လေသတည်း။ ဤကား ခန္ဓာငါးပါးကို အတ္တဟူ၍ပြဆိုချက်တည်း၊ ထိုမှတစ်ပါးလည်း ခန္ဓာငါးပါးမှ

www.dhammaransi.com



အလွတ် ဖြစ်သော ခန္ဓာအိမ်၏ အရှင်သခင်ဟူသော အတ္တသည်ရှိ၏။

**ဥပမာကား-** လူသေကောင်မှာ၊ ဘုတ်တစ္ဆေဝင်ပူး၍နေရာ၌ လူသေကောင်သည်တစ်ခြား၊ ဘုတ်တစ္ဆေသည် တစ်ခြားဖြစ်သကဲ့သို့ ခန္ဓာငါးပါး တစ်ခြား, ခန္ဓာငါးပါးကို အုပ်စိုး၍နေသော အတ္တသည်တစ်ခြား ဟူ၍လည်း ယူကြ၏၊ **ဇီဝဆိုသည်ကား** ထိုအတ္တ၏ ဦးခေါင်းသဖွယ်ဖြစ်၍ ထိုအတ္တကို နှစ်ရှည်လများ တည်နေနိုင်အောင် စောင့်ရှောက်၍နေသော အသက်ရှိ၏၊ ထိုအသက်ကို ဇီဝဆို၏။ ဤကား၊ ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ, လေးပါးခွဲခန်းတည်း။

သဏ္ဌာန်သည်အမှန်ရှိ၏၊ သန္တတိသည် အမှန်ရှိ၏၊ နိမိတ်သည် အမှန်ရှိ၏၊ အနုဗျဉ္ဇနသည် အမှန်ရှိ၏ ဟူ၍မှတ်ယူကြ၏။ ထိုတွင် သဏ္ဌာန်ဆိုသည်ကား ပရမာဏုမြူ သဏ္ဌာန် အဏုမြူ သဏ္ဌာန်တို့မှစ၍၊ မဟာပထဝီမြေကြီး သဏ္ဌာန်၊ မြင့်မိုရ် တောင်သဏ္ဌာန်တိုင်အောင် အဝန်းအဝိုင်း အလုံးအပြား၊ အထောင့် အကွေး၊ အရှည်အတို စသောသဏ္ဌာန် ပညတ်ကို သဏ္ဌာနဆိုသည်။

**သန္တတိ ဆိုသည်ကား** တစ်ခုတည်းသော ဝတ္ထုသည် တစ်မိနစ် တည်နေ၏၊ တစ်နာရီတည်နေ၏၊ နာရီပေါင်းများစွာ တည်နေ၏၊ ရက်ပေါင်းများစွာ လပေါင်းများစွာတည်နေ၏၊ နှစ်ပေါင်းများစွာ တည်နေ၏၊ သတ္တဝါ တစ်ယောက်သည် အနမတဂ္ဂ သံသရာ၌ ဘဝပေါင်းများစွာ ကျင်လည်၍ နေရ၏ဟု ယူခြင်းပေတည်း။

**နိမိတ္တဆိုသည်ကား** သတ္တဝါသဏ္ဌာန် ဦးခေါင်းသဏ္ဌာန်၊ ခြေသဏ္ဌာန်၊ လက်သဏ္ဌာန်၊ စသောသဏ္ဌာန် နိမိတ်မျိုး ကိုဆို၏၊ ထိုနိမိတ်သည် သုဘနိမိတ္တ အသုဘနိမိတ္တ ဟူ၍နှစ်ပါးရှိ၏၊ ထိုတွင် လှပတင့်တယ်သည်ဟူ၍ မှတ်ယူကြသော သဏ္ဌာန်မျိုးသည် သုဘနိမိတ်မည်၏၊ အသုဘနိမိတ်ဆိုသည်ကား မလှမပ မတင့်မတယ်ဟူ၍ မှတ်ယူကြသော သဏ္ဌာန်မျိုးသည် အသုဘနိမိတ်မည်၏။

**အနုဗျဉ္ဇနဆိုသည်ကား** အနေ, အထိုင်, အထ,အကြွ, အသွား, အလာ, အပြုံ,အမူ, အပြော,အဆို, အမူ,အရာမျိုးကို အနုဗျဉ္ဇန ဆို၏၊ ထိုအနုဗျဉ္ဇနသည်လည်း သုဘ, အသုဘ, ဟူ၍ နှစ်ပါးရှိ၏၊ ထိုတွင် နေပုံယဉ်ကျေးသည်၊ ကြွင့်.

www.dhammaransi.com



ထပုံ, ယဉ်ကျေးသည်၊ စသည်ဖြင့် မှတ်ယူကြသော အမူအရာမျိုးသည် သုဘ အနုဗျဥ္ဇနမျိုးမည်၏၊ အနေအထိုင် ရိုင်းစိုင်းသည်၊ အထ, အကြွ ရိုင်းစိုင်းသည် စသည်ဖြင့် မှတ်ယူကြသော အမူအရာမျိုးသည် အသုဘ အနုဗျဥ္ဇနမျိုးမည်၏။ သတ္တဝါတို့၏ ကိုယ်အင်္ဂါ၌၊ ကောင်းသောလက္ခဏာ, မကောင်းသောလက္ခဏာ, သူမြတ်၏လက္ခဏာ, သူယုတ်၏လက္ခဏာ စသော လက္ခဏာများသည်လည်း သုဘ, အသုဘ အနုဗျဥ္ဇန မည်၏။

**ဤကား သဏ္ဌာန သန္တတိ နိမိတ္တ အနုဗျဥ္ဇနခွဲခန်းတည်း၊ ပြဆိုခဲ့ပြီးသော ပုဂ္ဂိုလ်- သတ္တဝါ- အတ္တ- ဇီဝ- သဏ္ဌာန- သန္တတိ- နိမိတ္တ- အနုဗျဥ္ဇန- အလုံးစုံသည်၊ သမ္မုတိသစ္စာမည်၏။ဤကားသမ္မုတိသစ္စာကို ပြဆိုခန်းပေတည်း။**

**ပရမတ္ထသစ္စာဆိုသည်ကား၊** လောက၌ သဘောအားဖြင့် ထင်ရှားရှိနေကြသော ပထဝီဓာတ်- အာပေါဓာတ်- တေဇောဓာတ်- ဝါယောဓာတ်- အာကာသဓာတ်-ဝိညာဏဓာတ်- ဖဿ ဝေဒနာ အစရှိသော စေတသိက်ဓာတ်- စက္ခု သောတစသောရုပ်ဓာတ်- နိဗ္ဗာန်ဟူသော အသင်္ခတဓာတ်များကို ပရမတ္ထ သစ္စာဟူ၍ဆို၏။

**ဤကား ပရမတ္ထသစ္စာကိုပြဆိုခန်းတည်း။**

---

**သမုတိနှင့် သစ္စာ ခွဲသိပါ**

ထိုသစ္စာနှစ်ပါးတို့တွင်-သမ္မုတိသစ္စာဟူသောစကား၌ အဘယ်ကြောင့် သမ္မုတိဆိုသနည်း၊ အဘယ့်ကြောင့် သစ္စာဆိုသနည်းဟူမူကား။ သတ္တ ပုဂ္ဂလ အတ္တ ဇီဝ အစရှိသည်တို့သည်။ ပထဝီဓာတ် အာပေါဓာတ် အစရှိသည်တို့ကဲ့သို့ သဘောအားဖြင့် အသီးအခြား ထင်ရှားရှိကုန်သည်မဟုတ် ပထဝီဓာတ် အာပေါဓာတ် အစရှိသည်တို့ကိုစွဲမှီ၍ သတ္တဝါတို့၏ စိတ်ထဲတွင် ထင်မြင်အပ်သော အခြင်းအရာမျှတို့သာတည်း။ ထိုအခြင်းအရာမျှတို့ကိုပင် ဧကန်ရှိ အမှန်ရှိဟု အခိုင်အမြဲလမ်းကြကုန်ပြီးလျှင် အမည်နာမ အသီးအသီးတင်၍ လောကီဘုံသား လူအများတို့ အစဉ်အဆက် ခေါ်ဝေါ်သမုတ်၍နေကြသည့်အတွက်ကြောင့် သမ္မုတိခေါ်

www.dhammaransi.com



ပေသတည်း။

မဖြစ်မုသား သစ္စာတရား

ထိုသို့ခေါ် ဝေါ်ကြရာ၌လည်း လောကီဘုံသားတို့အများ ညီညာ ခေါ် ဝေါ် ရိုးရှိကြသည့်အတိုင်း ပုဂ္ဂိုလ်သည် အမှန်ရှိ၏၊ သတ္တဝါသည် အမှန်ရှိ၏။ အတ္တဇီဝသည် အမှန်ရှိ၏ဟူ၍ ထိုသူတို့ အလယ်၌ ပြောဆိုငြားသော်လည်း၊ တစ်စုံတစ်ယောက်သောသူကိုမျှ လှည့်စားခြင်း မဖြစ်၊ မုသာဝါဒမဖြစ်၊ မုသာဝါဒမဖြစ်သောကြောင့် သစ္စာဟူ၍ ဆိုရသတည်း။

ဤကား သမ္မုတိ ခေါ်ကြောင်း-သစ္စာခေါ်ကြောင်းကို ပြဆိုချက်ပေတည်း။

ဤသမ္မုတိသစ္စာသည် မုသာဝါဒမျှကိုသာ ပယ်နိုင်၏၊ သဘောအားဖြင့် ဧကန်ရှိ၏ဟု မှတ်ယူသိမြင်ကြသော သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ, ဒိဋ္ဌိဝိပလ္လာသ ဟူသောဝိပလ္လာသတရားများကိုမူကား မပယ်နိုင်ချေ အဘယ်ကြောင့်နည်းဆိုသော် ဝိပလ္လာသတရားတို့၏ ပညတ်ချက်ထဲတွင် အပါအဝင်ဖြစ်သောကြောင့်တည်း။ ။ ထို့ကြောင့် ပင်လျှင် ပုဂ္ဂိုလ် သတ္တဝါ အတ္တ ဇီဝ အစရှိသော အခြင်းအရာများသည် ဖောက်လဲဖောက်ပြန် ဖြစ်တတ်သောကြောင့် သမ္မုတိသစ္စာဟူ၍သာ ဆိုအပ်၏၊ ပရမတ္ထသစ္စာဟူ၍မဆိုအပ်၊ အဘယ်သို့ ဖောက်လဲဖောက်ပြန်ဖြစ်သနည်း ဟူမူကား ဝိပလ္လာသတရား ထင်ရှားရှိနေသောသူမှာ ထိုသဏ္ဍာန ပညတ်သန္တတိပညတ်၊ အစရှိသောပညတ်များသည် ဧကန်ရှိအမှန်ရှိဟု ဖြစ်၍နေ၏၊ ဝိပလ္လာသတရားကိုပယ်ပြီးသောအခါ၊ ထိုသူမှာပင်ထိုပညတ်များသည် ဧကန်ရှိမဟုတ်၊ အမှန်ရှိ- မဟုတ်ဟု ဖြစ်ရပြန်၏၊ ဤသို့ဖောက်လဲ ဖောက်ပြန်ဖြစ်တတ်သောကြောင့် ပရမတ္ထသစ္စာဟူ၍မခေါ်အပ်။

ပထဝီဓာတ် အာပေါဓာတ် အစရှိသည်တို့ကို အဘယ့်ကြောင့် ပရမတ်ခေါ်သနည်းဟူမူကား၊ ပထဝီဓာတ် အာပေါဓာတ် အစရှိသော ဓာတ်သဘာဝများသည် ပုဂ္ဂိုလ်သဏ္ဍာန် သတ္တဝါသဏ္ဍာန် အစရှိသည်များကဲ့သို့ စိတ်ထဲတွင် ထင်မြင်ရသော အနက်မျိုးမဟုတ်၊ သဘောအားဖြင့် ဧကန်ရှိသောအနက်မျိုး ဖြစ်သောကြောင့် သမ္မုတိပညတ်အနက်များထက်၊ လွန်ကဲသောအနက်ဖြစ်ချေ၍

www.dhammaransi.com



ပရမတ္ထ ခေါ်ဆိုရသတည်း။

ထိုပထဝီဓာတ် အာပေါဓာတ် အစရှိသော သဘောများသည်လည်း လောကတွင် ဧကန်ရှိအမှန်ရှိဟု မှတ်ယူသည်အတိုင်း ဘယ်အခါမှာမှ ဧကန်ရှိ မဟုတ်ပြန်ပြီ၊ အမှန်ရှိမဟုတ်ပြန်ပြီဟု ဖောက်ပြန်ခြင်း မရှိခြင်းကြောင့် သစ္စာ ခေါ်ပေသတည်း။ ဤပရမတ္ထသစ္စာသည်သာလျှင် မုသာဝါဒနှင့်တကွ သညာ ဝိပလ္လာသ စိတ္တဝိပလ္လာသ ဒိဋ္ဌိဝိပလ္လာသဟူသော ဝိပလ္လာသတရားတို့ကို အကုန် အစင်ပယ်ဖျောက်နိုင်၏။

**ဤကား ပရမတ္ထသစ္စာ မည်ကြောင်းကိုပြ ဆိုချက်ပေတည်း။**

-------------

ဤပရမတ္ထသစ္စာသည်လည်း သဘာဝသစ္စာ အရိယသစ္စာဟူ၍ နှစ်ပါးရှိ၏။ ထိုတွင်-

**သဘာဝသစ္စာဆိုသည်ကား-** ကောင်းသောချမ်းသာကို ပေးတတ်သော သဘာဝကြောင့် ကုသိုလ်ဆိုရသောတရားသည်ရှိ၏။ ချမ်းသာစွာခံစားမှု သဘာဝ ကြောင့် သုခဝေဒနာခေါ်ရသော ဝေဒနာကောင်းသည်လည်းရှိ၏။

**ဤကား သဘာဝသစ္စာပေတည်း။**

**သဘာဝဆိုသည်ကား-** မကောင်းကျိုးကို ပေးတတ်သော သဘာဝကြောင့် အကုသိုလ်ဆိုရသော တရားသည် ရှိ၏၊ ဆင်းရဲစွာ ခံစားမှုသဘာဝကြောင့် ဒုက္ခဝေဒနာခေါ်ရသော ဝေဒနာဆိုးသည်လည်းရှိ၏၊ ဤသို့ သဘာဝချင်း ခြားနားလျက် ရှိနေသောကြောင့် ကုသလ အကုသလဟူ၍ နှစ်မျိုးခေါ်ရပြန်၏၊ ဤသို့သဘာဝနှစ်ပါးခြားနားလျက် ရှိနေသောကြောင့် သုခဝေဒနာ ဒုက္ခဝေဒနာ ဟူ၍ နှစ်မျိုးခေါ်ရပြန်၏။

**ဤကား သဘာဝသစ္စာအလိုတည်း။**

**အရိယသစ္စာဆိုသည်ကား-** ဘယ်အခါမှာမှ သဘာဝဝေါဟာရအားဖြင့် လှုပ်ရှားခြင်းမရှိသောကြောင့် အရိယသစ္စာဆိုပေသတည်း၊ လှုပ်ရှားခြင်းမရှိပုံကား- သဘာဝသစ္စာ၌ လောကီကုသိုလ် တစ်ဆယ့်ခုနစ်ခုသည်၊ ကောင်းသော အကျိုးကို ပေးတတ်သည်ဟုဆို၏၊ အရိယသစ္စာသို့ ရောက်သည်ရှိသော် ထိုလောကီကုသိုလ်

www.dhammaransi.com



တစ်ဆယ့်ခုနစ်ခုသည် ဖြစ်ချုပ်တတ်သော မကောင်းသော တရားမျိုးဖြစ်သော ကြောင့် ဒုက္ခသစ္စာဖြစ်ရ ပြန်၏၊ ထိုကုသိုလ်တို့၏ အကျိုးဖြစ်သော ကုသလဝိပါက် တရားများသည်လည်း ဒုက္ခသစ္စာဖြစ်ရပြန်၏၊ မကောင်းသောသစ္စာ မကောင်း သောတရား မချမ်းသာသောတရားများဟူ၍ဆိုလို၏။

အဘယ့်ကြောင့်မကောင်းသနည်း မချမ်းသာသနည်းဆိုသော် ကိလေသာ တရားတို့၏ စားဖတ် ဝါးဖတ် သုံးသပ်နင်းနယ်ရာ အာရုံတရားများဖြစ်သော ကြောင့်လည်းကောင်း လောဘမီး ဒေါသမီး မောဟမီးအစရှိသော မီးတစ် ဆယ့်တစ်ပါးတို့၏ တောက်လောင်ရာ မီးစာတရားများဖြစ်လေသောကြောင့် လည်းကောင်းတည်း။

ဤသို့လျှင် သဘာဝသစ္စာသည် အရိယသစ္စာကိုထောက်သော် လှုပ်ရှား ခြင်းရှိ၏၊ အရိယသစ္စာမှာမူကား အသင်္ခတဖြစ်သော နိဗ္ဗာန်သည်သာလျှင် ကောင်းကျိုးချမ်းသာအမှန်ဖြစ်၏၊ နိဗ္ဗာန်သို့ ရောက်စေတတ်သော လောကုတ္တရာ မဂ္ဂင်ရှစ်ပါးသည်သာလျှင် ကောင်ကျိုးချမ်းသာကို ပေးတတ်သောတရားဖြစ်၏၊ ဤ၌နိဗ္ဗာန်ကို ကောင်းကျိုးချမ်းသာဆိုခြင်းသည် လှုပ်ရှားခြင်းမရှိ၊ အခါခပ်သိမ်း မြဲ၏၊ မြဲသောကောင်းကျိုးချမ်းသာကို ပေးတတ်သောကြောင့် မဂ္ဂင်ရှစ်ပါးသည် ကောင်းကျိုးချမ်းသာကို ပေးတတ်သောတရားအမှန်ဖြစ်၏၊ လှုပ်ရှားခြင်းမရှိ၊ ထိုကြောင့် အရိယသစ္စာခေါ်ပေသတည်း၊

ဤကား သဘာဝသစ္စာ အရိယသစ္စာ
နှစ်ပါးခွဲခန်းတည်း။

ဤသို့ သမ္မုတိသစ္စာ ပရမတ္ထသစ္စာအားဖြင့်နှစ်ပါးရှိသည်တွင် သတ္တ ပုဂ္ဂလ အစရှိသော သရုတိသစ္စာဘက်၌ ၎င်းသမ္မုတိသစ္စာကို အစွဲပြု၍ ဖြစ်ပွါးသော တရားမျိုးကား အကုသိုလ်တရား ကုသိုလ်တရား ဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင်-

**အကုသိုလ်တရားမျိုးဆိုသည်ကား** ဒုစရိုက်တရားဆယ်ပါး အကုသလ ကမ္မပထတရားဆယ်ပါး မာတုဃာတက ပိတုဃာတကအစရှိသော ပဉ္စာနန္တရိယ ကံကြီးငါးပါး သက္ကာယဒိဋ္ဌိနှစ်ဆယ် မိစ္ဆာဒိဋ္ဌိ ခြောက်ဆယ့်နှစ်ပါး နိယတမိစ္ဆာဒိဋ္ဌိ ကြီးသုံးပါး ဤတရားတို့သည်၊ သမ္မုတိသစ္စာကို အစွဲပြု၍ဖြစ်ပွါးသော အကုသိုလ်

www.dhammaransi.com



တရားတို့ပေတည်း။

သမ္မုတိ သစ္စာကို အစွဲပြု၍ ဖြစ်ပွါးသောကုသိုလ်တရားမျိုးကား- ဒါန, သီလ, ဘာဝနာ, တရားသုံးပါး သုစရိုက်တရားဆယ်ပါး သမာပတ်ရှစ်ပါး လောကီ အဘိညာဏ်ခြောက်ပါး သဗ္ဗေသတ္တာ သဗ္ဗေပါဏာ အစရှိသည်ဖြင့်လာသော ဗြဟ္မဝိဟာရတရားကြီးလေးပါး ဘုရားအလောင်း ပစ္စေကဗုဒ္ဓါအလောင်း အရိယာ သာဝကအလောင်းဟူသော အလောင်းအလျာတို့ ဖြည့်ကျင့်ပွါးများကြရသော ဒါနပါရမီ သီလပါရမီ အစရှိသောပါရမီဆယ်ပါး ဒါနဥပပါရမီ သီလဥပပါရမီ အစရှိသော ဥပပါရမီဆယ်ပါး ဒါနပရမတ္ထပါရမီ သီလပရမတ္ထပါရမီ အစရှိသော ပရမတ္ထပါရမီဆယ်ပါး ဤတရားတို့သည် သမ္မုတိသစ္စာကို အစွဲပြု၍ ဖြစ်ပွါးသော ကုသိုလ်တရားပေတည်း။

ပထဝီဓာတ် အာပေါဓာတ် အစရှိသော၊ ပရမတ္ထသစ္စာဘက်၌လည်း ကောင်း ပရမတ္ထသစ္စာကို အစွဲပြု၍ဖြစ်ပွါးသော ကုသိုလ်တရားမျိုးကား- ဝိသုဒ္ဓိ ခုနစ်ပါးတို့တွင် ဒိဋ္ဌိဝိသုဒ္ဓိအစရှိသော အထက်ဝိသုဒ္ဓိငါးပါး ဝိပဿနာဉာဏ် ဆယ်ပါး မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်တရားများပေတည်း၊ ဤတရားတို့သည် ပရမတ္ထသစ္စာကို အစွဲပြု၍ ဖြစ်ပွါးသောတရားတို့ပေတည်း။

လောက၌ အကြင်သူတို့သည် သမ္မုတိသစ္စာကို ငြင်းပယ်ကြကုန်၏၊ ထိုသူတို့သည် ဒါနသီလ ဘာဝနာအစရှိသော ကုသိုလ်တရားမျိုး အလောင်း အလျာတို့ ဖြည့်ကျင့်ပွါးများအပ်သော ပါရမီမျိုးနှင့် ဝေးကွာကြကုန်၏။ အကြင် သူတို့သည် ပရမတ္ထသစ္စာကို ငြင်းပယ်ကြကုန်၏၊ ထိုသူတို့သည် ဒိဋ္ဌိဝိသုဒ္ဓိ အစရှိသောတရား မဂ်ဉာဏ်, ဖိုလ်ဉာဏ် နိဗ္ဗာန်တရားတို့မှ ဝေးကြကုန်၏။

ဤအရာ၌ ပရမတ်သဂြိုဟ်ကို လေ့ကျက်ကြကုန်သော အချို့သော သူတို့သည်၊ သမ္မုတိသစ္စာကို လုံးလုံးပယ်ကြကုန်၏။ ။ ပယ်ပုံကား- လောက၌ ပုဂ္ဂိုလ် သတ္တဝါ အတ္တဇီဝဟူ၍ မရှိ၊ ရုပ်နာမ်တရား ခန္ဓာငါးပါးသာ အမှန်ရှိ၏၊ ထိုခန္ဓာငါးပါးသည်လည်း ဘဝအဆုံးသို့ကျ၍ စုတိကမ္မဇရုပ်ချုပ်ရာတွင် အကုန်လုံး ချုပ်ဆုံးကြလေကုန်၏၊ ဘဝတစ်ပါး ကူးပြောင်း၍ သွားနိုင်သော တရားဟူ၍

www.dhammaransi.com



တစ်ခုမျှမရှိ၊ ပုဂ္ဂိုလ် သတ္တဝါ အတ္တဇီဝဟူ၍လည်း ခန္ဓာငါးပါးကိုစွဲမှီ၍ သမုတ် အပ်သော ပညတ်တရားမျှသာတည်း၊ ထို့ကြောင့် ထိုပညတ်တရားများသည်လည်း ယခုဘဝ သေကြသောအခါ ခန္ဓာငါးပါးပျက်ဆုံးရာတွင် အကုန်ပျက်ဆုံးကြရ၏၊ ဘဝတစ်ပါးသို့ ပြောင်းသွားနိုင်သော ပုဂ္ဂိုလ် သတ္တဝါ အတ္တဇီဝဟူ၍ တစ်စုံ တစ်ခုမျှမရှိ၊ လောက၌ ပုဂ္ဂိုလ်ရှိသည် သတ္တဝါရှိသည် အတ္တရှိသည် ဇီဝရှိသည်ဟု ယူမှတ်ပြောဆို ကြသောအရာသည် အလွန်မှား၏။

ဤကား သမုတိသစ္စာကို လုံးလုံးပယ်ပုံတည်း။

**ဤ၌အဖြေကား-** ပုဂ္ဂိုလ် သတ္တဝါ အတ္တဇီဝဟူသော ပညတ်များသည် ခန္ဓာငါးပါးကို အစွဲပြု၍ ဖြစ်၏၊ ဖြစ်ပုံကား ခန္ဓာငါးပါးအပေါင်း အစုကို အစွဲပြု၍ ပုဂ္ဂိုလ်ရှိ၏၊ သတ္တဝါရှိ၏၊ အတ္တရှိ၏၊ ဇီဝရှိ၏ဟုဖြစ်၏၊ ခန္ဓာငါးပါးတို့၏ မြစ်ရေ အယဉ်ကဲ့သို့ အစဉ်မပျက် ဆက်လက်ဖြစ်ပွါးလျက်နေသည်ကို အစွဲပြု၍ ဤသတ္တဝါသည် ပထမအရွယ်မှလည်း ဒုတိယအရွယ်သို့ရောက်၏၊ ဤဘဝမှ လည်း ထိုဘဝသို့ရောက်၏၊ ထိုဘဝမှလည်း ဤဘဝသို့ရောက်၏ဟု သမုတိသစ္စာ တရား ထင်ရှားရှိနေ၏၊ အကြင်မျှလောက်သောကာလပတ်လုံး ကိလေသာ အာသဝေါ ကင်း၍ ပရိနိဗ္ဗာန်စံခြင်းသို့မရောက်သေး၊ ထိုမျှလောက်သော ကာလ ပတ်လုံး ခန္ဓာငါးပါးသည်လည်း မြစ်ရေအယဉ်ကဲ့သို့ အစဉ်မပြတ် ဖြစ်ပွါးလျက် သာနေ၏၊ ခန္ဓာငါးပါး မြစ်ရေအယဉ်ကဲ့သို့ အစဉ်မပြတ် ဖြစ်သမျှကာလပတ်လုံး ဤသတ္တဝါသည် ထိုဘဝသို့ရောက်၏၊ ထိုသတ္တဝါသည် ဤဘဝသို့ ရောက်လာ၏ ဟူသော သမုတိသစ္စာတရားသည်လည်း အစဉ်တည်ထွန်းလျက် ရှိသည်သာ လျှင်တည်း။

ဤအရာ၌ မေးရန်ရှိ၏၊ အဘယ်သို့ မေးရန်ရှိသနည်းဟူမူကား ဤဘဝ တွင် မသေမီအတွင်း၌ ခန္ဓာငါးပါးသည် မြစ်ရေအယဉ်ကဲ့သို့ အစဉ်မပြတ် ဖြစ်နေခြင်းကြောင့် သတ္တဝါပညတ်သည်လည်း ထိုအစဉ်ကို အမှီပြု၍ တည်နေ သည်ကား မှန်ပေ၏၊ ဤလူ့ပြည်မှ စုတေ၍ အထက်နတ်ပြည် ဗြဟ္မာပြည်တို့၌ ဖြစ်ရသည်ဟူသောစကား, ဤလူ့ ပြည်မှစုတေ၍ အောက်ငရဲပြည်တို့၌ ဖြစ်ရသည်ဟူသော စကားများမှာ စုတိရာဌာနနှင့် ဖြစ်ရာဌာနများသည် အလွန်

www.dhammaransi.com



ဝေးစွာ ကွာခြားလျက်ရှိသောကြောင့် ခန္ဓာငါးပါးသည် အစဉ်အပြတ်ကြီး ပြတ်သည်မဟုတ်ပါလော့၊ ခန္ဓာငါးပါး အစဉ်အပြတ်ကြီးပြတ်ခဲ့သော် ပုဂ္ဂိုလ် သတ္တဝါသည်လည်း အပြတ်ကြီး ပြတ်လေတော့သည် မဟုတ်ပါလော့ဟု မေးရန်ရှိ၏။

**အဖြေကား** ဤလူ့ပြည်မှစုတေ၍ အထက်နတ်ပြည် ဗြဟ္မာ့ပြည်တို့၌ ဖြစ်ရသည်ဟူသောစကား၊ ဤလူ့ပြည်မှစုတေ၍ အောက်ငရဲပြည်တို့၌ ဖြစ်ရသည်ဟူသော စကားများမှာလည်း စုတေရာဌာနနှင့် ဖြစ်ရာဌာနများသည် အလွန်ဝေးစွာကွာခြားလျက် ရှိသောကြောင့် ဌာနဒေသ အလိုအားဖြင့် အလွန်ဝေးစွာ ကွာခြားလျက်ရှိသော်လည်း ခဏကာလ အလိုအားဖြင့် အစဉ်မပြတ်သည်သာဖြစ်၏။

**မပြတ်ပုံကား** ဤလူ့ပြည်မှ စုတေ၍ အထက်နတ်ပြည် ဗြဟ္မာ့ပြည်တို့၌ ဖြစ်ကြရသည်မှာလည်း ဤလူ့ပြည်၌ စုတိစိတ်၏ ဘင်ခဏနှင့် နတ်ပြည် ဗြဟ္မာ့ပြည်၌ ပဋိသန္ဓေ ဥပါဒ်ခဏသည် မျက်တောင်တစ်ခတ်၊ လျှပ်တစ်ပြက်၊ ခဏကာလကို အစိတ်တစ်ထောင်စိတ်သော်လည်း တစ်စိတ်စာမျှ ကွာခြားခြင်း မရှိ၊ တစ်စဉ်တည်း တစ်ဆက်တည်းပင် ဆက်လျက်ရှိ၏၊ နတ်ဗြဟ္မာတို့၏ နတ်မျက်စိ အဘိညာဉ်ရ ရသေ့ ရဟန်းတို့၏ အဘိညာဉ် မျက်စိတို့ကို လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည် ငရဲပြည် အနှံ့အပြား ဖြန့်ခင်း၍ ထိုလူ့ပြည်မှ သေသောသူ၏ အလားအလာကို ကြည့်ရှု၍နေခဲ့သော် ဤသူသည် လူ့ပြည်မှ စုတေ၍ အထက် ဘယ်ဘုံ ဘယ်ဘဝမှာ ဖြစ်လေ၏ ဟူ၍လည်းကောင်း၊ အောက်ဘယ်ငရဲပြည်မှာ ဖြစ်လေ၏ဟူ၍လည်းကောင်း တစ်ဆက်တည်း တစ်စဉ်တည်း ထင်နိုင်ကြ မြင်နိုင်ကြသည် သာဖြစ်၏။

**ဥပမာကား** တိမ်တိုက်မှာ လျှပ်ပြက်သည်ကို ကြည့်ရှု၍ နေကြရာ၌ လျှပ်ပြက်ရာဌာနနှင့် လျှပ်ရောင်ရောက်ရာ မြေအပြင်သည် အလွန်ကွာခြားလျက်ရှိသော်လည်း တိမ်တိုက်၌ လျှပ်ဖြစ်ပေါ်သော ခဏနှင့်မြေအပြင်၌ လျှပ်ရောင် ကျရောက်သောခဏသည် တစ်ပြိုင်နက် တစ်ချက်တည်းကဲ့သို့ ဆက်လက်လျက်ရှိသောကြောင့် တိမ်တိုက်က လျှပ်သည်ပင်လျှင် မြေအပြင်သို့ ရောက်လာသည်ဟု မျက်မြင်ဒိဋ္ဌ မှတ်ယူနိုင်ကြသကဲ့သို့တည်း။

www.dhammaransi.com



ဤစကား၌ နတ်မျက်စိ အဘိညာဉ် မျက်စိတို့ဖြင့် ကြည့်ရှု၍နေသော သူတို့မှာ စုတေသောသူ၏ စုတိစိတ်၏ ဘင်ခဏကိုပင် မြင်နိုင်ကြသည်မဟုတ် ထိုသတ္တဝါသည်ပင်လျှင် ထိုခန္ဓာမှထွက်၍ ဘယ်ဘုံ ဘယ်ဘဝမှာ ဖြစ်လေ၏ဟု တစ်ဆက်တည်း ဆက်လျက် ထင်မြင်ရလေ၏ အကြား၌မူကား အတ္တဇီဝ မည်သည် အလွန်သိမ်မွေ့လှ၏၊ အကူးအပြောင်းလည်း အလွန်လျှင်မြန်လှ၏၊ ဤသို့အလွန်သိမ်မွေ့လှ အလွန်လျှင်မြန်လှသောကြောင့်၊ ရှေ့ဘဝ စုတိနှင့် နောက်ပဋိသန္ဓေ၏ အကြား၌ ကူးပြောင်း၍ သွားသည်ကိုမူကား မထင်နိုင်ကြ မမြင်နိုင်ကြ ရှိ၏ဟု မှတ်ယူကြကုန်၏၊ လျှပ်ဥပမာ၌လည်း လျှပ်ဖြစ်ရာဌာနနှင့် လျှပ် ရောက်ရာဌာန၏အကြား ကောင်းကင်ပြင်တွင် လျှပ်သွားသည်ကို မမြင်ရ သော်လည်း၊ အလွန်လျှင်မြန်လှသောကြောင့်သာလျှင် မမြင်ရသည်၊ ထိုလျှပ်သည် မူကား ဖြစ်ရာတိမ်တိုက်မှသည် မြေအပြင်ကျအောင် ကောင်းကင်မှာပင် လွင့်စင်၍လာခဲ့သည် အမှန်ဖြစ်၏ဟု မှတ်ယူနိုင်ကြသကဲ့သို့တည်း၊ ဤသို့လျှင် လူ့ပြည်မှစုတေ၍ နတ်ပြည် ဗြဟ္မာပြည် ငရဲပြည်တို့မှာ ဖြစ်ကြရာ၌လည်း၊ ခန္ဓာ အစဉ်သည် မပြတ်သည်သာဖြစ်၏၊ ခန္ဓာအစဉ်မပြတ်ခဲ့သော် ထိုသတ္တဝါ ပညတ်သည်လည်း မပြတ်လေတော့သည်သာလျှင်တည်း၊ လောက၌မူကား အချို့အချို့သောသူတို့သည် စုတိနှင့်ပဋိသန္ဓေသည် ခဏကာလအားဖြင့် တစ်ဆက်တည်း ဆက်လျက် ရှိနေသည်ကို မကြံမိကြမူ၍ ဌာနဒေသအားဖြင့် အလွန်ဝေးစွာကွာခြား ချက်ကိုသာ ထင်မြင်၍ နေကြသဖြင့် ရှေ့ဘဝ နောက်ဘဝ ဆက်လက် နိုင်ရန်မရှိဟု ယောင်ဝါးကြီးဖြစ်၍ နေကြ၏။

**ဤတွင်ရွှေ့ကား သမ္မုတိသစ္စာ**
**ပရမတ္ထသစ္စာခွဲခန်းပြီး။**

------✱------

**သဿုတ ဥစ္ဆေ နှစ်ထွေဒိဋ္ဌိ**

လျှောက်လွှာတွင်ပါရှိသော သဿုတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိနှစ်ပါး ကို ပြဆိုပေအံ့၊ ထိုဒိဋ္ဌိနှစ်ပါးသည် အတ္တဒိဋ္ဌိလျှင်အရင်းရှိ၏၊ အတ္တဒိဋ္ဌိရှိနေသော သူတို့၌သာဖြစ်၏၊ အတ္တဒိဋ္ဌိရှိနေပုံကား အတ္တဒိဋ္ဌိ၏ အစွမ်းသတ္တိသည်-

- ဝီတိက္ကမအစွမ်းသတ္တိတစ်ပါး၊

www.dhammaransi.com



- ပရိယုဋ္ဌာနအစွမ်းသတ္တိတစ်ပါး၊
- အနုသယအစွမ်းသတ္တိ တစ်ပါး

ဟူ၍ သုံးပါးရှိ၏၊ ထိုတွင်-

- **ဝီတိက္ကမအစွမ်းသတ္တိဆိုသည်ကား** အတ္တဒိဋ္ဌိနှင့်ယှဉ်သော လောဘမူ စိတ်ဖြင့်ကိုယ်အင်္ဂါနှုတ်အင်္ဂါတို့ကို လှုပ်ရှားစေနိုင်သော သတ္တိ ဆိုလိုသည်။
- **ပရိယုဋ္ဌာနအစွမ်းသတ္တိဆိုသည်ကား** စိတ်မနော၏ အတွင်း၌သာ ဇောကိစ္စနှင့်ထကြွခြင်းငှာ စွမ်းနိုင်သော အစွမ်းသတ္တိသည်၊ ပရိယုဋ္ဌာနအစွမ်းသတ္တိမည်၏။
- **အနုသယအစွမ်းသတ္တိဆိုသည်ကား** ဇောကိစ္စနှင့်မျှ ထကြွခြင်း မရှိမူ၍ စိတ်အစဉ်၌ အမြဲကိန်းဝပ်ငုပ်လျှိုးလျက် ပါရှိ၍နေသော အစွမ်းသတ္တိသည် အနုသယအစွမ်း သတ္တိမည်၏။

စိတ်သန္တာန်၌ ထိုအနုသယအစွမ်းသတ္တိ ရှိနေသေးသရွေ့ ကာလပတ်လုံး ထိုသူမှာအတ္တဒိဋ္ဌိမရှိပြီဟူ၍မဆိုအပ်၊ အတ္တဒိဋ္ဌိမျိုး ပြတ်သည်မဟုတ်သေး၊ နောင် အတ္တဒိဋ္ဌိ ဖြစ်ပေါ်ခွင့်ဆိုက်လာခဲ့သော် ဝီတိက္ကမကိစ္စတိုင်အောင် ထကြွ သောင်း ကျန်း၍လာလတ္တံ့။

ဥပမာကား ဗြဟ္မာပြည်၌ဖြစ်သောသူတို့မှာ အသက်ထက်ဆုံး ဒေါသဟူ၍ အငွေ့အသက်မျှမထင် အထက်ဆုံးဖြစ်သောဘဝဂ်ဘုံ၌ ဖြစ်သောသူတို့၏ သန္တာန်မှာ ကမ္ဘာကြီးရှစ်သောင်းလေးထောင် ကာလပတ်လုံး ဒေါသဟူ၍ အငွေ့ အသက်မျှမထင်၊ သို့သော်ထိုသူတို့မှာ ဒေါသမရှိဟုမဆိုရ၊ ထိုသူတို့၏ စိတ် သန္တာန်မှာ ဒေါသသည် အနုသယကိစ္စနှင့်တည်ရှိ၏၊ ထိုသူများသည် ကာမဘုံသို့ ရောက်လာကြ၍ အနိဋ္ဌအာရုံနှင့်တွေ့ကြုံကြသောအခါ ထိုဒေါသသည် ဝီတိက္ကမ ကိစ္စတိုင်အောင် ထကြွသောင်းကျန်း၍လာလတ္တံ့၊ ထိုအတူအတ္တဒိဋ္ဌိ သည်လည်း အကြင်မျှလောက်သောကာလပတ်လုံး သမထဝိပဿနာ ဘာဝနာတို့ဖြင့် ဘိနှိပ် ပယ်ရှား၍ထား၏၊ ထိုမျှလောက်သော ကာလပတ်လုံး ထိုသူ၏စိတ်သန္တာန်မှာ အတ္တဒိဋ္ဌိသည်အငွေ့ အသက်မျှမထင်၊ သို့သော်ထိုသူမှာအတ္တဒိဋ္ဌိ မရှိပြီဟူ၍မဆိုရ၊

www.dhammaransi.com



အနုသယကိစ္စနှင့် တည်ရှိသည်သာဖြစ်၏။ နောင်သမထ ဝိပဿနာအလုပ်ကို လက်လွှတ်၍ အတ္တဒိဋ္ဌိဖြစ်ရာ အခွင့်နှင့်တွေ့ကြုံသောအခါ အတ္တဒိဋ္ဌိသည် ဝိသိက္ကမ ကိစ္စတိုင်အောင် ထကြွသောင်းကျန်း၍လာလတ္တံ့၊ ဤသို့ အနုသယ ကိစ္စနှင့် တည်ရှိသောသူသည် အတ္တဒိဋ္ဌိရှိနေသော သူမည်၏၊ ဤအတ္တဒိဋ္ဌိ ရှိနေသောသူ၌သာလျှင် ထိုဒိဋ္ဌိနှစ်ပါးသည် ဖြစ်နိုင်၏၊ ထိုတွင် အကြင်သူသည် ခန္ဓာငါးပါးနှင့်အတ္တဇီဝကို တစ်ခုတည်းပြု၍ယူ၏၊ ထိုသူသည်ဥစ္ဆေဒဒိဋ္ဌိသို့ ရောက်၏။

ရောက်ပုံကား- ခန္ဓာငါးပါးနှင့်အတ္တဇီဝသည် တစ်ခုတည်းဖြစ်၏၊ ခန္ဓာငါးပါး သည်လည်း တစ်ဘဝတွင် တစ်ခါအကုန်လုံးချုပ်ဆုံးမြဲ ဓမ္မတာ ဖြစ်၏၊ ခန္ဓာငါးပါး ချုပ်ဆုံးလျှင်လည်း အတ္တဇီဝသည်ချုပ်ဆုံးလေတော့သည်သာဖြစ်၏၊ အတ္တဇီဝ သည် ချုပ်ဆုံးလျှင်လည်း ပုဂ္ဂိုလ်သတ္တဝါသည် ချုပ်ဆုံးလေတော့သည်သာဖြစ်၏၊ ဘုံတစ်ပါးဘဝတစ်ပါးသို့ ပြောင်းသွားခြင်းဟူ၍မရှိ၊ ပုဂ္ဂိုလ်သတ္တဝါသည် သေ သည်မှနောက်၌ ဘုံတစ်ပါးဘဝတစ်ပါးသို့ ပြောင်းသွားရသည်ဟူသော အယူ စကားသည် မဟုတ်၊ မှား၏။

## ဤကား ဥစ္ဆေဒဒိဋ္ဌိဖြစ်ပုံတည်း

---------

ဤဒိဋ္ဌိသည် အလွန်ဆိုးဝါး၏၊ ကုသိုလ်ကံ အကုသိုလ်ကံတို့ကိုလည်း ကောင်း ထိုကံ၏အကျိုးတို့ကိုလည်းကောင်း ပယ်ဖျက်ပုံကား- ထိုဒိဋ္ဌိ အလိုအားဖြင့် ခပ်သိမ်းသော သတ္တဝါတို့မှာ ပစ္စုပ္ပန်တစ်ဘဝသာ ရှိကြ၏၊ အတိတ်ဘဝဟူ၍လည်း မရှိကြ၊ အနာဂတ်ဘဝဟူ၍လည်း မရှိကြသောကြောင့်၊ အနာဂတ်ဘဝအကျိုးငှာ ပစ္စုပ္ပန်ဘဝ၌ပြုလုပ်ကြသော ကုသိုလ် အကုသိုလ်မှုတို့သည်လည်း အကျိုးမရှိ အချည်းနှီးသာဖြစ်ကုန်၏၊ ကုသိုလ်အရာ၌ ဈာန်သမာပတ်ကြီးတို့ကို ပွါးများ၍ ထားသော်လည်း နောက်ဘဝအတွက် အကျိုးမရှိ၊ အကုသိုလ်အရာ၌ အမိအဘကို သတ်သော်လည်း နောက်ဘဝအတွက် အပြစ်မရှိ၊ ဤကား ကံကိုလည်းကောင်း ကံ၏အကျိုးကိုလည်းကောင်း အချင်းခပ်သိမ်း ပယ်ခြင်းတည်း၊ ဤကား ဥစ္ဆေဒဒိဋ္ဌိ အယူရှိသောသူသည် သေသည်၏အခြားမဲ့၌ သုဂတိဘဝသို့ မရောက်နိုင်ပြီ၊

www.dhammaransi.com



အပါယ်လေးပါး တစ်လမ်းသွားသာရှိ၏၊ ထိုမှတစ်ပါးလည်း အတ္တဇီဝသည် အထက်နတ်ဘုံဗြဟ္မာဘုံတို့တွင် ဘယ်ဘုံသို့ရောက်မှ ပြတ်သည်ဟူ၍ ယူကြသော ဥစ္ဆေဒဒိဋ္ဌိ အယူများသည်ရှိသေး၏။

ဥစ္ဆေဒဒိဋ္ဌိသဘောကို ပြဆိုခန်းပြီး၏။

--------------

သတဿဒိဋ္ဌိ၌ အကြင်သူသည် ခန္ဓာငါးပါးနှင့် အတ္တဇီဝကို တစ်ခြားစီ ဟုယူ၏။

ဥပမာကား လောက၌အိမ်ဟူ၍ရှိ၏၊ အိမ်ရှင်ဖြစ်သောလူ ဟူ၍ရှိ၏၊ ထိုလူသည် အိမ်နှင့်စပ်သော အမှုကိစ္စတို့ကို စီရင်ဆောင်ရွက်ပေ၏၊ အိမ်စောင့်နတ် ဟူ၍လည်းရှိ၏၊ ထိုနတ်သည် ရိုသေစွာကိုးကွယ်သည်ရှိသော် ထို အိမ်ကိုလည်းကောင်း၊ ထိုအိမ်ရှင်ကိုလည်းကောင်း အန္တရာယ်မရှိ၊ အသက် ရှည်စွာနေရအောင် စောင့်ရှောက်ပေ၏။

ဤဥပမာ၌ ခန္ဓာငါးပါးသည် အိမ်နှင့်တူ၏ အတ္တသည် အိမ်ရှင်တူ၏၊ ခန္ဓာငါးပါးကို အုပ်စိုး၍ မြင်ခြင်း, ကြားခြင်း, သွားခြင်း, လာခြင်း, ပြောခြင်း, ဆိုခြင်း, ကြံခြင်း, စည်ခြင်း အစရှိသော ကိစ္စတို့ကို စီရင်ဆောင်ရွက်ပေ၏၊ ဇီဝသည် အိမ်စောင့်နတ်နှင့်တူ၏။

ထိုခန္ဓာ ထိုအတ္တတို့ကို အသက်ရှည်အောင် စောင့်ရှောက်ပေ၏၊ သေသော အခါ၌မူကား ခန္ဓာသည်သာလျှင် ချုပ်ဆုံး၏ အတ္တဇီဝသည်မူကား ချုပ်ဆုံးသည် ဟူ၍မရှိ၊ ထိုခန္ဓာမှထွက်၍ ကုသိုလ်ကံ အကုသိုလ်ကံ ပစ်ချရာ ခန္ဓာအသစ်သို့ ပြောင်း ရွှေ့လေ၏၊ ပုဂ္ဂိုလ်သတ္တဝါသည်လည်း အတ္တဇီဝပြောင်းရွှေ့ရာ အမြဲလိုက် ပါရလေ၏၊ အနမတဂ္ဂသံသရာမှာ ဤနည်းအတိုင်း ကျင်လည်ပြေးသွား၍ နေကြ ရလေ၏။

ဤကား သဿတဒိဋ္ဌိသဘောတည်း။

----------

www.dhammaransi.com



ဤဒိဋ္ဌိ၌ကံနှစ်ကံ အကျိုးကို မြစ်ပယ်ခြင်းမရှိ၊ စုတေသည်မှ နောက်၌ သုဂတိဘဝသို့လည်း ရောက်နိုင်၏၊ ဤဒိဋ္ဌိကို မစွန့်သမျှ ကာလပတ်လုံး ပရမတ္ထ သစ္စာနှင့် ဝေးကွာ၏၊ ထိုမှတစ်ပါးလည်း အထက်နတ်ဘုံ ဗြဟ္မာဘုံတို့တွင် ဘယ်ဘုံ သို့ရောက်လျှင် အိုခြင်း, သေခြင်း, ပြောင်းရွှေ့ခြင်းမရှိ၊ ထာဝရအမြဲတည်နေရ၏၊ ထိုဘုံသို့မရောက်သမျှ ကာလပတ်လုံး၊ အိုခြင်း သေခြင်း ပြောင်းရွှေ့ခြင်းမရှိထာဝရ အမြဲတည်နေရ၏ ထိုဘုံတို့ မရောက်သမျှကာလပတ်လုံး အိုခြင်း, သေခြင်း, ပြောင်းရွှေ့ခြင်းကို မလွန်ကြဟုယူသော သဿတဒိဋ္ဌိများလည်း ရှိကြ၏။

ထိုမှတစ်ပါးလည်း အထက်ဆုံးဖြစ်သော ကောင်းကင်ဘုံကြီးမှာ အနမတဂ္ဂ သံသရာတွင် အစဉ်ထာဝရ အမြဲတည်နေသော မဟာဗြဟ္မာမင်းကြီးသည်ရှိ၏၊ ကမ္ဘာကိုလည်းကောင်း သတ္တဝါတို့ကိုလည်းကောင်း ထိုဗြဟ္မာမင်းကြီးသည် ဖန်ဆင်းပေ၏၊ ထိုဗြဟ္မာမင်းကြီးသည် မိမိကိုယုံကြည်စွာ ကိုးကွယ်ကြသော သူအပေါင်းတို့ကို သေသည်၏ အခြားမဲ့၌ အနန္တတန်ခိုးတော်ဖြင့်၊ မိမိထံသို့ ရောက်အောင် ကယ်တင် ပေ၏၊ ထိုသို့ ရောက်ကြကုန်သော သူအပေါင်းတို့သည် ထိုအနန္တကောင်း ကင်ဘုံကြီးမှာ အိုခြင်း သေခြင်းကင်းလွတ်၍ ထာဝရချမ်းသာ ကြီးကို ရကြလေကုန်၏ဟူ၍ ယူသော သဿတဒိဋ္ဌိသည် ရှိ၏။

ထိုမှတစ်ပါးလည်း ဤသတ္တဝါအပေါင်းတို့သည် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကိုမရသေးသမျှ ကာလပတ်လုံး သံသရာမှာ အတ္တဇီဝနှင့်တကွ ကျင်လည်၍ နေကြရကုန်၏၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုရ၍ ပရိနိဗ္ဗာန်စံကြသောအခါမှ အတ္တဇီဝ နှင့်တကွ ပြတ်ငြိမ်းကြကုန်၏ဟူ၍ ယူသောသဿတဒိဋ္ဌိသည် ရှိ၏။

အချို့သောသူတို့က ပရိနိဗ္ဗာန်စံကြသော အခါ၌လည်း မပြတ်ကြကုန်သေး၊ အသင်္ခတနိဗ္ဗာန်ဘုံသို့ ကူးပြောင်းကြကုန်၍ ထိုနိဗ္ဗာန်ဘုံမှာ အိုခြင်း နာခြင် သေခြင်း မရှိ၊ ထာဝရချမ်းသာကို ခံစား၍ နေကြရကုန်၏ ဟူသော သဿတဒိဋ္ဌိ လည်းရှိ၏။

ဤကား သဿတဒိဋ္ဌိသဘောတည်း။

----------------

www.dhammaransi.com



## သမ္မာဒိဋ္ဌိဉာဏ်

ထိုဒိဋ္ဌိနှစ်ပါးတို့ကိုပယ်နိုင်သော သမ္မာဒိဋ္ဌိဉာဏ်သည်ကား-

- သမုတိသစ္စာဖက်၌ သမုတိသစ္စာအနေနှင့် ဖြောင့်မတ်စွာ မြင်နိုင်သော သမ္မာဒိဋ္ဌိဉာဏ်လည်းတစ်ပါး၊
- ပရမတ္ထသစ္စာဖက်၌ ပရမတ္ထသစ္စာအနေနှင့် ဖြောင့်မတ်စွာ မြင်နိုင်သော သမ္မာဒိဋ္ဌိဉာဏ်လည်းတစ်ပါး၊

ဟူ၍နှစ်ပါးရှိ၏။

ထိုတွင် ပရမတ္ထသစ္စာဖက်၌ သမ္မာဒိဋ္ဌိဉာဏ်သည်-

- ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်တစ်ပါး,
- ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်တစ်ပါး,
- ဝိပဿနာဉာဏ်တစ်ပါး,
- အရိယာမဂ်ဉာဏ်တစ်ပါး

ဟူ၍ လေးပါးရှိ၏။

ထိုလေးပါးသောဉာဏ်တို့ဖြင့် အတ္တဒိဋ္ဌိကို ပယ်ဖျက်ရာ၏၊ အတ္တဒိဋ္ဌိသည် အနုသယကိစ္စမျှ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းသည်ရှိသော် အထက်နတ်ဘုံ ဗြဟ္မာ့ဘုံတို့တွင် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိနှစ်ပါးတို့သည်လည်း အကြွင်းအကျန်မရှိ ချုပ်ငြိမ်းကုန်၏၊ သမ္မာဒိဋ္ဌိဉာဏ် လေးပါးတို့တွင်-

**ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်ဆိုသည်ကား** ပရမတ္ထတရားနှင့် ပညတ်တရားတို့၏ ခြားနားချက်ကို ကောင်းစွာမြင်နိုင်သောဉာဏ်တည်း၊ ထိုဉာဏ်သည် အတ္တဒိဋ္ဌိမှ အထူးစင်ကြယ်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်မည်၏။

**ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်ဆိုသည်ကား** ပရမတ္ထသစ္စာဖက်၌ ပဋိစ္စသမုပ္ပါဒ်နည်း ပဋ္ဌာန်းနည်းတို့ဖြင့် အကြောင်းတရား အကျိုးတရားတို့ကို ကောင်းစွာမြင်နိုင်သောဉာဏ်တည်း၊ ထိုဉာဏ်သည် အတ္တဒိဋ္ဌိလျှင် အရင်းရှိသော ယုံမှားခြင်း ရှစ်ပါး ယုံမှားခြင်းတစ်ဆယ့်ခြောက်ပါးတို့မှ အထူးစင်ကြယ်သောကြောင့် ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။

www.dhammaransi.com



**ဝိပဿနာဉာဏ်ဆိုသည်ကား** ပရမတ္ထသစ္စာဖက်၌ လောကီခန္ဓာ တရားတို့၏ အနိစ္စအချက် ဒုက္ခအချက် အနတ္တ အချက်တို့ကိုကောင်းစွာ မြင်နိုင်သောဉာဏ်တည်း။

**အရိယမဂ်ဉာဏ်ဆိုသည်ကား** လောကုတ္တရာမဂ္ဂင်ရှစ်ပါးတွင်ပါရှိသော သမ္မာဒိဋ္ဌိပေတည်း၊ ထိုဉာဏ်သည် သောတာပတ္တိမဂ်ဉာဏ် သကဒါဂါမိမဂ်ဉာဏ် အနာဂါမိမဂ်ဉာဏ် အရဟတ္တမဂ်ဉာဏ်ဟူ၍ လေးပါးရှိ၏။

ထိုလေးပါးတို့တွင် သောတာပတ္တိမဂ်ဉာဏ်သည် အတ္တဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကို အကြွင်းမဲ့ပယ်ဖြတ်နိုင်၏၊ အတ္တဒိဋ္ဌိကို ပယ်သည်ဟူသော စကား၌လည်း အတ္တဒိဋ္ဌိ၏အနုသယကိစ္စကို ပယ်သည်ဟုဆိုလို၏၊ ထိုအနုသယကိစ္စသည်လည်း အကြမ်း အလတ် အနု အနုထက်အနုဟူ၍ လေးပါးရှိ၏၊ ထိုတွင်-

- ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်သည်အကြမ်းကိုသာပယ်နိုင်၏။
- ကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ်သည်၊ အလတ်ကိုပယ်နိုင်၏။
- ဝိပဿနာဉာဏ်သည်၊ အနုကိုပယ်နိုင်၏။
- သောတာပတ္တိမဂ်ဉာဏ်သည်၊ အနုထက်အနုကို အကြွင်းအကျန်မရှိပယ်နိုင်၏။

ဝိစိကိစ္ဆာကိုပယ်သည်ဟူသော စကား၌လည်း ထိုအတူ အနုသယကို ပယ်ခြင်းပင်တည်း။

ပရမတ္ထသစ္စာဖက်၌ အဘယ်မျှလောက်သောတရားကို ကောင်းစွာ မြင်သည်ရှိသော် အတ္တဒိဋ္ဌိ၏ အနုသယကိစ္စ လေးချက်တို့ကို၊ အစဉ်အတိုင်း ပယ်နိုင်ပါသနည်းဟူမူကား။

ရုပ်တရားဖက်၌-

- ပထဝီဓာတ်တစ်ပါး၊
- အာပေါဓာတ်တစ်ပါး၊
- တေဇောဓာတ်တစ်ပါး၊
- ဝါယောဓာတ်တစ်ပါး၊

www.dhammaransi.com



- အာကာသဓာတ်တစ်ပါး

ဟူ၍ငါးပါး။

နာမ်တရားဖက်၌-

- ဝိညာဏ်တစ်ပါး၊
- ဝေဒနာတစ်ပါး၊
- သညာတစ်ပါး၊
- စေတနာတစ်ပါး

ဟူ၍လေးပါး။

ထိုရုပ်နာမ်တရားတို့၌ ရှိနေသော-

- ဇာတိတစ်ပါး၊
- ဇရာတစ်ပါး၊
- မရဏတစ်ပါး

ဟူ၍သုံးပါး။

ထိုရုပ်တရား တို့ကိုဖြစ်ပွားစေတတ်သော ကံ စိတ် ဥတု အာဟာရဟူ၍ အကြောင်းတရားလေပါး၊ ဤတစ်ဆယ့်ခြောက်ပါးသောတရားတို့ကို ကောင်းစွာ မြင်သည်ရှိသော် အတ္တဒိဋ္ဌိ၏အနုသယကိစ္စ လေးချက်တို့ကို အစဉ်အတိုင်း ပယ်နိုင်၏။

## ကံအကြောင်းတရား

ထိုတွင် အကြောင်းတရားလေးပါးကို၊ ရှေးဦးစွာပြ ဆိုရာ၏။ ကံဆိုသည် ကား ကုသိုလ်စေတနာ အကုသိုလ်စေတနာကို ဆို၏၊ ထိုကံ၏ အခိုက်အတန့် သည် သုံးပါးရှိ၏။

- စေတနာအခိုက်အတန့်တစ်ပါး၊
- ပရိယုဋ္ဌာန်အခိုက်အတန့် တစ်ပါး၊
- ကမ္မပစ္စယအခိုက်တန့်တစ်ပါးပေတည်း၊ ထိုတွင်-

- **စေတနာအခိုက်အတန့်ဆိုသည်ကား** ပါဏာတိပါတ အမှုကိုပြုရာ၌ ရိုက်ခြင်းနှက်ခြင်း အစရှိသော အမှုကိုပြုဆဲ အခိုက်အတန့်သည်၊ စေတနာအခိုက်အတန့်မည်၏။

www.dhammaransi.com



- **ပရိယုဋ္ဌာန် အခိုက်အတန့်ဆိုသည်ကား** ထိုစေတနာချုပ်ပြီးသည်နောက် ထိုသူ၏စိတ်သန္တာန်မှာ ထိုအမှုအတွက်နှင့် လှုပ်ရှားလျက်နေရစ်သော အခိုက်အတန့်သည် ပရိယုဋ္ဌာန် အခိုက်အတန့်မည်၏။

- **ကမ္မပစ္စယအခိုက်အတန့်ဆိုသည်ကား** ထိုလှုပ်ရှားခြင်း ငြိမ်းသည်မှ နောက်၌လည်း အခွင့်သာရာ၌ အကျိုးပေးရန် ထိုပါဏာတိပါတ အမှုသည် ထိုသူဖြစ်လေရာရာ အစဉ်ပါ၍ နေ၏၊ ထိုပါရှိ၍နေသော အခိုက်အတန့်သည် ကမ္မပစ္စယ အခိုက်အတန့်မည်၏။,

**ဥပမာကား**- ကြမ်းတမ်းလှစွာသောအမိသည် သားငယ်ကလေးကို ပြင်းထန်လှစွာ ရိုက်ရာ၌ ထိုရိုက်မှုမှာ အခိုက်အတန့်သုံးပါးရှိ၏၊ ရိုက်ဆဲကြိယာ အခိုက်အတန့်တစ်ပါး၊ ထိုကြိယာပြတ်စဲပြီးနောက် ထိုသားငယ်မှာ ငါးရက်ဆယ်ရက်စသည်ဖြင့် ကျင်နာ၍နေသော အခိုက်အတန့်တစ်ပါး၊ ကျင်နာခြင်း ပျောက်ငြိမ်းသောအခါ၌ ထိုသားငယ် သန္တာန်မှာအသက် အရွယ်ကြီးရင့်သောအခါ၌ ဒဏ်ရာကြီးဖြစ်ပေါ်ရန် ပါရှိ၍နေသော ဒဏ်မှုကြီးအခိုက် အတန့်တစ်ပါး။

ဤသုံးပါးပေတည်း။

ထိုသူငယ်မှာ ဆယ်နှစ်ရွယ်ကရိုက်နှက်သော ဒဏ်ရာဒဏ်ချက်သည် အရွယ်ကောင်းတုန်းအခါ၌ မပေါ်သေး အရွယ်ဆုတ်ယုတ်သောအခါ ထိုဒဏ်နာသည်ပေါ်လာတတ်၏၊ မောနာပန်းနာစသည်တစ်ပါးပါးဖြစ်ပေါ်လာတတ်၏။

ထိုတွင်-

- သူငယ်၌ရိုက်နှက်ဆဲကြိယာအခိုက်အတန့်နှင့် ကံအရာ၌ စေတနာအခိုက် အတန့်သည်တူ၏။

- သူငယ်မှာ ကျင်နာ၍နေသော အခိုက်အတန့် နှင့်ကံအရာ၌ ပရိယုဋ္ဌာနအခိုက်အတန့်သည် တူ၏။

- သူငယ်ဒဏ်ပါ၍နေသော အခိုက်အတန့်နှင့် ကံအရာ၌ ကမ္မပစ္စယအခိုက်အတန့်သည် တူ၏။

- သူငယ်မှာဒဏ်နာ မပေါ်သေးမီ အခိုက်အတန့်နှင့် ကံ

www.dhammaransi.com



အရာ၌ထိုကံအကျိုးမပေးသေးသော အခိုက်အတန့်သည် တည်း၏။

အထူးမှုကား- သူငယ်၌ဒဏ်နာသည် ရုပ်တရားမျိုးဖြစ်၍ ထိုဘဝတွင် သာလိုက်နိုင်၏၊ ဘဝတစ်ပါးသို့ မလိုက်နိုင်၊ ကံအရာမှာ ပါဏာတိပါတဒဏ်သည် နာမ်တရားမျိုးဖြစ်၍ အကျိုးပေးခွင့်မရသေးလျှင် ထိုကံသည် သတ္တဝါတို့မှာ ဘဝများစွာကမ္ဘာများစွာ လိုက်ပါလေ၏။

ကံအရာ၌ဇောခုနစ်ချက်ရှိသည်တွင် ပထမဇောသည် ဒိဋ္ဌဓမ္မ ဝေဒနီယကံမျိုး ဖြစ်၍ အကျိုးပေးခွင့်ရလျှင် ယခုဘဝ၌ အကျိုးပေး၏၊ အကျိုးပေးခွင့်မရလျှင် ယခုဘဝတွင်ကုန်ဆုံး၏၊ သတ္တမဇောသည် ဥပပဇ္ဇဝေဒနီယကံမျိုးဖြစ်၍ အကျိုး ပေးခွင့်ရလျှင် အနန္တရဘဝ၌အကျိုးပေး၏။

အကျိုးပေးမှုဆိုသည်ကား ယခုဘဝသေသည်မှနောက်၌ ထိုသတ္တမဇော ကံ၏ဒဏ်ချက်သည် အပါယ်ဘုံပဋိသန္ဓေမှစ၍ ဘဝတစ်ခုဖြစ်ပေါ်၍ သွားလေ၏၊ အကျိုးပေးခွင့်မရလျှင် ဒုတိယဘဝ၏ အဆုံးမှာ ကုန်ဆုံး၏၊ အလယ်ဇောငါးချက် သည် အပရာပရိယဝေဒနီယကံမျိုးဖြစ်၍ ဒုတိယဘဝ၏ နောက်၌ တတိယ ဘဝမှစ၍ အခွင့်ရရာဘဝ၌ အသီးအသီး တစ်ဘဝစီအကျိုးပေး၏၊ အခွင့်မရခဲ့ သည်ရှိသော် နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် လိုက်ပါသည်ဟု ကျမ်းဂန်တို့၌ဆို၏။

**ဤကား ပဋိသန္ဓေအကျိုးပေးပုံတည်း**

--------------

**ဝိပါက်အကျိုးရှိသေး၏**- ထိုငါးချက်သောဇောစေတနာတို့တွင် ဒုတိယဇော စေတနာကံသည် ပဋိသန္ဓေအကျိုး ပေးခွင့်ရ၍ အပါယ်၌ တစ်ဘဝထွက်ပေါ်ပြီး နောက် ဝိပါက်အကျိုးမှာဘဝငါးရာ စသည်တိုင်အောင် အကြိမ်ပေါင်း ငါးရာ စသည်ဖြင့် ပဝတ္တိဝိပါက်အကျိုးကို ဖြစ်စေ၏။

ဤပါဏာတိပါတကံ၌ ပဝတ္တိအကျိုးဆိုသည်ကား တစ်ပါးသော ကံသည် ပဋိသန္ဓေအကျိုးကိုပေး၍ လူ့ဘဝစသည်၌ ထိုသူဖြစ်၍နေရာမှာ အသက်တိုခြင်း အနာရောဂါများခြင်း ရန်သူရန်ဖက်များခြင်း အစရှိ သည်တည်း၊ ကြွင်းကျန်သော

www.dhammaransi.com



ဒုစ္စရိုက်ကံသုစရိုက်ကံတို့၌လည်း စေတနာအခိုက်အတန့် ပရိယုဋ္ဌာန် အခိုက်အတန့် ကမ္မပစ္စယအခိုက်အတန့် ဟူ၍ အခိုက်အတန့်သုံးပါးစီ ရှိကြောင်းကို သိလေ။

ဤကား ကံဟူသောအကြောင်းတရား၏
အခြင်းအရာကိုပြဆိုချက်ပေတည်း။

---------------

## စိတ်အကြောင်းတရား

**စိတ်ဆိုသည်ကား** ကြံမှုသိမှုကိုဆို၏၊ အနန္တရပစ္စည်း သမနန္တရပစ္စည်း အာသေဝနပစ္စည်းအစွမ်းဖြင့် စိတ်အစဉ်ကို မြစ်ရေအလျဉ်ကဲ့သို့ အစဉ်မပြတ်ဖြစ်ပွားလျက်နေစေရန် ကျေးဇူးပြုပေ၏၊ ကိုယ်ခန္ဓာ တစ်ကောင်လုံး၌ စိတ္တဇရုပ်တို့ကိုအနှံ့အပြား ဖြစ်ပွား၍နေစေရန် အမြဲကျေးဇူးပြုပေ၏၊ ကိုယ်အင်္ဂါ နှုတ်အင်္ဂါတို့၏ လှုပ်ရှားမှုသွားလာမှု ပြောမှုဆိုမှုစသည်တို့၌ စိတ္တဇရုပ်တို့၏ ကိစ္စသည် ထင်ရှား၏။

ထိုစိတ်ဟူသော အကြောင်းမှာလည်း ကုသိုလ်စိတ် အကုသိုလ်စိတ်တို့၌ အခိုက်အတန့်သုံးပါးစီရှိကြ၏၊ အာရုံတင်းလင်း အမှုတင်းလင်းနှင့် ဖြစ်နေဆဲကိစ္စတစ်ပါး ထိုမှနောက်၌ ထိုအာရုံ ထိုအမှုလွန်ပြီးသောအခါ၌ လွန်ပြီးသော ထိုအာရုံထိုအမှုကို အာရုံပြု၍ တကြွကြွတရွရွ ထကြွလှုပ်ရှား၍နေသော အခိုက်အတန့်တစ်ပါး ထိုအခိုက်အတန့် ပျောက်ငြိမ်းပြီးနောက် စိတ်သန္တာန်မှာ ထိုအလေ့ ထိုအလာ ထိုဝါသနာ အထုံပါ၍နေသော အခိုက်အတန့်တစ်ပါး ဟူ၍သုံးပါးရှိ၏၊ ထိုတွင် ဝါသနာအခိုက်အတန့်သည် နောက်နောက်ဘဝသို့ပင် လိုက်ပါ၍ နေတတ်၏။

စိတ်အကြောင်းအရာကို ပြဆိုချက်ပြီး၏

------------

## ဥတုအကြောင်းတရား

**ဥတုဆိုသည်ကား**- တေဇောဓာတ်ပေတည်း၊ တေဇောဓာတ် ဆိုသည်ကား- မီးဓာတ်ပေတည်း၊ ထိုမီးဓာတ်သည် သီတ ဥဏှနှစ်ပါးရှိ၏၊ ဥဏှဆိုသည်ကား

www.dhammaransi.com



ပူမှုပေတည်း၊ သီတဆိုသည်ကား- အေးမှုပေတည်း၊ ပူမှုတွင်လည်း ပူသည်ထက် ပူမှုအဆင့်ဆင့်ရှိ၏၊ အေးမှုသည်လည်း အေးသည်ထက်အေးမှု အဆင့်ဆင့်ရှိ၏၊ ဤဥတုခေါ်သောမီးဓာတ်သည် ရုပ်တရားတို့ကိုပွားစေမှု၌ အကြီးအကျယ်ဆုံးသော အကြောင်းဖြစ်၏။

ဗဟိဒ္ဓသန္တာန်မှာ ကမ္ဘာတည်မှုကမ္ဘာပျက်မှုသည် ဥတုကိစ္စပေတည်း၊ ထိုဥတုတွင်လည်း အလွန်သိမ့်မွေ့၍ တန်ခိုး သတ္တိအထူးရှိသော ဗီဇခေါ်သော မျိုးစေ့ဓာတ်အထူးသည်လည်း ရှိ၏၊ သရက်မျိုးစေ့ ပိန္နဲမျိုးစေ့အစရှိသည်ဖြင့် ထိုမျိုးစေ့ဓာတ်သည် အနန္တများပြား၏၊ ထိုမျိုးစေ့ဓာတ်၏ အစွမ်းသည်လည်း အလွန်ကြီးမား၏။

**ကြီးမားပုံကား-** သရက်ပင်ဟူ၍မရှိဘူးသေးသော အရပ်ဒေသ၌ သရက်မျိုးစေ့ကို စိုက်ပျိုး၍ထားခဲ့သော် ထိုအရပ်ဒေသမှာ သရက်ပင်ပေါင်း သိန်းသောင်းမက ဖြစ်ပွားစေတတ်၏၊ ဖြစ်ပွားရာ၌လည်း အပင်သဏ္ဌာန် အကိုင်းသဏ္ဌာန် အခက်သဏ္ဌာန် အရွက်သဏ္ဌာန် အပွင့်သဏ္ဌာန် အသီးသဏ္ဌာန်တို့သည် ပထမပျိုးစေ့ရင်း၏ သရက်ဟူသော အနွယ်ကို မကျူးလွန်မူ၍ ထိုအနွယ် အတိုင်းသာဖြစ်ကြရကုန်၏။

**ဤကား မျိုးစေ့ဓာတ်၏တန်ခိုးသတ္တိ**
**ကြီးကျယ်ပုံပေတည်း။**

------✱-------

သတ္တဝါတို့၏အဇ္ဈတ္တသန္တာန်မှာမူကား-
- ရှေးကံဟောင်းသည်လည်းမျိုး တစ်ပါး၊
- အမိအဘတို့မှ ဆက်နွယ်၍လာသောဥတု ဟူသော မီးဓာတ်သည်လည်း ဗီဇမျိုးတစ်ပါး၊

ဟူ၍ မျိုးဓာတ်နှစ်ပါးရှိ၏၊ ထိုတွင်- ကံဟောင်းဟူသော မျိုးဓာတ်သည် သတ္တဝါတို့၏သန္တာန်မှာ ပဓာနအင်္ဂါဖြစ်သော စိတ်ဓာတ် စက္ခုဓာတ် သောတဓာတ် အစရှိသော အတွင်းဓာတ်နတို့ကို ဖြစ်ပွား စေတတ်၏၊ ဥတုဟူသောမျိုးဓာတ်သည် အဆင်းအမျိုးမျိုး သဏ္ဌာန်အမျိုးမျိုးတို့ကို ဖြစ်ပွားစေတတ်၏၊ ကျီးတိရစ္ဆာန်မျိုးမှဖြစ်ပွားသော သားသမီးအဆက်ဆက်သည် ကျီးအဆင်းကျီးသဏ္ဌာန်

www.dhammaransi.com



အတိုင်းသာ ဖြစ်ပွားကြရ၏၊ ဗျိုင်းတိရစ္ဆာန်မျိုး စသည်တို့၌လည်း ထိုအတူတည်း။

**ဤကား ဥတုအကြောင်းအရာကို ပြဆိုချက်ပြီး၏**

----*----

## အာဟာရအကြောင်းတရား

**အာဟာရဆိုသည်ကား-** မျိုးအပ်သောအရေ မျိုးအပ်သော အဖတ်မျိုးကို လည်းဆိုရ၏၊ ထိုအရေမျိုးအဖတ်မျိုးတို့၌ပါ ရှိသော ဩဇာဟူ၍ခေါ်ဝေါ်အပ်သော အဆီဓာတ်မျိုးသည်မှချအာဟာရမည်၏၊ ထိုအာဟာရသည်လည်း စားဆဲအခိုက် အတန့်တစ်ပါး ဝမ်းတွင်း၌ တည်ရှိဆဲ အခိုက်အတန့်တစ်ပါး တစ်ကိုယ်လုံး၌ ခုနစ်ရက်တိုင်တိုင် ဩဇာဟူသော အဆီဓာတ်တို့၏ပျံ့နှံ့မှု အခိုက်အတန့်တစ်ပါး ဟူ၍ အခိုက်အတန့် သုံးပါးရှိ၏။

**ဤကား အာဟာရအကြောင်းအရာကို**
**ပြဆိုချက်ပြီး၏။**
**ဤကား အကြောင်းတရားလေးပါးကို ပြဆိုချက်တည်း။**

-----*-----

## ရုပ်ဓာတ်ငါးပါး

ကျန်ရှိသောတရား တစ်ဆယ့်နှစ်ပါးတို့တွင် **ပထဝီဓာတ်ဆိုသည်ကား** ခက်မာမှုပေတည်း ခက်မာမှုဆိုသည်လည်း ခပ်သိမ်းသော ရုပ်ကလာပ်တို့၏ အမာခံမှုပေတည်း၊ ခပ်သိမ်းသောရုပ်ကလာပ်တို့သည် ထိုအမာခံမှုကိုစွဲမှီ၍ဖြစ်ကြ ရကုန်၏၊ လရောင်ခေါ်သောရုပ်ကလာပ် နေရောင်ခေါ်သောရုပ်ကလာပ် တို့မှာလည်း ထိုအမာခံမှုသည်ပါရှိ၏။

ထိုပထဝီဓာတ်သည်လည်း ခက်မာသောပထဝီဓာတ် နူးညံ့သော ပထဝီ ဓာတ်ဟူ၍နှစ်ပါးရှိ၏၊ထိုတွင် ခက်မာသော ပထဝီဓာတ်သည်လည်း ခက်မာသည် ထက်ခက်မာမှုအဆင့်ဆင့်ရှိ၏၊ နူးညံ့သောပထဝီ ဓာတ်သည်လည်း နူးညံ့သည် ထက်နူးညံ့မှု အဆင့်ဆင့်ရှိ၏၊ ပထဝီဓာတ်၏ အနိစ္စအချက်ကို ရှုသောယောဂီ ပုဂ္ဂိုလ်သည် ခက်မာမှုအဆင့်ဆင့် ပြောင်းရွှေ့ချက်နူးညံ့မှု အဆင့်ဆင့် ပြောင်းရွှေ့ ချက်တို့ကို ကိုယ့်ဉာဏ်ဖြင့် စေ့စုံစွာရှာကြ၍ ကြည့်ရှုရသည် ပြောင်းရွှေ့မှု

www.dhammaransi.com



တို့သည်လည်း ကိုယ်အင်္ဂါတို့၏ လှုပ်ရှားမှုတို့မှာ ထင်ရှားကုန်၏၊ လှုပ်ရှားမှုဆိုသည်ကား- ရုပ်ကလာပ်ဟောင်းတို့၏ အကုန်ကွယ်ပျောက်၍ ရုပ်ကလာပ်သစ်တို့၏ ဖြစ်ပေါ်မှုဆို၏။

**အာပေါဓာတ်ဆိုသည်ကား-** ဖွဲ့တွယ်မှု စေးကပ်မှု စေးခွဲမှု အရည်ကျဲအရည်ကြည်ဖြစ်မှုကိုဆိုသတည်း၊ ထိုအာပေါဓာတ်သည်လည်း ကျပ်တင်းစွာဖွဲ့မှု ရော့ရဲစွာဖွဲ့မှု ဟူ၍နှစ်ပါးရှိ၏၊ ထိုတွင်ကျပ်တင်း စွာဖွဲ့မှုသည်လည်း ကျပ်တင်းသည်ထက်ကျပ် တင်းမှုအဆင့်ဆင့်ရှိ၏၊ ရော့ရဲစွာဖွဲ့မှုသည်လည်း ရော့ရဲသည်ထက်ရော့ရဲမှု အဆင့်ဆင့်ရှိ၏၊ ဤကျပ်တင်းမှု ရော့ရဲမှုတို့၏ အဆင့်ဆင့်ပြောင်းလဲခြင်းသည် အာပေါဓာတ်၏ အနိစ္စအချက်ပင်တည်း။

**တေဇောဓာတ်ဆိုသည်ကား-** မီးဓာတ်ပေတည်း၊ ထိုမီးဓာတ် ဆိုသည်ကား ပူမှုအေးမှုပေတည်း၊ ထိုတေဇောဓာတ်သည် သီတဥဏှဟူ၍ နှစ်ပါးရှိ၏၊ သီတဆိုသည်ကား အေးမှုပေတည်း၊ ဥဏှဆိုသည်ကား ပူမှုပေတည်း၊ အေးမှုသည်လည်း အေးသည်ထက် အေးမှုအဆင့်ဆင့် ရှိ၏၊ ပူမှုသည်လည်း ပူသည်ထက် ပူမှုအဆင့်ဆင့်ရှိ၏၊ ထိုအေးမှုပူမှုတို့၏ အဆင့်ဆင့်ပြောင်းလဲခြင်းသည် တေဇောဓာတ်၏ အနိစ္စအချက်ပင်တည်း။

**ဝါယောဓာတ်ဆိုသည်ကား-** ထောက်ကန်မှု, ဖောင်းပွမှု, ကြွရွမှု လှုပ်ရှားမှု, တွန်းဝှေ့မှု, လွန့်ပါးမှုကိုဆိုသတည်း၊ ထိုဝါယောဓာတ်သည် တောင့်တင်းစွာထောက်ကန်မှု ရော့ရဲစွာထောက်ကန်မှု, ဟူ၍နှစ်ပါးရှိ၏၊ ထိုတွင် တောင့်တင်းစွာထောက်ကန်မှုသည်လည်း တောင့်တင်းသည်ထက် တောင့်တင်းမှု အဆင့်ဆင့်ရှိ၏၊ ရော့ရဲစွာထောက်ကန်မှုသည်လည်း ရော့ရဲသည်ထက် ရော့ရဲမှုအဆင့်ဆင့်ရှိ၏၊ ထိုအဆင့်ဆင့် ပြောင်းလဲမှုသည်လည်း ဝါယောဓာတ်၏ အနိစ္စအချက်ပင်တည်း၊ ထိုဓာတ်လေးပါးတို့တွင်လည်း တစ်ပါးတစ်ပါး ပြောင်းလဲခဲ့လျှင် ကျန်သုံးပါးတို့သည်လည်း ပြောင်းလဲကြကုန်ရသည်သာတည်း။

**အာကာသဓာတ်ဆိုသည်ကား-** ရုပ်ကလာပ်တို့၏ အချင်းချင်း ခြားမှုတည်း၊ ဤခြားမှုကိုအစွဲပြု၍ ဤသည်ကား ရုပ်ကလာပ်တစ်ခု ဤသည်ကား ရုပ်ကလာပ်တည်းဟု ပိုင်းခြားမှု ဤဝတ္ထု၌ရုပ်ကလာပ်ပေါင်း တစ်ဆယ်ရှိသည် တစ်ရာရှိသည်

www.dhammaransi.com



တစ်ထောင်ရှိသည် စသည်ဖြင့်ရေတွက်မှုများသည်ထင်ရှားရှိနေ၏။

**ဥပမာကား-** အလွန်ခက်မာသော မြေဆိုင်ခဲကို ကြည့်ရှုရာ၌ ဤကား မြေမှုန့်တစ်ခု ဤကားမြေမှုန့်တစ်ခု ဟုခွဲနိုင်ခြင်းသည် အာကာသဓာတ်၏ အစွမ်းပေတည်း။

ဤ၌ရုပ်ကလာပ်တို့၏ အချင်းချင်းခြားမှုဆိုသည်ကား ကလာပ်တစ်ခုတွင်း၌ ရှိသောရုပ်တို့၏ အချင်းချင်းခြားမှုမ ဟုတ်၊ တစ်ခုသော ကလာပ်အတွင်း၌ ရုပ်ချင်းချင်းခြားမှု အာကာသဟူ၍ မရှိပြီရှိသည်ဟူ၍ ဆိုငြားအံ့ ကလာပ်တစ်ခု အတွင်း၌ရှိသော ရုပ်တို့တွင် ဤရုပ်ကားအထက် ဤရုပ်ကားအောက် ဤရုပ်ကား လက်ဝဲ ဤရုပ်ကားလက်ျာဟူ၍ ပိုင်းခြားနိုင်ရာ၏၊ ထိုသို့ပိုင်းခြားနိုင်ကောင်းသည် မဟုတ်၊ လောကမှာ ထိုသို့အထည် ဝတ္ထုတို့ကို ထုခွဲကြိတ်နယ်ကြရာ၌ ထို အာကာသရှိသေးသမျှ ကာလပတ်လုံး အစိတ်အစိတ်အမွှာအမွှာ ကွဲလေရာ၏၊ အလွန်သေးနုပ်၍ သွားသဖြင့် ကလာပ်တစ်ခုစီ အသီးအသီးဖြစ်ကြသောအခါ၌ ကွဲပြားခြင်းမရှိပြီ၊ ကုန်ဆုံးခြင်းသို့ရောက်ကြကုန်ရာ၏၊ ရုပ်ကလာပ်တို့၏ ကွဲပြားမှုသည် အာကာသဓာတ်၏ အနိစ္စပင်တည်း။

**ရုပ်ဓာတ်ငါးပါးပြီး၏။**

---

## နာမ်ဓာတ်လေးပါး

**နာမ်ဓာတ်လေးပါးတို့တွင် စိတ်ဆိုသည်ကား-** ကြံမှု,သိမှုပေတည်း၊ ဝိညာဏ်လည်းခေါ်၏၊ ထိုဝိညာဏ်သည်လည်း စက္ခုဝိညာဏ် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ် မနောဝိညာဏ်ဟူ၍ ခြောက်ပါး အပြားရှိ၏၊ ထိုတွင်-

- မျက်စိ၌ဖြစ်၍ မျက်စိတွင်ပျက်ရသော ဝိညာဏ်သည် စက္ခုဝိညာဏ်မည်၏၊ အဆင်းအမျိုးမျိုးကိုမြင်ပေတည်း။
- နားတွင်း၌ဖြစ်၍နားတွင်း၌ ပျက်ရသောဝိညာဏ်သည် သောတဝိညာဏ်မည်၏၊ အသံအမျိုးမျိုးကိုကြားမှု ပေတည်း။
- နှာခေါင်တွင်း၌ဖြစ်၍ နှာခေါင်းတွင်း၌ ပျက်ရသော ဝိညာဏ်သည် ဃာနဝိညာဏ်မည်၏၊ အနံ့အမျိုးမျိုးကို နံမှုပေတည်း။

- လျှာပေါ်၌ဖြစ်၍ လျှာပေါ်တွင်ပျက်ရသောဝိညာဏ်သည် ဇိဝှါဝိညာဏ်မည်၏၊ အရသာအမျိုးမျိုးကိုသိမှုပေတည်း။
- အောက်၌ ခြေဖဝါးပြင်မှစ၍ အထက်၌ငယ်ထိပ် အပြင် တိုင်အောင် တစ်ကိုယ်လုံးတွင် ထိုထိုအပအင်္ဂါ အတွင်းအင်္ဂါတို့၌ ဖြစ်ပေါ်၍ ဖြစ်ရာဌာန၌ပျက်ရသော ဝိညာဏ်သည် ကာယဝိညာဏ်မည်၏၊ ပထဝီ၏ အတွေ့အထိ တေဇော၏အတွေ့အထိဝါယော၏ အတွေ့အထိတို့ကို သိမှုပေတည်း။
- ရင်တွင်းနှလုံးတွင်း၌ စမ်းရေထွက်သကဲ့သို့ အစဉ်အမြဲ ဖြစ်ပေါ်၍ နေသော ဝိညာဏ်သည် မနောဝိညာဏ် မည်၏၊ ခပ်သိမ်းသော အာရုံတို့ကို ကြံမှုသိမှုပေတည်း။

ထိုတွင် စက္ခုဝိညာဏ်ဟူသော မြင်မှု၌ မြင်သေး၏၊ မမြင်ပြီ ဟူ၍နှစ်မျိုးရှိ၏၊ မြင်သေး၏ဆိုသည်ကား စက္ခုဝိညာဏ် ဖြစ်ပေါ်မှု ပေတည်း၊ မမြင်ပြီဆိုသည်ကား စက္ခုဝိညာဏ်၏ချုပ်ဆုံးမှုပေတည်း၊ ထိုအတူ သောတဝိညာဏ်၌လည်း ကြားသေး၏၊ မကြားပြီဟူ၍ နှစ်မျိုးရှိ၏၊ ဃာနဝိညာဏ်၍လည်း နံသေး၏၊ မနံပြီဟူ၍နှစ်မျိုးရှိ၏၊ ဇိဝှါဝိညာဏ်၌လည်း အရသာကိုသိသေး၏၊ မသိပြီဟူ၍ နှစ်မျိုးရှိ၏၊ ကာယဝိညာဏ်၌လည်း တွေ့ထိမှုရှိသေး၏၊ မရှိပြီဟူ၍နှစ်မျိုးရှိ၏။

ဤဝိညာဏ်လေးပါးတို့၌လည်း ရှိသေး၏ဆိုသည်ကား ထိုထို ဝိညာဏ်၏ ဖြစ်ပေါ်မှုပေတည်း၊ မရှိပြီဆိုသည်ကား ထိုထိုဝိညာဏ်၏ ချုပ်ဆုံးမှုပေတည်း၊ မနောဝိညာဏ်သည် ကုသိုလ်မနောဝိညာဏ် အကုသိုလ်မနောဝိညာဏ် ဝိပါက်မနောဝိညာဏ် ကြိယာမနောဝိညာဏ်ဟူ၍လေးပါးရှိ၏၊ ထိုတွင် အကုသိုလ်ဝိညာဏ်မှာလည်း ငါ၌ ယခုအကုသိုလ်စိတ်ဖြစ်၍နေသည်၊ ယခုထိုအကုသိုလ်စိတ်မရှိပြီဟုသိကြ၏၊ အကုသိုလ်တွင်လည်းလောဘအကြံဖြစ်မှု၊ ထိုအကြံပျောက်ကွယ်မှု ကုသိုလ်တွင်လည်း သဒ္ဓါစိတ်ပညာစိတ်ဖြစ်မှု ထိုသဒ္ဓါစိတ်ပညာစိတ်ပျောက်ကွယ်မှုတို့ကို ဖြစ်ထင်ရှားသိကြ၏ ထိုလေးပါးသော ဝိညာဏ်တို့တွင်လည်း တစ်ပါးတစ်ပါးသော ဝိညာဏ်ချုပ်ကွယ်မှ တစ်ပါးတစ်ပါးသော ဝိညာဏ်ဖြစ် ပေါ်နိုင်၏၊ ဤ၌လည်းချုပ်ဆုံးမှု ဟူသမျှသည် ထိုထိုဝိညာဏ်၏ အနိစ္စအချက်ပင်တည်း။

www.dhammaransi.com



**ဝေဒနာဆိုသည်ကား** ခံစားမှုပေတည်း၊

**သညာဆိုသည်ကား** မှတ်သားမှု ပေတည်း၊

**စေတနာဆိုသည်ကား** သမ္ပယုတ်တရားတို့ကို စေ့ဆော်မှုပေတည်း၊

ဤတရားလေးပါးတို့သည် ဝိညာဏ်နှင့်ဖြစ်အတူ ပျက်အတူ အမြဲယှဉ်ဖော်ယှဉ်ဖက်တရားတို့ပေတည်း၊ ထိုဝိညာဏ်၏ အနိစ္စအချက်အစုသည် ဤတရားတို့၏အနိစ္စအချက် အစုပင်တည်း။

ထုံးစနည်းကား ဝေဒနာသည် သုခဝေဒနာ ဒုက္ခဝေဒနာ သောမနဿဝေဒနာ ဒေါမနဿဝေဒနာ ဥပေက္ခာဝေဒနာဟူ၍ ငါးပါးရှိ၏၊ သုခဝေဒနာဆိုသည်ကား ချမ်းသာစွာခံစားမှုပေတည်း၊ ဒုက္ခဝေဒနာဆိုသည်ကား ဆင်းရဲစွာခံစားမှုပေတည်း၊ သောမနဿ ဝေဒနာဆိုသည်ကား ဝမ်းမြောက်မှု ဝမ်းသာမှုပေတည်း၊ ဒေါမနဿဝေဒနာဆိုသည်ကား နှလုံးမသာယာမှုပေတည်း၊ ဥပေက္ခာဝေဒနာ ဆိုသည်ကား မထင်မရှား လျစ်လျူအားဖြင့် ခံစားမှုပေတည်း၊ ထိုတွင် သုခဝေဒနာ ဒုက္ခဝေဒနာ နှစ်ပါးသည် ခြေဖဝါးအပြင်မှ စ၍ ငယ်ထိပ် အပြင်တိုင်အောင် တစ်ကိုယ်လုံးတွင် အထိအပါးရှိရာ ဌာန၌ ဖြစ်ပေါ်၏၊ သောမနဿ ဒေါမနဿနှစ်ပါးသည် နှလုံးအိမ်တွင်း၌သာ ဖြစ်ပေါ်၏၊ ဥပေက္ခာသည် စက္ခု သောတ ဃာန ဇိဝှါတို့၌လည်းကောင်း နှလုံးအိမ်တွင်း၌လည်းကောင်း ဖြစ်ပေါ်၏၊ ဤဝေဒနာငါးပါးတို့သည် တစ်ပါးချုပ်ဆုံးမှ တစ်ပါးဖြစ်ပေါ်လာကြရကုန်၏၊ နှစ်ပါးပြိုင်၍ ဖြစ်သည်မရှိ။

**ဤကား ဝေဒနာ၏အနိစ္စအချက်ပေတည်း**

----------

သညာသည် ကုသိုလ်သညာ အကုသိုလ်သညာစသည်ဖြင့်လည်းကောင်း ရူပသညာ သဒ္ဒသညာ ဂန္ဓသညာ စသည်ဖြင့်လည်းကောင်း အလွန်များပြား၏၊ များပြားရာတွင်လည်း တစ်ခုချုပ်ဆုံးမှ တစ်ခုဖြစ်ပေါ်ရ၏၊ နှစ်ခုပြိုင်၍ဖြစ်ပေါ်သည်မရှိ။

**ဤကား သညာ၏အနိစ္စပင်တည်း။**

www.dhammaransi.com



စေတနာသည်လည်း ကုသိုလ်စေတနာ အကုသိုလ်စေတနာ စသည်ဖြင့်လည်းကောင်း ရူပသဉ္စေတနာ သဒ္ဒသဉ္စေတနာ ဂန္ဓ သဉ္စေတနာစသည်ဖြင့်လည်းကောင်း အလွန်များပြား၏၊ များပြားရာတွင်လည်း တစ်ခုချုပ်ဆုံးမှ တစ်ခုဖြစ်ပေါ်၏၊ နှစ်ခုပြိုင်၍ ဖြစ်ပေါ်သည် မရှိ။

**ဤကား စေတနာ၏အနိစ္စပင်တည်း၊**
**နာမ်ဓာတ်လေးပါးပြီး၏။**

-----------------

## ဇာတိ ဇရာ မရဏသုံးပါး

ဇာတိ ဇရာ မရဏသုံးပါးတွင်-

- **ဇာတိဆိုသည်ကား** ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ပေါ်မှု ပေါက်ပွားမှု ကြီးထွားဖွံ့ဖြိုးမှု တိုးတက်မှု စည်ကားမှုပေတည်း။
- **ဇရာဆိုသည်ကား** ရုပ်နာမ် ခန္ဓာတို့၏ အိုမင်းမှု ရင့်ဆွေးမှု ဆုတ်ယုတ်လျော့ပါးမှု ညှိုးနွမ်း ပိန်ချုန်းမှုများပေတည်း။
- **မရဏဆိုသည်ကား** ရုပ်နာမ်ခန္ဓာတို့၏သေကျေပျက်စီးမှု ကုန်ဆုံးကွယ်ပျောက်မှု ဆုံးပါးပျောက်ပျက်မှုပေတည်း။

သမ္မုတိဇာတိ သမ္မုတိဇရာ သမ္မုတိမရဏ သန္တတိဇာတိ သန္တတိဇရာ သန္တတိမရဏ ခဏိကဇာတိ ခဏိကဇရာ ခဏိကမရဏဟူ၍ သုံးပါးစီရှိကြ၏၊ ထိုတွင် လောကီဘုံသားလူအများတို့သည် တစ်ဘဝတစ်ခါ ပဋိသန္ဓေနေမြဲမမွတာ တစ်ဘဝတစ်ခါအိုမြဲမမွတာ တစ်ဘဝတစ်ခါ သေမြဲမမွတာဟူ၍ ခေါ်ဝေါ် သမုတ်လျက်ရှိကြသော ဇာတိ ဇရာ မရဏသည် သမ္မုတိဇာတိ သမ္မုတိဇရာ သမ္မုတိမရဏ မည်၏။ ဤ၌အနှစ်တစ်ရာတမ်းမှာ တစ်ကြိမ်တစ်ခါသာ သေမြဲမမွတာ ရှိ၏။

**ဤကား သမ္မုတိဇာတိ ဇရာ မရဏပေတည်း။**

**သန္တတိဇာတိ ဇရာ မရဏ၌** သန္တတိသည်အမျိုးမျိုးရှိ၏၊ အသက်တစ်ရာတမ်း၌ ပထမအရွယ် ဒုတိယအရွယ် တတိယအရွယ်ဟူ၍ အရွယ်သုံးပါးဟူသောသန္တတိကြီးသုံးပါး၊ မန္ဒဒသကအရွယ် ခိဍ္ဍဒသကအရွယ် ဝဏ္ဏဒသကအရွယ် အစရှိသည်ဖြင့်လာသော အရွယ်ဆယ်ပါးဟူသော သန္တတိဆယ်ပါး၊

www.dhammaransi.com



မွေးဖွားသည်မှစ၍ တစ်နှစ်ရွယ် နှစ်နှစ်ရွယ် သုံးနှစ်ရွယ် စသည်ဖြင့်လာသော နှစ်သန္တတိ တစ်ရာ, တစ်နှစ်တစ်နှစ် တွင်လည်း နွေဥတု ဆောင်းဥတု မိုးဥတုဟူ၍ လာသော ဥတုသန္တတိပေါင်း သုံးရာ, တစ်နှစ်တစ်နှစ်တွင်လည်း တန်ခူးလ ကဆုန်လစသည်ဖြင့် ခေါ်ဆိုကြသော လသန္တတိပေါင်း တစ်ထောင့်နှစ်ရာ, တစ်လတစ်လတွင်လည်း တစ်ရက် နှစ်ရက်စသည်ဖြင့် ခေါ်ဆိုကြသော ရက်သန္တတိပေါင်း သုံးသောင်းခြောက်ထောင်, တစ်ရက်တစ်ရက်၌လည်း နေ့အဖို့ ညဥ့်အဖို့ဟူ၍ခေါ်ဆိုကြသော နေ့ညဥ့်သန္တတိပေါင်း ခုနှစ်သောင်း နှစ်ထောင်, နေ့အဖို့ညဥ့်အဖို့မှာလည်း ပထမယာမ် ဒုတိယယာမ် တတိယယာမ်ဟူ၍ ခေါ်ဆိုကြသော အယာမ်သန္တတိပေါင်း နှစ်သိန်း တစ်သောင်းခြောက်ထောင်ရှိ၏။

အယာမ်သုံးပါးတွင်လည်း တစ်ပါးတစ်ပါး၌ အစ အလယ် အဆုံးဟူ၍ အပိုင်အခြား သုံးပါးစီရှိကြ၏၊ ထိုတွင် အစသည် သန္တတိ ဇာတိ၏ ခေတ်မည်၏၊ အလယ်သည်သန္တတိဇရာ၏ခေတ်မည်၏၊ အဆုံးသည်သန္တတိ မရဏ၏ခေတ်မည်၏၊ အရွယ်ဆယ်ပါးစသည်တို့၌လည်း ထိုအတူ သန္တတိဇာတိ သန္တတိဇရာ သန္တတိမရဏဟူ၍ သုံးပါးစီ သုံးပါးစီ ဝေဖန်လေ၊ ဤ၌သန္တတိအမျိုးမျိုး ဆိုသည်ကား အမျိုးမျိုးသော ရုပ်ခန္ဓာ နာမ်ခန္ဓာတို့၏ အစဉ်အမျိုးမျိုးကိုဆို၏၊ အရွယ်သုံးပါးတို့တွင် ပထမအရွယ်သည် ပျိုနုသော ရုပ်ခန္ဓာ နာမ်ခန္ဓာမျိုးတို့၏ အစဉ်ပေတည်း၊ ထိုအရွယ်၏ကုန်ဆုံးမှုသည် ပထမအရွယ်၏ သေဆုံးခြင်းဟူသော သန္တတိမရဏကြီးတစ်ပါးပေတည်း၊ အနှစ်တစ်ရာတမ်းတွင် သန္တတိ မရဏကြီး သုံးစားရှိ၏၊ သေမြဲဓမ္မတာကြီးပေါင်း သုံးခါဖြစ်၏၊ သို့သော် ရုပ်ခန္ဓာ နာမ်ခန္ဓာ အစဉ် ပြတ်ဆုံးခြင်း မရှိသည့်အတွက် သတ္တဝါ သေဆုံးသည်ဟူ၍မခေါ်ကြ၊ ပထမအရွယ်ဆုံးသည်ဟူ၍သာ ခေါ်ကြ၏၊ ဒုတိယအရွယ်သည် ရင့်သန်သော ရုပ်ခန္ဓာ နာမ်ခန္ဓာမျိုးတို့၏ အစဉ်ပေတည်း၊ တတိယအရွယ်သည် ဆုတ်ယုတ်သော ရုပ်ခန္ဓာနာမ်ခန္ဓာမျိုးတို့၏ အစဉ်ပေတည်း၊ ဤအရွယ်နှစ်ပါး၌လည်း သေဆုံးမှုကြီး အသီးသီးရှိကြ၏၊ တတိယအရွယ်၏ သေဆုံးမှုသည် သမ္မုတိမရဏကြီးပင် ဖြစ်သတည်း။

**ဤနည်းတူ အရွယ်ဆယ်ပါးမှစ၍ အယာမ်သုံးပါး ပိုင်းခြားမှုတိုင်အောင် အမျိုးမျိုးသော ရုပ်ခန္ဓာနာမ်ခန္ဓာအစဉ်တို့၏ သေဆုံးမှုကြီး အသီးသီးရှိသည်ကို သိကြလေ။**

www.dhammaransi.com



ထိုမှတစ်ပါးလည်း သွားခြင်း က္လရိယာပထသန္တတိတစ်ပါး, ရပ်ခြင်း က္လရိယာပထသန္တတိတစ်ပါး, ထိုင်ခြင်း က္လရိယာပထသန္တတိတစ်ပါး, အိပ်ခြင်း က္လရိယာပထသန္တတိတစ်ပါးဟူ၍ က္လရိယာပထသန္တတိကြီး လေးပါးရှိ၏၊ ထို လေးပါးတို့တွင်လည်း တစ်ပါးတစ်ပါး၌ အဆုံးဟူသော သန္တတိမရဏကြီး အသီးအသီးရှိကြ၏။ ။ သွားမှုတွင်လည်း ပထမခြေလှမ်း ဒုတိယခြေလှမ်း တတိယခြေလှမ်းစသည်ဖြင့် ခြေလှမ်းအပိုင်းအခြား အရေအတွက်များစွာရှိ၏၊ တစ်ခုတစ်ခုသောခြေလှမ်း၏ အဆုံးသည် တစ်ခုတစ်ခုသော ခြေလှမ်း၏ သေမှုကြီးပေတည်း၊ ခြေလှမ်းသေမှုဆိုသည်လည်း တစ်ခုတစ်ခုသော ခြေလှမ်းအတွင်း၌ ရှိနေကြကုန်သော ကိုယ်ခန္ဓာ ကြီးငယ်တို့၏ သေဆုံးမှုပင်တည်း။

ထိုစကားမှန်၏၊ တစ်ခုတစ်ခုသော ခြေလှမ်းအတွင်း၌ ရှိနေကြကုန်သော ရုပ်ခန္ဓာနာမ်ခန္ဓာတို့သည် နောက်နောက် ခြေလှမ်းသို့ ကူးပြောင်း၍ လိုက်နိုင်သော ရုပ်တရား နာမ်တရားဟူ၍ တစ်ခုမျှမရှိကြကုန်၊ သူ့ ခြေလှမ်းအဆုံးမှာ သူအကုန်ကွယ်ကြလေကုန်၏၊ ထိုတွင် သွားခြင်းက္လရိယာပထဆိုသည်ကား ပရမတ္ထသစ္စာဘက်၌ အစဉ်အားဖြင့် သွားသောအခြင်းအရာနှင့် ဖြစ်ပွါး၍ နေကြကုန်သောရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့ကို သွားခြင်းဟူ၍ဆို၏၊ သမ္မုတိသစ္စာဘက်၌ ပုဂ္ဂိုလ်သွား၍နေသည်၊ သတ္တဝါသွား၍နေသည်ဟု ခေါ်ဝေါ်ကြ၏။

ရပ်ခြင်းက္လရိယာပုတ်ဆိုသည်ကား ပရမတ္ထသစ္စာဘက်၌ အစဉ်အားဖြင့် ရပ်သော အခြင်းအရာကိုဆို၏၊ သမ္မုတိသစ္စာဘက်၌ ပုဂ္ဂိုလ်ရပ်နေသည် သတ္တဝါရပ်နေသည်ဟု ခေါ်ဝေါ်ကြ၏၊ ထို့အတူ ရပ်ခြင်းက္လရိယာပုထ် ထိုင်ခြင်း က္လရိယာပုထ် အိပ်ခြင်းက္လရိယာပုထ်တို့၌လည်း ပရမတ္ထသစ္စာဘက်၌ အစဉ်အားဖြင့်ရပ်သောအခြင်းအရာနှင့် ဖြစ်ပွါးနေကြကုန်သော ရုပ်ခန္ဓာ နာမ်ခန္ဓာ ထိုင်သောအခြင်းအရာနှင့် ဖြစ်ပွားနေကြကုန်သော ရုပ်ခန္ဓာ နမ်ခန္ဓာ အိပ်သော အခြင်းအရာနှင့် ဖြစ်ပွါးနေကြကုန်သော ရုပ်ခန္ဓာနာမ်ခန္ဓာတို့ကို၊ ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်းဟူ၍ဆို၏၊ သမ္မုတိသစ္စာဘက်၌ကား ပုဂ္ဂိုလ်ရပ်သည် သတ္တဝါရပ်သည်၊ ပုဂ္ဂိုလ်ထိုင်သည်၊ သတ္တဝါထိုင်သည်၊ ပုဂ္ဂိုလ်အိပ်သည်၊ သတ္တဝါအိပ်သည်ဟူ၍ ခေါ်ဝေါ်ကြ၏။

www.dhammaransi.com



ထိုကြိယာပုထ်လေးပါးသည် သစ္စာနှစ်ပါးပင် တစ်ခြားစီဖြစ်ကြ၏၊ တစ်ပါးနှင့်တစ်ပါး ကူးစက်ခြင်းမရှိ၊ ရောနှော၍မရကောင်း၊ သမ္မုတိသစ္စာဘက်၌လည်း သွားဆဲအခါမှာ၊ ဤသူသွားနေသည်ဟု မျက်မြင်ဒိဋ္ဌဖြစ်ကြ၏၊ နောက်ရပ်ခြင်းသို့ ရောက်သောအခါ သွားနေသောအခြင်းအရာနှင့်တကွ သွားနေသောသန္တာန်ကြီးကွယ်ပျောက်၍ သွားသည်ကိုလည်း မျက်မြင်ဒိဋ္ဌ သိမြင်ကြ၏၊ ရပ်ဆဲအခါမှာ ဤသူ ရပ်နေသည်ဟု မျက်မြင်ဒိဋ္ဌဖြစ်ကြ၏၊ နောက်ထိုင်ခြင်းသို့ရောက်သောအခါ ရပ်နေသောအခြင်းအရာနှင့်တကွ ရပ်နေပုံသန္တာန်ကြီးကွယ်ပျောက်၍ သွားသည်ကိုလည်း မျက်မြင်ဒိဋ္ဌ သိမြင်ကြ၏၊ ထိုင်နေဆဲအခါမှာ ဤသူထိုင်နေသည်ဟု မျက်မြင်ဒိဋ္ဌ ဖြစ်ကြ၏၊ နောက်အိပ်ခြင်းသို့ ရောက်သောအခါ ထိုင်နေသောအခြင်းအရာနှင့်တကွ ထိုင်နေသော ပုံသန္တာန်ကြီးကွယ်ပျောက်သွားသည်ကိုလည်း မျက်မြင်ဒိဋ္ဌသိမြင်ကြ၏၊ အိပ်နေဆဲအခါမှာ ဤသူအိပ်နေသည်ဟု မျက်မြင်ဒိဋ္ဌဖြစ်ကြ၏၊ နောက်ထိုင်ခြင်းသို့ရောက်သောအခါ ထိုအိပ်နေသောအခြင်းအရာနှင့်တကွ အိပ်နေပုံသန္တာန်ကြီး ကွယ်ပျောက်၍ သွားသည်ကိုလည်း မျက်မြင်ဒိဋ္ဌသိမြင်ကြ၏။ သွားခြင်းကြိယာပုထ်၌လည်း ပထမခြေလှမ်းသို့ ရောက်နေဆဲအခါမှာလည်း ဤသူ ပထမခြေလှမ်းကို လှမ်းနေသည်ဟု မျက်မြင်ဒိဋ္ဌ သိမြင်ကြ၏၊ နောက် ဒုတိယခြေလှမ်းသို့ ရောက်သောအခါ ပထမခြေလှမ်း လှမ်းနေသောအခြင်းအရာနှင့်တကွ ပထမခြေလှမ်းလှမ်းနေပုံ သန္တာန်ကြီး ကွယ်ပျောက်၍ သွားသည်ကိုလည်း မျက်မြင်ဒိဋ္ဌသိမြင်ကြ၏၊ ဒုတိယခြေလှမ်း လှမ်းနေဆဲအခါမှာလည်း ဤသူ ဒုတိယခြေလှမ်းလှမ်းနေသည်ဟု မျက်မြင်ဒိဋ္ဌ သိမြင်ကြ၏၊ နောက်တတိယခြေလှမ်းသို့ ရောက်သောအခါ ဒုတိယခြေလှမ်းလှမ်းနေသော အခြင်းအရာနှင့်တကွ ဒုတိယခြေလှမ်းလှမ်းနေပုံသန္တာန်ကြီး ကွယ်ပျောက်၍သွားသည်ကိုလည်း မျက်မြင်ဒိဋ္ဌ သိမြင်ကြ၏၊ နောက်နောက်ခြေလှမ်းတို့၌လည်း ထို့အတူသိလေ။

ခြေတစ်လှမ်း အတွင်းမှာလည်း၊ ချီနေပုံသန္တာန်ကြီးတစ်မျိုး၊ ချနေပုံသန္တာန်ကြီး တစ်မျိုးဟူ၍ နှစ်မျိုးရှိကြ၏၊ ချီနေပုံသန္တာန်ကြီး ကွယ်ပျောက်မှ ချနေပုံသန္တာန်ကြီး ဖြစ်နိုင်သည်ကိုလည်း မျက်မြင်ဒိဋ္ဌ သိမြင်နိုင်ကြ၏၊ ချီနေပုံသန္တာန်မှာလည်း အဆင့်ဆင့် မြင့်ရာသို့ပြောင်းရွှေ့၍ သွားသည်ကိုလည်း မျက်မြင်

www.dhammaransi.com



ဒိဋ္ဌဖြစ်ကြ၏၊ ချနေသော သန္တာန်မှာလည်း အဆင့်ဆင့်နိမ့်ရာသို့ ပြောင်းရွေ့၍ သွားသည်ကိုလည်း မျက်မြင်ဒိဋ္ဌ သိမြင်ကြ၏၊ ဤအရာ၌ ရုပ်နာမ်ခန္ဓာတရားတို့သည်၊ မိမိတို့ဖြစ်ရာဌာနမှ ဌာနတစ်ပါးသို့ တစ်ဆံဖျားမျှ ပြောင်းရွေ့ခြင်း မရှိကြကုန်၏ဟု ကျမ်းဂန်တို့မှာ အဆိုရှိကြ၏။

ပြောင်းရွေ့ခြင်းမရှိပုံကား- ခြေလှမ်းတစ်ခုအတွင်းမှာ ခန္ဓာကိုယ်ကြီးပေါင်း အရာမက၊ နဘောထပ်စီစဉ်ဆက်လက် ဖြစ်ပွါးနိုင်မှ ခြေလှမ်းဖြစ်ပွါးနိုင်ရာ၏၊ ထိုတွင် ရှေ့သို့ အဆင့်ဆင့် အသစ်အသစ် ဖြစ်ပေါ်၍သွားသော ခန္ဓာကိုယ်ကြီးပေါင်းလည်း အရာမကရှိရာ၏၊ နောက်နောက်က အဆင့်အဆင့် ချုပ်ပျက်ကွယ်ပျောက်၍သွားသော ခန္ဓာကိုယ်ကြီးပေါင်းလည်း အရာမက ရှိရာ၏၊ ထို့ကြောင့် မျက်မြင်မှာ ခန္ဓာကိုယ်ကြီးတစ်ခုသာ ထင်မြင်ရ၏၊ ဒိဋ္ဌသက်သေမှာမူကား၊ ခြေလှမ်းတစ်ခုအတွင်းမှာ ခန္ဓာကိုယ်ကြီးတစ်ခုလုံး အနှံ့အပြား လှုပ်ရှားမှုကြီး ထင်ရှားရှိနေသည်ကား ဒိဋ္ဌသက်သေပေတည်း။

ဤစကား၌ လှုပ်ရှားမှုဆိုသည်ကား- ရုပ်တရား အသစ်အဟောင်း ပြောင်းလဲမှုပေတည်း၊ လှုပ်ရှားမှုအကြိမ်ပေါင်း အရာမကရှိ၍ ရုပ်တရား ပြောင်းလဲမှုပေါင်း အရာမကရှိမှ ခြေတစ်လှမ်းဆုံးရာ၏၊ ဤအရာ၌ ကျမ်းဂန်တို့မှာ **နဒီသောတောဝိယ**=မြစ်ရေ အယဉ်ကဲ့သို့ဟူ၍လည်းကောင်း, **ဒီပဇာလာဝိယ**= ဆီမီးလျှံ ဆီမီးတောက်ကဲ့သို့ဟူ၍လည်းကောင်း ဥပမာကို ပြဆိုကြပေ၏။

ထိုတွင် မြစ်ရေဥပမာ၌ အစဉ်မပြတ် စီးသွား၍နေသော မြစ်ရေကို ကြည့်ရှု၍နေကြရာ မျက်မြင်အလိုမှာ ရေသည် စီးသွား၍နေ၏၊ ဤအရပ်မှ ရေသည်ပင် ထိုအရပ်သို့ရောက်လေ၏ဟု ပြောရိုးဆိုရိုးဖြစ်၏၊ ဉာဏ်မြင်အလိုမှာ မြစ်ရေကို အနီးမှကပ်၍ ကြည့်ရှုဆင်ခြင်ရာ လှုပ်လှုပ်ရွရွ ရှိနေသည်ကို သိမြင်ရသဖြင့် အဆင့်ဆင့် အသစ်အသစ် ဖြစ်ပေါ်တိုးပွါး၍ နေသောရေကိုလည်းကောင်း နောက်နောက်က ရှေ့သို့ အဆင့်ဆင့် ကွယ်ပျောက်၍သွားသော ရေကိုလည်းကောင်း အမှန်သိမြင်နိုင်လေ၏၊ မြစ်ရေသည်ဖြစ်ရာဌာနမှ ဌာနတစ်ပါးသို့ တစ်ဆံဖျားမျှ ရွေ့ရှားခြင်းမရှိ၊ ဖြစ်ရာဌာန၌သာ ပျောက်ကွယ်လေသည်ဟု အမှန်ဆိုနိုင်၏။

မိခင်ဇရာဝတီ

www.dhammaransi.com



ဤအရာ၌ လှုပ်ရှားမှုသည် အသစ်အဟောင်း ပြောင်းလဲမှုမှာ ခိုင်လုံစွာသော သက်သေဖြစ်၏၊ လှုပ်ရှားမှုရှိသည်ဆိုခဲ့လျှင် အသစ်အဟောင်း ပြောင်းလဲမှုရှိသည်ဟု အမှန်ဆိုနိုင်၏၊ လှုပ်ရှားမှုရှိသည်ဆိုလျှင် အခြေပျက် အနေပျက်ရှိသည်ဟု အမှန်ဆိုနိုင်၏၊ အခြေပျက်အနေပျက်ဆိုသည်ကား-ရုပ်ခန္ဓာဟောင်းတို့ ပျက်ဆုံးမှုပင်ဖြစ်၏။

ဆီမီးလျှံဥပမာ၌ တစ်ညဉ့်လုံး အစဉ်မပြတ်တောက်၍နေသော မီးတောက်မီးလျှံကို ကြည့်ရှု၍နေကြရာ မျက်မြင်အလိုမှာ ညဉ့်ဦးယာမ်က မီးတောက်သည်ပင်လျှင် သန်းခေါင်ယာမ်တိုင်အောင်ရှိနေ၏၊ ဤအရာမှာ ညဉ့်ဦးယာမ်က မီးတောက်သည် သန်းခေါင်းယာမ် မိုးသောက်ယာမ်တိုင်အောင်ရှိ၏ဟု ပြောရိုးဆိုရိုးဖြစ်၏၊ စိတ်၌လည်း ထင်၍နေ၏၊ ဉာဏ်မြင်အလိုမှာ မီးတောက်ကို အနည်းငယ်ကပ်၍ ကြည့်ရှုဆင်ခြင်ရာ လှုပ်လှုပ်ရွရွရှိနေသည်ကို မြင်ရသဖြင့် ရှေ့သို့ အဆင့်ဆင့် ဖြစ်ပေါ်တိုးပွါး၍နေသော မီးကိုလည်းကောင်း နောက်နောက်က အဆင့်ဆင့် ကွယ်ပျောက်၍ သွားသောမီးကိုလည်းကောင်း အမှန်သိမြင်နိုင်လေ၏၊ မီးဓာတ်သည် ဖြစ်ရာဌာနမှ ဌာနတစ်ပါးသို့ တစ်ဆံဖျားမျှ ရွေ့ရှားခြင်းမရှိ၊ ဖြစ်ရာဌာန၌သာ ပျောက်ကွယ်လေသည်ဟု အမှန်ဆိုနိုင်၏၊ ဤမီးဓာတ်၌လည်း မြစ်ရေ၌ကဲ့သို့ သက်သေထောက်ခံမှုကို အပြည့်အစုံဆိုလေ။

ဤသို့ ကျမ်းဂန်တို့၌လာသော မြစ်ရေဥပမာ ဆီမီးတောက်ဥပမာ အတိုင်း ခြေလှမ်းတစ်ခုအတွင်း၌လည်း ကိုယ်ခန္ဓာကြီးပေါင်း အရာမက ပြောင်းလဲ ဆက်လက်၍သွားပုံကိုသိလေ၊ ဤနည်းအတိုင်း သွားခြင်း ဣရိယာပုထ် ကွယ်ဆုံး၍ ရပ်ခြင်းဣရိယာပုထ်သို့ ပြောင်းလဲရာ၌လည်းကောင်း ရပ်ခြင်းဣရိယာပုထ် ကွယ်ဆုံး၍ ထိုင်ခြင်းဣရိယာပုထ်သို့ ပြောင်းလဲရာ၌လည်းကောင်း၊ ထိုင်ခြင်း ဣရိယာပုထ်ကွယ်ဆုံး၍ အိပ်ခြင်းဣရိယာပုထ်သို့ ပြောင်းလဲရာ၌လည်းကောင်း၊ လှုပ်ရှားမှု ပြောင်းလဲမှု အခြေအနေပျက်မှုတို့ကို စေ့စုံစွာသိမြင်လေ၊ တစ်ဖန် အိပ်ခြင်းဣရိယာပုထ်မှထ၍ ထိုင်ခြင်းဣရိယာပုထ်သို့ ပြောင်းရွှေ့ရာ၌ အိပ်ရုပ်၊ အိပ်ဟန်၊ အိပ်သဏ္ဌာန်ကတစ်မျိုး၊ ထိုင်ရုပ်၊ ထိုင်ဟန်၊ ထိုင်သဏ္ဌာန်ကတစ်မျိုး၊ ထရုပ်၊ ထဟန်၊ ထသဏ္ဌာန်ကတစ်မျိုးဟူ၍ သုံးမျိုးရှိ၏၊ ထိုတွင် အိပ်ရုပ် ထိုင်ရုပ်တို့သည် လှုပ်ရှားခြင်းမရှိ၊ ငြိမ်သက်ကြကုန်၏၊ အကြား၌ ထရုပ်သည်ငြိမ်သက်ခြင်းမရှိ.

www.dhammaransi.com



လှုပ်ရှား၏၊ အိပ်နေသောသူသည် ထတော့မည်ဟု အားယူလိုက်သောအခါ၌ တစ်ကိုယ်လုံးလှုပ်ရှားမှုကြီးသည် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်းမှာပင် တစ်ကိုယ်လုံး ပျံ့နှံ့လှုပ်ရှား၍သွား၏၊ လှုပ်ရှားသောရုပ်တို့သည်ကား အိပ်ခြင်းဣရိယာပုထ်၏ ဆိုင်ရာမဟုတ်၊ ထခြင်းဣရိယာပုထ်၏ ဆိုင်ရာသာဖြစ်ကုန်၏၊ အိပ်ခြင်းဣရိယာပုထ်၌ တည်ရှိသော ရုပ်ခန္ဓာကြီးသည် ထိုလှုပ်ရှားမှုကြီး ပျံ့နှံ့သည်နှင့်တစ်ပြိုင်နက် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်းမှာပင် အကုန်လုံး ကွယ်ဆုံးလေ၏။

ဤအရာ၌ ကိုယ်ခန္ဓာကြီးတစ်ကောင်လုံးသည် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်းမှာ ရုတ်တရက် ဖြစ်ပေါ်နိုင်ရာ၊ ကွယ်ပျောက်နိုင်ရာတို့၌ ဥပမာကား- ဓာတ်ရှင်ရုပ်စုံပွဲ ကျင်းပရာ၌ လူလောက်ရှိသော လူရုပ်သဏ္ဌာန်ကြီး၏ အရိပ်တို့သည် တစ်ခဏချင်း ဖြစ်ပေါ်မှု ပျောက်ကွယ်မှုသည် လုံလောက်သော ဥပမာ လုံလောက်သောသက်သေကြီးပေတည်း၊ မျက်မြင်ဒိဋ္ဌပြောင်းလဲပုံ ထင်လျားစွာပြဆိုချက်ပေတည်း၊ ရှေ့၌ပြဆိုခဲ့သော ခြေတစ်လှမ်း၏အတွင်း၌ ခန္ဓာကိုယ်ကြီးပေါင်း အရာမက ဆက်လက်ရသည်ဟူသော စကားမှာလည်း ဤဓာတ်ရှင် ရုပ်ကြီးခြေတစ်လှမ်းသွားရာ၌ ဓာတ်ရှင်ရုပ်ကြီးပေါင်း အကြိမ်များစွာ ဆက်လက်ရခြင်းသည် ခိုင်လုံသောဥပမာ ခိုင်လုံသော သက်သေကြီးပေတည်း။

ဝိပဿနာယောဂီပုဂ္ဂိုလ်တို့မှာမူကား- ဤသို့ပြဆိုခဲ့ပြီးသော ဣရိယာပုထ်လေးပါးပြောင်းရွှေ့မှု၌လည်း အစအလယ်အဆုံး အသီးသီး ရှိနေသည်ကိုသိကြ၏ အဆုံးဟူသမျှသည် အနိစ္စ၏အချက်ကြီးပေတည်း၊ ထိုတွင် အိပ်ခြင်းဣရိယာပုထ်၏အတွင်း၌ ထွက်သက်ထုတ်မှုနှင့် လှုပ်ရှားခြင်း ဝင်သက်ရှိုက်မှုနှင့်လှုပ်ရှားခြင်း ကိုယ်အင်္ဂါတို့ကို မှောက်မှုလှန်မှု ဝဲယာစောင်းမှု ကွေးမှုဆန့်မှုစသည်ဖြင့် လှုပ်ရှားခြင်းအမျိုးမျိုး ရှိပြန်၏၊ ထိုင်ခြင်းဣရိယာပုထ်၌လည်း ရှေ့သို့ထိုင်ခြင်း နောက်သို့ ဆုတ်ခြင်း လက်ဝဲလက်ျာကိုင်းရှိုင်းခြင်း ကွေးခြင်းဆန့်ခြင်း အစရှိသည်ဖြင့် လှုပ်ရှားခြင်း အမျိုးမျိုးရှိပြန်၏၊ ရပ်ခြင်းဣရိယာပုထ်၌လည်း ထိုအတူပင်တည်း။

**(ဤကား သန္တတိဇာတိ သန္တတိဇရာ သန္တတိမရဏတို့ကို ပြဆိုခန်းပေတည်း)**

www.dhammaransi.com



ဤ၌အရွယ်သုံးပါးမှစ၍ ပြဆိုခဲ့ပြီးသောသန္တတိတို့တွင် ဝိပဿနာယောဂီ ပုဂ္ဂိုလ်တို့မှာ ဣရိယာပထသန္တတိသည် လိုရင်းပဓာနဖြစ်၏။

ဤတွင်ရွေ့ကား သန္တတိဇာတိ သန္တတိဇရာ
သန္တတိမရဏတို့ကို ပြဆိုခန်းပြီး၏။

-------------------

## ခန္ဓာငါးပါးသည် ဒုက္ခမျိုးအစစ်အမှန်ဖြစ်သည်ဟု အတပ်သိနိုင်ရန် အကျဉ်းအမြွက်မျှ ပြဆိုပေအံ့

ခဏိကဇာတိ ခဏိကဇရာ ခဏိကမရဏသုံးပါးတို့တွင်-

- **ခဏိကဇာတိဆိုသည်ကား** တစ်ခုသောရုပ် တစ်ခုသောနာမ် တရားတို့၏အစ၌ ဖြစ်ပေါ်မှုကို ဇာတိဆိုသတည်း။
- **ခဏိကဇရာဆိုသည်ကား** အလယ်၌ ရင့်ရော်ဆုတ်ယုတ်မှုကို ဇရာဆိုသတည်း။
- **ခဏိကမရဏဆိုသည်ကား** အဆုံး၌ ချုပ်ကွယ်မှုကို မရဏ ဆိုသတည်း။

ဤခဏိကဇာတိ ဇရာ မရဏတို့သည်မူကား မျက်တောင်တစ်ခတ် လျှပ် တစ်ပြက်အတွင်းမှာ အကြိမ်ပေါင်း ကုဋေအရာမက ဖြစ်မှု ပျက်မှု လျင်မြန်လှ ကုန်သည်ဟု ကျမ်းဂန်တို့၌ လာရှိသောကြောင့်သာ ပြဆိုလိုက်သည်၊ သာဝက ဝိပဿနာယောဂီပုဂ္ဂိုလ်တို့ ဉာဏ်မှီနိုင်သောအရာ မဟုတ်ကုန်၊ ထိုကြောင့် ဤအရာ၌ ကျယ်ဝန်းစွာ မဆိုလိုက်ပြီ။

ဤတွင်ရွေ့ကား ပရမတ္ထသစ္စာဘက်၌ အကျဉ်းအားဖြင့် ရုပ်၌ငါးပါး နာမ်၌ လေးပါး ဇာတိ ဇရာ မရဏသုံးပါး ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းတရားလေးပါး ဤတစ်ဆယ့်ခြောက်ပါးသောအရာ အချက်တို့ကို ကောင်းကောင်းကြီး သိနိုင်မြင်နိုင် ထင်နိုင်ကြလျှင် ဒိဋ္ဌိဝိသုဒ္ဓိစသော အထက် ဝိသုဒ္ဓိကြီးငါးပါး ပေါက်ရောက်နိုင်ရန် အစီအရင်ကို ပြဆိုခန်းပြီး၏။

-----*-----

www.dhammaransi.com



## လက္ခဏာရေးသုံးပါးတို့ကိုပြဆိုပေအံ့

**လက္ခဏာရေးသုံးပါးဆိုသည်ကား**- အနိစ္စလက္ခဏာတစ်ပါး, ဒုက္ခလက္ခဏာတစ်ပါး, အနတ္တလက္ခဏာတစ်ပါးပေတည်း၊ ထိုတွင်-

**အနိစ္စဆိုသည်ကား**- မမြဲတတ်သော တရားမျိုးပေတည်း၊ **အနိစ္စ လက္ခဏာဆိုသည်ကား**- ထိုအနိစ္စတရားမျိုး၌ ပါရှိ၍နေသော ဇာတိအချက် ဇရာအချက် မရဏအချက်များပေတည်း၊ ထိုအချက်များကိုမြင်၍ ဤတရားမျိုးသည် မမြဲတတ်သော တရားမျိုးပေတည်းဟု အတပ်သိနိုင်၏၊ ဤသို့လျှင် မမြဲတတ်သော တရားမျိုးတို့ကို ဤတရားကား မမြဲတတ်သောတရားတည်းဟု အတပ်သိနိုင်ရန် အကြောင်းမျိုးဖြစ်၍ ဇာတိ ဇရာ မရဏသုံးပါးကို အနိစ္စလက္ခဏာဟုဆိုအပ်၏။

လက္ခဏာသဒ္ဒါသည် အတပ်သိကြောင်း အနက်ကိုဟော၏၊ ဤလက္ခဏာသုံးပါးတို့ကို အချက်ကျမသိတတ် မမြင်တတ် မထင်တတ်ကြလေသော လောကီဘုံသားလူအများတို့မှာ တစ်နေ့တစ်ရက်မျှ မမြဲတတ်သော ပထဝီဓာတ်ကိုပင် တစ်သက်လုံး တစ်ဘဝလုံးမြဲသည်ဟု စွဲလမ်းမှုကြီးရှိနေ၏၊ ထိုစွဲလမ်းမှုကြီးကို ပယ်ဖျောက်၍ ပထဝီဓာတ်သည် တစ်နေ့တစ်ရက်မျှမြဲသော တရားမဟုတ်ဟု အတပ်သိနိုင်ကြစေခြင်းငှါ ပထဝီဓာတ်၌ရှိနေသော ဤဇာတိအချက် ဇရာအချက် မရဏအချက်ကို သက်သေပြု၍ ပထဝီဓာတ်သည် တစ်နေ့တစ်ရက်မျှ မြဲနိုင်သော ဓာတ် မဟုတ်၊ မမြဲတတ်သောတရားတည်းဟု ပြောကြဟောကြရကုန်၏၊ ဤအနိစ္စလက္ခဏာကိုလည်း အရွယ်ကြီးသုံးပါး ပိုင်းခြားသည်မှစ၍ ဣရိယာပထခန်းတွင် မြစ်ရေအယဉ်ဥပမာ ဆီမီးလျှံဥပမာများတိုင်အောင် သေချာစွာပြဆိုခဲ့ပြီ။

**အနိစ္စပြီး၏။**

**ဒုက္ခလက္ခဏာဆိုသည်ကား**- ထိုအနိစ္စအချက်စုပင်လျှင် ကြောက်မက်ဖွယ်ကောင်းသော အနက်ကြောင့် ဒုက္ခလက္ခဏာမည်၏၊ ဤ၌လည်း ပထဝီဓာတ်သည် ကြောက်မက်ဖွယ်ကောင်းသော တရားမျိုးဖြစ်၍ ဒုက္ခတရားမျိုး အမှန်ဖြစ်၏၊ ကြောက်မက်ဖွယ်ကောင်းကြောင်းကိုလည်း ထိုပထဝီ၌ပါရှိ၍နေသော ဇာတိအချက် ဇရာအချက် မရဏအချက်တို့ကို မြင်သဖြင့်သိအပ်၏၊ ထို့ကြောင့် ထိုအချက်တို့ကို ဒုက္ခလက္ခဏာဆို၏။

www.dhammaransi.com



**ကြောက်မက်ဖွယ်ကောင်းပုံကား**- သတ္တဝါအပေါင်းတို့မှာ ပဋိသန္ဓေစွဲနေသည်မှစ၍ ပထမရက် ဒုတိယရက် တတိယရက်အစရှိသည်ဖြင့် ရှိနေကြသော ရက်အစဉ်တို့တွင် မသေနိုင်သောရက် မသေတတ်သောရက်ဟူ၍ တစ်နေ့ တစ်ရက်မျှမရှိ၊ ဤနေ့ ဤရက်သည်ကား- မသေနိုင်သောရက် မသေတတ်သောရက်တည်းဟုစိတ်ချ၍ နေချင်တိုင်းနေနိုင်သောရက် ကျင့်ချင်တိုင်းကျင့်နိုင်သောရက် တစ်ရက်မျှ မရှိဆိုလိုသည်။

ထိုစကားမှန်၏၊ ပဋိသန္ဓေစွဲနေသော ပထမရက်အတွင်း၌ ပင်လျှင် အမိဖြစ်သူသည် နေချင်တိုင်းနေ ကျင့်ချင်တိုင်း ကျင့်ခဲ့ငြားအံ့၊ သူငယ်၏ ရုပ်အစဉ် နာမ်အစဉ်သည် ဖောက်လဲဖောက်ပြန်ဖြစ်၍ ထိုနေ့အတွင်းမှာပင် ပျက်ဆုံးလေရာ၏၊ နောက်နောက်သောရက်တို့မှာလည်း ထိုအတူပင်တည်း၊ ဖွားမြင်ပြီးသောနောက်၌လည်း ထိုသူငယ်ကို တစ်စုံတစ်ယောက်သောသူမျှ ပြုစုစောင့်ရှောက်သူ မရှိငြားအံ့၊ ထိုသူငယ်သည် ဖွားမြင်ရာဌာန၌ပင် ဖောက်လဲဖောက်ပြန်ဖြစ်၍ သေဆုံးလတ္တံ့၊ ဤ၌ ဖောက်လဲ ဖောက်ပြန်ဟူသောစကားသည် ဇာတိ ဇရာ မရဏတို့ကိုဆိုသော စကားပင်တည်း။

ထိုတွင်-

- **ဇာတိဆိုသည်ကား** ပကတိညီညွတ်စွာ ဖြစ်၍နေသော ရုပ်အစဉ်၊ နာမ်အစဉ်သည်ပင်လျှင် မညီမညွတ်သော အနေနှင့်ဖြစ်၍ လာသည်ကို ဆိုသတည်း။
- **ဇရာဆိုသည်ကား** ညီညွတ်စွာဖြစ်၍နေသော ရုပ်အစဉ် နာမ်အစဉ်၏ ဆုတ်ယုတ်လျော့ပါးခြင်း ကိုဆိုသတည်း။
- **မရဏဆိုသည်ကား** ညီညွတ်စွာဖြစ်သော ရုပ်အစဉ် နာမ်အစဉ်၏ ကုန်ဆုံးခြင်းကို ဆိုသတည်း။

ဤသို့လျှင် ထိုသူငယ်မှာ ပထမရက်အတွင်း၌ပင်လျှင် ဇာတိဘေး ဇရာဘေး မရဏဘေးဟု ဆိုအပ်သော ဘေးကြီးသုံးပါး သင့်နိုင်သောအခွင့် သင့်တတ်သောအခွင့်ကြီးပါရှိလျက်နေ၏၊ ထိုကြောင့် ထိုပထမရက်အတွင်း၌ရှိနေသော ရုပ်အစဉ် နာမ်အစဉ်စုသည်လည်း စိုးရိမ်ကြောင့်ကြဖွယ်ရှိနေသော၊ ရုပ်အစဉ်

www.dhammaransi.com



နာမ်အစဉ်ဖြစ်ချေ၍ ဒုက္ခသာအမှန်ဖြစ်၏၊ နောက်နောက်ရက်တို့၌လည်း ထိုအတူပင်တည်း။

ဖွားမြင်ပြီးနောက်၌လည်း ထိုသူငယ်ကို တစ်စုံတစ်ယောက်သော သူမျှပြုစု စောင့်ရှောက်သူ မရှိငြားအံ့၊ ထိုသူငယ်သည် ဖွားမြင်ရာဌာန၌ပင်လျှင် ဖောက်လဲဖောက်ပြန်ဖြစ်၍ သေဆုံးလတ္တံ့၊ ဤ၌ ဖောက်လဲဖောက်ပြန်ဟူသောစကားသည် ဇာတိ ဇရာ မရဏကိုဆိုသော စကားပင်တည်း။

ဤ၌ နောက်နောက်ရက်တို့၌လည်း အစာအာဟာရ စားသောက်ခြင်း အစရှိသော ပြုပြင်စောင့်ရှောက်မှုကို မပြုမူ၍ နေချင်တိုင်း ကျင့်ချင်တိုင်း ကျင့်ခဲ့သော် ထိုသူ၏ ရုပ်ခန္ဓာ နာမ်ခန္ဓာအစဉ်သည် ထိုရက် ထိုခဏ၌ပင်လျှင် ဖောက်လဲဖောက်ပြန်ကြီးဖြစ်၍ သေဆုံးလတ္တံ့၊ ဘယ်အခါ၌မဆို သေဆုံးပြန်လျှင်လည်း ထိုခန္ဓာသည် သေသည်၏အခြားမဲ့၌ ပရမ်းပတာ ကျရောက်တတ်သောအလေ့ရှိ၏။

ပရမ်းပတာ ကျရောက်ခြင်းဆိုသည်ကား ပုထုဇ္ဇန်ဖြစ်ကြသော လူ, နတ်, ဗြဟ္မာသတ္တဝါအပေါင်းတို့သည် သေသည်မှနောက် ဘယ်ဘုံသို့ ငါသွားမည်၊ ဘယ်သတ္တဝါမျိုး၌ ငါဖြစ်မည်ဟု ရည်ရွယ်မှန်းထား၍ သွားနိုင်သော သတ္တဝါမည်သည် အလွန်နည်းပါးကြကုန်၏၊ သတ္တဝါ တစ်သိန်းတစ်သန်းတွင် တစ်ယောက်တစ်လေမျှသာ ရှိလေရာ၏၊ ကျန်ရှိသောသတ္တဝါတို့မှာ ဘယ်ဘုံ ဘယ်ဘဝသို့ ကျရောက်မည်မသိ၊ ထန်းပင်ပေါ် အုန်းပင်ပေါ်တို့မှ ထန်းသီးခိုင် အုန်းသီးခိုင်များ ကျသကဲ့သို့ ဤခန္ဓာကြီးသည် အပါယ်ဘုံသို့သာ ပရမ်းပတာ ကျတတ်သော အလေ့ရှိ၏၊ ခန္ဓာကျလျှင်လည်း ထိုခန္ဓာကို ငါ၏ကိုယ် ငါ၏ အတ္တဟု စွဲလမ်းသူ သတ္တဝါလည်း ပါရလေတော့သည်၊ အပါယ်ဘုံသို့ တစ်ကြိမ်ကျ ပြန်လျှင်လည်း လူ့ဘုံ လူ့ဘဝသို့ ပြန်ရရန်အရေး အလွန်ဝေးလှပေ၏၊ အပါယ်ဘုံ တွင်သာ ယုတ်နိမ့်သည်ထက် ယုတ်နိမ့်ရာသို့ ဘဝအဆက်ဆက် လျောကျ၍ ဘဝပေါင်း အသောင်းများစွာ ထိုခန္ဓာသည် အပါယ်ဘုံ၌သာ အဆက်ဆက်ဖြစ်လေ၏။

**ဤကား ခန္ဓာငါးပါးသည် ဒုက္ခမျိုး အစစ်အမှန်ဖြစ်သည်ဟု အတပ်သိနိုင်ရန် အကျဉ်းအမြွက် ပြဆိုချက်ပေတည်း**

မိခင်ရောဝတီ

www.dhammaransi.com



**အနတ္တလက္ခဏာ၌** ပဋိသန္ဓေနေပြီး၍ ပထမနေ့အတွင်းမှာ သေရသောသူ၌ သမ္မုတိသစ္စာအလိုအားဖြင့် တစ်ရက်မျှ အသက်ရှည်သော သတ္တဝါသည်ရှိ၏၊ ထိုသတ္တဝါ၏ အတ္တသည်ရှိ၏၊ ဇီဝသည်ရှိ၏ ဟုစွဲလမ်းချက်ကြီးရှိကြ၏၊ ဘယ်ဝတ္ထုကို အတ္တဇီဝခေါ်သနည်းဟု မေးခဲ့သော် ရုပ်ခန္ဓာ နာမ်ခန္ဓာကိုပင် အတ္တဇီဝခေါ်သည်ဟု ပြောကြ ကုန်ရာ၏။

ဤ၌ အတ္တဆိုသည်ကား သတ္တဝါ၏ အမာခံအနှစ်သာရဟုဆိုလို၏၊ အမာခံအနှစ်သာရဆိုသည်ကား ထိုအတ္တရှိမှ သတ္တဝါမည်သည်ရှိနိုင်၏၊ ထိုအတ္တ မရှိခဲ့သော် သတ္တဝါမည်သည်မရှိနိုင်၊ မြေရှိမှ မြေအိုးမည်သည်ရှိနိုင်၏၊ မြေ မရှိခဲ့သော် မြေအိုးမည်သည် မရှိနိုင်သကဲ့သို့တည်း၊ ထိုအတ္တသည် မချုပ်မပျက် အသက်ရှည်စွာတည်နေပါမှ သတ္တဝါမည်သည်လည်း မချုပ်မပျက်တည်နေနိုင်၏၊ ထိုအတ္တချုပ်ရာ၌ သတ္တဝါသည်လည်း ချုပ်ဆုံးရလေ၏။

**ဤကား သတ္တဝါ၏အမာခံအနှစ်သာရ ဟူသောစကား၏ အဓိပ္ပါယ်တည်း**

ဤသမ္မုတိသစ္စာအလို၌ ထိုသတ္တဝါအတ္တဇီဝများသည် တစ်ဘဝ အတွင်းမှာ တစ်ကြိမ်သာ သေဆုံးမြဲရှိ၏၊ တစ်ဘဝအတွင်းမှာ အခါခါသေဆုံးသည်ဟူ၍ မရှိကြ။

**(ဤကား သမ္မုတိသစ္စာ၏ အလိုတည်း)**

ပရမတ္ထသစ္စာအလိုမှာမူကား ပထမရက်မျှနေ၍ သေဆုံးရသော ထိုသတ္တဝါမှာ ထိုပထမနေ့ရက်အတွင်း၌ အမိဖြစ်သူ၏ ဣရိယာပထ ပြောင်းရွှေ့ချက် ထွက်သက်မှုတ်ထုတ်ချက်၊ ဝင်သက်ရှိုက်ချက်စသော လှုပ်ရှားချက်အမျိုးမျိုးကို အစွဲပြု၍ ထိုရက်အတွင်းမှာပင် ထိုသူ၏ ရုပ်ခန္ဓာအစဉ် နာမ်ခန္ဓာအစဉ်လှုပ်ရှားပြောင်းလဲချက်ပေါင်း ထောင်သောင်းမက ရှိလေရာ၏၊ ဇာတိမှု ဇရာမှု မရဏမှု အပေါင်းလည်း ထောင်သောင်းမကရှိလေရာ၏။

ထို့ကြောင့် ထိုရုပ်ခန္ဓာ နာမ်ခန္ဓာတို့သည် ထိုရက်အတွင်းမှာပင် အကြိမ်ပေါင်းများစွာ သေဆုံးမှုရှိနေသည်ဖြစ်၍ ထိုရက်အတွင်းမှာ အနိစ္စမျိုးသာဖြစ်လေ၏၊ ဤသို့လျှင် ထိုသတ္တဝါ အတ္တဇီဝများသည် နိစ္စမျိုးဖြစ်၏၊ ရုပ်ခန္ဓာ နာမ်ခန္ဓာသည် အနိစ္စမျိုးဖြစ်၏၊ ထို့ကြောင့် အနိစ္စမျိုးဖြစ်သော ရုပ်ခန္ဓာ နာမ်ခန္ဓာသည် နိစ္စမျိုးဖြစ်သော ထိုသတ္တဝါ အတ္တဇီဝ၏ အမာခံ အနှစ်သာရ

www.dhammaransi.com



ဖြစ်သည်ဟူသော အယူသည်လွဲ၏၊ ရုပ်ခန္ဓာ နာမ်ခန္ဓာသည်ပင်လျှင် သတ္တဝါဖြစ်၏၊ အတ္တဖြစ်၏၊ ဇီဝဖြစ်၏ဟူသော အယူသည်များ၏၊ ရုပ်ခန္ဓာ နာမ်ခန္ဓာ သတ္တဝါမဟုတ်၊ အတ္တမဟုတ်၊ ဇီဝမဟုတ်၊ အနတ္တသာဖြစ်၏ ဟူသောအယူသည် ဖြောင့်မှန်၏၊ နိစ္စမျိုးနှင့်အနိစ္စမျိုးသည် အလွန်ကွာခြားကြသည်ဖြစ်၍ ဤရုပ်ခန္ဓာ နာမ်ခန္ဓာသည်ပင်လျှင် ပုဂ္ဂိုလ်ဖြစ်၏၊ သတ္တဝါဖြစ်၏၊ ငါဖြစ်၏၊ သူဖြစ်၏ဟု တစ်ခုတည်းပြုခြင်းငှါ မထိုက်ချေ။

**ဤကား အသာရကဋ္ဌေန အနတ္တာဟူသော စကား၏အနက်အဓိပ္ပါယ်ပေတည်း**

**အဝသဝတ္တနဋ္ဌေနဟူသော စကား၏ အနက်အဓိပ္ပါယ်ကား**- ထိုသူငယ်သည် တစ်နေ့တစ်ရက်မျှသာနေ၍ သေ ခြင်းကိုအလိုမရှိ၊ သူတစ်ပါးများကဲ့သို့ အသက်ရှည်ရှည်နေခြင်းငှါ အလိုရှိ၏၊ ထိုသူငယ်၏ ရုပ်ခန္ဓာ နာမ်ခန္ဓာသည်မူကား ထိုသူငယ်၏ အလိုသို့မလိုက်၊ တစ်ရက်မျှနေ၍သေဆုံးလေ၏၊ ထိုသူငယ်၏ အလိုနှင့် အလွန်ဝေးကွာ လျက်ရှိ၏၊ ထိုသို့ဝေးကွာလျက် ရှိသောကြောင့် ရုပ်ခန္ဓာ နာမ်ခန္ဓာသည်ပင်လျှင် ငါဖြစ်၏၊ ငါ၏အတ္တဖြစ်၏၊ ဇီဝဖြစ်၏ဟု မှတ်ယူ ခြင်းသည် အလွန်မှား၏၊ ရုပ်ခန္ဓာ နာမ်ခန္ဓာသည် ငါမဟုတ်၊ ငါ၏အတ္တလည်း မဟုတ်၊ ဇီဝလည်းမဟုတ် အနတ္တသာဖြစ်၏ဟု မှတ်ယူခြင်းသည် မှန်ကန်၏၊ တစ်သက်လုံး နေ့ရက်ရှည်သမျှတို့မှာ ဤနည်းအတိုင်း စစ်လေ။

ဤ၌ အနတ္တာ=အစိုးမရသောအနက်တစ်ချက်၊ အနတ္တာ=အလိုသို့ မလိုက်ဟူသောအနက်တစ်ချက်၊ ဤနှစ်နက်သည် အတူတူပင်တည်း၊ အလိုသို့ လိုက်မှသာလျှင် အစိုးရသည်ဟုဆိုနိုင်၏၊ အလိုသို့ မလိုက်လျှင် အစိုးရသည်ဟုမဆိုနိုင်၊ အနတ္တာ=ငါ၏ကိုယ်မဟုတ်ဟူသော အနက်သည်ကား အနှစ်သာရ မဟုတ်ဟူသောအနက်၊ အလိုသို့ မလိုက်ဟူသောအနက်နှစ်ချက်နှင့်ဆက်ဆံ၏။

**ဤကား အနတ္တဟူသောစကား၏ အနက်အဓိပ္ပါယ်ပေတည်း။**

**လက္ခဏာရေးသုံးပါး၏အနက်ကို**

**အမြွတ်မျှပြဆိုခန်းပြီး၏။**

* * *

www.dhammaransi.com



## ဒုက္ခအချက်ကြီးကို ပြဆိုခန်း

ထိုမှတစ်ပါးလည်း အနမတဂ္ဂသံသရာ၌ ဘဝအဆက်ဆက် ဖြစ်ပွားလျက်နေသော ဤခန္ဓာကြီးမှာ စုန်လမ်း, ဆန်လမ်းဟူ၍ နှစ်လမ်းရှိ၏။ ဓမ္မတာလမ်း, သင်္ခါရလမ်းဟူ၍လည်း နှစ်လမ်းရှိ၏၊ ထိုတွင်-

**အပါယ်လေးဘုံသည်** ဤခန္ဓာကြီး၏စုန်လမ်းမည်၏၊ ဓမ္မတာ လမ်းလည်းမည်၏၊ လူ့ဘုံနတ်ဘုံ ဗြဟ္မာဘုံဟူသော သုဂတိဘုံသည် ဆန်လမ်းမည်၏၊ သင်္ခါရလမ်းလည်းမည်၏။

ထိုတွင် စုန်လမ်း ဓမ္မတာလမ်းသည်လည်း ယုတ်ညံ့သည်ထက် ယုတ်ညံ့ရာ မိုက်မဲသည်ထက်မိုက်မဲရာ ဆင်းရဲဒုက္ခကြီးမားသည်ထက် ကြီးမားရာသို့ ကျရောက်ခြင်းသည် စုန်လမ်း, ဓမ္မတာလမ်းပင်ဖြစ်၏။

ဆန်လမ်း, သင်္ခါရလမ်းမှာလည်း မြင့်မြတ်သည်ထက်မြင့်မြတ်ရာ လိမ်မာသည်ထက် လိမ်မာရာ ချမ်းသာသုခ ကြီးမားသည်ထက် ကြီးမားရာသို့ ဆန်တက်ခြင်း ရောက်နိုင်ခြင်းသည် ဆန်လမ်း, သင်္ခါရလမ်းမည်၏။

အဘယ်ကြောင့်သင်္ခါရလမ်း ဖြစ်သနည်း၊ အထက်အထက်သို့ ဆန်တက်မှုမည်သည် ဒါနမှု သီလမှု ဘာဝနာမှုကိုပြုနိုင်ပါမှ ဆန်တက်နိုင်၏၊ ဆန်တက်နိုင်ပါသော်လည်း ဒါနအဟုန် သီလအဟုန် ဘာဝနာအဟုန် ရှိနေခိုက်၌သာ တည်တန့်နိုင်၏၊ ထိုအဟုန်ကုန်ခဲ့သော် စုန်လမ်း ဓမ္မတာလမ်းသို့သာ ကျရောက်လာရပြန်၏၊ ထိုကြောင့်၊ ဤခန္ဓာကြီးသည် အနိစ္စမျိုးသာအမှန်ဖြစ်သည်၊ ဒုက္ခမျိုးသာအမှန်ဖြစ်သည်၊ အနတ္တမျိုးသာ အမှန်ဖြစ်သည်ဟုသိရ၏။

အဘယ်ကြောင့် စုန်လမ်းကို ဓမ္မတာလမ်းဟု ဆိုသနည်းဟူမူကား စုန်လမ်းမည်သည် နိမ့်ရာသို့လျောကျလမ်းဖြစ်၍ ပြဆိုခဲ့ပြီးသော သင်္ခါရမှုနှင့် ကင်းကွာခဲ့သည်ရှိသော် မကျချင်သော်လည်း မနေနိုင်၊ ကျရောက်မြဲဖြစ်သော နိယာမတရားမျိုးဖြစ်၍ ဓမ္မတာလမ်းမည်၏၊ သို့သော် အပါယ်ခန္ဓာအပါယ်ဘဝများသည်လည်း သင်္ခါရမျိုးပင် မဟုတ်ပါလောဟု ဆိုရန်ရှိ၏၊ သင်္ခါရမျိုးပင်မှန်၏၊ ထိုသင်္ခါရများသည်မူကား နိမ့်သည်ထက်နိမ့်ရာ နက်သည်ထက်နက်ရာသို့ တွင်တွင်ကြီး ပို့နိုင်ရန် သင်္ခါရများဖြစ်ကြ၏။

www.dhammaransi.com



ထိုစကားမှန်၏ အပါယ်ဘုံသားတို့၏သန္တာန်၌ နေ့ညဥ့်မစဲ ဖြစ်ပွါး၍ နေသော ကာယကံမှု ဝစီကံမှု မနောကံမှုများသည် ဘဝအဆက်ဆက် နိမ့်သည် ထက်နိမ့်ရာ နက်သည်ထက်နက်ရာသို့ ဘဝအဆက်ဆက် တွင်တွင်ကျဘို့သာ ဖြစ်လေ၏၊ ထို့ကြောင့် အပါယ်သို့တစ်ကြိမ်ကျလေသောသူသည် တစ်ဘဝထက် တစ်ဘဝ ယုတ်နိမ့်ရာသို့သာ မြုပ်မျော၍ သွားလေတော့သည်၊ သုဂတိဘဝသို့ ပြန်ရောက်ရန်အရေး ဝေးကြီးဝေးလေတော့သည်။

ကာဏကစ္ဆပေါပမသုတ္တန်ဒေသနာတော်ကြီးကိုထောက်မြော်လေ။

**ဆန်တက်မှုဟူသောသင်္ခါရ လမ်းမှာလည်း**- ဒါနမှု သီလမှု ဘာဝနာမှု မည်သည်အလွန်ဖြစ်နိုင်ခဲ၏၊ ကုသိုလ်မှန်, အကုသိုလ်မှန်, သုဂတိမှန်, ဒုဂ္ဂတိမှန်, သိနိုင်သောဘဝသည် အလွန်နည်းပါး၏၊ ဘဝထောင်သောင်းတွင် သိနိုင်သော ဘဝတစ်ကြိမ်တစ်ခါမျှ အလွန်ကြုံကြိုက်ခဲလှ၏။

ဤအရာ၌ သင်္ခါရလမ်းနှင့် ဓမ္မတာလမ်းနှစ်ပါး အားရှိအားမဲ့ကို သိနိုင်ရန် ဥပမာကား ဂင်္ဂါမြစ်ရေမှာစုန် လမ်းဆန် လမ်းဟူ၍ နှစ်လမ်းရှိ၏၊ ဓမ္မတာလမ်း, သင်္ခါရလမ်းဟူ၍လည်း နှစ်လမ်းရှိ၏၊ ထိုတွင် စုန်လမ်းဆိုသည်ကား နိမ့်သည်ထက် နိမ့်ရာသို့စီးသွားမှု လျောကျမှုပေတည်း၊ ဆန်လမ်းဆိုသည်ကား အထက်မြစ်ညာသို့ ဆန်တက်မှုပေတည်း၊ စုန်လမ်းသည် ဓမ္မတာလမ်းမည်၏၊ အဆီးအတားမရှိခဲ့သော် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှရပ်တန့်၍ နေနိုင်သောလမ်းမျိုး မဟုတ်၊ ထိုမြစ်ရေသည် အောက်မြစ်စဉ်တစ်လျှောက်သို့ မရပ်မနား စီးသွားပြီးလျှင် ကမ်းမမြင်သော ပင်လယ်ပြင်ကြီးသို့ ဆိုက်ရောက်၍ တဝဲလည်လည်နေလေတော့ သည်။

ဤကား ဂင်္ဂါမြစ်ရေ၏ဓမ္မတာလမ်းကို ပြဆိုချက်ပေတည်း

**သင်္ခါရလမ်းဆိုသည်ကား**- ထိုမြစ်ရေကိုအညာသို့ ဆန်တက်စေရန် လှော်မှု, ပက်မှု, ခပ်မှု, ပိတ်မှုများပေတည်း၊ ထိုအမှုများကို ပြုမှပင်ဆန်တက်၏၊ ဆန်တက်သော်လည်း ထိုပြုပြင်မှု၏ အရှိန်ရှိသမျှသာလျှင် ထိုအမှုများကိုပြုမှပင် ဆန်တက်၏၊ အရှိန်ကုန်လျှင် စုန်မြဲမျောမြဲဓမ္မတာအတိုင်းသာ စုန်လေ မျောလေ၏။

- သံသရာကြောင်းကြီးသည် ဂင်္ဂါမြစ်ကြောင်းနှင့်တူ၏၊ အပါယ်ဘုံကြီး

www.dhammaransi.com



သည် ကမ်းမမြင်သောပင်လယ်ကြီးနှင့်တူ၏၊

- ပုထုဇ္ဇနသတ္တဝါတို့၏ခန္ဓာတွေသည် ဂင်္ဂါမြစ်ရေနှင့်တူ၏။
- ထိုဂင်္ဂါမြစ်ရေသည်၊ ကမ်းမမြင်သော ပင်လယ်ရေပြင်ကြီးသို့ ရောက်သောအခါ ပင်လယ်ကြီး၌သာ တဝဲလည်လည် စီးသွား၍နေလေဘိသကဲ့သို့၊ ဤခန္ဓာတွေသည်လည်း အပါယ်ဘုံ အပါယ်ဘဝသို့ ကျရောက်သောအခါ အပါယ်ဘုံကြီးအတွင်း၌သာ ဘဝအဆင့်ဆင့်ဖြစ်ပွါး၍ နေရလေတော့သည်။

အကြောင်းမူကား ထိုခန္ဓာအစဉ်မှာ အနီးအစပ်ဖြစ်သော ဘဝတို့၌ဖြစ်ခဲ့သောအကုသိုလ်ကံမျိုး သိန်းသန်း ကုဋေအသချေ်များစွာ ပါရှိလျက်နေသည်တစ်ကြောင်း, အပါယ်ဘဝတို့၌လည်း အကုသိုလ်ကံတရား နေ့စဉ်ဖြစ်ပွါးသဖြင့် ထိုအပါယ်ဘဝ၌ဖြစ်သော အကုသိုလ်ကံသစ်တွေ တစ်ဘဝထက်တစ်ဘဝ ပွါးများ၍ သွားသည်တစ်ကြောင်း, ထိုအကြောင်းများကြောင့် ထိုခန္ဓာမှာ အပရာပရိယဝေဒနီယ ကုသိုလ်ကံ ဟောင်းများပါရှိသော်လည်း ထိုကံဟောင်းများ အခွင့်ရနိုင်ရန် အလွန်ဝေးကွာလျက်ရှိလေ၏။

ဤကား လူ နတ် ဗြဟ္မာ ပုထုဇ္ဇန် သတ္တဝါတို့၏ ခန္ဓာကြီးငယ်သည် သုခမျိုး မဟုတ်၊ အလွန်ကြီးကျယ်သော ဒုက္ခမျိုးသာဖြစ်သည်ဟု ဒုက္ခအချက်ကြီးကို ပြဆိုခန်းပေတည်း

------------------

## တဏှာ,မာန,ဒိဋ္ဌိ စွဲလမ်းမှု

အတ္တစွဲလမ်းမှု၏ အပြစ်, အနတ္တထင်မြင်မှု၏ အကျိုးကို ပြဆိုရာ၏၊ စွဲလမ်းမှုသည်သုံးပါးရှိ၏။

- တဏှာစွဲလမ်းမှုတစ်ပါး၊
- မာနစွဲလမ်းမှုတစ်ပါး၊
- ဒိဋ္ဌိစွဲလမ်းမှုတစ်ပါး

ဟူ၍ သုံးပါးရှိ၏။

ထိုတွင် ငါ၏အင်္ဂါ ငါ၏ဦးခေါင်းအင်္ဂါ ငါ၏ခြေအင်္ဂါ လက်အင်္ဂါ ငါ၏မျက်စိအင်္ဂါ နားအင်္ဂါစသည်ဖြင့်လည်းကောင်း ငါ၏အမိ ငါ၏အဖ ငါ၏မယား

www.dhammaransi.com



ငါ၏သား ငါ၏သမီးစသည်ဖြင့်လည်းကောင်း ငါ၏နွား ငါ၏ကျွဲ ငါ၏မြင်း စသည်ဖြင့်လည်းကောင်း ငါ၏အိမ် ငါ၏တိုက် ငါ၏လယ် ငါ၏ယာ ငါ၏ရွှေ ငါ၏ငွေစသည်ဖြင့်လည်းကောင်း မိမိကိုယ်ကို အပိုင်အရှင်ပြု၍ ကိုယ်အင်္ဂါ ဦးခေါင်းအင်္ဂါစသည်တို့ကို ပိုင်နိုင်ရာ ဥစ္စာပြု၍ စွဲလမ်းမှုသည် တဏှာ၏ စွဲလမ်းခြင်းမည်၏။

**မာန၏စွဲလမ်းခြင်းမည်သည်ကား** ဤကိုယ်အင်္ဂါသည်ပင်လျှင် ငါဖြစ်၏၊ ဤဦးခေါင်းသည်ပင်လျှင်ငါဖြစ်၏စသည်ဖြင့် မိမိကိုယ်အင်္ဂါ၌ ထောင်ထောင်လွှားလွှား ငါတကားဟု စွဲလမ်းမှုသည် မာန၏စွဲလမ်းခြင်းမည်၏။

**ဒိဋ္ဌိ၏စွဲလမ်းခြင်းမည်သည်ကား** ဤကိုယ်အင်္ဂါသည်ပင်လျှင် ငါ၏ အနှစ်သာရ အတ္တဖြစ်၏စသည်ဖြင့် ကိုယ်ခန္ဓာကို အမာခံအနှစ်သာရ အတ္တအနေနှင့် စွဲလမ်းခြင်းသည် ဒိဋ္ဌိ၏စွဲလမ်းခြင်းမည်၏။

ထိုသုံးပါးသောစွဲလမ်းခြင်းတို့တွင် တဏှာစွဲလမ်းခြင်းသည် လျော့သေး၏၊ မိမိကိုယ်ခန္ဓာမှ အပဝတ္ထုများသို့ထွက်၍ စွဲလမ်း၏၊ မာနစွဲလမ်းချက်သည် တဏှာစွဲလမ်းချက်ထက်တင်းကြပ်၏၊ အပဝတ္ထုသို့ မထွက်ပြီ၊ ဤမာနစွဲလမ်းချက်ထက် ဒိဋ္ဌိစွဲလမ်းချက်သည် အလွန်တင်းကြပ်၏။

ဥပမာကား မာန၏စွဲလမ်းချက်သည် ဂင်္ဂါရေနှင့် ယမုနာရေကို တစ်ခုတည်းဖြစ်အောင်ရောနှောသကဲ့သို့ ငါနှင့် ခန္ဓာကိုယ် တစ်ခုတည်းဖြစ်အောင် ရောနှောခြင်းမျှသာဖြစ်၏၊ ခဲနှင့်ငွေကိုလည်းကောင်း ရွှေကိုလည်းကောင်း တစ်ခုတည်းဖြစ်အောင်ရောနှောရာ၌ ခဲသည်ကား အကာမျှသာဖြစ်၏၊ ရွှေငွေသည်ကား အနှစ်သာရဖြစ်၏ဟုဆိုရသကဲ့သို့ ငါသည်ကား အကာမျှကဲ့သို့ဖြစ်၏၊ ငါ၏ ရုပ်ခန္ဓာနာမ်ခန္ဓာသည်ကား ငါ၏အနှစ်သာရအတ္တဖြစ်ပေ၏ ဟုစွဲလမ်းမှုဖြစ်၍ ဤဒိဋ္ဌိစွဲလမ်းမှုသည် တဏှာစွဲလမ်းမှုထက် အလွန်တင်းကြပ်၏ ခင်တွယ်မှုအပေါင်းတို့တွင် ကမ်းကုန်လမ်းကုန် ခင်တွယ်ခြင်းဖြစ်၏၊ ထို့ကြောင့် **အတ္တသမာ ပေမာ နတ္ထိ** ဟုဆိုရိုးကြီးရှိကြ၏။

**ဤကား အတ္တစွဲလမ်းမှု၏နက်နဲပုံ နက်နဲချက်ကို ပြဆိုခြင်းတည်း**

www.dhammaransi.com



ဤမျှလောက်နက်နဲသောစွဲလမ်းခြင်းဖြင့် မိမိခန္ဓာကိုငါ၏ အတ္တဟု အခိုင်အမြဲစွဲလမ်းခြင်းသည် မိမိ၏အလိုကို လုံးလုံးလွှတ်ထား၍ ခန္ဓာ၏အလိုကိုသာ ငါလိုက်မည်ဟု သံသရာစာချုပ်ကြီးချုပ်လုပ်မှုဖြစ်၏၊ ထိုသံသရာစာချုပ်ကြီးအတိုင်း ခန္ဓာ၏အလိုကိုလိုက်စား၍ နေကြသည့်အတွက် မိမိကိုယ်ခန္ဓာသွားရာဓမ္မတာလမ်းကြီးသို့ ယနေ့ထက်တိုင်လိုက်ပါ၍ နေကြရကုန်၏၊ ထိုသံသရာစာချုပ်ကြီးသည် အဘယ်မျှလောက် ခိုင်မြဲသနည်းဟူမူကား အပါယ်လေးဘုံ၌ ကျရောက်၍နေကြကုန်သော သတ္တဝါတို့ကို အဘယ်သူပစ်ချ၍ ကျရောက်ကြလေသနည်းဆိုသော် အဘယ်သူတစ်ဦးတစ်ယောက်မျှ ပစ်ချနိုင်သည် မဟုတ်၊ မိမိကိုယ်ခန္ဓာ သည်သာလျှင် ပစ်ချ၍ကျရောက်ကြရလေကုန်၏၊ အဝီစိငရဲမီးထဲမှာ အနှစ်တစ်သိန်း နှစ်သိန်းစသည်ဖြင့် နစ်မြုပ်၍နေကြသော သတ္တဝါတို့ကိုလည်း အဘယ်သူတစ်ယောက်မျှ ပစ်ချရသည်မဟုတ်၊ မိမိကိုယ်ခန္ဓာသည်သာလျှင်ပစ်ချ၏၊ ထိုငရဲ၌ အနှစ်တစ်သိန်း နှစ်သိန်း စသည်ဖြင့်အလွန်ကာလရှည်ကြာစွာ လှောင်ထားမှုသည်လည်း သူတစ်ပါးလှောင်ထားသည်မဟုတ်၊ မိမိခန္ဓာသည်ပင်လျှင်လှောင်ထား၏။

ထိုငရဲသားတို့သည် ထိုမျှလောက်နှိပ်စက်တတ်သော ခန္ဓာကိုယ်ကိုပင်လျှင်၊ အပြစ်မထင်နိုင်၊ ထိုစာချုပ်ကိုမဖျက်နိုင်၊ ငါ၏ အတ္တငါ၏အတ္တဟု မိမိခန္ဓာကိုယ်ကိုပင် အခိုင်အမြဲစွဲလမ်းလျက်ပင် ရှိကြ၏၊ ဤစကားရပ်ဖြင့် မိမိတို့မှာ မိမိတို့၏ ခန္ဓာကဲ့သို့ ကြီးကျယ်သော ရန်သူဟူ၍မရှိ၊ မိမိတို့၏ ခန္ဓာသည်သာလျှင် မိမိတို့မှာအကြီးအကျယ် ဆုံးသော ရန်သူဖြစ်၏ဟု ထင်ရှားလှလေ၏၊ ထို့ကြောင့် **အတ္တသမာ ဝေရီနာမ နတ္ထိ** ဟုဆိုရိုးကြီးရှိကြ၏။

**ဤကား အတ္တစွဲလမ်းချက်၏အပြစ်ကြီးပုံကို ပြဆိုချက်ပြီး၏။**

------------------

## အနတ္တညက် ပေါက်ရောက်ချက်၏အကျိုးကြီးပုံ

အကြင်အခါ၌ အနတ္တညက်သည်ပေါက်ရောက်၏၊ ထိုအခါ၌ အတ္တဒိဋ္ဌိသည်အကြွင်းမဲ့ချုပ်ငြိမ်း၏၊ အတ္တဒိဋ္ဌိချုပ်ငြိမ်းသည်နှင့်တစ်ပြိုင်နက် အနမတဂ္ဂသံသရာ၌ အတ္တ၏ဘိမ်းပိုက်ချက်တွင် ထိုခန္ဓာမှာ အစဉ်ပါရှိ၍ နေကြကုန်သော

www.dhammaransi.com



ဒုစ္စရိုက် ကံဟောင်းအပေါင်း အနန္တတို့သည် အကုန်ချုပ်ငြိမ်းရကုန်၏၊ အတ္တဒိဋ္ဌိကို အကြီးအမှူးပြု၍ ထိုခန္ဓာမှာ သောင်းကျန်း၍နေကြကုန်သော ကိလေသာ အပေါင်းတို့သည်လည်း ကမ္ဘပထမြောက်လောက်အောင် ထကြွသောင်းကျန်းခြင်း မရှိကြကုန်ပြီ၊ ထိုအခါမှစ၍ ဤခန္ဓာကြီးမှာ အောက်သို့လျောကျခြင်းဟူသော ဓမ္မတာ လမ်းကြီးကွယ်ဆုံးလေ၏၊ အထက်သို့ဆန်တက် ခြင်းဟူသော သင်္ခါရလမ်းကြီးသည် အတည်အမြဲဖြစ်၍ ထိုသတ္တဝါသည် တစ်ဘဝထက်တစ်ဘဝ မြတ်သည်ထက်မြတ်ရာ မြင့်သည်ထက်မြင့်ရာသို့သာ ဆန်တက်၍ သွားလေတော့၏။

**ဤကား အနုတ္တဉာဏ် ပေါက်ရောက်ချက်၏အကျိုးကြီးပုံကို**
**ပြဆိုချက်တည်း**

-------------

**ဗုဒ္ဓဘာသာနိဗ္ဗာန်ကိုပြဆိုရာ၏၊** သံသရာဒုက္ခမှ ကျွတ်လွတ်ခြင်း ထွက်မြောက်ခြင်းကိုဆိုပေအံ့။

ဤစကား၌ -

၁။ သံသရာသည်ရှိ၏၊

၂။ သံသရာဝဋ္ဋသည်ရှိ၏၊

၃။ သံသရာဝဋ္ဋဒုက္ခသည်ရှိ၏၊

၄။ သံသရာဝဋ္ဋဒုက္ခမှ ကျွတ်လွတ်ခြင်းသည်ရှိ၏။ ။

ထိုတွင်-

၁။ **သံသရာဆိုသည်ကား** တစ်ယောက်တစ်ယောက်သော သတ္တဝါဟု ခေါ်ဝေါ်အပ်သော ခန္ဓာအာယတနဓာတ်တို့၏ အနမတဂ္ဂသံသရာကာလ၌ ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက်အားဖြင့် မပြတ်မလပ် ဆက်လက်ဖြစ်ပွားလျက်နေသော အစဉ်သည် သံသရာမည်၏။

ထိုသံသရာသည် -

- အောက်သံသရာ၊
- အလယ်သံသရာ၊
- အထက်သံသရာ

ဟူ၍ သုံးကြောင်းသုံးသွယ်ရှိ၏။

www.dhammaransi.com



- အပါယ်သံသရာ၊
- ကာမသုဂတိသံသရာ၊
- ဗြဟ္မာသံသရာ

ဟူ၍လည်းဆိုရ၏၊ ထိုတွင်-

- အပါယ်လေးဘုံ နယ်ပယ်ကြီးသည် အောက်သံသရာမည်၏။
- လူ့ပြည်နှင့်နတ်ပြည်ခြောက်ထပ်သည် အလယ်သံသရာမည်၏။
- ဗြဟ္မာပြည်နှစ်ဆယ်သည် အထက်သံသရာမည်။

**ဤကား သံသရာသုံးကြောင်းကို ပြဆိုချက်တည်း**

၂။ သံသရာဝဋ်သည်-

၁။ ကိလေသာဝဋ်တစ်ပါး၊

၂။ ကမ္မဝဋ်တစ်ပါး၊

၃။ ဝိပါကဝဋ်တစ်ပါး၊

ဟူ၍ သုံးပါးရှိ၏။ ထိုသုံးပါးသည်လည်း

- အောက်သံသရာကြီး၏ ဆိုင်ရာဖြစ်သော ဝဋ်သုံးပါးတစ်မျိုး၊
- အလယ်သံသရာကြီး၏ ဆိုင်ရာဖြစ်သော ဝဋ်သုံးပါးတစ်မျိုး၊
- အထက်သံသရာကြီး၏ ဆိုင်ရာ ဝဋ်သုံးပါးတစ်မျိုး၊

ဟူ၍ သုံးမျိုးသုံးလီရှိ၏၊ ထိုတွင် အောက်သံသရာ၏ ဆိုင်ရာ ဖြစ်သော ဝဋ်သုံးပါး၌ -

**ကိလေသဝဋ်ဆိုသည်ကား** အတ္တဒိဋ္ဌိကြီးကိုဆို၏၊

**ကမ္မဝဋ်ဆိုသည်ကား** တစ်ယောက်သော သတ္တဝါ၏ သန္တာန်မှာ ရှေးရှေးသောဘဝအနန္တတို့၌လည်းကောင်း၊ ယခုဘဝ၌လည်းကောင်း အမိုက်အမှား ဖြစ်ပွားခဲ့၍ အတ္တဒိဋ္ဌိ၏ သိမ်းပိုက်ချက်ဖြင့် အတ္တဒိဋ္ဌိ၏ လက်ဆုပ်ထဲတွင် ယနေ့

www.dhammaransi.com



ထက်တိုင်ပါရှိ၍ နေကြကုန်သော အပါယ်လားကြောင်း အကုသိုလ်ကံဟောင်း အနန္တတို့သည်ရှိကုန်၏၊ နောင် အတ္တဒိဋ္ဌိ ရှိနေသမျှကာလပတ်လုံး ထိုအတ္တဒိဋ္ဌိမှ ဖြစ်ပွားလတ္တံ့ကုန်သော အပါယ်လားကြောင်း အကုသိုလ်ကံပေါင်း အနန္တသည် ကမ္မဝဋ်မည်၏။

ဝိပါကဝဋ်ဆိုသည်ကား ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် ဟုဆိုအပ်သော အပါယ်လေးဘုံသားတို့၏ ခန္ဓာကိုယ်တွေကို ဝိပါကဝဋ်ဆို၏။

အဘယ့်ကြောင့် အတ္တဒိဋ္ဌိကိုအပါယ်သံသရာ၏ဆိုင်ရာ ကိလေသဝဋ်ဟူ၍ ဆိုသနည်းဟူမူကား ထိုအတ္တဒိဋ္ဌိ ရှိနေသောသူသည် လူ့ဘုံ လူ့ဘဝမှာ ဖြစ်နေသော်လည်း အပါယ်ဘုံသို့ တစ်လဲလဲသာ ကျရောက်ရ၏၊ ထို့အတူ နတ်ဘုံ နတ်ဘဝ ဗြဟ္မာဘုံဗြဟ္မာဘဝမှာ ဖြစ်နေသော်လည်း အပါယ်ဘုံသို့ တလဲလဲသာ ကျရောက်ရ၏၊ ထိုကြောင့် အတ္တဒိဋ္ဌိကို အပါယ်သံသရာ၏ဆိုင်ရာ ကိလေသဝဋ် ဆိုသတည်း။

အလယ်သံသရာ၏ဆိုင်ရာ ကိလေသဝဋ်ဆိုသည်ကား ကာမတဏှာကြီးကို ဆို၏၊ ကာမတဏှာကြီးဆိုသည်ကား မျက်စိအရသာ အကောင်းကြိုက်မှုကြီး တစ်ပါး, နားအရသာအကောင်း ကြိုက်မှုကြီးတစ်ပါး, နှာခေါင်းအရသာအကောင်း ကြိုက်မှုကြီးတစ်ပါး, လျှာအရသာ အကောင်းကြိုက်မှုကြီးတစ်ပါး, ကိုယ်အင်္ဂါ အရသာအကောင်းကြိုက်မှုကြီးတစ်ပါး, ဤအကောင်းကြိုက်မှုကြီးငါးပါးကို ကာမတဏှာဟုဆို၏၊ ကာမဂုဏ်ငါးပါးတို့၌ သာယာမက်မောမှုကြီးငါးတို့ ပေတည်း။

**အလယ်သံသရာ၏ဆိုင်ရာ ကမ္မဝဋ်ဆိုသည်ကား** လူ့ချမ်းသာ နတ်ချမ်းသာကို တောင့်တ၍ ပြုအပ်သောဒါနမှု, သီလမှု, ဘာဝနာမှုတို့ကို အလယ်သံသရာ၏ ဆိုင်ရာ ကမ္မဝဋ်ဆို၏၊ ထိုကမ္မဝဋ်သည်လည်း ကံဟောင်း ကံသစ်နှစ်မျိုးရှိ၏။

**အလယ် သံသရာ၏ဆိုင်ရာ ဝိပါကဝဋ်ဆိုသည်ကား** လူ့ဘုံသား နတ်ပြည် ခြောက်ထပ်နတ်ဘုံသားတို့၏ ခန္ဓာတွေကို ဝိပါကဝဋ်ဆို၏။

www.dhammaransi.com



အဘယ်ကြောင့် ကာမတဏှာကြီးကို အလယ်သံသရာ၏ဆိုင်ရာ ကိလေသဝဋ်ဟူ၍ ဆိုသနည်းဟူမူကား ထိုကာမတဏှာနုသယကြီး ရှိနေသောသူသည် အထက်ဘဝဂ်ဘုံမှာ ဖြစ်နေသော်လည်း အောက်လူ့ဘုံ နတ်ဘုံသို့ တလဲလဲသာ ကျရောက်ရ၏၊ ထိုကြောင့် ကာမတဏှာ နုသယကြီးကို အလယ်သံသရာ၏ဆိုင်ရာ ကိလေသဝဋ်ဆိုသတည်း၊ နောက်၌လည်း ထိုအတူပင်တည်း။

**အထက်သံသရာ၏ဆိုင်ရာ ကိလေသဝဋ်ဆိုသည်ကား** ဘဝ တဏှာကြီးကို ဆို၏၊ ဘဝတဏှာဆိုသည်ကား ပြဟ္မာတို့၏ သန္တာန်၌ရှိသော ဈာန်အဘိညာဏ် သမာပတ်ဟုဆိုအပ်သော ကမ္မဘဝ၌ သာယာသော တဏှာတစ်ပါး, ထိုကမ္မဘဝ၏အကျိုး တန်ခိုးက္ကဒ္ဒိပါဒ်တို့၌ သာယာသော တဏှာတစ်ပါး, ဤတဏှာနှစ်ပါးကို အထက်သံသရာ၏ဆိုင်ရာ ကိလေသဝဋ် ဆို၏။

**ကမ္မဝဋ်ဆိုသည်ကား** ပထမဈာန်ကုသိုလ်, ဒုတိယဈာန်ကုသိုလ် အစရှိသော ရူပကုသိုလ်ငါးပါး, အရူပကုသိုလ်လေးပါး, ဤမဟဂ္ဂုတ် ကုသိုလ်ကိုးပါးကို ကမ္မဝဋ်ဆို၏။

**ဝိပါကဝဋ်ဆိုသည်ကား** ရူပပြဟ္မာ အရူပပြဟ္မာတို့၏ ခန္ဓာကိုယ်ကို ဆို၏။

**ဤကား-ဝဋ်သုံးပါးသုံးလီကို ပြဆိုချက်တည်း**

၃။ **သံသာရဝဋ်ဒုက္ခဆိုသည်ကား** -

၁။ ဇာတိဒုက္ခတစ်ပါး၊
၂။ ဇရာဒုက္ခတစ်ပါး၊
၃။ မရဏဒုက္ခတစ်ပါး၊
၄။ သောကဒုက္ခတစ်ပါး၊
၅။ ပရိဒေဝဒုက္ခတစ်ပါး၊
၆။ ဒုက္ခ ဒုက္ခတစ်ပါး
၇။ ဒေါမနဿဒုက္ခတစ်ပါး၊
၈။ ဥပါယာသ ဒုက္ခတစ်ပါး၊
၉။ အပိယသမ္ပယောဂဒုက္ခတစ်ပါး၊
၁၀။ ပိယဝိပ္ပယောဂဒုက္ခတစ်ပါး၊

www.dhammaransi.com



၁၁။ ဣစ္ဆာဝိဃာတဒုက္ခတစ်ပါး၊

ဤတစ်ဆယ့်တစ်ပါးသော ဒုက္ခအချက်ကြီးတို့ကို သံသရာ ဝဋ္ဋဒုက္ခဟုဆို၏။

ထိုဒုက္ခ၏အကျယ်ကိုမူကား ဒုက္ခသစ္စာ၏ နိဒ္ဒေသတို့၌ ကြည့်လေ၊ ထိုသံသရာဝဋ္ဋဒုက္ခသည်လည်း အောက်သံသရာ၏ဆိုင်ရာ သံသာရဝဋ္ဋဒုက္ခတစ်မျိုး, အလယ်သံသရာ၏ ဆိုင်ရာသံသာရ ဝဋ္ဋဒုက္ခတစ်မျိုး, အထက်သံသရာ၏ဆိုင်ရာ သံသာရဝဋ္ဋဒုက္ခတစ်မျိုးဟူ၍ ထိုက်သည်အားလျော်စွာ သုံးမျိုးစီ ရှိကြသည်။

ဤကား-သံသာရဝဋ္ဋဒုက္ခသုံးမျိုးကို ပြဆိုချက်တည်း

--------------

## နိဗ္ဗာန် သုံးမျိုး

၄။ **သံသရာဝဋ္ဋဒုက္ခမှ ကျွတ်လွတ်ခြင်းဆိုသည်ကား နိဗ္ဗာန်ကို ဆိုသတည်း၊** ထိုနိဗ္ဗာန်သည်လည်း -

- ပထမနိဗ္ဗာန်
- ဒုတိယနိဗ္ဗာန်
- တတိယနိဗ္ဗာန်

ဟု သုံးပါးရှိ၏- ထိုတွင်

- **ပထမနိဗ္ဗာန်ဆိုသည်ကား** အပါယ်သံသရာ၏ဆိုင်ရာ ဝဋ္ဋဒုက္ခတို့၏ နောင်ဖြစ်ပေါ်ရန် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခြင်းကို ပထမနိဗ္ဗာန်ဆို၏။
- **ဒုတိယ နိဗ္ဗာန်ဆိုသည်ကား** လူ့ဘဝ နတ်ဘဝ အဆက်ဆက်ဟုဆိုအပ်သော အလယ်သံသရာ၏ဆိုင်ရာ ဝဋ္ဋဒုက္ခတို့၏ နောင်ဖြစ်ပေါ်ရန် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခြင်းကို ဒုတိယ နိဗ္ဗာန်ဟုဆို၏။
- **တတိယနိဗ္ဗာန်ဆိုသည်ကား** ရူပ အရူပ ဗြဟ္မာဘဝ အဆက်ဆက်ဟုဆိုအပ်သော၊ အထက်သံသရာ၏ဆိုင်ရာ ဝဋ္ဋဒုက္ခတို့၏ နောင်ဖြစ်ပေါ်ရန် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခြင်းကို တတိယ နိဗ္ဗာန်ဟုဆို၏။

www.dhammaransi.com



## ပထမနိဗ္ဗာန်

ထိုတွင်မိမိခန္ဓာ၌အနတ္တဉာဏ်အမြင်ပေါ်ရောက်၍ အတ္တဒိဋ္ဌိ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းပြီးသောသူသည် ခပ်သိမ်းသောဒိဋ္ဌိ အမှောက်မှားတို့မှလည်း ကျွတ်လွတ်ကြလေ၏၊ ခပ်သိမ်းသော အပါယ်လားကြောင်း မကောင်းမှုကံဟောင်း မကောင်းမှု ကံသစ်တို့မှလည်း ကျွတ်လွတ်ကြလေ၏၊ နောင်အပါယ်သံသရာ၌ ဖြစ်လတ္တံ့သော အပါယ်ခန္ဓာ အပါယ်ဘဝ အနန္တတို့မှလည်း အတ္တဒိဋ္ဌိကျွတ်လွတ်သည် နှင့်တစ်ပြိုင်နက် အကြွင်းအကျန်မရှိ ကျွတ်လွတ်ကြလေ၏၊ ထိုသူများ၏ ခန္ဓာအစဉ်မှာ အပါယ်ဘုံအပါယ်ဘဝ အောက်ဘုံအောက်ဘဝသို့ လျှောကျမြဲ ဓမ္မတာလမ်းကြီးသည်လည်း ပျောက်ကွယ်လေ၏၊ မိမိ အလိုရှိရာ သုဂတိဘုံဘဝ မြင့်သည်ထက်မြင့်ရာဘဝ အဆက်ဆက်သို့ ဆန်တက်ခြင်းဟူသော ဓမ္မတာလမ်းသစ်ကြီး တစ်ခုတည်းသာ တည်ရှိလေ၏၊ လူ့ဘုံ လူ့ဘဝတွင်လည်း သီလသိက္ခာ အလိမ္မာယုတ်ညံ့သော လူ့ဘဝစည်းစိမ်ချမ်းသာ ကိုယ်အင်္ဂါယုတ်ညံ့သော လူ့ ဘဝတို့မှလည်း ကျွတ်လွတ်လေ၏၊ သီလသိက္ခာအလိမ်မာကြီးမြတ်သော လူ့ဘဝ စည်းစိမ်ချမ်းသာ ကိုယ်အင်္ဂါမြင့်မြတ်သောလူ့ဘဝ၌သာဖြစ်ရလေ၏။

နတ်ဘုံနတ်ဘဝတို့၌သာဖြစ်ရလေ၏၊ နတ်ဘုံနတ်ဘဝတို့၌လည်း ထိုအတူပင်တည်း၊ ထိုပထမနိဗ္ဗာန်၌တည်သောသူသည် ပုထုဇ္ဇန်အဖြစ်မှ ကျွတ်လွတ်၍ အရိယာအဖြစ်၌တည်လေ၏၊ လောကီဘုံသားအဖြစ်မှ ကျွတ်လွတ်၍ လောကုတ္တရာဘုံသားအဖြစ်၌ တည်လေ၏၊ ပထမနိဗ္ဗာန်ဘုံသား အဖြစ်၌ တည်ရှိလေ၏၊ ထိုသူသည် လူ့ဘုံနတ်ဘုံ ဗြဟ္မာဘုံတို့၌ဘဝများစွာ ကမ္ဘာများစွာ သံသရာ၌ကျင်လည် ရငြားသော်လည်း သံသရာအလျဉ်၌မြုပ်သော သွားခြင်း မျောသောသွားခြင်းဟူ၍ မရှိလေပြီ။

အတ္တဒိဋ္ဌိရှိနေကြသောသူတို့၏ သံသရာ၌ကျင်လည်ခြင်းသည် မြစ်ရေ အယဉ်၌ ကျရောက်ခြောက်သွေ့သော သစ်တုံးကဲ့သို့ မြုပ်သော ကျင်လည်ခြင်း မျောသောကျင်လည်ခြင်းဖြစ်လေ၏၊ အတ္တဒိဋ္ဌိအကြွင်းအကျန်မရှိ ကျွတ်လွတ်ကြကုန်သောသူတို့၏ ကျင်လည်ခြင်းမှာမူကား မြုပ်သောကျင်လည်ခြင်း မျောသော ကျင်လည် ခြင်းလည်းမဟုတ်၊ မြစ်ရိုးမြစ်စဉ်တလျှောက်၌ သင်္ဘောကြီးငယ်တို့သည် အလိုရှိရာမြစ်စဉ်တလျှောက် သွားလာ၍နေကြဘိသကဲ့သို့ မိမိတို့အလိုရှိရာ

www.dhammaransi.com



သုဂတိဘုံဘဝတလျှောက်သို့ သွားလာ၍သာနေကြကုန်၏၊ ဖြစ်လေရာဘုံဘဝ၌လည်း လောကီချမ်းသာ လောကုတ္တရာချမ်းသာနှစ်ပါးကို အစုံခံစားရလေ၏၊ လူဖြစ်သောဘဝ၌ လူချမ်းသာ နိဗ္ဗာန်ချမ်းသာဟုဆိုအပ်သော ချမ်းသာနှစ်ပါးကို စွယ်စုံခံစားရလေ၏။

ထိုတွင် လူ့ချမ်းသာကို ခံစားမှုကား ထင်ရှားသိသာပြီ၊ နိဗ္ဗာန်ချမ်းသာကို အဘယ်သို့ ခံစားသနည်းဟူမူကား ဒုစရိုက်မှုကို ပြုကျင့်၍နေသောသူများကို မြင်ရကြားရသည်ရှိသော် ဤသူများသည် ဒုစရိုက်အမှုကိုပြုကြပေ၏၊ အပါယ်သို့ ကျရောက်ကြရလိမ့်မည်၊ ငါ့မှာ ဤကဲ့သို့သော ဒုစရိုက်မှ ဘဝအဆက်ဆက် လွတ်ငြိမ်းပေပြီဟု ဝမ်းမြောက်ခြင်း ကြီးစွာဖြစ်ရလေ၏၊ ခွေး ဝက် ကြက် ငှက် အစရှိသော အပါယ်ဘုံသား သတ္တဝါများကို တွေ့မြင်ရာ၌ ဤသတ္တဝါများသည် ဆင်းရဲတွင်း ကြီးနက်နဲလေစွ၊ ငါ့မှာ ဤကဲ့သို့သော အပါယ်ဆင်းရဲဒုက္ခမှ လွတ်ငြိမ်းပေပြီဟု ဝမ်းမြောက်ကြီးစွာဖြစ်ရလေ၏။

**ဤကား နိဗ္ဗာန်ချမ်းသာကို ခံစားပုံတည်း**

ဤ၌ လောကီချမ်းသာမှာ မျက်မြင်ဒိဋ္ဌဖြစ်ကြ၍ အလွန် ကြီးကျယ်ကောင်းမြတ်သည်ဟု ထင်ကြတတ်၏၊ နိဗ္ဗာန်ချမ်းသာမှာ လွတ်ငြိမ်းမှုဖြစ်၍ အထည်ဝတ္ထုကို မမြင်ရသောကြောင့် ကြီးမြတ်သည်ဟု မထင်တတ်ကြ၊ ထိုသို့ကား မဟုတ် လောကီချမ်းသာတို့ထက် လွတ်ငြိမ်းမှုဟူသော နိဗ္ဗာန်ချမ်းသာသည် ကြီးကျယ်မြင့်မြတ်၏၊ လေးကျွန်းလုံးကိုအစိုးရသော စကြာမင်္ဂလာတ်မင်းတို့၏ စည်းစိမ်ချမ်းသာထက် ငရဲဘဝမှ အစဉ်ထာဝရ လွတ်ငြိမ်းမှုသည်၊ ဘဝသိန်းသန်းကုဋေ မရေတွက်နိုင်အောင် ကြီးမြတ်၏၊ ထို့အတူ နတ်မင်းသိကြားမင်း ပြဟ္မာမင်းတို့၏ လောကီစည်းစိမ် ချမ်းသာထက် အဆသိန်းသန်းကုဋေ မရေတွက်နိုင်အောင်ကြီးမြတ်၏။

မြတ်စွာဘုရားသာသနာတော်ကြီးကို တွေ့ကြုံလိုသည်ဟု လွန်မင်းစွာ တောင့်တကြရာ၌၊ လောကီချမ်းသာအတွက်နှင့် တောင့်တကြရသည် မဟုတ်၊ ဤလွတ်ငြိမ်းမှုဟူသော နိဗ္ဗာန်ချမ်းသာအတွက်နှင့်သာ တောင့်တကြရကုန်၏။

**ဤကား ပထမနိဗ္ဗာန်ဘုံသူ ပထမနိဗ္ဗာန်ဘုံသားတို့၏**
**ပထမနိဗ္ဗာန်ချမ်းသာကို ခံစားရပုံတည်း**

www.dhammaransi.com



## ဒုတိယနိဗ္ဗာန်

**ဒုတိယနိဗ္ဗာန်၌** ကာမတဏှာကြီးကို ပယ်ဖြတ်ခြင်းငှာ လူ့ခန္ဓာနတ်ခန္ဓာတို့၏ ဒုက္ခအချက်တို့ကို ထင်လင်းစွာကြည့်ရှုရာ အနာဂါမိမဂ်ကို ရသဖြင့် ထိုကာမတဏှာကြီးသည် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းလေ၏၊ ကာမတဏှာကြီး ချုပ်ငြိမ်းသည်နှင့်တစ်ပြိုင်နက် လူ့အဖြစ်နတ်အဖြစ်ကို ပေးနိုင်သော ကုသိုလ်ကမ္မဘဝတို့သည်လည်းကောင်း လူ့ခန္ဓာနတ်ခန္ဓာ အဆက်ဆက်တို့သည်လည်းကောင်း၊ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းကြလေကုန်၏၊ လူ့ခန္ဓာနတ်ခန္ဓာတို့၏ ဒုက္ခအချက်ကိုမြင်ရာ၌ ဥပမာကား မစင်ဘင်ပုပ် သေတ္တာကြီးတစ်ခုသည် ရှိလေရာ၏၊ ထိုသေတ္တာ၏ပြင်ပ၌ အနီအဝါစသော ဆေးအမျိုးမျိုး ပိုးဖဲကတီပါအစရှိသော အထည်အမျိုးမျိုး ခြယ်လယ်လျက်ရှိ၏၊ အတွင်း၌မူကား မစင်ဘင်ပုပ်တွေ အပြည့်ရှိ၏၊ ဘီလူးကြီး သရဲကြီး သံဘက်ကြီး သုံးကောင်လည်းရှိ၏၊ အဆိပ်ထန်သောမြွေဆိုး ကင်းဆိုး အမျိုးမျိုးလည်း ရှိလေ၏၊ မစင်ဘင်ပုပ်ကို စားသောက်၍နေသော ပိုးလောက်တွေလည်း အပြည့်ရှိလေရာ၏။

ဤဥပမာ၌-

- ကာမဘုံသားတို့၏ခန္ဓာသည် မစင်ဘင်ပုပ်တို့ဖြင့်ပြည့်သော သေတ္တာကြီး ငယ်နှင့်တူ၏။
- တဏှာ မာန ဒိဋ္ဌိသုံးပါးသည် သေတ္တာတွင်း၌ ရှိသော ဘီလူးကြီး သူရဲကြီး သံဘက်ကြီး သုံးကောင်နှင့်တူ၏။
- ကျန်ရှိသော ကိလေသာ အများသည် ထိုသေတ္တာ တွင်း၌ ရှိနေသော အဆိပ်ထန်သော မြွေဆိုး ကင်းဆိုး အမျိုးမျိုး နှင့်တူ၏။
- ဇာတိ ဇရာ မရဏ သောက ပရိဒေဝစသော ဒုက္ခ အချက်များသည် ထိုသေတ္တာတွင်း၌ မစင်ဘင်ပုပ်တို့ကို စားနေကြသော ပိုးလောက် အများနှင့်တူ၏။

ဤကား လူ့ခန္ဓာ နတ်ခန္ဓာတို့၌ ဒုက္ခထင်မြင်ပုံတည်း။

ဒုတိယနိဗ္ဗာန်ပြီး၏။

--------------------

www.dhammaransi.com



## တတိယနိဗ္ဗာန်

တတိယနိဗ္ဗာန်၌ ဘဝတဏှာကြီးကို ပယ်ဖျောက်ခြင်းငှာ ပြဟ္မာခန္ဓာတို့၏ ဒုက္ခအချက်ကြီးကို ထင်လင်းစွာ ကြည့်ရှုကြလေရာ၏၊ အရဟတ္တမဂ်ကိုရသဖြင့် ဘဝတဏှာကြီးသည် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းလေ၏၊ ဘဝတဏှာကြီး ချုပ်ငြိမ်းသည်နှင့်တစ်ပြိုင်နက် ပြဟ္မာအဖြစ်ကိုပေးနိုင်သော ကုသိုလ်ကမ္မဘဝ တို့သည်လည်းကောင်း ပြဟ္မာခန္ဓာ အဆက်ဆက်တို့သည်လည်းကောင်း အကြွင်း အကျန်မရှိ ချုပ်ငြိမ်းကြလေကုန်၏၊ ပြဟ္မာခန္ဓာတို့၏ဒုက္ခအချက်ကိုမြင်ရာ၌ ဥပမာကား ဖွဲသေတ္တာကြီးတစ်ခုသည်ရှိလေရာ၏ ထိုဖွဲသေတ္တာကြီး၏ ပြင်ပ၌ အနီအဝါ အစရှိသောဆေးအမျိုးမျိုး ပိုးဖဲကတီပါ အစရှိသော အထည်အမျိုးမျိုး ခြယ်လယ်လျက်ရှိ၏၊ အတွင်း၌မူကား ဖွဲကြမ်းတွေလည်းရှိ၏၊ ဘီလူးကြီး သူရဲကြီး သံဘက်ကြီး သုံးကောင်လည်းရှိ၏၊ အဆိပ်ထန်သောမြွေဆိုးကင်းဆိုး အမျိုးမျိုး လည်းရှိ၏၊ ဖွဲကြမ်းတွေကို စားသောက်၍နေသောပိုးမျိုးလည်း အပြည့်ရှိ၏။

ဤဥပမာ၌-

- ပြဟ္မာတို့၏ခန္ဓာသည် ဖွဲနု ဖွဲကြမ်းတို့ဖြင့်ပြည့်သော သေတ္တာကြီးငယ်နှင့်တူ၏။
- တဏှာ မာန ဒိဋ္ဌိသုံးပါးတို့သည် ထိုသေတ္တာ တွင်း၌ရှိသော ဘီလူးကြီး သူရဲကြီး သံဘက်ကြီး သုံးကောင်နှင့်တူ၏။
- ထိုမှတစ်ပါးသော ကိလေသာတရားများသည် သေတ္တာ တွင်း၌ရှိနေသော အဆိပ်ထန်သော မြွေဆိုးကင်းဆိုး အမျိုးမျိုးနှင့်တူ၏။
- ဇာတိ ဇရာ မရဏဒုက္ခများသည် ထိုသေတ္တာတွင်း၌ ဖွဲနု ဖွဲကြမ်းတို့ကို စားနေကြသော ပိုးမျိုးနှင့်တူ၏၊
- ပြဟ္မာခန္ဓာသည် ဖွဲနု ဖွဲကြမ်းတို့ဖြင့်ပြည့်သော သေတ္တာကြီး နှင့်တူ၏။

တူပုံကား ဖွဲကြမ်းမည်သည် ဘယ်ဟာမှအသုံးမကျ၊ ပိုးစာ မွှားစာ မီးစာ မျှသာဖြစ်လေ၏၊ ထို့အတူ ဤသတ္တဝါများသည် အနမတဂ္ဂ သံသရာ၌ ဘဝခန္ဓာကို

www.dhammaransi.com



ရခဲ့ကြသည်မှာ အနန္တရှိကြလေပြီ၊ သို့သော် အပါယဝဋ်ဒုက္ခအပေါင်းတွင် ယနေ့ထက်တိုင် အဘယ်ဝဋ်ဒုက္ခတစ်ခုကိုမျှ ပယ်ဖြတ်နိုင်ပြီဟုမရှိသေး ဇရာ မရဏာ မီးစာမျှသာဖြစ်၍ကုန်ဆုံးခဲ့လေ၏၊ ထို့ကြောင့် ပြဟ္မာခန္ဓာသည် ဖွဲကြမ်းသေတ္တာကြီးနှင့်တူလှ၏။

ဤကား ပြဟ္မာခန္ဓာတို့၌ဒုက္ခထင်ပုံတည်း။

တတိယနိဗ္ဗာန်ပြီး၏။

-----------------

## ပထမ နိဗ္ဗာန်ရရန်အရေးကြီးပုံ

**ပထမ နိဗ္ဗာန်ရရန်အရေးကြီး။** ။ ဤနိဗ္ဗာန်သုံးရပ်တို့တွင် ယခုအခါ ဗုဒ္ဓဘာသာ သာသနာအတွင်း၌ ပထမ နိဗ္ဗာန်ကို ရခြင်းငှာ အလွန်အရေးကြီးလှ၏၊ ထိုနိဗ္ဗာန်ကိုလည်း ယခုလူ့ဘဝ၌သော်လည်း ရနိုင်သောအခွင့်ကာလရှိနေ၏၊ နတ်ပြည်သို့ရောက်၍ နတ်ဘဝ၌သော်လည်း ရနိုင်သောအခွင့်ကာလရှိနေ၏၊ ဘုရားသာသနာကြီး နှင့်တွေ့ကြုံပါလျက် ဤပထမနိဗ္ဗာန်ကိုမျှ မရခဲ့သည်ရှိသော် ဗုဒ္ဓုပ္ပါဒဒုလ္လဘကို တွေ့ကြုံရပါလျက် လိုရင်းအကျိုးကို မရဘဲရှိရလေ၏၊ ယခုကာလ၌ လူအများတို့သည် မိမိတို့ကိုယ်ကို ယခုဘုရားသာသနာတွင်းမှာ နိဗ္ဗာန်ကို မရနိုင်ကြကုန်ပြီ၊ နောက်အရိမေတ္တေယျ မြတ်စွာဘုရားသာသနာသို့ ရောက်မှ ရနိုင်ကြလိမ့်မည်ဟု မှတ်ထင်လျက်ရှိကြကုန်၏၊ ထိုမှတ်ထင်ချက်သည် နိယတဗျာဒိတ်ရပြီးသော ပုဂ္ဂိုလ်တို့မှသာ မှတ်ထင်ချက်အတိုင်း ရနိုင်ကြကုန်လတ္တံ့၊ နိယတဗျာဒိတ်ကို မရဘူးသော အနိယတပုဂ္ဂိုလ်တို့မှာမူကား မှတ်ထင်ချက် အတိုင်းရနိုင်ကြရန် အလွန်ခဲယဉ်းလှ၏၊

**ပညာရှိများ စဉ်စားရန်။** ။ ခဲယဉ်းပုံကား ယခုဘုရား သာသနာကွယ်လွန်ပြီးသည့်နောက် မေတ္တေယျမြတ်စွာ ဘုရားပွင့်တော်မူရာ ကာလသည် အလွန်ဝေးကွာလျက်ရှိသေး၏၊ လူ့ဘဝပေါင်း နတ်ဘဝပေါင်း သိန်းသောင်းများစွာ ကျင်လည်ကြရသော်လည်း ထိုမြတ်စွာဘုရားသာသနာသို့ ရောက်နိုင်ကြမည်မဟုတ်သေး၊ စပ်ကြား၌လည်း သာသနာပအမိုက်တောကြီးမှာ

www.dhammaransi.com



ကျင်လည်ကြရလိမ့်မည်၊ အတ္တဒိဋ္ဌိကြီးတင်းလင်းနှင့် ထိုအမိုက်တောကြီးအတွင်းမှာ ဘဝပေါင်း များစွာကျင်လည်ရသည်ရှိသော် အပါယ်ဘုံသို့ဘဝပေါင်းမည်မျှ ကျရလိမ့်မည်မသိ၊ အပါယ်ဘုံသို့ တစ်ကြိမ်တခါ ကျခဲ့ပြန်လျှင်လည်း ပြဆိုခဲ့ပြီး သောခန္ဓာ ဓမ္မတာလမ်းကြီးအတိုင်း အပါယ်နယ်မှာပင် ဘဝပေါင်းသိန်းသောင်း များစွာ ကျင်လည်၍နေရသည်ရှိသော် ထိုမြတ်စွာဘုရားသာသနာတော်နှင့် တွေ့ကြုံရန် အဝေးကြီးဝေးကွာ၍ နေကြရလိမ့်မည်မသိ၊ ဤကား ပညာရှိတို့ အထူး စဉ်းစားကြရန် အချက်ပေတည်း။

## နိဂမ ကထာ

ဤတွင်ရွေ့ကား သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ၏သဘော သမ္မာဒိဋ္ဌိ ဉာဏ်၏ သဘောကိုသိလိုပါသည်ဟု ရှင်ကုသလ လျှောက်ထားချက်ကို ဖြေဆိုခြင်းကို အရင်းပြုသဖြင့်လည်းကောင်း ယခုအခါ အလွန်အရေး ကြီးလှစွာသော အနတ္တ အချက်ကြီးကိုလည်းကောင်း အထူးပြဆိုရာ ဖြစ်သောအနတ္တဒီပနီကျမ်းသစ်သည် မြန်မာသက္ကရာဇ် ၁၂၈၀-ပြည့်၊ ပြာသိုလဆန်း ၈-ရက်၊ ဗုဒ္ဓဟူးနေ့တွင် အောင်မြင် ပြီးစီးပေသတည်း။

အနတ္တဒီပနီကျမ်းသစ်ပြီး၏။

--------*--------

www.dhammaransi.com

# ပုဏ္ဏောဝါဒကမ္မဋ္ဌာန်း

※ ဖြစ်ဖြစ်သမျှသော ဓါတ်ကြမ်းဓါတ်နုတို့ကို တစ်ခုတန်မျှမကျန်ရအောင် အမြဲပုံသေစားမျို၍နေသော ဓါတ်ဘီလူးမျိုးသည်ကား မရဏဟူသော ဓါတ်မျိုးပေတည်း။ ထိုဓါတ်ဘီလူးတို့၏ အစာသည်ကား ရှေးကံဟောင်းတစ်ခု၊ စိတ်တစ်ခု၊ ဓါတ်မီးရှစ်မျိုး၊ ဓါတ်ဆီငါးမျိုးတို့ဖြစ်ပေ၏။

ကျေးဇူးရှင် ပဌမလယ်တီဆရာတော်ဘုရားကြီး
မန္တလေးမြို့ အနောက်ပြင် ဂုဏ်တန်တန်းရပ်နေ
အသက်(၆၀)ကျော်ရွယ် ဒါယိကာမကြီး
ဒေါ်ပုံအား ဆုံးမသော

# ပုဏ္ဏောဝါဒ ကမ္မဋ္ဌာန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ဥဒ္ဒေသ အကျဉ်း

- အယံကာယော=ဤကိုယ်သည်၊ ဘူတသင်္ဃယော=ဓာတ်ကြီးလေးပါး ဟုဆိုအပ်သော မဟာဘုတ်တို့၏ အပေါင်းအစုသည်၊ ဟောတိ= ဖြစ်၏။
- ဆန္နံပသာဒါနံ=ခြောက်မျိုးသော အကြည်အလင်း အတွင်းဓာတ်နု တို့ဖြင့်၊ ပူရော=ပြည့်၏။
- အဋ္ဌဟိ အဂ္ဂိဟိ=ရှစ်မျိုးသော ဓာတ်မီးတို့သည်၊ နိစ္စံ=အမြဲ၊ အာဟိတော= အုပ်စိုးအပ်၏။
- ပဉ္စဟိ သြဇာဟိ=ငါးမျိုးသော ဓာတ်ဆီတို့သည်၊ ရက္ခိတော=စောင့် အပ်၏၊ ထမ္ဘိတော=ထောက်ပံ့အပ်၏။
- ဓာတုဘက္ခော=ဖြစ်ပွားသမျှသော ဓာတ်ကြမ်းဓာတ်နုတို့ကို အမြဲပုံသေ စား၍နေသော၊ ဧကော=တစ်ခုသော၊ ဓာတုယက္ခော= ဓာတ်ဘီလူး သည်၊ အဓိဝုတ္ထော=အုပ်စိုး၏။

  တဿ=ထိုဓာတ်ဘီလူး၏၊ ပက္ခာ=အပင်းအသင်းတို့သည်ကား၊ ဗဟူ= အသိန်းမက များပြားကုန်၏။ ။

အယံ=ဤသည်ကား၊ ဥဒ္ဒေသော=အကျဉ်းတည်း။ ။

www.dhammaransi.com



## ဝိတ္ထာရ အကျယ်

### ဘူတသဥ္စယ၊ မဟာဘုတ်လေးပါးအပေါင်း

ဝိတ္ထာရေ=အကျယ်မူကား၊ ဣမသ္မိံ ကာယေ=ဤကိုယ်အလုံးကို၊ စတုဓာ=လေးပုံလေးစု၊ ကတေ=ပြုလတ်သည်ရှိသော်၊ ပထဝီ=မြေကြီး တစ်စု၊ အာပေါ=ရေတစ်စု၊ တေဇော=မီးတစ်စု၊ ဝါယော=လေတစ်စု၊ ဣတိ=ဤသို့၊ စတုဘာဂေါ=လေးပုံ လေးစုဖြစ်၏။

### ပထဝီဓာတု မြေဓာတ်အစု

တတ္ထ=ထိုလေးစုတို့တွင်၊ မုဒုခရာ=အနုအကြမ်း စမ်း၍ထိရသော အမှုသည်၊ ပထဝီ=မြေကြီးအစုတည်း။

### အာပေါဓာတု ရေဓာတ်အစု

ဒဝတာ=စိုစွတ် စေးဘွဲ့သော အမှုသည်၊ အာပေါ=ရေအစုတည်း။

### တေဇောဓာတု မီးဓာတ်အစု

သီတုဏှော=အေးမှု နွေးမှုသည်၊ တေဇော=မီးအစုတည်း။

### ဝါယောဓာတု လေဓာတ်အစု

ဝိတ္ထမ္ဘိတော=လျော့ရဲတောင့်တင်း ထောက်ခံခြင်းအမှုသည်၊ ဝါယော=လေအစုတည်း။

### မြေဓာတ်အကျယ်

ပထဝီ=မြေသည်၊ သိလာ=သိလာပထဝီလည်းကောင်း၊ ပံသု=ပံသုပထဝီလည်းကောင်း၊ ဣတိ=ဤသို့၊ ဒွိဓာ=နှစ်ပါးအပြားရှိ၏၊ နခါ=နှစ်ဆယ်သော ခြေသည်း လက်သည်းတို့သည်လည်းကောင်း၊ ဒန္တာ=သုံးဆယ့်နှစ်ချောင်းသော သွားရိုးတို့သည်လည်းကောင်း၊ အဋ္ဌိ=သုံးရာ မျှသော အရိုးကြီးငယ်တို့သည်လည်းကောင်း၊ သိလာ=သိလာပထဝီတို့သာတည်း၊ ဝါ=ကျောက်မြေတို့သာတည်း။

ဣမာ=ဤသုံးရာ့ငါးဆယ်မျှသော ကျောက်စုကျောက်ခဲတို့သည်၊ ကေဝလ္လေန=စင်စစ်အားဖြင့်၊ ပထဝီယေဝ=ဓာတ်မြေအစုတို့သာတည်း၊ နိဿတ္တာ=သတ္တဝါ မဟုတ်ကုန်၊ နိဇ္ဇီဝါ=အရှင်မဟုတ်ကုန်၊ အ စေတနာ=ကြံမှု သိမှု မရှိကုန်။

www.dhammaransi.com



ကေသာ=ဆံပင်တို့လည်းကောင်း၊ လောမာ=မွေးညှင်းတို့လည်းကောင်း၊ တစော=အရေလည်းကောင်း၊ မံသံ=ကိုးရာသော အသားစိုင် အသားခဲလည်းကောင်း၊ နှာရူ=ကိုးရာသော အကြောကြီး အကြောငယ်တို့လည်းကောင်း၊ အဋ္ဌိမဉ္ဇံ=ရိုးတွင်း ခြင်ဆီစုလည်းကောင်း၊ ဝက္ကံ=အညို့ခဲလည်းကောင်း၊ ဟဒယံ=နှလုံးခဲလည်းကောင်း၊ ယကနံ=အသည်းခဲလည်းကောင်း၊ ကိလောမကံ=အတွင်းအမြှေးလွှာ အပြင်အမြှေးလွှာလည်းကောင်း၊ ပိဟကံ=အဖျဉ်းခဲလည်းကောင်း၊ ပပ္ဖါသံ၊ အဆုပ်ခဲ လည်းကောင်း၊ အန္တံ=အူမလွှာလည်းကောင်း၊ အန္တဂုဏံ=အူနုအူသိမ်လည်းကောင်း၊ ဥဒရိယံ=အစာစိမ်းလည်းကောင်း၊ ကရီသံ=အစာကျက်လည်းကောင်း၊ မတ္ထလုင်္ဂ=ဦးနှောက်ခဲလည်းကောင်း၊ ဣမာ=ဤမြေတို့သည်ကား၊ ပံသုပထဝီ=နှံ့မြေ ညွန်မြေ အမုန့်မြေတို့သာတည်း၊ နိဿတ္တာ=သတ္တဝါမဟုတ်ကုန်၊ နိဇ္ဇီဝါ= အရှင်မဟုတ်ကုန်၊ အစေတနာ=ကြံမှု သိမှု မရှိကုန်။

တံသဗ္ဗံ=ထိုအလုံးစုံသည်၊ ကမ္မဇံ=ကံမှဖြစ်သောမြေ၊ စိတ္တဇံ=စိတ်မှဖြစ်သောမြေ၊ ဥတုဇံ=ခတ်မီးမှဖြစ်သော မြေ၊ အာဟာရဇံ=ခတ်ဆီမှဖြစ်သောမြေဟူ၍၊ စတုဗ္ဗိခံ=လေးပါးအပြားရှိ၏။

အာပါယိကာ=ငရဲကောင်, ပြိတ္တာကောင်, အသူရကာယ်ကောင်, တိရစ္ဆာန်ကောင် ဖြစ်၍နေသော မြေဆိုင်မြေခဲစုသည်၊ ဩဠာရိကာ=ကြမ်းထန်း၏၊ မနုဿာ=လူကောင်သဏ္ဌာန်ဖြစ်နေသော မြေစိုင် မြေခဲစုသည်၊ သုခုမာ=သိမ်မွေ့နူးညံ့၏၊ တတော=ထိုထက်၊ စာတု မဟာရာဇိကာ=စတုမဟာရာဇ် နတ်ကောင်သဏ္ဌာန်ဖြစ်၍နေသော မြေစိုင်မြေခဲစုသည်၊ သုခုမာ=သိမ်မွေ့နူးညံ့၏၊ အပိစ=ဆိုဖွယ်အထူးကား၊ တတ္ထ=ထိုစာတုမဟာရာဇ်နတ်မြေစုတွင်၊ ဘူမာဒေဝါ=ဘူမဇိုဝ်းခေါ်သော မြေစိုင်မြေခဲစုတို့သည်၊ သန္တိ=ရှိကုန်၏၊ တတ္ထ=ထိုဘူမဇိုဝ်းခေါ်သော မြေစိုင်မြေခဲစုတို့တွင်၊ ကေစိ=အချို့ကုန်သော၊ အပ္ပပုညာ=ဘုန်းကံနည်းကုန်သော၊ ဝိနိပါတိကာ=နတ်စိုး, နတ်ဝါး, အစိမ်းသားရဲ, တစ္ဆေ, မှင်စာစသော ဝိနိပါတိက အသုရာခေါ်ရသော ဒုက္ခိတဘူမဇိုဝ်း မြေစိုင် မြေခဲစုတို့သည်ကား၊ ဩဠာရိကာ=မြေကြမ်း တို့ပင်ဖြစ်ကုန်၏။

တတော=ထိုစာတုမဟာရာဇ်နတ်ကောင်ဖြစ်သော မြေစုထက်၊ တာဝတိံသာ=တာဝတိံသာနတ်ခေါ်ရသော မြေစိုင်မြေခဲစုသည်၊ သုခုမာ=သိမ်မွေ့နူးညံ့၏၊ ဇဝံ=ဤအတူ၊ အကနိဋ္ဌာ=အကနိဋ္ဌပြဟ္မာမင်းကြီးခေါ်ရသော မြေစိုင် မြေခဲစု

www.dhammaransi.com



တိုင်အောင်၊ ဥပရူပရိ=တစ်ဆင့်ထက်တစ်ဆင့်၊ သုခုမဘာဝေါ=သိမ်မွေ့ နူးညံ့သောအဖြစ်ကို၊ ဝေဒိတဗ္ဗော=သိအပ်၏၊ ဥပရိ=အကနိဋ္ဌပြဟ္မာ့ခေါ်ရသော မြေစိုင်မြေခဲစုမှ အထက်၌၊ ပထဝီနာမ=မြေစိုင်မြေခဲမည်သည်၊ နတ္ထိ=မရှိပြီ။

ပထဝီ=မြေဓာတ်သည်၊ နိဋ္ဌိတာ=ပြီးပြီ။

---------------------

## ရေဓာတ် အကျယ်

ပိတ္တံ=သည်းခြေရည် သည်းခြေခဲလည်းကောင်း၊ သေမှံ=သလိပ်ရည် သလိပ်ခဲလည်းကောင်း၊ ပုဗ္ဗော= ပြည်ရည် ပြည်ခဲလည်းကောင်း၊ လောဟိတံ= သွေးရည်သွေးခဲလည်းကောင်း၊ သေဒေါ=ချွေးရည် ချွေးခဲလည်းကောင်း၊ မေဒေါ= အဆီပြင်အဆီခဲလည်းကောင်း၊ အဿု=မျက်ရည်လည်းကောင်း၊ ဝသာ= အဆီကြည်လည်းကောင်း၊ ခေဠော=တံထွေးရည် တံထွေးခဲလည်းကောင်း၊ သိင်္ဃာဏိကာ=နှာရည် နှာခဲလည်းကောင်း၊ လသိကာ=အစေးပုပ်လည်းကောင်း၊ မုတ္တံ= ကျင်ငယ်လည်းကောင်း၊ ဣမေ=ဤအစုတို့သည်၊ အာပေါ=ရေအစုတို့တည်း။ ။ ဒွိသု=နှစ်မျိုးကုန်သော၊ ဥဒကေသု=ရေချို ရေငံတို့တွင်၊ လောဏာ= ရေငံသက်သက်တို့သာတည်း၊ ဣမေ=ဤရေတို့သည်၊ နိဿတ္တာ=သတ္တဝါ မဟုတ်ကုန်၊ နိဇ္ဇီဝါ= အရှင်မဟုတ်ကုန်၊ အစေတနာ= ကြံမှုသိမှုမရှိကုန်။

တံသဗ္ဗံ=ထိုအလုံးစုံသော ရေအစုသည်၊ ကမ္မဇံ=ကံမှဖြစ်ရသော ရေ၊ စိတ္တဇံ= စိတ်မှဖြစ်သောရေ၊ ဥတုဇံ=ဓာတ်မီးမှဖြစ်သောရေ၊ အာဟာရဇံ=ဓာတ်ဆီမှ ဖြစ်သောရေဟူ၍၊ စတုဗ္ဗိဓံ=လေးပါးအပြားရှိ၏။

အာပါယိကာ=အပါယ်ဘုံသား သဏ္ဌာန်ဖြစ်၍နေသော ရေရည်ရေခဲစုသည်၊ ဩဠာရိကာ=ကြမ်းတမ်း၏၊ မနုဿော=လူရည် လူစေးဖြစ်နေသော ရေစုသည်၊ သုခုမာ=သိမ်မွေ့နူးညံ့၏၊ ဣတိ အာဒိနာ=ဤသို့အစရှိသည်ဖြင့်၊ အကနိဋ္ဌာ= အကနိဋ္ဌပြဟ္မာရည် ပြဟ္မာစေးဖြစ်နေသော ရေစုတိုင်အောင်၊ ဝတ္တဗ္ဗံ=ဆိုအပ်၏၊ ဥပရိ=အကနိဋ္ဌ ပြဟ္မာရည် ပြဟ္မာစေးဖြစ်နေသော ရေအစုမှအထက်၌၊ အာပေါနာမ=ရေမည်သည်၊ နတ္ထိ=မရှိပြီ။

အာပေါ=ရေဓာတ်သည်၊ နိဋ္ဌိတော=ပြီးပြီး။

www.dhammaransi.com



## မီးခါတ် အကျယ်

ဥသ္မာ=တစ်ကိုယ်လုံးကို ပေါင်းနွေး၍ သွေး သည်းခြေ လေ သလိပ်တို့ကို ကြည်လင်စေတတ်သော ဥသ္မာခေါ်သော ကိုယ်စောင့်ခါတ်မီးလည်းကောင်း၊ ပါစကော=အစာအိမ်၌ ဆိုက်လာသမျှသော အရည်အဖတ်တို့ကို ကျိုချက်သမှု အနုအကြမ်း ခွဲခြမ်းရွေးနုတ် အဆီထုတ်သော ပါစကခါတ်မီးလည်းကောင်း၊ ဇိရဏာ=နုနယ်သော အရွယ်အဆင်းကို ရင့်သန်မောက်မာခြင်းသို့ ရောက်လေအောင် ရင့်သန်မောက်မာသော အရွယ်အဆင်းတို့ကို တရွေ့ရွေ့ခြောက်သွေ့ကုန်ခန်း ဟောင်းနွမ်းဆွေးမြေ့ခြင်းသို့ရောက်လေအောင် အမြဲဆောင်သော ဇိရဏခါတ်မီး လည်းကောင်း၊ သန္တာပေါ်=ရက်ဆက် ရက်ချန် ဖျားမှု ထုန်ကျင်ကိုက်ခဲမှုစသည်ကို ပြုတတ်သော သန္တာပမည်သော အပျက်ခါတ်မီးလည်းကောင်း၊ ဒါဟော=ပေါက်နာ ကျောက်နာ ဝက်သက်နာ နူနာစသည်ဖြစ်၍ သွေး သည်းခြေတို့ကို အခြေပျက် အောင်လောင်ကျွမ်းလျက် မန်းရည် ငန်းရည် ပြည်ပုပ် သွေးပုပ်ဖြစ်အောင် ပြုတတ်သော ဒါဟခါတ်မီးလည်းကောင်း၊ ဣမေ=ဤငါးပါးသော အစုတို့သည်၊ တေဇာ=ခါတ်မီးအစုတို့ပေတည်း။ ။ ဒွိသု=နှစ်မျိုးကုန်သော၊ အဂ္ဂိသု=အေး၍လောင်မှု ပူ၍လောင်မှုတို့တွင်၊ ဥဏှာ=ပူ၍လောင်သော ဥဏှခါတ်မီးတို့သာတည်း။ ။ ဣမေ=ဤမီးတို့သည်လည်း၊ နိဿတ္တာ=သတ္တဝါမဟုတ်ကုန်၊ နိဇ္ဇီဝါ=အရှင်မဟုတ်ကုန်၊ အစေတနာ=ကြံမှု သိမှု မရှိကုန်။

တံသဗ္ဗံ=ထိုအလုံးစုံသောခါတ်မီးစုသည်၊ ကမ္မဇံ=ကံမှဖြစ်သော ခါတ်မီး၊ စိတ္တဇံ=စိတ်မှဖြစ်သောခါတ်မီး၊ ဥတုဇံ=ဥတုမှဖြစ်သောခါတ်မီး၊ အာဟာရဇံ=ခါတ်ဆီမှဖြစ်သောခါတ်မီးဟူ၍၊ စတုဗ္ဗိခံ=လေးပါးအပြားရှိ၏။

အဝီစိ=အဝီစိငရဲကောင်ရှိ ခါတ်မီးသည်၊ အတိဿြဥ္ဇာရိကော=အလွန်ကြမ်းတမ်း၏၊ အကနိဋ္ဌော=အကနိဋ္ဌဗြဟ္မာပူ ဗြဟ္မာငွေ့သည်၊ အတိသုခုမော=အလွန်သိမ်မွေ့၏၊ အန္တရေ=အလယ်အကြားဘုံစု၌၊ ဥပရူပရိ=တစ်ဆင့်ထက်တစ်ဆင့်၊ သုခုမဘာဝေါ=သိမ်မွေ့သောအဖြစ်ကို၊ ဝေဒိတဗ္ဗော=သိအပ်၏။ ။ ဒွိန္နံ=ခါတ်မီးတို့၏ ပူမှုအေးမှု နှစ်ပါးတို့တွင်၊ ဥဏှဘာဝေါ=ပူလောင်မှုသည်၊ အဝီစိအဂ္ဂိနာ=အဝီစိငရဲမီးဖြင့်လည်းကောင်း၊ ကပ္ပဂ္ဂိနာ=စကြဝဠာ ကုဋေတစ်သိန်းအတွင်း ပထမစျာန် သုံးဘုံတိုင်အောင် အကုန်လောင်သော ကမ္ဘာဖျက်မီးဖြင့်

www.dhammaransi.com



လည်းကောင်း၊ ပါကဋ္ဌော=ထင်ရှား၏။ ။ သီတဘာဝေါ=အေးမှုမူကား၊ လောကန္တရေန=လောကန္တရက် ငရဲရေဖြင့်လည်းကောင်း၊ ကပ္ပုဒကေန=စကြဝဠာ ကုဋ္ဌေတစ်သိန်းအတွင်း ဒုတိယဈာန်သုံးဘုံတိုင်အောင် အကုန်လောင် သော ကမ္ဘာဖျက်ရေဖြင့်လည်းကောင်း၊ ပါကဋ္ဌော=ထင်ရှား၏။ ။ စ=ဆက်အံ့၊ ဧတ္ထ=ဤ ရေဖြင့် ကမ္ဘာပျက်ရာ၌၊ ဝိနာသော=ပျက်မှုသည်၊ သီတဂ္ဂိနော=သီတမီး၏၊ ဝသော= အစွမ်းပေတည်း။ အာပသား= ရေဓာတ်၏၊ ဝသော=အစွမ်းသည်၊ န=မဟုတ်။
မတေဇောမီးဓာတ်သည်၊ နိဋ္ဌိတော=ပြီးပြီ။

---------------

## လေဓာတ် အကျယ်

အဿာသော=ထွက်သက်လေလည်းကောင်း၊ ပဿာသော=ဝင်သက်လေ လည်းကောင်း၊ ဗလံ=ကိုယ်၏ သန်မြန်ခြင်း ဦးခေါင်း ခြေလက်စသော အင်္ဂါကြီး ငယ်တို့ သန်မြန်ခြင်းတည်းဟူသော အားခွန်ဗလ ခေါ်ဆိုကြသော ဗလဓာတ်လေ လည်းကောင်း၊ ထမ္ဘနံ=ထမ်းခွင့်ဆိုက်ခါ ဖြစ်ပေါ်လာ၍ ကိုယ်အင်္ဂါကြီး ငယ်ကိုထမ်းသော ထမ္ဘန ဓာတ်လေလည်းကောင်း၊ ဓာရဏံ=ဆောင်ခွင့်ဆိုက်ခါ ဖြစ်ပေါ်လာ၍ ကိုယ်အင်္ဂါကြီးငယ်ကို ပင့်ဆောင်သော ဓာရဏဓာတ်လေ လည်းကောင်း၊ စလနံ=ကိုယ်အင်္ဂါကြီးငယ်ကို ရွေ့ရှားစေတတ်သော စလန ဓာတ်လေလည်ကောင်း၊ ဂမနံ=သွားလိုသောအခါ ဖြစ်ပေါ်လာသော ဂမန ဓာတ်လေလည်းကောင်း၊ ဌာနံ=တန့်တန့် ကြပ်ကြပ် ရပ်လိုသောအခါ ဖြစ်ပေါ် လာသော ဌာနဓာတ်လေလည်းကေင်း၊ နိသဇ္ဇာ=ထိုင်လိုသော အခါ ဖြစ်ပေါ် လာသော နိသဇ္ဇ ဓာတ်လေလည်းကောင်း၊ ဥက္ခေပေါ=ကိုယ်အင်္ဂါကြီးငယ်ကို ချီမြှောက်သောအခါ ဖြစ်ပေါ်လာသော ဥက္ခေပဓာတ်လေလည်းကောင်း၊ နိက္ခေပေါ=ပစ်ချလိုသော အခါဖြစ်ပေါ်လာ သော နိက္ခေပဓာတ်လေလည်းကောင်း၊ ဝိက္ခေပေါ=ထိုမှ ဤမှ ပစ်လိုသောအခါ ဖြစ်ပေါ်လာသော ဝိက္ခေပဓာတ်လေ လည်းကောင်း၊ သမိဉ္ဇနံ=အင်္ဂါကြီးငယ်တို့ကို ကွေးလိုကောက်လိုသောအခါ ဖြစ်ပေါ်လာသော သမိဉ္ဇနဓာတ်လေလည်းကောင်း၊ ပသာရဏံ=အင်္ဂါကြီးငယ်တို့ကို ဆန့်တန်းလိုသောအခါ ဖြစ်ပေါ်လာသော ပသာရဏဓာတ်လေလည်း ကောင်း၊ ဂဟဏံ=ကိုင်လို ဆွဲလိုသောအခါ ဖြစ်ပေါ်လာသော ဂဟဏ ဓာတ်လေလည်း

www.dhammaransi.com



ကောင်း၊ အာကမှန်း=ဆွဲငင်သော အာကမှနဓာတ်လေလည်းကောင်း၊ အပကမှန်း=တွန်းဖယ်သော အပကမှနဓာတ်လေလည်းကောင်း၊ ကထန်း=စကားစမြည် ပြောဆိုလိုသောအခါ ဖြစ်ပေါ်လာသော ကထနဓာတ်လေလည်းကောင်း၊ ကမ္ပန်း=တုန်လှုပ်သော ကမ္ပနဓာတ်လေလည်းကောင်း၊ ဖရဏံ=ဝမ်းမီးစစ်၍ အနှစ်အဆီ ရအပ်သော ရသဓာတ်ရည်ကိုလည်းကောင်း, နှလုံးအိမ် သည်းခြေ အိမ်, အသဲလွှာတို့၌ ထာဝရဖြစ်ပွားသော သွေးရည်, သည်းခြေရည်တို့ကို လည်းကောင်း ကိုယ်လုံးပျံ့နှံ့အောင် ဖြန့်ဖြူးသော ဖရဏဓာတ်လေလည်းကောင်း၊ ကုစ္ဆိသယော=ဝမ်းတွင်း၌ကိန်းသော ဓာတ်လေလည်းကောင်း၊ ကောဋ္ဌာသယော= အူတွင်း၌ကိန်းသော ဓာတ်လေလည်းကောင်း၊ ဥဒ္ဓင်္ဂမော=ပျို့ခြင်း အန်ချင်း စသည်ဖြင့် အထက်သို့ ဆန်တက်သော ဓာတ်လေလည်းကောင်း၊ အဓောဂမော= အောက်သို့သက်သော ဓာတ်လေလည်းကောင်း၊ ဣမေ=ဤနှစ်ဆယ့်လေးပါးသော အစုတို့သည်၊ ဝါယာ=လေအစုတို့တည်း။ ။ ဣမေ=ဤလေအစုတို့သည်၊ နိဿတ္တာ=သတ္တဝါ မဟုတ်ကုန်၊ နိဇ္ဇီဝါ=အရှင်မဟုတ်ကုန်။ အစေတနာ=ကြံမှု သိမှု မရှိကုန်။

တံသဗ္ဗံ=ထိုအလုံးစုံသော လေအစုသည်၊ ကမ္မဇံ=ကံမှဖြစ်သောလေ၊ စိတ္တဇံ= စိတ်မှဖြစ်သောလေ၊ ဥတုဇံ=ဓာတ်မီးမှဖြစ်သောလေ၊ အာဟာရဇံ=ဓာတ်ဆီ မှဖြစ်သောလေ ဟူ၍၊ စတုဗ္ဗိဓံ=လေးပါးအပြားရှိ၏။ ။(ဩဠာရိက သုခုမမှာ ဆိုမြဲဆို) ဝါယော=လေဓာတ်သည်၊ နိဋ္ဌိတော=ပြီးပြီ။

ဘူတသင်္ခယော ဟူသော ပဌမစကား၌ အကျယ်ပြချက်ပြီးပြီ။

---

## အကြည်ခြောက်မျိုး အကျယ်

ဗဟိဒ္ဓါ=အပ၌၊ နိမိတ္တာနံ=နေရိပ်, လရိပ်, မျက်နှာရိပ် အစရှိကုန်သော အရိပ်သဏ္ဌာန်တို့၏၊ ဥပဋ္ဌာနာ=ထင်ရာ ပေါ်ရာဖြစ်ကုန်သော၊ အတိပသန္နာ= အလွန်ကြည်လင်လှစွာကုန်သော၊ အာဒါသာ ဒယောဝိယ=မှန်အကြည် ဖလ်အကြည် စသည်တို့နှင့်ထပ်တူ၊ ကာယေ=တွင်းပသိမ်းကျုံး တစ်ကိုယ်လုံး၌၊ ကမ္မဇာ=ကံမှဖြစ်ကုန်သော၊ ဆပသန္နာ=ခြောက်မျိုးသော အကြည်ဓာတ် အလင်း ဓာတ်တို့သည်၊ သဏ္ဌိတာ=ကောင်းစွာတည်ကုန်၏။

www.dhammaransi.com



ကတမေစ=အဘယ်သည်တို့နည်းဟူမူကား၊ စက္ခု=စက္ခုဟူသော အကြည်ဓာတ်လည်းတစ်ပါး၊ သောတံ=သောတဟူသော အကြည်ဓာတ်လည်းတစ်ပါး၊ ဃာနံ=ဃာနဟူသော အကြည်ဓာတ်လည်းတစ်ပါး၊ ဇိဝှါ=ဇိဝှါဟူသော အကြည်ဓာတ်လည်းတစ်ပါး၊ ကာယော=ကာယဟူသော အကြည်ဓာတ်လည်းတစ်ပါး၊ မနော=စိတ်ဟူသော အကြည်ဓာတ်လည်းတစ်ပါး၊ ဣမေ ဆ=ဤခြောက်ပါးတို့တည်း။

တတ္ထ=ထိုခြောက်ပါးသောအကြည်တို့တွင်၊ စက္ခု=စက္ခုဟူသော အကြည်သည်သာလျှင်၊ ဝဏ္ဏသဟိတံ=အဆင်းနှင့်တကွ ကြည်သည်ဖြစ်၍၊ ဒဿနိယံ=မျက်စိဖြင့်ပင် မြင်၍သိရ၏၊ သေသာ=ကြွင်းသော အကြည်ငါးပါးတို့ကိုမူကား၊ န ဒဿနိယာ=မျက်စိဖြင့်ကြည့်၍ မသိရကုန်၊ ဉာဏဝိသယာ=ဉာဏ်ဖြင့်သိရသော အရာသာဖြစ်ကုန်၏။

- ➢ ဘိက္ခဝေ=ရဟန်းတို့၊ ဣဒံစိတ္တံ=ဤသတ္တဝါတို့၏ စိတ်ဟူသော ဓာတ်အထူးသည်၊ ပဘဿရံ=တလျှမ်းလျှမ်း တလက်လက် ပြိုးပြိုးပြက်လျှင် ကြည်လင်တောက်ထွန်း၏--ဟူ၍လည်းကောင်း။
- ➢ စိတ္တံ=စိတ်မည်သော ဓာတ်အထူးသည်၊ ပဏ္ဍရံ=ဆွတ်ဆွတ်ဖြူလျှင် ကြည်လင်တောက်ထွန်း၏--ဟူ၍လည်းကောင်း၊

ဝုတ္တတ္တာ=မြတ်စွာဘုရား ဟောကြားတော်မူသောကြောင့်၊ တေသု=ထိုခြောက်ပါးသောဓာတ်ကြည်မျိုးတို့တွင်၊ စိတ္တံ=စိတ်ဟူသော ဓာတ်ကြည်သည်၊ အတိဝိယ=အတိုင်းထက်အလွန်လျှင်၊ ပသန္နံ=ကြည်လင် လှ၏၊ ပဏ္ဍရံ=ဖြူစင်လှ၏၊ ပဘဿရံ=ပြိုးပြိုးပြက် တလက်လက် တောက်ထွန်း၏--ဟူ၍၊ ဒဋ္ဌဗ္ဗံ=ရှုအပ်၏။

တေသု=ထိုခြောက်ပါးသောအကြည်တို့တွင် စက္ခု= အမြင် ဓာတ်ဟူသော စက္ခုသည်၊ စက္ခုမှိ=မျက်လုံးအိမ်အလယ်၌၊ ဌိတံ=တည်၏။ ။ သောတံ=အကြားဓာတ်ဟူသော သောတသည်၊ ကဏ္ဏဗိလေ=နားတွင်း၌၊ ဌိတံ=တည်၏။ ။ ဃာနံ=အနံ့ဓာတ်ဟူ သောဃာနသည်၊ ဃာနဗိလေ=နှာခေါင်းတွင်း၌၊ ဌိတံ=တည်၏။ ။ ဇိဝှါ=အလျက် ဓာတ်ဟူသော ဇိဝှါသည်၊ ဇိဝှါမဇ္ဈေ=လျှာလယ်၌၊ ဌိတံ=တည်၏။ ။ ကာယော=အတွေ့ဓာတ်ဟူသောကာယသည်ကား၊ ကာယေ=တစ်ကိုယ်လုံး၌၊ အနောကာသောနာမ=သူမရှိသော အရပ်မည်သည်။ နတ္ထိ=မရှိ၊

www.dhammaransi.com



သဗ္ဗံ=အလုံးစုံသော၊ ကာယံ=အတွင်းအပ ရှိသမျှသော တစ်ကိုယ်လုံးကို၊ ဗျာပေတွာ=ပျံ့နှံ့၍၊ ဌိတော=တည်၏။ ကာယော=တစ်ကိုယ်လုံးသည်၊ ဖလိကကွန္ဒေါဝိယ=ကြည်လှစွာသော ဖလ်တုံးကြီး မှန်တုံးကြီးနှင့်ထပ်တူ၊ ဟောတိ=ဖြစ်၏။ ။ မနော=အတုမရှိ ထွန်းတောက်ဘိသော စိတ်အကြည်မှုကား၊ ဟဒယေ=နှလုံးအိမ်တွင်း၌၊ နိစ္စံ=အမြဲ၊ ပဝတ္တတိ=ဖြစ်၏။

## မျက်စိ စသည်၌စိတ်ဖြစ်ပုံ

ယဒါ=အကြင်အခါ၌၊ ရူပနိမိတ္တာနိ=အိုးသဏ္ဍာန်, ခွက်သဏ္ဍာန် စသော အဆင်းသဏ္ဍာန် အရိပ်အရောင်တို့သည်၊ စက္ခုမှိ=မျက်စိ အကြည်၌၊ ဒိဿန္တိ=ထင်လာကုန်၏၊ ယဋ္ဋေန္တိ=ခိုက်လာကုန်၏၊ တဒါ=ထိုအခါ၌၊ ဟဒယေ=နှလုံး၌၊ စိတ္တသန္တာနံ=စိတ်အစဉ်သည်၊ ဆိဇ္ဇတိ=ပြတ်၏၊ စက္ခုမှိ=စက္ခုအကြည်၌၊ ဇာယတိ=ဖြစ်ပေါ်၏။

ဇဝံ=ဤနည်းအတူ၊ သဒ္ဒနိမိတ္တေသု=အသံရိပ်တို့သည်၊ သောတေ=သောတ အကြည်၌၊ ဒိဿန္တေသု=ထင်လာကုန်သည်ရှိသော်၊ ယဋ္ဋေန္တေသု=ခိုက်လာကုန်သည်ရှိသော်၊ ဟဒယေ=နှလုံး၌၊ စိတ္တသန္တာနံ=စိတ်အစဉ်သည်၊ ဆိဇ္ဇတိ=ပြတ်၏။ သောတေ=သောတအကြည်၌၊ ဇာယတိ=ဖြစ်ပေါ်၏။

ဂန္ဓေသု=အနံ့တိုသည်၊ ဃာနေ=ဃာနအကြည်၌၊ ဒိဿန္တေသု=ထင်လာကုန်သည်ရှိသော်၊ ယဋ္ဋေန္တေသု=ခိုက်လာကုန်သည်ရှိသော်၊ ဟဒယေ=နှလုံး၌၊ စိတ္တသန္တာနံ=စိတ်အစဉ်သည်၊ ဆိဇ္ဇတိ=ပြတ်၏၊ ဃာနေ=ဃာနအကြည်၌၊ ဇာယတိ=ဖြစ်ပေါ်လာ၏။

ရသေသု=အရသာတို့သည်၊ ဇိဝှါယ=ဇိဝှါအကြည်၌၊ ဒိဿန္တေသု=ထင်လာကုန်သည်ရှိသော်၊ ယဋ္ဋေန္တေသု=ခိုက်လာကုန်သည်ရှိသော်၊ ဟဒယေ=နှလုံး၌၊ စိတ္တသန္တာနံ=စိတ်အစဉ်သည်၊ ဆိဇ္ဇတိ=ပြတ်၏၊ ဇိဝှါယ=ဇိဝှါအကြည်၌၊ ဇာယတိ=ဖြစ်ပေါ်လာ၏။

ကာယေ=တွင်းပသိမ်းကျုံး တစ်ကိုယ်လုံးတွင်၊ ယတ္ထ=အကြင်နေရာ၌၊ ဖောဋ္ဌဗ္ဗာနိ=အနုအကြမ်းဟူသော မြေဓာတ် အတွေ့, အအေး အပူဟူသော မီးဓာတ်အတွေ့, အလှုပ်အရှား အတင်းအလျော့ဟူသော လေဓာတ်အတွေ့တို့သည်၊ ဖုသန္တိ=တွေ့ထိကုန်အံ့၊ ယဋ္ဋေန္တိ=ခိုက်တိုက်ကုန်အံ့၊ ဟဒယေ=နှလုံး၌၊

www.dhammaransi.com



စိတ္တသန္တာန်=စိတ်အစဉ်သည်၊ ဆိဇ္ဇိတွာ=ပြတ်၍၊ တတ္ထ=ထိုတွေ့ထိရာနေရာ၌၊ ဇာယတိ=ဖြစ်ပေါ်လာ၏။

ပဗ္ဗတကူဋ္ဌိမှိ=စိုပြည်ရွှမ်းရွှမ်း တောင်အဝှမ်း၌၊ သိလာဝိလေ=ကျောက်တွင်း၌၊ ဥဗ္ဘိဒံနာမ=ဗွက်ဗွက် ဗွက်ဗွက် အမြဲထွက်၍နေသော စိမ့်ရေစမ်းရေမည်သည်၊ အတ္ထိကိရ=ရှိသတတ်၊ ဓဝံ=ဤအတူ၊ ကာယမဇ္ဈေ=ကိုယ်၏အလယ်၌၊ ဟဒယဝိလေ=နှလုံးအိမ်တည်းဟူသောတွင်း၌၊ ဥဗ္ဘိဒံ=အမြဲပွက်၍ထွက်နေသော၊ ဘဝင်္ဂသန္တာန်= ဆွတ်ဆွတ်လင်ကြည် ဘဝင်ရည်တည်းဟူသော စိတ်ဓာတ်သည်၊ အတ္ထိ=ရှိ၏။ သဗ္ဗနိမိတ္တာနိ=အလုံးစုံသော အာရုံနိမိတ် သင်္ကြာန်ရိပ်တို့သည်၊ တတ္ထ=ထိုလက်လက် လက်လက် အမြဲပွက်၍ ပေါ်ထွက်ဖြစ်ပွါးကာနေသော ဘဝင်အစဉ်၌၊ ဒိဿန္တိ=ထင်ရကုန်၏။

ယဒါ=အကြင်အခါ၌၊ တသ္မိံ=ထိုဘဝင်ဟူသော ဓာတ်ကြည်၌၊ ကိဉ္စိ=တစ်စုံတစ်ခုသော အာရုံသစ်သည်၊ ဒိဿတိ=ထင်၏၊ တဒါ=ထိုအခါ၌၊ ဂန္ဓိတေ=အကြိမ်တစ်ရာချက်၍ ထက်မြက်လှစွာသော ယမ်းအစု၌၊ အဂ္ဂိပါတံဝိယ=မီးပွါးကျသော အခါကဲ့သို့၊ သဝေဂံ=ထက်သန် ပြင်းထန် အလွန်မြန်သော အဟုန်ရှိသော၊ ဇဝနသန္တာန်=ဇောစိတ် အစဉ်သည်၊ ဥဋ္ဌဟိတွာ=တိမ်တိုက်တွင်းမှ တလျှမ်းလျှမ်းထသော လျှပ်ချက်ကဲ့သို့ လျှမ်းလျှမ်းတက်ထကြွ၍၊ သဗ္ဗကိစ္စံ=ကိုယ်၏ လှုပ်ရှားမှုအမျိုးမျိုး နှုတ်၏လှုပ်ရှားမှုအမျိုးမျိုး စိတ်၏လှုပ်ရှားမှု အမျိုးမျိုးကို၊ သာဓေတိ=ပြီးစေ၏။ အာရမ္မဏေ=ထင်လာသော အာရုံနိမိတ် အာရုံရိပ်သည်၊ ဝိဂတေ=ကင်းကွာ ကွယ်ပျောက်ပြန်သည်ရှိသော်၊ တံ=ထိုလျှမ်းလျှမ်း တောက်ထသော ဇောဓာတ်အစဉ်သည်၊ ဝိဂစ္ဆတိ=ကွယ်ဆုံးပျောက်ပျက်ပြန်၏။ ။ ဣမေ=ဤခြောက်ပါးသော အကြည်တို့သည်၊ နိဿတ္တာ= သတ္တဝါမဟုတ်ကုန်။ နိဇ္ဇီဝါ=အရှင်မဟုတ်ကုန်။ အစေတနာ= ကြံမှု သိမှု ကြောင့်ကြပြုသော ဗျာပါဒမရှိကုန်။ ။ ဣမေ=ဤခြောက်ပါးသော အကြည်တို့သည်၊ အပါယတော=အပါယ် အကြည်မှ၊ ဘဝဂ္ဂါ=နေဝသညာ နာသညာ ဗြဟ္မာအကြည်တိုင်အောင်၊ ဥပရူပရိ=အဆင့်ဆင့်၊ အဓိကာ=လွန်ကဲကုန်၏၊ ဗုဒ္ဓါ=ဘုရားခေါ်သော အကြည်တို့သည်၊ သေဋ္ဌာ=အထွတ်အထိပ်တို့ပေတည်း။ ။

ဆပသာဒါ=အကြည်ခြောက်မျိုးတို့သည်၊ နိဋ္ဌိတာ=ပြီးကုန်ပြီ။

--------*--------

မိခင်ဇရာဝတီ

www.dhammaransi.com



## ဓာတ်မီး ရှစ်မျိုး

အဋ္ဌဟိအဂ္ဂိဟိ=ရှစ်မျိုးသောဓာတ်မီးတို့သည်၊ အယံကာယော=ဤကိုယ်ကောင်အလုံးကို၊ အာဟိတော=အုပ်စိုးအပ်၏၊ တေ=ထိုရှစ်မျိုးသော ဓာတ်မီးတို့ဟူသည်၊ ကတမေ=အဘယ်သည်တို့နည်း၊ ကမ္မဇော=ရှေးရှေးဘဝ ပြုခဲ့ကြသောကံမှဖြစ်သော ကမ္မဇဓာတ်မီးတမျိုး၊ စိတ္တဇော=စိတ်မှဖြစ်သော စိတ္တဇ ဓာတ်မီးတစ်မျိုး၊ ဥတုဇော=တစ်ခုတစ်ခုသော ဓာတ်မီးမှ အဆင့်ဆင့်ဖြစ်ပွါးသော ဥတုဇဓာတ်မီးတစ်မျိုး၊ အာဟာရဇော= ဓာတ်ဆီမှဖြစ်ပွားသော ဓာတ်မီးတစ်မျိုး၊ က္ကမေ=ဤလေးမျိုးသော ဓာတ်မီးတို့သည်၊ သီတုဏှဝသေန=သီတလေးပါး, ဥဏှလေးပါး၏ အစွမ်းဖြင့်၊ အဋ္ဌဓာ=ရှစ်ပါးပြားကုန်၏။

တတ္ထ=ထိုရှစ်ပါးတို့တွင်၊ ပုရိမာ=ရှေးဖြစ်ကုန်သော ကမ္မဇဓာတ်မီး, စိတ္တဇဓာတ်မီး နှစ်မျိုးတို့သည်၊ အဇ္ဈတ္တာ=သတ္တဝါကောင်သန္တာန်တွင်သာ ရအပ်ကုန်၏။ ဗဟိဒ္ဓါ=သတ္တမဟုတ်သော အပသန္တာန်၌၊ နတ္ထိ=မရှိကုန်။ ။ ဥတုဇော=ဥတုမှဖြစ်ပွားသော ဓာတ်မီးသည်၊ အဇ္ဈတ္တံ=သတ္တဝါတွင် အကျုံးဝင်သော ဓာတ်မီးလည်းကောင်း၊ ဗဟိဒ္ဓါ=ရေ မြေ တော တောင်စသော ဗဟိဒ္ဓတွင် အကျုံးဝင်သော ဓာတ်မီးလည်းကောင်း၊ က္ကတိ=ဤသို့၊ ဒွိဓာ=နှစ်ပါးပြား၏။ ။ အာဟာရဇော=အာဟာရဇဓာတ်မီးသည်လည်း၊ တထာ=ထိုဥတုဇဓာတ်မီးအတူ အဇ္ဈတ္တ ဗဟိဒ္ဓနှစ်ပါးပြား၏။

သဗ္ဗော=အလုံးစုံသော၊ ဗာဟိရော=မြေကြီး, မြင့်မိုရ်, စကြဝဠာ, ဟိမဝန္တာ, သီဒါ, သမုဒ္ဒရာ, တောတောင်, သစ်ပင်ချုံနွယ်, ဘုံဗိမာန်, အဝတ်ပုဆိုး စသော အပဝတ္ထုစုသည်၊ အဂ္ဂိနော=ဗဟိဒ္ဓဓာတ်မီး၏၊ ဥဒယော= အပွါးအစီးစုသာတည်း။

သတ္တသန္တာနေ ပန=သတ္တဝါတို့၏ ကိုယ်သန္တာန်၌ကား၊ ကလလတော=ကလလရေကြည်မှ၊ ပဋ္ဌာယ=စ၍၊ အာယုဝေမဇ္ဈံ=အသက်အရွယ် အလယ်ပိုင်းတိုင်အောင်၊ က္ကမေ=ဤရှစ်မျိုးသော ဓာတ်မီးတို့သည်၊ သမုဒိတာ=တစ်နေ့တစ်ခြားတိုးပွား တက်ထွန်းကုန်လျက်၊ ဘူတာနိစ=ဆိုခဲ့ပြီးသော မံသအဋ္ဌိအစရှိသော မြေစုမြေခဲ, ပိတ္တ လောဟိတအစရှိသော ရေစု ရေခဲ, ဥသ္မာ ပါစက အစရှိသော မီးအစု, အဿာသ ပဿာသ ဗလ အစရှိသော လေအစုတို့ကိုလည်းကောင်း၊

www.dhammaransi.com



တေသံ=ထိုခါတ်ကြီးလေးပါးတို့၏၊ မဏ္ဍာနိ=အရောင်အရည် အကြည်အမွမ်း ဖြစ်ကုန်သော၊ ပသန္နာနိစ=ခြောက်မျိုးသော ခါတ်ကြည်တို့ကိုလည်းကောင်း၊ ဝဍ္ဎယန္တိ= တစ်နေ့တစ်ခြား တိုးပွားကြီးရင့်စေပေကုန်၏။ ။ သဗ္ဗ ကာယော= ကိုယ်အလုံးသည်၊ အင်္ဂနိ=ရှစ်ပါးသော ခါတ်မီးတို့၏၊ ဥဒယော=အပွားအစီးစု သာတည်း။

မဇ္ဈတော=အသက်တမ်းအလယ်ပိုင်းမှ၊ ပစ္ဆာ=နောက်၌၊ အင်္ဂိသု= ခါတ်မီး တို့သည်၊ ဟာယန္တေသု=တစ်နှစ်တစ်ခြား လျော့ပါး ဆုတ်ယုတ်ကုန်သည်ရှိသော်၊ သဗ္ဗေ=အလုံးစုံကုန်သော ခါတ်ကြီးစုတို့သည်၊ ဟာယန္တိ=ဆုတ်ယုတ်ကုန်၏။ ။ ကမေပိ=ဤခါတ်မီးတို့သည်လည်း၊ နိဿတ္တာ=သတ္တဝါမဟုတ်ကုန်။ နိဇ္ဇီဝါ= အရှင်မဟုတ်ကုန်။ အစေတနာ=ကြံမှု သိမှု မရှိကုန်။

ဥတု=ခါတ်မီးအခန်းသည်၊ နိဋ္ဌိတော=ပြီးပြီ။

--------*--------

## ခါတ်ဆီ ငါးမျိုး

ကမ္မဇော=ကံမှဖြစ်ပွားသော ခါတ်ဆီ၊ စိတ္တဇော=စိတ်မှဖြစ်ပွားသော ခါတ်ဆီ၊ ဥတုဇော=ခါတ်မီးမှဖြစ်ပွားသော ခါတ်ဆီ၊ အာဟာရဇော=အဇ္ဈတ္တ သြဇာမှဖြစ်ပွားသော ခါတ်ဆီ၊ ဗာဟိရော=မျိုအပ်သမျှ အာဟာရမှဖြစ်ပွားသော ဗဟိဒ္ဓခါတ်ဆီဟူ၍၊ ပဉ္စဝိဓော=ငါးပါးအပြားရှိ၏။

ပုဗ္ဗေ=ရှေး၌၊ ဝုတ္တော=ဆိုခဲ့သမျှသော ခါတ်ကြီးလေးပါး, ခါတ်ကြည် ခြောက်ပါး, ခါတ်မီးရှစ်ပါးတို့သည်၊ အာဟာရ ပဋိသရဏာ=ခါတ်ဆီငါးမျိုးလျှင် ကိုးကွယ်ရာရှိကြကုန်၏။ ဒကဇာ=ရေ၌ဖြစ်ပွားသော ငါးအစရှိသော ရေသတ္တဝါ တို့သည်၊ ဒကပဋိသရဏာ=ရေလျှင် ကိုးကွယ်ရာ ရှိကြကုန်သကဲ့သို့တည်း။ တိဏာ=မြေအပြင်ရှိ မြက်ဟူသမျှတို့သည်၊ ဝုဋ္ဌိပဋိသရဏာ=မိုးရေ မိုးပေါက်လျှင် ကိုးကွယ်ရာ ရှိကြကုန်သကဲ့သို့တည်း။

ဟိ=ထိုစကားမှန်၏၊ အာဟာရေသု=ခါတ်ဆီတို့သည်၊ ဥဒိတေသု=တက်ပွား ကုန်သည်ရှိသော်၊ အဂ္ဂယော=ခါတ်မီးတို့သည်၊ ဥဒယန္တိ=တက်ပွားကုန်၏၊ အင်္ဂိသု=ခါတ်မီးတို့သည်၊ ဥဒိတေသု=တက်ပွားကုန်သည်ရှိသော်၊ ဘူတာနိ=

www.dhammaransi.com



ဓာတ်ကြီးလေးပါးတို့သည်၊ ဥဒယန္တိ=တက်ပွားကုန်၏။ ဘူတေသု=ဓာတ်ကြီးလေးပါးတို့သည်၊ ဥဒိတေသု=တက်ပွားကုန်သည်ရှိသော်၊ ပသာဒါ=ဓာတ်ကြည်ခြောက်ပါးတို့သည်၊ ဥဒယန္တိ= တက်ပွားကုန်၏။ အာဟာရေသု=ဓာတ်ဆီတို့သည်၊ ဟာယန္တေသု=လျော့ပါးကုန်သည်ရှိသော်၊ ကမေန=အစဉ်အားဖြင့်၊ ဟာယန္တိ=ဆုတ်ယုတ် လျော့ပါးကြကုန်၏။ ။ ဣမေပိ=ဤကိုယ်လုံးပြည့်ထွေ စောင့်၍နေသော ဓာတ်ဆီငါးမျိုးတို့သည်လည်း၊ နိဿတ္တာ=သတ္တဝါမဟုတ်ကုန်။ နိဇ္ဇီဝါ=အရှင်မဟုတ်ကုန်။ အစေတနာ=ကြံမှု သိမှု မရှိကုန်။

အာဟာရော=အာဟာရသည်၊ နိဋ္ဌိတော=ပြီးပြီ။

-----------*------------

## ဓာတ်ဘီလူးအုပ်စိုးချက်

ဓာတုဘက္ခော=ဖြစ်ဖြစ်သမျှသော ဓာတ်ကြမ်းဓာတ်နုတို့ကို တစ်ခုတန်မျှ မကျန်ရအောင် အမြဲပုံသေ စားမျို၍နေသော၊ ယက္ခော=ဓာတ်ဘီလူးမျိုးဟူသည်၊ ကတမော=အဘယ်နည်း၊ မရဏံ=မရဏဟူသော ဓာတ်မျိုးပေတည်း။

ယထာ=ဥပမာမည်သည်ကား၊ အယေ=သံတုံး၌၊ မလံ=သံချေးသည်၊ အယမေဝ=သံသားကိုသာလျှင်၊ နိစ္စံ=အမြဲ၊ ခါဒတိ=စား၏၊ လောဟေ=ကြေးခဲ၌၊ မလံ=ကြေးချေးသည်၊ လောဟမေဝ=ကြေးကို သာလျှင်၊ နိစ္စံ=အမြဲ၊ ခါဒတိ=စား၏၊ အယလောဟေသု=သံတုံး ကြေးတုံးတို့၌၊ တေသံ=ထိုသံချေး ကြေးချေးတို့၏၊ အနောကာသောနာမ=မရှိသော အရပ်မည်သည်၊ နတ္ထိ=မရှိ၊ ဥပ္ပန္နုပ္ပန္နာ=အသစ်အသစ် ဖြစ်ဖြစ်သမျှသော သံသား ကြေးသားတို့သည်၊ တေသံ=ထိုသံချေး ကြေးချေးတို့၏၊ ဘက္ခာ=အစာတို့သည်သာ၊ ဟောန္တိ=ဖြစ်ရကုန်၏။ ။ ဧဝံ=ဤနည်းအတူ၊ ဓာတုယက္ခာ=မရဏဟူသောဓာတ်ဘီလူးမျိုးတို့သည်၊ ဓာတုယော ဧဝ=မြေဓာတ် ရေဓာတ်အစရှိသော ဓာတ်တို့ကိုသာလျှင်၊ နိစ္စံ=အမြဲ၊ ခါဒန္တိ=စားကြကုန်၏၊ ဥပ္ပန္နုပ္ပန္နာ=အသစ်အသစ် ဖြစ်ဖြစ်သမျှကုန်သော ဓာတ်တို့သည်၊ တေသံ=ထိုဓာတ်ဘီလူးတို့၏၊ ဘက္ခာ=အစာတို့သည်သာ၊ ဟောန္တိ=ဖြစ်ရကုန်၏။

ကထံ ဟောန္တိ=အဘယ်သို့ဖြစ်ကုန်သနည်း၊ ပဋိသန္ဓိတော=ပဋိသန္ဓေမှ၊ ပဋ္ဌာယ=စ၍၊ ဧကေကသ္မိံ= တစ်ခုတစ်ခုသော ဓာတ်သည်၊ ဥပ္ပန္နေ=ဖြစ်ပေါ်

www.dhammaransi.com



လာသည်ရှိသော်၊ ဧကေကော=တစ်ခုတစ်ခုသော ခါတ်ဘီလူးသည်၊ သဟိတော၀= တကွထပ်ကြပ်ပါမြဲသာတည်း၊ တသ္မာ=ထိုကြောင့်၊ ကာယော=ခါတ်ခဲ ခါတ်တုံး တစ်ကိုယ်လုံးသည်၊ ယက္ခပူရော=ခါတ်ဘီလူး အပြည့်ရှိနေသည်ဖြစ်၍၊ ယက္ခ ခန္ဓော=ခါတ်ဘီလူးခဲပင်ဖြစ်၏။

တေသံ=ထိုခါတ်ဘီလူးတို့ကို၊ ပရိဝေသကာ=အစာထမင်း အမြဲသွင်းရကုန် သော ခါတ်တို့ကား၊ ကမ္မံ=ရှေးကံဟောင်းသည်တစ်ခု၊ စိတ္တံ=စိတ်သည်တစ်ခု၊ ဥတု=ခါတ်မီးရှစ်မျိုးလည်းတစ်ခု၊ ဩဇာ=ခါတ်ဆီငါးမျိုးလည်းတစ်ခု၊ ဣမေ= ဤလေးမျိုးတို့သည်၊ ပရိဝေသကာ=ခါတ်ဘီလူးတို့စားသောက်ရန် အစာထမင်း အမှန်သွင်းသော ခါတ် တို့ပေတည်း။ ။ တေ=ထိုလေးပါးသော ခါတ်မျိုးတို့သည်၊ သယံပိ= မိမိတို့သည်လည်း၊ ဘက္ခာ=ဘီလူးစာတို့ပင်တည်း။

ဟိ=ထင်ရှားစေအံ့၊ ဒိနေ ဒိနေ=နေ့တိုင်းနေ့တိုင်း၊ ဘုတ္တေ=မျိုမျိုသမျှ ကုန်သော အစာရေစာတို့ကို၊ ဒွေဘာဂေ=နှစ်ဖို့တို့ကို၊ ကတွာ=ပြု၍၊ ဧကော= ထက်ဝက်တစ်စုကား၊ အာဟာရော=ခါတ်ဆီစုပေတည်း၊ ဧကော=ထက်ဝက် တစ်စုကား ဥတုခါတ်မီးစုပေတည်း၊ အာဟာရေ=မျိုလိုက်သော ဗဟိဒ္ဓဩဇာသည်၊ ဌာနပတ္တေ= အစာသစ်အိမ်သို့ ဆိုက်ရောက်သည်ရှိသော်၊ အဇ္ဈတ္တာ=ကိုယ်နှင့်အမျှ နေကြသော အဇ္ဈတ္တ ခါတ်ကြီးလေးပါး ခါတ်မီးရှစ်ပါး ခါတ်ဆီလေးပါးတို့သည်၊ ဗလလဒ္ဓါ=အသစ်သော အားအစွမ်းကို ရကြကုန်သည်ဖြစ်၍၊ ဥဋ္ဌဟန္တိ=ထကြ ကုန်၏။ ။ယထာ=ဥပမာကား၊ ဂိမှေ=နွေလ၌၊ မဟာမေဃေ=ကြီးစွာသော မိုးကြီးသည်၊ ဝဿန္တေ=ရွာသည်ရှိသော်၊ ရုက္ခတိဏာ=သစ်ပင် မြက်ပင်တို့သည်၊ ဥဋ္ဌဟန္တိ=ထကြကုန်သကဲ့သို့တည်း။

အဇ္ဈတ္တာ=အဇ္ဈတ္တ ခါတ်ဆီခါတ်မီးတို့သည်၊ ပုပ္ဖန္တိ=အသစ် အသစ်သော ရုပ်ကလာပ်ပွင့်တို့ကို ပွင့်ကြကုန်၏၊ ဖလန္တိ=သီးကြကုန်၏၊ ဝဍ္ဎေန္တိ=အဆင့်အဆင့် ကလာပ်ပွင့်တို့ကို တိုးပွားစေကြကုန်၏၊ တဒါ=ထိုအခါ၌၊ ကာယော=တစ်ကိုယ်လုံး သည်၊ ဗလဝန္တေဟိ=အားအင် ရှိကြကုန်သော၊ ရူပေဟိ=ရုပ်သစ် ကလာပ်သစ် တို့ဖြင့်၊ ဃနပူရော=တခဲနက်ပြည့်၏၊ သောသတ္တော=ထိုသတ္တဝါသည်၊ တေ=ထို ◌်ကိုယ်လုံး ဖြစ် ကလာပ်သစ်တို့ကို၊ ပရာမသိတွာ=ငါဟုအလွဲ အထင်စွဲ၍၊

www.dhammaransi.com



အဟံ=ငါသည်၊ ဗလဝါ=အားရှိသည်၊ အမှိ=ဖြစ်၏။ ဣတိ=ဤသို့၊ ဥဒဂ္ဂစိတ္တော= ရွှင်လန်းတက်ကြွ ရိုးရိုးရွှသော စိတ်ရှိသည်၊ ဟောတိ=ဖြစ်၏။

➤ နွေအခါခြောက်သွေ့ နွမ်းပါး၍နေသော တော ချုံ မြက်ခင်းမှာ မိုးကြီးရွာ၍ အသစ်အသစ်သော အညွန့် အရွက် အပွင့် အသီးတို့ ပေါ်ပေါက်ဖြစ်ပွား စည်ကားစည်ပင် စိမ်းရှင် ညိုမှိုင်း ဆိုင်းဆိုင်းညို့ညို့ ရှိပြန်သကဲ့သို့ ဆာမွတ်ခေါင်းပါး၍နေသောသူမှာ အစာရေစာ မျိုသောအခါ တစ်ကိုယ်လုံးရှိ ဓာတ်ဆီဓာတ်မီးတို့မှာ အသစ်အသစ် ပြိုင်းပြိုင်းထ၍ ဖြစ်ကြကုန်သော မြေကလာပ် ရေကလာပ် လေကလာပ် မီးကလာပ် အကြည်ကလာပ်တို့ဖြင့် တခဲနက်ပြည့်၍ နေသောအခါ ရုပ်နာမ်တရားတို့၏ ဥဒယလက္ခဏာကို အတပ်မြင် အောင်ကြည့်ရမည်။

တသ္မိံ=ထိုတစ်ကြိမ်မျို၍ တစ်ကိုယ်လုံး ပျံ့နှံ့ပြီးသော ဓာတ်ဆီစု သည်၊ စိရေန=နှစ်ပဟိုရ် သုံးပဟိုရ်စာ အတန်ငယ်ကြာသဖြင့်၊ ဇီရိတွာ= ပုပ်ရိနွမ်းပါး၍၊ ယက္ခဘက္ခေ=ဓာတ်ဘီလူးတို့၏ အစာသည်။ ဇာယတေ=ဖြစ်ပြန်ခဲ့သော်၊ တေ= ထိုတစ်ကိုယ်လုံး၌ အုန်းအုန်းတက် ဖြစ်ပွားကြကုန်သော ကလာပ်သစ်တို့သည်၊ သူရောဒယေ=နေတက်သောအခါ၌၊ ဥဿာဝဗိန္ဒုနိဝိယ=ဆီးနှင်းပေါက် တို့ကဲ့သို့လည်းကောင်း၊ ဂိမှေ=တပေါင်းတန်ခူး၌၊ ဝါတပ္ပဟတာနိ=လေပြင်းခတ် ကုန်သော၊ ပဏ္ဏာနိဝိယ=သစ်ရွက်ဟောင်းတို့ကဲ့သို့လည်းကောင်း၊ ပတန္တိ= တစ်ကိုယ်လုံးမှ တဖြုတ်ဖြုတ် ကြွေပျောက်ကြလေကုန်၏။

တဒါ=ထိုအခါ၌၊ ကာယော=ကိုယ်အင်္ဂါစုသည်၊ သုက္ခဝနံဝိယ=ကျဲကျဲ သောက်သေ:က် သွေ့ခြောက်ခေါင်းပါးသော တောချုံ မြက်ခင်းကဲ့သို့၊ ဒုဗ္ဗလော=ခေါင်းပါးရော့ရဲ အားအင်နဲ့သည်၊ ဟောတိ=ဖြစ်၏။ ။သော သတ္တော= ထိုသတ္တဝါသည်၊ ပတ=ထိုအားအင်ပြော့နဲ ကျဲရရဲရှိကုန်သော ကလာပ်ကျန် ကလာပ်ကြွင်းတို့ကို၊ ပရာမသိတွာ=ငါဟုအလွဲ အထင်စွဲ၍၊ အဟံ=ငါသည်၊ ဒုဗ္ဗလော=အားနည်းသည်၊ အမှိ=ဖြစ်၏၊ ဣတိ=ဤသို့၊ မိလာတစိတ္တော= ညှိုးငယ်နွမ်းပါးသော စိတ်ရှိသည်၊ ဟောတိ=ဖြစ်၏။

www.dhammaransi.com



- အစာသစ်အိမ်၌ အစာသစ်ပြည့်သောအခါ တစ်ကိုယ်လုံး၌ ကလာပ်သစ် ရုပ်သစ်တို့သည် အပြည့်အနှက် ပွက်ပွက်ဆူ တိုးပွားကုန်၏။ ထိုအခါ မျက်လုံးသားနှစ်ခုလည်း သိပ်သည်းတောင့်တင်း၏။ အစာလည်၍ အောက်သို့ လျှောကျလေသောအခါ မျက်လုံးတွင်းရှိ ကလာပ်သစ် ကလာပ်နုတို့သည် ရေပွက် ရေမြုပ်တို့ တဖြုတ်ဖြုတ်ပျက်ဆုံးကုန်သကဲ့သို့ ဖြုတ်ဖြုတ် ဖြုတ်ဖြုတ် ဆုတ်ယုတ် ပျက်ဆုံးကြကုန်၏။ မျက်လုံးသား၌ ရုပ်ကလာပ်လျော့ပါးလေ၏။ ရုပ်နု ကလာပ်နုတို့၏ တည်နေရာဖြစ်သော ဥတုဇရုပ်ကြမ်းတို့သည်ကား သေသည့်နောက်မှာပင် အတော်ကြာ တည်နိုင်ကုန်သေး၏။ ။ဤကား မျက်လုံး တွင်ကွက်၍ ရုပ်ကလာပ်တို့၏ ဖြစ်ပွားခြင်း ဥဒယသဘော, ပျက်ခြင်းဝယသဘောများကို အတပ်မြင်၍ ထင်အောင်ရှုနည်းကို ဆိုလိုက်သည်။

- ဤမျက်လုံးနည်းတူ နှလုံးခဲ အဆုတ်ခဲ အသည်းလွှာ အမြေးလွှာ ဦးနှောက်ခဲ ကျောဘက် ရင်ဘက် လက်ဝဲနံ လက်ျာနံ စသော အသားလွှာ အသားစိုင် အသားခဲတို့၌လည်း နေ့စဉ် စားသောက်သော အာဟာရနှင့် စပ်၍ တနေ့သုံးခါ တက်တုံ သက်တုံနေသော ဒီရေကဲ့သို့ ရုပ်ကလာပ်တို့ တိုးတက်ဖြစ်ပွားတုံ, ဆုတ်ယုတ်ကွယ်ဆုံးတုံနေပုံကို အတပ်မြင်၍ ထင်အောင်ရှုလေ။

- ဤကား မျိုသောအစာရေစာကို ထက်ဝက်ပြု၍ တစ်စုတစ်ဘို့ ဖြစ်သော အာဟာရဓာတ်ဆီကြောင့် တစ်ကိုယ်လုံး၌ ဒီရေတက်သကဲ့သို့ ရုပ်သစ် ကလာပ်သစ်တို့ ဖြစ်ပွားတိုးတက်ပုံ, ဒီရေကျ၍ နွံ့ညွန်မျှ ကျန်သကဲ့သို့ တိုးတက်သမျှ ရုပ်ကလာပ်တို့ကို ဓာတ်ဘီလူးစား၍ ကွယ်ဆုံးပုံ ရုပ်ကလာပ်တို့ကို ဖြစ်ပွားစေတတ်သော အာဟာရဓာတ်ဆီတို့သည် ဓာတ်ဘီလူးတို့၏ အလုပ်အကျွေးဖြစ်ပုံ, မိမိတို့လည်း ဓာတ်ဘီလူး စာဖြစ်၍ ကွယ်ဆုံးပုံများကို ထင်ရှားအောင် ပြသောစကားရပ်တည်း။

- မျိုသောအစာရေစာတို့ကို ထက်ဝက်ပြု၍ တစ်စုတစ်ဘို့ဖြစ်သော ဓာတ်မီး တို့ကြောင့် အလုံးစုံသော ဝမ်းတွင်းသား, ရင်တွင်းသား, မျက်လုံး

www.dhammaransi.com



ဦးနှောက်ခဲတို့နှင့်တကွ ကိုးရာသော အသားစု, ကိုးရာသော အကြောစုတို့၌ရှိသော ခာတ်ဆီခာတ်မီးတို့သည် ရှိုးရှိုးရွရွ ထကုန်ကြ၍ တစ်ကိုယ်လုံး ပွက်ပွက်ဆူ ရုပ်သစ် ကလာပ်သစ်တို့ကို ဖြစ်စေကြ ပွါးစေကြကုန်၏။

- ထင်းအား မီးအားကောင်းလှ၍ ခွင်ပေါ်အိုးတွင်းရှိ ရေမှ ခာတ်မီးထလျက် ပွက်ပွက်ဆူဝေသော ရေပွက်ကဲ့သို့ရှု။ ။ချောင်းလုံးပြည့် ဒီရေ တက်ချက်နှင့်လည်း တူပါ၏။ အစာသစ်အိမ်မှာ အစာသစ်ကြေကျက် လျှောကျသောအခါ ယခင်ဖြစ်ပွား တိုးတက်သမျှသော ရုပ်ပွက်ကလာပ် ပွက်တို့သည် ခြေဖျား လက်ဖျား မျက်လုံးခဲ ဦးနှောက်ခဲတို့မှစ၍ တရွေ့ရွေ့ ချုပ်ပျက် ကွယ်ပျောက်ကြလေကုန်၏။ ။အောက်ကမီးဆုတ်လျှင် အိုးတွင်းရှိ ရေပွက်တို့ ဆုတ်ယုတ်ပျက်ပြားမှု ဒီရေကျမှုများနှင့်အတူရှု။ ။
- တစ်နေ့တစ်နေ့လျှင် နှစ်ကြိမ်စားသောသူတို့မှာ နေ့စဉ်အမှန် နှစ်ကြိမ် တက် နှစ်ကြိမ်ကျ ပြု၍ ရှု။ တစ်ကြိမ်တစ်ကြိမ်သာစားသော သူတို့မှာ တစ်ကြိမ်တက် တစ်ကြိမ်ကျပြု၍ ရှု။ အနမတဂ္ဂသံသရာ၌ သတ္တဝါအနန္တ အနှံ့အပြားရှု။
- ဤကား မျိုသော အစာရေစာ၌ပါသော ဗဟိဒ္ဓခာတ်မီးတို့ကြောင့် ကိုယ်တွင်းရှိ အဇ္ဈတ္တ ခာတ်မီးရှစ်ပါး ခာတ်ဆီလေးပါးတို့ ထကြ၍ ရှိုးရှိုး ရွရွ တစ်ကိုယ်လုံး ရုပ်ခိုး ရုပ်လျှံ ကလာပ်ခိုး ကလာပ်လျှံ ဖြစ်ပွားပုံ ဖြစ်ပွားသမျှတို့သည်လည်း မကြာမီ ခာတ်ဘီလူး၏ အစာဖြစ်၍ ချုပ်ဆုံးပုံ, ဗဟိဒ္ဓ ခာတ်မီးတို့လည်း အဇ္ဈတ္တခာတ်ဘီလူးတို့၏ အလုပ်အကျွေး ဖြစ်ပုံကိုဆိုသော စကားရပ်တည်း။
- စိတ်မှာလည်း လောဘဇောထ၍ဖြစ်သောရုပ်ကား အသွေး အဆင်း တစ်မျိုး, ဒေါသဇောထ၍ ဖြစ်သောရုပ်ကား အသွေး အဆင်းတစ်မျိုး, မောဟဇော ဣဿာဇော မစ္ဆရိယဇော သဒ္ဓါဇော ပညာဇော မေတ္တာဇော ကရုဏာဇော စသည်တို့ ထ,ရာ၌လည်း ရုပ်သွေးရုပ်ဆင်း တစ်မျိုးစီ၊ လေးတောင်ရှိ လိုဏ်ဂူတွင်းမှာ အလယ်၌ ညှိထွန်း၍ထားသော ဆီမီး အရောင်သည် ဆီမီးတောက်သည်နှင့် တစ်ပြိုင်နက် လိုဏ်အလုံး ပျံ့နှံ့

www.dhammaransi.com



ထွန်းလင်းသကဲ့သို့ ဟဒယဓာတ်အိမ်မှထသောဇောတို့၏ အခိုးအလျှံ ဖြစ်သော ရုပ်ကလာပ်တို့သည် ဇောထသည်နှင့် တစ်ပြိုင်နက် တစ်ကိုယ်လုံး ပျံ့နှံ့၍ တည်ကုန်၏။ ။တစ်ခု တစ်ခုသောဇော ချုပ်ငြိမ်းပြန်လျှင် တစ်ကိုယ်လုံးမှာပင် ကွယ်ပျောက် ပျက်ဆုံးပြန်၏၊ တစ်ထိုင်တည်းမှာပင် ဇောစိတ်မျိုး အထွေတရာမက ဖြစ်တုံ ပျက်တုံဖြစ်နိုင်၏၊ ဓာတ်မီးနှင့် တကွသော စိတ္တဇရုပ်ကလာပ်တို့လည်း တစ်ထိုင်တည်းမှာပင် အထွေ တစ်ရာမက လျှပ်စစ်ပျက်သကဲ့သို့ တရှိန်းရှိန်းတက်၍ တမှိန်းမှိန်း ကွယ်ပျက်ကုန်၏၊ မြင်အောင်ရှုပါ။

- ကမ္မဇရုပ်ကလာပ်တို့မှာမူကား တစ်ခြားတစ်ပါးသော ရုပ်ကလာပ်တို့ တိုးတက်ပွားများလျှင်လည်း တိုးတက်ပွားများ ကုန်တော့သည် တစ်ခြား တစ်ပါးသော ရုပ်ကလာပ်တို့ ဆုတ်ယုတ် ပျက်ပြုန်းပြန်လျှင်လည်း ဆုတ်ယုတ်ပျက်ပြုန်းကုန်တော့သည်။
- အနောက်က နေရောင် အရှေ့ကမိုးတိမ်တိုက် ကြိမ်ကြိုက်သော အခါ ဖြစ်ပေါ်လာသော သက်တန့်ရေးသည် လေတိုက်၍ တိမ်တိုက်အခြေ ပျက်လျှင်ပျက်တော့သည်၊ တိမ်တိုက် ကျယ်ပွါးလျှင် ရှည်လျားတော့ သည်။ တိမ်တိုက်ကွယ်ပျောက်လျှင် ကွယ်ပျောက်တော့သည်၊ တိမ် တိုက်ပင် မကွယ်သော်လည်း နေကွယ်၍သွားလျှင် ကွယ်ပျောက်ရ တော့သည်၊ နေနှင့် ရှေ့ကံ တူသည်၊ မိုးတိမ်တိုက်နှင့် ဥတုဇရုပ်ကလာပ် အာဟာရဇရုပ် ကလာပ်အစုအခဲတူသည်။ သက်တန့်ရေးနှင့် အကြည် ခြောက်ပါးစသော ကမ္မဇရုပ်ကလာပ် နာမ်ကလာပ်စု တူသည်။
- တစ်ထိုင်တည်းမှာပင် အမျိုးမျိုးသော ဇောစိတ်တို့ကြောင့် တစ်ကိုယ်လုံး အထွေထွေဖြစ်ပေါ်ရသော စိတ္တဇရုပ်စု, ဥတုဇ, အာဟာရဇ, စိတ္တဇ ရုပ်ကလာပ်တို့ တိုးတက်လျှင် တိုးတက်ဖြစ်ပွားကုန်သော ကမ္မဇရုပ် ကလာပ်တို့သည် ဓာတ်ဘီလူး၏ အစာဖြစ်၍ ကွယ်ဆုံးကုန်သောကြောင့် ထိုစိတ် ထိုကံတို့သည်လည်း ဓာတ်ဘီလူး၏ အလုပ်အကျွေးတို့သာ ဟုမှတ်အပ်၏။

ဓာတ်ဘီလူးအုပ်စိုးချက်ပြီး၏။

မိခင်ရောဝတီ

www.dhammaransi.com



## အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရှုလိုသော်

**မှာထားချက်။** ။ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးပါးကို ရှုလို မြင်လိုသော သူသည် မရှုမီရှေးအဖို့၌ ခန္ဓာငါးပါး ရုပ်နာမ် တရားတို့ကို ရှိုးရှိုးရှရှ အကုန်ထအောင် ဆွရသေးသည်၊ ဆွ၍ ဉာဏ်၌ ထပြီး ကြွပြီး နောက်မှ ထိုခန္ဓာတို့၌ရှိသော လက္ခဏာရေးသုံးပါးကို အတပ် မြင်သာသည်။ ဤတွင်၍ကား ခန္ဓာငါးပါး အပေါင်းဖြစ်သော တစ်ကိုယ်ကောင်လုံးကို ရှိုးရှိုးရှရှ အကုန်ထအောင် ဆွနည်းပြီး၏။'ဆွ'ဟူသည်လည်း ဖြစ်တုံ ပျက်တုံ ကျတုံနေချက်ကို အခြေရှာ၍ နေရာကျအောင် ပြုခြင်းပင်တည်း။ ။ ပြီး၏။

- ယခုအခါ ကိုယ်လုံးအပြည့်ရှိနေသော မရဏခေတ်ဘီလူးတို့၏ အပင်းအသင်းတို့ကို ထင်လင်းစွာပြ၍ အနိစ္စ လက္ခဏာ ဒုက္ခ လက္ခဏာ အနတ္တလက္ခဏာတို့ကို အတပ် မြင်အောင် ဆင်ခြင်၍ ကြည့်ရှုနည်းကိုဆိုပေအံ့။

  သခေ်ပတော=အကျဉ်းအားဖြင့်၊ အဋ္ဌရောဂါ=ရှစ်ပါးသော အနာ ရောဂါမျိုးတို့သည်၊ ယက္ခာနံ=ခေတ်ဘီလူးတို့၏၊ သဟာယာ= အပင်းအသင်းတို့တည်း၊ ဝိတ္ထာရတော=အကျယ်, အကျယ်ထက် အကျယ်အားဖြင့်၊ ဆန္နဝုတိရောဂါ=ကိုးဆယ့်ခြောက်ပါးသော အနာရောဂါတို့သည်လည်းကောင်း၊ ဗဟုရောဂါ=အသိန်းမကသော ရောဂါတို့သည်လည်းကောင်း၊ ယက္ခာနံ=ခေတ်ဘီလူးတို့၏၊ သဟာယာ=အပင်းအသင်းတို့တည်း။

အဋ္ဌရောဂါနာမ=ရှစ်ပါးသော ရောဂါတို့မည်သည်ကား၊ ဝါတိကော= လေပျက်၍ဖြစ်သော ရောဂါတစ်မျိုး၊ ပိတ္တိကော=သည်းခြေ ပျက်၍ဖြစ်သော ရောဂါတစ်မျိုး၊ သေမှိကော= သလိပ်ပျက်၍ဖြစ်သော ရောဂါတစ်မျိုး၊ သန္နိပါတိ ကော=လေ သည်းခြေ သလိပ် သုံးပါးစုံပျက်၍ ဖြစ်သော ရောဂါတစ်မျိုး၊ အာဟာရိကော=အာဟာရဖောက်ပြန်၍ ဖြစ်သော ရောဂါတစ်မျိုး၊ ဝိသမ်သော= သတိကင်းလွတ် ချော်ချွတ် တိမ်းပါး၍ဖြစ်သော ရောဂါတစ်မျိုး၊ ဩပက္ကမိကော= ရိုက်နှက် ထောင်းထု ပစ်ခတ်မှုစသော လုံ့လပယောဂကြောင့်ဖြစ်သော အနာရောဂါတစ်မျိုး၊ ကမ္မဇော=ဥပပီဠကကံ, ဥပစ္ဆေဒကကံတို့ကြောင့်ဖြစ်သော

www.dhammaransi.com



အနာရောဂါ တစ်မျိုး၊ ဣက္ကမေ=ဤရှစ်ပါးတို့တည်း၊ ဣက္ကမေဟိ=ဤရှစ်ပါးသော အနာရောဂါတို့ကြောင့်၊ မရဏာ=သေခြင်းတို့ကို၊ အဋ္ဌမရဏာ=ရှစ်ပါးသော သေခြင်းတို့ဟူ၍၊ ဝုတ္တာ=ဆိုအပ်ကုန်၏။

သဗ္ဗေသံ=အလုံးစုံကုန်သော၊ ရောဂါနံ=ရောဂါမျိုးတို့၏၊ မူလံ=အမှုသည်ရင်းကား၊ အဂ္ဂိ=ဓာတ်မီးရှစ်ပါးတည်း၊ အဂ္ဂိမှိ=ရှစ်ပါးသော ဓာတ်မီးစုသည်၊ ကုပန္တေ=မညီမမျှ ထကြွသောင်းကျန်းခဲ့သည်ရှိသော်၊ တေ တေ ရောဂါ=ထိုထိုရောဂါတို့သည်၊ ဇာယန္တိ=ဖြစ်လာကုန်၏၊ အဂ္ဂိမှိ=ဓာတ်မီးရှစ်ပါးသည်၊ သမေ=ညီမျှငြိမ်သက်ခဲ့သည်ရှိသော်၊ တေ တေ ရောဂါ=ထိုထိုရောဂါတို့သည်၊ သမ္မန္တိ=ငြိမ်းကုန်၏၊ အဋ္ဌသု= ရှစ်မျိုးကုန်သော၊ အဂ္ဂိသုစ=ဓာတ်မီးတို့တွင်လည်း၊ ဧကေသ္မိံ=တစ်မျိုးသော ဓာတ်မီးသည်၊ ကုပန္တေ=ထကြွသောင်းကျန်းသည်ရှိသော်၊ သဗ္ဗေ=အလုံးစုံကုန်သော ဓာတ်မီးတို့သည်၊ ကုပန္တိ=ထကြွသောင်းကျန်းကုန်၏။

ဗဟိဒ္ဓါ=မျိုသောအစာမှ ပါကုန်သော ဓာတ်ဆီဓာတ်မီး, မြေခိုး မြေငွေ့မှ ပါကုန်သော ဓာတ်ဆီဓာတ်မီး, ရေခိုး ရေငွေ့မှပါကုန်သော ဓာတ်ဆီဓာတ်မီး, အရပ်လေးမျက်နှာ လေမှပါကုန်သော ဓာတ်ဆီဓာတ်မီး ဟုဆိုအပ်ကုန်သော ဗဟိဒ္ဓဓာတ်ဆီ ဓာတ်မီးတို့သည်၊ အဇ္ဈတ္တံ=အဇ္ဈတ္တဓာတ်ဆီဓာတ်မီးကို၊ ဥဋ္ဌာပေန္တိ=မထ,ထအောင် မကြွ,ကြွအောင် နှိုးတတ်ကုန်၏၊ ကောပေန္တိ= မသောင်းကျန်း သောင်းကျန်းအောင် ဆွတတ် နှိုးတတ်ကုန်၏၊ သပ္ပါယာ= အတွင်းဓာတ်တို့နှင့် သင့်မြတ်ကုန်သော ဗဟိဒ္ဓဓာတ်ဆီ ဓာတ်မီးတို့သည်၊ ကာယဿ=တစ်ကိုယ်လုံး၏၊ သရဏာ=ကိုးကွယ်ရာတို့သည်၊ ဟောန္တိ=ဖြစ်ကုန်၏။

ယထာ=ဥပမာကား၊ ပတိသောတေ=မြစ်ညာတလျှောက်၌၊ ကုသောမ္ဘေသု= အလုံးစုံသော ချောင်းကြီးချောင်းငယ် မြောင်းကြီး မြောင်းငယ် ရိုးကြီးရိုးငယ် စိမ့်ရေစမ်းရေဟူသမျှတို့သည်၊ ဝိဂတေသု=မြစ်မတွင်းသို့ အဆင်းအဝင် မရှိကုန်သည်ရှိသော်၊ နဒီ=မြစ်မကြီးသည်၊ ခိယျတိ=ခဏချင်းကုန်ခန်း၏၊ ကုသောမ္ဘေသု=အလုံးစုံသော ချောင်းကြီး ချောင်းငယ် မြောင်းကြီးမြောင်းငယ် ရိုးကြီးရိုးငယ် စိမ့်ရေစမ်းရေ ဟူသမျှတို့သည်၊ နိစ္စံ=အမြဲ၊ ပဝိဋ္ဌေသု=စီးဝင်ကြကုန်သည်ရှိသော်၊ နဒီ=မြစ်မကြီးသည်၊ အနူနာ=မလျော့မပါးသည်၊ ဟောတိ=ဖြစ်သကဲ့သို့တည်း။

www.dhammaransi.com



## အာဟာရကို အစွဲပြု ရှုရန်

တသ္မာ=ထို့ကြောင့်၊ ပဋိသန္ဓိတော=ပဋိသန္ဓေမှ၊ ပဋ္ဌာယ=စ၍၊ ယသ္မိံ ဒိနေ=အကြင်နေ့၌၊ အာဟာရော=အာဟာရသည်၊ ဝိဂတော=ကင်း၏၊ တသ္မိံ= ထိုနေ့၌၊ ဉဒကာ=ရေမှ၊ ဥဒ္ဓဋ္ဌော=ဆယ်ယူ၍၊ ဉဏှော=မြေပူ နေပူ လေပူ၌၊ ထပိတော=ထားအပ်သော၊ ဖေဏပိဏ္ဍောဝိယ=လူလောက်ရှိသော ရေမြှုပ်ခဲ ရေမြှုပ်စိုင်ကြီးကဲ့သို့၊ ကာယေ=၌တစ်ကိုယ် လုံး၌၊ ဓာတုယော=အတွင်းဓာတ်နု ဓာတ်စု ဓာတ်ခဲတို့သည်၊ အန္တရ ဓာယန္တိ=ဖြုတ်ဖြုတ်အသံ ကိုယ်လုံးညံမျှ ကွယ်ပ ချုပ်ဆုံးကြကုန်၏၊ ကာယော=ကိုယ်အင်္ဂါစုသည်၊ ကိသော=တရွေ့တရွေ့ ကြုံ့ရှုံ့ ကျွန်ရွှန်၍ သွားသည်၊ ဟောတိ=ဖြစ်၏။

ဒိနေဒိနေ=တစ်နေ့ထက်တစ်နေ့၊ ခီဏော= ခြောက်သွေ့ကုန်ခန်း၍ သွား သည်ရှိသော်၊ သတ္တာဟေ=ခုနစ်ရက်မျှ၌၊ သဗ္ဗာ=အလုံးစုံသော အတွင်းဓာတ်နု တို့သည်၊ ခီယန္တိ=ကုန်ကုန်၏၊ မတော=သေလေ၏၊ ဉတုဇော=ဓာတ်မီးမှ ဖြစ်ပွားသော၊ ကသဋ္ဌော=အဖတ်ကြွမ်းဖြစ်သော အခွန်ရုပ် အကာရုပ်စုသည်သာ၊ အတိရိတ္တော=ကြွင်းကျန်၏။

➤ မျိုသောအာဟာရဓာတ်ဆီ တရွေ့တရွေ့ကုန်ခန်းသော နာရီမှစ၍ မျက်လုံးခဲ ဦးနှောက်ခဲ အတွင်းရှိ မြေဓာတ်နု ရေဓာတ်နု လေဓာတ်နု မီးဓာတ်နုတို့သည်၊ တရွေ့တရွေ့ ချုပ်ကွယ် ပျောက်ဆုံးကြလေကုန်၏၊ ခုနစ်ရက်တိုင်လျှင် ဓာတ်ဆီအငွေ့ အသက်ကုန်သဖြင့် အတွင်းရှိ မြေနု ရေနု လေနု မီးနုတို့သည် ကုန်ကုန်၏၊ အကြည်ဓာတ် ခြောက်မျိုး တို့မှာ ထိုမြေ ရေ လေ မီး ဓာတ်ကြီး အနု ဘုတ်လေးခုတို့၏၊ အရည် အရောင်မျှသာ ဖြစ်ကုန်၍ အနုဓာတ်ကြီးတို့ ရွေ့ယိုင်နွမ်းပါး၍ သွားလျှင် အကြည်ဓာတ်တို့သည် ပျောက်ကွယ်ပကုန်တော့သည်။

တစ်နေ့တစ်နေ့လျှင် နှစ်ထပ်နှစ်ထပ် အာဟာရဓာတ်ဆီ ဓာတ်မီး အသစ်အသစ် လောင်း၍လောင်း၍ အလျဉ်မပြတ်အောင် အသက် သစ် အသက်သစ် သွင်းကာသွင်းကာ ဆက်နွယ်စိုက်ပျိုး၍ သွားပါမှ လဆန်းက လဆုတ်, လဆုတ်က လဆန်း, သည်လက ဟိုလ, သည် ဥတုက-နောက်ဥတု, သည်နှစ်က နောက်နှစ် နေရသည်။

www.dhammaransi.com



လက်ရှစ်သစ်ခန့်သာရှိသော မိစ္ဆာချည်တို့ကို နှစ်မြှင် သုံးမြှင်ကစ၍ အတောင်တစ်ရာ အလံတစ်ရာရှိ ကြိုးကြီးကျစ်၍ သွားရာ၌ အစဟောင်း အစသစ် ပြေပြစ်အောင် အမြှင်သစ် အမြှင်သစ်လောင်း စိုက်၍ လောင်းစိုက်၍ သွားရသည်နှင့် ထပ်တူပင်တည်း၊ အစသစ် အစိုက် ကောင်းလျှင် အစဟောင်း ဆုံးချက်ကြောင့် ကြိုးအနေမပျက်၊ ထို့အတူ တစ်ကြိမ်မျိုလိုက်သော အာဟာရကြောင့် တစ်ကိုယ် လုံး တိုးတက်ပြည့်လျှမ်း၍ ဖြစ်ပေါ်ကုန်သော မြေနု ရေနု လေနု မီးနုအကြည်ဓာတ်ဟူသမျှတို့သည်၊ ထိုအာဟာရနှင့်အတူ ဆုတ်ယုတ် လျှင် ဆုတ်ယုတ်မြဲ, ကုန်ဆုံးလျှင် ကုန်ဆုံးမြဲ ဓမ္မတာတည်း၊ နောက် တစ်ကြိမ်မျို၍ အသစ်အသစ်ဖြစ်ပေါ် တိုးတက်သော ဓာတ်သစ် အသက်သစ်တို့နှင့် အလျဉ်မပျက် အဆက်သိပ်သည်းလှ၍ အခြား မထင်လေသည်၊ ဉာဏ်နှင့် ပြတ်အောင်ဖြတ်၍ရှု၊ ဘဝအသစ် ဖြစ်ပေါ်ရန် စိုက်ပျိုးမှုမှာ ကံဟူသော စေတနာ ဟာရကို ပျိုးမှုပေတည်း။

အနမတဂ္ဂ သံသရာ၌ မိမိလာခဲ့ရပုံကိုလည်းကောင်း, မြင်မြင် သမျှသော သတ္တဝါအနန္တဖြစ်ရ ပုံကိုလည်းကောင်း, အတတ်မြင် အောင်ရှု၊ ရှုဖန်များ၍ ဉာဏ်ပွင့် သောအခါ ခပ်သိမ်းသော ရုပ်တရား နာမ်တရားတို့သည် ရှေးရှေးတင်ရင်၍ ပျိုးနှင့်သော အကြောင်း ဗီဇရှိမှသာ အသစ်အသစ် ဖြစ်ပေါ်နိုင်သည်၊ မိမိဘာဝဖြစ်ပေါ်နိုင်သော ရုပ်နာမ်ဟူ၍ တခုမျှမရှိ၊ အကြောင်းဗီဇရှိ၍ အသစ်အသစ်ဖြစ် ပေါ်ပြန်ရာ လက်ပူးလက်ကြပ် အစောင့်အရှောက် အထောက်အပံ့ တင်းလင်းရှိမှ အစဉ်သဖြင့် ဆက်လက်ဖြစ်ပေါ်၍ သွားနိုင်သည် လက်ပူးလက်ကြပ် အစောင့်အရှောက် အထောက်အပံ့ တင်းလင်း မရှိခဲ့သော် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှ မိမိဘာဝအားဖြင့် တည်တန့်နိုင်သော ရုပ်နာမ်ဟူ၍ မရှိကြောင်းကို အတပ်မြင်လာ လိမ့်မည်၊ အနိစ္စ အနိစ္စ အနိစ္စ။ ။

အာဟာရကို အစွဲပြု၍ အနိစ္စလက္ခဏာကို
အတပ်မြင် ဒိဋ္ဌမြင် ရှုရန် အမြွက်ပြီး၏။

မိခင်ဇရာဝတီ

www.dhammaransi.com



## ဒုက္ခရှုနည်း

➢ အလုံးစုံသောစာတ်ကြီးလေးပါး, အကြည်ခြောက်ပါးစသော ရုပ်တရား နာမ်တရားတို့သည်၊ ဘေးဥပဒ် ကင်း၍ ချမ်းမြေ့ သာယာစွာ မျက်တောင်တစ်ခတ်မျှနေရသော ရုပ်နာမ်ဟူ၍ တစ်ခုမျှမရှိ၊ ရုပ်ချမ်းသာ နာမ်ချမ်းသာဟူ၍ တခုမျှမရှိ၊ ဖြစ်ပေါ်မိလျှင် ပျက်မှုဟူသော သေဘေး သေဒဏ်နှင့် အမြန်ဆုံးရှုံးရသော တရားစုသာဖြစ်၍ ရုပ်ဆင်းရဲ နာမ်ဆင်းရဲ ရုပ်ဒုက္ခိတ နာမ်ဒုက္ခိတတို့သာတည်း၊ ထို့ကြောင့် ဓာတ်ဘီလူး ဟုဆိုအပ်သော အနိစ္စဘေးမှလွတ်နိုင်သော ရုပ်ဟူ၍ ‘နာမ်ဟူ၍ ဤကိုယ်သန္တာန်ဝယ် မရှိခြင်းကြောင့် နိဗ္ဗာန်မှတစ်ပါးသော ရုပ်နာမ်ဓမ္မ ဟူသမျှသည် ဒုက္ခအစုတို့သာတည်း။

➢ လောက၌ သေဘေးထက် ကြောက်ရသော ဘေးဟူ၍မရှိ၊ ထိုသေ ဘေးသည် ရုပ်တိုင်း နာမ်တိုင်းမှာ အမြဲပါ၍ ရုပ်နာမ်တို့ကို စားသတည်း၊ ဤသေဘေးကိုပင် အနိစ္စလက္ခဏာရေးလည်း ဆိုရသည်၊ ဓာတ်ဘီလူး လည်း ဆိုရသည်၊ ရှေး၌ပြဆိုပြီးသော အနိစ္စအချက်စုကို မြင်ပေလျှင် ခဏချင်း ခဏချင်း နှိပ်စက်နယ်မှု ဆုံးရှုံးမှုဟူသော မခံသာသော ဒုက္ခ လက္ခဏာကိုလည်း မြင်နိုင် ပေလတ့်။

➢ ယခုအခါ ထင်ရှားစွာသော ဒုက္ခလက္ခဏာကို ပေါ်အောင်ဆိုအံ့။ ။ နိဗ္ဗာန်မှတစ်ပါး အလုံးစုံသော ရုပ်နာမ်တရားတို့သည် အစာရေစာ ဣရိယာပုထ်တို့နှင့် မပြုမပြင်ဘဲ ပေါက်လွတ်ထားခဲ့လျှင် တစ်ကိုယ်လုံး တစ်ကောင်လုံး ညှိုးချုံး ရိနွမ်း ပင်ပန်း ပွန်းနွမ်းခြင်း တည်းဟူသော ဒုက္ခအစုတွေသာဖြစ်၍ကုန်မည်၊ အစာရေစာကို ဖြတ်၍ကြည့် အလုပ်အရှားမရှိဘဲ အိပ်ခြင်း ဣရိယာပုထ် တစ်ခုတည်း အမြဲထား ၍ကြည့်။ တစ်နည်း မလျှောက်ပတ်သော ဗဟိဒ္ဓစာတ်မီး ဆိုက်တိုက် လာခဲ့လျှင် တစ်ကိုယ်လုံး၌သော်လည်းကောင်း ကိုယ်အစိတ်၌သော် လည်းကောင်း အတွင်းဓာတ်မီးစု ထကြွသောင်းကျန်း၍ ရှစ်မျိုးသော ရောဂါတို့သည်ဖြစ်ပေါ်လာကုန်၏။

www.dhammaransi.com



ဟဒယဘူတော=နှလုံးအိမ်နှလုံးသားဖြစ်၍နေသော၊ အဂ္ဂိ= မီးရှစ်ပါးသည်၊ ကုပန္တော=ထကြွသောင်းကျန်းခဲ့သည်ရှိသော်၊ သဗ္ဗဟဒယံ=နှလုံးအိမ်နှလုံးခဲ တစ်ခုလုံးကို၊ ဒယှတိ=လောင်၏။သဗ္ဗော=နှလုံးခဲဖြစ်၍နေသော အလုံးစုံသော ရုပ်စု နာမ်စုသည်၊ ရောဂေါ=အနာခဲဖြစ်လေ၏။ မန်းခဲ ငန်းခဲ သွေးပုပ်ခဲ ပြည်ပုပ်ခဲ ဖြစ်လေ၏။

- အသည်းခဲဖြစ်၍နေသောရုပ်စု အဆုတ်ခဲဖြစ်၍နေသောရုပ်စု ဝမ်းတွင်း အသား အလုံးစုံဖြစ်၍နေသောရုပ်စု မျက်လုံးခဲဖြစ်၍ နေသောရုပ်စု နား နှာခေါင်း နှုတ်သီး လျှာ သွားဖြစ်၍နေသော ရုပ်စု ဦးနှောက်ခဲ ဖြစ်၍ နေသောရုပ်စု ဦးခေါင်းခွံဖြစ်၍ နေသောရုပ်စု ဦးခေါင်းသား မျက်နှာသား ဖြစ်၍နေသောရုပ်စု သားတစ်ကိုးရာ ဖြစ်၍နေသောရုပ်စုတို့လည်း ဤအတူချည်း။
- အလုံးစုံသော ရုပ်နာမ်တရားစုသည် ဇာတိအမျိုးအရိုး အားဖြင့် ဒုက္ခမျိုး ဒုက္ခရိုး ရောဂါမျိုး အနာမျိုးတို့သာ အမှန်အစစ်တည်း။ ထိုကြောင့် ကံ၏အစွမ်း ဉာဏ်၏အစွမ်း သတိဝီရိယ၏ အစွမ်းဖြင့် လက်ပူး လက်ကြပ် ပြုပြင်ထိန်းကျောင်း၍ နေနိုင်ပါမူ ဖောက်ပြန်ချင်တိုင်း မဖောက်ပြန်သာလှ၍ မဘောက်ပြန်ဘဲ ခိုင်မြဲလေယောင် နေထိုက်သမျှ နေပါသေး၏၊ အပြုအပြင် အထိန်းအကျောင်းမရှိ ပေါက်လွှတ်ထားခဲ့လျှင် အမျိုးအရိုးဇာတိ ထင်ရှားပေါ်မြဲတည်း။

ဒုက္ခရှုနည်း အမြွက်ပြီး၏။

-------*--------

## အနတ္တရှုနည်း

- အတ္တသဒ္ဒါအတွင်းဟော လောကဉ္ဇ အတွင်းပြု၍ သိမ်းပိုက်သော ဝတ္ထု အပေါင်းတို့တွင် ငါဟူ၍ လည်းကောင်း၊ ငါ၏ ကို ဟူ၍ လည်ကောင်း၊ အတွင်းပြုခြင်း သိမ်းပိုက်ခြင်းသည်၊ ကမ်းကုန် လမ်းကုန် အလွန်ဆုံးသော အတွင်းပြုခြင်း သိမ်းပိုက်ခြင်း တည်း။ အဟံ= ငါတည်း၊ မေ=ငါ၏၊ အတ္တာ=ကိုတည်းဟု အလွန်ဆုံး သိမ်းပိုက်သော ခန္ဓာငါးပါးတို့တွင်လည်း

www.dhammaransi.com



ရှေ့၌ ပြဆိုခဲ့ပြီး သော စက္ကူ သောတအစရှိသော အကြည်ခြောက်ပါး တို့ကို ငါဟူ၍ ငါ့ကိုဟူ၍ အတွင်းထား၍ အားကိုး အင်ကိုး သိမ်း ပိုက်မှုသည် အလွန်ဆုံးတို့၏ အပေါ်တွင် အထွတ် အထိပ်ပင် ဖြစ်ပြန်သတည်း။ ထိုကြောင့် ထိုအကြည် ခြောက်ပါးတို့ကို အဇ္ဈတ္တ အဇ္ဈတ္တဓမ္မဟု အဇ္ဈတ္တသဒ္ဒါ အပိုနှင့်ဆိုရသတည်း။

- ထိုအတွင်းပြုခြင်းအမှုသည် လောကအားဖြင့် အတွင်းပြုခြင်း ဓမ္မ အားဖြင့်အတွင်းပြုခြင်း နှစ်ပါး။အသည်းခဲ နှလုံးခဲ ဝမ်းထဲ ဦးခေါင်းထဲ မျက်လုံးထဲ အာထဲ လျှာထဲ၌ အနာပေါက်၍ သွေးပုပ် ပြည်ပုပ် ငန်း မန်းဖြစ်လာသောအခါ တောအရပ်၌ ပေါက်ရောက်သော သစ်မြစ် သစ်ဉကို မှီဝဲ၍ ထိုအနာ ပျောက်ငြိမ်းသည်ဟူရာ၌ လောကအားဖြင့် ထိုအနာပုပ်သည်ကို တွင်းကျ၍ အတွင်းမည်၏၊ တောဆေးမြစ်သည် အပ မည်၏။ သတ္တဝါတို့ ဓမ္မတာသဘောသည် အမြဲလျှင် ချမ်းသာ ကိုသာ အလိုရှိ၏၊ ထို့ကြောင့် ထိုအနာပုပ်သည် သတ္တဝါတို့၏ အလိုသဘောမှ အပဖြစ်၍ သတ္တဝါကို ကျင်နာအောင်ပြု၍ ညှင်းပန်း ရကား ထိုအနာပုပ်သည် ဓမ္မအားဖြင့် အပအစိမ်း သာဖြစ်၏၊ တော ဆေးမြစ်သည်သာ ချမ်းသာကိုပေးပေ၍ သတ္တဝါတို့၏ အလိုသဘော၏ အတွင်းကျပေရကား ဓမ္မအားဖြင့် အတွင်းမည်၏။
- အနတ္တသဒ္ဒါသည်ကား အတွင်း၏ဆန့်ကျင်ဖက်ကို ဟော၏။ မိမိ သန္တာန်ဖြစ်၍နေသော ခန္ဓာငါးပါးသည် သတ္တဝါတို့၏ အလိုသဘော ကို သိခြင်း မရှိ၊ အလိုသဘောသို့လိုက်ခြင်းမရှိ၊ ဇာတိအမျိုး အရိုးအားဖြင့် သတ္တဝါတို့ကြောက်လန့်ကြသော ဒုက္ခဖက်သို့သာ တစ်ဖြောင့်ထဲ တစ်သန့်ထဲ အတင်းဆွဲ၍ ရုန်း၍သွား၏။
- မိမိကို ယခုသတ်မည့်ရန်သူအား ငွေတထောင်ပေး၍ ယခုနှစ်အဘို့ ချမ်းသာပေးပါဟု ဆိုလျှင် ငွေတစ်ထောင်ရ၍ တစ်နှစ်တာမျှ အလိုပါ၍ ချမ်းသာပေးသကဲ့သို့ သင့်လျော်သော အကြောင်းဗီဇတို့ကို သည်ပိုး ရွက်ဆောင် ထူထောင်ပြုစု၍ ပေးနိုင်ပါလျှင် ပေးနိုင်ခိုက်သာ

www.dhammaransi.com



အလိုပါယောင် ရှိ၏၊ မပေးနိုင်လျှင် ဒုက္ခဖက်သို့ အတင်းရုန်း၏။ သင့်လျော်သော အကြောင်း ဗီဇတို့ကို အားထုတ်၍ပေးနိုင်သမျှ တစ်ခဏသာ အလိုပါယောင် ရှိသည်ကို အမြဲပါယောင်ထင်မှတ်၍ ငါ့ကို ငါ့ကိုဟု အတွင်းပြု မှားကြလေသည်။ ထိုအမှားကို စွန့်စေလို၍အနတ္တာဟု ဟောတော်မူသည်။

➢ အတ္တာ--ကို, ဝါ-အတွင်း၊ အနတ္တာ-ကို မဟုတ်, ကို၏ဆန့်ကျင်ဖက်, ဝါ-အတွင်းပြု၍ သိမ်းပိုက်ထိုက်သော တရားစု မဟုတ်၊, ရန်သူကြီးတမျှ ပြင်ပသူစိမ်းပြု၍ စိတ်ဖြင့် လွတ်လွတ်ကျွတ်ကျွတ် စွန့်ပစ်ထိုက်သော တရားတို့သာတည်း။ ။အနက်ရင်း အနက်မှန်။ ။

➢ ကို ဟူသောအနက်မှာ ယသတ်၍မရေးနှင့်။ ။ ယသတ်ကိုယ် သည် အတွင်းဟူသောအနက်ကို မဟော ကာယသဒ္ဒါ၏ နာမသတ် အနက်၊ အနက်ဖြစ်ပေ၍ အပေါင်းအစုဟူသော အနက်ကိုဟောသည်။ ။ ယသတ်နှင့်ကိုယ်မှာမူကား ခန္ဓာငါးပါးသည် ကိုယ်ဟုတ်သည်သာ အမှန်ဖြစ်၏။ ရုပ်နာမ်အစု ကိုယ်ဟုတ်၏ဟု ယူမှသာ အမှန်ကျ၏။ ဤကား အနတ္တသဒ္ဒါ အနတ္တသဒ္ဒါတို့၏ ဖြောင့်မှန်သော အနက်သွားကို ထင်ရှားအောင် ဆိုချက်တည်း။

အသာရကဋ္ဌေန=အနှစ်မရှိသောအနက်ကြောင့်၊ အနတ္တာ=အနတ္တမည်၏။ အသာမိကဋ္ဌေန=အစိုးရသူ အရှင်သခင် မရှိသောအနက်ကြောင့်၊ အနတ္တာ=မည်၏။ အဝသဝတ္တနဋ္ဌေန=အလိုသို့မလိုက်သော အနက်ကြောင့်၊ အနတ္တာ=အနတ္တမည်၏။

➢ ဤသို့ကျမ်းဂန်တို့၌လာသော အနက်သုံးပါးသည် သဒ္ဒတ္ထကို ပြသော အနက်စု မဟုတ်။ အတ္တ အတ္တ ငါ့ကို, ငါ့ကိုဟု အတွင်းပြုခြင်းငှာ မထိုက်ကြောင်းကိုပြသော ကာရဏာယုတ္တိ အနက်စုသာတည်း။

➢ လျှပ်ရောင်သည် အရှည်တည်နေနိုင်သော အနှစ်သာရ မရှိ၊ ထိုကြောင့် ထိုလျှပ်ရောင်ကို အသုံးတခုအားအင်ပြုရန် ငါ့လျှပ်ရောင်ဟု အတွင်းပြု၍

www.dhammaransi.com



သိမ်းပိုက်ခြင်းငှာ မထိုက်။ ။ ထိုလျှပ်ရောင်သည် အရှည်တည်နေနိုင်သော အနှစ်မရှိ၍ပင်လျှင် လျှပ်ရောင်ကို အစိုးရသူအရှင်သခင်ဟူ၍ မရှိ၊ ထိုကြောင့်လျှပ်ရောင်ကို ငါပိုင်ထိုက်သော လျှပ်ရောင်ဖြစ်သည်ဟု မိမိကိုကို လျှပ်ရောင်၏ အရှင့်အနေ သခင့်အနေမှတ်၍ ငါ့လျှပ်ရောင်ဟု အတွင်းပြု၍ သိမ်းပိုက်ခြင်းငှာ မထိုက်။ ထိုလျှပ်ရောင်သည် အရှည်တည်နေနိုင်သော အနှစ်သာရ မရှိ၍ပင်လျှင် ပုဂ္ဂိုလ်အလိုရှိရာသို့ လိုက်ပါသော တရားမဟုတ်၊ ထို့ကြောင့် အလိုမလိုက်သော လျှပ်ရောင်ကို ငါ၏ကိုဟု အတွင်းပြုခြင်းငှာ မထိုက်။

- တစ်နည်း ထိုလျှပ်ရောင်၏ ဖြစ်မှုသည် လျှပ်ရောင်ကို ဖြစ်ပေါ်စေနိုင်သော အကြောင်းစုနှင့်သာဆိုင်ပေသည်။ ပုဂ္ဂိုလ်၏ အလိုနှင့် မဆိုင်ကြပေ၊ ထို့ကြောင့် ထိုလျှပ်ရောင်သည် ပုဂ္ဂိုလ်၏အလိုသို့ လိုက်ခြင်း မရှိ။ ထိုသို့လိုက်ခြင်း မရှိ၊ မရှိလေသောကြောင့် ထိုလျှပ်ရောင်ကို ငါ့ကို ငါ့ကိုဟု အတွင်းပြုခြင်းငှာ မထိုက်။

- ဤသို့ အနတ္တာ ကိုမဟုတ် အတွင်းမဟုတ် ဟူသောသဒ္ဒတ္ထ၏ ကာရဏ ယုတ္တိကို ပြခြင်းငှာ အသာရကဋ္ဌေန အသာမိကဋ္ဌေန အဝသဝတ္တနဋ္ဌေန ဟူသော အနက်သုံးချက်ကို ကျမ်းဆရာတို့ ဆိုကြပေကုန်သည်၊ အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေနတို့၌လည်း ဤနည်းအတူ။ ။ဤကား အနတ္တာပုဒ်၌ ပြအပ်သောအနက်ကို နှီးနှောချက်တည်း။

- ဆိုခဲ့ပြီးသော ဓာတ်ကြီးလေးပါး အကြည်ဓာတ်ခြောက်ပါး ဓာတ်မီးရှစ်ပါး ဓာတ်ဆီငါးပါး ဓာတ်ဘီလူးအများ ဤတရားစုတို့၏ ဖြစ်ပေါ်မှု ဆက်လက်ဖြစ်ပွားမှု လျော့ပါးဆုတ်ယုတ်မှုတို့သည် ပုဂ္ဂိုလ်၏အလိုနှင့် ဆိုင်သောအမှုတို့ပင် မဟုတ်ကုန်၊ စင်စစ်မူကား သူတို့ကို ဖြစ်ပေါ်စေခြင်းငှါ ထိုက်သော အဇ္ဈတ္တ ဗဟိဒ္ဓဗီဇ၊ အကြောင်းတို့နှင့်သာ ဆိုင်သောအမှုတို့ပေတည်း။

- မီး၏ဖြစ်မှု တစ်ညလုံး တစ်နေ့လုံး တည်နေမှုသည် ပုဂ္ဂိုလ်၏ အလိုနှင့် မဆိုင်ပေ၊ မပိုင်ပေ။ မီးကိုဖြစ်စေတတ်သော မီးခြစ်ဆေး မီးကိုတစ်ညဉ့်လုံး

www.dhammaransi.com



တစ်နေ့လုံးတည်စေနိုင်သော မီးစာ ထင်း သစ်သားတို့နှင့်သာ ဆိုင်ပေသည်။ ဆီမီး ဖယောင်း မီး ရေနံမီးဖြစ်လျှင်ဆီမီးစာ ဖယောင်း ရေနံဆီတို့နှင့်သာ ဆိုင်ပေသည်။ ထို့ကြောင့်မီးကို မီးရောင်ကိုအလို ရှိသော ပုဂ္ဂိုလ်က တောက်စေဟုဆိုသော်လည်း မတောက်၊ တည်စေဟုဆိုသော်လည်း မတည်၊ မီး၏အဆောက်အဦကို စုဆောင်း၍ ပေးမှသာ တောက်လေ တည်လေသည်။ မသေနှင့်ဆိုသော်လည်း ဆီမီးစာကုန်လျှင် မသေဘဲမနေ။ ဤအတူမှတ်။ ။

➤ အစိုးရမှုမည်သည် အလိုကိုလိုက်နာသူ၏ အပေါ်၌သာ ရှိမြဲတည်း။ မိမိအလိုနှင့် သက်သက်မဆိုင်လှ၍ အစိုးရမှု အချင်းခပ်သိမ်း မရှိဘဲ အကြောင်းဗီဇဆိုက်တိုက်ရာ ဖြစ်မှု တည်မှု တသွန်တည်း သူ့လမ်းနှင့်သူ သူ့အခွင့်နှင့်သူ ဖြစ်ပေါ် ပျက်ပြား၍နေသော ရုပ်တရား နာမ်တရားတို့ကို အစိုးရမှု အတွင်းပြု၍ ငါ့ကို ငါ့ကိုဟု သိမ်းပိုက်ခြင်းသည် ဓမ္မတာအားဖြင့် အမှားစင်စစ်ဖြစ်သတည်း။ အစိုးရခြင်း အချင်းခပ်သိမ်း ကင်းပုံမှာ ရှေး၌ ပြဆိုခဲ့ပြီးသော အချက်နှင့်ပင် ထင်ရှား လောက်ပြီ။ ။

ပုဏ္ဏောဝါဒေါ=သက္ကရာဇ်- ၁၂၅၆-ခု၊ နတ္တော်လတွင် မန္တလေး အနောက်ပြင် ဂုံတန်တန်းရပ်နေ အသက်- ၆၀-ကျော်ရွယ် မယ်ပုံကို ဆုံးမပြောဟောသော ပုဏ္ဏောဝါဒ ကမ္မဋ္ဌာန်းသည်၊ နိဋ္ဌိတော=ပြီးပြီ။

-----✱------

www.dhammaransi.com

# နိဒါန်း

ဗုဒ္ဓါဒိစ္စေ အနုပ္ပန္နေ၊ ဗုဒ္ဓစန္ဒေ အနုဂ္ဂတေ။
တေသံ သဘာဝဓမ္မာနံ၊ နာမ မတ္တံ န နာယတိ။
[ပရိဝါ ပါဠိတော်]

ဗုဒ္ဓါဒိစ္စေ=အဝိဇ္ဇာမှောင်တိုက်ကို မဂ်ဝိဇ္ဇာအခေါင်စိုက်လျက် ပယ်မြိုက်ချေခွင်း ဘုရားတည်းဟူသော ရှင်နေမင်းကြီးသည်၊ အနုပ္ပန္နေ=ကမ္ဘာနံ့ကျော် မထွက်ပေါ်သည်ရှိသော်၊ ဗုဒ္ဓစန္ဒေ=သတ္တဝါတို့၏ စိတ်နှလုံးကို ရွှင်ပြုံးစေတတ် မြင့်မြတ်ဂုဏ်ထိန် ဘုရားတည်းဟူသော ပုဏ္ဏမိန်လမင်းကြီးသည်၊ အနုဂ္ဂတေ= ကမ္ဘာကျော်လျက် မပေါ်မတက်သည်ရှိသော်၊ တေသံ သဘာဝဓမ္မာနံ=ထိုစီမံသူကင်း အကြောင်းရင်းကြောင့် မယွင်းဖြစ်ပေါ် နှစ်ဖော်ရုပ်နာမ် သဘာဝမည်သော ပစ္စည်း ပစ္စယုပ္ပန်တရားတို့၏၊ နာမမတ္တံ=ဖဿ, ဝေဒနာ, သညာ, ပထဝီ- စသည် ထွေပြား အမည်များသော်မျှလည်း၊ န နာယတိ=ကမ္ဘာသူ ကမ္ဘာသားတို့၏ ဉာဏ်သွားမထက် ပျက်ပျက်ပြင်ပြင် ကွက်ကွက်ကွင်းကွင်းကြီး မထင်မမြင်နိုင်ကြလေသတည်း။

ဤသို့ဘုရားရှင်ကိုယ်တော်မြတ် ဟောကြားတော်မူအပ်သော ပရိဝါ ပါဠိတော်မြတ်နှင့်အညီ ကမ္ဘာသူကမ္ဘာသား သတ္တဝါများတို့ ဖြစ်ပျက်သခါ နှစ်ဖြာရုပ်နာမ် သမုဒ္ဒာန်တို့ကို အဟုတ်ကြံသိ နိဗ္ဗာန်ထိအောင် ဉာဏ်မိကြဘို့ အရေးအချက်မှာ ဘုရားရှင်တည်းဟူသော နေမင်း, လမင်းကြီးသည် ဖွေးဖွေးလက်လက် ကမ္ဘာပေါ်မှာ ပေါ်ထွက်၍ လာမှသာလျှင် အမှန်လိုရင်းသို့ ရောက်နိုင်ကြပေသည်။ ထိုဘုရားရှင် တည်းဟူသော နေမင်း, လမင်းကြီးသည်လည်း ဖွေးဖွေးလက်လက် ကမ္ဘာပေါ်မှာ ပေါ်ထွက်၍ လာလေသောကြောင့် ၄၅-ဝါ ကာလပတ်လုံး တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူကာ ဒုလ္လဘ သာသနာတော်ကြီးကို ဖန်တီးတည်ထောင်တော်မူခဲ့ရကား ကမ္ဘာသူ ကမ္ဘာသား တို့အတွက် နိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်တို့ကို အချက်ကျကျ

www.dhammaransi.com



ခံစားနိုင်ကြပေကုန်သည်။ သို့ရာတွင် ခုခေတ်သမယကြီးသည်ကား အမှားကို အမှန်ထင် ဉာဏ်အမြင်ချော်စောင်း အကောင်းလည်း အဆိုးဖြစ် မောဟမီးထွန်း သစ်သည့် ခေတ်သမယကြီး ဖြစ်သည့်အလျောက် အာဒိ, မဇ္ဈ, ပရိယောသာန ဟူသော ကလျာဏသုံးတန်ဖြင့် အမှန်ပြည့်စုံစွာ သွာက္ခာတဂုဏ်ရှိသော ဘုရားရှင်၏ ဒေသနာဓမ္မကို နေရာတကျ သိမြင်ခြင်းငှာ ခဲယဉ်းလှပေသည်။ သို့ဖြစ်၍ ပိဋကတ္တယ ပါရဂူ ဝိစိတ္တနယဝိဒူ ဖြစ်တော်မူသော **မုံရွာမြို့ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည်** အသဘာဝသဒ္ဓပညတ္တိဓမ္မ၌ တည်၍ပင်သော်လည်း လူ, နတ်, နိဗ္ဗာန် သုံးတန်ချမ်းသာရနိုင်ရာနည်းလမ်း ဒါနစသောကုသိုလ်ပြမ်းကို လမ်းမှန်အောင် ပြတတ်ဖို့အရေးကို စိတ်တွေးလျက် **ဒါနာဒိဒီပနီကျမ်း** ကိုရေးသား စီရင်တော်မူခဲ့ပေသတည်း။

ဘဒ္ဒန္တကေလာသ-**နဝမပမာန နာယကဆရာတော် ကြီးမှူးသော ဦးဖိုလ်မောင် (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ) ဦးမောင်မောင်ဦး ( B.A )** တို့နှင့် လယ်တီဒီပနီ ထွန်းကားပြန့်ပွါးရေး အဖွဲ့သားတို့က တည်းဖြတ်သုတ်သင် ပြင်ဆင်လျက် မုံရွာမြို့ မဟာလယ်တီတိုက် လယ်တီရောင်ခြည်ကွန်ပျူတာ အဖွဲ့မှ အက္ခရာ ပုဒ်ရင်း မချွတ်ယွင်းစေရအောင် ဤ ဒါနာဒိဒီပနီကျမ်းကို စာစီပြုလုပ်ကာ ထုတ်ဝေဖြန့်ချိအပ်ပါသတည်း။

**လယ်တီရောင်ခြည် ကွန်ပျူတာစာပေ**
လယ်တီဒီပနီ ထွန်းကားပြန့်ပွားရေးအဖွဲ့
မဟာလယ်တီတိုက်၊
မုံရွာမြို့။

www.dhammaransi.com

# ဒါ နာ ဒိ ဒီ ပ နီ

- လူကဲ့ရဲ့မည်စိုး၍ လှူသောဒါနသည် လောကာဓိပတေယျဒါနမည်၏။

- စေတနာသဒ္ဓါမရှိပဲ မိမိအရှိန်အဝါအရ လှူမှသင့်မည်ဟု ယူဆသော ပေးလှူမှုသည် အတ္တာဓိပတေယျဒါနမည်၏။

- ဆိုက်ရောက်လာသော အလှူခံပုဂ္ဂိုလ်အလိုရှိ၍ တောင်းရမ်းသူတို့အား တတ်နိုင်သမျှ ဝေငှပေးကမ်းလှူဒါန်းစွန့်ကြဲခြင်းသည် အလောင်းလျာ သူတော်ကောင်းတို့၏ အလေ့အကျင့်ဖြစ်သည်ဟု သူတော်ကောင်းတရားကို အလေးပြု၍ ပေးလှူမှုသည် ဓမ္မာဓိပတေယျဒါနမည်၏။

ဓမ္မာဓိပတေယျဒါနသည်သာ မြတ်၏။

# ဒါနာဒိ ဒီပနီ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ၁။ ဒါနခန်းမာတိကာ

## ၁။ နှစ်ပါးစု မာတိကာ

**ဒါနံ-ဒါနသည်၊**

၁။ **အာမိသ ဓမ္မတော**= ပစ္စည်းဝတ္ထုကိုပေးလှူသော "**အာမိသဒါန**"၊ မိမိသိသော တရားကျမ်းဂန် ပညာသိပ္ပကို သူတစ်ပါးတို့အား ဖြန့်ဖြူးသော "**ဓမ္မဒါန**" ဟူ၍လည်းကောင်း။

၂။ **သက္ကစ္စ အသက္ကစ္စတော**၊ အရိုအသေပြု၍လှူသော "**သက္ကစ္စ ဒါန**"၊ အရိုအသေမရှိဘဲ လှူသော "**အသက္ကစ္စဒါန**" ဟူ၍လည်းကောင်း။

၃။ **ပူဇာနုဂ္ဂဟတော**=မြတ်သောသူကို ပူဇော်မှုဖြင့် လှူဒါန်းသော "**ပူဇာဒါန**"၊ ယုတ်ညံ့သောသူကို ချီးမြှင့်မှုဖြင့် လှူဒါန်းသော "**အနုဂ္ဂဟ ဒါန**" ဟူ၍လည်းကောင်း။

၄။ **သာဟတ္ထိက အာဏတ္တိကတော**= ကိုယ်တိုင်လှူသော "**သာဟတ္ထိက ဒါန**"၊ သူတစ်ပါးကို စေခိုင်း၍လှူသော "**အာဏတ္တိက ဒါန**" ဟူ၍ လည်းကောင်း။

၅။ **ထာဝရ အထာဝရတော**= စေတီပုထိုး စရပ်တန်ဆောင်း ဂူကျောင်း ဘုရားတံတား စောင်းတန်း ရေတွင်း ရေကန် အာရာမ် ဥယျာဉ် သစ်ပင်တောစိုး အစရှိသော "**ထာဝရဒါန**"၊ ဆွမ်းသင်္ကန်းစသော "**အထာဝရဒါန**" ဟူ၍လည်းကောင်း။

၆။ **သပရိဝါရ အပရိဝါရတော**=အမွှမ်းအမံ အခြံအရံ ဝတ္ထုတို့နှင့် အစုံအလင်ပြု၍လှူသော "**သပရိဝါရဒါန**"၊ အခြံအရံမပါဘဲ လှူသော

www.dhammaransi.com



"**အပရိဂ္ဂဟိတဒါန**"ဟူ၍လည်းကောင်း။

၇။ နိစ္စ အနိစ္စတော=အမြဲဝတ်တည်၍လှူသော "**နိစ္စဒါန**" ရံခါ ရံဖန်လှူသော "**အနိစ္စဒါန**" ဟူ၍လည်းကောင်း။

၈။ သသင်္ခါရ အသင်္ခါရတော၊ သူတစ်ပါးတို့ နှိုးဆော်တိုက်တွန်း၍ လှူသော "**သသင်္ခါရဒါန**"၊ မိမိစိတ်သဘော သက်သက်နှင့် လှူသော "**အသင်္ခါရဒါန**" ဟူ၍လည်းကောင်း။

၉။ ဉာဏ အဉာဏတော= အကျိုးကိုသိ၍ပြုသော "**ဉာဏဒါန**"၊ အကျိုးကိုမသိဘဲပြုသော "**အဉာဏဒါန**" ဟူ၍လည်းကောင်း။

၁၀။ ဝဋ္ဋ ဝိဝဋ္ဋတော=လောကီချမ်းသာကို တောင့်တ၍လှူသော "**ဝဋ္ဋနိဿိတဒါန**"၊ လောကုတ္တရာချမ်းသာကို တောင့်တ၍ လှူသော "**ဝိဝဋ္ဋနိဿိတဒါန**" ဟူ၍လည်းကောင်း။

၁၁။ ဓမ္မ အဓမ္မတော=ထမင်း အဖျော်စသော လှူထိုက်သော ဝတ္ထုကို လှူသော "**ဓမ္မဒါန**"၊ မကောင်းမှုကို လိုလားသောသူတို့အား သေရည်သေရက် လက်နက်ကိရိယာစသော မလှူထိုက်သော ဝတ္ထုတို့ကို ပေးလှူသော "**အဓမ္မဒါန**" ဟူ၍လည်းကောင်း။

၁၂။ ဓမ္မိက အဓမ္မိကတော=ရည်စူးရင်း ပုဂ္ဂိုလ် သံဃာ, စေတီ ပုထိုးကို လှူသော "**ဓမ္မိကဒါန ၉-ပါး**"၊ နဂိုရည်စူးရင်းမှ ပြောင်းလွှဲ၍ လှူသော "**အဓမ္မိကဒါန ၉-ပါး**" ဟူ၍လည်းကောင်း။

၁၃။ ဝတ္ထုဒါန အဘယဒါနတော=ပစ္စည်းဝတ္ထုကို ပေးလှူသော "**ဝတ္ထုဒါန**"၊ အသက်စည်းစိမ် ဘေးမဲ့ချမ်းသာကို ပေးလှူသော ငါးပါးသီလ စသော "**အဘယဒါန**" ဟူ၍လည်းကောင်း။

၁၄။ အဇ္ဈတ္တိက ဗာဟိရတော=အသက်ခန္ဓာ ကြီးငယ်ကိုလှူသော "**အဇ္ဈတ္တိကဒါန**"၊ အပဝတ္ထုကိုလှူသော "**ဗာဟိရဒါန**" ဟူ၍ လည်းကောင်း။

၁၅။ သာဝဇ္ဇ အနဝဇ္ဇတော=သမင် ငါး သား နွား ကျွဲ ကြက် ဝက်တို့ကို

www.dhammaransi.com



သတ်ဖြတ် ညှဉ်းပန်းမှုနှင့်ရော၍ အပြစ်မကင်းသော "**သာဝဇ္ဇ ဒါန**"၊ အသက်သတ်ခြင်း ညှဉ်းဆဲခြင်းမှကင်း၍ သန့်ရှင်းစင်ကြယ်သော "**အနဝဇ္ဇဒါန**" ဟူ၍လည်းကောင်း။

၁၆။ **အဂ္ဂ ဥစ္စိဋ္ဌ**တော=အဦးအဖျား အမွန်အမြတ်ကိုလှူသော "**အဂ္ဂဒါန**"၊ အယုတ်အညံ့ အကြွင်းအကျန်ကိုလှူသော "**ဥစ္စိဋ္ဌဒါန**" ဟူ၍ လည်းကောင်း။

၁၇။ **ဟီန ပဏီတ**တော=မိမိ သုံးဆောင်သည့်အောက် အယုတ်အညံ့ကို လှူသော "**ဟီနဒါန**"၊ မိမိသုံးဆောင်သည်ထက် အကောင်းအမွန်ကို လှူသော"**ပဏီတဒါန**"ဟူ၍လည်းကောင်း။ ဒုဝိဓံ=အယုတ်,အမြတ် အားဖြင့် ၂-ပါး. အပြားရှိ၏။ ။

**နှစ်ပါးစု မာတိကာ-ပြီး၏။**

-------*-------

## ၂။ သုံးပါးစု မာတိကာ

ဒါနံ=ဒါနသည်၊

၁။ **ဟီန မဇ္ဈိမ ပဏီတ**တော=ယုတ်ညံ့သော "**ဟီနဒါန**"၊ အလယ် အလတ်ရှိသော "**မဇ္ဈိမဒါန**"၊ အထွတ်အမြတ် ဖြစ်သော "**ပဏီတဒါန**" ဟူ၍လည်းကောင်း။

၂။ **ဒါသ သဟာယ သာမိ**တော=မိမိသုံးဆောင်သည့်အောက် ယုတ်ညံ့ သောဝတ္ထုကို လှူသည်ဖြစ်၍ ကျွန်နှင့်တူသော "**ဒါသဒါန**"၊ မိမိ သုံးဆောင်သည်နှင့် တူရုံရှိသော ဝတ္ထုကိုလှူသည်ဖြစ်၍ အပေါင်း အဖော်နှင့်တူသော "**သဟာယဒါန**"၊ မိမိသုံးဆောင်သည်ထက် ကောင်းမွန်သောဝတ္ထုကို လှူသည်ဖြစ်၍ အရှင်သခင်နှင့်တူသော "**သာမိဒါန**" ဟူ၍လည်းကောင်း။

၃။ **ဝတ္ထု အဘယ ဓမ္မ**တော=ပစ္စည်းဝတ္ထုကို ပေးလှူသော "**ဝတ္ထု ဒါန**"၊ သူတစ်ပါးအသက် သူတစ်ပါးဥစ္စာကို ကယ်ဆယ်သော "**အဘယ ဒါန**"၊

www.dhammaransi.com



တရားကျမ်းဂန်ကို ပြောဟောပြသသော "**ဓမ္မဒါန**" ဟူ၍ လည်းကောင်း။

၄။ **လောက အတ္တ ဓမ္မ တော**=လောကကို အလေးပြု၍လှူသော "**လောကာဓိပတေယျဒါန**"၊ မိမိဂုဏ်ကို အလေးပြု၍လှူသော "**အတ္တာဓိပတေယျဒါန**"၊ သူတော်ကောင်းတရားကို အလေးပြု၍ လှူသော "**ဓမ္မာဓိပတေယျဒါန**" ဟူ၍လည်းကောင်း၊ တိဝိဓံ= အယုတ်, အလတ်, အမြတ်အားဖြင့် ၃-ပါးအပြားရှိ၏။ ။

သုံးပါးစု မာတိကာ-ပြီး၏။

-------*------

## ၃။ လေးပါးစု မာတိကာ

**ဒါနံ**-ဒါနသည်၊

၁။ **စတုပစ္စယတော**=အဝတ်သင်္ကန်းကို လှူသော "**စီဝရဒါန**"၊ အစာအာဟာရကိုလှူသော "**ပိဏ္ဍပါတဒါန**"၊ စရပ်တန်ဆောင်းကျောင်း အရိပ်အာဝါသကိုလှူသော "**သေနာသနဒါန**"၊ ဆေးဝါး ခွာတ်စာကိုလှူသော "**ဘေသဇ္ဇဒါန**" ဟူ၍လည်းကောင်း။

၂။ **ဒက္ခိဏာဝိသုဒ္ဓိတော**=လှူသူ သီလရှိ၍ ခံသူ သီလမရှိသော ဒါန, ခံသူ သီလရှိ၍ လှူသူ သီလမရှိသော ဒါန, လှူသူ ခံသူ ၂-ပါး သီလမရှိသော ဒါန, လှူသူ ခံသူ ၂-ပါး သီလရှိသော ဒါနဟူ၍ လည်းကောင်း။ စတုဗ္ဗိဓံ၊ ၄-ပါးအပြားရှိ၏။ ။

လေးပါးစု မာတိကာ-ပြီး၏။

--------*--------

## ၄။ ငါးပါးစု မာတိကာ

**ဒါနံ**-ဒါနသည်၊

၁။ **အဓမ္မဒါနတော**=မူးယစ်စေတတ်သော သေရည်သေရက်ကို လှူသော "**အဓမ္မဒါန**" တစ်ပါး။

၂။ ရုပ်သေး အငြိမ့်စသော ကချေသည်ကိုလှူသော "**အဓမ္မဒါန**" တစ်ပါး။

မိခင်ဇရာဝတီ

www.dhammaransi.com



၃။ ကာမဂုဏ်အတွက် နွားလားဥသဘကိုလှူသော "အဓမ္မဒါန" တစ်ပါး။

၄။ ကာမဂုဏ်အတွက် မိန်းမတို့ကိုလှူသော "အဓမ္မဒါန" တစ်ပါး။

၅။ မိန်းမယောက်ျား ရွှင်ခြင်းအစရှိသော ကိလေသာတို့ကိုဖြစ်စေတတ်သော ပန်းချီဆေးရေးရုပ်လှူသော "အဓမ္မဒါန" တစ်ပါးဟူ၍ အဓမ္မဒါန အပြားအားဖြင့်။ ပဥ္စဝိခံ= ၅-ပါး အပြားရှိ၏။ ။

ငါးပါးစုမာတိကာပြီး၏။

--------*--------

## ၅။ ခြောက်ပါးစု မာတိကာ

ဒါနံ-ဒါနသည်၊

၁။ ဝဏ္ဏဒါနံ=အဆင်းအရောင်ကောင်းသော ပန်းမျိုး, အဝတ် အထည်မျိုး ဟူသော "ရူပါရုံအလှူ"။

၂။ သဒ္ဒဒါနံ=အသံ သာယာသော ကြေးစည် ခေါင်းလောင်း စောင်း ပတ္တလားစသော "သဒ္ဒါရုံအလှူ"။

၃။ ဂန္ဓဒါနံ=အနံ့အထုံကောင်းသော ပန်းမျိုး နံ့သာမျိုးဟူသော "ဂန္ဓာရုံ အလှူ"။

၄။ ရသဒါနံ=လျှာအရသာကောင်းသော ခဲဖွယ် ဘောဇဉ်ဟူသော "ရသာရုံ အလှူ"။

၅။ ဖောဋ္ဌဗ္ဗဒါနံ=အတွေ့ကောင်းသော အခင်းမျိုး, အရုံမျိုးဟူသော "ဖောဋ္ဌဗ္ဗာရုံအလှူ"။

၆။ ဓမ္မဒါနံ=အသက်ရှည်ကြောင်း ဩဇာကောင်းသော ဆီဦး ထောပတ် ဆေးမျိုး ဝါးမျိုးဟူသော "ဓမ္မာရုံအလှူ" ဟူ၍လည်းကောင်း။

### တစ်နည်း

၁။ အာရာမေ=လူအများသုံးဆောင်ရန် သစ်သီးအာရာမ် ပန်း အာရာမ် ဟူသော "ထာဝရအလှူ"။

www.dhammaransi.com



၂။ သေတု=တံတား နင်းကြမ်း စောင်းတန်းလှေကား ဟူသော "ထာဝရ အလှူ"။

၃။ ဝနပ္ပတိ=အရိပ်ကောင်းသော တောစိုးသစ်ပင်ကြီးဟူသော "ထာဝရ အလှူ"။

၄။ ပပါ=အမြဲ ရေချမ်းစင်တည်သော "ထာဝရအလှူ"။

၅။ ဥဒပါနံ=သောက်ရေကန် သောက်ရေတွင်းဟူသော "ထာဝရ အလှူ"။

၆။ ဥပဿယော=စရပ်တန်ဆောင်း ဂူကျောင်း ဥမင်ဟူသော "ထာဝရ အလှူ"ဟူ၍လည်းကောင်း၊ ဆဗ္ဗိခံ- ၆-ပါးအပြား ရှိ၏။ ။

ခြောက်ပါးစု မာတိကာ ပြီး၏။

-------*-------

## ၆။ ခုနစ်ပါးစု မာတိကာ

ဒါနံ-ဒါနသည်၊

၁။ **သံဃိကတော**=ဘုရားအမှူးရှိသော ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာ နှစ်ပါးစုံအား လှူသော **သံဃိကဒါန**တစ်ပါး။

၂။ သက်သက်သော ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာ နှစ်ပါးစုံအား လှူသော **သံဃိကဒါန**တစ်ပါး။

၃။ ဘိက္ခုသံဃာ သက်သက်အားလှူသော **သံဃိကဒါန**တစ်ပါး။

၄။ ဘိက္ခုနီသံဃာ သက်သက်အားလှူသော **သံဃိကဒါန**တစ်ပါး။

၅။ ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာ နှစ်ပါးစုံတို့မှ ညွှန်း၍ရသော သံဃာအား လှူသော **သံဃိကဒါန**တစ်ပါး။

၆။ ဘိက္ခုသံဃာမှ ညွှန်း၍ရသော သံဃာအားလှူသော **သံဃိက ဒါန** တစ်ပါး။

၇။ ဘိက္ခုနီသံဃာမှ ညွှန်း၍ရသော သံဃာအားလှူသော **သံဃိက ဒါန**

www.dhammaransi.com



တစ်ပါး ဟူ၍ သံဃိကဒါနအပြားအားဖြင့်။ သတ္တဝိဓံ=၇-ပါးအပြားရှိ၏။

ခုနစ်ပါးစု မာတိကာပြီး၏။

--------*--------

## ၇။ ရှစ်ပါးစု မာတိကာ

ဒါနံ-ဒါနသည်၊

၁။ ဒါနုပပတ္တိ=လူ့ချမ်းသာကို တောင့်တ၍ ပြုသောဒါနသည် လူ့ချမ်းသာ၌သာဖြစ်သော ဒါနတစ်ပါး။

၂-၇။ နတ်ချမ်းသာကို အသီးအသီး တောင့်တ၍ပြုသော ဒါနသည် နတ်ပြည်ခြောက်ထပ်၌သာ ဖြစ်သော ဒါန ၆- ပါး။

၈။ ဗြဟ္မာ့ချမ်းသာကို တောင့်တ၍ပြုသောဒါနသည် ဗြဟ္မာ့ချမ်းသာ၌သာဖြစ်သော ဈာနလာဘီပုဂ္ဂိုလ်တို့၏ ဒါနတစ်ပါး-ဟူ၍။ အဋ္ဌဝိဓံ= ၈-ပါး အပြားရှိ၏။ ။

ရှစ်ပါးစု မာတိကာ-ပြီး၏။

-------*-------

## ၈။ ကိုးပါးစုမာတိကာ

ဒါနံ-ဒါနသည်၊

၁။ **အဝမ္မိကတော**=တစ်ပါးသောပုဂ္ဂိုလ်ကို ညွှတ်ပြီးမှ တစ်ခြားသော ပုဂ္ဂိုလ်ကို လှူသော **အဝမ္မိကဒါန**တစ်ပါး။

၂။ ပုဂ္ဂိုလ်ကိုညွှတ်ပြီးမှ သံဃာကိုလှူသော **အဝမ္မိကဒါန**တစ်ပါး။

၃။ ပုဂ္ဂိုလ်ကိုညွှတ်ပြီးမှ စေတီကိုလှူသော **အဝမ္မိကဒါန**တစ်ပါး။

၄။ သံဃာကိုညွှတ်ပြီးမှ ပုဂ္ဂိုလ်ကိုလှူသော **အဝမ္မိကဒါန**တစ်ပါး။

၅။ တစ်ပါးသောသံဃာကိုညွှတ်ပြီးမှ တစ်ခြားသောသံဃာကို လှူသော **အဝမ္မိကဒါန**တစ်ပါး။

၆။ သံဃာကိုညွှတ်ပြီးမှ စေတီကိုလှူသော **အဝမ္မိကဒါန**တစ်ပါး။

www.dhammaransi.com



၇။ စေတီကိုညွတ်ပြီးမှ ပုဂ္ဂိုလ်ကိုလှူသော **အဓမ္မိကဒါနတစ်ပါး**။

၈။ စေတီကိုညွတ်ပြီးမှ သံဃာကိုလှူသော **အဓမ္မိကဒါနတစ်ပါး**။

၉။ တစ်ပါးသော စေတီကိုညွတ်ပြီးမှ တစ်ခြားသောစေတီကိုလှူသော **အဓမ္မိကဒါနတစ်ပါး**-ဟူ၍ အဓမ္မိကဒါန အပြားအားဖြင့် နဝဝိဓံ=၉-ပါး အပြားရှိ၏။ ။

**ကိုးပါးစု မာတိကာ ပြီး၏။**

------✳------

## ၉။ ဆယ်ပါးစု မာတိကာ

**ဒါနံ-ဒါနသည်၊**

၁။ **အန္နံ**=ထမင်းအစာမျိုးကိုလှူသော "**အန္နဒါန**" တစ်ပါး။

၂။ **ပါနံ**=အဖျော်မျိုးကိုလှူသော "**ပါနဒါန**"တစ်ပါး။

၃။ **ယာနံ**=နေရာ အိမ် ကျောင်းကိုလှူသော "**ယာနဒါန**"တစ်ပါး။

၄။ **ဝတ္ထံ**=အဝတ် အထည်မျိုးကိုလှူသော "**ဝတ္ထဒါန**"တစ်ပါး။

၅။ **မာလာ**=ပန်းမျိုးကိုလှူသော "**မာလာဒါန**"တစ်ပါး။

၆။ **ဂန္ဓော**=နံ့သာမျိုးကိုလှူသော "**ဂန္ဓဒါန**"တစ်ပါး။

၇။ **ဝိလေပနံ**=အညက်ကြိတ်ပြီးသော နံ့သာပျောင်းကိုလှူသော "**ဝိလေပန ဒါန**"တစ်ပါး။

၈။ **သေယျံ**=ညောင်စောင်း ခုတင် အင်းပျဉ် ကွပ်ပျစ် ဖျာ ယိုင် သင်ဖြူး အခင်းအနှီးမျိုးကိုလှူသော "**သေယျဒါန**"တစ်ပါး။

၉။ **အာဝသထော**=ဧည့်သည်တို့ တည်းခိုရန် စရပ်တန်ဆောင်းကို လှူသော "**အာဝသထဒါန**"တစ်ပါး။

၁၀။ **ပဒီပေယျံ**=အရောင်အလင်း အဆောက်အဦကိုလှူသော "**ပဒီပေယျ**

www.dhammaransi.com



ဒါန”တစ်ပါး၊ ဣတိ=ဤသို့၊ ဝတ္ထုတော=ဝတ္ထုအားဖြင့်၊ ဒသဝိဓံ=၁၀-ပါး အပြားရှိ၏။ ။

ဆယ်ပါးစု မာတိကာ-ပြီး၏။

--------*--------

## ၁၀-ဆယ့်လေးပါးစု မာတိကာ

ဒါနံ• ဒါနသည်၊

၁။ ပုဂ္ဂလိကတော၊ “တိရစ္ဆာန်”သတ္တဝါအား ပေးလှူသော ပုဂ္ဂလိက ဒါန တစ်ပါး။

၂။ မူဆိုး, တံငါစသော “ဒုဿီလ”တို့အား ပေးလှူသော ပုဂ္ဂလိက ဒါန တစ်ပါး။

၃။ သရဏဂုံမရှိသော သာသနာပ “လူသီလဝန္တ”တို့အား ပေးလှူသော ပုဂ္ဂလိကဒါနတစ်ပါး။

၄။ သာသနာပ “ဈာန်ရ ရသေ့”တို့အား ပေးလှူသော ပုဂ္ဂလိကဒါန တစ်ပါး။

၅။ သရဏဂုံ သီလရှိသော “လူ, သာမဏေ”တို့မှစ၍ “သောတာပတ္တိမဂ်ပုဂ္ဂိုလ်”အား ပေးလှူသော ပုဂ္ဂလိကဒါနတစ်ပါး။

၆။ “သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်”အား ပေးလှူသော ပုဂ္ဂလိကဒါန တစ်ပါး။

၇။ “သကဒါဂါမိမဂ် ပုဂ္ဂိုလ်”အားပေးလှူသော ပုဂ္ဂလိကဒါနတစ်ပါး။

၈။ “သကဒါဂါမိဖိုလ် ပုဂ္ဂိုလ်”အား ပေးလှူသော ပုဂ္ဂလိကဒါနတစ်ပါး။

၉။ “အနာဂါမိမဂ် ပုဂ္ဂိုလ်”အား ပေးလှူသော ပုဂ္ဂလိကဒါနတစ်ပါး။

၁၀။ “အနာဂါမိဖိုလ် ပုဂ္ဂိုလ်”အား ပေးလှူသော ပုဂ္ဂလိကဒါနတစ်ပါး။

၁၁။ “အရဟတ္တမဂ် ပုဂ္ဂိုလ်”အား ပေးလှူသော ပုဂ္ဂလိကဒါနတစ်ပါး။

၁၂။ “အရဟတ္တဖိုလ် ပုဂ္ဂိုလ်”အား ပေးလှူသော ပုဂ္ဂလိကဒါနတစ်ပါး။

www.dhammaransi.com



၁၃။ "ပစ္စေကဗုဒ္ဓါ" အား ပေးလှူသော ပုဂ္ဂလိကဒါနတစ်ပါး။

၁၄။ "သဗ္ဗညုတဘုရား" အား ပေးလှူသော ပုဂ္ဂလိကဒါနတစ်ပါး- ဟူ၍ ပုဂ္ဂလိကဒါန အပြားအားဖြင့်။ စုဒ္ဒသဝိဓံ=၁၄-ပါးအပြားရှိ၏။

[အလှူခံပုဂ္ဂိုလ် ၁၄-ယောက် အရကျက်ရန်]

ဆယ့်လေးပါးစု မာတိကာပြီး၏။

ဒါနခန်း မာတိကာ အစဉ် ပြီး၏။

-------*-------

## ၂။ ဒါနခန်း အစိပ္ပါယ်

### ကံနှင့်တူစွာ အကျိုးပေးပုံ

သုဿုသာ လဘတေ ပညံ၊
ဥဋ္ဌာတာ ဝိန္ဒတေ ဓနံ။

- သုဿုသာ=ပညာရှိတို့စကားကို ရိုသေလေးမြတ်စွာနာခံမှု၊ ပညံ= အသိပညာ အလိမ္မာကို၊ လဘတေ=ရတတ်၏၊ ဥဋ္ဌာတာ=နေ့နေ့ ညည ထကြွပေါ့ပါး အလကား မနေတတ်မှု၊ ဓနံ= ဥစ္စာကို၊ ဝိန္ဒတေ= ရတတ်၏။ [ပါဠိတော်ရစေ]

သုဝိဇာနော ဘဝံ ဟောတိ၊
ဒုဗ္ဗိဇာနော ပရာဘဝေါ။

- သုဝိဇာနော= ကောင်းကောင်း လိမ်မာသောသူသည်၊ ဘဝံ=ပစ္စုပ္ပန်, သံသရာ နှစ်ဖြာကောင်းကျိုး တိုးပွါးစည်ကားသည်၊ ဟောတိ=ဖြစ်၏၊ ဒုဗ္ဗိဇာနော=အသိအလိမ္မာ ပညာနည်းပါးသောသူသည်၊ ပရာဘဝေါ= ဘဝအဆက်ဆက် ပျက်စီးယုတ်ညံ့သည်၊ ဟောတိ=ဖြစ်၏။ [ပါဠိတော်ရစေ]

ဓမ္မကာမော ဘဝံ ဟောတိ၊
ဓမ္မဒေဿီ ပရာဘဝေါ။

- ဓမ္မကာမော= အသိတရား အကျင့်တရားကို လိုလားသော သူသည်၊

www.dhammaransi.com



ဘဝံ=ပစ္စုပ္ပန်, သံသရာ ချမ်းသာစီးပွါး များပြတ်သည်၊ ဟောတိ=ဖြစ်၏၊ ဓမ္မဒေသီ=အသိတရား အကျင့်တရားကို မလိုလားသောသူသည်၊ ပရာဘဝေါ=ဘဝအဆက်ဆက် ပျက်စီးဆုံးရှုံးသည်၊ ဟောတိ=ဖြစ်၏။

[ပါဠိတော်ရစေ။]

ကလျာဏကာရီ ကလျာဏံ၊
ပါပကာရီစ ပါပကံ။

- ကလျာဏကာရီ=အကောင်းအမွန်ကို ပြုလေ့ရှိသောသူသည်၊ ကလျာဏံ= အကောင်းအမွန်ကို၊ လဘတေ=ရတတ်၏၊ ပါပကာရီ=မကောင်းမှုကို ပြုလေ့ရှိသောသူသည်၊ ပါပကံ=မကောင်းမှုကို၊ လဘတေ=ရတတ်၏။

[ပါဠိတော်ရစေ။]

ယခုဘဝ အကောင်းကိုပြုမှ နောက်နောက်ဘဝ အကောင်းကို ရသည်၊ ယခုဘဝ မကောင်းသည်ကိုပြုလျှင် နောက်နောက်ဘဝ မကောင်းသည်ကို ရသည်။

ယာဒိသံ ဝပတေ ဗီဇံ၊
တာဒိသံ ဟရတေ ဖလံ။

- ယာဒိသံ=အကြင်သို့သဘောရှိသော၊ ဗီဇံ=မျိုးစေ့ကို၊ ဝပတေ=စိုက်ပျိုး၏၊ တာဒိသံ=ထိုသို့သဘောရှိသော၊ ဖလံ=အသီးကို၊ ဟရတေ=ဆောင်၏။

[ပါဠိတော်ရစေ။]

ဆန်ဖြူ ဆန်ကောင်းမျိုးကို စိုက်ပျိုးမှ ဆန်ဖြူစပါး, ဆန်ကောင်း စပါး ဖြစ်ထွန်းသည်၊ ဆန်နီ, ဆန်ကြမ်းမျိုးကို စိုက်ပျိုးလျှင် ဆန်နီစပါး, ဆန်ကြမ်းစပါး ဖြစ်ထွန်းသည်၊ အချဉ်မျိုး, အခါးမျိုးကိုစိုက်လျှင် အချဉ်သီး, အခါးသီးသာသီးသည်၊ အချိုမျိုး, အဆိမ့်မျိုးကိုစိုက်မှ အချိုသီး, အဆိမ့်သီးကို သီးသည်၊ လောကမျက်မြင် ဥပမာ။

သဒိသံ ပါကံ ဇနေတိ။

- သဒိသံ=အကြောင်းကံနှင့်တူသော၊ ပါကံ=အကျိုးကို၊ ဇနေတိ=ဖြစ်စေတတ်၏။ [အဋ္ဌကထာရစေ။]

ကုသိုလ်ကံ, အကုသိုလ်ကံကျိုးတို့မည်သည် များသောအားဖြင့် ကံနှင့်

www.dhammaransi.com



အလားတူတတ်သည်။

မနာပဒါယီ လဘတေ မနာပံ။

- မနာပဒါယီ=အလှူခံပုဂ္ဂိုလ် နှစ်သက်ဖွယ်ကို လှူဒါန်းလေ့ရှိသော သူသည်၊ မနာပံ=နှစ်သက်ဖွယ်သောအကျိုးကို၊ လဘတေ=ရတတ်၏။

[ပါဠိတော်ရစေ]

**တစ်နည်းကား။** ။ မနာပဒါယီ=မိမိနှစ်သက်သော ဝတ္ထုကို လှူဒါန်းသောသူသည်၊ မနာပံ=နှစ်သက်ဖွယ်သော အကျိုးကို၊ လဘတေ=ရတတ်၏။

မိမိနှစ်သက်မှ သူတစ်ပါးလည်း နှစ်သက်မည်, အလှူခံနှစ်သက်မှ အလှူလည်း အကျိုးကြီးမည်-ဟုသိ၍ မိမိနှစ်သက်လောက်မှ သူတစ်ပါးကိုလည်း ပေးလှူသူသည် မနာပဒါယီမည်၏၊ အလှူခံနှစ်သက်သည်သာ လိုရင်း။

[သည်ကနောက်ကို စကားပြင်သက်သက်စုမှာ အရမကျက်နှင့်၊ မှတ်မိအောင်ကြည့်၊ ပါဠိ အနက်ဖြစ်လျှင် အရကျက်။]

--------*-------

## ၁။ နှစ်ပါးစုအခိပ္ပါယ်

၁။ ဒါနနှစ်ပါးစုတို့တွင်-

အာမိသဒါန, ဓမ္မဒါနနှစ်ပါးတွင် ဓမ္မဒါန မြတ်သည်။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

သဗ္ဗဒါနံ=အလုံးစုံသော အာမိသအလှူကို၊ ဓမ္မဒါနံ=တရား အလှူက၊ ဇိနာတိ=အောင်၏။

[ပါဠိတော်ရစေ]

အာမိသအလှူ, ဓမ္မအလှူ နှစ်ပါးပြိုင်ကြလျှင် ဓမ္မအလှူက နိုင်သည်သာ-ဟူလို၊ အာမိသအလှူကား ဥစ္စာစည်းစိမ်ကို ပေးတတ်သည်၊ ဓမ္မအလှူကား အသိအလိမ္မာ ဉာဏ်ပညာကို ပေးတတ်သည်။

၂။ သက္ကစ္စဒါန,အသက္ကစ္စဒါနနှစ်ပါးတွင် သက္ကစ္စဒါနမြတ်သည်၊ သက္ကစ္စ မပြောက်သော အလှူသည် အကျိုးပေးသောအခါ ထိုသူကို မိမိ၏

www.dhammaransi.com



သားမယား ကျေးကျွန်တို့ကပင် ရှိသေခြင်းမရှိကုန်၊ သက္ကစ္စမြောက်သော အလှူသည် အကျိုးပေးသောအခါ ထိုသူကို အများရှိသေရသည်။
[သဒိသံ ပါကံ ဇနေတိ]

၃။ ပူဇာဒါန, အနုဂ္ဂဟဒါန နှစ်ပါးတွင် ပူဇာဒါနမြတ်သည်၊ သို့သော်လည်း အနုဂ္ဂဟဒါနကိုလည်း အလေးပြုရသည်ပင်၊ အနုဂ္ဂဟဒါနပင်ဖြစ်သော်လည်း စေတနာထက်ထက်နှင့် သက္ကစ္စမြောက်အောင် လှူရမည်။ ခွေး, ဝက်, ကြက်, ငှက်ကိုပင် ကျွေးမွေးသော်လည်း ကောင်းမွန်စွာ စီစဉ်၍ ကျွေးမွေးလျှင် သက္ကစ္စဒါနဖြစ်၍၊ မြေအလူးလူး ရွှံ့အလူးလူးပုံ၍ ကျွေးလျှင် အသက္ကစ္စဒါနဖြစ်၏။

၄။ သာဟတ္ထိကဒါန, အာဏတ္တိကဒါန နှစ်ပါးတွင် သာဟတ္ထိက ဒါန မြတ်၏၊ ကိုယ်တိုင်ပင်မထပဲ သူတစ်ပါးကိုသာ ခိုင်းစေ၍လှူသောဒါနသည် အကျိုးပေးသောအခါ အခြွေအရံ နည်းတတ်သည်။

ရာဇညမင်းကြီးသည် အာဏတ္တိကဒါနအတွက် စာတုမဟာရာဇ် နတ်ပြည်တွင် ဘုံဟောင်း ဗိမာန်ဟောင်းကြီးတစ်ခု၌ အခြွေအရံမရှိဘဲ တစ်ယောက်အထီးတည်း နတ်ကြီးဖြစ်ရသည်-ဟု ကျမ်းဂန်ရှိသည်၊ ထို့ကြောင့် တတ်နိုင်လျက်နှင့် အထပျင်းသည့်အတွက် သူတစ်ပါးကိုသာ မခိုင်းကြနှင့်၊ သာဟတ္ထိက မြောက်အောင်ပြုကြ။

၅။ ထာဝရဒါန, အထာဝရဒါန နှစ်ပါးတွင် ထာဝရဒါန အကျိုးပေး ခိုင်မြဲသည်။ နေ့စဉ်ဝတ်တည်၍ပြုသော ဆွမ်းစသော နိစ္စဘတ်ဒါနသည်လည်း ထာဝရဒါန အလားရှိ၏။

တေသံ ဒိဝါစ ရတ္တောစ၊ သဒါ ပုညံ ပဝဍ္ဎတိ။

တေသံ=ထိုထာဝရဒါန, နိစ္စဘတ်ဒါန ရှိကြကုန်သော သူတို့အား၊ ဒိဝါစ=နေ့၌လည်းကောင်း၊ ရတ္တောစ=ညဉ့်၌လည်းကောင်း၊ သဒါ=အခါ ခပ်သိမ်း၊ ပုညံ=ကုသိုလ်သည်၊ ပဝဍ္ဎတိ=မြစ်ရေ အယဉ်ကဲ့သို့ပွားစီး၏။
[ပါဠိတော်ရစေ]

www.dhammaransi.com



၆။ သပရိဝါရဒါန, အပရိဝါရဒါနနှစ်ပါးတွင် သပရိဝါရဒါန မြတ်၏။ သက်န်းကိုလှူလျှင် သင်္ကန်းသက်သက် လှူသည်ကား အပရိဝါရ ဒါနမည်၏၊ သင်္ကန်းကို လှူလျှင် သင်္ကန်းနှင့်စပ်သော အခြံအရံစုကို အစုံအလင်ပြု၍ လှူသည်ကား သပရိဝါရဒါနမည်၏။ အလုံးစုံသော အလှူဝတ္ထုတို့မှာလည်း ဤနည်းချည်း။

အပရိဝါရဒါနသည် အကျိုးပေးသောအခါ ထမင်းကိုလိုလျှင် ထမင်းသက်သက်ကိုသာ ရတတ်၏၊ "ပျားရှိ၍ ဖက်မရှိ, ဖက်ရှိ၍ ပျားမရှိ" ဆိုဘိသကဲ့သို့ ဖြစ်တတ်၏၊ သပရိဝါရဒါနမှာ အကျိုးပေးသောအခါ ထမင်းကိုအလိုရှိလျှင် ထမင်း၏ အခြံအရံဖြစ်သော ဟင်းကျွေးဟင်းလျာ အစုံအလင် ဘောဇဉ်ခဲဘွယ် ပန်းကန်အုပ်ခွက် လက်ဖက် ဆေးကွမ်းနှင့်တကွ ရတတ်၏။

[သဒိသံ ပါကံ ဇနေတိ]

၇။ နိစ္စဒါန, အနိစ္စဒါန နှစ်ပါးသည် ထာဝရဒါန, အထာဝရဒါနနှင့် အလားတူ၏။

နိစ္စဒါန, ထာဝရဒါန တစ်ခုခုရှိသောသူသည် သောတာပန်နှင့် အလားတူ၏၊ သေလျှင် နတ်ရွာသုဂတိ ဘဝမြဲ၏-ဟု အင်္ဂုတ္တိုရ် အဋ္ဌကထာမှာဆို၏၊ ထို့ကြောင့် လူဖြစ်သောသူသည် တစ်ခုခုသော နိစ္စဒါန, တစ်ခုခုသော ထာဝရဒါန ရှိသင့်လှတော့သည်။

၈။ သသင်္ခါရဒါန, အသင်္ခါရဒါန နှစ်ပါးတွင်အသင်္ခါရဒါနမြတ်၏။ သူတစ်ပါးတိုက်တွန်း၍ ပြုရသော အလှူသည် အကျိုးပေးသောအခါ လူလည်း ထိုင်းမှိုင်းတတ်၏၊ ပစ္စည်းဥစ္စာအကျိုးပေးလည်း ထိုင်းမှိုင်းတတ်၏၊ အသင်္ခါရအလှူသည် အကျိုးပေးသောအခါ လူလည်း သွက်လက်တတ်၏၊ ပစ္စည်းဥစ္စာ အကျိုးပေးလည်း သွက်လက်တတ်၏။

[သဒိသံ ပါကံ ဇနေတိ]

၉။ ဉာဏဒါန, အဉာဏဒါနနှစ်ပါးတွင် ဉာဏဒါနမြတ်၏။

အကျိုးအာနိသင်ကို မသိဘဲ လှူသောဒါနသည် အကျိုးပေးသော အခါ ဒွိဟိတ်အကျိုးကိုသာ ပေး၏၊ ဉာဏ်ပညာ နုံ့တတ်၏၊ အကျိုးအာနိသင်ကိုသိ၍

www.dhammaransi.com



လှူသောဒါနသည် တိဟိတ်အကျိုးကို ပေးတတ်၏၊ ဉာဏ်ပညာထက်တတ်၏။
[သဒ္ဓိသံ ပါကံ ဇနေတိ]

[ဤ "သဒ္ဓိသံပါကံဇနေတိ" ပါဌ်နှင့် ဆိုင်သမျှမှာ "ယာဒိသံ ဝပတေ ဗီဇံ တာဒိသံ ဟရတေ ဖလံ"ဟူသော ပါဌ်နှင့်လည်းဆိုင်လေ၏။]

၁၀။ ဝဋ္ဋနိဿိတဒါန, ဝိဝဋ္ဋနိဿိတဒါန နှစ်ပါးတွင်-

- ဝဋ္ဋနိဿိတ ဒါနကား ပါရမီဆယ်ပါးတွင် မဝင်၊ လူ, နတ်ချမ်းသာ ကိုသာ ပေးနိုင်၏၊ နိဗ္ဗာန် မဂ်ဖိုလ်ကိုမဆောင်နိုင်။
- ဝိဝဋ္ဋနိဿိတ ဒါနသည်သာ ပါရမီဆယ်ပါးတွင် ဒါနပါရမီမည်၏၊ လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာတည်းဟူသော ချမ်းသာသုံးပါးကို ဆောင်နိုင်၏။

ဒါနပါရမီ, သီလပါရမီ, နိက္ခမပါရမီ, ပညာပါရမီ, ဝီရိယပါရမီ,
ခန္တီပါရမီ, သစ္စာပါရမီ, အဓိဋ္ဌာန်ပါရမီ, မေတ္တာပါရမီ, ဥပေက္ခာပါရမီ။
[ပါရမီဆယ်ပါးရစေ။]

၁၁။ ဓမ္မဒါန, အဓမ္မဒါန နှစ်ပါးတွင်-

အဓမ္မဒါနသည် ကုသိုလ်ရသော ဒါနမဟုတ်၊ အကုသိုလ်ဖြစ်သော ဒါနသာတည်း။

[အထက်၌ အဓမ္မဒါန ၅-ပါး လာလိမ့်မည်။]

၁၂။ ဓမ္မိကဒါန, အဓမ္မိကဒါန နှစ်ပါးတွင်-

အဓမ္မိကဒါနသည် ကုသိုလ်မရဟု ဆိုကြ၏၊ ကုသိုလ်မရ လုံးလုံး မဟုတ်၊ အရနည်းသည်ဟု ဆိုကြကုန်၏။

[အဓမ္မိကဒါန ၉-ပါး အထက်မှာလာလတ္တံ့။]

၁၃။ ဝတ္ထုဒါန, အဘယဒါနနှစ်ပါးတွင်-

အဘယဒါနမြတ်သည်၊ ငါးပါးသီလများသည် အဘယဒါနမျိုးတွင် ဝင်၏။

၁၄။ အဇ္ဈတ္တိကဒါန, ဗာဟိရဒါနနှစ်ပါးတွင်-

မွန်မြတ်သော ကိုယ်အင်္ဂါကိုလှူသော အဇ္ဈတ္တိကဒါနမြတ်၏။

www.dhammaransi.com



၁၅။ သာဝဇ္ဇဒါန, အနဝဇ္ဇဒါနနှစ်ပါးတွင်-
အနဝဇ္ဇဒါနမြတ်၏၊ သာဝဇ္ဇဒါနသည် အကျိုးပေးသောဘဝ၌ ကိုယ်တွင်းရန်ကိုယ်ပရန် များတတ်၏၊ စည်းစိမ်ဥစ္စာအတွက် အသက်ခန္ဓာဆုံးရတတ်၏။

၁၆။ အဂ္ဂဒါန, ဉစ္ဆိဋ္ဌဒါနနှစ်ပါးတွင် အဂ္ဂဒါနမြတ်၏။

သို့သော်လည်း အလှူခံပုဂ္ဂိုလ် နှစ်သက်လျှင် အကြွင်းအကျန် အယုတ်အညံ့ပင် ဖြစ်သော်လည်း အကျိုးကြီးပါ၏၊ စေတနာထက်ထက်နှင့် သက္ကစ္စ မြောက်အောင်သာပြု၊ ချမ်းသာသောသူတို့၏ အကြွင်းအကျန်သည် ဆင်းရဲလှသောသူတို့မှာ အကောင်းအမွန်ပင်ဖြစ်၏၊ လူတို့၏ အကြွင်းအကျန်သည် ခွေးဝက်ကြက်ငှက်တို့မှာ အကောင်းအမွန်ပင် ဖြစ်ပေ၏။

၁၇။ ဟီနဒါန, ပဏီတဒါနနှစ်ပါးတွင် ပဏီတဒါနမြတ်၏။

သို့သော်လည်း အလှူခံပုဂ္ဂိုလ်မှာ အကျိုးများခဲ့သော်လည်းကောင်း, အလှူခံပုဂ္ဂိုလ်နှစ်သက်ခဲ့သော်လည်းကောင်း ယုတ်ညံ့သော အလှူဝတ္ထု ပင်ဖြစ်သော်လည်း စေတနာထက်ထက်နှင့် သက္ကစ္စမြောက်အောင်လှူလျှင် အကျိုးကြီးပါ၏။

**နှစ်ပါးစုအခိပ္ပါယ်-ပြီး၏။**

---------

## ၂- သုံးပါးစု အခိပ္ပါယ်

သုံးပါးစုတို့၌-

၁။ အကျော်အစောကို တောင့်တ၍လှူသော ဒါနသည် ဟီနဒါန ဖြစ်၏။

- လူချမ်းသာ နတ်ချမ်းသာဟူသော အကျိုးကို တောင့်တ၍ လှူသော ဒါနသည် မဇ္ဈိမဒါနဖြစ်၏။
- အရိယာတို့၏ အလေ့အကျက် အလောင်းအလျာတို့၏ အလေ့အကျက်ကို အလေးဂရုပြု၍ လှူသောဒါနသည် ပဏီတဒါန မည်၏။

တစ်နည်းကား-

- လူချမ်းသာ နတ်ချမ်းသာဟူသော အကျိုးကို တောင့်တ၍လှူသော

www.dhammaransi.com



ဒါနသည်ဟီန။

- သာဝကဗောဓိ ပစ္စေကဗောဓိကို တောင့်တ၍ လှူသော ဒါနသည် မဇ္ဈိမ။
- သဗ္ဗညုဗောဓိကို တောင့်တ၍လှူသောဒါနသည် ပဏီတ။

ထို့ကြောင့် ကုသိုလ်ကောင်းမှုကို ပြုလျှင် အမှတ်တမဲ့မပြုရ၊ ဗောဓိ သုံးပါးတွင် တစ်ပါးပါးကို ရည်သန်ရမည်, တောင့်တရမည်ဟု ပြောဆိုလေ့ရှိကြ ပေကုန်၏၊ ဗောဓိ-ဆိုသည်ကား မဂ်ဉာဏ်ပေတည်း။

ဗောဓိ ဝုစ္စတိ စတူသု မဂ္ဂေသု ဉာဏံ။

[ပါဠိတော်]

စတူသု မဂ္ဂေသု= မဂ်လေးပါးတို့၌၊ ဉာဏံ=ဉာဏ်ကို၊ ဗောဓိ=ဗောဓိဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏။

ဗောဓိဆိုသည်- သာဝကဗောဓိ, ပစ္စေကဗောဓိ, သဗ္ဗညုဗောဓိဟူ၍ သုံးပါးရှိ၏။

သာဝကဗောဓိသည် အဂ္ဂသာဝကဗောဓိ, မဟာသာဝကဗောဓိ, ပကတိ သာဝကဗောဓိဟူ၍ သုံးပါးရှိပြန်၏။

သဗ္ဗညုဗောဓိသည်လည်း- ပညာဓိက, သဒ္ဓါဓိက, ဝီရိယာဓိကဟူ၍ သုံးမျိုးရှိပြန်၏။

- ပညာဓိကမှာ- လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်သည်။
- သဒ္ဓါဓိကမှာ- ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း။
- ဝီရိယာဓိကမှာ- တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်း။
- ပစ္စေကဗောဓိမှာ- နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း။
- ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန် နှစ်ပါးတို့ကဲ့သို့ အမြတ်ဆုံးဖြစ်သော လက်ျာရံကြီး လက်ဝဲရံကြီးနှစ်ပါးသည် "**အဂ္ဂသာဝက**"မည်၏၊ ထို အဂ္ဂသာဝကဗောဓိမှာ တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှ ရသည်။
- ရှင်အာနန္ဒာ, ရှင်အနုရုဒ္ဓါ, ရှင်မဟာကဿပ အစရှိကုန်သော လက်ျာရံ ၄-ကျိပ်, လက်ဝဲရံ ၄-ကျိပ် ဤ ၈-ကျိပ်သော ပုဂ္ဂိုလ်တို့သည် "**မဟာ**

www.dhammaransi.com



**သာဝက**" မည်ကုန်၏၊ ထိုမဟာသာဝက ဗောဓိသည် ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှုရသည်။

- သည်မှကြွင်းသော ဘုရားတပည့်သား အရိယာသာဝက ဟူသမျှ သည် လူဖြစ်စေ, ရဟန်းဖြစ်စေ, နတ်ပြဟ္မာဖြစ်စေ "**ပကတိ သာဝက**" မည်၏။ ထိုပကတိသာဝကဗောဓိမှာ ကမ္ဘာတစ်ရာ, ကမ္ဘာတစ်ထောင် ပါရမီဖြည့်ရ သည်ဟုဆိုကြ၏၊ ပကတိသာဝကဆုကိုမူကား ကောင်းကောင်း ပါရမီ ဖြည့်နိုင်လျှင် နှစ်ဘဝသုံးဘဝနှင့်ပင် ရပါ၏ဟူ၍လည်း ဆိုကြကုန်၏။

၂။ ဒါနဒါသ, ဒါနသဟာယ, ဒါနသာမိသုံးရပ်တွင် ဒါနသာမိ မြတ်၏။ သို့သော်လည်း အလှူခံပုဂ္ဂိုလ်အားလျော်စွာ ရသေး၏၊ အလှူခံ ပုဂ္ဂိုလ်မှာ အကျိုးများ၍ အလှူခံနှစ်သက်မှုရှိလျှင် ဒါသ, သဟာယပင် ဖြစ် သော်လည်း သက္ကစ္စမြောက်အောင် အကျိုးကြီးပါ၏၊ စေတနာ ထက်ထက်နှင့်သာ လိုသည်။

၃။ ဝတ္ထု, အဘယ, ဓမ္မဒါနမှာ ထင်ရှားပြီ။

၄။ လူကဲ့ရဲ့မည်စိုး၍ လှူသောဒါနသည် လောကာဓိပတေယျ ဒါနမည်၏၊

- ရံခါရံဖန် စေတနာသဒ္ဓါ မရှိလှဘဲနှင့် လူကဲ့ရဲ့မည်စိုး၍ ပေးလှူရသော ဒါနလည်း ရှိကြ၏။ ထိုဒါနကို လောကာဓိပတေယျဒါန ဆိုသည်။
- စေတနာသဒ္ဓါ မရှိလှပါပဲလျက် မိမိဂုဏ်သိန် အရှိန်အဝါနှင့်ပေးလှူမှပင် လျော်မည်ဟု ပေးလှူကြသော အရာလည်း ရှိကြသည်၊ ထိုအလှူသည် အတ္တာဓိပတေယျဒါန မည်၏။
- ဆိုက်ရောက်လာသော အလှူခံပုဂ္ဂိုလ်အလိုရှိ၍ တောင်းရမ်းသော သူတို့ အား တတ်နိုင်သမျှ ဝေငှပေးကမ်း လှူဒါန်းစွန့်ကြဲ ကျွေးမွေး ထောက်ပံ့ မှုသည် ဘုရားအလောင်း, ပစ္စေကအလောင်း, အဂ္ဂသာဝက, မဟာ သာဝက, ပကတိသာဝကအလောင်း သူတော်ကောင်းတို့၏ အမှုပေ တည်းဟု သူတော်ကောင်း တရားကိုအလေးပြု၍ ပေးလှူသောဒါန သည် ဓမ္မာဓိပတေယျဒါန မည်၏၊ ဤဓမ္မာဓိပတေယျ ဒါနသည်မြတ်၏။ ။

**သုံးပါးစုအဓိပ္ပါယ်-ပြီး၏။**

www.dhammaransi.com



## ၃။ လေးပါးစု အဓိပ္ပါယ်

၁။ စတုပစ္စယဒါန၌ ပစ္စည်းဝတ္ထုအလှူစုတွင် သံဃိကကျောင်း အလှူသည် အမြတ်ဆုံးပေတည်း။

ဝိဟာရဒါနံ သံဃဿ၊
အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ။

သံဃဿ= စတုဒိသာ လာလာသမျှသော သင်္ဃာအား၊ ဝိဟာရ ဒါနံ= ကျောင်းအလှူကို၊ အဂ္ဂံ=အမြတ်ဆုံးဟူ၍၊ ဗုဒ္ဓေန=ငါဘုရားသည်၊ ဝဏ္ဏိတံ= ချီးမွမ်းအပ်၏။

[ပါဠိတော်ရစေ]

တစ်ခြားတစ်ပါးသော အလှူတို့မှာ "သဒိသံ ပါကံ ဇနေတိ" ဟူသည်နှင့်အညီ အလှူနှင့် လျော်ရာလျော်ရာ ပေးကြသည်သာများသည်၊ ကျောင်းအလှူမှာမူကား အလုံးစုံကိုပေးနိုင်သည်ဟု ဟောတော်မူသည်လည်းရှိ၏။

သော စ သဗ္ဗဒဒေါ ဟောတိ၊
ယော ဒဒါတိ ဥပဿယံ။

ယော=အကြင်သူသည်၊ ဥပဿယံ=ကျောင်းအလှူကို၊ ဒဒါတိ=ဆောက်လုပ်လှူဒါန်း၏၊ သောစ=ထိုသူသည်လည်း၊ သဗ္ဗဒဒေါ=အလုံးစုံကို ပေးလှူသည် မည်သည်၊ ဟောတိ=ဖြစ်၏။

[ပါဠိတော်ရစေ။]

၂။ ဒက္ခိဏာဝိသုဒ္ဓိလေးပါးတွင် အလှူပေး, အလှူခံ ၂-ပါး သီလရှိသော အလှူသည် မြတ်သည်၊ တစ်ပါးပါး ပါရှိလျှင်လည်း သင့်ရုံရှိ၏။ ။

လေးပါးစုအဓိပ္ပါယ်-ပြီး၏။

--------*--------

## ၄။ ငါးပါးစုအဓိပ္ပါယ်

ငါးပါးစု၌-

သေလိုသောသူကို သူ့အလိုပြည့်ပါစေဟု အဆိပ်ဆေးကို ပေးလှူအံ့,

www.dhammaransi.com



ကြိုးကိုပေးလှူအံ့, ဓားလက်နက်ကို ပေးလှူအံ့, သေတဲ့ရန် နည်းကို ပြောဟောအံ့-ကုသိုလ်မဖြစ်၊ ပါဏာတိပါတကံသာ ဖြစ်၏၊ သူတစ်ပါးကို သတ်လိုသောသူကို သူ့အလိုပြည့်စေခြင်းငှါ ပေးလှူရာ၌လည်း ဤအတူမှတ်၊ အဆိပ်ဆေးနှင့်မှ ပျောက်ငြိမ်းမည့် အနာရောဂါရှိသူကို အနာရောဂါ ပျောက်ငြိမ်းစေခြင်းငှါ စင်ကြယ်စွာသောစိတ်ဖြင့် အဆိပ်ဆေးကို ပေးလှူရာ၌ကား ကုသိုလ်ဒါန ဖြစ်ရပါသေး၏၊ ပိုက်ကွန်, လေး, မြှားစသော လက်နက်ကိရိယာမျိုးကို အထည် ပျက်အောင် ဖျက်ဆီး၍ ကျောင်း,ဘုရားကိစ္စမှာ လှူဒါန်းလျှင်လည်း ကုသိုလ်ဒါန ဖြစ်ရပါသေး၏။

သေရည် သေရက်စသော ယစ်မျိုးများကိုလည်း မူးလောက် ယစ်လောက် အောင် မဟုတ်ဘဲ အနည်းငယ်မျှ ဆေးဖော်ဝါးဖက်အနေနှင့် ပေးလှူရာ၌ လည်းကောင်း, နူနာစသော အပထာဟိရအနာမျိုးကို ပျောက်ငြိမ်းစေခြင်းငှါ လိမ်းကျံရန်ပေးလှူရာတို့၌လည်းကောင်း ကုသိုလ်ဒါန ဖြစ်ရပါသေး၏။

ကချေသဘင်အလှူ၌ ကိလေသာတရား ပွားများရန် သက်သက် ဖြစ်သော အကအခုန်, အဆို, အဖွဲ့, ဇာတ်, ရုပ်သေးကို ပေးလှူရာ၌သာ အကုသိုလ်ဒါန အဓမ္မအလှူဖြစ်သည်၊ တီးသောအဆောက်အဦ, မှုတ်သော အဆောက်အဦ ကိရိယာမျိုးကိုလှူရာ၌လည်းကောင်း, တီးစေ, မှုတ်စေ၍ တီးသောအသံမျိုး မှုတ်သောအသံမျိုးကို လှူရာ၌လည်းကောင်း, ရတနာသုံးပါးနှင့် သင့်လျော် လောက်သော အသံမျိုးကို မိမိကိုတိုင်ပင် တီး၍မှုတ်၍ လှူရာ၌လည်းကောင်း ကုသိုလ်မဖြစ် မဆိုသာ၊ လှူရိုးထုံးစံလည်း ကျမ်းဂန်များတွင်လာပေသည်။

အထီး, အမအလှူ တို့မှာလည်း ကာမဂုဏ်မှုကို မငဲ့ဘဲ အလုပ်အကျွေး ကိစ္စနှင့်လှူလျှင် အဓမ္မဒါနမဆိုသာ။

**ငါးပါးစု အခိပ္ပါယ်ပြီး၏။**

-------*-------

၅။ ခြောက်ပါးစု အခိပ္ပါယ်ကား ထင်ရှားပြီ။

www.dhammaransi.com



## ၆။ ခုနစ်ပါးစု အဓိပ္ပါယ်

ခုနစ်ပါးစု၌-

ညွှန်း၍ရသော သင်္ဃာဆိုသည်ကား မိမိက ဘယ်ပုဂ္ဂိုလ်ဟု မရည် စူးဘဲ သင်္ဃာအများထဲကို "တပည့်တော်ကို သင်္ဃာတစ်ပါးပေးပါ, နှစ်ပါးပေးပါ"ဟု မိမိအလိုရှိသလောက် မထေရ်ကြီးများကို လျှောက်ထားလေရာ မထေရ်ကြီးများက စာရင်းစဉ်ကျရာ ပုဂ္ဂိုလ်ကို ညွှန်ပြပေ၏၊ မထေရ်ကြီးများ ညွှန်ပြ၍ ကျရာပုဂ္ဂိုလ်ကို လှူသောအလှူပေတည်း။

ခုနစ်ပါးစု အဓိပ္ပါယ် ပြီး၏။

--------*-------

## ၇။ ရှစ်ပါးစု အဓိပ္ပါယ်

ရှစ်ပါးစု၌-

ဒါနုပပတ္တိရှစ်ပါးသည် ဝဋ္ဋနိဿိတ ဒါနစုသာတည်း၊ ဟီနဒါနဟူ၍ပင် ဟောတော်မူသည်။

တဿ တံ စိတ္တံ ဟီနာဓိမုတ္တံ ဟောတိ။

တဿ=ထိုအလှူဒါယကာ၏၊ တံ စိတ္တံ=ထိုစိတ်သည်၊ ဟီနာဓိမုတ္တံ= အယုတ်အညံ့သို့ညွတ်သည်၊ ဟောတိ=ဖြစ်၏။

[ပါဠိတော်ရစေ။]

လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာမျှ တောင့်တသောစိတ်သည် အယုတ်အညံ့သို့ ညွတ်သောစိတ်မည်၏၊ နောက်ဆုံး၌ ဗြဟ္မာချမ်းသာလာသည်မှာ ဒါနနှင့်ဗြဟ္မာချမ်းသာကို ရနိုင်သည်မဟုတ်၊ ဈာန်ရသော အလှူဒါယကာဖြစ်၍ ဗြဟ္မာချမ်းသာ လာလေသည်။

ရှစ်ပါးစု အဓိပ္ပါယ်-ပြီး၏။

---------*--------

## ၈။ ကိုးပါးစုအဓိပ္ပါယ်

ကိုးပါးစု၌-

တစ်ပါးသောပုဂ္ဂိုလ်ကို ညွတ်ပြီးမှ တစ်ခြားသောပုဂ္ဂိုလ်အားသော်လည်း ကောင်း, သင်္ဃာအားသော်လည်းကောင်း, စေတီအားသော်လည်းကောင်း,

www.dhammaransi.com



လှူသောဒါနသုံးပါးသည် အဓမ္မိကဒါနမည်၏-ဟူရာ၌ မည်သည့်ပုဂ္ဂိုလ်အား လှူမည်, မည်သည့်ပုဂ္ဂိုလ်ဖို့ဆောက်လုပ်မည်ဟု နှုတ်မြွက်ပြောကြားပြီးသော အလှူထည်ကို ညွှတ်ပြီးဆိုသည်။

ပရိဏတံ နာမ ဒဿာမ ကရိဿာမာတိ ဝါစာ ဘိန္နာ ဟောတိ။

ပရိဏတံနာမ=ညွှတ်ပြီးသော ဝတ္ထုမည်သည်ကား၊ ဒဿာမ=လှူကုန်အံ့၊ ကရိဿာမ=ဆောက်လုပ်ကုန်အံ့၊ ဣတိ=ဤသို့၊ ဝါစာ=နှုတ်ကို၊ ဘိန္နာ=မြွက်ပြီးသည်၊ ဟောတိ=ဖြစ်၏။

[ပါဠိတော်ရစေ။]

စိတ်ထဲကရည်စူးရုံမျှကို ညွှတ်ပြီးမဆိုရ၊ စိတ်ထဲကရည်စူးရုံမျှ ရှိသေးသော အလှူဝတ္ထုကို တစ်ခြားတစ်ပါးသို့ ပြောင်းလွှဲ၍ လှူရာ၌ အဓမ္မိကဒါန ဖြစ်သည် မဆိုသာပေ။

[နောက်နောက် သုံးပါး, သုံးပါးတို့၌လည်း ဤနည်းအတူမှတ်။]

အဓမ္မိကဒါနဖြစ်ခဲ့လျှင် ကုသိုလ်မရဟု ဆိုကြ၏၊ မရလုံးလုံး မဟုတ်၊ ပုဗ္ဗစေတနာကတစ်လမ်း, မုဥ္စစေတနာ- အပရစေတနာတို့က တစ်လမ်းစီနေ၍ စေတနာထောင့်သည့်အတွက် အဓမ္မိကဒါနဆိုသည်၊ ကုသိုလ်မှာ ဖြစ်ပါ၏ ဟူ၍ လည်း ဆိုကြကုန်၏။

မည်သည့်ပုဂ္ဂိုလ်ကို လှူမည်, မည်သည့်ပုဂ္ဂိုလ်ဖို့ ဆောက်လုပ်မည်ဟု နှုတ်မြွက်ပြီးသောဝတ္ထုသည် နှုတ်မြွက်သည့်အတွက် ထိုပုဂ္ဂိုလ်ဖက်သို့ တစ်ဝက် ပါပြီးသကဲ့သို့ ဖြစ်၏၊ ထို့ကြောင့် ရွှေ့ပြောင်း၍လှူခြင်းငှါ မထိုက်ပေပြီ၊ ရွှေ့ပြောင်း ၍လှူခဲ့လျှင် ဝစီသစ္စာလည်းပျက်၏၊ ထိုပုဂ္ဂိုလ်ဖက်သို့ တစ်ဝက်ပါပြီးသော အဖို့ကို လုယက်၍ တစ်ပါးသောပုဂ္ဂိုလ်အား ပေးသည်လည်း မည်၏၊ ထို့ကြောင့် အဓမ္မိက ဒါနဟူ၍ ဟောတော်မူသည်။

ထိုဝတ္ထုကို အလှူခံသောအမှုသည်လည်း အဓမ္မိကပဋိဂ္ဂဟကိုးပါးဟူ၍ ဟောတော်မူသည်၊ မတရားသောအလှူခံ ကိုးပါးဆိုလိုသည်။ ။ ထိုကဲ့သို့သော ဝတ္ထုများကို လှူသောသူကပင် လှူသော်လည်း ခံသောပုဂ္ဂိုလ်ကသိလျှင် အလှူ မခံရ၊ စေတီတော်မူကား အသက်မရှိ၍ ကိစ္စမရှိ၊ နှုတ်မြွက်ပြီးသည့်အတွက်

www.dhammaransi.com



ထိုပုဂ္ဂိုလ်ဖက်သို့ တစ်ဝက်ပါပြီးဟူသော ယုတ္တိမှာ ထိုဝတ္ထုသည် သင်္ဃာကိုမြွက်ဆို ပြောကြားပြီးဖြစ်၍ သံဃိကဟူ၍ပင် ပါဠိတော်၌ဟောတော်မူသည်၊ ဤသံဃိက ဟူသော ပုဒ်၏အဖွင့် အဋ္ဌကထာကို ကြည့်ကြလျှင် နှုတ်မြွက်သည့်အတွက် ထိုပုဂ္ဂိုလ်ဖက်သို့ တစ်ဝက်တစ်စိတ်ပါပြီး ရောက်ပြီးဟူသောစကား ထင်ရှား လိမ့်မည်။

ဒုစ္စရိုက်မှုနှင့်ရရှိသော ပစ္စည်းဝတ္ထုကို လှူဒါန်းသော အလှူသည် ကုသိုလ်ပင် ဖြစ်ငြားသော်လည်း ပစ္စည်းမစင်ကြယ်သည့်အတွက် ကဲ့ရဲ့ဘွယ်သော အလှူပင် ဖြစ်ပြန်သကဲ့သို့ ထို့အတူ နှုတ်မြွက်ပြီး၍ ညွှတ်ပြီး ကိုင်းပြီးဆိုရသော ဝတ္ထုကို တစ်ပါးသောပုဂ္ဂိုလ်, သင်္ဃာ, စေတီသို့ ပြောင်းရွှေ့၍ လှူသော အလှူ ကိုးပါးသည်လည်း ကုသိုလ်ပင် ဖြစ်သော်လည်း ကဲ့ရဲ့ဘွယ်သော အလှူပင် ဖြစ်ခဲ့၍ အဓမ္မိကဒါနဟူ၍ ဟောတော်မူသည်၊ ကုသိုလ်မဖြစ်ဟူ၍ကား မဆိုသာပေ၊ ညွှတ်မိသောပုဂ္ဂိုလ်ကို ကျေကျေ ချမ်းချမ်းပြော၍ ပြောင်းရွှေ့မှ သင့်တင့်ပါ၏။

လဇ္ဇီ သူတော်ကောင်း ထင်၍ လှူမည်, ဒါန်းမည် ဆိုပြီးနောက်မှ ထိုပုဂ္ဂိုလ် အလဇ္ဇီ ဒုဿီလဖြစ်၍ နေသည်ကိုသိ၍ ပြောင်းရွှေ့လျှင် အဓမ္မိကဖြစ်ဦးမည် လော-ဟု မေးရန်ရှိ၏။ အဓမ္မိကပင် ဖြစ်မည်၊ သို့သော်လည်း လဇ္ဇီပုဂ္ဂိုလ်သို့ ပြောင်းရွှေ့သည့်အတွက် အကျိုးပေးသာ၍ ပေးရန်ရှိ၏၊ အဓမ္မိကဖြစ်သည့် အတွက်လည်း အကျိုးပေး မချော‌မောရှိ၏။

**ကိုးပါးစု အဓိပ္ပါယ်-ပြီး၏။**

--------*-------

## ၉။ ဆယ်ပါးစု အဓိပ္ပါယ်

ဆယ်ပါးစု၌-

အစာအာဟာရကိုလှူသောအလှူသည် အားခွန်ဗလကို အထူးအကျိုး ပေး၏။

အန္နဒေါ ဗလဒေါ ဟောတိ။

အန္နဒေါ=အစာထမင်းကို ပေးလှူသောသူသည်၊ ဗလဒေါ=အားခွန်ဗလကို ပေးလှူသည်မည်သည်၊ ဟောတိ=ဖြစ်၏။

[ပါဠိတော်ရစေ]

www.dhammaransi.com



အဝတ်တန်ဆာကို ပေးလှူသောသူသည် အဆင်းအရောင်၏ ကောင်းခြင်းကို အထူးအကျိုးပေးတတ်၏။

ဝတ္ထဒေါ ဝဏ္ဏဒေါ ဟောတိ။

ဝတ္ထဒေါ=အဝတ်သက်န်းကို ပေးလှူသောသူသည်၊ ဝဏ္ဏဒေါ=အဆင်းအရောင်ကို ပေးလှူသည်မည်သည်၊ ဟောတိ=ဖြစ်၏။

[ပါဠိတော်ရစေ]

"ယာန်=ယာဉ်အလှူ" မည်သည်ကား ဘိနပ်, ခြေစွပ်ကိုလှူသည်၊ ယာဉ်မျိုး, ရထားမျိုးကိုလှူသည်၊ လှည်း, လှေ, ဖောင်, သင်္ဘောကိုလှူသည်၊ ဆင်, မြင်းကိုလှူသည်၊ မိမိ၌ရှိသောလှည်း, လှေတို့နှင့် သူတစ်ပါးတို့ကို လိုရာအရပ်သို့ ချမ်းသာစွာ ရောက်ပါစေခြင်းငှါ လှေကူးတို့, လှည်းကူးတို့ ပို့သည် ၊ လှေခ, လှည်းခ, ရထားခ, သင်္ဘောခပေးလှူသည်၊ ဤအလှူစုသည် ယာဉ်အလှူမည်၏။ ဤယာဉ်အလှူကို လှူသောဒါနသည် ဖြစ်လေရာဘဝတို့၌ ရောဂါခပ်သိမ်း အန္တရာယ်ခပ်သိမ်း ကင်းငြိမ်း၍ ဣရိယာပုထ်လေးပါးတို့၌ ချမ်းသာခြင်းကို အထူးပေးတတ်၏။

ယာနဒေါ သုခဒေါ ဟောတိ။

ယာနဒေါ=ယာဉ်အလှူကို လှူသောသူသည်၊ သုခဒေါ=ဣရိယာပုထ်လေးပါး ချမ်းသာခြင်းကို ပေးလှူသည်မည်သည်၊ ဟောတိဖြစ်၏။

[ပါဠိတော်ရစေ။]

ဆီမီးအရောင်အလင်းကို ပေးလှူသောဒါနသည် ဖြစ်လေရာဘဝတို့၌ မျက်စိအမျိုးမျိုးတို့ကို အထူးပေးတတ်၏။

**ပသာဒစက္ခု, ဒိဗ္ဗစက္ခု, ဓမ္မစက္ခု, ပညာစက္ခု, သမန္တစက္ခု,**
**မျက်စိ အမျိုးမျိုး၊ မျက်စိအမြင်ထက် ကောင်းမြတ်သော အကျိုးမရှိပြီ။**

ဇရပ်, တန်ဆောင်း, ကျောင်း, အရိပ်အာဝါသအလှူသည် အားခွန် ဗလ အဆင်းအရောင် ဣရိယာပထသုခ အစရှိသော အလုံးစုံကိုပေးတတ်၏။

သောစ သဗ္ဗဒဒေါ ဟောတိ၊
ယော ဒဒါတိ ဥပဿယံ။

မိခင်ဇရာဝတီ

www.dhammaransi.com



ယော= အကြင်သူသည်၊ ဥပဿယံ=သူအများမှီခိုရာ ဇရပ်, တန်ဆောင်း, ကျောင်း, အရိပ်, အာဝါသကို၊ ဒဒါတိ=ပေးလှူ၏၊ သောစ=ထိုသူသည်လည်း၊ သဗ္ဗဒဒေါ=အလုံးစုံကို ပေးလှူသည် မည်သည်၊ ဟောတိ= ဖြစ်၏။

[ပါဠိတော်ရစေ။]

ဝတ္ထုပစ္စည်းအလှူစုတွင် သံဃိကကျောင်းအလှူထက်
အကျိုးကြီးသောအလှူ မရှိပြီ။
ဆယ်ပါးစု အဓိပ္ပါယ် ပြီး၏။

--------*--------

## ၁၀-ဆယ့်လေးပါးစုအဓိပ္ပါယ်

ဆယ့်လေးပါးစု၌-

ပုဂ္ဂလိကအလှူ ၁၄-ပါးတို့တွင် တိရစ္ဆာန် သတ္တဝါတို့အား တစ်နပ်စာဝအောင် ကျွေးမွေးသောအလှူသည် ဘဝတစ်ရာတို့၌ အာယု, ဝဏ္ဏ, သုခ, ဗလ, ပဋိဘာနဟူသော ကောင်းကျိုးငါးပါးတို့ကို ပေးနိုင်၏။

- လူဒုဿီလအား တစ်နပ်စာဝအောင်ပေးလှူလျှင် ဘဝတစ်ထောင်,
- သရဏဂုံမရှိသော သာသနာပ လူသီလဝန္တတို့အား တစ်နပ်စာ ပေးလှူလျှင် ဘဝတစ်သိန်း,
- ဈာန်ရ ရသေ့တိုအား တစ်နပ်စာ ပေးလှူလျှင် ဘဝကုဋေတစ်သိန်း,
- သရဏဂုံသီလရှိသော လူ-သာမဏေမှစ၍ သောတာပတ္တိမဂ် ပုဂ္ဂိုလ်တို့အား ပေးလှူလျှင် ဘဝအသင်္ချေ,

သည်ကအထက် ဘဝအသင်္ချေချည်း၊ အသင်္ချေတွေကိုသာ အဆင့်ဆင့်ကြီးလေ။

ဤအလှူခံ ၁၄-ပါးတွင် ရဟန်းဒုဿီလ ပုဂ္ဂိုလ်မပါသောကြောင့် ရဟန်းဒုဿီလသည် အလှူခံပုဂ္ဂိုလ် မထိုက်၊ လှူသူမှာ ကုသိုလ်မရဟု ဆိုကြကုန်၏။ ရဟန်းဒုဿီလသည် လူဒုဿီလထက် ဆယ်ပါးသော အကြောင်းတို့ဖြင့် ဆယ်ဆသာကြောင်း မိလိန္ဒပဉှာတွင် လာသည်။

- ဝေလာမသုတ်ပါဠိတော်၌ကား ခုနစ်နှစ်, ခုနစ်လ, ခုနစ်ရက်ပတ်လုံး ဇမ္ဗူဒီပါတစ်ကျွန်းလုံးကို ဖိတ်၍လှူဒါန်းသော ဝေလာမပုဏ္ဏား၏ အလှူ

www.dhammaransi.com



ထက် သောတာပန်တစ်ယောက်အား ဆွမ်းတစ်နပ်စာ ကျွေးရသော အလှူသည် အကျိုးကြီး၏။

- သောတာပန်တစ်ရာအား ဆွမ်းကျွေးရသည်ထက် သကဒါဂါမ် တစ်ယောက်အား ကျွေးမွေးရသောအလှူသည် အကျိုးကြီး၏။
- သကဒါဂါမ်တစ်ရာအား ကျွေးမွေးရသည်ထက် အနာဂါမ်တစ်ယောက်အား ကျွေးမွေးရသောအလှူသည် အကျိုးကြီး၏။
- အနာဂါမ်တစ်ရာအား ကျွေးမွေးရသည်ထက် ရဟန္တာတစ်ပါးအား ကျွေးမွေးရသောအလှူသည် အကျိုးကြီး၏။
- ရဟန္တာတစ်ရာအား ဆွမ်းတစ်နပ်စာ ကျွေးမွေးရသည်ထက် ပစ္စေကဗုဒ္ဓါတစ်ပါးအား ကျွေးမွေးရသော အလှူသည်အကျိုးကြီး၏။
- ပစ္စေကဗုဒ္ဓါ တစ်ရာအား ကျွေးမွေးရသည်ထက် သဗ္ဗညုတဘုရား တစ်ပါးအား ကျွေးမွေးရသော အလှူသည် အကျိုးကြီး၏။
- သဗ္ဗညုတဘုရားတစ်ပါးအား ကျွေးမွေးရသည်ထက် ဘုရားအမှူး ရှိသော သံဃာတော်တို့အား ကျွေးမွေးရသောအလှူသည် အကျိုးကြီး၏။
- ဘုရားအမှူးရှိသော သံဃာတော်တို့အား ကျွေးမွေးရသည်ထက် စတုဒိသာ သံဃိကကျောင်းတစ်ခုကို ဆောက်လုပ်လှူဒါန်းမှုသည် အကျိုးကြီး၏။
- စတုဒိသာ သံဃိကကျောင်းကို ဆောက်လုပ်လှူဒါန်းရသည်ထက် သရဏဂုံသုံးပါးကို ဆောက်တည်ရခြင်းသည် အကျိုးကြီး၏။
- သရဏဂုံသုံးပါး ဆောက်တည်ရခြင်းထက် သရဏဂုံနှင့်တကွ ငါးပါးသီလ ဆောက်တည်ရခြင်းသည် အကျိုးကြီး၏။
- သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို ဆောက်တည်ရခြင်းထက် နွားနို့တစ်ညှစ်ခန့်ကာလမျှပင် မေတ္တာတရားကို ပွားများရခြင်းသည် အကျိုးကြီး၏။

www.dhammaransi.com



- မေတ္တာတရားကို ပွားများရသည်ထက် အနိစ္စ ဘာဝနာတရား ပွားများရခြင်းသည် အကျိုးကြီးမြတ်လှ၏- ဟု ဟောတော်မူသည်။

ဒါနခန်း အခိပ္ပါယ်- ပြီး၏။

---------*---------

## ၃။ သီလခန်း မာတိကာ

### သီလအဆင့်အတန်း ခြားနားပုံ

၁။ ဟီနေန ဆန္ဒေန စိတ္တေန ဝီရိယေန ဝီမံသာယ ပဝတ္တိတံ ဟီနံ။
၂။ မဇ္ဈိမေဟိ ဆန္ဒာဒီဟိ ပဝတ္တိတံ မဇ္ဈိမံ။
၃။ ပဏီတေဟိ ပဏီတံ။

၁။ ယသကာမတာယ ဝါ သမာဒိန္နံ ဟီနံ။
၂။ ပုညဖလကာမတာယ မဇ္ဈိမံ။
၃။ ကတ္တဗ္ဗမေဝိဒန္တိ အရိယဘာဝံ နိဿာယ သမာဒိန္နံ ပဏီတံ။

၁။ အဟမသ္မိ သီလသမ္ပန္နော၊ ဣမေ ပန ဘိက္ခူ ဒုဿီလာ ပါပဓမ္မာတိ ဧဝံ အတ္တုက္ကံသန ပရဝမ္ဘနာဒီဟိ ဥပက္ကိလိဋ္ဌံ ဝါ ဟီနံ။
၂။ အနုပက္ကိလိဋ္ဌံ လောကိယသီလံ မဇ္ဈိမံ။
၃။ လောကုတ္တရံ ပဏီတံ။

၁။ တဏှာဝသေန ဝါ ဘဝဘောဂတ္ထာယ ပဝတ္တိတံ ဟီနံ။
၂။ အတ္တနော ဝိမောက္ခတ္ထာယ ပဝတ္တိတံ မဇ္ဈိမံ။
၃။ သဗ္ဗသတ္တ ဝိမောက္ခတ္ထာယ ပဝတ္တိတံ ပါရမိတာသီလံ ပဏီတံ။

[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ]

**အနက်ကား . . .**

၁။ ဟီနေန=ယုတ်ညံ့သော၊ ဆန္ဒေန=ဆန္ဒဖြင့်၊ စိတ္တေန=စိတ်ဖြင့်၊ ဝီရိယေန=ဝီရိယဖြင့်၊ ဝီမံသာယ=ပညာဖြင့်၊ ပဝတ္တိတံ=ဖြစ်စေအပ်သော၊ သီလံ=သီလသည်၊ ဟီနံ=ဟီနသီလမည်၏။

၂။ မဇ္ဈိမေဟိ=အလတ်ဖြစ်ကုန်သော၊ ဆန္ဒာဒီဟိ=ဆန္ဒ, စိတ္တ, ဝီရိယ,

www.dhammaransi.com



ဝီမံသတို့ဖြင့်၊ ပဝတ္တိတံ=ဖြစ်စေအပ်သောသီလသည်၊ မဇ္ဈိမံ=မဇ္ဈိမ သီလမည်၏။

၃။ ပဏီတေဟိ=အမြတ်ဖြစ်ကုန်သော၊ ဆန္ဒာဒီဟိ=ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသ တို့ဖြင့်၊ ပဝတ္တိတံ=ဖြစ်စေအပ်သောသီလသည်၊ ပဏီတံ=ပဏီတ သီလမည်၏။

၁။ ဝါ=တစ်နည်းကား၊ ယသကာမတာယ= သူတစ်ထူးတို့ ချီးမွမ်း အံ့ဩ အကျော်အစောကို တောင့်တနှစ်သက်အပ်သည်၏ အဖြစ်ဖြင့်၊ ဝါ= အခြံအရံကို လိုချင်တောင့်တသည်၏အဖြစ်ဖြင့်၊ သမာဒိန္နံ=ဆောက်တည် အပ်သော သီလသည်၊ ဟီနံ=ဟီနသီလ မည်၏။

၂။ ပုညဖလကာမတာယ=လောကီကောင်းကျိုး ခံစားလိုသည်၏ အဖြစ်ဖြင့်၊ သမာဒိန္နံ= ဆောက်တည်အပ်သော သီလသည်၊ မဇ္ဈိမံ၊ မဇ္ဈိမသီလမည်၏

၃။ ကတ္တဗ္ဗံ=ဤအကျင့်သီလမည်သည်ကို၊ အရိယေဟိ=သူတော်ကောင်း အလောင်းအလျာတို့သည်၊ ကတ္တဗ္ဗမေဝ=ပြုသင့်ပြုကောင်းသော အမှုပင် တည်း၊ ဣတိ=ဤသို့၊ အရိယဘာဝံ= အရိယာတို့သဘောကို၊ နိဿာယ= မှီ၍၊ သမာဒိန္နံ=ဆောက်တည်အပ်သောသီလသည်၊ ပဏီတံ=ပဏီတ သီလ မည်၏။

၁။ ဝါ=တစ်နည်းကား၊ အဟံ=ငါသည်သာ၊ သီလသမ္ပန္နော=သီလနှင့် ပြည့်စုံ သည်၊ အသ္မိ=ဖြစ်၏၊ အညေ=ငါမှတစ်ပါးကုန်သော၊ ဣမေ ပန ဘိက္ခူ= ဤရဟန်းတို့သည်ကား၊ ဒုဿီလာ=သီလမှ ကင်းကုန်၏၊ ပါပဓမ္မာ= ယုတ်မာသောအကျင့်ရှိကုန်၏၊ ဣတိဧဝံ=ဤသို့၊ အတ္တုက္ကံသန ပရ ဝမ္ဘနာဒီဟိ=မိမိကိုယ်ကို ချီးမြှောက်ပလွှားခြင်း, သူတစ်ပါးကို ရှုတ်ချခြင်း စသည်တို့ဖြင့်၊ ဥပက္ကိလိဋ္ဌံ=ညစ်နွမ်းသော သီလသည်၊ ဟီနံ=ဟီနသီလ မည်၏။

၂။ အနုပက္ကိလိဋ္ဌံ=အတ္တုက္ကံသန, ပရဝမ္ဘနစသည်တို့ဖြင့်လည်းကောင်း, တစ်ပါး သော ဥပက္ကိလေသတို့ဖြင့်လည်းကောင်း မညစ်နွမ်းသော၊ လောကိယ သီလံ=လောကိယသီလသည်၊ မဇ္ဈိမံ=မဇ္ဈိမသီလမည်၏။

၃။ လောကုတ္တရံ=လောကုတ္တရာသီလသည်၊ ပဏီတံ=ပဏီတသီလ မည်၏။

www.dhammaransi.com



၁။ ဝါ= တစ်နည်းကား၊ တဏှာဝသေန= တဏှာ၏အစွမ်းဖြင့်၊ ဘဝ ဘောဂတ္ထာယ=ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိအကျိုးငှါ၊ ပဝတ္တိတံ=ဖြစ်စေ အပ်သော သီလသည်၊ ဟီနံ=ဟီနသီလမည်၏။

၂။ အတ္တနော=မိမိ၏၊ ဝိမောက္ခတ္ထာယ=သံသရာအနှောင်အဖွဲ့မှ လွတ်စေခြင်း အကျိုးငှါ၊ ပဝတ္တိတံ=ဖြစ်စေအပ်သော သီလသည်၊ မဇ္ဈိမံ=မဇ္ဈိမသီလ မည်၏။

၃။ သဗ္ဗသတ္တဝိမောက္ခတ္ထာယ=အလုံးစုံသော သတ္တဝါကို သံသရာ အနှောင် အဖွဲ့မှ လွတ်စေခြင်းအကျိုးငှါ၊ ပဝတ္တိတံ=ဖြစ်စေအပ်သော၊ ပါရမိတာ သီလံ=သတ္တဝါအပေါင်းတို့ထက်မြတ်သော ဘုရားလောင်းတို့အမှု ဘုရား လောင်းတို့ ဥစ္စာဖြစ်သော သီလသည်၊ ပဏီတံ=ပဏီတသီလမည်၏။

--------*--------

## သီလ၏ ကျိုး, ပေါက်, ကြောင်, ကွက်ပုံ

အပိစ ခေါ အညတရံ ဒေဝနိကာယံ ပဏိဓာယ ဗြဟ္မစရိယံ စရတိ၊ "ဣမိနာဟံ သီလေန ဝါ ဝတေန ဝါ တပေန ဝါ ဗြဟ္မစရိယေနဝါ ဒေဝေါ ဝါ ဘဝိဿာမိ ဒေဝညတရော ဝါ တိ" သော တဒဿာဒေတိ တန္နိကာမေတိ တေနစ ဝိတ္တိံ အာပဇ္ဇတိ၊ ဣဒမ္ပိ ခေါ ဗြာဟ္မဏ ဗြဟ္မစရိယဿ ခဏ္ဍမ္ပိ ဆိဒ္ဒမ္ပိ သဗလမ္ပိ ကမ္မာသမ္ပိ။

[ပဋိသမ္ဘိဒါမဂ်ပါဠိတော်။]

အပိစ ခေါ=စင်စစ်သော်ကား၊ အဟံ=ငါသည်၊ ဣမိနာ သီလေန ဝါစ= ဤယမ-နိယမစသော ဆောက်တည်အပ်သော သီလဖြင့်လည်းကောင်း၊ ဣမိနာ ဝတေနဝါ=ဤမလွန်မကျူးသော အကျင့်ဖြင့်လည်းကောင်း၊ ဣမိနာ တပေနဝါ= ဤပြုလုပ်ခဲ့သောအမှုကို ခြိုးခြံစောင့်စည်း သည်းစွာသောအကျင့်ဖြင့်လည်း ကောင်း၊ ဣမိနာ ဗြဟ္မစရိယေနဝါ=ဤမေထုန်မှုကြဉ်သော မြတ်သော အကျင့် ဖြင့်လည်းကောင်း၊ ဒေဝေါဝါ=ထင်ရှားသောနတ်သည်မူလည်း၊ ဘဝိဿာမိ=ဖြစ်အံ့၊ ဒေဝညတရောဝါ= မထင်ရှားသောနတ် သည်မူလည်း၊ ဘဝိဿာမိ=ဖြစ်အံ့၊ ဣတိ=ဤသို့၊ အညတရံ=တစ်ပါးသော၊ ဒေဝနိကာယံ=နတ်ပြည်ကို၊ ပဏိဓာယ= တောင့်တ၍၊ ဗြဟ္မစရိယံ=မြတ်သောအကျင့်ကို၊ စရတိ=ကျင့်၏၊ သော=ထိုသူသည်၊

www.dhammaransi.com



တံ=ထိုနတ်ပြည်ကို၊ အဿာဒေတိ=သာယာ၏၊ တံ=ထိုနတ်ပြည်ကို၊ နိကာမေတိ=အလွန်လိုလား၏၊ တေနစ=ထိုနတ်ပြည်ဖြင့်လည်း၊ ဝိတ္တိံ=နှစ်သက်ခြင်းသို့၊ အာပဇ္ဇတိ=ရောက်၏၊ ဗြာဟ္မဏာ=ပုဏ္ဏားး ခေါ်=စင်စစ်၊ က္လဒမ္ပိ=ဤနတ်ပြည်ကို သာယာလိုလားခြင်းစသော အမှုမည်သည်လည်း၊ ဗြဟ္မစရိယဿ=မြတ်သော အကျင့်သီလ၏၊ ခဏ္ဍမ္ပိ=အစုတ်အပြတ်မည်သည်လည်းကောင်း၊ ဆိဒ္ဒမ္ပိ=အပေါက်အတွင်းမည်သည်လည်းကောင်း၊ သဗလမ္ပိ=အကြောင်အကျား မည်သည်လည်းကောင်း၊ ကမ္မာသမ္ပိ=အပြောက်အကွက် မည်သည်လည်းကောင်း၊ ဟောတိ=ဖြစ်၏။ ။

--------*--------

## ၁။ နှစ်ပါးစုမာတိကာ

သီလ၌ ဟီနဖြစ်ရန် အကြောင်းစုသည် ဒါနမှာလည်း ဟီနဖြစ်ရန်ပင်ဖြစ်၏။ မဇ္ဈိမ ပဏီတ အတူတူပင်။

၁။ သီလံ= သီလသည်၊ ဂဟဋ္ဌ ပဗ္ဗဇိတတော= လူတို့သီလ, ရဟန်းတို့ သီလ-ဟူ၍လည်းကောင်း။

၂။ ဂဟဋ္ဌေ= လူတို့၏ဂဟဋ္ဌသီလ၌၊ **နိစ္စာနိစ္စတော**=အမြဲထိန်းရသော ငါးပါးသီလ, အာဇီဝဋ္ဌမကသီလ, ဆယ်ပါးသီလဟူသော **"နိစ္စ သီလ"**၊ အမြဲတတ်နိုင်လျှင်အမြဲ, ရံခါတတ်နိုင်လျှင် ရံခါထိန်းရသော အဋ္ဌင် ဉပုသ်ဟူသော **"အနိစ္စသီလ"** ဟူ၍လည်းကောင်း။

၃။ **စာရိတ္တ ဝါရိတ္တတော**=ထိန်းနိုင်လျှင် အကျိုးရှိ၍၊ မထိန်းနိုင်လျှင် အပြစ်မရှိသော ဝိကာလဘောဇနသိက္ခာပုဒ်စသော **"စာရိတ္တသီလ"**၊ ထိန်းနိုင်လျှင် အကျိုးကြီးလှ၍ မထိန်းနိုင်လျှင် အပြစ်ကြီးလှသော ပါဏာတိပါတသိက္ခာပုဒ်စသော **"ဝါရိတ္တသီလ"** ဟူ၍လည်းကောင်း။

၄။ **နိဿိတာ နိဿိတတော**=တဏှာဒိဋ္ဌိနှင့်ယှဉ်သော**"နိဿိတသီလ"**၊ တဏှာ, ဒိဋ္ဌိနှင့်မယှဉ်သော **"အနိဿိတသီလ"**ဟူ၍လည်းကောင်း။

၅။ **လောကိယ လောကုတ္တရတော**= "လောကိယသီလ, လောကုတ္တရာသီလ" ဟူ၍လည်းကောင်း၊ ဒုဝိဓံ= ၂-ပါး, ၂-ပါးအပြားရှိ၏။

**နှစ်ပါးစု မာတိကာပြီး၏။**

www.dhammaransi.com



## ၂။ သုံးပါးစုမာတိကာ

၁။ သီလံ= သီလသည်၊ **ဟီန မဇ္ဈိမ ပဏီတတော**=ယုတ်ညံ့သော **"ဟီနသီလ"**၊ အလယ်အလတ်ဖြစ်သော **"မဇ္ဈိမသီလ"**၊ အမြတ်ဖြစ်သော **"ပဏီတ သီလ"** ဟူ၍လည်းကောင်း။

၂။ **အတ္တ လောက ဓမ္မာဓိပတေယျတော**=ဒါနဥ်ကဲ့သို့ မိမိကိုယ်ကို အလေး ပြု၍ဖြစ်သော **"အတ္တာဓိပတေယျသီလ"**၊ လောကကို အလေး ပြု၍ ဖြစ်သော **"လောကာဓိပတေယျသီလ"**၊ သူတော်ကောင်းတရားကို အလေး ပြု၍ဖြစ်သော **"ဓမ္မာဓိပတေယျသီလ"** ဟူ၍လည်းကောင်း။

၃။ **ပရာမဋ္ဌာဒိတော**=တဏှာ, ဒိဋ္ဌိသုံးသပ်သော **"ပရာမဋ္ဌသီလ"**၊ တဏှာ, ဒိဋ္ဌိမသုံးသပ်သော **"အပရာမဋ္ဌသီလ"**၊ ကိလေသာ ငြိမ်းပြီးသော **"ပဋိပဿဒ္ဓိသီလ"**ဟူ၍လည်းကောင်း၊ တိဝိဓံ=၃-ပါး, ၃-ပါး အပြားရှိ၏။

သုံးပါးစု မာတိကာ-ပြီး၏။

---------*----------

## ၃။ လေးပါးစုမာတိကာ

၁။ သီလံ=သီလသည်၊ **ဟာန ဘာဂိယာဒိတော**= ဆုတ်ယုတ်ခြင်း အဖို့ရှိ သော **"ဟာနဘာဂိယသီလ"**၊ တည်တံ့ခြင်း အဖို့ရှိသော **"ဌိတိ ဘာဂိယသီလ"**၊ တိုးတက်ခြင်း အဖို့ရှိသော **"ဝိသေသ ဘာဂိယ သီလ"**၊ ထိုးထွင်း၍ သိခြင်းအဖို့ရှိသော **"နိဗ္ဗေဓဘာဂိယသီလ"**ဟူ၍လည်းကောင်း။

၂။ **ပကတိယာဒိတော**=ပကတိသီလ, အာစာရသီလ, ဓမ္မတာသီလ, ပုဗ္ဗ ဟေတုကသီလဟူ၍လည်းကောင်း၊ စတုဗ္ဗိဓံ=၄-ပါး, ၄-ပါး အပြားရှိ၏။

လေးပါးစု မာတိကာ-ပြီး၏။

-------*-------

## ၄။ ငါးပါးစုမာတိကာ

၁။ သီလံ=သီလသည်၊ **ဝေရမဏိယာဒိတော**= ဝိရတိသီလ, စေတနာ သီလ, စေတသိကသီလ, သံဝရသီလ, အဝီတိက္ကမသီလ ဟူ၍လည်းကောင်း။

၂။ **ပဉ္စင်္ဂတော**=သတ်မှုမှ ကြဉ်ရှောင်ခြင်း, ခိုးမှုမှ ကြဉ်ရှောင်ခြင်း, မလွန်ကျူး

www.dhammaransi.com



အပ်သော နှစ်ကိုပ်သောမိန်းမမှ ကြဉ်ရှောင်ခြင်း, မုသားမှ ကြဉ်ရှောင်ခြင်း, ယစ်မျိုးမှ ကြဉ်ရှောင်ခြင်းဟူသော အင်္ဂါအားဖြင့်လည်းကောင်း၊ ပဉ္စဝိခံ= ၅-ပါး, ၅-ပါးအပြားရှိ၏။ ။

ငါးပါးစု မာတိကာ-ပြီး၏။

-----------

## ၅။ ရှစ်ပါးစုမာတိကာ

၁။ **ပါဏာတိပါတာ**=အသက်သတ်မှုမှ၊ ဝေရမဏီ=ကြဉ်ရှောင်ခြင်းလည်းတစ်ပါး၊ **အဒိန္နာဒါနာ**=အရှင်မပေးသောဥစ္စာကို ခိုးယူမှုမှ၊ ဝေရမဏီ=ကြဉ်ရှောင်ခြင်းလည်းတစ်ပါး၊ **ကာမေသု မိစ္ဆာစာရာ**=ဖောဋ္ဌဗ္ဗအာရုံ ကာမဂုဏ်တို့၌ မှားယွင်းသောအကျင့်မှ၊ ဝေရမဏီ=ကြဉ်ရှောင်ခြင်းလည်းတစ်ပါး၊ **မုသာဝါဒါ**=မဟုတ်စကား ပြောဆိုခြင်းမှ၊ ဝေရမဏီ=ကြဉ်ရှောင်ခြင်းလည်းတစ်ပါး၊ **ပိသုဏာဝါစာ**=ကုန်းတိုက်စကားပြောဆိုခြင်းမှ၊ ဝေရမဏီ=ကြဉ်ရှောင်ခြင်းလည်းတစ်ပါး၊ **ဖရုသဝါစာ**=အကြမ်းအတမ်း ပြောဆိုမှုမှ၊ ဝေရမဏီ=ကြဉ်ရှောင်ခြင်းလည်းတစ်ပါး၊ **သမ္ဖပ္ပလာပါ**=ပစ္စုပ္ပန်အကျိုး သံသရာအကျိုး မရှိသော ရာမ, အီနောင်, ငွေတောင်, ဘာရတစသော ဒဏ္ဍာရီစကားမျိုးကို ပြောဆိုမှုမှ၊ ဝေရမဏီ=ကြဉ်ရှောင်ခြင်းလည်းတစ်ပါး၊ **မိစ္ဆာဇီဝါ**=ယုတ်မာသော အသက်မွေးမှုမှ၊ ဝေရမဏီ=ကြဉ်ရှောင်ခြင်းလည်းတစ်ပါး၊ ဣတိ=ဤသို့၊ အာဇီဝဋ္ဌမက ဝသေန=အာဇီဝလျှင် ရှစ်ခုမြောက်ရှိသော နိစ္စသီလ၏ အစွမ်းအားဖြင့်လည်းကောင်း။

၂။ **ဥပေါသထဝသေန**=အင်္ဂါရှစ်ပါးရှိသော ဥပေါသထသီလ၏ အစွမ်းအားဖြင့်လည်းကောင်း၊ အဋ္ဌဝိခံ= ၈-ပါး, ၈-ပါးအပြားရှိ၏။

၃။ ပုန=တစ်ဖန်၊ ဥပေါသထေ=အဋ္ဌင်္ဂဥပုသ်၌၊ **ပါကတိကံ**=ပကတိ ဥပုသ်နေ့၌ စောင့်ထိန်းသော "အဋ္ဌင်္ဂဥပုသ်" ဟူ၍လည်းကောင်း၊ **ပါဋိ ဟာရိယံ**= လေးလတန်သည် သုံးလတန်သည် နှစ်လတန်သည် တစ်လတန်သည် တစ်ပက္ခတန်သည် အမြဲစောင့်ထိန်းသော "ပါဋိဟာရိယဥပုသ်" ဟူ၍

www.dhammaransi.com



လည်းကောင်း၊ **ပဋိဇာဂရံ**= အကြိုရက် အပိုရက်တို့၌ စောင့်ထိန်းသော "ပဋိဇာဂရဥပုသ်"ဟူ၍လည်းကောင်း၊ အဋ္ဌဝိဓံ=၈-ပါး, ၈-ပါးအပြားရှိ၏။

၄။ ပုန=တစ်ဖန်၊ **ဂေါပါလကံ**=နွားငှါးကျောင်းသောသူ၏ အမှုနှင့် အလားတူသော "ဂေါပါလဥပုသ်" ဟူ၍လည်းကောင်း၊ **နိဂဏ္ဌကံ**= နိဂဏ္ဌတက္ကတွန်းတို့၏ ဥပုသ်နှင့်တူသော "နိဂဏ္ဌဥပုသ်" ဟူ၍လည်း ကောင်း၊ **အရိယကံ**=အရိယာတို့၏ ဥပုသ်နှင့်တူသော အရိယာတို့၏ဥပုသ် ဟူ၍လည်းကောင်း၊ အဋ္ဌဝိဓံ= ၈-ပါး, ၈-ပါး အပြားရှိ၏။ ။

ရှစ်ပါးစုမာတိကာ-ပြီး၏။

--------*--------

## ၆။ ကိုးပါးစု မာတိကာ

**နဝင်္ဂုပေါသထဝသေန**= မေတ္တာဘာဝနာနှင့်တကွ အင်္ဂါကိုးပါးရှိသော နဝင်္ဂဥပုသ်၏ အစွမ်းအားဖြင့်၊ နဝဝိဓံ=ကိုးပါးအပြားရှိ၏။

ကိုးပါးစု မာတိကာ-ပြီး၏။

------*------

## ၇။ ဒုစ္စရိုက်လေးဆယ်

ဒသန္နံ=ဆယ်ပါးကုန်သော၊ ဒုစ္စရိတာနံ=ဒုစ္စရိုက်တို့ကို၊ ပဟာနဝသေန= ပယ်စွန့်သည်၏အစွမ်းအားဖြင့်၊ စတ္တာလီသဝိဓံ=လေးဆယ်အပြားရှိ၏၊ တံ=ထိုဂဟဋ္ဌသီလအပြားကို၊ ဒေသေန္တံ=ဟောတော်မူသော မြတ်စွာ ဘုရားကို၊ အဟံ=အကျွန်ုပ်သည်၊ နမာမိ=ရှိခိုးပါ၏။

ဒုစ္စရိုက်တို့၌ မနောကံသုံးပါးကို သီလအပြား၌ သွင်းလိုက်သည်ကား သီလအစစ်ဖြစ်၍ သွင်းသည်မဟုတ်၊ မနောကံသီလဟူ၍မရှိ၊ ဒုစ္စရိုက်တို့ကို အစုံအလင်ထုတ်ပြ၍ သွင်းလိုက်သည်၊ ဒုစ္စရိုက် လေးဆယ်ဆိုသည်ကား ဒုစ္စရိုက်ဆယ်ပါးတွင် တစ်ပါးပါး၌-

- ကိုယ်တိုင်ပြုခြင်း၊
- သူတစ်ပါးကိုစေခိုင်းခြင်း၊
- ထိုဒုစ္စရိုက်မှုကို ချီးမွမ်းခြင်း၊

www.dhammaransi.com



- ထိုဒုစ္စရိုက်မှုကို နှစ်သက်ခြင်း-

ဟူ၍ ၄-ပါး, ၄-ပါး စီပွား၍ ဒုစ္စရိုက်လေးဆယ် ဖြစ်သတည်း။

ဒုစ္စရိုက်လေးဆယ်-ပြီး၏။

သီလခန်း မာတိကာပြီး၏။

-----*-----*-----

## ၄။ ဒါန, သီလ အဓိပ္ပါယ်အကျယ်

### ၁။ ဓမ္မဝိနယကျမ်းစာ မှားမှန်စိစစ်ချက်

ဇယတု။ ။ ဓမ္မဝိနယကျမ်းစာ ၁၉-နံပါတ်တွင်ပါဝင်သော ဒါနသည်-

(၁) အကျိုးဖလကိုသာ ရသောဒါန,

(၂) အကျိုးဖလကို မရသောဒါန,

(၃) အကျိုးဖလကိုမျှ မရသည့်ပြင် အလှူခံ, အလှူပေး နှစ်ပါးလုံး သာသနာဖျက်ဖြစ်၍ အဝီစိငရဲသို့ သွားကြရသော ဒါန-ဟူ၍ "သုံးပါး အပြားရှိသည်"။

ဆိုပြီးလျှင် အကျိုးဖလမျှ မရသော ဒုတိယဒါန၏ အကျယ် သရုပ်ကို ထုပ်ပြရာ၌-

"အလှူခံပုဂ္ဂိုလ်က အလဇ္ဇီလည်းဖြစ်စေ, အလှူပေးဒါယကာက လည်း မိစဉ်ဖဆက်ပင် မဟာဂီရိနတ်ကို ကိုးကွယ်ဘိသကဲ့သို့ မိမိတို့ အစဉ် အဆက် ကိုးကွယ်ရင်းဖြစ်၍ အမှတ်တမဲ့ လှူဒါန်းသည်လည်းဖြစ်စေ၊ ထိုဒါနသည် အနည်းငယ်သော အကျိုးဖလမျှကို မရသောဒါန မှတ်ရ မည်"-

ဟု ပြပေ၏။ ထိုစကားသည် ကျမ်းဂန်တို့၌အဆိုမရှိ၊ အတ္တနောမတိ မိမိသဘောအရကို ပြဆိုချက်သာဖြစ်သည်၊ အတ္တနောမတိပင် ဖြစ်သော်လည်း ကျမ်းဂန်တို့နှင့် နှီးနှော၍ညီညွတ်ပေလျှင် ယူထိုက်မှတ်ထိုက်ပါ၏။

### ၂။ နတ်ကိုးကွယ်သင့်ကြောင်း

ကျမ်းဂန်တို့နှင့် ညီညွတ်သည် မညီညွတ်သည်ကို စစ်တမ်းထုတ်၍ ပြလိုက်အံ့၊ မဟာဂီရိအစရှိသော မိရိုးဖလာ ကိုးကွယ်ကြသော နတ်များကို

www.dhammaransi.com



အရိုးအစဉ်မပျက် ကိုးကွယ်ခြင်းအမှုသည် လူတို့၌ ကောင်းကျိုးစီးပွား ဖြစ်ထွန်းရန် အမှုတစ်ခုဖြစ်ကြောင်းကို **အင်္ဂုတ္တိုရ်ပါဠိတော်**တွင် ဟောတော်မူသည်တစ်ချက်။

ရွာစောင့်နတ်, မြို့စောင့်နတ်, တိုင်းစောင့်နတ်, ပြည်စောင့်နတ်တို့ကို အစဉ်အလာမပျက်ရအောင် ကိုးကွယ်ကြသော မြို့ရွာတိုင်းပြည်များသည် အကျိုးစီးပွား မဆုတ်မယုတ်နိုင်သော "**အပရိဟာနိယဓမ္မ**" တစ်ပါးဖြစ်ကြောင်းကို **မဟာပရိနိဗ္ဗာနသုတ်**၌ ဟောတော်မူသည်တစ်ချက်။

"တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ၊
ဒိဝါစ ရတ္တောစ ဟရန္တိ ယေ ဗလိံ "

ဟူ၍ နေ့နေ့ညည ပူဇော်သက္ကာရများကို ဆောင်ယူပူဇော်ကြပေကုန်သော လူတို့အား နတ်အပေါင်းတို့သည် ချစ်ခြင်းမေတ္တာကို ပြုကြပေကုန်လော့-ဟု **ရတနသုတ်**တွင် ဟောတော်မူသည်တစ်ချက်။

"ယာ တတ္ထ ဒေဝတာ အာသုံ၊ တာသံ ဒက္ခိဏမာဒိသေ။
တာ ပူဇိတာ ပူဇယန္တိ၊ မာနိတာ မာနယန္တိ နံ။
ဒေဝတာနုကမ္ပိတော ပေါသော၊ သဒါ ဘဒြာနိ ပဿတိ"

ဟူ၍လူတို့သည် အိမ်သစ်တက်သောအခါ ရဟန်းသံဃာတော်များကို လှူဒါန်းကျွေးမွေးရာ မဟာဂီရိအစရှိသော အိမ်စောင့်နတ်များကို အမျှဝေရမည်၊ ငါတို့ကို အမျှဝေပေသည်ဟူ၍ ထိုအိမ်ရှင်တို့ကို အိမ်စောင့် နတ်က ဘေးကင်းအောင်, အန္တရာယ်ကင်းအောင် စောင့်ရှောက်ခြင်းဖြင့် ထိုအိမ်ရှင်တို့ကို တစ်ဖန်ပူဇော်ကြကုန်သည်၊ မြတ်နိုးတနာပြုကြကုန်သည်၊ ထိုနတ်တို့သည် ချစ်ကြင်သနား၍ စောင့်ရှောက်ကုန်သည်ရှိသော် ထိုအိမ်ရှင်တို့သည် အခါခပ်သိမ်း ကောင်းမြတ်သော မင်္ဂလာကျက်သရေတို့ကိုသာ မြင်ရတွေ့ရ ကြုံရကုန်သည်ဟု ဟောတော်မူသည်တစ်ချက်။

ဤသို့လျှင် လူတို့၏ကောင်းကျိုးစီးပွား များမြတ်ရာသောတရားတို့ကို ဟောတော်မူသော မြတ်စွာဘုရားသည် မဟာဂီရိစသော မိရိုးဖလာ ကိုးကွယ်ကြသောနတ်များကို အစဉ်အလာမပျက်ရအောင် ကိုးကွယ် ပူဇော်ကြသော အမှုကို

www.dhammaransi.com



သုတ္တန်အရပ်ရပ်တို့၌ ချီးမွမ်းတော်မူသည်၊ အစဉ်အလာ ကိုးကွယ်မြဲတိုင်း မကိုးကွယ်ကြသောလူတို့အား အကျိုးစီးပွား ဆုတ်ယုတ်ရန် အကြောင်းတစ်ခု ဖြစ်ကြောင်းကိုလည်း **မဟာပရိနိဗ္ဗာနသုတ်**၌ ဟောတော်မူသည်။ ။

--------o--------

## ၃။ နတ်ကိုးကွယ်ရကျိုး

မဟာဂီရိစသော နတ်တို့ကို အစဉ်အလာ မပျက်ရအောင် ကိုးကွယ်မှု-ဟူသည်လည်း ထိုနတ်တို့သည် သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့နှင့် ပြည့်စုံကြပေကုန်သည်-ဟု ဒက္ခိဏေယျအနေနှင့် ကိုးကွယ်ရသည်လည်း မဟုတ်၊ ကံကိုလုံးလုံးလွှတ်၍ ထိုနတ်တို့သည်သာ ကောင်းကျိုး, မကောင်းကျိုးကိုပေးနိုင်သည်-ဟု ကိုးကွယ်ရသည်လည်း မဟုတ်၊ လောက၌ အနာရောဂါ မကပ်မရောက် ပါစေခြင်းအကျိုးငှာ ဆေးသမားကြီးများကို ကိုးကွယ်ကြရသကဲ့သို့, ဥစ္စာပစ္စည်း ပေါများစေခြင်း အကျိုးငှါ သူဋ္ဌေးကြီး သူကြွယ်ကြီးများကို ကိုးကွယ်ကြရသကဲ့သို့, ခပ်သိမ်းသောစည်းစိမ် ကျက်သရေတို့ကို ရပါစေခြင်းငှါ မင်းစိုးရာဇာတို့ကို ကိုးကွယ်ကြရသကဲ့သို့ ကိုးကွယ်သည်သာ ဖြစ်သတည်း။

ကောင်းကောင်းတတ်ပေသော ဆေးသမားကြီးများကို ကောင်းစွာ ကိုးကွယ်လျှင် ရောဂါပျောက်ငြိမ်းမှု, သူဋ္ဌေးကြီး သူကြွယ်ကြီးများကို ကောင်းစွာ ကိုးကွယ်ဆည်းကပ်လျှင် ပစ္စည်းဥစ္စာဖြစ်ထွန်းမှု, မင်းစိုးရာဇာတို့ကို ကောင်းစွာ ကိုးကွယ်လျှင် ခစားလျှင် စည်းစိမ်ကျက်သရေတို့ကို ခံစံရမှုများသည်လည်း လောကမျက်မြင်ပင်ဖြစ်ကြသည်၊ မင်းစိုးရာဇာတို့ကို မရိုမသေပြုကျင့်လျှင် စည်းစိမ်ဥစ္စာ ပျက်စီးမှု, အသက်ခန္ဓာ ပျက်စီးမှုများသည်လည်း လောကမျက်မြင် ပင် ဖြစ်ကြသည်။

အချို့သော လူပြိန်းတို့သည် ထိုအစဉ်အလာ ကိုးကွယ်ရိုးဖြစ်သော နတ်များကို ကိုးကွယ်ရမည်, ရိုသေရမည်ဆိုလျှင် ကံကိုသာအားကိုး၍ ထိုသို့သော ကိုးကွယ်ရိုသေမှုများကို လုံးလုံးပစ်ပယ်ကြကုန်၏၊ ထိုသူတို့သည် မင်းစိုးရာဇာတို့ အမိန့်အာဏာနှင့်စပ်လျှင် ကံကိုသာအားကိုး၍ မနေဝံ့၊ ယခု သေရတော့ မည်လောက် ကြောက်ရွံ့ကြကုန်၏။ ။

www.dhammaransi.com



## ၄။ နတ် မကိုးကွယ်ပြစ်

အကြောင်းမှာမူကား မင်းစိုးရာဇာတို့ အမျက်ထွက်၍ အသက်ခန္ဓာ ဆုံးရှုံးမှု, စည်းစိမ်ဥစ္စာဆုံးရှုံးမှုများကို မျက်မြင်ဖြစ်၍ ကြောက်ရွံ့ကြကုန်သည်၊ နတ်တို့ အမျက်ထွက်၍ အသက်ခန္ဓာဆုံးရှုံးမှု, စည်းစိမ်ဥစ္စာဆုံးရှုံးမှုများကိုမူကား နတ်ကောင်နှင့်တကွ မမြင်ရ၍ ထိုလူပြိန်းတို့ မကြောက်ကြကုန်သည်၊ ဤစကားရပ်တို့ကား ဤကျမ်းစာ၌ အကျိုးမရှိသော ဒါနကိုပြရာဝယ် မိရိုးဖလာကိုးကွယ်သော မဟာဂီရိနတ်ကို ကိုးကွယ်မှုကို ဥပမာပြု၍လာသောကြောင့် ဤကျမ်းစာကို ကြည့်ရှုသော လူပြိန်းတို့သည် ထိုမဟာဂီရိနတ်များကို မရိုမသေပြုမိကြချေလျှင် မိမိတို့အသက်ခန္ဓာ, သားငယ် မြေးငယ်တို့အသက်ခန္ဓာ, ဥစ္စာစည်းစိမ် ဆုံးပါးခြင်းသို့ရောက်ရာသော အချက်ကြီးတစ်ခု ဖြစ်ချေ၍ အသေအချာ ပြလိုက်သော စကားရပ်တည်း။

## ၅။ အလဇ္ဇီဖြစ်သော်လည်း အကျိုးမယုတ်

မိမိတို့အစဉ်အလာ ကိုးကွယ်ရင်းဖြစ်၍ အလဇ္ဇီပုဂ္ဂိုလ်ကိုပင် အမှတ်တမဲ့ လှူဒါန်းခဲ့သည်လည်းဖြစ်စေ-ဟု အကျိုးမရှိသော အင်္ဂါတစ်ပါးကို ပြရာ၌ အလဇ္ဇီမှန်းသိလျက် လှူဒါန်း၍နေလျှင်သာ အကျိုးမရှိ ဆိုလျှင်ဆိုရမည်၊ အလဇ္ဇီမှန်းမသိဘဲ အမှတ်တမဲ့ လှူဒါန်း၍နေသည်မှာ အဘယ့်ကြောင့် အကျိုးမရှိဘဲ ရှိအံ့နည်း၊ အလဇ္ဇီမှန်းသိလျက်ပင် လှူဒါန်းစေဦးတော့၊ တစ်ပါးသော လဇ္ဇီရဟန်းတို့နှင့် ဖက်ပြိုင်နိုင်စေခြင်းငှါ တစ်ပါးသော လဇ္ဇီရဟန်းတို့၏ အနှိပ်အကြိတ်ကို ခုခံနိုင်စေခြင်း အကျိုးငှါဟု မသင့်သောနှလုံးသွင်း ခြင်းဖြင့် လှူဒါန်း၍နေလျှင်သာ အကျိုးမရှိ အပြစ်သာရှိသည်-ဟု ဆိုခွင့်ရှိသည်။

ဤရဟန်းသည် မည်သည့် သိက္ခာပုဒ်ကို သိလျက်နှင့်လွန်ကျူး၍ နေသောကြောင့် ထိုသိက္ခာပုဒ်အတွက် အလဇ္ဇီဧကန်ဖြစ်၍နေ၏၊ သို့သော်လည်း မလွန်ကျူးဘဲ အမြဲတည်၍နေသော သိက္ခာပုဒ်တို့သည်လည်း ထိုပုဂ္ဂိုလ်မှာ အရာမကများလျက်ရှိပေသေးသည်၊ ထိုရှိ၍နေသော သိက္ခာပုဒ်တို့တွင်လည်း တစ်ခုခုသော သိက္ခာပုဒ်တော်သည်ပင်လျှင် အဖိုးအနဂ္ဃထိုက်တန်လှပေသေးလျက်ရှိသည်-ဟု မြတ်စွာဘုရား ပညတ်တော်မူသော တစ်ခုခုသော သိက္ခာပုဒ် ဂုဏ်ကျေးဇူးကိုသိ၍ ထိုမလွန်ကျူးဘဲတည်နေသော သိက္ခာပုဒ်တို့၏အတွက်

www.dhammaransi.com



သဒ္ဓါတရားမပျက် လျှုဒါန်း၍နေပေမူကား အသခ်ေျယျ, အပ္ပမေယျ အကျိုး ပေးမည်ပင် ဖြစ်သတည်း။

--------*-------

၆။ ကျောက်တူးသမား ဥပမာ

ဥပမာကား အညာမိုးကုတ်ကျောက်တွင်း၌ အချို့သော မြကျောက်ကြီးများသည် အပေါ်ရံပြင်ပ၌ အကာဖုံးအုပ်၍နေ၏၊ အတွင်း၌ကား အဖိုးအနဂ္ဃ ထိုက်တန်သော အရည်အသွေးရှိ၏၊ မျက်စိအားနည်းသော ပါဒရက်သည် ကျောက်တူးသမားသည် ထိုကျောက်ကိုတွေ့လျှင် အပေါ်ရံ အကာသက်သက် ကိုသာမြင်၍ အတွင်း၌ရှိသော အရည်အသွေးတို့ကို မမြင်ခြင်းကြောင့် အဖိုး မတန်ထင်မှတ်လျက် လွတ်ရာသို့ ဖယ်ရှား၍ထား၏။

မျက်စိအမြင်ကောင်းသော ကျောက်တူးသမားသည် ထိုကျောက်ကို တွေ့မြင်၍ ကြည့်ရှုလေရာ အပေါ်ရံအကာကို ဖောက်ပြီးလျှင် အတွင်း၌ပြည့် သော အရည်အသွေးတို့ကို တွေ့မြင်၍ ဆောင်ယူခဲ့စိတ် ရောင်းချလေရာ များစွာသော ရွှေ, ငွေ, ဥစ္စာတို့ကိုရ၍ ကြွယ်ဝချမ်းသာလေ၏၊

ဤအတူ ရဟန်းတို့မှာ "နဝကောဋိ သဟဿာနိ"အစရှိသော **ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဠိ**နှင့်အညီ ကုဋေကိုးထောင်မျှမကသော သိက္ခာပုဒ်တော်တို့သည် ဥတ်ကမ္မဝါစာဖတ်ရွတ်၍ ပြီးဆုံးသည်နှင့်တစ်ပြိုင်နက် တည်ကုန်၏၊ ပညာမျက်စိ အားနည်းလှသော လူရှင်တို့သည် မြကျောက်မှ အကာနှင့်တူသော ပျက်စီး၍ နေသော သိက္ခာပုဒ်ငယ်များတွင်သာ မျက်စိဆုံး၍ မပျက်မစီး တည်နေသော ကုဋေ ကိုးထောင်မျှမကသော သိက္ခာပုဒ်တော်တို့ကိုမူကား မမြင်ကြကုန်၊ သဒ္ဓါဗလ,ပညာဗလနှင့်ပြည့်စုံသော သူတို့သည်မူကား မြင်နိုင်ကြကုန်သည် ဖြစ်၍ ထိုအလဇ္ဇီကိုပင် ကြည်ညိုသောစိတ် ဖြစ်နိုင်ကြကုန်၏။

တစ်နည်းလည်း ထိုအလဇ္ဇီဟူ၍ မသိ၊ လဇ္ဇီပင် ထင်မှတ်၍ အစဉ်အလာ မပျက် အမှတ်တမဲ့လှူဒါန်း၍နေလျှင်လည်း အကျိုးမရှိမဆိုသာပေ။

-------*------

www.dhammaransi.com



## ၇။ ပါရမီဒါန မမြောက်နိုင်

တစ်နည်းလည်း အလဇ္ဇီကို လှူသောဒါနသည် အကျိုးမကြီး၊ လဇ္ဇီ ပုဂ္ဂိုလ်ကို လှူမှ အကျိုးကြီးသည်ဟု အကျိုးကိုခင်မင်၍ ရွေးချယ်ချက်နှင့်တကွ လှူဒါန်းသောဒါနသည် "ပုညဖလကာမတာယ ဟီနံ"ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဌ်နှင့်အညီ သီလမှာကဲ့သို့ ဟီနဒါနသာဖြစ်ချေသည်၊ ပါရမီမြောက်သောဒါနပင်မဟုတ်ချေ၊ ပုညာဘိသင်္ခါရအစစ် ဖြစ်ချေသည်၊ သံသရာဝဋ်မှ ထွက်မြောက်အောင် ဆောင်နိုင်သောဒါန မဟုတ်ချေ- ဟု အလိမ္မာဉာဏ် အမြင်သန်၍ လဇ္ဇီ, အလဇ္ဇီဟူ၍လည်း အမှုမစိုက်၊ အကျိုးကြီးသည်, မကြီးသည်ဟူ၍လည်း အမှုမစိုက်၊ အလှူခံပုဂ္ဂိုလ်ဆိုလျှင် အယုတ်အလတ် အမြတ်မရွေး လှူနိုင်စွန့်နိုင်သော ပါရမီဒါနကိုသာ အလေးပြုလျက် အမှတ်တမဲ့ လှူဒါန်း၍နေသောဒါနသည် အလောင်းအလျာတို့၏ အလေ့အလာ ပါရမီမြောက်သော ဒါနပင်ဖြစ်ပေရကား အကျိုးမရှိ မဆိုသာပေ။

ထိုစကားမှန်၏၊ ပုညဖလဟုဆိုအပ်သောအကျိုးကို အလိုရှိလှ၍ လှူကြသော ဟီနဒါနရှင်တို့မှာသာ လဇ္ဇီ, အလဇ္ဇီ အမှုစိုက် ဖွယ်ရှိကြသည်၊ အကျိုးကြီးမှုအတွက်နှင့် လဇ္ဇီ, အလဇ္ဇီရွေးချယ်၍ လဇ္ဇီပုဂ္ဂိုလ်ကို လှူဒါန်းကြသောဒါနစုသည် ဟီနဒါနချည်းသာတည်း၊ ပါရမီမြောက်သော ဒါနစုပင် မဟုတ်၊ သံသရာဝဋ်မှ ကျွတ်လွတ်စေတတ်သော ဒါနစုပင် မဟုတ်၊

"ပုညဖလကာမတာယ ဟီနံ"

ဟူသော ဝိသုဒ္ဓိမဂ် သီလနိဒ္ဒေသကို ရှုကြလေ။

ပုညဖလကာမတာယ=ကောင်းမှုအကျိုးကို အလိုရှိခြင်းကြောင့်၊ သမာဒိန္နံ=ဆောက်တည်အပ်သောသီလသည်၊ ဟီနံ=ဟီနသီလ မည်၏။

[အနက်]

သီလနှင့် ဒါနအတူတူပင်။

## ၈--ပါရမီဒါန မြောက်လိုလျှင်

ယခုကာလ အချို့သော လူ,ရှင်တို့သည် ဤဝိသုဒ္ဓိမဂ်အဋ္ဌကထာကို သတိမထားမိကြကုန်သည်ဖြစ်၍ အကျိုးကြီး မကြီးအတွက်နှင့် လဇ္ဇီ, အလဇ္ဇီ

www.dhammaransi.com



ရွေးချယ်မှုများကို အလွန်အလေးပြုကြကုန်၏၊ ဟီနဒါနကို အားပြုမှုသာ ဖြစ်သတည်း၊ ထို့ကြောင့် သံသရာဝဋ်မှ ကျွတ်လွတ်တဲ့ရန် ပါရမီဒါနမြောက် လှူသောသူတို့သည် ဒါနအတွက် အကျိုးကြီးမှု, မကြီးမှုကို အကြောင်းပြု၍ လဇ္ဇီ, အလဇ္ဇီရွေးချယ်မှုများကို ဝေးစွာကြဉ်ရှောင်၍ ဖလအကျိုးကို မငြိမတွယ်ဘဲ ကျွတ်ကျွတ်လွတ်လွတ် ဝံ့ဝံ့ရဲရဲ စွန့်ကြဲပေးကမ်း လှူဒါန်းဝေငှခြင်း၌ စွမ်းနိုင်ရာသော အမှုကိုသာ ကောင်းစွာအလေးပြုကုန်ရာသတည်း။

ဝိစေယျ ဒါနံ ဒါတဗ္ဗံ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။

ဟူ၍အကျိုးကြီးရာကိုရွေးချယ်၍ လှူရမည်ဟု ဟောတော်မူသည်မှာ ပါရမီမြောက် မမြောက်ကို ပဓာနမပြုဘဲ ပုဂ္ဂလဇ္ဈာသယအားလျော်စွာ အကျိုးကို ပဓာနပြု၍ ဟောတော်မူသော ဒေသနာဟုမှတ်ရမည်။ ဤစကား ရပ်တို့ဖြင့်-

> အလဇ္ဇီပုဂ္ဂိုလ်ကိုပင် မိရိုးဖလာအားဖြင့် အမှတ်တမဲ့ လှူဒါန်း၍နေသော ဒါနသည် အကျိုးသက်သက် မရှိသော ဒါနမည်၏၊ ဟုပြအပ်သော ဒုတိယနည်းကို အမှန်အားဖြင့် မယူသာကြောင်းကို ထင်လင်းစွာ ပြလိုက်သတည်း။ ။တစ်ရပ်။ ။

--------*--------

## ၉။ အဝီစိသွားဒါန မဟုတ်နိုင်

"အကျိုးဖလကို မရသည့်ပြင် အလှူခံ, အလှူပေးနှစ်ပါးလုံး သာသနာဖျက်ဖြစ်၍ အဝီစိငရဲသို့ သွားကြသောဒါန။" ဟူသော တတိယဒါန အကျယ်သရုပ်ကို ထုတ်ပြရာ၌-

> "အလှူခံပုဂ္ဂိုလ်က အလဇ္ဇီဒုဿီလဖြစ်စေ, အလှူပေး ဒါယကာ ကလည်း ထိုအလဇ္ဇီဒုဿီလ ပုဂ္ဂိုလ်တို့၏ အမှုအရာဟု ဆိုအပ်သော ဆေးကုခြင်း, ဗေဒင်ဟောခြင်း, အစေအပါးခံခြင်း, သစ်သီးပေးခြင်း, ပန်းပေးခြင်း, စသောအမှုအရာ အလေ့အကျက်တို့ကို ကြိုက်နှစ်သက်၍ လှူဒါန်းသည် လည်းဖြစ်စေ, သာသနာတော်ကို ဖျက်ဆီးလိုသော စေတနာမပါသော်လည်း ဧကန်သာသနာဖျက်ဖြစ်သော အလဇ္ဇီတို့ အပြောအဟော အမှုအရာ ဒိဋ္ဌာနုဂတိသို့ အစဉ်လိုက်မှားခြင်းကြောင့် အလှူခံပုဂ္ဂိုလ်

www.dhammaransi.com



အလှူပေးဒါယကာ နှစ်ဦးလုံးပင် သာသနာဖျက်ဖြစ်၍ ဒါယကာဆရာတို့, အထက်, အောက်အစီစီ ငရဲကြီး၌ခံကြရမည်ဟု ဆုံးမတော်မူသည်"။

ဟူသောစကားသည် ကျမ်းမမြင် ဂန်မမြင် ဆိုချင်အားကြီး အချည်းနှီးသက်သက် နောက်လှ၍ ထွက်လိုက်သော အယူပျက် စကားသာတည်း။

လင်း၍ပြအံ့၊ အလဇ္ဇီဆိုသည်ကား ရဟန်းတို့မှာ သီလဆောက်တည်မှုသည် လူကဲ့သို့နှုတ်မြွက်၍ ဆောက်တည်ရတော့သည်မဟုတ်၊ ဥတ် ကမ္မဝါစာ ဖတ်ရွတ်၍ပြီးဆုံးလျှင် အလုံးစုံ ရဟန်းသီလတို့သည် ဆောက်တည်ခြင်း သမာဒါနကိစ္စ မြောက်ကုန်တော့သည်။

ထိုသမာဒါန ကိစ္စသည် သိက္ခာချ၍ လူ, သာမဏေအရာ၌ တည်ခဲ့သော်လည်းကောင်း, ပါရာဇိကကျ၍ ရဟန်းပဋိညာဉ်ကိုစွန့်ပြီးလျှင် လူ-သာမဏေ အရာ၌ တည်ခဲ့သော်လည်းကောင်း, ဥတ်ကမ္မဝါစာမှု အကုန်ငြိမ်း၍ သီလသမာဒါနကိစ္စ အကုန်ပျက်၏၊ ထို ပုဂ္ဂိုလ်ကို အလဇ္ဇီဟူ၍လည်းကောင်း ဒုဿီလဟူ၍လည်းကောင်း မဆိုရပေ။

ပါရာဇိကကျ ပြီးဖြစ်လျက် ရဟန်းဟုပဋိညာဉ်ဝန်ခံ၍နေသော ပုဂ္ဂိုလ်ကိုမူကား အလဇ္ဇီဟူ၍လည်းကောင်း, ဒုဿီလဟူလည်းကောင်း ဆိုရသည်။

ပါရာဇိက မကျမရောက်မူ၍ သံဃာဒိသိသ်စသော သိက္ခာပုဒ်ငယ်များကို သိလျက် စိတ်စေတနာနှင့်တကွ လွန်ကျူးသော ပုဂ္ဂိုလ်မှာမူကား ထိုလွန်ကျူးသော သိက္ခာပုဒ်မှာပင် သမာဒါနကိစ္စ ပျက်သည်မဟုတ်၊ ထိုသိက္ခာပုဒ်အတွက် ဥတ်ကမ္မဝါစာထပ်၍ ဖတ်ဖွယ်ကိစ္စမရှိ၊ စောင့်ရှောက်ခြင်းဟူသော သံဝရဓမ္မမျှသာ ပျက်ပေသည်၊ သမာဒါနကိစ္စ မပျက်ပေ၍လည်း ထိုပုဂ္ဂိုလ်ကို ဒုဿီလဟူ၍ မဆိုရ၊ အလဇ္ဇီဟူ၍သာ ဆိုရသည်၊ အာယတိံ သံဝရေ၌တည်၍ ဝုဋ္ဌာနကံ ဒေသနာကံတို့ဖြင့်ကုစားလျှင် သံဝရဓမ္မ၌တည်ပြန်၍ လဇ္ဇီပုဂ္ဂိုလ်ဖြစ်ပြန်၏၊ ဤသို့ အလဇ္ဇီနှင့် ဒုဿီလတို့၏ အထူးအပြားကို ခြားနားအောင် မှတ်ရမည်။

ဤဓမ္မဝိနယ ကျမ်းစာဆရာကား အလဇ္ဇီနှင့်ဒုဿီလ ခြားနားချက်ကို မသိရှာသောကြောင့် အလဇ္ဇီအမှုအရာမျှသာဖြစ်သော ဆေးကုခြင်း, ဗေဒင်

www.dhammaransi.com



ဟောခြင်း, အစေအပါးခံခြင်း, သစ်သီးပေးခြင်း, ပန်းပေးခြင်း အစရှိသော သိက္ခာပုဒ်ငယ်များကိုပင် အလဇ္ဇီ, ဒုဿီလတို့၏ အမူအရာဟု မှောက်မှားစွာ ဆိုမိလေသည်တစ်ချက်။ ။

## ၁၀။ သာသနာဖျက်ဒါန မဟုတ်နိုင်

"**သာသနာဖျက်**" ဆိုသည်ကား အလဇ္ဇီပုဂ္ဂိုလ်ကို အားပေး အားမြှောက် ထောက်ပံ့ချီးမြှင့်သော သူတစ်ယောက်ကို **ရူပိယသိက္ခာပုဒ် အဋ္ဌကထာ**၌ သာသနာဖျက်ပုဂ္ဂိုလ်-ဟူ၍လာသည်၊ ဝိနည်း သုတ္တန် အဘိဓမ္မာ ကောင်းစွာလှလှ ကျကျနန မတတ်ပါဘဲလျက် ဤဓမ္မဝိနယကျမ်းစာကို ရေးသားသောဆရာကဲ့သို့ တရားကျမ်းဂန် အသံပေး၍ တရားကျမ်းဂန်ကို မကျွမ်းရှာသော လူ, ရှင်, ရဟန်းတို့ကို တရားအမှန် ကျမ်းဂန်အထွက်ပဲ-ဟု ထင်ရှားကြလေအောင် တရားယောင် တရားတုတို့ကို ရေးသား၍ ကျမ်းစာထုတ်ကြသောသူတို့ကို သာသနာဖျက်ဟူ၍ **ကဿပ သံယုတ် ပါဠိတော်**-၌ ဟောတော်မူသည်၊ ဤကဲ့သို့သော သူများကို သာသနာဖျက်- ဟူ၍လာသည်။

အစောင့်အစည်း မရှိသည်ဖြစ်၍ မိမိနေရာ၌ မိမိဘာသာ သိက္ခာပုဒ်တော်များကို လွန်ကျူး၍နေသော ပုဂ္ဂိုလ်များကို မိမိကိုယ်ကို မိမိဖျက်သောသူ-ဟူ၍သာ ဆိုရသည်၊ သာသနာဖျက်-ဟူ၍ မဆိုရ။

ဤဓမ္မဝိနယ ကျမ်းစာဆရာကား သာသနာဖျက်-ဟူ၍ ကျမ်းဂန်တို့၌ လာသည်ကို ခြားခြားနားနား မသိရှာသောကြောင့် ဆေးကုခြင်း, ဗေဒင်ဟောခြင်း အစရှိသော အမှုကိုပြုကျင့်သော အလဇ္ဇီမျှကိုသာ သာသနာဖျက်- ဟူ၍ ဆိုမှားလေသည်။

"ထိုပုဂ္ဂိုလ်၏ အမူအရာကို ကြိုက်၍ လှူဒါန်းကာနေသော ဒါယကာကို သာသနာဖျက်"ဟူ၍ ဆိုရာ၌လည်း ထိုဒါယကာသည် မိမိကိုယ်ကိုသာ မိမိဖျက်သည် သာသနာဖျက်မဆိုရ၊ ဤကဲ့သို့ မိမိကိုယ်ကို မိမိဖျက်သော ရဟန်းသည် အပါယ်သို့ကျတတ်သည်ဟူ၍သာ ကျမ်းဂန်တို့၌လာသည်၊ "အဝီစိငရဲကြီးသို့ ကျသည်" ဟု-ကျမ်းဂန် မရှိ၊ ထိုရဟန်းကို လှူဒါန်းသော ဒါယကာမှာလည်း အကျိုးများစွာ မကြီးကြောင်းကိုသာ ကျမ်းဂန်၌လာသည်၊ "အဝီစိငရဲမှာ

www.dhammaransi.com



ကျရမည်”ဟု ကျမ်းဂန်၌ မရှိ၊ ကဿပဘုရားလက်ထက် ကပိလရဟန်းသည် အမိ, နှမတို့နှင့်တကွ အဝီစိငရဲ၌ ကျကြောင်းကို လာသည်မှာလည်း ရဟန္တာ ရဟန်းကောင်းတို့ကို ကြမ်းတမ်းစွာသော ဝစီကံတို့ဖြင့် ပြစ်မှားမှုဖြစ်သည်၊ ဆေးကုမှု ဗေဒင်ဟောမှုမျိုး မဟုတ်။ ပေတဝတ္ထု၌ ကျောင်းဒါယကာနှင့် ကျောင်းနေ ဆရာနှစ်ဦး ကုဋိအိမ်အတွင်းမှာ အထက်,အောက် နှစ်ယောက်သား ပြိတ္တာဖြစ်၍ နေကြသည်မှာလည်း မစ္ဆေရမှုသာဖြစ်သည်။

---------*-------

## ၁၁။ ယုတ္တိယုတ္တာ မရှိ

ဓမ္မဝိနယ ကျမ်းစာဆရာကား ဤပေတဝတ္ထုကို သူပြော, လူပြော ရိပ်ဖမ်း သံဖမ်းကြားဘူးသည်ကို အဝီစိငရဲ အမှတ်လွဲရှာ၍ “ဒါယကာ,ဆရာ အထက်, အောက် အဝီစိငရဲကြီး၌ ခံကြရသည်-ဟုဆုံးမတော်မူသည်”-ဟုဆိုမှားဟန်ရှိသည်၊ ကျမ်းဂန်လာသည်လည်း မဟုတ်၊ ယုတ္တိ ယုတ္တာလည်း သက်သက်မရှိပါဘဲနှင့် အဝီစိငရဲကြီး၌ ခံကြရမည်ဟု ဝန်ခံပေသော ဤဆရာသည် နောက်၌ သူဆို လတ္တံ့သော “အလိကံ ဘဏံ” ဟူသော ရဟန်းပျက်အင်္ဂါနှင့် ညီရှာလျက် ရှိချေ၏။

နောက်၌လည်း “တစ်ရပ်တစ်ကျေးကလာသော အလဇ္ဇီကို လဇ္ဇီ ထင်မှတ်၍ လှူဒါန်းမှုသည် အကျိုးမရှိ”ဟု ဆိုသောအချက်၊ “ဓာတ်တော် မဟုတ်သည်ကို ဓာတ်တော်ဟု ထင်မှတ်၍ ရှိခိုးခြင်း၊ ဓာတ်တော်မရှိသော စေတီပျက်ကို ဓာတ်တော်ရှိသည်မှတ်၍ ရှိခိုးခြင်းများကဲ့သို့”ဟုဆိုသော စကားစုသည်လည်း ပရမတ္ထ သဘောသကန်တို့၌ ဉာဏ်အလိမ္မာ သက်သက်ကင်း၍ မှောက်မှားခြင်းစုသာ တည်း။

မှောက်မှားပုံကို အကုန်လင်း၍ ပြလိုက်အံ့၊ ဆေးကုခြင်း, ဗေဒင်ဟောခြင်း စသော သိက္ခာပုဒ်ငယ်များအတွက်နှင့် အလဇ္ဇီဖြစ်ခါမျှသော ရဟန်းကို “ဦးပြည်းကာ သင်္ကန်းဝတ်ကာမျှ အကာသာရှိ၍ အနှစ်သာရဟု ဆိုအပ်သော အကျင့်သိက္ခာအား ထိုအလဇ္ဇီပုဂ္ဂိုလ်၏ သန္တာန်၌ အလျဉ်းပင် မရှိ”ဟုဆိုသည်ကား အလွန်ကြည်လင်သော ကောင်းကင်၌ရှိသော တန်ဆောင်မုန်းလပြည့်နေ့တွင် လွင်တီးခေါင်၌ ပက်လက်အိပ်ပျော်၍နေသော ဒူလာပါဒရက်သည်ကြီး

www.dhammaransi.com



တစ်ယောက်သည် ဝမ်းတွင်းရင်တွင်းမှ သလိပ်ခိုးတို့သည် ထ၍ မျက်လုံးနှစ်ခု အပြည့်ဖုံးလေ၏၊ ဖုံးသည်ကိုလည်း ရုတ်တရက် မသိတဲ့၍ ကောင်းကင်သို့ မျှော်ကြည့်လေရာ ကောင်းကင်အပြင်မှာ လဝန်းကြီးလည်း ကွယ်ပျောက်သည်၊ နက္ခတ်တာရာတို့လည်း အကုန်ကွယ်ပျောက်ကုန်လေသည်၊ အလွန်မဲလှ မိုက်လှသော တိမ်ပုပ်အတိ ဖုံးလွှမ်းခဲ့သည်၊ မှောင်ကြီးအတိ မိုက်ခဲ့ပြီ၊ တန်ဆောင်မုန်းလမိုးကြီး သည်းထန်စွာ ရွာတော့မည်ဟု မြည်တွန်တောက်တီးသောသူနှင့် အလားတူစွာ ထိုအလဇ္ဇီသန္တာန်မှာ ကုဋ္ဌေကိုးထောင်မျှမက ရှိနေသော သိက္ခာပုဒ်တွေကို ဓမ္မဝိနယဆရာ မမြင်ရှာလေ။

--------*------

## ၁၂။ ကျမ်းကောင်း ဂန်ကောင်းတို့၌ မရှိ

"အလဇ္ဇီပုဂ္ဂိုလ်ကို လှူဒါန်း၍အကျိုးမရှိ" ဆိုသောစကားသည် ပုဂံပြည်တွင် တူရွင်းတောင်ခြေ တောရကျောင်းနေ ရဟန်းသိက္ခာပျက် လူထွက်ဆရာ ရေးသားစီရင်သည်ဟု အစဉ်အလာပြောရိုးရှိကြသော **စူဠဂဏ္ဌိကျမ်း**တွင်သာ လာရှိသည်၊ ကျမ်းကောင်း ဂန်ကောင်းတို့မှာ တစ်ထွာလေးသစ် မလာမရှိ၊ ဒုဿီလပုဂ္ဂိုလ်ကို လှူဒါန်းလျှင် အကျိုးမကြီးကြောင်းကိုသာ ကျမ်းကောင်း ဂန်ကောင်းများ၌ လာပေသည်။

-------*-------

## ၁၃။ တောင်ပို့ကိုပင် ရှိခိုးတော့

"ဓာတ်တော်အစစ် မဟုတ်သည်ကို ဓာတ်တော်အစစ်ထင်မှတ်၍ ရှိခိုးလျှင် အကျိုးမရှိ"ဟု ဆိုခြင်းသည်လည်း မဟုတ်။ ။ အတုမရှိသော သဗ္ဗညုဘုရားကြီးကို အထူးကြည်ညိုလှသော သဒ္ဓါမှန် သဒ္ဓါစစ်နှင့်ပြည့်စုံ ပြီးသော လူမျိုးအပေါင်းတို့သည် ကျောက်ခဲ, ကြေးခဲ, ရွှေခဲ, အမြုတေ, ဂေါ်ရာဇဉ်းတို့ကိုပင် ဓာတ်တော်စစ်ထင်မှတ်၍ ရှိခိုးကိုးကွယ်သော်လည်း ထိုလူမျိုးတို့၏ စိတ်စေတနာ သဒ္ဓါပညာတို့သည် သဗ္ဗညုမြတ်စွာဘုရားကြီး၌ ဆိုက်၍တည်ကုန်သည်သာ ဖြစ်ပေရကား ကုသိုလ်အစစ်အမှန် ဖြစ်၏၊ ဓာတ်တော်မရှိသော စေတီပျက်ကို မဆိုထားဘိ တောင်ပို့ပျက်ကိုပင် ရှိခိုးငြားသော်လည်းသည် တောင်ပို့မြေမျိုးသည် သဗ္ဗညုတဉာဏ်တော်ရှိသော မြေမျိုးဖြစ်သည်ဟု ရှိခိုးသည်မဟုတ်၊ စေတီ

www.dhammaransi.com



ထင်မှတ်၍ ရှိခိုးခြင်းသာ ဖြစ်ပေရကား သဗ္ဗညုမြတ်စွာဘုရားကြီးသို့ ဆိုက်၍ တည်သည်သာ ဖြစ်၏။

## ၁၄။ ဘုရားမလွဲနိုင်

"ကပိလဝတ်ပြည်တော်မှ တောထွက်တော်မူ၍ ဗောဓိမဏ္ဍိုင်၌ ဘုရား အဖြစ်သို့ ရောက်တော်မူကာ ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် စံတော်မူသော သဗ္ဗညု မြတ်ဘုရားကြီးသည်သာလျှင် သဗ္ဗညုအစစ် အမှန် ဖြစ်သည်ဟု အတပ်သိပြီး ကြည်ညိုပြီးသော လူမျိုး အပေါင်း တို့မှာ ဘယ်သင်း ဘယ်ဟာကိုပင် ကိုးကွယ်သော်လည်း မမှားနိုင်ပြီ၊ ဘုရား မလွဲနိုင်ပြီ၊

"သဒ္ဓါဓိကော=သဒ္ဓါလွန်ကဲသော၊ မန္ဒပညော=နုံ့သောပညာရှိသော သူသည်၊ အဝတ္ထုသ္မိံ= မကြည်ညိုထိုက်သောဝတ္ထု၌၊ ပသီဒတိ= ကြည်ညိုမိတတ်၏"

ဟု-လာသည်မှာ ဘုရားအမှန်, တရားအမှန်, သံဃာအမှန်ကို မသိဘူး ကြ၍ ပူရဏကဿပ, မက္ခလိဂေါသာလစသော တိတ္ထိကြီးတို့ကိုသာ ဘုရား-ဟူ၍ ကြည်ညိုကြသော သူတို့ကိုသာ ဆိုသည်၊ ဘုရားတပည့်သားဖြစ်လျက် ဘုရားကို မကြည်ညိုမူ၍ တိတ္ထိတို့ကိုသာ ကြည်ညိုကြသော လိစ္ဆဝီမင်းမျိုး ဖြစ်သော သုနက္ခတ္တရဟန်းလိုဟာကို ဆိုသည်တစ်ရပ်။

ဆေးကုခြင်း, ဗေဒင်ဟောခြင်းစသော သိက္ခာပုဒ်ငယ်များအတွက် အလဇ္ဇီဖြစ်၍နေသောရဟန်းကို လှူဒါန်း၍ အကျိုးမရှိကြောင်းကို ပါဠိသာဓက ပြသည်ကား-

"န မုဏ္ဍကေန သမဏော၊ အဗ္ဗတော အလိကံ ဘဏံ။
ဣစ္ဆာလောဘသမာပန္နော၊ သမဏော ကိံ ဘဝိဿတိ။"

ဟူသော **ဓမ္မပဒပါဠိတော်** ကိုပြပေ၏။

ထိုပါဠိတော်၏ ပါဠ်ေသျှာက်အဓိပ္ပါယ်ကား- ဦးပြည်းကာမျှဖြင့် ရဟန်း သမဏ မဟုတ်သေး၊ သိက္ခာသီလအကျင့်, ဓုတင်အကျင့်လည်းမရှိသော မဟုတ်မမှန်သောစကားကိုလည်း ပြောဟောလေ့ရှိသော မရောက် သေးသော

www.dhammaransi.com



ဝတ္ထုအာရုံကာမဂုဏ်ကို တောင့်တသောဣစ္ဆာတရား, ရပြီးရောက်ပြီးသော ဝတ္ထုအာရုံကာမဂုဏ်တို့၌ သာယာသော လောဘတရားတို့နှင့် ပြည့်စုံသော သူသည် အဘယ်မှာ ရဟန်းဟုတ်ပချေအံ့နည်း။

[ပါဠ်လျှောက် အဓိပ္ပါယ်။]

## ၁၅။ ရဟန်း သုံးမျိုး

ဓမ္မဝိနယကျမ်းဆရာသည် "အဝီစိငရဲကြီး၌ ကျရမည်ဟု ဆုံးမတော်မူသည်"ဟု မဟုတ်မမှန်သော စကားကိုပြောသောသူ ဖြစ်ပေရကား ဤဒေသနာတော်တွင် သူလည်းအပါအဝင်ဖြစ်လေတော့သည်။

"အလက်တောပိ စေ သမံ စရေယျ၊
သန္တော ဒန္တော နိယတော ဗြဟ္မစာရီ။
သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ၊
သသမဏော သဗြာဟ္မဏော သဘိက္ခု"။

ဟူသော ဓမ္မပဒပါဠိတော်နှင့်အညီ ရဟန်းသည် ဝိနည်းရဟန်း, သုတ္တန်ရဟန်း, ပရမတ်ရဟန်း-ဟူ၍ သုံးမျိုးရှိသည်။

- ဥတ်ကမ္မဝါစာနှင့် ဖတ်ရွတ် သမုတ်၍ဖြစ်သော သမ္မုတိရဟန်းသည် လာဠုဒါယီမထေရ်ကြီးတို့ကဲ့သို့ အလွန်ပင် ပညာနည်းစွာသောသူပင် ဖြစ်ငြားသော်လည်း **ဝိနည်း ရဟန်း**ပေတည်း။ ထိုဝိနည်းရဟန်းသည်လည်း မြတ်စွာဘုရား၏ ဥတ်ကမ္မဝါစာဖြင့် ရဟန်းဖြစ်လေသောကြောင့် မြတ်စွာဘုရား၏ **သမ္မုတိ** သားတော်မည်၏၊ ထိုသမ္မုတိ ရဟန်းသည် အရိယာအစစ်သို့ ရောက်သောအခါ **ပရမတ်ရဟန်း** မည်ပြန်၏၊ မြတ်စွာဘုရား၏ ပရမတ္ထသားတော် အစစ်လည်း မည်၏။

[သမ္မုတိသံဃာ, ပရမတ္ထသံဃာ-ဟူသည်လည်း ဤအတူပင်မှတ်။]

- သုတ္တန်ရဟန်း- ဆိုသည်ကား ဆိုခဲ့ပြီးသော ဝိနည်းပညတ်တော်၏ အစွမ်းအားဖြင့် သမ္မုတိရဟန်းဖြစ်ပြီးသော လာဠုဒါယီမထေရ်, **န မုဏ္ဍကေန သမဏော**- ဟူသောဂါထာ၏ ဝတ္ထုတွင်လာသော ဟတ္ထကမထေရ်, အဿဇိ ပုနဗ္ဗသုကအစရှိသော ဆဗ္ဗဂ္ဂီရဟန်းတို့ကဲ့သို့သော လောဘ

www.dhammaransi.com



တစ်ထောင်ထောင်၊ ဒေါသတစ်ထောင်ထောင် မောဟတစ်ထောင်ထောင် ရုန့်ရင်းကြမ်းတမ်းသော ကာယကံ, ဝစီကံ, မနောကံ အပြည့်နှင့် နေသော သူတို့ကို သုတ္တန်ပရိယာယ်အလိုအားဖြင့် သမဏမဆိုအပ်ကုန်၊ လူ ပုထုဇ္ဇန်ပင် ဖြစ်ငြားသော်လည်း ကိလေသာတရားတို့ ငြိမ်သက်၍ ဣန္ဒြေ ၆-ပါး၊ ဒွါရ ၃-ပါး ငြိမ်သက်ကြပေမူကား သမဏဟူ၍ပင် ဆိုရ၏။

[ဤကား သုတ္တန်ရဟန်းတည်း။]

- ပရမတ်ရဟန်း- ဆိုသည်ကား- သုဒ္ဓေါဒနမင်းကြီး, သန္တတိအမတ်ကြီး တို့ကဲ့သို့ မင်းမြောက်တန်ဆာ ဆင်ယင်လျက်ရှိသော လူပင် ဖြစ်ငြား သော်လည်း, နတ်ပင်ဖြစ်ငြားသော်လည်း, သိကြား, ဗြဟ္မာပင် ဖြစ်ငြား သော်လည်း အရိယာမဂ်ကို ရသောအခါမှစ၍၊ သမဏော=ရဟန်းလည်း မည်၏၊ ဗြာဟ္မဏော=ဗြာဟ္မဏလည်းမည်၏၊ ဘိက္ခု=ဘိက္ခုလည်း မည်၏။

[ဤကား ပရမတ္ထ ရဟန်းတည်း။]

ထိုသုံးပါးသော ရဟန်းတို့တွင် သုတ္တန်ရဟန်း, အဘိဓမ္မာရဟန်း အစစ်ပင် မဖြစ်တတ်သေးသော်လည်း ဝိနည်းရဟန်းဟုဆိုအပ်သော သမ္မုတိရဟန်း သမ္မုတိသံဃာဖြစ်ပေလျှင်ပင် အခိုက်အတန့်အားဖြင့် တစ်ခုသော, နှစ်ခုသော, သုံးခုသော သိက္ခာပုဒ်ငယ်တို့ကို ကျူးလွန်မှုနှင့် အလဇ္ဇီပုဂ္ဂိုလ်ပင် ဖြစ်စေဦးတော့ အလျှုခံမြတ်တွင် ပါဝင်ပေသည်သာ ဖြစ်၏၊ **"န မုဏ္ဍကေန သမဏော"**ဟူသော ထိုဂါထာသည်ကား သုတ္တန်ဂါထာ သုတ္တန်ဒေသနာ ဖြစ်ပေရကား ဣန္ဒြေ ၆-ပါး, ဒွါရ ၃-ပါး မငြိမ်သက်သော ဝိနည်းရဟန်းမျှကိုသာ ရဟန်းဟူ၍ မဆိုလို။ ။ ထို့ကြောင့် **"သမဏော ကိံ ဘဝိဿတိ"** ဟူ၍ ကဲ့ရဲ့တော်မူသည်။

ကိလေသေ သမေတီတိ သမဏော။

ယော=အကြင်သူသည်၊ ကိလေသေ=ကိလေသာတို့ကို၊ သမေတိ=ငြိမ်း စေနိုင်၏၊ ဣတိ=ထို့ကြောင့်၊ သော=ထိုသူသည်၊ သမဏော=သမဏမည်၏၊ ဝါ=ရဟန်းမည်၏။

ဤသို့သော အနက်သွားနှင့် ညီညွတ်သောသူကိုမှ သုတ္တန်အလို ရဟန်း ဆိုသည်၊ ထို့ကြောင့် မဟုတ်လော နောက်ဂါထာ၌-

www.dhammaransi.com



"ယော စ သမေတိ ပါပါနိ၊ အဏုံ ထူလာနိ သဗ္ဗသော၊
သမိတတ္တာ ဟိ ပါပါနံ၊ သမဏောတိ ပဝုစ္စတိ။"

ဟူ၍ ဟောတော်မူသည်တကား။

[ဤကား ရဟန်းတို့ကို ခြားနားသိသာအောင် ပြလိုက်သောအချက်တည်း။]

## ၁၆။ ဓမ္မဝိနယဆရာ၏ အပြစ်

ထိုသုံးပါးတွင် အလဇ္ဇီရဟန်း, ဒုဿီလရဟန်းဟူသော ရဟန်းစုသည် ဝိနည်းသိက္ခာပုဒ်နှင့် စပ်၍ဖြစ်ရသောအရာ ဖြစ်ရလေကား ဝိနည်းရဟန်း အရာ၌သာ ရှိပေသည်၊ သုတ္တန်ရဟန်း, အဘိဓမ္မာရဟန်းတို့မှာ အလဇ္ဇီဟူ၍ မရှိ ဒုဿီလဟူ၍ မရှိကြပေ။

ဤဓမ္မဝိနယကျမ်း ဆရာကား ယခုခြားနား၍ ပြခဲ့သော ရဟန်း ဟူသော ဝေါဟာရအထူး အပြားကို သက်သက်မသိဖူး မကြားဖူးရှာသောကြောင့် ဆေးကုခြင်း, ဗေဒင်ဟောခြင်းစသော အပြစ်ငယ်စုနှင့် အလဇ္ဇီဖြစ်သော ရဟန်းအား လှူဒါန်း၍ အကျိုးမရှိကြောင်းကို သုတ္တန်ရဟန်း အခြေအနေကို ဟောသောဂါထာကို သက်သေလုပ်၍ ပြလေသည်တစ်ရပ်။

"သံယေ စိတ္တိကာရံ ကာတုံ သက္ကောန္တဿ
ခီဏာသဝေ ဒိန္န ဒါနတော သံယတော
ဥဒ္ဒိသိတွာ ဂဟိတ ဒုဿီလဿ ဒိန္နံ မဟပ္ဖလံ"-

ဟူသော **ဒက္ခိဏာဝိဘင်္ဂသုတ်** အဋ္ဌကထာ၌လည်း မြတ်စွာဘုရား လက်ထက်တော်မှာပင်ဖြစ်စေ သံဃာမှ ညွှန်းချ၍ရအပ်သော ဒုဿီလရဟန်းကို သံဃာ၌တည်သော ရိုသေခြင်းဖြင့် လှူဒါန်းသော အလှူသည် ရဟန္တာပုဂ္ဂိုလ်ကို ပုဂ္ဂလိကလှူသောအလှူထက် အကျိုးကြီး၏ဟု အဘယ်ကာလမဆို သာဓာရဏ အားဖြင့် သံဃိကအလှူ အကျိုးကြီးကြောင်းကို ပြတော်မူသည်။

ဓမ္မဝိနယကျမ်းဆရာကား **"သံယတော ဥဒ္ဒိသိတွာ ဂဟိတ ဒုဿီ လဿ"** ဟူသောပါဌ်ကို ကြောင်ကြောင်မြင်လျက်နှင့် အနက်သွား အဓိပ္ပါယ်သွားကို သက်သက်မသိရှာသည့်အတွက်ကြောင့် ထိုအဋ္ဌကထာပါဌ်၏ အဓိပ္ပါယ်ကို

www.dhammaransi.com



သီလသိက္ခာ သာသနာကွယ်၍ သံဃာအစစ်မရှိသော လိင်္ဂသာသနာမျှသာ ရှိသော နောက်ကာလ၌ ကာသာဝကဏ္ဍာ ဒုဿီလရဟန်းတို့ကို ထုတ်၍ ပြဘိသည်၊ ထိုအခါမှာ "သံဃတော ဥဒ္ဒိသိတွာ" သံဃာအစစ် အဘယ်မှာရှိတော့အံ့နည်း၊ ထိုအခါ၌ သံဃာအစစ်တို့၏ ဂုဏ်ကျေးဇူးကို ကြားဘူးရုံမျှ ရှိကြသေးသော လူပညာရှိတို့သည် ကြားဘူးသော သံဃာကိုရည်မှတ်၍ ထိုအခါတွင်ရှိသော ဒုဿီလ ဂေါတြဘူ ရဟန်းတုတို့ကို လှူဒါန်းသည်, သံဃာမှ ညွှန်းချသည်ဟုဆိုရန် ညွှန်းချသော သံဃာအစစ်ဟူ၍ ထိုအခါမရှိပြီ၊ "**သင်္ဂဇာဆရာတော် ဘုရား** ဆုံးမချက်ပြီး၏"ဟု ပါရှိသည်ကား အဟုတ်အမှန်ကိုသိ၍ ဆိုခဲ့သောအချက်-ဟူ၍ တစ်ချက်မျှ လှလှမပါ, စိတ်ထင်ရာကို ဆိုခဲ့သော အရာစုကြီးဖြစ်၍ ဆရာတော်ဘုရားကြီးကို ကျောက်ကြီးငါးခို နံပါတ်တင်၍ ထားလေသည်။

ဒါန သီလအစိပ္ပါယ်-ပြီး၏။

-------*-------

www.dhammaransi.com



၆။ နတ္ထိ ဝိမုတ္တိယာ ဟာနိ။

ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော-

၁။ နတ္ထိ ဒဝါ။

၂။ နတ္ထိ ရဝါ။

၃။ နတ္ထိအပ္ဖုဋံ။

၄။ နတ္ထိ ဝေဂါယိတတ္တံ။

၅။ နတ္ထိ အဗျာဝဋမနော။

၆။ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ။

ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

သသဒ္ဓမ္မဂဏုတ္တမော သမ္မာသမ္ဗုဒ္ဓေါ သပရိဝါရံ သဉာတိဂဏံ ရက္ခတု မံ စိရံ သဒါ၊ သဗ္ဗကာမဒဒေါ ဟောတု မယှမေဝ စိရံ သဒါ။

**အတီတဉာဏာဒိ ဋ္ဌာရသကပြီး၏။**

**ဤတွင် အာဝေဏိက ဂုဏ်တော်ပါဌ် ပြီး၏။**

--------------------

## အာဝေဏိကဂုဏ်တော် အနက်

### အနန္တရာယိကဋ္ဌာန ၄-ပါး အနက်

၁။ ဗုဒ္ဓါနံ=သဗ္ဗညုမြတ်စွာဘုရားရှင်တို့၏၊ ဇီဝိတဿ=ပွင့်ရာတမ်းမှတ် အာယုကပ်ကို ငါးရပ်ပုံစု လေးခုသုဉ်းတိုင် ရှည်ခိုင်တည်နေမြဲ ဖြစ်သော အသက်တော်၏၊ အန္တရာယော=လေးစုံလုံးလုံး မဆုံးမိခင် အလယ်တွင်၌ ဝင်၍လတ်လတ် ဖျက်ဆီးတတ်သော အန္တရာယ်ကို၊ ကေနစိ=ဒေဝဒတ်နှင့် မာရ်နတ်စစ်မှူး, ဘီလူး အာဠဝက- စသည်အပုံ တစ်စုံတစ်ယောက်သော သူမျှပင်၊ ကာတုံ=ပျက်စီးလေအောင် ကြံဆောင်အားထုတ် ပြုလုပ်စီရင်ခြင်းငှါ၊ နသက္ကာ= မတတ်နိုင်။

၂။ ဗုဒ္ဓါနံ=သဗ္ဗညုမြတ်စွာဘုရားရှင်တို့၏၊ သဗ္ဗညုတဉာဏဿ= အပရိယန္တ ဉေယျအထု တရားစုဝယ် တစ်ခုမကြွင်း ခပင်းဉဿုံ အလုံးစုံကို

www.dhammaransi.com



အကုန်အစင် ထင်ထင်မြင်နိုင်သော သဗ္ဗညုတ ရွှေဉာဏ်တော်မြတ်၏။ အန္တရာယော=ဉာဏ်ကြီးသဗ္ဗဉ် မထင်သာအောင် ကွယ်ကာဖျက်ဆီး တတ်သော အန္တရာယ်ကို၊ ကေနစိ= မဟေသရ, ဇကပြဟ္မာ, အသူရာနှင့် များစွာလူတွင် တစ်ယောက်ပင်မျှ၊ ကာတုံ=မမြင်သာအောင် ကြံဆောင် အားထုတ် ပြုလုပ် စီရင်ခြင်းငှါ၊ နသက္ကာ=မတတ်နိုင်။

၃။ ဗုဒ္ဓါနံ=သဗ္ဗညုမြတ်စွာဘုရားရှင်တို့၏၊ အဘိဟဋ္ဌာနံ=ရှေးရှုဆောင် အပ်ကုန်ပြီးသော၊ စတုန္နံ=လေးပါးကုန်သော၊ ပစ္စယာနံ= သင်္ကန်း, ဆွမ်း, ဆေး, ကျောင်း, ပစ္စေးတို့၏၊ အန္တရာယော=ပျက်စီး ချိန်သင့် ခါမလင့်ခင် အလယ်တွင်၌ ဝင်၍လတ်လတ် ဖျက်ဆီးတတ်သော အန္တရာယ်ကို၊ ကေနစိ=မိုက်ကန်းယုတ်မာ ပြဟ္မာ, နတ်, လူ အဆူဆူတွင် တစ်ယောက် ပင်မျှ၊ ကာတုံ=ပျက်စီးလေအောင် ကြံဆောင်အားထုတ် ပြုလုပ် စီရင်ခြင်းငှါ၊ နသက္ကာ=မတတ်နိုင်။

၄။ ဗုဒ္ဓါနံ=သဗ္ဗညုမြတ်စွာဘုရားရှင်တို့၏၊ အသီတိယာ=ရှစ်ဆယ်သော၊ အနုဗျဥ္ဇနာနံ ဝါ=လက္ခဏာတော်ငယ်တို့၏လည်းကောင်း၊ ဗျာမပ္ပ ဘာယဝါ=တစ်ဆယ့်ရှစ်တောင် ဝန်းကျင်ဆောင်သော် အတောင် ရှစ်ဆယ်ပမာဏ နိစ္စလဋ္ဌိတိ ရောင်ခြည်တော်၏လည်းကောင်း၊ အန္တရာယော=ပျက်စီးချိန်သင့် ခါမလင့်ခင် အလယ်တွင်၌ ဝင်၍ လတ်လတ် ဖျက်ဆီးတတ်သော အန္တရာယ်ကို၊ ကေနစိ=မိုက်ကန်း ယုတ်မာ ပြဟ္မာ, နတ်, လူ အဆူဆူတွင် တစ်ယောက်ပင်မျှ၊ ကာတုံ= ပျက်စီးလေအောင် ကြံဆောင်အားထုတ် ပြုလုပ်စီရင်ခြင်းငှါ၊ နသက္ကာ=မတတ်နိုင်။

ဣမေသံ စတုန္နံ=သက်တော်, ဉာဏ်တော်, ပစ္စည်းတော်နှင့် ကိုယ်တော် ရောင်ခြည် ဤလေးမည်တို့၏၊ အန္တရာယော=ပျက်စီးချိန်သင့် ခါမလင့်ခင် အလယ်တွင်၌ ဝင်၍လတ်လတ် ဖျက်ဆီးတတ်သော အန္တရာယ်ကို၊ ကေနစိ= မိုက်ကန်းယုတ်မာ ပြဟ္မာ, နတ်, လူ အဆူဆူတွင် တစ်ယောက် ပင်မျှ၊ ကာတုံ= ပျက်စီးလေအောင် ကြံဆောင်အားထုတ် ပြုလုပ်စီရင်ခြင်းငှါ၊ နသက္ကာ=မတတ်နိုင်၊

www.dhammaransi.com



တထား=ထိုနည်းမခြား အလားတူစွာ၊ မေ=ဘုရားအာရုံ ကိုယ်လုံးထုံလျက် ကြည်ယုံကော်ရော် တပည့်တော်အား၊ ဟောတု=ဖြစ်ပါစေသတည်း။ ။

| ဤအနန္တရာယိကဌာန-၄-ပါးသည် ပါရာဇိကဏ်အဋ္ဌကထာ၌ လာသည်၊ သို့ရာတွင် ခေါင်းစဉ်မတူကြ။|

အနန္တရာယိကဌာန-၄-ပါးအနက်ပြီး၏။

-------*------

## အတီတာညာဏာဒိဌာရသက အနက်

၁။ ဘဂဝတော=ခြောက်ပါးရှစ်သွယ် ဘုန်းတော်ကြွယ်သော၊ ဗုဒ္ဓဿ= မြတ်စွာဘုရား၏၊ ဉာဏံ=သဗ္ဗညုတ ရွှေဉာဏ်တော်သည်၊ အတီတံသေ= အတိတ်သံသရာ ကမ္ဘာဘာလျှင် စ-ရာမထင် ရှေ့ တပြင်က လွန်ကုန်ကြသော ဧယျသတ္တာ များစွာအထု တရား စု၌၊ အပ္ပဋိဟတံ=ပရမာမြူကော တစ်ခုခုမျှပင် မြင်ခွင့်မပေး အရေးကန့်လန့် တားဟန့်ပိတ်ပင် နိုင်သော ပဋိပက္ခတရားမှ ကင်းတော် မူပေ၏။

၂။ ဘဂဝတော=ခြောက်ပါးရှစ်မျိုး ဘုန်းတော်ဖြိုးသော၊ ဗုဒ္ဓဿ= မြတ်စွာ ဘုရား၏၊ ဉာဏံ=သဗ္ဗညုတ ရွှေဉာဏ်တော်သည်၊ အနာဂတံသေ= အနာဂတ်သံသရာ ကမ္ဘာဘာလျှင် ဆုံးရာမထင် နယ်တစ်ပြင်၌ အစဉ်ရှည်ဝေး လာအံ့သေးသော ဧယျသတ္တာ များစွာအထု တရားစု၌၊ အပ္ပဋိ ဟတံ= ပရမာမြူကော တစ်ခုခုမျှပင် မြင်ခွင့်မပေး အရေးကန့်လန့် တားဟန့် ပိတ်ပင်နိုင်သော ပဋိပက္ခတရားမှ ကင်းတော်မူပေ၏။

၃။ ဘဂဝတော=ရှစ်ပါးခြောက်မြောက် ဝင်းဝင်းတောက်သော၊ ဗုဒ္ဓဿ= မြတ်စွာဘုရား၏၊ ဉာဏံ=သဗ္ဗညုတ ရွှေဉာဏ်တော်သည်၊ ပစ္စုပ္ပန္နံသေ= ဧကတ္တိံသ ဘုံဘဝနှင့် အနန္တစကြဝဠာ ရပ်ရွာဝန်းကျင် နယ်တစ်ပြင်၌ မျက်မြင်မစဲ ဖြစ်ဆဲ,ပျက်မှု ယခုတည်လစ် လောလောဖြစ်သော ဧယျသတ္တာ များစွာအထု တရားစု၌၊ အပ္ပဋိဟတံ=ပရမာမြူကော တစ်ခုခုမျှပင် မြင်ခွင့်မပေး အရေးကန့်လန့် တားဟန့်ပိတ်ပင်နိုင်သော ပဋိပက္ခတရားမှ ကင်းတော်မူပေ၏။

ဣမေဟိ တီဟိ ဓမ္မေဟိ= ဤသုံးပါးသော အသာဓာရဏ ဓမ္မပြန့်ဖြူး ဂုဏ်ကျေးဇူးတော်တို့နှင့်၊ သမန္နာဂတဿ=လောက်လွှေ့ကုံ၎ ပြည့်စုံလှသော၊ ဘဂဝတော=ခြောက်ပါးရှစ်တန် ဘုန်းတော်လျှံသော၊ ဗုဒ္ဓဿ=မြတ်စွာဘုရား၏။

၁။ သဗ္ဗံ=တစ်ခုမကြွင်း ခပင်းဥဿုံ အလုံးစုံသော၊ ကာယကမ္မံ= သွား, ရပ်, ထိုင်, လျောင်း ရွေ့, နှောင်း, တက်, ဆုတ် ဆန့်, ရုတ်, ချီ, ကြွ စသည်များပြား လှုပ်ရှားပြုပြင်သမျှသော ကိုယ်အမူအရာတော် သည်၊ ဉာဏပုဗ္ဗင်္ဂမံ=သတ္တကသမ္ပဇဉ်, သပ္ပါယသမ္ပဇဉ်, ဂေါစရသမ္ပဇဉ်, အသမ္မောဟသမ္ပဇဉ် ပညာလေးပါး ရှေ့သွားရှေ့ဆောင် ရှိတော်မူပေ၏၊ ဉာဏာနုပရိဝတ္တံ=သမ္ပဇဉ်ဉာဏ် စီမံတိုင်းပင် အစဉ်တစိုက်လိုက်ကာ ဖြစ်တော်မူပေ၏။

၂။ သဗ္ဗံ=တစ်ခုမကြွင်း ခပင်းဥဿုံ အလုံးစုံသော၊ ဝစီကမ္မံ= နှုတ်လျှာ အိမ့်၍ မိန့်ဖော်ကျူးရင့် လှစ်ဖွင့်သမျှသော နှုတ်အမူအရာတော်သည်၊ ဉာဏပုဗ္ဗင်္ဂမံ=သတ္တကသမ္ပဇဉ်, သပ္ပါယသမ္ပဇဉ်, ဂေါစရသမ္ပဇဉ်, အသမ္မောဟသမ္ပဇဉ် ပညာလေးပါး ရှေ့သွား ရှေ့ဆောင် ရှိတော်မူပေ၏၊ ဉာဏာနုပရိဝတ္တံ=သမ္ပဇဉ်ဉာဏ် စီမံတိုင်းပင် အစဉ်တစိုက်လိုက်ကာ ဖြစ်တော်မူပေ၏။

၃။ သဗ္ဗံ=တစ်ခုမကြွင်း ခပင်းဥဿုံ အလုံးစုံသော၊ မနောကမ္မံ= ကြံကြံ သမျှသော စိတ်အမူအရာတော်သည်၊ ဉာဏပုဗ္ဗင်္ဂမံ=သတ္တကသမ္ပဇဉ်, သပ္ပါယသမ္ပဇဉ်, ဂေါစရသမ္ပဇဉ်, အသမ္မောဟသမ္ပဇဉ် ပညာလေးပါး ရှေ့သွားရှေ့ဆောင် ရှိတော်မူပေ၏၊ ဉာဏာနုပရိဝတ္တံ=သမ္ပဇဉ်ဉာဏ် စီမံတိုင်းပင် အစဉ်တစိုက်လိုက်ကာ ဖြစ်တော်မူပေ၏။

ဣမေဟိ ဆဟိ ဓမ္မေဟိ= ဤခြောက်ပါးသော အသာဓာရဏ ဓမ္မ ပြန့်ဖြူး ဂုဏ်ကျေးဇူးတော်တို့နှင့်၊ သမန္နာဂတဿ=လောက်လွှေ့ကုံ၎ ပြည့်စုံလှသော၊ ဘဂဝတော=ခြောက်ပါးရှစ်တန် ဘုန်းတော်လျှံသော၊ ဗုဒ္ဓဿ=မြတ်စွာဘုရားအား-

၁။ ဆန္ဒဿ=စကြဝဠာပေါင်း တစ်သောင်းတိုက်နေ ဗိုလ်ခြေများစွာ

www.dhammaransi.com



သတ္တဝါကို ခေမာသောင်သို့ ငါဆောင်ပို့မည် ရည်သန်တောင်းတသော ဘုရားလောင်းလျာ သုမေဓာသူမြတ်၏ သန္တာန်၌ဖြစ်သော **အာဂမ ဆန္ဒတော်**, ဘုန်းခြောက်ဖြာတွင် ကာမာမည်သီး လိုတိုင်းပြီးသော **အဓိဂမဆန္ဒတော်**-နှစ်ပါး၏၊ ဟာနိ= ရည်သန်သလောက် မမြောက်မပြီး ပျက်စီး ချို့ငဲ့ခြင်းမည်သည်၊ နတ္ထိ=အဏုမြူမျှ ရှိတော်မမူ။

၂။ ဓမ္မဒေသနာယ=ဝဋ္ဋသုံးဖြာသံသရာမှ နိယျာနိက နိဿရဏစစ် ဖြစ်စေခြင်းငှါ စိတ်ဖြာဝေဖန် ခွဲပြည့်နှံသား အမွန်ထွေလာ ဒေသနာတော်မြတ်၏၊ ဟာနိ=နိယျာနိက နိဿရဏ ဖလကျိုးကြီး မပြီးစီးပဲ ချွတ်လွဲယုတ်လျော့ခြင်း မည်သည်၊ နတ္ထိ=အဏုမြူမျှ ရှိတော်မမူ။

၃။ ဝီရိယဿ= ယူဇနာဝန်းညီ သုံးလီသန်းပေါင်း ခြောက်သိန်း လောင်းလျက်တစ်သောင်းသုံးရာ ငါးဆယ်သာသည် စကြဝဠာ တွင်း ဝင်းဝင်းထိန်ညီး မီးကျီးလုံ့သွား အပြည့်ထားလျက် တစ်ဘက်ကမ်းတိုင် ရောက်နိုင်ပေမူ အကြင်သူကား ဘုရားဖြစ်မည် စင်စစ်ဟူက ဆံမြူမတွန့် ဝံ့ဝံ့စားစား ကူးသွားနိုင်မျှ ရဲရင့်လှသား ပယတ္တမည်သော **အာဂမဝီရိယတော်**, အသာခရဏ ကိစ္စလေးတန် ကုံလောက်င်၍ သမ္ပပ္ပဓာန်ကိစ္စ တတ်စွမ်းလှသော **အာဂမ ဝီရိယတော်**, နေ့တိုင်းစတေ ငါးထွေကိစ္စ မလပ်ရအောင် ထာဝရအားသစ် ပြုမြဲဖြစ်သော **အဓိဂမဝီရိယတော်**-သုံးပါး၏၊ ဟာနိ= ယုတ်လျော့ခြင်းမည်သည်၊ နတ္ထိ=အဏုမြူမျှ ရှိတော်မမူ။

၄။ သမာဓိဿ=အဋ္ဌဒိသာ ရှစ်မျက်နှာမှ လာသာသရွေ့ မုန်တိုင်း ဝှေ့လည်းမရွေ့မယိုင် မြင်းမိုရ်ခိုင်သို့ တပြိုင်နက်သား ရှစ်ပါးလောကဓာတ်ဝန်းရံပတ်ဆုံ တွေ့ခိုက်ကြုံလည်း တုန်မလှုပ်ဘဲ တည်တံ့သော **ပကတိသမာဓိတော်**, ဝသီငါးရပ် ကမ်းဆုံခပ်လျက် ထူးမြတ်လွန်ကဲသော ဣဒ္ဓိဝိဓအဘိညာဏ်, ဒိဗ္ဗစက္ခုအဘိညာဏ်, ဒိဗ္ဗသောတအဘိညာဏ်, စေတောပရိယအဘိညာဏ်, ပုဗ္ဗေနိဝါ သာနုဿတိအဘိညာဏ်, ယထာကမ္မူပဂအဘိညာဏ်, အနာဂတံသအဘိညာဏ်မျိုး တန်ခိုးဣဒ္ဓိပါဒ်တော်တို့၌ အခြေဖြစ်သော **အပ္ပနာသမာဓိတော်**-နှစ်ပါး၏၊ ဟာနိ=

www.dhammaransi.com



ယုတ်လျော့ခြင်းမည်သည်၊ နတ္ထိ=အဏုမြူမျှ ရှိတော်မမူ။

၅။ ပညာယ=စကြာဝဠာပေါင်း သောင်းတိုင်အပြင် သုံးဘုံခွင်ဝယ် သခ်ါရဓမ္မ ဟူသမျှကို တစမကြွင်း လင်းလင်းထင်ထင် အကုန်မြင် လျက် နေ့စဉ်မစဲ ရှုစမြဲအစဉ်ဖြစ်သော နှစ်ကုဋေလေးသန်း မျှလောက်သော မဟာဝဇိရ ဉာဏ်တော်မြတ်၏၊ ဟာနိ=ယုတ်လျော့ခြင်းမည်သည်၊ နတ္ထိ=အဏုမြူမျှ ရှိတော်မမူ။

၆။ ဝိမုတ္တိယာ=ကုဋေတစ်သိန်း ပျက်ကိန်းတူစွာ စကြာဝဠာဝယ် ဗြဟ္မာ,လူ, နတ် လေးရပ်ပါယ်ဘုံ အကုန်မကြွင်း ခပင်းရုံးပေါင်း လွှမ်းမွမ်း ညောင်းအောင် သွန်းလောင်း ဖြန့်ဖြူးတော်မူအပ်သော မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ- ဟုဆိုအပ်သော ဗြဟ္မဝိဟာရ **စေတောဝိမုတ္တိတရား လေးပါး**၊ ဗြဟ္မာ,လူ, နတ် ပရိသတ်အား တရားဟောစဉ် အခိုက်တွင်မျှ မလပ်ရအောင် နေ့, ညမစဲ ဝင်စားမြဲ အစဉ်ဖြစ်သော နှစ်ကုဋေလေးသန်း မျှလောက်သော အရဟတ္တဖလ စတုတ္ထစျာန် အမွန်ရတနာ ချမ်းသာသုခ ထူးမြတ်လှသော ဝိမုတ္တိတရား-ဤငါးပါး၏၊ ဟာနိ= ယုတ်လျော့ခြင်း မည်သည်၊ နတ္ထိ=အဏုမြူမျှ ရှိတော်မမူ။

ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ= ဤတစ်ဆယ့်နှစ်ပါးသော အသာဓာ ရဏ ဓမ္မပြန့်ဖြူး ဂုဏ်ကျေးဇူးတော်တို့နှင့်၊ သမန္နာဂတဿ= လောက်လွှေ့ ကုံ့ငှ ပြည့်စုံလှသော၊ ဘဂဝတော=ခြောက်ပါးရှစ်တန် ဘုန်းတော်လျှံသော၊ ဗုဒ္ဓဿ=မြတ်စွာဘုရားအား-

၁။ ဒဝါ=သတိသမ္မဇဉ် မယှဉ်မဘက် အပျက်အချော် သရော် ဖျင်းပေါ့ အသော့အသွမ်း ရွှင်လန်းမြူးရယ် ကြည်ဆယ်သမှု ပြုအပ်, ဆိုအပ်, ကြံစည်အပ်သော ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာ တော်များ သည်၊ နတ္ထိ= အဏုမြူမျှ ရှိတော်မမူ။

၂။ ရဝါ=သတိသမ္ပဇဉ် မတင်မဆေး အရေးတကြီး ကဖြီးကပြုး ကရိုးကရင်း မစဉ်းမစား ပြုမိပြောမိ၍ ယွင်းမှားလျော့မေ့ မစေ့မစပ် လစ်လပ် ဟာဟင်း ကျန်ကြွင်းရှိသည်-ဟု ပညာရှိပုဂ္ဂိုလ်တို့ ပြောဆိုပြစ်တင်ရန်ကို ဖြစ်စေ

www.dhammaransi.com



တတ်သော ကိုယ်အမူအရာ နှုတ်အမူအရာ, စိတ်အမူအရာတော်များ သည်၊ နတ္ထိ=အဏုမြူမျှ ရှိတော်မမူ။

၃။ အပ္ပဋ္ဌနံ=စဉ်းစဉ်းစားစား ပြုပါငြားလည်း ဉာဏ်အားသေး၍ အရေးအခွင့် မြင်သင့်သမျှ တကွလုံးစုံ ကုန်အောင်မပြန့် မန့်မစပ် လစ်လပ် ဟာဟင်း ကျန်ကြွင်းရှိသည်-ဟု ပညာရှိပုဂ္ဂိုလ်တို့ ပြောဆိုပြစ်တင်ရန်ကို ဖြစ်စေ တတ်သော ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာတော် များသည်၊ နတ္ထိ=အဏုမြူမျှ ရှိတော်မမူ။

၄။ ဝေဂါယိတတ္တံ=စိတ်မာန်အလျော့ ကြောက်လန့်တကြား ကစားရှင်မြူး အလွန်ကြူး၍ ကိုယ်ကျူးနှုတ်ကျွံ လွန်လွန်ကဲကဲ လွဲလွဲချော်ချော် မတော် မှားယွင်းသည်-ဟု ပညာရှိပုဂ္ဂိုလ်တို့ ပြောဆိုပြစ်တင်ရန်ကို ဖြစ်စေ တတ်သော ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာတော် များသည်၊ နတ္ထိ=အဏုမြူမျှ ရှိတော်မမူ။

၅။ အဗျာဝဋမနော=ကိုယ်တော်မြတ်၏ အတ္တဟိတ ကြီးလှစီးပွား, တစ် ‘သောင်းတိုက်နေ ဗိုလ်ခြေများစွာ သတ္တဝါတို့၏ ချမ်းသာစီးပွား- နှစ်ပါးအကျိုး ဖြိုးဖြိုးမယုတ် အားထုတ်ကျင့်ဆောင်တော်မူမည် ရွယ်ရည် ရေးရှု အားထုတ်ချီးပင့်ကာတည်နေသော မဟာဥဿာဟ ဗျာပါရ အမူအရာ တော်မှ ရံခါကင်း၍ဖြစ်သော ဇောစိတ္တုပ္ပါဒ်မည်သည်၊ နတ္ထိ=အဏုမြူမျှ ရှိတော်မမူ။

၆။ အပ္ပဋိသင်္ခါနုပေက္ခာ=စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန ခြောက် ဒွါရတွင် ထင်ထင်သမျှ ရူပ, သဒ္ဒ, ဂန္ဓ, ရသာ, ဖောဋ္ဌဗ္ဗာနှင့် ဓမ္မာဟူသည် ခြောက်မည်အာရုံ အလုံးစုံကို မစုံမစမ်း ကြောင်းလမ်းပြက်ပြက် သက် သက်မသိ သတိမမူ လျစ်လျူရှုခြင်းမည်သည်၊ နတ္ထိ=အဏုမြူမျှ ရှိတော်မမူ။

[ဤအတီတဉာဏာဒိဋ္ဌာရသကကား- ဝိဘင်းအဋ္ဌကထာ ကျမ်းဦးပဏာမဌ်ရင်း၊ စရိယာပိဋက အဋ္ဌကထာဌ်ရင်း၊ အဋ္ဌာရသဗုဒ္ဓဓမ္မဟု သချာလာသည်ကို အဖွင့်ဋီကာတို့၌ သချေ်ယျနှင့်တကွ သံဝဏ္ဏနာမူလေသည်။]

ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ=ဤတစ်ဆယ့်ရှစ်ပါးသော အသာဓာ ရဏ

www.dhammaransi.com



ဓမ္မပြန့်ဖြူး ဂုဏ်ကျေးဇူးတော်တို့နှင့်၊ သမန္နာဂတသဿ=လောက်လွှေ့ကုံ၄ ပြည့်စုံ လှသော၊ ဘဂဝတော=က္လသဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ-တည်း ဟူသော ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော်မူထသော၊ ဗုဒ္ဓဿ=သကျမုနိ အမည်တော်ရှိသော ငါတို့မြတ်စွာဘုရားအားလည်းကောင်း၊ သတ္တန္နံ= ခုနစ်ဆူကုန်သော၊ သမ္မာသမ္ဗုဒ္ဓါနဥ္စ= ဝိပဿီ, သိခီ, ဝေဿဘူ, ကကုသန်, ကောဏာဂုံ, ကဿပ, ဂေါတမ- အမည်တော်ရှိကုန်သော မြတ်စွာဘုရားတို့အား လည်းကောင်း၊ နမော=စိတ်ညွတ်ရိုကျိုး ရှိခိုးပါ၏အရှင်ဘုရား။

သသဒ္ဓမ္မဂဏုတ္တမော=သဒ္ဓမ္မသုံးပါး, မြတ်သောအရိယာ ဂိုဏ်းရှစ်ပါး တို့နှင့်လည်း တကွဖြစ်တော်မူပေထသော၊ သမ္မာသမ္ဗုဒ္ဓေါ=သစ္စာဉေယျ ဓမ္မအပုံ အလုံးစုံကို အကုန်မကျန် မြတ်ရွှေဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းသိမြင် တော်မူပေသော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်၊ သပရိဝါရံ= ခြွေရံသင်းပင်းနှင့်တကွသော၊ သဉာတိဂဏံ=ဆွေမျိုးအပေါင်းနှင့်တကွသော၊ မံ=တပည့်တော်ကို၊ စိရံ=ကြာမြင့်စွာ၊ သဒါ=အခါခပ်သိမ်း၊ ရက္ခတု=စောင့်ရှောက် တော်မူပါစေသတည်း၊ မယှမေဝ= တပည့်တော်အားသာလျှင်၊ သဒါ=အခါခပ်သိမ်း၊ စိရံ=ကြာမြင့်စွာ၊ သဗ္ဗ ကာမဒဒေါ=ခပ်သိမ်းလိုအင် စုံလင်စေမှု အောင်ဆု ပေးတော်မူသည်၊ ဟောတု=ဖြစ်ပါစေသတည်း။

**အတီတဉာဏာဒိဠာရသက အနက်ပြီး၏။**

**ဤတွင်အာဝေဏိကဂုဏ်တော်ပါဠ်, နိဿယပြီး၏။**

---------*---------

## ပန်းကပ်လှူ ပူဇော်ရန်

ဘန္တေ ဘဂဝါ= ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော် မူသော မြတ်စွာဘုရား၊ တဝ= အရှင်ဘုရား၏၊ သီလဂန္ဓာ= လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဖြည့်ကျင့်တော်မူအပ်ကုန်သော သီလတော်မြတ်တို့၏ ကျေးဇူး သတင်း အသင်းအထုံတို့သည်၊ ယာဝ ဘဝဂ္ဂါ=မြေမှအထက် ဘုံဘဝဂ် တိုင်အောင်၊ ပဝါယန္တိ=တကြိုင်ကြိုင် လှိုင်ကုန်၏၊ တေဟိ=ထိုသီလတော်ဂုဏ် အထုံအသင်း တို့သည်၊ ပလောဘိတာ=သွေးဆောင် ဖျားယောင်းအပ်ကုန်သော ကျွတ်ထိုက်သသူ နတ်,လူ,ဗြဟ္မာ သတ္တဝါအပေါင်းတည်းဟူသော ပျားပိတုန်းတို့သည်၊ ဓမ္မကာမာ=

www.dhammaransi.com



အလွန်တရာ ချိုလှစွာသော ဒေသနာပန်းယက်ကို မက်မောတွယ်တာကြကုန်သည်ဖြစ်၍၊ တယိ=ရင်းဖျားမလွတ် ပင်လုံးကျွတ်ပွင့်တော်မူပေသော အရှင်ဘုရားတည်းဟူသော မဉ္ဇူသကပန်းပင်ကြီး၌၊ သမောသဋ္ဌာ=သိန်း, သန်း, သင်္ချေ ရေ၍မဆုံး တအုန်းအုန်းလျှင် စုရုံးခစားကြရကုန်၏၊ တဝ=အရှင်ဘုရား၏၊ သီလဂန္ဓေ=သီလတော်အနန္တတည်းဟူသော ရန့်အထုံ ကျေးဇူးဂုဏ်တို့ကို၊ ဥဒ္ဒိသ=ရည်မှတ်၍၊ ဣမေဟိ ပုပ္ဖေဟိ=ဤပန်းတို့ဖြင့်၊ ပူဇေမိ=ပူဇော်ပါ၏ဘုရား။

**ဆုတောင်း။** ။ ဣမိနာပုညေန=ဤကောင်းမှုကြောင့်၊ အဟံ= တပည့်တော်သည်၊ အနုတ္တရံ=အတုမရှိသော၊ သီလဂန္ဓပရိဘာဝိတံ= လောကုတ္တရာ ကြိုင်စွာအစုံ သီလဂုဏ်ဖြင့် ထုံမွှမ်းအပ်သော၊ အဂ္ဂမဂ္ဂပုပ္ဖံ=အရဟတ္တမဂ် တည်းဟူသော ပန်းမြတ်ကို၊ ဓာရေမိ=မကြာမတင် ပန်ဆင်ရပါလို၏ဘုရား၊ ဘဝေသုစ=ဖြစ်လေရာရာ ဘဝတိုင်းဘဝတိုင်းတို့၌လည်း၊ သီလဂန္ဓေဟိ=သီလတည်းဟူသော မွှေးကြိုင်သင်းပျံ့ ပန်းရနံ့တို့ဖြင့်၊ ပဝါရိတော=ရပ်ဆယ် မျက်နှာ ကြေညာသတင်း တသင်းကြိုင်ကြိုင် အမြဲလှိုင်သည်၊ ဘဝါမိ=ဖြစ်ရပါလို၏ဘုရား။

ပန်းကပ်လှူပူဇော်ရန် ပြီးပြီ။

-------*-------

## ရေချမ်း ကပ်လှူပူဇော်ရန်

ဘန္တေ ဘဂဝါ=ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသောမြတ်စွာဘုရား၊ တဝ=အရှင်ဘုရား၏၊ မေတ္တောဒကာ=လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပွါးများတော်မူအပ်ကုန်သော ငါးရာ့နှစ်ဆယ် ရှစ်သွယ်မေတ္တာ ချမ်းမြစွာသော သီတာအမြုတေ အမြိုက်ရေတို့သည်၊ ယာဝ ဘဝဂ္ဂါ=မြေမှအထက် ဘုံဘဝဂ်တိုင်အောင်၊ ပဝတ္တန္တိ=ဆန့်တက် စီးဖြာကြကုန်၏၊ သတ္တာ=တစ်ထောင့်ငါးရာ ကိလေသာတို့ဖြင့် ပြင်းစွာဆူလှိုက် ပူအိုက် မောပန်း၍ နေကြကုန်သော လူ,နတ်, ဗြဟ္မာ, သတ္တဝါအပေါင်းတို့သည်၊ သီတကာမာ= ချမ်းသာအေးငြိမ်းခြင်းကို အလိုရှိကြကုန်သည်ဖြစ်၍၊ တယိ=ကြည်လင်ချမ်းမြ ချိုမြိန်လှစွာသော အရှင်ဘုရားတည်းဟူသော အနောတတ်အိုင်ကြီး၌၊ သမောသဋ္ဌာ=သိန်း, သန်း, သင်္ချေ ရေ၍မဆုံး တအုန်းအုန်းလျှင် စုရုံးသက်ရောက်

www.dhammaransi.com



ကြရကုန်၏၊ တဝ=အရှင်ဘုရား၏၊ မေတ္တောဒကာနိ=ငါးရာ့နှစ်ဆယ် ရှစ်သွယ် မေတ္တာ ချမ်းမြစွာသော သီတာအမြုတေ အမြိုက်ရေတို့ကို၊ ဥဒ္ဒိဿ=ရည်မှတ်၍၊ ဣမံ ဥဒကံ=ဤရေချမ်းတော်ကို၊ ဒေမိ=လှူဒါန်းပူဇော်ပါ၏ဘုရား။

**ဆုတောင်း။** ။ ဣမိနာ ပုညေန=ဤကောင်းမှုကြောင့်၊ အဟံ=တပည့်တော်သည်၊ အတိသီတလံ=တစ်ထောင့်ငါးရာ ကိလေသာတည်းဟူသော အပူ အအိုက်ခပ်သိမ်းတို့မှ ကင်းငြိမ်းကွာဝေး အလွန်အေးမြလှစွာသော၊ အဂ္ဂမဂ္ဂံ=အရဟတ္တမဂ်ဉာဏ်တည်းဟူသော ဓုလောကုတ္တရာ သီတာအမြုတေ အမြိုက်ရေကို၊ ပရိဘုဉ္ဇာမိ=အဆောလျင်စွာ သုံးဆောင်ရပါလို၏ဘုရား၊ ဘဝေသုစ=ဖြစ်လေရာရာ ဘဝတိုင်းဘဝတိုင်းတို့၌လည်း၊ သဗ္ဗသတ္တေ=အလုံးစုံသော သတ္တဝါအပေါင်းတို့ကို၊ နိစ္စံ=အမြဲမကွာသာလျှင်၊ မေတ္တောဒကေန=ဒေါသခပ်သိမ်း အကုန်ငြိမ်းသော အဒေါသစေတနာ မေတ္တာရေချမ်းဖြင့်၊ ဖရာမိ=ကြည်ကြည်နူးနူး ဖြန်းဖြူးရပါလို၏ဘုရား။

ရေချမ်းကပ်လှူပူဇော်ရန် ပြီးပြီ။

--------*--------

## ဆီမီး ကပ်လှူပူဇော်ရန်

ဘန္တေ ဘဂဝါ=ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ တဝ=အရှင်ဘုရား၏၊ ပညာဒီပါ=လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပွါးများတော်မူအပ်ကုန်သော သိန်း, သန်း, နေဝန်း တစ်ပြိုင်တည်း ထွန်းသကဲ့သို့ ဝန်းဝန်းရှိန်ရှိန် လင်းလင်းထိန်သော ပါရမီဉာဏ်, နှစ်ကုဋေလေးသန်း မျှလောက်သော မဟာဝဇိရဉာဏ်, အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ် အစရှိကုန်သော ပညာဆီမီး တန်ဆောင်ကြီးတို့သည်၊ အနန္တာသု=အဆုံးမရှိကုန်သော၊ လောကဓာတူသု=လောကဓာတ်တို့၌၊ ဇောတိကာ= ထိန်ထိန်ရှန်းရှန်း ထွန်းလင်းတောက်ပကြကုန်၏၊ အန္ဓကာရေ=ကြီးကျယ်လှစွာ အဝိဇ္ဇာလောက ဓာတ်တို့၌၊ ဇောတိကာ=ထိန်ထိန်ရှန်းရှန်း ထွန်းလင်းတောက်ပကြကုန်၏၊ အန္ဓကာရေ=ကြီးကျယ်လှစွာ အဝိဇ္ဇာတည်းဟူသော မှောင်တိုက်ကြီးအတွင်း၌၊ ဇာတာ=မမြင်မျက်ကန်း စမ်းတဝါးဝါး အမှားမှား အချော်ချော် အလိုက်ပျော်၍ နေကြရကုန်သော လူ, နတ်, ပြဟ္မာ သတ္တဝါတို့သည်၊ ဒဿနကာမာ=သစ္စာ

www.dhammaransi.com



လေးတန် အမှန်လေးချက် သဘောနက်ကို ပြက်ပြက်ထင်ထင် အလင်းမြင် သော ပညာမျက်စိကို ရလိုကြကုန်သည်ဖြစ်၍၊ တယိ=အရှင်ဘုရား တည်းဟူသော ပတ္တမြားဆီမီး မဏ္ဍိုင်ကြီး၌၊ သမောသဋ္ဌာ=သိန်း, သန်း, သချေ် ရေ၍မဆုံး တအုန်း အုန်းလျှင် စုရုံးခယမ်းကြရကုန်၏၊ တဝ=အရှင်ဘုရား၏၊ ပညာဒီပေ=ထိန်ထိန် လင်းစွာ ဉာဏ်ပညာတည်းဟူသော ပတ္တမြားဆီမီး မဏ္ဍိုင်ကြီးတို့ကို၊ ဥဒ္ဒိဿ= ရည်မှတ်၍၊ ဣဒံ ဒီပံ=ဤဆီမီးရောင် အလင်းကို၊ ဒေမိ=လှူဒါန်းပူဇော်ပါ၏ဘုရား။

**ဆုတောင်း။** ။ ဣမိနာ ပုညေန=ဤကောင်းမှုကြောင့်၊ အဟံ=တပည့် တော်သည်၊ အန္ဓကာရံ=တစ်ထောင့်ငါးရာ ကိလေသာတည်းဟူသော အမိုက် မလင်း မှောင်တသင်းကို၊ ပညာဒီပေန=အရဟတ္တမဂ်ဉာဏ် တည်းဟူသော ဆီမီးအလင်းဖြင့်၊ ဝိဓမာမိ=မှုတ်လွှင့်ပယ်ဖျောက်ရပါလို၏ဘုရား၊ ဘဝေသုစ= ဖြစ်လေရာရာ ဘဝတိုင်းဘဝတိုင်းတို့လည်း၊ နိစ္စံ=အမြဲမကွာသာလျှင်၊ ပညာဒီပံ= လောက,ဓမ္မ အစစ၌ ကြားကာမြင်ကာ မကြာတတ်မြောက် ရဲရဲတောက်သော အသိအလိမ္မာ ဉာဏ်ပညာဆီမီးကို၊ ဓာရယာမိ=ဆောင်ရပါလို၏ဘုရား။

**ဆီမီးကပ်လှူပူဇော်ရန် ပြီးပြီ။**

--------✱--------

**[မီးအများ ပူဇော်လျှင် တချို့ ချင့်၍ခွဲ, အခါခါပူဇော်၍ အခါခါဆုတောင်းရမည်။ ဤကားအမှာ။]**

**ဤတွင် ဒါနာဒိဒီပနီကျမ်း ပြီး၏။**

-------------

www.dhammaransi.com

## နိဒါနကထာ

**အကြောင်းကင်းလှစ် ကျိုးမဖြစ်**

ဤလောကကြီးတွင် မည်သည့်အရာ ဝတ္ထုဖြစ်စေ အကြောင်းဟိတ်ကင်း၍ အကျိုးဖိုလ်တရားတို့ မဖြစ်ကြချေ၊ ရှင်တော်ဗုဒ္ဓ ဟောကြားတော်မူအပ်သော ပဋိစ္စသမုပ္ပါဒဒေသနာတော်၌လည်း ပဋိစ္စသမုပ္ပါဒ, ပဋိစ္စသမုပ္ပန္နဟူ၍လည်းကောင်း၊ ပဋ္ဌာန်းဒေသနာတော်၌လည်း ပစ္စည်း, ပစ္စယုပ္ပန္နဟူ၍လည်းကောင်း သူ့အကြောင်းနှင့်သူ့အကျိုး ဒွယ်ဒွယ် အစုံအစုံ ဒွန်တွဲကာ ဟောကြားတော်မူခဲ့သည် မဟုတ်ပါလော။

**အကြောင်းကံဓမ္မနှင့် သတ္တလောက**

ဒုဂ္ဂတိဘဝ လောကမှ အပါယ်သတ္တဝါများ, သုဂတိဘဝ လောကမှ လူ နတ်ဗြဟ္မာ သတ္တဝါများ ဟူသော သတ္တလောကကြီးသည်ပင် အကြောင်းကင်း၍ ဖြစ်ကြရိုးထုံးမရှိချေ၊ မှန်လှစွာ၏၊ ဒုစရိုက်ဆယ်ဝ ကံဓမ္မ အကြောင်းကြောင့် အပါယ်လေးပါး သတ္တဝါများဖြစ်ကြရသည်၊ သုစရိုက်ဆယ်ဝ ကံဓမ္မအကြောင်းကြောင့် ကာမသုဂတိ ခုနစ်ဘုံတွင် လူ နတ်ဟူသော သတ္တဝါများဖြစ်ကြရသည်၊ မဟဂ္ဂုတ်ကိုးဝ ကံဓမ္မအကြောင်းကြောင့် ရူပတစ်ဆယ့်ခြောက်ဘုံ အရူပလေးဘုံဟူသော ဗြဟ္မာဘုံ လောကတွင် ဗြဟ္မာဟူသော သတ္တဝါများ ဖြစ်ကြရသည်။

ထို့ကြောင့်ပင်လျှင် တစ်ခုတစ်ခုသော အရာဝတ္ထုများဖြစ် ကြပေါ်လာမည် ဆိုလျှင် အကြောင်း=ဟိတ်ကင်း၍ အကျိုး=ဖိုလ်တရား ဖြစ်ပေါ်လာခြင်း မရှိချေ၊ သူ့အကြောင်းနှင့်သူ့အကျိုး ဆော်နိုးဖန်တီး၍ ဖြစ်ပေါ်လာရသည်သာ ဖြစ်ချေသည်။

**ဤကျမ်းဖြစ်လာ ကြောင်းခြင်းရာ**

ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး၏ ဤ **'သာသနဒါယဇ္ဇဒီပနီ'** သည်လည်း အကြောင်းဟိတ်ကင်း၍ ဖြစ်ပေါ်လာသည် မဟုတ်ပေ၊ ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းကား ဤသို့ပေတည်း။

www.dhammaransi.com



၁၂၆၉-ခုနှစ်၊ ပြာသိုလဆန်း ၆-ရက်၊ ၆-နာရီအချိန်တွင် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ သွားမည့် ပင်လယ်ကူးသင်္ဘောကြီးသည် တစ်စတစ်စနှင့် ရန်ကုန်မြို့ ဆိပ်ကမ်းမှ ထွက်ခွာလာခဲ့ပေပြီ၊ ယင်း သင်္ဘောကြီး၏ ခရီးသည် ယခင်ကနှင့် မတူတဲ တမူထူးခြားနေသည်ကိုကား အချို့သူတို့ ရိပ်စားမိကြမည် မဟုတ်ချေ၊ အတွင်းသိ အကြောင်းသိသူ လူတစ်စုမျှသာ သိကြပေလိမ့်မည်။

ထို သင်္ဘောကြီးတွင် သာသနာ့အာဇာနည် မဟာထေရ်ဖြစ် တော်မူသော ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် ပစ္ဆာသမဏများဖြစ်ကြသော ဦးပဏ္ဍိတ (လယ်တီပဏ္ဍိတ), ဦးကိတ္တိ, ဦးဝိသုဒ္ဓ, ဦးဇယန္တ, ဦးဝိလာသ ဟူသော အန္တေဝါသိကတပည့် သံဃာငါးပါး၊ ရန်ကုန်မြို့ ဝိတိုရိယဗုဒ္ဓဘာသာ ကျောင်းဆရာကြီး ဦးဘိုးမင်းတို့နှင့်အတူ စစ်တွေမြို့သို့ အနဂ္ဃသာရ အဖိုးတန်လှသော ဓမ္မဒေသနာ ဟောကြားရန်အလို့ငှါ လိုက်ပါတော်မူလာခဲ့ကြပေသည်။

ယင်းသို့ ကြွတော်မူလာခဲ့ရခြင်းသည်လည်း စစ်တွေမြို့ ရွှေစလွယ်ရ မင်းတိုင်ပင် သေဌေးကြီး ဦးရဲကျော်သူ, ကျက်သရေဆောင် ရွှေစလွယ်ရ ဝန်ထောက်တော်မင်း ဦးရွှေသာ, ဆရာဝန်ကြီး ဦးသာနုတို့က စစ်တွေမြို့သူ မြို့သားတို့၏ အဇ္ဈတ္တအတွင်းရပ်တွင် ခိုကပ်မှီ တွယ်နေသော မောဟကိလေသာ အတွင်းမှောင်ကို ဝိပဿနာတည်းဟူသော အလင်းရောင်ဖြင့် ပယ်ဖျောက်ရေး အတွက် မျှော်တွေးလျက် ပင့်ဆောင်ခြင်းကြောင့် ကြွလာတော်မူခြင်းဖြစ်ပေသည်၊ ထိုအဘိယာစကပြုကြသည့် ကပ္ပိယကာရကပုဂ္ဂိုလ်ကြီး သုံးဦးတို့သည်လည်း ကျေးဇူးရှင်ဆရာတော်ဘုရားကြီးနှင့် ပစ္ဆာသမဏ ရဟန်းတော်ငါးပါးတို့ကို ဝတ်ကြီးဝတ်ငယ် ပြုစုလုပ်ကျွေးလျက် အတူလိုက်ပါလာခဲ့ကြပေသည်။

**အပြုံးပန်းတို့ တင့်ဆန်းဝေဝေ မြို့စစ်တွေ**

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ကြွရောက်တော်မူလာမည်ဖြစ်ကြောင်း သတင်းကောင်း ကြေးနန်းစာ ရရှိနှင့်ကြပြီးဖြစ်သော စစ်တွေမြို့သူ မြို့သားတို့မှာလည်း ပွေသဖန်း၌ ရေဖျန်း အဘိသေခရချေတော့မည့် ဆဲဆဲဖြစ်သော အိမ်ရှေ့ဥပဇာကဲ့သို့ တရားမဏ္ဍပ်တော်ကြီး တည်းဟူသော ပွေသဖန်း၌ ကျေးဇူးရှင်ကြီး၏ ဓမ္မကထာဒေသနာတည်းဟူသော အဘိသေက

www.dhammaransi.com



ရေဖျန်းခံယူရချေ တော့မည့်အရေး မျှော်တွေးမှန်းဆလျက် အပြုံးပန်းတွေ တဝေဝေနှင့် ဖြစ်နေကြပေသည်။

စစ်တွေမြို့တစ်ဝှမ်းတွင် ပျားပန်းခပ်မျှ ကြိုဆိုရေးကိစ္စ၊ ပူဇော်ရေးကိစ္စ အဝဝတို့ကိုသာ မနေမနား ကြိုးစားပြုလုပ်ကာ စောင့်စားနေကြပေတော့သည်။

**အံ့ချီးမကုန် ကြိုဆိုပုံ**

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ပဉ္စာ သမဏေ များနှင့်အတူ ကပ္ပိယကာရကများ ခြံရံလျက် စစ်တွေ သွား ပင်လယ်ကူး သင်္ဘောကြီးဖြင့် နှစ်ညဥ့် သုံးရက် တိုင်တိုင် ကြွတော်မူခဲ့ရာ ၁၂၆၉-ခုနှစ်၊ ပြာသိုလဆန်း ၈-ရက်နေ့ ညနေ ၄-နာရီ အချိန်တွင် စစ်တွေမြို့သို့ ရောက်တော်မူခဲ့ပေသည်၊ စစ်တွေမြို့သူမြို့သား နှစ်သောင်းကျော်တို့သည် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး လိုက်ပါတော်မူ လာသည့် သင်္ဘောကြီးကိုမြင်လျှင် အလွန်ပင် ပီတိသောမနဿတွေ ဖြစ်ကြကာ စစ်တွေမြို့ သင်္ဘောဆိပ်ကမ်း တစ်ဝိုက်တွင် မြေကြီးအက်ယို ပြိုကျခမန်း ဝမ်းပန်း တသာ ဆီးကြို ဂါရဝပြုကြလေသည်။

ကျေးဇူးရှင်ကြီး လိုက်ပါလာသည့် သင်္ဘောကြီး ဆိုက်ကပ်လာ သည်နှင့် တစ်ပြိုင်နက် အမြောက်သုံးချက် ပစ်ဖောက် ကြိုဆိုကြလေသည်၊ ထို့ပြင် လှေပွဲသဘင်ဆင်ယင်ကျင်းပကြသည်၊ သင်္ဘောငယ်တစ်စင်းဖြင့် ပင်လယ်ကူး သင်္ဘောကြီးသို့ သွားရောက် ကြိုဆိုပြီး ယင်းသင်္ဘောငယ် ဆိပ်ကမ်းသို့ ကပ်ရောက်သည်နှင့်တစ်ပြိုင်နက် အမြောက်သုံးချက် ပစ်ဖောက်ကြပြန်သည်၊ ထီးဖြူတော် မိုးကာလျက် ကျေးဇူးရှင်ကြီးအား ပင့်ဆောင်လာစဉ် လမ်းဘေး ဝဲယာမှ ပရမတ္ထသံခိပ် အသင်းသူ အသင်းသားများက လက်အုပ်ချီမိုး ရှိခိုးလျက် ပရမတ္ထသံခိပ်ကဗျာများကို ရွတ်ဆိုပူဇော်ကြသည်မှာလည်း ကြားနာမဝ အလွန် သာယာနာပျော်ဖွယ် ရှိလှပေသည်။

**ပြောမယုံ ကြုံမှသိ**

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး တရားဟောမည့် တရား မဏ္ဍပ်ကြီးသို့ သင်္ဘောဆိပ်မှ တစ်မိုင်ကျော် ခရီးလမ်းတွင် ဆန်းကြယ်စွာဆင်ယင်ထားကြပုံ, တရားပလ္လင် ဆင်ယင်ရာ ဌာန, ဓမ္မာသနပလ္လင်, သီတင်းသုံးရန် စံကျောင်းတော်ကြီး, ကြားနာပရိသတ်တို့

www.dhammaransi.com



နေထိုင်ရာဌာန စသည်တို့ကို ထိုခေတ် ငွေတန်ဖိုးအားဖြင့် ၁၈၀၀ိ (တစ်ထောင့်ရှစ်ရာကျပ်)ကျော် အကုန်အကျခံကာ ဆင်ယင်မွမ်းမံထားသည်တို့မှာလည်း ပြောမယုံ ကြုံမှသိ ဆိုရမည်ပင် ဖြစ်ပေသည်။

သေဌေးမင်း ဦးရဲကျော်သူ ဆောက်လုပ်၍ ချက်ပြုပ် ကျွေးမွေးသည့် ဆွမ်းကျွေးရုံတွင်လည်း တရားနာရန် ကြွရောက်တော်မူလာကြသည့် အာဂန္တုရဟန်းတော်များတို့အား နံနက်မှာဆွမ်း ညနေမှာဖျော်ရည် ရေချမ်းတို့ဖြင့်လည်းကောင်း, တရားနာလာကြသည့် သူတော်စင်ကလျာဏတို့အားလည်း အချိန်ကာလအားလျော်သော ထမင်းအဖျော် စသည်တို့ဖြင့်လည်းကောင်း လှူဒါန်းကျွေးမွေး ဧည့်ခံ ပြုစုပုံမှာလည်း ပြောမယုံကြုံမှသိဟု ဆိုရမည်ပင် ဖြစ်ပေသည်။

[အမှာ- တရားသဘင် မဏ္ဍပ်စသည်တို့ကို မွမ်းမံစီရင်ထားပုံ စသည်တို့ကို လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ 'ကဗျာ့မဥ္ဇရီ' တွင် အကျယ်တဝင့် ဖော်ပြထားသည်ကို အလိုရှိသူများ ကြည့်ရှုတော်မူကြပါကုန်။]

**နတ်နန်းပုံသို့ စစ်တွေမြို့**

နေဝင်ချိန်သို့ရောက်လျှင် အပြင်ဝင်း အတွင်းဝင်း မဏ္ဍပ်တွင်းရှိ မီးအိမ်တို့ကို ဆောင်စေကြကုန်၏၊ မြို့တွင်းရှိ လမ်းမှန်သမျှတို့မှာလည်း မီးစောင်းတန်းများ သွယ်တန်းလျက် အဆန်းတကျယ် ခြယ်လှယ်ထွန်းညှိထားကြကုန်၏၊ တရားမဏ္ဍပ်နှင့်တကွ စစ်တွေမြို့ တစ်မြို့လုံးသည် ၁၃-ရက်ပတ်လုံး နေ့အခါကဲ့သို့ မီးရှူး မီးအိမ်ရောင်စုံတို့ဖြင့် နတ်ဘုံနတ်နန်းသဖွယ် အလွန်လှပတင့်တယ်နေပေသည်။

**အမြိုက်ရည်မိုး သွန်းဖြိုးရွာချ**

ပြာသိုလဆန်း ၉-ရက်နေ့မှစ၍ နေ့စဉ် နေ့တိုင်းညဉ့် ၇-နာရီ အချိန်တိုင်ရောက်လျှင် စစ်တွေမြို့သူ မြို့သားတို့သည် ဝတ်ရည်စားသုံးဖို့ ပျားပိတုန်းတို့သည် ပန်းဝတ်ရည်ရှိရာသို့ တဒီဒီ စုရုံးရောက်ရှိလာကြဘိသကဲ့သို့ ဓမ္မသဘင်မဏ္ဍပ်တွင်းသို့ စုရုံးရောက်ရှိလာကြကုန်၏၊ အိမ်စောင့်လိုသူမရှိ- တရားနာလိုသူတွေချည်းသာ ဖြစ်နေကြ၍ လေးအိမ်တစ်ယောက် ငါးအိမ်တစ်ယောက် အစောင့်ထား၍ သွားကြရသည်၊ အချို့သော အိမ်တို့တွင်မူ အစောင့်ငှါး၍ သွားကြရသည်။

www.dhammaransi.com



ဆရာတော်ဘုရားသည်လည်း ၉-ရက်နေ့မှစ၍ ပြာသိုလပြည့် ကျော် ၅-ရက်နေ့တိုင်အောင် ည ၈-နာရီ အချိန်မှ ၁၁-နာရီ အချိန်ထိ ၃- နာရီပတ်လုံး စစ်တွေမြို့သူ မြို့သားတို့အား တရားတော်အမြိုက်ရည်မိုးကို မြိုင်မြိုင်ဆိုင်ဆိုင်နှင့် ဖြိုင်ဖြိုင်ကြီး သွန်းဖြိုး ရွာချတော်မူလေသည်။

**ဒေသနအဆီ ပန်းဝတ်ရည်များ** ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည်----

- ပထမ (လဆန်း ၉) ရက်နေ့တွင် ဓမ္မဒေဝဇာတ်နှင့်သီရိဇာတ်တို့ကို ဟောကြားတော်မူသည်။
- ဒုတိယ (လဆန်း ၁၀) ရက်၊ တတိယ (လဆန်း ၁၁)ရက်နေ့တို့တွင် မနုဿတ္တဒုလ္လဘတရားတော်ကို ဟောတော်မူသည်။
- စတုတ္ထ (လဆန်း ၁၂) ရက်နေ့တွင် သဉပါဒိသေသ ပထမနိဗ္ဗာန်ကြီးကို ရှင်းရှင်းလင်းလင်း မြင်လွယ် သိလွယ်အောင် ဟောတော်မူသည်။
- ပဉ္စမ (လဆန်း ၁၃)ရက်နေ့မှစ၍ နဝမ (လပြည့် ကျော်၂-ရက်နေ့အထိ ၅-ရက်တိုင်အောင် မဂ္ဂင်ရှစ်ပါး တရားတော်ကို ဟောတော်မူသည်။
- ဒသမ (လပြည့်ကျော် ၃)ရက်နေ့မှ စ၍ ဒွါဒသမ (လပြည့်ကျော် ၅)ရက်တိုင်အောင် သုံးရက်တိတိ 'သာသနဒါယဇ္ဇ= သာသနာ့အမွေခံတရားတော်ကြီး' ကိုဟောကြားတော်မူခဲ့ပေသည်။

**ဥတေနစောင်းသံ ကြားရသည့် တောဆင်များသဖွယ်** ဥတေနမင်း၏ ဟတ္ထိကန္တစောင်းသံကို ကြားကြရကုန်သော တောဆင်အပေါင်းတို့သည် စောင်းသံကို ခင်မင်စွဲလမ်းကြသဖြင့် အရပ်တစ်ပါးသို့ ဖဲသွားခြင်းငှါ မစွမ်းနိုင်ကြကုန်ဘိသကဲ့သို့ စစ်တွေမြို့သူ မြို့သားတို့သည်လည်း ကျေးဇူးရှင်ကြီး၏ တရားဒေသနာသံတွင် ခင်မင်စွဲလမ်းကြသဖြင့်

www.dhammaransi.com



တရားမဏ္ဍပ်အတွင်းကပင် မထွက်နိုင်ဘဲ တဝဲလည်လည် ရှိနေကြကုန်၏။

**ဆွမ်းလောင်းလှူပွဲ ပြုဆင်နွှဲ**

နောက်ဆုံး သုံးရက်တွင်လည်း မြို့လုံးကျွတ် ထွက်လာကြပြီး အပြင်ရာဇမတ်ဝင်း လေးမျက်နှာပတ်လုံး ဝန်းဝိုင်းလျက် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား အမှူးထား၍ စစ်တွေမြို့ပေါ်ရှိ သံဃာတော်များ, ရပ်ဝေးမှကြွလာတော်မူကြသည့် အာဂန္တုသံဃာတော်များ- သံဃာတော် သုံးရာကျော်တို့အား နေ့စဉ် သုံးရက်တိုင်တိုင် သံဃဒါန ဆွမ်းကြီးလောင်းလှူပွဲကြီးကို ဆင်နွှဲကြကုန်၏။

**မကြုံစဖူး ထူးခြားသည့် မြို့စစ်တွေ**

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် တခြားသော မြို့ရွာအနှံ့အပြား တရားဟောခဲ့သည်မှာ ၂-နှစ်ကျော်ကြာခဲ့ပေပြီ၊ ငါးထောင်, ခြောက်ထောင်မျှရှိသော ပရိသတ်တို့တွင် တစ်စုံတစ်ယောက်သောသူမျှ စကားတီးတိုး ပြောဆိုခြင်း, ထကြွလှုပ်ရှားသွားလာခြင်း မပြုမလုပ်ကြဘဲ ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖြာထက်တွင် ဟောကြားအပ်သော ရှင်တော်ဗုဒ္ဓ၏ အဘိဓမ္မာဒေသနာတော်ကို နတ်ပြဟ္မာအများ နာယူနေကြသည်နှင့်အတူ နေရာတကျ တရားဓမ္မ၌ ဂရုဂါရဝထား၍ နာကြားနေကြပုံမျိုး မကြုံစဖူးသေးပေ၊ ထူးထူးခြားခြားတွေ့ပေသည်-ဟု ကျေးဇူးရှင်ကြီး မိန့်တော်မူဖူးကြောင်းကို ကြားသိခဲ့ရပေသည်။

တရားသဘင် ဆင်ယင်ရာမဏ္ဍပ်သို့ လာရောက်၍ ယစ်မျိုးငါးပါးတို့ကို မသောက်မစားတော့ပါ-ဟူ၍လည်းကောင်း, ကျွဲသား နွားသားတို့ကို မသုံးမစားတော့ပါ-ဟူ၍လည်းကောင်း လျှုဒါန်းကြသူ လူဦးရေ ၇၀၀၀- ကျော်မျှ စာရင်းကောက် ရရှိတော်မူခဲ့ပေသည်၊ သမထကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်း အလုပ်များကို အပတ်တကုတ် အားထုတ်သူ ရှင်လူ ရဟန်းများစွာတို့ကိုလည်း တွေ့မြင်ခဲ့ရပေသည်- ဟု ကြားသိရပေ၏။

**ပြန်ကြွသော်လဲ ပူဇော်နွှဲ**

ပြာသိုလပြည့်ကျော် ၆- ရက်နေ့တွင် စစ်တွေမြို့သူ မြို့သား အပေါင်တို့အား သရဏဂုံသီလပေးလျက် ဩဝါဒဓမ္မကထာ ဒေသနာတော်ကို ဟောမြွက် ဆုံးမ

www.dhammaransi.com



တော်မူပြီး၍ ညနေ ၅-နာရီ အချိန်တွင် ရန်ကုန်ထွက် သင်္ဘောကြီးသို့ ကြွတော်မူရာဝယ် မြို့သူမြို့သား ဥပါသကာများ ဥပါသိကာများ ဝိုင်းဝင်း ပို့ဆောင်ကြခြင်း၊ ည ၇-နာရီ အချိန်တွင် ကမ်းစဉ် တစ်လျှောက်လုံး မီးနီ မီးဝါ မီးပဒေသာအမျိုးမျိုး ဆင်ယင်ထွန်းညှိ ပူဇော်ကြခြင်း, ထန်းနှစ်ဆင့် သုံးဆင့်ခန့် ပျံတက်ပေါက်ကွဲစေတတ်သော အနဲနဲသော ဥပါမီးပန်းများ, ဆင်သံ မြင်းသံ အမြောက်သံကဲ့သို့ ဆူညံ မြည်ဟိန်းစေတတ်သော မီးရှူး မီးပေါက် မီးပန်း မီးဒုံးများကို ပစ်ဖောက်ခြင်းစသော မီးပွဲသဘင် ဆင်ယင်ကျင်းပ ပူဇော်ခြင်းစသော ပူဇော်ဖွယ် အမျိုးမျိုးတို့ဖြင့် တခမ်းတနား ပူဇော်ကြပေသည်။

**ပလလည်းဆင်မင်း မယွင်းပုံတူကျန်ရစ်သူ**

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးနှင့် ပဉ္စာသမဏ ကပ္ပိယကာရက ပုဂ္ဂိုလ်များ သင်္ဘောပေါ်သို့ ကြွရောက်ပြီး ရန်ကုန်သင်္ဘော ဆိပ်ကမ်းမှ ထွက်ခွာသော်လည်း လူစုမကွဲနိုင်ကြဘဲ ရှင်တော်ဗုဒ္ဓသည် ပလလည်းတောမှ ပြန်ကြွတော်မူစဉ်အခါ ရှင်တော်ဗုဒ္ဓအား ရေပူရေချမ်း ကမ်းလှမ်းလုပ်ကျွေးနေသော ပလလည်း ဆင်မင်းကြီးသည် ရှင်တော်ဗုဒ္ဓကို မျက်စိတဆုံး ဖူးမြော်ကြည့်ရှုရင်း ရင်တွင်းလှိုက်ဖိုရှိုက်ငိုရမတတ် ဖြစ်ပေါ် ကျန်ရစ်ဘိသကဲ့သို့ စစ်တွေမြို့သူ မြို့သားတို့သည်လည်း ပင်လယ်ကူး သင်္ဘောကြီးကိုသာ မျက်စိတဆုံး တရှုံးရှုံး ကြည့်ရှုလျက် မျက်ရည်ဥတို့ စို့ကာ ယိုကာ ရင်တွင်း မသာယာ လွမ်းဆွတ်ကာ ကျန်ရစ်ခဲ့ကြပေကုန်သည်။

**စစ်တွေမြို့မှ အဘိယာစက**

ကျေးဇူးရှင်ကြီး၏ တရားတော် ဒေသနာနှင့် ရူပကာယတော်ကြီးကို နာကြားဖူးမြော် ကြည်ညို နေမိကြသဖြင့် မိမိတို့ တောင်းဆို လျှောက်ထားရမည့် အချက်တစ်ခုကို သတိမပြုမိဘဲ မေ့လျော့ကျန်ရစ်ခဲ့ကြပေရာ သင်္ဘောပေါ်သို့ ဆရာတော်ဘုရား ရောက်တော်မူပြီးမှ သတိပြန်လည် ရရှိကြ၍ ကပ္ပိယကာရကဖြစ်သည့် ဆရာကြီး ဦးဘိုမင်းမှ တစ်ဆင့် 'ဆရာတော်ဘုရားကြီး စစ်တွေမြို့တွင် ဟောကြားခဲ့သော တရားဒေသနာတို့မှ သင့်လျော်ရာကျမ်း တစ်စောင်တစ်ဖွဲ့ ရေးသားချီးမြှင့်တော်မူပါရန်' မှာကြား လျှောက်ကြားခဲ့ကြရပေသည်၊ ဆရာကြီးဦးဘိုမင်းသည် စစ်တွေမြို့သူ မြို့သားတို့၏ အဘိယာစကကထာကို ထပ်ဆင့်လျှောက်ကြား လေလျှင် ကျေးဇူးရှင် ဆရာတော်ကြီးက "အိမ့် ရေးရ ဦးမယ်ကွဲ့"ဟု မိန့်တော်မူ

www.dhammaransi.com



လျက် စစ်တွေ- ရန်ကုန်သွား သင်္ဘောပေါ်တွင် ဤ 'သာသနဒါယဇ္ဇဒီပနီ' ကျမ်းစာကို ရေးသားတော်မူလေသည်။

**တစ်တောမှာ စာတစ်စောင်**
**တစ်တောင်မှာ စာတစ်ကျမ်း**

ကျေးဇူးရှင်ကြီး၏ ဒီပနီကျမ်းများမှ နိဒါန ကထာ၊ အဘိယာစကကထာ၊ နိဂမနကထာ တို့ကို ကြည့်ရှုလျှင် မုံရွာမြို့လက်တီတိုက်ကြီး အတွင်းမှာ၊ မြို့မှာ၊ ရွာမှာ ရေးသားခဲ့သော ကျမ်းဂန်တို့ကား အနည်းငယ်မျှသာ ရှိပေသည်၊ တောမှာ တောင်မှာ ဝါကပ် ဆိုနေထိုင်ရင်း ရထားခရီး သင်္ဘောခရီး သွားရင်းလာရင်း ထိုထိုပုဂ္ဂိုလ်တို့၏ အဘိယာစက အားလျော်စွာ တစ်တောမှာ စာတစ် စောင်၊ တစ်တောင်မှာ စာတစ်ကျမ်း၊ တစ်ခရီးလမ်းမှာ စာတစ်ဖွဲ့ ဆိုသလို ရေးသားတော်မူခဲ့သည်သာ များလှပေသည်။

- မဟာဗောဓိသို့အသွား မန္တလေး-ရန်ကုန် ရထားပေါ်တွင် "ဗောဓိ ရတနာ" အစချီသော **ပဋိစ္စသမုပ္ပါဒလင်္ကာကြီး**တို့ကို ရေးသားတော်မူ ခဲ့ပေသည်။
- ရန်ကုန်မှ အနောက်မဇ္ဈိမတိုက်သို့အသွား ပင်လယ်ကူး သင်္ဘောကြီး ပေါ်တွင်လည်းကောင်း၊ ဘုရားဖူးခရီးထွက်ခွါတော်မူစဉ် လမ်းခရီး၌ အားလပ်ခွင့်ရဆဲရဆဲ အခိုက်တွင်လည်းကောင်း ယင်းပဋိစ္စသမုပ္ပါဒ လင်္ကာကြီး၏ အဖြေဖြစ်သည့် '**ပဋိစ္စသမုပ္ပါဒဒီပနီ**' ကျမ်းကို ရေးသားစီရင် တော်မူခဲ့ပေသည်။
- ရန်ကုန်မှ မန္တလေးသို့ အဆန်ရထားပေါ်တွင် ဗုဒ္ဓဘာသာဝင် အင်္ဂလိပ် လူမျိုးတစ်ဦး၏ လျှောက်ထားချက်အရ ပျဉ်းမနားမြို့အလွန် မန္တလေးမြို့ အကြားအဆန်ရထားပေါ်တွင် "**သုံးလူ့ရှင်ပင်**" အစရှိချီသော ဗုဒ္ဓဝင် လင်္ကာကို ရေးသားချီးမြှင့်ခဲ့ပေသည်။
- စစ်တွေမြို့မှ တရားဟော၍အပြန် ရန်ကုန်သွား ပင်လယ်ကူး သင်္ဘောကြီး ပေါ်တွင် '**သာသနဒါယဇ္ဇဒီပနီကျမ်းကို**' ရေးသား စီရင်တော်မူခဲ့ပေသည်။

www.dhammaransi.com



**ဝါသနာတူဘိ ဆရာတပည့်**

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကလည်း အဘိယာစက တောင်းပန် လျှောက်ထားသူရှိခဲ့လျှင် နေရာမရွေး အချိန်မရွေး ဘာသာရေး သာသနာရေး သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်း အလုပ်ပေးစာပေများကို စာတိုက်သံ, ဗီရိုသံမပါ နိက္ခမဓာတ်ဉာဏ် ရင့်သန်တော်မူသည့်အတိုင်း တောသံ တောင်သံ သံဝေဂသံ ဝိပဿနာသံတွေ ဝေဝေဆာဆာနှင့် ရေးသားပေးပို့လေ့ရှိပေသည်၊ ယင်းဝါသနာတော်အတိုင်းပင် စစ်တွေမှ ရန်ကုန်သွား သင်္ဘောကြီးပေါ်တွင် '**သာသနဒါယဇ္ဇဒီပနီ**' ကို ရေးသားတော်မူပေသည်။

တပည့်ဖြစ်သူ လယ်တီပဏ္ဍိတကလည်း ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား စစ်တွေမြို့မှ ချိမ့်ချိမ့်သဲ ကြိုဆိုကြပုံ, တရားသဘင်ပွဲကြီး သိုက်သိုက်မြိုက်မြိုက်စည်ကားလှပုံ, ဆရာတော်ဘုရားကြီး၏ ဟောပုံ စသည်တို့သည် စိတ်အာရုံထဲဝယ် တဝဲလည်လည်နှင့် မမေ့မပျောက်နိုင်ဘဲ ဖြစ်နေရာမှ သင်္ဘောပေါ်တွင်ပဲ အောက်ပါ တေးထပ်ကဗျာကို ရေးစပ်လေတော့သည်။

------------

**ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏**
**ဘုန်းတော်ဘွဲ့ တေးထပ်**

- သာသနာ တစ်ဝက်နင်းလုမှ၊ ဘက်ကင်းတု ဇာနည်၊
မောဂ္ဂလိ နာဂသီလို၊ မဟာထေရ် ပေါ်ဖို့၊
နရာသိဟ် သာကီနို့မှန်ငယ်၊ ဗျာမိန့်သံ ထားထင်ကရို့။

- ယင်းသိုက်ဓာတ် ရွယ်ရည်၊ လယ်တီကို ဆိုစို့၊
ဘုန်းကံဉာဏ် သမ္ဘာပျို့ပါဘိ၊ ပါရဂူ့ ဂုဏ်အင်၊
ဝဇီရိန် မြအာဝုဓ်ကဲ့သို့၊ ယထာဘုတ် စူးရှ ဉာဏ်မြင်။

- သောင်းဒီပ တိုက်ဗွေခွင်၊ မြိုက်ရေစင် ဖျန်းဆွတ်လို့၊
ပန်းကျွတ်ဆု အောင်လံထောင်၊ လွတ်ပေ့ါမဂ်ဖောင်။
အာဏာစက် တခြားနှောင်လျှင်၊
ဘုရားတောင် ဆိုလောက်ကဲ့လေး။ ။

မိခင်ဇရာဝတီ

www.dhammaransi.com



ဟူ၍ လူသံ စက်သံ လှိုင်းသံတွေ ဆူညံနေဆဲအခါတွင် ဤကဲ့သို့ စာအညွှန့်အဖူး ဖြစ်ပေါ်လာနိုင်ရန် ဉာဏ်ကွန့်မြူးနိုင်ခဲ့သည့် လယ်တီပဏ္ဍိတ သည်လည်း တစ်ဖုံတစ်နည်း ချီးကျူးဖွယ်ပင်ဖြစ်ပေတော့သည်။

**ခိုအောင်းမြေအောက် ကျောက်မြက်ရတနာ**

အဖိုးအနဂ္ဃ ထိုက်တန်လှသော ကျောက်ပတ္တမြား ရတနာသည် ပတ္တမြားရတနာတို့၏ တည်နေရာ မိုးကုတ်မြို့နယ် မြေလွှာ မြေထပ်အောက်တွင် ရောက်တည် နေဘိသကဲ့သို့ ကျေးဇူးရှင်ကြီး၏ **'သာသနဒါယဇ္ဇဒီပနီ'** တည်းဟူသော ငမောက်ပတ္တမြားရတနာတစ်ဆူသည် မုံရွာမြို့ မဟာလယ်တီတိုက်ကြီးအတွင်းရှိ ကျောက်စာတိုက်ကြီးတွင် ခိုအောင်းစံတည် နေခဲ့သည်ကား နှစ်ပေါင်းများစွာပင် ကြာမြင့်ခဲ့ပေပြီ၊ ပုံနှိပ်စာစောင် စာကျမ်းအဖြစ်သို့ ရောက်ရှိ ထွက်ပေါ်လာခြင်း မရှိသဖြင့် ကလျာဏနွယ်ဝင် သူတော်စင်တို့ ယှဉ်ကြည့်ရှု သုံးဆောင်ခြင်းငှါ မစွမ်းခဲ့ကြပေ။

**'သာသနဒါယဇ္ဇဒီပနီကျမ်း'** တည်းဟူသော ငမောက်ပတ္တမြား ရတနာကို ကလျာဏနွယ်ဝင် လူရှင်များစွာတို့ အလွယ်တကူ ယှဉ်သုံးဆောင် ကြည့်ရှုနိုင်ကြစေရန် ရည်သန်ရင်း စိတ်ဓာတ်ဖြင့် လယ်တီအရှင်ကေလာသမှ စတင် ဖော်ထုတ်လျက် စာရှုသူတို့၏လက်သို့ တင်ဆက်ပို့ဆောင်ခဲ့ရပေသတည်း။

| | |
|---|---|
| ၁၃၅၃ -ခုနှစ်၊ | လယ်တီအရှင်ကေလာသ(ပါဠိပါရဂူ) |
| တပေါင်းလပြည့်ကျော် | 'အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ' |
| ၁၁-ရက်၊ တနင်္ဂနွေနေ့ | ဂန္ထဝါစကကျောင်း၊ မဟာလယ်တီတိုက်၊ |
| (၂၉-၃-၉၂) | မုံရွာမြို့။ |

www.dhammaransi.com



# သာသနဒါယဇ္ဇဒီပနီ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

**သာသနဒါယဇ္ဇတရားသည်-**

၁။ ဓမ္မာသောကမင်းကြီးအား အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ရဟန္တာ ကိုယ်တော်မြတ်ကြီး ဟောတော်မူအပ်သော နည်းလမ်း တစ်မျိုး၊

၂။ ပရိဘောဂလေးပါးတို့တွင် ဒါယဇ္ဇပရိဘောဂအရာ၌လာသော နည်း လမ်းတစ်မျိုး၊

၃။ မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော် ဓမ္မဒါယာဒသုတ်ကြီးတွင် လာသော နည်းလမ်းတစ်မျိုး၊

ဟူ၍ သုံးမျိုးရှိ၏။

## အရှင်မဟာမောဂ္ဂလိပုတ္တတိဿ၏ သာသနဒါယဇ္ဇအမွေခံတရား

ထိုသုံးမျိုးတို့တွင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿနည်းလမ်း၌ အကြင် သူသည် ပစ္စည်းဝတ္ထုကိုသာ လှူဒါန်း၏၊ ထိုသူသည် ဘဝဂ်တိုင်အောင် စုပုံ၍ လှူပြြားသော်လည်း သာသနာ့အမွေခံ မဖြစ်၊ အကြင်သူသည် မိမိရင်၌ဖြစ်သော သားကို ဘုရားသာသနာတော်တွင်းသို့ သွတ်သွင်းချီးမြှင့်၏၊ ထိုသူသည်သာလျှင် သာသနာ့အမွေခံဖြစ်၏-ဟု  အဋ္ဌကထာတို့၌လာ၏။

ဋီကာတို့၌လည်း မိမိရင်၌ဖြစ်သောသားကို ဘုရားသာသနာတော်တွင်း သို့ သွတ်သွင်းချီးမြှင့်သည်ကို သာသနာ့အမွေခံဖြစ်သည်ဟု ဆိုရာ၌ **'သာသနာ့ ဉာတိ'** ဖြစ်သည်ကို သာသနာ့အမွေခံဆိုသည်ဟု ဖွင့်ကြပေကုန်၏။

**'သာသနာ့ဉာတိ'** ဆိုသည်ကား သာသနာ့ဆွေမျိုးဆိုလိုသည်၊ ဘုရား၏ ဆွေမျိုး, တရား၏ဆွေမျိုး, သံဃာ၏ဆွေမျိုးဟု ဆိုလိုသည်။

www.dhammaransi.com

# သာသနာ့ဒါယဇ္ဇဒီပနီ

❊ လောကအမွေဆိုသည်ကား လောကီမိဘတို့မှ ရရှိကြသော လယ်ယာမိုးမြေရတနာရွှေငွေတို့ပေတည်း။

❊ ဓမ္မအမွေဆိုသည်ကား ဗုဒ္ဓဘာသာလူမျိုးတို့၏ မိဘကြီး ဖြစ်တော်မူပေသော မြတ်စွာဘုရားကြီးထံမှ ရရှိကြသော ဓမ္မအမွေတော်ကြီးသုံးပါးပေတည်း။

❊ ဘာသာတစ်ပါးတို့သည် လောကအမွေသာရှိကြ၏။ ဓမ္မအမွေ ဟူ၍ မရှိကြပေ။ ဗုဒ္ဓဘာသာလူမျိုးသို့မူကား အမွေနှစ်ပါးရှိကြ၏။ လောကအမွေသည် ရန်သူမျိုးငါးပါးနှင့် တွေ့လျှင် နေ့ချင်း ညချင်း ပျက်ဆုံး၏။ ဓမ္မအမွေသည်ကား နိဗ္ဗာန်ရသည့်တိုင် အောင် ချမ်းသာသုံးပါးကို ဆောင်နိုင်၏။

www.dhammaransi.com



ဆွေမျိုးဖြစ်ပုံကား လောက၌ တစ်ဦးသော အမျိုး၏သားကို တစ်ပါးသော အမျိုး၏သမီးနှင့်ထိမ်းမြားကြရာ၏၊ သားသမီးကို အကြောင်းပြု၍ ထိုအမျိုးနှစ်ဦးတို့သည် အချင်းချင်း ဆွေမျိုးအရာသို့ ရောက်ကြကုန်သကဲ့သို့ ထို့အတူ ရှင်သာမဏေ ရှင်ရဟန်းပြုမှုမည်သည် မိမိ၏သားကို မြတ်စွာဘုရား၏ သားတော်ဖြစ်အောင်ပြုမှုပေတည်း၊ တရားတော်၏သားတော်ဖြစ်အောင် ပြုမှုပေတည်း၊ သံဃာတော်၏ သားတော်ဖြစ်အောင် ပြုမှုပေတည်း၊ သားကို အကြောင်းပြု၍ သား၏ မိဘတို့သည် ဘုရား တရား သံဃာ သာသနာ၏ ဆွေမျိုးအဖြစ်သို့ ရောက်ကြလေကုန်၏။

ဆွေမျိုးဆိုသော စကား၌လည်း-

\- အာရောဂျ ပရမာ လာဘာ၊
သန္တုဋ္ဌိ ပရမံ ဓနံ။
ဝိဿာသပရမာ ဉာတိ၊
နိဗ္ဗာနံ ပရမံ သုခံ။

(ဓမ္မပဒပါဠိ၊ နှာ-၄၃၊ ဂါထာအမှတ်-၂၀၄။)

အာရောဂျပရာမာ=အနာရောဂါ မရှိသည်၏ အဖြစ်သည် လွန်မြတ်စွာသော၊ လာဘာ=လာဘ်ကြီးတစ်ပါးပါပေတည်း၊ သန္တုဋ္ဌိပရမံ=ရသမျှဖြင့် ရောင့်ရဲသောအဖြစ်သည် မွန်မြတ်လှစွာသော၊ ဓနံ=ဥစ္စာတစ်ပါးတည်း၊ ဝိဿာသပရမာ=မြတ်နိုးချစ်ခင် အကျွမ်းဝင်သောသူသည် မွန်မြတ်လှစွာသော၊ ဉာတိ=အဆွေအမျိုးတစ်ပါးပေတည်း၊ နိဗ္ဗာနံ=မသေရာမှန် မြတ်နိဗ္ဗာန်သည်၊ ပရမံ=ထူးချွန်မွန်မြတ်လှစွာသော၊ သုခံ=ချမ်းသာစစ် ချမ်းသာမှန်ကြီးတစ်ပါးတည်း။

ဟူသော ဒေသနာတော်မြတ်နှင့်အညီ တစ်ဦးနှင့်တစ်ဦး အကျိုးစီးပွားကို လိုလားခြင်းရှိကြသဖြင့် အကျွမ်းဝင်မှု ချစ်ခင်မှုသည် ဆွေမျိုးအရာ၌ အချုပ်အခြာဖြစ်၏။

## အာရောဂျ ပရမာ လာဘာ

ထိုဒေသနာဂါထာ၏ အဓိပ္ပါယ်ကား- လောက၌ ရွှေရတတ်ခြင်း, ငွေရတတ်ခြင်းကို, ထိုထိုဥစ္စာဓန ရတတ်ခြင်းဟူ၍ ရတတ်ခြင်းအမျိုးမျိုး ရှိသည်တွင် အနာရောဂါကင်းမှုကို ရတတ်ခြင်းသည် အထွတ်အထိပ် အချုပ်အခြာဖြစ်၏။

www.dhammaransi.com



အဘယ့်ကြောင့်နည်းဆိုသော် အနာရောဂါရှိ၍နေသော သူသည် ရွှေတစ်သိန်းကိုပင်ရသော်လည်း ထိုရွှေ၏သုခရသကို ခံစားနိုင်တော့သည် မဟုတ်၊ လေးကျွန်းလုံးကိုအစိုးရသော စကြာမင်းကြီးပင် ဖြစ်သော်လည်း စကြာမင်းကြီး၏ သုခရသကို ခံစားနိုင်တော့သည် မဟုတ်၊ ဥစ္စာဓနတစ်မူးတစ်ပဲမျှ မရှိငြား သော်လည်း ကျန်းမာမှုရှိပေလျှင်ပင် အဇ္ဈတ္တကာယ၏ သုခရသကို အမြဲခံစားရ၏၊ စိတ်နှလုံးကြည်လင် ရွှင်လန်းမှုသုခရသကို ခံစားနိုင်၏၊ လောကီ လောကုတ္တရာ ချမ်းသာ ကောင်းကျိုးအမျိုးမျိုးတို့ကို အားထုတ်လုပ်ကြံနိုင်၏၊ ထို့ကြောင့် အနာရောဂါ ကင်းရှင်းမှုသည် အချုပ်အခြာဖြစ်သော လာဘ်လာဘမှု ဖြစ်ပေ သတည်း။

ဤကား 'အာရောဂျ ပရမာ လာဘာ' ပုဒ်၏ အဓိပ္ပါယ်တည်း။

## သန္တုဋ္ဌိ ပရမံ ဓနံ

ရွှေငွေရတနာ ဥစ္စာဓနပေါများမှုတို့ထက်လည်း ရောင့်ရဲလွယ်ခြင်း ဟူသော သန္တုဋ္ဌိ ဥစ္စာပေါများမှုသည် အချုပ်အခြာဖြစ်၏။ အဘယ့်ကြောင့်နည်းဆိုသော် ဥစ္စာဓနမည်သည် တောင့်တပူပန်ခြင်း ဒုက္ခမီးကို ငြိမ်းစေတတ်၏၊ တောင့်တ ပူပန်ခြင်း ဒုက္ခမီးကို လွတ်ကင်းစေခြင်းငှါ ဥစ္စာဓနကိုလည်း ရှာကြရကုန်၏၊ သို့သော်လည်း ရောင့်ရဲလွယ်ခြင်း သန္တုဋ္ဌိတရား မရှိသောသူသည် ကုဋေ ရှစ်ဆယ်ပင် ကြွယ်ဝပေါများသော်လည်း တောင့်တပူပန်ခြင်း ဒုက္ခမီးမငြိမ်း၊ ပေါများသည်ထက် ပေါများလို၏ ကုဋေရှစ်ဆယ်ကြွယ်ဝသော ဥစ္စာသည် ထိုသူမှာ တောက်လောင်၍နေသော တောင့်တပူပန်ခြင်းဒုက္ခမီးကို ငြိမ်းအောင် မတတ်နိုင်၊ တောင့်တပူပန်ခြင်း ဒုက္ခမီးကိုပင် ပွါးစေတတ်၏၊ တောင့်တပူပန်ခြင်းတရား မည်သည် ဒုက္ခအမျိုးမျိုး ဒုစရိုက်အမျိုးမျိုးတို့ကို ဖြစ်ပွါးစေတတ်၏၊ ရောင့်ရဲ လွယ်ခြင်း သန္တုဋ္ဌိတရားသည်သာလျှင် တောင့်တပူပန်ခြင်း ဒုက္ခမီးကို ငြိမ်းစေနိုင်၏၊ တောင့်တပူပန်ခြင်းလျှင် အရင်းရှိသော ဒုက္ခအမျိုးမျိုး, ဒုစရိုက်အမျိုးမျိုး တို့ကိုလွတ်ငြိမ်းစေနိုင်၏၊ ထို့ကြောင့် ရွှေငွေရတနာ ဥစ္စာဓနတို့ထက် သန္တုဋ္ဌိဓန သည် အချုပ်အခြာ ဖြစ်ပေသတည်း။

ဤကား 'သန္တုဋ္ဌိ ပရမံ ဓနံ' ပုဒ်၏ အဓိပ္ပါယ်တည်း။

www.dhammaransi.com



## ဝိသာသ ပရမာ ဉာတိ

အမိဘက်မှ စပ်သော ဆွေမျိုး, အဖဘက်မှ စပ်သောဆွေမျိုး, အကို ညီ သား အစရှိသောဆွေမျိုးအရာတို့၌ တစ်ဦးနှင့်တစ်ဦး အကျိုးစီးပွါးကို လိုလား ခြင်းရှိကြသဖြင့် အကျွမ်းဝင်သူ ချစ်ခင်သူသည် ဆွေမျိုးအရာတွင် အချုပ်အခြာ အထွတ်အထိပ်ဖြစ်၏၊ မုချဆွေမျိုး မှန်၏။

အဘယ့်ကြောင့်နည်းဆိုသော် ဆွေမျိုးကိစ္စမည်သည် တစ်ဦးနှင့် တစ်ဦး အထူးချစ်ခင်ကြင်နာ ညှာတာခြင်း-တစ်ဦးဆင်းရဲလျှင် တစ်ဦးမနေသာ, တစ်ဦး , ချမ်းသာလျှင် တစ်ဦးဝမ်းမြောက်ခြင်းကိစ္စသည် ဆွေမျိုးကိစ္စတည်း၊ ညီရင်း အကိုရင်းပင်ဖြစ်သော်လည်း တစ်ဦးနှင့်တစ်ဦး အထူးချစ်ခင်ကြင်နာ ညှာတာ ခြင်းဟူသော ဆွေမျိုးကိစ္စ မရှိကြသည် ဖြစ်အံ့၊ ဆွေမျိုးမပြီ၊ ဆွေမျိုးမမည်၊ တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ပွါး မုန်းထားခြင်း ရှိကြသည်ဖြစ်အံ့၊ ရန်သူသာမည်အံ့၊ တစ်ကျွန်းသား တစ်နိုင်ငံသားပင် ဖြစ်သော်လည်း ပြဆိုခဲ့ပြီးသော ဆွေမျိုးကိစ္စနှင့် ပြည့်စုံသည်ဖြစ်၍ ချစ်ကျွမ်းဝင်ကြသည်ဖြစ်အံ့၊ ဆွေမျိုးပင်မည်၏၊ ထို့ကြောင့် ဆွေမျိုးအရာတွင် အမိအဖနှင့် စပ်နွယ်မှုထက် ချစ်ကျွမ်းဝင်မှုသာ အချုပ်အခြာ ဖြစ်သတည်း၊

ဤကား'ဝိသာသ ပရမာ ဉာတိ' ပုဒ်၏ အဓိပ္ပါယ်တည်း။

## နိဗ္ဗာနံ ပရမံ သုခံ

ချမ်းသာခြင်းဟူသော သုခအရာ၌ သုခသည် ဝေဒယိတသုခ, သန္တိသုခ ဟူ၍ နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင် လူ့စည်းစိမ်ကို ခံစားခြင်း, နတ်စည်းစိမ်ကို ခံစားခြင်း, ဗြဟ္မာ့စည်းစိမ်ကို ခံစားခြင်းသည် ဝေဒယိတသုခမည်၏၊ မျက်စိ အရသာကို ခံစားခြင်း, နားအရသာကို ခံစားခြင်း, နှာခေါင်းအရသာကို ခံစားခြင်း, လျှာအရသာကို ခံစားခြင်း, ကိုယ်အရသာကို ခံစားခြင်း, စိတ်မနောအရသာကို ခံစားခြင်းသည် ဝေဒယိတသုခ မည်၏၊ ထိုထို စည်းစိမ်ချမ်းသာ အရသာတို့ကို ခံစားလိုသော တဏှာ၏ ချုပ်ငြိမ်းခြင်းသည် သန္တိသုခမည်၏၊ ထိုတွင် ဝေဒယိတ ထက် သန္တိသုခသည်သာ အချုပ်အခြာဖြစ်၏။

www.dhammaransi.com



အဘယ့်ကြောင့်နည်းဆိုသော် ဝေဒယိတသုခမည်သည် တဏှာ၏ အကြိုက်ဖြစ်၍ တဏှာကို ပွါးများစေနိုင်၏၊ တဏှာလျှင် အရင်းရှိသော ခပ်သိမ်းသော ဒုက္ခမျိုး, ခပ်သိမ်းသော ဒုစရိုက်မျိုးတို့ကို ပွါးများစေနိုင်၏၊ တဏှာ၏ ချုပ်ငြိမ်းမှုသည် ခပ်သိမ်းသော ဒုက္ခမျိုး, ခပ်သိမ်းသော ဒုစရိုက်မျိုးတို့ကို လွတ်ငြိမ်းစေနိုင်၏။

လူ့ချမ်းသာတွင် လေးကျွန်းလုံးကို အစိုးရသော စကြာမင်းကြီး၏ စည်းစိမ်ချမ်းသာသည် အလွန်ဆုံးဖြစ်၏၊ ထိုစည်းစိမ်ချမ်းသာသည် တဏှာ အကြိုက်ဖြစ်၍ တဏှာရှိသော သူ၌သာ အသုံးကျ၏၊ အကောင်း အမွန်ဖြစ်ရ၏၊ တဏှာမရှိသောသူ၌ အသုံးမကျ၊ ဘေးဘယအစုသာ ထင်၏။

ကျီး, လင်းတတို့သည် အပုပ်ကိုကြိုက်သော တဏှာရှိကြကုန်၏၊ ခွေးကောင်ပုပ်, လူကောင်ပုပ်တို့သည် ထိုတဏှာမျိုးရှိကြသော ကျီး, လင်းတတို့၌သာ အသုံးကျကုန်၏၊ အကောင်းအမွန်ဖြစ်ရကုန်၏၊ ထိုတဏှာမျိုးမရှိကြသော လူကောင်း သူကောင်းတို့၌ အသုံးမကျကုန် ကြောက်ဖွယ်ရွံ့ဖွယ်တို့သာ ဖြစ်ကုန်၏၊ ထိုတဏှာမျိုးရှိကြသော ကျီး, လင်းတတို့သည် ထိုကဲ့သို့သော အသေကောင် ပုပ်တို့ကို ရှာကြံကြကုန်၏၊ တွေ့မြင်လျှင် ဝမ်းမြောက်ကြကုန်၏၊ ထိုတဏှာမျိုး မရှိသော ပကတိလူတို့သည်ကား ထိုအသေကောင်ပုပ်တို့ကို မတွေ့လိုကြကုန်၊ မမြင် လိုကြကုန်၊ မြင်ရလျှင် မချမ်းသာကြကုန်၊ စကြာမင်း၏ စည်းစိမ် ချမ်းသာ ဟူသော ဝေဒယိတသုခမျိုးသည် အကောင်ပုပ်နှင့် တူ၏၊ နတ်ပြည်ခြောက်ထပ် နတ်မင်း သိကြားမင်းတို့၏ စည်းစိမ်ချမ်းသာ, ဗြဟ္မာမင်းတို့၏ စည်းစိမ်ချမ်းသာ ဟူသော ဝေဒယိတသုခတို့သည်လည်း ထို့အတူပင်တည်း၊ ထိုစည်းစိမ်ချမ်းသာ တို့သည် တဏှာရှိသောသူတို့၌သာ အသုံးကျကုန်၏။ တဏှာမရှိသော သူတို့၌ မူကား အသုံးမကျကုန်။

ထို့အတူ မျက်စိသည် ရူပတဏှာရှိသောသူ၌သာ အသုံးကျ၏၊ အကောင်း အမွန်ဖြစ်ရ၏၊ ရူပတဏှာ မရှိသူတို့မှာ မျက်စိသည် အသုံးမကျ၊ ဘေးဘယ ဒုက္ခအစုသာဖြစ်၏၊ နားသည် သဒ္ဒတဏှာရှိသောသူတို့၌သာ အသုံးကျ၏၊ နှာခေါင်းသည် ဂန္ဓတဏှာရှိသော သူတို့၌သာ အသုံးကျ၏၊ လျှာသည် ရသ

ဟဏှာရှိသော သူတို့၌သာ အသုံးကျ၏၊ ကာယသည် ဖောဋ္ဌဗ္ဗ တဏှာရှိသော သူတို့၌သာ အသုံးကျ၏၊ စိတ်မနောသည် ဓမ္မာရုံတို့၌ သာယာသော ဓမ္မ တဏှာရှိသော သူတို့၌သာ အသုံးကျ၏၊ တဏှာမရှိသော သူတို့၌မူကား စက္ခုလည်း အသုံးမကျ၊ (ပ)မနောလည်း အသုံးမကျ၊ ဘေးဘယ ဒုက္ခအစုသာ ဖြစ်၏၊ တဏှာရှိသော သူတို့၏ ဝေဒယိတသုခတို့သည် တဏှာကို ပွားများ စေတက်ကုန်၏၊ တဏှာလျှင် အရင်းရှိသော ဒုက္ခအမျိုးမျိုးတို့ကို ပွါးစေတတ် ကုန်၏၊ တဏှာမရှိသော သူတော်ကောင်းတို့၏ သန္တိသုခသည် တဏှာလျှင် အရင်းရှိသောဒုက္ခအမျိုးမျိုးတို့ကို လွတ်ငြိမ်းစေတက်၏၊ ထို့ကြောင့် သုခတကာ တို့ထက် သန္တိသုခဟုဆိုအပ်သော နိဗ္ဗာန်သည်သာ အထွတ်မြတ်ဆုံး ဖြစ်ပေ သတည်း။

**ဤကား 'နိဗ္ဗာနံ ပရမံ သုခံ' ပုဒ်၏ အဓိပ္ပါယ် တည်း။**

ဤသည်ကား ဒေသနာဂါထာ၏ အဓိပ္ပါယ်ကို သိမှတ်ဖွယ် ကောင်းလှ၍ ဖော်ပြလိုက်သည်၊ ဤသာသနာဒါယဇ္ဇအရာ၌မူကား 'ဝိဿာသပရမာဉာတိ' ဟူသော စကားသည်သာ လိုရင်းဖြစ်ပေသည်။

မိမိရင်၌ဖြစ်သော သားကို ရှင်သာမဏေပြုစေမှုမည်သည် မိမိကိုယ်ကို သာသနာတော်နှင့် ချစ်ကျွမ်းဝင်အောင် ပြုမှုဖြစ်၍ ဝိဿာသ သဒ္ဒါ၏အနက် ဆွေမျိုးဆက်မှု အမှန်ဖြစ်ပေသတည်း။ မြတ်စွာဘုရားနှင့် ဆွေမျိုးဆက်မှု, တရားတော်နှင့် ဆွေမျိုးဆက်မှု, အရှင်သာရိပုတြာ အရှင်မောဂ္ဂလာန် အရှင် အာနန္ဒာ အရှင်အနုရုဒ္ဓါ အရှင်မဟာကဿပ အစရှိသော အရိယာသံဃာတော် သမုတိသံဃာတော်တို့နှင့် ဆွေမျိုးဆက်မှု ဖြစ်ပေသတည်း။

ထိုကဲ့သို့ ဆွေမျိုးဆက်လက်မိသဖြင့် ရှင်သာမဏေ ရှင်ရဟန်းတို့၏ မိဘတို့သည် သာသနာတော်မြတ်၏ ဆွေရင်းမျိုးရင်း အတွင်းသူ အတွင်းသား ဖြစ်ကြလေကုန်၏၊ ဤကဲ့သို့ သာသနာတော်၏ ဆွေရင်းမျိုးရင်း အတွင်းသူ အတွင်းသား ဖြစ်ကြရသည်ကို သာသနာ့အမွေခံဆိုသည်ဟု ဋီကာအရှင်တို့ ဖွင့်ဆိုကြကုန်၏။

www.dhammaransi.com



## သာသနာဒါယဒ ကျိုးဖလ

သာသနာ့အမွေခံ ဖြစ်ရခြင်း၏ အကျိုးမူကား မိမိတို့ကိုယ်ကို သာသနာနှင့် သဒ္ဓါမေတ္တာ နီးစပ်သည်ထက် နီးစပ်လေအောင် ပြုမူ ဖြစ်ပေ၍ နောက်နောက် ဘဝတို့၌လည်း သာသနာထွန်းကားရာ အရပ်တို့၌ဖြစ်ရခြင်း, သာသနာတော်နှင့် တွေ့ကြုံလျှင်လည်း မတုန်မလှုပ် သက်ဝင်ယုံကြည်နိုင်ခြင်းဟူသော အကျိုးထူး တို့သည် ဆုမတောင်းဘဲနှင့်ပင် ပြည့်စုံကုန်လတ္တံ့။

သာသနာပ အခါ၌လည်း ဘုရားအလောင်း, ပစ္စေကဗုဒ္ဓါအလောင်း, အရိယာသာဝကအလောင်း, ရသေ့သူတော်ကောင်း ရဟန်းသူတော်ကောင်း, လူသူတော်ကောင်း, နတ်သူတော်ကောင်းတို့နှင့် ပေါင်းဆုံမိခြင်း၊ သူတော် ကောင်းတို့၏ မိတ်ရင်းဆွေရင်းဖြစ်ရခြင်း၊ ရသေ့ဖြစ်လွယ်ခြင်း၊ ရဟန်း ဖြစ်လွယ်ခြင်းတို့သည် ဆုမတောင်းဘဲနှင့် ပြည့်စုံကုန်လတ္တံ၊ နောက်ဘုရား သာသနာ၌လည်း ဘုရားရှင်ကိုမြင်ကာ ကြားကာမျှနှင့် မတုန်မလှုပ် သက်ဝင် ယုံကြည်နိုင်ခြင်း၊ သာသနာတော်၏ ဆွေရင်းမျိုးရင်း အတွင်းသူအတွင်းသား ဖြစ်ရခြင်းဟူသော အကျိုးထူးတို့သည် ဆုမတောင်းဘဲနှင့် ပြည့်စုံကုန်လတ္တံ့။

## အမွေခံကောင်း အမွေခံဆိုး

သတိအထူးထားရန် အခွင့်ရှိသည်ကား သာသနာ့အမွေခံဖြစ်ကြ သော် လည်း လောက၌ မိဘအမွေကို ခံကြသောသူတို့သည် အမွေခံဆိုး အမွေခံ ကောင်းဟု နှစ်မျိုးရှိကြကုန်သကဲ့သို့ ဘုရားမျက်နှာ တရားမျက်နှာ သံဃာ့မျက်နှာ သာသနာ့မျက်နှာကို မထောက်ကြဘဲ ငါးပါးသီလမျှ လုံခြုံစွာ မစောင့်စည်း ကြကုန်သောသူတို့သည် အမွေခံဆိုး မည်ကုန်၏၊ အမွေ၏ အကျိုးကို ခံစားကြရ ကုန်မည် မဟုတ်ပါ၊ ငါးပါးသီလ လုံခြုံကြ၍ ဥပါသကာအင်္ဂါနှင့် ကောင်းစွာ ပြည့်စုံကြကုန်သော သူတို့သည်သာလျှင် အမွေခံကောင်း မည်ကုန်၏၊ ပြဆိုခဲ့ပြီး သောအကျိုးတို့ကို ဆုမတောင်းဘဲနှင့်ပင် ရနိုင်ကြကုန်လတ္တံ့။

## သူတစ်ပါးသားပင် ရှင်ပြုလျှင်လည်း

မိမိရင်၌ ဖြစ်သော သားကို သာသနာတော်တွင်းသို့ သွတ်သွင်း ချီးမြှင့်ရာ၌ သာသနာ့အမွေခံဖြစ်သည်ဟု ကျမ်းဂန်တို့၌လာ၏၊ သူတစ်ပါး

www.dhammaransi.com



သားမြေးတို့ကို သာသနာတော်တွင်းသို့ သွတ်သွင်းချီးမြှင့်ရာ၌မူကား ကျမ်းဂန်တို့၌ မလာပြားသော်လည်း သာသနာ့အမွေခံ ဖြစ်သည်သာဟု မှတ်ရမည်။

ယုတ္တိမူကား-သာသနာတွင်းသို့ ဝင်လိုသော ရှင်လောင်း, ရဟန်းလောင်း တို့ကို သင်္ကန်း သပိတ် ပရိက္ခရာ စိုက်ထုတ်ခြင်းကိုပြု၍ သာသနာတွင်းသို့ သွတ်သွင်းပေးသောသူတို့သည် ထိုရှင်ရဟန်းတို့၏ အမိအဘအရာ၌ တည်ကြကုန်၏၊ ဤသည်လည်းတစ်ကြောင်း၊ ကုသိုလ်မည်သည် တူသောကောင်းကျိုးကို ဆုမတောင်းဘဲပင် ပေးတတ်သောသဘောရှိရကား ပြဆိုခဲ့ပြီးသော သာသနာ့အမွေခံ ဖြစ်ရခြင်း၏ အကျိုးတို့ကို ဆုမတောင်းဘဲပင် ရနိုင်ကြကုန်၏၊ ဤသည်လည်း တစ်ကြောင်း၊ ဤသို့သော အကြောင်းယုတ္တိတို့ကြောင့် သူတစ်ပါးသားမြေးတို့ကို သာသနာတော်တွင်း သွတ်သွင်းချီးမြှင့်ရာ၌လည်း သာသနာ့အမွေခံဖြစ်သည်ဟု ယုံကြည်စွာ မှတ်ရာသတည်း၊ အမွေခံဆိုး အမွေခံကောင်း ဖြစ်မှုမှာ ရှေးနည်းအတိုင်း သတိပြုလေ။

ဤကား အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ရဟန္တာမြတ်ကြီး ဟောတော်မူ သော လူတို့၏ သာသနာ့အမွေခံတရားပေတည်း။

## ရဟန်းတို့၏ ပစ္စည်းလေးပါး အမွေခံတရား
## ပရိဘောဂလေးပါး

ပရိဘောဂ လေးပါးကို ဖွင့်ဆိုရာ အဋ္ဌကထာတို့၌ ရဟန်းတို့၏ သာသနာ့အမွေခံပုံလာ၏၊ ပရိဘောဂလေးပါး ဆိုသည်ကား-

၁။ ထေယျ ပရိဘောဂ တစ်ပါး၊

၂။ ဣဏ ပရိဘောဂ တစ်ပါး၊

၃။ ဒါယဇ္ဇ ပရိဘောဂ တစ်ပါး၊

၄။ သာမိ ပရိဘောဂ တစ်ပါး၊

ဤလေးပါးတည်း။

**ထေယျ ပရိဘောဂ ဆိုသည်ကား** ရဟန်းမဟုတ်သော ဒုဿီလ ပုဂ္ဂိုလ်၏ မိမိကိုယ်ကို ရဟန်းကောင်းပြုလုပ်၍ ဒါယကာတို့၏ သဒ္ဓါဒေယျ (=သဒ္ဓါတရားဖြင့်လှူသော) ပစ္စည်းကို ခံယူ၍ သုံးဆောင်ခြင်းသည် လိမ်လည်စဉ်းလဲ၍ ခိုးယူ

www.dhammaransi.com



သုံးဆောင်မှု ဖြစ်လေသောကြောင့် ထေယျပရိဘောဂ မည်၏၊ အမွေခံမှ အလွတ်တည်း။

## ကြွေးမြီတင်ဘိ ဣဏပရိဘောဂ

ပါရာဇိက မကျသဖြင့် ဘိက္ခုသီလနှင့် ပြည့်စုံသော ရဟန်းတို့သည် ပစ္စည်းလေးပါးတို့၌ ပစ္စဝေက္ခဏာပညာမှကင်း၍ သုံးဆောင်ခြင်းသည် ကြွေးယူ၍ သုံးစားသည်နှင့် အလားတူသော သုံးဆောင်မှုဖြစ်လေသောကြောင့် ဣဏ ပရိဘောဂမည်၏။ ကြွေးယူ၍ သုံးစားသူသည် နောက်၌ ကြွေးဝန်မြီဝန်အစဉ်၊ ဖိစီးမှု ဒုက္ခကို ခံရ၏၊ ထို့အတူ ပစ္စဝေက္ခဏာဉာဏ်ပညာကင်း၍ သုံးဆောင်သော ရဟန်းသည် နောက်ဘဝ၌ အကျိုးပေး ယုတ်ညံ့ခြင်း၊ အပါယ်ဘုံသို့ ကျရောက်ခြင်း ဟူသော ကြွေးဝန် မြီဝန် ဒုက္ခဖိစီးမှုကို ခံရတတ်၏၊ အမွေဆိုး မည်၏။

## ဒါယဇ္ဇ ပရိဘောဂ

ပစ္စဝေက္ခဏာဉာဏ်ပညာနှင့် ကောင်းစွာဆင်ခြင်၍ သုံးဆောင်သော ပုထုဇဉ် ရဟန်းတို့သည်မူကား အမွေခံကောင်း မည်၏၊ ဒါယဇ္ဇပရိဘောဂ၌ သွင်းအပ်၏။

ပစ္စဝေက္ခဏာ ကောင်းစွာဆင်ခြင်မှုဆိုသည်ကား အကျဉ်းအားဖြင့် ပါသရာသိသုတ် (မူလပဏ္ဏာသပါဠိတော် နှာ-၂၁၆)၌ ဟောတော်မူသော နည်းအတိုင်း ဆင်ခြင်မှုတည်း။

ပါသရာသိသုတ်၌ ဟောတော်မူသော နည်းဆိုသည်ကား သားမုဆိုးသည် တောသမင်တို့ကို ဖမ်းယူခြင်းငှါ တစ်ခုသော တောအရပ်၌ သားမြီးဖြင့် ပြီးသော ကျော့ကွင်းများတို့ကို ခင်းထား၍ ထိုအပေါ်မှာ များစွာသော မြက်နု မြက်စိမ်းတို့ကို ဖုံးထား၏၊ မလိမ္မာသော တောသမင်တို့သည် လာလတ်ကုန်၍ ကျော့ကွင်းတို့ကို မမြင်ကြကုန်မူ၍ မြက်တို့ကို စားကြကုန်၏၊ ခြေတို့၌ ကျော့ကွင်း မိကြလေကုန်၍ မုဆိုးလက်သို့ရောက်၍ သေဆုံးကြကုန်၏၊ လိမ္မာသော တော သမင်တို့သည်မူကား ကျော့ကွင်းတို့ကို မမိရလေအောင် ရှောင်ဖယ်၍ မြက်တို့ကို စားကြသဖြင့် မုဆိုးဘေးမှ လွတ်ငြိမ်းကြကုန်၏။

www.dhammaransi.com



ဤဥပမာ၌ -

- သူသတ်ယောက်ျား မာရ်ငါးပါးသည် မုဆိုးနှင့် တူ၏။
- တဏှာတရားသည် မုဆိုး၏ ကျော့ကွင်းနှင့်တူ၏။
- ဆွမ်း သင်္ကန်း ကျောင်း ဆေးဟူသော ပစ္စည်းလေးပါးသည် မြက်နု မြက်စိမ်းနှင့်တူ၏။
- ရဟန်းအဖြစ်ဟူသော နိက္ခမတရားသည် ကျော့ကွင်းဘေးမှ လွတ်ကင်းရာ တောကြီးနှင့်တူ၏။
- သာသနာတော်ထမ်း ရဟန်းတို့သည် တောနေသမင်တွေနှင့် တူကုန်၏။

## ခန္ဓာဝန်အတွက် တောမှထွက်

တောသမင်တို့သည် ကျော့ကွင်းဘေးမှ ကင်းလွတ်ရာ တောကြီးမှ နေကြလျက် အစာအာဟာရကိစ္စနှင့် မကင်းနိုင်ကြသည့်အတွက် တောကြီးမှ ထွက်၍ ကျော့ကွင်းရှိရာသို့ လာကြရကုန်သကဲ့သို့ ရဟန်းတို့သည် ကာမတဏှာဟူသော ကျော့ကွင်းဘေးမှ လွတ်ကင်းရာ အလောဘ နေက္ခမ္မတရားတည်းဟူသော တောကြီးမှာနေကြလျက် အသက်ခန္ဓာ မွေးမြူမှုနှင့် မကင်းနိုင်ကြသည့်အတွက် အလောဘ နေက္ခမ္မတရားတည်းဟူသော တောကြီးမှ ထွက်ခဲ့၍ လောဘတဏှာ ထူထပ်ရာဖြစ်သော ပစ္စည်းလေးပါးနှင့် ဆက်ဆံခံယူကြရကုန်၏။

မလိမ္မာသော တောသမင်တို့သည် ကျော့ကွင်းမိလျက် မုဆိုးလက်၌ ပျက်စီးကြကုန်သကဲ့သို့ ပစ္စဝေက္ခဏာဉာဏ်ပညာမှ လွတ်ကင်းသော ရဟန်းတို့သည် တဏှာကျော့ကွင်းမိလျက် မာရ်မင်းလက်သို့ ရောက်မြဲရောက်၍ သေဆုံးကြရကုန်၏။

## ကျော့ကွင်းမိရာ ထိုအခါ

ပစ္စဝေက္ခဏာ ဉာဏ်ပညာလွတ်ကင်း၍ ကျော့ကွင်းမိပုံကား စာပေသင်ကြားမှု လက်လွတ်သောအခါ အရိယဝံသတရားလေးပါးတို့ကို အသက်ထက်ဆုံး အားထုတ်ကာ နေရပါမည်ကို ထိုတရားလေးပါးနှင့်ကွာဝေး၍ သင်္ကန်းကောင်း ဆွမ်းကောင်း ကျောင်းကောင်းတို့၌ ငြိတွယ်၍ နေကြကုန်၏။

www.dhammaransi.com



အရိယဝံသ တရားလေးပါး ဆိုသည်ကား-

၁။ သင်္ကန်းပစ္စည်း၌ ရောင့်ရဲလွယ်ခြင်း တစ်ပါး။

၂။ ဆွမ်းပစ္စည်း၌ ရောင့်ရဲလွယ်ခြင်း တစ်ပါး။

၃။ ကျောင်းပစ္စည်း၌ ရောင့်ရဲလွယ်ခြင်း တစ်ပါး။

၄။ သမထ ဘာဝနာ၊ ဝိပဿနာ ဘာဝနာမှုတို့၌ မွေ့လျော်ခြင်း တစ်ပါး။

ဤလေးပါးတို့သည် အရိယာတို့ကျင့်စဉ် အနွယ်အဆက်ဖြစ်၍ အရိယဝံသတို့ မည်ကုန်၏။

## သက်န်းအတွက်ဝယ် ရောင့်ရဲလွယ်

သင်္ကန်း ပစ္စည်း၌ ရောင့်ရဲလွယ်ခြင်း မည်သည်ကား မိမိခန္ဓာကိုယ် မျှတနိုင်လောက်ရုံ တိုင်းတာ၍ ခံယူခြင်းတို့ထက်အပိုအမို မခံယူခြင်းတည်း၊ ဤတရားရှိခဲ့လျှင် သင်္ကန်းအတွက်နှင့် လူတို့ စက်မိဖွယ် ကိစ္စမရှိ၊ လူတို့ စက်မိမှု ဆိုသည်ကား သင်္ကန်းကောင်း လှူဒါန်းသူ လူတို့လက်မှ မလွတ်ထွက်နိုင်ဘဲ လူတို့လက်တွင်းမှာပင် သေဆုံးရခြင်းတည်း၊ ဆွမ်းပစ္စည်း, ကျောင်းပစ္စည်း တို့၌လည်း မိမိခန္ဓာကိုယ် မျှတရုံမျှထက် ပိုမို၍ဆွမ်းကောင်း ကျောင်းကောင်းတို့ကို မခံယူခြင်း ဟူ၍ ဆိုလေ။

ဆွမ်း၌ ရောင့်ရဲခြင်း မရှိသည့်အတွက် ဆွမ်းကောင်းလှူသူလူတို့ စက်မိမှု ကျောင်း၌ရောင့်ရဲခြင်း မရှိသည့်အတွက် ကျောင်းဆောက်လုပ်လှူဒါန်းသူ လူတို့ စက်မိမှုတို့ကိုလည်း ထို့အတူမြင်လေ။

## စက်မျိုးအဖုံဖုံ မိရပုံ

ဘာဝနာ တရားနှင့် ကင်းဝေးသည့်အတွက် ထိန မိဒ္ဓစက်, ကောသဇ္ဇစက်, နိဒ္ဒါရာမတာစက်, ဘဿာရာမတာစက်, သင်္ဂဏိကာရာမတာစက် အကုန် မိလေ၏၊ သူတို့လက်မှာပင် အသက်ဆုံးရှုံးခြင်းသို့ ရောက်ကြလေကုန်၏၊ ဤသည် ကား ပစ္စဝေက္ခဏာဉာဏ်ပညာ လွတ်ကင်းသဖြင့် ကျော့ကွင်းမိ၍ သေကြရ ပုံတည်း။

www.dhammaransi.com



## စက်ကျော့ကွင်းမှ လွတ်ကင်းပုံ

ပစ္စဝေက္ခဏာ ဉာဏ်ပညာနှင့် ပြည့်စုံကြကုန်သော ရဟန်းတို့သည်ကား လိမ္မာသော တောသမင်တို့နှင့် တူကြကုန်၏၊ အရိယဝံသ တရားလေးပါးတို့ကို ခိုင်မြဲစွာ လက်ကိုင်ထားကြကုန်သဖြင့် ငယ်ရွယ်စဉ်အခါကပင် သင်္ကန်းဒါယကာ, ဆွမ်းဒါယကာ, ကျောင်းဒါယကာတို့စက် အမိမခံကြကုန်မူ၍ တောင့်ကျက်တို့နှင့် အတူ (သမထဝိပဿနာပွါးများခြင်း)ကိစ္စကိုသာ မိမိကိစ္စပြု၍ နေထိုင်ကြကုန်သဖြင့် မာရ်မင်းလက်မှ လွတ်ထွက်ကြရကုန်၏။

## ပစ္စဝေက္ခဏာဉာဏ်ပညာ

ပစ္စဝေက္ခဏာဉာဏ်ပညာ ဆိုသည်မှာကား သင်္ကန်းပစ္စည်း၌ အကောင်းကြိုက်သောတဏှာ, အများကြိုက်သော တဏှာကျော့ကွင်းသည်ရှိ၏၊ ထိုတဏှာ အကြိုက်သို့ မလိုက်မူ၍ကား ဤသို့ဆင်ခြင်ရာ၏ သင်္ကန်းမဝတ်မရုံဘဲ နေရသော် သင်္ကန်းအတွက် လူတို့စက်မှ လွတ်ထွက်နိုင်ရာ၏၊ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် ဝတ်ရုံရပြန်သနည်း သင်္ကန်းနှင့် မကင်းသာသော အခွင့်ရှိပြန်၍ ဝတ်ရုံကြရသည်။

မကင်းသာသော အခွင့်ကား အဘယ်နည်း၊ သင်္ကန်းမရှိခဲ့သော် အချမ်းဒုက္ခ နှိပ်စက်လိမ့်မည်၊ အပူဒုက္ခ နှိပ်စက်လိမ့်မည်၊ ခြင်ဒုက္ခ မှက်ဒုက္ခ လေဒုက္ခ နေပူဒုက္ခ မြွေ ကင်းဒုက္ခ နှိပ်စက်လိမ့်မည်၊ ဖုံးလွှမ်းအပ်သော ကိုယ်အင်္ဂါစုကို မဖုံးလွှမ်းသည့်အတွက် အရှက်မရှိသော အဖြစ်သို့ရောက်လိမ့်မည်၊ ဤဒုက္ခတရားစုကို ဖယ်ရှားရန် အခွင့်သည် မကင်းသာသောအခွင့် ဖြစ်၏။

ထိုမကင်းသာသော အခွင့်ကို ဉာဏ်ဖြင့် တိုင်းတာ၍ ခံယူ ဝတ်ရုံ ရာ၏၊ ဉာဏ်ဖြင့် တိုင်းတာပုံကား ချည်သင်္ကန်း ပိတ်သင်္ကန်း ပိုးသင်္ကန်း သုံးထည်ကို ဆောင်ယူ၍ လျှုဒါန်းလာငြားအံ့၊ ထိုအခွင့်စုသည် ချည်သင်္ကန်းနှင့်ပင် ပြီးစီး၏၊ ပိတ်သင်္ကန်း ပိုးသင်္ကန်းတို့ကို ထိုအခွင့်စုအတွက်နှင့် ခံယူဖွယ်ကိစ္စ မရှိ၊ အကောင်းကြိုက်တဏှာ အများကြိုက်တဏှာအတွက်နှင့်သာ ခံယူဖွယ်ကိစ္စ ရှိ၏။

တဏှာအကြိုက်ကို လိုက်စားလျှင် တဏှာကျော့ကွင်းမိတော့မည်၊ အကောင်းကြိုက်တဏှာပွါးတော့မည်၊ အကောင်းလျှုဒါန်းနိုင်သူ လူတို့စက် မိတော့မည်၊ မာရ်မင်းလက်တွင် အသက်ဆုံးရှုံးရပြန်တော့မည်- ဟု မြော်မြင်

www.dhammaransi.com



ဆင်ခြင်သော ဉာဏ်ကိုပစ္စဝေက္ခဏာ ဉာဏ်ဟုဆိုသည်၊ ဤ သက်နှ်းအရာ၌ ပံသုကူသင်္ကန်းတည်း၊ ကျော့ကွင်းဘေးမှ ကင်းဝေးလှပေ၏။

## ဆွမ်းနှင့်ကျောင်းလည်း ထိုနည်းတူစွာ

ဆွမ်းပစ္စည်း ကျောင်းပစ္စည်းတို့၌လည်း အကောင်းကြိုက်တဏှာ, အများကြိုက်တဏှာတို့ကို ပယ်ရှား၍ ပုတီးစိတ်ပါဠိတော်၌လာရှိသော အခွင့်တို့ကို ဉာဏ်ဖြင့်တိုင်းတာ၍ ခံယူရာ၏၊ ဆွမ်းပစ္စည်း၌ သလုံးမြင်းခေါင်းဖြင့် တစ်အိမ်တစ်လုပ်ခံယူ၍ ရသောဆွမ်းသည် ကျော့ကွင်းဘေးမှ လွတ်ကင်းလွယ်၏၊ ကျောင်းပစ္စည်း၌ သစ်ပင် တောချုံတည်းဟူသော ကျောင်းသည် ကျော့ကွင်းဘေးမှ လွတ်ကင်းလှပေ၏၊ ဤပစ္စဝေက္ခဏာဉာဏ်ပညာနှင့် တိုင်းတာ၍ ခံယူသုံးဆောင်သော ရဟန်းသည် ပစ္စည်းလေးပါးအတွက် အတွယ်အတာ ကင်းလွတ်၏၊ သလ္လဟုကဝုတ္တိဂုဏ်နှင့်ပြည့်စုံ၏၊ ဣဏပရိဘောဂမှ လွတ်၏၊ ဒါယဇ္ဇ ပရိဘောဂ၌ ပါဝင်၏။

## ဒါယဇ္ဇပရိဘောဂ

ဒါယဇ္ဇပရိဘောဂ ဆိုသည်ကား အမွေရဥစ္စာကို သုံးဆောင်သည်နှင့် အလားတူသော သုံးဆောင်ခြင်းတည်း၊ အမွေဥစ္စာ သုံးဆောင်ခြင်းသည် ကြွေးဝန်မြီဝန် ကင်း၏၊ သူတစ်ပါးတို့နှင့်စပ်သော ပလိဗောဓ မရှိ၊ ကိုယ်အစိုးရ စိတ်အစိုးရ နေနိုင်၏၊ ဒါယဇ္ဇပရိဘောဂသည် သေက္ခအရိယာ ခုနစ်ယောက်တို့၏ သုံးဆောင်မှုဟူ၍ အဋ္ဌကထာတို့၌ လာ၏၊ ပစ္စဝေက္ခဏာဉာဏ်ပညာနှင့် ပြည့်စုံသော ပုထုဇန်ပုဂ္ဂိုလ်ကိုလည်း သေက္ခပုဂ္ဂိုလ်၌ပင် သင်္ဂြိုဟ်ရ၏။

## သာမိပရိဘောဂ

တဏှာမှ လွတ်ကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်၏ သုံးဆောင်ခြင်းသည် သာမိပရိဘောဂမည်၏၊ တဏှာတည်းဟူသော အစိုးရ၏နယ်မှ ကျွတ်လွတ်သဖြင့် မိမိစိတ်ကို မိမိအစိုးရပြီးဖြစ်၏၊ အစိုးတရ သုံးဆောင်၏-ဟုဆိုလိုသည်။

ရဟန်းတို့၏ ပစ္စည်းလေးပါး အမွေခံတရား ပြီး၏။

---o---

www.dhammaransi.com



## ဓမ္မဒါယာဒသုတ္တန် ဒေသနာ

ယခုအခါ လူရဟန်းနှစ်ပါးစုံတို့နှင့် ဆက်ဆံသော အမွေခံတရားကို ပြဆိုပေအံ့။

- ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊ မာ အာမိသဒါယာဒါ၊ အတ္ထိ မေ တုမှေသု အနုကမ္ပာ "ကိန္တိ မေ သာဝကာ ဓမ္မဒါယဒါ ဘဝေယျုံ၊ နော အာမိသဒါယာဒါ"။

(ဓမ္မဒါယာဒသုတ်၊ ဥဒ္ဒေသပါဠိတော်။)

(အနက်ကား) ဘိက္ခဝေ=ရဟန်းတို့၊ တုမှေ=သင်တို့သည်၊ မေ=ငါဘုရား၏၊ ဓမ္မဒါယာဒါ=ဓမ္မအမွေကိုသာ ခံယူကြကုန်သည်၊ ဘဝထ=ဖြစ်ရစ်ကြကုန်လော့၊ အာမိသဒါယာဒါ=ပစ္စည်းလေးပါးဟူသော အာမိသ အမွေကို ခံယူကြကုန်သည်၊ မာဘဝထ=မဖြစ်ရစ်ကြကုန်လင့်၊ တုမှေ= သင်တို့၌၊ မေ=ငါဘုရား၏၊ အနုကမ္ပာ= သနားစွာလှ မြော်တောင့်တခြင်းသည်၊ အတ္ထိ=ရှိ၏၊ ကိံအတ္ထိ=အဘယ်သို့ ရှိသနည်းဟူမူ၊ ကိန္တိ=အဘယ်သို့လျှင်၊ မေ=ငါဘုရား၏၊ သာဝကာ=တပည့်သား တို့သည်၊ ဓမ္မဒါယာဒါ=ဓမ္မအမွေကိုသာ ခံယူကြကုန်သည်၊ ဘဝေယျုံ=ဖြစ်ကြ ပါကုန်အံ့နည်း၊ အာမိသဒါယာဒါ=ပစ္စည်းလေးပါးဟူသော အာမိသအမွေကို ခံယူကြကုန်သည်၊ နောဘဝေယျုံ=မဖြစ်ကြပါကုန်အံ့နည်း၊ ဣတိ=ဤသို့သော သနားစွာလှ မြော်တောင့်တခြင်းသည်၊ မေ=ငါဘုရားအား၊ အတ္ထိ=ရှိနေ၏။

အဓိပ္ပါယ်ကား မြတ်စွာဘုရား၏အမွေသည် အာမိသအမွေ, ဓမ္မ အမွေဟူ၍ နှစ်ပါးရှိ၏၊ ထိုနှစ်ပါးတို့တွင် သီလ သမာဓိ ပညာဟူသော သိက္ခာ သုံးပါးသည် ဓမ္မအမွေမည်၏၊ ဆွမ်း သင်္ကန်း ကျောင်း ထောပတ် ဆီ ပျား တင်လဲ အစရှိသော ဆေးတည်းဟူသော ပစ္စည်းလေးပါးသည် အာမိသအမွေ မည်၏၊ ပစ္စည်းလေးပါးသည်လည်း မြတ်စွာဘုရား၏ ဘုန်းတော် တန်ခိုးတော်ကြောင့် သာသနာတော်၌ ဖြစ်ပေါ်လာ၏၊ ထို့ကြောင့် လူတို့လှူဒါန်း၍ ရသော်လည်း မြတ်စွာဘုရား၏ အမွေတော်ပင်ဖြစ်သတည်း။

## ဆိုးယုတ်ကောင်းမြတ် အမွေနှစ်ရပ်

ထိုအမွေတော်နှစ်ပါးတို့တွင် အာမိသအမွေတော်သည် ခံယူသူ မလိမ္မာ လျှင် သံသရာ၌ နစ်မွန်းကြောင်းဖြစ်၏၊ အမွေဆိုး အမွေယုတ် မည်၏၊ ဓမ္မအမွေ

www.dhammaransi.com



တော်သည် သံသရာမှ ထွက်ပေါက်ကြောင်းဖြစ်၍ အမွေကောင်း အမွေမြတ်မည်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် "ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ"ဟူ၍ ရဟန်းတော်တို့အား ဓမ္မအမွေ ခံယူမှုကို တိုက်တွန်းတော်မူ၏၊ "မာ အာမိသဒါယာဒါ" ဟူ၍ အာမိသအမွေ ခံယူမှုကိုကား တားမြစ်တော်မူခဲ့ပေသည်။

ထိုသို့ဖြစ်ခဲ့သော် ဤပစ္စည်းလေးပါးတို့ကို အဘယ့်ကြောင့် ခွင့်ပြုတော်မူပါသနည်းဟူမူ ဂဟဋ္ဌဖြစ်သူ လူအပေါင်းတို့အား ကုသိုလ်တရားဖြစ်ပွားစေရန် အခွင့်ကိုမြော်၍ ခွင့်ပြုတော်မူပြန်သည်၊ ထိုသို့ဖြစ်ခဲ့သော် နောင်လာနောက်သား ရဟန်းများတို့ကို သံသရာ၌ နစ်မွန်းမျောပါးစေရန် မရောက်ပါလောဟူမူ ရဟန်းများတို့အား ပစ္စည်းလေးပါးအတွက်နှင့် သံသရာ၌ မနစ်မွန်းစေခြင်းငှါ-

ဤ - ဓမ္မဒါယာဒသုတ္တန် ဒေသနာ (မူလပဏ္ဏာသ၊ ပါ၊ နှာ-၁၅)။
- ပါသရာသိသုတ္တန်ဒေသနာ (မူလပဏ္ဏာသ၊ ပါ၊ နှာ-၂၁၆)။
- အရိယဝံသသုတ္တန်ဒေသနာ (အင်္ဂုတ္တရစတုက္ကနိပါတ၊ ပါ နှာ-၃၃၆)။
- ပစ္စဝေက္ခဏာသုတ္တန် ဒေသနာ (မူလပဏ္ဏာသ၊ ပါ၊ နှာ-၁၂)။
- လာဘသက္ကာရ သံယုတ် သုတ္တန်ဒေသနာ (နိဒါနဝဂ္ဂ သံယုတ်၊ ပါ၊ နှာ-၄၂၄ မှ ၄၂၈ အထိ) တို့ကို ဟောတော်မူပေသည်။

မှတ်ချက်- မူလပဏ္ဏာသ ပါဠိတော် နှာ ၈- မှ ၁၅- အထိ သဗ္ဗာသဝသုတ် ဟူ၍ ဟောတော်မူခဲ့၏၊ ယင်းသုတ်၌ အတွင်းဝင်ဖြစ်သော "ပဋိသေဝနာ ပဟာတဗ္ဗ အာသဝ" ဟူသော အပိုင်းအခန်း၌ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်း လေးပါး၌ ဆင်ခြင်ပုံ ပစ္စဝေက္ခဏာ လေးပုဒ်ကို ဟောတော်မူ၏၊ ဤသည်ကိုပင် "ပစ္စဝေက္ခဏာသုတ္တန်ဒေသနာ" ဟူ၍ ဆိုတော်မူလိုက်သည်ဟု မှတ်ယူကြပါကုန်။

(တည်းဖြတ်သူ)

ဤ သုတ္တန် ဒေသနာတော်များကို မကြားဖူး မမြင်ဖူးကြ၊ ဝိနည်းကျန်းဂန်မျှကိုသာ တွေ့ဖူးကြကုန်သော သူတို့သည် ပစ္စည်းလေးပါးအတွက်နှင့် သံသရာ၌ နစ်မွန်းဖွယ်သာ ဖြစ်၍ နေကြကုန်၏၊ နွားသား ကျွဲသား ကြဉ်ရှောင်သူများကိုပင် နှောင့်ယှက်ကြကုန်၏။

မိခင်ဇရာဝတီ

www.dhammaransi.com



## ဓမ္မဒါယာဒ အစိပ္ပါယ်အကျယ်

ယခုအခါ ဓမ္မဒါယာဒ အစိပ္ပါယ်ကို အကျယ်ပြဆိုပေအံ့၊ ဓမ္မသည် ပရိယတ္တိဓမ္မ ပဋိပတ္တိဓမ္မ ပဋိဝေဓဓမ္မ ဟူ၍သုံးပါးရှိ၏။

- ဝိနည်းငါးကျမ်း, သုတ္တန်သုံးဆယ့်ခုနစ်ကျမ်း, အဘိဓမ္မာခုနစ်ကျမ်း ဟူ၍အဋ္ဌကထာနှင့်တကွသော ပိဋကတ်သုံးပုံသည် ပရိယတ္တိဓမ္မ အမွေတော်မည်၏။
- လောကီဖြစ်သော သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးသည် ပဋိပတ္တိဓမ္မအမွေတော်မည်၏။
- လောကုတ္တရာတရား ကိုးပါးသည် ပဋိဝေဓဓမ္မ အမွေတော်မည်၏။

အမွေခံပုဂ္ဂိုလ်သည် ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပသကာယောကျ်ား, ဥပသိကာမိန်းမ ဟူ၍ လေးပါးရှိ၏။

ထိုတွင် ရဟန်းယောကျ်ား, ရဟန်းမိန်းမတို့သည် ရဟန်းအဖြစ်သို့ ရောက်အောင် ဉ တ်ကမ္မဝါစာတို့ဖြင့် သမုတ်အပ်သောကြောင့် သမုတိ သားတော် သမီးတော်တို့ မည်ကုန်၏။

ဥပသကာယောကျ်ား ဥပသိကာမိန်းမတို့သည် သရဏဂုံ ကပ်ရောက်မှုဖြင့် ပြီးသောကြောင့် သရဏဂုံသားတော် သရဏဂုံသမီးတော်တို့မည်ကုန်၏၊ ထိုလေးဦးတို့သည် မြတ်စွာဘုရား၏ ဓမ္မအမွေခံ သားတော် သမီးတော်ချည်း ဖြစ်ကြကုန်၏။

ထိုတွင် ဝိနည်းပိဋက တည်းဟူသော ဓမ္မအမွေတော်သည် ရဟန်း ယောကျ်ား ရဟန်းမိန်းမ နှစ်ပါးတို့နှင့် သက်ဆိုင်သော ဓမ္မအမွေတော်ဖြစ်၏၊ သဒ္ဓါ ပညာ ခိုင်လုံလှသော လူယောကျ်ား လူမိန်းမတို့အားလည်း ကြည့်ရှုခြင်းငှါ သင့်မြတ်၏၊ သုတ္တန်ပိဋကတ်, အဘိဓမ္မာပိဋကတ်ဟူသော ဓမ္မအမွေတော်သည်ကား ရဟန်းယောကျ်ား, ရဟန်းမိန်းမ, လူယောကျ်ား, လူမိန်းမပရိတ်သတ် လေးပါးတို့နှင့် သက်ဆိုင်သော ဓမ္မအမွေတော်ဖြစ်၏။

ပဋိပတ္တိဓမ္မ၌လည်း ဝိနည်းပိဋကတော်မှထွက်သော ကုဋေကိုးထောင် ကျော်မျှသော သိက္ခာအမွေတော်သည် ရဟန်းတို့နှင့်သာ သက်ဆိုင်သော ဓမ္မ

www.dhammaransi.com



အမွေတော်မည်၏၊ သုတ္တန်, အဘိဓမ္မာတို့မှထွက်သော ငါးပါးသီလ, အာဇီဝဋ္ဌမက သီလ, ဥပေါသထသီလတို့သည် လူတို့နှင့်သက်ဆိုင်သော ဓမ္မအမွေတော်မည်၏၊ ဆယ်ပါးသီလသည်ကား လူ သာမဏေ နှစ်ပါးတို့နှင့် သက်ဆိုင်သော ဓမ္မအမွေ တော်မည်၏။

သမာဓိ အမွေတော် ပညာအမွေတော်တို့သည်လည်း လူယောကျ်ား, လူမိန်းမ, ရဟန်းယောကျ်ား, ရဟန်းမိန်းမ ပရိသတ်လေးပါးတို့နှင့် သက်ဆိုင်သော ဓမ္မအမွေတော်တို့ပေတည်း။

ထိုတွင် သမာဓိအမွေတော်ဆိုသည်ကား ကသိုဏ်းဆယ်ပါးကို ပွါးများမှု, အသုဘဆယ်ပါးကို ပွါးများမှု, အနုဿတိဆယ်ပါးကို ပွါးများမှု, ဗြဟ္မစိုရ်တရား လေးပါးကို ပွါးများမှု, အာရုပ္ပလေးပါးကို ပွါးများမှု, အာဟာရေပဋိကူလ သညာတရားကို ပွါးများမှု, ဓာတ်ကြီးလေးပါးတို့၌ စတုဓာတုဝဝတ္ထာန်တရား ပွါးများမှုတို့ကို သမာဓိအမွေတော်ဆိုသတည်း၊ ပထမစျာန် သမာဓိ, ဒုတိယ တတိယ စတုတ္ထ ပဥ္စမစျာန် သမာဓိဟူ၍ သမာဓိအပြား ငါးပါးရှိ၏၊ ယခုအခါ၌ အာနာပါနအလုပ်, အဋ္ဌိကအလုပ်, အရဟံအလုပ်များသည် ပထမစျာန်သမာဓိ အလုပ်ပင်တည်း။

ပညာအမွေတော် ဆိုသည်မှာ အဘိဓမ္မာခုနစ်ကျမ်း၌လာသော ခန္ဓာ ငါးပါး ရုပ်နာမ်တရားတို့ကို ခွဲခြမ်းစိတ်ဖြာသည်မှစ၍ လက္ခဏာရေးသုံးပါး, ဝိပဿနာဉာဏ်ဆယ်ပါး, မဂ်ဉာဏ်လေးပါး, ဖိုလ်ဉာဏ်လေးပါးတို့ကို ပညာ အမွေတော်ဆိုသတည်း၊ ဤသို့လျှင် ပြဆိုအပ်ပြီးသော ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာ တည်းဟူသော ဓမ္မအမွေတော်သုံးပါး တို့သည် လူယောကျ်ား, လူမိန်းမ, ရဟန်းယောကျ်ား, ရဟန်းမိန်းမ ပရိသတ် လေးပါးတို့နှင့်သက်ဆိုင်သော ဓမ္မအမွေတော်တို့ပေတည်း။

## ဘုရားရှင်လက်ထက် အမွေဆက်ခံပုံ

မြတ်စွာဘုရား လက်ထက်တော်၌ စိတ္တသူကြွယ်အမှူးရှိသော ဥပသကာ ပေါင်းငါးရာ, ဟတ္ထာဠဝကမင်းသားအမှူးရှိသော ဥပသကာပေါင်းငါးရာ အစ ရှိကုန်သော ဘုရားသားတော် အပေါင်းတို့သည်လည်း ဓမ္မအမွေတော်သုံးပါးတို့ကို

www.dhammaransi.com



ကောင်းစွာ ခံစံကြရကုန်၏၊ သာမာဝတီ မိဖုရားအမှူးရှိသော နန်းတွင်း သူမငါးရာ, မလ္လိကာမိဖုရား အမှူးရှိသော နန်းတွင်းသူမ ငါးရာအစရှိကုန်သော ဘုရားသမီးတော် အပေါင်းတို့သည်လည်း ဓမ္မအမွေတော်သုံးပါးတို့ကို ကောင်းစွာ ခံစံကြရကုန်၏။

ကောသလမင်းကြီးသည် နန်းတော်သူအပေါင်းတို့အား ပရိယတ္တိဓမ္မအမွေတော်ကို ခံယူကြစေ၍ 'စာချပုဂ္ဂိုလ် ရဟန်းတော် တစ်ပါးကို နန်းတော်သို့ နေ့စဉ် စေလွှတ်တော်မူပါ' ဟုမြတ်စွာဘုရားအား လျှောက်တောင်းလေရာ အရှင်အာနန္ဒာသည် ကောသလမင်းကြီး နန်းတော်သို့ နေ့စဉ်ဝင်၍ မလ္လိကာအမှူးရှိသော နန်းတော်သူမ ငါးရာတို့အား စာချပေး၏။

ခုဇ္ဇုတ္တရာသည် နေ့စဉ်ကျောင်းသို့သွား၍ ရဟန်းတော်များထံမှ သင်ကြားခဲ့ပြီးလျှင် ဥတေနမင်းကြီးနန်းတော်သို့ဝင်၍ သာမာဝတီ အမှူးရှိသော နန်းတော်သူမ ငါးရာတို့အား နေ့စဉ်စာချရ၏၊ ခုဒ္ဒကနိကာယ် တစ်ဆယ့်ငါးကျမ်းတွင် ဣတိဝုတ္တကကျမ်းသည် ခုဇ္ဇုတ္တရာက ပို့ချ၍ သာမာဝတီအမှူးရှိသော နန်းတော်သူမငါးရာတို့ ဆောင်ရွက်ကြသော ကျမ်းပေတည်း။

## မင်းတုန်းမင်း လက်ထက် အမွေဆက်ခံပုံ

မန္တလေး ရတနာပုံမြို့တော် ပထမမြို့တည်နန်းတည် ပဉ္စမ သင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက် စကြာဒေဝီမိဖုရားကြီး အမှူးရှိသော နန်းတော်သူအပေါင်းတို့အား ကျမ်းတတ်အကျော် ဆရာတော်လေးများ နေ့စဉ်ဝင်ကာ စာချပေး၏၊ သင်္ဂြိုဟ်ကိုးပိုင်းနှင့်တကွ ပဌာန်းပစ္စယနိဒ္ဒေသ ပါဠိတော်, သတိပဋ္ဌာန် ပါဠိတော်များကို တစ်နန်းတော်လုံး ဆောင်ရွက်ကြကုန်၏၊ အချို့သော မြို့စားရွာစား နန်းတော်သူမများတို့သည် ပိဋကသုံးပုံ ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန်များကို နိဿယ နံစောင် မရှိဘဲ ကြည့်ရှုနိုင်ကြကုန်၏၊ စကြာဒေဝီ မိဖုရားကြီးသည် ပိဋကသုံးပုံကို အကုန်ပေါက်ရောက်၏။

## ဗုဒ္ဓရှိစဉ် ပုထုဇဉ်တို့၏ အခြေအနေ

သမာဓိအရာ၌ ဈာန်ငါးပါးကို ရကြကုန်သော စိတ္တသူကြွယ် အစရှိသော လူယောက်ျားအပေါင်း, ဝဠေကဏ္ဍကီမြို့သူ ဥတ္တရာအစရှိသော လူမိန်းမ

www.dhammaransi.com



အပေါင်းလည်း အသိန်းမက များကြ၏။

ပညာအရာ၌ သာဝတ္ထိပြည်မှာ လူနေအိမ်ခြေ ခုနစ်ကုဋေ ငါးသန်းမျှ ရှိကြသည်တွင် အရိယာမိန်းမ အရိယာယောက်ျား ငါးကုဋေငါးသန်း ရှိသည်ဟု ကျမ်းဂန်တို့၌လာ၏၊ ရာဇဂြိုဟ်ပြည်, ဝေသာလီပြည် စသည်တို့မှာလည်း ထိုကဲ့သို့ပင် အရိယာမိန်းမ အရိယာယောကျ်ား များပြားကြ၏၊ မဇ္ဈိမတိုက် တစ်ပြင်လုံးသည် ထိုအခါ၌ လူအရိယာတို့ဖြင့် ပြည့်လျက် ရှိ၏၊ ထိုအခါက ပုထုဇဉ်ဖြစ်သော မိန်းမ ယောကျ်ားများသည် လူပရိသတ်မဏ္ဍပ် သဘင်သို့ မဝင်ဝံ့အောင် ရှိနေကြ၏။

## ယခုကာလ ဓမ္မအမွေခံ

ယခုကာလ၌မူကား လူယောကျ်ား လူမိန်းမတို့သည် မြတ်စွာ ဘုရား၏ အမွေခံသားတော် သမီးတော်တွေဖြစ်ကြပါကုန်လျက် ကျမ်းဂန်စာပေ ပရိယတ္တိ အမွေတော်ကိုပင် ခံယူကြသူ အလွန်နည်းပါးကြကုန်၏၊ ပဋိပတ္တိအမွေတော်ကို ခံယူကြသူတို့ကား ထို့ထက် နည်းပါးကြကုန်၏၊ ပဋိဝေဓအမွေတော်မူကား ယခုသာသနာတွင် ရထိုက်သည် ဟူ၍ပင် မထင်ကြချေ။

## အမွေနှစ်မျိုး

လောကအမွေ ဓမ္မအမွေ နှစ်ပါးရှိသည်တွင် လောကအမွေ ဆိုသည်ကား လောကီမိဘတို့မှ ရရှိကြသော လယ်ယာ မိုးမြေ ရွှေ ငွေ ရတနာ စသည်တည်း၊ ဓမ္မအမွေဆိုသည်ကား ဗုဒ္ဓဘာသာ လူမျိုးတို့၏ အဘိုးကြီး အဘကြီးဖြစ်တော်မူပေသော မြတ်စွာဘုရားကြီးမှ ရရှိကြသော ဓမ္မအမွေတော်ကြီး သုံးပါးပေတည်း၊ ဘာသာတစ်ပါးတို့၌ လောကအမွေသာ ရှိကြ၏၊ ဓမ္မအမွေဟူ၍ မရှိကြပေ၊ ဗုဒ္ဓဘာသာ လူမျိုး၌မူကား အမွေနှစ်ပါးရှိကြ၏။

ထိုနှစ်ပါးတို့တွင် လောကအမွေသည် အထိန်းအသိမ်း လိမ္မာလှပါမှ ယခုတစ်ဘဝ၌သာ ခံစားရ၏၊ ရန်သူမျိုးငါးပါးနှင့်တွေ့ခဲ့လျှင် နေ့ချင်းညချင်း ပျက်ဆုံး၏၊ ဓမ္မအမွေတော်သည်မူကား ယခုဘဝမှ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် ချမ်းသာသုံးပါးကို အစဉ်ရွက်ဆောင်နိုင်၏။

www.dhammaransi.com



- ပရိယတ္တိ ဓမ္မအမွေတော်သည် ဘဝအဆက်ဆက်တို့၌ အမျိုးကြီးမြတ်ခြင်း တန်ခိုးကြီးမြတ်ခြင်း စည်းစိမ်ကြီးမြတ်ခြင်းကို ရွက်ဆောင်နိုင်၏။
- ပဋိဝေဓအမွေတော်သည် အပါယဒုက္ခ ဝဋ္ဋဒုက္ခမှ အစဉ်ထာဝရ လွတ်ငြိမ်းခြင်းကို ရွက်ဆောင်နိုင်၏၊ ရန်သူမျိုးငါးပါးတို့နှင့်လည်း ဆက်ဆံခြင်း မရှိချေ။

လောကအမွေကို အတိတ်သံသရာ ကာလတို့၌ ခံ စံခဲ့ကြရ သည်ကား အနန္တအနမတဂ္ဂ ရှိကြလေပြီ၊ နောင်လည်း နိဗ္ဗာန်သို့ မရောက်သေးသမျှ ခံစံကြရကုန်လတ္တံ့၊ ဓမ္မအမွေတော်ကိုမူကား မြတ်စွာဘုရားသာသနာနှင့် တွေ့ကြုံကြမှ ခံစံကြရကုန်သည်၊ ဤဓမ္မ အမွေတော်ကြီးကို တစ်ကြိမ်တစ်ဘဝ ကောင်းကောင်းကြီး ခံယူနိုင်ကြကုန်သော သူတို့သည် အနမတဂ္ဂသံသရာမှ တစ်ခါတည်း နလံထကြပေကုန်တော့သည်၊ ထို့ကြောင့်ယခုအခါ ပညာရှိအပေါင်းသူတော်ကောင်းတို့သည်လည်း တစ်နပ်စာ တစ်ဒင်္ဂ တစ်ဘဝမျှ၌သာ ခံစံရသော လောကအမွေကို ခံယူမှုထက် နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အစဉ်အမြဲ ခံစံရသော ဓမ္မအမွေတော်ကြီးကိုသာ များများကြီးခံယူခြင်းငှါ အားထုတ်ကြကုန်ရာသည်။

## အမွေခံပုံ နည်းမျိုးစုံ

လောက၌ မိဘအမွေကို ခံယူကြကုန်သောသူတို့သည် အမွေခံရသည်ဟူ၍ ပြောရ၏၊ မခံရသူတစ်မျိုး, အနည်းငယ်မျှသာ ခံစားရသူတစ်မျိုး, အများခံစားရသူတစ်မျိုးဟူ၍ အမျိုးမျိုးရှိကြ၏၊ ထိုတွင် မခံစားရသူ တစ်မျိုးဆိုသည်ကား ကုဋေများစွာ ကြွယ်ဝသော သူဌေးကြီး၏ အမွေခံသားသမီးတွေဖြစ်ကြကုန်၍ လောက၌ အမွေဥစ္စာကို အတူအမျှ ခံစားထိုက်သည့် ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေးကြီး၏ အမွေခံ သားသမီးတွေဖြစ်ကြပါကုန်လျက် အမွေဥစ္စာကို မခံစားရသူလည်းရှိ၏၊ အနည်းငယ်မျှကိုသာ ခံစားရ သူလည်းရှိ၏၊ ရထိုက်သမျှ အများခံစားရသူလည်းရှိ၏။

ထိုတွင် မိဘစကားကို နားမထောင်သူဖြစ်၍ အမွေခံအဖြစ်မှ ပယ်ရှား၍ ထားသော သားသမီးသည် အမွေခံ မရသောသူမည်၏။

www.dhammaransi.com



လောကၥ်သူဌေးကြီးတစ်ဦးသည် ရှိရာ၏၊ လယ်ကောင်း ယာကောင်း ရှစ်သောင်းလေးထောင်ရှိ၏၊ မြေ၌ ငါးတောင်နက်အောင် မြှုပ်နှံ၍ထားအပ်သော ငွေအိုးပေါင်းများစွာရှိ၏၊ ဆယ်တောင်နက်အောင် မြှုပ်နှံ၍ထားအပ်သော ရွှေအိုးပေါင်းများစွာရှိ၏၊ မြေ၌တစ်ဆယ့်ငါးတောင်နက်အောင် မြှုပ်နှံ၍ ထားအပ်သော စိန်ကျောက်ပတ္တမြားလည်း များစွာရှိ၏၊ အမွေခံ သားသမီးတို့လည်း များစွာရှိ၏။

ထိုတွင် အချို့သောသားသမီးစုသည် အလွန်ပျင်းရိ၏ ပေါ့ပျက်၏ သောက်မူစားမူနှင့်သာ နေ၏၊ အမွေရ လယ်ယာတို့ကိုလည်း မလုပ်မကိုင် ပစ်ထား၏၊ ငွေတွင်း ရွှေတွင်း ရတနာတွင်းတို့ကိုလည်း မတူးမဖော် ပစ်ထား၏၊ မိမိအမွေရ လယ်ယာ ငွေတွင်း ရွှေတွင်း ရတနာတွင်းတို့ကိုပင် ဘယ်မှာရှိသည်ဟု မသိပြီ၊ တစ်သက်လုံးမွဲ၍ ဆင်းရဲ၍မဆုံး ရှိနေ၏။

အချို့သော သားသမီးစုသည် မိမိအမွေရ လယ်ယာစုတွင် အချို့မျှကိုသာ လုပ်ကိုင်၏၊ မလုပ်မကိုင်ပစ်ထားသော လယ်ယာစသည်မှာ တောအတိ ဖြစ်၍ သွား၏၊ ငွေတွင်း ရွှေတွင်း ရတနာတွင်းတို့မှာလည်း သုံးစားရုံမျှ တူးဖော်၏၊ ကျန်ရှိသောတွင်းတို့သည် အမှတ်သညာ ပျောက်ကွယ်၍ တစ်သက်လုံးစားရ ဝတ်ရရုံမျှသာ ရှိ၏။

အချို့သောသား သမီးစုသည် မိမိအမွေရ လယ်ယာတို့ကို အကုန် လုပ်ကိုင်၏၊ ငွေတွင်း ရွှေတွင်း ရတနာတွင်းတို့ကို အကုန်တူးဖော်၍ယူ၏၊ သူဌေးကြီး ဖြစ်၍ ကြွယ်ဝချမ်းသာ၍မဆုံးရှိပေ၏။

- ဤဥပမာ၌ မြတ်စွာဘုရားကြီးသည် သူဌေးကြီးနှင့်တူ၏။
- ဗုဒ္ဓဘာသာဖြစ်သော ယောကျ်ား မိန်းမဟူသမျှသည် သူဌေးကြီး၏ အမွေခံသားသမီးတစ်စုနှင့် တူ၏။
- ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ဟူသော ပရိယတ္တိဓမ္မအမွေ တော်သည် သူဌေးကြီး၏ လယ်ကောင်း ယာကောင်းစုနှင့် တူ၏။
- လောကီဖြစ်သော သီလ သမာဓိ ပညာဟူသော ပဋိပတ္တိဓမ္မအမွေတော်

www.dhammaransi.com



သည် ငွေတွင်းစုနှင့် တူ၏။

- မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်တည်းဟူသော ပဋိဝေဓဓမ္မအမွေတော်စုသည် ရွှေတွင်း ရတနာတွင်းစု နှင့်တူ၏။

- စာပေကျမ်းဂန်ကိုလည်း မလေ့ကျက်၊ သီလ သမာဓိ ပညာဟူသော ပဋိပတ်ကိုလည်း မကျင့်မကြံ အားမထုတ်၊ မဂ်ဖိုလ် နိဗ္ဗာန်ကိုလည်း အလေးမပြု၊ စားမှု ဝတ်မှုနှင့် ကြီးရင့်၍သွားသော ယောကျ်ား မိန်းမစုသည် သူဌေးကြီး၏ ပထမ သားသမီး စုနှင့်တူ၏၊ သံသရာ၌ ပညာမွဲ၍မဆုံး တန်ခိုးကျက်သရေ မွဲ၍မဆုံး အပါယ်လေးပါးကျ၍မဆုံး ရှိပေရာ၏။

- စာပေကျမ်းဂန်တို့သည် အနည်းငယ်မျှသာ, သီလ သမာဓိကိုလည်း အတုအပမျှသာ, မဂ် ဖိုလ် နိဗ္ဗာန်ကိုလည်း ဆိုမြည်ယောင်ယမ်းကာမျှသာ ဖြစ်သော ယောကျ်ား မိန်းမစုသည် သူဌေးကြီး၏ ဒုတိယသား သမီးစုနှင့် တူ၏၊ ဖြစ်လေရာရာ သံသရာ၌ လူစဉ်မီကာမျှသာရှိရာ၏၊ အပါယ်ငရဲမှ လွတ်ခဲရာ၏။

- စာပေကျမ်းဂန်ကိုလည်း အားထုတ်၏၊ သီလ သမာဓိ ပညာ ဟူသော ပဋိပတ်ကိုလည်း အားထုတ်၏၊ မဂ်ဖိုလ်နိဗ္ဗာန်ဟူသော ပဋိဝေဓဓမ္မကိုလည်း အလွန်လိုလား၏၊ ထိုယောကျ်ား မိန်းမစုသည် သူဌေးကြီး၏ တတိယသားသမီးစုနှင့် တူ၏၊ ဖြစ်လေရာရာ သံသရာဘဝတို့၌ အသိအလိမ္မာ ဉာဏ်ပညာနှင့်လည်း ပြည့်စုံလတ္တံ့၊ ဘုန်းတန်ခိုး ကျက်သရေလည်း ကြီးမြတ်လတ္တံ့၊ မဂ်ဖိုလ် နိဗ္ဗာန်နှင့်လည်း နီးလွယ်လတ္တံ့။

ပရိယတ္တိဓမ္မအမွေတော်၌ တစ်ပုဒ်တစ်ဂါထာမျှတတ်သော သူထက်, နှစ်ပုဒ်နှစ်ဂါထာ တတ်သောသူကနောက်နောက်ဘဝတို့၌ အသိအလိမ္မာ ဉာဏ်ပညာနှစ်ဆသာလတ္တံ့၊ နှစ်ပုဒ် နှစ်ဂါထာတတ်သောသူထက် လေးပုဒ်လေးဂါထာတတ်သောသူက နောက်နောက်ဘဝတို့၌ အသိအလိမ္မာ နှစ်ဆသာလတ္တံ့။

www.dhammaransi.com



ဤသို့လျှင် ဗုဒ္ဓဘာသာဖြစ်ကြသော ယခုဘဝ၌ ဓမ္မအမွေတော်ကို အလိုဆန္ဒနည်းပါးကြသော ယောကျ်ား မိန်းမတို့နှင့် ဓမ္မအမွေတော်ကို အလိုဆန္ဒကြီးမားကြပေသော ယောကျ်ားမိန်းမတို့၏ နောက်နောက်ဘဝတို့၌ အယုတ် အမြတ်အားဖြင့် ထူးခြားသွားကြပုံကို အကုန်မြော်မိကြကုန်ရာ၏။

## အနိယာမ, နိယာမ ဓမ္မအမွေနှစ်မျိုး

ထိုဓမ္မအမွေတော်သည် အနိယမဓမ္မ အမွေတော်, နိယာမဓမ္မ အမွေတော် ဟူ၍ နှစ်ပါးရှိ၏၊ အကြင်ယောကျ်ား မိန်းမတို့အား မိမိ၏ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ငါ၏ကိုယ် ငါ၏အတ္တဟူ၍ ပုဂ္ဂိုလ်သတ္တဝါဟူ၍ ယောကျ်ား မိန်းမဟူ၍ ထင်မြင်စွဲ၍နေသော သက္ကာယဒိဋ္ဌိတရားသည်ရှိနေ၏၊ ထိုယောကျ်ား မိန်းမတို့အား ယခုဘဝ၌ရရှိနေသော စာပေပရိယတ္တိစု သီလ သမာဓိ ပညာစုသည် အနိယာမဓမ္မ အမွေစုသာဖြစ်၏၊ ယခုဘဝမှ သေလွန်ကြသည့်နောက် အကုန် ပျောက်ဆုံးခြင်းသဘောရှိ၏။

အကြင်ယောကျ်ား မိန်းမတို့အား ဝိပဿနာဘာဝနာကို ကောင်းစွာ စွဲမြဲကြသဖြင့် ပြဆိုအပ်ခဲ့ပြီးသော သက္ကာယဒိဋ္ဌိသည် အကြွင်းမဲ့ချုပ်ငြိမ်း၏၊ ထိုယောကျ်ား မိန်းမတို့အား ယခုဘဝ ဓမ္မအမွေတော်သည် နိယာမဓမ္မအမွေတော် ဖြစ်လေ၏၊ ယခုဘဝမှစ၍ အနုပါဒိသေသနိဗ္ဗာန်ရသည့် ဘဝတိုင်အောင် ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် အစဉ်မြဲလေ၏။

ယခုဘဝ တတ်သိရရှိသော ပရိယတ္တိဓမ္မစုသည် ကွယ်ပျောက်သည်မရှိပြီ၊ ငါးပါးသီလ, အာဇီဝဋ္ဌမက သီလစုသည် အစဉ်မြဲလေတော့သည်၊ အနာထပိဏ် သူဌေးကြီး, ဝိသာခါ ဒါယိကာမကြီးတို့ကဲ့သို့ သဉပါဒိသေသ ပထမနိဗ္ဗာန်ဘုံစဉ်စံ အဖြစ်သို့ ရောက်ကြလေတော့သည်။

## နိယာမဓမ္မအမွေ ဖြစ်ကြစေလို

ထို့ကြောင့် အလွန်တရာ တွေ့ကြုံခဲလှစွာသော သဗ္ဗညု မြတ်စွာဘုရား၏ အမွေခံသားတော် သမီးတော်အဖြစ်သို့ ရောက်ကြကုန်ပြီးမှ သေလွန်သည့် နောက်ကာလ၌ ဓမ္မအမွေတော်ကို စွန့်ပစ်ခဲ့၍ နစ်မြဲနစ်-ငုတ်မြဲ ငုတ်-မြုပ်မြဲ မြုပ်-မျောမြဲ မျော၍ မသွားကြရအောင် နိယာမဓမ္မအမွေတော်များကို ကြိုးစား

www.dhammaransi.com



အားထုတ်၍ ခံယူကြကုန်ရာသတည်း။

### အဋ္ဌကထာမိန့်ဟ ဓမ္မအမွေ

အဋ္ဌကထာ၌ကား ပရိယာယဓမ္မ အမွေ, နိပ္ပရိယာယဓမ္မအမွေဟူ၍ ဓမ္မအမွေနှစ်မျိုးခွဲ၏၊ လောကုတ္တရာတရား ကိုးပါးသည် နိပ္ပရိယာယဓမ္မအမွေမည်၏၊ နိဗ္ဗာန်ကို ရည်စူး၍ပြုအပ်သော ဝိဝဋ္ဋနိဿိတဒါနနှင့်တကွ လောကီဖြစ်သော ဗောဓိပက္ခိယတရားစုသည် ပရိယာယ ဓမ္မအမွေမည်၏။

### နိဂုံးစကား

ဤတွင်ရွေ့ကား ပင်လယ်ပြင်တွင် စီရင်ရေးသားအပ်သော '**သာသနဒါယဇ္ဇတရား**'သည် ရန်ကုန်ဆိပ်ကမ်းသို့ မကပ်မီ နာရီပြန်တစ်ချက်တွင် အောင်မြင်ပြီးစီးလေသတည်း။

မှတ်ချက်- သက္ကရာဇ် ၁၂၆၉-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈-ရက်နေ့ နာရီပြန် ၁-ချက်အချိန် စစ်တွေမြို့မှ တရားဟော၍ ပြန်လာစဉ် ရန်ကုန်ဆိပ်ကမ်းသို့ မကပ်မီတွင် ဤ 'သာသနဒါယဇ္ဇတရား ဒီပနီကျမ်း' ပြီးစီး၏-ဟု ဆိုလိုပေသတည်း။

**သာသနဒါယဇ္ဇ ဒီပနီကျမ်း**
**ပြီးပြီ။**

--------*-----------

www.dhammaransi.com

# ပဓာနသုတ် ပါဠိ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

၁။ တံ မံ ပဓာနပဟိတတ္တံ၊ နဒိံ နေရဉ္ဇရံ ပတိ။
ဝိပရက္ကမ္မ ဈာယန္တံ၊ ယောဂက္ခေမဿ ပတ္တိယာ။

၂။ နမုစိ ကာရုဏံ ဝါစံ၊ ဘာသမာနော ဥပါဂမိ။
ကိသော တွမသိ ဒုဗ္ဗဏ္ဏော၊ သန္တိကေ မရဏံ တဝ။

၃။ သဟဿဘာဂေါ မရဏဿ၊ ဧကံသော တဝ ဇီဝိတံ။
ဇီဝ ဘော ဇီဝိတံ သေယျော၊ ဇီဝံ ပုညာနိ ကာဟိသိ။

၄။ စရတော ဗြဟ္မစရိယံ၊ အဂ္ဂိဟုတ္တဉ္စ ဇုဟတော။
ပဟုတံ ဝတ တေ ပုညံ၊ ကိံ ပဓာနေန ကာဟိသိ။

၅။ ဒုဂ္ဂေါ မဂ္ဂေါ ပဓာနာယ၊ ဒုက္ကရော ဒုရဘိသမ္ဘဝေါ။
ဣမာ ဂါထာ ဘဏံ မာရော၊ အဋ္ဌာ ဗုဒ္ဓဿ သန္တိကေ။

၆။ တံ တထာဝါဒိနံ မာရံ၊ ဘဂဝါ ဧတဒဗြဝိ။
ပမတ္တဗန္ဓု ပါပိမ၊ ယေနတ္ထေန ဣဓာဂတော။

၇။ အဏုမတ္တောပိ ပုညေန၊ အတ္ထော မယှံ န ဝိဇ္ဇတိ။
ယေသဉ္စ အတ္ထော ပုညေန၊ တေ မာရော ဝတ္တုမရဟတိ။

၈။ အတ္ထိ သဒ္ဓါ တပေါ ဝီရိယံ၊ ပညာ စ မမ ဝိဇ္ဇတိ။
ဧဝံ မံ ပဟိတတ္တံပိ၊ ကိံ ဇီဝံ အနုပုစ္ဆသိ။

၉။ နဒီနမပိ သောတာနိ၊ အယံ ဝါတော ဝိသောသယေ။
ကိံ စ မေ ပဟိတတ္တဿ၊ လောဟိတံ နုပသုဿယေ။

မိခင်ဧရာဝတီ

www.dhammaransi.com

# ပဓါနသုတ်

※ မြတ်စွာဘုရားနှင့်တွေ့၍ တရားဟောရာ တရားနာရုံနှင့်ရသော သူများသည် အလွယ်တကူနှင့် ရနိုင်သော သူမည်၏၊ အချို့သူတို့ကား ပဓါနအလုပ်ကို လုပ်မှရနိုင်၏။ ပဓါနအလုပ်ကို လုပ်ရာတွင်လည်း တစ်နှစ်မှသည် အနှစ်လေးငါးဆယ်အထိလုပ်မှ ရမည့်သူဟူ၍ အမျိုးမျိုးရှိပြန်၏။ မလုပ်နိုင်လျှင် သည်ဘုရားသာသနာမှာ မရပြီ။ နောက်ဘုရား သာသနာမှာလည်း သာသနာနှင့် ကြုံကြိုက်မှရသည်။ အပါယ်ဘဝဆီမှာထောင့်သီ၍နေပြန်လျှင် မရပြီ။ ကျွတ်ထိုက်သော ပါရမီရှိပါလျက် ပဓါနအလုပ်ကို မလုပ်၍ မရသောသူအများရှိသည်။ (သတိချပ်ဖွယ်)

www.dhammaransi.com



၁၀။ လောဟိတေ သုဿမာနမှိ၊ ပိတ္တံ သေမှဉ္စ သုဿတိ။
မံသေသု ခိယျမာနေသု၊ ဘိယျော စိတ္တံ ပသီဒတိ။
ဘိယျော သတိစ ပညာစ၊ သမာဓိ မမိတိဋ္ဌတိ။

၁၁။ တဿ မေဝံ ဝိဟရတော၊ ပတ္တဿ ဥတ္တမဝေဒနံ။
ကာမေသု နာပေက္ခတေ စိတ္တံ၊ ပဿ သတ္တဿ သုဒ္ဓတံ။

၁၂။ ကာမာ တေ ပဌမာ သေနာ၊ ဒုတိယာ အရတိ ဝုစ္စတိ။
တတိယာ ခုပ္ပိပါသာ တေ၊ စတုတ္ထီ တဏှာ ဝုစ္စတိ။

၁၃။ ပဉ္စမံ ထိနမိဒ္ဓံ တေ၊ ဆဋ္ဌာ ဘီရူ ပဝုစ္စတိ။
သတ္တမီ ဝိစိကိစ္ဆာ တေ၊ မက္ခော ထမ္ဘော တေ အဋ္ဌမော။

၁၄။ လာဘော သိလောကော သက္ကာရော၊
မိစ္ဆာလဒ္ဓေါစ ယော ယသော။
ယော စတ္တာနံ သမုက္ကံသေ၊ ပရေစ အဝဇာနာတိ။

၁၅။ ဧသော နမုစိ တေ သေနာ၊ ကဏှဿာဘိပ္ပဟာရိနီ။
န နံ အသူရော ဇိနာတိ၊ ဇေတွာစ လဘတေ သုခံ။

၁၆။ ဧသ မုဉ္ဇံ ပရိဟရေ၊ ဓိရတ္ထု ဣဓ ဇီဝိတံ။
သင်္ဂါမေ မေ မတံ သေယျော၊ ယဉ္စေ ဇီဝေ ပရာဇိတော။

၁၇။ ပဂါဠ္ဟေတ္ထ န ဒိဿန္တိ၊ ဧကေ သမဏဗြာဟ္မဏာ။
တဉ္စ မဂ္ဂံ န ဇာနန္တိ၊ ယေန ဂစ္ဆန္တိ သုဗ္ဗတာ။

၁၈။ သမန္တာ ဓဇိနိံ ဒိသွာ၊ ယုတ္တံ မာရံ သဝါဟနံ။
ယုဒ္ဓါယ ပစ္စုဂ္ဂစ္ဆာမိ၊ မာ မံ ဌာနာ အစာဝယိ။

၁၉။ ယံ တေ တံ နပ္ပသဟတေ၊ သေနံ လောကော သဒေဝကော။
တံ တေ ပညာယ ဘဉ္ဇာမိ၊ အာမံ ပက္ကံဝ အသ္မနာ။

၂၀။ ဝသီ ကရိတွာန သင်္ကပ္ပံ၊ သတိဉ္စ သူပဋ္ဌိတံ။
ရဋ္ဌာ ရဋ္ဌံ ဝိစရိဿံ၊ သာဝကေ ဝိနယံ ပုထူ။

မိခင်ဧရာဝတီ

၂၁။ တေ အပ္ပမတ္တာ ပဟိတတ္တာ၊ မမ သာသနကာရကာ။
အကာမာ တေ ဂမိဿန္တိ၊ ယတ္ထ ဂန္ဒာန သောစရေ။

၂၂။ သတ္တဝဿာနိ ဘဂဝန္တံ၊ အနုဗန္ဓိံ ပဒာပဒံ။
ဩတာရံ နာဓိဂစ္ဆိဿံ၊ သမ္ဗုဒ္ဓဿ သတိမတော။

၂၃။ မေဒဝဏ္ဏံဝ ပါသာနံ၊ ဝါယသော အနုပရိယဂါ။
အပေတ္ထ မုဒုံ ဝိန္ဒေမ၊ အပိ အဿာဒနာ သိယာ။

၂၄။ အလဒ္ဓါ တတ္ထ အဿာဒံ၊ ဝါယသေတ္တော အပက္ကမိ။
ကာကောဝ သေလမာသဇ္ဇ နိဗ္ဗိဇ္ဇာပေမ ဂေါတမ။

၂၅။ တဿ သောကပရေတဿ၊ ဝီဏာ ကစ္ဆာ အဘဿထ။
တတော သော ဒုမ္မနော ယက္ခော၊ တတ္ထေဝန္တရဓာယထ။

**သုတ္တနိပါတ်ပါဠိတော် ပဓာနသုတ်ပါဠိ ပြီး၏။**

---------o----------

## ပဓာနသုတ် နိဿယ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ပဓာနံ ပူဇယိဿာမိ၊ ဝဏ္ဏယံ အတ္ထနိဿယံ။
ပဓာနာဘိရတာ ဟောန္တု၊ အာမိသေသု အကိဉ္စနာ။

အဟံ=မုံရွာမြို့လယ်တီတောကျောင်းဆရာငါသည်၊ အတ္ထနိဿယံ= အနက်မြန်မာ မှီရာအတ္ထ နိဿယကို၊ ဝဏ္ဏယံ-ဝဏ္ဏယန္တော=ဖွင့်လှစ်ဖော်ပြလျက်၊ ပဓာနံ=သုတ္တနိပါတ်ပါဠိတော်လာ ပဓာနသုတ် ပါဠိတော်မြတ်ကို၊ ပူဇယိဿာမိ= ပူဇော်ပေအံ့၊ ဘိက္ခူ=ယခုကာလ ရှိသမျှသော ရဟန်းတော်တို့သည်၊ အာမိသေသု= ကိလေသမာရ်, မစ္စုမာရ် ၂-ပါးတို့၏ စားဖတ် ဝါးဖတ် သုံးသပ်နင်းနယ်ရာဖြစ်သော ပစ္စည်းပရိက္ခရာ ခန္ဓာအသက်တို့၌၊ အကိဉ္စနာ=မှုမှုရရ အားစိုက်ကြသော ကိဉ္စနအမှုပုပ်တို့ကို အယုတ်မခံ ပယ်လှန်ဖြတ်တောက်ကြကုန်၍၊ ပဓာနာ

www.dhammaransi.com



ဘိရတာ=ရဟန်းကိစ္စ ပဓာနၵ်၌သော နေ့ညမခြား အားကျပါးကျ မွေ့လျော်ကြကုန်သည်၊ ဟောန္တု=ဖြစ်ကြပါစေကုန်သတည်း။

(ကျမ်းဦးဂါထာ အာသီသပါဌ်အနက်ပြီး၏။)

၁။ တံ မံ ပဓာန ပဟိတတ္တံ၊ နဒိံ နေရဉ္ဇရံ ပတိ။
ဝိပရက္ကမ္မ ဈာယန္တံ၊ ယောဂက္ခေမဿ ပတ္တိယာ။ ။
၂။ နမုစိ ကာရုဏံ ဝါစံ၊ ဘာသမာနော ဥပါဂမိ။
ကိသော တွမသိ ဒုဗ္ဗဏ္ဏော၊ သန္တိကေ မရဏံ တဝ။ ။

၁။ နေရဉ္ဇရံ=နေရဉ္ဇရာအမည်ရှိသော၊ နဒိံ=မြစ်၏၊ ပတိ=ရှေ့ရှုနီးစပ်ကမ်းအရပ်၌၊ ယောဂက္ခေမဿ=ယှဉ်စပ်ဖက်တွဲ အတံင်းဆွဲ၍ ငရဲစုပ်စုပ်စင်းစင်းမြုပ်အောင် ဒုက္ခဘောင်သို့ ဆောင်ပို့သမား လွန်ကျော်ငြားသည့်လေးပါးဥပမိ ဘေးမရှိရာ နိဗ္ဗုတာသို့၊ ပတ္တိယာ=ရောက်ပါရခြင်းအကျိုးငှါ၊ ဝိပရက္ကမ္မ=အထူးအချွန် အလွန်အားသစ်၍၊ ဈာယန္တံ=ထွက်ဝင်နှစ်ထွေအသက်လေကို ချုပ်စေသမှု အတင်းရှုလျက်၊ ပဓာနပဟိတတ္တံ=လုံ့လအတွက်ကိုယ်အသက်ဟု ငဲ့ကွက်မညှာ စွန့်စားကာနေသော၊ တံ မံ=ထိုငါ့ကို။

၂။ နမုစိ=မာရ်နတ်သည်၊ ကာရုဏံဝါစံ=သနားယောင်မူသော စကားကို၊ ဘာသမာနော=ပြောဆိုလျက်၊ ဥပါဂမိ=ကပ်လာ၏၊ မာရိသ=ငါ၏အချင်းအလောင်းမင်း၊ တွံ=သင်အလောင်းမင်းသည်၊ ကိသော=အသွေးအသားခေါင်းပါးလျော့တုန် ကိုယ်လုံးကြုံသည်၊ အသိ=ဖြစ်ခဲ့ပြီ၊ ဒုဗ္ဗဏ္ဏော=အသွေးအရည်မကြည်ညိုလျောင်း ရှုမကောင်းသော အဆင်းရှိသည်၊ အသိ=ဖြစ်ခဲ့ပြီ၊ တဝ=သင်အလောင်းမင်း၏၊ မရဏံ=သေအံ့သောအခွင့်သည်၊ သန္တိကေ=နီးခဲ့ပြီ။

၃။ သဟဿဘာဂေါ မရဏဿ၊ ဧကံသော တဝ ဇီဝိတံ။
ဇီဝ ဘော ဇီဝိတံ သေယျော၊ ဇီဝံ ပုညာနိ ကာဟိသိ။ ။

၃။ မရဏဿ=သေခြင်းအမှု၏၊ ပစ္စယော=အကြောင်းစုသည်၊ သဟဿဘာဂေါ=အထောင်မက များပြားလှသော အဖို့ရှိ၏၊ တေသု=ထိုအထောင်မကများပြားလှသော အဖို့တို့တွင်၊ တဝ= သင်အလောင်းမင်း၏၊ ဇီဝိတံ=ရေစာမလှမ်းလွန်ညှိုးနွမ်းသော အသက်သည်၊ ဧကံသော=တစ်ဖို့တစ်ပါး အဝင်ဖြစ်ချေ၏၊

www.dhammaransi.com



ဘော=ငါ၏အချင်း အလောင်းမင်း၊ ဇီဝ=အသက်ရာကျော် ရှည်တော်မူမှု သတိပြုပါလော့၊ ဇီဝိတံ=အသက်ရာကျော် ရှည်တော်မူကာ နေရပါခြင်းသည်၊ သေယျော=အမြတ်ဆုံးသာတည်း၊ ဇီဝံ-ဇီဝန္တော=အသက်ရာကျော် ရှည်တော်မူကာ နေရပါမှသာလျှင်၊ ပုညာနိ=ကုသိုလ်ကောင်းမှုတို့ကို၊ ကာဟိသိ=ပြုတော်မူရလတ္တံ့။

၄။ စရတော ဗြဟ္မစရိယံ၊ အဂ္ဂိဟုတဉ္စ ဇုဟတော။
ပဟုတံ ဝတ စေ ပုညံ၊ ကိံ ပဓာနေန ကာဟိသိ။

၄။ ဗြဟ္မစရိယံ=ဥပုသ်သီတင်း စောင့်သုံးခြင်းဟူသော မြတ်သောအကျင့်ကို၊ စရတော-စရန္တဿ=ကျင့်ရသည်ရှိသော်လည်းကောင်း၊ အဂ္ဂိဟုတဉ္စ=မီးပူဇော်မှုကိုလည်း၊ ဇုဟတော-ဇုဟန္တဿ=ပူဇော်ရသည်ရှိသော်လည်းကောင်း၊ တေ=သင်အလောင်းမင်းအား၊ ပုညံ=ကောင်းမှုတရား ပွါးများရန်အခွင့်တွေသည်၊ ပဟုတံဝတ=များပြားလှပါ၏တကား၊ ပဓာနေန=တော၌နေကာ သေရှင်မသိဆင်းရဲဘိ၍ ချည့်ချည့်နွမ်းနွမ်း လွန်ကြိုးပမ်းသော အဖြစ်ဖြင့်၊ ကိံ ကာဟသိ=ဘဇာပြုရအံ့နည်း။

၅။ ဒုဂ္ဂေါ မဂ္ဂေါ ပဓာနာယ၊ ဒုက္ကရော ဒုရဘိသမ္ဘဝေါ။
ဣမာ ဂါထာ ဘဏံ မာရော၊ အဋ္ဌာ ဗုဒ္ဓဿ သန္တိကေ။

၅။ မာရိသ=ငါ၏အချင်း အလောင်းမင်း၊ ပဓာနာယ=အသက်ခန္ဓာမညာစတမ်း ကြိုးပမ်းအားသစ်ခြင်းငှါ၊ မဂ္ဂေါ=အစီအစဉ် ကျင့်အင်လမ်းဟောင်းခရီးကြောင်းသည်၊ ဒုဂ္ဂေါ=အသွားအသက် အလွန်ခက်လှ၏၊ ဒုက္ကရော=အတီအထွင် ငြိုငြင်ဆင်းရဲ ပြုနိုင်ခဲလှ၏၊ ဒုရဘိသမ္ဘဝေါ=သက်ဝင်ချင်းနင်းလိုက်စားခြင်းငှါ ခဲယဉ်းလှပါ၏၊ ဣမာဂါထာ=ဤဂါထာတို့ကို၊ ဘဏံ ဘဏန္တော=ပြောဆိုဖျောင်းဖျ နားပါးချလျက်၊ မာရော=မာရ်နတ်သည်၊ ဗုဒ္ဓဿ=ဘုရားအလျာအလောင်းငါ၏၊ သန္တိကေ=အထံ၌၊ အဋ္ဌာ=ရပ်လာ၏။

တောထွက်တော်မူ၍ ရှေးဦးစွာအာဠာရ ဥဒကရသေ့တို့နှင့်တွေ့တော်မူ၏၊ သမာပတ်ရှစ်ပါးတို့ကို ရပြီးနောက် ထိုသမာပတ်ရှစ်ပါးတို့ကို စွန့်လွှတ်ပြန်၍ ဥရုဝေလတော၌ ခြောက်နှစ်ပတ်လုံး ပါသဏ္ဍာအကျင့်တို့ကို စုံစမ်းတော်မူစဉ်အခါ အစာအဟာရကို ဖြတ်ခြင်း, ထွက်သက် ဝင်သက်ကိုချုပ်စေခြင်း တည်းဟူသော

www.dhammaransi.com



ပါသဏ္ဍာအကျင့်တို့ကို စုံစမ်းတော်မူ၏၊ ထိုအခါ မာရ်နတ်လာ၍ ဤဂါထာစုကို ဆိုသတည်း။

၆။ တံ တထာဝါဒိနံ မာရံ၊ ဘဂဝါ ဧတဒဗြဝိ။
ပမတ္တဗန္ဓု ပါပိမ၊ ယေနတ္ထေန ဣဓာဂတော။

၆။ တထာဝါဒိနံ=ထိုသနားယောင်ဟန် အကောက်ဉာဏ်နှင့် ဖန်ဖန်ခါခါ ပြောဆိုလာသော၊ တံမာရံ=ထိုမာရ်နတ်ကို၊ ဘဂဝါ=မြတ်စွာဘုရားသည်၊ ဧတံ= ဤသို့သောစကားကို၊ အဗြဝိ=မိန့်ဆိုတော်မူ၏၊ ပမတ္တဗန္ဓု=မေ့လျော့နေသူ နတ်လူပြဟ္မာ သတ္တဝါကို သံသရာဝဋ္ဋ မကျွတ်ရအောင် တုတ်နှောင်ဖွဲ့ချည်၍ ထားတတ်သော၊ ပါပိမ=ဟယ်မာရ်ယုတ်၊ အဟံ=ငါသည်၊ ယေနတ္ထေန= အကြင် အကျိုးဖြင့်၊ ဣဓ=လူ့ရှင်မနှော ဆိတ်ငြိမ်သော တောအရပ်သို့၊ အာဂတော= ထွက်လာခဲ့၏၊ တဒတ္ထံ=ထိုအကျိုးကို၊ သာဓယိဿာမိ=ပြီးစီးစေအံ့သတည်း။

၇။ အဏုမတ္တောပိ ပုညေန၊ အတ္ထော မယှံ န ဝိဇ္ဇတိ။
ယေသဉ္စ အတ္ထော ပုညေန၊ တေ မာရော ဝတ္တု မရဟတိ။

မယှံ=ငါ့အား၊ ပုညေန=ကုသိုလ်ကောင်းမှုဖြင့်၊ အဏုမတ္တောပိ=အဏုမြူ မျှလည်း၊ အတ္ထော=အလိုဆန္ဒသည်၊ နဝိဇ္ဇတိ=မရှိ၊ ယေသဉ္စ=အကြင် ပညာသေး ငယ် လူမမယ်တို့အားကား၊ ပုညေန=ကုသိုလ်ကောင်းမှုဖြင့်၊ အတ္ထော=အလို ဆန္ဒသည်၊ အတ္ထိ=ရှိ၏၊ တေ=ထိုပညာနု၍ ကောင်းမှုကုသိုလ် အလိုဆန္ဒ ရှိရှာကြကုန်သော ဗာလပုထုဇ္ဇန် လူသာမန်တို့ကိုသာ၊ မာရော=မာရ်နတ်သည်၊ ဝတ္တုံ=ကောင်းမှုမကောင်းမှုဟူသော စကားကိုပြောဆိုခြင်းငှာ၊ အရဟတိ= ထိုက်တန်လေသတည်း။

**မာရ်နတ်သည်ကား**----ဘုရားအလောင်းတော်ကြီးသည် ကောင်းမှု ကုသိုလ်ကို အလိုရှိ၍ မဟာပဓာနအကျင့်ကို ကျင့်တော်မူသည်ဟုမှတ်ထင်၍ ရှေ့ဂါထာ၌ "ဇီဝံ ပုညာနိ ကာဟိသိ" ဟူသော စကားကိုဆို၏၊ ထို့ကြောင့် ဤဂါထာဖြင့် ကုသိုလ်ကောင်းမှုကို အဏုမြူမျှ အလိုဆန္ဒ မရှိကြောင်းကို မာရ်နတ်အား ဟောကြားတော်မူပေသည်။

ကုသိုလ်ကောင်းမှုကို အလိုဆန္ဒမရှိခဲ့သော် အဘယ့်ကြောင့် တော

www.dhammaransi.com



ထွက်တော်မူသနည်း၊ ရဟန်းပြုတော်မူသနည်း၊ ဆင်းရဲငြိုငြင်သော အကျင့်ကို ကျင့်တော်မူသနည်းဟူမူ ဆေးဥပမာ, မီးဥပမာဖြင့် ဖြေဆိုရမည်။

ဆေးဥပမာ၌-

- အနာဆိုး ရောဂါဆိုးကြီးစွဲကပ်၍ ရပ်တည်မရ ရှိနေသူ တစ်ယောက်။
- ထိုအနာကို ပျောက်ငြိမ်းစေနိုင်သော အလွန်ခါးလှသော ဆေးကြီးတစ်ပါး။
- ထိုဆေးဖြင့် အနာကိုကုစဉ်အခါ ဝေးစွာရှောင်ရသော အညှော် အသင်း အစားအသောက်မှု။ ကိလေသာသည်အနာဆိုး ရောဂါဆိုးကြီးနှင့် တူသည်။
- ကိလေသာရှိသောသူသည် အနာဆိုး ရောဂါဆိုးစွဲကပ်၍ ရပ်တည်မရ ပင်ပန်း၍နေသော သူနာနှင့်တူသည်၊
- တေဘူမက ကုသိုလ်တရားစုသည် ဆေးခါးကြီးမျိုးနှင့် တူသည်။
- တေဘူမကလောကီချမ်းသာစုသည် အညှော်ဆိုး အစာ အဟာရဆိုးတွေနှင့်တူသည်။

**အဘယ့်ကြောင့်**----ကာမကုသိုလ်, ရူပကုသိုလ်, အရူပကုသိုလ်တို့ကို ဆေးခါးကြီးမျိုးနှင့် တူသည်ဟုဆိုပါသနည်းဟူမူ၊ ထိုကုသိုလ်စုမှာ ဇာတိဒုက္ခ, ဇရာဒုက္ခ, မရဏဒုက္ခ, သံသရာဒုက္ခ, ဝိပရိဏာမဒုက္ခဟူသော အလွန်ခါးလှစွာသော ဒုက္ခရသသည်ရှိ၏၊ ထို့ကြောင့် ထိုကုသိုလ်စုကို ဆေးခါးကြီးနှင့်တူသည်ဟုဆိုသည်။

ဇာတိဒုက္ခဆိုသည်ကား ထိုကာမကုသိုလ်, ရူပကုသိုလ်, အရူပကုသိုလ် တရားစုဖြစ်ပေါ်၍လာလျှင်ပင် ထိုတရားစုကို ထိန်းသိမ်းမှု, စောင့်ရှောက်မှု, ကြောင့်ကြစိုက်မှု, ကျဉ်းကျပ်မှု, ကြပ်တည်းမှုတို့သည် အသင်္ချေဝိုင်း၍လာကုန်၏၊ မိန်းမတို့၌ မိမိသန္တာန်မှာ သားငယ် ပဋိသန္ဓေ ဇာတိရှိ၍လာလျှင် ထိုပဋိသန္ဓေ ဇာတိအတွက် ကျဉ်းကျပ်မှု, ကြပ်တည်းမှု အသင်္ချေဝိုင်း၍ လာကုန်သကဲ့သို့တည်း။

ပုညကြိယာ ဆယ်ပါးတို့တွင် ဒါနကုသိုလ်ကို ဖျက်ဆီးနိုင်သော အန္တရာယ် တို့သည် အဇ္ဈတ္တသန္တာန်မှာပင် တစ်ထောင့်ငါးရာကိလေသာစု, ၉၆-ပါးသော

www.dhammaransi.com



အနာရောဂါစုသည်ဖြင့် အလွန်များပြားလှ၏၊ ဗဟိဒ္ဓသန္တာန်ကမူကား အသချေ်အနန္တများပြားလှ၏၊ ထို့ကြောင့် မိမိသန္တာန်မှာ ဒါနကုသိုလ်ဖြစ်မှုဟူသော ဇာတိတစ်ခုကို ဖြစ်ပေါ်စေလိုသောသူသည် ရှေ့အဖို့၌ ပစ္စည်းဘဏ္ဍာတို့ကို ရှာမှီးစုဆောင်း, ထိန်းကျောင်းစောင့်ရှောက် ကြောင့်ကြစိုက်ရသည့်အတွက် ကျဉ်းကျပ်မှု, ကြပ်တည်းမှု, ဒုက္ခတို့ကိုခံရ၏၊ ရှေ့အဖို့၌ မဇ္ဈေရမလစသော အဇ္ဈတ္တဘေးရန်စုကို ထိန်းကျောင်းစောင့်ရှောက်မှုအတွက် ကျဉ်းကျပ်မှု, ကြပ်တည်းမှု, ဒုက္ခတို့ကိုခံရ၏၊ ပေးလှူသောခဏ မုဥ္စစေတနာ အခိုက်မှာလည်း ထိုအခိုက်အားလျော်စွာ များစွာသော ဆောင်ရွက်မှု, စောင့်ရှောက် ထိန်းကျောင်းမှု ဒုက္ခတို့ကိုခံရ၏၊ ပေးလှူ၍ ထိုဒါနဇာတိဖြစ်ပေါ် ရရှိပြီးနောက်၌လည်း တစ်စုံတစ်ခုသော အဇ္ဈတ္တအတွက်, ဗဟိဒ္ဓအတွက် ပရစေတနာပျက်ပြန်လျှင် ထိုဖြစ်ပေါ်ရရှိပြီးသော ဒါနဇာတိသည် မျက်တောင်တစ်ခတ်အတွင်းမှာပင် ပြယ်ပျောက် ကွယ်ဆုံးမှုရှိပြန်သည့်အတွက်ကြောင့် ပရစေတနာ မပျက်ရအောင် အသက်ထက်ဆုံး စောင့်ရှောက် ကျဉ်းကျပ်မှုဟူသော ဒုက္ခကိုခံရ၏။

ဤသို့လျှင် ဒါနကုသိုလ်ဖြစ်မှုဟူသော ဇာတိတစ်ခုသည် ထိုဇာတိကို အလိုရှိသောသူကို ရှေ့အဖို့, နောက်အဖို့, အလယ်အဖို့ ကာလသုံးပါး၌ များစွာသော ဒုက္ခမှုတို့ဖြင့် နှိပ်စက်၏။

သီလဘာဝနာတို့၌ကား ဘယ်သိက္ခာပုဒ်ကို အသက်ထက်ဆုံး ထိန်းပါမည်၊ ဘယ်ဘာဝနာမှုကို အမြဲအစွဲပွါးများပါမည်ဟု ဝန်ခံရမည်ကို အလွန်ကြောက်ကြ၏။

**အဘယ့်ကြောင့်..** အလွန်ကြောက်ကြသနည်းဟူမူ ဝန်ခံ၍သော်လည်းကောင်း, သစ္စာအဓိဋ္ဌာန်ပြု၍သော်လည်းကောင်း, ထိုသိက္ခာပုဒ်ကို ဆောက်တည်သောအခါ သီလကုသိုလ်ဇာတိ ဖြစ်ပေါ်လာ၏၊ ထိုဇာတိ ဖြစ်ပေါ်သည်နှင့်တစ်ပြိုင်နက် များစွာသောကျဉ်းကျပ်မှု, ကြပ်တည်းမှုဒုက္ခတို့သည် ဝိုင်းကုန်၏၊ ထိုဇာတိကို မလွတ်သမျှကာလပတ်လုံး ထိုဒုက္ခမှုတို့ကိုခံရ၏၊ မခံနိုင်ပြန်လျှင် မျက်တောင်တစ်ခတ်အတွင်းမှာပင် ထိုဇာတိ ပျက်ဆုံးပြန်၏။

ဘာဝနာကုသိုလ်၏ ဇာတိတို့၌ကား သီလကုသိုလ်၏ဇာတိထက်ပင်

www.dhammaransi.com



ကျဉ်းကျပ်၏၊ ကြပ်တည်း၏၊ အဘယ့်ကြောင့် ကျဉ်းကျပ်သနည်း၊ ကြပ်တည်းသနည်း၊ ဖျက်ဆီးနိုင်သော အဇ္ဈတ္တဘေးအန္တရာယ်, ဗဟိဒ္ဓဘေးအန္တရာယ် အလွန်များလှသောကြောင့်တည်း။

**လောကုတ္တရာဇာတိ.** . လောကုတ္တရာကုသိုလ်တို့၏ ဇာတိမှာမူကား ထိုဇာတိကိုအလိုရှိသောသူသည် ပါရမီကို ဖြည့်ဆည်းပူခြင်းစသည်ဖြင့် ရှေးဘဝတို့၌သာ ဒုက္ခခံရသည်၊ ထိုဇာတိဖြစ်ပေါ်ပြီးသောအခါ၌ကား ထိုဇာတိအတွက်နှင့် ကျဉ်းကျပ်မှု, ကြပ်တည်းမှုဟူ၍ အဏုမြူမျှမရှိပေ၊ မရှိရုံမျှမက နောက်နောက်၌ ကျဉ်းကျပ်ရန်အနန္တ ကြပ်တည်းရန်အနန္တတွေကိုပါ အကုန်ကင်းငြိမ်းအောင်ပြု၍ ဖြစ်ပေါ်ပေသည်၊ ပါရမီကိုဖြည့်ဆည်းပူးမှုဟူသော ရှေ့အဖို့၌ ကျဉ်းကျပ်မှု ကြပ်တည်းမှု အနည်းငယ်ရှိသည့်အတွက်မျှနှင့် ထိုလောကုတ္တရာဇာတိကို ပိဋ္ဌနတ္ထဒုက္ခလက္ခဏာရှိသည် မဆိုသာပေ။

**လောကီဇာတိ**----လောကီကုသိုလ်တို့၏ ဇာတိမှာမူကား အသက်ထက်ဆုံး တစ်နေ့တစ်နေ့လျှင် အကြိမ်တစ်ရာ တွန့်တွန့်လူး, ဖြတ်ဖြတ်လူး, ဝက်ရူးနာ, ကြက်ရူးနာ, နူနာ, ပန်းနာ အပြီးပါ၍လာသော သားကို ပဋိသန္ဓေကိုယ်ဝန်ဆောင်မိသော ကုလီမိန်းမ ဒုက္ခိတကဲ့သို့ ထိုဇာတိတို့ကို တွယ်တာသော သူတို့မှာ ထိုဇာတိတို့ဖြစ်ပေါ်သည်နှင့်တစ်ပြိုင်နက် ကျဉ်းကျပ်မှုအနန္တ, ကြပ်တည်းမှုအနန္တတို့သည် တကွထပ်ကြပ်ပါရှိ၍နေကုန်၏၊ ထို့ကြောင့် "ဇာတိပိ ဒုက္ခာ"ဟူ၍ မြတ်စွာဘုရားဟောတော်မူပေသည်။ ။ထင်မြင်နိုင်ခဲစွ။

**တေဘူမက ကုသိုလ်တရားတို့၌ ဇာတိဟူသော**
**ခါးစပ်မှုကြီး အပြီးပါရှိ သည်ကို ပြဆိုချက်ပြီး၏။**

ထိုတေဘူမက ကုသိုလ်တရားတို့၌ ဇရာဒုက္ခ, မရဏဒုက္ခ, သင်္ခါရဒုက္ခ, ဝိပရိဏာမဒုက္ခဟူသော ခါးစပ်မှုကြီးတို့ အပြီးပါရှိ၍နေပုံကို ထင်မြင်အောင်ကြံလေ။ ။ဤသို့သောအကြောင်းတို့ကြောင့် အထက်ဥပမာ၌ တေဘူမက ကုသိုလ်တို့ကို အလွန်ခါးသော ဆေးခါးကြီးဥပမာနှင့် ဆိုပေသည်။

ထိုဆေးခါးကြီးသည် အနာမရှိသောသူဖြစ်ခဲ့လျှင် မျိုနိုင်မည်ဝေးစွ၊ ကြည့်မိရုံမျှနှင့်ပင် ပွက်ပွက်ဆူပျို့ဖွယ်, အန်ဖွယ်သာဖြစ်၏၊ ထိုအနာကြီး

www.dhammaransi.com



ရောဂါကြီးမှာလည်း ထိုဆေးမှတစ်ပါး ပျောက်ငြိမ်းရာသောဆေးမရှိ၊ ထိုဆေးခါးသည်ကား ပျောက်ငြိမ်းလောက်အောင် မှီဝဲပါလျှင် ထိုရောဂါကို ကေန်ပျောက်ငြိမ်းစေတတ်၏၊ ရောဂါသည်ကြီးသည်ကား ထိုဆေးကို သတင်းကြားနှင့်ဝမ်းမြောက်ခြင်းဖြစ်၏၊ ဆေးနည်းအရယူ၍ ဆေးဘက်တို့ကို အရရှာ၍ သုံးဆောင်ရလေ၏၊ ခါးမှုဒုက္ခ, နံမှုဒုက္ခ, အန်မှုဒုက္ခ, ပျို့မှုဒုက္ခတို့ကို ခံရလေ၏။

တွင်တွင်စားနိုင်မှ အနာမြန်မြန်ပျောက်ငြိမ်းမည်, အနာပျောက်ငြိမ်းမှ ဤဆေးကို စွန့်ပစ်သာမည်ဟု ဆင်ခြင်၍ ထိုဆေး၏ခါးမှု, နံမှုတို့ကို စက်ဆုပ်လေလေ, ထိုဆေးကို တွင်တွင်များများ စားလေလေ စားရလေ၏၊ ဆေးကို ခါးသည်, နံသည်ဟု မစားဘဲနေလျှင် ထိုရောဂါဒုက္ခကို အသက်ထက်ဆုံး ခံရလတ္တံ့။ ။ ဆေးကိုခါးသည်, နံသည်ဟု ရဲရဲလွှတ်၍ မစားဘဲအနည်းငယ်မျှ စားပြန်လျှင် ရောဂါမပျောက်သည်နှင့် ထိုဆေးကိုလည်း မလွှတ်ရမူ၍ ရောဂါဒုက္ခ, ထိုဆေးဒုက္ခ, ဤဒုက္ခနှစ်ပါးတို့ကို ထိုသူသည် တစ်သက်လုံး ခံရလတ္တံ့။

ဤဥပမာ၌ ထိုဆေးကို တွင်တွင်စားသောသူသည် ထိုဆေးကို အလိုရှိ၍ စားရင်းမဟုတ်၊ ရောဂါကိုလည်းစက်ဆုပ်, ထိုဆေးကိုလည်း စက်ဆုပ်လှသည့်အတွက်ကြောင့် တွင်တွင်စားခြင်းသာ ဖြစ်သတည်း၊ ကိလေသာရှိနေသော အလောင်းတော်ကြီးသည် ရောဂါသည်ကြီးနှင့်တူ၏။

ထီးနန်းစည်းစိမ်သည် အနာကိုထစေနိုင်သော ညှော်ဆိုး, အစာအာဟာရဆိုးနှင့်တူ၏၊ တောထွက်သည်မှစ၍ ကိုယ်တော်သန္တာန်၌ဖြစ်သော ကာမကုသိုလ်, ရူပကုသိုလ်, အရူပကုသိုလ်စုသည် ဆေးခါးကြီးစုနှင့်တူ၏၊ ထိုကုသိုလ်စုသည် အနမတဂ္ဂသံသရာ၌လည်း အလောင်းတော်ကို ကျင့်မှု, စောင့်ရှောက်မှုနှင့် နှိပ်စက်ညှဉ်းပန်းလှလေပြီ၊ ယခုလည်း မဟာပဓာနကိစ္စနှင့် ချုံးချုံးကျအောင် နှိပ်စက်လေ၏၊ ထို့ကြောင့် ကိလေသာနှင့်တကွ ထိုကုသိုလ်တို့ကို စက်ဆုပ်လှ၍ မြန်မြန်စွန့်တည့်ရအောင် တွင်တွင်ကျင့်တော်မူမှုသာ ဖြစ်သတည်း၊ ထိုကုသိုလ်တို့ကို အလိုရှိ၍ ကျင့်ရင်းမဟုတ်။ ။ ထို့ကြောင့်---

အဏုမတ္တောပိ ပုညေန၊ အတ္ထော မယှံ န ဝိဇ္ဇတိ၊

-ဟု မာရ်နတ်ကိုဆိုတော်မူသည်။

ဥပမာ--အလွန်ပူပြင်းလှသော နွေလအခါ၌ ကျောင်း၏အနီး, အိမ်၏ အနီးတွင် အဆိပ်ထန်သော မြွေ,ကင်း,သန်းတို့ဖြင့်ပြည့်သော ခြောက်သွေ့ ဆွေးမြေ့သော ကြီးစွာသော ဆူးမှိုက်ပုံကြီးသည်ရှိ၏၊ ထိုဆူးမှိုက်ပုံကြီး၌ မြွေမှု, ကင်းမှု, မီးရေး, ထင်းရေး အလွန်ကြောက်ကြရ၏၊ မီးမှသာလျှင် ထိုအမှိုက်ပုံကို အကုန်ကွယ်ပျောက်အောင် တတ်နိုင်၏၊ ပူလှတုန်းအခါဖြစ်၍ မီးကိုအလိုမရှိသော အခါလည်း ဖြစ်ခဲ့၏၊ ထိုသို့ဖြစ်လျက် မီးကိုပင် အရရှာ၍ ထိုအမှိုက်ပုံကို တိုက်ရ၏၊ အမှိုက်ပုံလည်း ကုန်လေ၏၊ ထိုမီးသည်ငြိမ်းလေ၏၊ နောင်လည်း မီးရေး, ထင်းရေး, မြွေရေး, ကင်းရေး, အကုန်ငြိမ်းလေ၏၊ ဤဥပမာကား လောကုတ္တရာကုသိုလ် နှင့်လည်း သင့်လျော်ပါ၏၊ ဤဥပမာ၌ မီးကို အလိုမရှိ, မီးကို စက်ဆုပ်ပါလျက် မီးကိုပင် အရရှာရသည်၊ ကြီးစွာတောက်၍ ထအောင်မွေးမြူ ချီးပင့်ရသည်။ ။ သိသာပြီ။

သာဝကတို့၌လည်း ကုသိုလ်ကိုအလိုရှိ၍ ကုသိုလ်ရအောင် ကုသိုလ် ဖြစ်အောင်ဟု နှလုံးပြု၍ဒါနမှု, သီလမှု, ပရိယတ်မှု, ပဋိပတ်မှုတို့ကို ပြုသော ရဟန်းတို့သည်လည်းကောင်း, ဝါသနာဖြစ်ဖို့, ပါရမီဖြစ်ဖို့ဟု နှလုံးပြု၍ ပရိယတ်မှု, ပဋိပတ်မှု, ဘာဝနာမှုတို့ကိုပြုရသော ရဟန်းသည်လည်းကောင်း, ယခုဘဝတွင် မိမိပြုသော ကုသိုလ်အတွက် နောက်နောင်ဖို့ ဆုတောင်းအမျိုးမျိုး ပတ္ထနာ အမျိုးမျိုးကိုပြုကြသော ရဟန်းစုသည်လည်းကောင်း, ကုသိုလ်ကို အလိုရှိ၍ ပြုကြသူတို့ပေတည်း၊ အလိုရှိ၍ပြုသော ကုသိုလ်ဟူသမျှသည် တဏှာမာန သက္ကာယဒိဋ္ဌိတို့နှင့် ယှဉ်သည်ဖြစ်၍ ယခုဘဝ မဂ်ဖိုလ်မှ ဗီလာကဲ့သို့ဖြစ်၏။

ကုသိုလ်မှုမည်သည်--မိမိသန္တာန်မှာရှိနေသော ကိလေသာကို သတ်မှု ပေတည်း၊ ထို့ကြောင့် ထိုထိုကုသိုလ်မှုကို အားထုတ်ကြရာ မိမိသန္တာန်မှာ လောဘ, ဒေါသ, မောဟဟူသော မီးကြီးသုံးပါး, ကုန်, မကုန်, ချုပ်, မချုပ်, ငြိမ်း, မငြိမ်းကိုသာ ကြည့်ရာ၏၊ ကုသိုလ်ဖြစ်မှု ကုသိုလ်ရမှုကို အရေအတွက်ပြု၍ မနေရာ၊ နေရာအိမ်ကို မီးလောင်၍ ရေတွင်းရေကန်မှရေကို ဆောင်ယူ၍ မီးသတ်သော ယောကျာ်းသည် မီးငြိမ်း, မငြိမ်းကိုသာ ကြည့်ရာ၏၊ အမှုစိုက်ရာ၏၊ ငါ့အိမ်တွင်းသို့ ရေအိုးလုံးရေ မည်မျှရောက်သည်ဟု အမှုမစိုက်ရာ။

www.dhammaransi.com



ဥပမာ--ဦးခေါင်းကို မီးလောင်၍ ရေဖြင့်လောင်း၍ မီးကိုသတ်ရာ၌ မီးငြိမ်း, မငြိမ်းကိုသာ အမှုစိုက်ရာ၏၊ ဦးခေါင်းမှာ ရေအချင့်ပေါင်း, အချိန်ပေါင်း မည်မျှရောက်သည်ဟူ၍လည်းကောင်း၊ ချိုသည် ငန်သည်ဟူ၍လည်းကောင်း, ကြည်သည် နောက်သည်ဟူ၍လည်းကောင်း၊ ရေကို အမှုမစိုက်ရာ၊ ထို့အတူ အဆိပ်ထန်သောမြွေကိုက်၍ ဆေးကုရာ၌ မြွေဆိပ်ငြိမ်း မငြိမ်းကိုသာ အမှုစိုက်ရာ၏၊ ဆေးအချင့် ဆေးအချိန်ကိုလည်းကောင်း, မြေပေါက်ဆေး-ရေပေါက်ဆေးစသည်ကိုလည်းကောင်း အမှုမစိုက်ရာ။

ဤအတူ သာသနာထမ်း ရဟန်းတို့မှာလည်း ဘယ်လိုကျင့်လျှင် မီးသုံးပါးငြိမ်းသည်ဟုဟောတော်မူသည်ကို နေရာကျသိသည်ရှိသော် အလျင်အမြန် မီးသုံးပါးငြိမ်းမှုကိုသာ အမှုကြီးပြု၍ ထိုထိုအကျင့်တို့ကိုကျင့်ရမည်၊ ရေငတ်လှ၍ ရေတွင်းကိုတူးသောသူသည် တူးမှုမှ ထွက်၍လာသော မြေစာတို့ကို အမှုတစ်ခု မစိုက်သကဲ့သို့ ထိုကျင့်မှု, အားထုတ်မှုတို့မှဖြစ်၍လာသော သီလကုသိုလ်, သမာဓိကုသိုလ်, ပညာကုသိုလ်တို့ကို တဏှာဖြင့် သာယာ၍ ကုသိုလ်ရပေသည်, ကုသိုလ်ဖြစ်ပေသည်, ကောင်းလေစွ ကောင်းလေစွဟု အမှုတစ်ခုမစိုက်ရာ၊ မိမိကိုယ်တွင်း၌လည်း အားရဝမ်းသာခြင်း, တက်ကြွခြင်းမဖြစ်ရာ၊ သူတစ်ပါးသိစေလိုသော စိတ်လည်း ဘိတ်မရှိရာ ဟူလိုသည်။

ဤကား "အဏုမတ္တောပိ ပုညေန၊ အတ္ထော မယှံ န ဝိဇ္ဇတိ"
ဟူသော ပါဌ်၏ အဓိပ္ပါယ်ပြီး၏။

၈။ အတ္ထိ သဒ္ဓါ တပေါ ဝီရိယံ၊ ပညာစ မမ ဝိဇ္ဇတိ။
ဧဝံ မံ ပဟိတတ္တမ္ပိ၊ ကိံ ဇီဝံ အနုပုစ္ဆသိ။ ။

၈။ ပါဝိမ=ဟယ် မာရ်ယုတ်၊ မမ=ငါအား၊ သဒ္ဓါစ=အကယ်၍ငါ အားထုတ်ပါမူ ခန္ဓာကင်းပျောက် နိဗ္ဗာန်မှောက်သို့ ရောက်၏မုချ ဤဘဝဟု နှစ်ခွမသုန် အပြီးယုံသော သဒ္ဓါတရားသည်လည်း၊ အတ္ထိ=ရှိ၏၊ တပေါဝီရိယံစ=ကိလေသာသိုက် မြက်အမှိုက်ကို ဘုတ်မြိုက်လောင်ခြစ် ပြာမှုန့်ဖြစ်အောင် ပြီးဖြစ်နိုင်လောက် ရဲရဲတောက်သော ဝီရိယသည်လည်း၊ အတ္ထိ=ရှိ၏၊ ပညာစ=အဝိဇ္ဇာမှောင် မြေမှုန့်တောင်ကို အခေါင်ဖြိုခွဲ တပြန့်ကြဲအောင် ရဲရဲချွန်ချွန် အဝှန်ချွေမှုန်း သိကြားဘုန်း

www.dhammaransi.com



နှင့်တူသော ပညာသည်လည်း၊ အတ္ထိ=ရှိ၏၊ ဧဝံ=ဤသို့မချို့အင်္ဂါ စုံလင်စွာဖြင့်၊ ပဟိတတ္တံ=ခန္ဓာအသက် မငဲ့ကွက်ဘဲ ရက်ရက်စွန့်စားကာနေသော၊ မံပိ= ငါ့များကိုပင်၊ ကိံ=အဘယ့်ကြောင့် အသက်ရှည်ရေး နည်းပေးလမ်းပြ ဆုံးမ လေဟန် အသံစကားနှင့်၊ အနုပုစ္ဆသိ=စပ်နွယ်မေးမြန်း စုံစမ်းပြောဆိုဘိသနည်း။

ယခုကာလ--ရဟန်းတို့ကား ထိုကဲ့သို့သော သဒ္ဓါမရှိ၍ မိမိကိုယ်ကို တိဟိတ်သား ဟုတ်မည် မဟုတ်မည်, ပါရမီ ဖြည့်ပြီးဟုတ်မည် မဟုတ်မည်, မဂ်ဖိုလ် ရထိုက်သော ခေတ်ရှိသေးမည် မရှိမည်ဟု စိတ်နှလုံး နောက်ကျုလျက် မိမိတို့ ကိုယ်ကို မိမိတို့ဖျက်ကြ၏၊ ထိုကဲ့သို့သော သဒ္ဓါရှိသော သူမှာမူကား ဘုရား တရားတော်ကို ကောင်းကောင်း ကြားနာရသော အခါမှစ၍ ယခုဘဝ ထမြောက် အောင် အားထုတ်မည်ဟူသော စိတ်တစ်ခုသာရှိ၏၊ တိဟိတ်သား ဟုတ်မည် မဟုတ်မည်, ပါရမီဖြည့်ပြီး ဟုတ်မည် မဟုတ်မည်, ခေတ်သမယ ဟုတ်မည် မဟုတ်မည်ဟူသော နှလုံးနောက်ကျုမှုမရှိပေ၊ ကုသိုလ်ကို လိုချင်မှု, ဤကဲ့သို့ နှလုံးနောက်မှုသည် မဂ်ဖိုလ်၏ ဗီလာသာတည်း။

၉။ နဒီနမပိ သောတာနိ၊ အယံ ဝါတော ဝိသောသယေ။
ကိံ စ မေ ပဟိတတ္တဿ၊ လောဟိတံ နုပသုဿယေ။ ။

၁၀။ လောဟိတေ သုဿမာနမှိ၊ ပိတ္တံ သေမှဉ္စ သုဿတိ။
မံသေသု ခိယျမာနေသု၊ ဘိယျော စိတ္တံ ပသီဒတိ။
ဘိယျော သတိ စ ပညာ စ၊ သမာဓိမမ တိဋ္ဌတိ။

၉။ အယံဝါတော=ဤလေမည်သည်၊ နဒီနံ=မြစ်တို့၏၊ သောတာနိ အပိ= ရေအယဉ်တို့ကိုပင်သော်လည်း၊ ဝိသောသယေ=ခြောက်သွေ့စေခြင်းငှါ စွမ်းနိုင်ရာ သေး၏၊ ပဟိတတ္တဿ=စွန့်လွှတ်အပ်သော အတ္တဘောရှိသော၊ မေ=ငါ၏၊ လောဟိတံ=သွေးကို၊ ကိံစ နုပသုဿယေ=မခန်းခြောက်စေနိုင်ဘဲရှိအံ့နည်း။

၁၀။ လောဟိတေ=လေးကွမ်းစားမျှလောက်သောသွေးသည်၊ သုဿမာနမှိ= ခြောက်ခန်းခဲ့သည်ရှိသော်၊ ပိတ္တဉ္စ=သည်းခြေသည်လည်းကောင်း၊ သေမှဉ္စ= တစ်ကွမ်းစားမျှလောက်သော သလိပ်သည်လည်းကောင်း၊ သုဿတိ=ခန်းခြောက် လော၏၊ မံသေ ု=ကိုးရာသော အသားစိုင်တို့သည်၊ ခိယျမာ ေ ုသု=ကုန်ခန်း ုန်

www.dhammaransi.com



သည်ရှိသော်၊ ဘိယျော=အတိုင်းထက်အလွန်၊ စိတ္တံ=စိတ်သည်၊ ပသီဒတိ=ကြည်၏၊ ဘိယျော=အတိုင်းထက်အလွန်၊ သတိစ=စကြာမင်းတို့၏ ဘဏ္ဍာစိုးနှင့်တူသော သတိသည်လည်းကောင်း၊ ပညာစ=ဝရဇိန်လက်နက် မိုးကြိုးစက်နှင့်တူသော ပညာသည်လည်းကောင်း၊ သမာဓိစ=မြင့်မိုရ်တောင်နှင့်တူသော သမာဓိသည်လည်းကောင်း၊ အဓိတိဋ္ဌတိ=မတုန်လှုပ်ဘဲ တိုးတက်ကဲ၍ အမြဲတည်နေ၏။

ပဟိတတ္တ--"ပဟိတတ္တော"စွန့်လွှတ်သော ကိုယ်ရှိသည်ဆိုသည်ကား ကမ္မဋ္ဌာန်းကို မအိပ်မနေအားထုတ်ရာ အသွေးအသားကုန်ခန်း၍ အရေအကြော အရိုးမျှပင် ကျန်သော်လည်း အတ္တဘောကို အမှုမစိုက် ညှာတာလိုသော စိတ်မဖြစ်, အားထုတ်မှုကို လျော့လိုသော စိတ်မဖြစ်၊ တစ်စုံတစ်ခုရောဂါ ဥပဒ်ကြီးစွာဖြစ်၍ မဟုတ်ဘဲ အားထုတ်မှု သက်သက်ကြောင့် အသွေးအသား ကုန်ခန်း၍သွားလျှင် ကုန်လေစေ ခန်းလေစေ, အာရုံပင်မပြု, အမှုပင် မစိုက်သည်ကို ပဟိတတ္တ ဆိုသည်၊ မဂ်ဖိုလ်ကိုရကြသည်မှာ အလွယ်တကူနှင့် ရကြသည်လည်းရှိ၏။

မြတ်စွာဘုရားနှင့်တွေ့၍--တရားဟောရာ တရားနာရုံနှင့်ရသော သူများသည် အလွယ်တကူနှင့်ရသောသူမည်၏၊ အချို့သူတို့ကား ပဓာနအလုပ်ကို လုပ်နိုင်မှရကြ၏၊ မလုပ်နိုင်လျှင် မရကုန်၊ တစ်နှစ်လုပ်မှရမည့်သူ, နှစ်နှစ်လုပ်မှ ရမည့်သူ, သုံးနှစ်လုပ်မှ, လေးနှစ်လုပ်မှ, ငါးနှစ်လုပ်မှရမည့်သူ, ဆယ်နှစ်လုပ်မှ, အနှစ်နှစ်ဆယ်လုပ်မှ, အနှစ်သုံးဆယ်-လေးဆယ်-ငါးဆယ်-လုပ်မှ ရမည့်သူဟူ၍ အမျိုးမျိုးရှိပြန်၏။

တစ်နှစ်လုပ်မှရမည့်သူသည် တစ်နှစ်ပြည့်အောင် ကိုယ်ခန္ဓာအတ္တဘော ကိုစွန့်၍ လုပ်နိုင်မှရသည်၊ တစ်နှစ်ပြည့်အောင်မစွန့်နိုင်လျှင် သည်ဘုရားသာသနာမှာ မရပြီ၊ အနှစ်ငါးဆယ်လုပ်မှရမည့်သူသည် အနှစ်ငါးဆယ်ပြည့်အောင် ကိုယ်ခန္ဓာ အတ္တဘောကိုစွန့်၍ လုပ်နိုင်မှရသည်၊ တစ်နှစ်လို၍နေလျှင် သည်ဘုရားသာသနာမှာ မရပြီ။

ဘုရားနှင့်ကိုယ်တိုင် မတွေ့ရသောသူတို့မှာ ပဓာနအလုပ်ကို လုပ်နိုင်မှ ရတော့သည်၊ မလုပ်နိုင်လျှင် သည်ဘုရားသာသနာမှာ မရပြီ၊ နောက်ဘုရား သာသနာမှာလည်း သာသနာနှင့် အခန့်သင့် ကြုံကြိုက်မှရသည်၊ အပါယ်ဘဝ

www.dhammaransi.com



ဆီမှာ ထောင့်၍နေပြန်လျှင် နောက်ဘုရားသာသနာမှာလည်း ရသည်မဟုတ်၊ ကျွတ်ထိုက်သော ပါရမီရှိလျက် ပဓာနအလုပ်ကိုမလုပ်၍ မရသောသူ အများ ရှိသည်။

၁၁။ တဿ မေဝံ ဝိဟရတော၊ ပဿ ဥတ္တမဝေဒနံ။
ကာမေသု နာပေက္ခတေ စိတ္တံ၊ ပဿ သတ္တဿ သုဒ္ဓတံ။ ။

ဧဝံ=ဤသို့ ကိုယ့်သွေးကိုယ့်သား ကုန်ခန်းငြားလည်း စိတ်ထားမွန်ရည် တိုး၍ကြည်လျက်၊ ဝိဟရတော-ဝိဟရန္တဿ=နေထသော၊ မေ=ငါ၏၊ ဥတ္တမဝေဒနံ= မဟာပုရိသ ယောကျ်ားတံခွန် အလောင်းမွန်တို့ အဝှန်သည်းစွာ ခံကြရာသား ဝေဒနာမြတ် အတုလွတ်ကို၊ တွံ=သင် မာရ်နတ်သည်၊ ပဿ=ရှုစမ်းလော့၊ ဧဝံပိ= သို့စဉ်ကလောက် ကိုယ်လုံးခြောက်၍ မီတောက်ကမန်း အလွန်ပန်းသော်လည်း၊ စိတ္တံ=ငါ၏စိတ်သည်၊ ကာမေသု=တိုင်းတော်ပြည်တော် ယသော်ရာဟု နန်းသူ့ အပေါင်း လေးသောင်းရံသန်း ရွှေနန်းသုံးဆူစသော ကာမဝတ္ထုတို့၌၊ နာပေက္ခတေ= ပြန်၍တပ်မက် မငဲ့ကွက်မိ၊ ပါပိမ=ဟယ် မာရ်နတ်ယုတ်၊ သတ္တဿ=ပါရမီထူး ဖြည့်ခဲ့ဖူးသား တစ်ဦးသတ္တဝါ ယောကျ်ားငါ၏၊ သုဒ္ဓတံ=နှလုံးအမူ ဖြူစင်ဖြောင့် မတ်ပုံကို၊ ပဿ=ကြည့်စမ်းလော့။

၁၂။ ကာမာ တေ ပဌမာသေနာ၊ ဒုတိယာ အရတိ ဝုစ္စတိ။
တတိယာ ခုပ္ပိပါသာ တေ၊ စတုတ္ထီ တဏှာ ဝုစ္စတိ။ ။

၁၃။ ပဉ္စမံ ထိနမိဒ္ဓံ တေ၊ ဆဋ္ဌာ ဘီရူ ပဝုစ္စတိ။
သတ္တမီ ဝိစိကိစ္ဆာ တေ၊ မက္ခော ထမ္ဘော တေ အဋ္ဌမော။ ။

၁၄။ လာဘော သိလောကော သက္ကာရော၊
မိစ္ဆာ လဒ္ဓေါ စ ယော ယသော။
ယော စတ္တာနံ သမုက္ကံသေ၊ ပရေ စ အဝဇာနာတိ။ ။

(မာရ်စစ်သည် ၁၀-ပါး။)

၁၂။(၁) ပါပိမ=ဟယ်မာရ်ယုတ်၊ ကာမာ=လူ့ဘဝ နတ်ဘဝ ဗြဟ္မာ့ဘဝ လူ့စည်းစိမ် နတ်စည်းစိမ် ဗြဟ္မာ့စည်းစိမ်ဟူသော ဝတ္ထုကာမ, ထိုဘဝ ထို စည်းစိမ်တို့၌ ပျော်ပိုက်သော တဏှာသုံးပါးတည်းဟူသော ကိလေသာကာမ,

www.dhammaransi.com



ဤကာမနှစ်ပါး အယုတ်တရားတို့သည်၊ တေ=သင် မာရ်နတ်၏၊ ပဌမာသေနာ= ပဌမတပ်တော်ကြီးပေတည်း။

(၂) အရတိ=ရဟန်းအဖြစ်၌ မမွေ့လျော်ခြင်း, ပရိယတ်မှု ပဋိပတ်မှုတို့၌ မမွေ့လျော်ခြင်း, ဆိတ်ငြိမ်သော တောကျောင်း တောင်ကျောင်းတို့၌ မမွေ့လျော်ခြင်း, သမထဘာဝနာမှု, ဝိပဿနာဘာဝနာမှုတို့၌ မမွေ့လျော်ခြင်းဟူသော အရတိတရား ဥက္ကဏ္ဌိတတရားစုကို၊ ဒုတိယာသေနာ=ဒုတိယတပ်တော်ကြီးဟူ၍၊ ပဝုစ္စတိ=ဆိုအပ်၏။

(၃) ခုပ္ပိပါသာ=ဓုတင်ပဋိပတ် လွန်ကျဉ်းကျပ်၍ နွားငတ်ရေကျ မစားရပဲ မိဿကဘတ် ရတတ်ရာရာမျှတခါ၌ ဆာလောင်နွမ်းချည့် ဖြစ်တုံဘိသော် ဆားထိတီရှူး တွန့်တွန့်လူးသို့ အထူးစိတ်စက် အကုန်ပျက်၍ ဝိပါက်ဗလပူ ရမက်ထူခြင်းတည်းဟူသော ခုပ္ပိပါသတရားစုသည်၊ တေ=သင်မာရ်နတ်၏၊ တတိယာသေနာ=တတိယ တပ်တော်ကြီးတည်း။

(၄) တဏှာ=ဝမ်းကဟာ၍ ဆာလောင်ချည့်နဲ့ ရှိလာခဲ့သော် စိတ်ချဲ့ကိုယ်ချဲ့ အားနွဲ့အင်ယုတ် အကြံဆုတ်လျက် လုပ်ရန်အခင်း မှုတင်းလင်းကို မချဉ်းလိုက်ချင် ပျင်းစိတ်ဝင်၍ မရွှင်မလန်း စိတ်ကုန်ခန်းခြင်းတည်းဟူသော တဏှာတရားစုကို၊ တေ=သင်မာရ်နတ်၏၊ စတုတ္ထသေနာ=စတုတ္ထီတပ်တော်ကြီးဟူ၍၊ ပဝုစ္စတိ= ဆိုအပ်၏။

၁၃။ (၅) ထိန မိဒ္ဓ=အလုပ်မတွင် အပျင်းဝင်၍ မရွှင်ညှိုးနွမ်း စိတ်ကုန် ခန်းသော် တသမ်းဝေဝေ မှိုင်တွေငေးမေ့ ဖြစ်သည့်နေ့မှစ၍ဌင်း၊ သခ်မ်း ကျောင်း ဝယ် ဘယ်ပြောင်းညာပြန် မှောက်လှန်လူးလဲ တန့်ခွဲခွဲအိပ်ခြင်းတည်းဟူသော ထိန မိဒ္ဓတရားသည်၊ တေ=သင်မာနတ်၏၊ ပဥ္စမံ=ပဥ္စမ တပ်တော်ကြီးတည်း။

(၆) ဘီရူ=အပျင်းစိတ်နှင့် အအိပ်များ၍ တရားမသက် စိတ်မထက်ပဲ ရမက်နွယ်နွယ် စိတ်သိမ်ငယ်သော် ဘယ်ဘယ်ညာညာ ထွေလာစုတ်နုပ် အကြံ ရှုပ်၍ သစ်ငုတ်ကိုပင် ဆင်ဘဲကျားဘဲ ဘီလူးဘဲဟု အသဲတုံဆတ် တဖြတ် ဖြတ်လန့်ခြင်းတည်းဟူသော ဘီရုတရားကို၊ တေ=သင်မာရ်နတ်၏၊ ဆဋ္ဌာသေနာ= ဆဋ္ဌတပ်တော်ကြီးဟူ၍၊ ပဝုစ္စတိ=ဆိုအပ်၏။

www.dhammaransi.com



(၇) ဝိစိကိစ္ဆာ=အကျင့်ပြု၍ ကြောက်မှုကင်းကွာ ရဲပြန်ပါ၍ ဘာဝနာအလုပ် အားထုတ်ပြန်လည်း ဈာန်လမ်းမဂ်လမ်း စခန်းတိမ်မြုပ် ငုပ်ကြီးငုပ်၍ အလုပ်အကြံ အမှန်မုချ လမ်းရိုးကျမည် မကျမည်ဟု နှစ်လီရှုပ်ယှက် အရေးပျက်အောင် ကန့်ကွက်ဆီးတားတတ်သော ဝိစိကိစ္ဆာတရားသည်၊ တေ=သင် မာရ်နတ်၏၊ သတ္တမီသေနာ=သတ္တမတပ်တော်ကြီးတည်း။

(၈) မက္ခောထမ္ဘော=ယုံမှားဒွိဟ ကင်းစင်ပ၍ နေ့ညအားထုတ် တွင်တွင် လုပ်ရာ ဘာဝနာနိမိတ် အရိပ်အဆင် အထူးမြင်၍ အထင်ကိုပွါး ရှိပြန်ငြားသော် တစ်ပါးသူကို လူရာမသွင်း ဂုဏ်သတင်းကို နင်းနယ်ချေဖျက် မိမိထက်လျှင် အသက်သိက္ခာ ထေရ်ဝါကြီးမား သူတို့အားကို ညွတ်တွားမပြု မောက်မာမှုဟူသော မက္ခထမ္ဘတရားစုသည်၊ တေ=သင်မာရ်နတ်၏၊ အဋ္ဌမော=ရှစ်ခုမြောက်သော အဋ္ဌမတပ်တော်ကြီးတည်း။

၁၄။ (၉)တဒါ=ထိုအထူးဝိသေသ ဖြစ်ပေါ်သဖြင့် မော်လောက် မောက် လောက် ခရီးရောက်သောအခါ၌၊ လာဘောစ=လာဘ်သပ္ပကာများသည်၌ သာယာတက်ကြွသော တဏှာမာနသည်လည်းကောင်း၊ သိလောကောစ=အရပ် လေးမျက်နှာ ကြော်ငြာနှံ့ပြားသည်၌ သာယာတက်ကြွသော တဏှာမာနသည် လည်းကောင်း၊ သက္ကာရောစ=တစ်ပါးသူတို့ မရစဘူး ထူးမြတ်သော လာဘ်ကို ရရာ၌ သာယာတက်ကြွသော တဏှာမာနသည်လည်းကောင်း၊ မိစ္ဆာလဒ္ဓေါ= လာဘ်များသည်ထက်များအောင် တရားတု တရားယောင်တို့ကိုပြု၍ ပါပိစ္ဆ တဏှာနှင့်ယှဉ်လျက် စင်စစ်အမှောက်အမှားပြု၍ရအပ်သော၊ ယသောစ=အကြင် အခြံအရံ အကျော်အစော၌ သာယာတက်ကြွသော တဏှာမာနသည်လည်း ကောင်း၊ တေ=သင်မာရ်နတ်၏၊ နဝမော=ကိုးခုမြောက်သော နဝမတပ်တော်ကြီး တည်း။

(၁၀) အတ္တာနံ=မိမိကိုယ်ကို၊ ယော သမုက္ကံသေ=အကြင်ချီးပင့်မြှောက်စား မှုသည်လည်းကောင်း၊ ပရေ=သူတစ်ပါးတို့ကို၊ ယော အဝဇာနာတိ=အကြင် အထီမဲ့မြင် မထီလေးစား ပြုမှုသည်လည်းကောင်း၊ တေ=သင်မာရ်နတ်၏၊ ဒသမော=ဆယ်ခုမြောက်သော ဒသမတပ်တော်ကြီးတည်း။

www.dhammaransi.com



ပုဂ္ဂလာဓိဋ္ဌာန်ဒေသနာကို ဓမ္မာဓိဋ္ဌာန်ပြု၍ ထင်ရှားအောင် အနက်ဆိုလိုက်သည်၊ ရဟန်းတို့၌ တဏှာဖြင့်သာယာလောက်သော သင်္ကန်း သပိတ် ပရိက္ခာ တိုက်တာကျောင်းကန် အရာမ်ဥယျာဉ် ခဋ္ဋင် ညောင်စောင်း အခင်းအရုံ အလုံးစုံသည်လည်း ရဟန်းတို့၏ ကာမဂုဏ် ဝတ္ထုစုပင်တည်း။

(၁) ဗုဒ္ဓုပ္ပါဒဒုလ္လဘ, ပဗ္ဗဇိတဒုလ္လဘကို သိကြလျက် ဂိဟိဘောဂကို မစွန့်နိုင်၍ ဂိဟိဘောဂ အလယ်၌ ပုထုဇဉ်အနေနှင့် သေဆုံးကြသောလူစု။

(၂) ရုက္ခမူလကျောင်း, ပံသုကူသင်္ကန်း, ပိဏ္ဍိယာလောပဆွမ်း, ပူတိမုတ္တဆေးတို့ကို ရဟန်းခံစဉ်အခါ ကြားဘူးကြပါလျက် ဂဟပတိတို့ လှူဒါန်းသော ကျောင်း, သင်္ကန်း, ဆွမ်း, ဆေးတို့ကို မစွန့်နိုင်၍ ပဗ္ဗဇိတ ကာမဂုဏ် အလယ်၌ ပုထုဇဉ်အနေနှင့်သေဆုံးကြသော ရဟန်းစု။

ဤလူရှင် ရဟန်းတို့သည် မာရ်မင်း၏ ကာမဟူသော ပဌမတပ်တော်ကြီးနှင့် ဆိုင်မိ၍ မလှတမ သေဆုံးကြသော သူတို့ပေတည်း။

အချို့သော ရဟန်းတို့သည် ပဌမတပ်ကြီးမှ အလွတ်ထွက်ခဲ့၍ တောအရပ်တွင် ဓုတင်ပဋိပတ်နှင့် နေကြရာ (၁)အရဟိ။ (၂)ခုပ္ပိပါသာ။ (၃)တဏှိ။ (၄)ထိနမိဒ္ဓ။ (၅)ဘီရူ။ ဤတပ်ကြီးငါးတန် ဝိုင်းမိပြန်၍ လွတ်အောင် မထွက်နိုင်ကြဘဲ ထိုတပ်ထဲမှာပင် ပုထုဇဉ်ဘဝနှင့် မလှတမ သေဆုံးကြကုန်၏။

ယခုကာလ၌ ဂါမဝါသီ ရဟန်းတို့သည် ပဌမတပ်တွင်းမှာပင် မြုပ်ဆုံးကြကုန်၏၊ အရညဝါသီရဟန်းတို့သည် နောက်တပ်ငါးတပ်အတွင်းမှာ မြုပ်ဆုံးကြကုန်၏၊ သတ္တမတပ်သို့ ရောက်အောင်လာနိုင်သောသူပင် မရှိကြပြီ။

၁၅။ ယော နမုစိ တေ သေနာ၊ ကဏှဿာဘိပ္ပဟာရိနီ။
န နံ အသူရော ဇိနာတိ၊ ဇေတွာစ လဘတေ သုခံ။ ။

၁၅။ နမုစိ=လူနတ်ပြဟ္မာ သတ္တဝါကို သံသရာညွတ် ဒုက္ခဝဋ်မှ မလွတ်စေမူ အတင်းပြုသည့် ဗိုလ်ထုကြီးလတ် ဟယ်မာရ်နတ်၊ ယော=ဤကာမအရတိ အစရှိသော တရားစုသည်၊ တေ=သင်မာရ်နတ်၏၊ သေနာ=စစ်သည်ဗိုလ်ထု ရဲမက်စုသည်၊ ဟောတိ=ဖြစ်၏၊ ကဏှဿ=နှလုံးအမူ အဖြူမဘက် ထည်လုံးနက်သား

www.dhammaransi.com



ရမက်ကြီးလတ် သင်မာရ်နတ်၏၊ အဘိပ္ပဟာရိနီ=ရဟန်းရသေ့ ဟူသရွေ့ကို တွေ့တိုင်းပစ်ခတ် အသေသတ်သော သေနတ်မီးပေါက် အမြောက်စိန်ဗုံး တွေလည်းမည်၏၊ အသူရော=သဒ္ဓါဆန္ဒ ဝီရိယဉာဏ် မစွမ်းသန်သော ပုထုဇ္ဇန်မွဲ သူ့မရဲများသည်၊ နံ=ထိုတပ်ကြီးဆယ်တန် သင်၏ရန်ကို၊ နဇိနာတိ=တွန်းလှန် တိုက်ဖျက် အလွတ်ထွက်ခြင်းငှါ မစွမ်းနိုင်ကြလေ၊ သူရောဇေ=သဒ္ဓါဆန္ဒ ဝီရိယဉာဏ် ထက်သန်ကြီးမား လွန်စွန့်စားသော ယောကျ်ားအာဇာနည်များ သည်သာလျှင်၊ ဇိနာတိ=မြက်ပင်တစ်ပင် ထိမမြင်ဘဲ အလျင်အမြန် တွန်းလှန် တိုက်ဖျက် အလွတ်ထွက်ခြင်းငှါ စွမ်းနိုင်ကြ၏၊ ဇေတွာစ=တွန်းလှန်တိုက်ဖျက်၊ အလွတ်ထွက်နိုင်မှသာလျှင်၊ သုခံ=ဗိုလ်ထုအများ ဆယ်တပ်သားတို့၏ ခါးဘေး, လုံ့ဘေး လက်နက်ဘေးမှ ကင်းဝေးလှစွာ မြတ်ချမ်းသာကို၊ လဘတေ=ရနိုင် လေသတည်း။

၁၆။ ဧသ မုဥ္ဇံ ပရိဟရေ၊ ဓိရတ္ထု ဣဓ ဇီဝိတံ။
သင်္ဂါမေ မေ မတံ သေယျော၊ ယဉ္စေ ဇီဝေ ပရာဇိတော။ ။

၁၆။ ဧသဧသော=ဤသိဒ္ဓတ်မင်းသည်၊ မုဥ္ဇံ=စစ်မြေရောက်က နောက်သို့ တစ်လှမ်း မဆုတ်တမ်းဟု ရဲစွမ်းအောင်လံ တံခွန်မှန်သား ဖြူဆံမြက်တိတ် ပန်းနိမိတ်ကို၊ ပရိဟရေဣတိ=ခေါင်းဝယ်စိုက်ထောင် ရဲပန်းဆောင်သည့် ကြက် တောင်ဗိုလ်ကြီးဟူ၍၊ မံ=ငါ့ကို၊ ဓာရေဟိ=သင်မှတ်လော့၊ မမ=စစ်မြေပွဲဝယ် အကဲမလှ ဆုတ်ပြီးမှလျှင် သင်၏လက်အောက် ရောက်ပြန်ရသောငါ၏၊ ဣဓ= ဤလောက၌၊ ဇီဝိတံ=အသက်ရှည်ကာနေရခြင်းသည်၊ ဓိရတ္ထု=အရှက်ကြီးကွဲ အကျိုးနဲ၍ အကဲစုပ်နုပ် သတင်းပုပ်လျက် စက်စုပ်ဖွယ်ကြီး ဖြစ်စွတကား၊ သင်္ဂါမေ= စစ်မြေစစ်ပွဲ၌၊ မတံ=ကျ၍သေရခြင်းသည်သာလျှင်၊ မေ=ငါ့အား၊ သေယျော= ကောင်းစွာသေး၏၊ အဟံ=ငါသည်၊ ပရာဇိတော=မလှစစ်ရေး အရှုံးပေးလျက်၊ ဇီဝေ=အသက်ရှည်ရငြားအံ့၊ ဧတံ=ဤသို့အရှုံးပေး၍ အရေးမလှ အရှက်ရလျက် အသက်ရှည်ရခြင်းသည်၊ ယဉ္စေ=မမြတ်သည်သာလျှင်တည်း။

ဤဂါထာဖြင့်လည်း ပဟိတတ္တ ဖြစ်ကြောင်းပင် ပြတော်မူသည်။ အထက်က ပြခဲ့သော ပဟိတတ္တမှာ အသွေးအသားကုန်ခန်း၍ ကုန်သည်တိုင်အောင်ပင် ကိုယ်ခန္ဓာကို ညှာတာစိတ်မရှိသည်ကား ပဟိတတ္တမှုတည်း။ ။ ဤဂါထာ၌ပြသော

www.dhammaransi.com



ပဟိတတ္တမှာ ယခုအားထုတ်သော ပဓာနအလုပ်သည် ထမြောက်လျှင်လည်း ကောင်း၏၊ မထမြောက်လျှင်လည်း အလုပ်လက်ရှိနှင့် သေရလျှင် ကောင်း သေးသည်သာ ဖြစ်၏ဟု ဤအလုပ်နှင့်ကိုယ်ခန္ဓာ အပြီးစွန့်လိုက်သော ပဟိတတ္တ ပေတည်း။ ။ ဤသို့သော ပဟိတတ္တနှင့်ပြည့်စုံသော သူအားယခုဘဝ ထမြောက် လျှင်လည်း ကောင်းပါ၏၊ မထမြောက်ဘဲနေခဲ့သော်, မပေါက်ဘဲနေခဲ့သော်, မရောက်ဘဲနေခဲ့သော်, မရဘဲနေခဲ့သော်ဟု စိတ်နှစ်ခွမရှိပြီ၊ ဈာန်မဂ်ဖိုလ် အလုပ်ကို အားထုတ်သော သူမည်သည် ဤကဲ့သို့စိတ်နှစ်ခွ မရှိဘဲ ဤဘဝနှင့် ဤအလုပ်ဟု အပြီးစွန့်သော ပဟိတတ္တ စိတ်နှင့်လုပ်မှ ရနိုင်ရောက်နိုင် ထမြောက်နိုင်သည်။

၁၇။ ပဂါဠေ့တ္တ န ဒိဿန္တိ၊ ဧကေ သမဏဗြာဟ္မဏာ။
တဥ္စ မဂ္ဂံ န ဇာနန္တိ ၊ ယေန ဂစ္ဆန္တိ သုဗ္ဗတာ။ ။

၁၇။ ဧကေ=အချို့အချို့ကုန်သော၊ သမဏဗြာဟ္မဏာ=သဒ္ဓါဝီရိယ ဗလ စွမ်းရေ မရှိလေဘဲ စစ်မြေဦးဝယ် စစ်မှူးကိရိယာ သက်နိုးဝါနှင့် ပရိက္ခရာအစုံ ဝတ်ရုံဘွဲ့ယှက် ယောင်ထွက်ထွက်ကြကုန်သော ရဟန်းပုဏ္ဏားတို့သည်၊ ဇတ္ထ= ဤတပ်ကြီးဆယ်ခု ဗိုလ်ထုများအင် စစ်မြေပြင်၌၊ ပဂါဠ=စကားပြန်မျှ မကျန်စုပ်စုပ် အကုန်မြုပ်ကြကုန်၍၊ နဒိဿန္တိ=ဤသူတစ်ယောက် လွတ်မြောက်ခြင်း မသေ ကျန်ဟု ရှာကြံမရ မမြင်ရကုန်၊ ကသ္မာ=အဘယ့်ကြောင့်နည်းဟူမူ၊ သုဗ္ဗတာ= ကောင်းသော အကျင့်ရှိကြကုန်သော အရိယာသူတော်ကောင်းတို့သည်၊ ယေန မဂ္ဂေန=အကြင်ဗောဇ္ဈင်ခုနစ်ပါး တရားစကြာ ရတနာလမ်းခရီးဖြင့်၊ သုဂတိ= ကောင်းသောသူတို့၏လားရာ ခေမာနဂရ ရွှေပြည်မသို့၊ ဂစ္ဆန္တိ=ဆိုက်ရောက် ကြကုန်၏၊ တဥ္စမဂ္ဂံ=ထိုဗောဇ္ဈင်ခုနစ်ပါး တရားစကြာလမ်းခရီးကို၊ နဇာနန္တိ= ကိုယ်တွေ့မျက်မှောက် အသိမြောက်အောင် မပေါက်နိုင်ကြကုန်။

**ဤတွင်ရွှေ့ကား မဟာပဓာနအကျင့်ကို ကျင့်တော်မူစဉ်အခါ၌ မာရ်နတ်ကို ဟောတော် မူသော ဂါထာစုပြီး၏။**

နောက်လေးဂါထာ ပလ္လင်ပေါ်သို့ရောက်၍ မာရ်နတ်စစ်တက်၍ လာရာ တွင် မြွက်ဆိုတော်မူသော ဂါထာပေတည်း။

၁၈။ သမန္တာ ဓဇိနိံ ဒိသွာ၊ ယုတ္တံ မာရံ သဝါဟနံ။
ယုဒ္ဓါယ ပစ္စုဂ္ဂစ္ဆာမိ၊ မာ မံ ဌာနာ အစာဝယိ။ ။

www.dhammaransi.com



၁၉။ ယံ တေ တံ နပ္ပသဟတေ၊ သေနံ လောကော သဒေဝကော။
တံ တေ ပညာယ ဘဉ္ဇာမိ၊ အာမံ ပက္ကံဝ အသ္မနာ။ ။

၁၈။ ဓဇိနိံ=သိန်းသန်းကုဋေ မိုးလုံးဝေလျက် အထွေထွေသော အဆင်းရှိသော အောင်လံတံခွန်တို့နှင့်ပြည့်စုံသော စစ်သည်ဗိုလ်ထု ရဲမက်စုကိုလည်းကောင်း၊ သဝါဟနံ=ဂိရိမေခလာဆင်နှင့်တကွသော၊ မာရံ=မာရ်နတ်ကိုလည်းကောင်း၊ သမန္တာ=မြေမိုးမွမ်းဖြင် ထက်ဝန်းကျင်မှ၊ ယုတ္တံ=တညီတညာ ထွေလာချောက်ချိန်း တပ်ကြီးဟိန်းလျက် ထိန်းထိန်းကြော်ငြာ ချီတက်လာသည်ကို၊ ဒိသွာ=ပလ္လင်ပေါ်မှ မြင်တော်မူလတ်သော်၊ ဟရေမာရ=အယုတ်တမာ ဆိုးညစ်စွာသည့် မိစ္ဆာသူသတ် ဟယ်မာရ်နတ်၊ ဥပဂစ္ဆ=ရဲလျှင်အတင်း ငါ့ထံရင်းသို့ ချဉ်းခဲ့လော့၊ အဇ္ဇ=ယနေ့၊ တယာ=နင်နှင့်၊ ယုဒ္ဓါယ=ဘုန်းစွမ်းလူစ အလင်းပြ၍ ပွဲရှုံးနိုင် စစ်ရေးပြိုင်ခြင်းငှါ၊ ပစ္စုဂ္ဂစ္ဆာမိ=နေရဋ္ဌာ မြစ်ကခွါ၍ ရတနာဗောဓိ သီရိရွှန်းဝေ ပလ္လင်ဗွေထက် အောင်မြေနင်းကာ မြော်တင်းအသင့် ငါနေလင့်၏၊ မံ=ငါ့ကို၊ ဌာနာ=ထက်ဝယ်ဘွဲ့ရာ အပရာဇိတ ဌာနပလ္လင် သမိုက်ပြင်မှ၊ မာ အစာဝယိ=ပြောင်းရွှေ့စေလျက် အနေပျက်အောင် နှောင့်ယှက်ခြင်းငှါ သင်မတတ်နိုင်။

၁၉။ ဟရေမာရ=အယုတ်တမာ ဆိုးညစ်စွာသည့် မိစ္ဆာသူသတ် ဟယ်မာရ်နတ်၊ သဒေဝကော=နတ်ဗြဟ္မာနှင့်တကွသော၊ သဗ္ဗောလောကော=လူအားလုံးသည်၊ (သဗ္ဗော-ကား ထည့်)၊ တေ=သင်မာရ်နတ်၏၊ ယံတံသေနံ=အကြင်ကာမစသော စစ်သည်ဆယ်ပါး, ယခုချီတက်၍လာသော မာရ်စစ်သည်စုကို၊ နပ္ပသဟတေ=တန့်စားကြံ့ခိုင် မခံနိုင်၍ မပြိုင်စစ်ရေး အရှုံးပေးကာနေကြ၏၊ အဟံပန=ငါတမူကား၊ ဗလဝါ=ကိုယ်အားစိတ်အား လွန်ကြီးမားသော၊ ပုရိသော=ယောက်ျားသည်၊ အသ္မနာ=ကြီးစွာသောကျောက်လုံးဖြင့်၊ အာမံ=မကျက်သေးသော အိုးစုကိုလည်းကောင်း၊ ပက္ကံ=ကျက်ပြီးသောအိုးစုကိုလည်းကောင်း၊ ဘိန္ဒတိဣဝ=ဒေါသအမျက် စိတ်မာန်ထွက်၍ ညက်ညက်ကြေထွား ထုသောလားသို့၊ တေ=သင်မာရ်နတ်၏၊ တံသေနံ=ထိုစစ်သည် နှစ်ရပ်ကို၊ ပညာယ=ပါရမီဉာဏ် ဝိပဿနာဉာဏ် မဂ်ဉာဏ်ဖိုလ်ဉာဏ် တည်းဟူသော ဝရဇိန်ကျောက်လုံး ပညာဘုန်းဖြင့်၊ ဘဉ္ဇာမိ=ဖရိုဖရဲ တပြန့်ကြဲလျှင် ပစ်ခွဲထုချေ လွင့်ပစေအံ့သတည်း။

www.dhammaransi.com



၂၀။ ဝသီ ကရိတွာန သက်ပွံ၊ သတိဥ္စ သုပ္ပတိဋ္ဌိတံ။
ရဋ္ဌာ ရဋ္ဌံ ဝိစရိဿံ၊ သာဝကေ ဝိနယံ ပုထူ။ ။

၂၁။ တေ အပ္ပမတ္တာ ပဟိတတ္တာ၊ မမ သာသနကာရကာ။
အကာမာ တေ ဂမိဿန္တိ၊ ယတ္ထ ဂန္တွာ န သောစရေ။ ။

၂၀။ ဟာရေမာရ=ဟယ်မာရ်နတ်၊ အဟံ=ငါသည်၊ သက်ပွံ=ဘုရားဖြစ်၍ ခေတ်ဇာတိရပ် လောကမာတ်ဝယ် လူနတ်အများ သောင်းတိုက်သားကို တရားမဂ္ဂင် ဖောင်လှေယာဉ်ဖြင့် တင်အံ့ရည်သန် ငါ့အကြံကို၊ ဝသီကရိတွာန=လေ့လာ နှိပ်နင်း ပြီးစီးခြင်းကိုပြု၍၊ သတိဥ္စ=ဗုဒ္ဓကိစ္စ ဟူသမျှကို တစမကြွင်း အောက်မေ့ ခြင်းငှါ စွမ်းနိုင်သော သတိတရားကိုလည်း၊ သုပ္ပတိဋ္ဌိတံ=ကောင်းစွာတည်သည်ကို၊ ကရိတွာန=ပြု၍၊ ပုထူ=၂၄-သချေ်ာ ကုဋေခြောက်ဆယ် စွန်းလယ်တစ်သိန်း တွက်ကိန်းသချာ များလှစွာကုန်သော သာဝကတပည့်တပန်း ရဟန်းလူနတ် ပရိသတ်တို့ကို၊ ဝိနယံ-ဝိနယန္တော=အကျွတ်ရအောင် ဆုံးမပြောဟောလျက်၊ ရဋ္ဌာ=တိုင်းပြည်ခရိုင် နိုင်ငံတစ်ပါးမှ၊ ရဋ္ဌံ=တိုင်းပြည်ခရိုင်နိုင်ငံ တစ်ပါးသို့၊ ဝိစရိဿံ= ဒေသစာရီ လှည့်လည်ဖြန့်မြန်းပေအံ့။

၂၁။ အပ္ပမတ္တာ=မမေ့မလျော့ မပေါ့မစားကြကုန်မူ၍၊ ပဟိတတ္တာ= ကိုယ်အသက်ကို ငဲ့ကွက်ညှာတာခြင်း မရှိကြပေကုန်မူ၍၊ မမ=ငါဘုရား၏၊ သာသနကာရကာ=အဆုံးအမ ဩဝါဒကို လိုက်နာအားကျ လုပ်ကြံကြကုန်သော၊ တေ= ထိုတပည့်တပန်း ရဟန်းလူနတ် ပရိသတ်တို့သည်၊ အကာမာ=တေဘူမက ဘဝ သုံးတန် သင့်နိုင်ငံကို ပြန်၍စည့်စည့် မကြည့်လိုကြကုန်မူ၍၊ ယတ္ထ=အကြင် နိဗ္ဗာန်သို့၊ ဂန္တွာ=ရောက်ကြကုန်သည်ရှိသော်၊ န သောစရေ=စိုးရိမ်ကြောင့်ကြ မရှိကြကုန်၊ တတ္ထ=ထိုနိဗ္ဗာန်သို့၊ ဂမိဿန္တိ=သွားကြရောက်ကြကုန်လတ္တံ့။ ။

**ပလ္လင်တော်ပေါ်၌နေစဉ် မာရ်နတ်ကို ပြောင်ပြောင်တင်းတင်း ပြောတော်မူသော လေးဂါထာအနက်ပြီး၏။**

ဤ၌လည်း ပဟိတတ္တဆိုသည်ကား ရခဲ့သော် မရခဲ့သော်ဟု စိတ်နှစ်ခွ မဖြစ်မူ၍ ဤဘဝနှင့် ဤအလုပ်ဟု အဆုံးတိုင်ရွယ်သော စိတ်တစ်ခုကိုသာ ထားသည်ကိုဆိုသည်။ ။ ထိုကဲ့သို့ ထားသော သူတို့သည်သာ ယခုဘဝ ရနိုင်

www.dhammaransi.com



ရောက်နိုင်ကြကုန်သည်ဟုပြတော်မူသည်၊ ယခုကာလ၌ကား ရဟန်းပြုရုံ မျှ၌ပင် ပဟိတတ္တ မဖြစ်နိုင်ကြ၍ မပြုဖြစ်သောသူများပင်ရှိသေးသည်၊ သက်န်းနှင့် အရိုးထုပ်နိုင်လျှင်တော်၏၊ မထုပ်နိုင်ခဲ့လျှင် ရဟန်းလူထွက် လူဟန်ပျက်ဖြစ်၍ နေမည်ဟု စိတ်နှစ်ခွဖြစ်၍ ရဟန်းမပြုဖြစ် ရှိကြကုန်သေး၏။ ။ အသက်သိက္ခာ ငယ်ရွယ်စဉ်က ဘာဝနာကို လုပ်ရမည်ဆိုလျှင် ထိုဘာဝနာမှုနှင့်ချည်း အသက် ထက်ဆုံး နေနိုင်မည်မဟုတ်၊ မနေနိုင်လျှင်မည်ကဲ့သို့ဟု စိတ်နှစ်ခွဖြစ်၍ ဘာဝနာအလုပ်ကို မလုပ်ကြကုန်။ ။ဘာဝနာအလုပ်ကို လုပ်သည်ဟုဆိုသော ရဟန်းတို့လည်း ဤဘဝ ဤခန္ဓာ, ဤအသက်နှင့်, ဤအလုပ်ဟု မစွန့်ကြကုန်မူ၍ စိတ်အသွားအလာ များကြကုန်၏၊ ပဟိတတ္တ မဖြစ်ကြကုန်၊ "**တေ အပ္ပမတ္တာ ပဟိတတ္တာ**" ဟူသောပါဠိဖြင့် ပဟိတတ္တ မဖြစ်ကြသူတို့ မရထိုက် မရောက်ထိုက် ဟူသောအနက်ကို ပြတော်မူသည်။

**ဤမှနောက် ဂါထာစုကား ဘုရားအဖြစ်သို့ ရောက်ပြီး၍ တစ်နှစ်တစ်ဝါရပြီးမှ မာရ်နတ်လာ၍ ဝန်ချသော ဂါထာစုပေတည်း။**

၂၂။ သတ္တဝဿာနိ ဘဂဝန္တံ၊ အနုဗန္ဓိံ ပဒာပဒံ။
ဩတာရံ နာဓိဂစ္ဆိဿံ၊ သမ္ဗုဒ္ဓဿ သတိမတော။ ။
၂၃။ မေဒဝဏ္ဏံဝ ပါသာဏံ၊ ဝါယသော အနုပရိယဂါ။
အပေတ္ထ မုဒုံ ဝိန္ဒေမ၊ အပိ အဿာဒနာ သိယာ။ ။
၂၄။ အလဒ္ဓါ တတ္ထ အဿာဒံ၊ ဝါယသေတ္တော အပက္ကမိ။
ကာကောဝ သေလမာသဇ္ဇ၊ နိဗ္ဗိဇ္ဇာပေမ ဂေါတမ။ ။

၂၂။ ဂေါတမ=ဂေါတမအမည်ရှိသော မဟာသမ္မတမင်း၏ အနွယ် ဖြစ်တော်မူပေသော အရှင်ဘုရား၊ ဘဂဝန္တံ=အရှင်ဘုရားကို၊ ဩတာရာပေက္ခော= မှုပေါက်ရှာကြံခြင်း ကိစ္စကိုငဲ့၍၊ သတ္တဝဿာနိ=တောထွက်သည်မှ စ၍တွက်စစ် ခုနစ်နှစ်တို့ပတ်လုံး၊ ပဒါပဒံ=အဆက်ဆက်၊ အနုဗန္ဓိံ=မှုပေါက်ရှာကြံ ဖျက်ဆီး ဉာဏ်ဖြင့် နောက်ရံတွယ်တာ လိုက်မိပါ၏၊ သတိမတော=လွန်ကဲသောသတိနှင့် ပြည့်စုံတော်မူသော၊ သမ္ဗုဒ္ဓဿ=မြတ်စွာဘုရားအား၊ ဩတာရံ=အပြစ်ယူဘို့ အပေါက်အဟောက် ရန်ပြုပေါက်ကို၊ နာဓိဂစ္ဆိဿံ=အကျုံမြူမျှ ရှာမရပေ။

www.dhammaransi.com



၂၃။ ယထာ=ဥပမာဆိုသည်ရှိသော်ကား၊ ဇတ္တ=ဤအိအိရွဲရွဲ သား ဆီခဲကြီး၌၊ မုဒုံ=မွမွရွရွ နူးညံ့လှသော မံသဆိမ့်အီ အသားဆီကို၊ အပိဝိန္ဒေမိ= ရဩားအံ့လည်း မသိ၊ ဝါ=ရမည်စင်စစ်တည်း၊ အဿာဒနာ=ကြောခြင်စိမ့်စိမ့် ကိုယ်လုံးအိမ့်မျှ ချိုဆိမ့်လှစွာ အရသာဖြင့် သာယာမူးမေ့ လျှာအတွေ့သည်၊ အပိသိယာ=ဖြစ်ငြား အံ့လည်းမသိ၊ ဝါ=ဖြစ်မည်စင်စစ်တည်း၊ ဣတိ=ဤသို့အကြံ ဥပါဒါန်ဖြင့်၊ ဝါယသော=ကျီးမိုက်သည်၊ မေဒဝဏ္ဏံ=အဆီခဲအသွေး အဆင်းရှိသာလျှင် ဖြစ်သော၊ ပါသာဏံ=ကျောက်လုံးကြီးကို၊ အနုပရိယဂါ=အဌဒိသာ ရှစ်မျက်နှာ၌ ချာချာလည်ပတ် ဝန်းဝိုင်းလတ်၍ အငတ်အားကြီး နှုတ်သီးအားကိုး ဆိတ်ဆွ ထိုးလေ၏။

၂၄။ သော ဝါယသော=ထိုကျီးမိုက်သည်၊ တတ္ထ=ထိုကျောက်လုံးကြီး၌၊ အဿာဒံ=သာယာကောင်းမြွေ လျှာအတွေ့ကို၊ အလဒ္ဓါ=မရသည်ဖြစ်၍၊ ဇတ္တော= ထိုကျောက်လုံးကြီးမှ၊ အပက္ကမိ=ရှောင်ခွါဆုတ်ရှဲ ဖယ်လွှဲရလေ၏။ ။ သော ကာကော=ထိုကျီးမိုက်သည်၊ တံသေလံ=အဆီခဲလို ရွှန်းရွှန်းစိုသော ထိုကျောက် လုံးကြီးကို၊ အာသဇ္ဇ=ထိုးဆိတ်ထိပါး၍၊ နိဗ္ဗိဇ္ဇတိ ဣဝ=ရသာအငွေ့ မြူတစေ့မျှ မတွေ့လေဘဲ အပန်းသဲ၍ ဖယ်လွှဲရလေဘိ၏သို့ မယံပိ=အကျွန်ုပ်တို့ သည်လည်း၊ ဘဝန္တံ=အရှင်ဘုရားကို၊ အာသဇ္ဇ=နှောင့်ယှက်ထိပါး စောင့်စားချုပ်ချယ်၍၊ နိဗ္ဗိဇ္ဇာပေမ=အလိုပါမှု မပြုနိုင်ဘဲ နှလုံးကွဲမျှ အသဲနာကျင် ပူပင်ညှိုးချုံး စိတ်ကုန် ဆုံး၍ ဒုန်းဒုန်းချပါကုန်တော့၏။

(ဘုရားမဖြစ်မီ ၆-နှစ်၊ ဘုရားဖြစ်ပြီးနောက်တစ်နှစ်၊ ၇-နှစ်ပတ်လုံး တင်းပုတ်လက်စွဲလျက် အကြင်နေရာ၌ ကိလေသာဥပါဒ်၏၊ ထိုနေရာမှာ အသေရိုက်နှက်မည်ဟုလိုက်၍နေပြီးမှ အခွင့်မရ၍ ဝန်ချသော သုံးဂါထာပြီး၏။)

နောက်ဂါထာကား ဘုရားဟောဂါထာတည်း။

၂၅။ တဿ သောကပရေတဿ၊ ဝီဏာ ကစ္ဆာ အဘဿထ။
တတော သော ဒုမ္မနော ယက္ခော၊ တတ္ထေ ဝန္တရဓာယထ။ ။

၂၅။ တဒါ=ထိုဝန်ချပြီးသောအခါ၌၊ သောကပရေတဿ=ဘုရားမဖြစ်ရ အောင်လည်း မတတ်အား တရားမဟောရအောင်လည်း အခွင့်မရ ယမ်းပုံမီးကျ တောက်လောင်လှသော သောကမီးဓာတ် နှိပ်စက်အပ်သည်ဖြစ်၍၊ တဿ=

www.dhammaransi.com



ထိုမာရ်နတ်၏၊ ကဏှာ=ခါးပိုက်မှ၊ ဝီဏာ=လွယ်၍ထားသော ဗေလုဝဏ္ဍု နတ်စောင်းကြီးသည်၊ အဘဿထ=မြေသို့လျှောကျလေ၏၊ တတော=ထိုအခါမှ၊ သော ယက္ခော=ထိုမာရ်နတ်သည်၊ ဒုမ္မနော=ပူလောင်ညှိုးချုံး ကြိမ်မီးအုံးသို့ နှလုံး မကောင်းလှသည်ဖြစ်၍၊ တတ္ထေဝ=ထိုနေရာ၌သာလျှင်၊ အန္တရဓာယထ=ပျောက်ကွယ်ရုတ်ချင်း နေရင်းနတ်ရွာသို့ပြန်လေ၏။

ပဓာန--ဤသုတ်၌ ပဓာနဆိုသည်ကား ကိစ္စလေးပါးကို ပြီးစေနိုင်သော သမ္မပ္ပဓာန ဝီရိယကို ဆိုသတည်း။

**ကိစ္စလေးပါးဆိုသည်ကား။** ။ အကုသိုလ်ဖက်၌ကိစ္စနှစ်ပါး၊ ကုသိုလ်ဘက်၌ကိစ္စနှစ်ပါး။ ။ အကုသိုလ်ဘက်၌ ကိစ္စနှစ်ပါးဆိုသည်ကား ရှေးရှေးသော ဘဝ ကမ္ဘာ သံသရာ အဆက်ဆက်တို့၌ ငါပြုခဲ့သည်ဖြစ်၍ ငါ့ကိုအပါယ်သို့ချရန် ငါ့သန္တာန်မှာ ထက်ကြပ်ပါ၍နေကုန်သော အကုသိုလ်ကံဟောင်းတို့သည် အကုဋေမက ငါ့နှလုံးထဲမှာ အမြဲပါ၍နေကုန်သည်၊ ငါ့နှလုံးထဲမှာ ငရဲကြီးရှစ်ထပ်, ဥဿဒငရဲပေါင်း တစ်ရာ့နှစ်ဆယ့်ရှစ်ထပ်, အရပ်ရပ်သော ပြိတ္တာဘုံ, အသုရကာယ်ဘုံ, တိရစ္ဆာန်ဘုံတို့သည် အပြီးပါ၍ နေကုန်၏။

**ကွက်ကို ကြောင်ဝိုင်းသည့်ပမာ. .** ထိုအကုသိုလ်ကြွေးဟောင်း မြီဟောင်းတွေ ငါ့နှလုံးထဲမှာ အမြဲပါရှိ၍နေသည်ကို ယခုဘဝတွင်မှ မပယ် မရှင်းလိုက်ဘဲ ကြွေးခိုင်ဖြစ်သူ သက္ကာယဒိဋ္ဌိကြီးငုတ်တုတ်နှင့် ယနေ့ညဉ့်သေ၍ နက်ဖြန်ခါ သာသနာပသို့ ရောက်၍သွားခဲ့လျှင် ထိုအကုသိုလ် ကြွေးဟောင်း မြီဟောင်းတို့သည် ကြွက်ဂယ်လောင်းတစ်ကောင်ကို ကြောင်တစ်ထောင် ဝိုင်းကြသကဲ့သို့ အပါယ်ဒုက္ခမှ ဘဝထောင်သောင်း ခေါင်းမပြူရအောင် ငါ့ကိုချကြကုန်လတ္တံ့.ဟု ဥပ္ပန္နခေါ်သော အတိတ်အကုသိုလ်တို့၏ အမှုသွားကို မြော်၍ ဦးခေါင်းပေါ်၌ လောင်မီးကျသော ယောကျာ်းကဲ့သို့ စားမှုအိပ်မှုကို အမှတ်မရ အားဘဲ ဘာဝနာ တရားကိုသာ မနေမနားအားထုတ်၍ သက္ကာယဒိဋ္ဌိ ကြွေးခိုင်ကြီးကို အပြီး ကွယ်ဆုံးအောင် လုံးပမ်းမှုတစ်ပါး။

ငါသည် သက္ကာယဒိဋ္ဌိကြီးတန်းလန်းနှင့် ယနေ့ညဉ့်သေ၍ နက်ဖြန်ခါ သာသနာအပသို့ ရောက်ရချေလျှင် မာတုဃာတကအမှုကိုလည်း ငါပြုလတ္တံ့၊

www.dhammaransi.com



ပိတုဃာတကအမှုကိုလည်း ငါပြုလတ္တံ့၊ ခပ်သိမ်းသောဒုစ္စရိုက် ဒုရာဇီဝမှုတို့ကိုပင် ငါပြုလတ္တံ့၊ ငါ့နှလုံးထဲ၌ အနမတဂ္ဂသံသရာ၌ ထက်ကြပ်ပါ၍နေသော ဒုစ္စရိုက်မျိုး, အမိုက်မျိုး, အမှောက်အမှားမျိုး, အညစ်အညမ်းမျိုးတို့သည် ယခုလည်း ငါ့ နှလုံးထဲမှာ အသိုက်မပျက် အအုံမပျက် အခြေမပျက် အနေမပျက်ပါလျက်ပင် ရှိကြကုန်သည်။

တရားတော်နှင့်တွေ့ရသော ယခုဘဝမှ ထိုအမိုက်မျိုးတို့ကို မပယ်မဖြတ် လိုက်လျှင် ဘဝအဆက်ဆက် အမိုက်တောကြီးစည်ကား၍ အပါယ်လေးပါး အစာဖြစ်မြဲဖြစ်, နစ်မြဲနစ်လတ္တံ့ဟု အနုပ္ပန္နခေါ်သော အနာဂတ် အကုသိုလ်တို့၏ အမှုသွားကိုမြော်၍ ဦးခေါင်းပေါ်၌ လောင်မီးကျသော ယောကျာ်းကဲ့သို့ စားမှု အိပ်မှုတို့ကို အမှုမစိုက်အားပဲ ဘာဝနာတရားကိုသာ မနေမနားအားထုတ်၍ သက္ကာယဒိဋ္ဌိဟူသော ဒုစ္စရိုက်ခေါင်းကြီးပြတ်ပြီး ဖြစ်ရအောင် လုံးပမ်းမှုတစ်ပါး။

ဤကား ဥပ္ပန္နအကုသိုလ်, အနုပ္ပန္နအကုသိုလ် နှစ်မျိုးအတွက် ကြောင့် ကြစိုက်ရန် အကုသိုလ်၌ ကိစ္စနှစ်ပါးတည်း၊ မိမိသန္တာန်၌ ယခုဘဝဖြစ်ခဲ့ဘူးသော အကုသိုလ်မှုစု, ယခုနေ့နေ့ ညဉ့်ညဉ့်ဖြစ်၍နေသော အကုသိုလ်မှုစုကိုလည်း ဥပ္ပန္နဆိုသည်၊ ရဟန်းဖြစ်၍နေသည့်အတွက်, ရပ်ကြီးရွာကြီး၌ လူကောင်း သူကောင်းဖြစ်၍နေသည့်အတွက်, ယခုဘဝမိမိသန္တာန်မှာ မဖြစ်စဘူးမူ၍ လောက၌ သူတစ်ပါးတို့သန္တာန်မှာဖြစ်၍နေသည်ကို မြင်ရ ကြားရသော အကုသိုလ်မှုစု, သူတစ်ပါးတို့ပြုကြသည်ကို မြင်ရ ကြားရသော အကုသိုလ်မှုစု, ရာဇဝင် နိပါတ် ဇာတ် ကျမ်းဂန်ဝတ္ထုတို့မှာ တွေ့မြင်ကြားသိရသော အကုသိုလ်မှုစု, ခွေး, ဝက်, ကြက်, ငှက်စသော တိရစ္ဆာန်တို့ ပြုကြသည်ကို သိမြင်ရသော အကုသိုလ်မှုစု ဤအလုံးစုံသည် အနုပ္ပန္နချည်းတည်း။

ထို့ကြောင့် အပါယ်ဘုံသားတို့ကိုလည်းကောင်း ဆင်းရဲဒုက္ခရောက်၍ နေသော လူစသော သုဂတိဘုံသားတို့ကိုလည်းကောင်း တွေ့မြင်ရ ကြားသိရလျှင် ငါ့နှလုံးထဲမှာလည်း ဤကဲ့သို့ ဤသတ္တဝါကဲ့သို့ ငါဖြစ်ရန်အမှုဟောင်းတန်းလန်း အကုဋ္ဌေမက ငုတ်တုတ်ပါလျက် ရှိချေသည်ဟု ဥပ္ပန္နအကုသိုလ်တို့ကို အမှတ်ရ၍ မိမိအတွက်သာ အပူကြီးပူခွင့်ရှိသည် ထိုသတ္တဝါကို မထီလေးစား ပြုခွင့်မရှိ။

www.dhammaransi.com



**ခွေးရူးကိုက်သည့် ဥပမာ.** . ဤလောက၌လည်းကောင်း, အတိတ်ဖြစ်သော ရာဇဝင်နိပါတ် ဇာတ်ဝတ္ထုကျမ်းဂန်တို့၌လည်းကောင်း, ထိုထိုအကုသိုလ်တရားကို လိုက်စားမှု, ပြုကျင့်မှု, မှောက်မှားမှု, သတင်းပျက်မှု, အရှက်ကွဲမှု, မင်းပြစ်မင်းဒဏ်သင့်မှုတို့ကို မြင်ရ, ကြားရ, တွေ့ရ, ကြုံရသောအခါ၌ အယုတ်သဖြင့် ခွေး,ဝက်,ကြက်,ငှက်, သန်း, ကြမ်းပိုးပင် ဖြစ်သော်လည်း ထိုသူတို့ကို ကဲ့ရဲ့ဖွယ်မရှိ၊ မိမိကိုယ်ကိုသာ ငါ့မှာလည်းသည်ကဲ့သို့ မလိမ္မာမျိုး, မိုက်မျိုး, မဲမျိုး,မှောက်မှားမျိုး ငါ့နှလုံးနှင့်အပြည့် အပြီးပါရှိ၍နေချေသည်ဟု မိမိ၌ရှိနေသော အနုသယ အကုသိုလ်တို့ကို အမှတ်ရ၍ မိမိအတွက်သာ အပူကြီးပူခွင့်, မိမိကိုယ်ကိုသာ ထိုအကုသိုလ်မျိုး ရှိနေသည့်အတွက် ကဲ့ရဲ့ခွင့်ရှိချေသည်၊ ဥပမာကား အလွန်အဆိပ်ထန်လှသော ခွေးနက်ရူးတစ်ကောင်သည် လူတစ်ထောင်, နွားတစ်ထောင်ကို ကိုက်ရာ၏၊ ဆေးဝါးမရှိသော အရပ်လည်းဖြစ်ရာ၏၊ ခွေးရူးဆိပ် ထရန် အာရုံဝတ္ထု အမှုအမျိုးမျိုး အလွန်များပြားသော အရပ်လည်းဖြစ်ရာ၏။

ခွေးရူးပြန်ရန် အာရုံဝတ္ထုအမှုမျိုးနှင့် တွေ့ကြုံကြ၍ အချို့လည်း ခွေးရူးပြန်၍ ရပ်တည်မရ ရွာကျော်ရပ်ကျော်ဖြစ်၍ နေကြရာ၏၊ အချို့လည်း ပြန်၍သေဆုံးသူအများလည်းရှိရာ၏၊ အချို့လည်း မသင့်သောအမှုနှင့်တွေ့၍ ပြန်တော့မည် ယားယံ၍နေသူအများလည်းရှိရာ၏၊ အချို့ကား အစားအစာ မသင့်ရာအခွင့်နှင့် မတွေ့သေးသည့်အတွက် ခွေးရူးဆိပ် မထသေး၍ မိမွေးတိုင်း ဘမွေးတိုင်းပင် ရှိကြသေး၏။

ထိုသို့ရှိကြသေးသောသူတို့သည် ယားယံလှုပ်ရှားသူ, ရပ်တည် မရရူးသူ, သေဆုံးသူတို့ကို တွေ့မြင်ကြားသိခဲ့လျှင် တွေ့မြင်ကြားသိတိုင်း မိမိကိုယ်ကို အမှတ်ရ၍ မိမိကိုယ်အတွက်သာ ပူပန်ဖွယ်ရှိသည်၊ ခွေးရူးဆိပ်အတွက် ကဲ့ရဲ့ဖွယ်ရှိလျှင် မိမိကိုယ်ကိုသာ ကဲ့ရဲ့ရမည်၊ ထိုသူတို့ကို ကဲ့ရဲ့ဖွယ်, မထီလေးစားပြုဖွယ် အခွင့်မဟုတ်၊ အဘယ့်ကြောင့်နည်းဟူမူ မိမိ၌လည်း ထိုခွေးရူးဆိပ် ငုတ်တုတ်ရှိ၏၊ မိမိ၌လည်း ထိုခွေးရူးနာ ထင်ရှားရှိ၏၊ မိမိလည်း ယနေ့လား, နက်ဖြန်လား, နောက်လလား, နောက်နှစ်လား, ယားခွင့်, ယံခွင့်, ပြန်ခွင့်, သေဆုံးခွင့်တန်းလန်းရှိနေ၏၊ ထို့ကြောင့် ထိုသူတို့ ယားကြ, ယံကြ, ပြန်ကြ, ရူးကြ, သေဆုံးကြသည်ကို တွေ့မြင်ကြားသိရသောအခါ မိမိကိုယ်သန္တာန်၌ရှိသော

www.dhammaransi.com



ခွေးရူးဆိပ်, ခွေးရူးနာအတွက် လွန်စွာထိတ်လန့်ခြင်းဖြစ်၍ ထိုသူတို့ကို တွေ့မြင်ကြားသိရလေလေ ဆေးသမားရှိရာသို့ အမြန်ပြေး၍ ဆေးကို အတွင်မှီဝဲလေလေသာ ဖြစ်ရာသည်။

ခပ်သိမ်းသော ပုထုဇဉ်သတ္တဝါတို့၌ရှိကြသော ငါ့ကိုယ်, ငါ့ကိုယ်ဟု စွဲလမ်းသော သက္ကာယဒိဋ္ဌိသည် ထိုခွေးနက်ရူး၏ အဆိပ်နှင့်တူ၏၊ ထိုအဆိပ်လှုပ်ရှားသည့်အတွက် အထူးထူးအထွေထွေ ဖြစ်၍နေကြသော ခွေးရူးနာမှုစုနှင့် သက္ကာယဒိဋ္ဌိ ရှိကြသည့်အတွက် ဖြစ်၍နေကြသော ဒုစ္စရိုက်မှုစုတူ၏။ ။ ဝိပဿနာဘာဝနာမှုစုသည် ခွေးရူးဆိပ်ကို ပျောက်ငြိမ်းစေနိုင်သော ဆေးကောင်းဝါးကောင်းစု နှင့်တူ၏။

(ဤကား အကုသိုလ်၌ ကိစ္စနှစ်ပါးကို ပြဆိုချက်တည်း။)

**ကုသိုလ်၌ ကိစ္စနှစ်ပါး**--ဆိုသည်ကား။ ။ သီလကုသိုလ်မှာ သောတာပတ္တိမဂ်သို့ဆိုက်မှ ငါ့သီလလို့ပြောသာသည်၊ ငါသီလရှိသောသူဟု အောက်မေ့သာသည်၊ သောတာပတ္တိမဂ်သို့ မရောက်သမျှမှာ တဒင်္ဂသီလမျှသာဖြစ်၍ ငါ့သီလဟု ပြောခွင့်မရှိသေး၊ ငါသီလရှိသည်ဟု အောက်မေ့ခွင့် မရှိသေး၊ အားကြီးသော အကြောင်းနှင့် ကြုံတွေ့လျှင် ယနေ့သီလဝန္တ, နက်ဖြန်ဒုဿီလဖြစ်ဦးမည်၊ နောက်လ, နောက်နှစ်, နောက်ဘဝတို့မှာ ဆိုဘွယ်ပင်မရှိ။

**ထိုစကားမှန်၏**--အနမတဂ္ဂသံသရာ၌ သီလဝန္တ လုပ်ခဲ့လှလေပြီ၊ လုပ်ခဲ့သမျှသည်လည်း တဒင်္ဂသီလမျှသာဖြစ်ခဲ့၍ တဒင်္ဂလျှပ်ရောင်သည် မိုးမှောင်၏လက်မှာ ပျက်ဆုံးရသကဲ့သို့ ထိုအနမတဂ္ဂသံသရာကာလ၌ ကျင့်ခဲ့သမျှသော လောကီသီလစုသည် ဒုဿီလမှောင်၏လက်မှာ ပျက်ဆုံး ကွယ်ပျောက်ရလေသည်၊ ထိုကြောင့် ယခုဘဝ ငါ၏လက်ရှိဖြစ်သော ကာမာဝစရကုသလ သီလသည် ၎င်းတဒင်္ဂသီလမျှသာ ဖြစ်ချေသည်၊ သောတာပတ္တိအဖြစ်သို့ မရောက်ခဲ့လျှင် ယနေ့လား, နက်ဖြန်လား, နောက်လလား, နောက်နှစ်လား, နောက်ဘဝလား, နောက်နောက်ဘဝလား, အလဇ္ဇီမှောင်, ဒုဿီလမှောင်လာလျှင် လျှပ်ရောင်ကဲ့သို့ ကွယ်ဆုံးလတ္တံ့ဟူ၍ ယခု မိမိသန္တာန်မှာရှိသော ဥပ္ပန္နသီလ ကုသိုလ်တပိုင်းကြောင်အတွက်ကြောင့်လည်း အရေးကြီးစွာ လုံးပမ်းရာသည်၊ လောကီသီလ တဒင်္ဂသီလစုမှာ မိမိသန္တာန်၌ ဖြစ်ဖူးလှလေပြီ။

www.dhammaransi.com



လောကုတ္တရာသီလမှာ အနမတဂ္ဂသံသရာဘဝတွင် အိပ်မက်တွင်မျှ မမြင်ဘူးရ၊ ယခုဘဝ ရခွင့်ရလမ်း ဆိုက်တိုက်၍ နေခဲ့ပြီ၊ လောကုတ္တရာသီလကိုရပါလျှင် နောက်နောင်ကို အလဇ္ဇီမှောင်, ဒုဿီလမှောင်တွင်းသို့ ဆင်းခွင့် ဝင်ခွင့် လွတ်ချေမည်၊ မုဆိုးလုပ် ငြိမ်းချေမည်၊ တံငါလုပ် ငြိမ်းချေမည်၊ အမိသတ် ငြိမ်းချေမည်၊ အဖသတ် ငြိမ်းချေမည်၊ ခိုးသူလုပ်, ဓါးပြလုပ် ငြိမ်းချေမည်ဟု အနုပ္ပန္နသီလကုသိုလ်အတွက်ကြောင့်လည်း အရေးကြီးစွာ လုံးပမ်းရာသည်။

(သီလ၌ ဥပ္ပန္န, အနုပ္ပန္န နှစ်ပါးပြီး၏။)

သမာဓိကုသိုလ်, ပညာကုသိုလ် နှစ်ပါးတို့၌လည်း လောကီ လောကုတ္တရာ နှစ်ပါးစီခွဲ၍ ဥပ္ပန္န, အနုပ္ပန္နနှစ်ပါးစီ သီလအတိုင်း ဆိုလေ၊ အနမတဂ္ဂ သံသရာ၌ ဖြစ်ခဲ့သမျှ ပွါးခဲ့သမျှသော လောကီသမာဓိစုသည် ကာမစ္ဆန္ဒစသော နီဝရဏမှောင်၏လက်မှာ ပျက်ဆုံးခဲ့လှပြီ၊ ယခုဘဝ စောင့်ထိန်းသမျှသော ဣန္ဒြေသမာဓိစုသည်လည်း အနာဂါမိမဂ်သို့ မရောက်သမျှ ယနေ့လား, နက်ဖြန်လား, နောက်လလား, နောက်နှစ်လား, နောက်ဘဝလား, နီဝရဏမောင်၏လက်မှာ ပျက်ဆုံးကွယ်ပျောက်လတ္တံ့၊ လူမိန်းမ, နတ်မိန်းမ, တိရစ္ဆာန်မိန်းမတို့၏ အထံ၌ ကွယ်ဆုံးလတ္တံ့ဟု ဆိုလေ။

**ပညာ၌လည်း**--အနမတဂ္ဂ သံသရာ၌ ပွါးများအားထုတ်ခဲ့သမျှသော လောကီပညာစုသည် အဝိဇ္ဇာမှောင်၏လက်မှာချည်း ပျက်ဆုံးခဲ့ရသည်၊ ယခုဘဝ တတ်သိလိမ္မာ၍နေသော ပရိယတ်ပညာ, ပဋိပတ်ပညာစုသည်လည်း အရဟတ္တမဂ်သို့ မရောက်လျှင် ယနေ့လား, နောက်လလား, နောက်ဘဝလား, အဝိဇ္ဇာမှောင်၏လက်မှာ ကွယ်ဆုံးလတ္တံ့၊ မိစ္ဆာဒိဋ္ဌိမှောင်မှာ ကွယ်ဆုံးလတ္တံ့၊ အဝိဇ္ဇာတုံးကြီး မိစ္ဆာတုံးကြီး ဖြစ်ရလတ္တံ့ဟုဆိုလေ။

ဤကား ကုသိုလ်၌ ဥပ္ပန္န အနုပ္ပန္နနှစ်ပါးအတွက် အရေးကြီးစွာ လုံးပမ်းရာသော ကိစ္စနှစ်ပါးပေတည်း။

ဤသို့လျှင် အကုသိုလ်အတွက် ကိစ္စနှစ်ပါး, ကုသိုလ်အတွက် ကိစ္စနှစ်ပါး, ဤလေးပါးသောကိစ္စတို့ကို ပြီးစေနိုင်သော သမ္မပ္ပဓာန်ဝီရိယကို ပဓာနခေါ်ပေသည်။

www.dhammaransi.com



## နိဂမန ကထာ

၁။ ပဓာနံ ပူဇယိတွာန၊ ယံ လဒ္ဓံ ကုသလံ မယာ။
တဿ တေဇေန တံ စညံ၊ ဇဟေယျုံ ဣဓ ဇာတိယံ။ ။

၂။ သဒ္ဓမ္မသရီရာ ဟောန္တု၊ ဘိက္ခူ သဒ္ဓမ္မဇီဝိနော။
ဘဝဘောဂေသု သဗ္ဗေသု၊ နိဗ္ဗိန္နဟဒယာ သဒါ။ ။

၃။ ဒေဝေါ ဝဿတု ကာလေန၊ ရာဇာ ရက္ခတု မေဒနိံ။
သဗ္ဗေ အနာမယာ သတ္တာ၊ မောဒန္တု အကုတောဘယာ။ ။

(ဆုတောင်းသုံးဂါထာ)

၁။ မယာ=မုံရွာမြို့ လယ်တီတောကျောင်းဆရာငါသည်၊ ပဓာနံ=သုတ္တနိပါတ်ပါဠိတော်လာ ပဓာနသုတ် ပါဠိတော်မြတ်ကို၊ ပူဇယိတွာန=ပူဇော်ပြီး၍၊ ယံ ကုသလံ=အကြင်ကုသိုလ်ကို၊ လဒ္ဓံ=ရအပ်ပြီ၊ တဿ=ထိုကုသိုလ်၏၊ တေဇေန=တန်ခိုးကြောင့်၊ တဉ္စ=ထိုကုသိုလ်ကိုလည်းကောင်း၊ အညဉ္စ=သည်မှတစ်ပါးသော ကုသိုလ်စုကိုလည်းကောင်း၊ ဣဓ ဇာတိယံ=ဤယခုဘဝ၌၊ ဇဟေယျုံ=စွန့်နိုင်ရလိုသော-

၂။ ဘိက္ခူ=ယခုနောင်လာ သာသနာထမ်း ရဟန်းတို့သည်၊ သဒါ=အခါခပ်သိမ်း၊ သဗ္ဗေသု=အလုံးစုံကုန်သော၊ ဘဝဘောဂေသု=ဘဝစည်းစိမ်တို့၌၊ နိဗ္ဗိန္နဟဒယာ=လူပုပ်, ခွေးပုပ် မစင်ပုပ်သို့ စက်ဆုပ်ငြီးငွေ့သော စိတ်နှလုံး ရှိကြကုန်သည်ဖြစ်၍၊ သဒ္ဓမ္မသရီရာ=အဓိသီလ အဓိစိတ္တ အဓိပညာ သာသနာ သုံးပါးကို အားပြု၍နေကြကုန်သည်၊ ဟောန္တု=ဖြစ်ပါစေကုန်သတည်း၊ သဒ္ဓမ္မဇီဝိနော=အဓိသီလ အဓိစိတ္တ အဓိပညာ သာသနာသုံးပါးကိုသာ အသက်ပြု၍နေကြကုန်သည်၊ ဟောန္တု=ဖြစ်ပါစေကုန်သတည်း။

၃။ ဒေဝေါ=မိုးသည်၊ ကာလေန=ရွာချိန်သင့်သောအခါ၌၊ ဝဿတု=အရည်ထန်စွာ ရွာပါစေသတည်း၊ ရာဇာ=တိုင်းရှင်ပြည့်ရှင် ဘုရင်ထီးဆောင်း မင်းအပေါင်းသည်၊ မေဒနိံ=တိုင်းသူပြည်သူ ရှင်လူသိမ်းကျုံး မြေအလုံးကို၊ ရက္ခတု=ရင်ဝယ်သားသို့ တရားသဖြင့် အသင့်စောင့်ရှောက်ပါစေသတည်း၊ သဗ္ဗေ=

www.dhammaransi.com



တင်ယောက်မကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော၊ သတ္တာ=သတ္တဝါတို့သည်၊ အနာမယာ -ကိုယ်တွင်းရောဂါ အနာမျိုးကိုးဆဲ့ခြောက်ဝ ကင်းရှင်းကြကုန်သည် ဖြစ်၍လည်းကောင်း၊ အကုတောဘယာ=ရာဇ စောရ အဂ္ဂိစသား အပသန္တာန် ဘေးရန်တစိ ဘယ်မရှိကြကုန်သည်ဖြစ်၍လည်းကောင်း၊ မောဒန္တု=တက်သစ် လဝန်း ပွင့်သစ်ပန်းသို့ လန်းလန်းရွှင်ရွှင် ကြည်လင်ဝမ်းမြောက်ကြပါစေကုန် သတည်း။ ။

(သုတ္တနိပါတ်ပါဠိတော်လာ ပဓာနသုတ်၏အနက်ကို သက္ကရာဇ် ၁၂၅၃-ခုနှစ်၊ ဝါဆိုလပြည့်တွင် စီရင်ရေးသား၍ပြီးသည်။ ။ ယခု ဤစာအုပ်မှာမူကား ထိုနိဿယမှ လိုရင်းမျှကို ထုတ်နှုတ်ရေးသားလိုက်သည်။)

ပဓာနသုတ်နိဿယပြီး၏။

၂၇၈၇၉

www.dhammaransi.com

294.3,1-46
A1MMGB025879

www.dhammaransi.com

## မြတ်ပုဒ္ဓ၏ သမ္မာဒိဋ္ဌိ ဉာဏ်အလင်းသည် မိစ္ဆာအမြင် အမှောင်မိုက်ကို ခွင်းစေ၏

- ဒါနမှု၊ သီလမှု၊ သမထ ဘာဝနာမှုတို့သည်ကား ကမ္ဘာစဉ်ဆက်လာခဲ့သော ကမ္ဘာ့ဟန်ဆာ တရားစုဖြစ်သည်။ ဘုရားမပွင့်သောကာလ စကြာဝဠာအနန္တမှာပင် အစဉ်ထာဝရ ရှိနေကြ၏။
- မြတ်စွာဘုရားပွင့်မှ ရအပ်သောတရားကား သရဏဂုံသုံးပါးနှင့်တကွ ခန္ဓာ၊ အာယတန၊ ဓါတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ် တရားစုတို့ပေတည်း။
- ဘာသာတစ်ပါးတို့ မလှုပ်ချောက်ချားနိုင်စေခြင်းငှာ ပဋိစ္စသမုပ္ပါဒ်၊ စတုသစ္စာစသည့် ပရမတ္ထဓမ္မတို့ကို နှလုံးသွင်းအပ် ထိုးထွင်းသိအပ်လေ၏။

(ဥတ္တမပုရိသဒီပနီမှ ကောက်နုတ်ချက်)

ဧရာဝတီ ၊ ရွှေနဒီသည်
ရစ်ခွေစီးဆင်း ၊ ငြိမ်းချမ်းခြင်းဖြင့်
ဝပြောသာယာ၊ ပြည်မြန်မာကို
ထာဝရအလှဆင်မည်တည်း ॥ ॥

တစ်ပြည်လုံးဖြန့်ချိ
မိခင်ဧရာဝတီစာအုပ်တို
တိုက် (၄)၊ အခန်း (၄၀၂)၊ ကျိုက်တော်အိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ☎ - ၀၁-၇၀၁၄၃